
မောင်ကိုယု
တရားခံနှင့်သူ့ချစ်သူ
WE THE ACCUSED
ERNEST RAYMOND

ဒို့အာခန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# တရားခံနှင့်သူချစ်သူ

မောင်ကိုယု

ERNEST RAYMOND'S

# WE THE ACCUSED

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ်

တရားခံနှင့် သူချစ်သူ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၁၉/၂၀၀၄(၇) နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၀၀၅၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဆ.ဧ.ဝ ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က 2700 ...အုပ်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ ဇန်နဝါရီလတွ... ...ကျပ်ဖြင့် ဖြန့်ချိသည်။

—

စာအုပ်ချုပ် - ကိုမြ...

ဤစာအုပ် ဘာသာပြန်ရာ၌ စိတ်ရောကိုယ်ပါ
များစွာကူညီခဲ့သော
( ၂၆–၄–၈၁ )နေ့က ကွယ်လွန်ခဲ့သော
သူငယ်ချင်း ( ကိုဝင်းမောင် ) သို့

# ဘာသာပြန်သူ၏ အမှာ

ဤဝတ္ထုကို စာရေးဆရာ အားနက်(စ်)ရေးမွန်းက ရေးသားပြီး ၁၉၃၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မူရင်း စာရေးဆရာကပင် မူရင်းဝတ္ထုကို ပြန်လည်တည်းဖြတ် သုတ်သင်လျက် ၁၉၆၀ ခုနှစ်၌ ထပ်မံထုတ်ဝေခဲ့သည်။ စာရေးဆရာ မစ္စတာရေးမွန်းက သူ၏အမှာတွင် ဇာတ်လမ်းပါ အဖြစ်အပျက်များကို ရေးသားရာ၌ သူစတင်ရေးသားသော ၁၉၃၀ခုနှစ် ပတ်ဝန်းကျင်ထက် များစွာစောသည့်၊ ပေါင်စတာလင် ငွေတန်ဖိုး အတော်အတန်မြင့်မားပြီး၊ ရွှေဒင်္ဂါးပြားများကို ငွေကြေးအဖြစ် တွင်တွင်ကျယ်ကျယ် သုံးစွဲသောကာလကို နောက်ခံပြု၍ ရေးသား ခဲ့ကြောင်း၊ သို့သော် အကျဉ်းထောင်စနစ်နှင့် ရဲတပ်ဖွဲ့စနစ်တို့ကိုမူ၊ ထိုခေတ်ဟောင်းက အတိုင်းမဟုတ်ဘဲ၊ ခေတ်မီတိုးတက်နေသော ပုံသဏ္ဍာန်အတိုင်း ရေးသားထားကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် အဓိက ဇာတ်ကောင်ဖြစ်သူ ပေါ(လ်)ပရက်ဆက်၏၊ တစ်နှစ်ဝင်ငွေ ပေါင်တစ်ရာငါးဆယ် ဆိုသည်မှာ၊ ထိုခေတ် ထိုကာလတွင် အတော်အသင့်မျှရှိသော ဝင်ငွေဖြစ်သည်ကို စာဖတ်သူများ သဘောပေါက်ထားရန်လိုကြောင်း တင်ပြလိုပါသည်။

●

## အပိုင်း – တစ်

{၁}

လန်ဒန်မြို့ကြီး၏ မြောက်ဘက် အစွန်၌ရှိသော အစ္စလင်တန်ဈေး(လ်)ရပ်ကွက်တွင်ဖြစ်သည်။ နွေရာသီကုန်ဆုံးကာ ဆောင်းဦးရာသီဆီသို့အကူး၊ စက်တင်ဘာလကုန်ကာနီးဖြစ်သဖြင့် နံနက်စောစောနေရောင်ခြည် မနွေးတနွေးကလေးသည် ချိုင့်ဝှမ်းအတွင်းရှိ အိမ်များပေါ်၌ မပ်ဖျော့ဖျော့ကျရောက်နေသည်။ ထိုရပ်ကွက်ရှိအိမ်များမှာ လေးထောင့်စပ်စပ်ပုံဖြစ်ပြီး၊ အမိုးကို ဝေလကျောက်ပြားနက်များဖြင့် မိုးထားကာ နံရံကို ခပ်ညိုညို အရောင်အုတ်များဖြင့်ပြုလုပ်ထားသည်။ အိမ်ရှေ့တွင်ပန်းခြံသေးသေး တစ်ခုစီရှိပြီး၊ လမ်းမဘက်၌သံတန်းဝင်းထရံ ခပ်နိမ့်နိမ့် ကာထားကြသည်။ ဝင်းတံခါး၏အပေါ်တွင် အင်္ဂတေဖြင့်ပြုလုပ်ထားသော မုခ်တစ်ခုစီသည်း ရှိသည်။

ဤသို့သော အိမ်တစ်ဆောင်အတွင်းဝယ် ဆယ်ခြောက်နှစ်အရွယ် အိမ်ဖော်ကလေးတစ်ဦးမှာ အိမ်ရှင်ဇနီးမောင်နှံတို့အိပ်ရာမှမထခင် အိမ်ပြတင်းပေါက်များကို ညည်းကျင်းသုတ်သင်နေသည်။ ကလေးမကလေးမှာ ဝဝကစ်ကစ် ကလေးဖြစ်၏။ ပါးဖောင်းဖောင်းကလေးက နီနီ၊ နဖူးကျယ်ကျယ်ကလေးက ဖြူဖြူဖြစ်သည်။ ဆံပင်ရောင်ကအညို၊ ထိုဆံပင် ညိုညိုများ ပေါ်တွင် ဝိတ်ဖြူဦးထုပ်ပြာပြာကလေးကို ဆောင်းထားသည်။ လက်တိုအင်္ကျီအရောင်က ပန်းရောင်၊ ဤဦးထုပ်နှင့် ဤပန်းရောင် အင်္ကျီဖြင့်ဆိုလျှင် အိမ်ဖော်မကလေးမှန်း မပြောရဘဲနှင့် သိနိုင်ပေပြီ။

ထမင်းစားခန်းအတွင်းရှိ တိုင်ကပ်နာရီမှ ခုနစ်နာရီထိုးသံ တခင်ခင်နှင့် ထွက်လာသည်။

[illegible]ကြားလိုက်သည်နှင့် အိမ်ဖော်မကလေးသည် လက်ထဲမှ ဖုံသုတ် [illegible]ပြီး အပေါ်ထပ်သို့ သွက်လက်ပေါ့ပါးစွာတက်လာခဲ့သည်။ အပေါ်ထပ်သို့ ရောက်သည့်အခါ၌ ပိတ်ထားသောအိပ်ခန်းတစ်ခု၏ တံခါးကို တခေါက် ခေါက်ခေါက်၏။ နှုတ်ဖြင့်လည်းခေါ်၏။

"ခုနစ်နာရီထိုးပါပြီ ဦးလေး"

"ဟေ ...ဟုတ်လား"

အခန်းတွင်းမှ ပြန်ပြောလိုက်သည့်အသံမှာ အိပ်ချင်မူးတူးအသံမျိုး မဟုတ်ပါ၊ အိပ်ရာမှနိုးနေနှင့်ပြီဖြစ်သော လူတစ်ဦးပြောသည့် အသံမျိုး ဖြစ်ပါသည်။

"ဟုတ်ကဲ့ ...ရှင့်"

"အေး ...အေး ...ကျေးဇူးပဲကွယ် အယ်နီရယ်"

အခန်းတွင်းမှပြောနေသည့် အသံတွင် ကြင်နာတတ်သော၊ ထောက်ထား စာနာတတ်သော အရိပ်အရောင်များသန်းနေသည်ကို သတိထားနားထောင်ပါက တွေ့နိုင်ပေသည်။

အခန်းတွင်းမှ ပြောသံထွက်လာပြန်သည်။

"အယ်နီရေ မင့်အစ်မ မစ္စစ်ပရက်ဆက်ကိုတော့ မနှိုးလိုက်နဲ့ဦးဟေ့၊ သူ ညက နေမကောင်းလို့ ကောင်းကောင်းမအိပ်ရဘူး၊ သူ့အတွက်နံနက်စာကို သူ့အခန်းထဲကိုသွားပို့လိုက်ပါကွယ် ...၊ ဟုတ်လား...အေးလေ၊ မင်း သိပ်မပင် ပန်းဘူးဆိုရင်ပေါ့ကွယ်"

"ဟုတ်ကဲ့ရှင်"

အိပ်ခန်းထဲမှ အိမ်ရှင်ယောကျ်ားကြီးသည် အိပ်ရာထဲတွင်ပင် ရှိသေး၏။ သူသည် ညကမက်ခဲ့သော အိပ်မက်အကြောင်းကို ပြန်ပြောင်း စဉ်းစားနေသည်။ စဉ်းစားရင်းနှင့်ပြန်လည်ထိတ်လန့်လာသဖြင့် သူ၏ရင်ထဲမှခုန်လာသည်။အိပ်မက်မှာ သူငယ်စဉ်ကလေးသာသာအရွယ်က အကြောင်းဖြစ်သည်။ အိပ်မက်ထဲတွင် လေကောင်းကောင်းမရ၊ အလင်းရောင်ကောင်းကောင်းမရသည့် သူ့ဖခင်၏ ပုံနှိပ် စက်ခန်းတွင်းမှ နေရောင်ခြည်ဖြင့် တောက်ပနေသောအပြင်ဘက်သို့ သူက ရှန်းကန်၍ ထွက်နေသည်။ သူ့အပေါ်တွင်လေးလံသော ပုံနှိပ်စက်ကြီးကဖိထား သဖြင့် ထွက်၍ မရ၊ ထွက်၍မရလေလေ သူက ကြောက်လန့်တကြား ရုန်းကန် လေလေ ဖြင့် နိုးလာသည်။

အိပ်ခန်းတံခါးကို တခေါက်ခေါက်ခေါက်သံကြားရပြန်သည်။

"ဘာလဲဟေ့"

"ခုနစ်နာရီထိုးပြီးသွားတဲ့အကြောင်း လာပြောတာပါ"

"အေး ...အေး..."

အိမ်ဖော်မကလေး အယ်နီကလည်း တာဝန်ကျေပါပေသည်။ တစ်ကြိမ်ပြောရုံနှင့် သူ့အိမ်ရှင် မထွက်လာသေးသည်မို့ နောက်တစ်ကြိမ်ထပ်၍ လာပြောခြင်းဖြစ်သည်။

ဒီတစ်ကြိမ်တွင်တော့ အိမ်ရှင်ယောကျ်ားကြီးမှာ ခြုံထားသောစောင်ကိုခွာလိုက်ကာ အိပ်ရာထဲမှထွက်လာရတော့သည်။

အယ်နီ၏အသံကို ထပ်၍ကြားလိုက်ရသည်တွင် သူ့အဖို့ ပို၍ အားရှိသွား၏။ ယခုအချိန်တွင် သူသည် အိပ်မက်ထဲမှ ကြောက်လန့်နေသည့် အရွယ်မရောက်သေးသည့် ကလေးမဟုတ်ဘဲ ဤအိမ်ကြီး၏ အရှင်သခင်ဖြစ်သူ မစ္စတာပေါ(လ်)ပရက်ဆက် ဖြစ်နေပြီဟူသောအချက်ကို ယုံမှားဒွိဟဖြစ်စရာ မလိုတော့သောကြောင့်ဖြစ်၏။

မစ္စတာပေါ(လ်)ပရက်ဆက်သည် ယခုအချိန်တွင် အသက်ငါးဆယ် ရှိနေပြီဖြစ်ပြီး၊ အိမ်ထောင်ကျခဲ့သည်မှာ ဆယ်နှစ်မျှပင်ကြာခဲ့ပေပြီ။

မစ္စတာပေါ(လ်)ပရက်ဆက်က အိပ်ရာပေါ်မှထလိုက်ပြီး ခုတင်ဘေးရှိ အမွေးများဖွာနေသည့် ကော်ဇော်ပေါ်တွင် ခြေတွဲမျှရပ်ရင်းသမ်းဝေလိုက်သည်။ သူ့အရပ်မှာ သိပ်မမြင့်လှ၊ လုံးပုံကလည်းပါးပါးလျားလျားဖြစ်သည်။ အပျင်းဆန့်ပြီးနောက် ခုတင်ဘေးမှ ကွင်းထိုးဖိနပ်ကိုစီးလိုက်ပြီး ရေချိုးခန်းဆီသို့လျှောက်လာခဲ့၏။ စာအုပ်တစ်အုပ်ကိုလည်း လက်ထဲမှ ကိုင်လာခဲ့သေးသည်။

ရေချိုးခန်းထဲသို့ရောက်သည့်အခါ ကြွေရည်သုတ်ရေချိုးစည်ပိုင်းမှ ဘုံဘိုင်ခေါင်းကိုဖွင့်လိုက်ရာ၊ ရေသံတဝေါဝေါထွက်လာသည်။ထိုတဝေါဝေါ အသံကိုမီးဖိုချောင်မှ အယ်နီကကြားနိုင်သည်။ သူ၏ဇနီးဖြစ်သူ မစ္စစ်အယ်လီနာပရက်ဆက်နိုးနေလျှင်လည်း ကြားနိုင်မည်ဖြစ်သည်။ သူ၏ဇနီးက သူ့အိပ်ခန်းနှင့် ကပ်နေသောအိပ်ခန်းတွင် အိပ်သည်။

ဘုံဘိုင်မှရေသံကတော့ တဝေါဝေါနှင့်ကျနေသည်။ သို့သော် သူက စည်ပိုင်းထဲသို့မဆင်းဘဲ လည်ဂုတ်နှင့်မျက်နှာလောက်သာဆေးကြောသန့်စင်မည်ဖြစ်သည်။ ထိုသို့သန့်စင်ပြီးနောက် သူ၏ခြေထောက်နှစ်ဖက်ကို ရေစိုသွားအောင် စည်ပိုင်းထဲသို့ နှစ်ရမည်၊ ပြီးလျှင် ရေချိုးခန်းကြမ်းပြင်တွင် ခြေရာထင်အောင်လျှောက်ရဦးမည်။

ရေသံကိုလည်းကြားရသည်။ ခြေရာတွေလည်း ထင်နေပြီဆိုလျှင် သူ့ဇနီးနှင့် အယ်နီတို့က သူရေချိုးသည်ဟု ထင်ကြမည်ကို ယုံမှားစရာ မရှိ။

ပေါ(လ်)ပရက်ဆက်မှာ သူရေချိုးသည်ထင်စေရန် ဤမျှ ကြိုးစားပန်းစား ဟန်ဆောင်ရသည့်အကြောင်းမှာ သူ့ဇနီးက သူ့အပေါ်တွင် ညစ်ပတ်သော လူတစ်ယောက်ဟုထင်မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ဤသို့ ဟန်ဆောင် ရသည်မှာလည်း နေ့တိုင်းအလုပ်ပါပေ။ ဟန်မဆောင်၍လည်း မဖြစ်၊ ယခုကဲ့သို့ အေးစပြုနေပြီဖြစ်သော ဆောင်းဦးရာသီတွင် ရေအေးအေးထဲသို့ဆင်း၍စိမ်ရန်မှာ သူမလုပ်လိုဆုံးသော အလုပ်တစ်ခု ဖြစ်သည်။

ဘုံဘိုင်မှ ရေတာဝေါဝေါကျနေစဉ် မုတ်ဆိတ်မွေးရိတ်ရင်းနှင့် သူယူလာ ခဲ့သော စာအုပ်ကို ပြတင်းပေါက်ဘေးမှ စင်တွင်ထောင်၍ အချို့စာလုံး များကိုအလွတ်ကျက်နေသည်။ စာအုပ်မှာ ပြင်သစ်စကားပြေနှင့် စာစီစာကုံး စာအုပ်ဖြစ်သည်။ ပေါ(လ်)ပရက်ဆက်မှာတစ်နေ့တာစာသင်ကြားရေးအတွက် ကြိုတင်ပြင်ဆင်လေ့ရှိသည်။ အထူးသဖြင့် ပြင်သစ်ဘာသာကို သင်ရာတွင် ကျောင်းသားများရှေ့၌ ကပေါက်တိကပေါက်ချာ အယောင်ယောင် အမှားမှား မဖြစ်စေရန် ယခုလို ကြိုတင် ကျက်မှတ်နေရခြင်းဖြစ်သည်။

တကယ်တော့ ပြင်သစ်ဘာသာကို သူလုပ်နေသော ကျောင်းမှ ကျောင်းအုပ် ဆရာကြီးရှေ့တွင် သူတကယ်တတ်သည်ထက် ပို၍ကြွားမိခဲ့သည်။ လက်တင် ဘာသာတွင်လည်း အလားတူပင် သူတတ်သည့် အတိုင်းအတာထက်ပို၍ ကြွားမိ ခဲ့သည်။

မုတ်ဆိတ်ရိတ်ရင်းနှင့် မှန်ထဲတွင် မြင်နေရသည့် သူ့ခန္ဓာကိုယ်၏ အချိုး အဆက်မပြေပြစ်မှုကို သူက စိတ်ပျက်မိသည်။ စိတ်ပျက်မည်ဆိုလျှင်လည်း ပျက်လောက်ပါသည်။ အရပ်ကပုပု၊ ကိုယ်လုံးက သေးသေး၊ အရိုးများကလည်း ငေါထွက်နေသေးသည်။ သို့သော် သူ၏ မုတ်ဆိတ်မွေးကိုမူ သူက သဘောကျ မိသည်။ သူ့မုတ်ဆိတ်မွေးများမှာသန့်လှသည်။ တစ်နေ့တစ်ကြိမ်ရိတ်သည့်တိုင် ဘလိပ်ဓားနှင့် တစ်ချက်တည်းဆွဲရုံဖြင့် မပြောင်ပေ။

မှန်ထဲမှပေါ်နေသည့် သူ၏မျက်နှာကိုကြည့်ရင်း စဉ်းစားနေမိသည်။

"ဒီလိုမလှမပ အချိုးအဆက်မကျတဲ့ မျက်နှာကိုများ ဘာဖြစ်လို့ ဒီကောင် မလေးက ချစ်နေသလဲမသိဘူးနော် ...၊ ခြော် ...မိန်းမများရဲ့ စိတ်ဟာ အသိခက် ပါလား၊ သူတို့ဟာ ယောကျ်ားတွေရဲ့ ခန္ဓာကိုယ်အလှကို ဂရုမစိုက်ဘူးထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ်လေ ...၊ ညနေလေးနာရီထိုးဆိုရင် ငါ့အဖို့ ပျော်ရွှင်မှုကိုရတော့မှာပဲ

မဟုတ်လား၊ လေးနာရီထိုးမှာ ကျောင်းကထွက်လာပြီးရင် ငါးနာရီထိုးမှာ သူကလေးနဲ့တွေ့မယ်၊ အင်း … ဒီလိုမျှော်လင့်ချက်ကလေးတွေရှိနေလို့သာ ငါ့ဘဝရဲ့ သာယာစိုပြည်မှုဟာ မပျက်သေးတာပေါ့လေ၊ ကဲ …ဘာစိတ်ညစ်စရာရှိသလဲ၊ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်သွားရုံပဲ”

ဤသို့ စဉ်းစားမိလိုက်သည်နှင့် စိတ်ပျက်နေရာမှ စိတ်အားတက်ကြွလာသည်။

သူ၏ ဘဝကို သူက ပြန်လည်သုံးသပ်ကြည့်မိ၏။

မလွဲမရှောင်သာသည့်အခါများတွင် ဝေလည်ကြောင်ပတ်လုပ်ခဲ့ရသည်များ ရှိခဲ့ပါသည်။ ပြင်သစ်ဘာသာနှင့် လက်တင်ဘာသာကို သူ တကယ်တတ်သည် ဟန်ဖြင့် တတ်သယောင်ယောင်ဟန်ဆောင်ခဲ့သည့် ကိစ္စမျိုး၊ ဤလိုဟန်ဆောင်မှုကို သူက နှစ်သက်၍တော့မဟုတ်ပါ၊ မလုပ်မဖြစ်၍သာ လုပ်ခဲ့ရခြင်းဖြစ်ပါသည်။

ယခု သူ့တွင် ချစ်သူကလေးတစ်ဦးရှိနေပြီဆိုတော့ သူကလေးကို ငဲ့ရတော့မည်။ သူကလေးက သူ့အပေါ်၌ အကြွင်းမဲ့ယုံကြည်သည် မဟုတ်ပါလား၊ သူကလေးက သူ့ကို သမာသမတ်ရှိသော လူရိုးလူဖြောင့် ကြီးဟု စွဲစွဲမြဲမြဲယုံကြည် နေသည်။ အဲဒီတော့ သူကလည်း သူ့ချစ်သူကလေး ထင်မြင်ထားသည်နှင့်ညီအောင် ဟန်ဆောင်မှုမျိုးကို ဘယ်လိုနည်းနှင့်မျှ မပြုလုပ်သင့်တော့ပြီဟု သဘောရမိ၏။

ယခုပင်လျှင် ရေမချိုးဘဲနှင့် ရေချိုးဟန်ဆောင်မည်ဟု သူပြင်ဆင် နေသည်ကို သတိပြုလိုက်မိသည်။ ဤတွင် ရေမည်မျှအေးပါစေ၊ ချိုးတော့မည်ဟု စိတ်ပိုင်း ဖြတ်လိုက်သည်။ အိမ်ဖော်မလေးအယ်နီ အထင်ကြီးဖို့လည်း မဟုတ်ပါ၊ သူ့ခနီး ဖြစ်သူ အယ်လီနာ အထင်ကြီးဖို့လည်း မဟုတ်ပါ၊ ဘယ်အရာမဆို ဖြောင့်ဖြောင့် မတ်မတ်လုပ်တဲ့ လူတစ်ယောက် ဟော ဟူ၍ မိမိကိုယ်မိမိ အားပေးရန်ဖြစ်ပါသည်။

သူ၏ သန္နိဋ္ဌာန်အတိုင်း ရေချိုးစည်ပိုင်းကြီးထဲသို့ ဆတ်ခနဲ ဆင်းလိုက်ပြီး ခေါင်းမြုပ်သည်အထိစိမ်လိုက်၏။ ရေက အေးလွန်းလှသဖြင့် သန္နိဋ္ဌာန်မပျက် အောင်မနိုင်သည်။ ခဏကလေးနှင့် ပြန်၍တက်လာခဲ့ရသည်။ သို့သော် သူ့အဖို့ကား အောင်ပွဲကြီးတစ်ခုပါပေ။

တကိုယ်လုံးရေချိုးလိုက်ရသဖြင့် သူ၏ ခန္ဓာကိုယ်မှ ချေးညှော်များ စင်ကြယ် သွားသလို သူ၏စိတ်ထဲမှ မဖြောင့်မမှန်သောစိတ်များ စင်ကြယ်သွားပြီဟု ထင်လိုက် မိသည်။

ရေချိုးပြီးနောက် အဝတ်အစားလဲ၍ အောက်ထပ်ထမင်းစားခန်းသို့ ဆင်းလာ ခဲ့၏။

သူ ထမင်းစားပွဲတွင် ထိုင်လိုက်မိသည်နှင့် အယ်နီက သူ့အတွက် နံနက်စာ ပြင်ဆင်ပေးသည်။

သူကလည်း စိတ်လက်ပေါ့ပါးစွာဖြင့် အယ်နီသို့လှမ်း၍ ပြောလိုက်သည်။

"ဟ…ကြက်ဥဟပ်ဘွိုင်ပါလား၊ တယ်ကောင်း…တယ်ကောင်း၊ ငါကလဲ ဆာနေတာနဲ့အတော်ပဲ၊ ရေကတော့ ခါတိုင်းထက် နည်းနည်းပိုအေးသကွ၊ ဒါပေမဲ့ ရေအေးအေးချိုးလိုက်ရတော့ ဇိုက်ကပိုပြီး ဆာလာတယ်၊ ဒီမနက်မှာတော့ စားလို့သိပ်ကောင်းမှာပဲဟေ့၊ ဒါထက် မစ္စစ်ပရက်ဆက်ဖို့ကော ဘာစားဖို့လုပ်ထားသလဲ၊ သူကြိုက်တာကလေးတွေများ လုပ်ထားရဲ့လားဟေ့"

"ဟုတ်ကဲ့၊ လုပ်ထားပါတယ် ဦးလေး"

"အေး… ကောင်းတယ်၊ ကောင်းတယ်၊ လုပ်ပေးပါဟာ၊ သူက ချူချာတယ် မဟုတ်လား၊ နင်တို့လိုမတောင့်တင်းပါဘူး၊ ငါနဲ့တောင် မတူဘူးဟ၊ ငါဆိုရင် တစ်နှစ်နေလို့ တစ်ခါတောင်မဖျားဘူး"

ပေါ(လ်)ပရက်ဆက်သည် ပြောရင်းနှင့် စိတ်အားတက်ကြွမှုအရှိန်ကြောင့် လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်၊ ခေါင်းတညိတ်ညိတ်လုပ်လိုက်ဖြင့် လှုပ်ရှားနေသည်။ စိတ်အားတက်ကြွမှုအရှိန်မည်မျှပြင်းထန်သနည်းဆိုသော် ဤထမင်းစားခန်းထဲရှိ ပရိဘောဂပစ္စည်းများကိုပင် သတိမထား၊ ဂရုမပြုမိတော့ပေ။ ခါတိုင်းတွင်မူ တိုက်ပန်းကန်ပြားများကိုထောင်၍ အလှပြထည့်ထားသော မဟော်ဂနီ ဗီရိုကြီး၊ ဇွန်း၊ ခရင်း၊ ဓားနှင့် အခြားစားပွဲအသုံးအဆောင်ပစ္စည်းများထည့်သော မဟော်ဂနီ နံရံကပ် ဗီရိုကြီးစသည့် ခန့်ညားလှသော ပရိဘောဂပစ္စည်းများကိုကြည့်၍ သူ့စိတ်ထဲတွင်မရွံ့မရဲ ဖြစ်နေလေ့ရှိသည်။

တကယ်တော့ သူသည် ဤအိမ်၏ အိမ်ရှင်ယောကျ်ားဟု ဆိုရသော်လည်း ဤအခန်းထဲတွင် သူနှင့်တိုက်ရိုက်စပ်ဆိုင်သည့်ပစ္စည်းမှာ နံရံတွင်ချိတ်ထားသော ပန်းချီကားတစ်ချပ်သာလျှင်ဖြစ်ပေသည်။ ထိုကားကို သူ့စိတ်ကြိုက်ရွေး၍ ချိတ်ထားခြင်းဖြစ်သည်။ ပန်းချီကားထဲတွင် ဆွဲထားသည်မှာ တောအုပ်တစ်ခု၏အပေါ်၌ နေလုံးကြီးကွယ်ပျောက်စ ပြုနေသောပုံဖြစ်၏။ ထိုပုံသည် သူ၏ အတွင်းသဘာဝကို ဖော်ကျူးနေသကဲ့သို့ရှိ၏။ အခန်းထဲရှိအခြားပစ္စည်းအားလုံးမှာ သူ့ဇနီး အယ်လီနာ၏ ယခင် အိမ်ထောင်လက်ထက်က ကျန်ခဲ့သောပစ္စည်းများသာဖြစ်သည်။ ဤမဟော်ဂနီ ဗီရိုကြီးများ၊ စာအုပ်ဗီရိုကြီးများကလည်း ခန့်ညားခမ်းနားလှပေ၏။

အယ်လီနာ၏ ယခင်အိမ်ထောင်မှာ ပေါ(လ်)နှင့် နှိုင်းယှဉ်သော် ပို၍ပစ္စည်းဥစ္စာကုံလုံပြည့်စုံသူတစ်ဦးဖြစ်၏။ အယ်လီနာက ထိုတစ်ပင်လဲသွားခဲ့၍ ပေါ(လ်)နှင့် နောက်တစ်ပင်ထူခဲ့ခြင်းဖြစ်သည်။

စိတ်ကူးချိုချို

ကုန်ကုန်ပြောရလျှင် ဤအခန်းထဲ၌ ချိတ်ဆွဲထားသော အယ်လီနာ၏ ဓာတ်ပုံကြီးသည်ပင်လျှင် ပေါ(လ်)နှင့်မဆိုင်သည့်သဘော သက်ရောက်နေပေသည်။ သခင်အိမ်ထောင်မဆုံးမီက ရိုက်ခဲ့သောဓာတ်ပုံကြီးထဲမှ အယ်လီနာသည် ကတ္တီပါ အနက်ရောင်အင်္ကျီကြပ်ပေါ်တွင် အဖြူရောင် ပုလဲလည်ဆွဲဖြင့် ခန့်ညားချင်တိုင်း ခန့်ညားနေကာ ထမင်းစားခန်းတစ်ခုလုံးကို စိုးမိုးထားဘိသကဲ့သို့ ရှိနေ၏။

ဤကဲ့သို့သောအနေအထားကြောင့် ပေါ(လ်)သည် အယ်လီနာ၏ ခင်ပွန်းဟု ဆိုရသော်လည်း ဤအိမ်တွင်းရှိ အိမ်ထောင်ပစ္စည်းများမှာ အယ်လီနာ တစ်ဦးတည်းသာပိုင်သည့် ပစ္စည်းများဖြစ်ပြီး၊ သူနှင့်မဆိုင်ဟု စိတ်ထဲတွင်အစွဲအလမ်းဖြစ်နေသည်။ တကယ်တော့လည်း ထိုအစွဲမှာ သူတစ်ဦးတည်း၏ အာရုံတွင်သာရှိနေသည်မဟုတ်ပါ။ အယ်လီနာကလည်း ငါ့အိမ်ငါ့ပစ္စည်းဟူ၍ အတ္တစွဲက ကြီးလှသည်။ ထို့ကြောင့် ပေါ(လ်)ခမျာမှာ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်ရဘိသကဲ့သို့ မိမိ၏ အိမ်ဝယ် မျက်နှာငယ်နေရရှာပါသည်။

သူ့ရှေ့ရှိ ပန်းကန်ပြားဘေးတွင် စာတိုက်မှ ရောက်လာသော စာတစ်စောင်ကို တွေ့ရသည်။ သူဖတ်နိုင်ရန် အယ်နီက ချထားခြင်းဖြစ်သည်။ လက်ရေးကို မြင်လျှင်ပင် မည်သူ့ထံမှစာမှန်းသူကသိပြီး ဖြစ်ပါသည်။ ယခုစိတ်ပြေလက်ပျောက် အချိန်မျိုးတွင် သူက ထိုစာအိတ်ကို ဖွင့်၍မဖတ်လိုပါ။ သူမြူးကြွလာခဲ့ရသမျှ ထိုစာကြောင့်အလဟဿ ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်စာကို သူ၏ ကုတ်အင်္ကျီဘေးအိတ်ထဲသို့ ထည့်ထားလိုက်သည်။

ထို့နောက် သူက သူ၏ နံနက်စာကို ဆက်၍စားနေသည်။ စားရင်းနှင့် ပွင့်သင်းစာကုံးစာအုပ်ထဲမှ မှတ်ရမည့် စကားပိုဒ်များနှင့် စကားလုံးများကိုလည်း ကျက်မှတ်နေသေးသည်။

သူစားနေစဉ် အယ်နီက အပေါ်ထပ်အိပ်ခန်းထဲမှ သူ၏ဇနီးဖြစ်သူ မစ္စစ် အယ်လီနာ့ရက်ဆက်ထံသို့ နံနက်စာကို လင်ပန်းဖြင့်ထည့်၍ သွားပို့သည်ကို တွေ့လိုက်ရ၏။

သူက "ရှေ့နိုက်ကိုင်သွားပါဟော့၊ အယ်နီရေ ..." ဟု လှမ်း၍ ပြောလိုက်သေးသည်။

အယ်နီကလေးကတော့ အိမ်ရှင်လုပ်သူက ချိုချိုသာသာ ပြောဆိုနေသည်မို့ ပြုံးလိုက်မိ၏။

နံနက်စာစားပြီးသွားလေပြီ၊ သူလည်း စားပွဲမှထရတော့သည်။ အပေါ်ထပ် အိပ်ခန်းထဲရှိ ဇနီးဖြစ်သူ အယ်လီနာထံသို့သွား၍ သူကျောင်းသို့ သွားတော့မည်

အကြောင်း နှုတ်ဆက်ရဦးမှာပါလား၊ သို့သော် သူ့စိတ်ထဲကတော့ သွားရန်စိတ်မပါ။ သို့သော် သွားတော့သွားရမည်။ ဤသည်မှာ ကျောင်းပိတ်သည့်နေ့များကလွဲ၍ နေ့တိုင်းလုပ်နေကျ အလုပ်ဖြစ်ပေသည်။

အမှန်အတိုင်းပြောရလျှင် အယ်လီနာအပေါ်၌ နှစ်သက်ကြင်နာမှု မရှိမဟုတ်ပါ။ အနည်းငယ်မျှတော့ရှိပါသည်။ သို့သော် နေ့တိုင်း အယ်လီနာ၏ အိပ်ရာထဲသို့ တကူးတကသွား၍ 'ဂွတ်ဘိုင်'ဟု နှုတ်ဆက် ရသည့်အလုပ်ကိုတော့ စိတ်မပါလှ။ မသွားပြန်လျှင်လည်း မညာမတာ လွန်းရာကျပေမည်။ ထို့ကြောင့် အပေါ်ထပ်သို့ ချက်ချင်းမတက်သေးဘဲ၊ ရမယ်ရှာ၍ အိမ်နောက်ဖေးပန်းခြံထဲသို့ ဆင်းသွား၏။ ပန်းခြံထဲသို့ ရောက်သောအခါ ဟိုနားကပေါင်းပင်တစ်ပင် ဆွဲနှုတ်လိုက်၊ ဒီနားက မြက်ပင်တစ်ပင် ဆွဲနှုတ်လိုက်ဖြင့် ခေတ္တအချိန်ဖြုန်းနေလိုက်၏။

ဤနောက်ဖေးပန်းခြံသည် သူ့အတွက်စိတ်ဖြေရာ နေရာတစ်ခု ဖြစ်သည်။ သူက မြေကြီးမှပေါက်လာသော စိမ်းစိမ်းစိုစိုအပင်များမှာ သူ၏ စိတ်ချမ်းမြေ့မှုကို ဖြည့်ဆည်းပေးသော အရာများဟုအယူရှိ၏။ ထို့ကြောင့်ပန်းခြံထဲသို့ဆင်းရသည်ကို ပျော်သည်။မြေကြီးဆွသော ဂေါ်ပြားချွန်းချွန်းကလေးကို ကိုင်နေရလျှင် သူစိတ်ချမ်းမြေ့သည်။

ပန်းခြံထဲတွင် ဟိုလုပ်ဒီလုပ်ဖြင့် အတန်ကြာနေပြီးတော့မှ သူ့ဇနီး ရှိရာ အိမ်ပေါ်ထပ်သို့ တက်ရောက်လာခဲ့သည်။ သူနှစ်သက်သော စိမ်းစိမ်း စိုစိုအပင်များကို ကိုင်တွယ်လိုက်ရသဖြင့် အယ်လီနာကို ရင်ဆိုင်နိုင်ရန် စိတ်အားရော လူအားပါ ပြည့်လာပြီဖြစ်၏။

သူ့ဇနီး အယ်လီနာသည် သူ့အဖို့နာကြည်းစရာ မိန်းမတစ်ဦးသာ ဖြစ်သည်ဟု သူကထင်သည်။ သို့သော် ထိုသို့သော သူ၏စိတ်ထားကို မည်သူကမျှမသိကြ။ သူ့ဇနီးအယ်လီနာကိုယ်တိုင်ပင်လျှင် မရိပ်မိပေ။

သူတို့လင်မယားသည် အိမ်ထောင်ကျလာခဲ့သည်မှာ ဆယ်နှစ်တိုင်ခဲ့သော်လည်း တစ်ဦး၏အမြင်နှင့်တစ်ဦး၏အမြင်မှာ ဆန့်ကျင်ဘက်လောက်နီးနီး ဖြစ်နေကြသည်။

ပေါ(လ်)အဖို့ ပို၍ဆိုးသည်မှာ သူ၏ဇနီးက သူ့အတွက် အိမ်ထောင်ရေးသာယာမှု မဖြည့်ဆွမ်းနိုင်သဖြင့် အကြီးအကျယ်စိတ်ပျက်နေရသည်။

အယ်လီနာကို အရပ်ထဲမှလူများက အဝတ်အစားကို ပုံကျပန်းကျ ဝတ်တတ်သူ၊ ဟန်ကောင်းသူအမျိုးသမီးကြီးတစ်ဦးအဖြစ် မြင်ထားသည်။ သို့သော် ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကြီး လက်မောင်းတုတ်တုတ်နှင့်ဖြစ်၍ ကျက်သရေရှိသော

ဂုဏ်သတ္တာန်မျိုးဟုလည်း မဆိုနိုင်ပေ။ အိမ်နီးချင်း တစ်ဦးအဖြစ် ပေါင်း၍ကောင်းပါ၏။ တီးပါတီမှာပဲတွေ့တွေ့၊ လမ်းမှာပဲ တွေ့တွေ့၊ အတင်းအဖျင်းပြောရန် အဆင်သင့်ရှိသူတစ်ဦးလည်းဖြစ်ပါသည်။ သို့ရာတွင် မိတ်ဆွေရင်းချာဟူ၍ မစ္စတ်ဘက်စီဗား(လ်)ဟူသော အမျိုးသမီးကြီးတစ်ဦးသာလျှင်ရှိ၏။ မိတ်ဆွေရင်းချာများများမရှိသည့် အကြောင်းမှာ အယ်လီနာသည် မိမိကိုယ်ကိုသာ ဂရုစိုက်တတ်သည့် အမူအကျင့်ရှိပြီး၊ အနီးကပ်ဆက်ဆံရာတွင် မာကျောကျောသဘာဝရှိသောကြောင့်ဖြစ်ပေ၏။

ပေါ(လ်)၏ မျက်စိထဲတွင်ကား အယ်လီနာကို မြင်တွေ့နေရခြင်းသည် သူ၏ဆုံးရှုံးမှုကို မီးမောင်းထိုးပြသကဲ့သို့ရှိနေ၏။ အယ်လီနာ၏ ရှည်လျားသော ခြေထောက်များကို မြင်လိုက်ရလျှင် သူ၏ရင်ထဲတွင် ဆို့လာသည်။ အကြောများပေါ်နေသောလက်မောင်းကြီးများ၊ ခြေဖဝါးကြီးများနှင့် ဝဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးကိုကြည့်လိုက်မိလျှင် သားစိတ် မယားစိတ်ကုန်သွားသည်။ သူ့ကိုစိုက်ကြည့်လိုက်သော အယ်လီနာ၏ မျက်လုံးများကလည်း မာကျောလှသည်။ ပြောလိုက်သည့်စကားလုံး များကလည်း နူးညံ့ပျော့ပျောင်းခြင်းမရှိ။

သို့သော် ပေါ(လ်)သည် ကြင်နာစိတ်ရှိသူ၊ ညာတာတတ်သူ ဖြစ်သည်မို့ အယ်လီနာအပေါ်၌ ကြင်ကြင်နာနာညာညာတာတာဆက်ဆံပါသည်။ တစ်ခါတစ်ရံ ညှိုးငြိုးတိုနေသည့်အခါများတွင်တော့ မာမာတင်းတင်းပြောမိတတ်သည်။ ဤလိုအခါမျိုးကား ရှားပါးလှပါသည်။ ထို့ကြောင့် အစ္စလင်တန်ဗေး(လ်) ရပ်ကွက်မှ လူများက ပေါ(လ်)နှင့် အယ်လီနာတို့၏ အိမ်ထောင်ရေးသည် သာယာ ချမ်းမြေ့၍ အနုအထစ်မရှိသောအိမ်ထောင်တစ်ခုဟု ထင်နေကြောင်းမှာလည်း မထူးဆန်းလှပေ။

တကယ်တော့ အယ်လီနာကိုယ်တိုင်ကလည်း ဤအတိုင်းပင်အထင်ရောက်နေခြင်း၊ ပေါ(လ်)က သူ့အကြိုက်ကို လိုက်လျောညီထွေနေ နေသည်ဖြစ်၍ အယ်လီနာအဖို့ အခြားအထူးအထွေထင်နေစရာမရှိပါ။ သူက သူ့ဘဝကို ကျေနပ်နေသည်။-သူကဲ့သို့ပင် သူ့ခင်ပွန်းဖြစ်သူ ပေါ(လ်)သည်လည်း ကျေနပ်နေလိမ့်မည်ဟုထင်နေသည်။ သူသည် ပေါ(လ်)အတွက် မြစ်နီးရာ၊ တွယ်တာရာ ပျောက်ဘဲ အရှုံးပေးခဲ့ရသည့်အဖြစ်၊ မျှော်လင့်ချက်များမပြည့်ဝရသည့်အဖြစ်ကို သတိပေးထူပြနေသည့် အထိမ်းအမှတ်ကြီးတစ်ခုဟု ပေါ(လ်)၏ စိတ်ထဲတွင် စွဲမှတ်နေကြောင်းကို အယ်လီနာကစိုးစဉ်းမျှမရိပ်မိပေ။ ပေါ(လ်)အဖို့မှာကား အယ်လီနာ၏ အိပ်ခန်းထဲသို့လာ၍ သူအလုပ်သွားတော့မည့်အကြောင်း နှုတ်ဆက်သည့်အခါတိုင်း ရှုပ်ပွနေသောအိပ်ရာပေါ်တွင် ဆံပင်ဖိုးရိုးဖားရား မျက်နှာထား

တင်းတင်းဖြင့် ထိုင်နေသော အယ်လီနာကိုတွေ့လိုက်ရလျှင် သူ၏မျက်နှာကို ကြာပွတ်ဖြင့်အရိုက်ခံလိုက်ရသကဲ့သို့ ခံစားမိတတ်သည်။

ပေါ(လ်)သည် ဇနီးဖြစ်သူထံမှ စိတ်အားဖြင့်ရော၊ ခန္ဓာကိုယ်အားဖြင့်ပါ ကျေနပ်နှစ်သိမ့်မှု မရသူတစ်ဦးဖြစ်ပါသည်။

ပန်းခြံတွင်းမှတက်လာပြီး အိပ်ခန်းတွင်းသို့ ပေါ(လ်)ဝင်လာသည့် အခါ၌ အယ်လီနာသည် အိပ်ရာပေါ်တွင်ထိုင်နေသည်။ အယ်နီ လာပို့သွားသည့် နံနက်စာ လင်ပန်းကို သူ၏ဘေးတွင်ချထားသည်။ သူ၏ ညဝတ်အင်္ကျီအောက်မှ ပြူထွက်နေသည့် လည်ပင်းသားများမှာ ကြက်တစ်ကောင် လည်ပင်းသားကဲ့သို့ ကြမ်းတမ်းသောအတွန့်အလိမ်များဖြစ်သည်။ အင်္ကျီအပြူတွင်လည်း ချေးများပေနေသည်ကို တွေ့ရသည်။ ခုတင်ဘေးရှိ ကုလားထိုင်ပေါ်တွင် အိမ်နေရင်းဝတ်သည့် အင်္ကျီကို မသေမသပ်ပုံထားသည်။ ထိုအင်္ကျီသည်လည်း သိပ်ပြီးဖြူဖြူစင်စင်ရှိလှသည် မဟုတ်ပေ။

ခုတင်ပေါ်တွင်ထိုင်နေသည့် အယ်လီနာ၏ပုံကိုကြည့်၍ ပေါ(လ်)၏ ရင်ထဲတွင်နာလာသည်။ အယ်လီနာသည် အများရှေ့တွင် သေသပ်ကျနဝတ်စားပြီး ဆင်ယင်ထုံးဖွဲ့မှုကို ဂရုစိုက်သလောက်၊ အများမတွေ့ရသည့် 'ယခုလိုအခါမျိုးတွင် ပစ်စလက်ခတ်နေခြင်းမှာ သူ့ကိုဂရုစိုက်စရာမလိုသောကြောင့်ဘဲဟု စိတ်ထဲတွင် ထင်လာမိသည်။ ခုတင်ဘေးရှိ မှန်တင်ခုံပေါ်တွင် ဘီးအမျိုးမျိုး၊ ဆံညှပ်အမျိုးမျိုး၊ ပေါင်ဒါ၊ မျက်နှာချေ၊ ရေမွှေးအမျိုးစုံ အပြင်၊ လက်စွပ်များ လက်ကောက်များ ပါရှိပါသည်။ သို့သော် ထိုပစ္စည်းများကို အယ်လီနာက သူ၏ကိုယ်ပေါ်၌ ဆင်ယင်မည်ဆိုလျှင် သူ့အတွက်တော့မဟုတ်။ ဘေးလူများကြည့်၍ကောင်းစေရန်သာ ဖြစ်လိမ့်မည်ဟု ပေါ(လ်)က တွေးမိသည်။

သို့သော် ပေါ(လ်)သည် တစ်ဖက်သတ်ဆုံးဖြတ်ချက်ချတတ်သူ မဟုတ်ပါ။ သူက သူ့၏စိတ်ကို ဤသို့ဖြေလိုက်ပါသည်။

"အေးလေ၊ ငါကသူ့ကို နှစ်နှစ်ကာကာချစ်ခဲ့မိရင်လဲ ဒီလိုအသေးအဖွဲ ကလေးတွေကို မြင်မိမှာမဟုတ်ဘူးပေါ့၊ မချစ်တော့လဲ အပြစ်မြင်မိတော့ တာပေါ့လေ၊ အင်း ...သူကလေးဆိုရင်တော့"

သူကလေး၏အကြောင်းကို စဉ်းစားမိလိုက်သည်နှင့်ပင် စိတ်အားတက် သွားပြန်သည်။ ထို့ကြောင့် မျက်နှာတစ်ချက်မပျက်ဘဲနှင့် အယ်လီနာကို နှုတ်ဆက်စကား ပြောလိုက်နိုင်၏။

"ဂွတ်ဘိုင် အယ်လီနာ၊ ကိုယ်သွားတော့မယ်"

**စိတ်ကူးရိုးရိုး**

"ရှင်သွားတော့မလား၊ ဂွတ်ဘိုင် ဂွတ်ဘိုင်"

"ဒီနေ့မနက် ဒါလင် နေကောင်းရဲ့လား၊ ဘာမှမဖြစ်ဘူးနော်"

"ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ဒေါက်တာဝါးတားဟောက သက်သောင့်သက်သာနေရမယ်ဆိုလို့ သူ့စကားအတိုင်း နားနေတာပါ၊ စာတွေဘာတွေ လာသေးသလား"

"စာလား၊ လာတယ် လာတယ်၊ တစ်စောင်လာတယ်"

"ဟုတ်လား၊ ဘယ်သူ့ဆီကလဲ၊ ရှင်ကလဲ စာလာတာကို လျှို့ဝှက်ဝှက်နဲ့"

"မဟုတ်ပါဘူး၊ မလျှို့ဝှက်ပါဘူး၊ ကိုယ်က မလျှို့ဝှက်တတ်ပါဘူး အယ်လီနာ ရာ၊ အမေ့ဆီကစာပါ"

"ဘာလဲ၊ ပိုက်ဆံပို့ပါဦးတဲ့လား"

အယ်လီနာ၏ပြောစကားကို ကြားလိုက်ရသည်တွင် ပေါ(လ်)က စိတ်တိုလာသည်။ သူသည် မူလကတည်းကပင် သူ့ထံသို့စာရေးရကောင်းလားဟု သူ့အမေအပေါ်၌ စိတ်တိုနေသည်။ ယခုအယ်လီနာက သူ့အမေအား အထင်သေးသည့်ပုံဖြင့် ပြောလာသည့်အခါ၌တွင် အယ်လီနာအပေါ်၌ပါ စိတ်ဘိုလာ၏။ ထို့ကြောင့် သူက ခပ်ဆတ်ဆတ်ပြန်ပြောလိုက်သည်။

"စာကိုမှ ဖတ်မကြည့်ရသေးဘဲနဲ့ ပိုက်ဆံပို့ဖို့လား ဘာလားဆိုတာ ဘယ်သိနိုင်မှာလဲ"

"အင်းလေ၊ ပိုက်ဆံပို့ပါဆိုရင်တော့ မပို့နဲ့တော့၊ ပို့ရပေါင်းများပြီ။ ရှင့်အမေတာ ဒီလိုစိတ်အနှောင့်အယှက်ပေးတဲ့အလုပ်ကို ရပ်ဖို့ကောင်းပြီ၊ ရှင့်အဖို့သူ့အတွက်ချည်းမဟုတ်ဘူး၊ ကျွန်မအတွက်လဲ တာဝန်ရှိတယ်ဆိုတာ သူမသိဘူးလား၊ ဒီလောက်တော့သိတတ်ဖို့ကောင်းတယ်နဲ့တူပါတယ်"

"ဒါကတော့ ကိုယ်ပေးချင်တဲ့စိတ်ရှိရင် ပေးမှာပေါ့ကွာ၊ ဒါက ကိုယ်ဆုံးဖြတ်ရမယ့်အလုပ်ပါ၊ သူကကိုယ့်ကို စိတ်အနှောင့်အယှက်ပေးတယ်လို့တော့ မဟုတ်ပါဘူး ကိုယ်တို့မှာ တကယ်ရှိတာထက်ပိုပြီး ငွေကြေးပြည့်စုံတယ်လို့ ထင်နေတာပါ၊ ဒါပေမဲ့ သူကိုယ်တိုင်ကလဲ ကောင်းကောင်းမမာဘူး၊ အဖေကလဲ စီးပွားရေးကောင်းခဲ့ဘူး၊ ဒါကြောင့် သူတို့မှာကျပ်တည်းနေတယ်၊ ဒါတွေထားပါတော့လေ၊ ငွေအပ်ပို့ပါဦး ဆိုရင်လဲ ကိုယ်ပို့ချင်မှ ပို့မှာပါ"

"ဟုတ်ပါတယ်၊ ရှင်ပို့ပေးခဲ့တာလဲ တော်တော်များပြီမဟုတ်လား၊ ဒါကြောင့် ကျွန်မကပြောနေတာပါ၊ ဒါထက် ရှင် ညနေလက်ဖက်ရည် သောက်ချိန်လောက်ဆော့ ပြန်ရောက်မှာပေါ့နော်"

"နေဦး"

အသင်ဘီးဟုသည် အရိုးအကဲခံရာ၌ ပါးပါးနပ်နပ်ရှိလှသည် မဟုတ်သဖြင့် သူ့ဆောက်ရုံက ဆွေးနွေးပြောခြင်းမှာ ဆင်ခြေပေးရန်အတွက် စကားလုံးရှာခြင်းသာ ဖြစ်ကြောင်း မသိနိုင်လိုက်ပေ။ သူသာမြင်တတ်မည်ဆိုလျှင်၊ သူ့မျက်လုံးများအား စိုက်ကြည့်နေသော ပေါ်(လ်)၏ မျက်လုံးများတွင်၊ လှိုးလွှဲပြောဆိုရန် ဉာဏ်ထုတ် ချိန်ဆနေသည့် အရိပ်အယောင်ကို တွေ့လိုက်နိုင်ပေသည်။

"သက်ဖက်ရည်သောက်ချိန် ဟုတ်လား၊ အင်း ...အဲ့ဒီအချိန်တော့ ပြန်မရောက် နိုင်သေးဘူး၊ တကယ်တော့ ကိုယ် တော်တော်လေး နောက်ကျလိမ့်မယ်၊ တချို့ ကလေးတွေကို အချိန်အပိုထပ်သင်ပေးဖို့အလုပ်ရှိနေတယ်၊ ညစာစားချိန်မတိုင် မီတော့ မမျှော်နဲ့"

"ဟင် ... ရှင့်ကျောင်းက ကျောင်းအုပ်ဆရာကြီးလုပ်တဲ့လူက ရှင်အဲ့ဒီလို အချိန်ပိုသင်ပေးရတာအတွက် ပိုက်ဆံပေးလို့လား၊ ပေးမယ်လို့တော့ ကျွန်မ မထင်ပါဘူး၊ ပေးသလား"

"အေး...,မင်းထင်တဲ့အတိုင်းပါပဲ၊ မပေးပါဘူး"

ပေါ်(လ်)ပြန်ပြောလိုက်သည့်အသံမှာ အနည်းငယ်မာလာသည်။ လိမ်ပြော ရသည့်လူများ ဖြစ်လေ့ရှိသည့် ပုံမျိုးဖြစ်၏။ မိမိတို့စိတ်မလုံသည့် အဖြစ်ကို ကာကွယ်ရန်ကြိုတင်၍ အမောက်ထောင်ထားခြင်းဖြစ်သည်။

"ကျွန်မထင်သားပဲ မပေးဘူးဆိုတာ၊ ရှင်ကလဲ ပိုက်ဆံမရဘဲနဲ့များ ဘာကြောင့် အပိုလုပ်ပေးနေရသလဲဆိုတာ ကျွန်မစဉ်းစားလို့မရဘူး၊ အခုတောင်မှ သူပေးတဲ့လခက နည်းနည်းကလေးရယ်၊ ရှင့်ကိုကလဲ အနိုင်းခံတာကိုလေ"

"ဒီမှာ... ဒီမှာအယ်လီနာ၊ ကိုယ်က ဘယ်တော့မှ သူများရဲ့ နိုင်းတာကို ခံတာမဟုတ်ဘူးကွ၊ ဒါကို ကိုယ်ကဂုဏ်ယူတယ်၊ အေး ...ကိုယ့်အလုပ်ကိုယ် ဂုဏ်ယူလို့ ဘယ်လောက်လုပ်ရလုပ်ရ ကြိုးစားပြီးလုပ်တာနဲ့ ပိုက်ဆံရရေးကို ရှေ့တန်းတင်ပြီး သူများနိုင်းတိုင်းလုပ်တာကို မင်းကခွဲခြားပြီး မကြည့်တတ် မမြင် တတ်ဘူးဆိုရင်တော့ ငါဘာမှ မတတ်နိုင်ဘူး၊ ကိုယ်ကတော့ လောကမှာပိုက်ဆံ ရှိရင် ဘာမဆိုပြီးတာပဲထင်တဲ့ လူတွေထဲမှာမပါဘူး"

"ရှင့်အလုပ်ကို ရှင်က ဂုဏ်ယူတယ်ဟုတ်လား၊ အို ... ရှင်ဒီလို ပြောတာ ဒီတစ်ခါပဲကြားဖူးသေးတယ်၊ အရင်တုန်းကတော့ ဒီအလုပ် လုပ်ရတာကို ညည်း လိုက်တာ ကျွန်မကြားခဲ့ရတာ နားမဆန့်တော့ဘူး"

"အေး... ဂုဏ်ယူတယ်လို့ မပြောနိုင်ရင်တောင်မှ တာဝန်ကျေအောင် လုပ်ရမယ်ဆိုတဲ့အသိစိတ်နဲ့ လုပ်နေတယ်လို့တော့ ပြောနိုင်ပါတယ်"

"ဒီလိုဆိုတော့ ကျောင်းအုပ် ဟိ(စ်)မင်းက ရှင့်ရဲ့ တာဝန်ကျေချင်တဲ့ စိတ်ပေါ်မှာ အညွန့်ခူးနေတာပေါ့"

ပေါ(လ်)က သဘောကျစွာပြန်ပြောသည်။

"ဟုတ်ချင်လဲဟုတ်မယ်လေ၊ ဒါပေမဲ့ ကိုယ်ကတော့ ကိုယ်လုပ်ရမယ့် အလုပ်ဟာ သေသေသပ်သပ်နဲ့ပြီးသွားအောင် လုပ်ချင်တဲ့ဆန္ဒရှိတယ်၊ ဟိ(စ်)မင်း ကလဲပြောပါတယ်၊ သူ့လိုကျောင်းမျိုးအနေနဲ့ ဆရာတွေကို ဉာဏ်ပူဇော်ခ များများ ပေးနိုင်ဘူးတဲ့၊ ဒီအချက်ကိုလဲ အငြင်းပွားစရာမရှိပါဘူး၊ တကယ်တော့ပညာရေး ဘက်မှာ စီးပွားဖြစ်ထွန်းအောင် လုပ်မယ်လို့ မျှော်မှန်းတဲ့လူဟာ ရူးလို့ပဲလို့ဆိုရမယ်၊ ပညာရေးဘက်မှာ ဘယ်လိုလုပ်ပြီး ပိုက်ဆံများများရအောင်ရှာလို့ရမလဲ၊ အေးလေ၊ ဒါကလဲ ဘယ်လို အရာဟာတန်ဖိုးအရှိဆုံးလဲဆိုတဲ့ စိတ်ထားပေါ်မှာ တည်တာပေါ့"

ပေါ(လ်)က ပညာအကြောင်းကို ပြောရသည်မို့ ပညာရှိဟန်ဖြင့် ဆက်၍ ပြောနေ၏။

"ပညာကို ဘယ်လိုတန်ဖိုးဖြတ်မလဲ၊ ငွေနဲ့တန်ဖိုးဖြတ်မလား၊ ဒါကို ထည့် စဉ်းစားရမှာပေါ့၊ ပညာဟူသည် မြတ်ရွှေအိုးဆိုတဲ့စကား လက်ခံရင်တော့၊ ပညာသည်သာလျှင် တန်ဖိုးအရှိဆုံးဆိုတဲ့အချက်က ရှင်းနေတာပဲ၊ ဟုတ်ရဲ့လား"

အယ်လီနာကတော့ သူနားမလည်သည့်အပိုင်းကို ရောက်လာသည်မို့ "ဟုတ်လား" "ဟုတ်တာပေါ့" အစရှိသည့်လောက်သာပြန်၍ပြောနိုင်တော့သည်။

ပေါ(လ်)ကလည်း 'ဟုတ်တာပေါ့' ဟူ၍ ပြန်ပြောရသည်။ ယခု အနေအထား အတိုင်းဆိုလျှင် ဤနံနက်ပိုင်းတွင် သူနှင့်အယ်လီနာတို့မှာ အပေးအယူတဲ့သွားကြ ပြီး နှုတ်ဆက်ပြီးထွက်ခွာရန်ပြင်ရတော့သည်။ ခါတိုင်းဆိုလျှင် သူကသာလက်ခံ လိုက်ရသည်ကများ၏။

သူက အယ်လီနာကို ဝတ်ကျေတမ်းကျေနမ်းလိုက်ပြီး အိပ်ခန်းထဲမှ ထွက်လာ ခဲ့သည်။ တကယ်တော့ နမ်းလိုသောဆန္ဒမရှိပါ။ ဝတ္တရားရှိ၍သာ ကပျာကသီ ကြီးအတာကောက်သလိုနမ်းခဲ့ရခြင်းဖြစ်ပါသည်။ အခန်းပြင်သို့ ရောက်လာသော အခါ၌ စိတ်လက်ပေါ့ပါးသွားသည်။ သူလုပ်ခဲ့ရသည်မှာလည်း ကလေးတစ်ယောက် ကျောင်းကိုကြောက်၍ လုပ်ရသည့်ပုံစံမျိုး ဖြစ်သည်။

လှေကားထိပ်သို့ရောက်လာသည့်အခါ၌ သူ့ကိုယ်သူပြောမိသည်။

စိတ်ကူးချိုချို

"[illegible]။ အခုမှတော့ ဒီအဖြစ်ကလွတ်ဖို့ရာ လမ်းမမြင်တော့ [illegible] ဒါကလည်းသူ့ပိုက်ဆံကိုမက်ပြီး သူ့ကိုယူခဲ့တာ၊ သူကလဲ ငါ့ကို လိုအပ်သရို [illegible]ချစ်လို့ယူခဲ့တာ၊ အင်း…သူလဲ ငါခံစားနေရသလိုပဲ ခံစားရလိမ့်မယ်ထင်တယ်၊ [illegible]နှစ်ယောက်လုံးက ချစ်လို့ယူခဲ့ကြတာမှ မဟုတ်ဘဲကိုး"

ပေါ(လ်) အောက်ထပ်သို့ရောက်လာသောအခါ၊ အယ်နီက ထမင်းစားခန်းထဲမှ ထွက်လာသည်ကို တွေ့ရ၏။ သူ၏ လက်ထဲတွင် အမှိုက်ဂေါ်ပြားတစ်ခု ကိုင်ထားသည်။

အယ်နီက သူ့ကိုလှမ်းနှုတ်ဆက်လိုက်သည်။

"ဂွတ်ဘိုင် ဦးလေး"

"အေး …အေး…အိမ်မှာလဲ ကောင်းကောင်းနေဟေ့ …၊ နင့် ကောင်လေးအကြောင်းလဲ စိတ်ကူးသိပ်မယဉ်နေနဲ့ဦး ဟုတ်လား"

အယ်နီက 'ဟုတ်ကဲ့ပါဦးလေး'ဟု ပြန်ပြောရင်း မျက်နှာတွင် ရှက်သွေးဖြန်းသွားသည်။ ဒါပေမဲ့ အိမ်ရှင်ယောကျ်ားကြီးက ဤနှယ် ရင်းရင်းနှီးနှီးဆက်ဆံခြင်းကို အယ်နီက မကြိုက်မဟုတ်ပါ။ သဘောကျပါသည်။

အယ်လီနာ၏ အိပ်ခန်းထဲမှ ထွက်လာကတည်းက ပေါ့ပါးလာသော ပေါ(လ်)၏စိတ်သည် အိမ်ပြင်သို့ သူထွက်မိသည်နှင့်ပင် ကျွတ်ကျွတ်လွတ်လွတ် ပျော်ရွှင်သွားသည်။ အိမ်ရှေ့အဝင်တံခါးကို ပြန်၍ပိတ်လိုက် ပြီးသည့်အခါ၌ သူ့ဘဝမှ သူမနှစ်မြို့သော ကဏ္ဍတစ်ခုကို ကားလိပ်ချ၍ ပိတ်လိုက်ဘိသကဲ့သို့ စိတ်တွင်းဝယ်ခံစားလိုက်ရသည်။ ဤတစ်နေ့တာအဖို့မှာ သူ့အတွက်ပျော်ရွှင်မှုနှင့်သာ ရင်ဆိုင်ရပေတော့မည်ဟု တွေးမိရင်း စိတ်ပျော်သည်ထက်ပျော်လာ၏။ ထို့ကြောင့်သူ့အိမ်ရှေ့ အုတ်လှေကားမှနေ၍ လမ်းဘေးပလက်ဖောင်းဆီသို့ အပြေးကလေးဆင်းသွားမိသည်။ ထိုနောက်တွင်ကား အင်း(မ်)ထရီး လမ်းပေါ်မှ ကာလီဒိုနီယန် လမ်းမကြီး ဆီသို့ ခေါင်းပေါ်တွင် 'ဘိုလာဟက်'ခေါ် ဦးထုပ်လုံးလုံးကိုဆောင်း၊ လက်မောင်းတစ်ဖက်တွင် ထီးကိုချိတ်၊ အခြားလက်တစ်ဖက်ဖြင့် သားရေ လက်ကိုင်အိတ်တစ်လုံးကိုဆွဲထားပြီး၊ ခေါက်ရိုးကျကျ ဝတ်စုံအရောင်ရင့်ရင့်ကိုဝတ်ကာ ပေါ့ပါးသော ခြေလှမ်းများဖြင့် လျှောက်သွားသော မစ္စတာ ပေါ(လ်)ပရက်ဆက်ကို သတိထားမိသည့် အိမ်နီးနားချင်းများက တွေ့နိုင်မည် ဖြစ်ပေသည်။

စိတ်ကူးချိုချို

{၂}

ကာလီဒိုနီယန် လမ်းကြီးပေါ်သို့ တက်လိုက်သောအခါတွင် ပေါ(လ်)သည် [illegible]လာများပြားလှသော ပတ်ဝန်းကျင်သို့ရောက်လာ၏။ သူ၏ကျောင်းရှိရာ [illegible] အဘာကွန်စကွဲယားသို့ရောက်ရန် မိုင်ဝက်ခန့် လျှောက်ရဦးမည်ဖြစ်၏။ [illegible]ဝက်သည်ကား သူ့အဖို့အောင့်အည်းသည်းခံ၍ လျှောက်ရသည့်ခရီးဖြစ်သည်။ [illegible]သယ်ရုပ်ရှိခြင်းကို သူကြိုက်သည်။ ဤလမ်းမကြီးပေါ်တွင် အမှိုက်သရိုက် [illegible] ရှုပ်ပွနေသည်။

ဤလမ်းမကြီးပေါ်မှလျှောက်လာရင်းနှင့် သစ်သီးဆိုင်ရှေ့သို့ ဖြတ်လာမိ[illegible]တွင် ပန်းသီးနံ့က သူ၏ နှာခေါင်းတွင်းသို့ တိုးဝင်လာသည်။

[illegible]န်းသီးနံ့၊ ပန်းသီးနံ့၊ သူငယ်စဉ် ကလေးဘဝကလည်း ဤပန်းသီးနံ့ကို [illegible]အောင်ရှူခဲ့ရသည်။ သူ့အမေက ပန်းသီးများကို အထပ်ခိုးတွင် ဖြန့်ထားလေ့[illegible]သည်။

သူငယ်ရွယ်စဉ်ကလေးဘဝမှာ ချမ်းမြေ့လှသောဘဝဟု မဆိုနိုင်ပါချေ။ [illegible]ဖြစ်သူမစ္စတာအော်ဘာရေးပရက်ဆက်ကသူတို့နေထိုင်ရာ ပက်ဖီးရွာသည် [illegible]တန်ဟုအထင်ရောက်နေသူတစ်ဦးဖြစ်သည်။ အော်ဘာရေးပရက်ဆက်သည် [illegible]ရွာတွင် စာရေးကိရိယာပစ္စည်း ရောင်းသောဆိုင်ဖွင့်ထားသော်လည်း ဤဆိုင် [illegible]နှင့် ဈေးနှပ်ရောင့်ရဲခြင်းမရှိ။ ထိုဆိုင်ကလေးမှာ သူလိုလူမျိုးအတွက် [illegible]နှပ်သည်ဟုယူဆထားသည်။ ထို့ကြောင့် ထိုက်ထိုက်တန်တန်လုပ်ငန်း [illegible]ဆောင်ရန် အခွင့်အရေးကိုသာ စောင့်မျှော်နေခဲ့သည်။

အကြိပေါ်လာ၍ ခြောက်မိနေ့ကြာလျှင်ပင် သူ၏ သတင်းစာကို 'ပက်ဖီးကူ[illegible]' ဟု အမည်ပေးမည်ဟု ဆုံးဖြတ်လိုက်၏။ ညနေခောင်းသို့ ရောက်လာသည့် [illegible]တွင် သူကြိုစည်ထားသည့် အသေးစိတ်အချက်အလက်များကို သူ၏ဇနီး [illegible] ဂျိုန်းပရက်ဆက်နှင့် ကလေးများအား အားပါးတရပြောပြနေသော [illegible]သို့ရောက်လာ၏။

"[illegible] … ဂျိုန်းရဲ့ ခေါင်းကြီးပိုင်းကို ငါကိုယ်တိုင်ရေးမယ်ကွ၊ ဒါမှ အရပ်က [illegible] အယူအဆတွေကို ပြောင်းပေးနိုင်မှာ၊ ဒီလူတွေက ဉာဏ်အမြော်အမြင် [illegible] နိမ့်သေးတယ်မဟုတ်လား … ။ အစမှာတော့ ဖြည်းဖြည်းပေါ့ကွာ၊ [illegible]တစ်ပိုက်ကသတင်းတွေကိုပဲ အသားပေးပြီး ထည့်ရမှာပေါ့၊ ဒါမှလဲ [illegible]ဝင်စားပြီး သတင်းစာကို ဝယ်ဖတ်ကြမှာပေါ့၊ ငါလဲ လူ့သဘော

သဘာဝကို သိပါတယ် ရှင်မရဲ့၊ ဒီဆိုင်ကိုတော့ဖြတ်ပစ်ရမယ်လေ၊ ဒီနေရာကို သတင်းစာရုံးနေ အဖြစ်သုံးရမယ်"

ဂျိန်းက ဆက်ကတော့ သူ့ယောကျ်ား ပြောနေသည်ကို နားထောင်ရင်း အကျိုးအစ်ထည်ကိုဖတ်နေသည်။ ဂျိန်းသည် သာမန် အိမ်ထောင်ရှင်မတစ်ဦးသာ ဖြစ်သည့်အလျောက် သူ့ယောကျ်ား၏ မဟာစီမံကိန်းကြီးကို သဘောမပေါက်ပေ။ ထို့ကြောင့် သူ့ဉာဏ်အတိုင်းအတာ ဖြင့် စဉ်းစား၍ရသလောက် ပြန်၍မေးရှာသည်။

"အော်ဘရေးရယ် ...ပုံနှိပ်ရမှာက စရိတ်မကြီးလွန်းဘူးလား"

အော်ဘရေးက သဘောမကျသည့်ပုံဖြင့် ပြန်ပြောသည်။

"ဟ...ပုံနှိပ်တာ စရိတ်ကြီးတာပေါ့၊ ဒါအဆန်းလား၊ ငါကဖြစ်ကတတ်ဆန်း လုပ်မှာမဟုတ်ဘဲ၊ ကျကျနနလုပ်မှာ"

"ဟုတ်ပါပြီ...ဟုတ်ပါပြီ၊ ဒါပေမဲ့ ရှင်က အဲဒီပုံနှိပ်ဖို့ အရင်းအနှီး ဘယ်က ရမှာလဲ"

"ဒါလား...၊ တခြားလူတွေ ဘယ်လိုလုပ်ကြသလဲ၊ သူတို့လုပ်နိုင်ရင် ငါလဲ လုပ်နိုင်ရမှာပေါ့၊ အေးလေ အဲဒီလိုလုပ်နိုင်မယ်လို့ငါထင်တာပဲ"

ပြောပြီးသည့်အခါတွင် အော်ဘရေးက သူ၏ နှုတ်ခမ်းမွေးကို သပ်ရင်းနှင့် စဉ်းစားနေသည်။ သို့သော် ရင်းနှီးငွေကို မည်သို့ရှာရမည်ကိုမူ အတိအကျမပြောပြ။

ဂျိန်းကလည်း အပ်ချည်လုံးအသစ်တစ်လုံးကို အဝတ်အိတ်ထဲမှ နှိုက်ရင်းဖြင့် ညည်းတွားသံဖြင့် ပြန်ပြောလိုက်သည်။

"အေးလေ၊ ကျွန်မက ဘာပဲပြောပြော၊ ရှင်လုပ်ချင်တယ်ဆိုရင် လုပ်မှာပဲ မဟုတ်လား၊ ကောင်းပါတယ်၊ ကောင်းပါတယ်"

အော်ဘရေးကလည်း သူ့ဘာသာသူဆိုလျှင်ဖြင့် သွေးကြောင်နေဦးမည် ဖြစ်သော်လည်း သူ့ဇနီး၏ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေပုံကြောင့် လုပ်တော့မည်ဟု ပိုင်းဖြတ်လိုက်သည်။ ထို့ကြောင့် ဂျိန်းက ညည်းတွားသံဖြင့် ပြောလိုက်သည်ကို ခပ်ပေါ့ပေါ့ပင်ပြန်ပြော၏။

"အေးပေါ့ကွ၊ လုပ်ဖို့ရှိတာတော့ လုပ်ရမှာပေါ့"

ထို့နောက် ငြိမ်သွားသည်။

အတော်ကလေးကြာမှ အသံကျယ်ကျယ်ဖြင့်ထပ်၍ပြောလိုက်ရာ ကလေးများပင် လန့်သွားကြ၏။

"ကိုင်း ...ဘယ်လိုလုပ်မယ်ဆိုတာ ငါပြောပြမယ်ဟေ့၊ နားထောင်ကြ၊ ငါကိုယ်တိုင်ပုံနှိပ်စက်ထောင်မယ်၊ အဲဒီစက်နဲ့ သတင်းစာပုံနှိပ်တဲ့ အလုပ်သာမကဘူး၊

အပြင်ကလာအပ်တဲ့အလုပ်တွေလဲလက်ခံမယ်၊ အဲဒီလိုဆိုရင် ပိုက်ဆံလဲပိုရမယ်၊ ဒါပဲ အချိန်မဖြုန်းဘူးကွာ၊ မနက်ဖြန်ပဲ ပုံနှိပ်စက် ရဖို့ကိစ္စကို စလုပ်မယ်"

ဂျိန်းက ခရဲတရဲ ပြန်ပြောသေးသည်။

"ပုံနှိပ်စက်ဆိုတော့ ပိုက်ဆံအများကြီးပေးရမှာပေါ့နော်"

အော်ဘရေးက ဆက်၍တရားဟောသည်။

"ဟော ... ရှင်မရဲ့၊ ပိုက်ဆံအများကြီးမပေးရအောင် အဟောင်း ဝယ်ရင်လဲရတာပဲ၊ ဘဏ်ကငွေချေးပြီးဝယ်ရင်ကော မဖြစ်ဘူးလား၊ အရစ်ကျပေးတဲ့စနစ်နဲ့ ဝယ်ရင်လဲဖြစ်တာပဲ၊ အရေးကြီးတာက ကိုယ် လုပ်မယ့်အလုပ်ကို ယုံကြည်မှုအပြည့်နဲ့လုပ်ဖို့ပဲ၊ အဲဒီယုံကြည်တဲ့ စိတ်ရယ်၊ ထထကြွကြွရှိတာရယ်၊ ပေါင်းလိုက်ရင် [illegible]သို့ဖြစ်တာပေါ့ကွာ"

သို့ဖြင့်ပေါ(လ်)၏ ဖခင် မစ္စတာအော်ဘရေးပရက်ဆက်သည် သူ့စိတ် ဆုံးဖြတ်ထားသည့်အတိုင်း 'ပက်ဖီးကူရီးယား'သတင်းစာကို ထောင်လေတော့သည်။ သူမှာလိုက်သော ပုံနှိပ်စက်နှစ်လုံးလည်း ရောက်လာသည်။

အော်ဘရေးသည် သူ၏ဇနီးအားပြောခဲ့သလို ထထကြွကြွလည်းရှိပါ၏။ သူလုပ်သည့်အလုပ်ကိုလည်း စွဲစွဲမြဲမြဲယုံကြည်ပါ၏။ သို့သော် ပက်ဖီးကဲ့သို့သော [illegible]ကျေးသောရွာငယ်ကလေးတွင် သူ၏ သတင်းစာကို အချိန်မပျက်ထုတ်ဝေနိုင်အောင်အားပေးမည့် သတင်းစာဖတ်ပရိသတ် လုံလောက်အောင်မရှိပေ။ ပုံနှိပ်လုပ်ငန်းကိုလည်းဖြစ်ဖြစ်မြောက်မြောက် မလုပ်ရဖြစ်နေ၏။ ဤတွင် တဖြည်းဖြည်းလုံးပါးပါးလာပြီး နောက်ဆုံး၌ ဒေဝါလီခံရသည့်အဖြစ်သို့ ရောက်လာခဲ့တော့သည်။

သူ၏ပုံနှိပ်စက်ကို ပက်ဖီးအနီးရှိ ဟီ(လ်)ဂါ(သ်)မြို့မှ ပုံနှိပ်တိုက် တစ်ခုက ဝယ်လိုက်ပြီး အော်ဘရေး၏ မူလနေရာတွင်ပင် သူတို့၏တိုက်ခွဲ အဖြစ်ဖွင့်သည်။ ဤကုမ္ပဏီက အော်ဘရေး၏အပေါ်၌သက်ညှာရှာပါသည်။ သူ့ကိုပင် တနင်္ဂနွေ တစ်ပတ်လျှင် နှစ်ပေါင်ဖြင့် ပက်ဖီးတိုက်ခွဲ၏ မန်နေဂျာ အဖြစ်ခန့်၏။ ထိုနှစ်ပေါင် [illegible] လုပ်ငန်းတိုးပွားလာသည်နှင့်အမျှ ကော်မရှင်လည်းရခွင့်ရှိ၏။

အော်ဘရေးကတော့ လက်မြှောက်လိုက်ရသော်လည်း ပါးစပ်မှ အပြော မလျှော့သေး။ သူ့မှာ ငွေမရှိလို့သာ မပြိုင်နိုင်ခြင်းဖြစ်ကြောင်း၊ ငွေသာရှိလျှင်သူ့ကဲ့သို့ ဦးနှောက်ကောင်းသောလူမျိုးက ဟီ(လ်)ဂါ(သ်) မြို့က ကုမ္ပဏီကို ကြောက်ရန် မလိုကြောင်းပြောနေသေး၏။ သို့ရာတွင် သူရှုံးပြီဆိုသည့်အချက်ကို လက်ခံကာ၊ ရသည့်လခကလေးနှင့် အေးအေးနေရှာပေသည်။

ခင်မွန်ဖြစ်သူအော်ဘရေးက စိတ်ကူးယဉ်သမားဖြစ်သော်လည်း ဇနီးဖြစ်သူ ဂျိန်းကမူ ဘဝကိုလက်တွေ့ကျကျမြင်သူဖြစ်သည်။ သူက ရှေ့လာမည့် နှစ်အစိတ် သုံးဆယ်အတွက် ကြိုတင်စဉ်းစားထားသည်။ ဂျိန်းသည် လယ်သမားမျိုးရိုးမှပေါက်ဖွား ခဲ့သူဖြစ်သည့်အလျောက် အိုမင်း မစွမ်းရှိလာသည့်အချိန်၌ မှီခိုရာကင်းမဲ့နေမည့် အဖြစ်ကိုအလွန်စိုးရိမ်သည်။ ထို့ကြောင့် ကိုယ်ပိုင်အိမ်ကလေးတစ်လုံးနှင့် နေ့စဉ် မှန်မှန်စားသွား နိုင်ရေးအတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ပေါင်ကျဝင်ငွေရှိနိုင်ဖို့ အရေးကိုသာ သူကမျှော်မှန်းထားသည်။

သူ့ခင်ပွန်းအော်ဘရေးကလည်း ဆုံးရှုံးမှုနှင့်တွေ့လိုက်ရပြီ ဖြစ်၍ စိတ်လျှော့ သွားကာ သူ့အားဤသို့ပြောရှာသည်။

"ဂျိန်းရေ၊ ငါရတဲ့လခကို မင်းပဲယူထားတော့ကွာ၊ မင်းကောင်းမယ် ထင်သလိုသာ ကြည့်စီစဉ်ပေးပေတော့၊ ငါကတော့ လောကကြီးကိုအရှုံးပေးတဲ့လူ ဖြစ်သွားပြီမို့လား၊ ငါက စိတ်ကူးဉာဏ်ထုတ်ပြီးတီထွင်တဲ့ဘက်မှာ ကျွမ်းကျင် တာတော့မှန်ပါတယ်၊ ဒါပေမဲ့ ငါက လက်တွေ့မလုပ်နိုင်ဘူး၊ မင်းကတော့ လက်တွေ့သမား၊ အဲဒီတော့ ပိုက်ဆံကိုမင်းပဲ သိမ်းထား ပေတော့၊ ငါ့ကိုတစ်ပတ် တစ်ရှိလင်လောက်ပဲပေးပါကွာ၊ ဆေးလိပ်လေး ဘာလေးလောက်သောက်ဖို့၊ ဒါလောက်ဆိုတော်ပါပြီ"

ဤသို့ဖြင့် ဂျိန်းပရက်ဆက်သည် အပတ်စဉ်မှန်မှန် ငွေစုလာခဲ့သည်။ ငွေမည်မျှရလာပြီကို မည်သူ့ကိုမျှမပြောပြ၊ သူ့ခင်ပွန်းဖြစ်သူကိုပင်မပြောပြပေ။ သူ့အမို့အမျော်ဆုံးအလုပ်သည် သူစုထားသည့်ငွေပေါင်းမှာ မည်မျှရှိလာပြီ၊ နောက်ထပ်တစ်နှစ်ကြာလျှင် မည်မျှဖြစ်လာမည်စသည်တို့ကို စက္ကူတစ်ရွက်ပေါ်တွင် ခဲတံတစ်ချောင်းဖြင့်တွက်ချက်နေခြင်းအလုပ်ပင် ဖြစ်သည်။ သူ့ခင်ပွန်းအော်ဘရေး အား တစ်နေ့တွင်တော့ပြောပြမည်ဟု စိတ်ထဲတွင်တေးထား၏။ လောလောဆယ် မပြောသည့်အကြောင်းမှာ ငွေများများစုမိနေပြီဖြစ်ကြောင်း အော်ဘရေးသိပါက လုပ်ငန်းတစ်ခုခု လုပ်လိုသောစိတ် ပြန်၍ပေါ်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

နှစ်ပေါင်းအတော်ကြာလာ၍ စုမိသောငွေအတော်များလာသော အခါတွင် အော်ဘရေးအား ပြောချင်လျက်နှင့်မပြောရဲသည့်အဖြစ်သို့ ရောက်လာမည်။ ဤအခြေအနေသို့ရောက်မှ ပြောလိုက်လျှင်အော်ဘရေးက သူ့ကိုမယုံ၍၊ စောစောက မပြောခဲ့ခြင်းဖြစ်သည်ဟု၊ သူ့အပေါ်၌ အထင်လွဲ သွားလိမ့်မည်ဟု ဂျိန်းကစိုးရိမ်နေမိ ပြန်သည်။

**စိတ်ကူးချိုချို**

ဂျိန်း၏စိတ်ထဲတွင် မလုံမလဲဖြစ်နေသည့် အခြားတစ်ချက်လည်း ရှိသေးသည်။ သူတို့၏သားကြီး ပေါ(လ်)နှင့်ပတ်သက်၍ ဂျိန်းက စိတ်မလုံ ဖြစ်နေသည်။ သူ ယခုစုမိသည့်ငွေများမှာ ပေါ(လ်)၏လုပ်စာလည်းပါသည်။ ပေါ(လ်)သည် လူလားကောင်းကောင်းမမြောက်မီအရွယ်ကလေးနှင့် ဝိုက်ဆံရရေးအတွက် ဘောက်တိုမယ်ရအလုပ်သမားကလေးအဖြစ် ဝင်၍လုပ်နေရရှာသည်။

ပေါ(လ်)သည် မူလက ပက်ဖီးရွာမှ စာသင်ကျောင်းကလေးတွင် အခြားကလေးများနည်းတူနေခဲ့ရပေသည်။ သို့သော်ဖခင်ဖြစ်သူက ပက်ဖီးကူရီးယားသတင်းစာပိုင်ရှင်လည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်လာသည့် အခါတွင်မူကား ယင်းသို့မြင့်မားတိုးတက်လာသော ဂုဏ်သိက္ခာနှင့် လျော်ညီအောင် ပက်ဖီးနှင့် ခြောက်မိုင်ခန့်ဝေးသည့် ပီးယားဆောကောလိပ်သို့ သူ၏ဖခင်က ပြောင်းရွှေ့၍ ထားလေသည်။ ပီးယားဆောကောလိပ်ဆိုသည်မှာ လူကုံထံများ၏ သားသမီးများ ထားသော ပတ်ပလဲစ်ကျေးခေါ် ကျောင်းမျိုးနီးပါးမျှ ဂုဏ်ရှိသောကျောင်းဖြစ်သည်။ တစ်နှစ်ကျော်ကျော်မျှ ထိုကျောင်းတွင်နေမိသောအခါ ဖခင်ဖြစ်သူက ဒေဝါလီခံရသဖြင့် စရိတ်ကြီးလှသောထိုကျောင်းမှ ထွက်လိုက်ရရှာသည်။

ဖခင်ဖြစ်သူကလည်း ငါ့သားဆိုလျှင် လူတော်ဖြစ်မှဟူသောဆောင်ပုဒ်ကို သော်ကိုင်ပြုထားရာမှ လက်လုပ်လက်စားပဲလုပ်ရပေစေတော့၊ ဝိုက်ဆံရဖို့က အရေးကြီးသည်ဟူသော သဘောထားသို့ပြောင်းသွားသဖြင့် ပေါ(လ်)ခမျာမှာ မူလနေခဲ့သော ရွာကျောင်းတွင်ပင်ပြန်၍မနေရတော့ဘဲ ဘောက်တိုမယ်ရ အလုပ်သမားကလေးအဖြစ် ဘဝကိုအစပြုရတော့သည်။

ပေါ(လ်)၏ မိခင်ဖြစ်သူ ဂျိန်းသတိမထားမိသည့် အချက်တစ်ချက်မှာ ပေါ(လ်)သည်လည်း သူ၏ဖခင်ကဲ့သို့ပင် စိတ်ကူးယဉ်တတ်သည်ဟူသော အချက်ဖြစ်၏။ ပေါ(လ်)သည် ဝိုက်ဆံရရေးအတွက် ခြင်းတောင်းကို ပခုံးပေါ်တင်၍ ဈေးသည်များလိုက်လံပေးပို့သည့်အလုပ်ကိုလုပ်နေရသော်ငြားလည်း ထိုအလုပ်ကို အရွန်မုန်းတီးသည်။ ထိုသို့ခြင်းတောင်းကို ပခုံးပေါ်၌ထမ်း၍သွားနေစဉ် သူနှင့်သက်တူရွယ်တူကောင်မလေးများက မြင်သည့်အခါ၌ သူ့အား စကြသည်ကို သည်းရှက်သည်။ ရက်အားရသည့် နေ့များတွင် ပေါ(လ်)သည် ရွာလမ်းမကြီးနှင့် ဝေးရာသို့သွားကာ တစ်နေရာရာ၌ စဉ်းစားတွေးတောနေလေ့ရှိသည်။ ကာလကြာလာသည်နှင့်အမျှ သူ၏တွေးလုံးများမှာ မျှော်မှန်းချက်များအဖြစ်သို့ ရောက်လာသည်။ ဝတ္ထုတွေထဲမှ ဇာတ်ကောင်များ လန်ဒန်မြို့တော်သို့သွားကာ ကြီးပွားရာ ကြီးပွားကြောင်းအတွက် ကြိုးစားကြပုံကို အားကျမိသည်။

**စိတ်ကူးရိုးရိုး**

သို့ဖြင့် နေ့တစ်နေ့တွင် ပေါ(လ်)သည် အိမ်မှထွက်ပြေးကာ လန်ဒန်မြို့တော်သို့သွားလေတော့၏။ လန်ဒန်တွင် သံကိရိယာတန်ဆာပလာများ ပြုလုပ်သော အလုပ်ရုံတစ်ခုတွင်စာရေးအဖြစ်ဝင်၍လုပ်ကာ ညပိုင်းတွင် ညကျောင်းတက်သည်။ သူ၏မိခင်နှင့် ဖခင်တို့ထံသို့မူ ဘာစာမျှမရေးသေးပေ။ အောင်မြင်မှုရရှိသည့်အခါမှသာလျှင် ဂုဏ်ယူဝင့်ကြွားစွာ အကြောင်းကြားမည်ဟု ရည်မှန်းထားသည်။

ထိုသို့ ညဘက်တွင် စာကိုမနားမနေ ကြိုးစားလျက် ကျက်မှတ်ပြီးနောက် လန်ဒန်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက် ဖြေဆိုလေသည်။ သုံးကြိမ်ဖြေဆိုပြီးနောက် တတိယအကြိမ်တွင် အောင်မြင်ခဲ့သည်။

အောင်ပြီ၊ အောင်ပြီ၊ အောင်ပေပြီ။ ပေါ(လ်)အဖို့ အောင်မြင်မှုကို စတင်ရလေပြီ။ သူသည် လန်ဒန်တက္ကသိုလ်သို့ တက်ရောက်သင်ကြားခွင့်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်လာလေပြီ။ ထိုမျှသာမက သူ့အမေထံသို့ ငွေကလေးကြေးကလေးများပင် ပို့နိုင်ပေဦးမည်။ သူ၏အောင်မြင်မှု သတင်းနှင့် ငွေကိုပါ လက်ခံရရှိပါက သူ၏မိခင်သည် အတိုင်းမသိ ဝမ်းသာပေလိမ့်မည် ဖြစ်၏။

ပေါ(လ်)ထင်ထားသည့်အတိုင်းပင် ပက်ဖီးရှိ သူ၏ မိဘနှစ်ဦးမှာ ပေါ(လ်)ထံမှ စာရ၍ ဖတ်ပြီးသည်နှင့် အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်းတို့မှာ သူတို့၏ရင်တွင်းမှ မွှင့်ထွက်လာကြတော့၏။

သူ့ဖခင် မစ္စတာ အော်ဘရေးပရက်ဆက်က ဇနီးဖြစ်သူကို ဝမ်းသာ အားရ ပြောမိသည်။

"အေးကွ ကောင်လေးက ဦးနှောက်ရှိပါတယ်၊ ကံကောင်းထောက်မလို့ ရှိရင်တော့ ဘာမဆိုလုပ်ရင်ဖြစ်နိုင်ပါတယ်၊ အေးလေ ..."

ခေါင်းတညိတ်ညိတ်ဖြင့်ပြောရင်း ပါးစပ်မှ ဆေးတံကိုချွတ်၍ ဆေးချေးများကို ခေါက်ချနေသည်။

ထို့နောက် ဇနီးအား သူတို့သား အလားအလာရှိပုံကို ဆက်၍ပြောနေ၏။

အတန်ကြာမျှ ပြောပြီးနောက် သား၏အကြောင်းကို တခြားသူများအား သွား၍ကြွားရန် အပြင်သို့ထွက်သွားသည်။

မိခင်ဖြစ်သူ ဂျိန်းမှာ သား၏ သတင်းကောင်းကို ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရုံသာမက အားလည်းအတော်တက်သွား၏။ အားကိုးစိတ်လည်းပေါ်လာ၏။ သူတိတ်တိတ်ကြိတ်၍ ဘဏ်တွင်စုလာသည့် ငွေအကြောင်းကို သူ့သားကိုဖွင့်ဟပြောချင်လာသည်။ သူ့သားထံမှ အကြံဉာဏ်ရယူလိုလာသည်။

[illegible]၏ ခံသားစုတွင် ထူးခြားချက်တစ်ခုရှိသည်မှာ အကြံအစည် တစ်ခု [illegible]ခဲ့သည်ပြီဆိုလျှင် အကောင်အထည်ပေါ်လာရန် အချိန်ကြာကြာ မစောင့် [illegible]၏။ ယခုလည်း ဂျိန်းသည် ကြာကြာဆိုင်း မနေတော့ဘဲ သူ့သားထံသို့ [illegible]ကြောင်းကြားလိုက်တော့သည်။ စာထဲတွင် သားကို သူ အင်မတန် [illegible]ကြောင်း၊ သားထံမှ အကြံဉာဏ်တောင်းဖို့ကိစ္စလည်းရှိနေကြောင်း ဖော်ပြ [illegible]သည်။

[illegible](လ်)ကလည်း မိခင်ရင့်မာကြီးကပင် သူ့ထံမှ အကြံဉာဏ် တောင်းလိုပါ [illegible] ဆိုသည်နှင့် ဝမ်းအသာကြီးသာသွား၏။ သူ့အား ဆုပ်ပူကြိမ်းမောင်းလေ့ရှိသည့် [illegible] သူနှင့်တိုင်ပင်ချင်သည်ဟုသိရသည့်အခါ၊ ငါသည် လူရာဝင်လာချေပြီ [illegible] စိတ်ကြီးဝင်လာသည်။ ထို့ကြောင့် မဆိုင်းမတွပင် ပက်ဖီးရွာသို့ [illegible]သည်။ သူလာသည့် အခါတွင်တော့ ဂိုက်ကျဆိုက်ကျဆင်ပြင်လာသည်။

[illegible](လ်)ရောက်လာသည့်အခါတွင် ဂျိန်းသည်ပေါ(လ်)အား တစိမ့်စိမ့် [illegible] ကြည့်ဖြစ်နေသည်။ သားကြီး၊ ငါ့အားကိုးရတဲ့သားကြီး...ဟူသည့် အသိက [illegible]နဲ့ထင်လာပေသည်။

"[illegible]ရယ်...အခုလို သားကြီးပွားလာတာကိုတွေ့ရလို့ မေမေ ဂုဏ်ယူလို့ [illegible] အခုဆိုရင် မေမေ့အတွက် အားကိုးအားထား ရလာပြီ ဆိုတာသိရလို့ [illegible]တာပဲ သားရယ်၊ မင်းအဖေကတော့ ကောင်းရှာပါတယ်၊ ဒါပေမဲ့ [illegible]လောက်အောင်အခြေအနေ မပေးရှာဘူး၊ အခု သားကိုခေါ်ရတာက [illegible] မေမေတွေ့ချင် တာလဲ တစ်ကြောင်း၊ နောက်ပြီး...မေမေစိတ်ထဲမှာ [illegible]ည်း ကြိတ်ပြီး မျိုသိပ်ထားရတဲ့ လျှို့ဝှက်ချက်တစ်ခုကိုလဲ ဖွင့်ပြောချင် [illegible]

"[illegible]လဲ မေမေရယ်၊ ကဲ...ပြောပါ၊ သားတတ်နိုင်တာဆိုလဲ ကူညီရတာ [illegible]

[illegible] အားပေးစကားကြောင့် ဂျိန်းသည် သူ့ထံတွင် ငွေတော်တော် [illegible] စုဆောင်းမိထားသည့်အကြောင်းကို အစမှနေ၍ ပြောပြလိုက်သည်။ [illegible] အကျိုးအတွက် ထိုသို့လျှို့လျှို့ဝှက်ဝှက် လုပ်ခဲ့ရခြင်းဖြစ်ကြောင်း [illegible]၏။

[illegible] ပြည့်သို့ပြန်ပြောမည်နည်းဟု ရင်တမိုမိုဖြင့် စောင့်နေသည့် ဂျိန်းမှာ [illegible] အပြစ်မတင်သည့်အပြင် ချီးကျူးစကားပင် ပြောသည့်အတွက် [illegible]သည်။

"မမေလုပ်ခဲ့တာ မှန်ပါတယ် မေမေရဲ့၊ အဖေ့ကိုအသိမပေးခဲ့တာ သိပ်မှန်တာပေါ့၊ မေမေလဲ သိတဲ့အတိုင်းပဲ၊ အဖေက သူ့ခေါင်းထဲမှာ အကြံဉာဏ်တွေနဲ့ ပြည့်နေတာ၊ မေမေ့မှာများ အဲဒီလိုငွေစကလေးတွေ ခပ်ရှင်ရှင်ရှိနေတယ်ဆိုတာ သိသွားရင် ဘာပြောကောင်းမလဲ၊ ချက်ခြင်း အလုပ်တစ်ခုကိုထလုပ်တော့မှာပဲ၊ မေမေ့ငွေတွေလဲ ရေထဲသွန်ပစ်လိုက်သလို ပျောက်သွားမှာပဲ"

ဂျိန်းကလည်း သား၏စကားကို ထောက်ခံသည်။

"အေး...ဟုတ်တယ်သားရဲ့၊ မေမေလဲ အဲဒီလို စိတ်ကူးမိလို့ မပြောဘဲထားခဲ့တာ"

ဂျိန်းသည် ပြောရင်းနှင့် ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာသည်။

"ကဲ ...ဒီလိုလုပ်ကြရအောင်မေမေ၊ ဖေဖေ့ပိုက်ဆံချည်းပဲလဲ မဖြစ်ရအောင်၊ သားကလဲကြွံရင် ကြွံသလို ငွေပို့ပေးပါ့မယ်၊ အဲဒီတော့မှ မေမေက ဖေဖေ့ကို ပြောတဲ့အခါမှာ ဖေဖေ့ပိုက်ဆံတွေချည်းပဲမဟုတ်ဘူး၊ သားဆီကလဲပါပါတယ်လို့ ထည့်ပြောချင်ရင် ထည့်ပြောနိုင်တာပေါ့၊ အခုဆိုရင် ကျွန်တော်လဲ လန်ဒန်တက္ကသိုလ်ဝင် စာမေးပွဲအောင်ပြီးပြီ ဆိုတော့ လခကောင်းကောင်းရတဲ့ အလုပ်တစ်ခုခု ရနိုင်ပါပြီ"

"အို...သားရယ်၊ သိပ်ကောင်းတဲ့အကြံပဲ၊ ဒါကြောင့် မေမေ့ သားကြီးကို မေမေက အားကိုးတာ၊ သားပြောတဲ့ အတိုင်းလုပ်မယ်"

◇ ◇ ◇

သူ့မိခင်နှင့် တိုင်ပင်ပြီးသွားသောခါ ပေါ(လ်)သည် လန်ဒန်သို့ ပြန်လာခဲ့၏။

လန်ဒန်သို့ ပြန်ရောက်လာခဲ့ပြီး၊ လန်ဒန်တက္ကသိုလ် စာမေးပွဲအောင်လက်မှတ်ရပြီး၊ အောင်လက်မှတ်ကြီးကို ကိုင်ပြီး၍ အလုပ်ရှာသည့် အခါတွင်မှ မှန်းချက်နှင့်နှမ်းထွက်မကိုက်သည်ကို တွေ့ရတော့၏။ ကြီးပွားတိုးတက်ဖို့ ဆိုသည်မှာ တက္ကသိုလ်စာမေးပွဲအောင်ရုံနှင့် မပြီးသေးကြောင်းကို မျက်ဝါးထင်ထင် တွေ့လာရ၏။ သူ့အနေဖြင့် တက္ကသိုလ်ဝင် စာမေးပွဲကြီးကိုတောင် အောင်ပြီးပြီမို့ အလုပ်ရုံစာရေးကလေး အလုပ်မျိုးလေးစက်လည်းမလုပ်၊ ထိုအလုပ်ထက်ပို၍ ကောင်းသည့် အလုပ်မျိုးကိုလည်း ရှာ၍မရဖြစ်နေသည်။

ဤသို့သော အခြေအနေတွင် ကျောင်းဆရာအလုပ်ကိုပင် လုပ်ရတော့မည် ကဲ့သို့ ဖြစ်နေသည်။ ကျောင်းဆရာအလုပ်မှာ ငွေကြေးအားဖြင့် များများစားစား မရသော်လည်း ဂုဏ်အသင့်အတင့်ရှိသော အလုပ်ဖြစ်သည်။

သို့ဖြင့် အလွတ်ပညာသင်ကျောင်းကလေးများတွင် ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ရတော့၏။ ယင်းသို့ ဝင်ရောက်လုပ်ကိုင်ရာ၌ မုသားအနည်းငယ်တော့သုံးလိုက်ရသေး၏။ သူသည်သတင်းစာ အယ်ဒီတာ တစ်ဦး၏ သားဖြစ်ကြောင်း၊ ဝါးသားဆော ကောလိပ်တွင် ပညာသင်ခဲ့ကြောင်းကို ဟုတ်မှန်သည်ထက် ပို၍ပြောခဲ့ရသည်။ ထိုသို့သော ကျောင်းကလေးများကလည်း ပညာအရည်အချင်းကို အထူးတလည် စစ်ဆေးခြင်း မရှိပေ။ နိုင်း၍ ကောင်းမည့် ပုံပန်းသဏ္ဍာန်မျိုးရှိသူ [illegible](လ်)ကို လွယ်လွယ် ကူကူပင် ကျောင်းဆောင်နေ ဆရာအဖြစ် ခန့်လိုက်ပါသည်။

အလုပ်ရရှိရေးအတွက် မုသားသုံးပြီးနောက် သူ့မိဘများထံ စာရေးသည့်အခါလည်း မုသားသုံးရပြန်သည်။ သူအလုပ်လုပ်သော ကျောင်းကို တကယ့်ကျော်ကြားထင်ရှားသော ကျောင်းတစ်ကျောင်းအဖြစ် ဖော်ပြခဲ့သည်။ သို့ဖြင့်သူသည် လန်ဒန်မြို့ကြီးတွင်နေရာစာကျ ဖြစ်နေပြီ၊ အောင်မြင်သော လူတစ်ယောက်ဖြစ်နေပြီ၊ သူ၏မိဘများထက် သာလွန် သော အဆင့်အတန်းသို့ ရောက်လာသောလူတစ်ယောက် ဖြစ်နေပြီဟူ၍ သူ၏ မိဘများထံကြွားလိုက်ခြင်းဖြစ်၏။

ဤသို့ ကြွားထားသည်နှင့် ညီညွတ်စေရန် စာသင်ပတ်တစ်ပတ်ကုန်သည့်အခါတိုင်း သူ့မိဘများထံသို့ ရှိုက်မဲ့စုပိုက်ဆံကလေးများကို ခြစ်ခြုတ်၍ပို့ရရှာသည်။ သို့ဖြင့် အလွတ်ပညာသင်ကျောင်း တစ်ကျောင်းပြီး တစ်ကျောင်းပြောင်းကာဆရာအဖြစ်လုပ်လာခဲ့ရာ ဆယ့်ငါးနှစ်ခန့် ကြာလာခဲ့သည်။ သူ၏အသက်လည်းလေးဆယ်ဘဲ လေးဆယ်နားသို့ ကပ်လာခဲ့၏။ ဤတွင် သူ့အဖို့ အပြင်းအထန်စိုးရိမ်စရာလည်း ဖြစ်လာသည်။ အသက်လေးဆယ်ကျော်၍ လူလတ်ပိုင်းအရွယ်သို့ရောက်လာလျှင် ယခုကဲ့သို့ ကျောင်းဆောင်မှူး* ဆရာအဖြစ် လုပ်၍ရတော့မည်မဟုတ်ပေ။ ကျောင်းဆောင်မှူး ဆိုသည်မှာ ဘော်ဒါနေ ကျောင်းသားများအားထိန်းကျောင်းရသည့် တာဝန်ရှိသဖြင့် ငယ်ငယ်ရွယ်ရွယ်ဖျတ်ဖျတ်လတ်လတ်ရှိသူမျိုးနှင့်သာ သင့်တော်ပေသည်။

ကျောင်းဆောင်မှူးလုပ်ရသည့်အတွက်ရရှိသည့်အကျိုးကျေးဇူးမှာ နေရန်အခန်းရသည်။ ထမင်းအလကားစားရသည်။

အသက်လေးဆယ်ကျော်သွားသဖြင့် ကျောင်းဆောင်မှူး အလုပ်ကို မရနိုင်တော့သည့်အခါ မထင်မရှား ကျောင်းကလေးများတွင် ဝင်၍လုပ်ရ တော့မည့်ပုံရှိနေ၏။ ဆက်၍ စဉ်းစားကြည့်လိုက်ပြန်သော် ထိုသို့သော မထင်မရှား ကျောင်းကလေးများကပင် သူ့ကဲ့သို့ လူမျိုးကို ဆရာခန့်ပါမည်လားဟု သံသယစိတ်ဝင်လာသည်။ ထို့ကြောင့် သူ၏ အသက်ကို အမှန်အတိုင်းမပြောရဲတော့၊ လိမ်ရတော့သည်။

**စိတ်ကူးရှိုးရှိုး**

ဤသို့ နေရရင်းဖြင့် အယ်လီနာနှင့်စ၍တွေ့သည်။ ထိုအချိန်တွင် သူသည် အနေ့လင်တန်ဘေး(လ်)ရပ်ကွက်ရှိ ဘီရှော့အဘာကွန်ကောလိပ်တွင် ဆရာအဖြစ်ဝင်၍လုပ်ခါစဖြစ်သည်။ ယခင်ကျောင်းများတွင်ကဲ့သို့ ကျောင်းဆောင်မှူးမဟုတ်တော့ပေ။ တစ်နှစ်လျှင် ပေါင်၁၅၀ရသည်။ ဟန်ဆောင်မှုများပြားသည့် အင်္ဂလန်ပြည်တွင် ကျောင်းဆရာအလုပ်အတွက် ရရှိသည့်ငွေကို လခဟုမခေါ်ပေ။ လခဟုခေါ်လျှင် ရိုင်းသည်ဟုယူဆသည်။ ထောက်ပံ့ကြေးဟုခေါ်သည်။ မိမိလုပ်သည့်ကျောင်းတွင် မနေရသဖြင့် ကာလီဒိုနီယန်လမ်းမကြီးအနီးရှိ ဘော်ဒါဆောင်တစ်ခုတွင်လခပေး၍ နေထိုင်ရသည်။

အယ်လီနာပုပ်သည်လည်း ထိုဘော်ဒါဆောင်တွင်ပင် ထမင်းလခ ပေး၍ နေထိုင်၏။ အယ်လီနာပုပ်အနေဖြင့်ကား နေစရာနေရာမရှိလှ၍ ဘော်ဒါဆောင်တွင် နေခြင်းမဟုတ်ပေ။ သူ၏ ယောကျ်ား မစ္စတာပုပ် ဆုံးပြီးကာစတွင် အိမ်ကြီးတစ်လုံးနှင့် တစ်ယောက်တည်းဖြစ်နေ၍ စိတ်ပြေလက်ပျောက်လာ၍နေခြင်းဖြစ်သည်။ မစ္စတာပုပ်မှာ အသက်အာမခံ ကုမ္ပဏီကြီးတစ်ခုတွင် လခအတော်ကောင်းသော မန်နေဂျာတစ်ဦးဖြစ်၏။ ထို့ကြောင့်အယ်လီနာအတွက် တစ်နှစ်လျှင်ပေါင်၂၅၀ ပုံမှန်ဝင်ငွေရစေရန် အမွေပေးထားနိုင်ခဲ့၏။ ထိုယောကျ်ားဆုံးသွားသောအခါ၌ သူတို့ နေထိုင် သည့် အိမ်ကြီးကို ရောင်းပစ်လိုက်ကာ အိမ်ထောင်ပစ္စည်းများအား ဂိုထောင် တစ်ခုငှား၍ သိမ်းထားလိုက်၏။ ထို့နောက် ဤဘော်ဒါ ဆောင်တွင်လာ၍ နေထိုင်ရင်း ရှေ့ဘာဆက်လုပ်ရမည်ကို စဉ်းစားတွေးတောနေသည်။

ထိုအချိန်တွင် အယ်လီနာ၏ အသက်သည်၄၅နှစ်၊ ပေါ(လ်)၏ အသက်သည် ၄၂နှစ်ရှိကြလေပြီ။ နှစ်ဦးလုံးမှာ အဖော်မဲ့နေသူများဖြစ်ကြသည့် အလျောက် သူတို့နှစ်ဦးမှာ အကျွမ်းတဝင်ဖြစ်လာကြ၏။ အယ်လီနာ၏ စိတ်ထဲတွင် ဤလူကောင်သေးသေးကျောင်းဆရာ မစ္စတာပေါ(လ်)ပရက်ဆက်သည် နှစ်သက်ဖွယ်ကောင်းသော ပုဂ္ဂိုလ်တစ်ဦးဟုထင်မိလာ၏။အယ်လီနာက သူ၏အခက်အခဲများကို ညည်းတွားသည့် အခါများ၌ ပေါ(လ်)က စိတ်ရှည်လက်ရှည်နားထောင်●ာ လေးနက်သောအကြံဉာဏ်များ ပေးလေ့ရှိသည်။

ပေါ(လ်)သည် စကားပြောရာ၌ တိုးတိုးသက်သာရှိ၏။ အမူအရာကလည်း ထိုးထိုးထောင်ထောင်မရှိ။ တစ်ခါတရံတွင် အရွှန်းကလေး၊ အသောကလေးဖောက်တတ်သေးသည်။ သို့ဖြင့် ပေါ(လ်)နှင့်အတူ စကားစမြည်ပြောနေရလျှင် အယ်လီနာ ခမျာ ထမင်းမေ့ဟင်းမေ့ ဖြစ်ရရှာသည်။ အဖော်မဲ့သူ မုဆိုးမ အယ်လီနာအဖို့ ဤသို့စကားပြောရသည့် အချိန်များသည် ပျော်စရာအချိန်များဖြစ်လာ၏။

ပေါ(လ်)ဆိုသည့် ပုဂ္ဂိုလ်ကလည်း အရှိထက်ပို၍ပြောတတ်သည့် အကျင့်ဆိုးကိုဖျောက်၍မရ။ သူသည် ပီးယားဆော ကျောင်းသား ဟောင်းတစ်ဦးဖြစ်ကြောင်း၊ သူ၏ဖခင်သည် လက်ရှိအားဖြင့်စီးပွားရေး တောင့်တင်းလှသည်မဟုတ်သော်လည်း၊ သတင်းစာဆရာတစ်ဦးဖြစ်ခဲ့ဖူးကြောင်းကို ကြုံသည့်အခါတိုင်း ဆွဲသွင်းပြောလေ့ရှိ၏။ အလယ်အလတ်တန်းစားမျိုးရိုးမှ ပေါက်ဖွားလာသူ အယ်လီနာမှာ ပေါ(လ်)ကို ပညာတတ်တစ်ဦးအဖြစ် အထင်ကြီးမိသည်။

ဤသို့ဖြင့် ရှေ့ဘာဆက်လုပ်ရမည်ကို စဉ်းစားတွေးတောနေသည့် အယ်လီနာပုပ်အဖို့ ရှေ့ဆက်ရမည့်လမ်းကြောင်းမှာ ရေးရေးကလေးမျှတော့ ပေါ်လာသည်။

သူကလည်း အဖော်မဲ့သူမို့အဖော်လိုချင်နေသည်။ သူကဲ့သို့ အသက်လေးဆယ် ကျော်အရွယ်ရှိဖြစ်သော မုဆိုးမတစ်ဦးအဖို့ ဤကျောင်းဆရာ ကလေးထက် အဆင့်မြင့်သော ခင်ပွန်းလောင်းမျိုးရှာ၍တွေ့ရန်မလွယ်လှကြောင်းကို ကောင်းစွာသဘော ပေါက်သည်။ ထို့ပြင် ငွေရေးကြေးရေး အခြေအနေကလည်း မဆိုးလှ။ ပေါ(လ်) ရှာဖွေတာ တစ်နှစ်လျှင် ပေါင်၁၅၀ရသည်။ သူ့တွင် တစ်နှစ်လျှင် ပေါင်၂၅၀ ဝင်ငွေရှိသည်။ နှစ်ဦး ဝင်ငွေပေါင်းလိုက်သည်ရှိသော် ပေါင်၄၀၀ကြီးများတောင် ဖြစ်သွားသည်။ ဤဝင်ငွေမျိုးဖြင့်ဆိုလျှင် သူမ္ဘရှိနေသော အိမ်ထောင်ပရိဘောဂပစ္စည်း များနှင့် တန်သည့် အိမ်ခပ်ကြီးကြီးတစ်လုံးကို ငှား၍နေနိုင်ပေပြီ။

ဤသို့သောစိတ်ကူးမျိုးသည် ကူးစက်တတ်သော သဘောရှိ၏။ အယ်လီနာ ပြောသကဲ့သို့ ပေါလကလည်း တွက်နေ၏။ နေ့စဉ် သူ၏ကျောင်းသို့ လျှောက်၍ သွားရင်း အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သည်။ သူ့အသက် လေးဆယ့်နှစ်နှစ် ရှိလာခဲ့သည့်တိုင်၊ အိမ်ထောင် မပြုသေးသည်မှာ ငွေကြေးမပြည့်စုံ၍ ဖြစ်သည်။ အယ်လီနာကဲ့သို့ တစ်နှစ် ပေါင်၂၅၀ ဝင်ငွေရှိသော မိန်းမနှင့်သာ အိမ်ထောင်ကျ ခဲ့လျှင်မူ အိမ်နှင့် ယာနှင့် အခြေတကျနေရသည့် ဘဝသို့ ရောက်ရပေတော့မည်ဟု တွေးမိသည်။ အယ်လီနာ မကြာခဏ ပြောလေ့ရှိသည့် အိမ်ထောင်ပစ္စည်း များသည် ခန်းဝင်ပစ္စည်းအဖြစ် ပါလာဦးမည်။ သူ၏ တစ်သက်တာတွင် ရနိုင် သော အခွင့်အရေးကြီး တစ်ခုပါပေ။ နေရာသာကျလျှင်ဖြင့် သူ၏ဘဝလုံခြုံမှု အတွက် စိတ်ချသွားရပေပြီ။

ဤကား ပေါ(လ်) ပရက်ဆက်၏ အတွေးများ ဖြစ်သည်။

ပေါ(လ်)၏ မိဘများမှာ ယခုဆိုလျှင် အသက်ခုနစ်ဆယ်နားသို့ နီးလာ ကြပြီ။ အော်ဘရေးမှာ အဘိုးကြီးဖြစ်လာပြီဖြစ်၍ အလုပ်မလုပ်နိုင်တော့။

စိမ်းပြစ်သောကွက်နုံးစုဆောင်းထားသော ဝင်ငွေကလေးဖြင့် ပက်ဖီးရွာတွင်ပင် အိမ်ကလေး တစ်လုံးဝယ်ကာ ရက်သတ္တတစ်ပတ်လျှင် တစ်ပေါင်မျှသော ဝင်ငွေကလေးဖြင့် အေးအေးချမ်းချမ်း နေထိုင်နေကြသည်။

ပေါ(လ်)ပရက်ဆက်နှင့် အယ်လီနာပုပ်တို့မှာ မိမိတို့၏ အတွေးကိုယ်စီကို တွေးရင်းတွေးရင်းနှင့် အကောင်အထည်ဖော်သည့် အဆင့်သို့ ရောက်လာရလေတော့သည်။

အယ်လီနာသိမ်းထားသော အိမ်ထောင်ပရိဘောဂ ပစ္စည်းများသည်လည်း ဂိုထောင်ထဲမှနေ၍ သူတို့စိမ်းမောင်နှံတို့ နေထိုင်ရာ အင်း(မ်)ထရီးလမ်းရှိ အိမ်သို့ ရောက်လာရလေတော့၏။

သူတို့နှစ်ဦး ညားကာစကာလတွင်မူ ချစ်သူနှစ်ဦးအဖြစ် မဟုတ်သော်မှ ခင်မင်သော မိတ်ဆွေနှစ်ဦးအဖြစ် တစ်ဦးနှင့်တစ်ဦး အပေးအယူတည့်စွာ နေထိုင်လာခဲ့ကြပါ၏။ ထိုကာလတွင် သူတို့နှစ်ဦးစလုံးအဖို့ စိတ်ဝင်စားစရာတွေက များလှပါသည်။ အိမ်ကိုလည်း စိတ်ဝင်စားရသည်။ အိမ်ရှေ့နှင့် အိမ်နောက်ဖေးတွင် ရှိသည့် ပန်းခြံကိုလည်း စိတ်ဝင်စားရသည်။ အိမ်နီးနားချင်းများကိုလည်း စိတ်ဝင်စားရသည်။ ထိုအရာများသည် သူတို့နှစ်ဦးလုံးအဖို့ အသစ်အဆန်းများချည်းသာ ဖြစ်နေသည်။

သို့သော် ထိုအသစ်အဆန်းများသည် ကာလကြာလာသည်နှင့်အမျှ ရိုးလာကြ၏။ ရိုးလာသောအခါ၌ သူတို့၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်စွမ်းမရှိတော့။ ဤသို့သောအချိန်၊ ဤသို့သောအနေအထားသို့ ရောက်လာသည့်အခါတွင်မှ နှစ်ဦးသားသည် တစ်ဦးနှင့်တစ်ဦး အရှိကိုအရှိအတိုင်း မြင်လာမိကြတော့သည်။

ပေါ(လ်)အဖို့ဆိုပါက အယ်လီနာ၏ တကယ့်သဘာဝကို တစ်နေ့ထက် တစ်နေ့ ပို၍သိလာရသည်။ တကယ်တော့ အယ်လီနာသည် သူ့ကိုယ်သူသာလျှင် ဂရုစိုက်ပြီး၊ သူ့အိမ်နှင့် သူ့အိမ်ထောင်ပစ္စည်းများကိုသာ စိတ်ဝင်စားကြောင်းကို ပေါ(လ်)ကတွေ့လာသည်။ သူ့ကိုပင်လျှင် အိမ်ထောင်ပစ္စည်းတစ်ခုကဲ့သို့ သဘောထားသည့်အကြောင်းကိုလည်း ပေါ(လ်)က သဘောပေါက်လာမိ၏။ ပို၍ ဆိုးသည်မှာသက်မဲ့အိမ်ထောင်ပစ္စည်းများမှာကား အပြစ်အနာအဆာ ရှိသော်လည်း အပြစ်တင်၍မရ။ သူကား သက်ရှိလူဖြစ်သဖြင့် အပြစ်ဟုထင်တိုင်း၊ အယ်လီနာ၏ အပြစ်တင် ခြင်းကို ခံနေရ၏။ ပေါ(လ်)မှာ စကားပြောရာ၌ ရုန့်ရင်းကြမ်းတမ်းသည်။ စားရာသောက်ရာ၌လည်း အောက်တန်းစား ဆန်သည်ဟူ၍ အပြစ်တင် ခြင်း ခံရတတ်လေသည်။

တဖြည်းဖြည်းနှင့် အယ်လီနာက သူလုပ်သမျှ ကိုင်သမျှကို ဝေဖန်စရာ၊ အပြစ်တင်စရာဟု မြင်နေသည်ဟုပင် ပေါ(လ်)က ခံစားလာမိသည်၊ ဤသို့ ခံစားမိလာတော့လည်း ပေါ(လ်)က စိတ်တိုတိုဖြင့် ခပ်ငေါက်ငေါက် ခပ်ဆတ်ဆတ် ပြန်၍ပြောမိလာသည်။

ထူးဆန်းသည့်အချက်မှာ အယ်လီနာသည် ပေါ(လ်)အပေါ်၌ ဤသို့ အပြစ်မြင်နေလင့်ကစား၊ သူ၏ဘဝကို ကျေနပ်နေမိခြင်းဖြစ်၏။ အယ်လီနာသည် သူ့တွင် နှလုံးရောဂါရှိနေသော်လည်း ဤအိမ်ထောင်ပစ္စည်းများနှင့် ဤအိမ်ကြီးတွင် နေထိုင်ကာ သူ့ယောကျ်ားပေါ(လ်)ကို ပြစ်တင်ရှုတ်ချနေရသည်ကိုပင် ပျော်နေသည်။

အယ်လီနာသည် ဤသို့ ထူးထူးဆန်းဆန်း ပျော်ရွှင်သောစိတ် ထားနိုင်သော်လည်း ပေါ(လ်)မှာမူ မပျော်နိုင်ပေ။

ပေါ(လ်)သည် ဆူညံနေသော ကာလီဒိုနီယန်လမ်းမကြီးမှ တိတ်ဆိတ်ငြိမ်သက်သော ဘီရှော့အဘာကွန် ပန်းခြံလမ်းသို့ ချိုးကွေ့၍ လျှောက်လာရင်း သူ၏ စိတ်မချမ်းသာဖွယ်ရာ အဖြစ်ကို စဉ်းစားလာမိသည်။

{၃}

ပေါ(လ်)၏ ကျောင်းသည် ဤ ဘီရှော့အဘာကွန်ပန်းခြံလမ်းတွင်ရှိ၏။ ကျောင်းအဆောက်အအုံမှာ လေးထောင့်စပ်စပ်ဖြစ်ပြီး၊ ဘေးပတ်လည်တွင် ပန်းခြံရှိသည်။ ဝင်ထရံအလယ်ပေါက်တွင် ကျောင်းအမည် ဆိုင်းဘုတ်ကြီးကို ချိတ်ထားသည်။

ဘီရှော့အဘာကွန်ကောလိပ်ဟူသော ကျောင်း၏ အမည်အောက်မှ မစ္စတာ ပေါ(လ်)မင်း၊ ဘီအေ(သချာင်္ဂုဏ်ထူး) ကိန်းဘရစ်တက္ကသိုလ်ဟူသော ကျောင်းအုပ်ဆရာကြီး၏ အမည်နှင့်ဘွဲ့ကိုပါ ရေးထားသည်။

ပေါ(လ်)က ဝင်းတံခါးကြီးမှ အထဲသို့ လှမ်းဝင်လိုက်သည်ဆိုလျှင်ပင် ကလေးများ ဆူညံညံ ဆော့နေကြသည့်အသံကို စတင်၍ ကြားရတော့သည်။ သူက ဆရာများဝင်ရန်သာ ဟူ၍ စာဆွဲထားသော ဘေးတံခါး ပေါက်မှနေ၍ ကျောင်းထဲသို့ ဝင်သွားသည်။

ဤကျောင်းမျိုးမှာ အလယ်အလတ်တန်းစားလူများ၏ သားများအတွက် ဖွင့်ထားခြင်းဖြစ်၏။ သူတို့တစ်တွေသည် မိမိတို့၏ ကလေးများအား အစိုးရ

ကျောင်း၌ထားလျှင် ဂုဏ်ငယ်သည်ဟု အထင်ရောက်ကြသူများဖြစ်၏။ အစိုးရကျောင်းတွင်ထားလျှင် ကျောင်းလခမပေးရပေ။ ဤသို့သော ကျောင်းမျိုးတွင်မှ ကျောင်းလခ အသင့်အတင့်ပေးရ၏။ သို့ဖြင့် "ကျုပ်တို့ကကျုပ်တို့ကလေးတွေကို ပိုက်ဆံအကုန်ခံပြီးပညာသင်ပေးတာ"ဟူ၍ အချင်းချင်းကြွားနိုင်ခွင့်ရလေသည်။ သို့သော် ဤသို့သော ကျောင်းမျိုးမှာ 'အီတန်'နှင့်'ဟာရိုး'ကဲ့သို့သော ကျောင်းမျိုးတွင် ထားနိုင်ရန်မှာ ပိုက်ဆံတတ်နိုင်ရုံဖြင့်မပြီးသေး၊ ရာထူးအရှိန်အဝါနှင့် မျိုးရိုးအရှိန် အဝါလည်း ရှိရန်လိုသေး၏။

ဘိရှော့အဘာကွန်ကောလိပ်တွင်ကား စာသင်ပတ် တစ်ပတ်လျှင် ကျောင်းလခ လေးပေါင်ပေးနိုင်လျှင် ပြီး၏။

ဤကျောင်းတွင် ကျောင်းအုပ်ဆရာကြီး မစ္စတာဟိ(စ်)မင်း၏ လက်ထောက်များအဖြစ် ပေါ(လ်)ပရက်ဆက်အပြင် လီယိုနတ်အင်ဂယ်ဝုနှင့် နော်မန်ဆင်ဒီဟူသော ဆရာနှစ်ဦးလည်းရှိ၏။ ကလေးတန်းကို ကြည့်ရန်အတွက် မိုင်ရာဘွန်းအမည်ရှိ ဆရာမကလေးတစ်ဦးလည်း ရှိသည်။ အမှန်အားဖြင့်ကား ဆရာမဟုသာခေါ်ရသော်လည်း ကလေးထိန်းအလုပ်ကို လုပ်ရခြင်းသာ ဖြစ်ပေသည်။

ပေါ(လ်)နှင့် လီယိုနတ်တို့က ပြင်ပမှ လာရောက်သင်ကြားသည့် ဆရာများဖြစ်သော်လည်း နော်မန်မှာမူ ကျောင်းတွင်းနေ ဆရာဖြစ်သည်။ သူတို့သုံးဦးအနက် နော်မန်သည် အသက်အငယ်ဆုံးဖြစ်၏။ နော်မန်သည် ဤကျောင်းသို့ ယခုစာသင်ပတ်မှ ရောက်လာသည့်ဆရာအသစ်ဖြစ်သည်။ သူသည် အောက်စဖို့တက္ကသိုလ်တွင် တစ်နှစ်ခန့်နေခဲ့ဖူးသည့် အရှိန်အဝါကြောင့် ဘဝင်ခပ်မြင့်မြင့်ပင်။ သူနှင့်ဤကဲ့သို့ စုတ်ချာသော ကျောင်းမျိုးနှင့် မတန်ဟု အထင်ရောက်နေ၏။ ထို့ပြင် သူနှင့်ပေါ(လ်)တို့ နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ကြည့်၍မရကြပေ။ ပေါ(လ်)က နော်မန်ကို ဆောင့်ကြွားကြွားကောင်ဟုထင်သည်။ နော်မန်က ပေါ(လ်)ကို ပညာတတ်ဟန်၊ လူလတ်တန်းစားဟန်ဆောင်နေသော အောက်တန်းစား လူတစ်ယောက်ဟု ထင်သည်။ သူတို့နှစ်ဦး၏ အကြားမှ နောက်ပြောင် ပြောဆိုရင်းနှင့် ဆရာလီယိုနတ်က တတ်နိုင်သမျှ ပြေပြေလည်လည် ဖြစ်အောင် ဖန်တီးပေးရ၏။

{၄}

ပေါ(လ်) ကိုင်ရသောအခန်းတွင် ကျောင်းသားနှစ်ဆယ်ရှိ၏။ ပေါ(လ်)သည် အိမ်တွင်နေရသည့်အခါ၌ စိတ်ပျော်ရွှင်ချမ်းမြေ့မှုမရသလောက် ကျောင်းသား

များအား စာသင်နေရသည့်အခါတွင် ပျော်သည်။ ကျောင်းသားများက သူ့ကို သဘောကျကြသည်။ သူကလည်း ကျောင်းသားများ အပေါ်၌ သက်သက်ညာညာ ဆက်ဆံသည်။ ကျောင်းသားဆိုသည်မှာ တစ်ဦးချင်းနေလေ့မရှိဘဲ အုပ်စုလိုက် နေလေ့ရှိရာ ပေါ(လ်)ကို သဘောကျရာ၌လည်း အုပ်စုလိုက်သဘောကျ၏။ ပေါ(လ်)ကလည်း ကျောင်းသားများအား စာသင်ကြားသည့်နေရာတွင် သင်ကြားသော ဘာသာရပ်သည် သူစိတ်ဝင်စားသော ဘာသာရပ်ဖြစ်လျှင် ကျောင်းသားများ စိတ်ဝင်စားလာအောင် ရှင်းလင်း သင်ပြလေ့ရှိသည်။ အိမ်တွင်နေရသည့် အခါတွင် တစ်ကိုယ်တည်း နေရသူဖြစ်သည့်အလျောက်၊ စာအုပ်ကိုသာ သဲသဲမဲမဲ ဖတ်လေ့ရှိပြီး၊ ထိုစာအုပ်မှရသော အတွေးအခေါ်များကို၊ ယခုကဲ့သို့ စာသင်သည့်နေရာတွင် ဆီလျော်သလို အသုံးပြုတန်လျှင် အသုံးပြု၏။

အမှန်အားဖြင့်ကား ဤကျောင်းသားများသည် သူ၏ တရားနာပရိသတ် ဖြစ်ပေသည်။ တစ်ခါတစ်ရံ သူရှင်းလင်းပြသော အကြောင်းအရာမှာ ကျောင်းသား များ နားလည်နိုင်စွမ်းထက် မြင့်နေသည့်အခါများလည်း ရှိပေသည်။ သို့သော် ကျောင်းသားများက သူသင်ကြားပြသည်ကို နားထောင်ရန် မငြီးငွေ့ကြပေ။

ယနေ့နံနက် သင်ပြနေသည့် သင်ခန်းစာမှာ အင်္ဂလိပ်စာစီစာကုံး ဖြစ်၏။ ဤကျောင်း သင်ရိုးညွှန်းတမ်းတွင် ရုံးသုံး၊ ကုမ္ပဏီသုံး အင်္ဂလိပ်စာစီစာကုံးကို နိုင်နိုင်နင်းနင်း ရေးနိုင်ရန်အတွက် ဆရာများက အထူးကြပ်မတ်၍ သင်ကြားပေး ရသည်။

ယနေ့ ရေးရမည့် ခေါင်းစဉ်မှာ 'အနုပညာဆိုသည်မှာ တော်လှန်ခြင်း တစ်ရပ် ဖြစ်သည်' ဟူသော ခေါင်းစဉ်ဖြစ်၏။ ထိုခေါင်းစဉ်ကိုရေးသားခြင်းဖြင့် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ အင်္ဂလိပ်စာဘက်တွင် တိုးတက်မှု မည်မျှရှိလာမည်ကိုတော့ မှန်းဆကြည့်၍မရပေ။ သို့သော် ပေါ(လ်) ကိုယ်တိုင်မှာမူ 'ပုန်ကန်သောအနုပညာ' ဟူသောစာအုပ်ကို ဖတ်ပြီးကတည်းက၊ သူ၏ ခေါင်းထဲတွင် အတွေးအခေါ်များ အသီးတတန်းကြီး ပေါ်လာခဲ့သည်။ အသက်ငယ်ရွယ်စဉ်ကသာ ထိုစာအုပ်ကို သူဖတ်မိခဲ့ပါမူ သူ၏ဘဝလမ်းကြောင်းပင်လျှင် ပြောင်းလဲကောင်း ပြောင်းလဲနေ မည် ဟူ၍ပင် တွေးတောမိ၏။

ထိုစာအုပ်ဖတ်မိသဖြင့် သူ၏ခေါင်းထဲတွင် ပေါ်လာသော အယူအဆများကို ဖွင့်ဟတင်ပြောပြနိုင်ရန် ပရိသတ်လိုနေသည်။ ထို့ကြောင့် ကျောင်းသားများအား သူ၏အယူအဆများကို ပြောပြပြီး စာစီစာကုံးရေးနိုင်ခြင်းဖြစ်သည်။

**စိတ်ကူးချိုချို**

ပေါ(လ်)သည် အနုပညာဆိုသည်မှာ တော်လှန်ခြင်းတစ်ရပ်ဖြစ်သည် ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ် ရေးရမည့်အကြောင်း ကျောင်းသားများကို ပြောပြပြီးနောက်၊ ကျောင်းသားများအနေဖြင့် မည်မျှလောက် သဘောပေါက်သည်ကို စမ်းသပ်ရန် စကားစလိုက်သည်။

"ကဲ…တပည့်တို့၊ အဲဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး မင်းတို့ထဲက တစ်ယောက်ယောက် ထ,ပြီးတော့ ရှင်းပြစမ်းကွာ"

ကျောင်းသားများထံမှ မည်သည့်အသံမှ ထွက်မလာ၊ ဤမျှအဆင့် မြင့်မားသည့် ခေါင်းစဉ်ကို ဘယ်လိုကျောင်းသားမျိုးက အလွယ်တကူ နားလည်နိုင်ပါမည်နည်း။

ပေါ(လ်)က ထပ်မေးလိုက်ပြန်သည်။

"ဘယ်နှယ့်လဲ တပည့်တို့၊ ပြောမယ့်လူ မရှိဘူးလား"

တကယ်တော့ မေးသူဆရာကိုယ်တိုင်ကလည်း ရှင်းပြနိုင်သော ကျောင်းသား ရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ ဆရာလုပ်သူကိုယ်တိုင်ပင် လွန်ခဲ့သော ရက်သတ္တတစ်ပတ်တုန်းကဆိုလျှင် ထိုခေါင်းစဉ်ပါ အကြောင်းအရာကို ရှင်းရှင်းလင်းလင်း နားလည်ခဲ့သည်မဟုတ်ပေ။

သို့သော် သူလည်း အရင်တစ်ပတ်တုန်းကတော့ နားမလည်ခဲ့ကြောင်းကိုမူ သူ့တပည့်များအား ဆရာပေါ(လ်)က ဖွင့်ထုတ်မပြောပေ။

နာယူမှတ်သားရမည်မှာ ကျောင်းသားများ၏ အလုပ်၊ ရှင်းလင်း သင်ကြားရမည်မှာ ဆရာ၏အလုပ်ဟူသော အလုပ်ခွဲခြားချက်ကို ပေါ(လ်)ကောင်းစွာ ခံယူထားသူဖြစ်သည်။ ဤခံယူချက်နှင့်အညီ ထိုမဟာခေါင်းစဉ်ကြီးကို ရှင်းပြရန်အတွက် ထိုင်နေရာမှ ထလိုက်၏။

"ဒီလိုကွတပည့်တို့ရဲ၊ အနုပညာဟာ သဘာဝကြီးကိုတောင် ဆန့်ကျင်တော်လှန်တယ်လို့ ပထမအချက်အဖြစ်နဲ့ ပြောရလိမ့်မယ်၊ သဘာဝကြီးထဲမှာ ရှိနေကြတာက ဖရိုဖရဲဖြစ်နေတာတွေ၊ စည်းစနစ်မကျ တာတွေ၊ ရှုပ်ထွေးပွေလီနေတဲ့ဟာတွေ၊ အဲဒီလို ရှုပ်ထွေးပွေလီပြီး ဖရိုဖရဲဖြစ်နေတာတွေကို ပုံစံတကျဖြစ်လာအောင်၊ မျက်စိပသာဒ ဖြစ်လာအောင်၊ နားဝင်ချိုလာအောင်၊ စည်းကိုက်ဝါးကိုက် ဖြစ်လာအောင် ပုံဖော်ဖို့အတွက် အနုပညာရှင်က ကြိုးပမ်းအားထုတ်ရတယ်ကွ သိရဲ့လား"

ဆရာပေါ(လ်)မှာ ခံစားမှုအပြည့်ဖြင့် အားရပါးရဆက်၍ပြောနေသည်။

"ဒုတိယအချက်အဖြစ် ပြောရရင် အနုပညာရှင်တစ်ဦးဟာ လူ့အဖွဲ့အစည်း ကိုတောင် ဆန့်ကျင်တယ်လို့ အထင်ခံရတာမျိုးလဲရှိတတ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူ့အဖွဲ့အစည်းက အပြစ်ရှိပါတယ်လို့ သတ်မှတ်ထားတဲ့ လုပ်ရပ်မျိုးကို အနုပညာရှင်က တရားတဲ့လုပ်ရပ်လို့ မြင်ချင်လဲ မြင်နေမှာကိုး၊ သူကတော့ မီးဟာပူမှန်းသိပေမဲ့ ဖွတ်တိုးသွားတဲ့ ပိုးဖလံလိုပဲ၊ အန္တရာယ်မှန်းသိပေမယ့် တရားမျှတမှုနဲ့ မှန်ကန်မှုဘက်ကတော့ ရပ်တည်မှာပဲကွ"

"နောက်တစ်ချက် ဆရာပြောချင်သေးတယ်၊ အနုပညာသမား တစ်ယောက် ဟာ ငွေကိုမမက်ဘူး၊ ငွေကိုပဲတန်ဖိုးထားတဲ့လူတွေကို ဆန့်ကျင်တယ်၊ ဒါဟာ အနုပညာသမားစစ်စစ်ရဲ့ ခံယူချက်ပဲ"

ဆရာပေါ(လ်)သည် စိတ်ထက်သန်မှု အရှိန်ကြောင့် စာသင်ချိန် တစ်ချိန် အတွက် သတ်မှတ်ထားသော လေးဆယ့်ငါးမိနစ်ကျော်သွားသည်ကိုပင် သတိမပြုမိ လိုက်ပေ။

ပြတင်းပေါက်မှ သူငယ်တန်းကလေးများ၏ အော်ဟစ်ဆူညံနေကြသည့် အသံကား ဆူးဆူးရှရှ ဝင်ရောက်လာတော့မှပင် တစ်ချိန်ကုန်သွားမှန်းသတိထားမိ တော့သည်။ ကလေးများ၏အသံကို ကြားလိုက်သည်တွင် ကလေးတန်းကို အုပ်ချုပ် ရသော ဆရာမကလေး မစ္စဘွန်းမှာ ဘလောက်(စ်)အကျီနှင့် စကပ်ကိုဝတ်လျက် ကလေးများကစားနေသည်ကို ကြီးကြပ်နေသည်ကို တွေ့ရ၏။ ဆရာမကလေးမှာ စိတ်ပါလက်ပါ ပြုလုပ်နေပုံမရ။ တစ်စုံတစ်ခုကိုစဉ်းစားတွေးတောနေသည့် သဏ္ဌာန် ရှိနေသည်။

ပေါ(လ်)က ပြတင်းပေါက်မှခွာလာပြီး သူ၏စားပွဲရှိရာသို့ ပြန်၍ လျှောက်လာ ခဲ့သည်။

"ကဲ ...တပည့်တို့၊ မင်းတို့ရေးရမယ့်အကြောင်းအရာကတော်တော်လေး ခက်တယ်ဆိုတာ ဆရာသိပါတယ်၊ ဒါကြောင့် ဆရာရှင်းပြတဲ့ အချက်တွေ မင်းတို့ခေါင်းထဲကပျောက်မသွားခင် အချက်အလက်တွေကို ရေးချဖို့ ဆယ့်ငါးမိနစ် အချိန်ပေးမယ်၊ ဟုတ်လား၊ ဒီလိုဆိုရင် မင်းတို့အိမ်မှာရေးဖို့ ပိုပြီးလွယ်သွားမှာပေါ့"

"ကျေးဇူးတင်ပါတယ်ဆရာ" ဟူသောအသံမှာ ကျောင်းသားများထံမှ တညီ တညွတ်တည်း ထွက်လာသည်။

ထို့နောက်တွင်ကား စာရွက်လှန်သံများ၊ စာရွက်ပေါ်တွင် ဖောင်တိန်နစ်သွား ခြင်း တကျစ်ကျစ်ရေးသံများ ပေါ်ထွက်လာသည်။ အချို့ကျောင်းသားများမှာ စိတ်အား

ထက်သန်မှုကြောင့် တင်းတင်းစေ့ထားသော နှုတ်ခမ်းနှစ်ခုကြားမှ နီနီရဲရဲလျှာများ ကလေးများပင် ထွက်နေကြသည်။

ဆရာပေါ(လ်)မှာလည်း အတော်မောသွားသဖြင့် ကုလားထိုင် နောက်သို့မှီကာ ခြေပစ်လက်ပစ်ထိုင်နေသည်။

ထိုင်နေရင်းနှင့် သူ၏အခြေအနေကို သုံးသပ်ကြည့်မိ၏။ တကယ်တော့ သူကိုယ်တိုင်ပင်လျှင် သူပြောသလိုမလုပ်နိုင်သည့် အဖြစ်ကိုမြင်လာ၏။ ယခု ကလေးတွင်ပင် ကျောင်းသားများအား သူက ပြောခဲ့၏။ အနုပညာသမားဆိုသည်မှာ လွတ်လပ်စွာ တွေးခေါ်ရဲရမည်။ ရက်ရောမှုရှိရမည်။ အမှန်တရားကို ရင်ဆိုင်ရဲ ရမည်တဲ့။ သူကိုယ်တိုင်မှာမူကား ရင်မဆိုင်ရဲဖြစ်နေပါပကောလားဟု စဉ်းစားမိ လာသည်။

သူ၏ကုတ်အကျႌ ဘေးအိတ်ထဲမှ စာကို သူက မဖတ်ရဲ ဖြစ်နေသည်။ ဤသည်ပင်လျှင် အဖြစ်မှန်ကို ရင်မဆိုင်ရဲခြင်းဖြစ်၏။ သူ့အမေထံမှ ပိုက်ဆံ တောင်းသည့်စာ ဖြစ်နေမည်ကို စိုးရိမ်၍ မဖတ်ရဲခြင်းဖြစ်သည်။

ပိုက်ဆံ၊ နှမြော၍လော၊ တွန့်တိုတတ်၍လော၊ ဤကဲ့သို့လည်းမဟုတ်ပါ။ သူ့တွင်သာ ပိုက်ဆံပေါပေါရှိလျှင် မည်သူ့ကိုမဆို ပေးရန် မတွန့်တိုပါ။

ဟယ် ...ဘာပဲဖြစ်ဖြစ် ငါ့အမေဆီကစာ ငါပဲဖတ်တော့မယ်၊ ပိုက်ဆံ တောင်းတော့လဲ ဘာအရေးတုံး၊ ပေးနိုင်ရင် ပေးရမှာပေါ့ ...

ဤသို့လျှင် ရဲဆေးတင်ကာ ပေါ(လ်)သည် သူ့ဘေးအိတ်ထဲမှ စာအိတ်ကို ထုတ်ယူလျက် ဖောက်လိုက်၏။

သူတင်ကြို စိုးရိမ်မိသည့်အတိုင်းပင် သူ့အမေထံမှ စာမှာ ငွေပို့ပေးနိုင်လျှင် ပို့ပေးဖို့ရေးသည့်စာ ဖြစ်နေ၏။

စာဖတ်ပြီးသွားသောအခါ၌ ပေါ(လ်) စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေသည်။

သူ၏ အမေကိုလည်း စိတ်ချမ်းသာစေချင်သည်။ သူ့အမေတောင်းသည်မှာ တစ်ပေါင်ပေမယ့် ငါးပေါင်လောက် ပို့လိုက်ချင်သည်။ ဤသို့ ပေးရခြင်းကို သူ့အနေနှင့်လည်း စိတ်ပျော်သည်။

သို့သော် အခြားတစ်ဖက်က စဉ်းစားကြည့်ပြန်တော့လည်းပေးဖို့ရန် တွန့်တိုသည့်စိတ်ကဝင်လာ၏။ တစ်နေ့ကပင် တစ်ပေါင်ပို့လိုက်သေးသည်။ ယခင်ကလည်း အကြိမ်ကြိမ်ပို့ခဲ့ပြီးပေပြီ။ ဤကဲ့သို့သာ ခဏခဏ ပို့ပေးနေရလျှင် သူ့ဇနီးအယ်လီနာကိုရှင်းပြဖို့ ခက်ချေဦးမည်။ ပြီးတော့ အကယ်၍များ သူကိုယ်တိုင် နာမကျန်း ဖြစ်ခဲ့သော် ...။

စိတ်ကူးချိုချို

စဉ်စားရင်း စဉ်းစားရင်းနှင့် ပေါ(လ်)၏ စိတ်တွင်း ပဋိပက္ခတွင် သူ၏ ဟန်ဆောင်လိုသောစိတ်၊ ကြွားဝါလိုသော စိတ်တို့က အပေါ်စီးရသွားလေတော့၏။

သူတို့၏သားကြီးတွင် ငွေကြေးချို့တဲ့သွား၍ ငွေမပို့နိုင်တာ ဖြစ်မည်ဟု သူ့အမေက ထင်ခြင်းကို သူမခံနိုင်။ ဟန်ဆောင်လက်စနှင့်ဆက်၍ ဆောင်ရပေဦး တော့မည်။

စိတ်ပြန်၍ မပြောင်းသွားစေရန် သူ၏ အိတ်ထဲမှ ချက်စာအုပ်ကို ကပျာကယာ ဆွဲထုတ်ကာ ချက်စာရွက်ပေါ်တွင်-စ၍ ရေးလေတော့၏။ ရေးနေရင်းနှင့် ဒီတိ ဖြစ်နေသည်။

"မစ္စစ်အော်ဘရေးပရက်ဆက်သို့ ..."

ရေး၍မပြီးသေးမီ စာသင်ခန်း တံခါးပွင့်သွားသည်ကို တွေ့လိုက်ရ၏။ တံခါး ခေါက်ဘဲဝင်လာမည့်သူမှာ ဤကျောင်းတွင် ကျောင်းအုပ်ကြီး တစ်ဦးသာ ရှိသည်ဖြစ်၍ ပေါ(လ်)၏ရင်ထဲ၌ ဖိုသွားသည်။စာသင်ချိန်တွင် ကိုယ်ရေး ကိုယ်တာကိစ္စ လုပ်နေမိသဖြင့် သူ့စိတ်ထဲတွင် မလုံမလဲဖြစ်သွားသည်။

ချက်စာအုပ်ကိုလည်း ကပျာကယာ မသိမ်းရဲ။ ဤသို့ မလုံမလဲ အမူအရာဖြင့် ထိုင်ပါက ကျောင်းသားများရှေ့တွင် သူ၏ သိက္ခာကျပေဦးတော့မည်။

ကျောင်းအုပ်ဆရာကြီး မစ္စတာဟိ(စ်)မင်းက သူ၏စားပွဲအနီးသို့ လျှောက် မလာအောင် သူက အရင်သွား၍ ခရီးဦးကြိုပြုလိုက်သည်။

သို့သော် မစ္စတာဟိ(စ်)မင်းက သူ၏စားပွဲအနီးသို့ ရောက်ဖြစ်အောင် လျှောက်လာ၏။

"ကလေးတွေကို ဘာလုပ်ခိုင်းထားလဲ မစ္စတာပရက်ဆက်"

ကျောင်းအုပ်ဆရာကြီး၏ အမေးကို စိတ်မလုံဖြစ်နေသော ပေါ(လ်)က အထစ်အထစ်ဖြင့် ပြန်လည်ဖြေသည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့ဆရာကြီး၊ စာစီစာကုံးတစ်ခု ရေးခိုင်းထားပါတယ်၊ အကြောင်းအရာက နည်းနည်းခက်တာမို့ အခုကတည်းက အစပျိုးခိုင်းထား ပါတယ်"

သို့သော် ကျောင်းသားများရှေ့တွင် ဖြစ်နေသဖြင့် စာစီစာကုံးကိစ္စ အတွက် တစ်ချိန်လုံးရှင်းလင်းပြသနေသည်ဟုတော့ ပြော၍မဖြစ်ပေ။ ထို့ကြောင့် ဘာကြောင့် ထိုင်နေရသည်ကိုတော့ ရှင်းပြရသေးသည်။

"ကျွန်တော်လဲ အခုပဲ သူတို့ရေးပုံသားပုံ မှန်ရဲ့လားလို့ လိုက်ကြည့် မလို့ပါ ဆရာကြီး"

မစ္စတာဟဲ(စ်)မင်းက ပေါ(လ်)၏ စားပွဲပေါ်မှ ဖွင့်လျက်သား ချက်စာအုပ်နှင့် စာကိုမျက်စိတစ်ချက်ဖေ့ကြည့်လိုက်ကာ သူလာရင်း အကြောင်းကို ပြောပြသည်။

"အင်း…အင်း…ကောင်းပါတယ်၊ ကောင်းပါတယ်၊ အခုလာတဲ့ ကိစ္စကတော့ ညနေဘက်မှာ ဆရာကျောင်းသားတွေကို ဘောလုံးကန်ဖို့ ခေါ်သွားတဲ့ အခါကျရင်၊ ကျွန်တော့်ဆီကကလေးတစ်ယောက် နှစ်ယောက် လောက်ကိုပါ ခေါ်သွားနိုင်မလားလို့ပါ။ ကျွန်တော့်မှာ အပြင်သွားဖို့ ကိစ္စတစ်ခု ရုတ်တရက် ပေါ်လာလို့ပါ"

ပေါ(လ်)မှာ စိတ်သက်သာရာ ရသွား၏။ ကျောင်းအုပ်ဆရာကြီး၏ ဆန္ဒ ပြည့်မြောက်ရေးအတွက် သူက ချက်ခြင်းပင် အဖြေပေးလိုက်ပါသည်။

"ရပါတယ်ဆရာကြီး၊ ဒါလောက်ကလေးအတွက် ကျွန်တော့်အဖို့ အပန်း မကြီးပါဘူး"

ကျောင်းအုပ်ဆရာကြီးမစ္စတာဟဲ(စ်)မင်းသည် ကျောင်းသားများ စာစီစာကုံး ရေးနေသည်ကို ဝတ်ကျေဝတ်ကုန် လိုက်လံကြည့်ရှုပြီးနောက် ပေါ(လ်)အား ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ကာ အခန်းတွင်းမှ ပြန်ထွက်သွား၏။

စောစောက အားမာန်အပြည့်ဖြင့် ချက်စာအုပ်တွင် ရေးနေသည့် သူ၏ လက်များမှာ ယခုမူအနည်းငယ်တုန်နေသည်။ သို့သော် အရှုံးပေးလိုစိတ်ကို အားတင်းတိုက်ဖျက်လိုက် ပြီးနောက် ချက်စာရွက်ကို ပြီးဆုံးသည့်အထိ ဆက်၍ရေး လိုက်သည်။

{၅}

ညနေလေးနာရီတွင် ဆရာပေါ(လ်)မှာ ဝတ်စုံအနက်ကို အကျအန ဝတ်ထား သော်လည်း ဘီရှော့အဘာကွန် ကောလိပ်မှ ကျောင်းသားကလေးများ၏ ဘောလုံး ပွဲတွင် ဝီစီကိုင်၍ ဒိုင်လူကြီးလုပ်နေရ၏။ သူတို့ကစားနေကြသည့် ကွင်းမှာ အစွာလင်တန်ဖေးရပ်ကွက်၏ အရှေ့အစွန်၌ရှိသော ကန္တာဘရီကွင်း ဖြစ်သည်။

ပေါ(လ်)သည်ကလေးများ၏အကြားတွင် ဝတ်စုံကြီးတကားကားဖြင့် ပြေးလွှားနေရ၏။ တစ်ခါတစ်ခါ၌ ဝီစီကိုလည်း တရှိုးရှိုးမှုတ်ရသေးသည်။

ဤသို့ ပြေးလွှားနေရလင့်ကစား ပေါ(လ်)၏ စိတ်မှာပေါ့ပါးပျော်ရွှင်နေ၏။ လေးနာရီထိုးပြီဖို့ လေးနာရီခွဲရန် မိနစ်သုံးဆယ်သာလိုသည်။ လေးနာရီခွဲလျှင် သူ၏တာဝန်ပြီးဆုံးတော့မည်။ တာဝန်ပြီးသွားလျှင်ကား သူ့အတွက် အတိုင်းမသိ ပျော်ရွှင်မှုရဖို့ နီးလာပြီဖြစ်သည်။

နာရီကိုသာ မကြာခဏငုံ့ကြည့်နေမိသည်။

နာရီကလည်းရပ်၍မနေပါ၊ စက္ကန့်များမှသည် မိနစ်ဖြစ်လာပြီး၊ မိနစ်များကလည်း တရွေ့ရွေ့နှင့် သုံးဆယ်သို့ရောက်လာခဲ့ပါ၏။

လေးနာရီခွဲပေပြီ။

ပေါ(လ်)ထံမှ ရှိုခနဲ ဝီစီသံထွက်လာ၏။

"ကဲ...တပည့်တို့ လေးနာရီခွဲပြီဟေ့၊ တော်ကြစို့၊ အိမ်ကိုပြန်နိုင်ကြပါပြီ"

ထို့နောက် ဆော်ဒါကျောင်းသားနှစ်ဦးသို့ ဆက်၍ပြောရ၏။

"အိုကလီနဲ့ အဲ(လ်)ဂု(ဒ်)တို့ကတော့ ကျောင်းဆောင်ကိုပြန်ရင်းနဲ့ ဘောလုံးကိုပါ တစ်ခါတည်းယူသွားကြ ဟုတ်လားဟေ့၊ ဆရာပြန်မလိုက်တော့ဘူး၊ ဆရာလဲ [illegible] အိမ်ကိုပြန်တော့မယ်"

အိုကလီနှင့် အဲ(လ်)ဂု(ဒ်)တို့ထံမှ ပြိုင်တူဖြေလိုက်သည့်အသံ ထွက်လာသည်။

"ဟုတ်ကဲ့ပါဆရာ"

ကျောင်းသားကလေးများကသူတို့၏ကုတ်အင်္ကျီများကို ကောက်ယူ၍ ဝတ်ကြပြီးနောက်၊ အိမ်သို့ပြန်ကြရန် တောင်ဘက်ပေါက်သို့ထွက်သွားကြ၏။

ပေါ(လ်)က သူ၏ နဖူးပေါ်မှချွေးများကို လက်ကိုင်ပဝါဖြင့် အသာအယာ ကိုင်၍သုတ်သည်။ သုတ်ပြီးနောက် လက်ကိုင်ပဝါကို ဟန်နှင့်ပန်နှင့် ခေါက်ကာ ကုတ်အင်္ကျီရှေ့အပေါ်အိတ်ထဲသို့ပြန်၍ထည့်လိုက်သည်။ သူကတော့ ကျောင်းသား ကလေးများထွက်သွားရာ တောင်ဘက်သို့ မသွားပေ။ အရှေ့ဘက်သို့ မျက်နှာမူ၍ ထွက်လာခဲ့သည်။

ကွင်းကိုဖြတ်၍ လျှောက်လာပြီးနောက်၊ ဟိုင်းဘရီလမ်းဘက်မှ ဝင်သည့် အပေါက်မှ ထွက်လာခဲ့သည်။

ထိုမှဆက်၍ လမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာ ကလစ်ဆော့ ပန်းခြံသို့ ရောက်လာခဲ့၏။ ကလစ်ဆော့ပန်းခြံသည် အလွန်သာယာ၏။ နွေဦးရာသီမေလတွင် ငြိမ်၍သာယာ၏။ ထိုအချိန်တွင် သစ်ကျားပင်များ ပင်လုံးကျွတ်ပွင့်နေကြသည်မှာ [illegible]ရောင်တစ်ကန့်၊ အဖြူရောင်တစ်ကန့်ဖြင့် ရှုမငြီးဖွယ်ပင်။ ဤပန်းခြံထဲတွင် [illegible]လည်းပြုလုပ်ထားသဖြင့် ငှက်အမျိုးမျိုးတို့၏ တီတီတာတာဖြင့်တေးဆို ကြသည့်အသံများသာမက၊ ခေါင်းများ၏ အိုးဝေ ...အိုးဝေဖြင့် အော်သံကိုပါ ကြားနိုင်၏။ ထိုငှက်ခြံကိုဖြတ်သန်းကာ စမ်းချောင်းကလေးတစ်ခုက စီးဆင်း နေသည်။ ထိုစမ်းချောင်းထဲတွင် ကြွေကျနေသော သစ်ကျားပွင့်များက ရေပေါ်တွင်

ပေါ်လောမျောနေကြသည်။ ချောင်းကမ်းနံဘေးတွင် မြက်ခင်းစိမ်းစိမ်း အကြားမှ အဝါရောင် ထောပတ်ခွက်ပန်းများက ထိုးထွက်ပွင့်လန်းနေကြသည်။

ဤမျှသာယာလှပသော နေရာကလေးကို ပေါ(လ်)က ယခုနှစ် နွေဦး ရာသီတွင် အမှတ်တမဲ့တွေ့ခဲ့သည်။ တွေ့လိုက်သည်နှင့်ပင် ဤနေရာ ကလေးကို သဘောအကျကြီးကျကာ သူကလေးနှင့်ချိန်း၍တွေ့ရန် စိတ်ကူးမိလိုက်ခြင်းဖြစ်၏။

ထိုအချိန်မှစ၍ သူနှင့်ချစ်သူတို့သည် အခြေအနေပေးလျှင်ပေးသလို ဤနေရာ ကလေးတွင် ချိန်း၍တွေ့ဆုံခဲ့ကြလေတော့သည်။

ယနေ့လည်း သူကလေးနှင့်ဤနေရာတွင်ချိန်းထားသည်မို့ ပေါ(လ်)က လာ၍ စောင့်နေရသည်။ သူက သစ်ပင်ကြီးတစ်ပင်အောက်ရှိ ခုံတန်းလျား ပေါ်တွင်ထိုင်ရင်း ဝင်ပေါက်ဆီသို့လှည့်ပင်းကိုဆန့်၍ မျှော်ကြည့်နေမိသည်။

ပန်းခြံစည်းရိုးအပြင်ဘက်ရှိ လမ်းပေါ်တွင် ခတ်ရထားနီနီကြီးများ ဖြတ်သွား သည်ကိုမြင်ရ၏။ အသံကိုတော့ သဲ့သဲ့မျှသာကြားရတော့သည်။

ဟော...လာပြီ၊ ချစ်သူလာပါပြီ၊ ဝင်းပေါက်ကိုဖြတ်ကျော်ပြီး သူရှိရာ ဘက်သို့ ပြုံးနေသောမျက်နှာဖြင့် လျှောက်လာနေသည်ကိုတွေ့ရသည်။

ပေါ(လ်)၏ရင်ထဲတွင် ဝမ်းသာလုံးဆို့သွားသဖြင့် အသက်ရှူပင် မှားသွား သည်။ အော်...သူကလေး...သူကလေး...သူ့လို အချိုးအဆက်မကျ၊ မလှပသော သူက ချိန်းလိုက်သည်ကို ဂရုတစိုက်လာရှာပါကလား...။

အပြာရောင်ကုတ်အကျီနှင့်စကတ်ကို အပေါ်မှ ဝတ်ထားပြီး၊ အောက်မှ အဖြူရောင်လက်တိုဘလောက်(စ်)ကို ဝတ်ထားသော သူကလေးသည် ပေါ(လ်)၏ မျက်စိထဲတွင် နတ်မိမယ်ကလေးတမျှ လှသည်ဟု ထင်မိသည်။

တကယ်တော့လည်း သူသည် တစ်ချိန်တုန်းက အတော်ပင် ချောခဲ့လှခဲ့သော မိန်းကလေးတစ်ဦးဖြစ်ခဲ့ပါသည်။ သူ၏ဘဝလမ်းခရီးမှာ ဖြောင့်ဖြူးခဲ့ခြင်းမရှိသည်မို့ စိတ်ညစ်ရာများဖြင့် ဖုံးလွှမ်းခြင်းခံခဲ့ရပါသည်။ ယခုတိုင်ပင် သူကလေး၏ မျက်နှာ ပေါ်တွင် စိတ်မချမ်းမြေ့သည့် အရိပ်အယောင်ကလေးများကို တွေ့နိုင်ပါသေးသည်။ သို့သော်သူ၏ နဂိုအလှကား မပျက်သေး၊ မျက်လုံးဝိုင်းဝိုင်းကြီးများတွင် ညို့ခတ် ရှိနေဆဲ၊ နှုတ်ခမ်းအစုံမှာ ပြည့်ဖြိုးဆဲ၊ ရွှေရောင်ဆံနွယ်များမှာ လှပဆဲ၊ သန့်စွမ်းဆဲ ဖြစ်ပါသည်။

ပေါ(လ်)၏ အနီးသို့ ရောက်လာသည့်အခါတွင်မှ သူကလေးသည် မျက်နှာ ထားကို အနည်းငယ်တည်လိုက်ကာ၊ ရိုးရိုးအသိအကျွမ်းချင်း နှုတ်ဆက်ပုံမျိုးဖြင့် နှုတ်ဆက်လိုက်သည်။

**စိတ်ကူးချိုချို**

"ဗွတ်အီးဗနင်း…မစ္စတာပရက်ဆက်"

တစ်ဖက်က ဣန္ဒြေရရဖြင့် စ၍ နှုတ်ဆက်လိုက်သည်မို့ ပေါ(လ်)တလည်း သူ၏ နှလုံးသားအလိုကိုမလိုက်နိုင်၊ သတိထားကာ ဣန္ဒြေရရပင် ပြန်၍ နှုတ်ဆက်စကားပြောရတော့သည်။

"ဟုတ်ကဲ့…ဗွတ်အီးဗနင်းပါပဲ မစ္စဘွန်း"

"ကျွန်မကိုစောင့်ရတာ သိပ်တော့မကြာသေးပါဘူးထင်ပါရဲ့နော်…"

"ဟင့်အင်း…မကြာလှသေးပါဘူး၊ ဘယ့်နယ်လဲ…ကျောင်းက ကလေးတွေတော့ ကောင်းကောင်းမွန်မွန်ပဲနဲ့တူပါတယ်၊ ဟုတ်ရဲ့လား…"

ပေါ(လ်)၏ စကားကို ကြားလိုက်ရသည်တွင် မစ္စမိုင်ရာဘွန်း၏ မျက်နှာပေါ်၌ စိတ်မရှည်သည့် အသွင်ပေါ်လာသည်။

"အား…အား…ကျောင်းအကြောင်းကိုမပြောကြပါနဲ့နော်၊ ကျွန်မ ဒီကိုလာတာ စိတ်ချမ်းသာချင်လို့လာတာ…၊ ကျောင်းက ကလေးတွေကို ပြန်ပြောနေရရင် ပျော်နေတဲ့စိတ်တွေ ပျောက်ကုန်ဦးမယ်"

ဤတွင် ပေါ(လ်)ကစ၍ အသံရော စကားအသုံးအနှုန်းရော ပြောင်း၍ ပြောလိုက်သည်။

"ဒီလိုဆိုရင်လဲလာလေ ဒါလင်ရယ်၊ ဘာလို့ တည်တည်ကြီးလုပ်နေတာလဲ"

ပေါ(လ်)က သူကလေး၏လက်ကို လှမ်း၍ဆွဲယူကာ လက်ချောင်းကလေးချင်း ချိတ်လျက် သစ်ပင်အိုကြီးနောက်သို့ ခေါ်သွားသည်။ လူကွယ်သည့်နေရာသို့ ရောက်မှ၊ ပေါ(လ်)က သူကလေးကို ဖက်ကာနမ်းလိုက်သည်။ သူကလည်း အချစ်ငတ်နေသူမို့ ပေါ(လ်)၏ အနမ်းကို မွတ်သိပ်စွာ တုံ့ပြန်လာသည်။

ပေါ(လ်)၏ နှုတ်မှ အသံတုန်တုန်ယင်ယင်ဖြင့် ပြောသံထွက်လာသည်။

"အို–မိုင်ရာရယ်…"

မိုင်ရာဘွန်းကလည်း သူ၏မျက်လုံးဝိုင်းဝိုင်းကြီးများကို လှန်ကာ ပေါ(လ်)၏ မျက်နှာသို့ ကြည့်လျက် တိုးတိုးကလေး ပြန်ပြောသည်။

"ကိုရယ်…ကိုကို မိုင်ရာ သိပ်ချစ်တယ်ကွယ်…"

ချစ်သူကလေးက ကယုကယင် ခွန်းတုံ့တင်သည်ကို ကြားလိုက်ရသည့် ပေါ(လ်)အဖို့မှာကား ကမ္ဘာလောကကြီးကို မေ့သွားလောက်အောင်ပင် ဝမ်းသာသွားတော့သည်။

ချစ်သူနှစ်ဦးမှာ လက်ချင်းတွဲလျက် ပို၍ ချောင်ကျသည့်နေရာသို့ ဆက်၍ လျှောက်သွားကြသည်။

**စိတ်ကူးချိုချို**

ထိုနေရာတွင် ထိုင်မိကြသောအခါ မိုင်ရာ၏ ပုခုံးကလေးကို ဖက်လျက် မိုင်ရာ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ရင်း ပေါ(လ်)က ညည်းညည်းတွားတွား ပြောလိုက်မိ၏။

"မိုင်ရာ အချစ်ကလေးရယ် ...၊ ကိုယ်တော့ တကယ့်ကို နားမလည်နိုင်အောင် ပါပဲ"

"ဘာကိုများ နားမလည်ဖြစ်နေရတာလဲ ကိုရဲ့"

"ဟို...လေ ..."

"ဘာ ဟိုလဲ ကိုရဲ့၊ ကို့ဟာကလဲ၊ မိုင်ရာ နားမလည်ဘူး"

"ဪ...ကို့လို အသက်ကြီးကြီး လူတစ်ယောက်ကို၊ မိုင်ရာက ဂရုတစိုက်နဲ့ လာတွေ့တာကို ပြောတာပါ"

"ဒါများ အဆန်းလုပ်လို့ ကိုကလဲ"

"ဆန်းတယ်ကွယ် မိုင်ရာရယ်၊ ဆန်းတယ်၊ ကိုလေ ဒီနေ့မနက် မုတ်ဆိတ်မွေး ရိတ်ရင်းနဲ့ ကိုယ့်မျက်နှာကို မှန်ထဲမှာ သေသေချာချာ ကြည့်မိတယ်၊ ရုပ်က တော်တော်ဆိုးတာပဲ ...၊ ဒီလို ကိုရုပ်ဆိုးကို မိုင်ရာက စွဲစွဲလမ်းလမ်း ချစ်နေလို့ ကိုယ်က နားမလည်ဘူးလို့ ပြောတာပေါ့"

"ဟင့်အင်း ...မိုင်ရာကတော့ ကိုရုပ်ဆိုးလို့ မမြင်ပေါင်၊ မိုင်ရာ ချစ်တာဟာ ချစ်တာပဲ၊ ကိုက ကို့ကိုယ်ကို အရုပ်ဆိုးတယ်လို့ ထင်နေသလား"

"ဟုတ်တယ်၊ မဆိုးဘူးလား"

"မိုင်ရာကတော့ အရုပ်ဆိုးတယ်လို့ မထင်ပေါင်၊ အရုပ်ဆိုးတယ်ပဲထားဦး၊ မိုင်ရာချစ်တာက တစ်ဆံချည်ကလေးမျှ လျော့မသွားဘူးကိုရဲ့၊ မိန်းမတွေဟာ အရုပ်ဆိုးတဲ့ လူဆိုရင် ချစ်မှာမဟုတ်ဘူးလို့ ထင်နေလို့လား"

"အင်း ...မိုင်ရာ့ကိုကြည့်ပြီး ဖြေရရင်တော့လဲ မထင်ပါဘူးလို့ ဖြေရမလို ဖြစ်နေပြီ"

"ကိုပြောသလို ရုပ်ချောမှချစ်ရမယ်ဆိုရင် မိုင်ရာကကော လှလို့လား၊ အမှန်တော့ ကျွန်မတို့နှစ်ဦးလုံးဟာ အလှပျက်စပြုနေတဲ့ သူနှစ်ဦးပါပဲ ကိုရယ်၊ အဲဒီတော့ မထူးပါဘူး၊ အရှိကိုအရှိအတိုင်း လက်ခံပြီး ကျေနပ်ကြပါတော့ ဟုတ်လား"

"နေပါဦးလေ၊ ဆက်ပြီးပြောကြဦးစို့ မိုင်ရာ၊ ခုနကပြောခဲ့တဲ့ မိန်းကလေး တွေဟာက ဘာကို ချစ်တာလဲဆိုတဲ့ မေးခွန်းကိုဖြေစမ်းပါဦး"

"မိုင်ရာလဲ သိပ်ပြီး ရှင်းရှင်းလင်းလင်း မပြောတတ်ဘူးကွယ်"

"အို…လုပ်ပါမိုင်နာရဲ့၊ ပြောပြစမ်းပါ၊ မိုင်ရာ့ပြောတတ်သလိုသာ ပြောပါ၊ …ော်…နော်"

"အဲ…ကြင်နာမှု၊ စာနာထောက်ထားမှုတို့ကို ပြောရင်ဘယ့်နှယ်နေမလဲ"

"အဲ…ဒါတွေကို ကို့မျက်နှာပေါ်မှာ တွေ့နိုင်လို့လား"

"တွေ့နိုင်တာပေါ့ ကိုရယ်၊ မိုင်ရာက ကို့ကို ဒါတွေကြောင့် ချစ်ရတာ ပေါ့ကွယ်၊ အို…ကိုဟာလေ၊ မိုင်ရာအဖို့တော့ သူတော်ကောင်းကြီး၊ အကြင်နာ …နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးကြီးပါပဲ ကိုရယ်"

သဘာအခွေ့ကြီးခွေ့သွားသော ပေါ(လ်)က သွားကို အစွမ်းကုန် ဖြဲကာ ပြုံးလျက် ဆက်၍ ပြောသည်။

"ကဲ…ဆိုပါဦး အမိရဲ့"

"အင်းလေ၊ မိုင်ရာအဖို့တော့ ကိုဟာ မိုင်ရာနဲ့ အတူတူရှိနေတဲ့ အချိန်မှာ ကို့ကို ဒီလိုပုံမျိုးနဲ့ပဲမြင်မိတာပဲ"

"ဒါပေါ့လေ၊ ဟုတ်ချင်လဲဟုတ်မှာပေါ့"

"အို…အမှန်တော့ ကိုနဲ့အတူ မိုင်ရာအခုလိုရှိနေမှ မဟုတ်ပါဘူး၊ အခုလို …ကြခင်ကတည်းကပါ၊ ကိုယ်ဟာ ကြင်နာတတ်တဲ့သူ တစ်ဦးလို့ သိပြီးသားပါ၊ … ဘယ်လိုရှင်းပြရမလဲတောင် မသိဘူးကွယ်"

ပေါ(လ်)က မိုင်ရာ၏ နှုတ်ခမ်းကလေးများကို အသာအယာဖိကပ်၍ …ကိုက်ပြန်သည်။ ပေါ(လ်)၏ အနမ်းမှာ မိုင်ရာရှေ့သို့ဆက်မပြောရန်အတွက် …ခုံ့ခြင်းစားရန် လွယ်ကူသွားစေသည်။

"ဟုတ်တယ်ကိုရဲ့၊ ကိုနဲ့အခုလို မချစ်မိကြခင်ကတည်းက ကို့ရဲ့ကြင်နာ …ခဲ့စိတ်ထားတို့၊ တစ်ဖက်သားကိုလေးစား ညှာတာမှုတို့ကို တွေ့ရတာနဲ့၊ … ကို့ကိုသဘောကျနေခဲ့တာ၊ တကယ်တော့ တခြားလူတွေကလဲ ကို့ကို …ကြပါတယ်၊ ကျောင်းသားတွေဆိုရင် ကို့ကို အခင်ဆုံးပဲမဟုတ်ဘူးလား"

"ဟုတ်ပါတယ်…ဟုတ်ပါတယ်၊ ဒါပေမဲ့ ဟို ဆင်ဒီဆိုတဲ့အကောင်ကတော့ …တယ်ကွ"

"အေးယ်၊ ဒီလိုလူမျိုးကမုန်းတာ ပိုတောင်ကောင်းသေးတယ်၊ လူက မာနအိုး …"

မိုင်ရာမှာ မုန်းတီးစရာရှိလျှင်လည်း ခါးခါးသီးသီး မုန်းတီးတတ်သူဖြစ်သည်။ … အကြောင်းကိုပြောသည့် သူ၏ အသံမှာ အေးစက်မာကျောလှသည်။

သူ့ရင်တွင်းမှ ခံစားချက်ကို ပြောပြသည့်အခါတွင်တော့လည်း ဝမ်းနည်း ကြေကွဲမှုယ်ရာပင်။

"ဒီမှာကို၊ မိုင်ရာပြောပြမယ်နော်၊ မိုင်ရာရဲ့ဘဝဟာ ကိုနဲ့သာ မတွေ့ခဲ့ဘူး ဆိုရင် မိုင်ရာဟာ လောကကြီးကို အကောင်းဘက်က မြင်နိုင် တော့မှာ မဟုတ်ဘူး၊ ကိုနဲ့တွေ့တော့မှ ဪ...လောကကြီးမှာ ကိုတို့လို နှလုံးသားဖြူစင်တဲ့ လူမျိုးလ ရှိသေးတာကိုးလို့ စဉ်းစားမိပြီး စိတ်အား ပြန်တက်လာခဲ့တာ"

"ဟင်...မိုင်ရာ ဘာကြောင့်များ ဒီလောက်အထိ ဒုက္ခခံစားခဲ့ရတာလဲဟင်"

မိုင်ရာပြန်ဖြေသည့်အခါတွင်တော့ သူ၏အသံမှာ ဝမ်းနည်းကြေကွဲသည့် အသံမှသည်၊ မုန်းတီးစိတ်နာနေသည့် အသံကို ပြောင်းသွားပြန်သည်။

"ကိုမသိပါဘူး၊ မိုင်ရာရဲ့ဘဝမှာတော့နာကြည်းစရာတွေနဲ့ချည်း ရင်ဆိုင် ခဲ့ရပါတယ်၊ ပြန်စဉ်းစားကြည့်လိုက်ရင် အခုထိ ရင်နာမိတယ်၊ တကယ်လို့များ ကိုကို လက်လွှတ်ရမယ်ဆိုရင်၊ မိုင်ရာတော့ အရင်ဘဝကို ပြန်ရောက်သွားရမှာ သေချာသလောက်ပါပဲ"

"ဒီလောက်ပဲလား မိုင်ရာရယ်"

ဤတွင် မိုင်ရာက သူ၏ နောက်ကြောင်းကို အကျဉ်းချုပ်၍ ပြောပြ၏။

မိုင်ရာ၏ ဖခင်မှာ စာရေးကလေးအဖြစ် ဘဝကို ရုန်းကန်ရင်းနှင့် မမာ မကျန်း၍ ဆုံးခဲ့ရရှာသည်။ ဖခင်သေသွားပြီဆိုလျှင်ပင် မိုင်ရာ၏ချစ်သူက မိုင်ရာကို စွန့်ခွာသွားတော့သည်။ ခင်ပွန်းသည် တိမ်းပါးသွားပြီဖြစ်၍၊ မိုင်ရာ၏ မိခင်မုဆိုးမ ကြီးမှာ အိမ်ခန်းငှား၍ အသက်မွေးမှုပြုရတော့သည်။ အိမ်ခန်းငှားစားသည့်အလုပ်မှာ သက်သက်သာသာ အလုပ်မဟုတ်ပေ။ အိမ်ခန်းများကို လှည်းကျင်းသုတ်သင် ရသည်။ဆေးကြောရသည်။ အိမ်ငှားများကလည်း လက်လုပ်လက်စား ဆင်းရဲသား များသာ ဖြစ်ကြရာ၊ အိမ်ခန်းငှားခများကို များများစားစားပေးရန်တတ်နိုင်သူများ မဟုတ်ပေ။

ချစ်သူက စွန့်ခွာသွား၍ စိတ်ညစ်သည်ကတစ်ဖက်၊ မိခင်၏အလုပ်ကို ဝိုင်းကူ လုပ်ရသည့်အတွက် ပင်ပန်းသည်က တစ်ဖက်နှင့်မို့ မိုင်ရာသည် စိတ်ရောကိုယ်ပါ ချုံးကျသွားခဲ့သည်။ ပေါ(လ်)နှင့်တွေ့တော့မှပင် မိုင်ရာ၏ စိတ်သည် ပြန်လည် လန်းဆန်းလာခဲ့သည်ဟု ဆို၏၊

သူ၏အကြောင်းကို ပြောပြီးနောက် ပေါ(လ်)နှင့်တွေ့သည့်အကြောင်းသို့ ရောက်လာသည့်အခါတွင် မိုင်ရာ၏ မျက်နှာမှာ ဝမ်းနည်းသည့် အသွင်မှ ပြုံးရောင် သမ်းဖြစ်လာသည်။

**စိတ်ကူးရိုးရိုး**

"မိုင်ရာလေ ကိုကိုတွေ့ကတည်းက တစေ့တစောင်းလေ့လာနေခဲ့တာ၊ ကိုဟာ စကားပြောတဲ့အခါမှာ ပုံတိုပတ်စကလေးတွေနဲ့ဝေဝေဆာဆာ ပြောတတ်တယ်၊ အသောကလေး၊ အရွှန်းကလေးတွေလဲညှပ်ပြောတတ်တယ်၊ ဒါပေမဲ့လို့ ကိုယ်စိတ်ဆင်းရဲနေရတဲ့အရိပ်အယောင် ကိုတော့ ပျောက်သွားအောင် ဖုံးကွယ်လို့ မရဘူး၊ မိုင်ရာကလဲ ကိုဟာ ဘာ့အတွက် စိတ်မချမ်းသာဖြစ်နေရပါလိမ့်မယ်လို့ သိသိချင်နေခဲ့တယ်၊ အကြောင်းရင်းကို သိရပြီးတဲ့နောက် ဟော အခုလို ကို့ရဲ့ စိတ်ချမ်းသာမှုရအောင် မိုင်ရာက ဖြည့်စွမ်းပေးနိုင်တာမို့ ဝမ်းသာလို့မဆုံးပါဘူး ကိုရယ်၊ တကယ်ပြောတာပါ"

"ယုံပါတယ် မိုင်ရာလေးရယ်၊ မိုင်ရာလေးဟာ ကို့ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုပါပဲ၊ မိုင်ရာလေးသာမရှိရင် ကို့ဘဝဟာ အသေကောင်နဲ့ အတူတူ ဖြစ်သွားမှာပဲ"

"ဟုတ်ပါတယ်၊ မိုင်ရာတို့ဟာ တစ်ယောက်အလိုကို တစ်ယောက် ဖြည့်နိုင်ခဲ့တဲ့ ချစ်သူနှစ်ဦးပါ၊ ဒါပေမဲ့လေ တွေးကြည့်လိုက်ရင်တော့ မျှော်လင့်ချက် မဲ့သလောက် ပါဘဲ၊ ရေမရှိတဲ့ သဲကန္တာရကြီးထဲမှာ မျှော်လင့်တကြီးနဲ့ လျှောက်နေသလိုပါပဲလေ၊ ဒီဘဝမှာတော့ မိုင်ရာတို့ဟာ ဒီအခြေ ဒီအနေထက်ပိုပြီး ရှေ့တိုးဖို့ရာ လမ်းမမြင်ပါဘူး"

"အေးလေ၊ ကိုယ်သာ သတ္တိမွေးနိုင်ရင်တော့ ကိုယ့်ရဲ့လွတ်လပ်မှုကို ရအောင် ကြိုးစားနိုင်ပါလိမ့်မယ်၊ ဖြစ်ချင်လဲဖြစ်လာမှာပေါ့ အချစ်ရယ်"

"ဟင့်အင်း...၊ ဟင့်အင်း၊ ဒီလိုမပြောနဲ့ကိုရယ်၊ သူတစ်ပါးကို ထိခိုက်နစ်နာစေပြီးတော့မှ ကိုကို မိုင်ရာက ယူရမယ့် အလုပ်မျိုးကို မိုင်ရာ မလုပ်နိုင်ပါဘူး၊ ကို့ မိန်းမကြီးက ရောဂါသည်မဟုတ်လား၊ ကိုကပစ်သွားရင် သူ့မှာ ဒုက္ခ ရောက်ပြီး ကျန်ခဲ့မှာပေါ့၊ အဲဒီလိုပစ်ခဲ့ပြီးတော့မှ မိုင်ရာနဲ့ လက်ထပ်ရမယ်ဆိုရင် အဲဒီမိန်းမအပေါ်မှာ မတရားကျနေမှာပေါ့၊ ဒီလိုဆိုရင် မိုင်ရာတို့လဲစိတ်လက် ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်ကြမှာ မဟုတ်တော့ဘူး"

"အင်း...မိုင်ရာပြောသလိုဆိုတော့ ကိုယ်ဟာ စိတ်မချမ်းသာစရာ အဖြစ်နဲ့ တစ်သက်လုံးနေသွားရမလို ဖြစ်နေတာပေါ့"

"အို...ကိုရယ်၊ မိုင်ရာတို့နှစ်ယောက် လွတ်လွတ်လပ်လပ်နေဖို့ တခြား နည်းလမ်းကို မမြင်ပါဘူး၊ ဒီအကြောင်းကို ပြောနေလို့လဲအကြောင်းထူးမှာ မဟုတ်ပါဘူး၊ အခုလို တစ်ခါတစ်ခါမှာ တွေ့ရတာလောက်နဲ့ပဲ ကျေနပ်ရတော့မှာပေါ့၊ ဒါတောင်မှ သူ...ဟိုလေ ကိုရဲ့၊ ကို့ရဲ့ မိန်းမကြီးမသိအောင် တွေ့ကြမှ၊ သူသိသွားတယ်ဆိုရင် မိုင်ရဲ့ ပယောဂကြောင့် စိတ်ညစ်ရမယ့် အဖြစ်ကို

ရောက်မှာကို တွေးပြီး စိတ်ပူမိတယ်။ ဒါကြောင့်လေ အခုလို ချိန်းတွေ့နေတာကို အသိတစ်ယောက်ယောက်က မြင်သွားမှာကို သိပ်စိုးရိမ်မိတာပဲ"

"အဲဒီနေရာမှာတော့ ကိုယ်က မိုင်ရာထက်ပိုပြီး တစ်ကိုယ်ကောင်း ဆန်တယ်လို့ ပြောရမလားမသိဘူး၊ ကိုယ်တစ်ခါတစ်ခါ စိတ်ကူးယဉ်မိတယ်ကွ သိလား၊ တို့နှစ်ယောက် အတူတူနေလို့ ဖြစ်တဲ့အကြောင်း၊ တစ်ခုခု ဖြစ်လာရင် ဘယ်လောက်ကောင်းလိုက်မလဲလို့"

"အို ...အို၊ ဒီလိုမပြောနဲ့ကိုရယ်၊ မပြောကောင်းပါဘူး"

အတွဲမညီလှသော ချစ်သူနှစ်ဦးအပြန်အလှန် ပြောနေကြသည်မှာ ညနေဝင်၍ မှောင်စပျိုးလာသည်ကိုပင် သတိမပြုမိကြ။ နေလုံးကြီးမှာ လုံးဝပျောက်ကွယ်သွား လေပြီ။

သဘာဝ အမှောင်ခေတ်ကလည်းမရ၊ စိတ်လှုပ်ရှားမှု အရှိန်ကလည်းရှိနှင့်မို့ မိုင်ရာမှာ ကြက်သီးဖြန်းခနဲထသွားသဖြင့် ပတ်ဝန်းကျင်တွင် အလင်းရောင် မရှိတော့ သည်ကို သတိပြုလိုက်မိသည်။

"ကဲ ...ကိုရေ၊ မိုင်ရာ အိမ်ပြန်ဦးမယ်"

"မပြန်ပါနဲ့ကွယ်"

"မဖြစ်ဘူးကိုရယ်၊ တစ်ယောက်ယောက်တွေ့သွားရင် ဘယ့်နှယ့်လုပ်မလဲ"

"ခဏလေးလောက်ဖြစ်ဖြစ် နေပါဦးလား မိုင်ရာရယ်"

ပြောပြောဆိုဆိုနှင့် ပေါ(လ်)က မတ်တတ်ရပ်မိနေပြီဖြစ်သော မိုင်ရာ၏ လက်ကိုဆွဲ၍ အထိုင်နိုင်းသည်။

မိုင်ရာကလည်း ပေါ(လ်)၏ အလိုကိုလိုက်ကာ ခုံတန်းပေါ်တွင် ပြန်ထိုင်ကာ ပေါ(လ်)၏ ပခုံးကိုခေါင်းကလေးဖြင့် မှီနေသည်။

နှစ်ဦးသား ဘာစကားမျှမပြောဘဲ အတော်ကြီးကြာအောင် ထိုင်နေကြ၏။

ပေါ(လ်)ကတော့ တစ်စုံတစ်ခုကို ပြောချင်သည်။ သူ၏ နှုတ်ခမ်းများက တရွရွဖြစ်နေသည်။ သို့သော် စကားလုံးကထွက်မလာဘဲ၊ နှုတ်ခမ်းဝတွင်ပင် ပျောက်သွားရသည်။

မိုင်ရာကပြန်ရန်အတွက် ထပြီအားယူလိုက်တော့မှပင်၊ ပေါ(လ်)၏ နှုတ်ခမ်းမှ သူပြောလိုသည့်စကားက ထွက်လာနိုင်တော့သည်။

"ဒီမှာမိုင်ရာ၊ ကိုယ်တစ်ခုပြောချင်တယ်ကွယ်၊ ကိုယ်တို့ဒီလိုတွေ့တွေ့ နေရတာ အားမရဘူး၊ ပိုပြီးလွတ်လွတ်လပ်လပ်ရှိတဲ့ နေရာ တစ်နေရာကို တစ်ခါလောက် သွားကြရအောင် ဟုတ်လား၊ အဲဒီလိုသွားတာကိုလဲ ဘယ်သူမှမသိအောင် သွားကြတာပေါ့နော်၊ သွားကြရအောင်နော်"

စိတ်ကူးချိုချို

"ဒီလိုပဲတွေ့ရတာ မကောင်းဘူးလားကိုရယ်၊ ဒီလိုက မိုင်ရာအဖို့ စိတ်ရှင်းရှင်းလင်းလင်းရှိတယ်၊ ဟိုလိုဆိုရင် အပြစ်ကျူးလွန်မိသွားသလို စိတ်ထဲမှာခံစားနေရလိမ့်မယ်"

ပေါ(လ်)က ထပ်၍မတိုက်တွန်းတော့၊ စိတ်ပျက်အားလျော့သော အမူအရာဖြင့်သာ ပြန်ပြောလိုက်သည်။

"ကောင်းပါပြီလေ၊ မိုင်ရာသဘောပါပဲ"

မိုင်ရာကလည်း ငြင်းသာငြင်းလိုက်ရသည်။ စိတ်ထဲကမကောင်းလှ။ ပေါ(လ်)၏ စိတ်ပျက်အားငယ်သော မျက်နှာကိုတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် ထိခိုက်သွားသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ကိုရယ်၊ မိုင်ရာအခုလိုပြောလိုက်တာဟာ ကို့ကို မိုင်ရာက မချစ်လို့မဟုတ်ပါဘူး၊ မိုင်ရာက ကို့ကိုချစ်တာမှ စကားနဲ့ ပြောဖို့တောင် စကားလုံးရှာမရဘူး၊ ကိုပြောသလို မိုင်ရာလဲ ကို့နဲ့အတူတူ လွတ်လွတ်လပ်လပ်ကြီး တွေ့ချင်တာပေါ့၊ ဒါပေမဲ့"

မိုင်ရာပြောနေတုန်းပင် ပေါ(လ်)က ဖြတ်၍ပြောလိုက်ပါသည်။

"ဟုတ်ပါတယ် မိုင်ရာလေးရယ်၊ ကိုယ်သဘောပေါက်ပါတယ်"

ပေါ(လ်)က မိုင်ရာဘာများဆက်၍ ပြောဦးမလည်းဟု စောင့်နေသည်။ မိုင်ရာကလည်း ပြောရန်ဟန်ပြင်ပြီးမှ ဆတ်ခနဲနေရာမှ ထလိုက်သည်။

"ကဲ...ဒါတွေထားလိုက်ကြစို့ကို၊ တော်တော်တောင်မိုးချုပ်လာပြီ၊ ကို့အိမ်က မျှော်နေလိမ့်မယ် သွားကြစို့"

မိုင်ရာထသည်နှင့် ပေါ(လ်)လည်း ထရတော့သည်။

ပြန်သည့်အခါတွင် တစ်ယောက်တစ်လမ်းစီခွဲ၍ ပြန်ရမည်ဖြစ်သည်။

မခွဲခွာခင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နမ်းကြသည့်အခါ မွတ်သိပ်နေသော ပေါ(လ်)က အချိန်အကြာကြီးနမ်းပြီးမှ မိုင်ရာကိုလွှတ်တော့သည်။

မိုင်ရာက ပေါ(လ်)ကို တောင်းပန်စကားပြောသွားသည်။

"မိုင်ရာကိုစိတ်မဆိုးနဲ့နော်ကို ... မိုင်ရာစိတ်မရဲလို့ပါ၊ တစ်နေ့နေ့မှာတော့လည်း သတ္တိမွေးလို့ရချင်လဲရမှာပေါ့လေ၊ ဗွတ်ဘိုင်ကိုရေ"

ပေါ(လ်)ကလည်း အရွယ်နှင့်မလိုက် ချွဲချွဲပျစ်ပျစ်ပြန်၍ နှုတ်ဆက်လိုက်သည်။

"ဗွတ်ဘိုင် အချစ်ကလေးရေ၊ သွားပေဦးတော့"

**စိတ်ကူးချိုချို**

{၆}

အိမ်အပြန်လမ်းတွင် ပေါ(လ်)သည် သတ္တိမွေးလာခဲ့သည်။ မိန်းမ ကြောက်ရသူဟု အများကပြောလာသည်ကို မဟုတ်ကြောင်းသက်သေပြမည်ဟု စဉ်းစားလာခဲ့သည်။ ဤမျှ အားထုတ်စဉ်းစားလာသဖြင့် အောက်နှုတ်ခမ်းက ရှေ့ဘက်သို့ ချွန်ထွက်နေသည်ကိုပင် သတိမထားမိ။

"အယ်လီနာကို ကြောက်စရာမလိုဘူး၊ အိမ်ပြန်နောက်ကျတာ ဘာဖြစ်သလဲ၊ ကိုယ်ပြန်ချင်တဲ့အချိန်ပြန်မှာပေါ့၊ အယ်လီနာကပြောစမ်းပါစေ၊ သူပြောရင် ငါလဲပြန်ပြောလိုက်မယ်"

ဒါကတော့ ပေါ(လ်)က သူကိုယ်သူ ရဲဆေးတင်ရင်းစဉ်းစားမိသော တွေးလုံးများဖြစ်၏။

ဤတွေးလုံးများမှာ ကြာကြာတော့မခံပါ။

သူ့အိမ်ရှိရာ အင်း(မ်)ထရီးလမ်းသို့ ချိုးကွေ့လိုက်ပြီးနောက် သူ့အိမ်ကို လှမ်း၍ မြင်လိုက်သည်နှင့်ပင် သူတင်ထားသော ရဲဆေးများမှာ အရည်ပျော်ကျ၍ သွားကြလေပြီ။

တကယ်တော့ သူ၏ ပင်ကိုစိတ်တွင် ရန်လိုသောစိတ်မရှိပါ။ အေးအေးချမ်းချမ်းသာနေလိုပါသည်။ ထို့ကြောင့် အယ်လီနာ ဘာပြောပြော သည်းညည်းခံ၍ နေပါတော့မည်ဟု ဆုံးဖြတ်လိုက်ပြန်၏။

အိမ်ရှေ့တံခါးကိုသော့ဖွင့်၍ ဝင်သွားသည့် အချိန်တွင် ထမင်းစားခန်းထဲရှိ တိုင်ကပ်နာရီမှ ရှစ်နာရီထိုးသံကိုကြားရသည်။

ဒီလိုဆိုရင်တော့ သူသည် လေးဆယ့်ငါးမိနစ်တိတိ နောက်ကျနေပေပြီ။ အယ်လီနာက ထမင်းစားခန်းထဲမှာပင် ရှိနေဦးမှာ သေချာသည်။

သူထင်သည့်အတိုင်းပါပေ၊ ထမင်းစားခန်းထဲရှိ မီးလင်းဖိုကြီး ဘေးတွင် အယ်လီနာက ကုလားထိုင်တစ်လုံးဖြင့်ထိုင်နေသည်။ သို့သော် ဆံပင်များ အကျီ အဝတ်အစားများ ဖိုးရိုးဖားရားဖြင့်ရှိသော အယ်လီနာ မဟုတ်ပါ၊ ဆံပင်ကိုလည်း အကျအနပြုပြင်ထားသည်။ မျက်နှာပေါ်၌လည်း မိတ်ကပ်ခြယ်သထားသည့်မှာ ရုပ်ရှင်မင်းသမီးကပင် အရှုံးပေးလောက်သည်။ သူမ၏ ကြီးမားမောက်ဖြိုးသော ရင်အုံပေါ်တွင် ရွှေဆွဲကြိုးက လော်ကယ်သီးတန်းလန်းနှင့်ဆွဲလျက်သား၊ ဝတ်ထားသော ဘလောက်လက်တိုအကျီအဖြူရောင်မှာလည်း တကယ့်ကို ပုံကျပန်းကျပင်။

ဤသို့ဆိုတော့လည်း အယ်လီနာမှာ အတော်ပင်ကြည့်၍ကောင်းနေသည်။

ပေါ(လ်)က စ၍ နှုတ်ဆက်လိုက်သည်။

"ဟလို အယ်လီနာ ပျင်းနေပြီလား"

ငြိမ်းငြိမ်းချမ်းချမ်းနေလိုသော ပေါ(လ်)က လေပျော့ကလေးဖြင့် နှုတ်ဆက်ကားပြောလိုက်သည်ကို အယ်လီနာက အသံခပ်မာမာဖြင့် တုံ့ပြန်လိုက်သည်။

"ရှင် ဘယ်သွားနေတာတုန်း၊ ကျွုပ်ကတော့ ရှင် ပြန်တောင်မလာတော့ဘူးလို့ အောက်မေ့နေတာ"

"ကိုယ်ပြောခဲ့သားပဲ အယ်လီနာရဲ၊ ကိုယ်နည်းနည်းနောက်ကျပါမယ်လို့"

"ဟင် ...ဒါလား နည်းနည်းနောက်ကျတာ၊ ရှစ်နာရီတောင်ထိုးနေပြီ"

ငြိမ်းချမ်းလိုသူပေါ(လ်)မှာ ငြိမ်းချမ်းရေးမရနိုင်တော့ပြီ ဖြစ်သောကြောင့်န်ကိုရန်ချင်း တုံ့နှင်းဖို့ ဟန်ပြင်ရတော့၏။

"ဒီလောက်လဲ မဟုတ်သေးပါဘူးကွာ၊ နာရီက ဆယ့်ငါးမိနစ်မြန်နေတယ်၊ ခုမှ ခုနစ်နာရီလေးဆယ့်ငါးမိနစ်ပါ"

"ရှင်ပြောသလို နာရီက ဆယ့်ငါးမိနစ်မြန်နေတယ်ပဲထားပါတော့၊ ညစာနဲ့အချိန်က ခုနစ်နာရီမဟုတ်လား၊ ဒါကို ရှင်အသိသားနဲ့"

ပေါ(လ်)မှာ ခံပြင်းလာသည်။ ထို့ကြောင့် စိတ်ခပ်တိုတိုနှင့် ကုလားထိုင်င်လုံးကိုဆွဲယူ၍ ထိုင်ချလိုက်ကာ ဗိုနပ်ကြိုးဖြည်နေသည်။ ဗိုနပ်ကြိုး ဖြည်ရင်းနှင့်ပြောလိုက်၏။

"ဟေ့ ...ညစာစားတဲ့ အချိန်ဆိုတာဟာ ကိုယ်စားချင်တဲ့အချိန်ပဲကွ"

ညနေစောင်းကတည်းကပင် သူ၏ ဒေါသများကို ကြိုတင်စုဆောင်းလာခဲ့ည့် အယ်လီနာက ပေါ(လ်)၏စကားကို ပြန်ချေသည်။

"ရှင်စားချင်တဲ့အချိန်မှာမှစားတော့ အယ်နီကကြားထဲက ဒုက္ခရောက်ရတာ ကျွန်မကို မညှာချင်ရင်နေပါတော့၊ အယ်နီကိုတော့ညှာတာဖို့ ကောင်းပါတယ်၊ားပြီးရင် သူက ပန်းကန်တွေကိုဆေးရဦးမယ်"

ဒီအချက်တွင်တော့ ပေါ(လ်)ကို ကောင်းကောင်း ထိသွားၤ၏။ ပေါ(လ်)ကဟ်မလေး အယ်နီအပေါ်တွင် ညှာညှာတာတာဆက်ဆံကြောင်း ဂုဏ်ယူ၍လေ့ရှိသည်။ ထို့ကြောင့် အယ်လီနာ၏စကားကို ပြန်၍ချေရတော့သည်။

"ဒီမှာ မအယ်လီနာ ကျွုပ်က အယ်နီကို မညှာရအောင် ဘာများလုပ်လို့လဲ၊ ကို ကျွုပ်တတ်နိုင်သလောက် ကူညီလုပ်ကိုင်ပေးနေတာ ခင်ဗျားလဲ အသိပဲ၊ ကိုပဲ ခေါ်မေးကြည့်စမ်းပါဦး"

"အို ...အစစခံပဲဟာ၊ သူတို့ထင်မြင်ချက်ကို မေးကြည့်နေရဦးမှာလား၊ ရှင်ကလဲ မရှုးစမ်းပါနဲ့၊ နေပါဦး၊ ကျွန်မ မေးပါရစေဦး၊ တစ်ချိန်လုံးရှင်က ဘယ်ကိုသွားနေတာလဲ"

"ကျုပ် အလုပ်လုပ်နေတဲ့ ဘိရှော့အဘာကွန် ကောလိပ်မှာ ရှိနေတာပေါ့၊ ဘယ်ကိုသွားနေရမှာလဲ"

"အဲ့ဟိုမှာ ခုနစ်နာရီခွဲအထိ ရှိနေတာပဲလား"

"ဟုတ်တယ်လေ၊ တချို့ကလေးတွေကို စာထပ်ပြီး ပြနေရတယ်၊ ဒီနောက်တော့ ခေါင်းနည်းနည်းကိုက်တာနဲ့ ကျောင်းက ဆရာအင်ဂယ်(လ်)ဝု(ဒ်)နဲ့ အတူတူ လမ်းလျှောက်တယ်"

"ဩော် ...ဟို စကားအပြောအဆို ရိုင်းတဲ့လူလား"

"ဟုတ်တယ် ...အဲ့ဒီလူပဲ၊ ကျုပ်မှာ မိတ်ဆွေရင်းချာဆိုလို့ များများစားစား မကျန်တော့ဘူး၊ သူ့ကိုတော့ ပေါင်းသင်းနေရမှာပဲ"

"အို ...ရှင်ဘာသာရှင် ပေါင်းချင်ပေါင်းပါ၊ ကျွန်မကိုတော့ လာပြီး မိတ်ဆက်ပေးမနေပါနဲ့၊ ဒီလိုလူမျိုးက ဘယ်လိုများကျောင်းဆရာ ဖြစ်လာသလဲမသိဘူး"

ပေါ(လ်)က အယ်လီနာ ပြောလိုက်သည်ကို လှောင်ရယ်ရယ်၍ ပြန်ပြောသည်။

"အလိုလေးဗျာ...အဲဒီ အင်ဂယ်(လ်)ဝု(ဒ်)ဆိုတဲ့ ပုဂ္ဂိုလ်ကလဲ ခင်ဗျားက ကြွပါလို့ ဖိတ်တာတောင် လာမယ့်လူမျိုးမဟုတ်ပါဘူး၊ အိမ်တစ်အိမ်ဟာ သူ့ကို လိုလိုလားလားနဲ့ဖိတ်တယ် မဖိတ်ဘူးဆိုတာကို ကောင်းကောင်းအကဲခတ်နိုင်တဲ့ လူပါ၊ အေးလေ ကျုပ်ရဲ့မိတ်ဆွေ တော်တော်များများကတော့ ဒီအိမ်ဟာသူတို့ကို ဖိတ်ခေါ်ချင်တဲ့စိတ် မရှိဘူးဆိုတာ သဘောပေါက်သွားကြပါပြီ၊ ကဲ...ဒါတွေထားပါတော့၊ ညစာစားကြရအောင်"

အယ်လီနာက ပေါ(လ်)၏ စကားကို မည်သို့မျှပြန်၍ မပြော၊ လူခေါ်ခေါင်းလောင်းကြိုးကိုသာ ဆွဲလိုက်သည်။

မီးဖိုချောင်ထဲမှာ ကလင် ...ကလင် ဟူသော အသံထွက်လာ၏။

ခဏကြာသောအခါ အယ်နီသည် ညစာအတွက် ဟင်းပန်းကန်ပြားများကို ဗန်းတစ်ခုတွင်ထည့်လျက်ယူလာသည်။

အယ်နီအား ပေါ(လ်)က လှမ်း၍နှုတ်ဆက်လိုက်၏။

"အယ်နီရေ ဆောရီးပဲ၊ ကိစ္စကလေးတစ်ခုရှိနေတာနဲ့ ဝါနောက်ကျသွားတယ်ဟေ့"

"ကိစ္စမရှိပါဘူး ဦးလေး"

"ဘယ်ဟုတ်မလဲကွာ၊ လာလာ ... မြန်မြန်ချ၊ ငါနဲ့မစ္စစ်ပရက်ဆက်တို့ ...မြန်စားလိုက်ပါမယ်၊ ဒါမှနင်လဲ ညဉ့်နက်အောင်ပန်းကန်တွေ မဆေးရတော့ဘူး"

"ရပါတယ်ဦးလေးရဲ့၊ ကျွန်မလဲ တခြားဘာမှလုပ်စရာမရှိပါဘူး"

"ဒီလိုဆို တို့ကဘယ်တရားမလဲကွာ၊ ကဲ ... ဒီလိုလုပ်၊ တို့က ရှစ်နာရီခွဲမှာ ...ကြီးစားပြမယ်၊ ရှစ်နာရီခွဲထက် တစ်မိနစ်ကျော်တယ်ဆိုရင် တို့အရှုံးဟုတ်လား၊ ...ရှုံးရင် ငါကိုယ်တိုင်ဝန်းကန်တွေကိုဆေးမယ်"

အယ်လီနာကတော့ မျက်နှာထားတင်းတင်းနှင့် ကြည့်နေသည်။ အယ်နီ ...လေးကလည်း ပေါ(လ်)ကို မည်သို့မျှပြန်၍မပြောတော့ဘဲ မျက်နှာထားခပ်ပြုံးပြုံး ...လေးဖြင့်သာ မီးဖိုခန်းထဲသို့ဝင်သွားသည်။

သူတို့နှစ်ဦးတည်းကျန်သည့်အခါ အယ်လီနာကစ၍ တိုက်ပွဲဆင်သည်။

"ခုနက ကောင်မကလေးကိုပြောလိုက်တာဟာ သက်သက် ကျွန်မကို မခံချင် ...အောင်လုပ်တာပေါ့လေ၊ ဟုတ်လား"

"ဟင် ... ကျုပ်ဖြင့် သတိတောင်မထားမိလိုက်ပါဘူး"

"ရှင်သိတယ်မဟုတ်လား၊ အစေခံတွေနဲ့အရောတဝင်နေတာ ကျွန်မ ...ကြိုက်ဘူးဆိုတာ၊ အဲဒီလိုအရောဝင်မိရင် ခိုင်းလို့မကောင်းတော့ဘူး၊ ဒီလိုအရောဝင် ...လဲ ရှင့်ကို သူတို့ကပိုပြီး လေးစားလာမှာမဟုတ်ဘူး"

"ကျုပ်ကိုပိုပြီးလေးစားမယ်၊ မလေးစားလာဘူးဆိုတာက ကျုပ် ဘာသာ ...ဆုံးဖြတ်ရမယ့်ကိစ္စပါ၊ အယ်နီလေးကို အရောဝင်တာဟာ သူလုပ်ပုံကိုင်ပုံကို ...သဘောကျလို့ သူကလဲကျုပ်ကိုခင်တယ်"

အယ်လီနာသည် လက်ထဲမှ ခရင်းဖြင့် စားပွဲသုံးဓားကို အသာအယာ ...နေရင်း ပေါ(လ်)စကားကြောင့် မခံချိမခံသာဖြစ်နေသည်။ ပေါ(လ်)ကို ...ပြောရန် စကားလုံးရှာနေသည်။

ခဏကြာလျှင်ပင် ပေါ(လ်)ကို ချက်ကောင်းထိစေမည့် စကားလုံး ရှာတွေ့ ...တော့သည်။

"ဒီမှာပေါ(လ်)၊ ရှင်သိထားဖို့က အယ်နီကိုဘယ်သူငှားထားတာလဲ၊ သူဟာ ...မရဲ့အစေခံမကလေး၊ ကျွန်မကလခပေးထားတာ၊ ဒါကို သတိပြုမိရဲ့လား"

ချက်ကောင်းကိုထိသဖြင့် မခံမရပ်နိုင်ဖြစ်သွားသော ပေါ(လ်)က လက်ထဲမှ ...နှင့်ဓားကို ချလွှင့်ခနဲပစ်ချလိုက်သည်။

"တဆိတ်...မအယ်လီနှာ၊ ခင်ဗျားရဲ့ ပစ္စည်းစကား ပိုက်ဆံစကားတွေကို ဆက်မပြောပါနဲ့တော့၊ ကျုပ်ကြားရတာ နားမဆန့်တော့ဘူး၊ ကျုပ်သိပါတယ်၊ အားလုံးဟာ ခင်ဗျားပစ္စည်းတွေချည်းပဲဆိုတာ၊ ခင်ဗျားရဲ့ ပိုက်ဆံက တစ်နှစ် ၂၅၀ဒေါင်၊ ကျုပ်ရဲ့ပိုက်ဆံက ၁၅၀ပဲရှိတယ်ဆိုတာလဲ ခင်ဗျားရောကျုပ်ရောအသိပဲ၊ ခင်ဗျားအလိုရှိရင် အဲ့ဒါကိုဆိုင်းဘုတ်ရေးပြီး ဒီထမင်းစားခန်းထဲမှာ ချိတ်ထားမယ်လေ၊ ဒါမှနေ့တိုင်း ကျုပ်တို့ နှစ်ယောက်လုံး မြင်နေနိုင်မှာ၊ ခင်ဗျားပြောချင်နေတာကို ကျုပ်က ,သိပြီးသားပါ မအယ်လီနှာရယ်၊ ခင်ဗျားပြောချင်တာက ကျုပ်ကိုလက်ထပ် ခဲ့ရတဲ့အတွက် ကျုပ်မှာအမြတ်ကြီးပဲ၊ ခင်ဗျားဘက်ကတော့ အရှုံးထွက်နေတယ်ဆိုတာပဲ ဟုတ်လား၊ ဒါပေမဲ့ မအယ်လီနှာ အမှန်အတိုင်းကတော့ ကျုပ်ကို လက်ထပ်ခဲ့ရတာ ခင်ဗျားအကျိုးအတွက်လဲ ပါတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်လဲဒီလောက် မအသေး မနသေးပါဘူး"

ပေါ(လ်)၏ စကားလုံးများကြောင့် အယ်လီနှာ၏ မျက်လုံးများသည် ဒေါသအရောင်ဖြင့် တပြောင်ပြောင်ဖြစ်လာသည်။

"ဒီမှာ ပေါ(လ်)၊ ရှင်ဟာ ကျွန်မကို တော်တော်များများ ကိစ္စတွေမှာ လိမ်လည်လှည့်ဖျားခဲ့တယ်၊ ရှင့်အဖေနဲ့အမေအကြောင်းဆိုရင်လဲ လိမ်ပြော ခဲ့တာပဲ ရှင့်ပညာရေးနဲ့ပတ်သက်လို့လဲ ကိုယ်အောင်တဲ့အတန်းယက်ပိုပြီး ပြောခဲ့တာပဲ ရှင်ငြင်းချင်သေးလား"

"ဟော့...ဟော့၊ ကျုပ်အဖေနဲ့အမေကိုတော့ ဒီထဲဆွဲမသွင်းပါနဲ့၊ သူတို့ ဆင်းရဲတာမှန်ပါတယ်၊ သူတို့ဘာသာနေကြပါစေ၊ ခင်ဗျားကကော ဘယ်ဘဝက လာတာတုံး၊ ကိုယ့်ဘဝကိုယ်လဲပြန်ကြည့်ပါဦး မအယ်လီနှာရဲ့၊ အင်း...ခင်ဗျားက ကျုပ်ရဲ့ပညာရေးအဆင့်အတန်းကိုဝေဖန်တယ်၊ ဝေဖန်ချင်တဲ့လူက ပညာရေးနဲ့ ပတ်သက်လို့ ဘယ်လောက်များနားလည် လို့လဲ၊ ခြောက်ပဲနီတန် ဝတ္ထုကလေး တွေသာဖတ်နေတဲ့လူက ,ပညာရေးအကြောင်းကို ပြောနေတော့၊ ဟား...ဟား မပြုံးဘဲနဲ့ ဝါလုံးကွဲအောင် ရယ်လိုက်ချင်သေးတယ်"

အယ်လီနှာမှာ ပို၍ဒေါသပွသည်ထက် ပွလာ၏။

"ကဲ...ပြောလက်စနဲ့ ,ဆက်တော့ပြောလိုက်ရဦးမယ်၊ ရှင်သိထားဖို့က ရှင့်ကိုကျွန်မလက်ထပ်မယ်လို့ လုပ်နေတဲ့အချိန်ကဆိုရင် တချို့မိတ်ဆွေ တွေက ပြောတောင်ပြောကြတယ်၊ ရှင်ဟာ ကျွန်မနဲ့"

အယ်လီနှာ၏ စကားမဆုံးသေးမီအယ်လီနှာ၏စကားကို ပေါ(လ်)က အဆုံးသတ်၍ ပေးလိုက်၏။

"မတန်ဘူးလို့ပြောကြတယ်မဟုတ်လား၊ ကောင်းပါပြီ၊ မတန်ဘူးဆိုရင် အနုကတည်းက လမ်းခွဲနိုင်ပါတယ်၊ ကျုပ်ဟာအစကတည်းက တစ်ယောက်တည်း နေလာခဲ့တာပဲ၊ ရှေ့ဆက်ပြီး တစ်ယောက်တည်း မနေနိုင်စရာအကြောင်းမရှိပါဘူး၊ ကျုပ်ကိုနှစ်နှစ်ကာကာချစ်နေတဲ့ မိန်းမတစ်ယောက်တွေ့ချင်လဲတွေ့ဦးမှာပေါ့"

သူ့ကိုအားကိုးတကြီးနှင့် ချစ်နေသောမိန်းကလေးတစ်ယောက် ရှိနေကြောင်း ကို ဖွင့်ပြောလိုက်ချင်သည့်စိတ်ပင် ပေါ်လာသည်။

သို့သော် ပေါ(လ်)က စိတ်ကိုထိန်း၍ လေချိုပြန်၍ သွေးလိုက်ပါသည်။

"ကဲ ...ကဲ၊ ရှေ့ဆက်သာ ပြောနေကြရရင် အကျယ့်အကျယ်မငြိမ်းဖွယ် ဖြစ်နေလိမ့်မယ်၊ ရပ်တန်းကရပ်ကြစို့၊ ကျုပ်ကလဲသူများနဲ့ ခွန်းကြီးခွန်းငယ် စကားများချင်တဲ့လူ မဟုတ်ဘူး"

အယ်လီနာကလည်း လျှော့သွားသည်။

"အင်းလေ၊ ကျွန်မတို့စကားကို စဉ်းစဉ်းစားစားပြောကြတာပေါ့၊ အခုမှတော့ ည်မိတဲ့ဘုရား လင်းတနားနားပဲပေါ့၊ အိမ်ထောင်ကျတာပဲ ဆယ်နှစ်ကျော်နေပြီ"

"ဟုတ်ပါ့တယ်၊ ဒီလိုတော့ရှိတယ်၊ အေးအေးချမ်းချမ်းနေကြဖို့ အရေးမှာ မင်းများကလဲ ခင်ဗျားရဲ့ပိုက်ဆံ၊ ခင်ဗျားရဲ့ပစ္စည်းတွေ အကြောင်းကို ရှေ့တန်း တင်တင်ပြီးမပြောနဲ့ပေါ့၊ ဒီလိုဆိုရင်တော့ ကျုပ်မကြိုက်ဘူး"

အတန်ကြာမျှနှစ်ဦးလုံးစကားမပြောဘဲ ငြိမ်သွားကြ၏။

ပေါ(လ်)က အမဲသားပြုတ်နှင့် အာလူးပြုတ်ကို ခရင်းနှင့်ကလော်၍ စားနေ သည်။ ဤသို့သောစားပုံကို အောက်တန်းစားလူများစားနည်းဟု အင်္ဂလန်ပြည်တွင် သတ်မှတ်ထားကြသည်။ အထက်တန်းစားနှင့် လူလတ်တန်းစားတို့စားပုံမှာ ခရင်းနှင့် ကလော်၍မစားဘဲ၊ ဘယ်လက်ဖြင့် ကိုင်ထားသော ခရင်းနှင့်ထိုးလျှင်လည်း ထိုသို့ မဟုတ်၊ ခရင်း၏ အနုံးပေါ်တွင် စားမည့်အစာကိုတင်၍ ဖြည်းဖြည်းချင်း ပါးစပ် အတွင်းသို့သွင်းရသည်။ ဓားကို ယာလက်ဖြင့်ကိုင်၍ အသားငါးတို့ကို လှီးဖြတ်သည်။

ပေါ(လ်)မှာ အယ်လီနာနှင့် မတွေ့မီကတည်းကပင် ဤပုံမျိုးနှင့် စားလာ ခဲ့သည်ဖြစ်ရာ အကျင့်ပါနေသည်။ သာမန်အချိန်များတွင်မူ အထက်တန်းစားများ နည်းအတိုင်း စားလေ့ရှိသော်လည်း၊ ယခုကဲ့သို့ စိတ်တိုနေသည့်အခါမျိုးတွင်ကား၊ လေးဆယ်အကျင့်ရခဲ့သည့် စားပုံအတိုင်း စားမိလေတော့သည်။

မဟာဆန်ချင်သူ အယ်လီနာကမူ အထက်တန်းစားများ၏ နေ့ထိုင် စားသောက်ပုံအတိုင်း တစ်ပြားသားမျှမလျှော့ပေ။

ပေါ(လ်)က သူ၏ရှေ့တွင် လက်ယာဘက်လက်ဖြင့်ခရင်းကိုကိုင်က
အသလူးပြွတ်နှင့်အမဲသားကို ဇွန်းဖြင့် ကော်စားသကဲ့သို့စားနေသည်ကို မြင်ရသော
အခါ သူ၏ ပါးစပ်ကို ချုပ်တည်း၍မရတော့။စိတ်အေး လက်အေးရှိနေသည်
အချိန်တွင်မှ ယခုကဲ့သို့ ပြောမိကောင်းမှပြောမိပေမည်။

သူက ကောက်ခါငင်ကာပြောချလိုက်မိသည်။

"ရှင့်မလဲ ခရင်းကြီးနဲ့ ကော်ကော်ပြီးစားနေလိုက်တာ၊ ဒီလို အောက်တန်း
စားတွေ စားတဲ့ပုံမျိုးကို ဖျောက်လို့မရဘူးလား၊ ကြည့်ရတာ စိတ်ပျက်ဖို့ကောင်း
လိုက်တာ"

အယ်လီနာ၏ စကားလုံးများမှာ ပေါ(လ်) အဖို့ မိုးကြိုးသွား အလားပင်

ပေါ(လ်)က ဝုန်းခနဲခုန်ထလိုက်သည်။ ထို့နောက် ပေါင်ပေါ်မှ လက်သုတ်ပဝါ
ကို စားပွဲပေါ်သို့ပစ်ချလိုက်ကာ အယ်လီနာကိုပြန်၍ အော်လိုက်သည်။

"ဟေ ...ခင်ဗျားက ကျုပ်ကို ဆရာလုပ်ပြန်ပြီလား၊ ဒီမှာ ကောင်းကောင်း
နားထောင်၊ ကျုပ်စားချင်သလိုစားမယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ နားလည်
လား"

ပေါ(လ်)၏ မျက်လုံးများမှာ ဒေါသကြောင့် အရောင်တဖျတ်ဖျတ် ထွက်နေ
သည်။

အယ်လီနာကလည်း ဆတ်ခနဲထလိုက်ကာ ပြန်၍ပြောသည်။

"ရှင် ...ဒီလိုရိုင်းရိုင်းစိုင်းစိုင်းပြောနေမယ်ဆိုရင်၊ ကျွန်မ ဒီအခန်းထဲမှာ မနေ
နိုင်ဘူး ထွက်သွားရလိမ့်မယ်"

"ထွက်သွားပါဗျာ၊ ခင်ဗျားပြောတဲ့စကားထဲမှာ ဒီစကားလုံးဟာ ကျုပ်အ
နားဝင်အချိုဆုံးပဲ"

"ဟင် ...ရှင် ...ရှင် သိပ်ရိုင်းပါလား၊ အညှာအတာလဲလုံးဝမရှိဘူး၊ ဒေါက်တာ
ဝါးတားဟော(လ်)က ကျွန်မကို သတိပေးထားတာ ရှင်သိတယ် မဟုတ်လား
ကျွန်မဟာ စိတ်လှုပ်ရှားမှုဖြစ်အောင်မနေရဘူး၊ ကောင်းပြီ၊ ကျွန်မအခန်းထဲမှာ
သွားနေတော့မယ်၊ အယ်နီကိုသာ ကျွန်မနေမကောင်းလို့ အပေါ်ထပ်တက်သွားပြီလို့
ပြောလိုက်တော့"

အယ်လီနာက တံခါးဆီသို့ ဒေါနှင့်မောနှင့် လျှောက်၍ထွက်သွားသည်။

ပေါ(လ်)ကတော့ ခပ်ထေ့ထေ့ပြန်ပြောရင်း ကျန်ခဲ့သည်။

"ကောင်းပါပြီဗျာ ပြောလိုက်ပါ့မယ်၊ ကျုပ်ရဲ့အောက်တန်းစား အမူအရာ
တွေကြောင့် ခင်ဗျားတစ်ယောက် နေမကောင်းဖြစ်သွားပါတယ်လို့"

ထိုနောက်တွင်ကား ပေါ(လ်)က ညစာကိုဆက်၍စားရင်းကျန်ခဲ့သည်။ ခဏကြာသော် ခေါင်းလောင်းတီး၍ အယ်နီကိုခေါ်လိုက်သည်။

အယ်နီရောက်လာသည့်အခါတွင် ပန်းကန်ခွက်ယောက်များကို အယ်နီနှင့်အတူ ဝိုင်းဝန်း၍သိမ်းပေးသည်။

သိမ်းဆည်းပြီးသွားသည့်အခါ၌ မီးလင်းဖိုဘေးရှိ ကုလားထိုင်တွင် ထိုင်ကာ စာတစ်အုပ်ကို ဆွဲယူ၍ဖတ်၏။ သို့သော် စာအုပ်ထဲသို့ အာရုံသွင်း၍မရ ဖြစ်နေသည်။

အယ်လီနာအပေါ်၌ မကျေမနပ်ဖြစ်နေလေလေ၊ သူ့ချစ်သူကလေး မိုင်ရာနှင့် ညနေကတွေ့ခဲ့ရပုံကို ပြန်လည်သတိရလေလေ ဖြစ်နေသည်။

ဤအနှောင်အဖွဲ့ကြီးမှ လွတ်မြောက်လိုသည့်ဆန္ဒမှာ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။

ဘယ်လိုလုပ်ရပါ့မလဲ။

အမျိုးမျိုးစဉ်းစားကြည့်၏။ ကွာရှင်းရင်ကောင်းမလား၊ ဒါလည်း မဖြစ်၊ လင်မယားကွာရှင်းမှုဖြစ်သော ကျောင်းဆရာတစ်ဦးကို မည်သည့် ကျောင်းကမှ လက်ခံလိုခြင်းမရှိကြ။ တစ်ဖန် သူ၏ကျောင်းမှ မည်သို့မျှ မပြောသေးဦးတော့၊ အယ်လီနာက သူ၏ နောက်ကြောင်း ရာဇဝင်ကို အမှန်အတိုင်းကျောင်းသို့ သတင်းပေးနိုင်၏။ အယ်လီနာသည် အညိုးကြီးသူဖြစ်သဖြင့် သူ၏ ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် ကြိုးစား ဆောင်ရွက်မည်မှာ သေချာ၏။ ကျောင်းဆရာအလုပ် လုပ်ရတော့လျှင် ငတ်ပေါက်တိုးပေမည်။

အခြားနည်းလမ်းရှိသေးသလားဟု စဉ်းစားကြည့်သည်။ တစ်နည်းသာလျှင် စဉ်းစား၍ရသည်။ ဤနည်းမှာ အယ်လီနာသေအောင်ဆုတောင်း ဖို့ပင်ဖြစ်ပေသည်။ အယ်လီနာသည် နှလုံးရောဂါရှိသူဖြစ်၍ သေမည်ဆိုလျှင်လည်း သေနိုင်သည့် အလားအလာရှိ၏။

သို့သော် သူ၏ကြင်နာစိတ်က ဤသို့စဉ်းစားရကောင်းလားဟု သူ့ကို အပြစ်တင်သည်။

သို့သော် ဆက်၍ မစဉ်းစားဘဲလည်း နေ၍မရ။ တစ်ကိုယ်ကောင်းဆန်သည်မှာတော့မှန်ပါသည်။ သူ့တွင် ဦးနှောက်ရှိနေသည်မို့ မစဉ်းစားဘဲလည်း နေလို့မရပေ။

ပေါ(လ်)က သူ့ကိုယ်သူ ဖျောင်းဖျသည်။ ငါကသူ့ကိုသေစေချင်တာ စေတနာရှိတာမှမဟုတ်ဘဲ၊ သူ့ဘာသာ သူ့ရောဂါကြောင့် သေသွားရင်လို့

ခဲ့ဦးစားတာပဲ၊ အပြစ်မရှိပါဘူး၊ အပြစ်မရှိပါဘူး၊ သူသေသွားရင်တော့ ငါလဲ
လွတ်လပ်မယ်၊ သူ့ငွေတွေ၊ သူ့ပစ္စည်းတွေလဲရမယ်၊ အဲဒီလိုဆိုရင် ကျောင်းဆရာ
အလုပ်ကိုတောင် လုပ်ဖို့မလိုတော့ဘူး၊ ငါ့နောင်ရေးတွက်လဲ စိတ်အေးရရော...။

ဟာ...မဟုတ်သေးပါဘူး၊ သူ့ပိုက်ဆံနဲ့ သူ့ပစ္စည်းတွေကိုလိုချင်လို့
သူ့ကိုသေစေချင်တာမှမဟုတ်ဘဲ၊ ဒီဇိုသာစိတ်ထားရင် ငါလူယုတ်မာ ဖြစ်နေ
မှာပေါ့၊ သူသေမှ ငါ့အဖို့လွတ်မြောက်မှုရမှာမို့လား၊ သူသေရင် ကောင်းမယ်လို့
စိတ်ကူးမိတာပဲ။

ဟယ်...တကယ်တော့ အယ်လီနာဟာ သနားစရာပါပဲ၊ သူ့ကိုလဲ တခြား
ယောကျ်ားတစ်ယောက်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင်နေစေချင်ပါတယ်၊ ငါလဲ
လွတ်မြောက်မှုရချင်ပါတယ်၊ မြွေလဲမသေ၊ တုတ်လဲမကျိုးပေါ့၊ အဲဒီလိုများဖြစ်ရင်
တော့ အတိုင်းထက်အလွန်ပါပဲ ...။

ပေါ(လ်)သည် ဘောင်းဘီအိတ်နှစ်ဖက်စလုံးတွင် လက်နှိုက်၍ မီးလင်းဖို
ပေါင်ပေါ်တွင် ခြေတင်လျက် စဉ်းစားခန်းဝင်နေသည်မှာ မီးလင်းဖိုမှ မီးငြိမ်း
သွားသည်အထိဖြစ်၏။

{၇}

နောက်တစ်နေ့တွင် ပေါ(လ်)–အယ်လီနာတို့မှာ ယခင်နေမြဲတိုင်း ပုံစံအတိုင်
ဖြစ်သွားကြ၏။ အေးအေးလူလူနေချင်တတ်သည့်ပေါ(လ်)က အယ်လီနာနှင့် စကာ
မများရအောင် တတ်နိုင်သလောက်ရှောင်သည်။ အမှန်တော့လည်း သူ
လင်မယားမှာ တစ်ဦးနှင့်တစ်ဦး သိပ်တွေ့ကြသည်တော့မဟုတ်ပေ။ ပေါ(လ်)
နံနက်စောစောအိပ်ရာမှထလေ့ရှိသည်။ နံနက်စာ စားပြီးသည်နှင့် ဂေါ်ပြားကလေ
တစ်ခုကိုကိုင်ကာ ပန်းခြံထဲတွင် ဟိုအပင်တူးလိုက် သည်အပင်ဆွလိုက်နှ
အလုပ်ရှုပ်နေတတ်သည်။ ပန်းခြံထဲမှပြန်၍တက်လာပြီးနောက် အိပ်ခန်းထဲ၌ပင်ရှိ
သေးသော အယ်လီနာကိုလာ၍ နှုတ်ဆက်ပြီးမှ သူ၏ကျောင်းသို့ သွားသည်

ညနေဘက်ကျောင်းမှ ပြန်လာပြီးသည့်နောက်တွင်လည်း အယ်လီနာ
စကားစမြည်ပြောခြင်းသိပ်မရှိလှ၊ အခြားလုပ်စရာမရှိလျှင်ဆေးတံခဲကာ စာတစ်
ကို ဆွဲယူဖတ်နေလေ့ရှိသည်။ ညစာ စားပြီးလျှင် အယ်လီနာကလည်း ပေါ(လ်)
ဝတ်ကျေဝတ်ကုန် ဂွတ်နိုက်ကစ်(စ်) ပေးကာ သူ၏အိပ်ခန်းသို့ တက်သွားလေ
သည်။

*စိတ်ကူးရိုးရိုး

စာဖတ်ရင်း ကျန်ခဲ့သော ပေါ(လ်)အဖို့ အိပ်ချင်စိတ်ပေါ်လာသည့် အခါ၌ သူ၏အခန်းသို့သွား၍ အိပ်လိုက်ရုံသာရှိတော့သည်။ အယ်လီနာထံ ဆောင်တော်ကူး၍ မသွားနိုင်ပေ။ အယ်လီနာသည် မူလကပင် စိတ်အား ထက်သန်မှုနည်းပါးသူဖြစ်ရာ၊ ယခုလိုအသက်ကလည်းထောက်လာ၊ နှလုံးရောဂါကလည်းရှိနေသည့် အခါ အနေတွင် လင်စိတ်သားစိတ် လုံးဝကုန်ခန်းနေပေသည်။

အယ်လီနာကိုယ်တိုင်ကလည်း ဤလိုစိတ်မျိုး ကုန်ခန်းသွားသည့် အဖြစ်ကို ဂုဏ်ယူပြောဆိုလေ့ရှိသည်။

အယ်လီနာ ဂုဏ်ယူပြောနိုင်သော်လည်း ပေါ(လ်)ကတော့မခံချင် ဖြစ်ရသည်။ မခံချင်သည်မှာ အယ်လီနာကိုအလိုရှိ၍တော့မဟုတ်။ အယ်လီနာပြောနေပုံမှာ ပေါ(လ်)ကိုလင်သားတစ်ဦးအဖြစ် လူရာမသွင်းသည့် ပုံပေါက်နေသောကြောင့် မခံချင်ဖြစ်ရခြင်းဖြစ်သည်။

မခံချင်ဖြစ်လေလေ သူ့အချစ်ကလေး မိုင်ရာ ပြောလိုက်သည့် တစ်နေ့နေ့မှာတော့လည်း သတ္တိမွေးလို့ ရချင်ရလာမှာပေါ့ဟူသော စကားလုံးများကို သတိရလေလေ ဖြစ်နေ၏။

ထိုနေ့အတွက် အယ်လီနာ၏ တစ်နေ့တာမှာလည်း ခါတိုင်းနေ့များ ကဲ့သို့ပင်ဖြစ်၏။ ပေါ(လ်)ကျောင်းသို့ထွက်သွားပြီးနောက် မကြာမီပင် အိပ်ရာမှထကာ မှန်တင်ခုံရှေ့တွင် အဝတ်အစားလဲသည်။ အဝတ်အစားဝတ်ရင်း အယ်နီနှင့် ရောက်တတ်ရာရာစကားများပြောသည်။ သူ၏ ယခင်ယောကျ်ား မစ္စတာပုပ်လက်ထက်တွင်ယခုထက်ပို၍ တင့်တင့်တယ်တယ် နေခဲ့ရကြောင်း၊ မစ္စတာကော်ဆက်မှာ လူတော်တစ်ယောက် ဖြစ်သော်လည်း အောက်စဖို့တက္ကသိုလ်မှဘွဲ့မရခဲ့သဖြင့်၊ ကျောင်းဆရာလေးလောက်မျှသာ ဖြစ်နေကြောင်းတို့ကိုလည်း ပြောပြနေသည်။ အယ်နီကလည်း ဖုံသုတ်ရင်းနှင့် "ဟုတ်လား" "ဟုတ်ကဲ့" အခါရှိသည်ဖြင့် အလိုက်အထိုက် ပြန်ပြောနေရ၏။

အဝတ်အစား လဲဖယ်ပြီးနောက် အိမ်တွင် အိမ်မှုကိစ္စကလေး နည်းနည်းပါးပါးလုပ်သည်။ ပြီးလျှင် ကာလီဒိုနီယန် လမ်းမကြီးဘက်သို့ ဈေးဝယ်ထွက်သည်။ ဈေးဝယ်ရာမှပြန်လာပြီးသည့်နောက် နေ့လည်စာ စားသည်။ ဤသည်တို့ကား ဒီနေ့မှသာမဟုတ်၊ နေ့တိုင်းလုပ်နေကျ အလုပ်များဖြစ်ပေသည်။

နေ့လည်စာ စားပြီးသွားသည့်အခါတွင် အယ်လီနာအဖို့ လုပ်စရာ အလုပ်မရှိဖြစ်နေပြန်သည်။ ထို့ကြောင့် ခြောက်ပဲနီတန် ဝတ္ထုတစ်အုပ်အုပ်ကို ဖတ်ရတော့သည်။

အယ်လီနာသည် ဝတ္ထုဖတ်သည့်အခါတွင် အလွမ်းအဆွေးပါသော ဝတ္ထုများကိုမဖတ်ပေ။ အလွမ်းအဆွေးကိုတွေ့ချင်လျှင် တကယ့်ဘဝကြီးထဲမှာ တွေ့နိုင်သားပဲဟု သူကပြောလေ့ရှိသည်။ သူဖတ်သည့် ဝတ္ထုများထဲမှ ဇာတ်ကောင် များမှာ ဒုက္ခနှင့်မတွေ့ရကြ။ ပျော်ရွှင်မှုကိုသာရကြသည်။

ဤတွင် စိတ်ပြေလက်ပျောက်ဖြစ်စေရန်၊ ဝတ္ထုကိုဖတ်သည့် အယ်လီနာမှာ စိတ်ပြေလက်ပျောက်မဖြစ်နိုင်တော့၊ ဝတ္ထုထဲမှ ဇာတ်ကောင်များ၏ ပျော်ရွှင်စရာ အဖြစ်နှင့် သူ၏ တကယ်ဘဝအဖြစ်တို့ ကွာခြားပုံကို သတိပြုမိလာ၏။ ထို့ကြောင် ဖတ်လက်စ ဝတ္ထုကိုချထားလိုက်သည်က များပေ၏။

ယနေ့ နေ့လည်တွင်လည်း ဝတ္ထုဖတ်ရင်းနှင့် ချထားပြန်သည်။ ဝတ္ထုဖတ်၍ စိတ်ပြေလက်ပျောက်မဖြစ်နိုင်လျှင် အခြားနည်းလမ်းတစ်ခု ရှိသေး၏။ ထိုနည်း လမ်းမှာ သူ့ကဲ့သို့ပင် ခင်ပွန်းသည်များ အလုပ်သွားစဉ် အိမ်တွင်တစ်ဦးတည်းကျ နေသည့် မိတ်ဆွေများထံ အိမ်လည်သွား၍ စကားစမြည် ပြောရန်ဖြစ်၏။

ဤသို့ အိမ်လည်သွားရန် အကောင်းဆုံးအိမ်မှာ အယ်လီနာနှင့် တစ်လမ်း တည်းနေသော မစ္စစ်ဘက်စီဖား(လ်)၏ အိမ်ဖြစ်သည်။ မစ္စစ်ဘက်စီဖား(လ်)သည် မုဆိုးမဖြစ်သည့်ပြင် ကလေးလည်းမရှိ၊ ထို့ကြောင့် စကားစမြည်ပြောရသည်မှာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးရှိသည်။

တကယ်တော့ စကားစမြည် ပြောသည်ဆိုခြင်းမှာ အိမ်နီးနားချင်းများ၏ အတင်းကိုပြောကြခြင်းဖြစ်သည်။ သို့သော် ယနေ့ နေ့လည်တွင် အယ်လီနာက မနေ့ညက သူ့ယောကျ်ားနှင့်စကားများရသည့်အကြောင်းကို အလွန်တရာပြောချ နေသည်။ ဘက်စီနှင့်ပြောရသည်မှာ စိတ်ချမ်းသာ၏။ ဘက်စီက အယ်လီန ပြောသည်ကို ဂရုတစိုက်နားထောင်ကာ အယ်လီနာ အပေါ်၌ ကရုဏာသက်သည် စကားများဖြင့် ပြန်၍ပြောလေ့ရှိသည်။

အယ်လီနာက မျက်ရည်လည်နေသော မျက်လုံးများဖြင့် သူ၏ အကြောင်းက စလိုက်သည်။

"ဘက်စီရယ် ကျွန်မကတော့ ကျွန်မဝမ်းထဲက အပူလျော့လို လျော့ငြ ဆိုပြီး ဘက်စီဆီကိုလာခဲ့တာပဲ၊ ကျွန်မအကြောင်းတွေ ကြားရတာ ဘက်စီတေ နားငြီးမလားမသိဘူး"

"ပြောပါ အယ်လီနာရဲ့"

ပြောရန် တိုက်တွန်းလိုက်သည့် ဘက်စီ၏အသံတွင် စိတ်အား ထက်သန် အပြည့်ရှိကြောင်းသတိထားမိနိုင်သည်။ တကယ်လည်းစိတ်အား ထက်သန်

ပါသည်။ ဘက်စီမှာ မိတ်ဆွေတစ်ဦးကို ကူညီလိုသည့် ဆန္ဒကြောင့် အယ်လီနာအား ပြောရန် တိုက်တွန်းခြင်းဖြစ်သကဲ့သို့ အယ်လီနာ၏ ကိုယ်ရေးကိုယ်တာအကြောင်းကို သိရလိုသည့်ဆန္ဒက စေ့ဆော်နေသောကြောင့်လည်း ယခုကဲ့သို့ တိုက်တွန်းမိခြင်း ဖြစ်ပါသည်။

"ပြောမယ် ဘက်စီရယ်၊ ပြောလိုက်ရမှ ကျွန်မရင်ထဲမှာ ပေါ့သွားမှာ"

"အယ်လီနာ ...ဘာမှ ရှက်မနေနဲ့၊ ကျွန်မတို့အချင်းချင်းတိုင်တိုင်ပင်ပင်ပေါ့၊ တစ်ယောက်တည်းကြိတ်ပြီးခံနေရရင် ခံစားရတာသက်သာမှာ မဟုတ်ဘူး"

"ဒီလို ဘက်စီရဲ့ မနေ့ညက ကျွန်မတို့လင်မယား ရန်ဖြစ်ကြတယ်၊ အဲဒီလို ဖြစ်လို့ ရင်တုန်ရတာ အခုအထိ တုန်တုန်းပဲ၊ သူလွန်သလား၊ ကိုယ်လွန်သလား တော့ ဆုံးဖြတ်လို့မရဘူး၊ ဒါပေမဲ့ သူကတော့ အခု တလောမှာ ထစ်ခနဲဆို ခင်တိုတိုလာတာတွေ့ရတယ်၊ သူ့မှာ လျှို့ဝှက်ချက် တစ်ခုခုရှိနေသလိုပဲ၊ သူ့ကို နည်းနည်းကလေး မပြောလိုက်နဲ့၊ ပြောလိုက်တာနဲ့ ပြန်အော်တော့တာပဲ"

"ဟုတ်လား...ပေါ(လ်)လဲ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုခု ရှိနေလို့နဲ့ တူပါတယ်"

"ဒါပေမဲ့ ဘက်စီရယ်၊ သူ့မှာ ဘာများ စိတ်အနှောင့်အယှက် ဖြစ်စရာရှိလို့လဲ၊ ကျွန်မနဲ့နေရတာ သူ့အဖို့ ကောင်းကောင်းမွန်မွန် အေးအေးလူလူ နေရတာမဟုတ် ဘူးလားလို့၊ သူ့ဘာသာသူဆိုရင် ဒီလို အခြေအနေမျိုးနဲ့ နေနိုင်မလား၊ ဝေးသေး တယ်၊ ပြီးတော့လဲ ဘက်စီရယ် ရန်ဖြစ်တဲ့အကြောင်းကလဲ ကြည့်ပါဦး၊ ညက အိမ်အပြန် နည်းနည်း နောက်ကျလို့ စကားလေးတစ်ခွန်း နှစ်ခွန်းလောက် ကျွန်မက ပြောလိုက်မိတယ်၊ တကယ်ထဲ ကျွန်မကို အော်လိုက် ဒေါက်လိုက်တာ၊ ကျွန်မကို စိတ်ဆိုးမလားလို့တောင် စိုးရိမ်မိတယ်"

"အို...ပေါ(လ်)က ဒီလိုအကြမ်းပတမ်း လုပ်မဲ့လူစားမျိုးမဟုတ်ပါဘူး၊ အယ်လီနာရဲ့"

"အင်း...ညက သူ ကျွန်မကို ကြည့်နေတဲ့ အမူအရာကတော့ ကျွန်မကို မုန်းတီးနေတဲ့ အမူအရာမျိုးပဲ"

ပြောရင်းနှင့် အယ်လီနာက လက်ကိုင်ပဝါကိုထုတ်ကာ မျက်လုံးတွင် စို့လာ သည့် မျက်ရည်များကို သုတ်ပစ်လိုက်သည်။

သူကပင် ဆက်၍ပြောသည်။

"အခုတော့ မထူးပါဘူးလေ၊ ပြောလက်စနဲ့ပဲ ပြောရတော့မှာပဲ။ သူနဲ့ကျွန်မ က တကယ်တော့ အဆင့်အတန်းချင်း ကွာခြားနေတာမို့ အခုလိုဖြစ်ရတာပဲ၊

ဒီအကြောင်းကို သူများဆိုရင်တော့ ကျွန်မကမပြောပါဘူး၊ ဘက်စီမို့လို့သာ ပြောပြတာ၊ ဘက်စီစိတ်ထဲမှာပဲထားပါနော်၊ တခြားလူတွေကို ပြောမပြပါနဲ့၊ ဟုတ်လား၊ ဘက်စီရယ် ကျွန်မကတော့ သူ့အပေါ်မှာ အမြဲတမ်းသစ္စာရှိပါတယ်၊ သူကတော့ကျွန်မနဲ့ လက်ထပ်ရင် အခြေအနေ ပိုကောင်းတယ်၊ လူရာဝင်ပြီး ဝင်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လက်ထပ်ခဲ့တာ သိရဲ့လား"

ဘက်စီက ဖြေ၍ ပြောရာသည်။

"အို ...အယ်လီနာရယ် ဒီလိုမပြောပါနဲ့"

"ဒါပေမဲ့ ဒီအတိုင်းဖြစ်လာခဲ့တာကိုး ဘက်စီရဲ့၊ မပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကနေ့ ကျွန်မမှာသာပိုက်ဆံတစ်ပြားမှမရှိတဲ့အဖြစ်ကို ရောက်ကြည့်စမ်းပါလား၊ သူချက်ချင်း ကျွန်မကိုစွန့်သွားမှာပေါ့"

အယ်လီနာမှာ မျက်ရည်များကျမလာစေရန် ပါးစပ်ကိုဖွင့်လိုက် ပိတ်လိုက်ဖြင့် လုပ်ရင်း လက်ထဲမှ လက်ကိုင်ပဝါကိုလည်း ကျစ်ကျစ်ပါအောင်လုံး၍နေသည်။

"မဟုတ်တာ အယ်လီနာကလဲ၊ အလကား ဒါတွေလျှောက်ပြောနေတယ်၊ ပေါ(လ်)က ဘယ်ကိုသွားမှာမို့လဲ"

"အို ...ဘက်စီ မသိဘူးနော်၊ သူက ကျွန်မကိုယူမိတာမှားတယ်လို့ ထင်နေတာ၊ ဒါပေမဲ့ သူနားမလည်တဲ့အချက်က တစ်နှစ်ကို ပေါင် ၂၅၀၀ဝင်ငွေရှိပြီး အိမ်တစ်လုံးအပြည့် ပရိဘောဂပစ္စည်းတွေရှိတဲ့ မိန်းမမျိုးကို လက်ထပ်ချင်တဲ့လူတွေ ပြည့်နေတယ်ဆိုတဲ့အချက်ပဲ၊ သူ့မှာဆိုရင် ဘာပစ္စည်းမှ ပါမလာဘူး၊ ကျွန်မကသာ ကျွန်မရှိတဲ့ပစ္စည်းတွေဟာ သူ့ ပစ္စည်းပဲလို့ သဘောထားခဲ့တာ"

ဘက်စီက ချော့လေ၊ အယ်လီနာက မျက်ရည်လည်လာလေလေ ဖြစ်နေ သည်။

"အခုတော့...အခုတော့ ကြည့်ပါဦး ဘက်စီရယ်၊ကျွန်မကို မညာမတာ ပြောရက်လိုက်တာ"

ပြောပြီးသည်နှင့် 'အင့်'ခနဲ တစ်ချက်ရှိုက်လိုက်သဖြင့် ဘက်စီက အနားသို့ တိုး၍ ချော့ရပြန်သည်။

ဘက်စီက သူ၏ခင်ပွန်း ကပ္ပတိန်ဖား(လ်)ရှိစဉ်က သူတို့ လင်မယား သည်လည်း စကားများရန်ဖြစ်ခဲ့ကြဘူးကြောင်း၊သို့သော်လည်း ရက်အနည်းငယ် ကြာလျှင် တည့်သွားကြကြောင်း ချော့မော့ပြောဆိုရသည်။

ဘက်စီ၏ အားပေးမှုကြောင့် အယ်လီနာမှာ စိတ်အားတက်လာသည် ထို့ကြောင့် ပေါ(လ်)ပြန်ရောက်သည့်အချိန်တွင် အယ်လီနာမှာ စိတ်အတော်ကလေး ကြည်လင်သည့် အနေအထားသို့ ရောက်နေပေပြီ။

**စိတ်ကူးချိုချို**

သို့သော် သူတို့နှစ်ဦးမှာ စကားတော့များများစားစား မပြောမိကြ။ ပေါ်(လ်)ကဆေးတံကို ပါးစောင်တွင်ခဲလျက် စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေသည်။ အယ်လီနာကလဲ သူ၏ ခြောက်ပဲနီတန်ဝတ္ထုစာအုပ်ကို ဖတ်နေသည်။

အယ်လီနာကလည်း အင်း ...ဘက်စီပြောလိုက်သည့်အတိုင်းပါပဲလေ၊ ယောကျ်ားဆိုတာကတော့ သူတို့နေချင်သလိုနေတတ်ကြတာပါပဲ၊ စကား သိပ်မပြောပေမယ့် သူတို့ရှိနေတာကိုကပဲ အဖော်ရတယ်လို့ အောက်မေ့ရမှာပေါ့၊ သူသေသွားတယ်ဆိုရင်တောင်မှ ငါ့အဖို့ခက်သေးတယ် ...အစရှိ သဖြင့် တွေးနေမိသည်။

နောက်နေ့များတွင်လည်း ဤပုံစံအတိုင်းပင် နေသွားကြလေသည်။

အယ်လီနာအဖို့ ပေါ်(လ်)အပေါ်တွင် နှစ်နှစ်ကာကာရှိလှသည် မဟုတ်ပေမယ့် ပြတ်ပြတ်တောင်းတောင်းတော့ မဆက်ဆံပေ။

ပေါ်(လ်)ကလည်း အယ်လီနာ၏ အနှောင်အဖွဲ့မှ လွတ်မြောက်လိုသည့် ဆန္ဒရှိသော်လည်း အယ်လီနာနှင့် ပြတ်ပြတ်စဲစဲလုပ်ရဲသည့် သတ္တိလည်းမရှိ၊ ရက်ရက် စက်စက်ခွဲသွားလိုသည့် ဆန္ဒလည်းမရှိ ဖြစ်နေသည်။

မိုင်ရာကလည်း ပေါ်(လ်)ကို မခွဲနိုင်မခွာနိုင်ဖြစ်နေပြန်၏။

ဤသို့မရေမရာအခြေအနေတွင် ပေါ်(လ်)က ထူးထူးခြားခြား တစ်ခု ဖြစ်လာပါစေဟုသာ ဆုတောင်းနေရတော့သည်။

သူတို့၏ အိမ်တွင်းရေးကိုမူ မစ္စစ်ဘက်စီမှလွဲ၍ အရပ်ထဲမှ လူများက မသိပ်မိကြပေ။ အေးချမ်းသာယာသောအိမ်ထောင်တစ်ခုဟုသာ ထင်မြင်တိုင်းထင်နေကြသည်။

## {၈}

ဤတနင်္ဂနွေနေ့သည် ပေါ်(လ်)အဖို့ ပျော်စရာ တနင်္ဂနွေနေ့ပေတည်း။ ရောက်သည်မှာကြာပြီဖြစ်သော သူ၏ ဇာတိရွာကလေးသို့သွားကာ ဖခင်အိုကြီးနှင့် မိခင်အိုကြီးကို တွေ့ရမည်ဖြစ်၍သာ ပျော်နေသည် မဟုတ်ပါ။ ညနေစောင်းတွင် သူ၏ချစ်သူကလေးနှင့် ဟီ(လ်)ဂါ(သ်) ဘူတာရုံတွင် ချိန်းထား၍လည်း ပျော်သည် ထက်ပျော်နေခြင်းဖြစ်ပါသည်။

လန်ဒန်မြို့မှ သူ၏ဇာတိ ပက်ဗီးရွာသို့သွားရန် ဟီ(လ်)ဂါ(သ်) မြို့အထိ ရထားစီးရသည်။ ဟီ(လ်)ဂါ(သ်)ကမှ တစ်ဖန် ပက်ဗီးသို့ ဘတ်(စ်)ကားစီးရသည်။

ရထားပေါ်တွင်ကတည်းက ပေါ(လ်)မှာ စိတ်ကူးယဉ်လာခဲ့သည်။ သူ၏ ချစ်သူကလေးပြောခဲ့သည့် 'တစ်နေ့နေ့ကျရင်တော့လဲ သတ္တိမွေးလို့ ရချင်ရလာမှာပေါ့ ကိုရယ်...' ဟူသော စကားကို သူ့နားထဲတွင် ပြန်လည် ကြားယောင်နေမိသည်။ ထို့ကြောင့် ဒီနေ့များ မိုင်ရာသတ္တိမွေးလို့ရရင် ဘယ်လောက်ကောင်းလိုက်မလဲဟု မျှော်လင့်နေမိသည်။

ပက်ဖီးသို့ ရောက်လာသောအခါ သူ့ဖခင်၏ စာရေးကိရိယာဆိုင် ဖွင့်ခဲ့သော အိမ်ရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။ ယခု ဆိုင်မရှိတော့ပေ။ သူ့ဖခင်နှင့်မိခင်တို့မှာ အသက်ခုနစ်ဆယ်ကျော်ကြပြီဖြစ်၍ အိမ်ကလေး တစ်လုံးတွင် အေးအေးချမ်းချမ်း နေထိုင်နေကြသည်။

အဘိုးကြီးနှင့် အဘွားကြီးတို့သည် ပေါ(လ်)ကို တွေ့လိုက်သည်နှင့် အလွန် အကြူးဝမ်းသာသွားကြသည်။ သူတို့၏သားကြီးကို တစိမ့်စိမ့်ကြည့်၍ ပီတိဖြစ်နေ ကြသည်။ ဖခင်အိုကြီးက ဣန္ဒြေဆောင်နိုင်သေးသော်လည်း၊ မိခင်အိုကြီးကမူ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။ သူ့သားကြီးစားရန်အတွက် နေ့လည်စာကို အကောင်းဆုံးဖြစ်ရန် ချက်ပြုတ်သည်။ ပေါ(လ်)က သူပါကူ၍လုပ်ပေးပါမည် ဆိုသည်ကိုပင် မလုပ်စေရ။ သားတော်မောင် ဂုဏ်သရေရှိ မြို့သားကြီး၏ ဝတ်ကောင်းစားလှများ ပေကျံကုန်မည်ဟုဆို၏။

သားအမိသားအဖ သုံးဦးသား စားရင်းသောက်ရင်း စကားပြောရင်းနှင့် အချိန်မှာ တတိတိကုန်သွားသည်။

ပေါ(လ်)က ညနေ သုံးနာရီခွဲရထားဖြင့် ပြန်ရမည့်အကြောင်းပြောထားရာ မိခင်အိုကြီး ဂျိန်းက 'မပြန်လို့မဖြစ်ဘူးလား သားကြီးရယ်...' ဟု ပြောရာသည်။ သူ့မိခင်ကြီးကို လိမ်ရသည့်အတွက် ပေါ(လ်)က စိတ်တော့ မကောင်းလှပေ။ သို့သော် မလိမ်၍မဖြစ်ပေ။ မိုင်ရာအား ဟီ(လ်)ဂါ(သ်) ဘူတာရုံတွင် စောင့် ရဦးမည်ဖြစ်လေသည်။

နေ့လည်စာ စားပြီးသွားသောအခါ သူတို့မိသားစုသည် ရွာထဲသို့ တစ်ပတ် လျှောက်ကြ၏။ အဘိုးကြီးအော်ဘရေးနှင့် အဘွားကြီးဂျိန်းတို့မှာ သူတို့သားကြီး ပြ၍ အရပ်ထဲမှလူများအား ကြွားရသည်မှာ မဆောနိုင် မပန်းနိုင်ပါပေ။

ညနေ နှစ်နာရီခွဲတွင် ဟီ(လ်)ဂါ(သ်)မြို့သို့သွားသည့် လမ်းပေါ်ရှိ နာရီစင်ကြီး ရှေ့တွင် သူတို့သားကြီးနှင့် ခွဲခွာကြရသည်။ မိခင်ဖြစ်သူ ဂျိန်းက သူ့သားကြီးအား နောက်တစ်ခေါက်လာရန် တတွတ်တွတ် မှာရှာသည်။ ပေါ(လ်)ကနှုတ်ဆက် ဟီ(လ်)ဂါ(သ်)ဘက်သို့ ထွက်လာ သည့်အခါ၌လည်း သားကြီးအား မျက်စိတစ် ကြည့်ရင်း ကျန်ခဲ့ရှာသည်။

**စိတ်ကူးချိုချို**

သူ၏ မိဘနှစ်ဦးထံမှ ထွက်လာခဲ့ပြီး၍ နာရီဝက်မရှိသေးမီပင် ပေါ(လ်)သည် ပါ(သ်)ဘူတာရုံသို့ ရောက်လာ၏။ သူက ဘူတာရုံတွင်းသို့ ဝင်၍ စောင့်ဆဲ။ ဘူတာရုံအထွက်ရှိ ဈေးရုံဟောင်းကြီးဘေးမှ စောင့်နေသည်။ ချိန်းထားသည်မှာ မိုင်ရာက ဘူတာရုံပေါက်မှ ထွက်လာလျှင် ပေါ(လ်)က လျှောက်သွားသည်။ မိုင်ရာက နောက်မှ လိုက်လာရမည်။ မြို့ပြင်လူပြတ်သည့် သို့ရောက်မှ တစ်ဦးနှင့်တစ်ဦး စကားပြောကြမည်ဟူ၏။ ဤသို့ဖြင့် သူတို့ မှာ ဘူတာရုံတွင် ချိန်းထားကြောင်း ဘေးလူများ မရိပ်မိစေရန်ဖြစ်သည်။

တောကြာသောအခါ ရထားဆိုက်သည့်အသံကို ကြားရသည့် ပေါ(လ်)က ဖြင့် ဘူတာရုံပေါက်သို့ကြည့်နေရသည်။ မိုင်ရာလာခဲ့လျှင်ဟု သူ့စိတ် ဆင်မိသည်။

တစ်မိနစ်ခန့်ကြာသောအခါ ဘူတာရုံပေါက်မှ မိုင်ရာထွက်လာ သည်ကိုတွေ့ရ သည်။ မျှော်လင့်တကြီးဖြင့်စောင့်နေသည့် ပေါ(လ်)၏ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွား ၏။ ယခုကဲ့သို့အဝေးမှမြင်ရသည့်အခါမျိုးတွင် မိုင်ရာမှာ အသက်နှစ်ဆယ်ကျော် ကလေး တစ်ယောက်ကဲ့သို့ ထင်ရသည်။

မူလအစီအစဉ်အတိုင်းပင် သူကရှေ့မှလျှောက်သွားသည်။ မိုင်ရာက နောက်မှ လာသည်။

တဖြည်းဖြည်းဖြင့် မြို့ပြင်သို့ထွက်မိကြကာ မြက်ခင်းများ၊ စမ်းချောင်း ကလေးများကိုကျော်၍ ယာခင်းများရှိရာသို့ရောက်လာခဲ့သည်။

မြေပြင်မှာ တညီတည်းမဟုတ်၊ ကုန်းတန်းကလေးများရှိသလို ချိုင့်ဝှမ်း ကလေးများလည်းရှိသည်။ ထိုသို့သော ချိုင့်ဝှမ်းတစ်ခုတွင် ဝက်သစ်ချပင်ကြီး မှာ ယှဉ်လျက်သားပေါက်နေသည်။

ပေါ(လ်)က ထိုဝက်သစ်ချပင်ကြီး နှစ်ပင်အကြားမှရပ်၍ မိုင်ရာကို စောင့်နေ သည်။

မိုင်ရာ နီးလာလေလေ ပေါ(လ်)၏ရင်ထဲမှာ ပို၍ ခုန်လာလေလေ ဖြစ်၏။

မိုင်ရာ...မိုင်ရာ...

ယခု လောလောဆယ်အားဖြင့်ကား ပေါ(လ်)သည် မိုင်ရာနှင့် နှစ်ပါးကြည်ရ စိတ်စောနေမိသည်။

မိုင်ရာကိုယ်တိုင်ကလည်း အတော်ကလေး အလှပြင်လာသည်။ ဆေးဆိုး ဖြင့် ပါးကလေးနှစ်ဖက်မှာ ပန်းရောင်ရင့်ရင့်၊ နှုတ်ခမ်းအစုံမှာတော့ သွေး အသွေး...

သူ့အနီးသို့ ရောက်လာသည်နှင့် ပေါ(လ်)က မိုင်ရာကိုသိမ်းကျုံး၍ ဖက်က
အနမ်းဖြင့် နှုတ်ဆက်လိုက်သည့်အခါ၌၊ မိုင်ရာသည်လည်းအတော် ကလေ
စိတ်လှုပ်ရှားနေသည်ကို ပေါ(လ်)က သတိပြုလိုက်မိသည်။

"ကဲ...လာ...လာ... မိုင်ရာ၊ ကိုယ်တို့ ဟောဒီလမ်းကလေး အတိုင်
လျှောက်သွားရင်တဖြည်းဖြည်းနဲ့ တောင်ကုန်းပေါ်ကို ရောက်သွားမှာပဲ၊ အပေါ်က
စီးကြည့်လိုက်ရင် ရှုမျှော်ခင်းက သိပ်သာယာတာပဲ"

မိုင်ရာကလည်း အင်္ဂလိပ်လူမျိုး ပီသစွာ ရာသီဥတုအကြောင်းကိုပင်
ပြောလိုက်သည်။

"ဒီနေ့ တော်တော်သာယာတယ်နော်"

"ဟုတ်တယ်၊ ဟော...ကြည့်စမ်း...ကြည့်စမ်း၊ ပျံလွှားကြီးတွေ၊ ဒီကောင်တွေ
အခုထက်ထိရှိနေသေးတယ်၊ ပျံလွှားအငယ်စားကလေးတွေကတော့ ဒီရာသီမှာ
အေးလို့ တောင်ဘက်ကိုပြောင်းသွားကြပြီ"

"မိုင်ရာက ငှက်တွေကို အမျိုးမခွဲနိုင်ပါဘူး၊ ကိုဘယ်လိုလုပ် သိသလဲ"

သူ့ချစ်သူကလေးက အထင်တကြီး အမေးခံလိုက်ရသည့်ကြောင့် ကို
ပေါ(လ်)က ခပ်ကြွားကြွားပြုံး၍ ဖြေလိုက်၏။

"မိုင်ရာ မေ့သွားပလား၊ ကိုယ်ဟာ တောမှာမွေးပြီး တောမှာ လူလာ
မြောက်ခဲ့ရတယ်ဆိုတာ၊ နောက်ပြီး ငှက်အကြောင်း လေ့လာရတာ သိပ်ဝါသနာပ
တယ်၊ တောမှာမွေးခဲ့တဲ့အကြောင်းကို ပြောမိတော့မှပဲ မိုင်ရာကို ပြောစရာရှိတာ
သတိရတော့တယ်၊ ကိုလေ ဒီနေ့မိုင်ရာကို ပြောပြဖို့ အကြောင်းတစ်ခုရှိတယ်
သိလား"

"ဘာများလဲ ကို"

ပေါ(လ်)က သူ့၏ ဇာတိရွာဖြစ်သော ပက်ဖီးရွာကို လက်ညှိုးဖြင့် ညွှန်ပြရင်း
ပြောပြသည်။

"အဲ့ဟိုရွာဟာ ကိုယ့်ဇာတိရွာပဲ မိုင်ရာရဲ့"

မိုင်ရာက ခပ်နောက်နောက်ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ပြောတော်မူပါဦးဘုရား၊ ဘုရားကျွန်မကလေး မသိလို့ ပါတဲ့"

"ဟင်း...တီးလိုက်ရ၊ ကိုယ်က အကောင်းပြောနေတာ၊ အရင်တုန်း
မိုင်ရာကိုပြောပြခဲ့တာ အကုန်မဟုတ်သေးဘူး"

ပေါ(လ်)က သူငယ်စဉ်က လက်တိုလက်တောင်းအခိုင်းခံ ကော
ကလေးတစ်ယောက်အဖြစ် လုပ်ခဲ့ရပုံကို အကျယ်တဝ့်ပြောပြပြီး ဤသို့လုပ်ခဲ့ရသ

ကြောင်းကို မည်သူ့မျှပြောမပြခဲ့ဘူးကြောင်း၊ ယခုမှသာ ဖွင့်ဟဝန်ခံခြင်း
ဖြစ်ကြောင်း ပြောပြ၏။

ပေါ(လ်)မှာ မည်သည့်အကြောင်းကိုပင် ပြောသည်ဖြစ်စေ အုံပိုစာသား
လေး အနည်းငယ်ထည့်တတ်သည့် ဝါသနာမှာပျောက်၍မရ။ ယခုလည်းဖွင့်ဟ
န်ခံပါသည်ဟုပြောသည့်တိုင် တကယ်အဖြစ်ထက် အနည်းငယ်တော့ချဲ့၍
ပြောလိုက်မိသေးသည်။

ပြောပြီးသည့်အခါ၌ မိုင်ရာက ဘာပြန်ပြောမလဲဟု စောင့်နေသည်။

သူစောင့်နေသည့်အတိုင်း မိုင်ရာက သူကြားချင်သည့် ချီးမွမ်းစကားကို
ပြောပါသည်။

"ဟုတ်လားကို၊ မိုင်ရာသိပ်ဝမ်းသာတာပဲ သိလား"

"ဝမ်းသာတယ်...ဟုတ်လား၊ ဘာ ဝမ်းသာတာတုံး မိုင်ရာရဲ့"

"ဒီလိုလေကိုရဲ့၊ ကိုကလဲ ဒီလိုဖုံးထားတဲ့ အပြစ်ကလေးတွေ ရှိတယ်ဆိုတော့
ရာအဖြစ်နဲ့ ပိုပြီးတူလာလို့ပေါ့၊ အခုဆိုတော့ မိုင်ရာတို့ နှစ်ယောက်ဟာ အတူတူနဲ့
နှဆိုတာမျိုး ဖြစ်သွားတာပေါ့၊ မိုင်ရာ ဆိုရင်လဲ အသက်သုံးဆယ်ရှိတာကို
ဆယ့်ခုနစ်နှစ်ပဲရှိသေးသလို ဟန်ဆောင်တာမျိုးတို့၊ အရည်အချင်းနဲ့ပြည့်တဲ့
ယ်တန်းပြဆရာမလို ဟန်ဆောင်ပြီး ကျောင်းအုပ်ဆရာကြီးကို ပြောခဲ့တာ၊
တယ်တော့ မိုင်ရာက ဟုတ်တိပတ်တိတာတ်လှတာ မဟုတ်ဘူး"

"အဟုတ်ပဲလား မိုင်ရာရယ်၊ မင်းကလေးဟာ အရာရာမှာ သဘောထားကြီး
သတယ်၊ သူများချွတ်ယွင်းချက်ကိုလဲ ဖြည့်ပြီးကြည့်နိုင်တယ်"

ပေါ(လ်)က အရမ်းကာရော ချီးမွမ်းနေသောကြောင့် မိုင်ရာက မနေတတ်
ိုင်တတ် ဖြစ်သွားသည်။

"ဒီလောက်လဲ မဟုတ်ပါဘူးကိုရာ၊ အမှန်ကတော့ မိုင်ရာက ကို့လောက်
ယ်ကျင့်တရားမပြည့်ဝပါဘူး"

ဤတွင်ပေါ(လ်)က သူပြောလိုသည့်အကွက် ဝင်လာသဖြင့် ကိုယ်ကျင့်တရား
ကြောင်း ထည့်ပြောလိုက်သည်။

"ဟင်...ဒီနေရာမှာတော့ မိုင်ရာက ကို့လောက် ကိုယ်ကျင့်တရား မပြည့်ဝ
ဘူးပြောတယ်၊ ကို့တကျိုကျိုနဲ့ နားပူနေတဲ့ကိစ္စကျတော့ မိုင်ရာရဲ့ကိုယ်ကျင့်
ကိုငဲ့ရသေးတယ်၊ ဘာတယ်နဲ့လုပ်နေပြန်ရော"

"ဘာကိစ္စကိုပြောတာလဲကိုရဲ့"

"အမလေး...အသိသားနဲ့ မသိချင်ယောင်ဆောင်နေပြန်ပြီ"

"အို…ဒါကတော့"

"ဘာ…ဒါကတော့လဲ မိုင်ရာ၊ ကိုကို ကန်တော့ခွင့်ရည်းပဲ လောင်းနေတာ မဟုတ်လား"

မိုင်ရာမှာ ရုတ်တရက်ပြန်မပြောနိုင်သေး။ မြက်ပင်တစ်ပင်ကို ဆွဲနုတ်လိုက်ပြီ ဟိုယမ်းသည်ယမ်းယမ်းရင်း စဉ်းစားနေရသေးသည်။

အတန်ကြာမှ အသံတိမ်တိမ်ကလေးဖြင့် ပြန်ပြောရှာသည်။

"တစ်နေ့နေ့ပေါ့ ကိုရယ်၊ တစ်နေ့နေ့မှာတော့ ကိုဖြစ်ချင်သလို ဖြစ်ချင် ဖြစ်လာမှာပေါ့"

ပေါ(လ်)က မိုင်ရာ၏ လက်ကလေးကို လက်ကောက်ဝတ်မှ ကိုင်က ဖျစ်လိုက်သည်။

"အဲ့ဒီနေ့ဆိုရင် တကယ့်ကိုပျော်စရာကြီး ဖြစ်မှာနော်မိုင်ရာ၊ အဲ့ဒီနေ့မှ ဘာတွေလုပ်ကြမယ်ဆိုတာ ပြောကြရအောင်"

"အို…ကိုကလဲ၊ မိုင်ရာစိတ်မလုံပါဘူး"

"အဲဒီလိုဆိုရင်လဲ ကိုယ်တို့နှစ်ယောက်ဟာ လွတ်လပ်တဲ့သူတွေ အဖြစ် ချစ်မိကြတယ်ဆိုရင် ဘာတွေလုပ်ကြမလဲဆိုတာ စိတ်ကူးယဉ် ကြည့်ရ မကောင်းဘူးလား၊ ကိုယ်တော့ အဲဒီလို ခဏခဏ စိတ်ကူးယဉ် ကြည့်မိတ သိလား၊ အိမ်ထောင်ပြုပြီးကြပြီဆိုရင် အရေးကြီးဆုံးက နေဖို့အိမ်ပဲ၊ အဲဒီအိမ် တောပိုင်းတစ်နေရာမှာရှာမယ်ကွာ၊ ပြီးတော့ ချက်ဖို့ပြုတ်ဖို့နဲ့ အနွေးဓာတ်ရဖို့ထင်း မီးသွေးတို့ရှာရမယ်၊ အဲဒါတွေ ပြည့်စုံရင် စားဖို့အစာပေါ့၊ အူမတောင့်မှ သီ ဖောင့်မယ် မဟုတ်ဘူးလား၊ ဒီနောက်တော့ ပတ်ဝန်းကျင်တောတောင်ရေမြေ အရသာကိုခံကြတာပေါ့၊ ဘယ့်နှယ်လဲ"

မိုင်ရာကလည်း အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ မိုင်ရာလဲ တောမှာနေရတာကို သဘောကျတ လူတွေအများကြီးနဲ့ မနေချင်ဘူး၊ ကိုယ်မသိတဲ့ လူတွေ ကြားထဲမှာနေရ ခေါင်းနောက်စရာကြီး၊ အကြောင်းသိတဲ့ လူတစ်ဦး နှစ်ဦးလောက်နဲ့သာ အတူ နေရရင်တော့ စိတ်ပျော်စရာပဲ၊ မိုင်ရာလေ တစ်ခါတလေ မိုင်ရာအဒေါ်လ တောမှာသွားနေချင်တဲ့စိတ်ပေါ်လာတယ်၊ အဲဒီအဒေါ်အိမ်မှာ မိုင်ရာငယ်င တုန်းကသွားနေတဲ့အကြောင်းကို ကိုကို မိုင်ရာပြောပြဘူးတယ် မဟုတ်လား"

"ဟို…ကန်တော်ကြီးဒေသကို ပြောတာလား"

"ဟုတ်တယ် ကိုရဲ့၊ အဲဒီဒေသက သိပ်သာယာတာပဲ၊ ကန်ကလဲတစ်ခုတည်း မဟုတ်ဘူး၊ အများကြီး၊ တောင်ကတုံးကလေးတွေလဲရှိတယ်၊ အဲဒီနေရာ တစ်ပိုက်မှာတော့၊ မိုင်ရာ့အဖို့ ကိုယ်ဓာတိ ဒေသလိုပါပဲ၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ အကုန်သိပါတယ်၊ အားတဲ့ရက်တိုင်းလိုလို ရောက်နေတာမဟုတ်လား"

ချစ်သူနှစ်ဦးသားပြောလိုက်သည်မှာ ပြောစရာစကား မကုန်နိုင်အောင်ရှိ၏။ စားစရာလည်း ဘာမှပါမလာသဖြင့် မိုင်ရာတွင်ပါသော ဓာတ်ဘူးထဲမှ လက်ဖက်ရည်ကိုသာ သောက်ကြရသည်။

မိုင်ရာက ပြန်ကြရအောင်ဟူ၍ စကားစလိုက်သည့်အခါတွင်တော့ ပေါ(လ်)မှာကျင်စက်နှင့်အတို့ခံလိုက်သူအလား တွန့်ခနဲ ဖြစ်သွားသည်။ ပေါ(လ်)မှာ တစ်ချိန်လုံးမျှော်လင့်ချက်ကြီးစွာထားနေသူဖြစ်သည်။ ဤနေ့သည် သူ့အတွက် အလိုပြည့်သည့်နေ့ဖြစ်နိုင်အောင် ဉာဏ်နီ ဉာဏ်နက်အမျိုးမျိုးထုတ်နေစဉ် မိုင်ရာက ပြန်တော့မည်ဟု ဆိုလိုက်သည်ကြောင့် စိတ်အပျက်ကြီးပျက်သွားတော့၏။

သို့သော် ပြန်ရန်အတွက် ဟန်မပျက် ထိုင်နေရာမှ ထရတော့သည်။ နှစ်ယောက်သား လက်ချင်းချိတ်လျက် တောင်ကုန်းပေါ်မှဆင်းလာကြသည့် အခါ၌ တစ်ဦးနှင့်တစ်ဦးစကားမပြောမိကြ။ အတွေးကိုယ်စီနှင့်သာ ဆင်းလာကြသည်။

ပေါ(လ်)ကမူ ရင်ထဲတွင် တဒိန်ဒိန်းနှင့် သူခဲလာခဲ့သမျှ သဲရေကျရပေတော့မည်ဟု စိတ်ပျက်လက်ပျက်ဖြစ်နေသည်။

ပေါ(လ်)၏ ရင်ထဲတွင်အုံကြွနေသောခံစားမှုသည် မိုင်ရာ့ထံသို့လည်း ကူးစက်သွားဟန်ရှိသည်။

ဆင်းလာရင်းနှင့် လူသွားလမ်းကလေးသည် တောအုပ်ကလေး တစ်ခုသို့ ဖြတ်သွားသည့်နေရာသို့ ရောက်လာသည်။

ပေါ(လ်)က မိုင်ရာ၏လက်ကိုဆွဲကာ လမ်းကလေးမှသည် သစ်ပင်များ အကြားသို့ ခေါ်လာခဲ့သည်။

မိုင်ရာက မပွင့်တပွင့်ရယ်ရင်း ပေါ(လ်)ကို မေးလိုက်သည်။

"ဘယ်သွားမလို့လဲ ကိုရဲ့"

မိုင်ရာ၏ အသံမှာအနည်းငယ်တုန်နေသည်။

ပေါ(လ်)က တိုတိုဖဲပြန်ပြောသည်။

"အို...လာသာ လာစမ်းပါ မိုင်ရာရဲ့"

သစ်ကိုင်းခြောက်များ သစ်ရွက်များပေါ်မှနင်း၍ လျှောက်လာခဲ့ကြသည်မှာ လူသွားလမ်းကလေးနှင့် အတော်ပင်ဝေးလာ၏။ လမ်းကလေးကို လုံး၍မမြင်

နိုင်သည့်နေရာသို့ ရောက်သည့်အခါ၌ ပေါ(လ်)က မိုင်ရာ၏ လက်ကိုဆွဲ၍ ထိုင်ခိုင်းသည်။

မိုင်ရာကလည်း ပေါ(လ်)၏ ရင်ခွင်သို့မှီ၍ အလိုက်သင့်ထိုင်လိုက်၏။ မိုင်ရာမှာ မျက်လုံးများကိုမှိတ်၍ ငြိမ်သက်စွာ ပေါ(လ်)ကိုမှီနေသည်။

ပေါ(လ်)က ငြိမ်ငြိမ်မနေသည်မို့ မိုင်ရာကကြောက်လာသည်။ သူ၏ မျက်လုံးများမှာ ထောင်ချောက်ထဲသို့ ရောက်နေသည့် သမင်မကလေးကဲ့သို့ ရှိနေသည်။

"သွားကြစို့ ကိုရယ်"

ပြောသာပြောလိုက်ရသည်။ မိုင်ရာ၏အသံမှာ တိမ်တိမ်ကလေးမို့ ထိထိရောက်ရောက် မရှိလှပါ။ သူကိုယ်သူကပင် မသွားချင်သည့် အဓိပ္ပာယ်လည်း ပါနေသယောင်ယောင် ထင်ရသည်။

ပေါ(လ်)၏ ပါးစပ်က ဆိမန်းမန်းသလို မသဲမကွဲနှင့် မိုင်ရာကို ပြောနေသည်။

မိုင်ရာပြန်ပြောသည့်အသံက ငြင်းသည့်အသံလော၊ ဖိတ်ခေါ်သည့် အသံလော မသဲကွဲပေ။

"အို...ပေါ(လ်)...ပေါ(လ်)..."

ထို့နောက်တွင်တော့...

မိုင်ရာ၏ နှုတ်ခမ်းများက ပြုံးပြုံးကလေး။ သူ၏ မျက်နှာရှေ့တွင် ဝဲကျနေသော ပေါ(လ်)၏ ဆံစများကို ယုယုယယ ပွတ်သပ်နေသည်ကို တွေ့ရ၏။

{ ၉ }

ရော်ရွက်ဝါများကြွေနေသော အော်တွမ်ဟုခေါ်သည့် ဆောင်းဦးရာသီ မှသည် ဆောင်းရာသီသို့ရောက်လာပေပြီ။ ဆောင်းရာသီရောက်လာပြီမို့ အအေးဓာတ်က လွှမ်းကဲလာသည်။ မိုးကလည်းပို၍ရွာလာသည်။ ကျောင်းသို့လာသည့်အခါတွင် သူ၏ လက်တစ်ဖက်တွင်ချိတ်၍ ပါလာလေ့ရှိသည့် ပေါ(လ်)၏ ထီးကို ယခုအခါ၌ ဖွင့်၍ ဆောင်းနေရလေပြီ။

ဤသို့ဆိုလျှင် ရာသီဥတုကအေး၊ မိုးကရွာနှင့်မို့ ပေါ(လ်)တို့ချစ်သူ နှစ်ဦးမှာ ကလစ်ဆော့ပန်းခြံထဲတွင် ချိန်း၍မတွေ့နိုင်ကြတော့။ လူမြင်မခံရဲသည့် အဖြစ်ကြောင့် နေရာတကာတွင်လည်း မတွေ့နိုင်။ ထို့ကြောင့် ဘလွန်းဘရီဘက်ရှိ အပေါစား ဟိုတယ်များတွင် အခန်းငှား၍တွေ့ရတော့၏။ ထိုသို့ မိုင်ရာနှင့် ချိန်း၍တွေ့သည့်နေရာများတွင် ပေါ(လ်)အဖို့ လိမ်ပြောရသည့်အလုပ်ကို စိတ်မပါ မလဲနိုင်လုပ်ရတော့သည်။ ဟိုတယ် စာရေးထံတွင် အခန်းငှားရန်အတွက် မှတ်ပုံတင်

သည့်အခါ၌ မိုင်ရာအား သူ့၏ ဇနီးအဖြစ်ပြော၍ မှတ်ပုံတင်ရသည်ကို စိတ်မလုံ သေး။ အခန်းငှားသည်မှာလည်း နှစ်နာရီခန့်အတွက်မျှသာဖြစ်ရာ ဟိုတယ် စာရေး များကလည်း ဖွင့်၍သာမပြောကြသော်လည်း သူတို့လာရင်းကိစ္စကိုသိကြပြီး ဖြစ်သည်။

အိမ်ပြန်ရောက်သည့် အခါတွင်လည်း အကြောင်းတစ်ခုခုဖြစ်၍ အယ်လီနာကို လိမ်ပြောရပြန်သည်။

ဤနှစ် ဆောင်းတွင်းတွင် အအေးဓာတ်လွန်ကဲသည်ဖြစ်၍ သက်ကြီး ရွယ်အိုများ အဖိတ်အစင်များကြ၏။ ထိုသို့ဖိတ်စင်သည့်အထဲတွင် မိုင်ရာ၏ မိခင် ကြီးလည်းပါသွားသည်။ မိခင်ကြီးဆုံးပါးသွားသည့်အတွက် မိုင်ရာလည်း မိခင်ကြီး၏ အိမ်တန်းလျားအိုကြီးကိုရောင်းလိုက်ကာ အိမ်ခန်း တစ်ခန်းငှား၍ နေရသည်။

အိမ်ရောင်းရေး၊ အိမ်ခန်းငှားရေး၊ ကိစ္စများကို ပေါ(လ်)က မိုင်ရာအား ကူညီလုပ်ကိုင်ပေးသည်။ ဤမျှသာမကသေး မိုင်ရာအတွက်လည်း အပတ်စဉ်မှန်မှန် ငွေကြေးထောက်ပံ့သေး၏။ ပေါ(လ်)က ငွေကြေး ထောက်ပံ့ခြင်းကို မိုင်ရာက လွယ်လွယ်ကူကူ လက်ခံသည်တော့မဟုတ်ပေ။ ပေါ(လ်)က မနည်းကြီးနားချ သောအခါမှ မိုင်ရာက လက်ခံခဲ့ပါသည်။

ပေါ(လ်)ဆိုသည့် ပုဂ္ဂိုလ်ကလည်း သူ၏ မိခင်ထံမှ ငွေပို့ရန် စာလာသည့်အခါ တိုင်း ပို့သင့်–မပို့သင့် အချိန်အတော်ကြာစဉ်းစားလေ့ရှိသော်လည်း သူ၏ချစ်သူအား အပတ်စဉ်မှန်မှန် ငွေထောက်ပံ့ရေး ကိစ္စတွင်မူ ပေးရသည့်ငွေမှာ နည်းပင်နည်းနေ သည်ဟု ထင်မိသည်။

ဤမျှ ရက်ရက်စက်စက်အေးသည့် ဤဆောင်းတွင်းသည် မိုင်ရာမိခင်ကြီး၏ အသက်ကိုချွေသွားခဲ့သော်လည်း ပေါ(လ်)နှင့် မိုင်ရာတို့အဖို့ ကြည်တောင့်ကြည်ရ ရတောင့်ရခဲ ကောင်းအရေးတစ်ရပ်ကို ဖန်တီးပေးခဲ့သည်။

တစ်နေ့တွင် အယ်လီနာနှင့် အတင်းပြောဖော်ပြောဖက် မစ္စစ်ဘက်စီ ဖား(လ်)က ရာသီဥတုအေးလှသဖြင့် လာမည့်စနေနှင့်တနင်္ဂနွေနေ့များတွင် ပင်လယ် ကမ်းခြေ မြို့တစ်မြို့ဖြစ်သော ဘုံးမောက်(သ်)မြို့သို့သွား၍ လည်မည်ဟု စိတ်ကူး ကြောင်း၊ အယ်လီနာလည်း သူနှင့်လိုက်ခဲ့စေလိုကြောင်း စကားစလာ၏။

တစ်ယောက်ချည်းတည်းသာ နေရသည့်အချိန်ကများသဖြင့် ပျင်းရိငြီးငွေ့ နေသော အယ်လီနာအဖို့ မစ္စစ်ဘက်စီဖား(လ်)နှင့်အတူ လိုက်ချင်သည့် စိတ်က

ချိုးနှိမ်၍မရအောင်ဖြစ်လာသည်။ သူ့အတွက် စဉ်းစားရန် တစ်ချက်ပဲရှိသည်။ အိမ်ဖော်မကလေး အယ်နီအတွက် ဘယ်လိုစီမံရမလဲ ဟူသည့်အချက်ဖြစ်သည်။ ပေါ(လ်)က သဘောတူပါ့မလား။ မတူဘူးလား ဟူသောအချက်မှာ အယ်လီနာ၏ ခေါင်းထဲတွင် ပေါ်၍ပင်မလာခဲ့ပေ။

"ကျွန်မလဲ သိပ်လိုက်ချင်တယ် ဘက်စီရယ်၊ ကောင်မကလေးကို ဘယ်လိုထားခဲ့ရမလဲမသိဘူး၊ ကျွန်မမရှိဘဲ ပေါ(လ်)နဲ့ထားခဲ့လို့ မတင့်တယ်ဘူးပေါ့၊ ပေါ(လ်)ကို မယုံလို့မဟုတ်ပါဘူး၊ ဒီလိုဘက်ကတော့ ပေါ(လ်)က စိတ်ချရပါတယ်၊ ဘုန်းကြီးလိုလူပါ"

ဘက်စီဖား(လ်)က ဤသို့ အကြံပေးသည်။

"ဒီလိုလုပ်ရင် ဖြစ်သားပဲ အယ်လီနာရဲ့၊ ကောင်မကလေးကို သူ့အိမ်ပြန်အိပ်ပစေပေါ့၊ မနက်ကျမှလာနိုင်း၊ အဲဒီလိုဆိုရင် မဖြစ်ဘူးလား"

အယ်လီနာက ဝမ်းသာအားရစွာဖြင့် သဘောတူသည်။

"ဟုတ်တယ် ...ဟုတ်တယ်၊ ဒီအစီအစဉ်သိပ်ကောင်းတယ်"

ထိုအစီအစဉ်ကို ပေါ(လ်)အား ပြောပြသည့်အခါ ပေါ(လ်)ကလည်း သဘောကျ၏။ သူကလည်း သူ့အကြံနှင့်သူ သဘောကျခြင်းသာဖြစ်သည်။

အယ်လီနာ ခရီးထွက်သွားလျှင်ပင် ပေါ(လ်)က သူ၏အကြံအစည်ကို စတင်အကောင်အထည်ဖော်လေတော့သည်။

"အယ်နီရေ၊ နင့်အဒေါ်လဲမရှိတော့ ငါလဲမနေတတ်ဘူး၊ အဲဒါကြောင့်တောက ငါ့မိတ်ဆွေတွေဆီ သွားလည်လိုက်ဦးမယ်၊ စနေ နေ့လည်ပိုင်းမှာ သွားပြီးတော့ တနင်္ဂနွေနေ့ည မိုးတော်တော်ချုပ်မှပြန်ရောက်မယ်၊ အဲ့ဒါကြောင့် စနေနေ့ နေ့လည်ပိုင်းကစပြီး နင်လဲအိမ်ပြန်နိုင်ပြီ၊ တနင်္လာနေ့ မနက်စောစောကျမှ ပြန်လာတော့ ဟုတ်လား၊ နင်လဲ တို့အိမ်မှာလုပ်ရတာ ပင်ပန်းပါတယ်၊ နည်းနည်းအနားယူရတာပေါ့"

"ဟုတ်ကဲ့ ဦးလေး၊ ကျေးဇူးတင်ပါတယ်"

"ရော့...ရော့၊ မုန့်ဖိုးယူသွား"

"ဟုတ်ကဲ့ရှင့်"

အယ်နီနှင့် စီစဉ်ပြီးသွားသည့်အခါတွင် မိုင်ရာနှင့်ဆက်၍ စီစဉ်ရသည်၊ မိုင်ရာနှင့်စီစဉ်ရခြင်းမှ အယ်နီနှင့်ကဲ့သို့ မလွယ်လှ။ အတော်ပင် တိုက်တွန်းရသည်၊

"မလာချင်ပါဘူး ကိုရယ်၊ စိတ်မလုံပါဘူး"

"မိုင်ရာရယ်၊ အကြိမ်တစ်ထောင်မှာ တစ်ခါလောက်ပဲရနိုင်တဲ့အခွင့် အရေးပါ၊ ဒီအခွင့်အရေးဆိုတာ ရတောင့်ရခဲပါ၊ စွန့်ရဲမှ ကိုယ်လိုချင်တာကို ရမှာပေါ့ ရာရဲ့"

"ဒါပေမဲ့လို့ ကိုရယ်၊ သူ့အိမ်လာပြီး သူ့ယောက်ျားနဲ့ နှစ်ရက်လုံးလုံးနေရမှာ တော့ သူ့အပေါ်မှာမထောက်ထားရာကျမနေဘူးလား"

"အဲဒီလို အယူမသီးစမ်းပါနဲ့ မိုင်ရာရယ်၊ နှစ်ယောက်တွေ့ကြတာ ဘယ်နေရာ တွေ့တွေ့ပေါ့၊ အရေးကြီးတဲ့အချက်က တွေ့ဖို့သာအရေးကြီးတာပါ၊ လာဖြစ်အောင်လာပါကွယ်၊ တို့နှစ်ယောက်အဖို့ ပျော်ရွှင်မှုရဖို့ဆိုတာ ရနိုင်သလိုဖန်တီးယူမှ င်မှာ"

"အိမ်နီးနားချင်းတွေ တွေ့သွားတော့ ဘယ့်နှယ်လုပ်မလဲ"

"မမြင်ပါဘူးကွာ၊ ကြံဖန်ပြီးစိုးရိမ်မနေစမ်းပါနဲ့ မိုင်ရာ၊ လာရမယ့် အချိန်က နေ့ ညဥ့်နက်မှဆိုတော့မှောင်နေပါပြီ၊ ပြန်မယ့်အချိန်ကလည်း တနင်္လာနေ့ မိုးမလင်းခင်ဆိုတော့ မှောင်တုန်းပဲ၊ အိမ်နီးနားချင်းတွေလဲ အိပ်ရာက ထကြ မဟုတ်သေးပါဘူး၊ ဒီအချိန်ဟာ ကိုယ်တို့အဖို့ စွန့်စားခြင်းကြီးတစ်ရပ်ပဲကွ၊ စားကြည့်စမ်း၊ ကိုယ်တို့ နှစ်ယောက် အတူတူနေရမယ့်အချိန်ဟာ သုံးဆယ့် နာရီလုံးလုံးကြာမယ်၊ လာပါကွာ မိုင်ရာရယ်၊ လာနော်"

မစွန်းရင်းကလဲရှိနေသဖြင့် မိုင်ရာမှာ ကန်စွန်းခင်းတစ်ခုလုံး ငြိရလေတော့သည်။

ပေါ(လ်) ပြောခဲ့သည့်အတိုင်းပင် မိုင်ရာလာသည်ကိုရော ပြန်သည်ကိုပါ သူမျှမတွေ့လိုက်ကြပေ။

ချစ်သူနှစ်ဦးမှာကား အရွယ်ချင်းမမျှကြပေမယ့် ဆယ်ကျော်သက်လေးများအလား တွတ်တီးတွတ်တာ ပြောလိုက်၊ ချက်ပြုတ်စားလိုက်နှင့် နှစ်ရက်မျှ လောကနိဗ္ဗာန်သို့ ရောက်နေကြသည်။ သို့သော် သူတို့နှစ်ဦးမှာ အတော်လေးသတိထားရသည်။ လူသံလည်းမကြားရ လေအောင် အသံတိုးတိုးကလေးသာ ပြောကြရသည်။ မီးရောင်မထွက်ရအောင် မီးကိုလည်းမထွန်းရဲပေ။ မီးလင်း မီးရောင်ကိုသာ အားကိုးကြရသည်။

တနင်္လာနေ့ နံနက်ပိုင်း အလင်းရောင်မလာမီ မိုင်ရာက ပြန်သွားသည်။

မိုင်ရာကပြန်သွားပြီးနောက် ပေါ(လ်)က ခြေရာလက်ရာ ကျန်နေခြင်း သိရအောင် နေရာအနှံ့အပြားလိုက်၍ကြည့်ရသည်။ သူတို့နှစ်ဦး အိပ်ခဲ့သည့် ခန်းတွင်းရှိ မှန်တင်ခုံပေါ်တွင် မိုင်ရာ၏အလှပြင်ပစ္စည်းများ ကျန်မကျန်ကို လိုက်ကြည့်သည်။

မိုင်ရာလာသွားသည့် သက်သေခံအထောက်အထား လုံးဝမတွေ့ရတော့မ ပေါ်(လ်)က စိတ်ချလက်ချရှိသွားနိုင်တော့သည်။

ပေါ်(လ်)က ရှာဖွေကြည့်ရှုခဲ့သည်မှာ သက်သေခံပစ္စည်းကျန်မကျန် ကြည့် ခြင်းဖြစ်သည်။ ဘာပစ္စည်းမျှ မကျန်ခဲ့သည်မှာ မှန်ပါ၏။ သို့သော် အရာဝတ္ထုမဟု သည့် အနံ့ကိုတော့ သတိမပြုမိခဲ့ပါပေ။

အယ်နီ ပြန်ရောက်လာ၍ ပေါ်(လ်)၏အိပ်ရာကို နေရာတကျ ဖြစ်အော ခင်းသည့်အခါတွင် အိပ်ရာခင်းမှ အမျိုးသမီးများသုံးသည့် ရေမွှေးနံ့ကိုရှူမိသည် ထူးဆန်းသည်ဟုထင်သဖြင့် ခေါင်းအုံးကိုမ၍ နမ်းကြည့်သည်။ မိန်းမရေမွှေး ဖြစ်ကြောင်း ပို၍သေချာသွားသည်။

အယ်နီ၏နှုတ်မှ အာမေဍိတ်သံကလေးပင် လွှတ်ခနဲ ထွက်သွားသည်။

"ဘုရားရေ"

ကိုယ့်ချစ်သူ မွှေးမွှေးကြိုင်ကြိုင်ကလေး ရှူပါစေတော့ဟူသော စေတ ဇရှုမြင့် ပေါင်ဒါနှင့်ရေမွှေးကို အားရပါးရသုံးလိုက်မိခဲ့သည့် မိုင်ရာကြော သူ့ကံမကောင်းဖြစ်ဖွယ်ရာ အထောက်အထားတစ်ခုရသွားလေပြီ။

အိမ်ဖော်မကလေးအယ်နီ၏ ဦးနှောက်ထဲတွင် ဤကိစ္စမှာ ပြဿနာကြ တစ်ရပ် ဖြစ်နေပေသည်။ ဘယ်လိုပဲစဉ်းစား မစ္စတာပရက်ဆက်မှာ အခြားမိန်း တစ်ယောက်နှင့် ရှုပ်ရှုပ်ပွေပွေနေမှာမဟုတ်ပါဘူးဟူသော အဖြေကသာ ဝေ့က ဝဲကာပေါ်လာသည်။ ဒါဖြင့်ရင် မိန်းမရေမွှေးနံ့က ဘယ်လိုလုပ်ပြီး ခေါင်းအုံးနှ အိပ်ရာခင်းမှာ စွဲနေရတာလဲဟူသော မေးခွန်းကလည်း တစ်ခါတစ်ခါ ပေါ်လာ၏

ဤကိစ္စမှာ အယ်နီ၏ ခေါင်းထဲတွင် ရက်ပေါင်းအတော်ကြာအောင် စွဲနေ သည်။

ပေါ်(လ်)ကတော့ ဘာမှမသိ၊ သူ၏ ကျောင်းနှင့်အိမ်သို့အသွားအပြန် ခရီးတွင် သူ၏အခြေအနေကိုသာ ဦးနှောက်ခြောက်လောက်အောင် စဉ်းစားနေမိသည်။

အယ်လီနာနှင့် ပြတ်ပြတ်စဲစဲ ဖြစ်ချင်သည်မှာကတော့ သူ၏ ပြင်းပြသော ဆန္ဒဖြစ်သည်။ ဤဆန္ဒကို အကောင်အထည်ဖြစ်လာရန် ကြိုးစားရေးက တစ်ပိုင် ဖြစ်သည်။ ထိုနှစ်ပိုင်းကိုဆက်မိအောင် ပေါင်းကူး ပေးဖို့က သူ့အဖို့ မလွယ်တကာ မလွယ်ဆုံး အလုပ်တစ်ခုဖြစ်နေသည်။

အယ်လီနာကို စွန့်ခွာထွက်ပြေးရမည်လော၊ ဒါလည်းဖြစ်နိုင်သော အလုပ် မဟုတ်ပေ။

တရားဝင်ကွာရှင်းမည်လော၊ ဒါကိုလည်းသူမလုပ်ရဲပေ။

**စိတ်ကူးရျိုးရျိုး**

ဤအတိုင်းဆိုပါက အယ်လီနာအသက်ရှင်နေသ၍ သူပါ တန်းလန်း …လန်းနှင့် လိုက်နေဖို့ကသာ ရှိတော့သည်။

အယ်လီနာ သေပါစေတော့လည်း ဆုမတောင်းလို။ သူသည် ဤမျှ စိတ်ထား …တ်ညံ့သူမဟုတ်ပါ။

သို့သော် သူချစ်သောသူနှင့်အတူတကွမနေရသည့်အဖြစ်ကိုလည်း တွေးမိတိုင်း …သည်းနာမိသည်။

ဤသို့နှင့်ပင် ပေါ(လ်)မှာ အဖြေမပေါ်နိုင်သော ပုစ္ဆာကိုစဉ်းစားနေရင်း …ချိန်ကုန်နေရရှာသည်။

တစ်နေ့တွင် ဤပုစ္ဆာကိုစဉ်းစားရင်းနှင့် ကျောင်းမှဆရာများ နားနေရာအခန်း …သို့ ဝင်သွားရာ ဆရာ အင်ဂယ်(လ်)ဝု(ဒ်)နှင့် ဆရာ ဆင်ဒီတို့ အချီအချပြောနေ …သည်ကို ကြားလိုက်ရသည်။

ပြောနေသူမှာ အင်ဂယ်(လ်)ဝု(ဒ်)ဖြစ်သည်။

"ဒီမှာ ကိုယ့်လူရ၊ အဓိကအချက်က ဒီကောင်မလေး တကယ် လုပ်သလား၊ …လုပ်သလားဆိုတာ မဟုတ်ဘူး၊ သူပဲလုပ်မယ်လို့တော့ ကျုပ်လဲယုံတယ်၊ ဒါပေမဲ့ …ကောင်မကလေးလုပ်ကြောင်း သက်သေပြစရာ အထောက်အထားခိုင်လုံရဲ့လား၊ …ဟာအဓိကအချက်ပဲ၊ သူ့အမှုမှာ တင်ပြခဲ့တဲ့ သက်သေအထောက်အထားမျိုးနဲ့သာ …စွဲချက်ခံရမယ်ဆိုရင် ကျုပ်တို့တတွေအဖို့ ဘယ်မှာလုံခြုံမှုရှိနိုင်တော့မှာလဲ၊ အစိုးရ …က်က တွေ့ကရာသက်သေကိုတင်ပြပြီး အပြစ်ရှိပါတယ်လို့ စီရင်ချက်ချတာကို …ခံ သေရှာသလောက်ပေါ့"

အင်ဂယ်(လ်)ဝု(ဒ်)၏ တင်ပြချက်ကို ဆင်ဒီကပြန်၍ချေ၏။

"အိုဗျာ၊ သူလုပ်တယ်ဆိုရင် သူခံပေါ့၊ ကြိုးမိန့်အချခံရရင် ကြိုးစင်တက်ရုံပဲ …ာပဲ"

"ကိုယ့်လူကလဲ အတွေးချော်လှချည်လား၊ ကျွန်တော်က ဒီကောင်မကလေး …က ကာကွယ်ပြောနေတာမဟုတ်ပါဘူး၊ မမှန်တဲ့ အစဉ်အလာကြီး ဖြစ်သွားမှာ …ပြောနေတာပါ"

ပေါ(လ်)ဝင်လာသည်ကို မြင်သဖြင့် ဆရာအင်ဂယ်(လ်)ဝု(ဒ်)က ပေါ(လ်) … လှမ်း၍ပြောလိုက်သည်။

"မဟုတ်ဘူးလားဗျ ပေါ(လ်)၊ ကျွန်တော်ပြောတဲ့အချက်ကို ခင်ဗျား ဘယ်လို …ာရသလဲ"

ပေါ(လ်)က ကြောင်သွားသည်။

အင်ဂယ်(လ်)ဝှ(ဒ်)က ပေါ(လ်)ကိုထပ်၍ ပြောပြန်သည်။

"ဘယ့်နှယ်လဲဗျ ပေါ(လ်)၊ ခင်ဗျား လွိုင်ဂျာနီအမှုအကြောင်း သတင်းစာထဲ တွေ့ပြီးပြီမဟုတ်လား"

ပေါ(လ်)က သူ၏လက်ထဲမှ ထီးနှင့် လောင်းကုတ်အင်္ကျီကိုထားရန် ဗီရိုဆီ လျှောက်သွားရင်းနှင့် အင်ဂယ်(လ်)ဝှ(ဒ်)ကို ပြန်၍မေးသည်။

"ခင်ဗျားပြောတဲ့ လွိုင်ဂျာနီဆိုတာ ဘယ်သူတုန်း"

"အို...ခင်ဗျား သတင်းစာမဖတ်ရသေးဘူးနဲ့တူတယ်၊ လွိုင်ဂျာနီဆိုတဲ့ ကောင် ကလေးအကြောင်းဟာ သတင်းစာတွေရဲ့ မျက်နှာဖုံးမှာ ပါတာပဲ"

"ကျွန်တော်လဲ သတင်းစာမဖတ်မိတာ ရက်အတော်တောင်ကြာသွားပြီ"

"ဟင်...ဒီလိုဆိုတော့ ကိုယ့်လူဟာ လူငယ်ကလေးတစ်ဦးသာဆို ရည်းစားစိတ်မွှန်နေလို့ သတင်းစာမဖတ်မိတာလို့ ပြောကြမှာပဲ၊ ကဲ...ခင်ဗျ မဖတ်ရသေးဘူးဆိုလို့ ကျုပ်ပြောပြမယ် နားထောင်၊ မစ္စစ်လွိုင်ဂျာနီဆို ကောင်မကလေးဟာ သူ့ယောကျ်ားအဘိုးကြီးကို သတ်မှုနဲ့ ကြိုးမိန့်အပေးခံရတ မနေ့ကပေါ့၊ သူ့ယောကျ်ားကြီးက မစ္စတာဘရူးဝါး ဆိုတာလေဗျာ"

"အာ...ဟုတ်တယ်...ဟုတ်တယ်၊ ကျွန်တော် မှတ်မိပါပြီ"

"မှတ်မိပြီလား၊ ကျွန်တော်ကလဲ ဒီအတိုင်း အဘိုးကြီးအသတ်ခံရ ဝမ်းနည်းလို့ပြောနေတာမဟုတ်ပါဘူး၊ ကောင်မကလေးတော့ ဒီအဘိုးကြ သေသွားရင် ကျန်ခဲ့တဲ့ပစ္စည်းတွေကို သူရမယ်၊ အဲဒီပစ္စည်းတွေရပြီးရင် အဆက်ကောင်ကလေးနဲ့ နောက်ထပ် အိမ်ထောင်ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက် သတ်လိုက်တာ သေချာပါတယ်၊ ဒါပေမဲ့ ကျွန်တော် ပြောချင်တာက တရားရုံ စီရင်ချက်ဟာ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံအပေါ်မှာ အခြေခံ ချခဲ့တာ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား ဆိုတဲ့အချက်ပဲ၊ ဆရာဆင်ဒီကသေ သက်သေခိုင်လုံတာ အရေးမကြီးပါဘူးတဲ့၊ လူသတ်တယ်ဆိုရင် ကြိုးမိန့်အ ခံရမှာပေါ့တဲ့၊ အဲဒီအချက်မှာ ကျွန်တော်တို့နှစ်ယောက်က သဘောထား မတူဘူးဖြစ်နေကြတယ်"

ပေါ(လ်)က နားမလည်သည့်အမူအရာဖြင့် ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့ သဘောထားချင်းမတူရတာလဲ"

ဆရာ အင်ဂယ်(လ်)ဝှ(ဒ်)က စိတ်မရှည်သည့်အမူအရာဖြင့် ပြန်ပြောသ

"ရော...ခက်ကပြီ၊ ကျုပ်လဲ ဘယ်လိုလူတွေနဲ့ လာတွေ့နေရလဲ မသိ တယ် နားဝေးတဲ့လူတွေပဲ၊ ဒီမှာ ပေါ(လ်)၊ အဲဒီမိန်းမက တခြား ယောက်

ယောက်နဲ့ လက်ထပ်ချင်တဲ့ ရည်ရွယ်ချက်လဲရှိတယ်၊ သူတို့အိမ်မှာ ပေါင်းပင် ဆေးလဲရှိတယ်၊ အဘိုးကြီးကလဲ ဒိုက်အောင့်ပြီး သေသွားတယ်၊ ပြီးတော့ သေရင်ကျန်ရစ်တဲ့ ဥစ္စာပစ္စည်းတွေကို သူ့မိန်းမကိုပေးပါဆိုပြီး သေတမ်းစာလဲ ခဲ့တယ်၊ အဲဒီလို အချက်တွေရှိနေရုံနဲ့ ဒီအဘိုးကြီးကို သူ့မယားကလေးက လိုက်တာလို့ "အနိုင်အမာပြောနိုင်ပါမလား ဗျ"

ငြင်းခုံရန် ဝါသနာပါသော ပေါ်(လ်)အဖို့ သူ၏ ပါးစပ်ကို ပိတ်မထား တော့ပေ။

"ဆရာ အင်ဂယ်(လ်)ဝု(ဒ်)ရယ်၊ အစိုးရဘက်ကလဲ အလောင်းကို ခွဲစိတ် မှာပေါ့ဗျာ၊ ခန္ဓာကိုယ်ထဲမှာ အဆိပ်တွေ့လို့နေမှာပေါ့၊ အဲဒီလို တွေ့ကြောင်း ဘက်ဆိုင်ရာ သက်သေခံချက်မှာ ပါလာမှာပေါ့"

"အဲဒီ ဆေးဘက်ဆိုင်ရာ သက်သေခံချက်ပေါ့ဗျ၊ ဒုက္ခပေးနေတာ၊ ဒီဆရာ ယောက်က စစ်ကြည့်ပြီးလို့ ဒီလိုဒီလိုပါလို့ ပြောထားတဲ့ ကိစ္စကို နောက် နတစ်ယောက်ကို စစ်ခိုင်းကြည့်၊ သူတွေ့တာကတော့ တစ်မျိုးဖြစ်နေလိမ့်မယ်၊ ဆရာဝန် စစ်ဆေးကြည့်တာနဲ့ တူမှာ မဟုတ်ဘူး၊ အခုကိစ္စမှာလဲ အဘိုးကြီး င်းကိုပြန်ဖော်ပြီး ခွဲစိတ်ကြည့်တဲ့အခါမှာ စိန်တွေ့ရတယ်ဆိုပဲ၊ လက်စွပ်က ပြောတာ မဟုတ်ဘူး၊ အဆိပ်စိန်ကိုပြောတာ၊ အဲဒီ စိန်ဆိုတာက လူခန္ဓာ ထဲမှာ တနည်းနည်းနဲ့တော့ရှိနေတာပဲ၊ အခုခေတ်မှာဆိုရင် ဆေးအမျိုးမျိုးကို အမျိုးမျိုးကပ်ပြီး ရောင်းနေတာကို လူတွေက ဝယ်သောက်နေကြတာ၊ တွေထဲမှာ စိန် နည်းနည်းတော့ ပါနေတာပဲ၊ ဥပဒေရဲ့ အလိုအရတော့၊ င်းထဲမှာ စိန် နှစ်ဂရမ်လောက်တွေ့ရရင် သေစေလိုတဲ့စေတနာနဲ့ ကျွေးလိုက် ဆိုထားတာကိုး၊ ခွဲစိတ်ကြည့်တဲ့အခါမှာ အလောင်းထဲမှာ စိန် နှစ်ဂရမ်ခန့် ပါတယ်လို့ ဆရာဝန်က ဟန်နဲ့ပန်နဲ့ သက်သေခံလိုက်ရုံပဲ၊ အဲဒီလိုသက်သေခံ င် ဂျူရီအဖွဲ့ကလဲ ၊ဟုတ်တယ်၊ အဆိပ်ကျွေးသတ်တာဖြစ်ရမယ်လို့ ကြမှာပဲ၊ အခု ခေတ်မှာတော့ဗျာ စိန်ဆိုတာဟာ ခုနကပြောခဲ့တဲ့ ဆေးတွေ သာ မဟုတ်ပါဘူး၊ နံရံမှာ အလှကပ်တဲ့ စက္ကူမှာလဲ စိန်နည်းနည်းပါတာပဲ၊ တွေမှာလဲ ပါတာပဲ၊ ချည်တုနဲ့ယက်တဲ့ အဝတ်အစားတွေမှာလဲ ပါတာပဲ၊ ပြီး ဒိုက်အောင့်တတ်တဲ့ လူမျိုးက ဆေးခဏခဏ သောက်တတ်တာ။ ကောင်မလေးကတော့ အဲဒီဆေးစစ်ချက် အစီရင်ခံစာက အလောင်းထဲမှာ ရတယ် ဆိုတာနဲ့ ခံသွားရပါပြီ"

**စိတ်ကူးမျိုးမျိုး**

ပေါ(လ်)မှာ အင်ဂယ်(လ်)ဝု(ဒ်)နှင့် စကားပြောရင်း သူ၏ ဝတ်ရုံနက်ကိုလည်း အဆင်သင့်ဝတ်ပြီးဖြစ်ကာ ဆရာဆောင်း ကက်ဦးထုတ်ကိုလည်း ဆောင်းထားပြီးဖြစ်သည်။

ပေါ(လ်)က အင်ဂယ်(လ်)ဝု(ဒ်)ကို အလျှော့မပေးသေး။

"ခုနပြောခဲ့တဲ့ အချက်တွေနဲ့ကြည့်လိုက်မယ်ဆိုရင်တောင်မှ ကောင်မလေးဘက်က ခုခံလျှော့က်လဲဖို့ ခပ်ခက်ခက်ပဲဗျ"

အင်ဂယ်(လ်)ဝု(ဒ်)က စိတ်ပျက်သည့်အမူအရာဖြင့် သက်ပြင်း တစ်ချက်ချလိုက်သည်။

"အင်း ... ဆရာပေါ(လ်) ခင်ဗျားကလဲဗျာ၊ ကျုပ်ပြောတာကို သဘောမပေါက်နိုင်ဘူး၊ ဒီလိုဗျ၊ ဒီအဘိုးကြီး ဘရူးဝါးက လေအောင့်တဲ့ ရောဂါနဲ့သေတယ်၊ ဆရာဝန်ကတော့ ရောဂါအမည်ကို ဂက်စထရို... ဘာညာနဲ့ ကြီးကြီးကျယ်ကျယ်ပြောတာပေါ့ဗျာ။ အဲဒီလိုရောဂါမျိုး ဖြစ်တဲ့အခါမှာတွေ့ရတဲ့ လက္ခဏာကလဲ စိန်စားမိလို့ရှိရင်ဖြစ်တဲ့ လက္ခဏာနဲ့ တစ်ထပ်တည်းပဲဗျ။ ကျွန်တော်ပြောတာ သဘောပေါက် ပြီနော်။ သဘောပေါက်ပြီဆိုရင် ဆက်ပြောမယ်၊ ကျုပ်တို့တတွေဟာ အိမ်မှာနေရင် ယင်ကောင်မလာအောင် ယင်ကောင်ဖမ်းတဲ့စက္ကူတွေ ချိတ်ထားလေ့ရှိကြတယ် မဟုတ်လား၊ အဲဒီစက္ကူကနေ စိန်ထုတ်ယူလို့လဲ ရတာပဲ၊ အိမ်ဘေးမှာ ပန်းခြံလေးဘာလေးရှိတဲ့အိမ်မှာဆိုရင် ပန်းခြံထဲမှာ မလိုလည်းပေါက်တတ်တဲ့ ပေါင်းပင်တွေကိုသတ်ဖို့ ပေါင်းပင်သတ်ဆေးလဲ ရှိကြတာပဲ၊ အဲဒီဆေးမှာ စိန်ငါးဆယ်ရာခိုင်နှုန်းပါတယ်၊ ကဲ...ကြည့်၊ အိမ်တိုင်းလိုလိုမှာ အဲဒီအဆိပ်ကို တစ်နည်း မဟုတ်တစ်နည်းနဲ့တော့ သုံးနေကြတာကို တွေ့တယ်မဟုတ်လား အဲ ... ယောကျ်ားလုပ်တဲ့လူက လေထိုးလို့ဖြစ်ဖြစ် ဗိုက်အောင့်လို့ဖြစ်ဖြစ် သေသွားရော၊ သေတဲ့လူက သူ့မိန်းမအတွက် အမွေပစ္စည်းတွေလဲထားခဲ့တယ် ဒါကလဲ ကြင်နာစိတ်ရှိတဲ့ ယောကျ်ားတိုင်းလုပ်လေ့ရှိတဲ့ အလုပ်ပေပဲကိုးဗျ ကျန်ရစ်ခဲ့တဲ့ မိန်းမကလဲ တစ်ယောက်တည်း ငုံးတိတိနဲ့ကျန်ခဲ့ရတာဆိုတော့ နောက်အိမ်ထောင် ပြုရော၊ အဲဒီလိုနောက်အိမ်ထောင်ပြုမိပြီး မကြာပါဘူး သူများကိုခုက္ခ ပေးချင်တဲ့ သူကောင်းသားတစ်ယောက်က ဒီမိန်းမဟာ သေသွားတဲ့ အရင်ယောကျ်ားကို စိန်နဲ့အဆိပ်ခပ်သတ်လိုက်တာဖြစ်ရမယ်ဆိုပြီး ဟိုပြော ဒီပြောလိုက်ပြောရော ဆိုပါတော့၊ ဒီလိုပြောနေတဲ့စကားဟာ စကော့တလန်ယာဒ်ရုံးထောက်အဖွဲ့ရဲ့နားကို ရောက်သွားတဲ့အခါမှာ အလောင်းကို ပြန်ဖော်ခွဲစိတ်စစ်ဆေးကြည့်ပြီးတော့ အလောင်းထဲမှာ စိန်အလေးချိန်

…ဂရမ်လောက်တွေ့ရပါတယ်လို့ အစီရင်ခံရော၊ စိန်တွေကလဲ ဒီလူ …သေခင်ကတည်းက ကိုယ်ထဲမှာတစ်နည်းနည်းနဲ့ ရောက်နေ မှာပေါ့၊ ဒါပေမဲ့ …သောင်းကို ခွဲစိတ်စစ်ဆေးကြည့်တဲ့အခါ သေစေနိုင်တဲ့ စိန်အလေးချိန် …ဂရမ်စာခန့်တွေ့ရပါတယ်လို့ ဆေးဘက်ဆိုင်ရာက ထွက်ဆိုချက် …လိုက်တယ်ဆိုရင်ပဲ အဲဒီအမျိုးသမီးတော့ ကော်တိုင်ကို တန်းတန်းမတ်မတ် …က်ဖို့ပဲ ရှိတော့တာပေါ့"

အင်ဂယ်(လ်)ဝုဒ်(ဒ်)က ဘယ်လောက်ပင် ရှင်းပြရှင်းပြ၊ ပေါ(လ်)က ခေါင်း …သာ တွင်တွင်ယမ်းနေသည်။

"ခင်ဗျားပြောသလို မဖြစ်နိုင်ပါဘူး၊ အင်ဂယ်(လ်)ဝုဒ်(ဒ်)ရယ်၊ ဒီလောက်ကြီး …လေက်ခတ်တော့ မဟုတ်နိုင်ပါဘူး"

"အင်း ...ခင်ဗျားတို့ကိုပြောရတာ တယ်လက်ဝင်တာပဲကိုး၊ ပြောမိလို့ ရှိမှ …က်ပြောရဦးမယ်၊ ဒီမယ်ဗျ၊ ကျွန်တော်ပြောနေတာက အမွှေ ခပ်များများကလေး …ရှိတဲ့ မိန်းမတစ်ယောက်ဟာ၊ သူ့ယောကျ်ား စားတဲ့သောက်တဲ့ထဲမှာ စိန်ကို …တ်တမဲ့ထည့်ထားလိုက်ရောပေါ့ဗျာ၊ အဲဒီ အစာကို သူ့ယောကျ်ားက စားလိုက် …အတော်နေတော့ ဗိုက်ထဲက အောင့်တယ် အောင့်တယ်နဲ့ မခံမရပ်နိုင်ဖြစ်လာ … ဆရာဝန်ရောက် လာမယ်၊ စမ်းသပ်မယ်၊ ဆရာဝန်ကလဲ ဒီလူဟာ စိန်စားမိလို့ … ဖြစ်နေတာလို့ ဘယ်နယ်လုပ်ပြီးထင်မလဲ၊ အစာအိမ်ပေါက်သွားလို့လား …သားနဲ့သာ စဉ်းစားမှာပေါ့၊ တစ်ချက်ပဲ အဲဒီမိန်းမကလေးက သတိထားရမယ်၊ … ဘာလဲဆိုတော့ နောက်ယောကျ်ားယူတာမလော့ရဘူး၊ အဲဒီလိုဆိုရင် …လုံးချောချောမောမောဖြစ်သွားမှာ သေချာသလောက်ပေါ့၊ ကဲ ...ခင်ဗျား …ပြောချင်သေးလဲ"

"ဘာမှ မပြောချင်ပါဘူးဗျာ၊ ကျွန်တော်လဲ ကျွန်တော့်အတန်းကို ဝင်ဖို့ …သေးတယ်"

## {၁၀}

ဤနှစ်ဆောင်းတွင်းသည် ပေါ(လ်)အဖို့ ပျော်စရာအကောင်းဆုံး …င်းတွင်းပါပေ။ တစ်ခါတစ်ရံတွင်လည်း စိတ်ညစ်စရာကလေးများ ရှိပါ၏။ …ပြည့်သည့် အခါများတွင် စိတ်ညစ်မိသည်။ အသက် ငါးဆယ်ရှိလာသည့်တိုင် …ဟူ၍မရှိခဲ့သည့် ပေါ(လ်)ခမျာ အဘိုးကြီးအရွယ်သို့ ခြေတစ်လှမ်းဝင်နေသည့် …သို့ရောက်ခါမှ အချစ်၏ အရသာကို စတင်ခံစားရသည်မို့ သူလိုလူ မျိုးမှာ …ရဲ့လားဟုပင် ထင်မိသည်။

**စိတ်ကူးမျိုးမျိုး**

အချစ်၏အရသာဆိုသည်မှာကလည်း ချိုမြိန်ခြင်းသက်သက်ချည်းသ
မဟုတ်ဘဲ ပူရှိန်းရှိန်းအရသာကလေးပါ ရောနှောနေသဖြင့် အီသွားခြင်း ဝသွားခြင်
မရှိ။ သောက်လေ သောက်လေ ဝတ်မပြေတည့်ဟူသော စကားပုံကဲ့သို့ဖြစ်နေသည်

ခရစ်စမတ် ကျောင်းပိတ်ရက်များ ကုန်ဆုံးသွား၍ စာသင်ပတ် အသစ်ပြန်စ
ဖြစ်သည်။

ကျောင်းပြန်ဖွင့်၍ သုံးရက်မြောက်သော‌နေ့တွင် ကျောင်းအုပ်ဆရာကြီး မစ္စတ
ဟိ(စ်)မင်းက ပေါ(လ်)အား သူ၏ ရုံးခန်းသို့လာရန်ခေါ်၏။

ရုံးခန်းတွင်းသို့ ပေါ(လ်)ရောက်သွားသည့်အခါ ကျောင်းအုပ်ဆရာ ကြီးက
သူ၏ကျောင်းမှာ လက်ရှိတွင် အရှုံးပေါ်နေကြောင်း၊ ထို့ကြောင့် ဆရာများ
ပေးရသည့် ထောက်ပံ့ကြေးကို လက်ရှိပေါင်တစ်ရာငါးဆယ်မှ တစ်ရာသို့ လျှေ
ရတော့မည်ဖြစ်ကြောင်း ပြောပြသည်။

သူက စဉ်းစားပါရစေဦးဟု ပြေလျက် အခန်းတွင်းမှထွက်လာခဲ့သည်
သူလိုလူ ဓမ္မိုတွင်ရှိသေးရဲ့လားဟူ၍ ထင်မိခဲ့သည့် ပေါ(လ်)မှာ ယခုတေ
ငွေရေးကြေးရေးကိစ္စအတွက် ခေါင်းရှုပ်နေရသည်။ စုတ်ဝင်နေသည့် အတွ
လာဘ်မဝင်ဟုပင် ဆိုရမလိုဖြစ်နေသည်။

အိမ်အပြန်တစ်လမ်းလုံးတွင် စဉ်းစားလာသည်။

"ငါလက်မခံနိုင်ဘူး၊ သိက္ခာကျတယ်၊ ဘာဖြစ်ဖြစ် တစ်ရာငါးဆယ် မရ
ထွက်မယ်"

ဒါကတော့ ဒေါမာန်တက်နေတုန်း တွေးမိသည့် တွေးလုံးများ ဖြစ်၏

"အင်း....တစ်ရာကို လက်မခံရင် တစ်ပြားမှ မရဘဲနေမှာပေါ့၊ ငါ့အ
ကြီးကျမှ ဘယ်အလုပ်သွားရှာလို့ရမှာလဲ၊ လက်တွေ့ကျကျ စဉ်းစားမှ၊ ငါ့မှ
မိုင်ရာကိုလဲ ထောက်ပံ့ဖို့ရှိသေးတယ်"

ဤသည်မှာ အကျိုးသင့် အကြောင်းသင့် ဆင်ခြင်စဉ်းစားရာမှ ထွက်
သည့် တွေးလုံးများဖြစ်သည်။

တစ်ဖန် ဤသတင်းအား အယ်လီနာကို မည်သို့ပြောရမည်လဲဆိုသည့် အ
ကလည်းရှိသေးသည်။

အိမ်သို့ရောက်သည့်အခါ၌ လှေကားရင်းမှနေ၍ အပေါ်ထပ်ရှိ အယ်လီနာ
အော်၍ခေါ်လိုက်သည်။

"အယ်လီနာရေ ...ပြောစရာရှိလို့ ခဏလောက် ဆင်းလာခဲ့စမ်းပါကွ

အယ်လီနာ့ထံမှ "ဘာပြောတယ်"ဟူ၍ ပြန်မေးသည့်အသံနှင့် ကပျာကသီ ဆင်းလာပုံကိုထောက်၍ အဓိပ္ပာယ်ကောက်ရသော် သူပြောလိုက်သည့် အတွက် အယ်လီနာသည် ထိတ်ထိတ်ပျာပျာဖြစ်သွားပုံရ၏။

အယ်လီနာဆင်းလာ၍ အောက်ထပ်သို့ရောက်သည့်အခါ၌ ကျောင်းအုပ်ဆရာကြီးပြောလိုက်သည့် ထောက်ပံ့ကြေးလျော့မည့်ကို ပြောပြလိုက်သည်။

အယ်လီနာက အံ့သြခြင်း၊ မခံချင်ခြင်းတို့ ပေါင်းစပ်၍ ထွက်လာသော အသံဖြင့် ပေါ(လ်)ကို ကောက်ခါငင်ကာ ပြန်၍ပြော၏။

"ဟင်…သိပ်ရက်စရာကောင်းတာပဲ၊ ဒီ ဟိ(စ်)မင်းဆိုတဲ့လူက တော်တော့ကို စော်ကားပါလား၊ ရှင်က လက်မခံလိုက်နဲ့နော်"

စောစောက ယတိပြတ်ဆုံးဖြတ်၍ မရဖြစ်နေသည့် ပေါ(လ်)မှာ အယ်လီနာ ပြောလိုက်သည့်အတွက် တိတိကျကျအဖြေကို ဆုံးဖြတ်၍ ရလာသည်။

"လက်မခံလို့ ကိုယ်ကဘယ်လိုလုပ်ရမလဲ"

"ရှင်ကလဲ မာနကလေးလဲ ထားဦးမှပေါ့၊ ဒီလိုစော်စော်ကားကား လုပ်တာကို ခေါင်းငုံ့ခံနေမလား"

"အယ်လီနာရယ်၊ ဒါဟာ စော်ကားတာလဲ မဟုတ်ပါဘူး၊ သူ့မှာ ဝင်ငွေ လျော့သွားရင် ဘယ်ကပိုက်ဆံနဲ့ပေးမှာလဲ၊ ဒါကတစ်ပိုင်း ပေါ့လေ၊ ကိုယ့်ဘက်က စဉ်းစားကြည့်ရင်လဲ တစ်ရာငါးဆယ်မရရင် မယူဘူးလို့ ခေါင်းမာမာနဲ့ ပြန်ပြောနိုင်တဲ့ အနေအထားမှာရှိတာမှ မဟုတ်ဘဲ"

"အို… အလကား စကားတွေပြောမနေစမ်းပါနဲ့ ပေါ(လ်)ရယ်၊ လက်မခံနိုင်ဘူးလို့သာ နက်ဖြန်ကျရင် ဟိ(စ်)မင်းကို ပြောလိုက်၊ သူက တစ်ရာငါးဆယ် မပေးဘူးဆိုရင် တခြားအလုပ်တစ်ခု ရှာပေါ့"

"ဟ… အယ်လီနာ၊ ပြောတော့ အလွယ်ကလေးရယ်၊ ကိုယ့်အခြေအနေ ကိုယ်အသိဆုံး၊ ကိုယ့်ရဲ့လုပ်အားကို ရောင်းစားတဲ့နေရာမှာ ပေါက်ဈေးဘယ်လောက် ရှိသလဲဆိုတာ၊ ကိုယ်သာသိတယ်၊ ကိုယ့်ကို တရားဟောမနေပါနဲ့တော့၊ သူပေးတဲ့ တစ်နှစ် ပေါင်တစ်ရာနဲ့ပဲဆက်ပြီး လုပ်ဖို့ဆုံးဖြတ်လိုက်ပါပြီ"

"ဟင်…ကျွန်မကိုတော့ ထည့်မစဉ်းစားဘူးလား၊ ရှင့်ပေါင်တစ်ရာနဲ့ ကျွန်မက ဘယ်လိုလုပ်နေရမှာလဲ၊ အခုအတိုင်းတောင်မှ လူနဲ့သူနဲ့တူအောင် မနည်းကြိုးကြိုးစားပြီးနေနေရတာ၊ တစ်နှစ်မှာ ပေါင်ငါးဆယ်လုံးလုံး လျော့သွားရင်တော့ ပြီးရော၊ ကျွန်မလက်မခံနိုင်ဘူး"

ပေါ(လ်)က ပခုံးကို တစ်ချက်တွန့်လိုက်ပြီး ခနဲ့တဲ့တဲ့လေသံဖြင့် ပြန်ပြောလိုက်၏။

"အခုအတိုင်းကတော့ လက်ခံရမယ့် အခြေအနေပဲ အယ်လီနာရဲ့"

"ကျွန်မကို ဒီလိုမလှောင်ပါနဲ့၊ ရှင်သာ ကျွန်မကို ဂရုစိုက်တဲ့စိတ်ရှိတယ်ဆိုရင် ဟိ(စ်)မင်းကို ပြောချင်သလိုပြောပစ်ဖို့ပဲရှိတယ်၊ ပြီးမှ ကိုယ်လုပ်ချင်တာကိုယ်လုပ်"

"ပြောစမ်းပါဦး ဒေါ်အယ်လီနာရယ်၊ ကျုပ်က ဘာလုပ်ရမှာလဲ ဆိုတာ"

"မသိဘူးလေ၊ တခြားယောကျ်ားတွေ ဘယ်လိုလုပ်ကြသလဲ၊ သူတို့လုပ်သလိုလုပ်ပေါ့"

"အင်း...ဒီလိုဆိုတော့ အယ်လီနာ၊ မင်းဟာ အခြေအနေကို သဘောမပေါက်သေးဘူးဆိုတာ ထင်ရှားနေပြီ၊ ကျုပ်ကလဲ အသက်ငါးဆယ်ရှိနေမှတော့ ကျောင်းဆရာအလုပ်ကလွဲပြီး တခြားအလုပ်ကိုပြောင်းလုပ်ဖို့ ခဲယဉ်းတယ်၊ တခြားကျောင်းတစ်ကျောင်းကျောင်းမှာလဲ ကျောင်းဆရာ အလုပ်ရဖို့က မလွယ်ဘူး၊ ကုန်သည်လုပ်ဖို့ကျပြန်တော့လဲ ကျုပ်က အရောင်းအဝယ်ကိစ္စကို နည်းနည်းကလေးမှ နားမလည်ပြန်ဘူး၊ ကျုပ်ဘဝ တစ်လျှောက်လုံး စာအုပ်တွေနဲ့သာ အချိန်ကုန်လာခဲ့တာ မဟုတ်လား"

"ဒီလိုဆိုရင်တော့လဲ ရှင်ဟာ အစကတည်းက အိမ်ထောင်ပြုခဲ့ဖို့ကို မကောင်းဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ တာဝန်ယူရတယ်ရှင့်၊ ရှင့်အနေနဲ့ ရှင်ဘာသာရှင် ကျောင်းသားရအောင် မရှာနိုင်ဘူးလား၊ တခြားယောကျ်ားတွေ ဆိုရင်တော့ ပြဿနာကို ရဲရဲကြီး ..."

အယ်လီနာ၏ စကားမဆုံးမီ ပေါ(လ်)က ခပ်ဆတ်ဆတ်အသံဖြင့် ဖြတ်၍ပြောလိုက်၏။

"ဒီမှာ အယ်လီနာ၊ ကျောင်းသားဆိုတာ ကိုယ်ကလုပ်ယူလို့ရတာ မဟုတ်ဘူး၊ သူတို့ဘာသာသူတို့လာတာ၊ ကျုပ်လဲ ကျုပ်အစွမ်းရှိသလောက် ကြိုးစားတာပဲ၊ ကဲ...ကောင်းပြီ၊ နက်ဖြန်ကျရင် ဟိ(စ်)မင်းကို ပြောလိုက်တော့မယ်၊ သူပေးတဲ့ တစ်နှစ် ပေါင်တစ်ရာနှုန်းကို လက်မခံနိုင်ဘူးလို့၊ လက်မခံနိုင်ရင်အလုပ်ထွက်ပါလို့ သူကပြန်ပြောရင်တော့ ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်ပေတော့၊ တခြားအလုပ်ကိုတော့ ရှာလို့ရမှာမဟုတ်တာ သေချာတယ်"

အယ်လီနာမှာ ဘာမျှပြန်မပြောနိုင်ဘဲ ပေါ(လ်)ကိုသာ ငေးကြည့် နေသည်။ ပေါ(လ်) ပြောလိုက်သည်မှာ လက်တွေ့ရင်ဆိုင်ရမည့် အခြေအနေဖြစ်သည်။

...ငွေလုံးဝမရှိသည်နှင့်စာလျှင် တစ်နှစ်ပေါင်တစ်ရာ ဝင်ငွေရှိနေသည်ကမှ ...ကောင်းဦးမည်ဟု တွေးမိလာသည်။

ထို့ကြောင့် သူတို့၏ စကားလမ်းကြောင်းမှာ ပြောင်းလဲလာမည့် ဝင်ငွေ ...အခြေအနေပေါ်မူတည်၍ မည်သို့မည်ပုံ နေထိုင်စားသောက် သွားရေးဘက်သို့ ...ရောက်ရှိသည်၍သွားသည်။

"ဟိ(စ်)မင်းပေးတဲ့ တစ်နှစ်ပေါင်တစ်ရာနဲ့ပဲ ဆက်လုပ်သွားမယ်ဆိုရင် ...နေရေးအတွက် ဘယ်လိုစိတ်ကူးမလဲ၊ ကျွန်မအိမ်ထောင်ပစ္စည်းတွေနဲ့ ဆိုရင်တော့ ...ပဲမှာဘဲ ဆက်နေမှုဖြစ်မယ်၊ ပြီးတော့လဲ ကျွန်မ တစ်ယောက်တည်းလဲ နိုင်မှာ ...ဟုတ်ဘူး၊ အဖော်အလှော် တစ်ယောက်တော့ထားဦးမှ၊ တစ်ခါ ကျွန်မရဲ့ နှလုံး ...ရောဂါကို ဆရာဝန်ပြရတဲ့အတွက် ပေးရဦးမှာတို့၊ ဆေးဖိုးတို့အတွက်လဲ ကုန်ရဦးမှာ၊ ...ဂါက်တာဝါးတားဟော(လ်)က ကျွန်မကို သက်သက်သာသာနေပါလို့ ပြောထား ...တာ၊ ကျွန်မမှာလဲ ကိုယ်ပိုင်ဝင်ငွေရှိနေတာဆို့ သူပြောသလိုသက်သက်သာသာ ...နေရတော့ ကောင်းတာပေါ့"

အယ်လီနာက သူ၏ ကိုယ်ပိုင်ဝင်ငွေအကြောင်းကို ပြောလိုက်သည်နှင့်ပင် ...ပေါ(လ်)၏ ခေါသမှာ ဝုန်းခနဲ ပေါက်ကွဲထွက်လာတော့၏။

"ကဲ ...ပြောပါ ...ပြောပါ၊ခင်ဗျားကြိုက်သလိုပြောပါ၊ ကျုပ်ကိုလက်မထပ်ဘဲ ...နေခဲ့ရင် ခင်ဗျားအခုလို စိတ်ညစ်ရမှာ မဟုတ်ဘူးဆိုတဲ့ အကြောင်းကို ပြောပါဗျ၊ ...ကျုပ်နားထောင်နေပါတယ်၊ တဆိတ်ရှိ ခင်ဗျားက ပိုက်ဆံစကား၊ ပစ္စည်းစကားပဲ ...ပြောနေတာပဲ"

ယခုလို ပေါ(လ်)က ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်လာတော့လည်း အယ်လီနာက ...ငြိမ်လာသည်။

ထို့ကြောင့် ပြန်၍ ရန်တွေ့မနေတော့ဘဲ အသုံးစရိတ်လျှော့ရေး အတွက် ...လုပ်ရမည့်နည်းလမ်းများကိုသာ ဆက်၍ပြောလေသည်။

"ပေါ(လ်)ရယ်၊ ကျွန်မပြောတာ အေးအေးဆေးဆေး နားထောင်စမ်းပါဦး၊ ...တစ်နှစ်ကို ပေါင် ငါးဆယ်လျှော့သွားမယ်ဆိုရင် ကျွန်မတို့ရဲ့ အသုံးစရိတ်ကို ...ဘယ်လိုလျှော့ချမလဲဆိုတာကို စဉ်းစားကြရအောင်"

"ကိုင်း ...ဘာတွေကိုလျှော့ချမလဲ"

"တခြားဘက်ကတော့ ဒီထက်လျှော့ချလို့ မဖြစ်တော့ဘူး၊ အစား အသောက် ...ဘက်ကဆိုရင် ဒီထက်ချွေတာလို့မရတော့ဘူး၊ အဲဒီတော့ တစ်နည်းပဲကျန်တယ်"

"အဲဒီနည်းက ..."

"အယ်နီကို မထားနဲ့တော့ပေါ့၊ သူ့ကိုပေးရတဲ့လခ သက်သာသွားတ
ဆိုရင် တော်တော်လေးခုမိသွားပြီ၊ အကြမ်းထည်လုပ်ဖို့ကတော့ မစ္စစ်ဘရစ်စကို
ရှိနေပြီ၊ သူ့တော့ ဖြုတ်လို့မဖြစ်ဘူး၊ ကျွန်မနလုံးရောဂါ အခြေအနေနဲ့ဆိုရ
ကြမ်းကြမ်းတမ်းတမ်း မလုပ်နိုင်ဘူး"

"မစ္စစ်ဘရစ်စကိုးက အကြမ်းထည် လုပ်တာကတော့ ဟုတ်ပါပြီ၊ ကျ
အတွက်နံနက်စာက ဘယ်သူကလုပ်ပေးမှာလဲ၊ ကျုပ်က တစ်နေ့လုံး အလုပ်သွ
ရမှာကိုကော ထည့်မစဉ်းစားတော့ဘူးလား"

"ပေါ(လ်)ရယ်၊ သူများယောကျ်ားတွေလဲ ကိုယ့်နံနက်စာ ကိုယ့်ဘာသ
ချက်စားကြတာပါပဲ၊ ရှင့်ဘာသာရှင် ပန်းခြံထဲမှာတောင် အပင်းပန်းခံလုပ်
သေးတာပဲ၊ နံနက်စာလောက်တော့ ဘာများအပန်းကြီးမှာလဲ၊ ကြက်ဥကလေ
တစ်လုံးနှစ်လုံးလောက် ပြုတ်ရတာကြော်ရတာပဲဟာ"

ပေါ(လ်)ကတော့ သဘောမကျသည့်ပုံဖြင့် ပြတင်းပေါက်ဘက်သို့ ငေးကြ
နေသည်။ တကယ်တော့ ဤအစီအစဉ်မှာ သူအတွက်မဆိုးလှပါ။ သူ့အတွက်
ငွေနည်းနည်းပါးပါးပိုနိုင်သေးသည်။ ဒီလိုမှလည်း မိုင်ရာကို ထောက်ပံ့နိုင်ပေမည်

နောက်ဆုံးတွင် ညည်းညည်းညူညူဖြင့် အဖြေပေးလိုက်သည်။

"အေးလေ၊ အဲဒီလိုလုပ်မှ ဖြစ်မယ်ဆိုရင်လဲ လုပ်ပေါ့"

အယ်နီကို အလုပ်မှဖြုတ်ပစ်ရမည်ကို ပေါ(လ်)မှာစိတ်မကောင်း ဖြစ်နေသည်
သူက ကလေးမကလေးကိုသနားသည်။ ထို့ကြောင့် သူကိုယ်တိုင် အယ်နီအ
အကျိုးအကြောင်းစေ့စေ့စုံစုံ ပြောချင်သည်။ အယ်လီနာကသာ ပြောမည်ဆိုလျှ
လိပ်ပတ်မလည်ဘဲ ကလေးမကလေး စိတ်မချမ်းမသာနှင့် ထွက်သွားရမည်
ပေါ(လ်)က စိုးရိမ်မိသည်။

ပေါ(လ်)က အယ်နီရှိရာ မီးဖိုထဲသို့ဝင်လာကာ စ၍ပြော၏။

"အယ်နီ၊ နင့်ကို မစ္စစ်ပရက်ဆက် ပြောပြီးပလား"

အယ်နီက မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကိုမော့၍ပြန်ဖြေသည်။

"ဘာကိစ္စကိုလဲ ဦးလေး"

"အေး...ငါလဲမပြောမဖြစ်လို့ ပြောရတာပဲဟေ့၊ အခုတို့မှာ ဝင်ငွေလျော့
လို့ အိမ်ဖော်မထားနိုင်တော့တဲ့ အခြေအနေကိုရောက်နေပြီ၊ ဒါကြောင့် နင့်
သနားတော့ သနားတယ်ကွယ်၊ ဒါပေမဲ့ပိုက်ဆံ မတတ်နိုင်လို့ ဆက်မထားနိုင်
ဘူး၊ နင့်လို အလုပ်လဲတော် သဘောသကာယကောင်းတဲ့ ကလေးမ

သောက်အဖို့ တခြားအိမ်တစ်အိမ်မှာ အလုပ်ရဖို့မခက်လှပါဘူး၊ ငါတို့ကလဲ ထောက်ခံစာကောင်းကောင်း ရေးပေးလိုက်ပါမယ်"

"ဟင်...ဒီလိုဆိုရင် ဦးလေးအတွက် နံနက်စာကို ဘယ်သူက လုပ်ကိုင်ပေးမှာ နောက်ပြီး မစ္စစ်ဘရစ်စကိုးကလဲ နေ့တိုင်းလာမှာ မဟုတ်တော့ သူ မလာတဲ့ တွေမှာ အလုပ်ကြမ်းတွေကိုကော ဘယ်သူက လုပ်မှာလဲ"

"ဒါကတော့ ငါကိုယ်တိုင်ပဲ လုပ်ရမှာပေါ့ကွယ် အယ်နီရယ်၊ ငါကလဲ ကိုယ်တိုင်လုပ်ရမှာ ဝန်မလေးလှပါဘူး၊ နင်သာ တို့အိမ်ကထွက်သွားပြီးရင် ခါတစ်ခါလာလည်ဦး၊ ဒါမှ နင့်အခြေအနေကို တို့သိနိုင်မှာပေါ့"

"ဟုတ်ကဲ့ပါ ဦးလေး"

"အေးကွယ်၊ ငါတို့လဲ စိတ်မကောင်းပါဘူး၊ မတတ်သာလို့ပါ"

ဤသို့ဖြင့် အိမ်ဖော်မကလေးအယ်နီသည် ပေါ(လ်)နှင့် အယ်လီနာ တို့၏ မှ ထွက်ခွာလာခဲ့ရသည်။

ထွက်လာခဲ့သည့်အချိန်အထိ မစ္စတာပေါ(လ်)ပရက်ဆက်၏ ခေါင်းအုံးနှင့် ခင်းတို့မှ မိန်းမရေမွှေးနံ့ ရသည့်ကိစ္စမှာ သူ၏ခေါင်းထဲတွင် စဉ်းစား၍ သော ပြဿနာအဖြစ်ရှိနေသေးသည်။

အယ်နီမရှိတော့သည့်အတွက် ပေါ(လ်)နှင့် အယ်လီနာတို့သာ အိမ်ကြီးတွင် ခြောက်ခြောက်ဖြင့်ကျန်ခဲ့သည်။ မစ္စစ်ဘရစ်စကိုးက တစ်ပတ်လျှင် သုံးကြိမ်သာ ၍ အမှိုက်သရိုက်လှည်းကျင်း၍ အမှိုက်ပုံးများသွန်ခြင်း၊ ကျောက်မီးသွေးများကို ထဲသို့ သယ်ခြင်းတို့ကို လုပ်သည်။

အယ်လီနာက အိမ်ပေါ်တွင် အိပ်ရာများခင်းခြင်း၊ အိမ်ခန်းများကို လှည်းကျင်း သင်ခြင်း၊ ရေချိုးခန်းထဲရှိ ဘုံဘိုင်ခေါင်းများကိုတိုက်ချွတ် ခြင်းတို့ကိုလုပ်သည်။ ချောင်အလုပ်များကို များများစားစားမလုပ်ပေ။ ထို့ကြောင့် မွန်းလွဲပိုင်းအချိန် သူ၏ မိတ်ဆွေအမျိုးသမီးများ၏အိမ်သို့ လည်ပတ်ချိန်ရ၏။ ညနေစောင်းတွင် သို့ပြန်လာကာ သူ့ယောကျ်ား ပြန်လာလျှင် စားရန်အတွက် ညစာကို ချက်ပြုတ် သည်။ သို့သော် အယ်နီရှိစဉ်ကကဲ့သို့ ဖွယ်ဖွယ်ရာရှိသည့် ညစာမျိုးမဟုတ် ပါ။

ပေါ(လ်)လည်း မသက်သာလှပါ။ ခါတိုင်း နံနက်စောစောတွင် အယ်နီလုပ်ခဲ့ သော အလုပ်များကို သူလုပ်ရပါသည်။

နံနက်ခြောက်နာရီခွဲတွင် အိပ်ရာမှထရသည်။ ထိုနောက် မီးဖိုအတွက် သွားသွား၍ သယ်ရသည်။ ပြီးလျှင် နို့သမားက အိမ်ရှေ့တံခါးပေါက်တွင်

ချသွားသော နို့ပုလင်းကိုသွား၍ယူရသည်။ အိမ်ရှေ့တံခါးမကြီး၏ ကြေးလက်ကိုင်များ ဆေါင်များကို တိုက်ချွတ်ရသည်။ ထိုကိစ္စများပြီးသော် သူ၏ ဖိနပ်ကိုတိုက်ရသေးသည်။ သူကတိုက်ရချွတ်ရသည့်အလုပ်ကိုပျော်၏။ ပစ္စည်းများတွင်ကပ်နေသည့် ဖုံများ သံချေးများစင်၍သွားသည်ကို တွေ့ရလျှင် သူ့စိတ်ထဲတွင်ရှင်း၍သွားသည်။ တစ်ခါတစ်ရံကျောင်းတွင် စာသင်နေရင်းနှင့်ပင် ညနေအိမ်သို့ ပြန်ရောက်လျှင် မီးဖိုကို ပြောင်အောင် တိုက်ချွတ်ရေးအတွက် စိတ်ကူးမိနေတတ်သည်။

နံနက်စာကို သူ့ဘာသာ ကြော်လှော်ချက်ပြုတ်ပြီးသည့်အခါ မစားနိုင်သေး။ သူ့ခနီးစားရန်အတွက် လင်ပန်းဖြင့် အပေါ်ထပ်သို့သွား၍ ပို့ရသေးသည်။

အယ်လီနာက စိတ်မလုံသဖြင့် သူ့ကို ပြန်ပြောလေ့ရှိသည်။

"ကျေးဇူးတင်ပါတယ် ပေါ(လ်)ရယ်၊ ဒေါက်တာဝါးတားဟော(လ်)က ကျွန်မ ဒီထက်ပိုပြီး ကျန်းမာရေးကောင်းလာပြီလို့ပြောတဲ့အခါကျရင် နံနက်စာအတွက်လဲ ကျွန်မကူပြီး လုပ်ပေးနိုင်ပါလိမ့်မယ်၊ အခု အတိုင်းတော့ ရှင်က နံနက်စာအတွက် တာဝန်ယူ၊ ကျွန်မက ညစာအတွက် တာဝန်ယူနေရတဲ့ အခြေအနေပေါ့၊ မျှမျှတတတော့ ရှိပါတယ်နော် ဟုတ်လား"

"အို…ကိစ္စမရှိပါဘူး အယ်လီနာရဲ့၊ ရပါတယ်"

ပေါ(လ်)က တကယ်ပင် စိတ်ပါလက်ပါ ပြောလိုက်ခြင်းဖြစ်ပါသည်။ သူ့အနေနှင့် အယ်လီနာအပေါ်တွင် တွက်ကပ်လိုစိတ် မရှိပါချေ။

အယ်လီနာ၏ အခန်းသို့နံနက်စာသွားရောက်ပို့ပြီးသည့်အခါတွင် သူ့အတွက် နံနက်စာကို အားရပါးရစား၏။ စားပြီးသော် ဆေးတံကို ပါးစောင်တွင်ခဲကာ ပန်းခြံထဲသို့ဆင်းလာ၍ ဖူးရန်အရှိန်ယူနေသည့် ပန်းပင်ကလေးများကို အချိန်တကြည့်ကြည့်ဖြင့် ကြည့်ရင်း ဟိုမှသည်မှ လမ်းလျှောက်လိုက်သေး၏။

လမ်းလျှောက်ရင်းနှင့် ဂေါ်ပြားလေးကိုယူ၍ မြေကြီးကိုဆွချင်သည့် စိတ်ပင် ပေါ်လာသည်။ သို့သော် အချိန်မရတော့၊ ကျောင်းသို့သွားရဦးမည်။

{ ၁၁ }

ဤနှစ်ဆောင်းတွင်းတွင် အီဂျစ်တုပ်ကွေးသည် အီဂျစ်တွင်ရပ်မနေပဲ အာရှတိုက်နှင့် ဥရောပတိုက်သို့ပါ ကူးဆက်လာ၏။ တုပ်ကွေးဟူသော အမည်တပ်ရသည် တကယ်တော့ ဝမ်းရောဂါ ကျောက်ကပ်ရောဂါတို့ကဲ့သို့ပင် ကပ်ရောဂါတစ်ခု ဖြစ်သည်။ အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းတွင်ပင် လူပေါင်းခြောက်သန်းသည် ထိုရောဂါဖြင့် ပျက်စီးခဲ့ရ၏။ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် မည်မျှသေသည်

ပါရမေ။ စက်မှုထွန်းကားရာ ဥရောပနိုင်ငံများနှင့် အင်္ဂလန်နိုင်ငံတွင်လည်း ...ဘော်သေကြသည်။

တစ်နေ့သော ညနေစောင်း ပေါ(လ်) ပြန်လာသည့်အခါတွင် အယ်လီနာ ...ရာထဲတွင် တုပ်ကွေးဖြင့်လဲနေသည်ကိုတွေ့ရ၏။

ပေါ(လ်)ကို မြင်လိုက်သည်နှင့် အယ်လီနာက ညည်းညည်းညူညူ ...ပြောလိုက်သည်။

"နေရတာ သိပ်ဆိုးတာပဲ၊ ကျွန်မကတော့ ဟို တုပ်ကွေးမိပြီထင်တယ်၊ ...လိုက်တာလဲမပြောနဲ့တော့ နိုက်နိုက်ကိုတုန်နေတာပဲ၊ အိမ်တစ်အိမ်လုံး ကျွန်မ ...ယောက်တည်းပဲရှိတာမို့ သိပ်အားငယ်တယ် ပေါ(လ်)ရယ်"

ပေါ(လ်)က အယ်လီနာကို နှစ်သိမ့်စကားပြောရာ၏။

"အို...ဟုတ်လား၊ ဆောရီးပဲကွာ၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့လေ ဂရုစိုက်ပြီး ...အန္တရာယ်မရှိပါဘူး၊ နွေးနွေးထွေးထွေးဖြစ်အောင်နေပေါ့၊ ကိုယ် ဆရာဝန် ...ခေါ်လိုက်မယ်"

ဆရာဝန်ထံသွားမီ အယ်လီနာ အနွေးဓာတ်ရစေရန် အိပ်ခန်းထဲမှ မီးလင်းဖို ...မီးမွှေးရသေးသည်။ ရေနွေးလည်းကျိုလိုက်သေးသည်။ ထိုကိစ္စများပြီးမှ ...ဒေါက်တာဝါးတားဟော(လ်)၏ အိမ်ရှိရာ မော်တင်ရိပ်သာ လမ်းမသို့ မိုးစိုစို ...ထဲမှ လျှောက်၍သွားသည်။

မီးရေများတင်နေသော လမ်းပေါ်သို့ လမ်းမီးရောင် ဖြာကျနေသဖြင့် တလက် ...လက်ဖြစ်နေသည်။

ဒေါက်တာဝါးတားဟော(လ်)မှာ အပြင်ထွက်ခါနီးဆဲဆဲ။ ဒေါက်တာက ပေါ(လ်) ...ကို ...၍ပြောလိုက်၏။

"ဘယ်လိုလဲ ပေါ(လ်) အယ်လီနာလဲ ကွေးပြီလား၊ ကိစ္စမရှိပါဘူးဗျ၊ ...သော မခံနဲ့ ဘာမှမဖြစ်ပါဘူး။ မတတ်နိုင်တဲ့ဆင်းရဲသားတွေသာ အသေများ ... သူတို့ကတော့ အနွေးထည်လုံလုံလောက်လောက် မရှိဘူး မဟုတ်လား၊ ...အချိန်ရရင် ရသလိုလှည့်လာခဲ့ပါ့မယ်၊ ဘယ်အချိန်လဲလို့တော့ အတိ ...ပြောနိုင်ဘူးဗျို့၊ ဒီအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး၊ ဟောဒီက ကျွန်တော် ...ဆေးဆိုင်း မစ္စစ်ဝက်(စ်)တော(လ်)ကိုသာ မေးကြည့်ပေတော့၊ အခုဆိုရင် ...ကိုတောင် နှစ်ဆယ့် လေးနာရီငှားထားရတယ်"

ဒေါက်တာ ဝါးတားဟော(လ်)မှာ ပင်ပန်းနေပုံမရ။ ပျော်နေပုံပင် ပေါက်နေ ...သည်။ အသက်ခြောက်ဆယ့်ငါးနှစ်ရှိပြီ ဖြစ်သော်လည်း ဖျတ်ဖျတ်လတ်လတ်

သွက်သွက်လက်လက်ပင်ရှိသေးသည်။ သူနှင့် ပေါ(လ်)ပရက်ဆက်တို့မှာ စကာ
ပြောရော အကြောင်းအရာတစ်ခုခုရှိလာလျှင် အပြိုင်အဆိုင်ငြင်းဖက်ခုံ
ဖြင်ကြ၏။ နှစ်ဦးစလုံး အငြင်းသန်ကြသူများချည်း ဖြစ်ကြသည်။

"ကဲ ...ပေါ(လ်) သွားပေဦးတော့၊ ကျုပ်လဲ လူနာနှစ်ဆယ်လော
လိုက်ကြည့်ရဦးမှာ၊ အယ်လီနာကိုသာပြောလိုက်ပါ၊ ဒီတုပ်ကွေးက သူ့လိုလူ
အတွက် စိုးရိမ်စရာမရှိပါဘူး၊ တကယ်ဖြစ်တာထက် သူက ပိုပြီး စိုးရိမ်လို့ပါ
ကျုပ်လာဖြစ်အောင်လာခဲ့ပါမယ်လို့"

သူပြောလိုက်သည့်အတိုင်းပင် ဒေါက်တာ ဝါးတားဟော(လ်)သ
ညရှစ်နာရီထိုးတွင် ရောက်လာသည်။

သူက အယ်လီနာကို ငါးမိနစ်ခန့် စမ်းသပ်ကြည့်ပြီးနောက် ပေါ(လ်)
အတူ အောက်ထပ်သို့ဆင်းလာသည်။

ထမင်းစားပွဲတွင်ထိုင်ကာ အယ်လီနာ၏ ရောဂါအခြေအနေကို ပေါ(လ်)
ရှင်းပြ၏။ ဒေါက်တာဝါးတားဟော(လ်)မှာ မိမိနိုင်နင်းသည့် အကြောင်းအရ
ပြောရသည်ဖြစ်၍ သဘောကျနေသည်။ ခါတိုင်း ငြင်းဖက်ဖြစ်သူ ပေါ(လ်)
ဤနေရာတွင် မည်သို့မျှဝင်၍ ဆရာလုပ်၍ မရတော့၊ ထို့ကြောင့် စကာ
မနည်းကြိုးစား၍ဖြတ်ကာ သူ၏ကားဆီသို့ ထွက်လာရသည်။

အိမ်ပြင်သို့ ရောက်သည့်အခါ၌ ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်၍ မီးညှိသ

"အင်း...ခါတိုင်းဆိုရင် လူနာတွေအားလုံးကိုကြည့်ပြီးမှ ဆေးလိပ် သော
ကျုပ်ဘာသာ စည်းကမ်းလုပ်ထားတာဗျ၊ ဒီနေ့တော့ ကြည့်ရတဲ့ လူနာတွေ
များလွန်းလို့ ကြုံရင်ကြုံသလို စားရတာဆိုတော့ ဆေးလိပ်လဲ ကြုံတုန်းသော
ဖြစ်တော့မှာပဲ၊ ကိုယ့်လူရဲ့မိန်းမအခြေအနေက ကောင်းပါတယ်၊ စိတ်ပူစရာ
ပါဘူး၊ ဟောဒီတုပ်ကွေးကလဲ အဆန်းသား၊ ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့အကြေ
ရင်းကို ရှာလို့မတွေ့သေးဘူး၊ အကြောင်းရင်းကိုမသိတော့ တိုက်ရိုက်ကုစားနိုင်
ဆေးကို မပေးနိုင်ဘူးပေါ့ဗျာ"

ပေါ(လ်)ကလည်း ဒေါက်တာဝါးတားဟော(လ်)သည် လူပြိန်း နားမ
သော ဆေးဘက်ဆိုင်ရာ ဝေါဟာရများကို ပေါ်ကြွားကြွား ပြောလေ့ရှိကြေ
သိပြီးဖြစ်၏။

ကားပေါ်သို့မတက်ခင် ဒေါက်တာက ဆက်၍ပြောနေသေးသည်။

"တုပ်ကွေးရောဂါ အနေနဲ့ကတော့ ဒီလောက်စိုးရိမ်စရာမရှိဘူးဗျာ၊ ဒီ
ကို အကြောင်းပြုပြီး နောက်ဆက်တွဲဖြစ်လာတဲ့ရောဂါတွေက စိုးရိမ်ရတယ်

ပေါ(လ်)က အလိုက်အထိုက် ပြန်၍မေးရသည်။

"ဘယ်လို နောက်ဆက်တွဲရောဂါတွေလဲ ဒေါက်တာ"

"အဆုတ်နှစ်ဖက်လုံးရောင်တာတို့၊ လည်ချောင်းပြွန်ရောင်တာတို့ပေါ့၊ ဒီရောဂါတွေရပြီးရင် ခန္ဓာကိုယ်ရဲ့ခံနိုင်ရည်လျော့သွားတာမို့ လူနာဟာ အားပြတ်သွားတယ်၊ ဒါကြောင့်မို့လို့ အယ်လီနာ့အိပ်ခန်းကို အပူအအေး မျှအောင် ထိန်းရမယ်၊ လေစိမ်းအတိုက်ခံလို့လဲမဖြစ်ဘူး၊ လှောင်နေရင်လဲ မဖြစ်ဘူး၊ နောက်ပြီး သူ့စိတ်ဟာလဲ အားငယ်နေလိမ့်မယ်။ ဒါကိုလဲ စိုးရိမ်စရာမရှိပါဘူး၊ ဒါထက် အသက် ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ်နဲ့ လေးနှစ်ပါ"

"အို ... ဒါဆိုရင်တော့လဲ အရေးသိပ်မကြီးလှပါဘူး၊ သူ့ကိုဘယ်သူ စောင့်ကြည့်မလဲ"

"ဒါကို ကျွန်တော်လဲ စဉ်းစားနေတာပဲ၊ အယ်နီကလေး သွားတာမှ တစ်ပတ် လောက်ပဲရှိသေးတယ်၊ ဟော ... အခုလိုဖြစ်လာတာပဲဗျာ"

ဒေါက်တာ ဝါးတားဟော(လ်)က အကြံပေးသည်။

"ဒီလိုဆို ဟိုအမျိုးသမီးကို ခေါ်ပါလား၊ ဘက်စီဖား(လ်)လေ ဒီအမျိုး သမီးက ဟိုစပ်စပ် ဒီစပ်စပ်လုပ်တတ်တော့၊ လာစောင့်ပေးဖို့ ခဲယဉ်းမယ် မထင်ဘူး"

"ဟုတ်တယ်၊ ဒေါက်တာ၊ ဘက်စီဆိုရင်ဖြစ်နိုင်လိမ့်မယ်၊ နှစ်ရက်လောက်ပါ၊ ဒီနေ့ တနင်္ဂနွေဆိုရင် ကျွန်တော်ရှိနေပြီပဲ"

"ကဲ ... ဒါဖြင့် ဘက်စီကိုပဲခေါ်၊ တစ်ခုတော့ သူ့ကိုပြောလိုက်ဗျို့၊ အယ်လီနာ အိပ်ပျော်ရှိနေတုန်းတော့ ခါတိုင်းလိုစကားဖောင်လောက်အောင် ပြောမနေနဲ့ဦးလို့၊ အယ်လီနာ အဖျားကျသွားရင်တော့ ပြောနိုင်ပါပြီလို့ ဟုတ်လား၊ ဒီမိန်းမကလဲ ကြာကြာစကားမပြောရရင် နေလို့ထိုင်လို့ ဖြစ်မယ်မထင်ဘူးနဲ့တူပါတယ်၊ ဟား ... ဟား ... ဟား"

ဒေါက်တာ ဝါးတားဟော(လ်)မှာ ဘက်စီဖား(လ်)အကြောင်းကို ပြောရင်း အားရပါးရရယ်လျက် သူ၏ မော်တော်ကားစောင့်နေသည့် နေရာသို့ ဆင်း၍ သွား၏။

ဒေါက်တာဝါးတားဟော(လ်)ထွက်သွားသောအခါ ပေါ(လ်)သည် အေးအေး ဆေးဆေးနေချိန်မရတော့၊ ပထမဦးဆုံး အယ်လီနာ၏ အိပ်ခန်းထဲမှ မီးလင်းဖိုကို မီးရှိန်ရစေရန်ပြုပြင်ရ၏။ ထို့နောက် အယ်လီနာ သောက်ရန် စွပ်ပြုတ်ပြုတ်ရ၏။

ဤကိစ္စများ ပြီးစီးသွားသောအခါတွင် မစ္စစ်ဘက်စီဖား(လ်)၏ အိမ်
သွားကာ အကျိုးအကြောင်းပြောရသည်။

ဘက်စီဖား(လ်)သည် မိတ်ဆွေရင်းချာဖြစ်သူတစ်ဦး အတော်က
နေမကောင်းသည့် သတင်းကိုကြားရသည့်အတွက် စိတ်မကောင်းသည့် ဟန်
အရာလုပ်နေရသော်လည်း သူပြန်ပြောလိုက်သည့် အသံတွင် ဝမ်းသာသည့် အ
အရောင်ပါနေသည်။ သူ့ဝမ်းသာခြင်းမှာ အယ်လီနာကို ကူညီရမည့်အတွက်အ
သူတို့လည်း အပျင်းပြေနိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ တစ်အိမ်လုံး
သူတစ်ယောက် ထီးထီးကြီးနေနေရသည့် ဘဝတွင် ဤသို့အဖြစ်မျိုးမှာ သူ့အတွ
စိတ်ဝင်စားဖွယ်ရာ အပြောင်းအလဲ တစ်ရပ်ပင်ဖြစ်ပေသည်။

ဘက်စီဖား(လ်)က ယခုညတွင်လည်းလာကြည့်မည်။ နောက်တစ်နေ့ နံန
တွင်လည်း ပေါ(လ်)ကျောင်းသို့ မသွားမီကတည်းကလာ၍စောင့်ပေးမည်
သိရသဖြင့် ပေါ(လ်)လည်း စိတ်လက်ပေါ့ပါးသွား၏။ ထိုအချိန်ကျမှပင် သူ့အတွ
ညစာကိုပြင်ဆင်ရတော့၏။ ညစာဆိုသည်မှာလည်း ထွေထွေထူးထူးမဟုတ်
အမဲသားပြုတ်ရေနှင့် ပေါင်မုန့်ကင်သာ ဖြစ်၏။

ထမင်းစားပွဲတွင်ထိုင်ကာ ပေါင်မုန့်ကိုဖဲ့ရင်းနှင့် စောစောက ခေါင်းထဲ
ကြီးစားဖယ်ထုတ်ထားခဲ့သော အတွေးများကိုဆက်၍ တွေးနေမိသည်။ စော
ကတော့ လှုပ်ရှားသွားလာနေရသည်မို့ ထိုအတွေးများကို ဖယ်၍ရခဲ့သည်။ ယခု
အေးအေးဆေးဆေးဖြစ်လာသည့် အခါတွင်ကား ထိုအတွေးများမှာ သူ
ခေါင်းထဲ၌ ဝေ့ကာဝဲကာ ပေါ်လာပြန်သည်။

သူ၏ ကျိုးကြောင်းဆင်ခြင်နိုင်သည့် စိတ်က ဤသို့တွေးခြင်းသ
မှားကြောင်း သူ့ကို သတိပေးထားပါ၏။ သို့သော်စိတ်ကူးယဉ်စိတ်က ကျိုးကြော
ဆင်ခြင်နိုင်သည့်စိတ်ကို တွန်းလှန်လိုက်ကာ ဆက်၍တွေးစေ၏။ တကယ်
အယ်လီနာ ထုပ်ကျွေးမိပြီဟုသိလိုက်သည့် အချိန်က၏ သူ၏ ခေါင်းထဲ
မျှော်လင့်ချက်ရောင်ခြည်က လက်ခနဲ ပေါ်လာခဲ့ပါသည်။ သို့သော် သူတချက်
ပင် သူ၏ခေါင်းထဲမှ ပျောက်ဖျက်ပစ်နိုင်ခဲ့ပါသည်။

ဒေါက်တာက အယ်လီနာ၏ နှလုံးရောဂါကြောင့် ဂရုစိုက်ပြုစုဖို့ လို
အကြောင်းကိုပြောသည့်အခါတွင် မျှော်လင့်ချက်ရောင်ခြည်က နောက်တစ်
ထပ်၍ လက်ခနဲပြန်ပါသည်။

**စိတ်ကူးချိုချို**

မှားသည်၊ မှားသည်။ ဤရောဂါဖြင့် အယ်လီနာသေလျှင် သူ့အတွက် ကောင်းဆုံးပဲဟု ဆန္ဒဖြစ်လာခြင်းကိုက မှားသည်ဟု သူကလက်ခံပါသည်။ သော် အနှောင်အဖွဲ့မှ လွတ်မြောက်လိုသည့် ဆန္ဒက အလွန်တရာ ပြင်းထန် သည်မို့ သိလျက်နှင့်ပင် ဝိဘက်ကြမ္မာငင်ကာ ဖွတ်တိုး၍ စဉ်းစားနေမိခြင်း သည်။

အကယ်၍များ ...အကယ်၍များ အယ်လီနာသာ ဤတောင်ကမကျော် တော့လျှင် သူ့အတွက် သားရွှေအိုးထမ်းလာသည့် အဖြစ်သို့ ရောက်လာမည်မှာ ဟု စိတ်ကူးယဉ်မိ၏။ မိုင်ရာနှင့် လက်ထပ်နိုင်မည်အပြင် အယ်လီနာ၏ နှစ် ပေါင်နှစ်ရာငါးဆယ်သော ဝင်ငွေကိုပါ သူက အမွေရမည်ဖြစ်သည်။

စဉ်းစားရင်း စဉ်းစားရင်းနှင့် သူ၏အတွေးနယ် ကျယ်သည်ထက် ကျယ်လာ သည်။

'လေစိမ်း မမိစေနဲ့နော်'ဟူသော ဒေါက်တာ၏စကားကို သတိရလိုက်မိ၏။

ဟင်း ...လေစိမ်းမိအောင်လုပ်လိုက်ရင် ဒေါက်တာပြောသွားသည့် က်ဆက်တွဲရောဂါတွေဝင်လာမည်။ အဆုပ်အအေးမိနိုင်သည်။ ရင်ကျပ် သည်။ လေစိမ်းမိအောင်လုပ်ဖို့ကလည်းအလွယ်ကလေး၊ အယ်လီနာက ဆေး ဖြင့်အိပ်နေစဉ် ပြတင်းပေါက်ကို လိုသည်ထက်ပို၍ဟထားလိုက်ရုံသာ သည်။ ရောဂါအခြေအနေဆိုးလာသည့်အခါကျမှ ပရိုက်ဗိတ် သူနာပြုဆရာမ ယောက်ကိုငှား၍ စောင့်ခိုင်းလိုက်လျှင်... သူ့အပေါ်တွင်လည်း အပြစ်ပြောစရာ နှလုံးရောဂါအခံရှိသည့် အယ်လီနာအဖို့လည်း နောက်ဆက်တွဲဖြစ်လာသည့် ါကို ထောက်ခံနိုင်ဖို့က မလွယ် ...

"ဟာ ...သိပ်လွယ်ပါလား၊ ဒီလိုဆိုရင် ဒီအနှောင်အဖွဲ့က လွတ်သွားရင် တ်ခူးရမယ့် ဆုလာဘ်ကလဲ ..."

"တော်ပြီ၊ တော်ပြီ၊ ဒီလိုစိတ်ယုတ်မာတွေကို ဆက်ပြီးလက်ခံစဉ်းစားနေလို့ ဘူး"

နောက်ဆုံးတွင် ပေါ(လ်)၏ ဆင်ခြင်တုံတရားက အနိုင်ရသွား၏။

ထို့ကြောင့် ထိုင်၍စဉ်းစားနေရာမှ အယ်လီနာ၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ လာခဲ့၏။

အခန်းပေါက်သို့ ရောက်သောအခါ တံခါးရွက်ကို အသာအယာခေါက်၏။

နှုတ်မှလည်း ခပ်တိုးတိုးလေသံဖြင့်မေးသည်။

"အယ်လီနာ...အယ်လီနာ နေသာရဲ့လား"

အခန်းတွင်းမှ ပြန်၍ ထူးသံမကြားရပေ။

ပေါ(လ်)က ခြေကိုဖော့၍နင်းကာ အခန်းတွင်းသို့ဝင်သွားသည်။ အခန်း
သို့ရောက်လျှင် အနွေးဓာတ်လျော့မသွားစေရန် မီးလင်းဖိုတွင်းရှိ ကျောက်မီး
များကို နေရာတကျဖြစ်အောင် စီစဉ်လုပ်ကိုင်၏။ ပြီးလျှင် အယ်လီနာ၏ ခုတင်
ပြတင်းပေါက်အကြားတွင် လေစိမ်းတိုက်ရိုက်မတိုက်နိုင်အောင် လိုက်ကာတစ်
ကာပေးသည်။

အမှန်အားဖြင့်ကား စောစောက သူ၏စိတ်တွင်း၌ ဖြစ်ပေါ်ခဲ့သော
ဆိုးအတွက် ယခု အာပတ်ဖြေသည့်အလုပ်ကို လုပ်နေခြင်းဖြစ်၏။

နံနက်မိုးလင်းလျှင်လင်းချင်း ဘက်စီဖား(လ်)ရောက်လာသည်။ ဘက်စီ
နံနက်အထိ စောင့်နေရသည်ကိုပင် စိတ်ရှည်ပုံမရပေ။

ဘက်စီက ပေါ(လ်)ကျောင်းသို့သွားလိုလျှင် သွားနိုင်ကြောင်း၊ အယ်
အတွက်ဘာမျှစိတ်ပူစရာမလိုကြောင်း၊ ဆရာဝန်ညွှန်ကြားသည့်အတိုင်း တ
မတိမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အာမခံစကားပြောသည်။

ပေါ(လ်) အဖို့ကလည်း သူ၏စိတ်အတွင်းမှ စိတ်ယုတ်မာကို အောင်မြ
တိုက်ထုတ်နိုင်ခဲ့သည့်အတွက် ဝမ်းသာနေ၏။ သူ၏ကျောင်းသို့ ရောက်
အခါတွင် သူ၏မျက်နှာထားမှာ ညှိုးနွမ်း နေပေပြီ။

ဆရာအင်ဂယ်(လ်)ဝု(ဒ်)က လှမ်း၍နောက်လိုက်သည်။

"ဘယ်နယ့်လဲ...ပေါ(လ်)မျက်နှာမကောင်းပါလား၊ လူသတ်မှုမှာ သက်
လိုက်ဖို့ ရှိနေလို့လား"

ပေါ(လ်)က မျက်နှာမသာမယာဖြင့် ပြန်ဖြေသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်မိန်းမ အိဂျစ်တုပ်ကွေးမိပြီး အိပ်ရာထဲ
လို့ပါ"

ဤတော့မှပင် အင်ဂယ်(လ်)ဝု(ဒ်)က ပြောင်ရွှတ်ရွှတ်အမူအရာကိုပြ
လူမမာ၏သတင်းမေးသည့်စကားကို ပြောတော့သည်။

"ဟုတ်လား၊ ကျွန်တော်မသိလို့ နောက်လိုက်မိတာပါဗျာ၊ စိတ်မရှိ
အခု ဘယ့်နယ်နေသေးသလဲ"

သူနှင့် မျက်နှာကြောမတည့်သည့် ဆင်ဒီပင် အယ်လီနာ ဖျားနေ
အတွက် စိတ်မကောင်းကြောင်း ဝင်၍ပြော၏။ ပေါ(လ်)က အယ်လီနာ၏
အနေကို ပြောပြသည်။

"အခုတော့ အိပ်ရာထဲမှာပဲဗျ၊ ဒေါက်တာဝါးတားဟော(လ်) လာကြည့်ပါတယ်၊ သူ့ညွှန်ကြားချက်အတိုင်း လုပ်နေတာပဲ"

ထို့နောက် ပေါ(လ်)က ကျောင်းအုပ်ဆရာကြီး မစ္စတာဟဲ(စ်)မင်းထံသို့သွား၍ အကျိုးအကြောင်းပြောပြ၏။ မစ္စတာဟဲ(စ်)မင်းက သူ့အိမ်ကို ပြန်လိုက ပြန်နိုင် ကြောင်းပြောသော်လည်း ပေါ(လ်)က မပြန်ပေ။ မစ္စစ်ဘက်စီဖား(လ်)နှင့်အပ်ထား ခဲ့ကြောင်းပြန်၍ ရှင်းပြလိုက်၏။

ဆရာကြီးရုံးခန်းမှ ပြန်အထွက်တွင် မိုင်ရာနှင့်တွေ့သဖြင့် အယ်လီနာ၏ အကြောင်းကို ပြောပြရပြန်၏။

မိုင်ရာက စိတ်မကောင်းကြောင်း ပြန်၍ပြောကာ လူနာ၏ အခြေအနေကို ဆက်၍ မေးသည်။

"စိုးရိမ်စရာ အခြေအနေရှိသလား မစ္စတာပရက်ဆက်"

သူတို့နှစ်ဦးထဲမှ မဟုတ်ဘဲ ကျောင်းတွင်ဖြစ်နေသောကြောင့် မိုင်ရာက 'ကို' ဟု မခေါ်၊ မစ္စတာပရက်ဆက်ဟုသာခေါ်သည်။ သူမေးလိုက်သည့် အသံမှာလည်း တကယ်စိတ်မကောင်းဖြစ်၍ မေးပုံပေါ်အောင်ကြိုးစား၍ ပြောရသည့် အသွင် ရှိနေသည်။

ပေါ(လ်)ကလည်း မိုင်ရာ၏အမေးကို အလိုက်သင့်အလျားသင့် ပြန်၍ဖြေရသည်။

"စိုးရိမ်စရာမရှိပါဘူး မစ္စဘွန်း၊ မကြာမီ နေကောင်းလာမှာပါ"

"ဟုတ်လား ... ဒီလိုဆိုသိပ်ကောင်းတာပေါ့"

မည်မျှဟန်ဆောင်၍ပြောစေကာမူ အယ်လီနာဖျားနေသည့် သတင်းသည် မိုင်ရာ၏ ရင်တွင်း၌လည်း မျှော်လင့်ချက်ထားသည့်စိတ်ဖြစ်ပေါ်လာစေကြောင်း ပေါ(လ်)ကရိပ်မိလိုက်ပါသည်။ အယ်လီနာသည် သူတို့နှစ်ဦးအကြားမှ တံတိုင်းကြီး မဟုတ်ပါလား။

ပေါ(လ်)ကပင် ဆက်၍ပြောသည်။

"စိုးရိမ်စရာတော့မရှိပါဘူး၊ ဒါပေမဲ့ ဒီနေ့ညတော့ ခါတိုင်းလို တွေ့လို့ မဖြစ်တော့ဘူး၊ နောက်သုံးလေးရက်လောက်တော့ တွေ့နိုင်ဦးမှာ မဟုတ်သေးဘူးနဲ့ တူတယ်"

"ဟုတ်တာပေါ့"

◇ ◇ ◇

**စိတ်ကူးရိုးရိုး**

ညနေပိုင်း ကျောင်းမှ အိမ်သို့အပြန်တွင် ကာလီဒိုနီယန်လမ်းမကြီးပေါ်ရှိ သစ်သီးဆိုင်တစ်ဆိုင်၌ ပန်းများပါရောင်းနေသည်ကိုတွေ့ရသဖြင့် ပန်းတစ်စည်းပင် ဝယ်လိုက်သေးသည်။ ဤပန်းစည်းကိုကိုင်၍ အယ်လီနာ၏ အခန်းထဲသို့ ဝင်သွားလျှင် အယ်လီနာစိတ်ကြည်သွားလိမ့်မည်ဟု ထင်မိသည်။

အိမ်သို့ရောက်၍ တံခါးမကြီးကို သော့ဖွင့်၍ဝင်မိသည်ဆိုလျှင်ပင် လူနာစောင့်ရန်ထားခဲ့သော မစ္စစ်ဘက်စီဖား(လ်)အပေါ်ထပ်လှေကားမှ အူယားဖားယား ဆင်းလာသည်ကိုတွေ့ရ၏။

ဘက်စီဖား(လ်)က ခေါ(လ်)ကို လှမ်း၍အမောတကောပြောသည်။

“အမလေး မစ္စတာပရက်ဆက်ရယ် ရှင်လာတာ ကျွန်မသိပ်အားရှိသွားတယ်”

“ဘာဖြစ်လို့တုန်း”

“အယ်လီနာ သိပ်နေမကောင်းလှဘူး မစ္စတာပရက်ဆက်ရဲ့၊ နေ့လယ်တုန်းက ဆိုရင် သူ့အခြေအနေကို ကျွန်မ သိပ်တောင်မကြိုက်လှဘူး၊ တော်တော်ကလေး စိုးရိမ်သွားတယ်”

“သူ ဘာဖြစ်သလဲဟင်”

“အန်လဲအန်တယ်၊ ဗိုက်လဲ တော်တော်လေးအောင့်တယ်ပြောတယ်၊ ဘာမှလဲ စားလို့သောက်လို့မရဘူး၊ အကုန်လုံးပြန်အန်ထွက်တာပဲ၊ ဘာဖြစ်တာလဲတော့ ကျွန်မလဲမစဉ်းစားတတ်ဘူး”

“ဘုရားရေ ဒေါက်တာကိုကော ပြောပြသေးသလား”

“ဒေါက်တာက နံနက်ပိုင်းက လာသွားတယ်၊ အဲဒီတုန်းကတော့ ဒီလိုမဖြစ်လာသေးဘူး”

“အခုကော သက်သာသွားပြီလား”

“အဲ ...သက်သာပြီလို့ ဆိုနိုင်ပါပြီ၊ လက်ဖက်ရည်ပေါ့ပေါ့တစ်ခွက်တော့ တိုက်ထားတယ်”

“ဒီလိုဆိုရင် ကျွန်တော်အခုကစပြီးတော့ စောင့်လိုက်မယ်လေ၊ အခြေအနေ ဆိုးလာရင်လဲ ဒေါက်တာကိုအခေါ်လွှတ်ရမှာပေါ့၊ ကဲ ...ဘက်စီ ခင်ဗျားလဲ အိမ်ပြန်ပြီးနားလိုက်ဦး၊ ကျေးဇူးပါပဲဗျာ၊ အခုလိုဒုက္ခခံပြီး စောင့်ပေးတာ”

“ရပါတယ်၊ လိုမယ်ဆိုရင် ကျွန်မဆက်နေလို့ရပါတယ်”

“အို မဟုတ်တာဗျာ၊ ခင်ဗျားပြန်ပြီးအနားယူလိုက်ပါဦး၊ ကျွန်တော် တစ်လှည့် စောင့်လိုက်ပါ့မယ်၊ အပန်းမကြီးဘူးဆိုရင်သာ မနက်ကျလာခဲ့ပါ၊ ဟုတ်လား”

"ဆက်ဆက်လာခဲ့ပါမယ်၊ ညဘက်မှာ ကျွန်မပါ စောင့်ဖို့လိုမယ် ဆိုရင်လဲ
...ပါ၊ ကျွန်မလာခဲ့ပါမယ်"
"ဟုတ်ကဲ့...ဟုတ်ကဲ့"
ပေါ(လ်)သည် ဟုတ်ကဲ့ဟုသာ ပြောလိုက်ရသော်လည်း သူ၏ စိတ်ထဲမှာ
...ရှည်ချင်တော့၊ ဘက်စီဖား(လ်)မှာ နေရာတကာတွင်ပါရမှ ကျေနပ်သူ
... ညဘက်တွင်ပါ စောင့်ဦးမည်လုပ်နေသေးသည်ကို ပေါ(လ်)က စိတ်မရှည်
...သည်။ သို့သော် အောင့်အည်းသည်းညည်းခံ၍ပြောနေရသည်။

❖ ❖ ❖

...ညတွင် ပေါ(လ်)အဖို့ အလွန်တရာပင်ပန်းသောညဖြစ်၏။ ညဦးနက်
...လ အယ်လီနာ၏ အခြေအနေက ပို၍ဆိုးလာလေလေ ဖြစ်နေသည်။
...ကြောင့် ငါးဖယ်ပျံသလို လူးလိမ့်နေသည့်အပြင် မကြာခဏလည်း
...ည်၊ ကိုယ်လက်တွေလည်း မနေနိုင်လောက်အောင်နာသည်ဟု ညည်းသည်။
ပေါ(လ်)၏ ရင်တွင်းမှ စိတ်ကောင်းနှင့် စိတ်ယုတ်မာတို့၏ တိုက်ပွဲမှာလည်း
...အထန်ဆင်နေကြသည်။စိတ်ယုတ်မာက အပေါ်စီးရသွားသည့်အချိန်တွင်
...နာ၏ အခြေအနေကိုကြည့်၍ မျှော်လင့်ချက်ပေါ်လာသည်။ တစ်ဖန်
...ကောင်းက အနိုင်ရလာသည့်အချိန်တွင်မှ အယ်လီနာ နေရသက်သာအောင်
...များကို နေရာပြင်ပေးခြင်း၊ အားပေးစကားပြောခြင်းတို့ကို လုပ်ပေး၏။
...လီနာက 'ကျေးဇူးတင်ပါတယ် ပေါ(လ်)ရယ်'ဟူ၍ တိုးတိုးကလေးပြော
...ကို ကြားရသည့်အခါတွင်တော့ စိတ်ယုတ်မာကို လက်ခံစဉ်းစားသည့်အတွက်
...ကိုယ်သူပင် ရှက်လာမိသည်။
နံနက်လင်းလာ၍ ဘက်စီရောက်လာသည့်အခါတွင် ပေါ(လ်)ကို ပင်ပန်း
...ယ်သည့်ပုံဖြင့် တွေ့ရသည်။
ပေါ(လ်)က ညက အခြေအနေကို ဘက်စီအား ပြောပြ၏။
"ဘက်စီရေ ညကတော့ အခြေအနေ ပိုဆိုးလာတယ်၊ ကျွန်တော်လဲ
...ခေါင်းကျော်လောက်ကတည်းက ထိုင်စောင့်နေရတယ်"
"ဒေါက်တာဝါးတား(လ်)ကို ခေါ်သေးလား"
"ဒေါက်တာကိုတော့ မခေါ်ပါဘူး၊ အရဏ်တက်ခါနီးလောက်တုန်းကတော့
...လီနာက နည်းနည်းလဲသက်သာလာတာက တစ်ကြောင်း၊ ဒေါက်တာဝါးတား
...(လ်)ကိုလဲအားနာတာက တစ်ကြောင်းပေါ့ဗျာ၊ သူ့မျှာလဲ တော်တော်

ပင်ပန်းနေရှာတယ်မဟုတ်လား၊ ဒါကြောင့် ကျွန်တော်လဲသူ့ကို အိပ်ရာက နိုးပြီး မခေါ်ရက်ဘူး"ဘက်စီကတော့ တဆိတ်ကို တစ်အိတ်လုပ်ချင်တတ်သော ဝါသနာအတိုင်း ဆက်ပြောနေသေးသည်။

"အို … ပေါ(လ်)ကလဲဘာအားနာစရာလိုသလဲ၊ဆရာဝန်ဆိုတာ ဒီလိုအချိန် မတော်ကြီးမှာ လူနာဆီ ထလိုက်ရတာ အဆန်းလုပ်လို့"

"ကဲပါလေ …ကျွန်တော်အခုပဲဒေါက်တာဆီကိုပြေးလိုက်ပါ့မယ်၊ နောက်ပြီး ဒီနေ့ ကျွန်တော် ကျောင်းကိုလာနိုင်မှာမဟုတ်ဘူးလို့ ဆရာကြီးဆီကို အကြောင်းကြားမလို့ စိတ်ကူးထားတယ်၊ ဘက်စီကော ဘယ်လိုသဘောရလဲ၊ ကျွန်တော် ဒီနေ့ကျောင်းကိုမသွားဘဲနေရင်ဘယ့်နှယ်လဲ"

ပေါ(လ်)၏ ကျောင်းသို့ပင် သူ့ဇနီးအတော်ဖျားနေ၍ မလာနိုင်ကြောင်း ခွင့်တောင်းရမည့် အခြေအနေမျိုးတွင် သူကိုယ်တိုင် ပါဝင်လှုပ်ရှားနေရသည့်အဖြစ်ကို ဘက်စီက သဘောကျနေသည်၊ ထို့ကြောင့် သူက ပေါ(လ်)ကို တိုက်တွန်းလိုက်သည်။

"ဟုတ်တာပေါ့၊ အိမ်မှာပဲနေပြီး အယ်လီနာကို စောင့်ကြည့်ဖို့ကောင်းတာပေါ့၊ ကဲ …ကျွန်မအယ်လီနာဆီ သွားစောင့်နေမယ်၊ ရှင်က ဒေါက်တာဆီကို အရင်သွားလိုက်၊ ပြီးတော့ ရှင့်ကျောင်းကို သံကြိုးရိုက်အကြောင်းကြားဖို့ စာတိုက်ကို ဝင်လိုက်လို့ရှိရင် တစ်ခေါက်တည်းနဲ့ ကိစ္စပြတ်သွားတာပေါ့ မဟုတ်ဘူးလား"

သို့ဖြင့် ပေါ(လ်)သည် ဒေါက်တာဝါးတားဟော(လ်)၏ အိမ်ရှိရာ မော်တင် ရိပ်သာလမ်းသို့ ပြေးရသည်။ ဒေါက်တာကတော့ မရှိပေ။ အိမ်စောင့်မိန်းမကြီးအား မှာခဲ့ရသည်။ ထိုကမှ ကာလီဒိုနီယန် လမ်းမကြီးပေါ်ရှိ စာတိုက်သို့ ပြေးရသည်။ စာတိုက်သို့ ရောက်လျှင် ကျောင်းအုပ်ဆရာကြီး ဟဲ(စ်)မင်းထံသို့ သူယနေ့ ကျောင်းသို့ မလာနိုင်ကြောင်းကို သံကြိုးရိုက်၍ အကြောင်းကြားရသည်။

အိမ်သို့ ပြန်ရောက်သောအခါတွင် ဒေါက်တာဝါးတားဟော(လ်)မှာ ဘက်စီနှင့် အတူထမင်းစားခန်းထဲတွင် စကားပြောနေသည်ကို တွေ့ရသည်။

ဒေါက်တာက ပေါ(လ်)ကို လှမ်း၍ ပြောလိုက်၏။

"လာဗျို့၊ သိပ်လဲစိတ်ပူမနေပါနဲ့ဗျ၊စိတ်ပူစရာမရှိပါဘူး၊ ညပိုင်းတုန်းက ကိုယ်ပူရှိန်တက်လာလို့ ဖြစ်ပါလိမ့်မယ်၊ အခုမနက်ပိုင်းမှာ ကျသွားပါပြီ၊ အစာအိမ်အမြှေးရောင်နေလို့ပါ၊ ရောဂါနာမည်က 'ဂက်စရိုက်တစ်'လို့ခေါ်တယ်"

ဂက်စရိုက်တစ်–ဟု ဒေါက်တာဝါးတားဟော(လ်)က ပြောလိုက်သည်တွင် ဤရောဂါအမည်မျိုးကို သူကြားဖူးပါသည်။ ဘယ်နေရာတွင် ကြားမိခဲ့ပါလိမ့်ဟု ပေါ(လ်)က စဉ်းစားနေမိသည်။

တိရပါပြီ၊ ပေါ(လ်)ကြားခဲ့သည်မှာ ဆောင်းရာသီ၏ တစ်နေ့သော နံနက် တွင် ဆရာများနားနေရာ အခန်း၌ ဆရာအင်ဂယ်(လ်)ဝု(ဒ်)က ပြောခဲ့သည့် ဖြစ်သည်။ခင်ဗျားရဲ့မိန်းမသာ ဂက်စထရိုက်အင်ထရိုက်တစ် ရောဂါနဲ့သာ တော့ ခင်ဗျားကြိုးစင်တက်ရပြီလို့သာ မှတ်ပေတော့ဟု အင်ဂယ်(လ်)ဝု(ဒ်) ပြောခဲ့သည်။

ဘုရားရေ...

သူက ကမ္ဘာကယာ ဒေါက်တာဝါးတားဟော(လ်)အား ပြန်၍မေးလိုက်သည်။

“အဲဒီ ဂက်စထရိုက်တစ် ရောဂါဟာ ဂက်စထရို့အင်ထရိုက်တစ် ရောဂါနဲ့ လား ဒေါက်တာ”

ဒေါက်တာဝါးတားဟော(လ်)က တဟားဟား ရယ်လျက်ပင်ပြန်ပြော၏။

“ဟား...ဟား...ဘယ်လိုလဲဗျ၊ ခင်ဗျား တော်တော်သိနေပါ ပကောလား၊ ဒါနှစ်ခုက ဖြစ်ပုံလက္ခဏာ တော်တော်ကလေးဆင်တူ ပါတယ်၊ အယ်လီနာ နိုးရိမ်စရာရှိတာကတော့ တကယ်လို့ အပြင်းအထန် အန်မယ်ဆိုရင်တော့ မှေသွားနိုင်စရာအကြောင်းရှိတယ်”

ဒေါက်တာ ဝါးတားဟော(လ်)က ပေါ(လ်)နားမလည်သော ဆေးပညာ ဝေါဟာရများကို ဆက်၍ပြောနေသည်။ ဤသို့ ပေါ(လ်) နားမလည် သည့် အဖြစ်ကိုလည်း ဒေါက်တာက သဘောကျနေသည်။ ပေါ(လ်)ဆိုသည် ကလည်း သူနားလည်သည့်အကြောင်းအရာသာ ဖြစ်လျှင် ပြန်လှန်ငြင်းဆို မည်ဟု မလွဲပေ။

ဘက်စီ သူ့၏အိမ်သို့ပြန်သွားသည့်အခါတွင် ပေါ(လ်)က အယ်လီနာ၏ အားတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေသည်။ အချိန်မှာ မှောင်စပြုနေပေပြီ။ ခပ်လှမ်းလှမ်းရှိ ဘုရားရှိခိုးကျောင်းမှ ဝတ်ပြုခေါင်းလောင်းထိုးသံကို ကြား ၏။

အယ်လီနာက ရှေးပုံစံ ကြေးခုတင်ကြီးပေါ်တွင် တဟင်းဟင်း သက်ပြင်း ဘယ်ညာလိမ့်လျက်ရှိသည်။ ဤသို့ လိမ့်နေသောကြောင့် အိပ်ရာခင်းများ များမှလည်း သပ်သပ်ရပ်ရပ်မရှိနိုင်တော့ပေ။ ဝေဒနာပြင်းစွာခံစားနေရသဖြင့် လီနာမှာ စိတ်အားအတော်ငယ်နေသည်။ တစ်ခါတစ်ခါတွင် မျက်ရည်တွေတွေ ကျ် ငိုနေမိသည်။

လှုပ်ရှားလျက်ရှိရာမှ အတော်ကြီးကြာအောင် ငြိမ်၍နေသည်။

ထို့နောက် ရုတ်တရက် ပေါ(လ်)၏အမည်ကို ခေါ်လိုက်၏။

"ပေါ(လ်)"

"ဘာလဲ အယ်လီနာ ဘာလိုချင်လို့လဲ"

"ပေါ(လ်)ရယ် ဒီဝေဒနာကိုခံစားနေရင်းနဲ့ ကျွန်မစဉ်းစားနေမိတယ်၊ ကျွန်မ ...ကျွန်မများသေရင်လေ"

အယ်လီနာ၏ စကားမဆုံးမီ ပေါ(လ်)က ဖြတ်၍ပြောလိုက်သည်။

"အို ...အယ်လီနာကလဲကွာ၊ မဟုတ်မဟတ်တွေ ပြောမနေစမ်းပါနဲ့၊ မင်းမသေပါဘူးကွ၊ အခုဆို တော်တော် နေကောင်းလာပြီပဲဟာ၊ လူတိုင်းကို မေးကြည့်"

"အို ...ပေါ(လ်)ရယ်၊ ဒါမျိုးဆိုတာ ပြောနိုင်တာမှတ်လို့၊ တချို့ လူတွေဟာ ဖြတ်ခနဲ သေသွားကြတာပဲ၊ မဟုတ်လား၊ ကျွန်မကလဲ သူများလို ခံနိုင်ရည်ရှိလှတာ မဟုတ်ဘူး"

ပြောရင်းနှင့် မျက်ရည်များ စီးကျလာ၏။ မျက်ရည်လည်ရွှဲနှင့်ပင် အယ်လီနာ က ဆက်၍ပြောသည်။

"ကျွန်မ တစ်ခုမှာခဲ့ချင်တယ် ပေါ(လ်)ရယ်၊ အဲဒါကိုတော့ မဖြစ် ဖြစ်အောင် လုပ်ပေးပါနော် ဟုတ်လား၊ ကျွန်မကို ရူးတယ်လို့ ပြောချင်လဲ ပြောပေတော့၊ ရှင်လုပ်ပေးဖို့က ကျွန်မသေလို့ရှိရင် ထရပ်စတက်ဘုရားရှိခိုးကျောင်းဝင်းထဲမှာရှိတဲ့ ကျွန်မ်အမေရဲ့ သင်္ချိုင်းဂူဘေးမှာ ယှဉ်ပြီးတော့ မြှုပ်ပါလို့ မှာချင်တာပါ၊ ကျွန်မ အမေကို သင်္ဂြိုဟ်တုန်းကတည်းက အဲ့ဒီနေရာကလေးကို သဘောကျနေခဲ့တာ၊ အင်မတန်အေးချမ်းတဲ့နေရာကလေးရှင့်၊ အဲဒီတုန်းကတော့ ရှင်နဲ့ကျွန်မနဲ့ မတွေ့ကြ သေးဘူး၊ အင်း... အခုတောင်ပြောရင်းနဲ့ အဲဒီနေရာကလေးကို မျက်စိထဲမှာမြင်နေ တယ်၊ အမေက ကျွန်မကို တော်တော်ချစ်တာနော်၊ တစ်ခါတစ်ခါ ကျွန်မစဉ်းစား ကြည့်မိတယ်၊ ဒီလောကကြီးမှာ ကျွန်မကို တကယ်နှစ်နှစ်ကာကာချစ်တဲ့ လူဟာ ကျွန်မအမေတစ်ယောက်တည်းပါကလားလို့၊ ဒါကြောင့် ကျွန်မ သေရင်လဲ အမေနဲ့ အတူယှဉ်ပြီးတော့ပဲ နေချင်တယ်"

"အို ...အယ်လီနာကလဲ တော်ပါတော့လို့ဆိုနေ၊ ဘာဖြစ်လို့ မဟုတ် တာတွေကို စဉ်းစားနေရတာလဲ၊ ကိုယ်နေကောင်းအောင်သာကြိုးစား၊ ဒီမှာလေ အယ်လီနာ၊ မင်းကိုလေ ထရပ်စတက်ဘုရားရှိခိုးကျောင်းဝင်းမှာပဲဖြစ်ဖြစ် ဘယ်မှာပဲ ဖြစ်ဖြစ်ပေါ့ကွယ်၊ နောက်အနှစ် နှစ်ဆယ်နဲ့ မြှုပ်ရဖို့ အကြောင်းမမြင်သေးပါ ဘူးကွယ်"

စိတ်ကူးချိုချို

အယ်လီနာ အားရှိလာစေရန်သာ ပြောရသော်လည်း၊ သူက အယ်လီနာကို ကိုယ်ချင်းစာမိသည်။ တကယ်တော့ အယ်လီနာသည်လည်း သူ့လိုပင် တစ်ကောင်ကြွက်တစ်ယောက်သာ ဖြစ်ချေသောကြောင့် အားငယ်မည် ဆိုလျှင်လည်း အားငယ်စိုက်ပါပေသည်။

"မဟုတ်ဘူး ပေါ(လ်)၊ ဒါမျိုးဆိုတာက မပြောနိုင်ဘူးမဟုတ်လား။တကယ်လို့ ကြုံလာခဲ့ရင်တော့ အမေ့ဂူဘေးမှာသာ မြှုပ်ဖို့ကတိပေးပါနော်၊ ဟုတ်လား၊ ဆန်းတော့ အဆန်းသား၊ အခုလိုသေတော့မယ်လို့ထင်နေတဲ့ အခါမှာ သေသွားတဲ့ ကျွန်မ အရင်ယောကျ်ား ဘရိုင်နဲ့အတူတူ ဂူချင်းတွဲပြီး နေချင်တဲ့စိတ် ပေါ်မလာဘူး၊ အမေ့ဂူနဲ့ပဲ တွဲနေချင်တယ်၊ အေးလေ... အမေ့တုန်းကလဲ အဖေ့ဂူနဲ့ အတူတူတွဲပြီး မြှုပ်ပါလို့ မမှာခဲ့ပါဘူး၊ ဒီနေရာမှာတော့ ကျွန်မတို့သားအမိ နှစ်ယောက်ဟာ တူတယ်၊ ကိုယ့်လင်သားတွေ အပေါ်မှာ သိပ်ပြီးစွဲစွဲလမ်းလမ်း မရှိကြဘူး"

ပေါ(လ်)ကတော့ ဤသို့မပြောရန် အယ်လီနာကို တားသေးသည်။ သို့သော် အယ်လီနာကမရဘဲ၊ ဆက်၍သာပြောနေသည်။

"ပြောပါရစေ ပေါ(လ်)ရယ်၊ အခုလို အိပ်ရာထဲမှာလဲနေတဲ့ အချိန်ကျတော့မှ အမေ့ကိုသိပ်သတိရလာတယ်၊ သူကလဲ ကျွန်မကိုသူနဲ့အတူတူ အဲဒီ ချပ်စတက် ဘုရားရှိခိုးကျောင်းဝင်းထဲက သူ့ဂူဘေးမှာ နေစေချင်တယ်လို့ ကျွန်မစိတ်ထဲမှာ စွဲနေတယ်"

ပေါ(လ်)က တော်ပါတော့ ပြောပေမယ့် အယ်လီနာက မတော်သေးပေ။

"ကျွန်မကိုကတိပေးပါနော်၊ ကျွန်မသေတဲ့အခါမှာ အမေ့ဂူဘေးမှာ မြှုပ်ဖို့နော်၊ ကျွတ်...ကျွတ်...ကျွတ်၊ နာလိုက်တာနော် ကျွန်မစိတ်ထဲမှာတော့ ခေါင်းအုံးကလဲ ကျောက်သားတုံးလိုပဲ မာနေတယ်၊ မွေ့ရာကလဲ သံပြားကြီး ပေါ်လှဲ နေရတာ ကျနေတာပဲ၊ ပေါ(လ်)ရယ်၊ ရှင့်ကိုလဲ အားနာပါတယ်၊ ကျွန်မကိုပြုစု ရတာလဲ ပင်ပန်းလှပါပြီ၊ ကျွန်မပြောတာကလေးကိုတော့ ဆက်ဆက် လုပ်ပေးပါနော်"

ပေါ(လ်)က အယ်လီနာစိတ်ကောင်းစေရန် အလိုက်သင့် ပြန်ပြော ရတော့၏။

"ကိုယ် ကတိပေးပါတယ်ကွယ်၊ အယ်လီနာမှာတဲ့အတိုင်း လုပ်ပေးပါ့မယ်၊ ဒါပေမဲ့ကိုယ်က အယ်လီနာကို သင်္ဂြိုဟ်ရမှာမဟုတ်ပါဘူး၊ အယ်လီနာကသာ ကိုယ့်ကို သင်္ဂြိုဟ်ရမှာပါကွ၊ ယောကျ်ားတွေက မိန်းမတွေထက်စောပြီး သေကြတာပါ"

"ဒါပေမဲ့ ကျွန်မအာရုံထဲမှာတော့ အမေ့သင်္ချိုင်းဂူကိုပဲ မြင်နေတယ်၊ ဘယ်လို ဆိုးဝါးယ်ကောက်ရမလဲတော့ မသိဘူး"

"အို ...ဒါက အယ်လီနာအနေနဲ့ စိတ်အားသိပ်ငယ်နေလို့ပါ၊ ဒေါက်တ
ဝါးတားဟော(လ်)ကလဲ ပြောသွားတာပဲ၊ ဒီရောဂါဖြစ်ပြီးလို့ မပျောက်မီအ
ကလေးမှာ စိတ်အားငယ်တတ်တယ်လို့၊ အဲဒါကြောင့် ရှေ့လျှောက်နေကောင်း
ရှိတော့တာပေါ့"

"အဟုတ်ပဲလား ပေါ(လ်)ရယ်၊ ကျွန်မကတော့ သိပ်မောနေတာပဲ၊ အိပ်
အောင်ကြိုးစားပြီး အိပ်ကြည့်လိုက်ဦးမယ်"

"ကောင်းတယ်၊ အိပ်ပျော်အောင်အိပ်လိုက်ပါ"

နံနက်ပိုင်းသို့ ရောက်သောအခါ အယ်လီနာသည် ပေါ(လ်)ကို မျက်လုံး
ဖွင့်ကြည့်သည်။ စကားမပြောတော့။ မျက်လုံးသားဖွင့်၍ မကြည့်ဘူးဆိုလျှင် မှေ
သည်ဟုပင် ဆိုရတော့မလိုဖြစ်နေ၏။

ဤနံနက်တွင် ဒေါက်တာဝါးတားဟော(လ်)က စောစောပင် ရောက်လာ
အယ်လီနာကို စမ်းသပ်ကြည့်ရှုပြီး၍ အောက်ထပ်သို့ ပြန်ဆင်းလာသော
ခါတိုင်းလို စကားကို ပေါ့ရွှတ်ရွှတ်မပြောတော့။ သူက ပေါ(လ်)ကို လေးနက်
မျက်နှာထားဖြင့် အယ်လီနာ၏ အခြေအနေကို ပြောပြ၏။

"အယ်လီနာကိုတော့ ငြိမ်ငြိမ်သက်သက်ဖြစ်အောင် ထားရလိမ့်မယ် ပေါ(
သူ့ရောဂါအခြေအနေက ဒီထက်ပိုဆိုးလာရင် နလုံးရပ်သွားနိုင်တယ်၊ ကျုပ်
ပိုင်းမှာ တစ်ခေါက်လာလှည့်ဦးမယ်၊ အဲဒီတော့မှ အခြေအနေကို အတိ
ပြောနိုင်မယ်၊ အခုနေတော့ တုပ်ကွေးဒဏ်ရာကြောင့် သိပ်အားနည်းနေ
စောင့်ကြည့်ရမှာပဲလေ"

ဆရာဝန်ထွက်သွားပြီးသည့်အခါတွင် ပေါ(လ်)၏ စိတ်တွင်းတွင် စိတ်
နှင့် စိတ်ယုတ်မာတို့၏ တိုက်ပွဲမှာပြန်လည်စကြပြန်လေပြီ။

အယ်လီနာသေစေလိုသည့် စေတနာဆိုးကို ပေါ(လ်)က ကြိုးစား၍
စိတ်တွင်းမှ ပျောက်ရှာပါ၏။ သို့သော် ကင်းကင်းရှင်းရှင်း ပျောက်မသွာ
မကြာခဏပင် ခေါင်းပြူ၍ပေါ်လာတတ်၏။

အယ်လီနာကို ဆေးတိုက်သည့်အခါ ရေတိုက်သည့်အခါမျိုးတွင် ဤ
ပေါ်လာပါက သူ၏လက်များမှာ တုန်၍ပင်နေသည်။ ဤသို့ဖြင့် ပေါ(လ်
တစ်နေ့လုံးစိတ်တွင်းပင် ပဋိပက္ခဒဏ်ကို ခံနေရ၏။

ညနေပိုင်းတွင် အခြေအနေကို အတိအကျ ပြောနိုင်လိမ့်မည်ဟု ဆရာ
ပြောသွားသဖြင့် ဆရာဝန်အလာကိုသာမျှော်နေမိသည်။ ညနေစောင်းလာ
ပေါ(လ်)သည် ဂနာမငြိမ်လေလေဖြစ်နေသည်။

လေးနာရီ ...ငါးနာရီ ...ခြောက်နာရီ ...

ထမင်းစားခန်းထဲရှိ တိုင်ကပ်နာရီကြီးကတော့ သူ့ဝတ္တရားမပျက် မှန်မှန် သွားပြီးပေပြီ။

ခြောက်နာရီ ထိုးပြီးသွားသည့်နောက်ပိုင်းတွင် ဒေါက်တာဝါးတားဟော(လ်)က ချိန်မရွေး ရောက်လာနိုင်ပေသည်။

ဆရာဝန်က ဘာပြောမလဲ၊ သူကြားချင်သည့်သတင်းများ ဖြစ်လေ မလားဟု ...မောမိသည်။ တစ်ဖန် သူကြားချင်သည့်သတင်းဆိုတာကတော့ သူရှေ့ဆက်၍ ...တွေးရဲပြန်တော့ပေ။ ထိုအတွေးကိုခေါင်းထဲမှ ပျောက်သွားစေရန် ကြိုးစားရ ...သည်။

ဒေါက် ...ဒေါက် ...ဒေါက်။

ဟော ...ဆရာဝန်လာပြီ။ ဆရာဝန်လာပြီဆိုတော့ သူဖြစ်စေလိုသော ...တင်းပဲဖြစ်ဖြစ်၊ မဖြစ်စေလိုသည့် သတင်းပဲဖြစ်ဖြစ် သတင်းတစ်ခုခုကိုတော့ ...မည်ဖြစ်သည်။

ဆရာဝန်က အယ်လီနာ၏ အိပ်ခန်းရှိရာသို့ တက်သွားသည်။ ပေါ(လ်) ...တော့ မီးဖိုခန်းထဲမှပင် စောင့်နေသည်။

နောက်ဆုံးတွင်မှ မနည်းကြိုးစားကာ ဘုရားသခင်ထံ ဆုတောင်းလိုက် ...သည်။

"အို ...အဘ ဘုရားသခင်၊ အယ်လီနာအတွက် မစိုးရိမ်ရတော့ပါဘူးလို့ ...ရာဝန်ကပြောဖို့ မ,စတော်မူပါ"

ဆုတောင်းပြီးသည့်နောက် သူ၏စိတ်များ ပျံ့လွင့်မသွားစေရန် ပြတင်းပေါက် ...က်သို့ သဲသဲမဲမဲ အာရုံစိုက်၍ကြည့်နေမိ၏။ သူမြင်နေရသည့် မြင်ကွင်းမှာ ...မ်နောက်ဖေးရှိ ပန်းခြံတွင်ဖြစ်၍ သစ်ပင်ပန်းမန်များကို တွေ့နေရသည်။ ဤတွင် ...ရာနှင့်သာ လက်ထပ်ရလျှင် တောပိုင်းတွင် အိမ်ကလေး တစ်လုံးဝယ်၍နေကြ ...ည်ဟု စိတ်ကူးယဉ်မိခဲ့သည်ကို သွား၍သတိရမိပြန်၏။

အင်း ...စိတ်ဆိုတာ တယ်ခက်ပါလားဟု ညည်းလိုက်မိသည်။

တံခါးဖွင့်သံနှင့် ပြန်၍ပိတ်သံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက် ...သည်တွင် ဒေါက်တာဝါးတားဟော(လ်) အပေါ်ထပ်မှဆင်းလာသည်ကို တွေ့လိုက် ...ရသည်။

ပေါ(လ်)၏ ရင်ထဲ၌ ဒိန်းခနဲဖြစ်သွား၏။ ကပျာကယာ မီးဖိုခန်းထဲမှ ...ထွက်လာကာ လှေကားရင်းတွင်ရပ်၍ ဒေါက်တာကို စောင့်နေသည်။

ထိုအချိန်သည်ကား ပေါ(လ်)အဖို့ တရွေ့ရွေ့သွားနေသည့်အချိန်သည်ပင် ရပ်၍သွားသည်ဟုထင်လိုက်မိသည်။ ဒေါက်တာဝါးတားဟော(လ်) ပြောမည့် စကားမှာ သူ့ဘဝကို အကြီးအကျယ်ပြောင်းလဲစေနိုင်သည် မဟုတ်ပါလား။

သူက ဘာမျှစ၍မပြောနိုင်။ ဒေါက်တာဝါးတားဟော(လ်)ကိုသာ စူးစမ်းသည့် မျက်လုံးများဖြင့် ငေးကြည့်နေသည်။

ဒေါက်တာက ပြုံး၍ သူ့ကိုပြောပြ၏။

"ကဲ ...ကိုယ့်လူ၊ ဟန်ကျသွားပါပြီ၊ စိုးရိမ်စရာမလိုတော့ပါဘူး၊ အယ်လီနာ ဒီတောင်ကကျော်နိုင်ပါပြီ၊ တဖြည်းဖြည်းနေကောင်းလာပါလိမ့်မယ်"

ပေါ(လ်)ကတော့ စကားရှည်ရှည် ပြန်၍မပြောနိုင်ပါ။

"ဟုတ်လား ဒေါက်တာ၊ ကောင်းပါလေဗျာ"

{၁၂}

အယ်လီနာ၏ အခြေအနေမှာ ကောင်းလာပြီဖြစ်သဖြင့် ပေါ(လ်)၏ ဘဝသည် မပြောင်းမလဲဘဲ ယခင်အတိုင်းပင်ရှိနေ၏။

သို့သော် မိုင်ရာက ပြောင်းလဲမှုကို စတင်ဖန်တီးလိုက်၏။

ပေါ(လ်)အဖို့မှာကား ရှုံးမတတ်ခံစားရရှာသည်။

မတ်လ၏ တစ်ညနေတွင်ဖြစ်သည်။

ဆောင်းကုန်လုနီးပါးဖြစ်၍ ပေါ(လ်)နှင့် မိုင်ရာတို့သည် သူတို့ ချိန်းတွေ့ နေကျ ကလစ်ဆော့ပန်းခြံတွင်းမှ သစ်ပင်အိုကြီးအောက်တွင် တွေ့ရန်ချိန်းဆိုထား ကြသည်။

ထုံးစံအတိုင်း ပေါ(လ်)က အရင်ရောက်နှင့်နေပြီး မိုင်ရာအလာကို လည်ပင်း ဆန့်၍မျှော်ကာ စောင့်နေသည်။

မိုင်ရာက လာနေကျ ဂရင်းလိန်းလမ်းဘက်ဝင်ပေါက်မှ ဝင်လာသည်ကို ပေါ(လ်)က လှမ်းမြင်လိုက်ရ၏။ ပေါ(လ်)ကို တွေ့လိုက်သည့် အခါ၌ မိုင်ရာက အပြုံးဖြင့်နှုတ်ဆက်သည်။ သို့သော် ယနေ့တွေ့ရသည့် မိုင်ရာ၏အပြုံးမှာ တစ်မျိုး ဖြစ်နေသည်ဟု ပေါ(လ်)၏ စိတ်ထဲတွင်ခံစားမိ၏။

ခါတိုင်းလိုပင် လက်ချင်းချိတ်ကာ စမ်းချောင်းကလေးပေါ်မှသစ်သားတံတား ကလေးကို ဖြတ်ကျော်လျက် ထိုင်နေကျခုံတန်းလျားဆီသို့ လျှောက်သွားကြ၏။

လျှောက်လာကြရင်း မိုင်ရာက အယ်လီနာ၏ သတင်းကိုမေးသည်။

"သူတကယ်ပဲ နေလို့တော်တော် ကောင်းလာပြီပေါ့နော်"

ပြောသည့်အခါ၌ ပေါ(လ်)က မိုင်ရာ၏မျက်နှာကို မကြည့်။ ရှေ့တည့်တည့်သို့ ကြည့်၍ပြောသည်။

"ဟုတ်တယ်၊ တော်တော်လေး ကောင်းလာပါပြီ၊ ဆရာဝန်ကတော့ အခု အခြေအနေအတိုင်းဆိုရင် နောက်ထပ်အနှစ် နှစ်ဆယ်လောက်ဆက်ပြီး မနေနိုင်စရာ အကြောင်းမရှိပါဘူးတဲ့"

မိုင်ရာက အသံကျယ်ကျယ်ဖြင့် ပြန်ပြောလိုက်သည်။

"ဝမ်းသာပါတယ်၊ ဒီလိုကြားရတာ"

ပေါ(လ်)က ဩကာသလောကကြီးကို စိတ်စားသူပီပီ ဆောင်းကုန်၍ နွေရာသီ ရောက်မည်ဆဲဆဲကာလတွင် ပန်းပင်ကလေးများဖူးရန် အရှိန်ယူနေသည်ကို တွေ့ရ ၍ ဝမ်းသာအားရပြောလိုက်၏။

"ဘာ...မကြာဘူး၊ နွေဦးပေါက်လာတော့မှာဘဲ ...ကြည့်စမ်း၊ ပန်းပင် လေးတွေလဲ ဖူးတော့မယ်"

မိုင်ရာက ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ လေသံပျော့ပျော့ ဖြင့် တစ်ခွန်းသာပြန်ပြောသည်။

"ဟုတ်တယ်"

ပေါ(လ်)က မိုင်ရာ၏ သက်ပြင်းချသံကိုကြားလိုက်ရသော်လည်း နွေဦးပေါက် တွင် စိမ်းစိမ်းစိုစိုပြန်၍မြင်ရတော့မည့်အကြောင်း ပန်းပင်ကလေးများ ပွင့်လာ တော့မည့်အကြောင်းကိုသာ ဖောင်လောက် အောင်ဆက်၍ပြောနေသည်။

မိုင်ရာထံမှ ဘာစကားမှ ပြန်၍ပြောသံမကြားရ။

ထို့ကြောင့် မိုင်ရာကို အကျိုးအကြောင်းမေးရတော့၏။

"ဘာဖြစ်နေလဲ မိုင်ရာ၊ စိတ်မကြည်ဘူးလား"

"မိုင်ရာ စိတ်မရွှင်ဘူး ကို"

"ဘာဖြစ်လို့လဲ မိုင်ရာ"

"မိုင်ရာလေ ပြီးခဲ့တဲ့ ဆယ့်လေးငါးရက်လောက်ကတည်းက တော်တော် စဉ်းစားကြည့်ခဲ့တယ်၊ မစဉ်းစားလို့လဲ မဖြစ်ဘူးမဟုတ်လား"

ပေါ(လ်)၏ရင်မှာဖိုလာလေပြီ၊ သို့သော် ဟန်လုပ်၍ ဣန္ဒြေမပျက် မိုင်ရာကို ကြည့်သည်။

"အဲဒီလိုစဉ်းစားကြည့်တာနဲ့ ဘာကြောင့် စိတ်မရွှင်ဖြစ်ရတာတုန်း မိုင်ရာရဲ့"

မိုင်ရာက အဖြေမပေးသေး။ တစ်ဖက်သို့ငေးကြည့်နေသေးသည်။

"ဟို ...ခုံတန်းလျားကို ရောက်တော့မှ ပြောပြပါမယ်"

ပေါ(လ်)က ဟန်နှင့်ပန်နှင့်ပြန်ပြောသည်။

"သဘောတော်အတိုင်းပါပဲဗျာ"

သစ်ပင်ကြီးများအောက်မှ လူသွားလမ်းကလေးများအတိုင်း လျှောက် ပြီးနောက် သူတို့ထိုင်နေကျ ခုံတန်းလျားကို လှမ်း၍မြင်နိုင်သည့် နေရာသို့ရောက် ကြ၏။

မိုင်ရာက ခုံတန်းလျားသို့ ရောက်သည်အထိပင် မစောင့်တော့ဘဲ သူပြော အကြောင်းအရာကို စ၍ ပြောလေတော့သည်။

"မိုင်ရာတို့တော့ အဆုံးသတ်ကြမှပဲ ကို"

ပေါ(လ်)က ထိတ်ထိတ်ပျာပျာ ပြန်၍မေးသည်။

"ဘာကိုအဆုံးသတ်ရမှာလဲ မိုင်ရာ"

"ကျွန်မတို့ လမ်းခွဲကြရမယ်လေ ကိုရယ်၊ ကျွန်မ အခု သေသေချာ စဉ်းစားလို့ရလာပြီ၊ အမှန်ကတော့ အရင်ကတည်းက ဒီလိုပဲ စဉ်းစားမိခဲ့တာပ ဒါပေမဲ့ ကိုယ့်ကိုယ်ကို လှည့်စားနေမိခဲ့တယ်၊ အခုတော့ မိုင်ရာ တင်းမ နိုင်တော့ဘူး၊ မိုင်ရာဟာ ဒီလိုဘဝမျိုးအတွက် မရင့်ကျက်လှသေးပါဘူး ကို ဒီလိုဘဝမျိုးမှာ နေနိုင်ဖို့က အတော်ရင့်ကျက်နေတဲ့ မိန်းမမျိုးသာဖြစ်ပါလိမ့် မိုင်ရာက နုပါသေးတယ်၊ ကျွန်မတကယ်ပြောတာပါကို၊ ကိုနဲ့အတူနေချင်လွန် သူသေ ပါစေလို့ ဆုတောင်းမိခဲ့တယ်၊ အဲဒီလိုစိတ်ထားတာ မှားမှန်းတော့သိပ ဒါပေမဲ့ စိတ်ထဲကပျောက်လို့ကိုမရ...မရဘူး၊ သူ့အခုနေကောင်းလာပြီဆို သိရတော့ ကျွန်မလဲ စိတ်သိပ်ပျက်သွားတာပဲ၊ ဒါဟာ ယုတ်မာတဲ့ စိတ် တာလဲသိတယ်၊ အဲဒီလို အသိစိတ်ဝင်လာတဲ့အခါမှာဆိုရင် လူတစ်ကိုယ်လုံး တုန်သွားအောင်ကြောက်တဲ့စိတ်ကို ခံစားရပါတယ်၊ ဒါပေမဲ့ သူသေသွား သိပ်ကောင်းမှာပဲဆိုတဲ့စိတ်ကိုတော့ ပျောက်လို့ကိုမရဘူး။ အဲဒီတော့ ကို အကောင်းဆုံးကတော့ ကိုနဲ့ မိုင်ရာတို့ ဒီညောင်ညိုပင်စခန်းမှာ လမ်းခွဲကြ ကိုရဲ့တာဝန်က သူနဲ့ အတူတူနေဖို့၊ မိုင်ရာရဲ့တာဝန်က ကိုနဲ့ ကင်းကင်းရှင်း နေဖို့၊ မိုင်ရာ သေသေချာချာ စဉ်းစားကြည့်ပြီးပြီ၊ ဒီနည်းတွေကလွဲလို့ တ နည်းကို စဉ်းစားကြည့်လို့မရဘူး၊ အင်း...မိုင်ရာ မိဘတွေက မိုင်ရာကို ငယ် ကလေးကတည်းက သွန်သင်ဆုံးမလာခဲ့တာတွေကြောင့်လားတော့မသိ ကိုပြောလေ့ရှိတဲ့ မြေမသေတုတ်မကျိုးဖြစ်ရင် ပြီးတာပဲသဘောတရားကို လက် နိုင်ဘူး၊ မှားတယ်လို့ မြင်နေတယ်"

မိုင်ရာပြောသည်ကို ပေါ(လ်)က ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရ[illegible]သည်။ မိုင်ရာက စကားကိုရပ်လိုက်သော်လည်း ပေါ(လ်)က ဘာမျှ ဆက်၍[illegible] မိုင်ရာကိုသာငေး၍ ကြည့်နေမိသည်။

[illegible]ကြာအောင်ပြောနေသည် ဖြစ်သောကြောင့် သူတို့ထိုင်နေကျ ခုံတန်းလျား ကလေး[illegible] ရောက်လာသော်လည်း မထိုင်ကြတော့၊ ကျော်၍သာ လျှောက်လာခဲ့[illegible]သည်။

ပေါ(လ်)ထံမှ ဘာသံမှ မထွက်လာသဖြင့် မိုင်ရာက ပေါ(လ်)ကို မျက်လုံး[illegible]ကြည့်လိုက်သည်။

ကြာတော့မှပင် ပေါ(လ်)က ပြောလေတော့သည်။

"အဲဒီလိုသာ ခွဲရမယ်ဆိုရင် ကိုတော့ သေလိမ့်မယ်ထင်တယ် မိုင်ရာရယ်၊ [illegible] ကိုယ့်ဘဝရဲ့ တစ်ခုတည်းသော အလင်းရောင်ဖြစ်တယ်ဆိုတာ မိုင်ရာလဲ [illegible] ဟုတ်လား"

"အပိုင်းမှာတော့ နေလို့ထိုင်လို့မဖြစ်ဘူးလို့ ထင်မိမှာပေါ့၊ အချိန်ကြာလာ[illegible] ကျင့်သားလဲ ရလာမှာပေါ့ ကိုရယ်၊ ဒါဟာ ကမ္ဘာ့နိယာမတရားပဲ၊ [illegible]သူကြာလျှင်မေ့ဆိုတဲ့ စကားလိုပေါ့"

ပေါ(လ်)က သူ့အတွက် လျှောက်လဲချက်ဆက်၍ပေး၏။

"ဒါပေမဲ့ မိုင်ရာ မင်းက သေသွားတာမှမဟုတ်ဘဲ၊ မင်းနဲ့ကိုက နေ့တိုင်း[illegible]မှာတွေ့နေရမှာ၊ အဲဒီလို အခြေအနေမှာ ကိုယ်ဘယ့်နှယ် လုပ်ပြီး စိတ်ဖြေလို့[illegible]"

"မိုင်ရာကို ကျောင်းမှာ သိပ်ကြာကြာ တွေ့ရတော့မှာမဟုတ်ပါဘူး၊ စာသင်[illegible] ကုန်ခါနီးပါပြီ၊ အခု စာသင်ပတ်ကုန်သွားရင် ကျွန်မ အလုပ်ထွက်[illegible]လို့"

ပေါ(လ်)က သူ၏ နားကိုပင်မယုံ။

"ဟင် ...ဘာပြောတယ်"

"တကယ်ပါ၊ မိုင်ရာ ထွက်တော့မယ့်အကြောင်းကို မစ္စတာဟိ(စ်)မင်း[illegible] အကြောင်းကြားပြီးပြီ၊ မိုင်ရာလိုလူမျိုးတွေ အများကြီးပဲဟာ၊ သူအဖို့လဲ [illegible]ဆက်အခဲရှိမှာလဲ"

ပေါ(လ်)ထံမှ သက်ပြင်းချသံ ခပ်ကျယ်ကျယ်ထွက်လာသည်ကို ကြားရ၏။ [illegible]သည် နောက်ဆုံးအချိန်တိုင်အောင် မျှော်လင့်ချက်ထားတုန်းပင်။

စိတ်ကူးရှိုရှို

"အခု စာသင်ပတ်မှာ အလုပ်ထွက်မှာဆိုတော့ စာသင်ပတ် မကုန်ခင်ထော ကိုတို့ တွေ့နိုင်ကြသေးတာပေါ့နော်"

"ဟင့်အင်း...ဖြတ်တယ်ဆိုရင်တော့ အခုကပဲ ဖြတ်ရမှာပဲ ကိုရေ၊ သံယော အမျှင်တန်းနေလို့ မဖြစ်ဘူး"

"ဒီလိုဆိုတော့ မိုင်ရာကို ကိုယ့်ဘဝတစ်လျှောက်လုံးမှာ လုံးဝမတွေ့ရတော ဘူးလား"

"ဟုတ်ပါတယ် ကိုရယ်၊ ကျွန်မတို့နှစ်ဦး အတူပေါင်းကြဖို့ မျှော်လင့်ချ မရှိတော့တဲ့အတူတူ သံယောဇဉ်နှောင်ကြိုးကို အပြတ်ဖြတ်လိုက်တာပဲ ကော ပါတယ်"

ပေါ(လ်)က ခေါက်ခါင်ကာ ပြောလိုက်ပြန်သည်။

"ကိုတော့ ကိုယ့်ကိုယ်ကို သတ်သေရတော့မှာပဲ"

"အို...ဒီလိုမဟုတ်ပါနဲ့လေ၊ ကိုက ဒီလို တစ်ကိုယ်ကောင်းဆန်ဆ လုပ်မယ့်လူမျိုးလဲ မဟုတ်ပါဘူး၊ ကိုရဲ့ အမေအိုကြီးလဲ ရှိသေးတယ် မဟုတ်လာ သူ့ကို သိပ်တွယ်တာတယ်ဆို"

"ဒါပေမဲ့ မိုင်ရာရယ်။ မိုင်ရာနဲ့ခွဲပြီး နေသွားရမယ့် အထီးကျန် ဘဝ ကိုဘယ့်နှယ်လုပ် နေသွားနိုင်ပါ့မလဲ"

"ဒီလောက်လဲ စိတ်မလျှော့ပါနဲ့ကိုရယ်၊ နေလို့ဖြစ်ပါတယ်၊ ပူရဆွေး ခဏပေါ့၊ မိုင်ရာတောင်မှ အဲ့ဒီလိုစိတ်ကိုမွေးယူလို့ရသေးတာပဲ၊ ကိုလဲ ရရမှာ ညတုန်းက မိုင်ရာ သေသေချာချာစဉ်းစားပြီးမှ ဘယ်ဟာ အမှားလဲ၊ ဘယ် အမှန်လဲဆိုတာ ဆုံးဖြတ်လို့ရခဲ့တာ၊ ကို စဉ်းစားကြည့်စမ်း၊ သူဟာ မမာနေတဲ့ သူနဲ့အတူတူနေဖို့ရာ ကို့မှာ တာဝန်ရှိနေတယ်၊ အဲဒီတော့ တာဝန်ကိုတော့ ရှော မရဘူး၊ ကြိုက်ကြိုက် မကြိုက်ကြိုက် ထမ်းရွက်ရမှာပဲ၊ ကျွန်မတို့နှစ်ယော အကျိုးပေးကိုက တာဝန်ထမ်းဆောင်ဖို့ သက်သက် ဖြစ်လာတာကိုး ကို ဘုရားသခင် စီမံသရွေ့ပေါ့၊ အဲ့ဒီတော့ ဒီတာဝန်ကို ထမ်းနိုင်ဖို့ခွန်အားနဲ့ မွေးရတော့မှာပေါ့၊ ဟုတ်ဖူးလား ...ကို"

ပြောရင်းနှင့် မိုင်ရာက ပေါ(လ်)၏လက်ချောင်းကို သူ၏ လက်ချော ကလေးများဖြင့် ဖျစ်၍ အားပေးလိုက်သေး၏။ ခဏမျှ ငြိမ်နေကြပြီး မိုင်ရာ ဆက်၍ပြန်ပြောသည်။

"ကို...မိုင်ရာ မှာချင်တာကတော့ သူ့အပေါ်မှာပဲ ချစ်စိတ်ဝင် လာအေ ကြိုးစားကြည့်ပါလို့"

[illegible](လ်)က ခေါင်းကို တွင်တွင်ယမ်းရင်း ပြန်ပြော၏။

"ခက်ပါဘိတော မိုင်ရာရယ်၊ ကိုယ်ကမှမချစ်တာ ဘယ့်နှယ်လုပ်ပြီး [illegible]င်လာအောင်ကြိုးစားလို့ရမှာလဲ၊ အချစ်စိတ်ဆိုတာဟာ လုပ်ယူလို့မရဘူး [illegible] အချစ်စိတ်ဆိုတာက အသည်းထဲနှလုံးထဲကထွက်လာရတာ၊ အေး… [illegible]မှာ ကိုယ်အတတ်နိုင်ဆုံး ကြင်ကြင်နာနာတော့ ဆက်ဆံပါတယ်၊ မိုင်ရာနဲ့ [illegible]တဲ့အခါမှာတော့ ကိုယ့်အတွက် ပျော်ရွှင်ရတဲ့ အချိန်ကလေး ရရနေတာမို့ [illegible]မှာ သည်းညည်းခံပြီး ဆက်ဆံနေထိုင်လို့ရပါတယ်၊ ကိုလိုချင်တာက [illegible]ကလေး နည်းနည်းပါးပါးလောက်ပါ မိုင်ရာရယ်၊ အဲဒီလောက်ကလေးသာ [illegible]ခြား ဘယ်လိုလေးလံတဲ့ တာဝန်တွေကိုယူရယူရ ယူနိုင်ပါတယ်၊ ဒါဟာ [illegible]ခင်ရဲ့ အလိုတော်နဲ့လဲ ကိုက်ညီပါတယ်၊ ဘုရားသခင်ဖန်ဆင်းထားတာ [illegible] ကြည့်ပါလား၊ သာသာယာယာမရှိတဲ့ ဆောင်းတွင်းချည်းပဲမှ မဟုတ်ဘဲ၊ [illegible]ယာယာနိုနိုပြည်ပြည် နွေဦးရာသီကိုလဲ ဖန်ဆင်းပေး ထားတာပဲ၊ ဒါဟာ [illegible] ရွှန်းကန်ရခြင်းနဲ့ဘဝမှာ ပျော်ရွှင်ရခြင်းဆိုတဲ့လက္ခဏာနှစ်ရပ်ပေါ့၊ ဒါကြောင့် [illegible]ယ်၊ ကို့ဘဝကနေ အပြီးအပိုင် ထွက်မသွားပါနဲ့လို့ တောင်းပန်ပါတယ်"

[illegible]င်ရာကတော့ နိုင်မြဲသော သန္နိဋ္ဌာန်ကို ချထားပြီးလေပြီ။

"[illegible]သွားလို့ မဖြစ်ဘူးကိုရယ်၊ မိုင်ရာအတွက် အကောင်းဆုံးရဲ့ အမှန်ဆုံး [illegible]အတိုင်း မိုင်ရာတော့လုပ်ရတော့မှာပဲ"

[illegible]င်ရာ စိတ်ပြောင်းလိုပြောင်းငြား ပေါ်(လ်)က နောက်ထပ်တစ်မျိုး ပြောကြည့် [illegible]

"[illegible]ကယ်လို့များပေါ့လေ၊ အကြောင်းတစ်ခုခုကြောင့် အခြေအနေ ပြောင်း [illegible]ဆိုရင်ကော ဘယ်လိုသဘောရသလဲ"

[illegible]င်ရာက ပြန်မဖြေသေး၊ စဉ်းစားကြည့်နေသေးသည်။

[illegible]တို့လျှောက်လာခဲ့ကြသည်မှာလည်း လူသွားလမ်းကလေးအဆုံးသို့ [illegible]ပြီဖြစ်သဖြင့် နောက်သို့လှည့်၍ ပြန်လျှောက်လာရသည်။

ပြန်လှည့်မိပြီးသည့် အခါကျမှ မိုင်ရာကဖြေသည်။

"ဒါကလဲ မသေချာတဲ့ကိစ္စပါကိုရယ်၊ မဖြစ်နိုင်တဲ့ကိစ္စအတွက်လဲ ကို့ကို [illegible]လင့်မနေစေချင်ပါဘူး၊ ပြတ်ပြတ်သားသားပဲ ခွဲကြတာ အကောင်းဆုံးပါပဲ၊ [illegible]တော့…ပြီးတော့ ကျွန်မတို့ကိုယ်တိုင်လဲ မဖြစ်နိုင်တာကို မျှော်လင့် မနေစေ [illegible]ဘူး၊ ဒီလိုလိပ်ခဲတည်းလည်းကြီးထားရင် အခြေအနေကမပြတ်မသားနဲ့ စိတ်ဒုက္ခ [illegible]ားနေရဖို့ပဲ ရှိမပေါ့"

**စိတ်ကူးချိုချို**

"မိုင်ရာကကော တခြားလူတစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုမှာလား"

"အို ...ဒီကိစ္စကို မိုင်ရာ မစဉ်းစားသေးပါဘူး၊ အေးလေ လူတစ်ယောက် ယောက်က စိတ်ရှုပ်ပေါက်ပြီး၊ မိုင်ရာကို လက်ထပ်ချင်ပါတယ်လို့လာပြီးနားပူရင် စဉ်းစားသင့်ရင် စဉ်းစားရတာပေါ့"

"ကောင်းပြီလေ ...အဲ့ဒီလိုလူမျိုး တွေ့ပါစေလို့ ဆုတောင်းချင်ပါတယ် ဒါပေမဲ့ ကိုက ဒီနေရာမှာတော့ သဘောထားကြီးကြီးမထားနိုင်ဘူးကွယ်၊ ကိုနဲ့ ခွဲသွားရတာတောင်မှ မိုင်ရာ့နှလုံးသားထဲ ကိုပဲရှိစေချင်တယ်၊ တခြားယောက်ျား တစ်ယောက်တွက် နေရာမပေးစေချင်ဘူး"

"ဒါကတော့ စိတ်ချပါ နောက်ထပ်တွေ့တဲ့ တစ်ယောက်ကိုတော့ ကို့လို ချစ်သလောက် ချစ်လို့ရတော့မှာ မဟုတ်ပါဘူး၊ ကိုဟာမိုင်ရာရဲ့ နှလုံးသားထဲမှာ ထာဝစဉ်ရှိနေမှာပါ"

မိုင်ရာက ပေါ(လ်)ကို အားပေးသည့်အနေနှင့် နောက်တစ်ကြိမ် ပေါ(လ်)၏ လက်ချောင်းများကို ဖျစ်လိုက်ပြန်၏။

"ကိုရယ် ကိုနဲ့ မိုင်ရာတို့ ဒီဘဝ ဒီမျှသာလောက်ပဲ သဘောထားလိုက်ပြ ပါစို့၊ တကယ်တော့ ပျော်ရွှင်မှုဆိုတာ အစဉ်အမြဲတည်နေတဲ့ သဘောမှမရှိဘဲ ပျော်ရွှင်ပြီးရင် ဝမ်းနည်းရဦးမှာပေါ့၊ ဒါတွေဟာ လူ့ဘဝမှာ မပြောင်းလဲတဲ့ သဘောတရားတွေပဲဟာ"

"ဟုတ်ပါတယ် မိုင်ရာလေးရယ်၊ မင်းလေးပြောတာကို လက်ခံပါတယ် ဒါပေမဲ့ အခုလို ဖြန်းစားကြီးဖြတ်လိုက်ရမယ်ဆိုတော့ ကိုယ့်အသည်းကို ခွဲလိုက်သလို ဖြစ်သွားမှာမို့ ဖြည်းဖြည်းချင်း ဖြတ်ကြပါစို့လားကွယ်"

"မဖြစ်ဘူး ကိုရယ်၊ မိုင်ရာအဖို့ကတော့ အမြန်ဆုံးဖြတ်မှဖြစ်မယ်၊ နို့မို့ရင် မိုင်ရာအသည်းတွေကွဲရလိမ့်မယ်"

"ကောင်းပြီလေ"

"ကိုနားလည်ပါတယ်နော်"

"အေးပါကွယ် နားလည်ပါတယ်၊ ကဲ ...ဒါဖြင့်ရင်လဲ အခုပဲ ခွဲကြ ဆက်ပြောနေရင် ကိုနေလို့ရမှာ မဟုတ်တော့ဘူး"

နှစ်ဦးသားသည် လမ်းကလေးမှသည် သစ်ပင်များ၏ နောက်သို့လျှောက်သွား ကြပြီးနောက် နှုတ်ဆက်အနမ်းချင်း ဖလှယ်ကြသည်။ ပြန်လည် တွေ့ကြရမည် မဟုတ်တော့ ဟူသောအသိကြောင့် နှစ်ဦးသားမှာ အပြန်အလှန် တင်းကြပ် ဖက်ကာ နမ်း၍မဝဖြစ်နေကြသည်။ မိုင်ရာမျာမှာ သူကစ၍ ဖြတ်စကား ပြော

သော်လည်း ချစ်သူရင်ခွင်တွင်းသို့ ရောက်မိပြန်သောအခါ ခေတ္တမျှ မိန့်မောတွေဝေမိသေးသည်။

အခြေအနေပြောင်းလိုပြောင်းငြား စောင့်ကြည့်နေသည့် ပေါ(လ်)က မိုင်ရာ၏ ပြန်မှုကြောင့် အားတက်လာ၏။ ထို့ကြောင့် သူက ချစ်နိုးများ လျှံနေသော ၏ မျက်လုံးအစုံကို စူးစူးစိုက်စိုက်ကြည့်လျက် မခွဲကြဖို့ထပ်၍ ပြောပြန်သည်။

"မိုင်ရာလေးရယ် မခွဲကြပါစို့နဲ့ကွယ်၊ အရင်အတိုင်းပဲ ဆက်နေကြရအောင်ကွယ်"

"အို ... မဖြစ်ပါဘူးကိုရယ်"

"ဖြစ်ပါတယ်ကွ၊ ကဲ ... တို့နှစ်ယောက်အချစ်အတွက် ကျန်တာတွေကို စွန့်လွှတ်ကြစို့၊ တို့နှစ်ယောက်ပြေးကြမယ်၊ တစ်နေရာရာမှာတော့ တစ်ခုခုလုပ်ရမှာပေါ့ကွယ်"

"အို...ကိုကလဲ မလုပ်ပါနဲ့၊ ဒီလိုထွက်ပြေးရင် ကျွန်မတော့ ပျော်နိုင်မှာဘူး၊ အမှားကြီးတစ်ခုကို လုပ်ခဲ့မိပြီဆိုတဲ့စိတ်က အမြဲတမ်း ကျွန်မကို လှန့်နေမှာ ကဲ ...ကို မိုင်ရာသွားမယ်"

"ဝမ်းကစ်(စ်) ပေးနော်"

မိုင်ရာက ပေါ(လ်)ကို ချော့ခဲ့၍ ပြီးသည့်နောက် ပေါ(လ်)၏အပါးမှ အသာ ခွာလာခဲ့သည်။

သစ်ပင်အုပ်များကိုကျော်၍ လမ်းကလေးပေါ် မိုင်ရာရောက်သည် အထိ မှာ ရပ်လျက်သား ကျန်နေခဲ့လေသည်။

{၁၃}

မိုင်ရာသည် ပေါ(လ်)အဖို့ ပျော်ရွှင်မှုကို ဖြည့်စွမ်းပေးခဲ့၏။ မိမိကိုယ်မိမိ လေးစားသည့်စိတ် ဖြစ်ပေါ်လာအောင်လည်း နှိုးဆွပေးခဲ့သည်။ ဤတွင်သာ ၏။ စိတ်ပျိုကိုယ်နုဟူသောသဘောနှင့်အညီ လွန်မြောက်ခဲ့ပြီဖြစ်သော ကိုင် ပြန်၍ရဘိသကဲ့သို့ ပေါ(လ်)၏ ရင်တွင်း၌ ခံစားမိခဲ့သည်။

ကို ချစ်ခင်မြတ်နိုးသူနှင့် အတူတကွ ပေါင်းဖော်နေထိုင်ရခြင်းသည် မွေ့လှ၏။ စိတ်ကိုသန့်ရှင်းကြည်လင်စေ၏။ ဤသို့ ကျက်သရေ ပြည့်စုံသော ဘဝမှသည် အထီးကျန်ဘဝသို့ပြန်လည် ရောက်ခဲ့ရသော မှာ ဘဝကို စက်ရုပ်ပမာ ရုန်းကန်နေရရှာသည်။

မိမိ၏ ပရိယေသန ဝမ်းစာအတွက်အလုပ်သို့ မှန်မှန်သွားနေရသော်လည်း ယခင်ကလို ဉာဏ်မရွှင်တော့၊ သင်ကြားပို့ချရမည့် သင်ခန်းစာမျိုးကို အချိန်တန်လျှင် ပြီးသွားစေရန်သာ ကြိုးစားသင်ကြားပေးလိုက်ရသည်။ စိတ်ဝင်စားမှုလည်း မရှိ၊ ဂုဏ်ယူလိုစိတ်လည်းမရှိတော့ပေ။ ကျောင်းဆင်းသွားသည့်အခါတွင် ရောက်တတ်ရာရာစဉ်းစားရင်းနှင့်သာ အိမ်သို့ရောက်လာခဲ့ရသည်။ ပြန်ချင်စိတ်လည်းမရှိလှ။ အိမ်ပြန်ရောက်သည့် အခါတွင်လည်း အယ်လီနာနှင့် မကြာခဏအော်ကြီးဟစ်ကျယ် စကားများလေ့ရှိသည်။

မိုင်ရာက အင်မတန် သိမ်မွေ့နူးညံ့ပါသည်ဟု ပြောသောပေါ(လ်)သည် အယ်လီနာနှင့်ကျတော့ ဘီလူးကဲ့သို့ ကြမ်းတမ်းနေသည်။ နောက်ကျ လှချည်လား၊ ဘယ်သွားနေလို့တုန်း ဟူ၍များ အယ်လီနာက မပြောလိုက်နှင့်၊ ပြောလိုက်သည်နှင့် ပေါ(လ်)သည် ဒေါသကုမ္ပာရ ဖြစ်လာတော့သည်။

"ဟေ့ …ဘာမှ ပြောနေစရာမလိုဘူး၊ ငါပြန်ချင်တဲ့အချိန် ပြန်မယ်၊ ငါသွားချင်တဲ့ဆီ သွားမယ်"

ဤသို့ ပြန်လည်အော်ဟစ်ပြီးနောက် တံခါးကို ဝုန်းခနဲပိတ်၍ အပြင်သို့ ထွက်သွားလေ့ရှိသည်။

အီစတာ ကျောင်းပိတ်ရက်များတွင် အိမ်မှာမနေဘဲ စိတ်ကူးပေါက် ရာသို့ သွားနေလေ့ရှိသည်။ အများအားဖြင့် ကလစ်ဆော့ပန်းခြံတွင်းရှိ သူတို့တွေ့နေကျ နေရာကလေးကို ရောက်သွားလေ့ရှိသည်။ အလွမ်းပြေ သွားလိုက်ဦးမည်ဟူသော စိတ်ဖြင့် လာခဲ့သော်လည်း ရောက်လာပြန်တော့ ပို၍လွမ်းရပြန်သည်။

ဘယ်ကိုပဲသွားသွား၊ ဘာကိုပဲလုပ်လုပ် မိုင်ရာမှာ သူ၏ ခေါင်းထဲမှ မထွက် သူ၏ အတွေးများကို စိုးမိုးထားသည်။

ဤသို့သော ကျောင်းပိတ်ရက်၏ တစ်နေ့သော နံနက်ခင်းတွင် ကလစ်ဆော့ ပန်းခြံထဲမှ သူတို့သွားနေကျ စမ်းချောင်းကလေးဘေး၌ ထိုင်ရင်း အတွေးနယ်ချဲ့ နေမိသည်။ သူတွေးနေသည်မှာကတော့ သူမိုင်ရာကို ဘယ်လိုချစ်ကြောင်း၊ မည်မျှ လောက်မြတ်နိုးကြောင်း၊ မိုင်ရာ အတွက်ဆိုလျှင် ဘာမဆို စွန့်လွှတ်ရဲကြောင်းပင် ဖြစ်သည်။ အမှန်တော့ သူလို လူလတ်ပိုင်းဟုပင် မဆိုနိုင်တော့သည့် လူကြီး တစ်ဦးက ဆယ်ကျော် သက်ရွယ် အချစ်ရူးကလေး တစ်ဦးကဲ့သို့ လွမ်းဆွေးနေ သည်မှာ ဘေးလူများ အမြင်ဖြင့်ဆိုလျှင် ရယ်စရာကြီး တစ်ခုဖြစ်နေပေသည်။ သို့သော် ပေါ(လ်) ခမျာမှာ အသက်သာ ငါးဆယ်နားသို့ နီးလာခဲ့သည်။ နှစ်နှစ် ကာကာ ချစ်ရမည့်သူကိုမတွေ့ခဲ့ဘူးသဖြင့် မိုင်ရာနှင့်တွေ့သည့် အခါတွင် ဆယ်ကျော်သက်ရွယ် ကောင်ကလေးကဲ့သို့ ခံစားမိသည်မှာ မဆန်းလှပါ။

## စိတ်ကူးချိုချို

ယခု ချစ်ဦးသူ မိုင်ရာနှင့် ခွဲခွာရပြီးသည့်အခါတွင်လည်း ဆယ်ကျော်သက် …လေးတစ်ယောက်အလား အချစ်ဝေဒနာကို ခံစားနေရရှာ၏။ သူ၏ ရင်ထဲတွင် သူ၏ ချစ်အကြောင်းကို သီကျူးလိုသောတမ်းချင်းများဖြင့် ပြည့်နေ၏။ ဘေးလူများ အဖို့မှာကား ထိုတမ်းချင်းများမှာ ဆန်းလှမည်မဟုတ်ပါ။ ကြားရိုး ကြားစဉ်သာ ဖြစ်ပေမည်။ သို့သော် ပေါ(လ်) အဖို့မှာတော့ ရင်ထဲတွင်ပြည့်ကျပ်နေသည်။ သူ၏ခံစားချက်ကို ဖွင့်ချလိုက်ချင်သည်။

မည်သူ့ကို သွားပြောရမလဲ၊ သူ့တွင် ပြောရမည့်သူမရှိ ဖြစ်နေသည်။

စဉ်းစားရင်း၊ စဉ်းစားရင်းနှင့် နည်းလမ်းတစ်ခုကို စဉ်းစားမိလိုက်သည်။ ဖွင့်ချရေးလိုက်လျှင် အကောင်းဆုံးပဲပေါ့၊ ဟုတ်ပြီ၊ သူ၏ အချစ်တမ်းချင်းများကို …များအဖြစ် သရုပ်ဖော်တော့သည်။

အကြံရလာပြီဆိုတော့လည်း ချက်ချင်းပင် ထ၍ လုပ်ချင်စိတ်ရှိလာသည်။ ထို့ကြောင့် စမ်းချောင်းကလေးနံဘေးမှထလာကာ အိမ်သို့ ပြန်လာခဲ့၏။

ပေါ(လ်)၏ အဖြစ်မှာ အတော်အသည်းအသန်နိုင်လှ၏။ သူရေးချင်သည့် စာလုံးများပျောက်သွားမည်ကို စိုးရိမ်သောကြောင့် လမ်းတွင် ရပ်၍ စာအိတ် ဟောင်းတစ်ခုပေါ်၌ ချရေးရသေးသည်။ ဤသို့လျှင် သုံးကြိမ်ခန့်ရပ်၍ ရေးနေသော ကြောင့် လမ်းပေါ်မှလမ်းသွား လမ်းလာများက သူ့အား လူထူးလူဆန်းတစ်ဦး …ိုင်း၍ ကြည့်ကြ၏။

အိမ်သို့ရောက်သောအခါ ဧည့်ခန်းထဲသို့ တန်း၍ဝင်သွားသည်။ ထိုဧည့်ခန်း …င် အနက်ရောင်စာရေးစားပွဲကလေးတစ်ခုရှိ၏။ ထိုဧည့်ခန်းထဲသို့ အယ်လီနာ …လာလေ့မရှိ။ ဖိတ်ကြားထားသည့် ဧည့်သည်များ လာမှသာလျှင် ထိုဧည့်ခန်းကို …ပြုသည်။

မီးလင်းဖိုတွင် မီးမထည့်ထားသော်လည်း ရာသီဥတုမှာ မပြင်းထန်လှသော ကြောင့် ထူးထူးခြားခြားအေးသည်ဟု မဆိုနိုင်ပေ။

နေ့လယ်စာ စားချိန်နီးနေပြီ ဖြစ်ကြောင်းကိုတော့ သတိပြုလိုက်မိသည်။ သို့သော် စားပြီးအောင်စောင့်ရန် ပေါ(လ်)က စိတ်မရှည်နိုင်တော့ပေ။ သူ၏ …တွင်း၌ ပြည့်ကျပ်နေသော ခံစားချက်ကို စာလုံးများဖြင့် ဖွင့်ထုတ်လိုစိတ်က …န်အကြူး ပြင်းပြနေသည်။

ထို့ကြောင့် ဧည့်ခန်းတံခါးကို အသာအယာပိတ်လိုက်ကာ သူ၏စာကို စ၍ …လေတော့သည်။

"ကိုယ့်အချစ်ဆုံး မိုင်ရာလေးရေ…"

**စိတ်ကူးချိုချို**

သူ့နာမည်ကလေးကို ရေးချလိုက်ရသည်ဆိုလျှင်ပင် သူ၏ စိတ်ထဲတွ
အတော်ပျော်သွား၏။

"မိုင်ရာဆီကို ဒီလို စာရေးလိုက်မိလို့ အပြစ်တင်မယ် ဆိုရင်
ခံဖို့အသင့်ပါပဲ၊ ကိုယ်ကတော့နေ့စဉ်နဲ့အမျှ စိတ်ဆင်း ရဲရတဲ့ အပြ
နလုံးသားပူပန်ရတဲ့ အပြစ်ကို သည်းမခံနိုင်တော့လို့ ခံစားချ
ပေါ်သွားလို ပေါ်သွားငြားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရေးလိုက်ရတာ
ခွင့်လွှတ်ပါ၊ ငါဟာ ပျော့ညံ့လှပါကလားလို့ ကိုယ့်ကိုယ်ကို ပြန်
တော့လဲ အပြစ်တင်မိပါတယ်၊ မိုင်ရာကတော့ အသည်းနှ
မာတယ်နော်၊ ဖြတ်ပြီးပြော ဆိုတာနဲ့ တစ်ခါတည်း ယတိပြတ်ပဲ ...

သူ၏ ကလောင်မှာ သွက်လှသည်။ သူ၏ ခေါင်းထဲမှ အတွေးများသ
စာလုံးများအဖြစ်သို့ ပြောင်းလဲလာသည်မှာ နွေဦးပေါက် ရာသီတွင် ပန်းကလေးမ
အစီအရီပွင့်လာကြသကဲ့သို့ရှိ၏။

"မိုင်ရာရေ အခုတော့ ကိုယ်ဟာ မိုင်ရာနဲ့ ပျော်ပျော် ရွှင်
နေခဲ့ရတာကလေးတွေကို ပြန်စဉ်းစားရင်းနဲ့ စိတ်ဖြေနေရတာပဲကွ
တို့နှစ်ယောက် ပက်ဖီးရွာနားက တောထဲမှာ ချစ်တင်းနှောခဲ့ကြ
တွေ၊ ဟိုနေရာ ဒီနေရာက ဟိုတယ်ခန်းကလေးတွေမှာ တိတ်တ
ချစ်ခဲ့ရတာတွေပေါ့ကွယ်၊ ကိုယ်သတိအရဆုံးကတော့ ဘယ်တော့
မမေ့နိုင်တဲ့ စနေပဲတ်ပဲ၊ အဲဒီတုန်းက ကိုယ်တို့နှစ်ယောက်သား နှစ်
တစ်ရက်တိတိ ဓနီးမောင်နှံလိုစားလိုက်သောက်လိုက်နဲ့နေခဲ့ရတာ ...

ပေါ(လ်)က ရေးချကောင်းနေစဉ် အယ်လီနာက နေ့လယ်စာစားရန် အော
ခေါ်သံကြားရသည်။ သူက 'လာပြီ ...လာပြီ ခဏလေးပါ'ဟူ၍ ပြန်ပြော
ကပျာကယာဆက်၍ ရေးလိုက်သေးသည်။

မလာမဖြစ်၍ ထမင်းစားပွဲသို့လာကာ ထိုင်၍စားနေရသော်လည်း သူ
ခေါင်းထဲတွင်ကား ဆက်၍ရေးမည့် စာလုံးများကိုသာ စဉ်းစားနေမိသည်။ ဤ
စဉ်းစားနေရသဖြင့် စားပွဲထိပ်တွင်ထိုင်နေသော အယ်လီနာကိုပင် သတိမပြ
အားလူးပြုတ်နှင့် အမဲသားကိုသာ မြန်မြန်ကုန်သွားအောင် စားနေသည်။

စားပြီးသွားကြသောအခါ အယ်လီနာက ပန်းကန်ခွက်ယောက်များကို
ထပ်လိုက်ပြီးနောက် သူ့ကို တာဝန်ပေးသွား၏။

"ကျွန်မ နည်းနည်းမောလို့ အိပ်ရာထဲမှာ လှဲနေလိုက်ဦးမယ်၊ အဲဒီပန်း
တွေကို ဆေးကြောပြီး သိမ်းဆည်းထားလိုက်ပါ"

အယ်လီနာပြောလိုက်သံ အထက်လေသံပါနေသော်လည်း ပေါ(လ်)က ...ကျသွားသည်။ ပန်းကန်တွေဆေးပြီးပါက သူရေးလက်စစာကို အေးအေး ... ဆက်၍ ရေးနိုင်ပေမည်။

...ထဲတွင် ပန်းကန်များကို သိမ်းဆည်းပြီးသွားသဖြင့် ထမင်းစားခန်းထဲသို့ ...ခဲ့သည်။

အယ်လီနာ သူ၏အခန်းထဲတွင်ရှိကြောင်း သေချာစွာသိရန်ရပ်၍ နားစွင့်ကြည့် ...။ အပေါ်ထပ်မှ တကျွီကျွီဖြင့် စပရိန်အသံကိုကြားရသည်ကို ထောက်လျှင် ...နာသည် သူ၏ ခုတင်ပေါ်၌ လူးလိမ့်နေခြင်းဖြစ်ရပေမည်။

စာကိုဆက်၍ ရေးရန် ဧည့်ခန်းထဲသို့ ပြန်ဝင်ခဲ့ပြန်သည်။

သူ၏ခေါင်းထဲမှ အတင်းတိုးထွက်လာသည့် စာလုံးများကို နောက်ထပ် ...ကြာမျှ ဆက်၍ ရေးလိုက်သည်။ ညနေစောင်းလာပြီ ဖြစ်၍ အနည်းငယ် ...သည်။ သို့သော် ပေါ(လ်)က သတိမထားမိပါ။ သဲသဲမဲမဲဆက်၍ ရေးနေ...

"ဒေါက် ...ဒေါက် ...ဒေါက်"

ဤသို့ ပေါ(လ်)က စာကိုဖိ၍ ရေးနေစဉ် အိမ်ရှေ့တံခါးမကြီးကို ခေါက်လိုက် ...သံကိုကြားနေရ၏။ခေါက်သည့်အသံမှာသာမန်ကြားရိုးကြားစဉ် ခေါက်သံမျိုး ...။ စာပို့သမားဆိုလျှင် ထုံးစံအားဖြင့် နှစ်ချက်သာလျှင် ခေါက်လေ့ရှိသည်။ ...မှ ပစ္စည်းလာပို့သူဆိုလျှင်လည်း တစ်ချက်သာ ခေါက်သည်။

ဤခေါက်သံကြောင့် ပေါ(လ်)မှာ စာရေးနေရာမှရပ်၍ နားစွင့်လိုက်ရတော့ ...။ အယ်လီနာအဖို့ အိပ်ပျော်နေသည်ဆိုလျှင်ပင် ဤခေါက်သံကြောင့် နိုးလာ ... သေချာ၏။

ပေါ(လ်)နားစွင့်နေစဉ်ပင် ဒေါက်...ဒေါက်...ဒေါက်ဟူသော အသံက ...ပေါ်လာပြန်သည်။ ခေါက်သောသူသည် မရမနေလုပ်တတ်သူမျိုး ...ရသည်။

...ကြောင့် ပေါ(လ်)က သူရေးလက်စ စာကိုထားခဲ့ကာ အိမ်ရှေ့ဘက်သို့ ...ခဲ့ရတော့၏။

အိမ်ရှေ့လှေကားထစ်ပေါ်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ ...ည် အသက်သုံးဆယ်ခန့်ရှိမည်ဖြစ်သည်။ အဝတ်အစားကို သေသေသပ်သပ် ...ကာ လက်ထဲတွင် လက်ဆွဲအိတ်အနက်ရောင် ခပ်ကြီးကြီးတစ်လုံးကို ...၏။ ထိုသူ၏ မျက်နှာကိုတော့ ပေါ(လ်)က တစ်ကြိမ်မျှပင် မမြင်ဘူးပါ၊

သို့သော် တိုက်ဆိုင်ကြီးများမှ အိမ်ပေါက်စေ့ ပစ္စည်းလိုက်ရောင်းလေ့ရှိသော လူ
ဖြစ်မှန်းကိုတော့ ပုံပန်းသဏ္ဌာန် မြင်လိုက်သည်နှင့် ပေါ(လ်)က သိလိုက်
ဖြစ်ပါသည်။

ထိုလူက ပေါ(လ်)ကို မြင်မြင်ချင်း လှမ်း၍မေးလိုက်၏။

"မစ္စတာပေါ(လ်)ပရက်ဆက်ပါလား ခင်ဗျာ"

ပေါ(လ်)က အံ့ဩစွာဖြင့် ပြန်၍ ဖြေရသည်။

"မှန်ပါတယ်"

ထိုလူက ဟန်နှင့်ပန်နှင့် သူ၏ လက်မှလက်အိတ်များကိုချွတ်သည်။ ချွတ်
လျှင် သေသပ်စွာခေါက်၍ လှေကားဘေးမှ အုတ်ခုံပေါ်သို့ လှမ်း၍တင်လို
သေးသည်။ ပြီးတော့မှ ဆက်၍မေးမြန်းပြန်သည်။

"လူကြီးမင်း၊ ပရိုက်ဗိတ် ကျောင်းတစ်ကျောင်းမှာ စာပြနေတယ်
သိရပါတယ်၊ ဟုတ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

ထိုလူက ဆန္ဒပြည့်ဝသွားသည့်ပုံဖြင့် လက်ဝါးချင်းပွတ်ကာ ဆက်၍ ပြော
စကားပျိုးတော့၏။

"ဟောဒီမှာ လူကြီးမင်းတို့လို ပညာရေးလောက ပုဂ္ဂိုလ်မျိုးတွေ စိတ်
စားမယ့်စာအုပ်တွေ ကျွန်တော့်ဆီမှာ ပါလာပါတယ်"

ပေါ(လ်)က ထိုလူ၏ စကားကိုဖြတ်၍ ပြန်ပြောလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် သိပ်အလုပ်များနေလို့ပါ၊ သည်းခံ

ထိုလူကလည်း လိမ္မာပါးနပ်စွာမင် ပေါ(လ်)၏ လေပြတ်သွားလျှင် ပြတ်
ခြင်း ဆက်၍ ပြောပြန်သည်။ သူ၏ပြောပုံဆိုပုံတို့မှာ ညက်ညောလှသည်။

"ကျွန်တော့်ကို တစ်မိနစ်ပဲအချိန်ပေးပါခင်ဗျာ၊ စက္ကန့်ပေါင်းခြောက်ဆယ်
အဲ့ဒီအချိန်အတွင်းမှာ လူကြီးမင်းရှင်းသွားအောင် ကျွန်တော်တင်ပြပါမယ်၊ ဟော
ခင်ဗျာ ကျွန်တော့်ရဲ့ အမည်နဲ့ လိပ်စာ ကတ်ပြား၊ ကျွန်တော်နဲ့ တွေ့လိုက်
သူအတော်များများဟာ အကျိုးဖြစ်ထွန်းသွားကြတာမို့ ကျွန်တော့်ဆီကို ကျေ
တင်ကြောင်း စာတွေရေးကြပါတယ်"

"အို...ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော့်ကိုခွင့်လွှတ်..."

"အာ...ဒီလိုဆိုရင် မိနစ်ဝက်ပဲအချိန်ပေးပါတော့ခင်ဗျာ မစ္စတာ
ဆက်ရယ်၊အဲ့ဒီအချိန်အတွင်းမှာ လူကြီးမင်း လက်မခံဘူးဆိုရင် ကျွန်တော်ဆ
အနှောင့်အယှက်မပေးတော့ပါဘူး"

ပြောပြောဆိုဆိုနှင့် သူ၏ လက်ဆွဲအိတ်ကို ဖွင့်၍ လှပသေသပ်သော စက္ကူဖုံး စာအုပ်ကြီးကို ဆွဲထုတ်ယူလိုက်သည်။

"ဟောဒီမှာပါခင်ဗျာ၊ ကလေးများကို စာသင်ကြားတဲ့အခါမှာ ခေတ်မီ နည်းနိဿယတွေအကြောင်းကို သိမ်မွေ့နည်းကျကျရေးထားတဲ့ စာအုပ်၊ လူကြီးမင်းမှာလဲ ကလေးတွေရှိပါလိမ့်မယ်"

"ဟင့်အင်း၊ ကျွန်တော့်မှာ ကလေးမရှိပါဘူး"

"ဟုတ်လား၊ ကျွန်တော့်မှာတော့ ယောကျ်ားကလေးနှစ်ယောက်ရှိပါတယ်၊ နှစ်ယောက်လုံး ချစ်စရာကလေးတွေချည်းပါပဲခင်ဗျာ၊ ဒီစာအုပ်ထဲမှာပါတဲ့ နိဿယအတိုင်း ကလေးတွေကို ပြုစုပျိုးထောင်လာခဲ့တာမို့ ဒီစာအုပ်ဟာ လက်တွေ့အသုံးကျကြောင်း ကျွန်တော်ရဲရဲကြီး ပြောရဲပါတယ်၊ ဒီလို နိဿယမျိုး တစ်ခါမှ မပေါ်ခဲ့ဘူးလေ"

ပေါ(လ်)ကတော့ အိမ်သို့ပြန်ဝင်ရန် ခြေတစ်လှမ်းဆုတ်ရင်း သူ၏ တောင်းပန်စကားကို ဆက်ပြောပြန်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ခင်ဗျားစာအုပ်ကို ကျွန်တော်လဲဝယ်ဖို့ အခွင့်အစဉ်မရှိတာမို့၊ ခင်ဗျားရှင်းပြနေတာ အလဟဿ ဖြစ်နေပါလိမ့်မယ်"

"ရပါတယ်ခင်ဗျာ၊ စာအုပ်ကို နည်းနည်းပါးပါးလောက်ပဲ ဖွင့်ကြည့်ပါခင်ဗျာ၊ အဲဒီထဲမှာသမိုင်းစာပေတို့၊ ပထဝီတို့၊ အင်္ဂလိပ်စာစီစာကုံးတို့ကို ကလေးတွေ စိတ်ဝင်စားအောင် သင်ဖို့နည်းတွေနဲ့တကွ ပြထားပါတယ်၊ ကြည့်ပါဦး ခင်ဗျာ"

ထိုသူက စာအုပ်ကို ပေါ(လ်)ဘက်သို့ ကမ်း၍ပေးလိုက်သည်။ ပေါ(လ်)ကလည်း အားနာပါးနာဖြင့် လှမ်းယူကာ ဟိုလှန်ဒီလှန်ဖြင့် ဖွင့်ကြည့်ရတော့သည်။

ပေါ(လ်)က စာအုပ်ကိုလှန်၍ ကြည့်နေစဉ် ထိုဆရာကလည်း သူ၏ စာအုပ်ကောင်းကြောင်း၊ ခုနစ်အုပ်တစ်တွဲမှ သုံးပေါင်သုံးရှီလင်နှင့်ခြောက်ပဲနိသာကျသည့်အကြောင်း အများအကျိုးအတွက်မို့သာ သူတို့စာအုပ်တိုက်က ဤမျှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းကြောင်းတို့ကို ဖောင်လောက်အောင်ပြောနေ၏။

ပေါ(လ်)ဆိုသည့် ပုဂ္ဂိုလ်ကလည်း လူတစ်ဖက်သားကို အလွန်အားနာတတ်သလောက် သူ့အားအခြားသူများက လူအ,ဟု အထင်ခံရမည်ကိုလည်း စိုးရိမ်တတ်သောလူမျိုးဖြစ်၏။

ထို့ကြောင့် အိမ်တွင်းသို့ ချက်ခြင်းပြန်ဝင်ရန်အားနာသဖြင့် ထိုသူကို အလိုက်အထိုက် ပြောနေရာက အများအကျိုးအတွက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းရပါသည်ဟူသော အချက်နှင့်စပ်လျဉ်း၍ ထိုသူနှင့် ဆက်ပြောမိတော့၏။

ဟောဒီကမ္ဘာကြီးမှာ ဖြစ်ကြပျက်ကြတာတွေအနက် လေးပုံ ပုံရင် သုံးပုံ
တမင်တကာ ကြံစည်လို့မဟုတ်ဘဲ တိုက်ဆိုင်မှုကြောင့် ဖြစ်လာတာတွေပဲ
ပရပ်ရှားပြည့်ရှင် ဖရက်ဒရစ် သည့်ဂရိတ်ဘုရင်မင်းမြတ်က အမိန့်ရှိခဲ့ဘူး
ယခုလည်း အိမ်တကာသို့လည့်၍ စာအုပ်ရောင်းသော သူသာ ထိုနေ့
မရောက်လာခဲ့လျှင် ...

ဤကဲ့သို့ လမ်းလျှောက်ဈေးသည်မျိုးက ငါလိုပညာတတ်ကျောင်း
တစ်ယောက်ကိုလာပြီး လိမ့်လို့ ရမှာလားဟူသောအတွေးမျိုး ပေါ(လ်)၏ ခေါင်
သို့ ဝင်လာခဲ့လျှင် ...

ပေါ(လ်)ပရက်ဆက်၏ ဘဝလမ်းကြောင်းသည် ပြောင်းလဲသွားဖွယ်
အကြောင်းမရှိပေ။

ယခုသော်ကား ...

အယ်လီနာသည် အပေါ်ထပ်ရှိ သူ၏ အိပ်ခန်းတွင်း၌ လဲလျောင်းနေ
ပေါ(လ်)ရေးနေသည့် စာ၏အကြောင်းကို စဉ်းစားနေခဲ့သည်။ သူ၏ အမေ
ငွေပို့ပေးပါဟုမှာသဖြင့် စာပြန်၍ ရေးနေသလော၊ သူ၏ကျောင်းမှ အပြော
ယဉ်ယဉ်ကျေးကျေးမရှိသည့် အင်ဂယ်(လ်)ဝု(ဒ်)ဆိုသော ဆရာက ပေါ(လ်)
ငွေချေးသဖြင့် အကျိုးအကြောင်းပဲပြန်၍ ရေးနေသလောဟူ၍ လောပေါင်းမှာ
အယ်လီနာ၏ခေါင်းထဲတွင် ပေါ်လာခဲ့သည်။ အချစ်အကြောင်းကို တမ်းတဖွဲ့နွဲ့
စာမျိုးဟူ၍ကား စိုးစဉ်မျှမထင်မိခဲ့။ ဤလိုဘက်၌ အယ်လီနာက ပေါ(လ်)အ
ယုံမှားသံသယ လုံးဝမရှိခဲ့ပေ။ စဉ်းစားရင်းနှင့် အယ်လီနာသည် မှေးခနဲ အိပ်
သွားသည်။

အိမ်ရှေ့တံခါးမကြီးကို ခပ်ဆတ်ဆတ် ခေါက်လိုက်သည့်အသံကြောင့် နိုး
ရသည်။ အိပ်ရာမှ ခေါင်းထောင်ကာ နားစွင့်လိုက်သည်တွင် နောက်ထပ်ခေါ
ဧည့်ခန်းတံခါးကိုဖွင့်လိုက်သည့်အသံ၊ အိမ်ရှေ့တံခါးမကြီးကို ပေါ(လ်)လျှောက်
သည့်အသံ၊ လူတစ်ယောက်နှင့် ပေါ(လ်)တို့ စကားပြောကြသည့်အသံ၊
လှေကားပေါ်မှ တဂေါက်ဂေါက် ဖိနပ်သံ၊ ဆက်၍ အချေအတင် ပြောနေ
အသံတို့ကို ဆက်တိုက်ကြားရသည်။

စကားပြောနေကြသည်မှာလည်း အချိန်အတော်ကြာသည်။ စကား
ကြားရသော်လည်း ဘာပြောကြသည်ကို မသဲမကွဲ၊ ထို့ကြောင့် ကိုယ်တိုင်
စပ်စုချင်စိတ်ပေါ်လာသည်။ ထိုစိတ်ကိုချိုးနှိမ်၍ မရတော့သည်ကြောင့်
ဘေးရှိ ကွင်းစွပ်ဖိနပ်ကိုစီးလျက် အောက်ထပ်သို့ အသာအယာ ဆင်းလာခဲ့

လှေကားတစ်ဘောင် ဆစ်ချိုးတွင် ရပ်လျက် နားထောင်ကြည့်ပြန်သည်။
(လ်)၏ စကားသံနှင့် လူစိမ်းတစ်ယောက်က ပြန်ပြောသည့်အသံကို ကြားရ
သည်။

အယ်လီနာက ပေါ(လ်)ကိုလှမ်း၍ မေးလိုက်သည်။

"အိမ်ရှေ့က ဘယ်သူလဲ ပေါ(လ်)"

ပေါ(လ်)ထံမှ ဘာမှ ပြန်ပြောသံမကြားရ။

အယ်လီနာက နောက်တစ်ကြိမ်ထပ်၍ မေးပြန်သည်။

ဤအကြိမ်တွင်လည်း ပြန်၍ဖြေသံမကြားရ။

အမှန်တော့ အယ်လီနာက မေးလိုက်သည်ကို ပေါ(လ်)က မကြားနိုင်ပါ။ ရှေ့တံခါးမကြီးကလည်း ပိတ်လုနီးနီး ဖြစ်နေသည့်ပြင် အယ်လီနာ၏အသံ သည်း သိပ်ကျယ်လှသည်မဟုတ်ပေ။

သို့လိုစိတ် ပြင်းထန်နေသည့် အယ်လီနာက လှေကားရင်းသို့ရောက်အောင် သွားတော့၏။ ဆင်းသွားစဉ်ကတော့ ပေါ(လ်)နှင့် လူတစ်ယောက် ဘာတွေ နေသည်ကို သိလို၍ ဆင်းသွားခြင်းဖြစ်သည်။ ဆင်းသွား၍ လှေကားရင်းကို သည့်အခါ၌မူ သူမ၏အာရုံက ဧည့်ခန်းတွင်းရှိ စာရေးစားပွဲကလေးဆီသို့ သွားသည်။ ထိုစားပွဲ အနက်ရောင်ကလေးပေါ်၌ ရေးလက်စစာရွက်များ ပ်ကြီးကို လှမ်းမြင်နေရသည်။

ဟင်...ရေးထားတဲ့ စာရွက်တွေကလည်းများလှချည့်လားဘယ် သူ့ဆီကိုများ က်တောင်ရေးဖို့ရှိနေလို့လဲ။

မြဲ့မပီပီ စပ်စုချင်သော စိတ်က အယ်လီနာ၏ ခေါင်းထဲတွင် ပေါ်လာသည်။

အိမ်ရှေ့တံခါးမှန်ချပ်ကို ထွင်းဖောက်၍ ပေါ(လ်)ကို မြင်နေရသည်။ (လ်)နှင့် အရပ်မြင့်မြင့် လူကတော့ အချီအချ ပြောနေကြဆဲ...

အယ်လီနာသည် အချိန်မဖြုန်းဘဲ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

စာရေးစားပွဲလေးသို့ ရောက်လာပြီးနောက် ရေးလက်စစာရွက်များကို ကိုက်မိသည့်အခါတွင်ကား...

"ကို့ အချစ်ဆုံး မိုင်ရာကလေးရေ...အချစ်တော်နေတဲ့ ကိုယ်လို လူတစ်ဦး င်းကလေးလို ချစ်ဖို့ကောင်းတဲ့၊ နှစ်သက်ဖို့ကောင်းတဲ့ မိန်းကလေး တစ်ဦးက ာပြီး ကိုယ် အလိုရှိသမျှ ဆန္ဒတွေကို ဖြည့်ဆွမ်းပေးတာကို ကိုယ်ဘယ်လို မေ့နိုင်မှာလဲ၊ အို...မိုင်ရာရယ် မင်းကလေး ကိုယ့်ရင်ခွင်ထဲမှာ ရှိနေတဲ့ ာ ကိုယ့်တစ်သက်မှာ အပျော်ဆုံးအချိန်ပါပဲ၊ ဒီလိုပျော်ရွှင်မှုမျိုးကို တစ်ခါမှ

မခံစားခဲ့ရဖူးပါဘူး ...တို့နှစ်ယောက်အတူတူနေခဲ့ကြတဲ့ ဟိုစနေနဲ့ တနင်္ဂနွေဟာ
ပျော်ရွှင်ဖွယ်ရာ အတိပဲကွယ်၊ အဲဒီအချိန်အခါတုန်းကဆိုရင် မင်းကလေးကို
အဖြစ်ထားပြီး ပျော်ပျော်ကြီး ရွှေလက်တွဲနိုင်ခဲ့ကြတယ်လေ ...အို...ကိုယ် ချစ်
မိုင်ရာလေးရယ် ..."

ထိုစာကို ဖတ်လိုက်ရသည့် အယ်လီနာသည် 'အို'ဟု တစ်ခွန်းသာ အသံ
လာကာ ရင်ဘတ်ကိုဖိလျက် အနီးရှိ ကုလားထိုင်နောက်မှီကို အားပြု၍ ကိုင်
လိုက်ရသည်။

တစ်ဖန် စာကို ဆက်၍ ဖတ်ကြည့်လိုက်ပြန်သည်။

"မိုင်ရာရေ ...မင်းကလေးက ကျောင်းပန်းခြံထဲမှာ ကလေးတွေနဲ့ က
စီစဉ်ပေးနေတာကို အပေါ်ထပ်က ကိုတွေ့နေရတဲ့အခါတိုင်း ကို့စိတ်
တစ်မျိုးကြီး ဖြစ်လာတယ်ကွယ်..."

ဟင်...ဒီကောင်မက သူ့ကျောင်းက ကလေးထိန်းဆရာမပါလား။

"အို...အို...အို...အဖြစ်ဆိုးလိုက်တာနော်"

ပထမတွင်တော့ အယ်လီနာက ညည်းတွားလိုက်သေးသည်။ သို့သော်
စိတ်နှင့် ဒေါသဖြစ်သည့်စိတ်"ပေါင်းစပ်မိကာ မာနတက်လာသည်။ အယ်လီ
အမြင်တွင်တော့ ပေါ(လ်)က သူ့အပေါ်၌ မှီခိုနေရသည်ဟုထင်သည်။
မှီခိုနေရပါလျက်နှင့် သူမျှားမျက်နှာကို မထောက်မညာလုပ်ရက်သည်ဟု
လာသည်။

သူ့အိမ်ပေါ်တွင်လည်း တင်ထားရသည်။ ယခု သူ့ကောင်မထံ စာ
လည်း သူ့စာရေးစားပွဲတွင် လာ၍ရေးသည်။ မျက်နှာပြောင်ပါပေ့ ပေါ(လ်)
တွေးရင်းတွေးရင်းနှင့် စာထဲမှ အကြောင်းများကို သေသေချာချာ
ကြည့်သည်။

ဟို ...စနေနဲ့ တနင်္ဂနွေဆိုတာ ဘယ်တုန်းကများလဲ။ တခြား
တနင်္ဂနွေတော့ မဟုတ်နိုင်၊ သူ ဘုံးမောက်(သ်)မြို့သို့ ဘက်စီနှင့်အတူ အပန်း
လိုက်သွားတုန်းကပဲ ဖြစ်မယ်။

"အမလေး...ရက်စက်လှချည်လား၊ လုပ်ရက်တယ်၊ လုပ်ရက်တယ်
တော့ ရောဂါသည်မို့ အနားယူရအောင်သွားတယ်၊ သူကတော့ သူ့မယား
ငါ့အိမ်မှာ တော်သလင်းခတ်ခင်းတယ်၊ ကောင်းရော့လား"

"လာပေစေဦး...နင်တော့လား ပေါ(လ်)ရယ်၊ ငါမွေးတဲ့ မျောက်က
ခြောက်လို့၊ ဟင်း၊ သိကြရော့ပေါ့ လာပစေ၊ လာပစေ၊ ရွေးမစား၊ ဝက်မစား
လိုက်မယ်"

အိမ်ရှေ့တံခါးမကြီး ပိတ်သံကို ကြားလိုက်ရသောကြောင့် အယ်လီနာက ကိုယ်တစ်ခုလုံး တုန်လှုပ်စွာဖြင့် ပေါ(လ်)ကို စောင့်နေသည်။

ပေါ(လ်)က ဧည့်ခန်းထဲသို့ ဖြည်းညင်းစွာ လျှောက်၍ဝင်လာသည်။ အခန်း သို့ ဝင်မိ၍ စာရေးစားပွဲကလေးဘက်သို့ မျက်နှာမူလိုက်လျှင်ပင် အယ်လီနာကို လိုက်ရတော့၏။

အယ်လီနာက သူ၏ လက်ချောင်းကလေးများကို ခေါက်လျက် စားပွဲပေါ်တွင် ၍ တင်ထားသည်။ သူ၏ ပုံပန်းသဏ္ဌာန်ကတော့ စွဲချက်တင်သောသူ ၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်၏။

ပေါ(လ်)က စိတ်မလုံသည့်အခါမျိုးတွင် လုပ်လေ့ရှိသည့် ပုံအတိုင်း သူ၏ ကို လက်ဝါးဖြင့် အုပ်ထားလိုက်မိသေး၏။ သို့သော် သူ၏ စာကို အယ်လီနာ သွားကြောင်း သေချာသွားသည့် အခါ၌မူကား အယ်လီနာကို ရင်ဆိုင်ရန် လိုက်၏။

တိုက်ပွဲကို အယ်လီနာက စတင်သည်။

"ကဲ ...ဘာပြောချင်သေးသလဲ"

ပေါ(လ်)က ပြန်မဖြေ၊ ဘာပြန်ပြောရမည်ကို ဦးနှောက်ခြောက်လောက် စဉ်းစားနေသည်။

"ဘယ့်နှယ်လဲ ဘာမှ ပြန်မပြောနိုင်တော့ဘူးလား၊ ရှင်ရေးထားတဲ့ ဟောဒီ ကြီးကို ကျွန်မတွေ့ပြီးပြီရှင့်"

ပေါ(လ်)အဖို့ ပြန်ပြောရန်စကားကို စဉ်းစား၍ ရလာပေပြီ။

"အေးလေ၊ တွေ့တော့ ဘာဖြစ်သလဲ၊ မင်းက ကို့ရဲ့ ကိုယ်ရေးကိုယ်တာ ဝင်ပြီးစပ်စုတာကိုးကွ"

"ကျွန်မက တမင်တကာ စပ်စုတာမဟုတ်ပါဘူး၊ ရှင့်စာတွေက ကျွန်မ အောက်မှာမို့ ဖတ်လိုက်မိတာပါ၊ စ,ဖတ်မိလို့ ရှေ့ကို ဆက်ဖတ်တာဟာ သမ်းကျပါတယ်"

ပေါ(လ်)က အရေးမထားသည့်ပုံဖြင့်ပြန်ပြောလိုက်သည်။ ဒါမှလည်း လီနာပို၍ နာကြည်းလိမ့်မည်ဟု သူက ထင်သည်။

"ဟုတ်ပါတယ်လေ၊ ရှေ့ကို ဆက်ဖတ်လိုက်တော့ ပိုသိရတော့တာပေါ့၊ ဘာဖြစ်တုံး"

ဤတွင် အယ်လီနာက သူ၏လက်နက်များကို ထုတ်၍ အသုံးပြုတော့သည်။

"ဟုတ်ပါတယ်လေ၊ အခုမှပဲ ရှင့်အကြောင်းအမှန်ကို သိရတော့တယ်၊

ချစ်တီးမှတ်လို့ ယူပါတယ်၊ မိုးလင်းမှ ဘိုးသူတော်မှန်းသိရ ဆိုတာမျိုးလိုပေ
အများရဲ့အမြင်မှာတော့ ရှင်က တကယ့်ကို ကိုယ်ကျင့်တရားနဲ့ ပြည့်ဝတဲ့သူ
လေ၊ တယ်ဟန်ဆောင်ကောင်းတာပဲ၊ အလုပ်လုပ်တော့လဲ ကျောင်းဆရာအလု
လူတွေက ဆရာ ဆရာနဲ့ လေးစားကြပေတာပေါ့၊ အင်း…လူတွေ ကွယ်ရာမှာတော
မိန်းမပေါ့ မိန်းမပျက်နဲ့ တစ်ချိန်လုံးရှုပ်နေတယ်"

ပေါ(လ်)က မိုးချုန်းသံပေါက်အောင် အော်လိုက်သည်။

"ဟေ့…တိတ်ကွ"

အယ်လီနာက ဂရုမစိုက်ပေ၊ ပေါ(လ်)ဧည့်ခန်းတွင်းသို့ ဝင်မလာမီ စောင့်
စဉ်ကတည်းက တက်လာခဲ့သော ဒေါသဒီဂရီမှာ ပြန်၍ ကျမသွားသေးပေ၊ အ
ကောင်းတုန်းပင်ရှိသေးသည်။ သူ၏ စကားလုံးများမှာ မားမြောင်ထိပ်ဦးအ
ချွန်ထက်လှသည်။

"မတိတ်နိုင်ပါဘူး၊ တကတဲရှင်…ကိုယ့်အသက်အရွယ်ကိုမှ အားမ
ရှင့်ကိုရှင် ဟိုစပိန်မြာရှူးဒွန်ဝှမ်းလို့ ထင်နေသလား၊ ကောင်မလေးကဖြင့် ရှင့်
အရွယ်လောက်ရှိသေးတယ်၊ ဒီကောင်မကလေးက ရှင့်ကို တကယ်ချစ်တယ်
ထင်နေသလား၊ ဟင်…ပြောစမ်းပါဦး ပေါ(လ်)ရဲ့၊ သူကရှင့်ဆီက ပိုက်ဆံ
လို့ ရှင်သိရဲ့လား၊ ကြည့်စမ်းပါဦးတော့ ကျုပ်ပိုက်ဆံတွေကိုလဲယူ၊ ကျုပ် အိမ်
လဲလာပြီး နှစ်ပါးကြည်ကြမလွန်ဘူးလား။ ဒီလိုအကျင့်ပျက်တဲ့မိန်းမ
ကလေးတွေကို စာသင်ပေးနေတာ၊ အဲဒီကလေးတွေအတွက် ရင်လေးလိုက်
သူနေတဲ့ နေရာကိုသာသိရင် သူ့အကြောင်းကို ကြေညာမောင်းခတ် လိုက်ချင်
တကယ်ပါတော် သူများလင်ကို ကြောင်တောင်နိုက်ချင်တဲ့ မိန်းမပါ၊ မိန်းမ
ဘာမှ မထူးပါဘူး"

သည်းမခံနိုင်တော့သော ပေါ(လ်)က လက်သီးကို ကျစ်ကျစ်ပါအောင်
ရှေ့သို့ တိုးလာမိသည်။

"ဟေ့…မင်း ဒီကလေးမကို ဒီလို သွားပုပ်လေလွင့် မပြောနဲ့ကွ၊ ဒီ
ကြီးမှာ ငါချစ်တာ ဒီမိန်းကလေးတစ်ယောက်ပဲ"

အယ်လီနာက ခပ်လှောင်လှောင် ပြန်၍ပြောသည်။

"တယ်ဆိုတဲ့စာပါလား၊ ရှင်က ချစ်တယ်…"

"အေး…ကိုယ်ကလည်း ချစ်တယ်၊ သူကလည်း ကိုယ့်ကိုချစ်တယ်"

ဒေါသဖြစ်နေသည့်အကြားမှ ပေါ(လ်)သည် အယ်လီနာကို ပြော
ခဲ့သည့် စကားများကို ပြောရသဖြင့် ပျော်ရွှင်စိတ်ဝင်လာသည်။

"ဒီမှာ အယ်လီနာ မင်း သေသေချာချာပြန်ပြီး စဉ်းစားကြည့်စမ်း၊ မင်းဟာ ...မှာ ချစ်ရဲ့လား၊ အချစ်စိတ်ဆိုလို့ တစ်ရွေးသားမှ မရှိခဲ့ဘူးမဟုတ်လား၊ ...ကိုယ်ကလဲကိုယ့်ကိုချစ်မယ့်၊ ယုယမယ့်၊ ကြင်နာမယ့်သူ့ရဲ့ ရင်ခွင်ထဲကိုပဲ ...တာပေါ့၊ ဒီမိန်းကလေးဟာဆိုရင် ကိုယ်အလိုရှိနေတဲ့အချစ်ကို ပေးစွမ်း ...ထမဦးဆုံး မိန်းကလေးပဲ၊ သူကလည်း ကိုယ့်ကိုခင်မင်တွယ်တာစရာ၊ ...ရာလူတစ်ယောက် အဖြစ်နဲ့ နှစ်နှစ်ကာကာ ချစ်တာပဲ၊ ဒါပေမဲ့ ဒီအိမ် ...သူ့ကို မနည်းပြောခဲ့ရတာ၊ ကိုယ့်ဘက်ကလဲပြန်စဉ်းစားကြည့်ပါဦး ...မှာရယ်၊ မင်းက ကိုယ့်ကို ဒီအိမ်မှာ ဘယ်လိုပုံစံနဲ့ ထားသလဲဆိုတာ၊ ...သစ်သားနဲ့ ထုထားတဲ့ အရုပ်တစ်ရုပ်လိုများ ထင်နေသလား၊ ကို့မှာလဲ ...တဲ့ စိတ်ရှိတယ်ဆိုတာလဲသတိပြုဦးမှာပေါ့"

"ဟင်...ဒီလိုဆိုတော့ သူဟာ ရှင့်ရဲ့ မယားငယ်လိုနေခဲ့တာပေါ့"

"ဟုတ်တယ်လေ၊ အဲဒီလို နေခဲ့ကြပါတယ်လို့ ပြောနေတဲ့ဥစ္စာပဲ၊ ဒါပေမဲ့ ...ည်အောင်တော့ပြောပြချင်တယ် အယ်လီနာ၊ သူဟာ ကိုယ့်ချစ်သူအဖြစ်နဲ့ ...ဟာ အကျင့်ပျက်လို့ နေခဲ့တာ မဟုတ်ဘူး၊ စိတ်ကောင်းရှိလို့၊ ကြင်နာတဲ့ ...နေခဲ့တာလို့ မှတ်ထားစမ်းပါ၊ သူ မထွက်သွားခင်က သူမရှိရင် ကိုယ်တော့ ...ဖြစ်မှာမဟုတ်ဘူးလို့ သူ့ကို တောင်းပန်ခဲ့သေးတယ်။ ဒါပေမဲ့ မရဘူး၊ ...ကြောင်းကို မင်းကို ပြောမပြဘူးလို့ စိတ်ကူးထားတာပါ။ အခု ကြုံလို့ ...ိုက်ရတာ၊ ပြောလိုက်ရတော့လဲကိုယ့်ရင်ထဲမှာ ပေါ့သွားတယ်"

"အင်း...ရှင်က ကျွမ်ကို မညာဘူး၊ ပြောရက်တယ်၊ ဒေါက်တာဝါးတား ...လ်)က သတိပေးထားတယ် မဟုတ်လား၊ ကျွန်မဟာ သိပ်ပြီးတော့ စိတ်လှုပ် ...အောင် မနေရဘူးဆိုတာ"

ပြောရင်းနှင့် အယ်လီနာက သူ၏ ရင်ဘတ်ကို ဖိ၍ ကုလားထိုင် တစ်လုံး ...ွင် ထိုင်လျက် ဟောဟဲဟောဟဲဖြင့် အသက်ပြင်းစွာရှူနေသည်။

၅င်းအဖြစ်ကို မြင်ရသည့် ပေါ(လ်)သည်လည်း အနည်းငယ် ထိတ်ပျာ ...သည်။ သူပြောလိုက်သည့် အတွက်ကြောင့် အယ်လီနာတစ်စုံ တစ်ခုဖြစ်သွား ...သလားဟု စိုးရိမ်လိုက်မိသည်။ ထို့ကြောင့် ပြေရာပြေကြောင်းစ၍ ပြောရ ...သည်။

"ဒီကိစ္စတွေက အခုတော့ အားလုံးရှင်းသွားပါပြီကွာ၊ သူလဲဘယ်ကို ...သွားမှန်းမသိပါဘူး၊ သူက မင်းသိသွားရင် ခံစားရမယ့် အဖြစ်ကို မကြားရက် ...ဲ"

"ရှင်...အခု ပြောလိုက်တာကို ကျွမ ယုံမယ်လို့ ထင်သလား ပေါ(လ်)၊ ဒီလိုကောင်မမျိုးက လျှာအရိုးမရှိတိုင်း ပြောတာကို ရှင်လို လူအ,က ယုံချင်ယုံမယ်၊ ကျွမကတော့ မယုံဘူး၊ သူထွက်သွားတာ အမှန်ဆိုရင်လဲ ရှင်လို အဘိုးကြီးကို ငြီးငွေ့လာလို့ သူနဲ့ သက်တူ ရွယ်တူကောင်လေးတွေနဲ့တွဲဖို့ ရှင့်ကို စွန့်သွားတာ ဖြစ်မှာပေါ့"

ပေါ(လ်)က သူ၏နဖူးကို လက်ဝါးဖြင့်ရိုက်၍ 'တယ်လေ'ဟုသာ ကြိမ်းနိုင်သည်။ ရောဂါသည် မိန်းမကို ရိုက်လောက်အောင် ရက်စက်သည့်စိတ်မရှိပါ။

"အေး...မင်း ထင်ချင်သလို ထင်ပေါ့ကွာ၊ ကိစ္စကတော့ ပြီးနေပါပြီ"

"ဘယ်ပြီးမှာလဲရှင့်၊ ကျွန်မအသက်နဲ့ ကိုယ်နဲ့မြဲနေသရွေ့ ဒီကိစ္စက ကျွန်မရဲ့ စိတ်ကို ညှင်းဆဲနေမှာပဲ"

"သဘောပဲလေ၊ မင်းပြောတာလဲမှန်ပါတယ်၊ ကိုယ်တကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ မင်းက စော်စော်ကားကား ပြောလိုက်တာကိုလဲ ကိုယ်က တစ်သက်မေ့လို့ရတော့မှာမဟုတ်ဘူး"

အယ်လီနာကလည်း ထ,သွားရန် ဟန်ပြင်ရင်း ပြန်၍ ပြောလိုက်သည်။

"အခုလို ဖြစ်ပြီးကြမှတော့ အရင်ကအတိုင်းတော့ စိတ်ထားလို့ ရကြမှာ မဟုတ်တော့ဘူး၊ ရှင့်ကိုလဲကျွမ ဘယ်လိုလုပ်ပြီး ယုံနိုင်တော့မှာလဲ၊ အို... ခေါင်းရှုပ်လာပြီ၊ ဘာမှ မစဉ်းစားတတ်တော့ဘူး"

"ကောင်းပြီလေ၊ သေသေချာချာ အချိန်ယူစဉ်းစားကြည့်ပါ၊ စဉ်းစားကြည့်ပြီးတော့ ကိုယ့်ကို မင်းဘ၀ထဲက ဖယ်ထုတ်ပစ်ချင်တယ် ဆိုရင်လဲ ကိုယ်က အသည်းကွဲတဲ့ဝေဒနာကို ခံစားရမှာ မဟုတ်ပါဘူး၊ မင်းရဲ့အိမ်မှာ ကိုယ်အနစ်နာ အမျိုးမျိုးကိုခံလာခဲ့ပြီးမှတော့ မထူးတော့ဘူး"

အယ်လီနာက ပေါ(လ်)ကို ဒေါသမီးများလျှံနေသော မျက်လုံးများဖြင့် တစ်ချက်ကြည့်ကာ ညေ့ခန်းထဲမှ ထွက်သွားလေတော့သည်။

## {၁၄}

ထိုကိစ္စ ပြီးသည့်နောက်ပိုင်းတွင် ပေါ(လ်)နှင့် အယ်လီနာတို့သည် တစ်ဦးနှင့် တစ်ဦး မပြော၍မဖြစ်သည့် အခါမျိုးတွင်မှသာ စကားပြောကြတော့သည်။ စကားများခြင်း ရန်ဖြစ်ခြင်းတော့မရှိကြပါ။ တစ်ဦးနှင့်တစ်ဦးမျက်နှာချင်း ဆိုင်မိကြလျှင် ယဉ်ယဉ်ကျေးကျေး အမူအရာမျိုးထား၍ နေကြပေသည်။

ပေါ်(လ်)ကလည်း ယခင်အတိုင်းပင် ခြောက်နာရီခွဲတွင် အိပ်ရာမှ ထကာ ...တို ချက်ပြုတ်သည်။ အယ်လီနာထံသို့လည်း ဗန်းဖြင့်ထည့်သွားပို့သည်။ ... သာဆိုသည့်အခါတွင် အယ်လီနာကလည်း မသဲမကွဲ မပီမသသော စကား ...ဖြင့် ကျေးဇူးတင်စကားကိုပြောသည်။ သို့သော် ကျောင်းသို့ မထွက်သွားမီ ...နာ၏ အခန်းသို့ ဗွတ်ဘိုင်ဟု လာရောက်နှုတ်ဆက်ခြင်းကား မရှိတော့ပေ။

အယ်လီနာကလည်းခါတိုင်းလိုပင် ညစာချက်ပြုတ်သည့် အလုပ်နှင့် အပေါ် ... ရှင်းလင်းသည့် အလုပ်တို့ကို လုပ်သည်။

ဤသို့ အိမ်မှုကိစ္စများကို လုပ်နေသော်လည်း သူ၏စိတ်တွင်းခံစားနေရသော ...ခြင်းနှင့် မခံချင်စိတ်တို့မှာ သူတစ်ယောက်တည်း မြို၍ မထားနိုင်တော့။ ...ကြောင့် သူနှင့်အရင်းနှီးဆုံး ဘက်စီဖား(လ်)ထံသို့သွား၍ ရင်ဖွင့်ရလေတော့ ...

ဘက်စီဖား(လ်)၏ အိမ်သို့ ရောက်သည့်အခါ၌ အယ်လီနာကသူ၏ ...မှ ခံစားချက်ကို ဖွင့်ထုတ်ရန် ဤသို့စ၍ နိဒါန်းပျိုးလိုက်၏။

"ဘက်စီရေ၊ ကျွန်မတော့စိတ်ညစ်လွန်းလို့ ဘက်စီဆီကိုလာခဲ့တာပဲ"

ဘက်စီဖား(လ်)က အလိုက်သင့်ပြန်ပြောသည်။

"ဟုတ်လား၊ ပြောပါ အယ်လီနာရယ်၊ တခြားလူတွေမှ မဟုတ်ဘဲဟာ၊ ...အိမ်မှာ ပြောရတာလွတ်လပ်ပါတယ်"

ပြန်ပြောလိုက်သည့် ဘက်စီ၏ အသံမှာ မိတ်ဆွေရင်းချာ တစ်ဦးအပေါ်၌ ...သက်စွာ ပြောလိုက်သည့်အသံမျိုးဖြစ်သော်လည်း သူတစ်ပါး၏ အကြောင်း ...သိလိုစိတ်ဖြင့် ပြင်းပြသည့် အငွေ့အသက် လုံးဝကင်းရှင်းသည်ဟုလည်း ...ပါချေ။

ငိုချင်လျက်လက်တို့ ဖြစ်နေသည့် အယ်လီနာကလည်း နှစ်ခါမတိုက်တွန်းရ။

"ကျွန်မရဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြသေးဘူး၊ ရှက်လွန်းလို့၊ ... ကျွန်မတစ်ယောက်တည်းကြိတ်ပြီး ခံစားမနေနိုင်တော့ဘူး၊ ဒါကြောင့် ...လယ်မှာ ဘက်စီဆီပြေးလာခဲ့တာ"

"ဟုတ်တာပေါ့၊ အယ်လီနာလုပ်တာ မှန်ပါတယ်၊ ရင်ထဲမှာအောင့်ထားရ ... ဖွင့်ချလိုက်ရရင် ပေါ့သွားတာပေါ့"

"ကျွန်မလဲ ဒီအကြောင်းကိုပဲ ထပ်တလဲလဲစဉ်းစားနေမိတယ် ဘက်စီရဲ့"

"ဘာအကြောင်းလဲ အယ်လီနာရဲ့၊ လုပ်ပါဦး"

"ပေါ်(လ်)လေ ...ပေါ်(လ်)"

ဤနေရာတွင် အယ်လီနာသည် ဆက်၍မပြောနိုင်တော့ဘဲ ချုံးပွဲချ၍ ငို
တော့သည်။

ထို့ကြောင့် ဘက်စီက ဝင်၍ အားပေးရသည်။

"မငိုပါနဲ့အယ်လီနာရယ်၊ ပေါ(လ်)ဘာဖြစ်လို့လဲ၊ စိတ်တိုလို့ အော်
ငေါက်ပြန်ပြီလား"

"အို…ဒီလောက်ဆိုရင် ဘယ်ပြောနေမလဲ ဘက်စီရယ်၊ အဲဒါထက် 
ပေါင်းမြောက်များစွာဆိုးလို့ အခုလို ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာရတာ
ရယ်စရာလဲကောင်းသား၊ သူက ကောင်မကလေးတစ်ယောက်နဲ့ အဆက်ဖြစ်
တယ် ဘက်စီရဲ့"

"ဟင်…ဟုတ်ရဲ့လား အယ်လီနာရဲ့"

"ဟုတ်ပါတယ်ဘက်စီရယ်၊ ဒီလိုဒီလို တစ်နေ့မှာ သူစာရေးနေတဲ့ အခ
ထဲကို ကျွန်မက အမှတ်တမဲ့ ဝင်သွားမိတယ်၊ အဲဒီအခန်းထဲက စာရေးစားပွဲပေါ်
စာတစ်စောင်သွားတွေ့တယ် ဘက်စီရဲ့၊ အဲ့ဒီစာမှာ 'ကိုယ့်အချစ်ဆုံး မိုင်
ကလေးရေ'လို့ စရေးထားတာကို တွေ့ရတယ်။ ကြည့်ပါဦးရှင်၊ သူ့အရွယ်ကြီး
ရေးထားလိုက်တာ ကန့်ကရနဲ့၊ ကျွန်မလဲ ထူပူသွားပြီး ဘာမသိညာမသိ
စာကိုဆက်ပြီး ဖတ်လိုက်မိတယ်၊ စာကတကယ်ကို ချွဲချွဲပျစ်ပျစ်နဲ့လွမ်းကြော
ဆွေးကြောင်း ရေးထားတာ၊ သူ့ခံစားချက်ရေးထားတာသာ မဟုတ်ဘူးဆို
ရယ်စရာသိပ်ကို ကောင်းတာ၊ ပေါ(လ်)ကတော့ လောကကြီးမှာ သူ့လော
အချစ်ဝေဒနာခံစားနေရတဲ့ လူမရှိတဲ့ပုံမျိုးနဲ့ ရေးထားတာ ဘက်စီရေ၊ စဉ်း
ကြည့်ပါဦး၊ ပေါ(လ်)လိုလူမျိုးက ဒီလိုရေးတယ်ဆိုတာကို"

"ရေးတာကတော့ ဟုတ်ပါပြီ၊ ဘယ်သူ့ဆီကို ရေးတာလဲ"

"သူ့ကျောင်းက ကလေးထိန်းဆရာမ ကောင်မကလေးပေါ့၊ ဘယ်
အတန်းအစားကလာတဲ့ ကောင်မကလေးလဲတော့မသိဘူး၊ အသက် သုံးဆ
လောက်တော့ရှိပါပြီ၊ သူ့အမေကတော့ တိုက်တန်းလျား အခန်း ငှားစားတယ်
သိရတာပဲ၊ ပေါ(လ်)ကတော့ အဲ့ဒီကောင်မကလေးကို အရူးအမူးစွဲနေတ
ဘက်စီရေ၊ ဒါပေမဲ့ ကောင်မကလေးကတော့ ပေါ(လ်)ကို ကြာကြာလက်မခံပါ
ဖြတ်သွားပါပြီ"

ဘက်စီကတော့ သိချင်စိတ် ပြင်းထန်လွန်း၍ ကုလားထိုင်ပေါ်တွင် နော
မှီ၍ မထိုင်နိုင်ဘဲ ရှေ့သို့ကုန်း၍ထိုင်ရင်း ဆက်၍မေးသည်။

"အဲဒီတော့ အယ်လီနာက ဘာဆက်လုပ်သလဲ"

"ကျွန်မကလဲ အဲဒီနေရာမှာပဲ သူ့ကို ဝန်ခံခိုင်းတာပေါ့"

အယ်လီနာလုပ်ခဲ့သည်ကို ထောက်ခံသည့် အမိပွာယ်ဖြင့် ဘက်စီက သူ၏ ေါင်းကို တညိတ်ညိတ်လုပ်ရင်းပြောသည်။

"သိပ်ကောင်းတယ်၊ အဲဒီလိုလုပ်လိုက်တာ သိပ်ကောင်းတယ်"

"ဒါပေမဲ့ ဘက်စီရေ၊ ပေါ(လ်)က ငြင်းဖို့ လုံးဝမကြိုးစားဘူး၊ သူ့ကြည့်ရတာ ဒီအကြောင်းကိုပြောရတာ ဂုဏ်ယူနေတဲ့ပုံပဲ၊ အဲဒီလို ဖြစ်နေတာဟာ တစ်နှစ် ာက်ရှိနေပြီဆိုပဲ"

"ဟုတ်လား၊ ဒီလိုဆိုတော့ အယ်လီနာ လွန်လွန်ကျူးကျူးဖြစ်"

"ဒါပေါ့ဘက်စီရဲ့၊ သူကလဲ အဲဒီအချက်ကို ဝေ့လည်ကြောင်ပတ် မလုပ်ဘူး၊ ဏ်တောင်ယူနေသေးတယ် ဆိုနေမှပဲ"

"အို ...အယ်လီနာရယ်၊ ဒီလူက သစ္စာမရှိလိုက်တာနော်၊ ရှင်က သူ့အပေါ်မှာ လောက်သစ္စာရှိရှိနဲ့ ပေါင်းနေလျက်သားနဲ့"

အယ်လီနာအဖို့ ဘက်စီထံမှ ဤသို့ ကရုဏာသက်စွာ ပြောသော စကား ကို ကြားလို၍လာခဲ့ခြင်းဖြစ်သည်။ သူကြားလိုက်သည်ကို ကြားလိုက်ရသည်ဖြစ်၍ ၏ မျက်ရည်များမှာ အတားအဆီးမရှိတော့ဘဲ မျက်လုံးအိမ်များအတွင်းမှ တွေတွေစီးကျလာကြသည်။ အမှန်တော့လည်း ဤကဲ့သို့ အားရပါးရငိုချ ိုက်ချင်၍ ဘက်စီထံသို့ လာခဲ့ခြင်းဖြစ်သည်။

ဘက်စီကလည်း မိတ်ဆွေကောင်းပီသစွာ အယ်လီနာကို ချော့ရှာသည်။

"တိတ်ပါ အယ်လီနာရယ်၊ အားတင်းစမ်းပါ"

✧ ✧ ✧

အယ်လီနာက ဘက်စီထံမှ အားပေးနှစ်သိမ့်မှုရသော်လည်း ပေါ(လ်)မှာကား စ်သိမ့်သူမည်သူမျှ မရှိရှာပေ။ မိုင်ရာနှင့်ပြန်လည်တွေ့ဆုံဖို့ကလည်း မျှော်လင့်ချက် ။ အယ်လီနာနှင့်ကလည်း ဟန်မပျက်သာ ဆက်ဆံနေကြရသည်။ မ[illegible]သည့် ည်းနှင့်မျှ ရင်ကြားစေ၍ ရဖွယ်မမြင်ပေ။ သူကလည်း အယ်လီနာအပေါ်၌ တော်ကလေးစိတ်နာနေသည်။ အယ်လီနာက မိုင်ရာအပေါ်၌ မိန်းမပေါ၊ န်းမပျက်ဟု မွှီရှိုးမှုတ်ရှိုးလည်း ပြောခဲ့သည်။ သူ့ကိုလည်း မိန်းကလေးများကို က်ခံဖျက်ဆီးသော ဒွန်ဝှမ်းဟုလည်း ကင်ပွန်းတပ်လိုက်သည်။ ဒွန်ဝှမ်းဆိုသည်မှာ လယ်ခေတ်စပိန်ပြည်တွင် မိန်းမချောချောလှလှတွေ့လျှင် ဖျိုအိုမရှောင် မရအရ ခ်ရေးဆိုလေ့ရှိသော လူကုံထံ စပိန်အမျိုးသားတစ်ဦးဖြစ်သည်။ ထို့ကြောင့်

သူ့အဖို့ တစ်ခုတည်းသော စိတ်ဖြေရာအလုပ်တစ်ခုဖြစ်သည့် ပန်းပင်စိုက်သော အလုပ်ကိုသာ သဲသဲမဲမဲ လုပ်နေလေ့ရှိ၏။

အားလပ်သည့် အချိန်တိုင်း နောက်ဖေးဘက်ရှိ ပန်းခြံကလေး အတွင်း၌ ဂေါ်ပြားကလေးတစ်လက်ဖြင့် မြေကြီးများကိုတူးလိုက်ဆွလိုက်နှင့် လုပ်လေ့ရှိသည်။ မေလသို့ရောက်လာပြီဖြစ်၍ ရာသီဥတုမှာ နွေးနွေးထွေးထွေး ဖြစ်လာလေပြီ။ အစွလင်တန်ရပ်ကွက်မှ အိမ်ကြီးတိုင်းရှိ ပန်းခြံများတွင် ပန်းများပွင့်နေကြပြီဖြစ်၏။

တစ်နေ့သော စနေနေ့၏ ညနေစောင်းတွင်ပေါ(လ်)သည် နောက်ဖေး ပန်းခြံထဲတွင် ချွေးတလုံးလုံးဖြင့် အလုပ်များနေသည်။ သူက လူသွားလမ်းမှ ကျောက်ခဲကလေးအကြားတွင် ပေါက်နေသော မြက်ပုတ်ကလေးများကို ဂေါ်ပြားချွန်ချွန်ကလေးဖြင့် ထိုးကော်ပစ်နေသည်။ သို့သော်လည်း ကော်ပစ်ရမည့် မြက်ပင်များက အများကြီးမို့ မနိုင်အောင်ဖြစ်နေသည်။ ထို့ပြင် ဆောင့်ကြောင့်ထိုင်ကာ အကြာကြီးလုပ်ရသဖြင့် ခါးကလည်းတောင့်လာသည်။ ထို့ကြောင့် မတ်တတ်ရပ်လိုက်ပြီး ခါးအယ်ညာယမ်းရင်း ကိုယ်ကိုအညောင်းဆန့်နေမိသည်။

ထိုအချိန်တွင် သူတို့အိမ်တွင် အကြမ်းထည်အလုပ်များကို တစ်ပတ်လျှင် သုံးရက်လာ၍ လုပ်ပေးသည့် မစ္စစ်ဘရစ်(စ်)ကိုးက သွန်ပစ်ရန် အမှိုက်များကို ပုံးနှင့်သယ်၍ နောက်ဖေးဘက်သို့ ထွက်လာသည်။ ထိုမိန်းမကြီးက အမှိုက်များကို ခြံစည်းရိုးနားရှိ အမှိုက်ပုံးထဲသို့ သွား၍ သွန်ပြီးနောက် ပေါ(လ်)အနီးသို့ ရောက်လာသည်။

"ဟော…ဆရာ ဒီမြက်ပင်တွေကုန်အောင် ဆရာဘယ်ကော်ပစ်နိုင် မလဲ။ သိပ်ပင်ပန်းမှာပေါ့၊ ကျွန်မယောက်ျားကို ခေါ်နိုင်းရင်ရပါတယ်၊ သူလုပ်လိုက်ရင် ခဏကလေးနဲ့ ပြီးသွားမှာပေါ့"

ပေါ(လ်)ကတော့ အိမ်ဖော်များနှင့် ရင်းနှီးစွာ ဆက်ဆံတတ်သော သူ၏ သဘာဝအတိုင်း ရယ်ရယ်မောမောဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်လား၊ မစ္စတာဘရစ်(စ်)ကိုး လာလုပ်ပေးနိုင်ပါမလား"

"လုပ်နိုင်ပါတယ် ဆရာ၊ ဒါမျိုး သူ လုပ်နေကျပဲဟာ"

"ဟုတ်လား၊ ကျုပ်တောင် သူဘယ်မှာ လုပ်သလဲဆိုတာ မေ့နေတယ်"

"သူက ပန်းပင်တွေမျိုးပြီးရောင်းတဲ့၊ မစ္စတာကလစ်(ဖ်)တန် ဆီမှာ လုပ်ပါတယ်၊ တစ်ညနေလောက်သူလာပြီး လုပ်လိုက်ရင် အားလုံးပြီးသွားမှာပါ၊ အခုဆိုရင် နေ့တာလည်းရှည်လာပြီ မဟုတ်လား၊ သူ့အတွက်လုပ်ဖို့ အချိန်ရနိုင်ပါတယ်၊ သူ့ကိုလာဖို့ ပြောလိုက်ရမလား၊ ဆရာအားနာဖို့ မလိုပါဘူး၊ သူက စေတနာနဲ့ လုပ်ပေးမှာပါ"

"ဟာ ...မဟုတ်တာဘဲ၊ ထိုက်သင့်သလောက်တော့ ပေးရမှာပေါ့"

"ဒီလိုဆိုရင်လဲ တစ်ရှီလင်လောက် ပေးလိုက်ရင်ဖြစ်ပါတယ်၊ သူ့မှာ ကိရိယာအစုံအလင်ရှိတော့ လုပ်ရတာလဲ လွယ်ပါတယ်၊ မြက်ပင်နဲ့ ပေါင်းပင်တွေကိုလဲ ဆေးနဲ့ဖျန်းလိုက်ရင် အလိုလိုသေသွားမှာပါ"

"ဟင် ...ဒီဆေးတွေအတွက် ပိုက်ဆံကုန်နေဦးမှာလား"

"ဒီအတွက် ပူဖို့မလိုပါဘူး ဆရာ၊ ဆရာခြံထဲက မြက်တွေလောက်တော့ ဆိုင်ကဆေးနည်းနည်းလောက်ယူပြီး သုံးလိုက်ရင် ဖြစ်ပါတယ်"

"ဒီလိုဆို သိပ်ကောင်းတာပေါ့၊ မစ္စစ်ဘရစ်(စ်)ကိုးရယ် အခု အတိုင်းသာ လုပ်ရင် ကျုပ်တော့ ခါးတောင့်တာနဲ့ ခက်ရချည်ရဲ့လို့ အောင့်မေ့နေတာ၊ အသက်ကလေးကလည်း နည်းနည်းထောက်လာပြီ မဟုတ်လား"

"ဟာ ...ဆရာကလဲ ဒီလောက်မဟုတ်သေးပါဘူး၊ ဆရာစိတ်ထင်လို့ပါ ဒါပေမဲ့ ကျွန်မတို့တတွေဟာ ငယ်တော့လဲ မငယ်ကြတော့ဘူးပေါ့လေ၊ ဒီလိုဆိုရင် ကျွန်မယောကျ်ားကို ပြောလိုက်တော့မယ်နော် ဟုတ်လား၊ အားမနာပါနဲ့ ဆရာ"

"ကောင်းပါပြီလေ"

နောက်တစ်နေ့ ညနေတွင် မစ္စတာဘရစ်(စ်)ကိုး ရောက်လာသည်။ ကျွမ်းကျင်ရာ လိမ္မာဆိုသည့်အတိုင်း သူကလည်း ပန်းပင်စိုက်ခြင်းနှင့် ပေါင်းသင်ခြင်း အလုပ်ကိုတော့ ကျောင်းဆရာ မစ္စတာပေါ(လ်)ပရက်ဆက်ကို ဆရာလုပ်နိုင်သူဖြစ်၏။ သူ၏အမည်အပြည့်အစုံမှာ အယ်(လ်)ဖရက်ဘရစ်(စ်)ကိုး ဖြစ်သည်။ ကော်လာမပါသော ရှပ်အင်္ကျီကို လက်လိပ်၍ထားပြီး အပေါ်မှခါးပြတ်ဝေ့(စ်)ကုတ်အင်္ကျီကိုထပ်၍ဝတ်ထားသည်။သူသည် အလုပ်ကြမ်းသမားဖြစ်သော်လည်း မိမိလေ့လာဆည်းပူးထားသော ပန်းပင်စိုက်ပျိုးခြင်း ပညာရပ်ကိုတန်ဖိုးထားသူဖြစ်သည်။ ဘာလုပ်ရမည်ကို သူချက်ချင်းထုတ်ဖော်၍မပြောသေး။ ဆရာဝန်က လူနာကို စမ်းသပ်သည့်အခါ ရောဂါ၏လက္ခဏာကိုရှိန်ဆ၍ ကြည့်နေသကဲ့သို့ပင် လူသွား လမ်းကလေးများပေါ်တွင် ပေါက်နေသောမြက်ဖုတ်ကလေးများကို သူစီးထားသော ဘွတ်ဖိနပ်ဦးဖြင့်လိုက်၍ ထိုးကြည့်သည်။ ရေညှိများကိုလည်း ဖိနပ်သံခွာဖြင့် ရှပ်တိုက်ကြည့်သည်။ မြက်ဖုတ်နှင့်ရေညှိတို့ မည်မျှလောက် နိုင်နိုင် မာမာ ပေါက်နေကြသည်ကို စမ်းကြည့်ခြင်းဖြစ်သည်။

ယမန်နေ့က ပေါ(လ်)ကော်ထားသည့်မြက်ဖုတ်များကို တွေ့သောအခါ သူ၏ မျက်နှာတွင် ပြုံးရောင်သမ်းသွားသည်။

ပုံအဏ္ဏာန်ကတော့ ကလေးတစ်ယောက်က နားမလည်ပါးမလည်နှင့် အရမ်းလုပ်သွားသည်ကို လူကြီးတစ်ဦးက ခွင့်လွှတ်သည့်စိတ်နှင့် ကြည့်ခြင်းမျိုးဖြစ်၏။

စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုပြီးမှ သူ၏ မှတ်ချက်ကိုပေးသည်။

"သပ်သပ်ရပ်ရပ်နဲ့ ရှုပ်ထွေးနေတဲ့ ပန်းခြံပဲ"

ပေါ(လ်)က ရှက်ပြုံးပြုံးလျက် ဝန်ခံစကား ပြောရတော့သည်။

"ဆိုပါတော့"

အယ်(လ်)ဖရက်ဘာရစ်(စ်)ကိုးက ကောင်းကင်သို့မော့ကြည့်လျက် မှတ်ချက်ပြုလိုက်သည်။

မေလဖြစ်သဖြင့် နွေရာသီမရောက်တရောက်ကာလ ဖြစ်လာပြီမို့ ကောင်းကင်ပြင်ကြီးမှာ တောက်ပသောအပြာရောင်ဖြစ်နေသည်။ မိုးတိမ်ဆိုလို့ လုံးဝမရှိပေ

"ရာသီဥတုကတော့သိပ်ခြောက်သွေ့လွန်းတယ်၊ ဒါပေမဲ့ ဖြစ်အောင် လုပ်ပေးရတာပေါ့ ဆရာကြီးရယ်၊ မြေကြီးက သိပ်ခြောက်လွန်းတော့ ဆေးရည်တွေ မြေကြီးထဲကို ကျကျနနဝင်ဖို့ ဉာဏ်ကူဖို့လိုတယ်၊ မိုးရွာ အောင် စောင့်နေရင် အချိန်ကြာသွားလိမ့်မယ်၊ ရေပန်းခရားနဲ့ လိုက်ဖျန်း ပေးလိုက်ရင် ဖြစ်နိုင်ပါတယ်"

"ခင်ဗျား ကြည့်လုပ်လေ၊ ဘယ်တော့လောက် စလုပ်မလဲ"

"ကျွန်တော့်မှာ ဆေးမှုန့်ဘူးပါလာပါတယ်၊ ဟို မီးဖိုချောင်တံခါး နားမှာ ချထားခဲ့တယ်"

"ဟုတ်လား၊ ဒီလိုဆို သိပ်ကောင်းတာပေါ့၊ ကျေးဇူးပဲဗျာ"

"ဆရာပန်းခြံအတွက် သုံးဖို့က သိပ်မများပါဘူး၊ ကျွန်တော့်မှာရှိတဲ့ လက်ကျန် ကလေးနဲ့ လောက်ပါတယ်၊ ဆေးရည်စပ်ဖို့ သံပုံးတစ်ပုံးပေးပါလား ဆရာ"

ပေါ(လ်)က ကပျာကယာ အိုးခွက်ဆေးကြောသည့် အခန်းကလေး ထဲ ဝင်သွားကာ သံပုံးတစ်လုံးကိုယူလာပြီး မီးဖိုချောင်တံခါးအနီး၌ ချထားလိုက်သည် ထို့နောက် အယ်(လ်)ဖရက်ဘာရစ်(စ်)ကိုး ယူလာခဲ့သည့် ပေါင်းပင်သတ်ဆေးပုံး စိတ်ဝင်စားစွာကြည့်လျက် မေးလိုက်သည်။

"ဒါလားဗျ ခင်ဗျားဆေးပုံးဆိုတာ"

အယ်(လ်)ဖရက်ဘာရစ်(စ်)ကိုး ကတော့ ပေါ(လ်)လာ၍ချထားသည့် သံပုံး စိတ်ဝင်စားပုံမပြ။ သူယူလာသည့် ဆေးမှုန့်ဘူးလုံးလုံးရှည်ရှည်ကို ကောက်ယူ အထဲမှဆေးမှုန့်များကိုကြည့်လျက် မည်မျှလောက်စပ်ရမည်ကို ချိန်ဆတွက်ချက် နေသည်။ ထို့နောက်ဘူးကိုကိုင်ကာ ရေဘုံဘိုင်ရှိရာသို့ သွား၍ ဆေးမှုန့်ကိုရေ စပ်သည်။

ပေါ(လ်)က ဘာရစ်(စ်)ကိုး လုပ်နေပုံကို မျက်တောင်မခတ်စိုက်ကြည့်နေ

ဘရစ်(စ်)ကိုးကလည်း သူကျွမ်းကျင်နားလည်သည့်အလုပ်အကြောင်းကို ပြောရသည်ဖြစ်၍ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရှင်းပြ၏။

"လွယ်လွယ်လေးပါ ဆရာကြီး၊ ဒီဆေးမှုန့် တစ်ဆကို ရေသုံးဆ ရောစပ်လိုက်ရင် ဆေးရည်ဖျော်ပြီးသားဖြစ်သွားတာပါပဲ၊ အဲဒီဆေးရည်ကို ရေကြိုက်သောက်ထပ်ပြီး စပ်ရပါတယ်"

ပြောရင်းနှင့် သူက တုတ်တစ်ချောင်းဖြင့် ဆေးရည်များကို သမ လာစေရန် မွှေနေသည်။

"ဆေးမှုန့်တွေ ကောင်းကောင်းသမသွားပြီဆိုရင် ရေထဲထည့်လိုက် ရုံပါပဲ၊ ပြီးတော့ ရေပန်းခရားထဲမှာ ဆေးရည်တွေထည့်ပြီးလိုက်ဖျန်း လိုက်ရင် ကြီးပန်းခြံထဲက ပေါင်းပင်တွေနဲ့ မြက်ဖုတ်တွေ တဖြည်းဖြည်း ခြောက်ပြီး သွားပါလိမ့်မယ်"

ပေါ(လ်)က နှင်းဆီသွေးရောင် ပေါက်နေသော ဆေးရည်များကို ကြက်သီး ထကြည့်လျက် မှတ်ချက်ချလိုက်သည်။

"ခင်ဗျား ဆေးရည်တွေက တယ်အကြည့်ရဆိုးတဲ့ဟာတွေပဲ"

"မှန်တာပေါ့ ဆရာကြီးရယ်၊ ကျွန်တော်တို့သောက်နေတဲ့ ရေနဲ့တော့ တခြား ပေါ့၊ ဒီဆေးမှုန့်မှာဆိုရင်၊ စိန်ခြောက်ဆယ်ရာခိုင်နှုန်းပါတာပဲ၊ ဒါကြောင့်မို့လို့လဲ ဆေးရည်နဲ့ ဖျန်းလိုက်ရင် ဖျန်းလိုက်တဲ့နေရာမှာရှိတဲ့ သတ္တဝါမှန်သမျှ အားလုံး ကျွေချောသွားရတာပေါ့၊ နောက်တစ်ရက်နှစ်ရက် ဆိုရင် သေနေတဲ့ တီကောင်တွေကို တကြီးတွေ့ရပါလိမ့်မယ်"

"ဟုတ်လား...ဟာ...ဒီလိုဆိုရင် ငှက်တွေရော ဘယ်နယ်လဲ၊ ကျုပ်က တော့ကျွေးကျွေးထားလို့ ဒီပန်းခြံထဲကို ငှက်ကလေးတွေလာလေ့ ရှိတယ်"

ဘရစ်(စ်)ကိုး ပြန်ပြောပုံကတော့ ငှက်ကလေးများကို ချစ်သည့်ပုံ မရပေ။

"အဲဒီလိုသေနေတဲ့ တီကောင်တွေကိုစားမိတဲ့ ငှက်တွေတော့ ဘယ် သက်သာ လဲ၊ ဒါပေမဲ့ ငှက်တွေကတော့ ပါးပါတယ်၊ သူတို့ဘေးကို သူတို့ ကြည့်ရှောင် တတ်ပါတယ်"

"အဲဒီလိုရှောင်နိုင်ပါစေလို့ မျှော်လင့်ရမှာပဲ၊ ဒါထက် ခုနခင်ဗျား ပြောတဲ့ထဲမှာ စိန်ကခြောက်ဆယ်ရာခိုင်နှုန်းပါတယ်နော်၊ ဒီလိုဆိုတော့ ရာနှုန်းအပြည့်သာဆိုရင် လန်ဒန်မြို့က လူတစ်ဝက်လောက်ကို အဆိပ် ခပ်သတ်ဖို့ လုံလောက်တယ်လို့ ဆိုနိုင်တာပေါ့၊ ဟုတ်လား"

ဘရစ်(စ်)ကိုးက ခပ်ကြွားကြွားလေသံဖြင့် ဖြေလိုက်သည်။

**စိတ်ကူးချိုချို**

"ဟုတ်ကဲ့၊ စနစ်တကျသာ ဖြန့်ပေးလိုက်ရင်တော့ တစ်ဝက်လောက် နိ
မြှတ်နိုင်လောက်ပါတယ်"

"ခင်ဗျားကော မစိုးရိမ်ဘူးလား၊ ခင်ဗျားရဲ့လက်မှာ ဆေးရည်တွေ ပေနေ
နေပါဦးဗျ၊ စိန်ဘယ်လောက်သားပါမှ လူသေသလဲ၊ ခင်ဗျား သိသလား"

"ကျွန်တော်တော့ သေသေချာချာမသိဘူး ဆရာကြီး၊ ဒါပေမဲ့ သိပ်အ
ကြီးတော့ လိုလှမယ်မဟုတ်ဘူးလို့ ထင်တယ်"

ပေါ(လ်)က သူ၏ ကျောင်းမှ ဆရာ အင်ဂယ်(လ်)ဝု(ဒ်)ပြောပြသော သ
ယောကျ်ား အဘိုးအိုကြီးဘရူးဝါးကို အဆိပ်ခတ်သတ်မှုဖြင့် ကြိုးမိန့် ပေးခံရ
လှိုဗျာနီအမည်ရှိသော မိန်းမတစ်ဦး၏အကြောင်းကို သတိရလိုက်မိသည်။

လူတစ်ယောက် သေစေရန် စိန်အလေးချိန် နစ်ဂရိမ်သာလိုသည်ဟု
အင်ဂယ်(လ်)ဝု(ဒ်)ပြောခဲ့သည်ကို စဉ်းစားမိ၏။ ထို့ကြောင့် သူမေးလိုက်
မေးခွန်းကို သူကိုယ်တိုင်ပင် ပြန်၍ ဖြေလိုက်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ နစ်ဂရိမ်ဆိုသေတယ်၊ ဟုတ်တယ်၊ ကျွန်တေ
လူတစ်ယောက်က ပြောဘူးတယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီလောက်ပါပဲ၊ တစ်ကော်လောက်ကလေ
လက်ဖက်ရည်ထဲမှာ ထည့်တိုက်လိုက်ရင် သောက်တဲ့လူတော့ ကြွရောပဲ"

ပေါ(လ်)က ထိတ်လန့်စွာ ပြောလိုက်၏။

"အလိုလေးဗျာ၊ ကြောက်စရာပါပဲလား၊ ခင်ဗျားလဲ သတိထားဦး
ဒါတွေကို ကိုင်တွယ်နေရတာ"

"တစ်ကော်လောက်ကလေးဆိုပါလား၊ တစ်ကော်လောက်ဆိုရင် သေတ
ဟယ် ... ငါဘာတွေ စဉ်းစားနေပါလိမ့်၊ မဟုတ်တာတွေ စဉ်းစားမိပြ
ကြောက်စရာအတွေးတွေပါလား၊ တော်မှ တော်မှ ..."

ပေါ(လ်)သည် သူ၏ အတွေးလမ်းကြောင်းကို မနည်းကြိုးစား၍ ဖြ
ရသည်။

ပေါ(လ်)အတွေးရေယာဉ်တွင် မျောနေစဉ် ဘရစ်(စ်)ကိုးက ရေပန်
တစ်ပုံးဖြင့် ဆေးရည်များလိုက်၍ ဖြန်းနေသည်။ သူ၏ အလုပ် ပြီးသွားသေ
ဘရစ်(စ်)ကိုးက ပေါ(လ်)ထံလာ၍ အကျိုးအကြောင်း ပြောပြ၏။

"ပြီးသွားပါပြီဆရာကြီး၊ ဆရာကြီးတွေ့တဲ့အတိုင်းပဲ သိပ်ခက်တဲ့
မဟုတ်ပါဘူး"

ပေါ(လ်)က ယဉ်ကျေးဖော်ရွေစွာ ပြန်ပြောလိုက်၏။

"ကောင်းပါပြီဗျာ၊ ကျေးဇူးပါပဲ၊ ကြည့်ရတာလဲ စိတ်ဝင်စားစရာပါပဲ၊ ခင်ဗျားလဲ မပင်ပန်းဘူးဆိုပေမယ့် အခုလို ဒုက္ခခံပြီး လာလုပ်ပေးရတဲ့ အတွက်တော့ ကျွန်တော်က ကျေးဇူးဆပ်ချင်ပါတယ်၊ ရော့ဗျာ၊ လက်ဖက်ရည်ဖိုး ...."

ပြောပြောဆိုဆိုနှင့် ပေါ(လ်)က ဘရစ်(စ်)ကိုး၏လက်ထဲသို့ပိုက်ဆံ တစ်ရှီလင် ... လိုက်သည်။

ဘရစ်(စ်)ကိုးက ပြန်၍ပြောနေသေးသည်။

"ဟာ... မဟုတ်တာ ဆရာကြီးကလဲ၊ အခုလို ကူညီရတာပဲ ကျွန်တော်က ... ပါပြီ"

သို့သော် လက်ထဲသို့ရောက်လာသောရှီလင်စေ့ကိုမူ အိတ်ထဲသို့ထည့်လိုက်၏။ ထို့နောက် သံပုံးကို မူလနေရာသို့ပြန်၍ထား၏။ ဆေးဘူးတွင် ဆေးရည်များ ... ကျန် သေချာစွာကြည့်လျှက် ကုန်နေကြောင်း တွေ့ရသောကြောင့် အမှိုက် ... သို့ သွား၍ထည့်လိုက်သည်။

ပေါ(လ်)က ဘရစ်(စ်)ကိုးအားစီးကရက်တစ်လိပ်ထုတ်၍ တည်သဖြင့် ... (စ်)ကိုးက ကျေးဇူးတင်စွာဖြင့် ယူ၍သောက်သည်။

ဘရစ်(စ်)ကိုးအား အိမ်ရှေ့တံခါးအထိ လိုက်ပို့ပြီးနောက် ပေါ(လ်)က ... ဆေးပန်းခြံထဲသို့ ပြန်လာကာ လူသွားလမ်းကလေးပေါ်တွင် ခေါက်တုံ့ ... ပြန်လျှောက်ရင်း စဉ်းစားနေသည်။

"အင်း... တစ်ကော်လောက်နဲ့ လုံလောက်တယ်ဆိုရင် ဘူးထဲက ဆေးရည် ... အကျန်လောက်ဆိုရင် ဖြစ်တာပေါ့၊ ပြီးတော့လဲ ဒီဆေးမှုန့်ကို ငါဝယ်တာလဲ ... တော့၊ ငါ့ဆီမှာ ဒီဆေးရည်ရှိကြောင်းကိုလဲ ဘယ်သူကမှ မသိဘူး၊ ... (စ်)ကိုးကို စစ်ရင်လဲ ဘူးထဲက ဆေးရည်တွေ ကုန်အောင်ဖြန်းပစ်လိုက်ပြီး ... လွှင့်ပစ်လိုက်တယ်လို့ ထွက်ချက်ပေးမှာပေါ့၊ ဒါကလဲ အဖြစ်အပျက်မှန် ... ကံကြမ္မာ... ကံကြမ္မာ ငါ့ကိုမှလာပြီး အခွင့်အရေးပေးနေတယ်၊ ငါဘယ်လို ... တဲ့ ဆေးလေ... နက်ဖြန်မှာတော့ ဒီဘူးခွံကို အမှိုက်ကျုံးတဲ့လူတွေ သိမ်းတဲ့ ... ပါသွားမှာပါပဲ... "

ပေါ(လ်)က သူ၏အတွေးလမ်းကြောင်းကို ဖြတ်ပြီးနောက် လေတချွန်ချွန် ... ခန်းထဲသို့ပြန်ဝင်သွားရာ အယ်လီနာနှင့်တိုးနေသည်။

အယ်လီနာက လက်ဖက်ရည်ဖျော်ရန် ရေနွေးအိုးတည်နေခြင်းဖြစ်သည်။

အယ်လီနာ၏ တုတ်ခိုင်သော ကိုယ်ကာယကြီးကိုကြည့်လျက် ပေါ(လ်)က သူစောစောကတွေးမိသည်ကို ပြန်လည်သတိရကာ ကြက်သီးထသွားသည်။

ညစာစားသည့် အခါတွင်တော့ ထုံးစံအတိုင်းပင်နှစ်ဦးသားမှာ မပြော မဖြစ်သည့် စကားကိုသာ အလွန့်အလွန်သတိထား၍ ယဉ်ယဉ်ကျေးကျေး ပြောကြ၏။ စားပြီး၍ကောကြာလျှင်ပင် အယ်လီနာက သူ၏ အိပ်ခန်းသို့ တက်သွား လေသည်။

ပေါ(လ်)က သူထိုင်နေကျ ပက်လက်ကုလားထိုင်တွင် ထိုင်ရကာ စာအုပ် တစ်အုပ်ကိုဖတ်ရန်ဆွဲယူလိုက်သည်။ သို့သော် စာအုပ်ထဲမှစာများမှာ သူ၏ ခေါင်းထဲသို့ရောက်မလာ၊ သူ၏အာရုံတွင် စာအုပ်ထဲမှ စာလုံးများက စွဲထင်မနေဘဲ ပေါင်းပင်သတ်ဆေးမှုန့်ထည့်သည့် ဘူးခွံကိုသာလျှင် စွဲထင်နေသည်။

စာအုပ်ကို စိတ်ဝင်စားလာစေရန် သူ၏စိတ်ကို ကြိုးစား၍ထိန်းသော်လည်း မရနိုင်ဖြစ်နေ၏။ သူ၏စိတ်က ဘူးခွံလုံးလုံးရှည်ရှည်ကြီးထဲသို့သာ ရောက်နေသည်။

"ဘူးခွံထဲတွင် ဆေးရည်အကတ်အသတ်ကလေးလောက်မှမကျန်တော့ ဘူးလား၊ ဒီလိုအန္တရာယ်ရှိတဲ့ ပစ္စည်းတစ်ခုကို ဒီအတိုင်းထားလို့ ကောင်းပါ့ မလား၊ ဟယ် ... သွားကြည့်ဦးမှ ဖြစ်မယ်နဲ့တူပါတယ်"

ဤသို့လျှင် ကိုယ်လိုရာ ကိုယ်ဆွဲတွေးကာ ပေါ(လ်)သည် နောက်ဖေး ခြံစည်းရိုးနားမှ အမှိုက်ပုံးရှိရာသို့သွား၍ ပေါင်းပင်သတ်ဆေးဘူးခွံကို ယူလာခဲ့သည်။ အဖုံးကိုဖွင့်၍ မီးဖိုချောင်မှ မီးရောင်ဖြင့်ထောင်ကြည့်သည်တွင် နှင်းဆီရောင် ဆေးရည် အကြွင်းအကျန်များမှာဖင်ပိုင်းတွင်စုနေသည်ကို တွေ့ရ၏။ ဘူးနှုတ်ခမ်းနှင့် အပေါ်ပိုင်းတွင်မူ ဆေးမှုန့်အကတ်အသတ်ကလေးများကိုပင် တွေ့ရသေး၏။

ဤသို့တွေ့ရသည့်အခါတွင် ပေါ(လ်)က သူလာကြည့်မိ၍သာ အန္တရာယ် ရှိသော ပစ္စည်းတစ်ခုအား ယခုကဲ့သို့ လက်လွတ်စပယ် ထားသည်ကိုတွေ့ရသည်။ သို့မဟုတ်ပါက အခက်ပေပဲဟု နောက်တစ်ကြိမ် ကိုယ်လိုရာကိုယ်ဆွဲ၍ တွေးလိုက် ပြန်သည်။

ကဲ ... တွေ့တော့တွေ့ပြီ။ ဒီပစ္စည်းကို ဘယ်နေရာမှာထားရမလဲ၊ လွှင့်ပစ် လို့လည်းမဖြစ်။

စဉ်းစားရင်း စဉ်းစားရင်းနှင့် လုံလုံခြုံခြုံရှိမည့်နေရာကို စဉ်းစားမိလာသည်။ ပန်းခြံထဲမှ တိုလီမိုလီ ပစ္စည်းများထားသည့် တဲကလေး အတွင်းပိုင်းဘက်မှာ ထားလိုက်လျှင် မည်သူ့ကိုမျှ အန္တရာယ်ရှိနိုင်တော့မည်မဟုတ်၊ ပြီးတော့လည်း ...

**စိတ်ကူးချိုချို**

သုံးပြုချင်လျှင်လည်း အလွယ်တကူသွား၍ ယူနိုင်သည်။ ပေါင်းပင်တွေ ...ချိတည်းနဲ့ မသေလျှင် နောက်ထပ် ဆေးဖျန်းဖို့လိုချင်လိုနေဦးမည်။

သူ့အတွေးနှင့်သူ သဘောကျစွာဖြင့် ဘူးခွံကိုကိုင်ကာ တဲကလေး၏ ...မိုနိမ့်ကိုငုံ့၍ ဝင်သွားပြီး နောက်ဖက်ချောင်ထဲတွင် ချထားလိုက်၏။

ဘူးခွံကို နေရာတကျထားပြီးသွားမှပင် သူ၏ စာအုပ်ကို စိတ်ဝင်စားစွာ ...၍ရလေတော့သည်။

{ ၁၅ }

နောက်နေ့များတွင် ပေါ(လ်)သည် မြက်ပင်များနှင့်ပေါင်းပင်များ သေမသေ ...ကြည့်ရသည်မှာအမောပင်၊ အယ်(လ်)ဖရက်ဘာရစ်(စ်)ကိုး၏ ပေါင်းပင် ...ဆေးကလည်း အစွမ်းထက်ပါပေသည်။ ကျောက်ခဲကလေးများကြားတွင် ...နေသော မြက်ဖုတ်များနှင့် ရေညှိများမှာ တစ်နေ့တခြားညှိုး၍ ခြောက်လာ ...သည်။ တီကောင်သေများကိုလည်း မြေကြီးနက်နက်တူး၍ မြှုပ်ရသေးသည်။

အယ်(လ်)ဖရက်ဘာရစ်(စ်)ကိုးက နောက်တစ်နေ့ညနေခင်း ရောက်လာ ...သည်။ သူက ပေါင်းပင်သတ်ဘူးအတွက် စိတ်မချ၍ တစ်ခေါက် လာကြည့် ...သည်။ ဘာရစ်(စ်)ကိုးလာသောအချိန်တွင် ပေါ(လ်)က ပန်းခြံတွင် ရှိနေ၏။

ပေါ(လ်)က ရယ်ရယ်မောမောနှင့် ဘာရစ်(စ်)ကိုးကို ပြောလိုက်သည်။

"ခင်ဗျားနောက်ကျသွားပြီ ဘာရစ်(စ်)ကိုး၊ ဒီမနက်ပဲအမှိုက်လှည်းတဲ့ လူတွေ ...သွားပြီ"

သူ့စိတ်ထဲတွင်ဘာရစ်(စ်)ကိုး နောက်တစ်ခေါက်လာသည်ကို သဘော ...၏။ ယခုဆိုလျှင် ပေါင်းပင်သတ်ဆေး ဘူးအခွံမှာမြူနီစပယ်မှ သိမ်းသွားသည့် ...တွင်ပါသွားကြောင်း သက်သေခံမည်သူ တစ်ယောက် ရလာပြီ မဟုတ်ပါလား။

ဟော... မဟုတ်တဲ့အတွေးတွေကို တွေးမိပြန်ပါပြီဟု သူ၏အတွေးကြောကို ...အုပ်ရပြန်သည်။

ရက်ကြာလာသည်နှင့်အမျှ ပေါ(လ်)နှင့် အယ်လီနာတို့မှာ စကားတစ်လုံးစ ...စထက် ပို၍ ပြောလာကြသည့်အဖြစ်သို့ ရောက်လာရ၏။ ပေါ(လ်)အနေ ...ား ပြောလိုစိတ်မရှိလှပါပေ။ အယ်လီနာကစ၍ ပြောနေပြန်တော့လည်း ...ကားကား မပြုရက်သဖြင့် အလိုက်အထိုက် ပြန်၍ပြောနေရ၏။

ပေါ(လ်)၏ အတွင်းစိတ်ထဲတွင် တစ်နေ့တွင်တော့ သူနှင့်မိုင်ရာတို့ နှစ်ဦးမှာ ...ကြရမည်မှာ မလွဲဟုစွဲနေသည်။

ဤခွဲလမ်းချက်ကြောင့်သာ သူသည် အယ်လီနှာနှင့်အတူ နေနိုင်ခြင်း သည်။

အချိန်သည်လည်း တရွေ့ရွေ့ ကုန်လာခဲ့ချေပြီ။ နွေရာသီကုန်၍ သစ်ရွက် ကြွေသည့် ဆောင်းရာသီသို့ ရောက်ခဲ့ပြန်ပေပြီ။ တစ်ဖန် ဆောင်းဦးရာသီမှ ဆောင်းဦးဆီသို့ပင် ရောက်လုအချိန်သို့ရောက်လာခဲ့၏။

တစ်နေ့နေ့ဖြင့် အချိန်က တရွေ့ရွေ့ကုန်လာခဲ့သည်နှင့်အမျှ သူ၏စိတ်အ လျော့လာသည်။ တစ်နေ့ကုန်သွားလေလေ သူ့အတွက် ပျော်ရွှင်မှုနှင့် ဝေး လေလေဟု ထင်မိလာ၏။ ခွဲကြခါနီးအချိန်တွင် မိုင်ရာပြောသည့်စကားကို သတိရနေသည်။

"ကိုရယ် ... ကျွန်မတို့ဟာ ကံကြမ္မာစီမံရာကို လိုက်နာကြရမှာပဲ ပေါင်းကြဖို့ကံပါမလာရင် ကွဲကြရမှာဟာ ဓမ္မတာပဲ၊ မိုင်ရာတော့ အဲဒီအ လက်ခံထားတယ်"

ဤသို့ သတိရလာတိုင်း သူ၏ စိတ်ထဲတွင် မချိတော့ပေ။

"သူကတော့ အချိန်ကြာလာလေလေ ငါ့ကိုမေ့လေလေဖြစ်လာ အေးလေ ... သူကလဲ ပြောသွားသားပဲ၊ သူ့လိုလူမျိုးကိုလက်ထပ်ချင်တဲ့ မိုက်မိုက်မဲမဲယောကျ်ားမျိုးကို တွေ့လို့ရှိရင်၊ လက်ထပ်ကောင်းလက်ထပ် ငါကတော့ နေမြင့်လေ အရှုးရင့်လေဆိုသလို၊ အချိန်ကြာလေလေ မေ့လို့မရ ဖြစ်နေပါပကောလား၊ ဒုက္ခ... ဒုက္ခ၊ ငါလဲ ဘာမှ မတတ်နိုင်တဲ့ ဘဝပါလာ

ပေါ(လ်)ချေမှာမှာ အသက်ငါးဆယ်သို့ရောက်ခါမှ ချစ်သူနှင့် ကွေ ရသည့် ဒုက္ခကိုလှလှပပကြီး ခံစားနေရရှာသည်။

လက်ခနဲ သူ့ခေါင်းထဲတွင် အတွေးတစ်ခုပေါ်လာ၏။

"နောက်ဖေးပန်းခြံထဲမှာရှိတဲ့ တဲကလေးအတွင်းက ဘူးခွံလွတ်ကို ပြုရင်ကော၊ ဟယ်... မဟုတ်သေးပါဘူး၊ ဒီ မဟုတ်တဲ့စိတ်ကူးက ဘယ်လို ငါ့ခေါင်းထဲရောက်လာပြန်ပလဲ မသိဘူး"

ပေါ(လ်)သည် ထိုဘူးခွံကိုလွှင့်ပစ်ရန် နောက်ဖေးတဲဆီသို့ သွား ခြေတစ်လှမ်းပင်လှမ်းလိုက်သေးသည်။

တစ်လှမ်းပဲလှမ်း၏။ နောက်ထပ်ဆက်၍မလှမ်းဖြစ်၊ ဤသို့ လွှင့် ဆိုလျှင် ပေါ်တော့တော့ကြောင်တောင်တောင် ဖြစ်မနေဘူးလားဟု စဉ်းစား ကြောင့် ဖြစ်၏။

ဤသို့သောအတွေးမျိုးမှာ ပေါ(လ်)၏ ခေါင်းထဲတွင် နေ့တိုင်းပင် ဖြစ်ပေါ်သည်။ ချုံးနှိမ်၍လည်းမရ၊ ထို့ကြောင့် တစ်နေ့သော် ဤသို့ပေါ်လာသည့် ...ွးကို ချုံးနှိမ်၍မရသောကြောင့် စိတ်ပေါက်ပေါက်နှင့် လွတ်လွတ်လပ်လပ်ကြီး ...်၍တွေးလိုက်လေသည်။

သူ၏စိတ်ကိုလွှတ်၍ ပေးလိုက်သည် ဆိုလျှင်ပင် ရေတံခါးမှ ရေလွှတ် ...ိုက်သကဲ့သို့ စိတ်ကူးများမှာ ဝေါခနဲဆက်တိုက် ပေါ်လာ လေတော့သည်။

လက်ဖက်ရည်ထဲကို ဆေးရည်ကလေးနည်းနည်းထည့်ပြီး အယ်လီနာကို ...်လိုက်ရင် ငါ့ကိုဘယ်သူက မသင်္ကာဖြစ်စရာရှိသလဲ၊ ကျောင်းက ဆရာ ...ယ်(လ်)ဗု(ဒ်)ပြောတဲ့အတိုင်းဆိုရင်တော့ ဝေဒနာခံစားနေတုန်း ဆရာဝန် ...ခ်းသပ်ရင်လဲ မသင်္ကာဖြစ်ဖို့ အပုံတစ်ထောင်မှာ တစ်ပုံလောက်ပဲ ...်ဆိုပါလား၊ ဟင်း... ဒါပေမဲ့ အယ်လီနာက သူပိုင်ပစ္စည်းတွေနဲ့ ငွေတွေကို ...ရင် ငါ့ကိုပေးဖို့ သေတမ်းစာရေးထားတာ ဆိုတော့၊ ငါ့ကို မသင်္ကာ ...ရာတော့ရှိတာပဲလေ၊ အို... ဒါကလဲ ငါက စိုးရိမ်နေလို့ထင်ပါရဲ့၊ မသင်္ကာ ...ရာအကြောင်းတော့ မရှိပါဘူး။

တော်ပြီ... တော်ပြီ၊ ဒါတွေ ဆက်မစဉ်းစားတော့ဘူးဟု သူ၏စိတ်ကို ပြန်၍ ...ိုက်ရပြန်သည်။

နောက် တစ်ဖန်ပြန်၍ပျံ့လွင့်မသွားစေရန် ဖတ်လက်စ စာအုပ်ထဲတွင် ...သွင်းလိုက်ရ၏။

မိုင်ရာနှင့်ခွဲရသည်မှာ ကြာလာလေလေ ရင်တွင်း၌ခံစားရသည်မှာ ...ာန်လာလေလေ ဖြစ်နေသဖြင့် ပေါ(လ်)သည် မိုင်ရာကိုသွား၍ ကြည့်ရန် ...်တ်လိုက်၏။ တွေ့ရန်တော့မဟုတ်ပေ။ အဝေးကလှမ်း၍ ကြည့်ရန်သာ ...၏။

မြင်ရုံသာမြင်ရပြီး မကြင်ရသည့်အဖြစ်ကြောင့် စိတ်ဆင်းရဲရမည့် အဖြစ် ...ည်း မသိမဟုတ်ပါ။ ဤကဲ့သို့ စိတ်ဆင်းရဲရသည့်အဖြစ်ကပင်လျှင် သူ့အတွက် ...က်သာမှု ရစေနိုင်လိမ့်မည်ဟုထင်မိသည်။

မိုင်ရာ ဘယ်နေရာတွင်နေသည်ကို သူမသိပေ။ မိုင်ရာက ခြေရာပျောက် ...ွားသည်။ ထို့ကြောင့် မိုင်ရာ ယခင်ကနေသွားသည့်အိမ်မှ အိမ်ရှင်မထံသို့ ...ုံစမ်းကြည့်ရ၏။

...ိုမိန်းမကြီးထံမှ မိုင်ရာသည် ချစ်(စ်)ဝစ် လမ်းမကြီးမှချိုး၍ ဝင်ရ သော ...လေးတစ်ခုတွင်နေကြောင်းနှင့် ထိုလမ်းမကြီး၌ရှိသော အမျိုးသမီးသုံးပစ္စည်း

များရောင်းသည့် ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေကြောင်းကိုပါသိခဲ့ရ
ထိုဆိုင်သည် နံနက် ကိုးနာရီမှ ညခုနစ်နာရီအထိ ဖွင့်ပြီး သောကြာနေ့ညနေပိုင်း
ဈေးဝယ်သူ များပြားလေ့ရှိကြောင်းကို မိန်းမကြီးကပြောလိုက်သေး၏။

မိုင်ရာ ဘယ်နေရာတွင်ရှိသည်ကို သိလိုက်ရသည်နှင့် မိုင်ရာကို မြင်ချင်သ
စိတ်သည် ချုံးနှိမ်၍မရအောင်ဖြစ်ပေါ်လာခဲ့၏။

ဟန်မပျက်စေရန် သတိထား၍ အိမ်ရှင်မိန်းမကြီးကိုနှုတ်ဆက် ပြီးနော
ချစ်(စ်)ဝစ်လမ်းမကြီးဘက်သို့ ထွက်လာခဲ့သည်။

အမှန်အားဖြင့် မိုင်ရာ၏ ဆိုင်ပိတ်ချိန်မှာ နှစ်နာရီခန့်လိုသေးသည်။ ထို့ကြ
ဆိုင်ရှေ့မှနေ၍ မိုင်ရာထွက်လာသည်ကို စောင့်ကြည့်ရန် ပေါ(လ်)အဖို့ နှစ်နာရီ
စောင့်ရဦးမည်ဖြစ်၏။

အရေးထဲတွင် မိုးကလည်း မညှာမတာရွာချပြန်သည်။ ပေါ(လ်)ခမျာ
ထီးကို ခပ်ကုပ်ကုပ်ဆောင်း၍ တိုက်တစ်ခု၏ တံစက်မြိတ်တွင် မိုးခိုရင်း မို
ထွက်အလာကို စောင့်နေရရှာသည်။ အချိန်မှာ ညနေခြောက်နာရီသာသာ က
သာ ရှိသေးသည်။

မိုင်ရာထွက်လာသည့်အခါ ရှစ်နာရီထိုးနေပေပြီ။

မိုးက ခပ်သည်းသည်းကလေး ရွာနေသောကြောင့် မိုင်ရာက သုတ်
ပျာပျာဖြင့် ထွက်လာသည်ကို တွေ့ရ၏။ သူ့ကိုမြင်မသွားစေရန် ပေါ(လ
အကွယ်တစ်ခုသို့ဝင်၍နေလိုက်၏။ သို့သော် ခဏသာနေ၍ ရသည်။ မိုင်
စကားပြောချင်သည့်စိတ်က ချုံးနှိမ်၍မရအောင် ဖြစ်ပေါ်လာ၏။ ထို့ကြ
သူကွယ်နေသည့်နေရာမှထွက်ကာ၊ မိုင်ရာ၏နောက်သို့ ခပ်သွက်သွက်လိုက်လာ
လမ်းကိုဖြတ်ကူးသည့်အခါ၌ မော်တော်ကားများ၊ ဓာတ်ရထားများကို ဂရုမ
သူ၏အာရုံသည် ရှေ့ကိုက်ငါးဆယ်ခန့်အကွာ၌ လျှောက်၍သွားနေသော မိုင်
ထံ၌သာ ရှိနေသည်။ ,

ရှေ့မှလျှောက်သွားနေသော မိုင်ရာသည် လမ်းကွေ့တစ်ခုသို့ အရောက်
လမ်း၏ဟိုတယ်ဘက်၌ရှိသော လူငယ်တစ်ဦးနှင့် နှုတ်ဆက် စကားပြောနေသ
တွေ့လိုက်သဖြင့် ပေါ(လ်)မှာ ရှေ့သို့ဆက်၍ မလျှောက်နိုင်တော့။

ထိုလူငယ်က သူ၏ဦးထုပ်ကိုချွတ်လျက် ပြုံးရွှင်စွာနှုတ်ဆက်သည်။
ကလည်း ပြုံးရွှင်စွာပင်ပြန်၍နှုတ်ဆက်သည်။ စကားပြောကြရင်းနှင့်
များပင်ကြားရသည်။ မိုင်ရာ အတော်ပင် ပျော်နေဟန်တူ၏။ ခြေထောက်တ
ဟိုယမ်းဒီယမ်းနှင့် ဆော့ကစားနေသည်။

စိတ်ကူးချိုချို

အောကြာသောအခါတွင် မိုင်ရာနှင့် ထိုလူငယ်တို့သည် ထိုလမ်းကလေးထဲသို့ ...တွဲလျက် ချိုးဝင်သွားကြလေသည်။

ပေါ(လ်)က နောက်မှနေ၍ မျက်စိတဆုံးကြည့်လျက်သား ကျန်ရစ်ခဲ့၏။ ...နှစ်ဦးမှာ မိုးရေထဲတွင် ပြေးသွားကြရသည်ကို အတော်ပျော်ဟန်တူ၏။ ...ရယ်သွားကြသည့်အသံကို သူတို့ခပ်ဝေးဝေးသို့ ရောက်သည်အထိ ပေါ(လ်)က ...နေရသေးသည်။

ပေါ(လ်)မှာ ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေမိသည်။ ရင်ထဲတွင်လည်း ...ောင်ဆူနေ၏။

အတော်ကြီးကြာအောင် ရပ်နေပြီးနောက် ချမ်းစိမ့်စိမ့်ဖြစ်လာသည်ကို ...ပြုလိုက်မိ၏။ စောစောကတော့ မိုင်ရာကိုမြင်လိုသည့်ဇောနှင့်မို့ ချမ်းရမှန်း ...ခဲ့ပေ။ ယခုစိတ်လျှော့လိုက်သည့်အချိန်တွင်မှ နှစ်နာရီခန့် မိုးရေထဲ၌ နေခဲ့သည့် ...ကို စတင်ခံစားရလေတော့သည်။

ယခင်တုန်းက မိုင်ရာနှင့်ခွဲနေရ၍ စိတ်ဒုက္ခခံစားရပုံနှင့် ယခုခံစားရပုံ တို့မှာ ...ညီပေ။ ဟိုတုန်းကတော့ မတတ်သာ၍သာ ခပ်ခွာခွာနေရသည်။ အကြောင်း ...သွင် ပေါင်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်ချက်ရောင်ခြည်က အစဉ်မပြတ် ...သည်။

ယခုမူကားမိုင်ရာ၏ အသည်းနှလုံးထဲတွင် သူ့အတွက်နေရာမရှိတော့ပြီ ...သော အသိကသူ့ကိုပုံ၍ကျသွားစေတော့သည်။

စိတ်ရောလူပါ အင်အားကုန်ခန်းသွားသည်အတွက် ခေါင်းထဲမှာ ရီဝေဝေ ...လာသည်။ ချိနဲ့သောခြေလှမ်းများဖြင့် တဖြည်းဖြည်း လျှောက်လာကာ ...မားစမစ်ဘက်သို့သွားသည့် ဘတ်(စ်)ကား တစ်စီးပေါ်သို့ တက်ခဲ့ရသည်။

ဘတ်(စ်)ကားပေါ်တွင်ထိုင်ကိုထောက်၍ လက်နှစ်ဖက်ဖြင့် အားပြုဆုပ်ကိုင်ရင်း ...အား၍လိုက်လာခဲ့သည်။ သူ၏ခေါင်းထဲတွင် မိုင်ရာ၏ အကြောင်းဖြင့် ပြည့်ကျပ် ...တ်ရှိနေ၏။

"သူ ငါ့ကိုတကယ်ချစ်တာပါ၊ ခုနကကောင်လေးဟာ မိတ်ဆွေပဲ ဖြစ်မှာပါ၊ ...ချစ်သူမဟုတ်နိုင်ပါဘူး၊ အခုလောက်တွဲနေရုံကလေးလောက်နဲ့ ငါ့ကို ...သွားနိုင်သေးပါဘူး၊ သူနဲ့ငါပြန်တွေ့လိုက်ရင် ဒီကောင် ကလေးမျိုးကို မိုင်ရာက ...င်းအသင်းတောင်လုပ်မှာမဟုတ်ပါဘူး၊ အို... မိုင်ရာရယ်၊ ကိုယ့်ကို စိတ် ...ည်နဲ့စောင့်ပါကွယ်"

ဘတ်(စ်)ကားပေါ်တွင်လည်း ဤအကြောင်း၊ မြေအောက်ရထားပေါ်တွင်လည်း ဤအကြောင်း၊ ကာလီဒိုနီယန် လမ်းမကြီးပေါ်၌ လျှောက်လာခဲ့တွင်လည်း ဤအကြောင်း၊ နောက်ဆုံးအိမ်ရှေ့တံခါးမကြီးကိုဖွင့်၍ ဝင်နေသည့်အချိန်တိုင်အောင် ဤအကြောင်းကိုစဉ်းစားတုန်းရှိသေးသည်။

တံခါးမကြီးကို ဖွင့်ပြီး၍ မှောင်နေသော အိမ်ရှေ့ခန်းသို့ဝင်မိသော အခါ၌ သူ၏ အတွေးလမ်းကြောင်းက တစ်မျိုးပြောင်းသွား၏။ ဤအိမ် ကြီးသည် သူ့ကို အကျဉ်းချထားရာ ထောင်ကြီးဟုထင်လာသည်။ မည်သည့်အချိန်ကျမှ လွတ်မြောက်ရမည်ကို သူမျှော်မှန်း၍မရပေ။ နှစ်နှစ် ဖြစ်ချင်လည်းဖြစ်မည်။ ဆယ်နှစ်ဖြစ်ချင်လည်းဖြစ်မည်။ သေချာသည့် အချက်တစ်ချက်ကတော့ အချိန်ကြာလေလေ သူနှင့်မိုင်ရာတို့ ပေါင်းဖို့ရာ အရေးမှာ ဝေးသွားလေလေဖြစ်မည်ဟူသော အချက်ဖြစ်၏။

ပေါ(လ်)နှင့်ပေါင်းဖို့ရာလမ်းစ မမြင်တော့ကြောင်း သေချာသည်ထက် သေချာလာလျှင် မိုင်ရာအဖို့ အခြားယောကျ်ားတစ်ဦးကိုရှာရမည်မှာ သဘာဝကျပေသည်။ မိုင်ရာသည်လည်း အသွေးအသားနှင့် တည်ဆောက်ထားသည့် လူတစ်ယောက်မဟုတ်ပါလား။ ပြီးတော့ မိုင်ရာသည် ကြင်နာတတ်သည်။ သူ၏အချစ်တောင်းခံလာသူ ယောကျ်ားတစ်ဦးကို ရက်ရက် စက်စက် ငြင်းပယ်ရက်မည် မဟုတ်ပေ။

ဤအတွေးက သူ့၏ အတွေးကို အပ်နှင့်ဆွသကဲ့သို့ နာကျင်စေသည်။

အိမ်ရှေ့တံခါးမကြီးကို ပြန်ပိတ်ကာ မင်းတုပ်ထိုးပြီးနောက် သူ၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့အသာအယာတက်လာခဲ့၏။ သူ၏ခြေထောက်များကို မနည်းကြီးသယ်၍ လှေကားကို တစ်ထစ်ချင်းတက်ရသည်။

အပေါ်ထပ်လှေကားထိပ်သို့ ရောက်သောအခါ မောမောနှင့် သက်ပြင်းတစ်ချက်ချလိုက်မိသေးသည်။

ခြေထောက်ကို ဖော့နင်းလျက် သူ၏အခန်းတံခါးဆီသို့ လျှောက် အလာတွင် အယ်လီနာကသူ့ကို လှမ်း၍ခေါ်လိုက်သံကိုကြားရ၏။

"ပေါ(လ်)၊ ဒီကို ခဏလာပါဦး"

ခေါ်သံကြားရ၍ အယ်လီနာ၏ အခန်းဘက်သို့ လှည့်ကြည့်လိုက်ရာ ကြမ်းပြင်နှင့် တံခါးအကြားမှ မီးရောင်ထိုးထွက်နေသည်ကို မြင်လိုက်၏။

ပေါ(လ်)က မနေသာတော့။ အယ်လီနာ၏အခန်းအတွင်းသို့ ဝင်သွားရသည်။

"ရှင် ဘယ်ကိုသွားနေတာတုံး"

အယ်လီနာပြောလိုက်သည့်အသံတွင် ဒေါသလွှမ်းနေသည်။ လွန်ခဲ့သော ...အတွင်းတွင် သူတို့နှစ်ဦးမှာ စကားမပြောရ၍မဖြစ်သည့် အခါမျိုး၌သာ ...ကြသည်။ ပြောရာတွင်တော့ ရိုင်းသာနိုင်သမျှ ရိုင်းသာသောအသံဖြင့်သာ ...ကြသည်။

အယ်လီနာ၏ဘက်မှ စတင် တိုက်ပွဲဆင်ပါပကောလား။

ဤတော့မှပင် ပေါ်(လ်)က အခြေအနေကိုသတိပြုမိသည်။ ခါတိုင်းဆိုလျှင် ...တွင် အယ်လီနာမှာ အိပ်ပျော်နေပေပြီ။ ယခုမူ မအိပ်မိ စေရန် မီးမမှိတ်ဘဲ ...စောင့်နေသည်မှာ ထင်ရှားလှသည်။ ဘာ့ကြောင့် စောင့်နေသလဲဟူသည့် ...ကိုဖြေရန် ပေါ်(လ်)အဖို့မခက်လှပါ၊ ဆယ်နှစ်ခန့်အတူ နေလာသည်မို့ ...လီနာ ဘယ်အချိုးကိုချိုးနေသည်ကို နှောကြေပြီးသားဖြစ်ပါသည်။

...မှန်ပါသည်။ အယ်လီနာပြောသည့်စကားများ၌ ဆက်၍နားထောင် ...လျှင် အဓိပ္ပာယ်ပေါ်လာမည်ဖြစ်ပါသည်။

"မနက် ရှစ်နာရီထိုးကတည်းက ထွက်သွားလိုက်တာ၊ ကြည့်စမ်း အခု ...နစ် နာရီရှိပလဲ၊ ဆယ်နာရီထိုးကာနီးနေပြီရှင့် သိရဲ့လား"

အယ်လီနာက တံတောင်ဆစ်တစ်ဖက်ပေါ်တွင်အားပြု၍ ကိုယ်ကို တစောင်း ...အထားဖြင့်လှဲရင်း သူ့ကိုရန်တွေ့နေသည်။ သူ၏မျက်နှာပေါ်တွင် ဆံပင် ... ဖိုးရိုးဖားရား၊ ပေါင်ဒါမရှိတော့သဖြင့် မျက်နှာပြင်မှာလည်း မချောမွတ်၊ ...နှတ်ထားသော ကြက်လည်ပင်းကဲ့သို့ နီနီကြမ်းကြမ်းကြီးဖြစ်နေသည်။ ...လုံးများကလည်း မာကျောအေးစက် လှသည်။ ကြင်နာစိတ်၊ အချစ်စိတ် ...အရောင် လုံးဝမရှိပေ။ ဤသို့ ရန်တွေ့ခံရခြင်းမျိုးမှာ ပေါ်(လ်)အဖို့မဆန်း ... ယခင်ကလည်း အကြိမ်ကြိမ် ခံခဲ့ရဖူးပါ၏။ သို့သော် ယနေ့ညလို စိတ်ပျက် ...လျှစွာ ပြန်လာခဲ့သည့် အခြေအနေမျိုးတွင်မူကား ထူးထူးခြားခြား အခံရခက် ...။ ဤနေရာမှထွက်ပြေးကာ သူ၏အခန်းတွင်းဝယ် တံခါးပိတ်၍သာ ...င်စိတ်ပေါက်လာသည်။

အယ်လီနာ၏ ရန်တွေ့သံက မရပ်သေးပေ။ ဆက်၍ထွက်ပေါ် လာသည်။

"အခု ကျွန်မ ဘာဖြစ်နေသလဲဆိုတာ ရှင်သိရဲ့လား၊ ညနေ လက်ဖက်ရည် ...က်ချိန်ကတည်းက ကျွန်မနေလို့မကောင်းဘူး၊ အန်လိုက်ရတာ၊အသက်ပါ ...သွားမလားလို့တောင် စိုးရိမ်မိတယ်၊ ဆေးတို့ ဘာရန်ဒီတို့ သွားဝယ်ပေးဖို့ရာ ...သူမှလဲမရှိဘူး၊ ကျွန်မတစ်ယောက်တည်းပဲ၊ ဝေဒနာကိုကြိတ်ခံနေရတယ်၊ ...သွားရင်တောင် ဘာရောဂါနဲ့ သေသွားတယ်ဆိုတာ ဘယ်သူမှသိမှာမဟုတ်ဘူး၊ ...ဆင်တာတော့ အရင်တစ်ခါတုန်းကလို ဖြစ်တယ်ထင်တာပဲ"

ပေါ(လ်)က အလိုက်အထိုက်ပြန်ပြောရသည်။

"ဆောရီးပဲအယ်လီနာ၊ မင်းနေမကောင်းတာ ကိုယ်လဲမသိလိုက်ဘူး၊ ဘာဆေး ဝယ်ပေးရမလဲ... ပြော၊ ကိုယ်သွားဝယ်ပေးပါ့မယ်"

"အခုမှတော့ ဘာမှမလိုတော့ပါဘူး၊ အိပ်ရာထဲမှာ လှဲနေလိုက်တာနဲ့ သက်သာသွားပါပြီ"

အယ်လီနာပြန်ပြောပုံမှာ ဆောင့်ဆောင့်အောင့်အောင့်နိုင်လှသည်။ ပေါ(လ်)၏အပေါ်တွင် အတော်မောင်းတင်ထားဟန်တူသည်။ သူဆက်၍ ပြောသည့် စကားကပင် အယ်လီနာစိတ်မပြေသေးကြောင်း သက်သေပြ နေသည်။

"ကဲ ... ပြောစမ်းပါဦး ကိုယ်တော်၊ တစ်ချိန်လုံး ရှင်ဘယ်ကိုသွားနေတာ တုံး"

"အလုပ်ကိစ္စနဲ့ သွားနေတာပါ"

"ဘာပြောတယ်၊ အလုပ်ကိစ္စနဲ့သွားတယ်၊ ဟုတ်လား...၊ အလုပ်ကိစ္စက ညဆယ်နာရီထိုးတဲ့အထိတောင်ကြာတယ်နော်၊ ပြီးတော့ ရာသီဥတုကလဲ သာယာလွန်းလို့၊ ကြည့်စမ်းပါဦး၊ ရှင့်တစ်ကိုယ်လုံး ရွှဲရွှဲကိုစိုနေတာပဲ"

"ကိုယ့်မှာ အတော်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ သွားနေရတာပါကွ"

"ဘယ်လိုကိစ္စမျိုးများလဲရှင်"

ပေါ(လ်)က စိတ်တိုလာသည်။ ထို့ကြောင့် လေသံကလည်းပြောင်းသွား သည်။ စကားလုံးများကလည်း ကြမ်းလာတော့သည်။

"ဒီမှာ မရွှေ အယ်လီနာ၊ ကျုပ်ဘယ်ကိုသွားပြီး ဘာကိုလုပ်သလဲဆိုတာ ခင်ဗျားကိုအသေးစိတ် အစီရင်ခံမနေနိုင်ဘူး၊ ကျုပ်ကလေး မဟုတ်ဘူး၊ သိရဲ့လား"

အယ်လီနာက ပေါ(လ်)ကို ခပ်တင်းတင်းကြည့်၍ ပြန်ပြော၏။

"ဟိုကောင်မနဲ့ သွားတွေ့နေတာတော့ မဟုတ်ပါဘူးနော်"

"ဘယ်က မိန်းမလဲ"

"အမလေး ... ကျွန်မကို အကြောင်းရိုက်မနေစမ်းပါနဲ့၊ ဘယ်သူ့ကို ပြောတယ် ဆိုတာ ရှင်သိပါတယ်"

"အေး ... မင်း ဘယ်သူ့ကို ရည်ရွယ်ပြောနေတယ်ဆိုတာကိုတောင် ကိုယ် အတိအကျမသိဘူး၊ ဒါပေမဲ့ ကိုယ်တစ်ခါက ချစ်ခဲ့ပြီး၊ သူကလဲ ကိုယ့်ကို ပြန်ချစ်တဲ့ အမျိုးသမီးကို ပြောနေတာဆိုရင်တော့...

ပေါ(လ်)၏ စကားမဆုံးမီ အယ်လီနာထံမှ စုတ်ထိုးသံ ထွက်လာ၏။

"ကျွတ် ... ကျွတ် ... ကျွတ် ... ကျွတ်"

စိတ်ကူးချိုချို

ပေါ(လ်)က မခံနိုင်။

"ဒီလိုမလှောင်ပါနဲ့လေ၊ အဲဒီလိုလှောင်နေမယ်ဆိုရင်တော့ မင်းနဲ့ စကား ...က်ပြောနေလို့ မဖြစ်ဘူး"

"ဒီမှာ ပေါ(လ်) ကျွန်မကတော့ အိပ်ရာထဲမှာ ရောဂါနဲ့ လဲနေရတယ်၊ ...က ရှင့်ကောင်မနဲ့ နှစ်ပါးကြည်နေတယ်"

"ဟော့ ... ဟော့ မင်းဒီလို သွားပုပ်လေလွင့် မပြောပါနဲ့ကွ၊ တို့ နှစ်ယောက် ...သွားတာ ဘယ်လောက်ကြာပြီဆိုတာ မင်းလဲအသိသားပဲဟာ"

"ဒါကတော့ ရှင့်အပြောပဲလေ၊ ရှင်ပြောတိုင်း ယုံရမှာလား"

"ကောင်းပြီလေ၊ မယုံချင်လဲနေပေါ့၊ ကိုယ်ကတော့ မှန်တာထက်ပိုပြီး မပြော ...ဘူး"

ပေါ(လ်)က ခပ်ကျယ်ကျယ်လေး တစ်ချက်ရယ်လိုက်ကာ ဆက်၍ ပြောပြန် ...ည်။

"ဟော့ ...အယ်လီနာ ဟိုတုန်းက မင်းပြောခဲ့တာ မေ့သွားပြီလား၊ ...သက်တူ ရွယ်တူကောင်ကလေးတစ်ယောက်ကိုတွေ့လို့၊ ဒီကောင်မလေးက ...ကို ပစ်သွားတာဖြစ်မှာပေါ့လို့ ဆိုတာလေ၊ အခု မင်းက ဒီကောင်မလေးနဲ့ကိုယ်နဲ့ ...ပြီးဆက်နေကြသလားလို့ မယုံသင်္ကာ ဖြစ်နေပုံထောက်တော့၊ အဲဒီတုန်းက ...စိတ်ထဲမှာ တကယ်ယုံလို့ ပြောခဲ့တာမဟုတ်ဘူး၊ သက်သက်မဲ့ ကိုယ့်ကို ...ချင်လို့ပြောခဲ့တယ်၊ ဒီကောင်မလေးက ကိုယ့်အပေါ်မှာ တကယ်ချစ်နေတယ်ဆိုတဲ့ ...ချက်ကို မင်းလဲလက်ခံထားတယ်ဆိုတာ အခုပေါ်လာပြီ၊ သဘောကျသကွာ။ ...ကလေးကိုတော့ သိပ်သဘောကျတယ်ဟေ့"

ပေါ(လ်)ပြောလိုက်သည့်စကားမှာ အယ်လီနာအဖို့ အတော်ကလေး အထိ ...သွား၏။ အယ်လီနာက ပြန်လည်ထိုးစစ်ဆင်ပြန်၏။

"ရှင့်ဘာသာရှင် ထင်ချင်သလိုထင်ပေါ့လေ၊ ကျွန်မအမြင်ကတော့ ဒီလို ...ကလေးမျိုးက သူ့အတွက် အကျိုးရှိမယ်ဆိုရင် ရှင့်ဆီပြန်လာဖို့ ဘာမှ ...သည်းမှာမဟုတ်ဘူး၊ အဲ...သူပြောသွားတယ်ဆိုတဲ့ 'ရှင့်ရဲ့ တာဝန်ဟာ ကျွန်မနဲ့ ...တူနေဖို့ပါ၊ ဒါကြောင့် သူက ခွဲခွာသွားတာပါ'ဆိုတဲ့ စကားကိုတော့ ကျွန်မ ...လုံးမယုံဘူး၊ ဒါကတော့ လျှာအရိုးမရှိတိုင်း ပြောသွားတဲ့ စကားသက်သက်ပဲ၊ ...တိုင်းကျွန်မထင်နေတုန်းပါပဲ"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ မင်းထင်ချင်သလိုထင်နိုင်ပါတယ်၊ ဒါပေမဲ့ ...ပ်ကတော့ ထုတ်ဖော်ပြီး ပြောမနေပါနဲ့။ ကိုယ်မကြားချင်ဘူး"

"ဟုတ်တယ်၊ ကျွန်မထင်ချင်သလို ထင်မှာပေါ့၊ ဘယ်သူတွေကလို့ ရှော
ထင်ရုံနဲ့တင်မပြီးသေးဘူး၊ ထင်တဲ့အတိုင်း ဟုတ်မဟုတ်စုံစမ်းချင်လဲ စုံစမ်းမှာ

"ဒါကတော့ မင်းကြိုက်သလိုလုပ်ပေါ့၊ အလွတ်စုံထောက်တွေ တစ်ပုံကြီး
သူတို့ကိုငှားပြီးစုံစမ်းခိုင်းနိုင်တာပဲ"

ပေါ(လ်)ပြန်၍ပြောလိုက်သည်မှာ အတော်ပင်ကျယ်သဖြင့် အော်၍ပြော
အသံမျိုးဖြစ်သွားသည်။

အယ်လီနာက တိုက်ကွက်ကို တစ်မျိုးပြောင်းလိုက်၏။

"ကျွန်မကို မအော်ပါနဲ့၊ ကျွန်မမှာ နှလုံးရောဂါရှိတယ်ဆိုတာ ရှင်သိတ
မဟုတ်လား၊ ဒီလိုအခြေအနေမျိုးမှာ ရှင်ဟာကျွန်မကို ဆယ့်လေးနာရီလုံး
ပစ်မသွားသင့်ဘူးဆိုတာ သဘောပေါက်စေချင်တယ်"

"နေ့တိုင်း၊ နေ့တိုင်း အလုပ်သွားရတာ ကိုးနာရီတောင်ကြာတာပဲ
ဒီနေ့ နည်းနည်းကြာသွားတာ ဘာထူးဆန်းလို့လဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ နေတိုင်းအလုပ်သွားတာက အရေးအကြောင်း
ရှင့်ကို ဘယ်နေရာမှာခေါ်ရမယ်ဆိုတာသိထားတယ်၊ ဒီနေ့မှာက ရှင့်ကို ဘယ်
ရှာရမှန်းမှမသိဘဲ"

အယ်လီနာ၏ချက်ကျလက်ကျစကားကြောင့် ပေါ(လ်)မှာငြိမ်သွား ရတော
သူ၏ ဒေါသသည်လည်း အရှိန်ကျသွားလေသည်။ ယခုဆိုလျှင် ခံစစ်အ
ပြောင်းသွားလေပြီ။

"ကိုယ် အိမ်ကထွက်သွားတဲ့ အချိန်တုန်းက မင်းနေမကောင်းဖြစ်နေ
မဟုတ်ဘဲ၊အဲဒီလိုနေမကောင်းဖြစ်လာမယ်လို့ ကိုယ်ကလဲ ကြိုပြီး သိနိုင်မှာ
ဒါကိုလဲ စဉ်းစားကြည့်ပါဦး"

အယ်လီနာကတော့ အပေါ်စီးရတုန်း ဖိတွယ်တော့၏။

"ဒါပေမဲ့ ကျွန်မရဲ့ ကျန်းမာရေးအခြေအနေက တစ်နေ့ရွှေ တစ်နေ့ငွေ
မျိုးဆိုတာ ရှင်သိသားပဲ မဟုတ်လား၊ ညနေလေးနာရီ လောက်တုန်းက
သိပ်နေရဆိုးတာခေရမ်းချဉ်သီးတွေ အစိမ်းစားမိလို့ဖြစ်မှာပဲ၊ ဗိုက်ထဲက သိပ်
အန့်လိုက်ရတာလေ၊ အဲဒီလို ဖြစ်လာရင် ကျွန်မရဲ့နှလုံးကို သွားပြီးထိ
အဲဒီတုန်းကများဆိုရင် ဘာလုပ်ရမယ်မှန်းကို မသိတော့ဘူး"

ဒီလိုဆိုတော့လဲ ပေါ(လ်)က အယ်လီနာအပေါ်၌ သနားစိတ်ဝင်
ထို့ကြောင့် တောင်းပန်စကားပြောရတော့၏။

စိတ်ကူးချိုချို

"အေး...ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ်အပြင်ထွက်နေတုန်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားရတဲ့အတွက် ဝမ်းနည်းပါတယ်"

ပေါ(လ်)၏ သနားစိတ်မှာကြာကြာမခံပါ။ သူတောင်းပန်နေသည်ကို အယ်လီနာက အေးအေးသာသာနားထောင်မနေဘဲ၊ ခပ်လောင်လောင် အမူအရာဖြင့် ကြည့်ရင်း၊ တကျွတ်ကျွတ်စုတ်ထိုးပြနေသည့်အတွက် ဒေါသအိုးပေါက်ကွဲရ၏။ ယခုတစ်ကြိမ်တွင် သူ၏ ဒေါသအရှိန်မှာ စောစောကထက်မြင့်တက်၏။

သူ၏ မျက်လုံးမှာ ပြူးလာ၏။ နှာခေါင်းသည်လည်းမွလာ၏။ ပြောသည့် အသံကလည်း ခုနစ်မောင်းတင်ထားသည့်အသံမျိုးဖြစ်သည်။

"ဒီလောက်တောင်းပန်နေတာတောင်မှ မင်းက မကျေနပ်သေးဘူး၊ ကဲ ... ငါသွားချင်တဲ့ အချိန်သွားမယ်ကွာ၊ ပြန်လာချင်တဲ့ အချိန်ကျမှ ပြန်လာမယ်၊ ဘာဖြစ်သေးသလဲ၊ ငါ့အသက် ဆယ့်ငါးနှစ်ထဲက ကိုယ်သဘောကျသလို လာခဲ့တာအခု အသက်ငါးဆယ်ရောက်မှတော့ မိန်းမရဲ့ဂါဝန်ကိုဆွဲပြီးလိုက်မနေဘူး၊ အဲဒီအတွက်ကို မြဲမြဲမှတ်ထားပါ"

တစ်နေ့လုံး ဒေါသတငွေ့ငွေ့ထွက်ရင်း ပေါ(လ်)ပြန်အလာကို စောင့်နေသည့် အယ်လီနာကလည်း ပေါ(လ်)ကို ရင်ဆိုင်လေတော့သည်။

"ရှင့်ဘာသာရှင် နေရင်တော့ ဘာမှပြောဖို့မရှိပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မ မှာနေ၊ ကျွန်မပစ္စည်းတွေကိုသုံးဖြုန်းပြီးတော့၊ အဲဒီကောင်မနဲ့သွားပြီး နှစ်ပါးကြည်နေတဲ့အဖြစ်ကိုတော့ ကျွန်မသည်းမခံနိုင်ဘူး၊ ကြည့်ပါဦးတော်၊ အရပ်ရပ် ကြည်တော် ကြားလို့မှမတော်ဘူး၊ ကျွန်မအိမ်မှာ ကျွန်မပစ္စည်းတွေကို ကိုယ်ခန်းလိုအသုံးပြုပြီး နှစ်ပါးကြည်ခဲ့ကြတာ၊ ဒီလိုအရပ်ပျက်မမျိုးနဲ့"

အယ်လီနာ၏ စကားကြောင့် ပေါ(လ်)၏မျက်လုံးများမှာ မီးထွက်လုမတတ် တောက်လာ၏။ အယ်လီနာပင်လျှင်လန့်သွားသဖြင့် နောက်သို့ ယိုင်ငယ်ရှိသွား၏။

"ဟော့...ဟော့...အဲဒီစကားဒီတွင်ရပ်တော့၊ ဆက်ပြောနေရင်တော့ ငါ့ကိုယ်ငါ ထိန်းမယူဘူး၊ မင်းကိုလုပ်မိလိမ့်မယ်၊ သူ့ကိုငါ လက်လွှတ် လိုက်ပါပြီ၊ ဒါပေမဲ့ သူ့ဂုဏ်သရေကို ထိခိုက်စော်ကားပြီးပြောနေတာကိုတော့ ငြိမ်ပြီးနားထောင်နိုင်ဘူး၊ ဒီမိန်းကလေးဟာ မျိုးကောင်း ရိုးကောင်းကလေး၊ သူတစ်ပါးအပေါ် စေတနာတတ်တယ်၊ ညာတာတတ်တယ်၊ ဒီလိုမွန်မြတ်တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ ကလေးကို သားပုပ်လေလွင့် ဆက်ပြောနေရင်တော့ ငါသည်းမခံဘူးဟော့၊ ဒါပဲ၊

အင်း ...ရှေ့ဆက်ပြောနေရင်တော့ ခက်ကုန်လိမ့်မယ်၊ ငါဒီနေရာက ထွက်သွ ဖြစ်မှာပါ"

ပေါ(လ်)မှာ ဆက်၍ သည်းမခံနိုင်တော့သဖြင့် အယ်လီနာ၏ အိပ်ခန်းတွ ထွက်လာခဲ့ရတော့၏။

လူတစ်ကိုယ်လုံးသည်လည်း နတ်ပူးသကဲ့သို့ တုန်ယင်နေသည်။ နား နှစ်ဖက်မှ သွေးကြောကြီးနှစ်ခုမှာသွေးတိုးသည့် အရှိန်ကြောင့် ဖောင်းနေသ ရှေ့တည့်တည့်သို့ ကြည့်နေသော်လည်း မျက်လုံးများက အရာဝတ္ထုကို ပြားပြားမမြင်ရပေ။

ယခင်တုန်းကတော့ တစ်နေ့တွင် မိုင်ရာနှင့် ပေါင်းရလိမ့်မည်ဟု ယုံ ခဲ့မိသည်။ သို့သော် ယနေ့ညနေခင်းကတွေ့ခဲ့သည့် မြင်ကွင်းကြောင့် ထိုယုံ ချက်ကို စွန့်လွှတ်ရတော့မည့် အခြေအနေမျိုးသို့ ရောက်နေသည်။

အကယ်၍များ မိုင်ရာက တခြားယောကျ်ားတစ်ယောက်ယော လက်ထပ်သွားပြီဆိုလျှင် ...

သူ ဘာလုပ်မည်နည်း...၊ ဤအိမ်ကြီးတွင် သူ မချစ်မနှစ်သက် အယ်လီနာနှင့် သေတပန်သက်တဆုံး နေသွားရတော့မည်လား...။

သူ့ကိုယ်သူ သတ်သေရလျှင်ကောင်းမည်လား၊ ကောင်းပါသည်။ သူ့အ တော့အလွန်ပင်ကောင်းမည့် ဖြေရှင်းနည်းတစ်ခုဖြစ်ပေမည်။ သို့သော် မိုင်ရာ လျှင်တော့မှ သူ့ကို ပူဆွေးပြီးကျန်နေခဲ့အောင် ဒုက္ခပေးသလို ဖြစ်နေလိမ့်

စိတ်ဖြေရာမရအောင် စိတ်ညစ်နေသည့်ကြားမှပင် သူက ဤ သူ့ရဲကောင်းဆန်ချင်နေသေးသည်။

အရက်ကိုအမူးသောက်ရင် ကောင်းမလားဟု အတွေးဝင်လာ၏။ ဤအ မဆိုးလှဟု စဉ်းစားမိသည်။ အရက်သည် စိတ်ညစ်နေသည့် စိတ်ကို ခဏတော့ သက်သာရာရစေမည်မှာ မုန်ပေသည်။ သာမန်အချိန်များ ပေါ(လ်)က အရက်ကို ရံဖန်ရံခါလောက်သာ သောက်လေ့ရှိသည်။ မ လှ၍တော့မဟုတ်ပါ။ အသုံးအစွဲချွေတာ ခြိုးခြံရသောကြောင့်သာ ဖြစ်ပါ

ယနေ့ညအဖို့မှာတော့ မည်မျှပင်ကုန်ပါစေ၊ ဂရုစိုက်လိုစိတ်မရှိ တော

ကြာကြာဆိုင်းမနေတော့ဘဲ လောင်းကုတ်အကျႌကို ဆွဲယူ၍ဝ အိမ်ပြင်သို့ထွက်လာခဲ့၏။

အပြင်ဘက်တွင် လေကား အတော်ထန်နေသည်။ လေ၏ဖိအား အိမ်ရှေ့တံခါးမကြီးကိုပင် အတော်ကြိုးစား၍ဖွင့်ရ၏။ သူ့ကို အပြင်သို့ စေရန် တားဆီးနေသယောင်ရှိ၏။

စိတ်ကူးရိုးရိုး

မိုးကလည်း အတော်ကလေး သည်းထန်စွာရွာနေသည်။ လေအရှိန်ကြောင့် ...ပါးသို့ မိုးပေါက်ကလေးများ စင်ကျသည့်အခါ အခံရ ခက်လောက်အောင်ပင် ...စပ်သည်။

သူ၏ နောက်ဘက်မှ လေတစ်ချက်တစ်ချက် ဝှေ့၍တိုက်လိုက်သည့် အခါ ...သူ့ကို ရှေ့သို့တွန်းပို့ဘိသကဲ့သို့ရှိ၏။

ဘားမရရင်လဲ သွားပေတော့ ကိုယ့်လူရာဟူ၍ ပြောနေသယောင်ယောင်။

ဤသို့ဖြင့် မိုးထဲလေထဲမှ လျှောက်လာခဲ့ရာ ကာလီဒိုနီယန် လမ်းမကြီးပေါ်ရှိ ...တစ်ခုသို့ ရောက်လာခဲ့သည်။ ဘားအတွင်းတွင် မီးရောင်များ ထိန်ထိန်လင်း ...သည်။ သို့သော် လူအနည်းငယ်သာရှိသည်။ ယခုလို ရာသီဥတုဆိုးရွားသော ...မျိုးတွင် ကိုယ့်အိမ်ထဲတွင်နေလိုသူသာ များပေမည်။

ဘားကောင်တာနောက်ရှိ အရက်ရောင်းသူ အမျိုးသမီးမှာ အသက်လေးဆယ် ...ည်ဖြစ်သည်။ ပုံပန်းသဏ္ဌာန်မှာ ခပ်ဖိုင့်ဖိုင့်ဖြစ်သည်။

ပေါ(လ်)ကောင်တာရှေ့သို့ရောက်လာသည့်အခါ၌ ထိုအမျိုးသမီးက လှမ်း၍ ...လိုက်သည်။

"ဘာသုံးဆောင်မလဲရှင်"

ပေါ(လ်)က ကောင်တာရှေ့၌ရှိသော ခွေးခြေ ဝိုင်းဝိုင်းရှည်ရှည် တစ်ခုပေါ်တွင် ...လေးတွဲ့တွဲ့ ထိုင်ချလိုက်ရင်း ပြန်၍ဖြေလိုက်သည်။

"ဝီစကီ တစ်ခွက်ပေးပါဗျာ"

အမျိုးသမီးက ဝီစကီပုလင်းထဲမှ ဖန်ခွက်ထဲသို့ တစ်ပက်စာချင်ထည့် ...ောက် ထပ်၍ မေးပြန်သည်။

"ရေထည့်မလား၊ ဆော်ဒါထည့်မလား"

ပေါ(လ်)က သူ့အတွေးနှင့်သူမို့ အမျိုးသမီးကမေးလိုက်သည်ကို မသဲကွဲ၍ ...ရေသေးသည်။ နောက်မှ အဓိပ္ပာယ်ပေါက်သွားသောကြောင့် ရေထည့်မည် ...ကြောင်း ပြန်ဖြေလိုက်သည်။

အရောင်းအမျိုးသမီးက သူ့ရှေ့သို့ ဖန်ရေချိုင့်ကိုတွန်း၍ပေးလိုက်၏။

ပေါ(လ်)ကတုန်ယင်နေသောလက်များဖြင့် ဖန်ရေချိုင့်ကိုကိုင်မြှောက်၍ ...ဖန်ခွက်ထဲသို့ ရေမဆိုစလောက်မျှသာ လောင်း၍ထည့်၏။

သူ၏ဘေးနားမှ လူတစ်ယောက်က သူ့ကိုကြည့်ကာ စကားစလိုက်သည်။

"ခင်ဗျား ...တော်တော် ချမ်းနေတယ်နဲ့တူတယ်"

ပေါ(လ်)က 'အင်း'ဟူ၍ သံပြတ်ဖြင့် ဖြေလိုက်၏။

ဤသို့ဆိုလျှင်ပင် ပေါ(လ်)သည် အခြားသူများနှင့် စကားမပြောလိုသည့် ဆန္ဒမရှိကြောင်း သိသာလောက်ပေသည်။ သူ့ကိုမေးလိုက်သည့် လူကလည်း ချက်ချင်းအဓိပ္ပာယ်ပေါက်သွားသဖြင့် ပေါ(လ်)နှင့် စကားဆက်မပြောတော့ဘဲ အရောင်းအမျိုးသမီးနှင့်သာ ပြောလက်စ ထွေရာလေးပါးစကားများကို ဆက်၍ ပြောနေတော့၏။

ပေါ(လ်)က ဝီစကီကိုတကျိုက် ကျိုက်ချလိုက်သည်။ တကျိုက်နှင့်ပင် ဖန်ခွက်ထဲတွင် အတော်လျော့သွားသည်။ ပထမတစ်ကျိုက်ပြီးလျှင် ကြာကြာဆိုင်းမနေဘဲ နောက်ထပ်တကျိုက် ကျိုက်ပြန်သည်။ ဝီစကီက သူ၏လည်ချောင်းမှသည် ဝမ်းဗိုက်တွင်းသို့ ပူနွေးစွာဝင်သွားသည်။ ဝီစကီကလည်း ရေမဆို စလောက်သာ ရောထားပြီး လူကလည်း အူရိုင်းနီးပါး အခြေအနေဖြစ်နေပေရာ ခဏကလေးနှင့်ပင် ဝီစကီ၏ တန်ခိုးက ပြလာသည်။

စောစောက ထိုင်းမှိုင်း လေးလံနေသည့် ပေါ(လ်)၏ စိတ်မှာ သွက်လက် ပေါ့ပါးလာ၏။

နောက်တစ်ဖန်ခွက် မှာပြန်၏။

ထိုတစ်ခွက်သည်လည်း မကြာမတင်ပင် ကုန်သွားပြန်သည်။ ဝီစကီသည် သူ၏ အသွေးအသားထဲသို့ စိမ့်ဝင်သွားလေရာ ပူရှိန်းသော အတွေ့ကို ခံစားမိလာ၏။ မိုင်ရာနှင့်ပေါင်းဖို့အရေးအတွက် မျှော်လင့်ချက် ဒီဂရီမှာ ပြန်၍တက်လာသည်။ အရက်မသောက်မီက ကျဆင်းနေသော စိတ်ဓာတ်မှာ ယခု ပြန်လည်၍ တက်လာချေပြီ။ သူလုပ်လျှင်လည်း ဘာမဆိုဖြစ်ရမည်ဟု ယုံကြည်သံဍ္စိတ်ဝင် လာသည်။

"ဝီစကီ နောက်တစ်ခွက် ပေးပါဦး၊ အခုလို အေးတဲ့အခါမှာ တယ်သောက်လို့ ကောင်းတာပဲ"

တတိယအခွက် သောက်သောအခါတွင် ပေါ(လ်)၏ လေသံမှာ ခပ်မြင့်မြင့် ဖြစ်လာလေပြီ။ ခါတိုင်းတွင် ပေါ(လ်)သည် မည်သည့်အလုပ်ကို လုပ်လုပ် အရမ်း ကာရော လုပ်လေ့မရှိပေ။ ယခုမူကား ဝီစကီ၏ တန်ခိုးကြောင့် သူသည် လူရဲကြီး တစ်ယောက် ဖြစ်နေပေပြီ။

သူ၏ ဦးနှောက်ထဲတွင်ပုန်းအောင်းနေသည့် အကြံအစည်သည်လည်း ယခုသော် ရှေ့တန်းသို့ ထွက်လာချေပြီ။

ဝီစကီဖန်ခွက်ကို လက်ထဲတွင်လှည့်၍ ဆော့ကစားနေရင်း သူ့ကိုယ် သူပင် ပြန်၍ အပြစ်တင်နေမိသည်။

စိတ်ကူးရှိရှိ။

"ဟိုတုန်းက ဘာဖြစ်လို့များ သတ္တိကြောင်ခဲ့မိပါလိမ့်"

ဝီစကီ၏တန်ခိုးကြောင့် သူသည် သူ၏အတွေးကြောကို ဆက်လွှတ်၍ ...ဲ့ိုက်သည်။

"အယ်လီနာ...အယ်လီနာ၊ သူဟာ သူ့ရောဂါနဲ့ သေမယ်ဆိုရင်လဲ သေသွား ...ာပဲ၊ အဲဒီတော့ ပိုပြီးသေချာအောင် ဆေးမှုန့် လက်ဖက်ရည် ဇွန်းတစ်ဝက် ...ာက်ထည့်ပြီး တိုက်လိုက်ရင်တော့ သူ အရင်ဖြစ်သလို ဗိုက်ထဲက နာတယ်၊ ...တယ်နဲ့ အော့အန်နေမှာပဲ၊ သေသွားတယ်ဆိုရင်လဲ သူ့ရောဂါကြောင့်ပဲ ...တာလား၊ ပေါင်းပင်သတ်ဆေးမှုန့်ထဲမှာပါတဲ့ စိန်ကြောင့် သေတာလားဆိုတာကို ...ဲ သေသေချာချာ သိနိုင်မှာ မဟုတ်ဘူး၊ သေချာတဲ့အချက်ကတော့ အယ်လီနာ ...ာ သေသွားရင် ငါ့ဘဝဟာ အခုလို စိတ်ဆင်းရဲနေရတဲ့ဘဝမျိုး မဟုတ်ဘဲနဲ့ ...တန် သာယာစိုပြည်တဲ့ဘဝ ဖြစ်လာမယ်ဆိုတဲ့ အချက်ပဲ၊ ဟုတ်ပြီ...ဒီလို ...ော့လဲ တယ်လွယ်ပါလား၊ အင်း...အခုလို ညဥ့်နက်မှဆိုရင် လက်ဖက်ရည် ...ာက်ပါလို့ ပြောရင်တော့ သဘာဝမကျသေးဘူး၊ ဆေးမှုန့်နဲ့ရောတိုက်ဖို့ ...ည်ကောင်းမလဲ။ ဟာ...သတိရပြီ၊ ဆရာဝန်က တစ်ခါတုန်းက ပြောဖူး ...ဲ အိပ်ရာဝင်မှာ ဘရန်ဒီတစ်ခွက်သောက်ပြီး အိပ်ရင် ကောင်းတယ်တဲ့ ...ပြီ"

ဘရန်ဒီမှာသော ပေါ(လ်)၏အသံမှာ သိပ်မကျယ်လှ။

"ဒီမှာ အမျိုးသမီး။ အိမ်အပြန်မှာ ဘရန်ဒီနည်းနည်းယူသွားချင်လို့၊ ခင်ဗျားတို့ ... ပုလင်းထဲကခွဲပြီးရောင်းသလား"

"ရောင်းပါတယ်ရှင်၊ ဆရာကြီးက ဘယ်လောက်လိုချင်ပါသလဲ"

"သိပ် အများကြီး မဟုတ်ပါဘူး၊ ခင်ဗျားတို့က ဘယ်လောက်အထိ ခွဲရောင်း ..."

"ပိုင့်ဝက်လောက်အထိ ခွဲရောင်းပါတယ်"

"ကောင်းပြီလေ၊ ဒါဖြင့်ရင် ပိုင့်ဝက်ပေးပါ"

အရောင်းအမျိုးသမီးက ပုလင်းပြားပြားကလေး တစ်ခုထဲသို့ ဘရန်ဒီကို ...ထည့်နေသည်။ သူကတော့ ဤဘရန်ဒီကို မည်သည့် ကိစ္စအတွက် အသုံးပြု... မသိပေ။ သူ၏ ဝတ္တရားအတိုင်းသာ လုပ်၍ပေးနေခြင်းဖြစ်သည်။

အရောင်းအမျိုးသမီးက ဘရန်ဒီပုလင်းကြီးထဲမှ ဘရန်ဒီကို ပုလင်းပြား ...ထဲသို့ လောင်းထည့်နေသည်ကို ကြည့်နေရင်း ပေါ(လ်)၏ခေါင်းထဲတွင် ...ကောင်းစိတ်က ပေါ်လာပြန်သည်။

"ငါလုပ်နေတဲ့အလုပ်ကတော့ မဟုတ်သေးပါဘူး"

သို့သော် ကြာကြာမခံပါ။ သူ၏ ပြင်းပြသောဆန္ဒက စိတ်ကောင်းကို တိုက်ထုတ်ပစ်လိုက်သည်။

သူက သူ့ကိုယ်သူပြန်၍ အကြောင်းပြ၏။

"ငါက တကယ်လုပ်မယ်လို့ ဆုံးဖြတ်သေးတာမှ မဟုတ်ဘဲ၊ ဘရန်ဒီကို လိုလိုမယ်မယ်ယူသွားတာပဲဟာ၊ ဒီလောက်နဲ့တော့ အပြစ်ရှိတယ်လို့ မပြောနိုင်သေးပါဘူး"

သူအကြောင်းပြချက်နှင့် သူတော့လည်း ဟုတ်နေပေသည်။

သူကမ်းပေးလိုက်သော ဘရန်ဒီဗိုးကို အမျိုးသမီးက လှမ်းယူကာ ငွေသိမ်းအံဆွဲထဲသို့ ပစ်ထည့်လိုက်၏။ သူ၏ပိုက်ဆံမှာ ချလွင်ချလွင်မြည်လျက် အပြစ်ကင်းစင်သည့် အခြားပိုက်ဆံများဆီသို့ကျသွားလေသည်။

ပေါ(လ်)မှာ ချွေးခြေပေါ်တွင်ပခုံးကိုခပ်ရှို့ရှို့ထား၍ထိုင်ကာ သူ့ကိုယ်သူ အားပေး နေသည်။

"လူကြီးမင်းများခင်ဗျာ၊ အချိန်စေ့ပါပြီ"

ဘားပိတ်တော့မည့် အကြောင်း ကြေညာသံထွက်လာလေပြီ။ ထို့ကြောင့် ဘားထဲမှလူများမှာ ပြန်ကြရန်ထကြရတော့သည်။

ပေါ(လ်)သည်လည်း ဘရန်ဒီထည့်ထားသော ပုလင်းပြား။ကလေးကို ကုတ်အင်္ကျီအိတ်တွင်ထည့်ကာ အခြားသူများနှင့်အတူ ဘား၏အပြင်သို့ ထွက်လာခဲ့သည်။

အပြင်ဘက်တွင် လေလည်းထန်ဆဲ၊ မိုးလည်း သည်းဆဲ။

ဘားအတွင်းသို့ဝင်လာစက သူ့ကိုလှမ်း၍ နှုတ်ဆက်ခဲ့သောလူက သူ့ကို 'မင်္ဂလာရှိသောညပါခင်ဗျာ'ဟု နှုတ်ဆက်လိုက်၏။

သူကလည်း ပြန်လှန် နှုတ်ဆက်ရ၏။

ထို့နောက်သူ၏ အိမ်ရှိရာ အင်း(မ်)ထရီးလမ်းဘက်သို့ လျှောက်လာခဲ့သည်။ လျှောက်လာရင်းနှင့် သူတို့နှုတ်ဆက်ကြသော စကားလုံး၏ အဓိပ္ပာယ်ကို စဉ်းစား ကြည့်နေမိသည်။

"ဒီညဟာ တကယ်ပဲ မင်္ဂလာရှိတဲ့ည ဟုတ်ပါ့မလား"

အခြားသူများသည်လည်း ကာလီဒိုနီယန် လမ်းမကြီးပေါ်တွင် ဟိုမှသည်မှ အသီးသီး မိမိတို့ကိစ္စရှိရာသို့ သွားနေကြသည်။ ပေါ(လ်)က သူတို့ကိုကြည့်၍ အားကျမိ၏။ သူကဲ့သို့ စိတ်ရှုပ်နေကြရသည့် သူများမဟုတ်ပေ။ သူသာလျှင် ဝေခွဲမရသည့် အနေအထားဌ်ရှိနေပါလား ဟု စဉ်းစားနေမိသည်။

စိတ်ကူးချိုချို

သူ၏ရင်ထဲတွင် သူတော်ကောင်းစိတ်ကတစ်ဘက်၊ လွတ်မြောက်မှုကို ...ချင်သောစိတ်ကတစ်ဘက်၊ တိုက်ပွဲဆင်နေကြသည်။ ဤသို့နှင့်ပင် သူ၏ ...မ်ပေါက်ဝသို့ ရောက်လာခဲ့၏။

လှေကားခုံပေါ်တွင်ရပ်ကာ အိမ်ရှေ့တံခါးမကြီး၏ သော့ကိုဖွင့်နေစဉ် ...အားဆီမှအိမ်များကို လှည့်ကြည့်လိုက်၏။ မည်သည့်အိမ်ကမျှ သူ့ကို ကြည့်နေခြင်း ...ရှိသည်ကို တွေ့ရသည်။ မျက်နှာချင်းဆိုင်တန်းရှိ အိမ်အားလုံးမှာ ပြတင်းပေါက် ...န်းဆီး အထူကြီးချထားကြသည်။ ဤသို့ဆိုလျှင် ထိုအိမ်ထဲမှလူများက ...သူ့ကိုမြင်နိုင်စရာ အကြောင်းမရှိပေ။ လမ်းပေါ်တွင်လည်း လူမဆိုထားနှင့် ...ေးတစ်ကောင် ကြောင်တစ်မြီးမှပင် မရှိ။ မိုးနှင့်လေတို့သာလျှင် တစ်လမ်းလုံး ...င်းမူနေကြပေသည်။

သူက အိမ်ထဲသို့ အသာအယာဝင်လာခဲ့၏။

တကယ် လုပ်ရတော့မှာပါလားဟု အသိစိတ်က ဝင်လာသည်။ ယခုအထိ ...ောက်မှတော့ နောက်မဆုတ်တော့ဟု အားတင်းလိုက်ပြန်၏။ လုပ်ဖို့ရာကိစ္စကိုသာ ...အာရုံစိုက်လိုက်သည်။ ဘာ့ကြောင့်လုပ်ရမည်ကို ထွေထွေထူးထူးတွေး၍ မနေ ...တော့ပေ။

အိမ်ရှေ့ခန်းမှသည် နောက်ဖေးဘက်သို့ စက်ရုပ်တစ်ရုပ်အလား လျှောက်လာ ...သည်။ နောက်ဖေးတံခါးကိုဖွင့်ပြီးနောက် ခြံထဲရှိ တိုလီမိုလီ ပစ္စည်းများထားသည့် ...ဂိုဒေါင်ရာသို့ မိုးရေထဲမှလျှောက်လာရသည်။ ထိုတဲထဲတွင် ပေါင်းပင်သတ်ဆေးရည် ...ည်းနည်းပါးပါးကျန်သေးသည့် ဘူးရှိသည်။

နောက်ဖေးတန်းရှိ အိမ်များဆီမှ မီးရောင်ပင်မတွေ့ရတော့ပေ။ အိပ်ရာသို့ ...ကြပြီနှင့်တူသည်။ လှုပ်ရှားနေသည့် အရာဝတ္ထုဆို၍ လေဖေ့တိုင်း တရွရွ ...ည်နေသည့် သစ်ပင်သစ်ကိုင်းများရှိသည်။ မိုးကောင်းကင်တွင် ရွေ့လျားနေသော ...ိမ်တိုက်များလည်းရှိပါသည်။ သို့သော် ဤအရာများသည် မျက်မြင်သက်သေများ ...တတ်ကြပေ။

✧ ✧ ✧

မိနစ်အတန်ကြာသောအခါ အယ်လီနာ၏အိပ်ခန်းတံခါးကို ပေါ(လ်)က ...အသာအယာ ခေါက်လိုက်၏။ တံခါးအောက်မှ မီးရောင်ထွက်နေပုံ ကြည့်ရလျှင် ... အယ်လီနာသည် အိပ်ပျော်သေးဟန် မတူပေ။

"အယ်လီနာ၊ အိပ်ပလား"

"မအိပ်သေးပါဘူး"

ပေါ(လ်)က အခန်းတံခါးကို တွန်းဖွင့်၍ ဝင်သွားသည်။ စိတ်အေးလက်အေး နှင့် သွားခြင်းတော့မဟုတ်ပါ။ မနည်းကြိုးစား၍ စိတ်အားတင်းပြီးမှ ဝင်လာနိုင် ခဲ့ခြင်းဖြစ်ပါသည်။

လက်ထဲတွင်တော့ ဘရန်ဒီခွက်ကို ကိုင်လျက်ရှိပေသည်။

"မအိပ်သေးဘူးဆိုရင် ဘရန်ဒီသောက်လိုက်ပါလား၊ ကိုယ်လဲ အရ ဒေါက်တာ ဝါးတားဟော(လ်)ပြောထားတာကို သတိရတာနဲ့ပါ၊ ဘရန်ဒီ ရေနည်းနည်း ရောသောက်ပြီးမှအိပ်ရင် ဝေဒနာခံရတာ သက်သာမယ်လို့ ပြော တယ်"

ပေါ(လ်)၏ အမူအရာကြောင့် အယ်လီနာက အံ့ဩသွားသည်။ အားတ အားနာလည်းဖြစ်သွားသည်။ အော်ကြီးဟစ်ကျယ်ရန်ဖြစ်ပြီး၊ ပူပူနွေးနွေးရှိနေတု ယခုလိုကြင်နာယုယသည့် အမူအရာဖြင့်ပြန်လာသည် ဆိုတော့လည်း သူ စိတ်တွင်းဝယ် လှိုင်းထလာသည်။

"အို … ပေါ(လ်)ရယ် ဒုက္ခရှာလို့၊ ကျွန်မနေသာသွားပါပြီ၊ သောက် မလိုတော့ပါဘူး ထင်ပါရဲ့"

အယ်လီနာပြန်ပြောသည့် စကားကြောင့် ပေါ(လ်)က စိတ်ပျက်သွားသ

ပေါ(လ်)က ဘရန်ဒီ ဖန်ခွက်ကို ခုတင်ဘေးရှိ စားပွဲကလေးပေါ်သို့ တင်လို ပြီးနောက် အယ်လီနာကို လှမ်း၍ပြော၏။

"အင်းလေ၊ အယ်လီနာသဘောပဲ၊ ကိုယ်ကတော့ သောက်ချင်ရင် သော အောင် လိုလိုမယ်မယ် ယူလာခဲ့တာပါ"

အယ်လီနာကလည်း ပေါ(လ်)စိတ်ပျက်သွားပုံကို သတိထားမိသည်။ သို စိတ်ပျက်သွားသည့် အကြောင်းရင်းကိုမူ မှန်အောင်မတွေးနိုင်ပေ။ သူထင်သည် ကတော့ သာမန်အမြင်ဖြစ်သာဖြစ်သည်။

"ဒီလို ရာသီဥတုဆိုးတဲ့ညမှာ ဘရန်ဒီကို သွားဝယ်ရတာ အားနာ စရ ပေါ(လ်)ရယ်၊ ဪ … ဟို ပြတင်းပေါက်က တချောက်ချောက်နဲ့ မြည်နေတ လုပ်ပေးပါဦး၊ လေတဖိုးဖိုးနဲ့ တိုက်တဲ့အသံနဲ့၊ အဲဒီ ပြတင်းပေါက်က အသံ ကျွန်မဖြင့်အိပ်လို့မရဘူး၊ အိပ်မရတဲ့အပြင် စိတ်တွေကလဲချောက်ချားလာတ

ပေါ(လ်)အဖို့ အကြီးအကျယ် စဉ်းစားရပေတော့မည်။

"ရှေ့ဆက်လုပ်မလား"

"လက်လျှော့မလား"

**စိတ်ကူးရှိရှိ**

ဤအခြေအနေကို ရောက်မှဖြင့် နောက်မဆုတ်တော့ဟု ဆုံးဖြတ် လိုက်သည်။

ပေါ(လ်)က ပြတင်းပေါက်သို့သွားကာ ခန်းဆီးကိုဖယ်လျက် အပြင်ဘက်သို့ ...သည်။

မိုးကတော့ လျော့သွားပေပြီ။ လေကတော့ထန်ဆဲ။

သူက အယ်လီနှာဘက်သို့လှည့်ကာ ပြန်၍ပြောသည်။

"မိုးကတော့ သိပ်မသည်းတော့ပါဘူး၊ ဒါပေမဲ့ လေကတော့ ပိုတိုက်လာ ...ယ်ကွ၊ ဒါကလေးကို သောက်လိုက်ရင်တော့ အိပ်ပျော် သွားမယ်ထင်တယ်"

အယ်လီနှာက ပေါ(လ်)ကို ထပ်မေးသည်။

"တကယ်အိပ်ပျော်မလားဟင်"

"တကယ်ပေါ့ အယ်လီနှာရ"

အယ်လီနှာက ပေါ(လ်)ကို အားနာလာသည်။ ဤကဲ့သို့ ဂရုတစိုက် ယုယု ...ယ တိုက်နေသည်ကို ငြင်းလိုစိတ်မရှိတော့ပေ။

"ဒီလိုဆိုရင်လဲ သောက်လိုက်တော့မယ်၊ ဒါပေမဲ့ နည်းနည်းပွသွားအောင် ...ပေးပါလား၊ အားနာစရာ ကောင်းလိုက်တာ ပေါ(လ်)ရယ်"

"အို ... အယ်လီနှာကလဲ အားနာစရာ မဟုတ်တာ၊ ကဲ ... ကဲ ... နည်းနည်း ...သွားအောင် ကိုယ်သွားပြီးလုပ်လိုက်မယ်၊ သံပုရာရည် နည်းနည်းနဲ့ သကြား ...နည်းရောလိုက်ရင် မကောင်းဘူးလား ... ဟင်"

"ကျေးဇူးပါပဲ ပေါ(လ်)ရယ်"

မငြိမ်သော လက်ချောင်းများဖြင့် ဘရန်ဒီဖန်ခွက်ကိုကိုင်ကာ မီးဖိုချောင်သို့ ...(လ်)က ဆင်းလာခဲ့သည်။

'ငါ ဘာတွေလုပ်နေပါလိမ့်'ဟူသော အတွေးက သူ့ခေါင်းထဲ၌ တစ်ခါတစ်ခါ ...လာသေးသည်။ သို့သော် စက်ရုပ်ပမာ ဆက်၍သာ လုပ်နေသည်။

အယ်လီနှာထံသို့ ဘရန်ဒီခွက်ကို နောက်တစ်ကြိမ်ပြန်၍ ယူသွားသော အခါ၌ ...(လ်)သည် အသက်ကိုပင်မြောင့်အောင် မရှူနိုင်တော့၊ စိတ်အားကို မောင်းတင်၍ ...ရသည်။

"ကဲ ... ရပြီ၊ သောက်ကြည့်စမ်း အယ်လီနှာ၊ ကိုယ်တော့ မင်းစိတ်ကြိုက် ...အောင် ကြိုးစားလုပ်လာခဲ့တာပဲ"

အယ်လီနှာက ဘရန်ဒီကို မြည်းကြည့်သည်။

ပေါ(လ်)က မျက်တောင်မခတ် ကြည့်နေသည်။ ပေါင်းပင်သတ်ဆေး ...ကြောင့် အရသာတစ်မျိုးများဖြစ်နေမလားဟူ၍လည်း စိုးရိမ်မိသည်။

အယ်လီနာက ဘာမျှထပ်၍မပြောဘဲ နောက်တစ်ကျိုက် သောက်ပုံ ထော
လျှင်ဖြင့် ထူးထူးခြားခြား ရှိလှသည့်ပုံ မပေါက်ပေ။

ကုန်ခါနီးသည့်အခါ၌ အကျန်ကလေးကို မော့ချလိုက်သည်။ သူ၏ ဝမ်းဗိ
တွင်း၌ နွေးထွေးသည့်ပုံရှိသည်။

"ရှင်ပြောတာ ဟုတ်သားပဲ၊ နေရတာ အတော့်ကို သက်သာသွားတာ

ပြောပြောဆိုဆိုနှင့် အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

ပေါ(လ်)အဖို့ရာမှာတော့ လုပ်ရမည့်ကိစ္စကြီးမှာ လုပ်၍ပြီးသွားပေ
ပြင်၍မရတော့၊ ဘာဖြစ်လာမည်ကို စောင့်ကြည့်ရုံသာရှိတော့သည်။

'အခုလိုဆိုတော့လဲ လွယ်လွယ်ကလေးပဲဟ' ဟူ၍ပင် သူ့ကိုယ်သူ ပြော
သေး၏။ ယခင်က ဖြစ်ပေါ်ခဲ့သည့် ကြောက်စိတ်တို့၊ မလုံမလဲ ဖြစ်သည့်စိတ်တို့
ယခုအချိန်၌ ဘယ်ရောက်ကုန်သည်မသိ။ သူ၏ ခေါင်းထဲ၌ လုံးဝပေါ်မ
တော့ပေ။

ဘာမျှမရိပ်မိသည့် အယ်လီနာကတော့ ပေါ(လ်)ကိုပင် ကျေးဇူးတင်
အမူအရာဖြင့် လှမ်း၍ပြောလိုက်သေးသည်။

"ရှင်သွားအိပ်တော့လေ၊ ကျွန်မတော်တော်လေး နေကောင်းလာပါပြ

အယ်လီနာထံမှ ဤသို့ ချိုချိုသာသာစကားမျိုး မကြားရသည်မှာ အတော်
ကြာခဲ့ပေပြီ။ ယခုမှပင်ကြားရတော့သည်။ 'ကြားရမည့် ကြားရတော့
နောက်ဆုံး အချိန်ရောက်မှပဲ ကြားရတော့တာ ပါလား"

ထို့နောက်တွင်တော့ အယ်လီနာ သောက်ပြီးသွားသည့် ဖန်ခွက်ကိုယူ
မီးဖိုချောင်ထဲသို့ဆင်းလာခဲ့၏။ ထိုဖန်ခွက်ကို လုံခြုံသည့်တစ်နေရာ
ဝှက်ထားလိုက်သည်။ ဖန်ခွက်အသစ်တစ်လုံးကိုထုတ်၍ ဘရန်ဒီ အနည်းငယ်
ရေအနည်းငယ်ရောကာ ကျင်းလိုက်သည်။ သို့ဖြင့် မသင်္ကာ၍ စစ်ဆေးဦး
ဖန်ခွက်၌ သက်သေခံပစ္စည်းကို မတွေ့နိုင်တော့ပေ။

မီးဖိုချောင်ထဲ၌လုပ်ရန် ကိစ္စများပြီးသွားပြီးနောက် သူ၏အိပ်ခန်း ဘ
သွားကာ ခုတင်ပေါ်၌ လှဲလျောင်းလျက် ဖြစ်ပေါ်လာမည့် အခြေအနေကို စော
သည်။

ဤသို့ စိတ်အေးလက်အေး ရှိနေခြင်းအတွက် သူ့ကိုယ်သူပင်ပြန်၍ အံ့
မိသည်။ တကယ်တော့လည်း အံ့ဩစရာမလိုပါ။ သူ့တွင် ဤလို အကျ
ရှိပါသည်။ သူငယ်စဉ်ကပင် အဖိုးတန်ပစ္စည်းတစ်ခုကို လိုချင်သည့် အခါမျိ
အလိုမပြည့်စဉ်အချိန်ကမူ ထိုပစ္စည်းကိုသာ စိတ်ထဲ၌စွဲနေ၏။ ဖွတ်မိ

...ရှည်းကို ဝယ်သွားပြီးသည့်နောက် ပိုင်းတွင်မူကား သူ၏စိတ်သည် ပုံမှန်သို့ ...ရောက်သွားတော့သည်။ ထိုပစ္စည်းအတွက် ငွေဘယ်လောက်ကုန်သွား ...ပြီကောဟု ပြန်လည်နှမြောတသနေခြင်း မရှိတော့ချေ။

ယခုလည်း လပေါင်းများစွာ ဒွိဟစိတ်၊ ကြောက်စိတ်တို့ဖြင့် နပန်းလုံးလာ ...ပြီးနောက် ကြောက်စရာအလုပ်ကြီးတစ်ခုကို လုပ်ပြီးသွားခဲ့လေပြီ။

လုပ်ပြီးသည့်နောက်တွင် သူ၏ အမူအကျင့်အတိုင်းပင် စိတ်အေး သက်သာ ...သွားတော့၏။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်း ယခုလောက် စိတ်အေး ...သာမှုမျိုးကို တစ်ကြိမ်မျှ မခံစားခဲ့ရသေးဟူ၍ပင် သူ၏ စိတ်ထဲ၌ ဖြစ်ပေါ် ...သည်။

အပြင်ဘက်တွင် မိုးလည်းစဲသွားလေပြီ။ လေလည်းငြိမ်သက်စ ပြုလာပေပြီ။ ...ခါတစ်ခါတွင် ကာလီဒိုနီယန် လမ်းမကြီးဘက်မှ လော်ရီကားကြီးတစ်စီး ...င်သွားသည့်အသံကို ကြားရ၏။ ဘူတာရုံဘက်ဆီမှ မီးရထားဥသြသံကိုလည်း ...ကြားရသည်။

သူတို့အိမ်တွင်းတွင်မူ အစစအရာရာ ငြိမ်သက်နေသည်။ ပေါ(လ်)၏ ...ခေါင်းထဲတွင် စိုးရိမ်စိတ်ဝင်လာသည်။ လပေါင်းများစွာ ပစ်ထားခဲ့သဖြင့် အဆိပ်၏ ...အနိသင်များ ပြယ်သွားပြီလောဟု ထင်လိုက်မိသည်။

ဤတွင်သူ့၏စိတ်ထဲ၌ လွန်ဆွဲပွဲကြီး ပြန်လည်အစပြုပြန်တော့မည်။ ...'အဆိပ်ရဲ့အာနိသင်ပြယ်သွားပြီဆိုရင်လည်းကောင်းတာပေါ့၊ ငါလူယုတ်မာ ...ဖြစ်က လွတ်တာပေါ့'ဟု ထင်မိသလို 'ဟယ်...ဒီလောက်တောင် အချိန်ကုန် ...ခံ ကြိုးစားလာခဲ့ရပြီးမှ မအောင်မြင်ဘူးဆိုရင် ဘယ်ဖြစ် မလဲ'ဟု ထင်လာမိ ...သည်။

သို့သော် ပေါ(လ်)အဖို့ အချိန်ကြာကြာ စိတ်တွင်းလွန်ဆွဲပွဲကို မနွှဲ လိုက်ရပေ။

"ပေါ(လ်)ရေ ပေါ(လ်) လာပါဦး"

အယ်လီနာ၏ ခေါ်သံတွင် ဝေဒနာအကြီးအကျယ် ခံစားရပုံ တစ်ပါတည်း ...နေသည်။

ပေါ(လ်)အဖို့ ထွေထွေထူးထူး တွေးမနေတော့၊ အယ်လီနာ၏ အခန်းတွင်းသို့ ...ဝင်သွားသည်။

အယ်လီနာက ကလေးတစ်ယောက်သဖွယ် သူ့ကိုလှမ်း၍ ပြောသည်။

"ပေါ(လ်)ရယ် ကျွန်မ သိပ်နေရဆိုးတာပဲ၊ ဗိုက်ထဲကအောင့်လိုက်တာ ...ပါဦး"

ပေါ(လ်)၏ စိတ်ထဲတွင် အတော်ပင်ထိခိုက်သွား၏။

"ဘုရား ... ကယ်တော်မူပါ၊ အယ်လီနာ ဒီလိုတော့ ဝေဒနာတွေ ခံစား နေရမယ်လို့ မထင်မိလို့ ကျွန်တော်မျိုးလုပ်မိတာပါ"

တကယ်လည်း အမှန်ပါပေ။ ဤမျှလောက် ခံစားရလိမ့်မည်ဟု ပေါ(လ်)က မထင်မိခဲ့ရိုး အမှန်ပင်ဖြစ်ပါသည်။

"ကိုယ် ... ဆရာဝန်ကို ပြေးခေါ်လိုက်မယ်လေ၊ သူရောက်လာရင်တော့ အယ်လီနာ နေရသက်သာအောင် တစ်ခုခုလုပ်ပေးနိုင်ပါလိမ့်မယ်"

အယ်လီနာကတော့ မောနေသည့်ကြားမှ မနည်းကြိုးစား၍ ပြန်ပြောရှာ သည်။

"ဟုတ်ကဲ့ ... ကျွန်မတော့ အသက်ရှူကျပ်ပြီး နေလို့ထိုင်လို့ မရဘူး၊ မောလဲ သိပ်မောတယ်၊ ဝေဒနာက ကျွန်မ နှလုံးသားကို လာထိတယ် ထင်တယ်"

"ကဲ ... ဒီလိုဆို ဆရာဝန် သွားခေါ်လိုက်မယ်၊ အယ်လီနာ တစ်ယောက် တည်း ကျန်ခဲ့လို့ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်၊ အခုတော့ နည်းနည်းသက်သာသွားသလိုပဲ"

ပြောပြီးသည်နှင့် အယ်လီနာမှာ အိပ်ရာပေါ်သို့လှဲချလိုက်ကာ ညည်းနေသည်။

အယ်လီနာ၏ ညည်းသံသည် ပေါ(လ်)၏ နားထဲသို့သံပူရည်နှင့် လောင်း လိုက်သကဲ့သို့ ဝင်လာသည်။ ထို့ကြောင့် သူလည်းကြာကြာမဆိုင်းတော့ဘဲ ဆရာဝန်ခေါ်ရန်အတွက် အယ်လီနာ၏အခန်းတွင်းမှ ထွက်လာခဲ့ရတော့သည်။

ဒေါက်တာ ဝါးတားဟော(လ်)၏အိမ်ရှေ့တံခါးမကြီးမှ လူခေါ်ခေါင်းလောင်း သံကို တီးလိုက်သောအခါတွင် ဒေါက်တာဝါးတားဟော(လ်) ကိုယ်တိုင်လာ၍ ဖွင့်ပေး၏။ ဒေါက်တာသည် ငွေရောင်ဆံပင်များ ဖိုးရိုးဖားရား ညဝတ်အင်္ကျီ ဖိုသီဖတ်သီဖြင့် အိပ်ချင်မူးတူး ဖြစ်နေသေးပုံရ၏။

ပေါ(လ်)က နိဒါန်းပျိုးမနေတော့ဘဲ လာရင်းကိစ္စကိုပြောချလိုက်၏။

"ဒေါက်တာ ... အယ်လီနာ သိပ်အနေရဆိုးနေလို့ ခုချက်ချင်းလိုက်ကြည့် လားဗျာ၊ စ,ဖြစ်တာကတော့ ညနေစောင်းလောက်ကတည်းကပဲ၊ အခုပိုဆိုး လာတယ်"

ဒေါက်တာ၏ မျက်နှာပေါ်တွင် စိတ်ပျက်သွားသည့် ပုံသဏ္ဌာန်ကို တွေ့လိုက် ရ၏။ တကယ်ဆိုတော့လည်း အယ်လီနာသည် လူနာဖြစ်ရာ ယခုလောက် အလောသုံးဆယ်လာ၍ခေါ်ဖို့ အခြေအနေကိုမရှိကြောင်း သူတွက်ထားသည် မလိုအပ်ဘဲနှင့် ရာသီဥတုဆိုးရွားသည့် ယခုလို ညအချိန်မှာတော့ လိုက်မသွားလို

ကြောင့် သူမလိုက်တော့မည့် အကြောင်း၊ ဗိုက်ကို ရေနွေးအိတ်ကပ်ပေးဖို့
ရန်ဒီနည်းနည်းကို ရေနည်းနည်းရော၍ သောက်ပေးဖို့၊ အခံရသက်သာအောင်
ဆေးလည်း ပေးလိုက်မည့်အကြောင်း ဒေါက်တာဝါးတားဟော(လ်)က ပေါ(လ်)
အား ပြောသည်။

သို့သော် ပေါ(လ်)က မရမက ဇွတ်ခေါ်နေသည်။ ပေါ(လ်)၏ မျက်နှာသည်
သွေးမရှိသကဲ့သို့ ဖြူရော်ရော်ဖြစ်နေသည်။

ဒေါက်တာလည်း မတတ်နိုင်တော့ပေ။ ပေါ(လ်)စိတ်ကျေနပ်အောင် ပြန်၍
ပြောရတော့သည်။

"ကဲ ... ဒီလောက်တောင်ဖြစ်နေရင်လဲ ကျုပ်လာခဲ့ပါ့မယ်ဗျာ၊ ခင်ဗျားသွားနှင့်
တော့"

"ကျေးဇူးပါပဲ ဒေါက်တာရယ်၊ ဗိုက်အောင့်သက်သာဖို့ ဆေးတစ်ခုခုတော့
ခဲ့ပါဗျာ၊ သူ ဝေဒနာခံစားနေရတာ မြင်နေရတာ မကြည့်ရက်လို့ပါ"

"အေးပါ... ယူလာခဲ့ပါမယ်၊ ကျွန်တော်ရောက်လာရင် သက်သာသွားမှာပါ"

ပေါ(လ်)သည် ဆရာဝန်၏ နေအိမ်မှ သူ၏အိမ်သို့ အပြေးအလွှား ပြန်လာ
သည်။

အယ်လီနာမှာကား အတော်ပင် အားပျော့နေပေပြီ။ သူက ပေါ(လ်)အား
သံသာသာမျှသော အသံကလေးဖြင့် ပြောလိုက်၏။

"ပေါ(လ်)ရယ် ကျွန်မကတော့ ဒီတောင်က ကျော်တော့မယ် မထင်ပါဘူး"

ပေါ(လ်)က အားပေးရသည်။

"အို ... မဟုတ်တာ အယ်လီနာကလဲ၊ ဒေါက်တာဝါးတားဟော(လ်)
ချက်ချင်း ရောက်လာမှာပါ"

ပေါ(လ်)သည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ အယ်လီနာ၏ နဖူးကို
၏ လက်ဝါးဖြင့်ကပ်ကြည့်လိုက်သည်။ လက်ဝါးကိုဆုပ်ကာ အားပေးလိုက်ဖြင့်
နေမိသည်။ ယခုအခါတွင်မူကား သူသည် ဟန်ဆောင်၍လုပ်နေခြင်း မဟုတ်
၊ ဝေဒနာခံစားနေရသော လူသား တစ်ယောက်ကို ဖေးမကူညီ လုပ်ကိုင်ပေး
သော အခြေခံ လူ့သဘာဝ စိတ်မှ ထွက်ပေါ်လာသော ကြင်နာစိတ်ကြောင့်
ကိုင်ပေးနေခြင်းသာ ဖြစ်သည်။

ဤသို့လုပ်ကိုင်နေရင်းနှင့် သူ့စိတ်ကိုသူ ဖြေနေရသေး၏။ အယ်လီနာ
နာခံစားရပုံတို့မှာ ယခင်တစ်ကြိမ် မမာစဉ်ကနှင့် တထေရာတည်း တူနေသဖြင့်
ကိုက်လိုက်သော ပေါင်းပင်သတ်ဆေးကြောင့်မဟုတ်ဘဲ၊ သူ့ရောဂါကြောင့်

အခုလို ခံစားနေရတာလည်း ဖြစ်နိုင်သည်ဟု ကိုယ်လိုရာ ကိုယ်ဆွဲ၍ တွေး
သေးသည်။

ဤသို့ တွေးနေစဉ် ခြံတံခါးဝကိုဖွင့်သံနှင့် အိမ်ရှေ့တံခါးမကြီးကို ဖွင့်သံတို့
ရှေ့ဆင့်နောက်ဆင့်ကြားလိုက်သည်။ ဒေါက်တာ ဝါးတားဟော(လ်)လာတာ ဖြ
မည်။ ထို့ကြောင့် အယ်လီနာ၏လက်ကို အသာ အယာလွှတ်ကာ ဆရာဝ
ကြိုရန် အောက်ထပ်သို့ဆင်းလာခဲ့၏။

ဒေါက်တာက လှမ်း၍ မေးသည်။

"တယ်နယ်နေသလဲ"

"သက်သာလာပါပြီ၊ အင်းလေ အဲဒီလို ထင်တာပဲဗျာ"

ဒေါက်တာကတော့ ခေါင်းကိုသာ ညိတ်လိုက်သည်။ နှုတ်က ပြန်မပြော
သို့သော် သူ၏ အမူအရာကတော့ 'ဒါကြောင့် ကျုပ်မပြောလား၊ သက်သာ
လိမ့်မယ်လို့၊ သက်သွက်ကျုပ်ကို ဒုက္ခပေးတာ'ဟု ပြောသကဲ့သို့ရှိ၏။

ဒေါက်တာ အယ်လီနာ၏ အခန်းရှိရာသို့ တက်သွားစဉ် ပေါ(လ်)က ထ
စားခန်းတွင်ထိုင်၍ ဒေါက်တာပြန်၍ ဆင်းလာမည်ကိုစောင့်နေသည်။

အတော်ကလေး ကြာသွားသည့်အခါ လှေကားမှ ဆင်းလာသံ ကြားသ
ပေါ(လ်)က လှေကားရင်းမှနေ၍ ဒေါက်တာကိုစောင့်နေသည်။

ယခုအကြိမ်တွင်တော့ ဒေါက်တာဝါးတားဟော(လ်)၏ အမူအ
ပြောင်းသွားလေပြီ။ သူ၏ အသံမှာလည်း စောစောကလို စိတ်မရှည်သည့် အ
မဟုတ်တော့။

"ဟုတ်တယ် ပေါ(လ်)ရေ၊ ကိုယ့်လူပြောတဲ့အတိုင်းပဲ အယ်လီနာ အ
အနေက တော်တော်ဆိုးတာပဲ၊ သူ့အတွက် သူနာပြုဆရာမ တစ်ယောက်လော
ရှာဖို့လိုမယ်"

ပေါ(လ်)က ထစ်ထစ်အအဖြင့် ပြန်၍ မေးလိုက်သည်။

"ဟင် ... ဒီလိုဆိုတော့ ဒေါက်တာရယ်၊ မပြောကောင်း ပြောကောင်း
သူ၊ ဒီ ... ဒီ ဝေဒနာက ကျော် ... ကျော်နိုင်ပါ့မလား"

"အင်းလေ ... ကျုပ်ကလဲ အဖြစ်မှန်ကို ဖုံးမထားချင်ပါဘူး၊ အခြေ
ကတော့ မကောင်းလှဘူး၊ အရင်တစ်ကြိမ်ကထက် ပိုပြီးဆိုးတယ်"

"ဒါပေမဲ့ ဒေါက်တာရယ်၊ မနက်က ကျွန်တော်အိမ်ကထွက်သွား
ကတော့ အကောင်းပဲ၊ ညနေလေးနာရီထိုးလောက်အထိလဲ အကောင်းပဲ၊ ဘာ
အခုလောက်ကြီးကြီးကျယ်ကျယ်ဖြစ်လာတာပါလိမ့်"

ပြောရင်းနှင့် ပေါ(လ်)က ဒေါက်တာဝါးတားဟော(လ်)ကို အကဲခတ်နေ
သည်။

"ဒီလိုဖြစ်လာတာတော့ မဆန်းလှပါဘူး၊ ဒါပေမဲ့ပြောနေဖို့အချိန် မဟုတ်ပါ
သေး၊ ကျုပ်လဲပြန်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဒေါက်တာ ဝါးတားဟော(လ်)က သူ၏ လောင်းကုတ်
ကြီးကို ကောက်၍ဝတ်၏။ မပြောတော့ဘူးဟု ပြောလိုက်သော်လည်း
ပေါ(လ်)အပေါ်၌ ဆရာလုပ်လိုသည့်စိတ်ကိုတော့ ချိုးနှိမ်၍မရပေ။ ထို့ကြောင့်
လောင်းကုတ်အကျီရှေ့ ကြယ်သီးများကို တပ်နေရင်း ပေါ(လ်)ကို ရှင်းပြ၏။

"ခင်ဗျားတို့ လူနာတွေဟာ အားလုံးအတူတူချည်းပဲဗျ၊ ဘယ်သူမဆို
အတိုင်းပဲ၊ ဆရာဝန်ရဲ့ညွှန်ကြားချက်ကို ဘယ်တော့မှ တိတိကျကျ မလိုက်နာဘူး၊
...ဖြစ်လာတော့မှ မျက်ကလူးဆံပြာနဲ့ ဆရာဝန်ဆီ အပြေးအလွှား ရောက်လာ
ကြတာပဲ 'ကြည့်လေ၊ အယ်လီနာကို ကျုပ် ပြောထားသားပဲ၊ အစားကိုဆင်ခြင်ပြီး
စားပါလို့၊ ဒါပေမဲ့ မရဘူး၊ ခရမ်းချဉ်သီးနဲ့ဒိန်ခဲကိုချည်းပဲ စားစားနေတယ်၊
အခုတော့ ဘာဖြစ်သလဲ၊ အစာအိမ် အချဉ်ပေါက်လာတာပေါ့၊ အဲဒီတော့
ဗိုက်ပွလာတယ်၊ ဗိုက်ပွလာတော့ နေလို့ဆိုးလာတာပေါ့၊ သူ့နှလုံးက နဂိုက
အားနည်းနေတာ၊ ဗိုက်က ပွလာတော့ နှလုံးပေါ်မှာ ဖိထားသလို ဖြစ်သွားတာပေါ့"

ဒေါက်တာ စကားမဆုံးသေးမီ ပေါ(လ်)က ဖြတ်၍ ပြောလိုက်၏။

"ဟုတ်ပါပြီ ဒေါက်တာ၊ ကျွန်တော်သဘောပေါက်ပါတယ်၊ အခုရော
အယ်လီနာဗိုက်ထဲက အောင့်နေတဲ့ ဝေဒနာကို သက်သာအောင်လုပ်ပေးခဲ့ရဲ့လား"

သူ့စကားကိုဖြတ်၍ ဝင်ပြောသဖြင့် ဒေါက်တာက ပေါ(လ်)၏ အမေးကို
ဆတ်ဆတ်အသံဖြင့် ပြန်ဖြေသည်။

"လုပ်ပေးခဲ့ပါတယ်ဗျာ၊ သူ့ကို ဘိန်းပါတဲ့ အိပ်ဆေးနှစ်လုံးတိုက်ခဲ့ပါတယ်၊
ဒီလိုဆိုရင်"

ပေါ(လ်)က နောက်တစ်ကြိမ် ဒေါက်တာ၏စကားကို ဖြတ်၍ ပြောပြန်၏။

"ဒေါက်တာ ပြောတဲ့အတိုင်းဆိုတော့ သူစားတဲ့အစာကြောင့် အခုလို ဖြစ်ရ
တာပေါ့နော်"

"ဟုတ်ပါတယ်ဗျ၊ ဒါနဲ့ပတ်သက်ပြီး ယုံမှားစရာမရှိပါဘူး၊"

ဒေါက်တာ ဝါးတားဟော(လ်)အသံမှာ စိတ်မရှည်ဖြစ်လာသည့် အသံ။

ပေါ(လ်)ကတော့ သူလိုရာကိုဆွဲ၍တွေးကာ ဒေါက်တာ၏အဖြေကြောင့်
စိတ်သက်သာရာရသွား၏။

**စိတ်ကူးချိုချို**

တံခါးပေါက်ဆီသို့ လျှောက်သွားကြရင်း ဒေါက်တာ ဝါးတားဟော(လ်) နလုံးရောဂါ အမျိုးမျိုးအကြောင်းကို ဒိုကာဖွင့်၍သွား၏။

တံခါးပေါက်သို့ ရောက်သည့်အခါ၌ ပေါ(လ်)ကို အားပေးစကား ပြော သည်။

"ကဲ ... ကျုပ်ပြန်လိုက်ဦးမယ်၊ ခင်ဗျားက သူ့နားမှာထိုင်ပြီးစောင့်နေလိုက် ဒါမှလဲ သူအားရှိမယ်၊ ဘရန်ဒီကလေးနည်းနည်းလောက်တော့ တိုက်တိုက်ပေး မိုးမလင်းခင်တော့ သူနာပြုဆရာမ ရောက်လာနိုင်ပါလိမ့်မယ်၊ အခုနေတော့ ဘု သခင်ထံ ဆုတောင်းရုံရှိတာပဲဗျ"

အယ်လီနာ၏ အိပ်ခန်းအတွင်းသို့ ပေါ(လ်)က ပြန်၍ ရောက်လာ ချိန်

တံခါးဖွင့်သံ ကြားသည့်အခါ၌ အယ်လီနာက တံခါးဘက်သို့ မျက် ဆွေ၍သာ ကြည့်နိုင်တော့သည်။

"အယ်လီနာ ဘယ့်နှယ်နေသေးလဲ"

"သိပ်အိပ်ချင်တယ်။ အိပ်ဆေးကြောင့်လားတော့ မသိဘူး"

"ဗိုက်ထဲက မအောင့်တော့ဘူးလား"

"အခုနေတော့ မနာဘူး"

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ၊ ကဲ ... ဒီလိုဆိုရင် အိပ်ပျော်သွားအေ အိပ်လိုက်ဦး"

ပေါ(လ်)၏ စကားမဆုံးမီပင် အယ်လီနာ၏ မျက်လုံးများမှာ မှိတ် သည်။ ပေါ(လ်)သည်လည်း ကုလားထိုင်တစ်လုံးကို ဆွဲကာ ခုတင်ဘေးနား ထိုင်၍ အယ်လီနာကို စောင့်ကြည့်နေသည်။

ထိုင်နေရင်းနှင့် ဖောက်တတ်ရာရာ တွေးနေမိသည်။ ဒေါက်တာဝါး ဟော(လ်)ကလည်း စိုးစဉ်းမျှသက်သာမကင်း ဖြစ်ပုံမရပေ။ တကယ်တော့ ဖြ အကြောင်းလည်းမရှိပေ။ အယ်လီနာ၏ရောဂါဖြစ်ပုံ လက္ခဏာသည် အ တစ်ကြိမ်ဖြစ်စဉ်ကနှင့် တသွေမတိမ်း တူညီနေသည် မဟုတ်ပါလော။

တကယ်တော့ ပေါ(လ်)ကိုယ်တိုင်ပင်လျှင် အယ်လီနာ၏ ဤသို့ ဝေ ခံစားနေရသည်မှာ သူ့အဆိပ်ခပ်လိုက်၍မဟုတ်ဘဲ ရောဂါကြောင့် ဟူ၍ပင် ထ တင်တင် ဖြစ်လာသည်။

ဤသို့ ပေါ(လ်)က အတွေးနယ်ချဲ့နေစဉ် အယ်လီနာက သူ၏ ခေါ မနည်းကြိုးစား၍ထူလျက် ပေါ(လ်)ကိုကြည့်နေသည်။ ထို့နောက် စောင်အော သူ၏ လက်တစ်ဖက်ကို အားတင်း၍ထုတ်ကာ ပေါ(လ်)ကို တို့လိုက်သည်

ပေါ(လ်)က အယ်လီနာ၏လက်ကို ဆုပ်ကိုင်ကာ မေးလိုက်သည်။

"ဘာလဲ အယ်လီနာ၊ ဘာလိုချင်လို့လဲ"

အယ်လီနာက ပေါ(လ်)၏လက်ကို တင်းကျပ်စွာဆုပ်ရင်း ပြန်ပြောရှာသည်။

"ပေါ(လ်)ရေ၊ ကျွန်မတော့ မနေရတော့ပါဘူး၊ သွားရတော့မယ်"

ပေါ(လ်)က ကပျာကယာ ပြန်ပြောသည်။

"မဟုတ်တာ အယ်လီနာကလဲ၊ နေကောင်းလာမှာပါ"

"ကျွန်မကိုယ်ကျွန်မသိပါတယ် ပေါ(လ်)ရယ်၊ ဒီရောဂါနဲ့ ကျွန်မရဲ့ နှလုံးရောဂါနဲ့ ပေါင်းစပ်မိပြီဆိုတော့ ကျွန်မ မခံနိုင်တော့ပါဘူး၊ မသေခင် ကျွန်မပြောချင်တာကလေးတွေ ပြောခဲ့ချင်တယ် ပေါ(လ်)ရယ်၊ သည်းခံပြီး နားထောင်နော် ဟုတ်လား၊ ကျွန်မလေ … ကျွန်မ အခုမှ နောင်တရမိတယ် ပေါ(လ်)ရယ်၊ ကျွန်မဟာ ရှင့်အပေါ်မှာ တကယ်တော့ ကြင်ကြင်နာနာမရှိခဲ့မိဘူး၊ အိုလေ အခုတော့ ပြင်ဖို့သိပ်နောက်ကျသွားပြီ၊ တစ်ခုတော့ရှိပါတယ် ပေါ(လ်)ရယ်၊ ကျွန်မကလဲ နေကောင်းတယ်ရယ်လို့ မရှိလှဘူးမဟုတ်လား"

ပေါ(လ်)က ကပျာကယာဖြတ်၍ ပြောလိုက်သည်။

"အို … အို၊ အယ်လီနာက ဒီလိုမပြောနဲ့လေ၊ တကယ်တော့ ကြင်နာမှုမရှိတာက ကိုယ်ပါကွယ်၊ အဲဒီအတွက်လဲ ကိုယ့်ကိုခွင့်လွှတ်ပါ"

"မဟုတ်ပါဘူး ပေါ(လ်)ရယ်၊ ရှင်ဟာ အင်မတန်စိတ်ကောင်းရှိတဲ့ လင်သားကောင်းယောက်ပါ၊ ကျွန်မအပေါ်မှာလဲ စိတ်ရှည်ပါတယ်၊ ကျွန်မကသာ ဆိုးခဲ့တာပါလား၊ ပေါ(လ်)ရယ် ကျွန်မသေတဲ့အခါမှာတော့ ကျွန်မ အရင်ပြောဘူးတဲ့ ချပ်စတက် ဘုရားရှိခိုးကျောင်းဝင်းထဲက ကျွန်မအမေရဲ့ ဂူဘေးမှာ မြှုပ်ပါနော် ဟုတ်လား၊ အဲ့ဒီနေရာမှာဆိုရင် သိပ်အေးချမ်းတာပဲ"

ပေါ(လ်)က အယ်လီနာ၏လက်ကို ပုတ်ရင်း အားပေးစကားပြောရှာ၏။

"စိတ်ထင်းမှုပေါ့ အယ်လီနာရယ်၊ မင်း မသေနိုင်သေးပါဘူး"

အယ်လီနာက သူ၏ခေါင်းကို ယဲ့ယဲ့မျှယမ်းရင်း ပြန်ပြော၏။

"ကျွန်မ ဒီတောင်က မကျော်တော့ပါဘူး ပေါ(လ်)ရယ်၊ ကျွန်မ သိပါတယ်၊ … ပေါ(လ်)ရေ၊ ကျွန်မကို မွှေးမွှေးတစ်ခါလောက်ပေးပါလားကွယ်"

ပေါ(လ်)က ခုတင်ဘေးမှကုန်း၍ အယ်လီနာ၏နဖူးပြင်ကို ယုယစွာနမ်းလိုက်သည်။

အယ်လီနာကလည်း အားမရှိသော လက်များဖြင့် ပေါ(လ်)၏ မျက်နှာကို ညင်သာစွာ ဖြည်းဖြည်းချင်းအားယူ၍ ဆွဲကိုင်ကာနမ်းရှာ၏။

**စိတ်ကူးချိုချို**

နမ်းပြီးသွားသောအခါတွင် အယ်လီနာက စိတ်လျှော့စွာဖြင့် ပေါ(လ်)
ဖြည်းဖြည်းချင်းပြော၏။

"ကဲ ... ကျွန်မအိပ်တော့မယ်၊ ကျွန်မနားမှာနေနော် ပေါ(လ်)"

"အို ... နေမှာပေါ့၊ အယ်လီနာနားမှာ တစ်ချိန်လုံးနေမှာပေါ့"

"ရှင့်လက်ကိုလဲ ကျွန်မကိုင်ထားမယ်နော်၊ ကျွန်မအားရှိအောင်လို့"

"ကိုင်ထားပါ အယ်လီနာရဲ့၊ အယ်လီနာကြိုက်သလိုလုပ်"

အယ်လီနာမှာ မျက်လုံးကြီးအပြူးသားဖြင့် မျက်နှာကြက်ကို မော့ကြ
နေသည်။ တဖြည်းဖြည်းနှင့် သူ၏ အသက်ရှူသံမှာ မမှန်တော့၊ အမောဖော
လာသည့်အသွင်ရှိ၏။ အယ်လီနာသည် မျက်လုံးသာပွင့်နေသော်လည်း မျော
ပြီဟု ပေါ(လ်)က ထင်သည်။

သူနာပြုဆရာမကလည်း လာခဲလိုက်တာဟု သူက စိတ်မရှည် ဖြစ်နေသ

အယ်လီနာ ... အယ်လီနာဟု တိုးတိုးခေါ်ကြည့်သည်။ ထူးသံမကြာ
နောက်တစ်ခါ ကျယ်ကျယ်ခေါ်ကြည့်သည်။ အခြေအနေမထူးခြား၊ မျက်တေ
လည်း မခတ်၊ လက်ခြေလည်းမလှုပ်ရှားတော့ပေ။

ခဏကြာသော် ဖုတ်လိုက်ဖုတ်လိုက်နှင့် အသက်ရှူနေခြင်းပင် ရပ်သွားသ

သေပြီ၊ အယ်လီနာသေပေပြီ။

ပေါ(လ်)သည် ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ အပြင်သို့ ခ
ငေးကြည့်နေ၏။ တစ်ဖန် အယ်လီနာ၏ အလောင်းရှိရာသို့ ပြန်လျှောက်လာ

တစ်အိမ်လုံးတွင် သူတစ်ယောက်တည်းသာ ရှိတော့ပါကလား။

ခုတင်ပေါ်တွင်ကား အယ်လီနာ၏ အလောင်းမှာ အဝတ်အစား ဖိုးရိုးဖာ
မျက်လုံးကြီးအပြူးသားဖြင့် ခပ်စောင်းစောင်းရှိနေ၏။ တစ်အိမ်လုံးသည်
တိတ်ဆိတ်နေသည်။

ပေါ(လ်)က အယ်လီနာ၏အလောင်းကိုစိုက်ကြည့်နေရာမှ တဖြည်းဖြည်
အဓိပ္ပာယ်ပေါက်လာ၏။ တကယ်တော့ အယ်လီနာ၏ အလောင်းသည် သူ့အ
အနာဂတ်ကိုညွှန်ပြနေသည့် လမ်းညွှန်မှတ်တိုင်ကြီးဖြစ်ကြောင်း သဘော
နေ၏။

ဤအခြေအနေသို့ ရောက်မှဖြင့် အယ်လီနာသေသည်ကို ဝမ်းမသာ
ဟန်ဆောင်နေခြင်းသည် သူ့ကိုယ်သူ လိမ်နေခြင်းသာဖြစ်ကြောင်း သဘော
လာ၏။

ဤသို့ သဘောထားပြောင်းသွားသည်ဟု ဆိုလျှင်ပင် သူ၏ရင်ထဲမှ ဝမ်းသာ ည့်စိတ်သည် တလိပ်လိပ်နှင့် တက်လာသည်။

လွတ်ပြီ၊ ကျွတ်ပြီဟု အော်မိလုမတတ်ပင် ဖြစ်သွားမိသည်။

ပြတင်းပေါက်မှ ကြည့်လိုက်သည်တွင် အာရုံတက်လုဆဲဆဲဖြစ်၍ ကောင်းကင် နီညိုရောင်သန်းလာသည်ကို တွေ့နေရ၏။

သူ၏စိတ်ထဲမှ ဆန္ဒကြောင့်မဟုတ်ဘဲ၊ သူ၏နှုတ်မှ တိုးတိုးကလေး ထွက်လာ ည်။

"မိုင်ရာရေ... မိုင်ရာ"

●

## အပိုင်း — နှစ်

{ ၁ }

ကျွန်ုပ်တို့၏ ဓာတ်လိုက်ကြီး ပေါ(လ်)ပရက်ဆက်သည်၊ သူ၏ ချက်မြှုပ်
…အသဖြစ်သော ပက်ဖီးရွာကလေးမှ၊ လန်ဒန်ရွှေမြို့တော်ကြီးသို့ ကြီးပွားရာကြီးပွား
…ကြောင်း ရှာရန်တက်လာခဲ့သည့်အချိန်မှ နောက်နှစ်နှစ်ခန့်ကြာ ကာလတွင်၊
…တ်ဖို့ရှိုင်းယားနယ်ဘက်မှ လူငယ်ကလေး တစ်ယောက်လည်း၊ မိဘ၏ လယ်ယာ
…ပ်ငန်းတွင် ဘဝကိုမြှုပ်နှံလိုစိတ် မရှိဘဲ လန်ဒန်မြို့တော်သို့တက်၍ ကံစမ်းရန်
…ကြံစည် တွေးတော၏။ အမည်မှာ ဂျွန်ဘို(လ်)ထရီဖြစ်သည်။

ဂျွန်ဘို(လ်)ထရီသည် ပေါ(လ်)ပရက်ဆက်ကဲ့သို့ ပညာရေးဘက်တွင်
…စိတ်မဝင်စားလှချေ။ သူ၏ ဆန္ဒမှာ လန်ဒန်မြို့တော် ရဲအဖွဲ့ကြီးတွင် ရဲတပ်သား
…ရန်ဖြစ်၏။ ဤဆန္ဒကို အကောင်အထည်ဖော်ရန် ဂျွန်ဘို(လ်)ထရီသည်လည်း
…(လ်)ပရက်ဆက်ကဲ့သို့ပင် အိမ်မှထွက်ပြေးလာခဲ့ကာ လန်ဒန်မြို့ ရဲအဖွဲ့တွင်
…တပ်သားအသစ်အဖြစ် အမည်စာရင်းပေးလိုက်တော့သည်။ လယ်ယာထဲတွင်
…ကြမ်းတမ်းတမ်းလုပ်ကိုင်လာခဲ့ရသော ဂျွန်အဖို့ ဆေးစစ်ခံရသည့် အလုပ်မှာ
…တ်လှပါ။ သို့ဖြင့် လယ်သမားကလေး ဂျွန်ဘို(လ်)ထရီဘဝမှ ရဲတပ်သားကလေး
…ဘို(လ်)ထရီ ဘဝသို့ လွယ်လွယ်ကူကူဖြင့် ကူးပြောင်းလာနိုင်ခဲ့၏။

ရဲတပ်သားသစ် သင်တန်းဆင်းပြီးနောက် လန်ဒန်မြို့တော် အရှေ့ပိုင်းရှိ
…(မ်)ဌာနခွဲတွင် တာဝန်ကျ၏။ သူ၏ တာဝန်မှာ သူတာဝန်ကျရာ ရပ်ကွက်တွင်
…ရင့်ရဲသားကြီးတစ်ဦးနှင့်အတူတွဲဖက်၍ ပတ်တရောင်လှည့်ရခြင်းဖြစ်၏။

ပတ်တရောင်လှည့်သည်ဆိုသည်မှာ တစ်နာရီလျှင် နှစ်မိုင်ခွဲနှုန်းဖြင့် တာဝန်ကျ ဒေသတွင်း၌ လမ်းလျှောက်၍ လှည့်ပတ်ကြည့်ရှုရခြင်းဖြစ်ပေသည်။ ဤနည်း အားဖြင့် ရာဇဝတ်မှု ကျူးလွန်ရန် ကြံရွယ်နေသောသူများကို ဟန့်တားရလည်း ရောက်စေ၊ ကျူးလွန်သည်ကိုတွေ့ရလျှင်လည်း လိုက်လံဖမ်းဆီးရန် အသင့်အနေ ထား၌ ရှိစေရန်ဖြစ်သည်။

အမှန်အားဖြင့်ကား ဂျွန်ဘို(လ်)ထရီ လန်ဒန်မြို့တော်သို့ တက်လာခဲ့သည်မှာ ဤလိုရဲသားကလေးဖြစ်ရုံမျှနှင့် ကျေနပ်နေရန်မဟုတ်၊ သူ၏ ရည်မှန်းချက်မှာ စုံထောက်ကျော်တစ်ဦးဖြစ်ရန်သာဖြစ်ပါသည်။ ထို့ကြောင့် နံပါတ်တုတ်ကို ကိုင်ခွဲကာ ပတ်တရောင်လှည့်လည်သည့်တာဝန်ကို ထမ်းဆောင်နေရင်းဖြင့်၊ စီ–အိုင်–ဒီ ခေါ် မှုခင်းထောက်လှမ်းရေးဌာန ဘက်သို့ ကူးပြောင်းအမှုထမ်းနိုင်မည့် နည်းလမ်းကိုသာ နေ့ရှိသရွေ့ ကြံဆနေခဲ့သည်။ ဤသို့ကြံဆနေရင်းနှင့် ပတ်တရောင်ရဲသား၏ တာဝန်ကိုလည်း အထူးကြိုးစား၍ ထမ်းဆောင်သည်။ ကြိုးစားထမ်းဆောင်သည့် အလျောက်လည်း လုယက်မှု ကျူးလွန်ထွက်ပြေးသူများကို လက်ရဖမ်းဆီး ပေးနိုင် ခဲ့၏။

ဤသို့လျှင် တစ်ဘက်ကလည်း တာဝန်ကိုကြိုးစား၍ ထမ်းဆောင်ကာ တစ်ဘက်ကလည်းစွမ်းဆောင်ပေးနိုင်သော ဆရာသမားများထံသို့ ချဉ်းကပ်လိုက် ပြီးသည့်အခါတွင်ကား၊ ဂျွန်ဘို(လ်)ထရီတစ်ယောက်သည် စီ–အိုင်–ဒီသို့ ပြောင်းရွှေ့ အမှုထမ်းခွင့် ရလာခဲ့တော့၏။

ယခုဆိုလျှင် သူသည် ယူနီဖောင်းဝတ်၍ နံပါတ်တုတ်ကိုင်ခွဲရသော ပတ်တရောင်ရဲသား ဂျွန်ဘို(လ်)ထရီ မဟုတ်တော့၊ အရပ်ဝတ်ဖြင့် ဤမြို့ရှာ သွားလာနေသော စုံထောက်ဂျွန်ဘို(လ်)ထရီ ဖြစ်လာချေ၏။

စုံထောက်ဖြစ်လာသည်ဆိုလျှင်ပင် ထင်ရှားကျော်ကြားသောစုံထောက် အရာရှိများ၏ ပြောပုံဆိုပုံလာပုံတို့ကို ကောင်းစွာလေ့လာကာ အတုယူ၏။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က ဟတ်ဖို့ရှိုင်းယားနယ်မှ တက်လာသော လယ်သမား ကလေး ဂျွန်ဘို(လ်)ထရီ၏ ရုပ်ရည်လုံးဝမရှိတော့ပါပေ။ တဖြည်းဖြည်းနှင့် ရာထူးအဆင့်ဆင့်လည်း တက်လာခဲ့၏။ အာ(ရ်)ဌာနခွဲတွင် ဒေသဆိုင်ရာ စုံထောက် အင်စပက်တော်တစ်ဦးအဖြစ်နှင့် အတန်ကြာမျှ အမှုထမ်းခဲ့ပြီးနောက်၊ နာမည်ကျော် စကော့တလန် ယာဒ်စုံထောက်ဌာနချုပ်သို့ အင်စပက်တော်ချုပ်ရာထူးဖြင့် ရာထူး တိုးတက် ပြောင်းရွှေ့လာခဲ့ရသည်။

**စိတ်ကူးရှိုရှို**

သူစုံထောက်အဖြစ် အမှုထမ်းခဲ့သည့် ကာလတစ်လျှောက်လုံးတွင်၊ ဂျုံဘို(လ်)ထရိုသည် စာအုပ်ကြီးအတိုင်း တသွေမတိမ်း လိုက်နာခဲ့သူမဟုတ်ပေ။ နည်းသူ့ဟန်နှင့် ပြေလည်အောင်ကျင့်သုံးလာခဲ့သည်။ သူ့နည်းသူ့ဟန်ဆိုသည်မှာ ဆိုးများအား လူလိုသူလို ဆက်ဆံခြင်းဖြစ်၏။ သို့ဖြင့် သူအလိုရှိသော သတင်းများကို လူဆိုးများထံမှပင် လွယ်လွယ်ကူကူ ရလေ့ရှိသည်။

စကော့တလန်ယာ့ဒ်ဌာနချုပ်သို့ အင်စပက်တော်ချုပ်အဖြစ်ဖြင့် ပြောင်းသည့်အချိန်တွင် သားသမီးလေးယောက်ပင် ရှိလာချေပြီ။ ဆံပင်ဖြူစပြုသည့် အရွယ်သို့လည်း ရောက်လာပြီဖြစ်၏။

ဤအသက်အရွယ်သို့လည်း ရောက်လာပြီ၊ ဤရာထူးအဆင့်သို့လည်း ရောက်လာပြီ ဖြစ်သောကြောင့်၊ ဂျွန်ဘို(လ်)ထရိုသည် သူ၏ဘဝကို ကျေနပ်သည်။ သို့သော် သူ၏ ရောင့်ရဲမှုမှာ မပြည့်စုံလှသေးပေ။ အင်မတန် ရှုပ်ထွေးခဲ့သော လူသတ်မှုကြီးတစ်မှုလောက်ကိုဖြင့် သူကိုယ်တိုင်ဦးစီးကာ တရားခံကို ဖော်ထုတ်လိုသောဆန္ဒက သူ၏ ရင်တွင်းဝယ် အနိုင်အခဲကြီးမားစွာဖြင့် ကိန်းအောင်း၏။

အင်္ဂလန်ပြည်တွင် တစ်နှစ်လျှင် လူသတ်မှု သုံးဆယ်ကျော် လေးဆယ်မျှ များလေ့ရှိပါ၏။ သို့သော် ရိုးရိုးစင်းစင်း အမှုများသာ ဖြစ်ပေသည်။ တစ်မှုလောက်သာလျှင် တစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ဖြစ်ရလောက်အောင် ကြည်များလေ့ရှိသည်။ ဤသို့သော အမှုမျိုးကိုများ သူကိုင်ခွင့်ရလိုက်လျှင် သေပျော်ပြီဟု ဂျွန်ဘို(လ်)ထရိုက တစ်စုံတစ်ရာ ထူးထူးခြားခြား မတွေးမိဘဲ မင်းကြီးခန်းသို့ဝင်လာခဲ့၏။

စုံထောက်မင်းကြီးမှာ မဟော်ဂနီ စားပွဲကြီးပေါ်မှ ဖူးစကက်အရွယ် စာရွက်များကို လှမ်း၍ယူနေသည်ကို တွေ့ရ၏။

သူဝင်လာသည်ကိုတွေ့သောအခါ မင်းကြီးကလှမ်း၍ ပြောလိုက်၏။

"ထိုင်ဦး ဂျွန်၊ ဟောဒီမှာ ခင်ဗျားအတွက်စိတ်ဝင်စားဖို့ကောင်းမယ့် အမှုတစ်ခု၊ ဖြစ်တဲ့နေရာကလဲ ခင်ဗျားအရင် တာဝန်ကျခဲ့ဘူးတဲ့ အစွလင်တန်မှာ၊ ကျွင်ရှိုင်းယယ်ကိုသာ ခေါ်သွားပေတော့၊ သူက အဲဒီနယ်မြေကို ကောင်းကောင်းသိတယ်၊ ကျုပ်အမြင်တော့ ခင်ဗျားကိုင်ချင်တဲ့ လူသတ်မှုမျိုးပဲ၊ ယောကျ်ားကြီးတစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်ဟာ ဒီအမှုမှာ ပတ်သက်စရာအကြောင်းရှိတယ်လို့လဲ ထင်တယ်"

{ ၂ }

စကော့တလန် ယာ့ဒ်စုံထောက်ဌာနချုပ်မှ လက်ထောက်စုံထောက် မင်းကြီး
အင်စပက်တော်ချုပ် ဖွန်ဘို(လ်)ထရီအားခေါ်၍ ထူးဆန်းသော လူသတ်မှု
ဖြေရှင်းပေးဖို့ တာဝန်မပေးမီ ခြောက်လခန့်အချိန်တွင် အယ်လီနာ
ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို သဂြိုဟ်ခဲ့သည်။ အယ်လီနာမသေမီ တ
မှာသွားသည့် ဆန္ဒကိုလိုက်လျောကာ ပေါ(လ်)က ထရပ်စတက်ရွာရှိ ဘုရားရှိ
ကျောင်းဝင်းထဲရှိ အယ်လီနာ၏ အမေဂူဘေးတွင်ယှဉ်၍ ဂူသွင်းပေးလေသည်

အမှန်စင်စစ် ပေါ(လ်)သည် မီးသဂြိုဟ်လျှင် ဖြစ်နိုင်မဖြစ်နိုင်ကို အသုဘကိစ္
စီစဉ်ပေးသည့်လူအား မေးကြည့်သေးသည်။ သူရရှိသည့် အဖြေမှာ မီးသဂြို
လျှင်လည်းဖြစ်ကြောင်း၊ သို့သော် အလောင်းကို စစ်ဆေးဖို့ အခြားဆရာဝ
တစ်ဦးကိုခေါ်ရန်လိုလိမ့်မည်ဖြစ်ကြောင်း၊ ထိုဆရာဝန်က ခွင့်ပြုကြောင်း လက်မှ
ထိုးမှ မီးသဂြိုဟ်နိုင်မည်ဖြစ်ကြောင်း သိရှိရပေရာ မီးသဂြိုဟ်ရေးကိစ္စ
လက်လျှော့၍၊ အယ်လီနာ၏ ဆန္ဒနှင့်လျော်ညီစွာ ဂူသွင်းပေးခြင်းဖြစ်၏။

အသုဘကိစ္စကို တာဝန်ယူလုပ်ပေးသူက အယ်လီနာ၏ ဂူပေါ်တွင် မည်
သော စာတန်းထိုးမည်နည်းဟု သူ့ကိုလာမေး၏။

ထိုအမေးကို ပေါ(လ်)က ချက်ခြင်းအဖြေမပေးနိုင်ခဲ့ပေ။ သင့်လျော်မည့်
စကားလုံးများကို အချိန်အနည်းငယ်ယူ၍ စဉ်းစားရသေးသည်။

'ထာဝစဉ်ချစ်လျက်' …ဟူသော စာတန်းမျိုးထိုးရန် သူစိတ်မလုံ။ တကယ်
တော့ အယ်လီနာကို သူကချစ်ခဲ့သည်မဟုတ်ပေ။

နောက်ဆုံးတွင် ရိုးရိုးစာတန်းသာထိုးရန် ဆုံးဖြတ်လိုက်၏။

ပေါ(လ်)ပရက်ဆက်၏ ဇနီး အယ်လီနာပရက်ဆက် …နေ့တွင် ကွယ်လွ
သည်။

'ဘုရားသခင်က အေးချမ်းမှုကို ပေးသနားတော်မူပါ'

အသုဘ ဆရာကလည်း ထိုစာတန်းသည် အလွန်သင့်လျော်ကြောင်း ချီးမွ
ပြောဆိုကာ သူ၏အလုပ်ကိုဆက်၍လုပ်ရန် ပေါ(လ်)၏ အပါးမှ ထွက်ခွာသွ
သည်။

သို့ဖြင့် အယ်လီနာ၏ အလောင်းသည် သူ၏အမေနှင့်ယှဉ်တွဲလျက် ထ
စတက်ရွာ ဘုရားရှိခိုးကျောင်းဝင်းထဲတွင် အေးအေးချမ်းချမ်းကျန်ရစ်ခဲ့တော့
အသုဘလိုက်ပို့သူများအနက် တစ်စုံတစ်ယောက်ကမျှ အယ်လီနာ သေဆုံးပုံ

သယမရှိကြ။ သွေးရိုးသားရိုး သေဆုံးသည်ဟုပင် အားလုံးက ယူဆကြပါသည်။ ယ်လီနာအသက်ရှိစဉ်က အရင်းနှီးအခင်မင်ဆုံးဖြစ်ခဲ့သူ မစ္စစ်ဘက်စီဖား(လ်)က အယ်လီနာတော့ ဒီလို ဖြုန်းခနဲ ဒိုင်းခနဲကိစ္စဖြစ်လာလိမ့်မယ်လို့ အစကတည်းက င်မိသားပဲ၊ သူ့ရောဂါမျိုးက ဒီလိုဖြုန်းခနဲဖြစ်လာတတ်တာ'ဟု၍ပင် ပြောသွား သည်။

အယ်လီနာကို မြှုပ်နှံသင်္ဂြိုဟ်သည့် အချိန်သည် အောက်တိုဘာလ ဖြစ်သည်။ ရာသီကုန်ဆုံး၍ အော်တွမ်ခေါ် ဆောင်းဦးရာသီသို့ ဝင်လာသည့်ကာလဖြစ်၏။ ဘ်ရွက်ဝါများ စတင်ကြွေချိန်ဖြစ်သည်။ ဆောင်းရာသီကျကျနနဝင်လာသည့် ခါတွင် ထိုရော်ရွက်ဝါများကုန်အောင် ကြွေကျပြီးနောက်၊ သစ်ပင်များသည် ရှိုးပြိုင်းပြိုင်းသာ ကျန်ပေတော့မည် ဖြစ်၏။

အောက်တိုဘာလမှသည် နိုဝင်ဘာလအတွင်းသို့ ဝင်လာသည်။ အယ်လီနာ း‌ခဲ့သည်မှာလည်း တစ်လပြည့်လာခဲ့ပြီဖြစ်သည်။ ပေါ(လ်)သည်လည်း ပြည်းဖြည်းနေသားကျလာသည်။ စိတ်မလုံမလဲလည်း မဖြစ်တော့ပေ။ အယ်လီနာ သွားသည်မှာ သူ့ပယောဂ လုံးလုံးမပါဟုပင် ထင်လာမိသည်။ တကယ်တော့ ရန်ဒီထဲတွင် သူထည့်လိုက်သည့် ပေါင်းပင်သတ်ဆေးမှာ နောက်ဖေးတဲထဲတွင် ရှိုန်အကြာကြီးပစ်ထားခဲ့သဖြင့် အာနိသင်ပြယ်ပြီးဖြစ်နိုင်သည်။ ဘရန်ဒီ ည်းငယ် များသွားသဖြင့်သာ အယ်လီနာ၏ အခြေအနေ ပိုဆိုးလာခြင်း ဖြစ်ရမည်ဟု ကိုယ်လိုရာ ကိုယ်ဆွဲ၍တွေးလိုက်သေးသည်။

သို့ဖြင့် အိမ်ကြီးတစ်လုံးတွင် တစ်ယောက်တည်းနေကာ၊ နံနက်ကျလျှင် ကျောင်းသို့စာသွားသင်လိုက်၊ ညနေစောင်းလျှင် အိမ်သို့ပြန်လာလိုက်ဖြင့်၊ ာ်ရုပ်သဖွယ် မှန်မှန်လုပ်နေလေသည်။ အိမ်ငှား စာချုပ်က ရက်မစေ့သေးသဖြင့်၊ အိမ်ကိုလည်းပြန်အပ်၍မရသေးပေ။ ခါတိုင်းတစ်ပတ်လျှင် သုံးကြိမ်လာ၍ ာက်တိုမယ်ရ လုပ်ပေးသည့် မစ္စစ်ဘရစ်(စ်)ကိုးက ယခုဆိုလျှင် နေ့စဉ်လာ၍ အိမ်ကို လှည်းကျင်း သုတ်သင်ပေးသည်။

သူသည် မိုင်ရာထံမှစာကိုသာ မျှော်နေမိသည်။ အယ်လီနာဆုံးသည့် သတင်းကိုကြားလျှင်၊ သူ့ထံသို့ မိုင်ရာက စာရေးသား ဆက်သွယ်လိမ့်မည်ဟု မျှော်လင့်နေမိသည်။

ရက်ပေါင်းများစွာကြာသည့်တိုင်အောင် မိုင်ရာထံမှ စာမလာသည်ကို တွေ့ရသောအခါ ပေါ(လ်)က တစ်မျိုးစိစဉ်ရတော့၏။

စိတ်ကူးရှိုးရှိုး

မိုင်ရာထံမှ စာမလာသည့်အခါမှာ၊ အယ်လီနာဆုံးကြောင်း မသိ၍လည်း ဖြစ်မည်။ သို့မဟုတ်လျှင်လည်း သူ့ဘက်ကစ၍ အဆက်အသွယ် လုပ်ရန်စော ၍လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် သူကပင်စ၍ အဆက်အသွယ်လုပ် တော့မည်။ သို့သော် အယ်လီနာဆုံးသည်မှာ သိပ်မကြာလှသေးသည်ကြ ကာလအသင့်အတင့်ကြာအောင် စောင့်ဦးမှ သင့်တော်မည်ဟု အောက်မေ့မိသ

ဤသို့စောင့်နေစဉ်ကာလအတွင်း၊ အရင်က သူတို့နှစ်ဦး သွားနေကျ မ ဖြစ်သော ကလစ်ဆော့ ပန်းခြံသို့ မိုင်ရာကိုတွေ့လိုတွေ့ငြား သွားကြည့် သေးသ ဆောင်းဝင်တော့မည့်ကာလဖြစ်သည်ကြောင့်၊ကြွေကျနေသော ရော်ရွက်ဝါတွေကိ သစ်ပင်များအောက်၌ ပြန့်ကျဲလျှက်ရှိသည်ကိုတွေ့ရသည်။ မိုင်ရာ၏ အရိပ်အယေ ကိုမျှ လုံးဝမတွေ့ရပေ။

မိုင်ရာကတော့ သံယောဇဉ်ပြတ်ပြီပေဟု ဆိုသည်နှင့် လုံးဝဖြတ်သွားပုံရသ

မိုင်ရာကိုမတွေ့ပြန်တော့လည်း ပေါ(လ်)၏ စိတ်ထဲတွင် စိုးရိမ်မိလာ သည်။ 'အရင်တစ်ကြိမ် မိုင်ရာနှင့်အတူတွဲသွားသည့် ကောင်ကလေးနဲ့များ ဘုရား... ဘုရား... မဟုတ်ပါစေနဲ့ ...'

နောက်ထပ် နှစ်လကြာလျှင် မိုင်ရာ အလုပ်လုပ်နေသော အဝတ်အ ဆိုင်သို့သွား၍ မိုင်ရာနှင့်တွေ့ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သို့ဖြင့် အယ်လီနာ၏အလောင်း မြေသို့ကျပြီး၍ နှစ်လတိတိကြာ နေ့ဝယ် ပေါ(လ်)ပရက်ဆက်သည် မိုင်ရာကိုတွေ့ရန် ချစ်(စ်)ဝစ် လမ်းမကြ လာခဲ့လေသည်။

လာသာ လာခဲ့ရသည်။ ပေါ(လ်)၏ ရင်တွင်းဝယ် ဒွိဟ ဖြစ်နေသ တစ်ခါတစ်ခါ၌ မိုင်ရာက သူ့ကို လက်ခံပါဦးမည်လားဟု စိတ်ဓာတ်ကျသွား တစ်ခါတစ်ခါတွင်တော့လည်း မျှော်လင့်ချက်အပြည့် ဖြစ်လာတတ်ပြန်သ

ထိုနေ့သည် တနင်္လာနေ့ ဖြစ်သဖြင့် ညနေ ခုနစ်နာရီထိုးပြီးမှ အလုပ်ဆင်းရမည်ဖြစ်သည်။ ယခင်တစ်ကြိမ် လာစဉ်ကကဲ့သို့ပင် ဘ ရှေ့ပေါက်ရှိ ချောင်ကလေးထဲမှနေ၍ မိုင်ရာ အလုပ်လုပ်သည့် ဆိုင်ပေါ မျှော်ကြည့်ရင်း စောင့်နေရသည်။ ချစ်(စ်)ဝစ် လမ်းမကြီးပေါ်ရှိ ဆိုင်များသည် မီးတထိန်ထိန်ဖြင့် မိမိတို့ရောင်းကုန်များကို ဝယ်ချင်စဖွယ်ဖြစ်အောင် ပြ ထားကြသည်။ ခရစ်(စ်)မတ်ပွဲတော်ရက် နီးလာပြီဖြစ်သဖြင့် လူများသည် ချ လမ်းမကြီးပေါ်တွင် များပြန်းခပ်မျှ သွားလာနေကြကာ အလုပြ

ဆောင်းကုန်ပစ္စည်းများကို ငေးမောကြည့်သူကကြည့်၊ ဆိုင်များအတွင်းသို့ ဝင်ရောက်ဝယ်သူကဝယ်နှင့် ရှိနေကြ၏။

ပေါ(လ်)မျောမှာမူ ထိုဈေးဝယ်သူ လူအုပ်အကြားမှနေ၍ မိုင်ရာထွက်ပေါ်လာမည့် ဆိုင်ပေါက်ဝဆီသို့သာ သဲကြီးမဲကြီး စိုက်ကြည့်နေရှာသည်။ တော်ပေသေးသည်။ ယခင်တစ်ကြိမ်ကကဲ့သို့ မိုးသည်းထန်စွာ ရွာမနေပေ။

ခုနစ်နာရီ ထိုးသည်အထိ မိုင်ရာထွက်လာသည်ကို မတွေ့ရသေး။ စောင့်နေရင်း သူ၏ စိတ်အားမှာ လျော့လာပြန်သည်။ မိုင်ရာ ဒီဆိုင်မှာမှ အလုပ်လုပ်သေးရဲ့လားဟူသော စိုးရိမ်စိတ်က ဘယ်ချောင်ကပေါ်လာသည်မသိပေ။

ဟာ...ခက်ကပြီ၊ ဒီမှာ မလုပ်တော့ဘူးဆိုရင် ဘယ်ကို လိုက်ရှာရမလဲ

ဤသို့ ပေါ(လ်)မျော စိတ်ဓာတ်အကျကြီး ကျနေစဉ်မှာပင် မိုင်ရာက ဆိုင်ပေါက်ဝမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

ပေါ(လ်)သည် အသက်ရှူပင် ရပ်သွားလုနီးနီး ခံစားလိုက်ရရှာပါသည်။ သူ ဘာဘာညာညာ ဆက်၍ တွေးမနေတော့၊ လမ်းမကြီးကို ဖြတ်ကူးပြီးနောက် သူ၏ရှေ့မှရပ်ကာ မိုင်ရာ၏အမည်ကို ခေါ်လိုက်သည်။

"မိုင်ရာ"

"ဟင် ..."

မိုင်ရာထံမှ အံ့ဩသည့်အသံထွက်လာ၏။ မျက်မှောင်လည်းကုတ်သွားသည်။ အလိုလိုမ်းစွာဖြင့် အာမေဋိတ်သံ တစ်ခွန်းထပ်၍ ထွက်လာပြန်သည်။

"ဟင် ..."

ပေါ(လ်)ကလည်း ဖြုန်းဖြုန်းဒိုင်းဒိုင်းပင် ပြောချလိုက်သည်။

"မိုင်ရာကို တမင်တကာ လာတွေ့တာပါ၊ ဒီနေရာကိုတော့ မိုင်ရာ အရင်နေခဲ့ အိမ်ရှင် မစ္စစ်ဘွန်းထရီးက ညွှန်းလိုက်လို့ သိထားတယ်"

အကြောင်းစုံမသိသေးသည့် မိုင်ရာကတော့ ဝမ်းသာအယ်လဲမရှိ။

"ဒါ...ဒါပေမဲ့ ကို အခုလို မိုင်ရာ့ဆီ လာတွေ့ဖို့ မသင့်ဘူးထင်တယ်"

"အေးပါ...အေးပါ၊ မိုင်ရာ့ကို ကိုယ် အကြောင်းစုံ ရှင်းပြပါမယ်၊ ပြောစရာတွေ အများကြီး"

အစီဗွာယ်မပေါက်သေးသည့် မိုင်ရာကတော့ ယခုထိ မပြုံးမရယ်သေး။

"ပြောဖို့ မလိုတော့ပါဘူး ထင်ပါရဲ့ ကိုရယ်"

"လာပါကွယ်၊ လမ်းလျှောက်ရင်းနဲ့ ကိုယ်ရှင်းပြပါမယ်၊ လာပါ"

သူတို့နှစ်ယောက် အတူတူ လျှောက်သွားရင်း ပေါ(လ်)က မိုင်ရာဘက် ရှေ့၍ ကြည့်လိုက်မိသည်။ မိုင်ရာ၏ လက်မောင်းမှာ တုန်ယင်နေသည် တွေ့ရ၏။

ပေါ(လ်)က စကားကို ဆက်၍ ပြောရသည်။

"မိုင်ရာ... အယ်လီနာအကြောင်းကို ကြားသလား"

မိုင်ရာက ပေါ(လ်)ဘက်သို့ ဆတ်ခနဲလှည့်၍ ပြန်ဖြေသည်။

"ဟင့် ... အင်း"

"သူလေ ... သူ ... ဆုံးသွားပြီကွယ်၊ အခုဆိုရင် နှစ်လရှိသွားပြီ"

မိုင်ရာက ပေါ(လ်)၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်၍ ပြန်ပြောသ

"ဟုတ်လား ... ကျွန်မလဲမသိဘူးပေါ(လ်)ရယ်၊ သနားပါတယ်၊ ဘာ နဲ့လဲ"

"အရင်တစ်နှစ်လောက်တုန်းကဖြစ်တဲ့ ရောဂါနဲ့ပဲ၊ မှတ်မိသေး ဟိုတုန်းကဖြစ်တာလေ"

"အင်း ... အင်း၊ ဒါထက် ကိုကော အခု ဘာလုပ်နေသလဲ"

ပေါ(လ်)က ခပ်ယဲ့ယဲ့ပြုံးရင်း ပြန်ဖြေလိုက်သည်။

"ကိုယ်လား မိုင်ရာကိုမျှော်နေတာပေါ့ကွယ်"

မိုင်ရာက တစ်ဖက်ကိုလှည့်၍ သွားသည်ကိုတွေ့သဖြင့် ပေါ(လ်)က လမ်းကြောင်းကို ပြောင်း၍ပြောရသည်။

"အခု လောလောဆယ်မှာတော့ အဲဒီအိမ်ကြီးမှာ တစ်ယောက်တည်း တာပေါ့ကွယ်၊ မနက်မှာ ကျောင်းကိုသွား၊ ညနေကျရင် အိမ်ကို ပြန်လာ မစ္စစ်ဘရစ်(စ်)ကိုးကတော့နေ့တိုင်းလာပြီးအိမ်ကိုကြည့်ပေးပါတယ်။ ဒါ မင်းကို ကိုယ်လာတွေ့တာပေါ့ မိုင်ရာရယ်၊ မိုင်ရာကော လွတ်လွတ်လပ် ရှိသေးရဲ့ မဟုတ်လား"

မိုင်ရာ၏ ပြန်ဖြေသံကတော့ အသံတိမ်တိမ်ဖြင့်–

"ဟုတ်ပါတယ်"

ရှေ့ဆက်၍ မေးရန်အတွက် ပေါ(လ်)သည် မိမိကိုယ်ကို မနည်းအ ရသည်။ မိုင်ရာ၏အဖြေက သူမျှော်လင့်ထားသည့်အတိုင်း မဟုတ်လျှင် ခဲ သဲရေကျ ဖြစ်ရမည့်အရေးကိုလည်း စိုးရိမ်မိသည်။

"ဒီ ...ဒီလိုဆို ... ကိုယ့်အပေါ်မှာကော အရင်လိုစိတ်ထားသေးရဲ့လား

ယခုတစ်ကြိမ်တွင်လည်း မိုင်ရာ၏ဖြေသံက ခပ်တိမ်တိမ်ပင်...

စိတ်ကူးချိုချို

"ဟုတ်ကဲ့ ..."

ပေါ(လ်)သည် အတိုင်းမသိဝမ်းသာသွားရှာသည်။ သူက မိုင်ရာ၏ လက်ကလေးကိုဆွဲယူ၍ အားပါးတရ ဆုပ်ကိုင်ကာ သူ့စိတ်ထဲမှ ခံစားချက်ကို အားပါးတရ ပြောချလိုက်သည်။

"အား ... ဝမ်းသာလိုက်တာ မိုင်ရာရယ်၊ ကိုယ်တော့ ပြောမပြတတ်အောင် ... ကိုယ်ယုံကြည်ပြီးသားပါလေ၊ မိုင်ရာဟာ ကိုယ့်အပေါ်မှာ ဘယ်တော့မှ ပြောင်းလဲမယ်မဟုတ်ဘူးဆိုတာ၊ ဝမ်းသာလိုက်တာ မိုင်ရာလေးရယ်"

ပေါ(လ်)၏ အမေးကတော့ မရပ်သေး။

"မိုင်ရာ့မှာ တွဲနေတဲ့လူကော မရှိဘူးလား"

"မရှိပါဘူး"

"ဟုတ်ရဲ့လား မိုင်ရာရယ်"

"အို ... အဟုတ်ပါ အစ်ကိုရဲ့၊ ပြောရမယ်ဆိုရင်တော့ ကောင်လေးတစ်ယောက် ... လာလာပြီးရစ်နေလေ့ရှိတယ်၊ ဒါပေမဲ့ မိုင်ရာကမှ စိတ်မပါဘဲ၊ ရိုးရိုး ... ဘန်း ခင်တဲ့မင်တဲ့အနေအထားလောက်ပဲ မိုင်ရာ့ စိတ်ထဲမှာရှိတယ်"

"ဟုတ်လား ... မိုင်ရာက သိပ်တော်တာပဲကွယ်၊ ဒါပေမဲ့ ကောင်လေး ... မှာတော့ စိတ်သောက ရောက်ရရှာမှာပေါ့နော်"

မိုင်ရာက ခပ်ပြုံးပြုံး ပြန်ဖြေသည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဒီကောင်လေးလဲ သူလိုချင်တာ မရနိုင်မှန်း ... တော့ ခွာသွားတာပါပဲ"

"ဝမ်းသာလိုက်တာ မိုင်ရာရယ်၊ ကဲ ... ဒီလိုဆိုရင် တစ်နှစ်လောက်ကြာရင် ... လက်ထပ်နိုင်ပါ့မလား၊ အဲဒါကလေးတော့ သိထားချင်တယ်ကွယ်၊ ဒါမှ ... ရဲ့ ရှေ့ရေးက ရေရေရာရာရှိမှာ၊ ဘယ့်နှယ်လဲ"

မိုင်ရာ့ထံမှ ဘာမျှ ပြောသံထွက်မလာ။

ပေါ(လ်)က ထပ်၍ ပြောသည်။

"ပြောပါမိုင်ရာရဲ့ ကိုယ်မေးတာကို ဖြေစမ်းပါ၊ ကိုယ့်ကိုလက်ထပ် ... မလားလို့"

"ဟုတ် ... ဟုတ် ... ဟုတ်"

မိုင်ရာက ခပ်တိုးတိုးကလေး ဖြေလိုက်သော်လည်း၊ ထိုအဖြေကို ... ကြားလိုက်ရသည့် ပေါ(လ်)မှာ ထ၍ ကချင်လောက်အောင်ဝမ်းသာသွားသည်။ ... ကိုပင် သူမယုံနိုင်အောင် ဖြစ်သွားရှာသည်။

**စိတ်ကူးချိုချို**

သူက မိုင်ရာ၏လက်ကို တအားညှစ်ကာ အားရပါးရ ပြောလိုက်သည်
"မိုင်ရာ ... မိုင်ရာ ... ကိုယ်ဝမ်းသာလိုက်တာကွယ်၊ တို့နှစ်ယော
လက်ထပ်ပြီးရင်တော့၊ တောပိုင်းမှာသွားနေကြမယ်၊ တို့နှစ်ယောက်အဖို့ ရေ့လျှ
စိတ်ညစ်စရာ ဘာမှမရှိတော့ဘူး"

မိုင်ရာကလည်း ဝမ်းသာအားရ ပြန်ဖြေရာသည်။

"အို ... ပေါ(လ်)ရယ် မယုံနိုင်စရာပဲနော်၊ ဖြစ်လာလိုက်တာ၊ ဒါ
ကျွန်မတို့ နည်းနည်းအချိန်ပိုပြီး စောင့်ကြရင်မကောင်းဘူးလား"

"မိုင်ရာသဘောပဲလေ၊ ဒါပေမဲ့ ဒီအတောအတွင်းမှာတော့ ကိုနဲ့ မိုင်
နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် တွေ့နေရရင်လဲ စောင့်နိုင်ပါတယ်"

"တွေ့ဖို့ ကောင်းပါဦးမလားကိုရယ်၊ ကို့ မိန်းမကြီးဆိုးတာ သိပ်မ
သေးဘူး မှုတ်လားလို့"

"အို ... လူ့ဘဝဆိုတာ အချိန်တိုတိုကလေးကွ၊ အခွင့်သာတုန်းမှာ အ
အရေးဆိုတာ အရယူထားလိုက်မှ၊ ကိုယ်တို့နှစ်ယောက်ကို သိတဲ့လူတွေနဲ့၊ မ
နိုင်တဲ့နေရာမှာ တွေ့ကြတာပေါ့၊ မိုင်ရာကကော တွေ့ချင်တဲ့စိတ် မရှိဘူးလ

"ဘယ်နှယ် ပြောပါလိမ့် ကိုရယ်၊ သိပ်ရှိပေါ့"

"ဒီလိုဆိုရင် ဘာပြောဖို့ လိုသေးလဲ"

"ဒါပေမဲ့ အခုအချိန်က ဆောင်းတွင်းကြီးဆိုတော့ ဘယ်နေရာမှာသွား
မှာလဲ"

"အလွယ်ကလေးပါ မိုင်ရာရဲ့နေရောင်ခြည်ရတဲ့ပင်လယ်ကမ်းခြေ မြို့က
တစ်မြို့ကို သွားမယ်ကွာ၊ အဲဒီလိုနေရာမျိုးမှာ တို့ကိုသိတဲ့လူလဲ မရှိ
ကဲ ... ဒါကတော့ နောက်မှလုပ်ရမယ့်အလုပ်၊ အခု လောလောဆယ်မှာ
လွတ်လပ်တဲ့ပန်းခြံတစ်ခုခုများ ဒီအနီးအနားမှာ မရှိဘူးလား"

"အက်တန်ဂရင်း ပန်းခြံတော့ ဒီအနားမှာရှိတယ်၊ ကလစ်ဆော
လောက်တော့ မကျယ်လှဘူးပေါ့"

"အို ... ကျယ်ကျယ် မကျယ်ကျယ်ကွာ၊ လွတ်လွတ်လပ်လပ်ရှိရင် ပြီ
လာ ... သွားကြမယ်"

ချစ်သူနှစ်ဦးမှာ အက်တန်ဂရင်းပန်းခြံဘက်သို့ လျှောက်လာရင်း
တွတ်ထိုးလာကြသည်။

အက်တန်ဂရင်းတွင် တွေ့ကြသည်မှာ သူတို့နှစ်ဦး ခွဲခွာလာကြပြီးမှ
ဦးဆုံးအကြိမ် လွတ်လွတ်လပ်လပ် တွေ့ရခြင်းဖြစ်သည်။ တစ်ကြိမ် တွေ့

ရသည်၊ နောက်ထပ်တွေ့ချင်လာကြပြန်သည်။ သို့ဖြင့် မိုင်ရာအလုပ်မှ စောစော ရသည့် ကြာသပတေးနှင့်ရက်အားရသည့် တနင်္ဂနွေနေ့များတွင် မှန်မှန်တွေ့ဆုံ ကြတော့၏။

တစ်ဖန် ပန်းခြံများတွင် တွေ့ရုံနှင့် အားမရနိုင်ကြတော့ပေ။ မစ္စတာ ပေါ်ဆက်နှင့် မစ္စစ်ပရက်ဆက်အဖြစ်၊ ဟိုတယ်အခန်းငှား၍၊ ခပ်တည်တည် နေကြသည့် အဆင့်သို့ပင် ရောက်လာကြ၏။

# {၃}

ပေါ(လ်)ပရက်ဆက်သည် ငယ်စဉ်ကပင် လယ်ကွင်းများ တောင်ကုန်း များပေါ်တွင် ကြီးပြင်းလာခဲ့သူပီပီ၊ သြကာသလောကကြီးကိုနှစ်သက်၏။ ထို့ကြောင့် အချိန်ရသည့်အခါတိုင်း၊ လန်ဒန်အနီးတစ်ဝိုက်ရှိ သစ်တောများ၊ တောင်ကုန်းများသို့ လမ်းလျှောက်ထွက်လေ့ရှိသည်။ သူတစ်ဦးတည်း လျှောက်ရုံနှင့် အားမရသေး။ သူ၏အရပ်ထဲမှ အပေါင်းအသင်းများကိုပါ စည်းရုံးလျက်၊ ရက်အားများတွင် လမ်းလျှောက်သည့်အလုပ်ကို မှန်မှန်လုပ်ခဲ့သည်။

သူ၏ဇနီး ဆုံးပြီးသွားသည့် နောက်ပိုင်းတွင် ထိုအပေါင်းအသင်းများကို ခေါင်းဆောင်၍ လမ်းလျှောက်သည့်အလုပ်ကို မလုပ်နိုင်တော့ရာ၊ သူ၏နေရာတွင် ဆရာဝန် ဝပ်ဆော့ကဝင်၍ ခေါင်းဆောင်လျက်၊ အားလပ်ရက်များတွင် စုရုံး လမ်းလျှောက်သည့် အလုပ်ကို အရှိန်မပျက်ဆက်လက်လုပ်နေကြ၏။

တစ်နေ့သော တနင်္ဂနွေနေ့တွင် ဒေါက်တာဝပ်ဆော့၏အိမ်တွင် လမ်းလျှောက် မည့်သူများ စုရုံးမိကြ၏။ ထိုနေ့ လမ်းလျှောက်ကြမည့် အစီအစဉ်မှာ ဂရင်းဆင်း တောင်ကုန်းအောက်ပိုင်းသို့ ရောက်သည်အထိ လျှောက်ကြမည်ဖြစ်၏။

ဒေါက်တာဝပ်ဆော့၏ အိမ်မှထွက်လာ၍ တစ်နာရီခန့်ကြာသော အခါ ဟက်ဟတ်(စ်)ဒေါင်း(စ်)တောင်ပိုင်းသို့ ရောက်လာကြ၏။ ထိုဒေသတွင် မြေဖြူ တောင်ကုန်းများရှိ၏။ တောင်ကုန်းများ၏ အောက်ခြေတွင် သဲပြင်ရှိ၏။ သဲပြင်နှင့် တောင်ကုန်းများအကြားတွင် မြူနှင်းများဆိုင်းနေသည်။ ထို့ကြောင့် အနည်းငယ် လမ်းကွာသွားသည်ဆိုလျှင် တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲမမြင်ရပေ။ လူချင်း ကွဲမသွားစေရန် တစ်ဦးကိုတစ်ဦး စောင့်၍ခေါ်ဖို့ အချင်းချင်းသတိပေးနေကြ ရသည်။

သူတို့အဖွဲ့ထဲမှ ဂျွန်ဆင်ဆိုသူက ပေါ(လ်)ကို သတိရကြောင်း ပြော၏။

"အေးဗျာ၊ ဒီလို နေရာမျိုးမှာ ဆရာပေါ(လ်)ပါလာရင် သိပ်ကောင်းမှာ၊

ဟောဒါက ဘာအပင်ဗျ၊ ဟောဟိုငှက်က ဘာငှက်ခေါ်တယ်နဲ့ ကျုပ်တို့ကို ည
နေမှာ"

အခြားတစ်ယောက်က ရှုန်ဆင့်စကားကို မထောက်ခံပေ။

"ဟင့်အင်း၊ ကျုပ်တော့မကြိုက်ဘူး၊ လမ်းလျှောက်ထွက်တာပဲဗျ၊ သစ်ပ
ငှက်တို့ကြည့်ဖို့ထွက်တာမှမဟုတ်ဘဲ၊ ပြီးတော့လဲ အခုလို မြူတွေဆိုင်းနေတ
ဘယ်ကငှက်ကို မြင်နိုင်မှာတုန်း"

အခြားတစ်ယောက်က အော်၍ပြောသံကို ကြားရ၏။

"ကျုပ်တို့သွားနေတာ လမ်းမှန်ရဲ့လားဗျို့၊ ကျုပ်စိတ် အထင်
တောင်ကုန်းပေါ်တက်နေတဲ့ပုံပဲ"

အခြားအသံတစ်သံက ပြောလိုက်သည်ကို ကြားရပြန်သည်။

"ရှုန်ဆင်သွားတဲ့နောက်ကိုသာ လိုက်ပေါ့ဗျာ၊ သူ့မှာမြေပုံပါတာပဲ လေ

နောက်အသံတစ်သံ ထပ်မံထွက်ပေါ်လာပြန်၏။

"ကိုယ့်လူတို့၊ ရှုန်ဆင့်ကိုသိပ်ပြီးလဲ အားကိုးမနေနဲ့ဦး၊ သူ့မြေ
အမှားကြီးဗျ"

ဤတွင် အပေါ်မှနေ၍ ရှုန်ဆင်အော်၍ပြောသံကို ကြားရ၏။

"တက်လာခဲ့ကြဗျို့၊ အခု ကျုပ်တို့တတွေဟာ ပစ်(ချ်)တောင်
မြောက်ဘက်ကုန်းစောင်းပေါ်မှာ ရောက်နေတယ်"

လူအားလုံးစုံသည့်အခါ၌ မိမိတို့ အသီးသီးတွင် ပါလာသော နေ့
အထုပ်များကိုဖြေ၍ ကုန်းစောင်းတစ်နေရာတွင်ထိုင်ကာ မြိန်ရေရှက်ရေစား
မြူတွေထူထပ်လွန်းသဖြင့် ကိုယ်စားနေသည့် ပေါင်မုန့်ချပ်ကိုပင် မမြင်
အချင်းချင်းနောင်ပြောင်ပြောဆိုနေကြ၏။

စားပြီးသွားသောအခါ ရှုန်ဆင်က ရှေ့မှဦးဆောင်၍ လျှောက်သွား
သူတို့အားလုံးက နောက်မှဖြစ်နေ၍ စမ်းတဝါးဝါးဖြင့်လိုက်သွားကြ၏။ ကု
ဖြစ်သဖြင့် ပိန်ပိန်ပါးပါးလူများက မမောမပန်း တက်နိုင်ကြသော်လည်း
လူများမှာ ဟောဟဲဟောဟဲဖြင့် ကြိုးစား၍ တက်နေကြရ၏။

အတော်တက်မိသောအခါ မြူများကျနေသည့် နေရာကို လွန်မြော
နေရောင်ခြည်စကို တွေ့ရလေသည်။

သူတို့ရှေ့မှောက်ရှိ ရှုခင်းမှာ ရင်သပ်ရှုမောဖွယ်ပါပေ။ တော
ထိပ်ပေါ်တွင် ရောက်နေသည်ဖြစ်၍ တောင်စောင်းအပေါ်၌ရှိသော တိမ်လိ

ပေါ်မှစီး၍ မြင်နေရသည်။ နေရောင်ခြည်အလိပ်လိပ် ရှိနေသော တိမ်သားများ ပေါ်တွင် ရွှေစာခြည်ကို ဖြန့်ချထားသည့်နှယ် ရှိနေသည်။

"အား ... ဒီလိုရှုခင်းမျိုး တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးသေးဘူးဗျို့"

အခြားတစ်ဦးက ထောက်ခံသည်။

"ဟုတ်တယ်ဗျို့၊ မမေ့နိုင်လောက်တဲ့ ရှုခင်းပဲ"

ထိုအသံများအကြားမှ ဒေါက်တာဝပ်ဆော့က ဂျွန်ဆင်၏လက်ကို တို့ကာ ပြသည့်အသံဖြင့် ပြောလိုက်သည်ကို ကြားရသည်။

"ဟော့ ... ဂျွန်ဆင် ... ဟောဟိုဘက်က ကြည့်လိုက်စမ်း၊ မစ္စတာ ပေါ်(လ်) ပရက်ဆက်မဟုတ်ဘူးလား"

ဒေါက်တာဝပ်ဆော့ လက်ညှိုးညွှန်ပြသည့်ဘက်သို့ ဂျွန်ဆင်က ကြည့်လိုက်ရာ ယောက်ျားအသက်ကြီးကြီးတစ်ယောက်နှင့် မိန်းမငယ် တစ်ယောက်သည်၊ ချစ်သူတို့ သူကယင်ခွန်းတုံ့တင်နေသည့် ပုံမျိုးဖြင့် ပူးကပ်စွာထိုင်လျက် စကားဆိုနေကြ သည်ကို တွေ့ရသည်။

ဂျွန်ဆင်က ဒေါက်တာဝပ်ဆော့ကို တအံ့တဩ ပြန်ပြော၏။

"အစစ်ပေါ့၊ ပေါ်(လ်)ပရက်ဆက်မှ ပေါ်(လ်)ပရက်ဆက်ပါပဲ၊ ဒီလူကြီးက ဘယ်ဆိုးလို့တုန်း၊ ခုလောက် အချိန်အတောအတွင်းကလေးမှာ အဖော်အစားရှာ ပြီးရော"

သူတို့အဖွဲ့သားတစ်ယောက်က ဟာဟားဟားရယ်ရင်း ဝင်ပြော၏။

"ဒါကြောင့်ကိုး၊ ကျုပ်တို့ လမ်းလျှောက်အဖွဲ့နဲ့ သူမလိုက်တော့တာ၊ ဟား... ဟား... ဟား... ဟား... သူတို့လဲ ကျုပ်တို့လိုပဲ အင်မတန် သာယာတဲ့ ရှုမျှော်ခင်း ကို ကြည့်ပြီး ကြည်နူးနေတယ် ထင်ပါရဲ့"

ဒေါက်တာဝပ်ဆော့က သူ၏လူများကို ဟန့်လိုက်ရသည်။

"ကဲ ... ကိုယ့်လူတို့ တော်ကြတော့၊ ပေါ်(လ်)မြင်သွားရင် မကောင်းပါဘူး၊ လာ ... လာ ... တခြားဘက်လှည့်ပြီး သွားကြရအောင်"

အိမ်အပြန်ခရီးတွင် ပေါ်(လ်)ပရက်ဆက်နှင့် မိန်းကလေးတစ်ယောက်တွဲ၍ ထိုင်နေသည့်အကြောင်းသည်၊ သူတို့အတွက် အလွန်တရာပြော၍ ကောင်းသော အကြောင်းအရာတစ်ရပ် ဖြစ်လာခဲ့၏။

{၄}

ပေါ(လ်)နှင့် မိုင်ရာအဖို့မှာကား ယခုနှစ်ဦးပိုင်း ကာလတွင်လော
တစ်သက်နှင့်တစ်ကိုယ် မပျော်ရွှင်ခဲ့ကြဘူးပေ။ တစ်ခါတစ်ခါတွင်တော့ ပေါ(လ်)
ခေါင်းထဲတွင် သူကျူးလွန်ခဲ့သောပြစ်မှုအတွက် မဆိုစလောက် စိုးရိမ်စိတ်က
ဝင်လာတတ်သည်။ သို့သော်ပေါ(လ်)က ကြာကြာ လက်ခံစဉ်းစားမနေပါ၊ မေ့
ပျောက်ပျောက်ပဲနေလိုက်ပါသည်။ အစစအရာရာ ပိပိရိရိလုပ်ခဲ့သည် ဖြစ်သေ
ကြောင့် စိုးရိမ်စရာ တစ်ဆံချည်မျှ မရှိဟု သူ့ကိုယ်သူယုံကြည်စိတ်မွေးထားသည်
ထို့ကြောင့် တစ်ရက် ကုန်သွားလျှင်၊ မိုင်ရာနှင့် လက်ထပ်ဖို့ ရက်တစ်ရ
ပိုနီးလာပြီဟုသာ လက်ချိုး၍ ရက်ကိုတွက်နေသည်။

မိုင်ရာအဖို့မှာကား စိုးရိမ်စရာအကြောင်း လုံးဝမရှိသဖြင့်၊ ရာနိုင်နှုန်းပြ
ပျော်ရွှင်ချမ်းမြေ့နေသည်။ ပေါ(လ်)က သူ့ကိုချစ်သည်။ ယုယသည်။ နားလည်
ရှိသည်။ အလိုလိုက်သည်။ အနွံတာခံသည်။ သူ့အတွက် ဘာမျှ လိုလေသေ
မရှိတော့ပါပေ။

သူတို့ရှေ့ရေးမှာ ဖြောင့်ဖြူးနေသည်။ ယခုဆိုလျှင် ဖေဖော်ဝါရီလ ဖြစ်သည်
လာမည့် နိုဝင်ဘာလထဲတွင် လက်ထပ်ကြမည်။ လက်ထပ်ပြီးလျှင် တောပိုင်းတ
အိမ်သေးသေးကလေးတစ်လုံးဝယ်၍၊ တူနှစ်ကိုယ်ပျော်ပျော်ကြီးနေကြမည်
စီမံကိန်း ချထားသည်။

သို့သော် လောလောဆယ် သူတို့နှစ်ဦး လွတ်လွတ်လပ်လပ်တွေ့ကြဖို့ အ
အတွက်မှုကား တစ်ခါတစ်ရံ၌ ဦးနှောက်ခြောက်လောက်အောင် ကြံရခ
စီစဉ်ရသည်။ ဆောင်းရာသီဖြစ်၍ ပန်းခြံထဲတွင်ထိုင်၍ စကားပြောကြရန်မှာလ
အေးလွန်းလှသည်။ ဟိုတယ်အခန်းငှား၍ တွေ့ကြသည့်အခါတိုင်း၊ ဟိုတယ်စာ
များ၏ရှေ့ဝယ် သူတို့နှစ်ဦးမှာ ရျက်နှာမထားတတ်ကြပေ။

နောက်ဆုံး၌ ပေါ(လ်)၏အိမ်သို့ မိုင်ရာက ညမှောင်မှောင်တွင် နောက်
တံခါးဘက်မှ ဝင်လာရန်နှင့် နံနက်မိုးမလင်းမီ ပြန်သွားရန် အစီအစဉ်ကို
လက်ခံရတော့သည်။ ဤအစီအစဉ်ကို ပထမတွင်တော့ မိုင်ရာက အကြော
အကန်ငြင်းပါသေးသည်။ အိမ်နီးနားချင်းတွေမြင်သွားလျှင် ဘယ့်နယ်လုပ်မလဲ
သူက အကြောင်းပြ၏။ ဒီလို ချမ်းချမ်းစီးစီး ဆောင်းတွင်းညအချိန်မှာ ဘယ်သူ
အပြင်ကိုထွက်နေမှာလဲ။ ပြီးတော့လည်း မိုင်ရာကို ဘယ်သူမှန်း သူတို့ သိကြ

ရတ်ဘူး၊ လာသာ လာပါ၊ စိတ်မပူပါနဲ့ဟု ပေါ(လ်)က အကြောင်းပြန်
တွန်း၏။

ယခုအကြိမ်တွင်လည်း မိုင်ရာသည် မစွန်းရင်းကလဲရှိ ကန်စွန်းခင်းကြီး
ခုလုံး ငြိသွားရပြန်လေပြီ။

ပေါ(လ်)က အိမ်တွင်းတွင် အကျအနပြင်ဆင်ထားသည်။ ထမင်းစားခန်းမှ
ပွဲပေါ်တွင် ပန်းလှလှကလေးများကိုထိုးထားသည်။ မိုင်ရာ ကြိုက်တတ်သည့်
ကလက်နှင့် ဘိလပ်ရည် လိမ္မော်ရည်တို့ကိုလည်း စားပွဲပေါ်တွင် အဆင်သင့်
ထားသည်။

မိုင်ရာလာသည့်အခါတွင် အင်း(မ်)ထရီးလမ်းတွင် လူတစ်ယောက်မျှ မရှိ။
လှသော ဆောင်းတွင်းကာလဖြစ်၍ လူများသည် မိမိတို့ အိမ်ထဲတွင်သာ
နေကြသည်။ မိုင်ရာက မျက်နှာရှေ့တွင် ဇာပဝါ ပါးပါးကိုချကာ ခေါင်းမြီးခြုံ၍
တ်သုတ်လျှောက်လာသည်။ သူ၏ ရင်တွင်းတွင် မီးရထားကြီး ခုတ်မောင်း
သည့်အလား တဒိန်းဒိန်း ဖြစ်နေ၏။

ပေါ(လ်)၏အိမ်သို့ ရောက်သည့်အခါ၌၊ အိမ်ရှေ့တံခါးမှ မဝင်ဘဲ ဘေးမှ
ကာ နောက်ဖေးတံခါးမှဝင်သည်။

အဆင်သင့်စောင့်နေသော ပေါ(လ်)ကလည်း၊ နောက်ဖေးတံခါးမှ မိုင်ရာ
လာ၍ တံခါးကိုပိတ်ပြီးလျှင် ပိတ်ပြီးချင်း၊ မိုင်ရာ၏ ကိုယ်လုံး ကလေးကို
၏ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေသည်။

## {၅}

ပေါ(လ်)အဖို့ မိုင်ရာကဲ့သို့ တွယ်တာရမည့် သူကလေးတစ်ယောက်
နေသဖြင့်၊ နေရထိုင်ရသည်မှာ စိတ်ချမ်းမြေ့လှသည်။ သူတစ်ယောက်တည်းသာ
နေသည့် ညနေခင်းများတွင်လည်း သူကလေးနှင့်အတူတကွ နေရတော့မည့်နေ့ကို
က်ချိုးရေတွက်နေရင်းဖြင့် ငြီးငွေ့မှုကိုဖြေဖျောက်နိုင်၏။

ဒေါက်တာဝါးတားဟော(လ်)မှာမူ အသက်ခြောက်ဆယ်ကျော်လာသည့်
ထိ၊ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် နေနေရသဖြင့်၊ အလုပ်မရှိသည့်
ညနေပိုင်းများတွင် ငြီးငွေ့ဖွယ်ကောင်းလှ၏။ ညနေစာ စားသောက်ပြီးနောက်၊
ည့်ခန်းတွင် တစ်ယောက်တည်းထိုင်ကာ အချိန်းဖြုန်းရခြင်းကို သူမုန်းတီးလာသည်။

သတင်းစာကိုလည်း ဖတ်ချင်စိတ်မရှိ၊ အခြားဝတ္ထု မဂ္ဂဇင်းတို့ကိုလည်း ဖတ်ချ မရှိပေ။ ထို့ကြောင့် အလွန်တရာပျင်းရိ ငြီးငွေ့သည့်စိတ်မျိုး ပေါ်ပေါက်လာ အခါမျိုးတွင် အရပ်ထဲရှိ မိတ်ဆွေအပေါင်းအသင်းများ၏ အိမ်သို့ သွား လည်ပတ်လေ့ရှိသည်။ သို့သော်လည်း မဖိတ်မခေါ်ဘဲ၊ သွားရောက်ခြင်း အိမ်တစ်အိမ် တည်းသို့ ဆက်တိုက်မသွားဘဲ တစ်အိမ်ပြီးတစ်အိမ်ပြော သွားရသည်။ ပေါ(လ်)ပရက်ဆက်၏ အိမ်သို့မူ အယ်လီနာဆုံးပြီး ကတည် ယခင်ထက်ပို၍ ရောက်လာလေ့ရှိသည်။ ပေါ(လ်)သည်လည်း သူကဲ့သို့ ဘ နေရသည့်အတွက် ပေါ(လ်)ထံသို့ လာရသည်မှာ အားနာစရာအကြောင်းမ ဒေါက်တာဝါးတားဟော(လ်)က ယူဆထားသည်။

ပေါ(လ်)တွင် မိုင်ရာဟူသော အဖော်မွန်ကလေးတစ်ဦးရှိနေသည်ကို ဒေါက်တာဝါးတားဟော(လ်)က မသိပေ။

ထို့ကြောင့်ပင် တစ်ခါတစ်ရံပေါ(လ်)ကို အိမ်တွင်မတွေ့ရသည့်အခါ၌ ဘယ်များသွားနေပါလိမ့်ဟု မစဉ်းစားတတ်အောင်ဖြစ်မိသေးသည်။

ပေါ(လ်)အိမ်တွင်ရှိသည့်အခါများတွင်ကား၊ သူတို့နှစ်ဦးသားမှာ ညဉ့်အ နက်သည်အထိ စကားကောင်းလေ့ရှိကြသည်။ သူတို့စကားကောင်းသည် ဆို မှာ၊ အကြောင်းအရာတစ်ခုခုကို ငြင်းကြခုံကြခြင်းဖြစ်သည်။ နှစ်ဦးစလုံးမှာ အ သန်ကြရာ၊ တစ်ယောက်နှင့်တစ်ယောက် အလျှော့မပေးဘဲ ငြင်းလေ့ရှိကြ သို့သော် ညဉ့်နက်လာသည့် အခါတွင်တော့ ငြင်းခုံခြင်းကိုရပ်ကာ၊ တစ်ယော တစ်ယောက်စိတ်မဆိုးကြဘဲ၊ ဂွတ်နိုက်ဟုနှုတ်ဆက်၍ ဒေါက်တာဝါးတားဟော က ပြန်မြဲဖြစ်၏။

တစ်နေ့သော ညနေခင်းတွင် ဒေါက်တာဝါးတားဟော(လ်)က ပေါ( အိမ်သို့ပေါက်လာသည်။ ရောက်လာပြီး၍ ခဏကြာလျှင်ပင် သူက သူ နေကျ ဟားဗားနား ဆေးပြင်းလိပ်ကိုခဲလျက်၊ ပေါ(လ်)ကလည်း လက် ဆေးတံကိုကိုင်လျက်၊ ငြင်းခုံခြင်းအလုပ်ကိုစတင်ကြသည်။

ယနေ့ငြင်းခုံသည့်အကြောင်းအရာမှာ သမ္မာကျမ်းစာတွင်ပါရှိသော အချက်အလက်များနှင့် ပတ်သက်ပေသည်။ ပေါ(လ်)က သမ္မာကျမ်း ပါသော၊ ထာဝရဘုရားသခင်က အပြစ်ပေးခြင်းနှင့်စပ်လျဉ်းသော အချို များမှာ၊ မူရင်းဂရိတ်ဘာသာဖြင့် ရေးထားသောမှုနှင့် အနည်းငယ်မျှ ကွဲလွဲ အတွက်၊ တထစ်ချမယူသင့်ကြောင်းကို အထောက်အထားများဖြင့်ပြ၍ တ ထိုတင်ပြချက်ကို ဒေါက်တာ ဝါးတားဟော(လ်)က လက်မခံပေ။ သူ

ဘွဲ့သိုလ်တွင်နေခဲ့စဉ်က 'ဂရိတ်ဘာသာကို သင်ခဲ့ရတာပဲ'ဟု ပြန်ပြောသည်။ ပေါ(လ်)က တက္ကသိုလ်ဘွဲ့ရဆိုသည်မှာခက်လှသည်မဟုတ်ပါ။ ငွေကုန်ခံ၍ ကျောင်းနေနိုင်လျှင် ဘွဲ့ရနိုင်ကြောင်း၊ ဘွဲ့ရတိုင်းပညာတတ်သည်ဟု မပြောနိုင်ဟု ပြောရာ၊ သူတို့ငြင်းခုံမှုမှာ အရှိန်ပြင်းလာတော့သည်။

ဒေါက်တာဝါးတားဟော(လ်)က ဘုရားသခင်သည် အပြစ်ရှိသူ များကို ကြာမတော အပြစ်ပေးရမည့်အကြောင်းကို ဒေါမာန်ပါပါနှင့်ပြော၏။ ပေါ(လ်)က ကြင်နာသနားမှုမရှိလျှင်၊ ဘုရားသခင်အဖြစ် ကိုးကွယ်သင့်ပါ မလားဟု ပြန်ပြောရာ၊ ဒေါက်တာဝါးတားဟော(လ်)၏ ဒေါသအရှိန် ပို၍မြင့်တက်သွားတော့သည်။ ထို့ကြောင့် ပေါ(လ်)အား မညှာမတာ ပြောချလိုက်သည်။

"ခင်ဗျား ဘာပြောပြော ကျုပ်ကတော့အပြစ်လုပ်တဲ့လူကို ထိုက်သင့်သလို အပြစ်ပေးရမယ်ဆိုတဲ့ သဘောတရားကို စွဲစွဲမြဲမြဲယုံတယ်၊ ခင်ဗျားတို့ ကျောင်းဆရာ တွေမှာ တစ်ခုခက်တာက အရာရာမှာ ငါသာတတ်တယ်၊ ငါသာသိတယ်ဆိုပြီး ထင်နေကြတဲ့အချက်ပဲ"

အခြေအနေမှာ ဤသို့လျှင် အတော်ကလေးပင် တင်းမာနေရာမှ ပေါ(လ်)က ထင်၍ ငြိမ်းချမ်းရေးစကားကိုပြောသည်။

"ကဲ...ကဲ၊ ဒေါက်တာလဲ တော်တော်စိတ်တိုလာပြီနဲ့တူတယ်၊ ကျွန်တော် စကားပြောတာလွန်သွားရင်လဲ တောင်းပန်ပါတယ်ဗျာ"

ဤတော့မှပင် ဒေါက်တာဝါးတားဟော(လ်)သည်လည်း စိတ်ကိုချုပ်တည်း လိုက်တော့သည်။ သို့သော်ပေါ(လ်)၏အပေါ်တွင်တော့ ရာနှုန်းပြည့် ခွင့်လွှတ်သည် တော့ မဟုတ်သေး။ အိမ်အပြန်လမ်းတစ်လျှောက်လုံးတွင် တက္ကသိုလ်ဘွဲ့ရဆိုတာ စကားပါဟူသော အဓိပ္ပာယ်ဖြင့် ပေါ(လ်) ပြောလိုက်သည့် စကားကိုသာ စဉ်းစားနေမိသည်။ သူ့စိတ်ထဲတွင် 'ဒီ ပေါ(လ်)ဆိုတဲ့ကောင်က သူ့ကိုယ်သူ တတ်တယ်၊ သိတယ်ဆိုတဲ့ သဘောနဲ့ပြောတာ'ဟု ပေါ(လ်)အပေါ် မကျေမနပ် ဖြစ်နေသည်။

ဤလိုနှင့်ပင် အိပ်ရာသို့ဝင်ကာ အိပ်ပျော်သွားသည်။ နံနက်သို့ ရောက်သည့် အခါတွင် စိတ်နည်းနည်းပြေသွား၏။ နေ့လယ်ပိုင်းတွင် လူနာများကို စမ်းသပ် ကြည့်ရှုနေရသည်နှင့် ပေါ(လ်)နှင့် ငြင်းခဲ့သည့် ကိစ္စကိုမေ့နေသည်။ ညနေစောင်း အိမ်သို့ပြန်ရောက်ပြီးနောက်၊ ရေမိုးချိုး ထမင်းစားသောက်ပြီးသွားသောအခါတွင်မှ ထိုကိစ္စကို သတိရလာပြန်၏။ ဤတွင် ဒေါက်တာဝါးတားဟော(လ်)က သူတစ်ယောက်တည်း ထိုင်နေလို့တော့ ထိုကိစ္စကိုသာ စဉ်းစားနေလိမ့်မည်။ တစ်အိမ်

...(လ်) က ဘုရားသခင်၏စည်းကမ်းများကိုမလိုက်နာသူများအား ဘုရားသခင် ...ကိုယ်တော်တိုင်က ထိုက်သင့်သည့်အားလျော်စွာအပြစ်ပေးရေးနှင့် ပတ်သက်ပြီး၊ ...နှင့် ပေါ(လ်)ပရက်ဆက်တို့ အကြီးအကျယ်ငြင်းခုံခဲ့သည့် အကြောင်းကိုပြောပြ၏။

ဂျွန်ဆင်က ရှေ့သို့ကုန်း၍ နားထောင်နေပြီး၊ နှုတ်မှလည်း 'ဟုတ်တာပေါ့၊ ...ဒီလိုပါပဲ' အစရှိသည်ဖြင့် လိုက်၍ပြောနေသည်။

ဒေါက်တာ၏ စကားလုံးဆုံးသည့်အခါ၌ ဂျွန်ဆင်က ဒေါက်တာ အံ့သြ...သွားစေမည့် စကားကိုပြောလိုက်သည်။

"ဟုတ်ကဲ့ ဒေါက်တာ၊ ဒေါက်တာပြောပြတာတွေ အားလုံးကို ကျွန်တော် ...ကြားပြီးပါပြီ"

ဒေါက်တာဝါးတားဟော(လ်)က တအံ့တသြ ပြန်မေးလိုက်သည်။

"ဟင် ... ခင်ဗျား သိပြီးပြီဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာရဲ့ ကျွန်တော် သိပြီးပါပြီ၊ ဒါထက် နေပါဦး ...ဒေါက်တာ၊ ဒေါက်တာကကော ပေါ(လ်)ပရက်ဆက်ရဲ့ အကြောင်းစုံကို သိပြီး ...လား၊ စိတ်ဖြေစရာအဖော်တစ်ယောက်ရနေပြီ ဆိုတာလေ"

"ဘာပြောတယ်၊ လုပ်ပါဦးဗျ၊ ကျုပ်ဘာမှမသိဘူး"

"ဒီလို ဒေါက်တာရေ၊ ကျွန်တော်တို့ဆရာကြီးက ချစ်သူအသစ် တစ်ယောက် ...တွေ့နေပြီဗျ"

ဤသို့ အစချီလျက် ဂျွန်ဆင်က သူတို့အဖွဲ့ လမ်းလျှောက်ထွက်သည့် ...နေ့နေ့တွင် ပစ်(ချ်)တောင်ကုန်းထိပ်၌ ပေါ(လ်)တို့စုံတွဲအား တွေ့ခဲ့ပုံကို ...ကာပတ်ကုံး ပြောပြလေတော့၏။ ဂျွန်ဆင်က ဟန်အမူအရာပါပါဖြင့် ပြောပြ...သည်ဖြစ်ရာ၊ သူ၏လက်ထဲမှ ဆေးပြင်းလိပ်မှာ လက်လှုပ်တိုင်း တယမ်းယမ်းဖြင့် ...လိုက်၍ လှုပ်ရှားနေရသဖြင့် ပြာများပင်ကြွေကျကုန်သည်။

သူ၏စကားကို ဤသို့အဆုံးသတ်လိုက်သည်။

"ပေါ(လ်)မှ ပေါ(လ်)အစစ်ပါပဲ၊ ဒေါက်တာရေ၊ သူ့လက်မောင်းတစ်ဘက်က ...ကောင်မလေးရဲ့ခါးကိုသိုင်းပြီးဖက်လို့၊ ကောင်မလေးကလဲ သူ့ပခုံးကို ခေါင်းကလေး ...မှီလို့ဗျ၊ ကြည်နူးနေလိုက်ကြတာ တကတဲ ဆယ့်ခြောက်နှစ်အရွယ် ကောင်ကလေးနဲ့ ...ကောင်မကလေး စနေနေ့ညမှာ ချိန်းတွေ့သလိုပါပဲ ဒေါက်တာရယ်၊ ပြောလို့ ...ပြောတာမဟုတ်ဘူး၊ ကျွန်တော်တို့လူစုထဲက အယ်လီဆင်ဆိုတဲ့ လူကတောင် ...ပြောသေးတယ်၊ အဲဒီနေ့က အင်မတန်လှပကြည်နူးစရာကောင်းတဲ့ ရှုခင်းနှစ်ခုကို ...တွေ့ခဲ့ရတာတဲ့"

ဒေါက်တာဝါးတားဟော(လ်)က မယုံနိုင်သည့် အသံဖြင့် ပြန်ပြောသ

"ဟုတ်ရဲ့လားဗျ"

"ဟုတ်ပါတယ် ဒေါက်တာရဲ့"

"ဟား ...ဟား...ဟား ဒီလိုဆိုတော့ ပေါ(လ်)ပရက်ဆက်ဆိုတဲ့ 
လွှလွတ်ဖြစ်သွားပြီဆိုတာနဲ့ မြာမွေတော့တာပါပဲလား၊ ဒီလိုသိရတာ ကျေးဇူးပဲ

ဒေါက်တာဝါးတားဟော(လ်)သည် ရယ်ရလွန်းသဖြင့် မျက်လုံး အိမ်
မျက်ရည်များပင်စို့လာ၏။ ထိုမျက်ရည်စများကို လက်ကိုင် ပဝါဖြင့်သုတ်
ခပ်စောစောက ပြောနေသည့်စကားကို ပြန်၍ ကောက်၏။

"ဒါထက် နေပါဦး ဂျွန်ဆင်ရဲ့၊ စောစောက ခင်ဗျားပြောတဲ့ အ
ကျုပ်နဲ့သူနဲ့အချေအတင်ငြင်းခုံခဲ့ကြတဲ့အကြောင်းပါပါတယ်၊ သူက ခင်ဗျာ
ဘယ်လိုစပြီးပြောတာတုန်း"

"ဒီနေ့မနက်မှာ ကာလီဒိုနီယန် လမ်းမကြီးပေါ်မှာ သူနဲ့တွေ့ပြီး စကာ
ကြတယ်၊ အဲဒီလိုပြောရင်းနဲ့ သူနဲ့ဒေါက်တာနဲ့ တစ်စုံစုဖြစ်ကြပြီဆိုတာ တွက်မိ
ပါတယ်၊ ဒီအကြောင်းကို သူက ဝီလီရဲ့ ဆိုင်ရှေ့မှာ ပြောပြတယ်"

"ဟုတ်လား၊ အင်းလေ အခုနေတော့ သူက ကျုပ်ထက်သာသွားပြီ 
စိတ်ဖြေစရာ ချစ်သူကလေးတစ်ယောက်တောင်ရှိနေပြီပဲဟာ၊ အခုကျုပ်တို့ 
ပြောနေတဲ့အချိန်မှာတောင် သူတို့နှစ်ယောက်က အကြည်စိုက်နေကြပလားမှ 

"ဟုတ်တယ် ဒေါက်တာရဲ့"

ဒေါက်တာဝါးတားဟော(လ်)အား ပြောပြနေသည့် ဂျွန်ဆင်၏ မျ
များသည် စိတ်အားထက်သန်မှုအရှိန်ကြောင့် အရောင်တောက်ပနေသော
တစ်စုံတစ်ခုကို စိတ်မလုံသည့်အသွင်ရှိနေ၏။

ဂျွန်ဆင်က ခွေးကိုယ်ကို ရှေ့သို့ကုန်းကာ လေသံနိမ့်၍ ဆက်ပြော ပြန်

"သူက ပြောသွားတာတော့ ဒေါက်တာရေ၊ ဒေါက်တာရဲ့ ဦးနှောက်
ဒုတိယတန်းစားလောက်ပဲရှိတယ်လို့ သူထင်တယ်တဲ့၊ ဒါကြောင့် 
လိုက်မမီတာတဲ့"

"ဘာပြောတယ်"

"ကျွန်တော်တော့ ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်မပေါက်လှဘူး၊ 
သွားတဲ့အတိုင်းကတော့ ဒေါက်တာဟာ တွေးခေါ်တဲ့ဘက်မှာ နည်းနည်း
တယ်တဲ့၊ အဲဒါ ဒုတိယတန်းစား ဦးနှောက်သာရှိတဲ့ လက္ခဏာပဲတဲ့ဗျ"

ဒေါက်တာဝါးတားဟော(လ်)မှာ စကားပင် မပြောနိုင်တော့၊ ပါးစပ်ကြီး ကောင်းသားဖြင့်သာ ဂျွန်ဆင်ကို ငေးကြည့်နေမိသည်။

အဆင်းတွန်းနေသည့် ဂျွန်ဆင်ကလည်း မရပ်သေး၊ ဆက်၍ ပြောကောင်း ယင်။

"အဲဒီလို ပြောသွားတာပဲ ဒေါက်တာရယ်၊ ဒေါက်တာကတော့ ဘယ်လိုယူဆ သေးဘူး၊ ကျွန်တော့်ကိုလဲ ခပ်ထိုင်းထိုင်းအကောင်လို့ပဲ သူကထင်မှာ သေချာ သူ့အဆိုအတိုင်းကတော့ အယူအဆ အငြင်းအခုံ ကြီးတွေကို တရားသေ ခံထားတဲ့ လူမှန်သမျှဟာ ဒုတိယတန်းစား ဦးနှောက်ပဲရှိတဲ့လူတွေပဲတဲ့"

ဒေါက်တာဝါးတားဟော(လ်)ထံမှ ယခုထက်တိုင် စကားတုံ့ပြန်မှု မထွက် သေး၊ စိတ်ပြေလက်ပျောက်ဖြစ်စေရန် အိမ်လည်ထွက်လာသည် ဆိုပါမှ ပြေသည့်အပြင်၊ အသည်းကိုအပ်နှင့်ဆွသကဲ့သို့ ဆိုးဆိုးရွားရွား ခံစားနေရ၏။ အတိုင်းဆိုပါက သူနှင့် ပေါ(လ်)ပရက်ဆက် တို့သည် ရင်ကြားစေ့၍ ရနိုင်ဖွယ် တော့ပေ။

ဒေါက်တာဝါးတားဟော(လ်)သည် သူ၏ ဦးထုပ်ကိုကောက်ယူ၍ ဆောင်းပြီး က်၊ တုန်ယင်နေသော လက်ချောင်းများဖြင့် ကုတ်အင်္ကျီကြယ်သီးများကိုတပ်ကာ ဆင်၏အိမ်မှထွက်လာခဲ့သည်။ ဂျွန်ဆင်ကိုပင် နှုတ်မဆက်နိုင်ခဲ့ပေ။

လမ်းပေါ်တွင် လျှောက်လာရင်းနှင့် ပေါ(လ်)ပရက်ဆက်လို ကိုယ့်ကိုယ်ကို ပက်သတ် အထင်ကြီးနေသောကောင်မျိုးကို ဘယ်တော့မှ အဖက်လုပ်၍ ားမပြောတော့ဟု ဆုံးဖြတ်လိုက်၏။

'ဒုတိယတန်းစား ဦးနှောက်'ဟု ပီလီ၏ ဆိုင်ရှေ့တွင် ပေါ(လ်)က ဂျွန်ဆင့်ကို လိုက်သည့်စကားလုံးများမှာ၊ အမှန်အားဖြင့်ကား ပေါ့ပေါ့တန်တန် ပြောလိုက် စကားများသာဖြစ်ပေသည်။ သို့သော် ပေါ(လ်)၏ ဘဝတစ်သက်တာတွင် ၏ နှုတ်မှထွက်ခဲ့သော စကားလုံးများအနက် ထိုစကားလုံးများသည် ပေါ(လ်)ကို ရာယ်အပြုနိုင်ဆုံး စကားလုံးများ ဖြစ်လာခဲ့ပေသည်။

ထိုစကားလုံးများကို သတိရတိုင်း ဒေါက်တာဝါးတားဟော(လ်)သည် (လ်)အပေါ်၌ မကျေမချမ်းဖြစ်နေ၏။ တဖြည်းဖြည်းနှင့် ဒေါက်တာ တားဟော(လ်)၏ စိတ်ထဲတွင် ထိုစကားလုံးများသည် အနာကြီးတစ်ခု သဖွယ် ကြီးထွားလာခဲ့ကာ၊ အခြားကောလာဟလ သတင်းတစ်ခုနှင့် ပေါင်းမိသောအခါ၊ နာအုံသည်ပိုမို၍ ကြီးထွားလာသည့် အဖြစ်သို့ ရောက်လာလေတော့၏။

# {၆}

"ပေါ(လ်)ပရက်ဆက်နှင့် ကောင်မလေးတစ်ယောက် ပစ်(ချ်) တောင်
ပေါ်တွင် တွဲလျက်သားတွေ့ရတယ်တဲ့"ဟူသော ကောလာဟလမှာ အစ္စလင်
ဗေး(လ်) ရပ်ကွက်အတွင်း၌ တဖြည်းဖြည်းခြင်း ပျံ့နှံ့စ ပြုလာသည်။

ပထမတွင်တော့ မျက်မြင်တွေ့ခဲ့ရသူ လမ်းလျှောက်အဖွဲ့သား ဆယ်တစ်ဦ
မိမိတို့အသီးသီး၏ အိမ်သူသက်ထားများကို သတင်းထူးအဖြစ် ပြောလို
ခြင်းသာဖြစ်သည်။ ယောကျ်ားသားများ၏ စိတ်ထဲတွင် ရယ်စရာလောက်
သဘောထား၍ ပြောမိကြခြင်းသာဖြစ်၏။ သို့သော် သူတို့၏ ဇနီးသည်
ကတော့ ဤသို့မယူဆပေ။ ပေါ(လ်)သည် သေဆုံးပြီးစ ဇနီးအပေါ်တွင် သ
မရှိသူတစ်ဦးအဖြစ် မြင်ကြလေသည်။

ဒေါက်တာဝပ်ဆော့၏ ဇနီးက မစ္စစ်ဘက်စီဖား(လ်)ထံသို့ ထိုသတင်
ပထမဦးဆုံး သယ်ဆောင်သွား၏။ ဘက်စီဖား(လ်)သည် အယ်လီနာ အ
ထင်ရှားရှိစဉ်က အခင်မင် အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ခဲ့သည် မ
ပါလား။

ထိုသတင်းကို ကြားလိုက်သည့်အခါတွင် ဘက်စီဖား(လ်)သည် စိတ်လှု
သည့်အရှိန်ကြောင့် ခြေအိတ်ဖာနေရာမှ လက်ထဲမှအပ်ပင် ကြမ်းပြင်ပေ
ကျောက်ခနဲ လွတ်ကျသွားသည်။

ဘက်စီက မစ္စစ်ဝပ်ဆော့ကို ပြန်မေးသည်။

"ရှင်ပြောတဲ့အထဲမှာ မိန်းမက ပိန်ပိန်ပါးပါး အသက်ငယ်ပုံ ပေါ်
လို့ ပါတယ်နော်၊ ဟုတ်ပါပြီ၊ ဟိုမိန်းမပါပဲ၊ အယ်လီနာပြောခဲ့တဲ့ မိ
နေမှာပါပဲ"

အကြောင်းစုံမသိသေးသည့် မစ္စစ်ဝပ်ဆော့က ဘယ်ကမိန်းမလဲဟု
မေးသည်တွင်၊ ဘက်စီဖား(လ်)က အယ်လီနာရှိစဉ်က သူ့ထံလာ၍ ပေါ(လ်)
သူ့ကျောင်းမှ ကလေးထိန်း ဆရာမကလေးနှင့် ဖြစ်နေကြောင်း၊ သူတို့ဇ
စဉ်တွင် အိမ်သို့ပင် တစ်ညခေါ်၍သိပ်ခဲ့ကြောင်း ပြောပြသွားသည်ကို၊ မစ္စစ်
အား တစ်ဆင့်ဖောက်သည်ချတော့၏။

ဘက်စီဖား(လ်)က မကျေမချမ်းသည့်ပုံဖြင့် ဆက်၍ပြောနေသည်။

"အယ်လီနာကတော့ ဒီအကြောင်းကို ဘယ်သူမှ မပြောပါနဲ့တဲ့၊ သူ
လို့တဲ့၊ အခုတော့ သူလဲမရှိတော့တာနဲ့ ကျွန်မလဲရှင့်ကို ပြောပြတာ၊ ကြ

...ချင်၊ တော်တော့်ကိုအဖြစ်သဲတဲ့ဟာမကလေး၊ အယ်လီနာအလောင်းဖြင့် ...လို့ ပူပူနွေးနွေးရှိသေးတယ်၊ သူက ပေါ(လ်)နဲ့ တွဲနေရတယ်လို့၊ ဟိုတုန်း ...တော့ ပေါ(လ်)နဲ့ ဒီကောင်မနဲ့ ပြတ်ပါပြီလို့တော့ အယ်လီနာက ပြောခဲ့ဘူးတယ်၊ ...မဲ့ ပေါ(လ်)ကတော့ ဒီကောင်မလေးဆီကို စာတွေဆက်ပြီး ရေးနေသေး ...တဲ့၊ ဒီ ပေါ(လ်)ဆိုတဲ့ လူကလဲအသက်ငါးဆယ်ရောက်ခါမှ အရူးထရသတဲ့ရှင်၊ ...သေး၊ ဒီအဖြစ်ကို အယ်လီနာ မသိနိုင်တော့တာမို့ တော်သေးတာပေါ့"

မစ္စစ်ဘက်စီဖား(လ်)၏ အိမ်မှ သွားဆရာဝန်ကတော် မစ္စစ်ဝပ်ဆော့ ...သွားပြီးသည့်နောက်ပိုင်းတွင်ကား၊ ထိုသတင်းသည် တစ်အိမ် တက်ဆင်း ...သွားတော့၏။ မစ္စစ်ဝပ်ဆော့ကလည်း ကြုံလျှင်ကြုံသလို သူဖြည့်ချင်တာ ...လေးတွေကို ထပ်ဖြည့်၍ ပုံပိုးပေးလိုက်ရာ၊ ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာတို့ ...ကြောင်းသည် အစ္စလင်တန်ဗေး(လ်) ရပ်ကွက်အတွင်း၌ ကူးတို့ဆိပ်တွင် မှို့အိတ် ...လေးလိုက်သကဲ့သို့ ပျံ့နှံ့သွားလေတော့သည်။

ပေါ(လ်)၏ အိမ်ရှေ့မျက်နှာချင်းဆိုင်အတန်းတွင် မစ္စစ်ဝက်(ဗ်)စတားဆိုသူ ...ကြီး၏အိမ်ရှိသည်။ ညတစ်ညအတော်ညဉ့်နက်သည့် အချိန်တွင် ပေါ(လ်)၏ ...ရှေ့တံခါးဝသို့ မိန်းကလေးပိန်ပိန်ပါးပါး တစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ...သွားသည်ကို မစ္စစ်ဝက်(ဗ်)စတားက တွေ့လိုက်သည်။ သာမန်အားဖြင့်မူကား ...ရုံတစ်ရာ သက်သာမကင်းဖွယ်ရာ ရှိမည်မဟုတ်သော်လည်း၊ မစ္စစ်ဝပ်ဆော့၏ ...ောင်းမှုကြောင့်၊ ပေါ(လ်)နှင့် မိုင်ရာတို့၏ ဇာတ်လမ်းကိုသိနေသော မစ္စစ်ဝက်(ဗ်) ...တားက မိန်းကလေးကိုဂရုတစိုက်စောင့်ကြည့်နေသည်။ ထိုသို့စောင့်ကြည့်နေစဉ်ပင် ...ကလေးသည် အိမ်ဘေးမှပတ်လျက် နောက်ဖေးပေါက်ဆီသို့ ပျောက်သွား ...ည်ကိုသာတွေ့ရပြီး၊ အချိန်အတော်ကြာသည်အထိ ပြန်ထွက်လာသည်ကို ...တွေ့ရ။ ထိုမျှသာမက ပေါ(လ်)ပရက်ဆက်၏ အိမ်ထဲမှမီးများ မှိတ်သွားသည် ...ပါ တွေ့ရလေသည်။

နှစ်နှင့်နှစ်ပေါင်းသော် လေးဖြစ်လာချေပြီတကား။

ဤသတင်းသည်လည်း မစ္စစ်ဝပ်ဆော့၏ နားသို့ရောက်သွား ပြန်သည်။ ...တနာ့ဝန်ထမ်းအဖြစ် သတင်းဖြန့်ချိရေးအရာရှိ မစ္စစ်ဝပ်ဆော့ ကလည်း သူ၏ ...ပေါင်းအသင်းများထံသို့၊ ဤသတင်းကို မမောနိုင်မပန်းနိုင် ဖြန့်ချိ၍ပေးသည်။ ...ဘာ သတင်းဖြန့်ချိရာတွင် အရှိကိုအရှိ တိုင်းထက်မကပေ။ ဝေဖန်ချက်ကလေးပါ ...လိုက်သေးသည်။

"ဒါကြောင့်ပေါ့ ...အိမ်ထောင်ထိန်းသိမ်းတဲ့လူတစ်ယောက်တောင်မငှား
တစ်ယောက်တည်းနေတာ၊ ဘယ်သူမှမရှိတော့မှ သူ့ကောင်မလေးလာလို့ရမှာကို
အများရှေ့မှာ ပြောတော့ဖြင့် တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်လို့
ကြောင်သူတော်ကြီး"

ဤသို့ဖြင့် အစ္စလင်တန်မေး(လ်) ရပ်ကွက်တွင်းမှ လူများသည် ပေါ(လ်)
ပရက်ဆက်အပေါ်၌ ခပ်စိမ်းစိမ်းဖြစ်လာကြသည်။ မတတ်သာမှဘဲ နှုတ်ဆက်
သည်။ အိမ်ရှင်အမျိုးသမီးများက ပို၍သဲကြသည်။ သူတို့က သွားလေသူ အယ်လီ
ဘက်မှ နာကြသူများဖြစ်ကြ၏။

'မီးမှိတ်ထားတဲ့ မစ္စတာပရက်ဆက်ရဲ့ အိမ်ကြီးထဲမှာ ဘာတွေလု
နေကြသလဲမသိဘူး'ဟူသော အချင်းချင်း မေးငေါ့ပြောနေကြသည်မှာ တွေ့နေ
မြင်ကွင်းတစ်ရပ် ဖြစ်လာခဲ့သည်။

✧ ✧ ✧

တစ်နေ့တွင် မစ္စစ်ဘက်စီဖား(လ်)က မစ္စစ်ဘရစ်(စ်)ကိုးအား ပေါ(လ်)
အကြောင်းကို မေးကြည့်သည်။ မစ္စစ်ဘရစ်(စ်)ကိုးသည် မစ္စစ်ဘက်စီဖား(လ်)
အိမ်သို့လည်း တစ်ပတ်လျှင် နှစ်ရက်လာ၍ လှည်းကျင်းသုတ်သင်သည့်အလုပ်
လုပ်ပေးရသည်။

ဘက်စီဖား(လ်)၏ အမေးကြောင့် မစ္စစ်ဘရစ်(စ်)ကိုးက အံ့သြသွားသည်
ခါတိုင်းကဲ့သို့ပင်ဖြစ်ကြောင်း၊ ဘာမှ ထူးထူးခြားခြား မတွေ့ရကြောင်း မစ္စ
ဘရစ်(စ်)ကိုးက ပြန်ဖြေသည်။

"မဟုတ်ဘူးလေ၊ ညဘက်ညဘက်မှာ ကောင်မလေးတစ်ယော
လာလေ့ရှိတာယ်၊ အမှန်ကတော့ အဲဒီကောင်မလေးက အယ်လီနာရှိစဉ် ကတည်းက
ပေါ(လ်)နဲ့ ဖြစ်နေကြတာ၊ အယ်လီနာနဲ့ ကျုပ်နဲ့ ပင်လယ် ကမ်းခြေကို ခရီးထွ
တုန်းက၊ ဆရာပေါ(လ်)က ကောင်မကလေးကို အိမ်ကိုတောင်နှစ်ညခေါ်ထားခဲ့
တယ်၊ အဲဒါတွေ ရှင်မသိဘူးလား"

"ဟင့်အင်း၊ ဆရာပေါ(လ်)ကလဲ ဒီလိုလူမျိုးဟုတ်မယ်မထင်ပါဘူး မ
ဘက်စီရယ်"

"ဩော် ...မျက်မြင်တွေ့လိုက်တဲ့လူက တွေ့လိုက်ပြီးပြီ။ ကျုပ်က၊ ရှင်
မဟုတ်ဘဲနဲ့ ပြောပါ့မလား"

"အဲ...အဲ...သံတိရပြီ၊ အယ်နီကလေးရှိတုန်းကတော့ ပြောဖူးတယ်၊ ...အယ်လီနာနဲ့ မစ္စစ်ဘက်စီတို့ ခရီးထွက်တုန်းက အယ်နီက ညညမှာ အိမ်ကို ...အိပ်ရတာကိုး၊ မနက်ကိုလာပြီး ဆရာပေါ(လ်)ရဲ့ အိပ်ရာကို ပြန်ခင်းပေးတဲ့ ...မှာ၊ မိန်းမရေမွှေးနံ့နဲ့ ပေါင်ဒါနံ့ရတယ်တဲ့၊ ကျွန်မကတော့င် ဟယ်... ...ကြီးစည်ရာ၊ မဟုတ်တာတွေလျှောက်ပြောမနေနဲ့လို့ ဟန့်လိုက်ရသေးတယ်"

ဘက်စီဖား(လ်)ထံမှ အံ့ဩသည့်အသံ ထွက်လာသည်။

"ဘုရားရေ၊ ကျုပ်တောင်မှ ဒီအကြောင်းကို အခုမှသိတယ်"

ဘက်စီဖား(လ်)သိသွားပြီဆိုတော့ အစ္စလင်တန်ဖေး(လ်)တစ်ရပ်ကွက်လုံး ...သွားဖို့ အချိန်ကြာကြာ စောင့်ရတော့မည်မဟုတ်ပေ။

မစ္စစ်ဘရစ်(စ်)ကိုးသည်လည်း သူ၏ ပါးစပ်ကို ပိတ်ထားနိုင်သူ မဟုတ်ပါ။ ...သို့ပြန်ရောက်၍ ထမင်းစားပွဲတွင် ထိုင်မိသောအခါ၌ ဤအကြောင်းကို ...၏လင်တော်မောင် အဲ(လ်)ဖရက်ဘရစ်(စ်)ကိုးကို ပြောပြတော့သည်။

အဲ(လ်)ဖရက်ဘရစ်ကိုးကတော့ အားရပါးရရယ်သည်။

သူ့ဇနီးလုပ်သူက စိတ်ဆိုးမာန်ဆိုးဖြင့် သူ့ယောကျ်ားကို ပြန်ပြော၏။

"ဒါ ရယ်စရာလားရှင့်၊ ရှင့်ဟာက လှောင်သလိုလိုနဲ့"

အဲ(လ်)ဖရက်က သူ့မိန်းမကို ချော့၍ထိုင်ခိုင်းကာ ရှင်းပြ၏။

"ထိုင်ပါဦးကွ မိန်းမရ၊ မင်းကလဲစိတ်ချည်းပဲ၊ ရယ်စရာကောင်းလွန်းလို့ ...တာပါကွ၊ ဒီဆရာပေါ(လ်)ဆိုတဲ့ လူဖလံကလေးက တို့အားလုံးကို နှစ်ပေါက် ...ပေါက်လုပ်ပြီး ရိုက်သွားတာကို တွေးမိလို့ ရယ်တာပါကွ၊ ငါက အစ ...ည်းက စဉ်းစားနေတာ၊ ဒေါ်အယ်လီနာကြီးဟာ ဒီလိုကျောင်းဆရာ လူဖလံ ...လေးကို ဘာမြင်လို့များယူလိုက်တာလဲလို့၊ ဒီလူက ရိုးရိုးအေးအေးပုံနဲ့မို့ ယူလိုက် ... ဖြစ်မယ်၊ အခုကြည့်စမ်း၊ သူ့ကို ဘယ်သူကထင်မှာတုန်း၊ တို့သာလုပ်ကြည့် ...ကွာ၊ လက်ထိပ်အရင် အစတ်ခံရမယ်၊ ပြီးရင်ကြိုးစင်ကိုသွားရမယ်"

မစ္စစ်ဘရစ်(စ်)ကိုးက ထိတ်ထိတ်ပျာပျာဖြင့် သူ့ယောကျ်ားကို ဟန့်ရသည်။

"အို...အဲ(လ်)ဖရက်၊ ရှင်ဘာတွေလျှောက်ပြောတာတုန်း၊ တောက်တီး ...က်တဲ့တွေ ပြောမနေပါနဲ့၊ တော်ပါတော့"

"နေပါဦးကွ၊ ပြောပါရစေဦး၊ သူ့ကိုကြည့်စမ်း၊ လူပုံကလဲ အေးအေး ...ဆေး၊ ဘယ်သူက သူ့ကိုမသင်္ကာဖြစ်မှာလဲ။ တော်တော်တော့ ဉာဏ်သွားတဲ့ ...၊ လုပ်ပုံကလဲ တယ်ပိရိတယ်၊ ငါလေးစားပါတယ်၊ ဒေါ်အယ်လီနာကြီးကို ...ပင်ပစ်လိုက်တာပါ၊ ဒါမှ သူ့ကောင်မလေးနဲ့ ကြည်နိုင်မှာမဟုတ်လား"

"တော်ပါတော့ အဲ(လ်)ဖရက်ရယ်"

အဲ(လ်)ဖရက်ကတော့ မရပ်သေး။ တဟားဟားရယ်ကာ ပေါင်မုန့် ငါးသေတ္တာကို ပလုတ်ပလောင်းဝါးနေရာမှ လက်ဖက်ရည်တစ်ကျိုက် ကျိုက် လိုက်ပြီး ဆက်၍ပြောပြန်သည်။

"ဟ...မိန်းမရ၊ ဒီလူက သူနဲ့ကောင်မကလေးနဲ့ကိစ္စကို လူမသိအော င်ချို့ချို့ဝှက်ဝှက်လုပ်နိုင်ရင်၊ ဒေါ်အယ်လီနာကြီးကို ဖြောင်တဲ့ကိစ္စမှာ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲလို့၊ ကဲ...မင်းစဉ်းစားကြည့်လေကွာ"

"အို...ဆရာပေါ(လ်)က ဒီလိုလူစားမျိုးမဟုတ်ပါဘူး"

"အေး၊ ခုန တစ်မိနစ်လောက်တုန်းကတော့ သူ့အပေါ်မှာ ငါလဲ မင်း သလို ထင်မိခဲ့တာပဲ၊ မင်းပြောပြလို့ အကြောင်းစုံလဲသိရရော၊ သူ့အပေါ် ငါထင် ထားတာ မှားမှန်းသိလာတယ်ကွ၊ အဲဒီလို အေးအေး ဆေးဆေး သိက္ခာသမာဓိရှိတဲ့ ပုံပန်းသဏ္ဌာန်မျိုးရှိတဲ့သူတွေကမှ လုပ်တဲ့အခါကျ ပညာသားပါပါနဲ့ လုပ်တတ် တာကွ၊ နားလည်လား၊ သေချာပါတယ် ကဲ...မင်းနဲ့ငါနဲ့ လောင်းမလား"

"တော်ပါတော့ရှင်၊ တခြားသူတွေကြားသွားရင် မကောင်းပါဘူး"

"သူလုပ်မှာသေချာလို့ ငါကပြောနေတာပေါ့ဟ လီလီရ၊ အလကား ပြော ပါ့မလား၊ လက်ဖက်ရည်ထဲကိုတစ်ခုခုထည့်လိုက်ရင်ပြီးတာပဲ၊ သူတို့နှစ်ယောက် နေကြတာမဟုတ်လားလို့"

ပြောရင်းနှင့် သူ့ခေါင်းထဲတွင် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်သ တဟားဟားရယ်ကာ ဆက်၍ပြောသည်။

"ဟုတ်ပြီ...ဟုတ်ပြီ၊ ငါစဉ်းစားမိပြီကွ၊ ဒေါ်အယ်လီနာကြီးဆုံးတာ အ ရောဂါနဲ့ မဟုတ်လား၊ ဗိုက်ထဲက အပြင်းအထန်အောင့်တယ်တဲ့ ဟု ဒီဆရာကြီးက ဟိုအမှုန့်နည်းနည်းထည့်လိုက်တာဖြစ်ရမယ်"

"အဲ(လ်)ဖရက်ရယ်၊ ရှင်ပြောတာကြားတာ သည်းတဲ့အူတဲ့ရှိလိုက် ဟိုအမှုန့် ဆိုတာက ဘာလဲ"

"ဟိုလေကွာ၊ ငါသုံးတဲ့ ပေါင်းပင်သတ်ဆေးအမှုန့် ရှိပါရောလား၊ အ ထဲမှာ ဆေးနည်းနည်းကျန်တာကို တစ်ခါတုန်းက ဆရာပေါ(လ်) ဆီကို ပ ဘူးတယ်၊ ဝှစ်တိတ်ကား ပေါင်းပင်သတ်ဆေးဘူးလေ"

"တော်ပါတော့ရှင်"

"နေပါဦးကွ၊ အဲ...အဲဒီတုန်းက သူနဲ့ငါနဲ့တောင် စကားစပ်မိလို့ ပြ

တယ်၊ ဆေးမှုန့်ဘယ်လောက်ထည့်ရင် လူတစ်ယောက် သေနိုင်သလဲလို့၊ ...ရပြီ၊ ...သတိရပြီ၊ ဆေးမှုန့်ကို အရည်ဖျော်ပြီး ငါက ဖျန်းပေးတယ်ကွာ၊ ...ကိုတော့ အမှိုက်ပုံးထဲကိုထည့်လိုက်တယ်၊ နောက်တစ်နေ့မနက်ကျတော့ ငါက ...ချေတာနဲ့၊ အဲဒီဘူးခွံကိုသွားယူတော့၊ ဆရာပေါ(လ်)ကပဲ ဆီးပြောတာပဲ၊ ...ပေယ်အမှိုက်ကျုံးသမားတွေ သိမ်းသွားပြီတဲ့။ အေးလေ၊ ဒါကတော့ သူ့အပြော ...၊ အမှိုက်သိမ်းသွားတဲ့၊ အထဲမှာ ပါမပါတော့ ငါက သေသေချာချာ ဘယ်သိ ...”

အဲ(လ်)ဖရက်၏ စကားများမှာ တဖြည်းဖြည်းနှင့်ပေါ(လ်)အပေါ်တွင် ခွဲချက် ...သကဲ့သို့ ဖြစ်လာသည်။ ထို့ကြောင့် ဇနီးဖြစ်သူက ညည်းညည်းညူညူဖြင့် ...လိုက်သည်။

“ရှင့်နှယ်နော်၊ ကိုယ်လဲ သေသေချာချာလဲ သိတာလဲမဟုတ်ဘဲနဲ့ သူများ ...မှာ စွပ်စွပ်စွဲစွဲ”

သူ၏ ဇနီးသည်မှာ တကယ်ပင် သည်းတုံအူတုံဖြစ်နေသည်ကို တွေ့သဖြင့် ...(လ်)ဖရက်ဘရစ်(စ်)ကိုးက သူ၏ လေကိုပြန်၍လျှော့ လိုက်သည်။

“အေးပါကွာ၊ ငါကလဲ နောက်ပြောင်ပြီး ပြောနေတာပါ၊ ဒါပေမဲ့ဟော့ ...တစ်ခါတုန်းကလဲ ဒေါ်အယ်လီနှာကြီး ဗိုက်ထဲက အောင့်တယ်အောင့်တယ်နဲ့ ...ဘူးတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ဖြစ်ဖူးပါတယ်၊ ဒီလိုဖြစ်ခဲ့တာက သူ့ပန်းခြံထဲမှာ ...သွားပြီးလုပ်မပေးခင်ကပါ”

“မှန်ပါတယ်ကွ၊ ဒါပေမဲ့ အဲဒီအချိန်တုန်းကတည်းက ဆရာ ပေါ(လ်)ဟာ ...အကြောင်းကို သူ့ခေါင်းထဲမှာ စဉ်းစားနေတယ်လို့ မပြောနိုင်ဘူးလား၊ ...တစ်ခါ ဒေါ်အယ်လီနှာ ဗိုက်အောင့်တယ်ဆိုတာ ဟာလဲ သူ့ပယောဂကြောင့် ...ဖြစ်မှာပေါ့၊ မအောင်မြင်ခဲ့လို့သာ ဖြစ်မှာပါ၊ မဟုတ်ဘူးလား၊ မင်းစဉ်းစား ...လေ၊ အခု ဒေါ်အယ်လီနှာသေသွားတော့၊ ပစ္စည်းတွေကို ဘယ်သူအမွေရလိုက် ... ဆရာပေါ(လ်)ပဲ ရလိုက်တယ်မဟုတ်ဘူးလား”

“တော်ပြီ...တော်ပြီ၊ ရှင်ပြောတာတွေ ကျွန်မ နားမထောင်ချင်တော့ဘူး၊ ...ပြောင်ပြီးတော့လဲ ပြောမနေနဲ့၊ တကယ်လို့ ဆရာပေါ(လ်)က မဟုတ်တာ ...တယ်ဆိုရင်လဲ၊ ဒေါက်တာဝါးတားဟော(လ်)က သိနိုင်တာပဲဟာ”

အဲ(လ်)ဖရက် စဉ်းစဉ်းစားစားဖြင့် ပြန်ဖြေသည်။

“ပေါင်းပင်သတ်ဆေးက ဒီလောက်ပြင်းမပြင်းတော့ မသိဘူး၊ ဒါပေမဲ့

ဆရာဝန်တွေ အနေနဲ့ကတော့၊ တကယ့်ရောဂါကြောင့် ဗိုက်အောင့်တာလား အဆိပ်ကြောင့် အောင့်တာလားဆိုတာ ခွဲခြားသိဖို့ သိပ်မလွယ်လှပါဘူး၊ ဒါပေ စကော့တလန်ယာဒ်ဌာနချုပ်က စုံထောက်တွေကိုတော့ လိမ့်ဖို့မလွယ်ပါဘူး ဆရာပေါ(လ်)တို့လို လူကြီးလူကောင်းတွေ ဆိုရင်တော့၊ သူတို့ကဗိုပြီး သဘော တာပေါ့၊ အမှုပေါ်အောင်သာ စုံထောက်လိုက်နိုင်ရင်၊ သူတို့အဖို့ သတင်းစာထဲ စာလုံးမည်းကြီးနဲ့ ချီးကျူးခံရမှာ မဟုတ်လား"

အဲ(လ်)ဖရက်က မရပ်သေးဘဲ ဆက်၍ လေကြောရှည်နေသေးသည် သူ၏ဇနီးက မနည်းပင်ဖြတ်ခိုင်းရ၏။

သူ့ဇနီးက တော်ပါပြီဆိုတော့လည်း၊ အဲ(လ်)ဖရက်က အခြားသူများ လျှောက်၍ပြောလေတော့သည်။ တချို့ကလည်း ရယ်ရယ်မောမောဖြင့်ပဲ နားထော ကြပါ၏။ တချို့ကမူ နောက်ပြောင်ပြောသည်ဟု မယူဆကြ။ တကယ်ပင် ပေါ(လ် အပေါ်၌၊ မသင်္ကာဖြစ်လာသည့်စိတ် ပေါ်လာကြသည်။

အဲ(လ်)ဖရက် လိုက်လံ၍ ပြောသည့်သူများအနက် ဒေါက်တာ ဝါးတာ ဟော(လ်)လည်း ပါပေသည်။ တကယ်တော့ ဒေါက်တာ ဝါးတားဟော(လ်) အိမ်သို့၊ အဲ(လ်)ဖရက်က တကူးတကသွား၍ ပြောရသည်မဟုတ်ပါ။ ဒေါက်တာ ပန်းခြံတွင်းဝယ်၊ အဲ(လ်)ဖရက်က အလုပ်လုပ်နေစဉ်၊ ဒေါက်တာရောက်လာသော ကြောင့်၊ ထိုအကြောင်းကို အဲ(လ်)ဖရက်က စကားစလိုက်မိခြင်းဖြစ်သည်။

ပထမတွင်တော့ မစ္စတာပရက်ဆက်၏ ပန်းခြံထဲရှိ ပန်းပင်များ၏ အကြောင် ကို၊ အဲ(လ်)ဖရက်က ပြောပြနေရာမှ၊ မစ္စတာပရက်ဆက်၏ အကြောင်းသို့ ရောက်သွားခြင်းဖြစ်သည်။

အဲ(လ်)ဖရက်က ဤသို့ စကား စ,လိုက်သည်။

"ဆရာရေ့၊ မစ္စတာပေါ(လ်)ပရက်ဆက် အကြောင်းကိုတော့ လူတွေ ပြောနေကြတာ စုံလို့ပဲ"

"ဟုတ်လားကွ၊ ဘာတွေပြောနေကြသလဲ"

"ဒေါ်အယ်လီနာကြီး ဆုံးတာဟာ သိပ်သဘာဝမကျဘူး၊ ဆရာ ပေါ(လ်)က တစ်ခုခုလုပ်လိုက်လို့လိုလို ပြောနေကြတာပဲ"

ဒေါက်တာဝါးတားဟော(လ်)၏ မျက်လုံးများမှာ စိတ်ဝင်စားမှုကြောင့် အရောင်ပြောင်လက်လာသည်။ လှည်းနေသော တံမြက်စည်းကို နံရံတွင်ထောင် နေခိုက်ဖြစ်၍၊ အဲ(လ်)ဖရက်ကတော့ ဒေါက်တာ စိတ်ဝင်စားလာပုံကို မမြင်

ာက်ရပေ။ သူက ထွန်ခြစ်ကိုဆွဲယူရင်း သူ၏စကားကို ဆက်ပြန်၏။

"ကျွန်တော်ကတော့ ပြောလိုက်ပါတယ် ဆရာရယ်၊ ဒါကတော့ ဆရာ ယ်တိုင် ကျေနပ်ရင်ပြီးတာပဲလို့၊ ကျွန်တော်တို့ လူပြိန်းတွေက ဘာနားလည်တာ ာက်လို့"

ဒေါက်တာက သူ့အတွက်ပင် စိုးရိမ်စိတ်ပေါ်လာသည်။ တကယ်တော့လည်း ဆုံးကြောင်း ထောက်ခံချက် လက်မှတ်ကို၊ သူက လက်မှတ် ထိုးပေးခဲ့ရသည် တ်ပါလား၊ ထို့ကြောင့် သူက ခတ်ပြတ်ပြတ်စင် ပြန်ပြောလိုက်သည်။

"ငါက လုံးဝကျေနပ်လို့ ထောက်ခံချက်မှာ လက်မှတ်ထိုးပေးလိုက်တာပဲကွ၊ ယ်)ဖရက်ရ၊ နေပါဦးကွ၊ လူတွေက ဘာဖြစ်လို့ အဲဒီလို ထင်နေရတာလဲ"

"ဒါကတော့ ဆရာရယ်၊ ဆရာလဲသိတဲ့အတိုင်း လူ့ပါးစပ်ဆိုတာက အခက် ားပဲ။ စ,ဖြစ်လာတဲ့ သတင်းကတော့၊ ဆရာပေါ(လ်)ဟာ ကောင်မလေး ာင်ယောက်နဲ့ ဖြစ်နေပြီး ညဘက် ညဘက်မှာအိမ်ကိုတိတ်တိတ်ခေါ်သွင်းနေတယ် ဲ ဆရာရယ်"

ဒေါက်တာဝါးတာဟော(လ်)ကလည်း အဲ(လ်)ဖရက်၏ စကားကို ဖြတ်၍ ပြောလိုက်သည်။

"ဒါလေစကတော့ ငါလဲ ကြားပြီးပါပြီကွ"

"ဟုတ်ကဲ့၊ အဲဒီ ကောင်မကလေးနဲ့က၊ သူ့မိန်းမကြီး မဆုံးခင် ကတည်းက နေဆိုကိုး ဆရာရဲ့၊ အဲဒါကြောင့်မို့ ကျွန်တော်ကတောင် ကျွန်တော့်မိန်းမ း်ကို နောက်ပြီး ပြောလိုက်မိတယ်၊ ဒေါ်အယ်လီနာကြီး သေသွားရင်၊ ပစ္စည်း ွလဲရဦးမယ်၊ သူ့ကောင်မကလေးနဲ့လဲ၊ လူသိ ရှင်ကြားယူနိုင်သွားမှာမို့၊ ဆရာ ေါ်(လ်)က သူ့မိန်းမကြီးကို အပျောက်ရှင်းပစ်လိုက်တာ ဖြစ်မှာပေါ့လို့။ ြာလက်စနဲ့ ကျွန်တော်က လီလီကို ထပ်ပြောလိုက်မိသေးတယ်၊ ဟိုတုန်းက ရာပေါ(လ်)ရဲ့ ခြံထဲမှာ ကျွန်တော်သွားပြီးရှင်းပေးတုန်းက၊ ပေါင်းပင်သတ်ဆေး ှာပါတဲ့ အဆိပ်ဟာ ဘယ်လောက်ပြင်းတဲ့အကြောင်း၊ ဆရာပေါ(လ်)နဲ့ ျွန်တော်နဲ့ ပြောခဲ့ဘူးကြသေးတယ်လို့"

ဒေါက်တာဝါးတားဟော(လ်)က တအံ့တသြ ပြန်၍မေးသည်။

"ဘာပြောတယ်၊ ပေါင်းပင်သတ်ဆေးထဲက အဆိပ်၊ ဟုတ်လား၊ ဒါဖြင့်ရင် ေါ့"

ပထမတွင်တော့ သူအမြင်ကပ်နေသည့်သူအား အများက ဝိုင်း၍ နာခေါင်း ြသည့် အကြောင်းကို ကြားရသည့်အတွက် သာမန်ဝမ်းသာခြင်းမျိုးလောက်သာ

ရှိခဲ့သည်။ အဲ(လ်)ဖရက်ဘရစ်(စ်)ကိုးက ထွန်ခြစ်ဖြင့် မြေကြီးကိုဆွရင်းဖြ
ဆက်လက်၍ ပေါင်းပင်သတ်ဆေးမှုန့် မည်မျှ ထည့်လျှင် လူသေစေနိုင်မ
အကြောင်းနှင့်၊ ဘူးခွံလွတ်ကို အမှိုက်ပုံးထဲတွင်ထားခဲ့ပြီး၊ နောက်တစ်နေ့
သွားရောက်ကြည့်ရှုသည့်အခါ၌ မြူနီစပယ် အမှိုက်ကျုံးသမားများ သိမ်းသွားပြ
ပေါ(လ်)က ပြန်ပြောသည့်အကြောင်းကို ပြောပြသည့်အခါတွင်ကား၊ ဒေါက်တာ
ဝါးတားဟော(လ်)၏ စိတ်ထဲတွင် တစ်မျိုးကြီးခံစားရလာသည်။

'မဟုတ်နိုင်တာပဲလေ' ဟူ၍ သူ့စိတ်ကိုသူထိန်းကာကြိုးစား၍ ထိုအတွေး
ဖျောက်ပါသည်။ ဖျောက်၍မရတော့ပေ။ သံသယစိတ် ဆိုသည်မှာကလည်း၊ ဝင်
ဆိုပါက၊ နိုင်လုံသည့်အထောက်အထား တစ်ခုခုကို မတွေ့မခြင်း၊ ခေါင်းထဲ
ထွက်သွားလေ့ရှိသည် မဟုတ်ပေ။

အဲ(လ်)ဖရက်ဘရစ်(စ်)ကိုး ပြောနေသည့်စကားများကို ကြားတစ်ချက် မကြ
တစ်ချက်ဖြင့် သူ၏ သံသယစိတ် ဆွဲဆောင်ရာသို့ ဒေါက်တာဝါးတားဟော(လ်)
လိုက်ပါနေမိတော့သည်။

"ဖြစ်မယ်ဆိုရင်တော့လဲ ဖြစ်နိုင်တာပဲလေ၊ ဟုတ်ပါ့မလား၊ အင်း
လူဆိုတာတော့ အတိအကျ မပြောနိုင်ဘူးပေါ့"

ဒေါက်တာဝါးတားဟော(လ်)သည် အဲ(လ်)ဖရက်ကို နှုတ်ဆက်ကာ အိမ်ထဲ
ဝင်လာခဲ့သည်။ ဤကိစ္စကို ခေါင်းအေးအေးဖြင့် သေသေချာချာ စဉ်းစားကြည့်
လိုလာသည်။ ဘရစ်(စ်)ကိုးက အားကနေ၍ ဟိုပြောဒီပြော ပြောနေသည်
နားထောင်နေရလျှင်၊ အေးအေးဆေးဆေး စဉ်းစား၍ ရနိုင်မည်မဟုတ်ပေ။

သူ၏အခန်းတွင်း၌ သေသေချာချာ ထိုင်၍ စဉ်းစားလိုက်သော အ
ဖြစ်နိုင်သည့်အကြောင်းများက၊ တသီတတန်းကြီး ပေါ်ထွက်လာသည်။

"အယ်လီနာ မသေမီဝေဒနာခံစားရပုံ လက္ခဏာဟာ စိန်အဆိပ်ကို သော
တဲ့သူတစ်ဦး ခံစားနေတဲ့ လက္ခဏာအတိုင်းပါပဲလေ၊ ဘုရား ရေ... ဒီပေါ(
ဆိုတဲ့လူက တကယ်များလုပ်လိုက်သလား၊ သူ့ကိုယ် သူတော့ရက်စက်ကြမ်းကြု
မှုကို မုန်းတဲ့လူတစ်ယောက်လို့ ကြွေးကြော်နေတာပဲ၊ ငါ့ကိုတောင်ရက်စက်
စိတ်ထားရှိတယ်၊ ဉာဏ်ထုတ်မစဉ်းစားတတ်ဘူးနဲ့ နှိမ်လိုက်သေးတယ်"

ဤအတွေးက ဒေါက်တာဝါးတားဟော(လ်)၏ အနာဟောင်းကို ဆွ
လိုက်သည်။ သူ့အပေါ်တွင် ပေါ(လ်)က နှိမ်၍ပြောခဲ့ပုံကို သတိရလာသ
ထို့ကြောင့် ပေါ(လ်)၏ အပေါ်တွင် ပုဂ္ဂလိကဒွေးနှောင်ချက်ဖြင့် တွေးမိလာတော့သ
ကိုယ်လိုရာကိုယ်ဆွဲ၍ တွေးလိုက်သည်ဆိုတော့လည်း၊ အကြောင်းခြင်းရာမျ

ာင်းဆက်များက တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိလာကြသည်။

လက်ရှိ အသက်ကြီးကြီး ဇနီးအပြင် အသက်ငယ်ငယ်ချစ်သူ တစ်ယောက်က ရှိနေသည်။ 'လက်ရှိဇနီးနှင့်လည်း ပျော်ပျော်ရွှင်ရွှင်နေထိုင် နေသည်ဟုလည်း ပြောနိုင်၊ လက်ရှိဇနီးသေလျှင်လည်း သေတမ်းစာအရ ကျန်ရစ်သော ငွေကြေးနှင့် ရှည်းမှန်သမျှ၊ လင်သားဖြစ်သူက အမွေဆက်ခံရမည်။ အိမ်တွင် တခြား ည်သူမျှလည်းမရှိကြ။ ခံစားနေရသည့် ဝေဒနာ လက္ခဏာကလည်း၊ အဆိပ်မိသည့် ကွဏာနှင့် တထေရာတည်းတူနေသည်။ 'အရင် တစ်ကြိမ်ကလည်းအလားတူ ဝေဒနာမျိုး ပါပဲကလား... ဘုရားရေ၊ ဖြစ်ပုံကလည်း တကယ်ကို အတူတူ ... ဟုတ်-ဒီလိုဆိုတော့ သူလုပ်လိုက်တယ်ဆိုတာကို လက်ခံ ရတော့မလို ဖြစ်နေပါ ကောလား"

ဒေါက်တာဝါးတားဟော(လ်)က သူ၏ အာရုံကိုပြောင်းသွားစေရန် စာအုပ် တစ်အုပ်ကိုဆွဲယူ၍ ဖတ်၏။ သို့သော် စာအုပ်ထဲမှ စာလုံးများက သူ၏အာရုံကို ဆွဲဆောင်နိုင်။ ပေါ(လ်)ပရက်ဆက်၏ အကြောင်းကိုပင် ဆက်၍တွေးမိနေ၏။

တစ်ခါတစ်ရံတွင် လုပ်မည်ဟုမထင်သည့်သူများက လုပ်ပါက၊ ပိပိရိရိ ရှိသည်မို့၊ မဖော်ထုတ်နိုင်ဘဲ၊ အမှုကိုပိတ်လိုက်ရသည့် အဖြစ်မျိုးလည်း ရှိသည် ဟုတ်ပါလား၊ ယခု ပေါ(လ်)ပရက်ဆက်ကို လေ့လာကြည့်လျှင် ပေါ(လ်)သည် ါ(လ်)ဖရက် ဘရစ်(စ်)ကိုးနှင့် အဆိပ်အကြောင်းကို ဆွေးနွေးသည်၊ သူ့တွင်သူ့ဇနီး ပြင်၊ အသက်ငယ်ငယ် ချစ်သူ မိန်းကလေး တစ်ဦးလည်းရှိသည်။ တစ်ဖန် မ်ဖော် မိန်းကလေးကို အလုပ်မှထုတ်ပစ်ခဲ့သည်။ ထိုကောင်မလေး လုပ်ထွက်သွားပြီး၍၊ တစ်ပတ်နှစ်ပတ်အကြာတွင်၊ အယ်လီနာသည် ပထမအကြိမ် ကိ်အောင့်သည့် ဝေဒနာကို ခံစားရသည်။

ဤသို့ အကျိုးနှင့်အကြောင်းနှင့် တွေးကြည့်လိုက်တော့လည်း ပေါ(လ်) ရက်ဆက်အပေါ်၌၊ မသင်္ကာစရာ သဲလွန်စ ခြေရာခြေကြောင်းက အထင်းသား နေသည်ကို တွေ့နေရသည်။

ဆိုဖာ နောက်မှီကိုမှီလျက် တွေးနေရာမှ ဒေါက်ဝါးတားဟော(လ်)က တ်ခနဲ ကိုယ်ကို မတ်လိုက်သည်။

သူ၏နှုတ်မှ အသံတိုးတိုးဖြင့် တကိုယ်တည်းပြောလိုက်သည်။

"ဟင်း... သူသာ တကယ်လုပ်တာဆိုရင်တော့၊ ငါ့ကိုပါ စော်ကား တာပဲ၊ ကို အရူး အ,အလို့ သဘောထားပြီး လုပ်သွားတာပေါ့၊ အင်း... ဒုတိယတန်းစား နောက်ပဲရှိတဲ့လူလို့တောင် ငါ့ကိုပြောသွားသေးတာပဲ၊ ဘယ်ရမလဲကွာ၊ ဒီကိစ္စကို

ရေဆုံးရေဖျား ငါကိုယ်တိုင်လိုက်ရတော့ မှာပေါ့"

သို့ဖြင့်ပေါ(လ်)ကိုမသက်သာသည့်ကိစ္စမှာ ဒေါက်တာဝါးတားဟော(လ်)အဖို့ သူကိုယ်တိုင်ပင် သတိမပြုလိုက်မိဘဲနှင့်၊ ပုဂ္ဂိုလ်ရေးကိစ္စအဖြစ်သို့ ပြောင်းသွားလေတော့၏။

ဒေါက်တာဝါတားဟော(လ်)က အခြေအနေကို ဆန်းစစ်ကြည့်၏။

"ဟိုတုန်းက ဘာဖြစ်လို့မတွေးခဲ့သလဲလို့ မေးကြရင်၊ ငါဘယ်လို ဖြေမလဲ ငါ့သိက္ခာကိုတော့ ထိခိုက်မှာပဲ၊ ဒါပေမဲ့ ဟိုတုန်းကတော့ မသက်သာစရာမတွေ့ လို့ပါ၊ နောက်မှ မသက်သာစရာအကြောင်းတွေပေါ်လာလို့၊ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင်၊ အခုလိုဖော်ထုတ်ရတာပါလို့ ရှင်းပြလိုက်ရင်၊ ငါ့ရဲ့ ဂုဏ်တောင် တက်လာနိုင်သေးတယ် မဟုတ်လား၊ တကယ်တော့ အယ်လီနာဟာ ငါ့လူနာ အသက်ရှိစဉ်ပဲဖြစ်ဖြစ်၊ သေသွားပြီးမှပဲဖြစ်ဖြစ်၊ ငါ့မှာ တာဝန်ရှိတာပေါ့၊ ပြည်သူ တစ်ယောက်အနေနဲ့လဲ အမှန်တရားကို ဖော်ထုတ်ရမယ့်တာဝန်ရှိတာပဲ"

သို့ဖြင့် ဒေါက်တာဝါးတားဟော(လ်)သည် သူကိုယ်တိုင် စကော့တလန်ယာဒ်ဌာနချုပ်သို့ သွားရောက်တိုင်ကြားရန် စဉ်းစားသည့် အဆင့်သို့ပင် ရောက်လာတော့၏။

'မဟုတ်ရင်တောင်မှ စကော့တလန်ယာဒ်ကို ရောက်ဖူးတာပေါ့လေ'ဟု အတွေးကလည်း ဝင်လာလေသည်။

မည်သို့ပင် စဉ်းစားစဉ်းစား၊ ပေါ(လ်)က သူ့အပေါ်တွင် 'ဒုတိယတန်းစား ဦးနှောက်သာရှိတဲ့သူပါ'ဟု နှိမ့်ချ၍ ပြောသွားသည့် အချက်က တိုင်တန်းဖြစ်အောင် တိုင်တန်းဖို့ သွေးထိုးလှုံ့ဆော်ပေးနေသည်။တစ်နည်းဆိုပါက အမှုမှန် ပေါ်ပေါက်ရေး ဆိုသည်ထက်၊ ပေါ(လ်)ကို အမြင်ကတ်သည့် စိတ်က ပို၍များနေပေသည်။ အိမ်ပြန်ရောက်သည့် ညနေခင်းတိုင်း နှစ်ရက်တိတိဆက်၍ စဉ်းစားပြီးနောက် ဒေါက်တာဝါးတားဟော(လ်) သည် စကော့တလန် ယာဒ်ဌာနချုပ်သို့ ထွက်လာ တော့သည်။

ဤတွင် ပစ်(ချ်)တောင်ကုန်းပေါ်တွင်'ပေါ(လ်)ပရက်ဆက်နှင့်ကောင်မကလေး တစ်ယောက်တွဲလျှက်သားတွေ့ရတယ်ဟေ့'ဟူသော ကောလာဟလ သတင်းမှာ တဖွေ့ဖွေ့လောင်လာသော စနက်မီးသည်ကား၊ ဝုန်းခနဲထ၍ ပေါက်ကွဲတော့မည့် အဖြစ်သို့ရောက်ရန် တားဆီး၍ မရနိုင်တော့သည့် အခြေအနေအထိ၊ ရောက်သွား ခဲ့ရတော့ပေတော့သည်။

{၇}

စကော့တလန်ယာဒ်စုံထောက် ဌာနချုပ်ရုံးမှ လက်ထောက်စုံထောက်မင်းကြီးက၊ ဤအမှုကို စုံစမ်းထောက်လှမ်းရန်၊ စုံထောက်အင်စပက်တော်ချုပ်ရွှန်ဘို(လ်)ထရိုကို တာဝန်ပေးထားပြီးဖြစ်ပေသည်။

ထို့ကြောင့် ရွှန်ဘို(လ်)ထရိုသည် အမှုဖြစ်ပွားရာ ဒေသနှင့်သက်ဆိုင်သည့်ရုံးခန်းသို့ လာရောက်ကာ၊ ဒေသခံစုံထောက် အင်စပက်တော် ဖရင့်နှင့် အမှုအကြောင်းကို ဆွေးနွေးတိုင်ပင် နေရသည်။

ရွှန်ဘို(လ်)ထရိုနှင့် ဖရင့်တို့သည် စုံထောက်လုပ်ငန်းကို ဆောင်ရွက်ရာ၌ပင်းစားတွေးခေါ်ပုံ မတူကြပေ။ လူပုံပန်း အမူအရာချင်းလည်း အတော်ပင်ကွဲပြားကြသည်။ ရွှန်ဘို(လ်)ထရိုက 'တို့ကတော့ ရှေးရိုးသမားပဲဟေ့'ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ့ရှိသည်။ ရှေးရိုးသမား ဆိုသည်မှာ၊ အောက်အဆင့်မှစ၍၊ တစ်ဆင့်ပြီးတစ်ဆင့်တက်လာရန် အလုပ်ကိုကြိုးကြိုးစားစားလုပ်ပြခဲ့ရသည်ဟူသောအဓိပ္ပာယ်ကိုဆောင်၏။ ဖရင့်သည်လည်း အောက်အဆင့်မှတက်လာခဲ့သူပင်ဖြစ်ပါသည်။ သို့သော် ဖရင့်တို့ လန်ဒန်ရဲအဖွဲ့သို့ဝင်လာသည့်အချိန်တွင်၊ ဖြေဆိုရသည့် စာမေးပွဲများသည်လည်း ပို၍ခက်လာသည်။ အခြေခံပညာအရည်အချင်းအဆင့် အတန်းကိုလည်း၊ ယခင်ကထက်ပို၍ မြင့်မားစွာသတ်မှတ်ထားသည်။ ထောက်ဘက်သို့ကူးပြောင်းရာတွင်လည်း၊ အရည်အချင်းစစ် စာမေးပွဲ ဖြေရသေးသည်။ ထို့ကြောင့် ရွှန်ဘို(လ်)ထရိုက၊ ဖရင့်ထက် ရာထူး အဆင့်အားဖြင့်ကြီးသည်မှန်သော်လည်း၊ ဖရင့်က ရွှန်ဘို(လ်)ထရိုအပေါ်၌ အထင်မကြီးလှပေ။

စားပွဲတွင် ထိုင်နေသော ဆာဂျင်ဒ်ျိုင်ယယ်သည်လည်း ဖရင့်ကဲ့သို့ပင်ခေတ်သစ်သမားဖြစ်၏။

ရွှန်ဘို(လ်)ထရိုက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက၊စားပွဲတွင်- ထိုင်နေသော ဖရင့်သို့လှမ်း၍ ပြောလိုက်သည်။

"ဒီမှာဗျ ဖရင့်ရ၊ ကျုပ်တို့ရင်ဆိုင်ရမယ့်လူက သာမန်လူမျိုးမဟုတ်ဘူး၊ပညာတတ်တစ်ယောက်ဗျ၊ ပညာတတ်ဆိုတော့ ဉာဏ်ပိုသွားတာပေါ့ဗျာ၊ ကျုပ်ကလဲဒီ လူမျိုးတွေနဲ့ ဉာဏ်ချင်းပြိုင်ရတာကို စိတ်ဝင်စားတယ်၊ ဒါကြောင့် အစစ်အရာရာကို သေသေချာချာ ပြင်ဆင်ပြီးမှ သွားရလိမ့်မယ်ဗျ"

ဒေသခံ အင်စပက်တော် ဖရင့်က၊ စကော့တလန်ယာဒ်ဌာနချုပ်မှအင်စပက်တော်ချုပ်ကြီး ပြောသွားသည့်စကားတွင် လိုနေသေးသည့် အချက်ကိုမှန်း၍ ထောက်လိုက်သည်။

"အဲဒီပုဂ္ဂိုလ်က ကျူးလွန်ခဲ့တယ်ဆိုတာ မှန်ရင်ပေါ့ဗျာ"

ဖွန်ဘို(လ်)ထရိက မဆိုင်းမတွ ပြန်၍ ရှင်းသည်။

"ဟုတ်ပါတယ်၊ သူကျူးလွန်ခဲ့တယ်ဆိုတာမှန်ရင်ပေါ့ဗျာ၊ ဒါပေမဲ့ ရရှိပြီးဖြစ်တဲ့ အထောက်အထားအချက်အလက်တွေနဲ့ ကြည့်ပြီး ပြောရ ရင်တော့ သူမကျူးလွန်ခဲ့ပါဘူးလို့တွေ့ရရင်တောင်မှ၊ အတော့်ကို အံ့သြစရာ ဖြစ်နေလိမ့်မယ် မင်းကြီးကလဲ အဲဒီလိုပဲယူဆတာပဲဗျ၊ အေးလေ အခု ကျုပ်တို့စုံစမ်းတာကလဲ ဒီလူကျူးလွန်ခဲ့တာ ဖြစ်မယ်ဆိုတဲ့ ယူဆချက်နဲ့ လုပ်တာ မဟုတ်ဘူးလားလို့ သူ မကျူးလွန်ခဲ့ဘူးလို့ အထောက်အထား ခိုင်ခိုင်လုံလုံ တွေ့ရင်လဲ ပြီးသွားရတာ ပေါ့လေ၊ အဲဒီလိုဆိုရင် သူ့အတွက်လဲ ကောင်းတာပေါ့ဗျာ"

ပြောရင်းနှင့် 'ကျုပ်တို့အတွက်တော့ ဘယ်ကောင်းမလဲ'ဟု သူ၏ နှုတ်မှ ထွက်လုနီးနီးပင် ဖြစ်သွားသေးသည်။

ဖွန်ဘို(လ်)ထရိက ဤမျှပင် စိတ်အားထက်သန်နေပါသည်။

'ဟုတ်ပါတယ်'ဟု ဖရင့်က အလိုက်အထိုက် ပြန်ပြောရ၏။

ဖွန်ဘို(လ်)ထရိက သူတို့ လုပ်ရမည့် လုပ်ငန်း အစီအစဉ်ကို ရှင်းပြ၏။

"ကျုပ်စိတ်ကူးထားတာကတော့၊ အဲဒီပေါ(လ်)ပရက်ဆိုတဲ့ လူနဲ့ သူ့ ကောင်မလေးတို့ကို တစ်ချိန်တည်းမှာပဲရုတ်တရက်သွားပြီး စစ်ကြမယ်၊ အရပ်ထဲမှာ အရင်စုံစမ်း မေးမြန်းတာတွေ လုပ်မနေဘူး၊ အဲဒီတော့မှ ဒီလူလဲ သက်သေခံ ပစ္စည်းတွေ ဘာတွေကို ဖျက်ဆီးဖို့ အချိန်မရဘဲနေမှာ၊ ကျုပ်က ပေါ(လ်)ပရက်ဆီ ကို သွားစစ်မယ်၊ ခင်ဗျားက မိုင်ရာဆီကိုသွား ခြိမ်းခြောက်တန်ရင်လဲ ခြိမ်းခြောက် ရမှာပေါ့ဗျာ"

ဖရင့်က ကန့်ကွက်လိုသော အမူအရာဖြင့် ပြန်မေးသည်။

"အဲဒီလို ရုတ်တရက်သွားစစ်တာတို့၊ ခြိမ်းခြောက်တာတို့ဟာ နည်းလမ်းကျပါ့ မလားခင်ဗျ"

"ကျပါတယ်၊ ကျပါတယ်၊ ကျုပ်သေသေချာချာ စဉ်းစားထားပြီးပါပြီဗျ ဒါမျိုးတွေ ကျုပ်လုပ်လာတာ ဘယ်လောက်ကြာပြီလဲ"

သူ့ထက် ရာထူးကြီးသူနှင့် ဆက်၍ ငြင်းခုန်မနေလိုတော့သည့် အတွက် ဖရင့်ကလည်း ခေါင်းညိတ်လိုက်ရတော့သည်။

ဖွန်ဘို(လ်)ထရိက ခေါက်တုံ့ခေါက်ပြန်လျှောက်ဆဲပင် ရှိသေးသည်။ သူတို့ ရှေ့ဆက်လုပ်ရမည့် အလုပ်ကို လမ်းလျှောက်ရင်းဖြင့် ဖရင့်ကို ရှင်းပြသည်။

"ခင်ဗျား ပထမဦးဆုံး လုပ်ရမှာက ဘက်စီဖား(လ်)ဆိုတဲ့ မိန်းမကို အရင် သွားတွေ့ရမယ်၊သူ့ဆီက ဒီကိစ္စအတွက်နောက်ခံ အချက်အလက် တော်တော် များရနိုင်တယ်၊ ဒါ့မှလဲ ပေါ(လ်)ပရက်ဆက်ဟာ ဘယ်လို ရည်ရွယ်ချက်ရှိလို့ မိန်းမကြီးကို အဆိပ်ခတ်လိုက်တာပဲဆိုတာ ပုံပေါ်လာမှာ"

ဖရင့်က ဂျွန်ဘို(လ်)ထရိုပြောသည်ကို စာရွက်ဖြင့် လိုက်၍ မှတ်နေသည်။

ဆရာကြီး ဂျွန်ဘို(လ်)ထရိုက ဆက်လက်၍ ညွှန်ကြားချက်ပေးနေသည်။

"ဒီ ဘက်စီးဖား(လ်)က ပေါ(လ်)ပရက်ဆက်ရဲ့ ကောင်မလေး အကြောင်းကို ကောင်းကောင်းသိတယ်၊ ဒါကြောင့် ကျုပ်တို့ ပထမ လုပ်ရမယ့်အလုပ်က ဘက်စီ (လ်)ကို မေးဖို့ပဲ"

အင်စပက်တော် ဖရင့်က 'ဟုတ်ကဲ့'တစ်ခွန်းသာ ပြန်ပြောပြီး ဂျွန်ဘို(လ်)ထရို ပြောမည်ကို စောင့်နေ၏။

ဂျွန်ဘို(လ်)ထရိုက သူ၏လက်ထဲရှိ စာရွက်စာတမ်းတွင် ရေးသား ထားသည့် များကို ဖတ်ပြီးမှ၊ ဖရင့်ကို ဆက်လက်၍ ညွှန်ကြားပြန်သည်။

"ဘက်စီဖား(လ်) ပြီးရင်တော့၊ ဘရစ်(စ်)ကိုးတို့ လင်မယားဆီကို သွားရ မယ်၊ မိန်းမလုပ်တဲ့သူကို ပိုပြီးဂရုစိုက်မေးဖို့ လိုလိမ့်မယ်နော်၊ သူက ပေါ(လ်) က်ဆက်တို့ အိမ်မှာ အလုပ်လုပ်တဲ့သူဆိုတော့၊ အိမ်တွင်းရေးကို သိနိုင်စရာ အကြောင်းရှိတယ်၊ ဥပမာအားဖြင့် အယ်လီနာပရက်ဆက်၊ ပထမအကြိမ် တုန်းက၊ ဘယ်လိုအခြေအနေရှိသလဲ၊ မသေခင် မမာမကျန်းမဖြစ်ခင်ကဘယ်လို ခြေအနေရှိသလဲဆိုတာ၊ သူ့ကို သေသေချာချာမေးကြည့်ရင်၊ သိနိုင်မယ်လို့ ယူဆတယ်၊ နောက် အယ်နီ ဆိုတဲ့ ကောင်မကလေး ဘယ်မှာနေတယ် ဘာကိုလဲ၊ အဲဒီ မိန်းမဆီကပဲ မေးယူရမှာ၊ အယ်လီနာပရက်ဆက် အပန်းဖြေ ထွက်သွားတုန်းက အိမ်မှာတွေ့ရတဲ့ အဖြစ်အပျက်ရယ်၊ သူ့ကို ဘာကြောင့် ဖော်အလုပ်က ထုတ်ပစ်တယ်ဆိုတာရယ်၊ မေးဖို့လိုမယ်၊ အဲ ...ဘရစ်(စ်)ကိုး တော့ ပေါင်းပင်သတ်ဆေးနဲ့ ပတ်သက်လို့ပဲ ပြောနိုင်မှာပါ၊ သူက သိပ်ပြီးတော့ ရေးမပါလှပါဘူး"

ဤတစ်ကြိမ်တွင်လည်း ဖရင့်ထံမှ 'ဟုတ်ကဲ့'တစ်ခွန်းသာ ပြန်ပြောသံ ထွက်လာသည်။

ဂျွန်ဘို(လ်)ထရိုကတော့ မရပ်သေး၊ သူ၏ အစီအစဉ်ကို ဆက်၍ ပြောပြ၏။

"ကျုပ်ကိုယ်တိုင်ကတော့ ပေါ(လ်)ပရက်ဆက် ငွေအပ်တဲ့ဘဏ်တိုက်ကို ပြီးသူ့မိန်းမ မဆုံးခင်က သူ့စာရင်းမှာ ငွေဘယ်လောက်ရှိသလဲ၊ သူ့

ကောင်မလေးဆီကို တစ်လဘယ်လောက်ပေးနေသလဲ၊ သူ့မိန်းမဆုံးပြီးတော့ နောက်ထပ် ငွေဘယ်လောက် တိုးလာသလဲဆိုတာတွေကို မေးမယ်"

ရှုန်ဘို(လ်)ထရိုက ဆာကျင်ဒ္ဒိုင်ယယ်၏ဘက်သို့လှည့်ကာ ညွှန်ကြားပြီး သည်။

"ဟော့…ဒ္ဒိုင်ယယ် မင်းကတော့ မိုင်ရာဘွန်းနေတဲ့နေရာကို စုံစမ်းရလိမ့် မယ်ဟော့"

ဤတစ်ကြိမ်တွင်တော့ ဖရင့်က သူ၏ ထင်မြင်ချက်ကိုပေးသည်။

"ဒါကတော့ သိပ်ခက်လှမယ်မထင်ဘူး၊ မစ္စတာဘို(လ်)ထရို"

ဤသို့ ဝင်ပြောလိုက်သည်ကို ဆရာကြီးဘို(လ်)ထရိုက ကျေနပ်လှပုံ မရ ထို့ကြောင့် ဖရင့်အား ပြန်၍မေးလိုက်သည့် အသံတွင် မကျေနပ်သည့် အ အယောင် ပါနေသည်။

"ဘယ်လို စုံစမ်းမှာလဲ ကိုယ့်လူရဲ့ ဆိုစမ်းပါဦး"

"ပထမဦးဆုံး သူအလုပ်လုပ်ခဲ့တဲ့ ကျောင်းကိုသွားပြီး၊ သူနေခဲ့ အိမ်လိပ်စာကို တောင်းရမှာပေါ့၊ ပြီးတော့မှ အဲဒီအိမ်က အိမ်ရှင်မိန်းမ ကြီးဆီ မိုင်ရာ ဘယ်ကိုပြောင်းသွားသလဲဆိုတာ မေးရင်ရမှာပေါ့၊ သူ့ အတွက်လာ စာတွေကို လိပ်စာအသစ်ကို ညွှန်ပေးဖို့ မူလနေခဲ့တဲ့ အိမ်ရှင်မိန်းမကြီးကို မိုင်ရာက ပြောခဲ့မှာပေါ့"

"ထားပါတော့…ထားပါတော့…"

ရှုန်ဘို(လ်)ထရိုက ဆက်၍ မပြောသေးဘဲ ဖရင့်၏ စကားထဲမှ ပျော့ကွက် ရှာနေသည်။ ပျော့ကွက်ကို တွေ့တော့မှ သူက ဆက်၍ ပြောသည်။

"ဒါပေမဲ့…သူ့ဆီကို စာတွေက လာဦးမှကိုး…နောက်တစ်ချက်က အခုလောလောဆယ် အချိန်အတွင်းမှာ သူလုပ်ခဲ့တဲ့ ကျောင်းက ကျုပ်တို့ စုံစ နေတာကိုလဲ မသိစေချင်သေးဘူး၊ ကဲ…ဒ္ဒိုင်ယယ် တကယ်လို့ အဲဒီကျောင်း မင်းသွားပြီးမေးရရင်လဲ ပိပိရိရိတော့ရှိပစေကွာ၊ ပျားအုံကိုတုတ်နဲ့ထိုးလို သလိုတော့ ဖြစ်မသွားစေနဲ့၊ ဟုတ်လား"

ဆာကျင်ဒ္ဒိုင်ယယ်က ရိုကျိုးစွာ ဖြေလိုက်သည်။

"ဟုတ်ကဲ့ပါဆရာ"

"နောက်တစ်ခု ဖရင့်ရေ…ခင်ဗျားရဲ့လူတစ်ယောက်ကို အဲဒီကျောင်း စောင့်ကြည့်ဖို့ တာဝန်ချလိုက်စမ်းပါ၊ ဒါမှ ပေါ(လ်)ဗရက်ဆက်ရဲ့ လှုပ်ရှား နောက်ယောင်ခံပြီး လိုက်လို့ရနိုင်မှာ၊ ဒီနေ့ညမှာတောင်မှ ဒီလူက သူ့ကောင်မ

တန်းသွားချင်သွားမှာ၊ အဲဒီသာသွားရင်တော့၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သွားမှာပဲ၊ ကောင်မကလေးနေတဲ့ နေရာကိုပါ သိရမှာပေါ့၊ ဟုတ်ဘူးလား ရ"

"ဟုတ်ပါတယ်ခင်ဗျာ"

ဆရာကြီး ဘို(လ်)ထရိုက အာသွက်နေသလောက်၊ ဒေသခံ အင်စပက်တော် က နှုတ်ဆိတ်လှ၏။

ယခုလည်း ဘို(လ်)ထရိုကပင် ဆက်၍ ပြောပြန်သည်။

"ကနေ့အဖို့ကတော့ ဒီလောက်ပါပဲ။ ကံကောင်းထောက်မရင် ဒီလူနဲ့ သူ့ ောင်မလေးကို နောက်ထပ်(၄၈)နာရီအတွင်းမှာ ကျုပ်တို့ တွေ့ဆုံ မေးမြန်းနိုင်ပါ ယ်၊ ကျုပ်ကတော့အုပ်မိအောင် မြန်နိုင်သမျှ မြန်မြန်ပဲလုပ်လိုက်ချင်တယ်ဗျ"

{ ၈ }

အစ္စလင်တန်ဗေး(လ်)ရပ်ကွက်ရှိ အင်း(မ်)ထရီး လမ်းကလေးသည် ာက်ပသော နေ့ရာသီဝယ် သာတောင့်သာယာရှိနေသည်။

ထိုလမ်းကလေးအတွင်းသို့ လူနှစ်ဦးက ဝဲယာနှစ်ဖက်မှ အိမ်များ၏ နံပါတ်ကို ိုက်စိုက် ရှာဖွေကြည့်ရှုရင်း ဖြေးဖြေးလျှောက်၍ ဝင်လာကြသည်။ တစ်ဦးက ထောက် အင်စပက်တော်ချုပ် ဂွန်ဘို(လ်)ထရို၊ တစ်ဦးကစုံထောက် ဆာဂျင် ယ်။

"နံပါတ်(၂၃)...တွေ့ပြီဟေ့ ဒိုင်ယယ်ရေ",

ပေါ(လ်)သည် သူ၏ အိမ်တွင်းဝယ် နံနက်စာစားပြီး၍ ပန်းကန်ခွက်ယောက် ကို ဆေးကြောနေဆဲဖြစ်သည်။ သူ့အဖို့မှာ ဘဝသည် ပျော်စရာအတိသာ နေ၏။ မနေ့ကပင် သူနှင့် မိုင်ရာသည် ကလစ်ဆော့ပန်းခြံထဲသို့ သွားခဲ့ကြသေး ည်။ သူတို့ ပထမဦးဆုံး လွတ်လွတ်လပ်လပ်တွေ့ရခြင်းကို အမှတ်တရအဖြစ် ခဲ့ခြင်းဖြစ်သည်။

ပန်းကန်များကို ဆေးရင်းဖြင့်၊ ဤပျော်ရွှင်ဖွယ်ရာ အဖြစ်များကို စားမြုံ့ပြန်၍ နေသည်။ အိမ်နောက်ဖေး ပန်းခြံကိုဖြတ်၍ တိုက်လာသည့် နွေဦးလေညင်း လေးကလည်း၊ ပန်းရနံ့များကို သယ်ဆောင်ကာ မီးဖိုချောင် ပြတင်းပေါက်မှ ဘ၍ သူ၏ နာခေါင်းဝတွင် ကြူနေသည်။

ဤသို့ ပေါ(လ်)က ပြန်၍ ပြောလိုက်သည်ကို တွေ့လိုက်ရသည့် အတွက်၊ ...ဘို(လ်)ထရိက အားတက်သွားသည်။ ဤလူတော့ စိတ်လှုပ်ရှားသွားပြီ ...ည်မှာထင်ရှားသည်။ တွေ့စကတော့ လူပုံပန်းသဏ္ဌာန်ကို ကြည့်၍၊ ကျူးလွန် ...သူဟုတ်မှ ဟုတ်ပါ့မလားဟု ဒွိဟဖြစ်မိသေးသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က စကော့တလန်ယာ့ဒ်ဌာနချုပ်က စုံထောက် ...ဝက်တော်ချုပ် ဂျွန်ဘို(လ်)ထရိပါ၊ ဟောဒါကတော့ စုံထောက် ဆာဂျင် ...သယ်ပါ"

ပေါ(လ်)က ခြေသုတ်ကောဇောပေါ်တွင်ပင် ရပ်နေကာ ပြန်၍ပြောသည်။

ဟုတ်ကဲ့၊ ကျွန်တော် ဘယ်လိုအကူအညီပေးနိုင်မလဲခင်ဗျာ"

"ကျွန်တော့်တို့ကို အိမ်ထဲဝင်ခွင့်ပြုပါလား ခင်ဗျ၊ ဒါမှ ရေရေလည်လည် ...ပြောလို့ရပါမယ်"

"လာပါ၊ လာပါ"

ပေါ(လ်)က ဣန္ဒြေမပျက်သာလျှင် ထိုနှစ်ဦးကို အိမ်ထဲသို့ ဦးဆောင်၍ ...သွားရသော်လည်း၊ သူ၏ ရင်ထဲ၌မူကား မီးရထားဆယ်စင်း ပြိုင်၍ခုတ်နေ ...သည့်အလား တဒိန်းဒိန်းခုန်နေသည်။

ပေါ(လ်)က စုံထောက်အရာရှိနှစ်ဦးအားနေရာထိုင်ခင်းပေးပြီးနောက်၊ ...သည်း ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ကာ ရှင်းပြမည်ကို နားထောင်ရန် ...ာင့်နေသည်။

"ဒီလိုပါ မစ္စတာပရက်ဆက်၊ ခင်ဗျားရဲ့ဇနီးသည် သေဆုံးသွားခဲ့တဲ့ကိစ္စမှာ၊ ...ဘာဝအတိုင်း သေဆုံးခဲ့တာ မဟုတ်ဘူးလို့ သတင်းရလို့ပါ၊ မတော်တဆ ...ဖြစ်သွားခဲ့တာလဲဟုတ်ချင် ဟုတ်မှာပေါ့ဗျာ၊ ဒါပေမဲ့ လမ်းဆုံးအောင်တော့ ...စစ်ဆေးဖို့လိုလာပါတယ်၊ မတော်တဆ ဖြစ်ခဲ့တာမဟုတ်ခဲ့ရင်လဲ သူ့အပေါ်မှာ ...ငြိုးရှိတဲ့သူတစ်ယောက်ယောက်ရဲ့ ပယောဂကြောင့် သေတာဖြစ်နိုင်ပါတယ်"

"ရန်ငြိုးရှိတဲ့သူ ဟုတ်လား"

ပြန်၍ မေးလိုက်သော ပေါ(လ်)၏ မျက်နှာမှာ သွေးမရှိသလို ဖြူရော်ရော် ...နေ၏။

စုံထောက်ကျော်ဂျွန်ဘို(လ်)ထရိကတော့ ပေါ(လ်)အပေါ်၌ ကောင်းကောင်းကြီး ...ချာသွားလေပြီ။ အမူအရာက အတော်ပင်ပျက်နေပြီ မဟုတ်ပါလား။

"ဟုတ်ပါတယ်၊ ဒါကြောင့် ခင်ဗျားဆီကို လာခဲ့တာပါ၊ ခင်ဗျားများ ကူညီ ...မလားလို့၊ တခြားလူတွေဆီမှာလဲ စုံစမ်းပြီးပါပြီ။ သူတို့ကတော့ ကျွန်တော်တို့ ...ကျေနပ်လောက်အောင် အဖြေမပေးနိုင်ဘူး"

ပေါ(လ်)ထံမှ ရုတ်တရက် စကားပြန်မရ၊ သူက စုံထောက်အရာရှိ နှစ်ဦး
ငေး၍ကြည့်နေသည်။ အတော်ကြီးကြာမှ ချွဲတစ်ချက် ရှင်းလိုက်ကာ သူ့ထံ
စကားသံထွက်လာသည်။

"ကျွန်တော့်ဆီကို ဘာဖြစ်လို့ အရင်လာမမေးကြတာလဲဗျ၊ ကျွန်တော
နောက်ကွယ်မှာ လိုက်မေးနေတာတော့ မကောင်းပါဘူး၊ ကဲပါ စုံထောက်ကြီး
ကျွန်တော်လဲဒီလောက်မထုံထိုင်းသေးပါဘူး၊ တည့်တည့်သာ ပြောပါ၊ ကျွန်တော်
မသင်္ကာတာ မဟုတ်လား"

"ခင်ဗျားအပေါ်မှာ မသင်္ကာတာ မဟုတ်ပါဘူး မစ္စတာပရက်ဆက်၊ စုံ
စစ်ဆေးဖို့ လိုလိမ့်မယ်လို့ ယူဆလို့၊ လိုက်လံစုံစမ်းနေတာလောက်ပါပဲ"

"ဒီလိုဆိုရင်လဲဗျာ၊ ကျွန်တော့်ဆီကို ဘာဖြစ်လို့ အရင်ဆုံးလာပြီး မမေး
တာလဲ"

ပေါ(လ်)ပရက်ဆက်၏ အမေးကို စုံထောက်ကြီး ပွန်ဘို(လ်)ထရိုက မည်
ဖြေရမှန်း ရုတ်တရက် စဉ်းစား၍မရ၊ တပည့်လုပ်သူ၏ ရှေ့တွင်လည်း အိုး
အ,တလည်း ဖြစ်မနေလိုပေ။

ပွန်ဘို(လ်)ထရိုက ရုတ်တရက်မဖြေသည်ကို၊ ပေါ(လ်)က သူထင် ထားသ
အတိုင်း ဟုတ်ပါပြီဟု အမိဖွယ်ကောက်ကာ ဒေါနှင့်မောနှင့် ဆက်၍ပြောလေ

"ကျွန်တော့်နောက်ကွယ်မှာ လိုက်လံစုံစမ်းနေတာဟာ ကျွန်တော့်ကို မသင်္ကာ
လို့ပဲပေါ့ဗျ၊ ဘယ်သူကများ ခင်ဗျားတို့ကို ဒီလိုသတင်းမျိုး ပေးလိုက်သလဲမသိဘူ
အတော်စုတ်ပဲ့တာပဲ၊ ကျွန်တော့် မိန်းမဟာဒွေးရီး သားရီးနဲ့သေတာပါ၊ သူ့
ကုခဲ့တဲ့ ဆရာဝန်ကိုလဲ မေးကြည့်နိုင်ပါတယ်၊ ဒေါက်တာဒါးဘားဟော(လ်)
ဟောဒီအနားကလေးမှာပဲနေပါတယ်၊ အဲဒီဆရာဝန်ကိုယ်တိုင်က ဘာမှ မပြော
ဘဲနဲ့၊ ဘယ်လိုလူမျိုးက မဟုတ်တန်းတရားတွေ ခင်ဗျားတို့ကိုလာပြောသ
မသိဘူး၊ အဲဒီလူက ဘယ်သူလဲဗျ၊ ကျွန်တော့်မှာ သိခွင့်ရှိပါတယ်၊ အသရေဖျက်မှု
သူ့ကို တရားစွဲရမယ်၊ ပြောပြစမ်းပါဗျာ၊ ဘယ်သူလဲလို့၊ မဖြစ်ဘူး၊ မဖြစ်ဘူ
ကျွန်တော့် ရှေ့နေကို၊ ဒီနေ့ပဲသွားတွေ့ပြီး တိုင်ပင်မှ"

ပွန်ဘို(လ်)ထရိုက သူ၏ပွဲတွေ့နည်းကို အသုံးပြု၍၊ ပေါ(လ်)အား ဖြည်းည
သာယာစွာ ချောင်းချောင်းဖျဖျ ပြောပြသည်။

"ကဲ...မစ္စတာပရက်ဆက်၊ ကျွန်တော် ခင်ဗျားကို ပွင့်ပွင့်လင်းလင်း
ပဲပြောပြပါမယ်ဗျာ၊ ဟောဒီအရပ်ထဲမှာ ခင်ဗျားရဲ့အကြောင်းတွေကို လူတွေ
ခင်ဗျားရဲ့နောက်ကွယ်မှာ ပြောနေကြတယ်၊ ဖာဖြည်းဖြည်းနဲ့ ကျွန်တော်တို့

အထိ ပေါက်လာတဲ့အဖြစ်ကို ရောက်လာတယ်၊ လူတွေရဲ့ ပါးစပ်ပေါက်ကလဲ ပိတ်ဖို့မလွယ်ဘူးဆိုတာ ခင်ဗျားလဲ သိတဲ့အတိုင်းပဲ"

"ဒီလိုအခြေအမြစ်မရှိဘဲ ပြောကြတာကို၊ ဘာဖြစ်လို့ အချိန်ကုန်ခံပြီး ဆောင်နေသလဲဗျာ၊ ဒီလို ပြောတဲ့လူတွေကို အသရေဖျက်မှုနှင့် ကျွန်တော် ရားစွဲမယ်"

"သိပ်လဲလောမကြီးနဲ့လေ၊ သူတို့ပြောနေကြတဲ့အထဲမှာ ခင်ဗျားရဲ့ဇနီး ပြီးလို့ မကြာသေးခင်မှာပဲ ခင်ဗျားနဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူတွဲနေတာ တွေ့ရတယ်တဲ့"

ပေါ(လ်)၏ မျက်နှာတစ်ခုလုံး နီမြန်းသွားသည်ကို ဂျွန်ဘို(လ်)ထရီက တိပြုလိုက်မိသည်။

ဂျွန်ဘို(လ်)ထရီက သူ၏ စကားကို ဆက်၍ ပြော၏။

"အဲဒီလို တွေ့တယ်ဆိုတော့လဲပြောဖို့ အကြောင်း ဖြစ်လာတာပေါ့လေ၊ တွေ့ရုံက ဒီလောက်မဆိုးသေးဘူးဗျ၊ ခင်ဗျားရဲ့ဇနီး မသေခင် ဝေဒနာခံစားရတဲ့ ကာလလဲ၊ အဆိပ်မိတဲ့အခါမှာခံစားရတဲ့ဝေဒနာနဲ့ အတော်ကလေးတူနေပြန်၊ တော့လဲ ခုန ခင်ဗျားနဲ့တွဲလျက်သား တွေ့လိုက်ရတယ်ဆိုတဲ့ ကောင်မကလေးနဲ့ ဗျားနဲ့ကလဲ ခင်ဗျားဇနီး မဆုံးခင်ကတည်းက တွဲနေခဲ့ကြတယ်လို့ ဆိုပြန်တော့၊ ဗျားအပေါ်မှာ ယုံမှားသံသယဖြစ်စရာ ဖြစ်လာတာပေါ့ဗျာ"

"အတော်အဆင့်အတန်းနိမ့်တဲ့ လူတွေပဲဗျာ"

ဂျွန်ဘို(လ်)ထရီက လေပြေဆက်၍ ထိုးပြန်သည်။

"အဲဒါကြောင့်မို့ ကျွန်တော်တို့ကလဲ လူတွေ့ရဲ့သံသယကိုပြေပျောက်သွား အောင် လိုက်လံစုံစမ်းစစ်ဆေးရတာပါ၊ မစ္စတာပရက်ဆက်အနေနဲ့ ကိုယ့်ကိုယ်ကို ဖြစ်မရှိဘူးလို့ ယုံကြည်ရင်၊ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ရုံပါပဲ၊ လူတွေက သက်ဖြစ်နေတာကို၊ ကျွန်တော်တို့နဲ့ ပေါင်းပြီး ပြေပျောက်အောင် လုပ်ကြ တာပေါ့"

အင်စပက်တော်ချုပ်ကြီးသည် သူ့စကားကို အလွန်သဘောကျနေ၏။ အထူး ဖြင့် ဆာချင်ဒ်ိုင်ယယ်၏ ရှေ့တွင် သူ၏အစွမ်းကို ပြလိုက်ရသည့် အတွက် အလွန်တရာ ကျေနပ်နေပေသည်။

ပေါ(လ်)အဖို့မှာတော့ စိတ်ကယောင်ချောက်ချား ဖြစ်သွားရရှာသည်။ င်ရာနှင့် အတူ သူ့ကိုတွေ့လိုက်ရသည်ဟု ပြောသံကြားရကတည်းက သူ၏ခေါင်းထဲတွင် ရှင်းရှင်းလင်းလင်း စဉ်းစား၍မရတော့ပေ။

**စိတ်ကူးချိုချို**

အင်စပက်တော်ချုပ်ကြီးက ချိုသာသော အသံဖြင့် သူ့ကို တိုက်တွန်း ပြန်သည်။

"ခင်ဗျား သိသလောက်သာ ပြောလိုက်ရင် ပြီးပါတယ်ဗျ၊ ဘာမှ မစိုးရိမ်ပါနဲ့"

ပေါ(လ်)က ဖြည်းဖြည်းချင်း ပြန်ပြောသည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကျွန်တော်သိတာတွေ အကုန်လုံးပြောပါမယ် အင်စပက်တော်ကြီးရယ်၊ ဘာမှ ရှုပ်ရှုပ်ထွေးထွေး မရှိပါဘူးခင်ဗျာ၊ ကျွန်တော် အိမ်ကထွက်သွားနေတုန်း ကျွန်တော့်မိန်းမဟာစပြီး နေမကောင်းဖြစ်တယ်ဆိုတာ သူ့ကို ကုတဲ့ဆရာဝန်က သက်သေခံနိုင်ပါတယ်၊ အဲဒီဆရာဝန်ဆီကို သွားချင် အခု ကျွန်တော် လိုက်ပို့ပေးနိုင်ပါတယ်"

အင်စပက်တော်ချုပ်ကြီးက ပေါ(လ်)၏ စကားကို ဖြတ်၍ ဝင်ပြောသည်

"ခဏနေဘ် မစ္စတာပရက်ဆက်၊ ခင်ဗျားသိအောင် ပြောထားရမှာ အခုကျွန်တော်တို့ကို ခင်ဗျားပြောပြနေတာဟာ၊ လုပ်ငန်းသဘောအရ ထွက်ဆိုချက်လို့ခေါ်ပါတယ်။ အဲဒီလိုပြောပြတာဟာ ခင်ဗျားရဲ့ ဆန္ဒသဘော အလျောက်ပဲဖြစ်ပါမယ်၊ ဘယ်သူကမှ သွေးဆောင်လို့ တိုက်တွန်းလို့ ခြိမ်းခြောက် မဟုတ်ရပါဘူး၊ သဘောပေါက်ပါတယ်နော်။ ဘာဖြစ်လို့ ဒီလို ကျွန်တော် ပြောပြရတာလဲဆိုတော့၊ ခင်ဗျားအပေါ်မှာ လူတွေ မသက်သကြဘူး၊ ခင်ဗျား ငြင်းတယ်၊ အဲဒီတော့ ခင်ဗျားဟာ သက်သေအဖြစ် ထွက်ဆိုရဖို့ အလားအလာ ရှိနေတာမို့၊ ခင်ဗျားထံက မိမိဆန္ဒအရ ထွက်ဆိုချက် ယူနေရတာပါ၊ ဟုတ်ပြီ ကဲ...ဖြစ်ပျက်ပုံကို အစကစပြီး ပြောပေတော့။ မရှင်းတာရှိရင် ကျွန်တော် ဖြတ်မေးမယ်၊ ခင်ဗျားဆန္ဒ ရှိတယ်ဆိုရင်လဲ၊ စာနဲ့လိုက်ရေးပေးမယ်၊ ကျွန်တော် ပြောတာ သဘောကျရဲ့လား"

"ဟုတ်ကဲ့၊ ကျပါတယ်...ကျပါတယ်၊ ကျွန်တော့်အနေနဲ့လဲ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

"ကဲ...ဒီလိုဆိုရင် ကျေးဇူးပြုပြီးတော့ဗျာ"

သို့ဖြင့် ပေါ(လ်)က အယ်လီနာသေဆုံးပုံကို ပြောပြ၏၊ အချို့သော နေရာ များတွင် အင်စပက်တော်ကြီးက ဝင်၍မေးသည်။ ရောဂါအမည်ကို ပေါ(လ်)က ဤသို့ ပြောပြသည်။

"ဆရာဝန်ရဲ့ လက်မှတ်ထဲမှာတော့ ဂက်စထရိုအင်တာရိုက်တစ် ရောဂါ ကြောင့်၊ နှလုံးပြွန်ပေါက်ရောဂါက မခံနိုင်ဘဲသေရတာလို့ ဆိုပါတယ်၊ အဲဒီ လက်မှတ်ကို ကြည့်ချင်ရင်လဲရပါတယ်"

ဂျွန်ဘို(လ်)ထရိုက ပေါ(လ်)ကို မျက်စိဒွေ၍ ကြည့်ကာ သူ၏ မြုပ်ကွက်တစ်ခုကို ဖော်ထုတ်လိုက်သည်။

"ဆရာဝန်တွေလဲမှားတဲ့အခါ မှားတတ်တာပဲဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့ဗျာ၊ အဲဒီဆရာဝန်ရဲ့ထောက်ခံချက်မှန်မမှန်ကိုတော့၊ အလောင်းကိုဖော်ပြီး စစ်ဆေးကြည့်တဲ့အခါကျရင် သိရမှာပဲ"

ပေါ(လ်)က ပြန်၍မေးသည်။

"အလောင်းကိုဖော်ပြီး စစ်ကြည့်ဦးမှာလား"

"ဖော်ရမယ်လို့ ထင်တယ်"

ဤကား အင်စပက်တော်ကြီးဂျွန်ဘို(လ်)ထရိုက ခပ်တည်တည်ဖြင့် လိမ့်လိုက်ခြင်းသာဖြစ်ပါသည်။ တကယ်တော့ သူ့တွင် ဤသို့ပြောပိုင်ခွင့်အာဏာ ရှိသည်မဟုတ်ပါ။

ပေါ(လ်)က တုန်လှုပ်သွားသည်။ နောက်မှ အင်စပက်တော်ကြီးက သူ့ကိုခြိမ်းခြောက်တာ ဖြစ်မည်ဟုတွေးကာ၊ ခပ်ရဲရဲပင် ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်၏။

သို့သော် ပေါ(လ်)ကို အကဲခတ်နေသော ဂျွန်ဘို(လ်)ထရိုက ပထမပိုင်းတွင် ပေါ(လ်)က ထိတ်ထိတ်ပျာပျာဖြစ်သွားပုံကို တွေ့လိုက်ရပြီး ဖြစ်၏။

"ဟုတ်ပါတယ်လေ၊ ဒါမှလဲရှင်းလင်းသွားမှာပေါ့၊ အဲဒီလို အလောင်းကိုဖော်ခွင့်အမိန့်စာတော့ လိုမှာပေါ့၊ဟုတ်ဘူးလား၊ဖော်ဖို့ဆိုရင် ဘယ်သူက အမိန့်ထုတ်ပေးသလဲ"

"ဒီလိုလုပ်ဖို့ကိစ္စကိုတော့ သေမှုသေခင်းစစ်ဆေးတဲ့ တရားသူကြီးက အမိန့်ထုတ်ပေးပါတယ်"

"ကောင်းပါတယ်၊ မြန်မြန်ပြီးသွားလေ ကောင်းလေပဲပေါ့ဗျာ၊ ဘာမှတော့ တွေ့မှာမဟုတ်ပါဘူး"

"ခင်ဗျားပြောတာ အမှန်ဖြစ်တယ်လို့ ကျွန်တော်လဲယုံကြည်ပါတယ်၊ ကျွန်တော်တို့ကတော့ ဝတ္တရားအရ လုပ်ဖို့ရှိတာကို လုပ်သွားရမှာမို့ပါ"

"ဟုတ်ပါတယ်၊ စစ်ကြည့်လို့လဲ ဘာမှတွေ့စရာ အကြောင်းမရှိပါဘူး၊ တစ်ခုတော့ရှိသပေါ့ဗျာ၊ ကျွန်တော့် မိန်းမက ဆေးဆိုင်က ဆေးအမျိုးမျိုးကို ယူလာခဲ့တာဆိုတော့ အဲဒီဆေးတွေထဲမှာပါတာတွေလဲ၊ စစ်တဲ့အခါမှာ တွေ့ရမှာပေါ့"

"မှန်ပါတယ်၊ မစ္စတာပရက်ဆက် ကဲ ...ကျွန်တော်တို့ကို ခင်ဗျားရဲ့ မစ္စစ်ပရာဘွန်းတို့ ဇာတ်လမ်းကလေးကို ကျေးဇူးပြုပြီး ပြောပြပါလားဗျာ၊ မေးရတာကိုတော့ အားနာပါတယ်"

ပေါ(လ်)က ထိုင်နေရာမှ ခုန်ထလိုက်ပြီး၊ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း ပြန်ပြော၏။

“ဒီမှာ မိတ်ဆွေ၊ မစ္စမိုင်ရာဘွန်းကို ဒီကိစ္စထဲမှာ ဆွဲမထည့်ဘဲနဲ့ မရဘူးလား သူနဲ့လဲဘာမှ မဆိုင်ပါဘူး၊ ကျွန်တော်လုပ်နေတဲ့ ကျောင်းမှာ လုပ်သွားဘူးတဲ့ သူငယ်တန်းပြ ဆရာမကလေးပါ၊ ကျွန်တော်နဲ့ မိတ်ဆွေ အဖြစ် ဆက်ဆံနေကြ တာပါ၊ တစ်ခါတလေ ကျွန်တော်တို့ နှစ်ယောက် တွဲပြီးသွားလာနေကြတယ် ဆိုတာလဲမှန်ပါတယ်၊ လုပ်ဖော်ကိုင်ဖက် နှစ်ဦးအနေနဲ့ အတူတူသွားကြတာပါ အဲ... ကျွန်တော့်မိန်းမ ဆုံးသွားပြီးတော့ ကျွန်တော့်ရဲ့ ဘဝဟာ တစ်ဦးတည်း ပျင်းခြောက်ခြောက်ကြီး ဖြစ်နေတာမို့ ကျွန်တော့်ကို လက်ထပ်ပါလားလို့ သူ့ကို ခွင့်ပန်ခဲ့ပါတယ်၊ ချက်ခြင်း လက်ထပ်ဖို့မဟုတ်ပါဘူး၊ ကာလ အတော်အတန်ကြာ မှပါ”

ဂျွန်ဘို(လ်)ထရီက အမှတ်တမဲ့ ပြောလိုက်သည့် ပုံမျိုးဖြင့် နောက်ထပ် စကားလုံး တစ်ခုကို ပစ်သွင်းလိုက်သည်။

“ဟုတ်ပါပြီ၊ မစ္စမိုင်ရာကို အကြည့်လိုက်ရင် ရှင်းသွားမှာပေါ့ ဟုတ်ဘူးလား”

လမ်းလျှောက်နေရာမှ ဆတ်ခနဲရပ်ကာ ပေါ(လ်)ခပ်ဆတ်ဆတ် ပြန်ပြော လိုက်သည်။

“မစ္စမိုင်ရာကို သွားမေးဦးမလို့လားဗျ၊ သူနဲ့ဘာမှ မဆိုင်ပါဘူးလို့ ကျွန်တော်ပြောခဲ့သားပဲ”

“ဝတ္တရားအရတော့ မေးရမှာပဲဗျ၊ အမှန်အတိုင်းပြောရရင်တော့ ခုအချိန်မှာ တခြားစုံထောက်အရာရှိတစ်ဦးက၊ မစ္စမိုင်ရာဆီမှာ ခင်ဗျားကို ကျွန်တော်မေး သလိုပဲမေးနေပါပြီ”

ပေါ(လ်)၏ မျက်နှာပေါ်တွင် စိတ်အားလျော့သွားသည့်ပုံသဏ္ဌာန် ပေါ်လာ သည်။ ကလေးတစ်ဦးသာဆိုလျှင် နေရာတွင်ပင် ချုံးပွဲချငိုလိုက်မည်ဖြစ်၏။ လူကြီး တစ်ဦး ဖြစ်နေ၍သာ မျက်ရည်စို့ရုံသာ ရှိပေသည်။

သူ့နှုတ်မှလည်း မကျေနပ်သော မခံမရပ်နိုင်သော စကားလုံးများ ထွက်လာ ကြသည်။

“ခင်ဗျားတို့ တယ်ရက်စက်တာပဲ၊ ဘာမှမသိတဲ့ မိန်းမကလေး တစ်ဦးကို အခုလို ကျားအုပ်သလိုဝင်အုပ်တာတော့ ရက်စက်လွန်းပါတယ်၊ တကယ် ကျွန်တော်က သွားပြီးရှင်းပြထားနှင့်ဖို့ ကောင်းတာ”

ပေါ(လ်)မှာ ငိုမိမည်စိုးသဖြင့်၊ ပြတင်းပေါက်သို့ သွားကာ၊ အပြင်ဘက်သို့ ကြည့်နေသည်။

တနင်္ဂနွေနေ့ နံနက်ပိုင်း ဘုရားရှိခိုးကျောင်း ခေါင်းလောင်းသံများသည် ကျော်စောစော နေရောင်ခြည်ပက်ဖျန်းထားသော အိမ်ခေါင်မိုးများကို ဖြတ်ကျော် ကာ ပြတင်းပေါက်မှ ဝင်လာသည်။ စာကလေးတစ်ကောင်က ဆောင်းအိမ်ခြံဝင်းထဲရှိ ကုတ်တစ်ခုပေါ်မှ ပျံထလာကာ၊ သူ၏ အိမ်ခြံဝင်းထဲရှိ သစ်ပင်တစ်ပင်ပေါ်သို့ ချွန်းနားလိုက်သည်ကိုတွေ့ရ၏။ ခပ်လှမ်းလှမ်းမှ ကလေးတစ်စု၏ ဆော့ကစား သံများကိုလည်း ကြားနေရသည်။

သာယာအေးချမ်းလှသော ပတ်ဝန်းကျင်ပါတကား။

သူ၏ အိမ်တွင်း၌လည်း ဆူဆူညံညံ အသံဗလံမရှိ၊ အေးချမ်း တိတ်ဆိတ် နေသည်။

ပေါ(လ်)က လမ်းမဘက်သို့ ငေးကြည့်ရာမှ၊ စုံထောက်အရာရှိ များထံ လှည့်ပန်သည်။

"ကျွန်တော့်ကို ခဏလောက် စဉ်းစားခွင့် ပေးပါလားဗျာ"

"ရပါတယ်၊ရပါတယ်၊ကြိုက်သလောက်အချိန်ယူစဉ်းစားပါ၊ကျွန်တော်တို့က ကိစ်ဆွေကို ကူညီဖို့ပါ၊ အနှောင့်အယှက်ပြုဖို့ မဟုတ်ပါဘူး"

ပြတင်းပေါက်တွင် ရပ်လျက် မိနစ်အတော်ကြာအောင် စဉ်းစားပြီးနောက်၊ ပေါ(လ်)က မျက်နှာထား ခပ်အိုအိုဖြင့်၊ စုံထောက်အရာရှိများဘက်သို့ လှည့်၍၊ နှင့်မိုင်ရာတို့အကြောင်းကို ဝန်ခံသည်။

ကဲ ...အမှန်ကို ပြောတာပဲကောင်းပါတယ်လေ၊ စောစောတုန်းကတော့ မိုင်ရာဘွန်းရဲ့ ဂုဏ်သိက္ခာကိုဆယ်ဖို့ ကြိုးစားမိခဲ့ပါတယ်၊ အခုတော့ မထူးတော့ ပါဘူး ...ဟုတ်ပါတယ်၊ စုံထောက်ကြီးများ ပြောသလိုပါပဲ၊ မစ္စမိုင်ရာဘွန်းဟာ ကျွန်တော့်ဇနီးမဆုံးခင်ကတည်းက ကျွန်တော့်ရဲ့ ချစ်သူပါ"

အင်စပက်တော်ကြီး ဖွန်ဘို(လ်)ထရိုက ခေါင်းညိတ်၍၊ ပေါ(လ်)ကို ဆက်ပြောရန် တိုက်တွန်း၏။

"ဟုတ်ပါပြီ၊ ဒါမှပေါ့၊ အားလုံးကိုသာပြောပါ၊ ဒါမှခင်ဗျား အတွက်ရော သူ့အတွက်ရော ကောင်းသွားမှာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ကြိုတင်ပြောပြထားချင်တာက ဒီလိုဖြစ်ခဲ့ရတာဟာ၊ သူ့ပယောဂလုံးလုံးမပါတဲ့အကြောင်းပါပဲ၊ မစ္စစ်မိုင်ရာ ဘွန်းဟာ ဒီလိုမှားယွင်းတဲ့ ကိစ္စမှာ၊ ပထမတုန်းက အလိုမတူခဲ့ပါဘူး၊ နောက်ဆုံး

ကျွန်တော့်ကိုသနားလွန်းလို့သာ ခေါင်းညိတ်ခဲ့တာပါ၊ အယ်လီနာ မဆုံးခင် ခြောက်လလောက်၊ မိုင်ရာနဲ့ ကျွန်တော်ဟာ လုံးဝအဆက်ဖြတ်ခဲ့ကြပါတယ်။ ဆုံးပြီးတော့လဲ နှစ်လတိတိ သူ့ကို ကျွန်တော်သွားမတွေ့သေးပါဘူး။ ဇနီးဆုံးသွားပြီးလို့ တစ်ယောက်တည်းနေရတာ၊ ငြီးငွေ့လွန်းလို့ သူ့ကိုသွားတွေ့မိတာပါ"

အင်စပက်တော် ဂျွန်ဘို(လ်)ထရိုက ပေါ(လ်)ကို ပင့်ပေးသည်။

"မှန်တာပေါ့ဗျာ၊ တစ်ယောက်တည်းနေရတဲ့ အဖြစ်ကို ဘယ်ထားရှည်ခံနိုင်မတုန်း၊ ကဲ...အသေးစိတ် အချက်ကလေးတွေကိုလဲလုပ်ပါဦးဗျ"

မတတ်သာတော့သည့်အဆုံး၌ ပေါ(လ်)သည် ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ခရေစေ့တွင်းကျ ပြောပြရတော့၏။ သူပြောပြသည့် အထဲတွင် မိုင်ရာ၏ ချက်လက်မှတ်ဖြင့် ငွေပို့ပေးပုံ၊ မိုင်ရာအား သူ့အိမ်သို့ တိတ်တဆိတ်ခေါ်သွင်းပုံတို့ ပါဝင်၏။

ပြော၍ပြီးသည့်အခါ၌၊ သူက ဂျွန်ဘို(လ်)ထရိုအား မေတ္တာရပ်ခံပြန်သည်။

"ကဲ...ခင်ဗျားတို့ သိချင်တာတွေလဲကျွန်တော်ပြောပြီးပြီဗျာ၊ အားလုံး အမှန်ချည်းပါပဲ၊ အဲဒီတော့ မစ္စမိုင်ရာဘွန်းကို၊ ဒီကိစ္စထဲမှာ ဆွဲမထည့်ဘဲ ထားပါ လားဗျာ၊ ကျွန်တော် အထူးတောင်းပန်ပါတယ်"

"အဲဒီလိုပဲလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်ဗျာ၊ ကလေးမကလေး အတွက်သာ မဟုတ်ဘူး၊ ခင်ဗျားတောင်မှ အေးအေးဆေးဆေးပဲနေကောင်း နေ မှာပါ၊ ဒါထက် ခုနက ခင်ဗျားပြောသွားတဲ့အထဲမှာ၊ ခင်ဗျားဇနီးဟာ ဗိုက်အောင့်တဲ့ ဝေဒနာက ပြင်းထန်လာတာမို့၊ ပင်ကိုကရှိတဲ့ နှလုံးရောဂါက ကြွလာပြီး မခံနိုင်တော့လို့ ဆုံးတာလို့ပါတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ တခြားဘာရှိမလဲဗျာ၊ တစ်ခုတော့ရှိတာပေါ့လေ သူသောက် သောက်နေတဲ့၊ ဆေးတွေထဲမှာ ဘာတွေပါသလဲတော့ မသိဘူးပေါ့"

"ကောင်းပါပြီ၊ ဆက်ပြီးမေးရမှာတော့ အားနာပါတယ်ဗျာ၊ ဒါပေမဲ့ မခြွင်းမချန်တော့ မေးရဖို့ရှိနေပါတယ်၊ ဒီလိုပါ...ခင်ဗျားပန်းခြံထဲမှာလာပြီး အလုပ်လုပ်ပေးလေ့ရှိတဲ့ အဲ(လ်)ဖရက်ဘာရစ်(စ်)ကိုး ထားသွားတဲ့၊ ပေါင်းပင်သတ် ဆေးဘူးဟာ ဘယ်ရောက်သွားသလဲဗျ"

"ဘာပြောလိုက်တာလဲ ခင်ဗျာ"

ပေါ(လ်)က စဉ်းစားချိန်ရရန်အလို့ငှာ အချိန်ဆွဲလိုက်၏။ သို့သော် သူ၏ မျက်နှာပေါ်တွင် ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း လက္ခဏာတို့သည် အထင်းသား ပေါ်နေသည်။ ဒါကို စုံထောက်အရာရှိ နှစ်ဦးလုံးကလည်း သတိပြုလိုက်မိကြသည်။

ဂျွန်ဘို(လ်)ထရိုကို ထပ်၍ ပြောသည်။

"မေါင်းပင်သတ်ဆေးဘူးလေဗျာ"

"ဒါလား ဘာဖြစ်လို့လဲဗျ၊ ဒီဘူးနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါက အန္တရာယ်ရှိတဲ့ပစ္စည်းလေဗျာ၊ တစ်ယောက်ယောက်က ...တ်တမှဲ့နဲ့ ..."

ပေါ(လ်)က ဖြတ်၍ ပြောလိုက်သည်။

"အို ... ဒါက မဖြစ်နိုင်ပါဘူး၊ ကျွန်တော်လဲ၊ အဲဒီဘူးကို လွှင့်ပစ်လိုက်တာ ...ယ်လောက်ကြာပြီလဲ၊ ဘာရစ်(စ်)ကိုးက ဒီဘူးကိုထားသွားပြီးတဲ့နောက်၊ ဒီဘူး ...မှာလဲ ဘာမှမကျန်တော့ပါဘူး၊ အမှိုက်ကျုံးသမားတွေ သိမ်းသွားတဲ့ အထဲမှာ ...သွားမှာပါ"

"ဟုတ်လား၊ ဒါဖြင့်ရင်လဲ ကျွန်တော်တို့သိချင်တာကတော့ ဒီလောက်ပါပဲ၊ ...ပြောခဲ့တာတွေကို စာနဲ့ရေးပြီး၊ ထွက်ချက်ပေးပါလားဗျ၊ ဟုတ်လား၊ ကျွန်တော် ...သဲပိုင်းကူပါ့မယ်"

"ရပါတယ်၊ အမှန်တရားကတော့ ပါးစပ်နဲ့ ပြောပြော စာနဲ့ပဲရေးရေး ...ောင်းမသွားပါဘူး"

"ဟုတ်ပါတယ်၊ ကဲဟော့ ... ဒိုင်ယယ် မင်းလိုက်ရေးဖို့ အဆင်သင့် ...ပြီလား"

"ဟုတ်ကဲ့ဆရာ"

ထို့နောက်တွင်ကား ဂျွန်ဘို(လ်)ထရိုက နှုတ်ဖြင့် ကြောင်းပေးသည့် အတိုင်း၊ ...ာင်ဒိုင်ယယ်က 'ကျွန်ုပ်ပေါ(လ်)ပရက်ဆက်သည် ...' အစရှိသဖြင့်၊ ထွက်ဆို ...ာ်၏ အစပိုင်းကို၊ စ၍ ရေးလေတော့၏။

{၉}

ထွက်ဆိုချက် ပေးပြီးသွားသည့်နောက်၊ စုံထောက်အရာရှိနှစ်ဦးမှာ ပြန်သွား ...သည်။ ပေါ(လ်)က သူတို့အား၊ အိမ်ရှေ့တံခါးမကြီးအထိ လိုက်ပို့၏။ သူတို့ ...ာ်သွားပြီး၍ မီးဖိုချောင်ဘက်သို့ ပြန်လာခဲ့သည့် အခါတွင်၊ ပေါ(လ်)မှာ ...ာန်လက်ပန်းကျလျက်၊ စက်ရုပ်သဖွယ် လျှောက်လာခဲ့ရသည်။ သူ၏လက်များ ...များသည်လည်း တုန်ယင်နေသည်။

နံနက်စောစောပိုင်းက စိတ်ပျော်ရွှင်ခဲ့သည်နှင့်အမျှ ယခုမူကား စိ
အညစ်ကြီး ညစ်ရသည့် အဖြစ်သို့ ရောက်လာရလေပြီ။

ရဲတွေထံမှ တစ်ဆင့်သတင်းထောက်တွေက သိကြပေတော့မည်။ သတင်း
ထဲတွင် ဤအကြောင်းပါလာပြီဆိုလျှင်တော့၊ သူ၏မိတ်ဆွေများသည်လည်း သိကျ
ကြပေမည်။ ပို၍ဆိုးသည်မှာ သားကြီးပေါ်တွင် ဂုဏ်ယူ၍မဆုံးသည့်၊ သူ့အ
သိသွားမည့်အဖြစ်ပင် ဖြစ်သည်။ သူ့ ကျောင်းက ကျောင်းသားကလေးတွေလည်
သိကုန်ကြမည်။ ဤသည်ကိုတော့ ရှောင်နိုင်မည်မဟုတ်။

ဤကိစ္စပြီးသွားလျှင်တော့မူ သူသည် ကျောက်သားနံရံဖြင့် ကာရံထားသ
အချုပ်ခန်းထဲတွင် နေရတော့မည့်အဖြစ်သို့ ရောက်ရပေတော့မည်။

တစ်ဖန် သူ့ကိုယ်သူအားပေးလိုက်ပြန်သည်။

"ဟယ် ... သူတို့မှာသက်သေအထောက်အထား လုံလုံလောက်လော
ရှိတာမှမဟုတ်တာ၊ ငါ့ကို ဘာလုပ်နိုင်ဦးမှာလဲ၊ အလောင်းဖော်ဖို့ဆိုတာတော
ဖော်သင့်တဲ့ အထောက်အထားလုံလောက်ရဦးမယ်၊ ဖော်ပြီးလို့ အလောင်းထဲ
အဆိပ်တွေရှိနေသေးတာ တွေ့ရင်လည်း၊ ငါလုပ်တာလို့ တထစ်ချပြောနိုင်ပါ့မလာ
မတော်တဆဖြစ်တာလို့၊ ဝေဒနာကိုမခံနိုင်လို့ ကိုယ့်ကိုယ်ကို သတ်သေတာ
ဆိုတဲ့ အချက်တွေလဲ ထည့်ပြီး စဉ်းစားရဦးမှာပေါ့"

သို့ဖြင့် တရားခွင်သို့တက်၍ ရဲရဲရင်ဆိုင်ခြင်းက ကောင်းမည်ဟု တွေ
ပြန်၏။

သက်သေမနိုင်လုံ၍ ရုံးတော်က သူ့ကို လွှတ်လိုက်ပြီးလျှင်တော့ သူ့ရ
မိုင်ရာနှင့်အတူ တောပိုင်းတွင်သွား၍ အေးအေးဆေးဆေး နေမည်ဟု စဉ်း
မိတော့မှပင် မိုင်ရာကို သတိရလာ၏။

"မိုင်ရာကို ဘာတွေ မေးသွားသလဲ၊ မိုင်ရာရဲ့ သဘောထားက ဘယ်
သလဲ၊ သူ့အပေါ်မှာ မသက်သာဖြစ်မလား"

ဤမေးခွန်းတွေကို သိရအောင်၊ မိုင်ရာထံကို သွားရဦးမည် ဖြစ်သည်

ထို့ကြောင့် ကြာကြာဆိုင်းမနေတော့ဘဲအဝတ်အစားလဲရန်အပေါ်ထပ်
တက်လာခဲ့၏။

သူ၏ အခန်းထဲတွင်အဝတ်အစားလဲနေစဉ်၊ အိမ်ရှေ့တံခါးမကြီးမှ ဘဲ(လ်)
ကလင်ခနဲ ကြားရသည်။ အောက်ထပ်သို့ဆင်း၍ တံခါးကို ဖွင့်ပေးလိုက်
အခါတွင်၊ မိုင်ရာဖြစ်နေသည်ကို တွေ့ရ၏။

**စိတ်ကူးချိုချို**

အိမ်တွင်းသို့ ဝင်မိလျှင်ဝင်မိချင်း မိုင်ရာက အမောတကော ပြောပြ၏။

"ပေါ(လ်)ရေ ကျွန်မတော့ ထိတ်ထိတ်ပျာပျာရှိလိုက်တာ၊ ကျွန်မဆီကို စုံထောက်ဆိုတဲ့ လူတွေလာပြီး၊ ကိုအကြောင်းတွေကို မေးကြတယ်၊ ဘာဖြစ်လို့ လဲဟင်"

ခပ်စောစောက သူကိုယ်တိုင်တုန်လှုပ်နေသော ပေါ(လ်)သည်၊ သူ၏ ချစ်သူကလေး တုန်တုန်ယင်ယင်ဖြင့် ပြောနေသည်ကို တွေ့ရသောအခါ၊ ရှေ့မှ နေ၍ မတ်မတ်ရပ်၍ ကာကွယ်ပေးမည့် သူရဲကောင်းစိတ်ပေါက်လာသည်။

ပေါ(လ်)က မိုင်ရာ၏ လက်ကို ဆွဲယူလျက်၊ ထမင်းစားခန်းသို့ ခေါ်သွားကာ၊ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်စေ၏။ နေသားတကျ ထိုင်မိပြီးမှ၊ အကျိုး အကြောင်းကို သူက အေးအေးဆေးဆေးလေသံဖြင့် ပြောပြသည်။

အကြောင်းစုံကိုသိရသောအခါ၌၊ မိုင်ရာက သူ၏ချစ်သူပေါ(လ်)ဘက်မှ ခံရပ်နိုင်စွာ ပြန်ပြောသည်။

"ဟုတ်လား ...ကိုလိုလူကိုများ သူတို့က မသင်္ကာ ဖြစ်ရတယ်လို့ တော်တော် ဆိုးတာပဲနော်"

"အေးလေ၊ ပါးစပ်အားတိုင်းအတင်းလျှောက်ပြောနေတဲ့ လူတွေကလဲ ပြောနေတာကိုးကွ"

"ဘယ်သူတွေများလဲဟင်"

"အဲဒါတော့ ကိုယ်လဲအတိအကျ မသိဘူးမိုင်ရာ၊ ဒါထက် မိုင်ရာကိုကော ဘာတွေ မေးသွားသေးသလဲ၊ အမှန်အတိုင်း ပြောလိုက်ရဲ့လား"

"ပြောလိုက်ရတယ် ကိုရယ်၊ ပထမတော့ မပြောသေးပါဘူး၊ ဒါပေမဲ့ အစ်တဲ့ စုံထောက်အရာရှိက သဘောကောင်းပါတယ်၊ သူက ကိုနဲ့ကျွန်မတို့ အကြောင်းကို တော်တော်သိပြီးနေပြီ ဆိုပါတော့၊ အယ်လီနှာ ခရီးထွက်နေတုန်း၊ ကိုတို့အိမ်ကို နှစ်ညလာအိပ်တဲ့ အကြောင်း ကိုတောင်သိတယ်၊ ဒါကြောင့် မပြောလို့ မဖြစ်တော့ဘူး"

ဤအကြောင်းကိုစုံထောက်များသိကြောင်း၊ ပေါ(လ်)ကိုယ်တိုင်ပင် မသိခဲ့ပေ။ အလုပ်၍သာ မိုင်ရာ၏ရှေ့တွင် အရေးမကြီးသည့်ပုံဖြင့် ပြောနေရသော်လည်း၊ စိတ်တွင်းတွင်ကား တုန်လှုပ်နေသည်။

"ဟုတ်လား... ဒီလိုဆိုတော့ သူတို့မသိတာ ဘာရှိသေးလို့လဲ"

"ဟုတ်တယ် ကိုရဲ့၊ ဒါပေမဲ့ ဘာလို့ ဒီအကြောင်းတွေကို နှိက်နှိက်ချွတ်ချွတ် လိုက်မေးနေတာလဲ"

"ခုန ကိုယ်ပြောပြီးပကော၊ အယ်လီနာကို ကိုယ်က သတ်လိုက်တယ်လို့ သူတို့က မသင်္ကာ ဖြစ်နေတာကြောင့်ပေါ့"

"ဒါပေမဲ့ အယ်လီနာသေတာ သွေးရိုးသားရိုးပဲဆိုတာ လူတိုင်းသိကြသားပဲ"

"အေးလေ ... ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ အယ်လီနာ မသေခင် ခံစားရတဲ့ ဝေဒနာရဲ့ လက္ခဏာက၊ အဆိပ်မိတဲ့အခါမှာ ခံစားရပုံနဲ့ တူနေတယ်၊ ကိုယ်နဲ့ မင်းနဲ့ကလည်း အယ်လီနာမသေခင် ကတည်းက ချစ်နေကြတယ်၊ အဲဒီတော့ မင်းနဲ့ပေါင်းရအောင်၊ ကိုယ်က အယ်လီနာကို သတ်လိုက်တာ ဖြစ်မယ်လို့ မြွေဥကျတော်စူးရောက်ကြတယ်လေ"

"အို ... ပေါ(လ်) ... ကျွန်မ ရင်တုန်လိုက်တာ"

"အေးကွ ... ပြီးတော့ အယ်လီနာကလည်း သူသေရင် ကျန်ရစ်တဲ့ ပစ္စည်းတွေကို၊ ကိုယ်က အမွေဆက်ခံဖို့ သေတမ်းစာကလဲရေးထားပြန်၊ ကို ပန်းခြံထဲမှာ သုံးဖို့ ပေါင်းပင်သတ်ဆေးမဖြစ်စလောက်ကလေးကလဲ ရှိခဲ့ဘူးပြန်ဆိုတော့ ပိုပြီး ဆိုးသွားတာပေါ့ကွယ်၊ ဒါပေမဲ့ တရားခွင်ကို ရောက်ရင်တော့ အထောက်အထား မခိုင်လုံတာနဲ့ ဂျူရီအဖွဲ့ကတော့ ကိုယ့်မှာ အပြစ်မရှိကြောင်း ဆုံးဖြတ်မှာပဲ သိပ်စိတ်ပူမနေပါနဲ့"

မိုင်ရာကထိုင်နေရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး၊ ပေါ(လ်)၏ လည်ပင်းကို သိုင်းဖက်ရင်း ကမူးရှူးထိုး ပြောလိုက်သည်။

"ဟင့်အင်း ... ဟင့်အင်း၊၊ ဒီလိုအဖြစ်မျိုးကို အရောက်မခံနိုင်ဘူး၊ လာ ... ကျွန်မတို့ ပြေးကြစို့၊ သူတို့ လိုက်မလာနိုင်တဲ့နေရာအထိ ပြေးကြမယ်၊ ဒါမှ ကျွန်မတို့ ပျော်ပျော်နေနိုင်မှာ"

ပေါ(လ်)မှာ သူရဲကောင်းကြီးလုပ်ကာ၊ မိုင်ရာကို ချော့မော့ပြောရပြန်သည်။

"ဒီလိုလုပ်လို့လဲ ဘယ်ဖြစ်မလဲမိုင်ရာရဲ့၊ မစိုးရိမ်ပါနဲ့၊ ကဲ ... အားလုံး ချောချောမောမော ဖြစ်သွားမှာပါ"

မိုင်ရာက ပေါ(လ်) ထိုင်နေသည့် ကုလားထိုင်ရှေ့ရှိ ခွေးခြေပုကလေးပေါ်၌ ထိုင်ကာ ပေါ(လ်)၏ ဒူးကိုမျက်နှာအပ်၍ထိုင်နေသည်။

ပေါ(လ်)က မိုင်ရာ၏ ဆံနွယ်ကလေးကို တယုတယကိုင်၍ မော့ကာ မိုင်ရာ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လျက် သူရဲကောင်းဆန်စွာပြောလိုက်သည်။

"အခုလို မိုင်ရာပါ ဒီအရှုပ်တော်ပုံထဲကို ပါလာရတာဟာ၊ ကိုယ့်အပြစ်ပါပဲကွယ်။ ကိုယ်သာဆင်ဆင်ခြင်ခြင်နဲ့ နေခဲ့ရင် မိုင်ရာဒီလိုစိတ်ပူရမှာမဟုတ်ဘူး"

"အို ... ကိုကလဲ၊ ကိုတစ်ယောက်တည်းချည်းပဲအပြစ်တွေကို စုပုံခံမနေပါနဲ့၊ ...ခံရှိတယ်လို့ ပြောရမယ်ဆိုရင် မိုင်ရာလဲပါတာပေါ့"

ပေါ(လ်)က ပြတင်းပေါက်မှနေ မြင်နေရသော မြင်ကွင်းကို၊ အချိန် အတန် ...အောင် စိုက်ငေးကြည့်နေရာမှ၊ မိုင်ရာ့ကို မေးခွန်းတစ်ခု မေးသည်။

"မိုင်ရာ... တကယ်လို့များ သူတို့က ကိုယ့်အပေါ်မှာ စွဲချက်တင် ကြမယ်ဆို ... အဲသလိုစွဲချက်တင်တဲ့အခါမှာ မိုင်ရာက ကိုယ့်အပေါ်မှာ ဘယ်လို သဘော ...လဲ၊ ကိုယ်ကျူးလွန်တယ်ဆိုတဲ့ စွပ်စွဲချက်ကို မိုင်ရာက ယုံမလား"

မိုင်ရာက ပေါ(လ်)ဘက်သို့ ဖျတ်ခနဲလှည့်ကာ ပြန်မေးလိုက်သည်။

"ဘယ်လို ပြောလိုက်တာလဲကို၊ မိုင်ရာ့ကို ဘာများထင်နေလို့လဲ"

ပေါ(လ်)ထံမှ ဘာမျှ ပြန်၍ ဖြေသံမကြားရ။

မိုင်ရာက ထပ်၍ ပြောသည်။

"သူတို့ကကော စွဲချက်တင်နိုင်မှာမို့လား ကိုရဲ့၊ မဖြစ်နိုင်တာကို ပြောမနေ ...နဲ့"

ပေါ(လ်)ကတော့ မိုင်ရာကဲ့သို့ စိတ်အား ထက်ထက်သန်သန်မရှိ၊ သူ၏ ...င်းကို ဖြေညင်းစွာ ယမ်းရင်း ပြန်၍ပြောသည်။

"အေးအေးဆေးဆေးနဲ့ ပြီးသွားပါစေလို့တော့ ကိုယ်လဲဆုတောင်းပါတယ်၊ ...မဲ့ ရှေ့နေတွေရဲ့ လက်ထဲကို ရောက်သွားရင်၊ ကြမ်းပိုးကို လိပ်ဖြစ်အောင် ...ချဲ့ပြီးပြောသွားရင်၊ ဘာမှ မဟုတ်တဲ့ အချက်ကလေးဟာလဲ ကြီးကျယ်သွားတာ ... အဲဒီတော့ ကံသေကံမလို့တော့ တွက်ထား လို့မရဘူး၊ အဲဒီလို ကြီးကျယ် ...တဲ့အခါကျရင် ကိုယ့်ဘက်က မိုင်ရာ တစ်ယောက်တည်းရှိတော့မှာ၊ ကျန်တဲ့ ...တွေ အားလုံးကတော့၊ ကိုယ်ဟာ ကျူးလွန်တဲ့သူအစစ်ဖြစ်မယ်လို့ ယုံကြမှာပဲ"

မိုင်ရာက နှုတ်ဖြင့်မဖြေပါ။ ပေါ(လ်) လက်ချောင်းကလေးများကိုသာ ...သူတယ ဆွဲကိုင်ကာ ဆုပ်ထားလိုက်သည်။

ပေါ(လ်)က ထပ်၍ပြောသည်။

"နောက်တစ်ချက် ရှိသေးတယ်မိုင်ရာ၊ အကယ်လို့ ရုံးတင်စစ်ဆေးလို့ရှိရင်၊ ...ရာအကြောင်းလည်း တစ်တွဲတည်းပါလာမှာ၊ ဒါတွေကိုကော မိုင်ရာ စဉ်းစား ...မိရဲ့လား"

မိုင်ရာက ဘာမှ ပြန်၍ မဖြေပေ၊ မီးလင်းဖို သံပေါင်ကိုသာ ငေးစိုက်ကြည့် ...သည်။

ပေါ(လ်)က ဆက်ပြန်သည်။

"တစ်တိုင်းပြည်လုံးက သတင်းစာတွေထဲမှာ၊ စာလုံးမည်းကြီးတွေ… ပါလာမှာပဲ၊ ကိုယ့်ကို ခွင့်လွှတ်နိုင်ပါ့မလားဟင်"

မိုင်ရာ့ထံမှ ရုတ်တရက်စကားသံ ထွက်မလာသေးပေ၊ အတော်ကြာမှ လေ… တိုးတိုးကလေးဖြင့် ပြောလိုက်သံ ထွက်လာသည်။

"မတတ်နိုင်ဘူးလေ၊ ဖြစ်မဲ့ဥစ္စာကတော့ ဖြစ်လာမှာပဲပေါ့"

ထို့နောက် ပေါ(လ်)ဘက်သို့ ကိုယ်လုံးကိုလှည့်လိုက်ကာ၊ စိတ်အား… ထက်သန်မှု အပြည့်ဖြင့် ဆက်၍ပြော၏။

"ဒါပေမဲ့ ကျွန်မအတွက် ဒီလောက်လဲပူမနေပါနဲ့ကိုရယ်၊ ကို… ကျွန်မထက်ပိုပြီး ထိခိုက်ခံရမှာပါ၊ ကို့မှာ အားနည်းချက်တစ်ခု ရှိနေတာ… သူများတွေ ပြောကြဆိုကြမှာကို သိပ်ဂရုစိုက်လွန်းအားကြီးတယ်၊ကျွန်မ ကတော့… ဂရုစိုက်ချင်တဲ့စိတ်မရှိတော့ဘူး၊ကျွန်မအဖို့ကတော့ ကိုတစ်ယောက်တည်းကို… ဂရုစိုက်တယ်၊ ဒါတွေကို ထားလိုက်ပါလေ၊ ဒီအမှုပြီးသွားရင် ကျွန်မတို့နှစ်ယော… ခပ်ဝေးဝေး တစ်နေရာကိုသွားနေကြမယ်၊ နာမည်တွေလဲ ပြောင်းပစ်လိုက်ကြမေ… ဒါမှ နောက်ကြောင်း ရာဇဝင်ကို လူတွေမသိနိုင်ကြမှာ၊ မဟုတ်ဘူးလား၊ အဲဒီလို… နေရရင် ကျွန်မတော့ ဆိပ်ပျော်မှာပဲ၊ စိတ်အားတင်းထားလိုက်ပါ ကိုရယ်… ကမ္ဘာလောကကြီးမှာက တရားတဲ့ဘက်က တစ်နေ့မှာတော့ အောင်နိုင်မှုကိုရစမြဲ… သူတို့က ကို့ကို လွှတ်ပစ်ရမှာပါ"

{၁၀}

ယခုဆိုလျှင် နွေရာသီ ကျကျနနဝင်လာပြီ ဖြစ်၍၊ နွေးနွေးထွေးထွေး ရှိ… ပေပြီ။ နွေတစ်လကုန်ဆုံးသွားသည့်တိုင်၊ စုံထောက် အင်စပက်တော် ဂျွန်ဘို(လ်)… မပေါ်လာသေး။ သို့သော် ပေါ(လ်)မှာ စိတ်ချလက်ချမရှိနိုင်သေး။ ယခင်က… ဂေါ်ပြားကလေး တစ်ချောင်းဖြင့်၊ ပန်းခြံထဲတွင် ဟိုတူးဒီဆွ လုပ်လိုစိတ်မရှိတော… ပန်းခြံထဲသို့ ဆင်းလာသည့်အခါများတွင် ဟိုလျှောက်ဒီလျှောက်သာလျှ… လျှောက်နေလေ့ရှိသည်။ နွေရာသီ၏ အလှအပကိုလည်း သတိမပြုမိ။ ဩကာ… လောကကြီးကို ချစ်မြတ်နိုးသူ ပေါ(လ်)မှာသည်၊ မိမိအပူနှင့် မိမိဖြစ်နေ… ပန်းကလေးများ ရောင်စုံဖူးပွင့်နေသည်ကိုလည်း စိတ်မဝင်စားနိုင် ဖြစ်နေရသည…

သူ၏ခေါင်းထဲတွင်ကား အတွေးလုံးများမှာ ချာချာလည်နေသည်။ သူ့အ… စွဲချက်တင်နိုင်လောက်အောင် သက်သေခံပစ္စည်းကို တကယ်ပဲတွေ့နိုင်မလ… ဘယ်သူကတွေကများ သူ့ကိုဆန့်ကျင်ပြီး သက်သေ ထွက်ကြမှာလဲ … ဤသို့…

စိတ်ကူးချိုချို

...ပေါင်းများစွာ'လဲ'ပေါင်းများစွာဖြင့် သူ့ဘာသာသူအပြန်အလှန် မေးခွန်းထုတ်...ရင်း အချိန်ကုန်နေရ၏။

သူ၏ အခြေအနေသည်ကား၊ အမှန်ပင် အကျဉ်းအကျပ်ကျနေသော အခြေ...ဖြစ်၏။

စိတ်မလုံသဖြင့် သူ၏မိတ်ဆွေများထံသို့ မသွားရဲ၊ ဤသို့မသွားရဲသဖြင့် ...တိုင်ပင်ရန် လူမရှိ ဖြစ်နေရပြန်သည်။

သူ၏ကျောင်း၌ ပထမတွင်တော့ ထူးခြားမှုကို မတွေ့ရ၊ သို့သော် ရက်...သည်ငယ်ကြာလာသည့်အခါ၌၊ ကျောင်းအုပ်ဆရာကြီး မစ္စတာဟီ(စ်)မင်းက ...မျက်နှာချင်းဆိုင်မိသည့်အခါမျိုးတွင် ကပျာကယာလွှဲသွားသည်ကို တွေ့ရ၏။ ...ဘာထရန်က မူကား 'ဟဲလိုပေါ(လ်)'ဟူ၍နှုတ်ဆက်ပါ၏။ သို့သော် သူ၏ ...မှာ တစ်မျိုးကြီးဖြစ်နေသည်။ ဆရာ ဆင့်ဒီကတော့ လုံးဝနှုတ်ဆိတ်နေသည်။ ...၏ နေရာတွင် အစားဝင် လာသည့် သူငယ်တန်းဆရာမကလေးကလည်း၊ ...ဘုရားရှိခိုးချိန်များတွင် သူ့ကို တိတ်တခိုးမော့ကြည့်လေ့ရှိသည်။

ကြာကြာမစောင့်ရပါ၊ကျောင်းအုပ်ဆရာကြီးကခေါ်ကြောင်း ကျောင်းသား...တစ်ယောက်က မွန်းလွဲပိုင်းတွင်လာ၍ ပေါ(လ်)ကို ပြော၏။

ကျောင်းအုပ်ဆရာကြီး မစ္စတာဟီ(စ်)မင်းရှိရာ စာကြည့်ခန်းသို့ ပေါ(လ်)က ...ခဲ့သည်။

မစ္စတာဟီ(စ်)မင်းက အားနာသည့် အမူအရာဖြင့် သူ့ထံသို့ စုံထောက်...ရှိများ လာရောက်စုံစမ်းသည့်အကြောင်း၊ ဆရာဆင့်ဒီနှင့် ဆရာအင်ဂယ်(လ်)...တို့အားလည်း မေးမြန်းကြောင်း၊ ကျောင်းအနေနှင့် နာမည် ညှိုးနွမ်းမည်ကို ...မိကြောင်း ပြောပြ၏။

ပေါ(လ်)က ထိုကိစ္စကို ရယ်စရာလိုလို၊ အခံရခက်သလိုလို ပုံမျိုးဖြင့် ပြန်...၏။

"အင်း ...၊ ဒီကိစ္စကလဲအခုထက်ထိ မဆုံးသေးပါလား၊ ကျွန်တော့်ဆီကိုလဲ ...မေးကြတယ်၊ လူတွေကပါးစပ်အားတိုင်း ပြောကြတာကို စုံထောက် အရာရှိ...က အလေးအနက်ထားပြီးလုပ်နေကြတာကိုပဲ ကျွန်တော့်က အံ့သြမိတယ်"

မစ္စတာဟီ(စ်)မင်းက သူ၏ကျောင်း၏ ဂုဏ်သရေညှိုးနွမ်းမည်ကို စိုးရိမ်...ကြောင်းကိုသာ ထပ်တလဲလဲပြောနေ၏။

ပေါ(လ်)ကမစ္စတာဟီ(စ်)မင်း စိတ်ချမ်းသာ သွားစေမည့် စကားကို ...လိုက်၏။

"ကဲ... ဒီလောက်လဲစိတ်ပူမနေပါနဲ့၊ မစ္စတာဟီ(စ်)မင်းရယ်၊ ကျွန်တော့်
အလုပ်က ထွက်ပါမယ်၊ ဒီလိုဆိုရင် ရှင်းသွားရောပေါ့"

မစ္စတာဟီ(စ်)မင်းက ဟန်လုပ်၍တော့ တားသေးသည်။

"ဒီလိုလဲမဟုတ်ဘူးလေ ဆရာပေါ(လ်)၊ ကျွန်တော်က ဆရာ့ကို အလုပ်
ထွက်ခိုင်းတာမဟုတ်ပါဘူး"

"ဆရာကြီးက ထွက်ခိုင်းလို့မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော့်
ဆန္ဒနဲ့ ထွက်တာပါ၊ ကျွန်တော်လဲကလေးတွေရှေ့မှာနေနေရတာ မျက်နှာမထား
တတ်လို့ပါ"

သူ၏ဆန္ဒအလျောက်ပါဟုဆိုပြန်တော့လည်း၊ ဆရာကြီးဟီ(စ်)မင်းက
ဆက်လက်မတားတော့ပေ။ ပေါ(လ်)ကို ကျေးဇူးတင်ကြောင်းပြောကာ ပေါ(လ်)ကို
ပေးရန်ရှိသည့် လခအကြောင်းကို အနည်းငယ်ဆက်၍ ပြောသည်။

နောက်တစ်နေ့မှစ၍ ပေါ(လ်)သည် ကျောင်းကို သွားရန်မလိုတော့ သဖြင့်
အိမ်မှာပင်နေရတော့၏။

အလုပ်မရှိဘဲအိမ်မှာနေနေရတော့လည်း သူ၏အမှုအကြောင်းကိုသာ
ချာချာလည် တွေးနေမိသည်။

မျှော်လင့်ချက်ရောင်ခြည် သန်းလာသည့်အခါမျိုးတွင်ကား၊ စုံထောက်
အင်စပက်တော် ဘို(လ်)ထရိုထံမှ အမှုကို ပိတ်လိုက်ကြောင်း၊ တောင်းပန်ပါကြောင်း
အကြောင်းကြားသည့်စာ ရောက်လာမည်လောဟု မျှော်လင့်နေတတ်၏။

စိတ်ဓာတ်ကျနေသည့် အချိန်မျိုးတွင်ကား၊ အယ်လီနာ၏အလောင်းကို ဖော်
စစ်ဆေးကြည့်ရှုတော့မည့် အကြောင်းကြားစာ ရောက်လာမည်လော ဟု စိုးရိမ်
မိနေပြန်သည်။

ဤကဲ့သို့ စိုးရိမ်စိတ်ဝင်လာသည့်အခါမျိုးတွင်၊ ဥရောပတိုက်ဘက်သို့
ထွက်ပြေးလျှင် ကောင်းမည်လောဟု ဆက်၍ စဉ်းစားကြည့်မိသည်။ သူက
အရင်ထွက်နှင့်ပြီး၊ မိုင်ရာက သီးခြားထွက်လာကာ၊ သူရှိရာသို့ လိုက်လာလျှင်
ဟန်ကျပေပြီ။

ဤသို့ ထွက်ပြေးကာ မိုင်ရာနှင့်အတူနေရမည့် အဖြစ်ကို စဉ်းစားမိသောအခါ
သူ၏စိတ်ထဲတွင် အတော်ပျော်သွားသည်။ ပျော်သွားသည်ဆိုတော့ ဘယ်
ဘယ်နည်းဖြစ်မည်ကို ဆက်စဉ်းစားကြည့်၏။

သူကဲ့သို့ သူလိုငါလို ရုပ်မျိုး ပုံပန်းသဏ္ဌာန်မျိုးရှိသူတွေအဖို့ သိပ်ခက်
လှမည့် အလုပ်တစ်ခုဟု မထင်မိပေ။ ရက်အနည်းငယ်မျှ စောင့်လိုက်လျှင် မွေးဖွား

...ဆန်းဖြေခရီးထွက်ကြမည့် ရာသီသို့ ရောက်လာပေတော့မည်။ ထိုအချိန်တွင် ...ာက်ဆွဲသားရေအိတ် အသစ်တစ်လုံးကိုဆွဲ၍၊ သာမန်အပျော်ခရီးထွက်သူတစ်ဦး၏ ...မျိုးဖြင့် ထွက်သွားလျှင်၊ မည်သူက သူ့ကို သတိထားမိမှာလဲဟု အားတက်စွာ ...တွေးလိုက်၏။ ပြီးတော့ ဘဏ်တိုက်တွင်ရှိသည့် ပေါင်ငါးရာကို ထုတ်ပြီး၊ ...ရွှေဒင်္ဂါးပြားများအဖြစ်လဲထားလိုက်လျှင် ဘယ်အရပ်ဒေသတွင်မဆို သုံးစွဲ၍ ...ရနိုင်သည် မဟုတ်ပါလား။

သူ၏စိတ်ကူးကို အကောင်အထည်ဖော်ရန်အတွက်၊ ရွှေဒင်္ဂါးပြားများကို ...ဆင်သင့်လဲထားပြီးသွား၏။

ဒုတိယတစ်လသည်လည်း ကုန်လွန်သွားခဲ့ပြန်သည်။

သို့သော် ပေါ(လ်)က လုံးဝစိတ်ချလက်ချရှိနေသည်တော့ မဟုတ်ပေ။ ...လောက်သည့်အထောက်အထားမတွေ့သေး၍သာ၊ စုံထောက် အရာရှိများဘက်က ...ှာပ်ရှားမှု မပြုလုပ်ခြင်း ဖြစ်မည်ဟု တွက်ထားပါသည်။

စိုးရိမ်ပူပန်ရသည့်ကာလက အနည်းငယ်ကြာလာသည် ဖြစ်သောကြောင့်၊ ...အနည်းငယ်တော့နေသားကျလာခဲ့သည်။ ထမင်းစားပျက်ခြင်းလည်း မရှိတော့။ ...န်းခြံတွင်းသို့ဆင်း၍ ပန်းပင်စိုက်ခြင်း၊ ပေါင်းသင်ခြင်း အလုပ်ကိုလည်း လုပ်လာ ...နိုင်ခဲ့သည်။

တစ်နေ့တွင် ဤကဲ့သို့ အိမ်ရှေ့ပန်းခြံတွင်း၌ပေါင်းသင်နေရင်း ကာလီဒိုနီယန် ...လမ်းမကြီးဘက်မှ ယူနီဖောင်းဝတ်ရဲသားတစ်ဦး လျှောက်လာသည်ကို တွေ့ရ၏။

ပေါ(လ်)ကတော့ သူ့အိမ်သို့ လာသည်ဟုပင် မှန်းလိုက်မိပါသည်။ သူ ...မှန်းဆသည်မှာမလွဲပါ။ ရဲသားကလေးက သူ၏ ပန်းခြံဝသို့ တန်းတန်းမတ်မတ်...ရောက်လာကာ၊ သူ၏ အမည်ကို မေးလိုက်ပါသည်။

"မစ္စတာပေါ(လ်)ဗရက်ဆက်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ ကျုပ်ပါပဲ"

"ကျွန်တော်က ဒီဒေသနဲ့ဆိုင်တဲ့ ရဲစခန်းက ဆားဂျင်ဒေးဗစ်ဆင်ပါ ခင်ဗျာ၊ ...က်ဆက်အနောက်ပိုင်းခရိုင်ရဲ့ သေမှုသေခင်း စစ်ဆေးရေး အရာရှိထံက ညွှန်ကြား...ချက်ကို လူကြီးမင်းထံလာပြီး အကြောင်းကြားတာပါ"

"မောင်ရင်ယူလာတဲ့ ညွှန်ကြားချက်က ဘာတဲ့တုံး"

"လူကြီးမင်းရဲ့ ဇနီးအလောင်းကို လက်ရှိမြှုပ်ထားရာ ထရပ်စတက်ရွာ ...ဘုရားရှိခိုးကျောင်းဝင်းထဲကနေ ဖော်ပြီး ပြန်လည်စစ်ဆေးဖို့ အမိန့်ချမှတ်လိုက်...တယ်လို့ အကြောင်းကြားခိုင်း လိုက်ပါတယ် ခင်ဗျာ"

ပေါ(လ်)က ဣန္ဒြေမပျက် ပြန်၍ပြောရသည်။

"ဟုတ်လား၊ ကျုပ်က ဒီသတင်းကို မျှော်နေတာပါပဲ၊ ကောင်းပါ တယ် ကောင်းပါတယ်၊ ကိစ္စတစ်ခု ပြီးသွားတာပေါ့လေ"

{ ၁၁ }

အယ်လီနာ၏ အလောင်းကို မြှုပ်ထားရာမှ ပြန်လည်ဖော်ယူသောနေ့သည် ဇူလိုင်လ၏ နေသာသော နေ့တစ်နေ့ဖြစ်၏။ အချိန်မှာ ညနေပိုင်း ဖြစ်သည်။

ဘုရားရှိခိုးကျောင်းဝင်း၏ သုံးခုသော ဝင်ပေါက်များတွင် ရဲသား တစ်ဦးစီက စောင့်နေကြသည်။

'အက်ဆက်'အနောက်ပိုင်းခရိုင် သေမှုသေခင်း စစ်ဆေးရေးအရာရှိ ဖြစ်သူ အားနိုးကလပ်က အယ်လီနာပရက်ဆက်၏ အလောင်းကို ဖော်ယူလျက် လန်ဒန်မြို့တော် အစ္စလင်တန်ဗေး(လ်) ခရိုင်ရှိ ရင်ခွဲရုံသို့ ပို့ရန် ခွင့်ပြုကြောင်း အမိန့်ပြန်တမ်းကိုဖတ်ပြသည်။

ထို့နောက်တွင်တော့ အယ်လီနာ၏ အလောင်းကို မြှုပ်စဉ်က အသုဘ အခမ်းအနားကို တာဝန်ယူ၍ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ကပင်လျှင် ဦးဆောင်၍ အလောင်းဖော်ယူခြင်းအလုပ်ကို စ၍လုပ်လေ၏။

အလောင်းကို မြေကြီးထဲမှ ဖော်ယူရန် စတင်တူးဆွသည့်အချိန်က စ၍ ဒေါက်တာဝါးတားဟော(လ်)သည်လည်း ရှိနေသည်။ ပြည်ထဲရေးဌာနမှ ဓာတ်ခွဲ စစ်ဆေးသည့် ဆရာဝန်လည်းရှိနေသည်။ စုံထောက် အင်စပက်တော် ဂျွန်ဘို(လ်) ထရိုလည်း ရှိနေသည်။ ဂျွန်ဘို(လ်)ထရိုကတော့ ဤအလုပ်ကို လုပ်ရသည်မှာ ပျော်နေသယောင်ယောင်၊ သူ၏ စိတ်ကူးထဲတွင်၊ နောက်နေ့ သတင်းစာများ၌ စကော့တလန်ယာဒ်မှ စုံထောက်အင်စပက်တော် ဂျွန်ဘို(လ်)ထရိုဦးစီး၍၊ အယ်လီနာ ပရက်ဆက်၏ အလောင်းကို ဖော်ယူခြင်းဟူသည့် သတင်းမှာ၊ စာလုံးမည်းကြီးဖြင့် ပါလာတော့မည်ဟုတွေးမိကာ အားရကျေနပ်နေ၏။

ပြည်ထဲရေးဌာနမှ ဓာတ်ခွဲဆရာဝန်ကတော့ စကားများများမပြောလှ။ သူ့ကိုကြည့်ရသည်မှာတော့ ဝတ္တရားအရသာလုပ်နေရသည့်ပုံရှိ၏။ သို့သော် သူလုပ် ရမည့်တာဝန်ကိုတော့ မလစ်ဟင်းပါ။ အယ်လီနာ၏ အလောင်း ထည့်ထားသည့် အခေါင်း မြေပေါ်သို့ရောက်၍ လက်တွန်းထရော်လီပေါ်သို့ တင်ထားမိသည် ဆိုလျှင်ပင် ကျင်းထဲမှ မြေဆိုင်ခဲများ၊ အုတ်ခဲများကိုပါ နမူနာအဖြစ် ထိုထရော်လီ ပေါ်သို့တင်ကာတစ်ပါတည်းသယ်လာခဲ့၏။ ထိုမြေကြီးများနှင့်အုပ်ခဲများကိုပါ ဓာတ်ခွဲခန်းစမ်းသပ်ရန် လိုမည်ဖြစ်၏။

အခေါင်းကြီးကို လက်တွန်းထရော်လီနှင့်တင်ကာ၊ ဂိတ်ပေါက်ဝတွင် အဆင်သင့်စောင့်နေသည့်၊ ဗင်ကားအပြာရောင်ပေါ်သို့ နောက်ပေါက်မှ တင်ရသည်။ အင်စပက်တော်ကြီး ဘို(လ်)ထရိုက အစစအရာရာ ညွှန်ကြားစီမံသည်။

သို့ဖြင့် ထရပ်စတက် ဘုရားရှိခိုးကျောင်းဝင်းထဲတွင် သူ့အမေ၏ အလောင်းသားတွင် ငြိမ်းငြိမ်းချမ်းချမ်းနေလိုသည့် အယ်လီနာခမျာ သေပြီးခါမှ လန်ဒန်မြို့သို့ ခရီးတစ်ခေါက် ရောက်ရပေဦးတော့မည်တကား။

●

## အပိုင်း – သုံး

### {၁}

အချိန်သည် နံနက် ခုနစ်နာရီ ထိုးခါနီးဖြစ်၏။ ပေါ(လ်)က အိပ်ရာမှ လာကာ အပေါ်ထပ်လှေကားထိပ်မှနေ၍၊ အိမ်ရှေ့တံခါးမကြီးဘက်သို့ ိချွာဖြင့် လှမ်းကြည့်လိုက်သည်။ သတင်းစာလာပြီလားဟု ကြည့်ခြင်းဖြစ်သည်။ ါးမကြီး ရှေ့ရှိ ကော်ဇောကြမ်းပေါ်တွင်၊ သတင်းစာကျနေသည်ကို မတွေ့ရပေ။

မုတ်ဆိတ်ရိတ်နေရင်းနှင့် သတင်းစာကိုစောင့်မျှော်နေမိသည်။တံခါးရွက်တွင် ်ထားသောစာထည့်ရန်အပေါက်မှထည့်လိုက်လျှင် သတင်းစာ ကျလာသည်။ ပ်ဖလပ် အသံကို ကြားနိုင်မည်ဖြစ်၏။

ခဏကြာသော် သူစောင့်မျှော်နေသည့်အသံကို ကြားရလေပြီ။ စာထည့်ရန် ပေါက်၏အဖုံးကိုဟ,လိုက်သံ၊ ဖလပ်ဖလပ်ဖြင့် အတွင်းဘက်သို့ သတင်းစာ လာသံတို့ကို ဆက်တိုက်ကြားလိုက်ရ၏။ ထို့ကြောင့် မုတ်ဆိတ်ကို မြန်မြန် အောင်ရိတ်ပြီးနောက်၊ အင်္ကျီအဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းလာခဲ့၏။

သူမျှော်နေသည့် သတင်းစာမှာ ကော်ဇောပေါ်တွင် ကျနေသည်ကို တွေ့ရ ပြီ။

သူ၏ရင်တွင်းမှ နှလုံးခုန်သံသည် ပို၍ကျယ်လာ၏။ တုန်ယင်နေသော လက်များဖြင့် သတင်းစာကို ကောက်ယူကာ၊ အတွင်းသို့လှန်ကြည့် လိုက်သည် အလယ်စာမျက်နှာတွင် သူ၏အကြောင်းကို အသားပေး၍ ဖော်ပြထားသည်ကို တွေ့ရသည်။

**"ကျောင်းဆရာစနီး၏ အလောင်းကို ဖော်ယူခြင်း၊ ဘုရားရှိခိုး ကျောင်းဝင်းအတွင်းမှ နှလုံးတုန်ဖွယ်မြင်ကွင်း၊ မစ္စတာနှင့် မစ္စစ် ပရက်ဆက်တို့ လန်ဒန်မြို့တွင် နေခဲ့စဉ်ဘဝ ..."**

စာလုံးမည်းကြီးများဖြင့် ဖော်ပြထားသော ဤခေါင်းစဉ်စာသားများကို တွေ့လိုက်ရသောအခါ၊ သူ၏မျက်လုံးများမှာ ပြာ၍သွားသည်။ သို့သော် ဘာတွေများ ရေးထားသလဲဆိုသည်ကို သိရအောင် ဆက်၍ဖတ်ရပြန်သည်။

သတင်းထောက်များသည် သူ့ထံသို့ ရောက်မလာကြသေးသော်လည်း အိမ်နီးနားချင်းများထံမှ အတော်ပင်စုံစုံစေ့စေ့မေးသွားကြဟန်တူ၏။ ရေးသည့် အခါတွင်မူကား၊ သတင်းထောက်တို့၏ထုံးစံအတိုင်း၊ ပုံကြီးချဲ့၍ရေးထားကြသည်။ သတင်းစာထဲတွင် အယ်လီနာကို ငွေကြေးကြွယ်ဝချမ်းသာသူ မိန်းမကြီး တစ်ဦး အဖြစ် ဖော်ပြထား၏။ ပေါ(လ်)ကိုမူကား လန်ဒန်မြို့ရှိ နာမည်ကြီးကျောင်း တစ်ကျောင်းမှ၊ လက်တင်ဘာသာနှင့် ဂရိတ်ဘာသာပြ ဆရာအဖြစ်လည်းကောင်း လန်ဒန်တက္ကသိုလ်ကျောင်းထွက် တစ်ဦးအဖြစ်လည်းကောင်း ဖော်ပြထား၏။

ဤပုံအတိုင်းဆိုပါက အင်္ဂလန် တစ်ပြည်လုံးရှိ သတင်းစာများတွင် ဤသတင်းပါလာတော့မည်ဖြစ်၏။ သူ့ကျောင်းမှ ကျောင်းသားကလေး များက သူ့အကြောင်းကို ဝိုင်းဖွဲ့၍ ပြောကြပေရောမည်။ ဆရာ အင်ဂယ်(လ်)ဝု(ဒ်)နှင့် ဆရာ ဆင်ဒီတို့လည်း သိလောက်ကြပေပြီ။ 'ကဲ ... ဘယ့်နှယ်ရှိစ' ဟူ၍ ဆင်ဒီက အင်ဂယ်(လ်)ဝု(ဒ်)ကိုပင် ပြောကောင်း ပြောပေမည်။

သတင်းစာတိုင်းတွင် ပါမည်ဆိုတော့၊ သူ့အဖေနှင့် သူ့အမေတို့လည်း ဖတ်မိကြမှာမလွဲ၊ အိုကြီးအိုမဖြစ်ခါမှ သားအတွက် စိတ်မကောင်းဖြစ်ကြရဦးမည် ပက်ဖီး တစ်ရွာလုံးတွင်လည်း ဤအကြောင်းကိုပင် ပြောနေကြမည်မှာ မြေကြီး လက်ခတ်မလွဲဖြစ်ပေမည်။

သူနေထိုင်ရာ အင်း(မ်)ထရီးလမ်းတွင်တော့ သူ့အကြောင်းကို ပြောရလွန်း၍ လျှာပြတ်လုလု ဖြစ်နေကြပြီထင်သည်။ အိမ်ပြင်ဘက်သို့ထွက်ရန်ပင် သူက အားနာ

ကြောက်နေသည်။ ပြတင်းပေါက်မှ တိတ်တခိုး ကြည့်နေကြမည့် အိမ်ရှင်မများ၏ ...ရုံ အစုံသော မျက်လုံးများ၏အရှိန်ကို သူမခံရဲပေ။

'ထွက်ပြေးမလား...'။ သူ့တွင်ရွှေဒင်္ဂါးပြားတွေလည်း လဲပြီးသား အဆင်သင့် ...နေသည်။ ဥရောပတိုက်ဘက်သို့ နက်ဖြန်ခါ ထွက်ပြေးလျှင် ဘယ်လိုနေမည်နည်း။ ...နေ့တော့သွား၍မဖြစ်။ ဒီနေ့တွင် သေမှုသေခင်းစစ်ဆေးရေးအရာရှိ ရှေ့မှောက်တွင် ...စစ်ခံရဦးမည်ဖြစ်သည်။

အစစ်အမေးခံရဦးမည်မှာလားဟူသော အသိက သူ့ကိုတပ်လှန့် နှိုးလိုက်၏။ ...တို့ရှေ့မှောက်တွင် ပုံပျက်၍မဖြစ်။ ဟန်ကိုယ့်ဖို့ဟူသော စကားအတိုင်း ...ရမည်။ 'ကျူပ်လိုအပြစ်မရှိတဲ့ လူတစ်ယောက်ကို ခင်ဗျားတို့ သက်သက်ဒုက္ခ ...နေတာ'ဟူသော ပုံမျိုး အမူအရာမျိုး ပြလိုက်ရသည်။

ဤသို့ စိတ်အား တင်းလိုက်တော့လည်း၊ သူ့စိတ်ဓာတ်က တက်လာ ...သည်။ ထို့ကြောင့် သူ့တွင်ရှိသည့် ဝတ်စုံထဲမှ အကောင်းဆုံးဝတ်စုံကို ထုတ်ယူ၍ ...အနဝတ်ကာ၊ အစစ်အဆေးခံရမည့်နေရာသို့ ရင်ကော့၍ လျှောက်လာခဲ့သည်။

အစစ်အမေးခံရသည့်အခါတွင်တော့ သူစိုးရိမ်ထားသကဲ့သို့ မဟုတ်ပါပေ။ ...အေးအေးဆေးဆေး မြန်မြန်ဆန်ဆန်ပင် ပြီးသွား၏။ သေမှုသေခင်း စစ်ဆေးသူ ...ရှိကလည်း၊ သူ့အပေါ်တွင် ယဉ်ကျေးဖော်ရွေစွာ ဆက်ဆံပါသည်။ ရုံးခန်းထဲ၌ ...များများစားစားမတွေ့ရ။ ထိုသူများထဲတွင် စုံထောက်အင်စပက်တော်ချုပ် ...(လ်)ထရီနှင့် စုံထောက်ဆာဂျင်ဒွိုင်ယယ်ကို သူသတိပြုလိုက်မိ၏။ ဘို(လ်)ထရီ ...တော့ သူ့အား တစ်ချိန်လုံးလိုလိုပင် စူးစူးစိုက်စိုက်ကြည့်နေသည်။

သူ ထွက်ဆိုချက် ပေးပြီးသွားသောအခါ၌၊ စာရွက်ပေါ်၌ ရေးထားသော ...ဆိုချက်ကို လက်မှတ်ထိုးပေးရမည်။ ထို့ကြောင့် စစ်ဆေးခြင်းကို ဩဂုတ်လ ...ည် ရွှေ့ဆိုင်းလိုက်ကြောင်း၊ မစ္စတာပေါ(လ်) ပရက်ဆက်အား နောက်တစ်ကြိမ် ...ဆေးသည့်အခါ၌ မပျက်မကွက်လာရောက်ရန် ရုံးတော်က ဆင့်ဆိုလိုက်ကြောင်း၊ ...နှံ့ချမှတ်လိုက် ပြီးနောက်၊ ထိုနေ့အတွက် သေမှုသေခင်းစစ်ဆေးခြင်းမှာ ပြီးဆုံး ...လေသည်။

ဆေးလိပ်သောက်ချင်သည့် ဆန္ဒအလွန်မြင်းပြလာသဖြင့်၊ စီးကရက် ...လိပ်ကို ကပျာကယာ မီးညှိ၍သောက်ကာ၊ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

မိုင်ရာထံသို့ အကျိုးအကြောင်းများ သွား၍ ပြောရဦးမည်ဖြစ်သည်။

စိတ်ကူးရှိုရှို

အမှုအကြောင်းကိုသာမက မိုင်ရာ့အတွက် သူအနစ်နာခံရမည့် အကြောင်း ကိုပါ ပြောရဦးမည်ဖြစ်သည်။ မိုင်ရာ၏ ဂုဏ်သရေကို မထိခိုက်စေရန် ဤအမှု မပြီးမချင်း သူလာ၍မတွေ့ဘဲ နေမည့်အကြောင်းကို ပြောမည်ဟု သူက စိတ်ကူး ထားသည်။

စိတ်ကူးယဉ်တတ်သော ပေါ(လ်)သည် ဤမျှ ကြက်ရေးငှက်ရေး ကာလ မှာပင် မိုင်ရာ၏ရှေ့၌ သူရဲကောင်းဆန်ဆန် ပြမူလိုသေးသည်။

သူရောက်သွားသောအခါ မိုင်ရာသည် သူ၏ အခန်းကျဉ်းကလေး ထဲတွင် သတင်းစာကို ကြမ်းပြင်ပေါ်၌ ဖြန့်ချ၍ ဖတ်ရင်း၊ သတင်းထောက်များကို ဒေါသ ဖြစ်နေသည်ကို တွေ့ရ၏။ သူကပင် မိုင်ရာစိတ်ပြေရာ ပြေကြောင်း ချော့မော့ပြော ရသေး၏။

ထို့နောက် လမ်းတွင်သူစိတ်ကူးလာခဲ့သည့် စကားကို မိုင်ရာအားပြောလိုက်၏။

"ကဲ ... မိုင်ရာ ... ကိုလာခဲ့တဲ့ အဓိကအကြောင်းကတော့၊ မင်းရဲ့ ဂုဏ် မထိခိုက်ရအောင် တို့နှစ်ယောက်ဆက်ပြီးမတွေ့ကြဖို့ အကြောင်းကို ပြောဖို့ အမှုပြီးသွားတဲ့အထိ ပေါ့ကွယ်"

မိုင်ရာက သူ၏ခေါင်းကို ပြင်းထန်စွာယမ်းရင်း တိုးတိုးကလေး ပြန်ပြော၏။

"ဟင့်အင်း၊ ဟင့်အင်း၊ မိုင်ရာစိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲ ဆိုတာ ဘယ်လောက်သိလို့ ဒီလိုပြောတာလဲကိုရဲ့၊ ပြောစမ်းပါဦး"

"ကို သိတာကတော့ ဒီအရှုပ်တော်ပုံကြီးထဲမှာ မင်းကလေး ကန့်လန့် ကန့်လန့်နဲ့ ပါမနေစေချင်ဘူး၊ ဒါပဲသိတယ်"

"ကိုကလဲ ကြောင်မနေစမ်းပါနဲ့၊ ကိုရဲ့စိတ်မချမ်းသာမှုကို မိုင်ရာပါ ဝေမျှ ခံရမှာပေါ့၊ ခုလိုဖြစ်လာတာ တစ်မျိုးတော့ကောင်းသလိုလိုပဲ၊ ဒါမှ မိုင်ရာက ကို့အပေါ်မှာ ဘယ်လောက်ချစ်သလဲဆိုတာ ပြနိုင်ခွင့် ရတာပေါ့၊ ကိုရဲ့ စိတ်သော ရောက်မှုကို ဝေမျှခံဖို့ တခြားဘယ်သူများရှိလို့လဲ ကိုရယ်၊ ဒီသတင်းဆိုးကြီး ကြားကြားချင်း၊ ကို့ကို မိုင်ရာက စွန့်ခွာသွားမယ်လို့များ ထင်ထားမိလို့လား"

"မထင်မိပါဘူး မိုင်ရာရယ်၊ ကိုယ့်မှာလဲတိုးတိုးဖော် တိုင်ပင်ရမယ့် လူဆိုလို့ မိုင်ရာအပြင် တခြားဘယ်သူမှလဲ မရှိပါဘူး"

"ဒီလိုဆို ကိုနားလည်ထားစမ်းပါ ကို၊ ကျွန်မဟာ သူများတွေ ပြောမှာ အရင်ကလဲ ဂရုစိုက်ခဲ့တာမဟုတ်ဘူး၊ အခုဆိုရင်တော့ ကို့အပေါ်မှာ လူတွေ ဝိုင်းပြီး ရက်ရက်စက်စက် လုပ်ကြတာမို့ ပိုလို့တောင် ဂရုမစိုက်သေးတယ် လူတွေက ရက်စက်လေလေ၊ ကျွန်မက ကို့အပေါ်မှာ ပိုပြီး ချစ်လေလေ ဂရုစိုက် လေလေ ဆိုတာကို မှတ်ထားစမ်းပါ"

ဤသို့လျှင် မိုင်ရာက သူ၏ အချစ်နှင့် မေတ္တာကို ရဲရဲကြီးဖော်ကျူးနေပြန်သော်လည်း၊ ပေါ(လ်)မှာက လေပျော့ကလေးဖြင့်သာ ပြန်၍ ပြောနိုင်တော့သည်။

"အေးလေ၊ ကို့ခေါင်းထဲကလဲ ထူပူနေပြီမဟုတ်လား၊ ဒါကြောင့် ဘာပြောရမှန်းကို မသိတော့ပါဘူး"

"ခေါင်းအေးအေး ထားပေါ့ ကိုရယ်၊ ဘာလုပ်ရင်အကောင်းဆုံးလဲ ဆိုတာကို ကျွန်မတို့ ဆွေးနွေးကြတာပေါ့ မဟုတ်ဘူးလား"

ပေါ(လ်)သည် လှောင်အိမ်ထဲရှိ တိရစ္ဆာန်တစ်ကောင်အလား၊ မိုင်ရာ၏ အခန်းကျဉ်းကလေးထဲတွင်၊ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

ဤသို့ လျှောက်နေရင်း ဖြစ်လာနိုင်သည့်အလားအလာကို ပေါ(လ်)က မိုင်ရာအားရှင်းပြ၏။

"ဒီလိုတော့ရှိတယ် မိုင်ရာရဲ့။ အလောင်းထဲမှာ ဘာမှတွေ့မှာ မဟုတ်ဘူးလို့တော့ စိတ်ချနေလို့မရဘူး၊ စိန်ဆိုတဲ့ အဆိပ်မျိုးက အသက် ရှင်နေတုန်းတောင်၊ သောက်တဲ့ ဆေးတွေကတစ်ဆင့်၊ လူ့ခန္ဓာကိုယ်ထဲကို နည်းနည်းချင်းတော့ ရောက်လာနိုင်တယ်၊ သေပြီးမှလဲ ပတ်ဝန်းကျင်မှာ စိန်ဓာတ်ရှိရင် ဝင်လာနိုင်တယ်၊ အဲဒီတော့ အလောင်းကို ဓာတ်ခွဲကြည့်ရင် စိန်တွေ့ရတယ်လို့၊ ပြောမှာကတော့ သေချာသလောက်ပါပဲ၊ အေးလေ ... ဒီလိုတွေ့တယ်ဆိုရင်လဲ စုံထောက်တွေက ကျေနပ်ကြမှာပေါ့၊ ဒါမှ သူတို့ မှန်တဲ့အကြောင်း အထောက်အထားရမှာပေါ့"

မိုင်ရာကတော့ ဘာမှ ပြန်မပြောနိုင်ဘဲ ပါးစပ်ဟောင်းလောင်းဖြင့်သာ ပေါ(လ်)ကို ငေးကြည့်နေသည်။

မိုင်ရာ၏ အခြေအနေကို မြင်ရသည့် ပေါ(လ်)က ထွက်ပြေးကြဖို့ စကားကို ပြော၍ ပြောရင်ကောင်းမည်လားဟုပင် စဉ်းစားမိသည်။ ထိုသို့စ၍ပြောရန် စေ့စေ့ကြောင်း အချိန်မီသတိပြုလိုက်မိသဖြင့် မပြောဖြစ်ပေ။

ပေါ(လ်)က သူတစ်ဦးတည်း လွတ်လွတ်လပ်လပ် စဉ်းစားချင်စိတ်ပေါက်လာသည်။ ခါတိုင်းဆိုလျှင် မိုင်ရာအခန်းကလေးမှ မပြန်ချင် ပြန်ချင်သာပြန်လာခဲ့ရသည်ချည်း။ ယခုမူကား သူကစ၍ သွားချင်နေပေပြီ။ သူယခင်က ရောက်ဘူးသော လန်ဒန်တောင်ဘက်ပိုင်းသို့ လမ်းလျှောက်ရင်း စဉ်းစားကြံရလျှင် ခေါင်းထဲတွင် ပေါ့သွားလိမ့်မည်ဟုသူထင်သည်။ ခါတိုင်းလျှောက်နေကျလမ်းများပေါ်မှာတော့ လျှောက်၍ သွားလိုစိတ်မရှိလှပေ။

ထို့ကြောင့် မိုင်ရာအား အကြောင်းတစ်ခုပြလျက် နှုတ်ဆက်ကာ ထွက်ခဲ့သည်။

အိမ်ပြန်ရောက်သည့်အခါ၌ လမ်း၏တောင်ဘက်သို့ ဦးတည်၍ ထွက်ခဲ့လေသည်။ သူ့အတွေးနှင့်သူမို့ ဘေးဘီဝဲယာကိုလည်းသတိမထားမိ။ နောက်ဘက်ကိုလည်းလှည့်၍ မကြည့်မိပေ။

အကယ်၍သာ ပေါ(လ်)သည် မျက်စိရှင်၍ သတိထားကြည့်တတ်သူ ဖြစ်ခဲ့ဆိုပါလျှင်၊ မိုင်ရာ၏ အိမ်နှင့်မနီးမဝေး လမ်းထောင့်တွင် လူတစ်ယောက်မယောင်မလည် ရပ်နေသည်ကို တွေ့ရမည်ဖြစ်၏။ ပေါ(လ်)က ထိုသူ၏အနီးဖြတ်သွားချိန်တွင် ထိုသူက လက်ပတ်နာရီကို ငုံ့ကြည့်နေ၏။ ပေါ(လ်)က ရှေ့ဆက်၍ လျှောက်သွားသည့်အခါတွင် ထိုသူက ပေါ(လ်)၏ နောက်ဘက်ကိုက်တစ်ရာ ငါးဆယ်ခန့်ခွာ၍ လိုက်လာ၏။ ပေါ(လ်)က ဘာဗစ်(စ်)လမ်းကလေးထဲသို့ ချိုးကွေ့လိုက်သည်ဆိုလျှင်၊ ထိုသူကခြေလှမ်းကို ခပ်သွက်သွက်ကလေးလှမ်းကာ ချိုးဝင်၍လိုက်လာ၏။ သူ့အတွေးနှင့်သူ ခြေလှမ်းမှန်မှန်ဖြင့်ဆက်၍ သွားနေသော ပေါ(လ်)ကို တွေ့လိုက်တော့မှပင် ထိုလူက ခြေလှမ်းများပြန်၍ နှေးလိုက်ကာ၊ မူလအတိုင်း ကိုက်တစ်ရာငါးဆယ်ခန့်ခွာ၍ လိုက်လာ၏။ ပေါ(လ်)က ဂိုဝါလမ်းထဲသို့ ချိုးဝင်သည့်အခါ၌လည်း ထိုသူက ယခင်တစ်ကြိမ်ကကဲ့သို့ပင် ကသုတ်ကရက်လိုက်ရပြန်သည်။ အောက်စဖို့လမ်းထောင့်တွင် ပေါ(လ်)က ရပ်၍ သတင်းစာဝယ်သည့် အချိန်တွင်၊ ထိုသူကလည်းရပ်ကာ အိတ်ထဲမှ ဆေးတံကို ထုတ်၍ ဆုံထဲသို့ဆေးထည့် မီးညှိစသည်ဖြင့်လုပ်ရင်း ဟန်မပျက် ပေါ(လ်)ကို စောင့်ကြည့်နေ၏။

ထိုသူမှာ စုံထောက် ရိုက်(စ်)ဟုမ်းဖြစ်သည်။ သူသည်လည်း လွန်ခဲ့သော အနှစ်အစိတ်ခန့်က ဂျွန်ဘို(လ်)ထရိုလုပ်ခဲ့သော လမ်းစဉ် အတိုင်းပင် ယူနီဖောင်းဝတ် ပတ်တရောင်ရဲသားဘဝမှ စုံထောက်ဘဝသို့ မကြာမတင်ကမှ ကူးပြောင်းလာခဲ့သူ ဖြစ်၏။ ပေါ(လ်)ပရက်ဆက်၏ လှုပ်ရှားမှုကို စောင့်ကြည့်ရန် ဝါရင့်စုံထောက် အရာရှိ ခရူးနှင့်အတူတွဲ၍ တာဝန်ကျနေခြင်း ဖြစ်သည်။

ပေါ(လ်)က သတင်းစာကို လှန်လှော၍ သူ၏ သတင်းပါရှိသည့် အပိုင်းကို ရှာ၍ ဖတ်ကာ မျက်နှာကိုရှုံ့မဲ့လိုက်သည်။ ထို့နောက် နယူး အောက်စဖို့လမ်းကို ဖြတ်၍ ရုတ်စဘရီအဲဗင်နယူလမ်းဘက်ဆီသို့ ဦးတည်၍ လျှောက်သွားပြန်သည်။ စုံထောက်ပေါက်စကလေး ရိုက်(စ်)ဟုမ်းကလည်း နောက်မှ လိုက်ရပြန်သည်။

{၂}

ထိုနေ့လွန်မြောက်ပြီး၍ နောက်တစ်နေ့တွင် သတင်းစာများ၌ သေမှုသေခင်း
င်ဆေးရေးအရာရှိရှေ့မှောက်၌ ပေါ(လ်) ထွက်ချက်ပေးခဲ့ပုံများကိုအကျယ်တဝင့်
ော်ပြထားကြသည်။ ပေါ(လ်)မျော အိမ်ထဲတွင် ဟိုလျှောက်ဒီလျှောက် လုပ်နေ
င်းဖြင့် အိမ်ရှေ့မှဖြတ်သွားသူတိုင်းက သူ့အိမ်ဘက်သို့ လှည့်ပြန်ကြည့်၍ သွားကြ
ည်ကို မြင်နေရ၏။

'လူဆိုတာမျိုးဟာ သူများတကာ၏ အကြောင်းကို အလွန်စပ်စုချင် တတ်ပါ
လား'ဟူသော မှတ်ချက်ရတော့သည်။ သူ့အနေဖြင့် အခြားဘာမျှ မတတ်နိုင်ပေ။

ကြည့်သောသူများကလည်း တစ်နေ့လုံးပင် ကြည့်ကြသည်။ သို့ဖြင့်
ို့တစ်နေ့တာမှာ ကုန်လွန်သွားခဲ့ပြန်သည်။

နောက်တစ်နေ့ သတင်းစာများတွင် သူ၏ အမှုအကြောင်းပါမလာသဖြင့်၊
ေါ(လ်)မျော အတော်ပင် စိတ်လက်ပေါ့ပါးသွားသည်။ အပြင်းအထန် မှားပြီး
ောက်၊ ပျောက်ကင်းခါစ လူတစ်ဦးခံစားနေရပုံမျိုးနှင့် သဏ္ဌာန်တူ၏။ သို့သော်
ိတ်လက်ပေါ့ပါးသည်မှာ ခဏတာမျှသာ ဖြစ်သည်။ အယ်လီနာ၏ အလောင်းကြီး
ို ခတ်ခွဲကြည့်နေသည်မှာသုံးရက်တောင်ကြာသွားပါပကောဆိုသည့် အသိစိတ်က
င်လာသော အခါတွင်မူ စိတ်ညစ်ညူးသွားပြန်သည်။ စိတ်မချမ်းမြေ့ခြင်းကြောင့်
ေထိထိုင်မထိဖြစ်လာ၏။အခုထွက်ပြေးရရင် ကောင်းမလားဟု တွေးမိလာသည်။

ထွက်ပြေးရသည့်အလုပ်မှာ အလွယ်ကလေးပဲဟု သူကတွက်ထားသည်။
ူတာရုံသို့လည်း လမ်းလျှောက်၍သွားမည်။ ဘူတာရုံမှ ရထား ရထားဖြင့်
င်နာရီလောက် သွားလိုက်လျှင် ဘရိုက်တန်ကိုဖြစ်ဖြစ် အိ(စ်)ဘုံးကို ဖြစ်ဖြစ်
ောက်နိုင်သည်။ ထိုမြို့ တစ်မြို့မြို့မှနေ၍ အင်္ဂလိပ် ရေလက်ကြားကို ဖြတ်ကူးလိုက်
ျှင် ဥရောပကိုရောက်တာပဲဟု လွယ်လွယ် ကူကူပင် တွေးလိုက်သည်။ ခွေးရာသီ
ပန်းဖြေခရီးထွက်ကြသည့် အချိန်မှာလည်း အစပြုနေပြီဖြစ်ရာ နောက်တစ်ရက်
ရက်အတွင်းတွင် ဘူတာရုံများနှင့် ဆိပ်ကမ်းများ၌ အပန်းဖြေခရီးထွက်သည့်
ူများဖြင့် ပြွတ်သိပ် ပြည့်ကျပ်နေမည်ဖြစ်သည်။ ဤလူအုပ်ထဲတွင် သူပါရော၍
ိုက်သွားလိုက်ရုံသာ ရှိသည်။

တစ်ဖန် သူအိမ်ကထွက်သည့်အခါ၌ လမ်းလျှောက်ထွက်သည့်ပုံမျိုးဖြင့်
ွတ်တမဲ့ထွက်သွားလျှင်၊ အိမ်နီးနားချင်းများကလည်း ရိပ်မိနိုင်ဖွယ်ရာ အကြောင်း

မရှိ။ မြို့ထဲသို့ရောက်ခါမှ သူလိုချင်သည့် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်း
များကို ဝယ်ပြီးနောက်၊ နေစောင်းသည့် အချိန်ရောက်လျှင် ပင်လယ်ဆိပ်ကမ်း
တစ်မြို့မြို့သို့ ရထားစီး၍သွားရန် စိတ်ကူးထားသည်။

သွားဖို့ အကောင်းဆုံးနေ့ကတော့ လာမည့်သောကြာနေ့ညနေစောင်း
ဖြစ်သည်ဟု တွက်ထားသည်။ နောက်တစ်နေ့တွင် ဘဏ်ပိတ်ရက်ဖြစ်ရာ အပျော်
ခရီးထွက်ကြမည့်သူတွေ တစ်စုတစ်ရုံးတည်း ထိုညနေတွင် ဥရောပတိုက်ဘက်သို့
ကူးတို့သင်္ဘောဖြင့် အခေါက်ခေါက်အခါခါကူးကြမည် ဖြစ်သည်။

ထွက်ပြေးရန် အစီအစဉ်ကို စဉ်းစားနေရင်း၊ မိုင်ရာကိုကော မည်သို့ လုပ်
မလည်းဟု တွေးမိပြန်သည်။ 'သူ့ကိုကော ခေါ်သွားမလား၊ ထားခဲ့မလား
မိုင်ရာလည်း ခရီးသည်တစ်ဦးပုံဖြင့်လိုက်လာလျှင် ဖြစ်နိုင်သည်။ သူတို့နှစ်ဦး
အတူတူတွဲ၍ မသွားဖို့သာ အရေးကြီးသည်ဟု အတွေးပေါ်လာ၏။

သို့ဖြင့် ပေါ(လ်)ခများ၊ ချာလည်လိုက်အောင်စဉ်းစားရင်း၊ တစ်နေ့ပြီး တစ်နေ့
ကုန်သွားကာ သောကြာနေ့သို့ ရောက်လာခဲ့သည်။

ယနေ့။ သို့မဟုတ် နောက်တစ်နေ့သည်၊ ထွက်ပြေးရန် အကောင်းဆုံး
နေ့များဖြစ်ကြသည်။ ဤနှစ်ရက်တွင် ဥရောပတိုက်ဘက်သို့ ကူးကြမည့် အပျော်
ခရီးထွက်သူဦးရေမှာ အများဆုံးဖြစ်သည်။ အင်္ဂလန်ပြည်တွင် ဩဂုတ်
ဘဏ်ပိတ်ရက်သည်၊ နွေရာသီအပျော်ခရီး ထွက်သူအများ ဆုံးသောနေ့ ဖြစ်သည်။

အကယ်၍ ဤနေ့တွင် မစွန့်စားလိုက်မိခဲ့၍ ထောင်ကျခံရသည့် အဖြစ်သို့
ရောက်သွားပါက နောင်တရ၍ ဆုံးတော့မည်မဟုတ်ဟု စဉ်းစားမိ၏။ ထို့ကြောင့်
ခုလုပ်၊ သို့မဟုတ် ဘယ်တော့မှ မလုပ်နဲ့တော့ ဟူသော ဆောင်ပုဒ်အတိုင်း
ယခုပင်ထွက်ရန် ဆုံးဖြတ်လိုက်လေ တော့သည်။

သို့ဖြင့် အဝတ်အစားစတင်၍ လဲလှယ်၏။ သူရွေးချယ်၍ဝတ်သည့် ဝတ်စုံ
မွဲခြောက်ခြောက်အရောင်ရှိသည်။ သို့မှသာလျှင် လူကြားထဲတွင် မထင်ရှား
ဖြစ်နေနိုင်ပေမည်။ သူတွင်အဆင်သင့်ရှိနေသော ရွှေဂေါ်ပြားများ၊ အာမခံစာချုပ်များ
ကိုလည်း ထည့်ယူခဲ့သည်။ ကက်ဦးထုပ်အပျော့ တစ်လုံးကိုလည်း ကုတ်အင်္ကျီ
အားအိတ်တွင်ထည့်၍ယူခဲ့သည်။ အိမ်မှအထွက်တွင် လိုအပ်မည်မဟုတ်သော်လည်း
ခရီးသွားသည့်အခါ၌မူ ဦးထုပ်မပါလျှင် ထူးဆန်းသည့်အသွင်ရှိနေမည်ဖြစ်သည်။
သူ့အနေဖြင့် တတ်နိုင်သမျှ သဘာဝကျရန် လိုအပ်သည် မဟုတ်ပါလား။

အောက်ထပ်သို့ရောက်၍ တံခါးမကြီးမှ မထွက်ခင်၊ အိမ်ရှေ့ခန်းတွင် ရပ်ကာ ဘာများယူရန် ကျန်ဦးမည်ကို စဉ်းစားကြည့်သည်။ ကျန်သည့် ပစ္စည်းတော့မရှိပေ။ သို့သော် အိမ်ကြီးမှ အပြီးအပိုင်ထွက်ခွာသွားမည်ဆိုတော့လည်း၊ ခွဲရမှာ စိတ်ထဲတွင် တစ်မျိုးကြီးခံစားရသည်။ တကယ်တော့ အင်း(မ်)ထရီးလမ်းရှိ အိမ်နံပါတ်(၂၃)တွင် နေလာခဲ့ရသည်မှာ၊ သူ့အဖို့ ပျော်စရာမရှိလှပါ။ သို့တစေ ခွဲခွာရတော့မည်ဆိုတော့လည်း သံယောဇဉ် စိတ်ကလေးက ပေါ်လာသေးသည်။

စီးကရက်တစ်လိပ်ကို မီးညှိ၍ ပါးစပ်တွင်ခဲလိုက်ကာ အိမ်ပြင်သို့ လှမ်းထွက်လိုက်သည်။ အပြင်ဘက်တွင် ရာသီဥတုမှာ သာယာနေသည်။ ကောင်းကင်တွင် မိုးသားကင်းစင်လျက်ရှိကာ၊ နေရောင်ခြည်ကလေးက နွေးနွေးထွေးထွေး ပက်ဖျန်းနေသည်။ ဝင်းတံခါးအပြင်သို့ ချက်ချင်းမထွက်သေး။ လှေကားခုံပေါ်တွင် ခဏမျှ ရပ်ကာ စီးကရက်ကို ရှိုက်ဖွာနေ သေးသည်။ ထို့နောက် အိမ်ရှေ့ပန်းခြံတွင်းသို့ ဆင်းကာ၊ ပေါင်းပင်များကို လိုက်လံနုတ်သည်။ အတန်ကြာတော့မှ ဘောင်းဘီ အိတ်များထဲသို့ လက်နှစ်ဘက်နှိုက်လျက်သားဖြင့်၊ ကာလီဒိုနီးယန် လမ်းမကြီးဆီသို့ ဦးတည်လျက် ဖြည်းဖြည်းချင်းလျှောက်လာခဲ့သည်။

အိမ်နံပါတ်(၂၃)ကိုတော့ 'ဝွတ်ဘိုင်'ဟု နှုတ်ဆက်ခဲ့ကာ ကျောခိုင်းခဲ့ပေပြီ။

ပေါ(လ်)ထွက်သွား၍ခပ်လှမ်းလှမ်းသို့ရောက်သည့်အခါ၌၊ အိမ်နံပါတ် (၂၃) ရှေ့ရှိ အိမ်တစ်အိမ်မှ လူတစ်ယောက်ထွက်လာသည်။ ထိုလူမှာ စုံထောက်ကလေး ရိုက်(စ်)ဟုမ်းဖြစ်သည်။ ဤနံနက်တွင်လည်း ရိုက်(စ်)ဟုမ်းက ပေါ(လ်)နောက်သို့ နောက်ယောင်ခံ၍ လိုက်ရသည်။ ရိုက်(စ်) ဟုမ်း၏ စိတ်ကူးထဲတွင်တော့ ထူးထူး ခြားခြားမတွေးမိ။ ပေါ(လ်)သည် ဆေးလိပ်မီးခြစ်စသော တိုလီမိုလီပစ္စည်း ကလေးများ အဝယ်ထွက်ခြင်းဖြစ်မည်ဟုသာ ထင်မိသည်။ သို့သော် သူကတော့ တာဝန်ဝတ္တရားအရ လိုက်ရပေဦးမည်ဟု စဉ်းစားရင်း၊ ပေါ(လ်)နောက်မှ ခပ်ခွာခွာ လိုက်လာခဲ့သည်။

ကာလီဒိုနီးယန် လမ်းမကြီးပေါ်သို့ ရောက်လာသောအခါ၌ ပေါ(လ်)က ဆေးလိပ်ဆိုင်သို့လည်း မဝင်၊ သတင်းစာ မဂ္ဂဇင်းစသည်တို့ ရောင်းသော လမ်းထောင့်ဆိုင်ကလေးများ၌လည်း မရပ်ဘဲ၊ မြို့လယ်ဘက်သို့ ဦးတည်၍ သွားနေသည်ကို တွေ့ရသဖြင့် အံ့သြစိတ်အနည်းငယ်ပေါ်လာ၏။

ပေါ(လ်)က ဘီယာဆိုင်တစ်ဆိုင်သို့ ဝင်သွားသည်။ စုံထောက် ကလေး ကတော့ ဒီအဘိုးကြီး မနက်စောစောစီးစီး ဘီယာတော့ဝင်သောက်မည် မဟုတ်။ အပေါ့အပါးသွားရန် ဝင်ခြင်းဖြစ်မည်ဟုတွက်လိုက်သည်။

ပေါ(လ်)ပြန်ထွက်လာသောအခါ ခေါင်းပေါ်၌ ကက်ဦးထုပ် အပျော့တစ်လုံး ဆောင်းလာသည်ကို တွေ့ရသောအခါ စုံထောက်ကလေးက အတော်အံ့သြသွား၏။ 'ဒီလိုဆိုရင် အဘိုးကြီး ထွက်ပြေးမလို့လားမသိ'ဟု အတွေးပေါက်လာသည်။ အဘိုးကြီးကို မျက်ခြည်မပြတ်လိုက်နိုင်ရင်ဖြင့် သူတော့ သူ့ဆရာသမားများ၏ အရိုးမွမ်းခံရဦးတော့မှာဘဲဟုပင် ယုန်မရခင် သံပုရာရှာလိုက်မိသေးသည်။

သူ့ကို အခြားတစ်ဦးက မျက်ခြည်မပြတ် စောင့်ကြည့်နေသည်ကို မသိရှာသည့် ပေါ(လ်)က ကာလီဒိုနီးယန် လမ်းမကြီးပေါ်ရှိ ဓာတ်ရထား မှတ်တိုင်တစ်ခု တွင် ဓာတ်ရထားအလာကို ရပ်၍စောင့်နေသည်။

စုံထောက်ကလေးကလည်း သတင်းစာနှင့် မဂ္ဂဇင်းများရောင်းသော ဆိုင်ရှေ့မှ ရပ်ကာ၊ မဂ္ဂဇင်းအဖုံးများကို စိတ်ဝင်စားသည့် ပုံသဏ္ဍာန်ဖြင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

ထိုအချိန်တွင် ဓာတ်ရထားတစ်စီး တဂျုံးဂျုံးဖြင့် ခုတ်လာပြီးနောက် မှတ်တိုင်၌ ရပ်၏။ ပေါ(လ်)က ဓာတ်ရထားပေါ်သို့တက်၍ လိုက်သွားသည်။ စုံထောက်ကလေး ရိုက်(စ်)ဟုမ်းကလည်း၊ ဟန်မပျက်ရအောင် သူ၏ လက်ပတ်နာရီကို ငုံ့ကြည့်ကာ ယခုမှသတိရသည့်ဟန်ဖြင့် ကပျာ ကယာ ဓာတ်ရထားခြေနင်းပေါ်သို့ ပြေးတက်၍ လိုက်သွားသည်။

သူတို့စီးလာသည့် ဓာတ်ရထားသည်၊ ကင်း(စ်)ကရော့(စ်)ဘူတာရုံ အနီးရှိ မှတ်တိုင်တွင်ရပ်သည့်အခါ၌ ပေါ(လ်)ကဆင်းသည်။ ရိုက်(စ်)ဟုမ်းကလည်းလိုက်၍ ဆင်းရသည်။ရိုက်(စ်)ဟုမ်းက ပေါ(လ်) သည် သူ၏ အမျိုးသမီးကလေး ဖြစ်သူ မိုင်ရာ၏အိမ်သို့ သွားနေခြင်းဖြစ်မည်ဟု တွက်လိုက်သည်။

ရိုက်(စ်)ဟုမ်း တွက်သည်မှာ မလွဲပေ။ ပေါ(လ်)ကလည်း မိုင်ရာ၏ အခန်းကျဉ်းကလေးသို့ တန်းတန်းမတ်မတ်ပင်သွားပါသည်။

စုံထောက်ကလေး ရိုက်(စ်)ဟုမ်းကတော့ မိုင်ရာ၏အိမ်နှင့် မလှမ်းမကမ်းတွင် စီးကရက်တစ်လိပ်ကို ထုတ်သောက်ရင်း ပေါ(လ်)ပြန်ထွက် လာမည်ကို စောင့်နေသည်။

မိုင်ရာ၏ အခန်းကျဉ်းကလေးတွင်းသို့ ရောက်လျှင်ပင် ပေါ(လ်)က အခြေ အနေကို မိုင်ရာအားပြောပြသည်။

"မိုင်ရာ...ကိုယ်တော့ တော်တော် စိတ်ဓာတ်ကျပြီကွာ၊ ဆက်ပြီး စိတ်တင်း မထားနိုင်တော့ဘူးနဲ့ တူတယ်"

"မိုင်ရာ သဘောပေါက်ပါတယ် ကိုရယ်"

စိတ်ကူးချိုချို

"သေသေချာချာ စဉ်းစားကြည့်လေလေ၊ ကိုယ့်အတွက် အခြေ အနေက ဆိုးတယ်ဆိုတာကို မြင်လာလေလေပဲကွယ်၊ သူတို့ကတော့ ကိုယ့်ကို အလွတ်ပေးမှာမဟုတ်ဘူး၊ အချုပ်ထဲကိုထည့်မှာက သေချာ..."

ပေါ(လ်)၏ စကားမဆုံးခင် မိုင်ရာက ဖြတ်၍ ပြောလိုက်သည်။

"အို...ကိုကလဲ၊ အဓိပ္ပာယ် မရှိတာတွေ ပြောမနေစမ်းပါနဲ့၊ အထောက် အထား မခိုင်လုံဘဲနဲ့ သူတို့က ကို့ကို ဘာလုပ်လို့ရမှာလဲ"

ပေါ(လ်)က သူ၏ ခြေတစ်ဖက်ကို စိတ်မရှည်စွာ ဆောင့်လိုက်ကာ ပြန်ပြော သည်။

"လုပ်နိုင်တယ်ကွ မိုင်ရာရ၊ စဉ်းစားကြည့်လေလေ ကိုယ့်အတွက် အန္တရာယ်ကို မြင်လာလေလေပဲကွ၊ အယ်လီနာဆုံးတဲ့ အချိန်တုန်းက ကိုယ် တစ်ယောက်တည်းပဲ သူ့အနားမှာရှိနေခဲ့တာ မဟုတ်လား"

"ဒါနဲ့ပဲ ကို့ကို ဖမ်းလို့ရမှာရောတဲ့လားလို့ ကိုရဲ့၊ အယ်လီနာ အလောင်းမှာ သေကြောင်းရာ ဘာတွေ့ရမှာမို့လဲ"

"ဒါလဲ မသေချာဘူးကွ၊ ကိုယ်ပြောပြီးပကော၊ စိန်ဆိုတာမျိုးက ခန္ဓာကိုယ် ထဲကို တစ်နည်းနည်းနဲ့ ရောက်လာနိုင်ပါတယ်ဆိုတာ၊ သူ့ဘာသာသူမသိဘဲနဲ့ ခိန်ပါတဲ့ ဆေးတစ်မျိုးမျိုးကို စားမိတာလဲ ဖြစ်ချင် ဖြစ်နိုင်တာပဲ"

"အဟုတ်ပဲလား ပေါ(လ်)ရယ်၊ ကျွန်မ ရင်တုန်လိုက်တာ"

ပေါ(လ်)က ရပ်နေရာမှ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက် ပြီးနောက် ဆက်၍ပြော၏။ သို့သော် သူ၏အကြံအစည်ကိုမူ ဘယ်လို စ၍ ပြောရမှန်း စဉ်းစား၍ မရသေးပေ။

"ဟုတ် မဟုတ်တော့မသိဘူးကွာ၊ ကိုယ်ကတော့ သိပ်စိုးရိမ်နေမိတာပဲ"

ပေါ(လ်)က နောက်ထပ်စီးကရက်တစ်လိပ်ကို မီးညှိ၍ ပါးစပ်တွင် တပ်လိုက် ပြီးနောက်၊ သူ၏ အကြံအစည်ကို စတင်၍ ပြောလေ၏။

"ကဲ...မိုင်ရာ၊ သေသေချာချာ နားထောင်နော်၊ ကိုယ် စဉ်းစားတာကို ပြောပြမယ်"

မိုင်ရာကလည်း မျက်ကလူးဆန်ဖျာဖြင့် ပေါ(လ်)ပြောမည့် စကားကို နားထောင်နေသည်။

ပေါ(လ်)က သူရက်ပေါင်းများစွာ စဉ်းစားစီစဉ်လာခဲ့သည့် ထွက်ပြေးရေး အစီအစဉ်ကို ပြောပြ၏။ ပြောပြီးသွားသောအခါ မိုင်ရာ၏ သဘောထားကို စောင့်ကြည့်သည်။

စိတ်ကူးချိုချို

"ကဲ ...ကိုယ်ပြောခဲ့တဲ့ အစီအစဉ်ကို၊ မိုင်ရာ ဘယ်လိုသဘောရသလဲ"

"မိုင်ရာကတော့ မစဉ်းစားတတ်အောင်ဘဲ ကိုရယ်၊ အဲဒီ အစီအစဉ် အတိုင်း လုပ်လို့ ကောင်းပါ့မလား"

ပေါ(လ်)ထံမှ ရက်ပေါင်းများစွာ ချုပ်တည်းထားခဲ့ရသော စိတ်အား ထက်သန်မှုမှာ အရှိန်အဟုန်ပြင်းစွာဖြင့် ကန်ထွက်လာသည်။

"ဒီနည်းက အကောင်းဆုံးပဲ မိုင်ရာရဲ့၊ ကိုယ်သေသေချာချာ အပြန်အလှန် စဉ်းစားကြည့်ပြီးပါပြီ၊ ကိုယ်က ဆုတ်သာတက်သာရှိအောင် စီစဉ်ထားတာပါ၊ အလောင်းကိုခွတ်ခွဲကြည့်လို့ ဘာမှမတွေ့ရလို့ ကိုယ့်ကို ဖမ်းဖို့မလိုတော့ဘူးဆိုရင် ဣန္ဒြေမပျက် ပြန်လာနိုင်တာပဲ၊ အဲ ...အလောင်း ထဲမှာ စိန်ရှိကြောင်းတွေ့ရလို့ ကိုယ့်ကိုဖမ်းမယ်ဆိုရင်လဲ ကိုယ့်ကိုသူတို့ ဖမ်းလို့မရတဲ့နေရာမှာ ရောက်နေပြီဆိုတော့ ကိုယ်တို့အတွက် မကောင်းဘူးလားလို့၊ ကိုယ်ကတော့ လွယ်လွယ်ကူကူနဲ့ လျှော့မပေးချင်ဘူး၊ ကိုယ့်ဆီကို သူတို့ကလာပြီး ကြက်ကလေးငှက်ကလေးဖမ်းသလို ဖမ်းသွားမှာကိုတော့ မလိုလားဘူး၊ ပြေးနိုင်တုန်းပြေးထားလိုက်ချင်တယ်၊ နောက်ပြီး ကိုယ်ဟာ သူတို့ တွေ့နေကျ ပညာမတတ် ဘာမတတ် ရာဇဝတ်ကောင်မျိုး မဟုတ်ဘူး၊ သူတို့ထက်မသာရင်တောင်မှ သူတို့ထက်မညံ့တဲ့ ဦးနှောက်ရှိတဲ့ လူတစ်ယောက်ဆိုတာကို ပြလိုက်ချင်တယ်"

မိုင်ရာက အသက်ကို ခပ်ပြင်းပြင်းရှူရင်း မောဟိုက်ပန်းလျစွာ ပြန်ပြော ရှာသည်။

"ဒါပေမဲ့ ကိုရယ်၊ စဉ်းစားကြည့်လိုက်ရင်တော့ မတွေးဝံ့လောက် အောင်ပါပဲ၊ ရှေ့ဆက်ရမယ့်ခရီးက ဆူးငြောင့်ခလုတ်တွေချည်းပါပဲလား"

"မှန်ပါတယ် မိုင်ရာ၊ ကိုယ်ကလဲ လွယ်လွယ်ကူကူနဲ့ ဆုံးဖြတ်ပြီးမှ ပြောတာ မဟုတ်ပါဘူး၊ သေသေချာချာကို နှိုင်းနှိုင်းချိန်ချိန်နဲ့တွက်ပြီးမှ ဆုံးဖြတ်ခဲ့တာပါ၊ ကိုယ်သိချင်တာကတော့ မိုင်ရာကကိုယ်နဲ့ အတူလိုက်မလားလို့၊ အဲဒါကို ပြတ်ပြတ် သားသား သိချင်တယ်"

မိုင်ရာထံမှ ဖြေသံမကြားရ။ မိုင်ရာက ပေါ(လ်)ကို ငေးစိုက်၍သာ ကြည့်နေ သည်။

မိုင်ရာထံမှ အဖြေမရသဖြင့် ပေါ(လ်)ကဆက်၍ပြောရပြန်သည်။

"ဒီမှာ မိုင်ရာ၊ ရုတ်တရက်စဉ်းစားလိုက်ရင်တော့ တုံးတိုက်တိုက် ကျား ကိုက်ကိုက် အလုပ်မျိုးလို့ထင်ရမှာပဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားလိုက် ရင်တော့ အလွယ်ကလေးပါ"

စိတ်ကူးချိုချို

ဆက်လက်၍ ပေါ(လ်) သူ၏ အစီအစဉ်ကို ရှင်းပြ၏။ သူ၏ အစီအစဉ်မှာ ပေါ(လ်)တစ်ယောက်တည်းက၊ နယူးဟေဗင်မြို့သို့ ခြေရာပျောက်အောင် ခရီးဆင့်ဆင့်ဖြင့်သွားမည်။ မိုင်ရာကမူ သီးခြားလိုက်လာရန် ဖြစ်သည်။ နယူးဟေဗင်သင်္ဘောဆိပ်တွင် ပေါ(လ်)ကို မိုင်ရာက တွေ့နိုင်မည်ဖြစ်သော်လည်း၊ လူချင်းခွဲကာ သင်္ဘောပေါ်သို့တက်ကြမည်။ ဥရောပဘက်ကမ်းသို့ ရောက်ခါမှ၊ နှစ်ဦးသားပြန်၍ ဆုံကြမည်ဟူ၍ ဖြစ်သည်။

ပေါ(လ်)က မိုင်ရာကို မေးခွန်းပင် ထုတ်လိုက်သေးသည်။

"ဒီလို အပျော်ခရီးထွက်တဲ့ကာလမှာ မိုင်ရာအနေနဲ့ ဥရောပတိုက်ဘက်ကို ခရီးထွက်တာထက်ပိုပြီး သဘာဝကျတာ ရှိပါဦးမလား မိုင်ရာ"

"ဘယ်တော့ ထွက်ရမှာလဲ ကိုရဲ့"

"ဒီနေ့ပဲပေါ့"

မိုင်ရာကတော့ ခေါင်းရှုပ်သွားဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒီနေ့...ဟုတ်လား"

"အေးပေါ့၊ ဘာလဲ မိုင်ရာက ကြောက်နေလို့လား"

"မဟုတ်ပါဘူး၊ ကိုနဲ့သာအတူသွားရမယ်ဆိုရင် ဘယ်ကိုပဲသွားရ သွားရပါ၊ ဒါပေမဲ့ ရက်တရက်ကြီးဆိုတော့ တမျိုးကြီးပဲလေ၊ ဒီနေ့ထွက်မှပဲ ဖြစ်မှာလား ကိုရယ်"

"ဒီနေ့ထွက်မှ ဖြစ်မယ်၊ ကိုယ်သေသေချာချာစဉ်းစားကြည့်ပြီးပြီ၊ မိုင်ရာ လိုက်နိုင်ဘူးဆိုရင်တော့လဲ ကိုတစ်ယောက်တည်းပဲ သွားရတော့မှာ ပေါ့လေ"

"အို...မိုင်ရာကို အထင်မလွဲပါနဲ့ ကိုရယ်၊ မိုင်ရာ တစ်ယောက်တည်း ကျန်မနေနိုင်ခဲ့ပါဘူး၊ မိုင်ရာ ကိုနဲ့ အတူလိုက်မှာပါ"

"မိုင်ရာက လောကကြီးကို ဂရုမစိုက်ဘူးဆိုလို့၊ ကိုယ်က မိုင်ရာကို ချစ်တာပါကွယ်၊ နို့မို့ဆိုရင်တော့ မိုင်ရာကို ဒုက္ခထဲဆွဲမသွင်းပါဘူး"

"မှန်ပါတယ်၊ မိုင်ရာကလဲ မိုင်ရာ့စိတ်ထဲရှိတာကို အမှန်ပြောခဲ့တာပါ"

"ဒီလိုဆိုရင်လဲ ကိုယ်နဲ့လိုက်ခဲ့ပေါ့"

"ကျွန်မတို့ ဘယ်တော့မှ ပြန်လာနိုင်တော့မှာ မဟုတ်ဘူးနော်"

"ဒါကတော့ ဒီလိုရှိပါတယ် မိုင်ရာရဲ့၊ ဒီကိစ္စက အေးအေးဆေးဆေးနဲ့ ပြီးသွားရင်လဲ ပြန်လာနိုင်တာပေါ့၊ မပြီးဘူးဆိုရင်တော့လဲ တစ်မျိုးပေါ့လေ"

"ကျွန်မက နောက်တော့မှ လိုက်လာရင်ရော မဖြစ်ဘူးလား"

"မဖြစ်ဘူးကွယ့်၊ ဘာပြုလို့လဲဆိုတော့ ကိုယ်တို့နှစ်ယောက် ဘယ်လို ဆက်သွယ်မလဲ၊ ကိုယ်က မိုင်ရာဆီကို ကိုယ်ဘယ်မှာနေတယ်ဆိုတာကို စာလှမ်းရေးလိုက်တယ်ဆိုရင်ပဲ ကိုယ်နေတဲ့နေရာကို ထုတ်ဖော်ပြလိုက်သလို

ဖြစ်သွားမှာပေါ့၊ ဒီနေ့ထွက်မယ်ဆိုရင်တော့ တစ်ချက်တည်းနဲ့ ဘေးအန္တရာယ်မရှိ
ဘက်ကို ရောက်သွားနိုင်မှာ"

"မိုင်ရာ ခေါင်းရှုပ်နေပြီ၊ မစဉ်းစားတတ်တော့ဘူး"

"ခေါင်းရှုပ်စရာမလိုပါဘူးကွယ်၊ အလွယ်ကလေးပါ၊ မင်းရဲ့အိမ်ရှ
မိန်းမကြီးကို ပြောပြဖို့က၊ သူငယ်ချင်းတစ်ယောက်က သူနဲ့အတူခရီး ထွက်ဖို့ခေါ်
လိုက်သွားရဦးမယ်ပေါ့၊ လေးငါးရက်လောက်ကြာမယ်လို့ ပြောရင် မသက်
မရှိပါဘူး၊ တစ်ခုရှိတယ်၊ မိုင်ရာလာလို့ရှိရင် လက်ဆွဲအိတ်သေးသေးတစ်လုံး
ယူလာခဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ထွက်သွားမှန်း စုံထောက်တွေသိ
တစ်ပြိုင်နက်၊ ဒီကိုပဲလာမေးမှာပဲ၊ အိတ်သေးသေးလေးနဲ့ မနက်အစော
ကတည်းကထွက်သွားတယ်လို့ အိမ်ရှင်မိန်းမကြီးက ပြောလိုက်ရင် ဥရောပဘက်
သွားမယ်လို့ ထင်စရာအကြောင်းမရှိဘူးပေါ့"

"တကယ်ပဲ သွားရတော့မှာလား ပေါ(လ်)ရယ်၊ မိုင်ရာက လူတွေ
ဂရုမစိုက်ပေမယ့်၊ ကိုယ့်ဇာတိမြေ အင်္ဂလန်မြေကိုတော့ ချစ်တယ်"

"ဒီမှာ မိုင်ရာ၊ မင်းက အင်္ဂလန်မြေကိုချစ်တယ်ဆိုတာဟာ၊ ကိုယ်
တာထက်မပိုနိုင်ပါဘူးကွာ"

"ဟုတ်ပါတယ်ကိုရယ်၊ ကျွန်မလဲ အင်္ဂလန်ပြည်ကို ဘယ်တော့မှ ပြန်
ရတော့မှာမဟုတ်လို့ နောက်ဆံတင်းနေတာပါ"

"မစိုးရိမ်ပါနဲ့ကွယ်၊ ကိုယ့်အဖို့ဆိုရင် ဒီလောကကြီးမှာ နောက်ထပ်
လှရင် အလွန်ဆုံး ဆယ့်ငါးနှစ်ပေါ့၊ မင်းက ငယ်ငယ်လေး ရှိတာပဲ၊ ကိုယ်
သွားပြီးရင် မင်းတစ်ယောက်တည်း ပြန်လာနိုင်တာပဲ ဥစ္စာ"

"အို...ဒီလိုမပြောနဲ့ ကိုရယ်၊ ကိုမရှိတော့ဘူးဆိုရင် ကျွန်မကလဲ အသက်
မနေချင်ပါဘူး၊ ဒါပေမဲ့ နည်းနည်းလောက်များ စဉ်းစားချိန်ရမလားလို့ပါ"

"ကိုယ်ကတော့ သွားရတော့မှာပဲကွယ်၊ မင်းအဖို့ နောက်ထပ် ဆယ်
လောက် စဉ်းစားချိန်ရပါသေးတယ်၊ မိုင်ရာကို နယူးဟေဗင် ကမ်းနားဆိပ်
မတွေ့ဘူးဆိုရင်၊ မိုင်ရာမလာတော့ဘူးလို့ ယူဆရမှာဘဲ၊ မိုင်ရာမလာရင်
ကိုယ်ကတော့ တစ်ယောက်တည်းပဲ ခရီးဆက်ရတော့ မှာပေါ့"

မိုင်ရာက တွေ၍ အတန်ကြာ စဉ်းစားပြီးနောက် ပေါ(လ်)၏ နာမည်
ခေါ်လိုက်သည်။

"ပေါ(လ်)"

"ဘာလဲ မိုင်ရာ"

"တခြားနည်းမရှိတော့ဘူးလား ပေါ(လ်)ရယ်"

"မရှိတော့လို့ပေါ့"

"ကဲ ...ဒီလိုဆိုရင်တော့လဲ ကျွန်မလိုက်ပါ့မယ်"

မိုင်ရာက ပေါ(လ်)မျက်နှာကို ခပ်ပြုံးပြုံးကလေးကြည့်လျက် ဆက်၍ ပြောသည်။

"တကယ်တော့လဲ ကျွန်မဟာ ကိုရဲ့ လက်မထပ်ရသေးတဲ့ ဇနီး ဖြစ်နေပြီ ဟုတ်လားလို့၊ ဒီတော့ ကိုနဲ့ပဲ ကျွန်မ အတူတူလိုက်ရတော့မှာပေါ့"

ချစ်သူနှစ်ဦး အချီအချပြောနေစဉ်တွင် စုံထောက်ကလေး ရိုက်(စ်)ဟုမ်း ကား လမ်းထောင့်တွင်ရပ်ရင်း ပေါ(လ်)ပြန်ထွက်အလာကို စောင့်နေရှာသည်။

ပေါ(လ်)ထွက်လာသည့်အခါ၌ သူကလည်းအသင့်အနေအထား အဖြစ် ရောယှက်ထားလိုက်သည်။ ပေါ(လ်)ကတော့ စုံထောက်ကလေးကို သတိမပြုမိ။ မ်းကိုဖြတ်ကူးကာ အရှေ့ဘက်သို့ဆက်၍လျှောက်သွား၏။

ရိုက်(စ်)ဟုမ်း၏ စိတ်ထဲတွင် ပေါ(လ်)ဘယ်ကိုသွားသည်ကို မှန်းဆကြည့် သည်။ သူ့အိမ်သို့ပြန်လာမည်လော၊ မှုစတန်ဘူတာရုံကို သွားမည်လော၊ လီဗါပူ ဘူတာရုံကိုသွားမည်လော စသည်ဖြင့် တွက်ဆမိသည်။ သို့သော်ပေါ(လ်)က ဘ်(စ်)ကားပေါ်သို့တက်ကာ ဈေးဆိုင်များရှိရာ အောက်စဖို့လမ်းမကြီးသို့ သွားခဲ့သည်။ ရိုက်(စ်)ဟုမ်းကလည်း အရိပ်ပမာ နောက်ကပါလာသည်။

အောက်စဖို့လမ်းမကြီးပေါ်ရှိ ဆိုင်တစ်ဆိုင်အတွင်းမှ အညိုရောင် လက်ဆွဲ ားရေအိတ်တစ်အိတ်ကို ဆွဲ၍ထွက်လာသည့် ပေါ(လ်)ကို တွေ့လိုက်ရသဖြင့် ထောက်ကလေးမှာ ဝမ်းသာသွားသည်။ သူတွက်ထားသည့်အတိုင်းပင် ပေါ(လ်) ပြေးဖို့ အစီအစဉ်လုပ်နေသည်မှာ သေချာသွားချေပြီ။

ပေါ(လ်)က တစ်ဆိုင်တွင် ပစ္စည်းတစ်မျိုးဝယ်ပြီးလျှင် နောက်တစ်ဆိုင်တွင် ခြားတစ်မျိုးကိုဝယ်၏။ ဤသို့ဖြင့် ဆိုင်ပေါင်းမြောက်မြားစွာမှ ယောကျ်ား သုံးအဆောင် ပစ္စည်းများကိုဝယ်ပြီးသွားသည်။ စုံထောက်ကလေး ရိုက်(စ်) မ်းကလည်း ပေါ(လ်)ထွက်လာသည့်ဆိုင်တိုင်းမှ အရောင်းစာရေးများအား ါ(လ်)ဝယ်သွားသည့် ပစ္စည်းများကို စာရင်းမှတ်ထားရန်မှာကြားရ၏။ ဤသို့ ကြားသည့် အခါတွင်ကား သူသည် စုံထောက်အရာရှိတစ်ဦးဖြစ်ကြောင်း စ်ရေးကတ်ပြားကို ထုတ်ပြရ၏။ မှာပြီးလျှင် ဆိုင်ပြင်သို့ ကပျာကယာ ပြန်ထွက် ာ ပေါ(လ်)နောက်သို့ လိုက်ရပြန်သည်။

**စိတ်ကူးရိုးရိုး**

နောက်ဆုံးတစ်ဆိုင်တွင် ပေါ(လ်)ကိုယ်တိုင်ကလည်း ပစ္စည်းများဝယ်နေလိုက် သည်မှာ အမျိုးပေါင်းစုံလှ၏။ ထို့ကြောင့် သူ့နောက်တွင် ဈေးဝယ်သူ အတော်များများသည် သူတို့အလှည့်ရောက်ရန်တန်းစီ၍ စောင့်နေကြရသည်။ ဆိုင်တွင်းမှ ပေါ(လ်)ထွက်လာသည်ကို တွေ့ရသောအခါ၊ ရိုက်(စ်)ဟုမ်းကလည်း ထုံးစံအတိုင်းဆိုင်တွင်းသို့ဝင်သွားသည်။ ဤအကြိမ်တွင်မူကား အရောင်းစာရေး တော်တော်နှင့်ခေါ်၍မရ။ ဝယ်သူတွေအတော်များနေသဖြင့် အရောင်းစာရေး ရိုက်(စ်)ဟုမ်းကို လက်ကာပြပြီး ခဏစောင့်ဆိုင်းထားသည်။ ငါးမိနစ်ခန့်ကြာ ရိုက်(စ်)ဟုမ်းမှာကြားလိုသည်ကို အရောင်းစာရေးအား မှာကြားနိုင်တော့သည်။ သူ့ကိစ္စပြီးလျှင်ပြီးချင်း ရိုက်(စ်)ဟုမ်းက ဆိုင်ပြင်သို့ပြန်ထွက်လာသည်။ ပေါ(လ်)ကိုလည်း မျက်ခြည်ပြတ်သွားမည်ကို စိုးရိမ်ရသေး၏။

အပြင်သို့ရောက်သည့်အခါ၌ အရှေ့ဘက်သို့ရော အနောက်ဘက်သို့ပါ ဓာတ်ရထားများခုတ်မောင်းနေသည်ကို တွေ့လိုက်၏။ တက္ကစီကားများလည်း ထိုနည်းအတိုင်းပင် ဟိုမှ ဒီမှ ခုတ်မောင်းသွားနေကြသည်။ ပေါ(လ်)ပရက်ဆက်၏ အရိပ်အရောင်ကိုကား လုံးဝမတွေ့ရတော့ချေ။ ရိုက်(စ်)ဟုမ်းအနေဖြင့် ဘယ်က ဆက်၍လိုက်ရမှန်း မသိတော့ပေ။ လန်ဒန်မြို့ကြီးတွင် မီးရထားဘူတာရုံ တွေက အများကြီးရှိသည်။ ယင်း ဘူတာများအနက် မည်သည့်ဘူတာရုံသို့ ပေါ(လ်)က သွားမည်ကို သူ မမှန်းဆနိုင်ပေ။ ထို့ကြောင့် အကောင်းဆုံးနည်းဖြစ်သည့် သူ့ဆရာသမားများထံ ဖုန်းဆက်၍ အကျိုးအကြောင်းသတင်းပို့သည့် အလုပ်ကို လုပ်ရပေတော့မည်။

# {၃}

ယခုဆိုလျှင် ပေါ(လ်)သည် ဝိတိုရိယ ဘူတာရုံသို့ရောက်နေပေပြီ။ သူ၏ ဦးခေါင်းပေါ်တွင် ကက်ဦးထုပ်မဟုတ်တော့။ နွေရာသီတွင် ဆောင်းကြသော ကောက်ရိုးဖြင့်ပြုလုပ်သည့် ဦးထုပ်ကိုဆောင်းထားသည်။ ဘူတာရုံတွင်းရှိ ယောကျ်ား တိုင်း လိုလိုပင် ဤကဲ့သို့ ကောက်ရိုးဦးထုပ်မျိုးကို ဆောင်းထားသည်ဖြစ်၍ ပေါ(လ်)မှာ စိတ်သက်သာရာရနေသည်။ ပင်လယ်ကမ်းခြေဘက်နှင့် ဥရော တိုက်ဘက်သို့ အပန်းဖြေခရီးထွက်သည့် လူများမှာ များပြားလွန်းလှသဖြင့် ရထား ဆိုက်သည့် ပလက်ဖောင်းဘက်သို့သွားသောလမ်းတွင် အသွားအပြန် လမ်းခွဲခြား တန်းကာထားရသည်။

ဤသို့သော လူအုပ်မျိုးထဲတွင် သူ့ကိုမည်သူမှ သတိထားမိမည်မဟုတ်ဟု ပေါ(လ်)ကစဉ်းစားမိ၍ အားတက်လာသည်။

လက်မှတ်ဝယ်သည့်အခါ၌ ဘရိုက်တန် အမြန်ရထားအတွက် အသွားအပြန် လက်မှတ်ဝယ်သည်။ သူပြန်လာမည်မဟုတ်သော်လည်း ပြန်လာမည့်အဓိပ္ပာယ် ပေါ်စေရန်ဖြစ်သည်။ မိမိ၏ လိမ္မာပါးနပ်မှုအတွက်လည်း သူ့ကိုယ်သူပင် ပြန်၍ ချီးမွမ်းလိုက်သေးသည်။

ရထားပေါ်သို့ရောက်၍ အေးအေးဆေးဆေး ထိုင်မိသောအခါ၌ သတင်းစာကို ဖွင့်၍ဖတ်သည်။ သတင်းစာတွင် သူ၏ အမှုအကြောင်းမပါတော့ပေ။ နေ့ရာသီ အပန်းဖြေခရီးထွက်သည့် လူများ မည်မျှများပြားကြောင်း၊ ရထားကို မည်သို့စီစဉ် သည့်အကြောင်းများကို ရေးသားထားသည့် သတင်းသာလျှင်၊ ထိုနေ့အဖို့ အဓိက သတင်းဖြစ်နေသည်။ ပေါ(လ်)ပရက်ဆက်အတွက် သတင်းစာတွင် ယနေ့အဖို့ နေရာပေးနိုင်ဟန် မရှိပေ။

သူ့သတင်းကို သတင်းစာများတွင် မတွေ့ရဘဲ၊ အပန်းဖြေခရီးထွက်သည့် လူများအကြောင်းကိုသာ အဓိကသတင်းအဖြစ် တွေ့ရသည့်အတွက် ပေါ(လ်)က ဝမ်းသာသွားသည်။

ရထားကြီးကလည်း အမြန်ရထားဖြစ်သောကြောင့် ဘူတာငယ်များတွင် မရပ်ဘဲ၊ အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းနေသည်။ လယ်ကွင်းများ၊ သစ်သီးခြံများ၊ တောင်များကို တရိပ်ရိပ်ဖြတ်သန်းလာခဲ့ပြီးနောက်၊ သူ၏ ဇာတိမြေ ပက်ဖီးရွာအနီးရှိ ဟေး(လ်)ဂတ်(သ်) ဘူတာရုံသို့ရောက်လာခဲ့၏။ သို့သော် ဤမျှ များပြားလှသော ခရီးသွား လူထုအကြားတွင် သူ့ကိုမှတ်မိနိုင်မည် မဟုတ် ဟု တွက်ကာ စိတ်ပူပန်ခြင်း မဖြစ်မိပေ။

ရထားကြီးမှာ အရှိန်ပြင်းစွာဖြင့် ဥမင်လိုဏ်ခေါင်းများကို ဖြတ်၍ခုတ်မောင်း လာခဲ့ပြီးနောက် ဘရိုက်တန် ဘူတာရုံသို့ ဝင်လာခဲ့သည်။

ပေါ(လ်)သည် အခြား ခရီးသည်များနှင့်အတူ ရထားမှ ဆင်းလာခဲ့ပြီး ထွက်ပေါက်မှ ထွက်လာခဲ့သည်။ ထွက်ပေါက်တွင် လက်မှတ်သိမ်းက အပြန်ခရီး အတွက် လက်မှတ်တစ်ပိုင်းကို ပြန်ပေးလိုက်၏။ ဤသို့ဖြင့် ဘရိုက်တန်မြို့ထဲတွင် ဟိုဟိုဒီဒီ လျှောက်၍ကြည့်ရန် အချိန်အများကြီး ရဦးမည်ဖြစ်သည်။

ထို့ကြောင့် ပေါ(လ်)သည် ဈေးဆိုင်များ ရှေ့ပိုင်းရှိ မှန်ကာထားသည့် ပြခန်းအတွင်းမှ ပစ္စည်းများကို လိုက်၍ကြည့်ကာ ကိုယ်လိုချင်သည့်ပစ္စည်း

တွေ့သည့်အခါ၌ ဝင်၍ဝယ်၏။ ဆိုင်တစ်ဆိုင်တွင် ကျောပိုးအိတ်များကို ပြထား သည်ကိုတွေ့ရာ၊ အတွေးတစ်ခု သူ့ခေါင်းထဲသို့ ဝင်လာသည်။ ယခု နေ့ရာသီတွင် ကျောပိုးအိတ်များကိုလွယ်၍ ခရီးထွက်ခြင်းသည် ဖက်ရှင်ဖြစ်နေသည်။ ထို့ကြော သူနှင့် မိုင်ရာတို့သည်လည်း ကျောပိုးအိတ် ကိုယ်စီနှင့်ဆိုလျှင် အပျော်ခြေကျ လျှောက်၍ ခရီးထွက်သော ပုံပန်းသဏ္ဌာန် ကောင်းကောင်းကြီး ပေါက်ပေလိမ့်မည

ဤသို့ တွေးမိသဖြင့် ဆိုင်ထဲသို့ မဆိုင်းမတွဝင်သွားကာ ကျောပိုးအိ နှစ်လုံး ဝယ်လိုက်လေသည်။ အရောင်းစာရေးအား တစ်အိတ်က သူ့အတွ ကျန်တစ်အိတ်က သူ့သားအတွက်ဟူ၍ ပြောခဲ့သေးသည်။

အခြား ဆိုင်များတွင်လည်း ဘလေဇာကုတ်အင်္ကျီ၊ မိုးကာအင် နေ့ရာသီဆောင်း ပနားမားဦးထုပ် စသည်တို့ကို ဝယ်လိုက်သေးသည်။ ပစ္စည်းမျာ ဝယ်ခြမ်းသည့်ကိစ္စ ပြီးသွားသောအခါ၊ ပင်လယ်ကမ်းနားဘက်ရှိ လူပြတ်သေ တစ်နေရာသို့ ဆင်းသွားကာ၊ သူဝယ်လာခဲ့သည့် ပစ္စည်းများကို ကျောပိုးအိတ် ပြောင်း၍ထည့်သည်။ ထည့်ပြီးသောအခါတွင် ပင်လယ်ပြာပြာကြီးကို ငေးကြည့်ရ 'ဟိုဘက်ကမ်းကို ရောက်သွားရင် စိတ်အေး ချမ်းသာမှုကို ရတော့မှာပါလား' တွေးစားနေမိ၏။

ကျောပိုးအိတ်ကို လွယ်လျက် ပင်လယ်ကမ်းခြေမှ တက်လာခဲ့ပြီးနောက် 'ရှောတင်ဒင်' ရွာဘက်သို့သွားသည့် ဘတ်(စ်)ကား တစ်စီးပေါ်သို့တက်၍ စီး ခဲ့သည်။ ဘတ်(စ်)ကားသည်ပင်လယ်ကမ်းခြေ တစ်လျှောက်လမ်းမှမောင်းထ ခဲ့သည်။ လက်ယာဘက်တွင် လှိုင်းထခြင်းမရှိ၍ ငြိမ်သက်နေသော ပင်လယ်ပြ ရှိ၏။ လက်ဝဲဘက်တွင်မူ ကမ်းပါးနံရံကြီးများရှိသည်။

ရှောတင်ဒင်ရွာသို့ ရောက်သောအခါ အခြား ခရီးသည်များနည်းတူ ဘတ်(စ်)ကားမှ ဆင်းလာခဲ့၏။ မည်သူကမျှ သူ့ကို အထူးတလည်ကြည့်၍နေခြ မရှိပါပေ။ ရွာလယ်လမ်းမတစ်လျှောက် လျှောက်လာခဲ့ပြီးနောက်၊ တောင်ကုန်းမျာ ရှိရာဘက်ဆီသို့ ထွက်လာခဲ့သည်။

တောင်ကုန်းတစ်ခုကို ဆင်းလိုက်၊ နောက်တစ်ခုကိုတက်လိုက်ဖြင့်လာခဲ့ ချွေးအတော်ကလေးစို့လာခဲ့သည်။ ရာသီဥတုကလည်း နွေးနွေးကလေးမို့၊ ယခုကဲ့သို တစ်တောင်တက်တစ်တောင်ဆင်း လုပ်လိုက်သည့်အခါ၌၊ နဖူးမှ ချွေးသီ ချွေးပေါက်များပင် ထွက်လာကြ၏။ ထို့ကြောင့် ကုန်းစောင်းတစ်ခုတွင်ထိုင်ရ အချိန်ဖြုန်းနေသည်။ ထိုင်ရင်းနှင့် လက်ဆွဲသေတ္တာနှင့် ကျောပိုးအိတ်များထဲသို အဝတ်အစားများကို ရွှေ့သွားအောင် ခွဲ၍ထည့်သည်။

စိတ်ကူးချိုချို

အဝတ်အစားများကို ထည့်ပြီးသွားသောအခါ၌၊ အသင့်ပါလာသော ...င်မုန့်နှင့် ချောကလက်ကိုထုတ်၍စား၏။ သူ၏ရှေ့တွင် မြင်နေရသော ...င်ကား သာယာလှပါသည်။ ကုန်းစောင်းကိုမှီကာ အနောက်တောင်လေ ဖြူးဖြူး ...လေး တိုက်နေသည်ကို အရသာခံစားရင်းနှင့်၊ သူ၏ မျက်လုံးများမှာ မှေးကျ ...သွားသည်။

သူနိုးလာသည့်အခါတွင် ညနေခြောက်နာရီကျော်နေပေပြီ။ နောက်ထပ် ...နာရီခန့်ဆိုပါလျှင် ဥရောပတိုက်ဘက်သို့ထွက်မည့် ကူးတို့သင်္ဘောပေါ်သို့ ...က်နေမှာပါလားဟု တွေးလိုက်မိသဖြင့် စိတ်ပျော်သွား၏။

ခပ်လှမ်းလှမ်း တစ်မိုင်ခရီးခန့်တွင် နယူးဟေဗင်မြို့ကလေးကို မြူများ ...ကြားမှ တွေ့နေရသည်။ ဆိပ်ကမ်းမှ ထိုးထိုးထောင်ထောင်ဖြင့် ကရိန်းကြိုး ...ကိုပင် မြင်နိုင်ပေ၏။ နေဝင်သွားပြီမို့ မြူတွေဆိုင်းနေခြင်းဖြစ်သည်။

နယူးဟေဗင် မြို့ဘက်သို့ သူလျှောက်သွားသည့်အခါတွင် မှောင်စပျိုးနေ ...ပြီ။ မိနစ်နှစ်ဆယ်ခန့်လျှောက်လိုက်သည့်အခါ၌၊ နယူးဟေဗင် မြို့တွင်းသို့ ...က်လာခဲ့သည်။ မြို့တွင်း၌လည်း အပန်းဖြေခရီး ထွက်လာသူများနှင့် ...ည့်နေသည်။

လူပျိုကလေးများက၊ အပျိုကလေးများကို ခေါ်ရိတ်ရိတ်ကြည့်နေသည်။

ချစ်သူများကတော့ တစ်ယောက်ခါး တစ်ယောက်ဖက်ရင်း လမ်းမကြီးတွင် ...လျှောက်နေကြ၏။

ပေါ(လ်)အဖို့မှာမူ ကမ်းနားရှိ မီးရထားဘူတာရုံသို့သွားရန် နာရီဝက်ခန့် ...နေသေးသောကြောင့် ပျော်ပွဲစားရုံကလေးတစ်ခုအတွင်းသို့ ဝင်လာခဲ့သည်။ ...၏ စိတ်ကူးကတော့ ဘရန်ဒီတစ်ပက်လောက်သောက်ရန်ဖြစ်သည်။ ဘရန်ဒီ ...သောက်လိုက်လျှင် လှိုင်းမူးသည့်ဒဏ်ကို ခံနိုင်ရန်ဖြစ်သည်။

ဆိုင်တွင်းသို့ရောက်လျှင် အရက်ရောင်းသူ ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးအား ...န်ဒီတစ်ခွက်ပေးရန် မှာပြီးနောက်၊ နံရံနှင့်ကပ်လျက်ရှိနေသော ကုလားထိုင် ...င်လုံးပေါ်တွင် သွား၍ထိုင်၏။ သူထိုင်သောကုလားထိုင်ဘေးမှ အခြားကုလားထိုင် ...င်လုံးပေါ်တွင် သတင်းစာတစ်စောင်ရှိနေသည်။ ညနေပိုင်းထုတ် လန်ဒန် ...တင်းစာတစ်စောင်ဖြစ်၏။ ပေါ(လ်)၏ မျက်စိများက သတင်းစာမျက်နှာဖုံး ...ပေါ်ရှိ စက်ရုပ်သတင်းဟူသော ခေါင်းစဉ်ဆီသို့ ရောက်သွားသည်။ စက်ရုပ် ...တင်းဆိုလျှင် သူ့အကြောင်းဖြစ်လိမ့်မည်ဟု တွက်မိသဖြင့် ဆက်၍ ဖတ်ကြည့် ...က်သည်။

ပေါ(လ်)ပရက်ဆက် အမှုတွင် ထူးခြားချက် တစ်ရပ်၊ ပေါ(လ်)ပရက်ဆက် သူ့အိမ်တွင် မရှိတော့ဟုဆိုခြင်း၊ ပေါ(လ်)ပရက်ဆက်အား လူသတ်မှုဖြင့် ဖမ်းဝရမ်း ထုတ်လိုက်ခြင်း။

ဤမျှ ဖတ်လိုက်မိသည်ဆိုလျှင် ပေါ(လ်)မှာ ခေါင်းထဲတွင် ထူပူသွားသည် သို့သော်လည်း အားတင်း၍ ဆက်ဖတ်ရပြန်သည်။

"ထရပ်စတက် ဘုရားကျောင်းဝင်းအတွင်း၌ ဂူသွင်းမြှုပ်နှံထားရာမှ ရဲများ ပြန်လည်တူးဖော်ကာ ခတ်ခွဲကြည့်ရှုခဲ့သည့် မစ္စစ်အယ်လီနာပရက်ဆက်၏ အမှု ထူးခြားလာကြောင်း၊ ယနေ့ညနေစောင်းတွင် မစ္စစ်အယ်လီနာပရက်ဆက်၏ ခင်ပွန်းဖြစ်သူ မစ္စတာပေါ(လ်)ပရက်ဆက်အား၊ ၎င်း၏ ဇနီးသတ်မှုဖြင့် ဖမ်းဆီး ဝရမ်းထုတ်ပေးလိုက်ပြီဟုသိရကြောင်း၊ မစ္စတာပေါ(လ်)ပရက်ဆက်မှာ လန်ဒန် နာမည်ကြီးကျောင်းတစ်ကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်ပြီး၊ ယခုအခါတွင် အစ္စလင်တန်ဗေး(လ်)ရပ်ကွက်ရှိ အင်း(မ်)ထရီးလမ်း နေအိမ်၌ ၎င်းကိုမတွေ့ တော့သည့်အတွက်၊ထွက်ပြေးတိမ်းရှောင်သွားပြီဟု ယူဆရကြောင်း၊ မစ္စတာပေါ(လ်) ပရက်ဆက်၏ ပုံပန်းသဏ္ဌာန်ကို စကော့တလန် ယာဒ်ဌာနချုပ်မှ ရဲစခန်းအသီးသီး နှင့် ဘူတာရုံများ၊ သင်္ဘောဆိပ်များသို့ ဖြန့်ဝေထားပြီးဖြစ်၍၊ ရဲများက ၎င်းကို စောင့်ကြည့်နေပြီဟုသိရကြောင်း၊မစ္စတာပေါ(လ်)ပရက်ဆက်မှာ အသက်ငါးဆယ် ရှိပြီး၊ အရပ် ငါးပေလေးလက်မခန့်ရှိကြောင်း၊ မျက်လုံးပြာပြာ၊ ဆံပင်ပါး လျားလျား၊ မှတ်ဆိတ်မွေး နှုတ်ခမ်းမွေးမရှိဘဲ ယဉ်ကျေးသိမ်မွေ့သော အမူအရာ ရှိကြောင်း၊ မွဲခြောက်ခြောက်ဝတ်စုံကို ဝတ်ထားပြီး၊ ကက်ဦးထုပ်အပျော့ ဆောင်းထားလိမ့်မည်ဟု ယူဆရကြောင်း၊ ထို့အပြင် သူ၏လက်တွင် လက်ဆွဲ သားရေအိတ် အညိုရောင်ကို ကိုင်ထားကြောင်း၊ ကိုင်ထားလိမ့်မည် ဖြစ်ကြောင်း"

ပေါ(လ်)သည် ရှေ့သို့ဆက်၍ မဖတ်နိုင်တော့ဘဲ သတင်းစာကို ပြန် ချလိုက်ရသည်။

{၄}

ဤသတင်းကို ဖတ်လိုက်မိပြီးသည့်နောက် ပေါ(လ်)သည် သူ၏ ဦးနှောက် အပြင်းအထန် အလုပ်ပေးရတော့၏။ လောလောဆယ် ဘာလုပ်ရမလဲကို အမြန် စဉ်းစားဆုံးဖြတ်ရပေမည်။

ပေါ(လ်)က အချိန်ဆွဲမနေတော့ပါ။ ပျော်ပွဲစားရုံမှ ထွက်ခဲ့ပြီးနောက် မြို့ပြင်ဘက်သို့ထွက်လာခဲ့သည်။ တောင်ကုန်းများဘက်ဆီသို့ ရောက်သည့်အခါ၌ လူအရောက်အပေါက်မရှိနိုင်သည့် ချိုင့်ဝှမ်းတစ်ခုကိုရှာကာ၊ သူဝတ်ထားသော အဝတ်အစားများကိုချွတ်၍ အခြားအဝတ်အစားများကို ဝတ်ရတော့သည်။

အဖြူရောင် ဖလန်နယ် အထူစားဘောင်းဘီ၊ ရှပ်အင်္ကျီအစင်း၊ ဘလေဇာ ကုတ်အပြာ၊ ပနားမားဦးထုပ်ကို ဆင်မြန်းလိုက်သည့်အခါတွင်တော့ သူ၏ ရုပ်ပုံသည် တမျိုးပြောင်းသွား၏။ သတင်းစာများထဲတွင် ဖော်ပြထားသည့် ပုံပန်းသဏ္ဌာန်နှင့် အတော်ပင်ကွဲပြားသွားသည်။

ရဲများက သူနှင့်ပတ်သက်၍ သတင်းအတိအကျရနေပုံကို ပေါ(လ်)က အံ့ဩ မိနေသည်။ သူ မည်သည့်အရောင် ဝတ်စုံကို ဝတ်ထားသည်ကိုလည်း သူတို့ သိကြသည်။ မည်သို့သောအရောင်ရှိသည်၊ မည်သည့်သေတ္တာ အမျိုးအစားကိုလည်း သိကြသည်။ ယခုမှပင် သူသဘောပေါက်လာသည်။ သူအိမ်မှစ၍ထွက်ခဲ့သည့် အချိန်ကတည်းက၊ ရဲများသည် သူ့နောက်ကို နောက်ယောင်ခံခဲ့ခြင်းဖြစ်လိမ့်မည်။

စဉ်းစားရင်းနှင့် လက်စနဲ့ သူ့ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။ ထိုအတွေးကြောင့် အားအနည်းငယ်တက်လာသည်။

သူဘာတွေဝယ်သွားသည်ဟု သတင်းစာထဲတွင် ဖော်ပြထားသည်မှာ လန်ဒန်တွင် ဝယ်ခဲ့သည့်ပစ္စည်းများသာဖြစ်ကြောင်း သတိပြုလိုက်မိ၏။ ဤသို့ဆိုလျှင် ဘရိုက်တန်ထိအောင် သူ့ကိုနောက်ယောင်ခံ၍ လိုက်နိုင်ခဲ့ဟန် တော့ပေ။

ရှေ့ဆက်လုပ်ရမည့် အစီအစဉ်ကို စဉ်းစားရင်း၊ မိုင်ရာကိုသွား၍မတွေ့ဘဲ၊ သူတစ်ယောက်တည်းသွားလျှင် ကောင်းမည်လားဟု တွေးမိသေးသည်။ သို့သော် ဒီလိုတော့ တစ်ကိုယ်ကောင်းမဆန်ပါနဲ့ဟု သူ့ကိုယ်သူ သတိပေးလိုက်ကာ၊ မိုင်ရာနှင့် ချိန်းထားသည့် နယူးဟေဗင် ကမ်းနားဘူတာရုံသို့ သွားရန်ဆုံးဖြတ်လိုက်၏။

ထို့နောက် နယူးဟေဗင်သို့သွားရန် တောင်ကုန်းပေါ်မှဆင်းလာခဲ့သည်။ သူ၏ အိတ်များကိုတော့ အဝတ်လဲသည့်နေရာတွင်ပင် ခေတ္တထားခဲ့သေးသည်။ မှောင်နေပြီဖြစ်၍ အခြားသူများတွေ့သွားမည်ကို စိုးရိမ်ရန်မရှိပေ။

ဘူတာရုံရှိရာသို့ လျှောက်သွားစဉ်၊ သူ့၏ နှလုံးခုန်နှုန်းမှာ အတော်ပင် မြန်နေသည်။ 'ဒီအဝတ်အစားနဲ့ဆိုရင်တော့ ငါ့ကိုမှတ်မိကြမှာ မဟုတ်ပါဘူး' ဟူ၍သာ ကိုယ့်ကိုယ်ကိုယ် မနည်းအားတင်းထားရ၏။

အမှန်တော့လည်း ဘူတာရုံသို့ ရောက်သည့်အခါတွင်ကား၊ လက်ဆွ
သားရေအိတ်အညိုရောင်ကိုဆွဲလာကြသော သူနှင့်သက်တူရွယ်တူလူမျိုးတွေက
အများကြီးတွေ့ရသည်။ ထို့ကြောင့် သူ၏ စိတ်ပူမန်မှုမှာ သက်သာရာရသွား၏။

လူအုပ်ထဲတွင် မိုင်ရာကို တွေ့လိုက်ရသည်။ မိုင်ရာကိုကြည့်ရသည်မှာ
ချည့်နဲ့အားနည်းနေသည်။ မနည်းကြိုးစား၍လာရသည့် သဏ္ဍာန်ဖြင့် သူ့အနား
ရောက်လာသည်။ မျက်နှာကလည်း ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူလည်း သတင်းစာတွင်ပါသော သတင်းကို တွေ့ပြီးပြီထင်သည်။

ပေါ(လ်)ထင်ထားသည့်အတိုင်းလည်း မှန်ပါသည်။ မိုင်ရာက ပေါ(လ်)အ
အမောတကောလှမ်း၍ မေးလိုက်သည်။

"ပေါ(လ်)...သတင်းစာထဲမှာ တွေ့ပြီးပြီလား၊ ကျွန်မတော့ ဘာလုပ်ရမှ
တောင် မသိတော့ဘူး၊ ကျွန်မအခုလာခဲ့တာ ကိစ္စမရှိပါဘူးနော်"

"အို...ကိစ္စမရှိပါဘူး မိုင်ရာရဲ့၊ မင်းလာတာ ကိုယ့်အဖို့ အကူအညီတော
ရပါသေးတယ်၊ သူတို့ရှာနေတာက လူစာစ်ယောက်တည်းမဟုတ်လား၊ ဟော...အ
ကိုယ်တို့ကနှစ်ယောက်၊ ပုံပန်းသဏ္ဍာန်ကလဲ နွေရာသီအပန်းဖြေခရီးထွက်လာတဲ
ပုံမျိုး၊ ဒီပုံနဲ့ဆိုရင် ရဲတွေဘယ်လောက်စောင့်နေနေ ကိုယ်တို့က အေးအေးဆေးဆေ
သွားနိုင်နေပါပြီ"

"အဟုတ်ပဲလား ပေါ(လ်)ရယ်၊ ဒီလိုဆိုရင် ကျွန်မသိပ်ဝမ်းသာတာပဲ
ဒီသင်္ဘောနဲ့ လိုက်မှာလားဟင်"

"ဟင့်အင်း...ဒီသင်္ဘောနဲ့တော့ လိုက်လို့မဖြစ်သေးဘူး၊ ဒီနေရာက ခ
ရှောင်သွားကြဦးစို့"

"ဘယ်ကိုသွားမှာလဲ...ကို"

"ဘယ်နေရာလဲတော့ အတိအကျမသိသေးဘူးပေါ့ကွာ၊ အေးအေးဆေးဆေ
စဉ်းစားနိုင်မယ့် တစ်နေရာရာပေါ့၊ ကဲ...မိုင်ရာ၊ အိတ်ကို ကိုယ့်ကိုပေ
ဟုတ်ပြီလား...လာသွားကြစို့"

ဘူတာရုံမှ ထွက်လာမိသောအခါ ပေါ(လ်)၏ စိတ်ထဲတွင် အတော်ကလေ
ပေါ့ပါးသွား၏။ မိုင်ရာရှေ့တွင်မို့သာ သူရဲကောင်းကြီးလုပ်၍ ဟန်မပျက်စကာ
ပြောနေရသော်လည်း၊ ဘူတာရုံတွင်းတွင် စိုးရိမ်စိတ်က အတော်ကလေးရှိနေသည်
ယခုလည်း အရေးမကြီးသည့်ဟန်ဖြင့် စီးကရက်ကို နှုတ်ခမ်းဖျားတွင်တပ်လျက်
လက်တစ်ဘက်ကို ဘောင်းဘီအိတ်ထဲသို့နှိုက်၍၊ ကျန်တစ်ဘက်က မိုင်ရာ၏
အနက်ရောင်အိတ်ကို ဆွဲကာ၊ မိုင်ရာကို မြို့ပြင်သို့ခေါ်လာသည်။

စိတ်ကူးချိုချို

ပေါ(လ်)က မိုင်ရာကို ရှင်းပြသည်။

"ကိုယ်တို့ ဒီ နယူးဟေဗင်မှာနေလို့ မဖြစ်တော့ဘူးကွ၊ လူပိုပြီးများတဲ့ ဒီ(စ်)ဘုံးကျမှ အခန်းတစ်ခန်းငှားပြီး ခဏနေကြသေးတာပေါ့၊ အခု လောလော ဆယ်တော့ တောင်ကုန်းတွေဘက်ကိုသွားပြီး ရှေ့ရေးအတွက် စဉ်းစားကြဦးစို့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မလဲ လူတွေမရှိတဲ့ နေရာကိုပဲ ခဏ သွားနေချင်တယ်"

"အေး...အေး..."

သို့ဖြင့် စောစောကအိတ်များကို ထားခဲ့သည့် ချိုင့်ဝှမ်းကလေးသို့ရောက်လာ ခဲ့သည်။ ထိုနေရာတွင်ကား တိတ်ဆိတ်ခြင်းကသာ မင်းမူနေသည်။ လူမဆိုထားနှင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမျှ မရှိပေ။ ရာသီဥတုကလည်း နွေးနွေးထွေးထွေးမို့ နေ၍ကောင်းသည်။ သူတို့နှစ်ဦးသားသည် နူးညံ့သော မြက်ခင်းကလေးပေါ်တွင် လဲလျောင်းရင်း နားကြသည်။ မိုင်ရာကတော့ ထုပူနေသဖြင့် ဘာကိုမှ စဉ်းစား၍မရ။ ပေါ(လ်)ကိုသာ မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်နေသည်။

သူ့ရဲကောင်းကြီး ပေါ(လ်)က သက်ပြင်းတစ်ချက်ချလိုက်ကာ တိတ်ဆိတ် ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

"မိုင်ရာ ကိုယ်ပြောတာ သေသေချာချာနားထောင်နော် ဟုတ်လား၊ အခု အခြေအနေမှာ မိုင်ရာပြန်သွားရင် မကောင်းဘူးလားဟင်"

မိုင်ရာက သူ၏ မျက်လုံးများကို ပေါ(လ်)ထံမှ မခွာသေး။ စူးစူးစိုက်စိုက် ကြည့်နေဆဲပင်ဖြစ်သည်။ ဤသို့ကြည့်နေရာမှ ပြန်၍ဖြေသည်။

"ကို့ အဖို့ အကူအညီရမယ်ဆိုရင် မပြန်တော့ပါဘူး၊ ကိုနဲ့ပဲ လိုက်မှာပေါ့၊ ကိုပဲ စောစောက ပြောခဲ့တာပဲ၊ မိုင်ရာလာတာ ကို့အဖို့ အကူအညီတောင် ရသေး တယ်ဆို"

"မှန်ပါတယ် မိုင်ရာ၊ ဒါပေမဲ့ မိုင်ရာကို ဒီဒုက္ခကြီးထဲကို ဆွဲမသွင်းချင်လို့ ကိုယ်က ပြောနေတာပါ"

မိုင်ရာက ပေါ(လ်)လက်ကို အားရှိပါးရှိ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"ဒီမှာ...ကို...၊ မိုင်ရာဟာ ကိုနဲ့ အတူရှိနေလို့ ကို့အတွက်အကူအညီ နည်းနည်းလေးလောက်သာရမယ်ဆိုရင် ပြီးတာပါပဲ၊ ကျွန်မအနေနဲ့တော့ ဒီထက်ပိုပြီး ကို့ကို ကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ ဦးနှောက်ကလဲ ဒီထက်ပိုပြီး

ဉာဏ်မထွက်တော့ဘူး၊ တစ်ခုပဲ ပြောချင်တာက ကိုအနေနဲ့ ဒီအမှုအတွက် အခုလိုထွက်ပြေးမနေဘဲ ရင်ဆိုင်ပြီး ရှင်းလိုက်ရင် ဘယ့်နှယ် နေမလဲ"

"အို...ဒီအတွက်တော့ စိတ်ချ မိုင်ရာ၊ ကိုယ် သေသေချာချာ စဉ်းစားပြီး ပါပြီ"

"ဒါပေမဲ့ အခုထွက်ပြေးဖို့ အစီအစဉ်ကမှ မအောင်မြင်ဘဲဟာ"

"မအောင်မြင်ဘူးလို့ တထစ်ချ မပြောနိုင်သေးပါဘူး မိုင်ရာရဲ့၊ အိ(စ်)ဘုံး ကနေ ဖြစ်ဖြစ်၊ ဟောစတင်ကနေ ဖြစ်ဖြစ်၊ ပြင်သစ်ပြည်ဘက်က ဘိုလုံးမြို့ကို ကူးကြမယ့် အပန်းဖြေခရီးသည်တွေကြားမှာ တို့ကောလိုက်မသွားနိုင်ဘူးလို့ ဘယ်သူကပြောမှာလဲ၊ နောက်ပြီး...မိုင်ရာနဲ့အတူတူ တွဲသွားလိုက်ရင်၊ ပိုပြီးတောင် စိတ်ချရသေးတယ်"

"အဟုတ်ပဲလား...ကို...၊ ဒီလိုဆိုရင် ကိုနဲ့အတူ မိုင်ရာ လိုက်ပါရအေး ကိုရယ်"

"ဒီလို ကြားရတာ ဝမ်းသာလိုက်တာကွယ်"

"တကယ်တော့ ဒီလိုလိုက်မယ်ဆိုရင် မိုင်ရာ ကိုယ်ကျိုးလဲ ပါ,ပါတယ် ကိုရဲ့၊ ဒီလောကကြီးမှာ မိုင်ရာအဖို့ ဘယ်သူ့ကိုမှ တွယ်တာစရာမရှိပါဘူး ကို့ကိုပဲ အားကိုး တွယ်တာရမှာပါ"

"အေးကွယ်၊ တို့သာ သူတို့ကို လွတ်အောင်ရှောင်ထွက်သွားနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့"

"သိပ်လဲ စိတ်ပူမနေပါနဲ့ ကိုရယ်၊ လွတ်အောင်ရှောင်နိုင်မှာပါ ကျွန်မတို့ရှေ့လုပ်မယ့် အစီအစဉ်ကို စဉ်းစားကြစို့"

သူတို့၏ အစီအစဉ်မှာ ဤသို့ဖြစ်၏။ ယနေ့ညတွင် အိ(စ်)ဘုံးမြို့နားရှိ ဘာလင်ဂက်သို့ တဖြည်းဖြည်း လျှောက်သွားကြမည်။ ထိုနေရာမှာ ဆယ့်နှစ်မိုင် ခန့်သာ ဝေးသဖြင့် လွယ်လွယ်ကူကူပင် လျှောက်သွားနိုင်မည်ဖြစ်သည်။ ဘာလင်ဂက်သည် လူအများ ပျော်ပွဲစားထွက်သည့် ကမ်းခြေဖြစ်သဖြင့် နေ့လယ် ပိုင်းတွင် လူအများအကြားတွင်ရောၡ နေလိုက်မည်။ ညနေပိုင်း ထိုလူများပြန်သည့် အခါ၌၊ သူတို့နှစ်ဦးပါရော၍ အိ(စ်)ဘုံးမြို့ထဲသို့ ဝင်သွားကာ၊ အခန်းတစ်ခန်း ငှားမည်။ ကျောပိုးအိတ်ကိုယ်စီဖြင့်လာသော သူတို့နှစ်ဦးကို၊ မည်သူကမျှ သင်္ကာ မကင်း ဖြစ်ဖွယ် အကြောင်းမရှိ၊ သတင်းစာထဲတွင် ဖော်ပြထားသော လက်ဆွဲ သားရေအိတ် အညိုကြီးကိုတော့ လူတွေမတွေ့နိုင်အောင် ဝှက်ထားခဲ့မည်။

ဤအစီအစဥ်အတိုင်း ဘာလင်ဂက် ကမ်းခြေသို့ ထွက်လာခဲ့ကြရာ၊ အရက် ...တ်မိရောက်သွား၏။ အနည်းငယ် စောသေးသဖြင့် ကျောပိုးအိတ်ကို ...င်းအုံးကာ နှစ်ဦးသား အမောဖြေနေကြသေးသည်။

တစ်နေ့လုံး ဘာလင်ဂက်တွင် ပျော်ပွဲစားထွက်သူများနှင့်ရော၍နေပြီးနောက် ...ှောင်စပျိုးသည့် အချိန်တွင်၊ အိ(စ်)ဘုံးမြို့တွင်းသို့ အခြားသူများနည်းတူ ...ာ်(စ်)ကားစီး၍ လာခဲ့ကြသည်။

အိ(စ်)ဘုံးမြို့သို့ ရောက်သောအခါ မူလအစီအစဥ်အတိုင်း အခန်းတစ်ခန်း ...ကြသည်။ ခရီးသွားဧည့်သည် ဦးရေအတော်များသဖြင့်၊ တစ်အိမ်ဝင် တစ်အိမ် ...ာ်ဖြင့် လိုက်လံမေးမြန်း စုံစမ်းပြီးမှသာလျှင် ဤအခန်းကို ငှား၍ရခဲ့သည်။

သူတို့တွင်ပါလာသည့် ကျောပိုးအိတ်နှစ်ခုနှင့် မိုင်ရာ၏ လက်ဆွဲအိတ်ကလေး ... အခန်းထဲတွင်ချထားပြီးနောက်၊ ပေါ(လ်)က တစ်ယောက်တည်းအောက်ထပ်သို့ ...၍ ဆင်းလာခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ အောက်ထပ်ဧည့်ခန်းထဲ၌ရှိသော ...ာ်ပိုင်းမှ သတင်းစာများတွင်၊ သူ၏ သတင်းကို ရှာဖွေကြည့်ရှုရန်ဖြစ်သည်။

ဧည့်ခန်းထဲသို့ရောက်၍ သတင်းစာများကို လှန်လှောကြည့်ရှုသည်တွင်၊ ...၏ သတင်းသာမက သူ၏ ဓာတ်ပုံကိုပါ သတင်းစာများတွင် ဖော်ပြထားသည်ကို ...ရသည်။ ပထမတွင်တော့ ဓာတ်ပုံပါ ပါနေရင်တော့ ဒုက္ခပါပဲဟု တွေးလိုက် ...သေးသည်။ ဓာတ်ပုံကို သေသေချာချာကြည့်မိပြီးသည့် အခါတွင်မူကား ...သက်သာရာရသွားသည်။ ထိုဓာတ်ပုံမှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်က ...ာ်ပုံဖြစ်ရာ၊ စုံထောက်ဌာနချုပ်က အနုပညာဆရာများက၊ သူ၏ လက်ရှိရုပ်နှင့် ...ဆရန် ပြုပြင်လိုက်မည့် ပုံသဏ္ဌာန်ရှိ၏။ ဤသို့ပြုပြင်လိုက်မှုကြောင့် ...င့်တူလာမည့်အစား၊ ဓာတ်ပုံထဲမှ ရုပ်ပုံများမှာ သူနှင့် အတော်ပင်ကွဲနေပေသည်။

ဓာတ်ပုံအနေဖြင့် သူ့ကို စိတ်မပျက်စေလှသော်လည်း၊ သတင်းစာသားများက ...ား၊ သူ၏ စိတ်ကို အတော်လှုပ်ရှားသွားစေသည်။

ခေါင်းစဥ်စာသားမှာ 'ဝရမ်းပြေး၏နောက်သို့ အပြင်းအထန်လိုက်ကြပြီ' ဟူ၍ ...၏။ ထိုခေါင်းစဥ်စာသားအောက်တွင်၊ လူသတ်မှုဖြင့် ဝရမ်းပြေးနေသူ ...(လ်)ပရက်ဆက်သည်၊ ယခုထက်တိုင် တိမ်းရှောင်နေဆဲ ရှိသေးကြောင်း၊ ...အမှုကိုကိုင်သော စုံထောက် အင်စပက်တော်ချုပ် ဘို(လ်)ထရီမှာ၊ စုံထောက် ...ချုပ်မှ အကြီးအကဲများနှင့် ခေါင်းချင်းရိုက်၍ ဆွေးနွေးလျက်ရှိကာ၊ ဝရမ်းပြေး ...(လ်)ပရက်ဆက်အား ဖမ်းဆီးရမိရေးအတွက်၊ အစီအစဥ်များချမှတ်ကြောင်း၊

ပေါ(လ်)ပရက်ဆက်သည်၊ ယခုထက်တိုင် အင်္ဂလန်နိုင်ငံတွင်း၌ ရှိဦးမည်ဟု ယူ
ရကြောင်း၊ ထို့ကြောင့် စကော့တလန် ယာဒ် ဌာနချုပ်နှင့် ဒေသဆိုင်ရာ ရဲအဖွဲ့
သည် ပူးပေါင်းလျက်၊ ဝရမ်းပြေး ပေါ(လ်)ပရက်ဆက်ကို ဖမ်းဆီးရမိ
အပြင်းအထန်ကြိုးစားနေကြကြောင်း၊ ပေါ(လ်)ပရက်ဆက်သည် တစ်ခါမြင်
မှတ်မိနိုင်လောက်သော ပုံသဏ္ဍာန်မျိုးရှိသူ မဟုတ်သောကြောင့်၊ ၎င်းကို ဖမ်းမိ
မလွယ်လှသည့်အတွက်၊ ရဲအဖွဲ့က သတင်းစာတိုက်များအား အကူအညီတော
ထားကြောင်း၊ ယခုအချိန်အထိ ၎င်းအား တွေ့လိုက်ရပါသည်ဟု၊ အကြော
ကြားသော သတင်းများမှာ နေရာဒေသအမျိုးမျိုးမှ ပေးပို့လျက်ရှိကြောင်း၊ သို့
ရဲအဖွဲ့၏ ယူဆချက်မှာ၊ ၎င်းအင်္ဂလန်ပြည်မြောက်ပိုင်းရှိ အယ်ဒင်ဘာရာ မြို့အ
မီးရထားဖြင့်သွားကာ၊ ထိုမြို့မှနေ၍ ဂလတ်စဂိုမြို့သို့ ဆက်သွားကြောင်း၊ ပြည်
လူထုကလည်း ပေါ(လ်)ပရက်ဆက်ဟု ယူဆရသူမျိုးကိုတွေ့လျှင်၊ နီးရာရဲစခန်း
သတင်းပေးပို့ရန် ပန်ကြားပါကြောင်းဟူ၍ ဖော်ပြထား၏။

နောက်ဆုံးသတင်းဟူသည့် ခေါင်းစဉ်ငယ်အောက်တွင်၊ ယနေ့ မွန်း
ပိုင်း၌ စုံထောက် အင်စပက်တော် ဘို(လ်)ထရီနှင့် စုံထောက် ဆာဂျင် ဒွိုင်ယ
တို့သည်၊ အမှတ်(၂၃)၊ အင်း(မ်)ထရီးလမ်းသို့ တက်ရောက်ရှာဖွေ ကြကြောင်းဟူ
ဖော်ပြထားသည်ကို ပေါ(လ်)က တွေ့လိုက်ရ၏။

မိုင်ရာရှိရာ အပေါ်ထပ်သို့ ပြန်တက်လာပြီးနောက်၊ သတင်းစာတွင်ပါသ
သတင်းများကို ပေါ(လ်)က ပြောပြသည်။

ထို့နောက် ညနေပိုင်းထုတ် သတင်းစာများတွင် သူ့အကြောင်း ပါမ
သိချင်သဖြင့်၊ မြို့ထဲသို့လမ်းလျှောက်ထွက်ရန် မိုင်ရာကိုပါခေါ်၍ ထွက်လာခဲ့သည

သူထင်သည့်အတိုင်းပင် ညနေပိုင်းသတင်းစာများတွင် သူ့ကိုဖမ်းနိုင်
အတွက် စကော့တလန် ယာဒ် စုံထောက်ဌာနချုပ်တွင် အလုပ်များနေကြကြော
ဖော်ပြထား၏။ သူ့အတွက် ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာ သတ
တစ်ပုဒ်မှာကား၊ သူ၏ ဇာတိရွာဖြစ်သော ပက်ဗီးသို့ သတင်းထောက်များကသွ
သူ၏ ဖခင်အိုကြီးနှင့် မိခင်အိုကြီးအား သူနှင့်ပတ်သက်၍ ထင်မြင်ချက်တောင်း
သတင်းဖြစ်၏။ ထိုသတင်းအရဆိုသော် သူ၏ မိခင်က သတင်းထောက်များ
မေးခွန်းကို လိုလိုလားလားမဖြေပေ။ သို့သော် ဖခင်ကြီးကမူ သူ၏သားသ
ဤကဲ့သို့ ရာဇဝတ်မှုမျိုးကို ကျူးလွန်ခဲ့သည်ဟု သူမယုံကြည်ကြောင်း၊ သူ့တွ
ငွေကြေးဥစ္စာပြည့်စုံလှသည်မဟုတ်သော်လည်း၊ သူ၏ သားဘက်က ရပ်တည်လ
တရားမျှတမှုကိုရရှိအောင် ဥပဒေတွင်းမှ တိုက်ပွဲဝင်ရန် အသင့်ရှိကြောင်း ပြောကြ
လိုက်သည်။

**စိတ်ကူးချိုချို**

သူ၏ အမေအကြောင်းကို ကောင်းကောင်းကြီးသိသည့် ပေါ(လ်)က သတင်းကို မယုံမရှိပေ။

သတင်းစာတွင်ပါသည့်အတိုင်းဆိုသော် ရဲများသည် သူဘယ်နေရာတွင် နေသည်ကို သိကြပုံမပေါ်။ ဤအချက်ကပင်လျှင် သူ့အတွက် အားရှိစရာ ဖြစ်နေသည်။

တည်းခိုခန်းတွင် တစ်ညအိပ်ပြီး၊ နောက်တစ်နေ့နံနက်တွင် နံနက်စာစားရန် အတွက်၊ အောက်ထပ်ရှိ ထမင်းစာခန်းသို့ သူတို့နှစ်ဦးသား ဆင်းလာခဲ့ကြသည်။ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်ရာ အချိန်အနည်းငယ် စောသေးသဖြင့်၊ ထမင်းစားခန်း အတွင်း သူတို့နှစ်ဦးသာလျှင်ရှိသည်။

ပေါ(လ်)က နံရံတွင်ကပ်ထားသော စားပွဲပေါ်၌ ထိုနေ့ နံနက်ပိုင်းထုတ် သတင်းစာတစ်စောင်ကို တွေ့ရသဖြင့် ဆွဲယူကာ သူ၏သတင်းကို ရှာကြည့်သည်။

ခေါင်းစဉ်စာသားတွင် ရေးထားသည့်အတိုင်းဆိုသော် သူ့အတွက် အားရှိ စရာဖြစ်၏။ ခေါင်းစဉ်တွင် 'ပေါ(လ်)ပရက်ဆက်အား ယခုထက်တိုင် မဖမ်း မိသေး'ဟု စာလုံးမည်းကြီးများဖြင့် ဖော်ပြထား၏။

အတွင်းစာသားများကို ဖတ်ကြည့်ပြီးနောက်၊ ပေါ(လ်)ကမိုင်ရာသို့ သတင်းစာ ကို ပေးလိုက်၏။ ပါးစပ်မှလည်း ခပ်ကြွားကြွားလေသံဖြင့် ပြောလိုက်သေး။

"တွေ့လား မိုင်ရာ၊ သတင်းစာတွေထဲမှာ သူတို့ထင်တာ၊ သူတို့ရေးထား ကြတာ၊ ကိုယ် အိမ်က ထွက်လာကတည်းက နောက်ကနေ 'ရဲဗိုလ်' တစ်ယောက်က နောက်ယောင်ခံလိုက်နေတယ်ဆိုပဲ၊ အလကားနဲ့တူပါတယ်ကွာ၊ တကယ်သာ လိုက်ခဲ့ရင်၊ အခုလို ဒီမြို့မှာ ရောက်နေတာ သူတို့ သိနေမှာပေါ့"

ထိုနေ့တစ်နေ့လုံးပင် သူတို့နှစ်ဦးသည် အခြားသော အပန်းဖြေခရီး ထွက်လာ ကြသည့် သူများနည်းတူ ပင်လယ်ကမ်းခြေသို့ဆင်းကာ လဲလျောင်းရင်း ရေ့ရေး အတွက် ဆွေးနွေးတိုင်ပင်နေကြ၏။

သူတို့ စဉ်းစားမိသည့် အစီအစဉ်မှာ၊ အခွင့်အရေးသာသည်နှင့် တစ်ပြိုင်နက် ပြင်သစ်ပြည်ဘိုလုံးမြို့ဘက်သို့သွားသည့် ကူးတို့သင်္ဘောပေါ်သို့ အပျော်ခရီးသည်များ နှင့် အတူရောရှ၍ တက်လိုက်သွားရန်ဖြစ်၏။ ပြင်သစ်ဘက်ကမ်းသို့ရောက်လျှင် ပြင်သစ်ရဲများက သူတို့ကို ဖမ်းမိရေးအတွက် ဂရုတစိုက်လုပ်နေမည်မဟုတ်ဟု သူတို့ကယုံကြည်သည်။ ပြင်သစ်ပြည်ကမှတစ်ဆင့် ·အီတလီပြည်ထိအောင် သွားလိုက်လျှင် လုံးဝလွတ်ပေပြီ။ အီတလီပြည်တွင် အင်္ဂလန်နိုင်ငံဘက်မှ ထိမ်းရှောင် သွားကြသူများ ခုနှဲ့ဒေးရှိသည်။

မနက်ဖြန်တွင် ထွက်ရကောင်းမလားဟု စဉ်းစားကြသေးသည်။ သို့သော် ဖြန်းစားကြီးထွက်သွားပါက မသက်သာစရာဖြစ်နေမည်။ ရက်စေ့သည့်နေ့ရောက်သော် ဟန်မပျက်ထွက်သွားခြင်းက ပို၍ သဘာဝကျမည် မဟုတ်ပါလော၊ ထို့ကြောင့် တည်းခိုခန်းသို့ပြန်လာခဲ့ကြပြီး၊ သူတို့အတွက် ပြင်ထားသော ညစာကို စားပြီးနောက် သူတို့အခန်းရှိရာသို့ တက်လာခဲ့ကြ၏။

နောက်တစ်နေ့နံနက်တွင်လည်း၊ ယမန်နေ့ကကဲ့သို့ပင် ထမင်းစားခန်း ခပ်စောစော ဆင်းလာခဲ့ကြသည်။ နေ့ရာသီဖြစ်သည့်မို့ နံနက်စောစော နေရောင်ခြည် ကလေးက ပြတင်းပေါက်တွင်ကာထားသော ခါးခန်းဆီးကိုဖောက်တွင်း၍ သူတို့၏ စားပွဲပေါ်သို့ကျရောက်နေသည်။ နွေရာသီက သာယာလှသည်။

ကောင်းကင်ပြင်ကြီးကလည်း မြူတိမ်ကင်းစင်စွာဖြင့် အပြာရောင်ခပ်ရင့်ရင့် ဖြစ်နေသည်။

သို့သော် ပေါ(လ်)မှာမူ သာယာသော နွေရာသီ၏ အလှကို ကြာကြာ ကြည့်နူးမနေနိုင်ပါ၊ သူ၏သတင်းကို သိနိုင်ရန် စားပွဲထိုးက လာရောက် ပေးသွားသော နံနက်ပိုင်းသတင်းစာကို လှန်လှောဖတ်ရှုဦးမည်ဖြစ်၏။

သူသည် တုန်ယင်နေသောလက်ချောင်းများဖြင့် သတင်းစာကို ဆွဲယူလိုက် သည်။

မိုင်ရာကလည်း ရင်တထိတ်ထိတ်ဖြင့် ပေါ(လ်)ကို စောင့်ကြည့်နေသည်။

သူ၏ သတင်းပါလေ့ရှိသော အလယ်စာမျက်နှာကို လှန်မိ၍ ခဏကလေး ကြာလျှင်ပင်၊ ပေါ(လ်)၏ မျက်နှာသည် သွေးမရှိတော့သလို ဖြူရော်ရော် ဖြစ်သွားသည်။

ဒါကိုတွေ့ရသည့် မိုင်ရာက အငမ်းမရ မေးလိုက်သည်။

"ဘာလဲ ကို၊ ဘာသတင်းကို တွေ့လို့လဲ"

ပေါ(လ်)က သတင်းစာထဲမှ သတင်းကို အသံထွက်၍ ဖတ်ပြသည်။

"ပေါ(လ်)ပရက်ဆက်နှင့် အတူတွဲခဲ့သော အမျိုးသမီးအား ဖမ်းဆီး ဝရမ်းထုတ်လိုက်ပြီဆိုခြင်း၊ ကျောင်းဆရာ ပေါ(လ်)ပရက်ဆက် လုပ်ခဲ့သော ကျောင်းတွင်၊ ယခင်က သူငယ်တန်းပြဆရာမလုပ်ခဲ့သူ မစ္စစ်မိုင်ရာဘွန်းအား မစ္စစ်အယ်လီနာပရက်ဆက် အသတ်ခံရမှုနှင့်ပတ်သက်၍ မသင်္ကာဖြစ်ဖွယ် ရှိသောကြောင့်၊ ၎င်းအား ဖမ်းဆီးရန် ဆိုင်ရာတရားရုံးမှဝရမ်းထုတ်ပေးလိုက်ကြောင်း ဆရာမဟောင်း မစ္စစ်မိုင်ရာဘွန်းသည်လည်း၊ ပေါ(လ်)ပရက်ဆက်နှင့် တစ်တွဲတည်း ထွက်ပြေးတိမ်းရှောင်နေသည်ဟု ယူဆရကြောင်း၊ မစ္စစ်အယ်လီနာပရက်ဆက်

ကြွင်းကျန်သော ရုပ်ကလာပ်ကို ခွဲစိတ်စစ်ဆေးရာ လူ့သေနိုင်လောက်သည့် အဆိပ်များကို တွေ့ရသည်ဆိုကြောင်း ...''

ဤတွင် ပေါ(လ်)သည် သတင်းစာကို ဖတ်နေရာမှ ရပ်လိုက်ပြီး သူ၏ မှ ဘုရားတသံထွက်လာ၏။

''ဘုရားရေ၊ ဘယ်လိုလုပ်ကြတာပါလိမ့်''

မိုင်ရာက ကောင်းစွာ အဓိပ္ပာယ်မပေါက်သေးသဖြင့် 'ဘာလဲ၊ ဘာလဲ'ဟု ကယော မေးမြန်းသည်။

ပေါ(လ်)က မိုင်ရာအား နောက်ဆုံးအခြေအနေကို ရှင်းပြရသည်။

သတင်းစာထဲတွင် သူတို့နှစ်ဦး၏ ဓာတ်ပုံများကို ယှဉ်လျက်သား ထားပြီး၊ အောက်ခြေမှ ဤသို့ စာတန်းထိုးထား၏။

''ဤအမျိုးသားနှင့် ဤအမျိုးသမီးကို သင်တွေ့လိုက်မိသလား''

မိုင်ရာက ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြန်ပြောရာ၏။

''ကျွန်မပေါ ပါတယ်၊ ဟုတ်လား၊ ဘယ့်နှယ်လုပ်ကြမလဲလို့၊ ဟင်...ဘယ့်နှယ် ကြမလဲ''

ယခုတစ်ကြိမ်တွင်တော့ ပေါ(လ်)သည်လည်း သူ့ရဲကောင်းကြီးဟန်မျိုးဖြင့် ကို အားမပေးနိုင်တော့၊ တုန်ယင်စွာဖြင့်ပင် ပြန်ပြောနိုင်တော့သည်။

''ဒီနေရာက တို့မြန်မြန် ထွက်ကြမှပဲကွ''

မိုင်ရာက ငိုသံပါကြီးဖြင့် ပြန်ပြော၏။

''ကျွန်မကို ဘာဖြစ်လို့ ဖမ်းမှာတဲ့လဲ ကိုရယ်၊ ကျွန်မဘာလုပ်လို့လဲ''

''ကိုလဲ မပြောတတ်ဘူးကွာ၊ ခေါင်းလဲထူပူနေပြီ၊ ဒီနေရာကချက်ချင်း ဖို့ အရေးကြီးတယ်၊ ဒီသတင်းစာထဲက ဓာတ်ပုံကိုတွေ့သွားရင်၊ ကိုယ်တို့အဖို့ ယ်ဘူး၊ အခုတော့ စောသေးတာမို့၊ သတင်းစာကို ဘယ်သူမှ ဖတ်မိကြဦးမှာ တ်သေးဘူး''

သူတို့နှစ်ဦးသားမှာ မှုန်ထူနေသဖြင့် ''စိန်အဆိပ်ကို တွေ့ရှိရခြင်း''ဟူသော များ၏ အဓိပ္ပာယ်ကို နက်နက်နဲနဲ မစဉ်းစားလိုက်မိကြ။ ထိုစာလုံးများမှာ ၏ ခေါင်းထဲတွင် လျှံထွက်သွားသည်။

စိတ်ရောလူပါ ပျော့ခွေကျသွားသော ပေါ(လ်)ကို ကြည့်ရင်း၊ မိုင်ရာက ကိုတင်းလိုက်သည်။ ဤသို့ စိတ်တင်းလိုက်သည်ဆိုတော့လည်း အားတွေ က ပေါ်လာကြသည်မသိ။ တစ်ခုတော့ရှိသည်။ ဤနေရာတွင် သူသာလျှင်

စိတ်ခါတ်ကြဲ့ကြဲ့ခိုင်ခိုင် မရှိပါက၊ ပေါ(လ်)သည် ပုံ၍ကျသွားမည်ကို မိုင်ရာက
မှန်ကန်စွာစဉ်းစားမိလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် မိုင်ရာကပင် စတင်၍ သူတို့ဘာလုပ်ကြမည်ကို အစီအစဉ်ချ
လိုက်သည်။

"ကဲ...ဒီလိုလုပ်၊ ဒီတည်းခိုခန်းကနေပြီး တိတ်တိတ်ကလေးထွက်သွားမယ်
ဆိုရင်တော့၊ ကျွန်မတို့ ဘယ်သူတွေဆိုတာကို ရိပ်မိသွားဖို့ အကြောင်းရှိတယ်
အဲသလိုမဖြစ်ရအောင် ကျွန်မက အိမ်ရှင်မိန်းမကြီးကိုသွားပြောမယ်၊ ကျွန်မတို့
ဒီနေ့ ယောစတင်မြို့ဘက် ခရီးထွက်မလို့ စီစဉ်ထားတယ်လို့၊ အဲဒီကမှတဆက်တည်း
လန်ခန်မြို့ကို ပြန်တော့မယ်ပေါ့၊ အရင်ကတည်းကလဲ အိမ်ခန်းကို ဒီနေ့အထိ
ငှားထားတာပဲဟာ၊ အဲသလို ရှင်းရှင်းလင်းလင်း ပြောပြပြီးမှထွက်သွားရင်
ကိုယ့်ပစ္စည်းတွေကို ပြောင်ပြောင်တင်းတင်း ယူသွားလို့ရတာပေါ့၊ မဟုတ်ဘူးလား
ကဲ...ကျွန်မ အခုပဲ မိန်းမကြီးကို သွားပြောလိုက်မယ်"

မိုင်ရာက သွားရန်ခြေတစ်လှမ်းနှစ်လှမ်းခန့် လျှောက်ပြီးမှ၊ ပေါ(လ်)ရှိရာသို့
ပြန်လျှောက်လာပြီး အားပေးစကားပြောလိုက်သေးသည်။

"စိတ်အေးအေးထားပါ ကိုရယ်၊ ကဲ...သတင်းစာကြီးကို နေရာတကျ
ပြန်ထားလိုက်တော့၊ ပြီးတော့ အခန်းကိုပြန်ပြီး ပစ္စည်းတွေ သိမ်းထားနှင့်ပေါ့
ကျွန်မသွားမယ်"

ပေါ(လ်)ကတော့ စကားများများ ပြန်၍မပြောနိုင်ရှာ၊ သူ၏ ခေါင်းကိုညိတ်
ပြ၍ 'အင်း...အင်း'ဟုသာ ပြောနိုင်၏။

မိနစ်နှစ်ဆယ်ခန့်မျှ ကြာသောအခါ၌ သူတို့နှစ်ဦးသည် တည်းခိုခန်းမှ
ထွက်လာကြကာ၊ လမ်းမကြီးပေါ်သို့ ရောက်လာကြသည်။ ထိုလမ်းမကြီးပေါ်တွင်
လူတွေသည်၊ ပုရွက်ဆိတ်များအလား စုပြုံ၍ ပင်လယ်ကမ်းခြေဘက်ဆီသို့
ဦးတည်၍ သွားနေကြသည်။ အပန်းဖြေခရီးထွက်လာကြသည်ဖြစ်သောကြောင့်
အချိန်ကို အလဟဿ မဖြစ်စေဘဲ၊ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်တွင်သာ
ကုန်လွန် လိုကြဟန်တူ၏။

ပေါ(လ်)နှင့် မိုင်ရာတို့ကလည်း ထိုလူအုပ်ကြီးအကြားမှ ရောနှော၍
လျှောက်လာမိကြသည်။

သတင်းစာရောင်းသော လမ်းထောင့်ဆိုင်ကလေးများတွင်း သူ၏ ပုံကို
အကြီးချဲ့ထားသည့် ကတ်ပြားကြီးများ ထောင်ထားသည်ကိုတွေ့ရ၏။ အောက်ဘက်
တွင် 'ဤလူကိုတွေ့မိကြသလား'ဟူသော စာတန်းထိုးထားသည်။ သို့သော်

အားနားပတ်လည်မှ လူများကမူကား သူ့ကို မမှတ်မိကြပေ။ မှတ်မိဖို့ ရာလည်း အကြောင်းမရှိပါပေ။ ပုံထဲမှလူသည် ပေါ(လ်)ပရက်ဆက်ဖြစ်ပါသည်ဟု သတိအကျပြောနိုင်အောင်၊ ပေါ(လ်)ပရက်ဆက်နှင့် တူလှမည်မဟုတ်ပေ။

လမ်းမကြီးပေါ်မှ လျှောက်သွားရင်း၊ အမှတ်တမဲ့နှင့် ရဲစခန်းရှေ့သို့ ရောက်သွားသည်။ ရဲစခန်းရှေ့ရှိ ကြော်ငြာသင်ပုန်းပေါ်တွင် သူတို့အတွက် သံထိတ်စရာကြော်ငြာကို တွေ့ရသည်။

ခေါင်းစဉ်စာသားမှာ စာလုံးမည်းကြီးဖြင့် ‘လူသတ်မှုအတွက် အလိုရှိသူများ’ ဟူ၍ ရေးထားသည်။ အောက်ဘက်တွင် အယ်လီနာပရက်ဆက်အား ကြိတင်ကြံစည်၍ သတ်ခဲ့သည့်အတွက် ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့ကို ထောင်ဖမ်းမှ အလိုရှိနေကြောင်း၊ ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့၏ ပုံသဏ္ဌာန်များမှာ ...

သူတို့နှစ်ဦးသည် ကြော်ငြာကိုဆက်၍ မဖတ်နိုင်ကြတော့၊ ပေါ(လ်)၏ အခြေအနေက ပို၍ဆိုးသည်။ သူသည် မျက်ရည်များ မျက်လုံးအိမ်ထဲမှ ထွက်မကျလာစေရန်၊ မနည်းကြိုးစား၍ ထိန်းထားရဟန်တူသည်။ ဦးခေါင်းသည်လည်း ငြိမ်မနေ။ တလှုပ်လှုပ်ဖြင့် ဟိုမှသည်မှ ယမ်းနေသည်။ ဤအဖြစ်ကိုမြင်ရသည့် မိုင်ရာသည် လူစွမ်းကောင်းကြီးလုပ်ကာ၊ ပေါ(လ်)ကို အားပေးနှစ်သိမ့်ရသည်။ အခြေအခါများကမူ ပေါ(လ်)ကသာလျှင် သူ့ကိုအားပေးနှစ်သိမ့်ရမြဲဖြစ်သည်။ ယခုမူကား အနေအထားသည် ပြောင်းပြန်ဖြစ်သွားလေသည်။ တကယ်တော့လည်း ဘဝမတိုင်းတွင် ကိန်းအောင်းနေသည့် မိခင်စိတ်က လိုအပ်လာသည့်အချိန်တွင် ထွက်ပေါ်လာခြင်းမျှသာဖြစ်ပေသည်။ ထို့ကြောင့် ကြက်မကြီးက သူ့ကလေးများအား အကာအကွယ်ပေးသည့်ပုံမျိုးဖြင့်၊ ပတ်ဝန်းကျင်ကို ရဲရဲကြီးရင်ဆိုင်လိုက်ရသည်။ ကြော်ငြာသင်ပုန်းတွင် ပေါ(လ်)၏ ပုံသာမက၊ မိုင်ရာ၏ ပုံကိုပါ ကပ်ထားသည်ကိုပင် ဂရုမစိုက်နိုင်တော့ပေ။

“ကဲ...ကိုရေ၊ စိတ်ပျက်နေလို့မပြီးသေးဘူး၊ လူတွေရိပ်မိကုန်လိမ့်မယ်၊ လာ...လာ သွားကြစို့”

ဘတ်(စ်)ကားမှတ်တိုင်သို့ ရောက်သည့်အခါ၌လည်း မိုင်ရာကပင် ဦးဆောင်သည်။

“ကိုက ပထမ ဘတ်(စ်)ကားပေါ်မှာ တက်လိုက်သွားနှင့်၊ နောက်တစ်စီးမှာ ကျွန်မစီးလာခဲ့မယ်”

“အေး...အေး”

"ပြီးတော့ ကျွန်မ စားစရာသောက်စရာလေးတွေလဲ ဝယ်လာခဲ့မယ် စိတ်ချပါ၊ ကျွန်မတစ်ယောက်တည်းဆိုရင် ဘယ်သူကမှ မှတ်မိနိုင်စရာ အကြောင်းမရှိပါဘူး၊ ဒါထက် ကျွန်မတို့ ဘယ်နေရာမှာ ဆုံကြမတုန်း"

"ဘယ်လို"

"ဩော်...ကိုကလဲ၊ ဘတ်(စ်)ကားပေါ်က ဆင်းလာကြပြီးရင် ဘယ်နေရာ ဆုံကြမလဲလို့ ပြောတာပါ"

ပေါ(လ်)က ကြောင်တောင်တောင်ဖြင့် ပြန်၍မေးနေ ပြန်သေးသည်။

"တွေ့ဖို့...ဟုတ်လား"

"ဒါပေါ့ကိုရဲ့၊ ပင်လယ်ကမ်းခြေနားက ချောက်ကြီးတွေဘက်မှာ လူဖြတ် နေရာတစ်ခုခုများ မရှိဘူးလား၊ အဲဒီလိုနေရာမျိုးမှာ ဆုံကြရင် ကောင်းမလား ကျွန်မစဉ်းစားမိလို့ပါ"

"အင်း...အင်း၊ စဉ်းစားမိပါပြီ၊ အဲဒီချောက်ကမ်းပါးတွေဘေးက လူသွား လမ်းကလေးအတိုင်း တည့်တည့်လျှောက်လာလို့ လမ်းကလေးလဲ ဆုံး ကျောက်တုံးနဲ့ ဆောက်ထားတဲ့ တဲကလေးတစ်တဲရှိတယ်"

"ဒီလိုဆို အဲဒီတဲကလေးမှာ ဆုံကြမယ်"

"ကောင်းပြီ မိုင်ရာနဲ့ကိုယ် အဲဒီတဲကလေးမှာ ပြန်ဆုံကြမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဒါဖြင့်ရင် ကိုက အရင်သွားနှင့်၊ ကျွန်မကဆိုင်တွေဘက် ပြန်သွားပြီး၊ ဝယ်စရာခြမ်းစရာရှိတာကလေးတွေ ဝယ်လိုက်ဦးမယ်"

ထိုကျောက်တုံး တဲကလေးတွင် သူတို့နှစ်ဦး ပြန်၍ဆုံမိကြသောအခါ ပေါ(လ်)၏ စိတ်ဓာတ်အခြေအနေမှာ ခပ်စောစောကထက်ပို၍ကောင်းလာသည် စိတ်ဓာတ်တက်ကြွလာသည်ဆိုလျှင်ပင်၊ သူ့ရဲ့ကောင်းဆန်သောစကားဖြင့် စ၍ ပြော တော့သည်။

"မိုင်ရာ၊ မင်းကလေးကို ဒီလိုစိတ်ညစ်စေမယ့်အစား၊ ရဲစခန်းမှာကိုယ်တိုင် သွားပြီး အဖမ်းခံဖို့အဆင်သင့်ပဲဆိုတာကိုတော့ မိုင်ရာ သိထားစေချင်တယ်ကွယ်"

"သိပါတယ် ကိုရဲ့"

"နက်ဖြန်ခါမှာသွားပြီး အဖမ်းခံလိုက်မလားလို့ စိတ်ကူးမိတယ်၊ ဒါ မိုင်ရာကိုပါဖမ်းဖို့ ဝရမ်းထုတ်ပြီးပြီဆိုတော့ အကြောင်းတော့ မထူးပါဘူးနဲ့ တွေ"

"အို...မဟုတ်တာ ကိုကလဲ၊ ဘယ့်နှယ်သွားပြီး အဖမ်းခံရမှာလဲ ကျွန်မကတော့ စိတ်ပိုင်းဖြတ်ပြီးပါပြီ၊ လွတ်အောင်ပြေးနိုင်သမျှ ပြေးမယ် ဘယ်ကသတ္တိတွေ ဝင်လာမှန်းမသိဘူး၊ သိလားလို့ ကို၊ ကျွန်မလေ ကြောက်စိတ်

စိတ်ကူးရှိုရှို

လုံးလုံးမရှိဘူး၊ မိရင်လဲ ကျွန်မကို ဘာအပြစ်မှပေးလို့ရမယ် မထင်ပါဘူးနော်၊ ဟုတ်လား"

"အေးပေါ့…ကိုယ်ရှိပါတယ်ကွာ"

"ကိုကိုလဲ သူတို့ဘာမှ လုပ်နိုင်မယ်မထင်ပါဘူးကိုရယ်၊ အားလုံးရှင်းသွားမှာပါ"

"ဒါပေါ့၊ သူတို့လုပ်နိုင်မယ်မထင်ပါဘူး"

"ကျွန်မ စဉ်းစားကြည့်မိတယ် သိလား၊ ရက်ပေါင်းမကြာသေးခင်ကလဲ ကျွန်မတို့နှစ်ယောက်ဟာ ပျော်ပျော်ပါးပါးနေလာခဲ့ကြပြီး၊ အခု ဘယ်လို ကံကြမ္မာကြောင့်လဲမသိ၊ ဝရမ်းပြေးဘဝရောက်နေရတယ်လို့၊ ပြီးတော့ ဟိုတုန်းက ကိုပြောခဲ့တာ ကျွန်မဟာ ကိုနဲ့အတူရှိနေရင် အကူအညီတောင်ဖြစ်သေးတယ်တဲ့ အခုတော့ ကျွန်မနဲ့တွဲနေတဲ့အတွက်၊ အန္တရာယ်ကပိုနီးနေပြီ၊ ဟုတ်ဘူးလား ကို"

"မိုင်ရာကြောင့်တော့ အန္တရာယ်ပိုမကြီးပါဘူး၊ အတူတူပါပဲ၊ ကိုယ့်ကြောင့်ပဲ မိုင်ရာအဖို့ အန္တရာယ်ပိုကြီးတာပါပဲ၊ တကယ်တော့ ကိုယ်က မိုင်ရာကို အခုလို အတူတူလိုက်လာဖို့ မတိုက်တွန်းခဲ့သင့်ဘူး၊ မိုင်ရာသာ မိုင်ရာအခန်းကလေးမှာ တစ်ယောက်တည်းကျန်နေခဲ့ရင်၊ အခုလို ဝရမ်းပြေးဘဝကို ရောက်မှာမဟုတ်ဘူး၊ ခုခန်းကိုခေါ်ပြီး မေးလားမြန်းလားတော့ လုပ်မှာပေါ့လေ"

"ပြောမနေပါနဲ့တော့ကိုရယ်၊ ဒါတွေက ပြီးသွားပြီပဲ"

"ဒါပေမဲ့ ဒီလိုတော့ လုပ်နိုင်ပါသေးတယ် မိုင်ရာရဲ့၊ မိုင်ရာကိုယ်တိုင် ခုတွေဆီမှာသွားပြီး မိုင်ရာအပြစ်မရှိတဲ့အကြောင်း ရှင်းပြရင် ဖြစ်နိုင်ပါတယ်"

"ဟင့်အင်း၊ အဲသလိုလုပ်ဖို့ မိုင်ရာလုံးဝမစဉ်းစားဘူး၊ မိုင်ရာကတော့ နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားမယ်၊ မတရားမှုကိုတော့ လည်စင်းပြီး ပေးနိုင်ဘူး၊ နောက်တစ်ချက်က မိုင်ရာအခုသွားပြီး အဖမ်းခံပြီဆိုပါစို့၊ ကိုနဲ့ မိုင်ရာတို့ နောက်ဆုံးဘယ်မှာခွဲခဲ့ကြတယ်ဆိုတာကို၊ သူတို့က မေးကြမှာပေါ့၊ ဒီလိုအလုပ်မျိုးကိုတော့၊ ဘယ်တော့မှ မိုင်ရာ မလုပ်ပါဘူးကိုရယ်၊ မိုင်ရာဟာ ကိုဘက်က ရဲရဲဝံ့ဝံ့ရပ်တည်နေတာပါ၊ သူတို့က မိုင်ရာကို ဘာလုပ်မယ် ညာလုပ်မယ်လို့၊ ဘယ်လောက် ခြိမ်းခြောက် ခြိမ်းခြောက် မိုင်ရာကတော့ ဂရုမစိုက်ဘူး"

စိတ်ဓာတ်ပြန်လည်တက်လာခါစရှိသေးသော ပေါ(လ်)အဖို့၊ မိုင်ရာ၏ စကားများမှာ ပို၍ စိတ်ဓာတ်တက်ကြွဖွယ်ရာဖြစ်ပေသည်။ သူက မိုင်ရာ၏မျက်နှာကို ငေးစိုက်ကြည့်ရင်း လေ့လာတွေးတောနေပေသည်။

ဤလိုသတ္တဝါမျိုးတွေ မိုင်ရာဘယ်တုန်းကရလာပါလိမ့်၊ ဒါမှမဟုတ်ရင်လဲ ဘာမှ မသိနားမလည်တဲ့ စိတ်ကြောင့်ပဲလား။

ပေါ(လ်)က သူ့စိတ်ကူးမိသည်ကို ပြောပြသည်။

“မိုင်ရာ တစ်ယောက်တည်းဆိုရင် ပိုပြီးစိတ်ချရမယ် ထင်တယ်ကွ၊ ကိုယ်နဲ့ တစ်တွဲတည်းဆိုရင်၊ လူတွေကပိုပြီး သတိထားမိနိုင်တယ်၊ ဒါကြောင့် ကိုယ်တို့ နှစ်ယောက် ခွဲပြီး သွားကြမှနဲ့တူတယ်”

“ဟင့်အင်း…ကျွန်မ ဒီထက်ကောင်းတဲ့ နည်းလမ်းကို စဉ်းစားထားတယ် ကျွန်မတို့ တူတူတွဲသွားမှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကိုလူတွေက သိပ်သတိထားမိစရာ အကြောင်းမရှိဘူးလေ၊ လိုအပ်တဲ့ပစ္စည်းကလေး ဘာလေး တွေကို ကျွန်မကသွားဝယ်ပေးနိုင်တာပေါ့၊ ခုနက ကျွန်မဈေးဆိုင်တွေထဲ ရောက်ခဲ့တာပဲ၊ ဘယ်သူကမှ သတိထားမိတဲ့ပုံ မရှိပါဘူး၊ တကယ်တော့ ကို့ကိုသာ သူတို့က သဲကြီးမဲကြီး ရှာနေကြတာ မဟုတ်လား”

ပေါ(လ်)က ဘာမှ ပြန်မပြောဘဲ တွေ့ချ်နေသဖြင့်၊ မိုင်ရာကထပ်၍ ပြောလိုက် သည်။

“အေးလေ၊ ကျွန်မ ကိုယ်တိုင်ကလဲ တစ်ယောက်တည်းသွားရမှာ မရဲလို့ ကိုနဲ့တွဲနေချင်တဲ့စိတ်ဖြစ်နေတာကြောင့်လို့လဲ ဆိုမယ်ဆိုရင်ဆိုနိုင်ပါတယ်၊ ကျွန်မနဲ့ အတူတူတွဲပြီးသွားရလို့ ကို့အတွက် အန္တရာယ်ပိုပြီး ကြီးမယ်ဆိုရင်တော့လဲ…”

ပေါ(လ်)က မိုင်ရာ၏ စကားကို ကပျာကယာဖြတ်၍ ပြောလိုက်သည်။

“အို…မိုင်ရာကလဲ၊ ဘာတွေလျှောက်ပြောနေတာတုန်း၊ မိုင်ရာပြောတာက တကယ့်ကို နည်းလမ်းကျတဲ့စကားတွေပါ၊ ကိုယ်စဉ်းစားနေတာက မင်းကလေးကို ဆက်ပြီး ဒုက္ခပေးလို့ ကောင်းပါ့မလားဆိုတာပါ၊ ကိုယ့်ကို အထင်မလွဲပါနဲ့”

“ဆောရီး…ကိုရယ်၊ မိုင်ရာ တောင်းပန်ပါတယ်၊ မိုင်ရာဟာ ကို့အတွက် အထောက်အကူဖြစ်မယ်ဆိုတာကိုက လက်ခံတယ်လို့သိရတာမို့၊ မိုင်ရာ သိပ်ဝမ်းသာ ဟာပဲ”

“ကဲ…ဒီလိုဆိုရင်လဲ ကိုယ့်အကြံကို ပြောပြမယ်၊ ကိုယ်စိတ်ကူးထားတာ ကတော့၊ အခုလောလောဆယ်အတွင်းမှာ ဘရိုက်တန်လို ဧရီးထွက်တဲ့ လူတွေ စည်ကားတဲ့နေရာမျိုးမှာ ပုန်းနေကြမယ်၊ ကိုယ်တို့ကိစ္စမျိုးကို လူတွေစိတ်မဝင်စား တော့တဲ့ အခါကျမှ အခြေအနေကြည့်ပြီး ထွက်ကြမယ်လို့၊ ပြင်သစ်ပြည်ဘက်ကို ဧရီးထွက်ကြတဲ့အလုပ်သမားကတော့၊ နွေရာသီတလျှောက်လုံး လုပ်နေကြဦးမှာ ဆိုတော့၊ ကိုယ်တို့အတွက် ကြံဖို့ဖန်ဖို့ အချိန်ရပါသေးတယ်၊ တစ်ခုတော့ရှိတယ်

ကိုယ်တို့နှစ်ယောက်လုံး တူတူတွဲပြီး သွားလို့တော့ မဖြစ်ဘူး၊ တစ်ယောက်တစ်နေရာစီခွဲသွားပြီး၊ ဘယ်နေရာမှာ ဘယ်အချိန်ကိုလာပြီးတွေ့ဖို့ စီစဉ်ရလိမ့်မယ်"

မိုင်ရာက ဝမ်းသာ အားရစွာဖြင့် ပေါ(လ်)၏ လက်ဖဝါးကို ဆုပ်ကိုင်ကာ အားရပါးရဝင်၍ပြောလိုက်သည်။

"ဟုတ်တယ် ကိုရေ၊ ဒီလိုပုန်းနေဖို့အကောင်းဆုံး နေရာကတော့ ဘရိုက်တန်ပဲ၊ ကျွန်မက ဘော်ဒါဆောင်တစ်ခုခုမှာသွားနေမယ်၊ ကိုလဲ သင့်တော်မယ့်တစ်နေရာရာမှာ သွားနေပေါ့၊ ကဲ...ဒါဖြင့်ရင် အခုပဲ အိ(စ်)ဘုံးကို လူခွဲပြီးသွားကြစို့၊ အိ(စ်)ဘုံးကနေ ဘရိုက်တန်ကိုသွားတဲ့အခါမှာလဲ ရထားတစ်စင်းတည်းမစီးဘူး၊ တစ်ယောက်တစ်စင်းစီ ခွဲစီးကြတာပေါ့၊ စိတ်ပူမနေပါနဲ့ ကိုရယ်၊ ဒီနေ့ဟာ ဘဏ်ပိတ်တဲ့ရက်အား မဟုတ်လား၊ ဘူတာရုံတွေမှာ လူတွေသိပ်ကျပ်နေ မှာပါ၊ ပြီးတော့ ဘုရားသခင်ကလဲ အခုထက်ထိ ကျွန်မတို့ကို မ,စနေသေးတယ် မဟုတ်လားလို့"

# {၅}

လန်ဒန်မြို့တော်ရှိ စကော့တလန် ယာဒ် စုံထောက်ဌာနချုပ်ရှိ အခန်းတစ်ခုအတွင်းဝယ်၊ အင်စပက်တော်ကြီး ဘို(လ်)ဆရှိသည်၊ မျက်မှောင်ကြုတ်၍ထိုင်းစားနေသည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင် စာရွက်များမှာ တစ်ထပ်ကြီးရှိနေ၏။ ပေါ(လ်)ပရက်ဆက်ကဲ့သို့ လူဖလံကလေးက ဤမျှလောက်ကြာရှည်စွာ သူ့ကိုလက်ချင်းပြိုင်နေနိုင်သည်ကို ခံပြင်းနေသည်။ ပေါ(လ်)ပရက်ဆက်အား အခုထက်တိုင်၊ ဖမ်း၍မမိသေးကြောင်း သတင်းစာတွေက ရေးသည်ကိုဖတ်ရသည့်အခါတိုင်း သူ့စိတ်ထဲတွင် မခံချိမခံသာဖြစ်သည်။ ယနေ့ဆိုလျှင် ပြင်သစ်ပြည်ဘက်မှ သတင်းစာများကပါ၊ ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့စုံတွဲအကြောင်းကို အသားပေးဖော်ပြနေလေပြီ။

သူ့စားပွဲပေါ်ရှိ တယ်လီဖုန်းအသံမြည်လာသည်။ ဌာနချုပ်အဆောက်အအုံမှ အော်ပရေတာက သူ့ထံသို့အကြောင်းကြားခြင်းဖြစ်သည်။

"ဆရာ...ဆရာအတွက် အိ(စ်)ဘုံးမြို့က အဝေးပြော တယ်လီဖုန်းလာနေတယ် ဆရာ၊ အိ(စ်)ဘုံးမြို့ ရဲတပ်ဖွဲ့က အင်စပက်တော်ချုပ် မစ္စတာလိက်ကဆရာနဲ့ ပြောချင်လို့ပါတဲ့"

"အေး...အေး၊ ဆက်ပေးလိုက်ပါကွာ"

"မစ္စတာ ဘို(လ်)ထရီလား ခင်ဗျာ၊ ကျွန်တော်က အိ(စ်)ဘုံးမြို့က ရဲတပ်ဖွဲ့က အင်စပက်တော်ချုပ် လိက်ပါ ခင်ဗျား"

"ဟုတ်ကဲ့ မစ္စတာ လိက်၊ ပြောပါခင်ဗျာ"

"ကျွန်တော်တို့ အိ(စ်)ဘုံးဘက်မှာ မစ္စတာဘို(လ်)ထရီတို့ အလိုရှိနေတဲ့ ပရက်ဆက်နဲ့ သူ့အမျိုးသမီး မိုင်ရာဘွန်းတို့နဲ့ ပုံသဏ္ဌာန်ချင်းတူတဲ့ လူနှစ်ဦးကို တွေ့လိုက်ရတယ်ဆိုတဲ့ သတင်းရကြောင်း ပြောချင်လို့ပါ၊ မနက်ရှစ်နာရီ လောက်က တွေ့လိုက်ရတယ်လို့ ဆိုပါတယ်"

နယ်ဘက် ရဲတပ်ဖွဲ့များကို အထင်သေးသောစိတ်ရှိသည့် ဘို(လ်)ထရီက တဟားဟားရယ်ရင်းဖြင့် ပြန်ပြောသည်။

"ဟုတ်လား၊ အင်း ...သတင်းတွေကတော့ အမျိုးမျိုးလာနေတာပဲဗျ မြောက်ပိုင်းက နယူးကာဆယ်မှာ တွေ့တယ်လို့လဲ ပြောကြတယ်၊ ပြင်သစ်ပြည် ဘက်မှာတောင်တွေ့တယ်ဆိုပဲ"

တစ်ဘက်မှ ပြောနေသူ အင်စပက်တော် လိက်မှာ အလှောင်ခံလိုက်ရသဖြင့် အနည်းငယ်အောင့်သွားသည်။ ထို့ကြောင့်ခပ်ဆတ်ဆတ်ပြန်၍ ပြောလိုက်သည်။

"ဒါတော့ မသိဘူးဗျာ၊ ကျွန်တော်ကတော့ ဝတ္တရားအတိုင်း သတင်းပို့တာ ပါပဲ"

သူပြောလိုက်သည်မှာ အနည်းငယ်လွန်သွားမှန်း သတိပြုလိုက်မိသဖြင့် အင်စပက်တော် ဘို(လ်)ထရီက အင်စပက်တော် လိက်အား ပြန်၍ချော့သည်။

"ကျွန်တော်က အဖြစ်ကိုပြောပြတာပါဗျာ၊ ခင်ဗျားတို့ရတဲ့ သတင်းကလေးကို ပြောပါ၊ ကျွန်တော်လိုက်မှတ်ထားပါ့မယ်"

အင်စပက်တော် လိက်က သူတို့ရရှိသည့် သတင်းကို ပြောပြသည်။ သူပြောသည့်အတိုင်း ဆိုသော် အသက်ငါးဆယ်ခန့် ယောကျ်ားတစ်ယောက်နှင့် ထိုလူထက်တော်တော်ကလေးအသက်ငယ်သည့်မိန်းမတစ်ယောက်တို့သည် အိ(စ်) ဘုံးမြို့ ပင်လယ်ကမ်းခြေအနီးရှိ ရပ်ကွက်မှ၊ ဈေးပေါသော တည်းခိုခန်း တစ်ခုတွင် တည်းခိုသွားကြောင်း၊ သူတို့သည် စနေနေ့ညနေပိုင်းတွင် ရောက်လာပြီး နှစ်ညအိပ်သွားကြကာ၊ ထိုနေ့နံနက်ပိုင်းတွင် အလျင်စလို ထွက်ခွာသွားကြကြောင်း သတင်းစာထဲမှ ရုပ်ပုံနှင့် ဆင်တူသလိုလိုရှိသော်လည်း၊ ရုပ်ရည်ပို၍ ရင့်သည်ဟု အိမ်ခန်းရှင် မိန်းမကြီးကပြောကြောင်း၊ သူတို့ပြောသွားသည့်အတိုင်းဆိုလျှင် ဟောစတင်မြို့ကို ဝင်မသွားပြီးမှ၊ လန်ဒန်မြို့သို့ဆက်၍ သွားမည် ဆိုကြောင်း ဟူ၍ ဖြစ်၏။

ဘို(လ်)ထရီက ဖြတ်၍ မေးလိုက်သည်။

"သူတို့မှာ အိတ်တွေဘာတွေ ပါသေးတဲ့လားဗျ"

"ပါတယ်တဲ့"

"အိတ်အသစ်လား"

"မဟုတ်ဘူး၊ ခပ်ဟောင်းဟောင်း အနက်ရောင်တစ်ခုတဲ့၊ ကျောပိုးအိတ် ခုတဲ့"

"ဟုတ်လား၊ ပရက်ဆက်မှာ ပါသွားတာက လက်ဆွဲသေတ္တာ အညိုရောင် အသစ်ပဲဟာ"

ဘို(လ်)ထရီအား လိက်က လှောင်တောင်တောင်အသံမျိုးဖြင့် ပြန်ပြော လိုက်သည်။

"ပရက်ဆက်က လူအ,မှ မဟုတ်ဘဲဗျ။ သူနဲ့ပါလာတဲ့ အိတ်ကိုဆက်ပြီး ကိုင်နေပါ့မလား၊ လွှင့်ပစ်လိုက်ပြီးရောပေါ့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျားတို့ ရှေ့ဆက်ပြီး ဘာများလုပ်ထား ကြသလဲ၊ အဲဒါကလေးပြောပြစမ်းပါဦး"

"ဘူတာရုံတွေမှာလိုက်ပြီး ကျွန်တော့် ရဲသားတွေကို ယူနီဖောင်းနဲ့တစ်မျိုး၊ အပ်ဝတ်နဲ့တစ်မျိုး တာဝန်ချထားတယ်ဗျာ၊ ဒါပေမဲ့ သူတို့နဲ့ဆင်တူတဲ့ စုံတွဲ ကတော့ မတွေ့ရသေးပါဘူး"

"သူတို့က လူချင်းခွဲသွားလို့ ခင်ဗျားလူတွေ မျက်ခြည်ပြတ်သွားတာ နေမှာ ပေါ့ဗျ၊ ကျောပိုးအိတ်လွယ်ထားတဲ့ လူတွေကကော တွေ့ရလား"

"ဟား...ဟား ...ဟား...တွေ့ရပါ့ဗျာ၊ လူပေါင်း လေးရာကျော်လောက် တော့ ရှိမယ်"

အင်စပက်တော် ဘို(လ်)ထရီက အံ့ဩသည့်အသံဖြင့် ပြန်၍ မေးလိုက်သည်။

"ဘာပြောတယ်ဗျ"

"ဪ ဒီလိုပါ၊ မစ္စတာ ဘို(လ်)ထရီ၊ ဒီနှစ်ရာသီမှာ ကျောပိုးအိတ်ကို လွယ်ပြီး အပန်းဖြေခရီးထွက်ကြတာက ဖက်ရှင်ဖြစ်နေတယ်လေဗျာ၊ အဲဒီတော့ ဘူတာရုံတိုင်း၊ သင်္ဘောဆိပ်တိုင်းမှာ အဲသလို ကျောပိုးအိတ်လွယ်ထားတဲ့ လူတွေ အများကြီးပေါ့ဗျ"

ဤနေရာတွင် နေပြည်တော် စုံထောက်ကျော်ကြီးမှာ ခံသွားရသည်။ ထို့ကြောင့် အရှက်ပြေ အသောကလေးဖောက်၍ ဘို(လ်)ထရီ ပြန်ပြောလိုက်ရသည်။

"အေးဗျ၊ ဒီအချက်ကို ကျွန်တော်သတိမထားလိုက်မိဘူး၊ ဒီတစ်ချီတော့ ချုပ်ခဲ့ရတဲ့အလှည့်ပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ အိ(စ်)ဘုံးကလာတဲ့ ရထားတွေကို စောင့်ကြည့်ဖို့တော့ တာဝန်ချထားလိုက်ပါမယ်၊ ဒါပေမဲ့ ပရက်ဆက်ဟာ လန်ဒန်ကိုတော့ ပြန်လာမယ်မထင်ပါဘူး၊ တကယ်သာပြန်လာမယ်ဆိုရင် သူပြန်လာမယ့်အကြောင်းကို၊ တည်းခိုအိမ်ရှင်မိန်းမကြီးကို ဘယ်ပြောသွားပါ့မလဲ"

အင်စပက်တော် လိက်က ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ လေဖမ်း ဝရမ်းချည်သလိုဖြစ် ..."

အင်စပက်တော် လိက်က ပြော၍ မဆုံးသေးမီ၊ အင်စပက်တော် ဘို(လ်)ထ ... က သူကိုင်ထားသော စကားပြောခွက်ထဲသို့ ပြောလိုက်၏။

"ဒါပေါ့ဗျ၊ လေဖမ်း ဝရမ်းချည်သလို ဖြစ်နေမှာပါ၊ ဒါပေမဲ့ လန်ဒန်က ... နေပြီးတော့ လုပ်စရာရှိတာတွေ ကျွန်တော်လုပ်ထားလိုက်ပါ့မယ်၊ ဒါထက် လန်ဒန်က ညနေပိုင်းထုတ်သတင်းစာတွေ အိ(စ်)ဘုံးကို ဘယ်အချိန်လောက် ရောက်လေ့ရှိသလဲဗျ"

"နေ့လယ်လောက်ဆိုရင် ရောက်ပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ပရက်ဆက်ကို အိ(စ်)ဘုံး၌ တွေ့ရသည်ဟု ယူ... ရခြင်း'ဆိုတဲ့ ခေါင်းစဉ်သတင်းထည့်နိုင်းလိုက်မယ်၊ အဲဒီလိုဆိုရင် ခင်ဗျားဆီ ... သတင်းပေးဖို့ တယ်လီဖုန်းဆက်တာတွေတော့ ခဏခဏ ရောက်လာမှာ... ပရက်ဆက်နဲ့တူတဲ့ လူတစ်ယောက် ဘယ်နေရာမှာ တွေ့ရပါတယ်ပေါ့ဗျာ၊ ဌာနချု... မှာတော့ အဲဒီသတင်းမျိုး ခဏခဏလာနေလို့ ကျွန်တော့်လူတွေ ကောင်းကောင်း... တောင် အလုပ်မလုပ်ရဘူး၊ တခြားကော ဘာအစီအစဉ်တွေ လုပ်ထားသလဲ"

"ဘူတာရုံမှာ ကျွန်တော့်လူတွေကို စောင့်ကြည့်နိုင်းထားတယ်၊ ပြီးတော့"

ဤတစ်ကြိမ်တွင်လည်း အင်စပက်တော် လိက်မှာ စကားကိုဆုံးအောင် မပြောရရှာပြန်ပေ။ သူများကို အလွှန်ဆရာလုပ်ချင်သည့် ဘို(လ်)ထရိုက ဖြတ်၍ ပြောလိုက်ပြန်သည်။

"ခင်ဗျားတို့ အိ(စ်)ဘုံးကနေပြီး၊ ပြင်သစ်ဘက်ကမ်းက ဘိုလုံးကို၊ အ... ခရီးထွက်တဲ့ သင်္ဘောတွေမရှိဘူးလား"

"ရှိထယ်ဗျ၊ ဒါကြောင့် ကျွန်တော်လဲ..."

အင်စပက်တော် လိက်၏ စကားမဆုံးမီ တစ်ဘက်မှ ဘို(လ်)ထရိုကဖြတ်၍ ပြောလိုက်ပြန်သည်။

"ကျွန်တော်က ဒီလိုစဉ်းစားနေတာဗျ၊ ပရက်ဆက်ဆိုတာဟာ ခင်ဗျားတို့ အိုင်(စ်)ဘုံးမြို့ကို ဘာဖြစ်လို့လာရမှာလဲ၊ ပင်လယ်ကမ်းခြေမှာလုပ်တဲ့ ဘင်ခရာ တီးဝိုင်းကို လာနားထောင်ဖို့သက်သက်အတွက်လာမှာတော့ မဟုတ်တာ သေချာ တယ်၊ အဲဒီတော့ သဘောဆိပ်မှာကော စောင့်ကြည့်ခိုင်းဖို့လိုမယ်၊ ခိုင်းပြီးပြီလား"

"ပြီးပါပြီ"

"ဘရိုက်တန်နဲ့ ဟောစတင် ရဲတပ်ဖွဲ့တွေကိုကော အကြောင်းကြားပြီးပြီလား"

"ပြီးပါပြီ"

"ပြင်သစ်ပြည်ဘက်ကို ကူးဖို့ ဘရိုက်တန်နဲ့ ဟောစတင် အပြင်၊ တခြား ဘယ်နေရာက သွားနိုင်သေးသလဲဗျ"

"နယူးဟေဗင်ရယ် နောက်ပြီး..."

ဤတစ်ကြိမ်တွင်လည်း ဘို(လ်)ထရိုက လိုက်၏ စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်၍ပြောပြန်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ နယူးဟေဗင်လဲ ကောင်းကောင်းဖြစ်နိုင်တယ်၊ ဒီလိုလုပ်ဗျာ၊ အကြောင်းထူးရင် ဖုန်းထပ်ဆက်ပေါ့ ဟုတ်လား၊ ကျွန်တော်လဲ ဒီနေ့ချုပ်မှာ အတော်ကလေးအလုပ်များနေတယ်၊ သတင်းအတိအကျရရင်တော့ ကျွန်တော်ကိုယ်တိုင် ဆင်းလာခဲ့ပါ့မယ်၊ အခုလို အရိပ်ကို လေနဲ့ ဖမ်းနေရတာ မျိုးလောက်နဲ့တော့ လာလို့မဖြစ်သေးဘူး"

ဤသို့လျှင် အပေါ်ယံလေဖြင့် ပြောပြီးနောက်၊ အင်စပက်တော် ဘို(လ်)ထရိုက တယ်လီဖုန်းကိုချလိုက်သည်။

ပထမအကြိမ် ပြောပြီးသွား၍ လေးနာရီခန့်အကြာတွင်၊ အိုင်(စ်)ဘုံးမှ တယ်လီဖုန်းပြန်လာသည်။ ဤအကြိမ်တွင်လည်း တစ်ဘက်မှ ပြောသူမှာ အင်စပက်တော် လိုက်ပင်ဖြစ်သည်။ အင်စပက်တော် ဘို(လ်)ထရိုသည်လည်း သူ၏ အလုပ်စားပွဲပေါ်တွင်ပင် ထိုင်နေဆဲဖြစ်သည်။

ဤတစ်ကြိမ်တွင် အင်စပက်တော် လိုက်ထံမှ သတင်းမှာ ပို၍တိကျ လာသည်။ ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့၏ ပုံသဏ္ဌာန်များနှင့်တူသော စုံတွဲတစ်တွဲကို လူပြတ်သော ပင်လယ်ကမ်းခြေချောက်ကမ်းပါးအနီးအနားတွင် တွေ့လိုက်ရကြောင်း၊ နံနက်ကိုးနာရီခန့်တွင် ဖြစ်ကြောင်း၊ သူတို့သည် ကျောပိုးအိတ် ကိုယ်စီလွယ်ထားကြပြီး၊ လက်ဆွဲအိတ်အနက်တစ်လုံးကိုလည်း ဆွဲလာကြသည်ကို တွေ့ရကြောင်း ဟူ၍ ဖြစ်၏။

အင်စပက်တော် ဘို(လ်)ထရိုက သူထင်သည့်အချက်ကို မေးလိုက်သည်။

"အိ(စ်)ဘုံးကနေပြီး ဘရိုက်တန်ကို ခြေကျင်လျှောက်သွားနိုင်မလား"

"နှစ်ဆယ့်ငါးမိုင်ခရီးကို လျှောက်နိုင်မယ်ဆိုရင်တော့ လျှောက်လို့ရ... ပေါ့ဗျာ"

တစ်ဘက်မှ ပြောနေသူ အင်စပက်တော် လိဂ် ပြောနေသော အချက်များ... မည်မျှပင် နိုင်လုံနေစေကာမူ၊ နယ်ရဲများကို အထင်သေးစိတ်ရှိနေသည့် ဌာန... အင်စပက်တော် ဘို(လ်)ထရိုက၊ ရာနှုန်းပြည့် လက်ခံပုံ မပြပေ။

"ဒါပေမဲ့ ခင်ဗျားပြောတဲ့ စုံတွဲကလဲ ပရက်ဆက်နဲ့ မိုင်ရာဘွန်းတို့ စုံတွဲ... ဟုတ်ပါ့မလားလို့ ကျွန်တော် စဉ်းစားနေတယ်"

"မဟုတ်ဘူးလို့ ခင်ဗျားက ထင်နေရင် ဟုတ်နိုင်တဲ့အချက်တွေကို ကျွန်တော်... ရှင်းပြမယ်ဗျာ၊ ကဲ...သူတို့ တည်းခဲ့တဲ့ တည်းခိုအိမ်က မိန်းမကြီးကို သူတို... ပြောသွားတာက၊ သူတို့ဟာ ဟေစတင်ကို ပထမသွားဦးမယ်တဲ့။ အခု သူတို့ကို... တွေ့လိုက်တဲ့နေရာက ဘီချီဟက် ဆိုတဲ့နေရာ၊ ဟေစတင်ကိုသွားတဲ့ လမ်းမဟုတ်... ဘူး၊ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ တခြားလူတွေသာဖြစ်ရင် ဟေစတင်ကိုသွား... ရည်ရွယ်ချက်မရှိဘဲနဲ့ ဘာဖြစ်လို့သွားမယ်လို့ ပြောခဲ့မှာလဲ၊ ဒီအချက်ကို စဉ်း... ကြည့်ရင်၊ သူတို့သွားမယ့် နေရာကို ဖုံးကွယ်လိုတဲ့ ရည်ရွယ်ချက်နဲ့၊ လိုးလွဲပြောခဲ့... မထင်ရှားဘူးလား၊ ဒီလိုပြောဖို့ကလဲ ပရက်ဆက်တို့ပဲ ရှိမှာပေါ့၊ မဟုတ်ဘူးလား"

ဘို(လ်)ထရို ဆိုသော ပုဂ္ဂိုလ်သည် အလွန်လည်ကွက်များသူဖြစ်... တစ်ဘက်မှ အင်စပက်တော် လိဂ်၏ ပြောစကားများမှာ အကျိုးအကြောင်း... နိုင်လုံနေသဖြင့် လက်ခံရမည့်အခြေအနေရှိလာသည့်အခါတွင် ရိုးရိုးသား... ဖြင့် လက်မခံ၊ သူလည်း ဤအချက်ကို စဉ်းစားမိပါတယ် ဟူသောပုံဖြင့် ဝင်... ရောလိုက်သေးသည်။

"ဟုတ်တယ်ဗျို့၊ ကျွန်တော်လဲ အဲဒီလို စဉ်းစားမိတယ်၊ အခု ခင်ဗျား... ဘယ်လိုအစီအစဉ်တွေ လုပ်ထားသလဲဗျ၊ အဲဒီ ဘီချီဟက် အနီးအနား... ချောက်ကမ်းပါးတွေကို ပိုက်စိပ်တိုက် ရှာနေပြီလား"

"နေရာက ကျယ်တော့ တစ်ဝက်လောက်တောင် မရှာရသေးပါဘူး... ရသမျှလူတွေနဲ့တော့ လိုက်ရှာနေတာပဲ၊ နယူးဟေဗင်နဲ့ ဘရိုက်တန်ဘက်ကို... ဝိုင်းရှာနေကြပါတယ်"

"ဟန်ကျပြီဗျို့၊ ကျွန်တော် အခုပဲ လာခဲ့ပါမယ်၊ အမြန်မောင်းလို့ရ... ကားတစ်စီးဆွဲလာခဲ့မယ်၊ ဒီလိုနေရာမျိုးမှာတော့ ရထားတွေမှာ သိပ်လူကျပ်တယ်"

"နောက်တစ်ချက်ပြောဖို့ ကျန်သေးတယ်ဗျို့၊ ကျွန်တော်ရဲ့ အိ(စ်)ဘုံးမြို့နားမှာ နေတဲ့ မေဂျာဖော်ဂါတီက ပြောတယ်၊ သူ့မှာ အမဲလိုက်ခွေး ကောင်းကောင်း ကောင်ရှိပါတယ်တဲ့၊ တရားခံကို ရှာတဲ့နေရာမှာ သုံးဖို့လိုရင် သူကိုယ်တိုင် လိုက်ပါကူညီမယ်လို့ ပြောထားတယ်၊ အဲဒါ ခင်ဗျားအနေနဲ့ ကြိုက်ရင်လဲ ပေါ့ဗျာ၊ အဲ့ဒီမေဂျာဖော်ဂါတီဆိုတဲ့ လူကြီးကတော့၊ ညနေပိုင်းထုတ် သတင်းစာတွေထဲမှာ ပရက်ဆက်ရဲ့အကြောင်းတွေကို ဖတ်ပြီးကတည်းက၊ သူ့ အကူအညီကိုလိုချင်ရင် ရနိုင်တဲ့အကြောင်း၊ ကျွန်တော်တို့ဆီကိုလှမ်းပြီးအကြောင်း ကြားထားတယ်၊ အင်းလေ...သူတို့လို လူမျိုးတွေက ငွေကြေးချမ်းသာပြီး လူက အားနေတော့၊ ဒီလိုကိစ္စမျိုးကို လိုက်လုပ်ပေးရရင်၊ သူတို့အတွက် အပျင်းပြေ တာပေါ့"

"ကောင်းပြီလေ၊ ခင်ဗျားလဲ သဘောတူမယ်ဆိုရင် သူ့အကူအညီကို ယူတာပေါ့၊ ကျွန်တော် အခုထွက်လာခဲ့ပါ့မယ်"

ယခုဆိုလျှင် ဌာနချုပ် အင်စပက်တော်ကြီး ဘို(လ်)ထရီသည် အင်စပက်တော် ကြီး လိုက်အား အထင်မသေးရဲတော့ပေ။

ဘို(လ်)ထရီသည် စိတ်အလွန်ပျော်နေသည်။ ဝရမ်းပြေး ပရက်ဆက်ကို ယနေ့ညတွင်ပင် ဖမ်းမိနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

"အင်း...ဒီညသာ ဖမ်းမိလိုက်ရင်တော့ကွာ၊ သတင်းစာတွေထဲမှာ 'စကော့ တလန် ယာဒ်စုံထောက်ဌာနချုပ်က လက်ဦးသွားခြင်း၊ ဝရမ်းပြေး 'ပရက်ဆက်' ဆက်၍ မပြေးနိုင်တော့'လို့ ပါလာမှာ အသေအချာပဲ၊ ဌာနချုပ်မှ အင်စပက်တော် ချုပ် ဘို(လ်)ထရီ၏ ကြိုးပမ်းမှုကြောင့်ဆိုတာကလဲ ပါရမှာပဲ၊ အင်းလေ... အိ(စ်)ဘုံး ရဲတပ်ဖွဲ့က အင်စပက်တော်ချုပ် လိုက်ကိုလဲ ထည့်ပြီးဖော်ပြရဦးမှာပေါ့' အင်း...လိုက် ဆိုလို့၊ အခုမှ စဉ်းစားမိတယ်၊ သူ့ထက်တော့ ငါက ဦးမှဖြစ်မယ်"

အင်စပက်တော် ဘို(လ်)ထရီသည် စိတ်ကူးယဉ်နေရာမှ အမြန်ဆုံးထွက်ခွာ ရန်လိုကြောင်း သတိရလာသဖြင့်၊ တပည့်ကျော် ဆာဂျင်ဒွိုင်ယာအား သူ့ထံသို့ ချက်ချင်းလာရန် လူလွှတ်ခေါ်ခိုင်းလိုက်သည်။

ဆာဂျင်ဒွိုင်ယာ ရောက်လာသည်နှင့် တစ်ပြိုင်နက်၊ ဆရာတပည့်နှစ်ဦးသည် အမြန်မောင်း ကားတစ်စီးဖြင့် အိ(စ်)ဘုံးမြို့သို့ ထွက်လာခဲ့ကြ၏။

နှစ်နာရီခန့် သွက်သွက်ကလေး မောင်းလိုက်သည့်အခါ၌ အိ(စ်)ဘုံးမြို့သို့ ရောက်လာခဲ့၏။ မြို့တော်ခန်းမနှင့် ကပ်လျက်သားရှိနေသော အိ(စ်)ဘုံး မြို့မရဲစခန်း ဝင်းတွင် ကားထိုးဆိုက်ကာ အတွင်းသို့ ဝင်လာခဲ့ကြသည်။

အတွင်းသို့ဝင်သည့် တံခါးမကြီးအနီးတွင် အရပ်မြင့်မြင့် လူလုံးလူ
တောင့်တောင့် ဆံပင်ဖြူနေသော အရပ်ဝတ်ဖြင့် လူတစ်ယောက်ကိုတွေ့ရ
ထိုလူသည် ရဲယူနီဖောင်းဝတ်ထားသည့် တာဝန်ကျ တပ်ကြပ်ကြီးကို စကား
ပြောနေသည်။

အကင်းပါးသော ဘို(လ်)ထရီက ထိုပုဂ္ဂိုလ်၏ ဟန်ပန် အမူအရာ
ကြည့်ကာ၊ ထိုလူသည် အင်စပက်တော် လိက် ဖြစ်လိမ့်မည်ဟု ထင်လိုက်သည်။

ဘို(လ်)ထရီ ထင်သည့်အတိုင်း မလွဲပါပေ။ ထိုပုဂ္ဂိုလ်ကပင် ဘို(လ်)ထရီ
နှုတ်ဆက်လိုက်၏။

"အင်စပက်တော် မစ္စတာ ဘို(လ်)ထရီမှတ်တယ်၊ လာ … လာ … ခင်ဗျား
တယ်လီဖုန်းက ပြောပြီးနောက်၊ ထူးခြားတဲ့ အချက်တွေကို နောက်ထပ်သိရ
တယ်ဗျ၊ အခုအတိုင်းဆိုရင်တော့ ကျွန်တော်ပြောခဲ့တဲ့ စုံတွဲဟာ ပရက်ဆက်
မိုင်ရာဘွန်းဖြစ်ကြောင်း သေချာသွားပြီ၊ အခုဆိုရင် ကျွန်တော့်လူတွေ
ပရက်ဆက်ရဲ့ မူလလက်ဆွဲသေတ္တာ အသစ် အညိုရောင်ကို ချုပ်တစ်ခုထဲ
တွေ့ခဲ့ကြတယ်"

ဘို(လ်)ထရီက ထခုန်တော့မလောက်နီးနီး ဝမ်းသာစွာဖြင့် ပြန်ပြောသည်။

"ဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျားမလာမချင်း အဲဒီသေတ္တာကို လက်ရာခြေရာ မပျက်
စေရအောင် တွေ့တဲ့နေရာမှာဘဲ နဂိုအတိုင်းထားဖို့ အမိန့်ပေးထားပါတယ်"

"ဒီလို သေတ္တာကိုပါ တွေ့ရတယ်ဆိုရင်တော့၊ ခင်ဗျားပြောတဲ့ အမဲလိုက်
ခွေးတွေကို သုံးဖို့ အခွင့်အရေးပဲဗျ"

"ဟုတ်တယ်ဗျ"

"မြန်လေ ကောင်းလေပဲဗျ"

အင်စပက်တော် လိက်က သူ၏ တပည့်တစ်ဦးကို အော်၍ပြောလိုက်သည်။

"ဖောင်လာရေ… တာဝန်ကျ တပ်ကြပ်ကြီးကို ပြောလိုက်ကွာ၊ တို့လာမယ့်
အကြောင်း မေဂျာဖော်ဂါတီကို ဖုန်းဆက်အကြောင်းကြားထားပါလို့ … ဟုတ်လား"

ထို့နောက်တွင်ကား အင်စပက်တော် ဘို(လ်)ထရီ၊ အင်စပက်တော့်လိက်နှင့်
ဆာဂျင်ဒွိုင်ယာတို့က၊ ဘို(လ်)ထရီ၏ ကားဖြင့်၊ မေဂျာဖော်ဂါတီ၏ အိမ်ကြီးသို့
ထွက်လာခဲ့ကြ၏။ အိ(စ်)ဘုံး ရဲတပ်ဖွဲ့မှ ကားတစ်စီးဖြင့် ကျန်လူများက နောက်က
လိုက်လာခဲ့ကြသည်။

**စိတ်ကူးချိုချို**

ကားပေါ်တွင် အင်စပက်တော် လိက်က အင်စပက်တော် ဘို(လ်)ထရိုကို ကြည့်သည်။

"ဒါထက် အင်စပက်တော်ကြီးက မေဂျာဖော်ဂါတီနဲ့ အတူတူလိုက်သွားမှာလား"

မိုက်အနည်းငယ် ရွှဲစပြုနေပြီဖြစ်သော ဘို(လ်)ထရိုက သူ၏ ကြံ့ခိုင်မှု အခြေအနေကောင်းကြောင်း ခပ်ကြွားကြွားပြန်၍ဖြေ၏။

"ရပါတယ်၊ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ကြံ့ခိုင်အောင် အမြဲလေ့ကျင့်ထားတာဗျ၊ ကျွန်တော် ငယ်ငယ်တုန်းကဆိုရင် အားကစားဘက်မှာ ဆုတွေ၊ ဘာတွေ ရခဲ့ဘူးတာပဲ"

"ဒီလိုဆိုရင် ကောင်းပါလေရဲ့ဗျာ၊ ကျွန်တော်ကတော့ တောင်ကုန်းတွေပေါ်ကို ဆိုက်ဘီဆင်းနဲ့မို့ မလိုက်တော့ဘူး၊ ခင်ဗျားသာ မေဂျာဖော်ဂါတီနဲ့ ကြည့်ပြီး ပြန်သွားပေတော့၊ ဒီလူကြီးကတော့ ပရက်ဆက်အပေါ်မှာ အတော့်ကို သဲကြီးမဲကြီး ရှိ"

ဘို(လ်)ထရိုကလည်း ပရက်ဆက်အပေါ်၌ စေတနာမရှိသူပီပီ၊ သူနှင့် မေဂျာ ဖော်ထားချင်းတူကြောင်း ပြန်ပြောလိုက်၏။

မေဂျာဖော်ဂါတီ၏ အိမ်ကြီးသို့ ရောက်သောအခါတွင်၊ မေဂျာကြီးသည် အလိုက် ဝတ်စုံကို ဝတ်လျက်၊ မာန်ဖီနေသော ခွေးနှစ်ကောင်ဖြင့် အဆင်သင့် စောင့်နေလေပြီ။

အင်စပက်တော်လိက်က ဘို(လ်)ထရိုအား၊ မေဂျာဖော်ဂါတီနှင့် မိတ်ဆက်ပေး၏။

"အခု ခင်ဗျားတို့ ပြောတဲ့ လက်ဆွဲသေတ္တာကို အဲဒီဝရမ်းပြေးက စွန့်ပစ်သွားတာ ဘယ်နှစ်နာရီလောက် ကြာပြီလဲဗျ"

လိက်က ပြန်ဖြေသည်။

"အသေအချာတော့ မပြောနိုင်ဘူးခင်ဗျာ၊ ဒီနေ့မနက် ကိုးနာရီလောက်မှာ စွန့်ပစ်ခဲ့တယ်လို့ ယူဆရတာပဲ"

"ဟင်... ဒီလိုဆိုတော့ ခုနစ်နာရီတောင် ကြာသွားပြီပဲ၊ သိပ်တော့ မလွယ်တဲ့ အလုပ်ပဲဗျို့၊ သေတ္တာမှာ စွဲနေတဲ့အနံ့ကအတော့်ကို ပြင်းမှ လိုက်ရတာလွယ်မှာ..."

မေဂျာဖော်ဂါတီသည် မြို့နယ် မျက်နှာဖုံး ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက် ဖြစ်နေသဖြင့်၊ လေးလေးစားစား ဆက်ဆံပြောဆိုရ၏။

"ဟုတ်ကဲ့ခင်ဗျာ၊ မေဂျာအနေနဲ့ အပန်းမကြီးဘူးဆိုရင်၊ အင်စပက်တော်... ဘို(လ်)ထရိုရဲ့ကားနဲ့ လိုက်ပါခင်ဗျာ၊ တကယ်တော့ ဒီကိစ္စမှာ သူက တာဝ... ဖြစ်ပါတယ်၊ ကျွန်တော်ကတော့ နောက်ကားနဲ့ လိုက်ပါမယ်"

"ကောင်းပြီလေ၊ ကျုပ်ကိုတော့ အားမနာပါနဲ့၊ ခင်ဗျားတို့ လုပ်စေချင်တာ... ကိုသာပြောပါ၊ ကျုပ်ခွေးနှစ်ကောင်ကတော့ အားကိုးရပါတယ်"

ထို့နောက်တွင်ကား ဘို(လ်)ထရို၏ ကားက ဦးဆောင်၍၊ လက်ဆွဲသေတ္တာ... တွေ့ခဲ့သည့် နေရာဘက်သို့ ထွက်ခွာလာခဲ့ကြလေသည်။

မေဂျာဖော်ဂါတီကမူ နှုတ်မှ တဖျစ်တောက်တောက် ရေရွတ်နေသည်။

"ဒီလို လူအုပ်ကြီးနဲ့ဆိုရင် ခွေးတွေက ဘယ်လိုလုပ် အနံ့ခံလို့ ရမှာ... တယ်ခက်တဲ့ လူတွေပဲ"

အင်စပက်တော် ဘို(လ်)ထရိုက ပေါ(လ်)ပရက်ဆက် ထားခဲ့သော... လက်ဆွဲသေတ္တာကို ပြပြီးနောက် အလိုက်တသိ ပြောလိုက်သည်။

"ဟောဒီ သေတ္တာပဲဗျ၊ ရှေ့ဆက်လုပ်ဖို့တော့ မေဂျာကပဲ ကြီးကြပ်ကွပ်... သွားဖို့ပါပဲ"

မေဂျာဖော်ဂါဘီက သေတ္တာကို ဖွင့်ခိုင်းသဖြင့် အရပ်ဝတ်ဖြင့် စုံထောက်... တစ်ယောက်က ဖွင့်ပြသည်။ သေတ္တာထဲတွင် ဘာမျှမရှိပေ။

မေဂျာဖော်ဂါတီက စိတ်တိုစွာဖြင့် ပြောလိုက်သည်။

"ကျုပ်ထင်တဲ့အတိုင်းပါပဲ၊ သေတ္တာထဲမှာ ဘာမျှမရှိဘူး၊ ကဲ... အခု... ကုန်ပါတယ်၊ ကျုပ်ခွေးတွေကို သေတ္တာထဲက အနံ့ခံခိုင်းရမှာပဲ၊ လာ... ...ဟေ့ကောင်တွေ အထဲကို နမ်းကြစမ်း"

ခွေးနှစ်ကောင်ကလည်း သခင်ခိုင်းသည့်အတိုင်း၊ သေတ္တာအတွင်းဘက်သို့... နှာခေါင်းများကို ထိုးသွင်းလျက် အနံ့ခံကြသည်။

ပထမတွင်တော့ ထူးထူးခြားခြား မရှိလှ။ ခဏကြာသည့်အခါတွင်ကား... 'ဝိ(လ်)ဖူးလ်'အမည်ရှိသော ခွေးက တဝုတ်ဝုတ်ဟောင်ကာ သူ့အား ချည်ထားသော... ကြိုးမှ အတင်းရုန်းထွက်၏။

မေဂျာကလည်း စိတ်အားထက်သန်စွာ အော်ပြောလိုက်သည်။

"အနံ့တော့ရပြီဗျို့၊ ဒီကောင်တွေ နောက်ကို လိုက်ကြဖို့ပဲ"

ပြောပြောဆိုဆိုနှင့် ခွေးနှစ်ကောင်က ရှေ့မှ အတင်းပြေး၊ မေဂျာဖော်ဂါတီက... ခွေးများအား ချည်ထားသော သံကြိုးကို နောက်မှဆွဲလျက်၊ ယက်ကန်ယက်ကန်... လိုက်သွားလေတော့သည်။ ခဏကြာသော် သူတစ်ယောက်တည်းဖြင့် မနိုင်သော...

ကြောင့်၊ မေကျာဖော်ဂါတီက ခွေးတစ်ကောင်၏ သံကြိုးကို၊ သူ့ဘေးမှယူ၍လိုက်သည့် အသက်ငယ်ငယ် စုံထောက်အရာရှိကလေးကို ပေးလိုက်ရတော့သည်။

ဘိုဲ(လ်)ထရီ အပါအဝင်ကျန်သောသူများက နောက်မှ တသီတတန်းကြီး သွားကြလေ၏။

# {၆}

ပေါ(လ်)နှင့်မိုင်ရာတို့သည် အိ(စ်)ဘုံးမြို့မှ ရထားတစ်စီးစီးခဲ့၍ ဘရိုက်တန်မြို့ကို လာခဲ့ကြပြီးနောက်၊ နေရာခွဲ၍ တည်းကြ၏။

ယခု သူတို့နှစ်ဦးတွေ့ကြရန် ချိန်းထားသည့်နေရာသည်၊ ဘရိုက်တန်မြို့နှင့် (ဗ်)မြို့နှစ်မြို့၏ နယ်နိမိတ်ဆုံရာ ဒေသတွင်ရှိသော၊ ငြိမ်းချမ်းရေး ကျောက်ရုပ်ကြီး၏ အောက်တွင်ဖြစ်သည်။ ပေါ(လ်)က ဘရိုက်တန်ကမ်းခြေရှိ ပင်လယ်ကမ်းစပ်တွင် ကာထားသော တံတိုင်းတစ်လျှောက်မှနေ၍၊ ငြိမ်းချမ်းရေး ကျောက်ရုပ်ဆီသို့ ဦးတည်၍ လာနေသည်။ချိန်းထားသည့် အချိန်ထက် မိနစ်အနည်းငယ်စောနေသဖြင့်၊ မိုင်ရာ၏ အရိပ်အယောင်ကို မတွေ့ရှိသေးပေ။

ပင်လယ်ကမ်းခြေရှိ သဲသောင်ပြင်ပေါ်တွင် အပန်းဖြေနေကြသူများမှာ တစ်ပုံကြီးပင်။ မည်သူကမျှ ပေါ(လ်)ကို ဂရုထား၍ မကြည့်ကြ၊ စိတ်မလုံဖြစ်နေသော ပေါ(လ်)ကသာ၊ စိတ်ငြိမ်သက်သွားစေရန် စီးကရက်တစ်လိပ်ကို ထုတ်၍ ဖွာလိုက်ရသည်။

သုံးနာရီထိုး တံတိတွင် မိုင်ရာက ဟု(ဗ်)မြို့ဘက်မှနေ၍၊ ငြိမ်းချမ်းရေး ကျောက်ရုပ်ဆီသို့ လျှောက်လာသည်။

မိုင်ရာက သူ့ကို မြင်သော်လည်း မမြင်ချင်ယောင်ဆောင်၍ ဆက်၍ လျှောက်သွားသည်။ ပေါ(လ်)က ကပျာကယာ ပြေးလိုက်သွားကာ၊ မိုင်ရာ၏ နောက်မောင်းကို တို့ကာ 'ဟဲလို'ဟု နှုတ်ဆက်လိုက်၏။

မိုင်ရာထံမှလည်း'ဟဲလို'ဟု နှုတ်ဆက်သံ ထွက်လာသည်။ သို့သော် စိတ်မှုန်ခြင်း၊ စိုးရိမ်ခြင်းတို့ဖြင့် ဖုံးလွှမ်းနေသည်။

ပေါ(လ်)က ပင်လယ်ကမ်းခြေတွင် သွား၍ ထိုင်ကြရန် ပြောသည်ကို မိုင်ရာက ခဏနေပါဦးဟု ပြန်ပြောကာ၊ ပေါ(လ်)အား တည်းခိုရန် အခန်းရမရ မေး၏။

ပေါ(လ်)က 'အိုး(လ်)စတိန်း'ရပ်ကွက်ဘက်ရှိ ဟိုတယ်ခပ်သေးသေးတစ်ခုတွင် အခန်းတစ်ခန်းငှား၍ရကြောင်း ပြန်၍ဖြေ၏။

မိုင်ရာကသူလည်း ကံကောင်းထောက်မသဖြင့် တစ္စာဘရီလမ်းရှိမိန်းကလေး
ဘော်ဒါဆောင်တစ်ခုတွင် အခန်းတစ်ခန်းငှား၍ ရကြောင်းပြောပြ၏။

သို့ဖြင့် သူတို့နှစ်ဦးသားသည် လူများဖြင့် ပြည့်ကျပ်လျက်ရှိသော သဲသော
ပြင်ပေါ်ဘက်သို့ လျှောက်လာကြ၏။ သဲသောင်ပြင်ပေါ်သို့ ရောက်လာသော
လူလွတ်နေသော ပတ္တူဖျင် ပက်လက်ကုလားထိုင်နှစ်လုံးတွင်ဝင်၍ ထိုင်ကြသည်
သူတို့၏ ရှေ့တွင် နေရောင်အောက်တွင် တစ်လက်လက် ဖြစ်နေသော ပင်လယ်
ကြီးရှိသည်။ သူတို့ကို နောက်ဘက်မှ ကြည့်သောသူရှိပါက၊ ကုလားထိုင်ဖျင်
ကွယ်နေသည်ဖြစ်၍၊ သူတို့ ဘယ်သူမှန်း သိနိုင်ရန် အကြောင်းမရှိပေ။ ထို့ကြော
ပေါ(လ်)က စိတ်သက်သာရာရနေသည်။

ပေါ(လ်)က စကားစလိုက်၏။

"မိုင်ရာ…ကိုယ်လေ၊ မင်းကိုသာ ငဲ့ဖို့မရှိဘူးဆိုရင်၊ ကိုယ့်ကိုကိုယ် သတ်သေ
ပဲ၊ ကိုယ်သေသွားရင် မင်းကလေးဒုက္ခရောက်ပြီး ကျန်နေခဲ့မှာကို မှပန်မိလို့
ဒီစိတ်ကူးကို ဖျောက်ထားရတာ"

"အို…ကိုကလည်း၊ သေဖို့အကြောင်းကို မစဉ်းစားပါနဲ့၊ ကျွန်မတို့အ
လမ်းနှစ်လမ်းပဲရှိတယ်၊ တစ်လမ်းက သူတို့လက်က လွတ်အောင် ပြေးနိုင်
နောက်တစ်လမ်းကတော့ သူတို့က ဖမ်းမိသွားမယ် ဒါပဲ၊ အဲသလိုဖမ်းမိသွားရင်
အပြစ်မရှိကြောင်း မြန်လုန်ရှင်းလင်းခွင့်ရတာပေါ့"

"မိုင်ရာပြောသလောက်တော့ မလွယ်ဘူးကွ၊ အယ်လီနာဟာလဲ အဆ
တစ်ခုခုကို စားမိတာ ဖြစ်ချင်လဲဖြစ်နိုင်တယ်ဆိုတော့၊ ကိုယ့်ကိုသာ သူတို့ မိသွား
လွတ်ဖို့လမ်းမရှိသလောက်ပါဘဲ၊ ဒါပေမဲ့ မိုင်ရာပါ ကိုယ့်အတွက် ဝေဖ
ကျွန်ခံရမယ့် အဖြစ်မို့ စိတ်မကောင်းဖြစ်မိတာပါ"

"မိုင်ရာအတွက် သိပ်စိတ်ပူမနေနဲ့လေ၊ အခုဆိုရင် လုံးလုံးကြီး မဟုတ်တော
အတော်ကလေး နေသားကျလာပါပြီ"

"မိုင်ရာ…ကိုယ်စဉ်းစားထားတာကတော့၊ မိုင်ရာ အနေနဲ့ဆိုရင် ဘေ
အန္တရာယ် သိပ်မရှိလှဘူး၊ အဲဒီတော့ ကိုယ်က မိုင်ရာဟာ ဒီအမှုမှာ ဘယ်လို
မပတ်သက်ပါဘူးလို့ ရဲတွေဆီမှာ အာမခံလိုက်ရင် မိုင်ရာအဖို့ ရှင်းသွားမှာပဲ"

မိုင်ရာက ပေါ(လ်)၏ လက်ကို အသာအယာ ပုတ်ကာ သူ၏ စိတ်ထဲ
ရှိနေသော ခံစားချက်ကို ဖွင့်ပြောသည်။ ပတ်ဝန်းကျင်တွင်ကား လူသံ ရွေး
များဖြင့် ဆူညံနေသည်။

"ဒီမှာကို...မိုင်ရာပြောမှာကို သေသေချာချာ နားထောင်ပါနော်၊ ရင်ထဲက ခံစားချက်ကို ဖွင့်ထုတ်ချင်လို့ပါ၊ အခု မိုင်ရာပြောပြမယ့် ဟာကို၊ နဲ့ကိုနဲ့ အိ(စ်)ဘုံးမှာ ခွဲလာကတည်းက စိတ်ကူးမိခဲ့တယ် သိလား၊ တကယ်လို့ ပေါ့လေ၊ တို့ကို သူတို့ မိသွားပြီး သေစားသေစေလို့များ အပြစ်ပေးမယ်ဆိုရင် ကြီးစင်တက်ရတဲ့နေ့မှာ မိုင်ရာလဲကို့ရဲ့နောက်ကို တစ်ခါတည်း လိုက်ခဲ့မယ် ဘာ မြဲမြဲမှတ်ထားပါ"

ပြောရင်းဖြင့် ပေါ(လ်)၏ လက်မောင်းအား သူ၏ သေးသွယ်သော က်ချောင်းများဖြင့် မိုင်ရာက တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ပေါ(လ်)က မိုင်ရာ၏ စကားကို လက်မခံ။

"အို...မဟုတ်တာ မိုင်ရာကလဲ ဘာတွေ လျှောက်ပြောနေတာတုံး"

မိုင်ရာကတော့ မလျှော့။

"ဘာဖြစ်လို့ မဟုတ်ရမှာလဲကိုရဲ့၊ ဒီနည်းနဲ့ သူတို့ကို အနိုင်ယူလိုက်တာပေါ့၊ ယ့်အဖို့ဆိုရင်လဲ ကို ဒီဘဝကို စွန့်ခွာသွားပြီးတဲ့နောက်၊ မိုင်ရာ တစ်ယောက်တည်း ဘ်စီသူငယ်နဲ့ ကျန်နေရမှာ မဟုတ်ဘူးလို့ သိထားရင် စိတ်ခတ်မကျဘူးပေါ့၊ တ်ဘူးလား"

"မဟုတ်ဘူး၊ မိုင်ရာ..."

"ဟုတ် ဟုတ်၊ မဟုတ် ဟုတ် ကျွန်မကတော့ အဲဒီအကြံကို သဘောကျတယ်၊ ဒီလိုပဲလုပ်ချင်တယ်၊ သူတို့ကို တခြားနည်းနဲ့ အနိုင်မယူနိုင်ရင် ဒီနည်းနဲ့ပဲ နိုင်ယူရမယ်"

"ဒီလို မလုပ်လိုက်ပါနဲ့ မိုင်ရာရယ်၊ ...နော်...မလုပ်ပါဘူးလို့ ကိုယ့်ကို ဘိပေးပါလားကွယ်၊ မင်းကလေးဟာ ကိုယ့်အတွက်ဒုက္ခရောက်လှပါပြီ၊ ကယ်လို့ ကိုယ့်အဖို့ ဒီလောကကြီးကို စွန့်ခွာရဖို့ကြုံလာရင်၊ စိတ်အေးချမ်းသာနဲ့ န့်ခွာသွားပါရစေလားကွယ်၊ မိုင်ရာအဖို့နောက်ထပ် အနှစ်လေးဆယ်လောက် ဘဝမှာ နေရဦးမှာပါ၊ ကိုယ်သေသွားလို့ အတော်ကလေးကြာရင် မေ့ဆွေးတာလဲ ျာ့လာမှာပါ၊ အဲသလို လျော့လာခဲ့တဲ့ အခါကျရင်၊ မိုင်ရာအတွက် ဘဝသစ် ထောင်နိုင်ပါသေးတယ်၊ အဲဒီတော့ ကိုယ်သွားရတော့မယ်ဆိုရင်လဲ၊ မိုင်ရာဟာ ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဘဝသစ်ကို ပြန်စေချင်တယ်။ ကိုယ့်ရဲ့ဆန္ဒကို ည့်ပါလားကွယ်၊ နော်...မိုင်ရာ..."

မိုင်ရာကတော့ ခေါသစိတ်ကြောင့် မေးရိုးပင် ထောင်လာ၏။

"သူတို့ရဲ့ အနိုင်ကျင့်မှုကို ဒီလိုပဲခံရမလားကိုရဲ့"

"သူတို့ကို အံတုတဲ့ စိတ်နဲ့ မိုင်ရာက ကိုယ့်ကိုယ်ကိုယ် အစတုံးရင်း မိုင်ရာက နိုင်တယ်လို့ မဆိုနိုင်ပါဘူးကွယ်၊ မိုင်ရာ အသက်သာဆုံးမှာပါ"

ပြောရင်းနှင့် ပေါ(လ်)မျာ ငါသာ တကယ်အပြစ်မရှိတဲ့လူဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးမိသည်။

ပေါ(လ်)သည် မိုင်ရာ၏ ရှေ့မှောက်တွင် ဟန်ဆောင်နေရသည်ကို စိတ်မလုံလှ။

ထို့နောက်တွင်တော့ မိုင်ရာပါလိုက်၍ သေမည့်အကြောင်းကို ဆက်၍မပြော ကြတော့ဘဲ၊ ထွေရာလေးပါးစကားများကိုသာ ပြောနေကြသည်။ ထွေရာလေးပါး ပြောသည်ဆိုတော့၊ ဤလို စိတ်လှုပ်ရှားနေသည့် အခါမျိုးတွင် ပြောစရာသိပ် လှသည် မဟုတ်၊ ထို့ကြောင့် သူတို့နှစ်ဦးသားသည် ကုလားထိုင်ပေါ်တွင် လဲလျောင်းရင်း၊ အခြားသူတွေ ပျော်နေကြသည်ကိုသာ စိတ်မသက်မသာဖြင့် ကြည့်နေကြရသည်။

ညနေစောင်းသို့ ရောက်လာပြီမို့ ပင်လယ်ပြင်အရောင်နှင့် ကောင်းကင် အရောင်တို့မှာ ဖြူမှိုင်းမှိုင်းဖြစ်နေသည်။ အင်္ဂလန်ကဲ့သို့ သမပိုင်းဒေသများတွင် နွေရာသီ အခါ၌ နေဝင်သွားသော်လည်း၊ အလင်းရောင်သည် နှစ်နာရီခန့်ကြာအောင် ရှိသေးသည်။ ထို့ကြောင့် ညနေစောင်းအချိန်တွင် အပူပိုင်းဒေသများတွင်ကဲ့သို့ ပုစွန်ဆီသွေးအရောင် ပျောက်သွားပြီးနောက် မမှောင်သေးဘဲ ဖြူမှိုင်းမှိုင်းဖြစ်နေခြင်း ဖြစ်သည်။

မြူးထူးပျော်ပါးနေကြသည့် လူသံများကတော့ မစဲသေး၊ တစ်နှစ်ပတ်လုံး အားခဲကာထားရသမျှ ဤဘက်ပိတ်ရက်အားတွင် အစွမ်းကုန် ပျော်နေကြဟန် တူသည်။

ထိုသူများ၏အသံကို ဖောက်ထွင်း၍ သတင်းစာရောင်းသူ၏ အော်ဟစ်သံက စူးစူးဝါးဝါး ထွက်လာ၏။

"သတင်းစာတွေ၊ သတင်းစာတွေ" ဘရိုက်စတန်အာဂတ်(စ်) သတင်းစာ ပါတယ်၊ ဘောလုံးပွဲသတင်းလဲပါတယ်၊ မြင်းပွဲသတင်းလဲပါတယ်၊ ဝရမ်းပြေး ပရက်ဆက် 'ဆပ်ဆက်'နယ်ဘက်ကိုရောက်လာတဲ့ အကြောင်းလဲပါတယ်၊ ပရက်ဆက်ရဲ့နောက်ကို အမဲလိုက်ခွေးတွေနဲ့ လိုက်ရှာနေကြပြီတဲ့"

ပေါ(လ်)က ထိုင်နေသော ကုလားထိုင် လက်ရန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ စိတ်အားတင်းလိုက်ရသည်။

စိတ်ကူးချိုချို

မိုင်ရာက ပေါ(လ်)ကို အသံတိုးတိုးဖြင့် ပြော၏။

"ကို...သတင်းစာ တစ်စောင် ဝယ်လိုက်မှထင်တယ်"

"ကိုယ် မဝယ်ရဲဘူးကွ"

"ဝယ်မှ ဖြစ်မှာပေါ့ ကိုရဲ့၊ ဒါမှ အကျိုးအကြောင်း သိရမှာပေါ့"

မိုင်ရာနှင့် ပေါ(လ်) အချီအချ ပြောနေစဉ် သတင်းစာရောင်းသူက သူတို့ခေါင်းအနီးမှ ဖြတ်သွားသည်။ မိုင်ရာက သူ၏ မျက်လုံးကိုလွှဲထားသည်။ ပေါ(လ်)က သတင်းစာရောင်းသူကို ခေါ်ရန် ကြိုးစားရှာ၏။ သို့သော် အသံက လည်ချောင်းတွင် တစ်ဆို့နေသည်။

မိုင်ရာထံမှ လေသံကလေးဖြင့် ပြောလိုက်သံကို ကြားရသည်။

"လုပ်ပါ ကိုရဲ့၊ လွန်သွားတော့မယ်၊ ကျွန်မလဲ အန်ချင်သလိုလိုဖြစ်နေပြီ"

ပေါ(လ်)သည် ကြိုးစား၍ စိတ်အားတင်းကာ သတင်းစာရောင်းသူကို ခေါ်လိုက်သည်။

"ဟေ့...သတင်းစာ၊ ဒီကိုလာပါဦး"

"ဟုတ်ကဲ့ ခင်ဗျာ"

သတင်းစာရောင်းသူက သွက်လက်စွာဖြင့် သူ့ထံသို့ရောက်လာသည်။

ပေါ(လ်)က ဣန္ဒြေမပျက်အောင် ကြိုးစားလျက် သတင်းစာရောင်းသူအား ပြောလိုက်သည်။

"အေးကွ၊ ဝရမ်းပြေးအကြောင်းကို ဖတ်ချင်လို့"

သတင်းစာရောင်းသူက လျှာသွက်အာသွက်ဖြင့် ပြန်ပြောသည်။

"ဟုတ်ကဲ့ခင်ဗျ၊ ပရက်ဆက်ကို အိ(စ်)ဘုံးဘက်မှာ သူ့ကောင်မကလေးနဲ့ တွဲလျက်သား တွေ့လိုက်တယ်တဲ့"

ထို့နောက်တွင်တော့ ဘောလုံးပွဲသတင်း၊ မြင်းပွဲသတင်းနှင့် ပရက်ဆက် သတင်းတို့ကို အော်ဟစ်ရင်း သတင်းစာရောင်းသူက သူတို့ထံပါးမှ ထွက်ခွာသွားသည်။

မိုင်ရာကတော့ မျက်နှာကို တစ်ဘက်သို့ လှည့်ထားဆဲပင်ဖြစ်သည်။

ပေါ(လ်)က သတင်းစာကိုလှန်ကာ သူတို့၏ သတင်းကို လိုက်လံ၍ ရှာကြည့်သည်။

သတင်းစာထဲတွင် တွေ့လိုက်ရသည့် သတင်းကတော့ သူတို့အတွက် ရှုရင်ဆို့စရာပါပေ။

စိတ်ကူးချိုချို

"......လွန်ခဲ့သော နှစ်ပေါင်းများစွာက စ၍ ယနေ့အထိ ဖြစ်ပွားခဲ့သော လူသတ်မှုများအနက် အဆန်းပြား၊ စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်သော အမှုတွင်၊ ရဲများက အပြင်းအထန်အလိုရှိနေသည့်ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့သည် လန်ဒန်မြို့တော် တောင်ဘက်ရှိ ဆပ်ဆက်နယ်တွင် ရောက်နေကြသည်မှာ သေချာသလောက်ပင်ဖြစ်သည်ဟု သတင်းရရှိ၏။ လန်ဒန်မြို့တွင်း၌ရှိစဉ်က ပရက်ဆက်၏ လက်ဖြင့်ဆွဲထားသည်ဟုဆိုသော လက်ဆွဲသေတ္တာအညိုရောင်ကိုလည်း 'ဖား(လ်) တောင်ကြောပေါ်မှ ချုံပုတ်တစ်ခုထဲ၌ စွန့်ပစ်ထားသည်ကို တွေ့ရသည်ဟုဆို၏ နောက်ထပ်ရရှိသည့် သတင်းအရဆိုသော်၊ ထိုသေတ္တာမှ အနံ့ခံလျက် သေတ္တာပိုင်ရှင်ဖြစ်သူ ပရက်ဆက်ကို လိုက်လံဖမ်းဆီးရန်၊ ထိုဒေသမှ မေရှာဖော်ဂါတိ၏ အမဲလိုက်ခွေးကြီးနှစ်ကောင်ကို အသုံးပြုသည်ဟု သိရ၏။ ယခု သတင်းရေးသည့် အချိန်အထိ ဖမ်းဆီးရမိခြင်း ရှိ–မရှိ မသိရသေးပေ။ ရဲဘက်မှမူကား ကြိုတင်စီစဉ်ချက်အနေဖြင့်၊ ဥရောပတိုက်ဘက်သို့ထွက်ခွာမည့် ကူးတို့သင်္ဘောများကိုလည်း စောင့်ကြည့်နေသည့်ပြင်၊ စောင်ပိုင်းကမ်းခြေမြို့များရှိ ဟိုတယ်နှင့် တည်းခိုခန်းများကိုပါ ပိုက်စိပ်တိုက်ရှာဖွေမည်ဟု ဆိုကြောင်း"

ပေါ(လ်)က သတင်းစာကို မိုင်ရာအားလှမ်း၍ပေးရင်း၊ သူတို့လုပ်ရမည့် အလုပ်ကို ပြောလိုက်သည်။

"ကိုယ်တို့ချက်ချင်းလစ်ကြမှပဲ"

သူတို့နှစ်ဦးအဖို့သာလျှင် အခြေအနေသည် တစ်မုဟုတ်ချင်း ပြောင်းလဲသွားသော်လည်း၊ ပတ်ဝန်းကျင်သည်ကား ဘာမျှ ပြောင်းလဲမှုမရှိ၊ လူတွေ၏ အသံကလည်း မစဲသေး၊ ပင်လယ်ပြင် ဖြူမှိုင်းမှိုင်းကြီးကလည်း ဘာမျှ ပြောင်းလဲမှု မရှိပေ။

မိုင်ရာက သတင်းစာကို ခေါင်းငုံ့ကာ ဖတ်ကြည့်သည်။ ဖတ်ကြည့်ပြီး အဓိပ္ပာယ်ပေါက်လာသည့်အခါတွင်၊ သူက ပေါ(လ်) ပြောလိုက်သည့်စကား လက်မခံ။

"ကျွန်မတို့ချက်ချင်း ဘရိုက်တန်က ထွက်သွားလို့မဖြစ်သေးဘူး ကိုယ့် ဒီညနေတော့ ကိုယ်တည်းနေတဲ့နေရာမှာပဲ ဣန္ဒြေမပျက်နေကြမှဖြစ်မယ် ဖြန်းစားကြီးထွက်သွားရင် မသင်္ကာစရာဖြစ်နေမှာပေါ့၊ သတင်းစာထဲမှာ ပါသ အတိုင်းဆိုရင်၊ ကျွန်မတို့နှစ်ယောက်တွဲကိုရှာနေတာ၊ အခု ကျွန်မတို့က တစ်ယောက် တစ်ကွဲစီဆိုတော့၊ ဒီတစ်ညအဖို့ရာမှာ သိပ်စိတ်ပူဖို့ ရှိမယ်မထင်ပါဘူး"

ပေါ(လ်)၏ နဖူးပြင်တွင် 'ချွေးများက ပုတီးစေ့များသဖွယ်သီးနေသည်။

ပေါ(လ်)က စိတ်မရှည်တော့သည့်ပုံဖြင့် ပြန်ပြောသည်။

"ကိုယ်ကတော့ နေကိုမနေချင်တော့ဘူး၊ စိုးရိမ်နေရလွန်းလို့ စိတ်ရော ...ရော ပန်းလှပြီ၊ မင်းကတော့ သိပ်ကြောက်စရာမရှိတော့၊ ကိုယ့်လောက်ခံစား ...ယ်မထင်ဘူး၊ ကိုယ်ကတော့ကွာ စိတ်ဓာတ်အတော် ချောက်ချားနေပြီ၊ ဘယ်လို ...နေသလဲဆိုတော့၊ အခန်းထဲမှာလဲ အောင်းနေလို့မရ၊ လူတွေကြားထဲမှာလဲ ...မနေရဲဖြစ်နေတယ်၊ ကိုယ့်ဆန္ဒကတော့ လူမရှိတဲ့ တစ်နေရာရာမှာသွားပြီး ...နေချင်တော့တာပဲ"

ပေါ(လ်)ကို သတိထား၍ လေ့လာနေသည့် မိုင်ရာက၊ ပေါ(လ်)၏ အခြေ ...နေကို ကောင်းစွာအကဲခတ်မိသည်။ ယခု အနေအထားအတိုင်းဆိုက၊ ပေါ(လ်) ...သည် ချောင်ပိတ်မိနေသော သားကောင်ငယ်တစ်ကောင်ပမာဖြစ်နေသည်။ ...ဆက်၍ အားတင်းရန် အင်အားသိပ်မကျန်လှတော့သည့် အဖြစ်မျိုးကို ...ောက်နေသည်။ ပေါ(လ်) စိတ်ဓာတ်တက်ကြွလာအောင် လမ်းညွှန်ပြသ၍ အားပေး ...သည်၊ သူ့တာဝန်ဖြစ်နေပြီကို သဘောပေါက်လာသည်။

ထို့ကြောင့် မိုင်ရာက ပေါ(လ်)၏ လက်ကို ယုယုယယ ဆုပ်ကိုင်ကာ ...အားပေးစကား ပြောရ၏။

"မှန်ပါတယ်ကိုရယ်၊ ကိုလဲ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေပြီဆိုတာ ...သိပါတယ်၊ ဒါပေမဲ့ ဒီညတော့ ကို တည်းနေတဲ့ ဟိုတယ်ကိုပြန်ပြီး ဣန္ဒြေ ...ဆောက်နေလိုက်ပါဦး၊ မနက်ကျတော့မှ ပြန်တော့မယ်ဆိုပြီး၊ ဟန်မပျက်ထွက်လာ ...ပေါ့၊ ရဲတွေကလဲ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ၊ ဟိုတယ်တွေကို ရှာနိုင်မယ် ...တ်သေးပါဘူး၊ မနက်ကျရင်လန်ဒန်ကိုပြန်တဲ့ လုံအုပ်ကြီးနဲ့ရောပြီး၊ ကျွန်မတို့လဲ ...န်မပျက်ပြန်ကြတာပေါ့၊ တစ်ယောက်တစ်ကွဲစီ ပြန်မယ်လေ၊ ကျွန်မက လိုမယ့် ...ည်းကလေးတွေဝယ်ပြီး၊ နောက်ရထားနဲ့လိုက်လာခဲ့မယ်၊ လန်ဒန်ကျတော့ ...စ်နေရာမှာတွေ့ကြတာပေါ့၊ ဟိုရောက်တော့မှ ဘယ်ကိုသွားမလဲဆိုတာ စဉ်းစား ...မယ်၊ စိတ်တင်းစမ်းပါ ကိုကလဲ၊ အခုအချိန်အထိ သူတို့က ကျွန်မတို့ကို ...င်သေးပါဘူး၊ ကျွန်မတို့ကို ရှာတွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး ကိုရယ်၊ ...တို့ပြောမယ့်သာ ပြောနေကြတာပါ"

ပေါ(လ်)မျှာမှာ စိတ်ပျက်မြဲအတိုင်းသာ ရှိသေးသည်။ အခုဆိုလျှင် ...က်လျှော့သည့် စကားကိုပင် စတင်ပြောလေပြီ။

"လန်ဒန်ကိုတော့ ပြန်မသွားတော့ဘူးကွာ၊ ပြန်သွားလို့လဲ ဖြစ်နိုင်မယ် ...ထင်ပါဘူး၊ ထွက်ပြေးနေလို့လဲ လွတ်နိုင်မယ်မထင်ပါဘူး၊ ထွက်ပြေးဖို့ကြိုးစား

ခဲ့မိတာကိုက မှားပါတယ်လေ၊ အခုတော့ ပြေးစရာမြေမရှိ ဖြစ်နေရပြီ၊ ကိုယ်တော့ လက်လျှော့ပြီကွာ၊ အဖမ်းခံလိုက်တော့မယ်၊ မိုင်ရာအနေနဲ့ဆိုရင်တော့ ပြေးရတာ လွယ်လိမ့်မယ်၊ ကိုယ့်ဆီမှာရှိနေတဲ့ ငွေတွေအားလုံးကိုယူပြီးသာ ပြေးပေတော့"

ယခင်ကဆိုလျှင် သူ၏ ဦးနှောက်သည် ပထမတန်းစားဦးနှောက်ဖြစ်ကြောင်း ဝင့်ကြွားဂုဏ်ယူခဲ့သည်။ ပေါ(လ်)မှာ ယခု လွတ်မြောက်အောင် ပြေးရေးအတွက် ဉာဏ်မထွက်တော့ပေ။

ပေါ(လ်)၏ အရှုံးပေးရေးစကားကို ကြားရသည်တွင်၊ မိုင်ရာက ပေါ(လ်)ကို အပြစ်တင်စကား ပြောရတော့၏။

"အို...ကိုကလဲ အဓိပ္ပာယ်မရှိတာတွေ ပြောနေပြန်ပါပြီ၊ ဒီမှာ မှတ်ထား ကိုရေ...ကိုနဲ့ အတူတူ တစ်မိနစ်နေရရင်၊ ကျွန်မအဖို့ တစ်မိနစ်ပျော်ရွှင်မှုရတာပဲ ကို့ကို စွန့်မသွားနိုင်ဘူး၊ ကိုကလဲ အားတင်းမှပေါ့၊ ကို လွတ်အောင်ပြေးနိုင်ရေးဟာ ကျွန်မအတွက်လို့ အာရုံသွင်းပြီး စိတ်တင်းစမ်းပါ၊ ဒီတစ်ညပါ ကိုရယ် နက်ဖြန်ဆိုရင် ကို စိတ်အားတက်လာမှာပါ"

လောလောဆယ်အားဖြင့် အကြံတုံးဉာဏ်တုံးဖြစ်နေရှာသော ပေါ(လ်)က မိုင်ရာပြောသည်ကို သဘောတူရတော့သည်။

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ စွန့်ရမှာပေါ့လေ"

"ကဲ...ဒါဖြင့် နက်ဖြန်ပေါ့ ဟုတ်လား၊ အဲဒီတော့ လန်ဒန်ကိုရောက်တဲ့ အခါမှာ ကျွန်မတို့ ဘယ်နေရာမှာ တွေ့ကြမှာလဲ"

{၇}

မိုင်ရာပြောလိုက်သည့်အတိုင်း မှန်ပါသည်။ ဘဏ်ပိတ်ရက်အား၏ နောက်တစ်နေ့တွင် ဟိုတယ်မှ ဧည့်များမှာ အုပ်လိုက်ထွက်ခွာကြသည်ဖြစ်၍ ပေါ(လ်)အဖို့ အခန်းခကျသင့်ငွေ ရှင်းရေးကိစ္စအတွက် ကောင်တာတွင်အခက်အခဲ မရှိလှပါ၊ ဟိုတယ်စာရေးက သူ၏ မျက်နှာကို မော့၍ဖင်မကြည့်အားပါ အလားတူပင် ဘရိုက်တန် မီးရထားဘူတာရုံ၌ လန်ဒန်သို့သွားရန် မီးရထား လက်မှတ်ဝယ်ရာတွင်လည်း လူအုပ်ကြီးနှင့်ရော၍ လိုက်သွားရုံသာရှိပါသည်။ ရထားပေါ်တွင်လည်း လူအပြည့်အကျပ်မို့ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့၍ ထရထိုင်ရ သည့် အခြေအနေရှိနေသည်။

ရထားထွက်လာခဲ့ပြီးနောက် လူတိုင်းလိုလိုပင် မိမိတို့တွင် ပါလာသည့် သတင်းစာများကိုထုတ်၍ ဖတ်ကြလေတော့သည်။ သူ့အကြောင်းကို ဖတ်ကြတာ ဖြစ်မှာပဲဟု ပေါ(လ်)က စိတ်မလုံစွာဖြင့် တွေးလိုက်မိသည်။ သူကိုယ်တိုင်လည်း ပါလာသော သတင်းစာကိုထုတ်၍ဖတ်သည်။ သူတွေးမိသည့်အတိုင်းပင် သတင်းစာတွင် သူ့အကြောင်းကို တွေ့ရ၏။

သတင်းတစ်နေရာတွင် သူ့အား လူစိတ်မရှိသည့် ကြမ်းကြုတ်ရက်စက်သည့် လူသတ်သမားဟုပင် ကင်ပွန်းတပ်ထားသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ထိသွား၏။

သူက ဤသို့တွေးမိသည်။

"ငါက လူသတ်မိတာတော့မှန်ပါတယ်၊ ငါ့အကြောင်းနဲ့ငါမို့ လုပ်ခဲ့တာကိုး၊ ဒါပေမဲ့ ငါဟာ လူစိတ်မရှိလောက်အောင် ကြမ်းကြုတ်ရက်စက်သလား၊ ဒီလိုဆိုရင် သူတို့အမြတ်ရဖို့အတွက် ကုန်ပစ္စည်းဈေးတွေ တက်အောင်လုပ်၊ သူတို့လုပ်လို့ သေကြတဲ့ လူတွေကတော်ကြ၊ တော်လို့သေရတဲ့သူ အရေအတွက်က ရာနှင့်ထောင်နှင့် ချီပြီးရှိတယ်၊ သူတို့လို လူမျိုးတွေကတော့ ဂုဏ်သရေရှိ လူကြီး လူကောင်းတွေဆိုပြီး လူ့အဖွဲ့အစည်းက လေးစားလာကြတယ်၊ ငါ့လို မလုပ် မဖြစ်လို့ လုပ်ခဲ့ရတဲ့ သူကိုတော့ ခရစ်ယာန်တရားတော်က ဆုံးမသွန်သင်ထားတဲ့ ခွင့်လွှတ်ခြင်း ဆိုတဲ့ တရားကို လက်ကိုင်မထားကြဘူး။ အင်း … တယ်မတရားတဲ့ လောကကြီး ပါလား"

ခရစ်ယာန်တရားတော်ကို စဉ်းစားမိရာမှ ထောင့်တွင် ထိုင်နေသော ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးကို သတိရလိုက်မိသည်။ ပထမတွင်တော့ ထိုဘုန်းတော်ကြီးသည် အသက်(၆၅)နှစ်ခန့်ရှိမည်ဟု ထင်လိုက်မိသည်။ မျက်နှာ ဝန်းသဏ္ဌာန်မှာ ခပ်ရှိုးရှိုးအေးအေး၊ ညီအောင် ဖြတ်ထားသော ပါးသိုင်းမွေးနှင့် နှုတ်ခမ်းမွေးများတွင် အဖြူရောင်အမွေးများက အညိုရောင်အမွေးများထက် ပို၍များနေသည်။ မျက်နှာပေါ်တွင် အရေးအကြောင်းများဖြင့် ရှိနေသော လုံ့ကျက်သော၊ တည်ငြိမ်သော အမူအရာရှိ၏။ ဘုန်းတော်ကြီးသည် 'အင်ဂလီကန်' ဂိုဏ်းမှ ဖြစ်သဖြင့်၊ လည်ပင်းပတ်လည် အဖြူရောင် ကြွေတိုက်အပတ်တစ်ခု တပ်ထားသည်ကလွဲ၍၊ ကျန်အဝတ်အစားများမှာ လူရိုးရိုး အတိုင်းပင် ဖြစ်၏။ ဝတ်ထားသော ကုတ်အင်္ကျီနှင့် ဘောင်းဘီအရောင်သည် ပေါ(လ်)အိမ်က ထွက်ခဲ့စဉ်က ဝတ်ထားသော ညိုမှိုင်းမှိုင်းအရောင်မျိုး ဖြစ်သည်။

ထိုရေစ်ယာန် ဘုန်းတော်ကြီးကို ကြည့်ရင်းနှင့် အချက်သုံးချက် ပေါ(လ်)၏ ခေါင်းထဲတွင် ပေါ်လာသည်။

ပထမအချက်မှာ ထိုဘုန်းတော်ကြီးအား နောက်ဘက်မှနေ၍ ကြည့်သော် မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးတို့ကို မတွေ့ရသဖြင့်၊ ရှေ့မှနေ၍ ကြည့်သည်ထက် ရုပ်ရည်နုပျိုနေသည်ဟု ထင်ရမည် ဖြစ်သည်။

ဒုတိယအချက်မှာ မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးတို့သည် အသက်ငါးဆယ် ကျော်နေပြီဖြစ်သော ဘုန်းတော်ကြီး၏ မျက်နှာပေါ်၌ ထူးထူးခြားခြား မဟုတ်ဘဲ မြင်နေကျကဲ့သို့ ဖြစ်၏။

တတိယအချက်မှာဆယ်ရက်ခန့်ကြာအောင် မရိတ်ဘဲထားလိုက်လျှင် ဘုန်းတော်ကြီး၏ မျက်နှာပေါ်ရှိ မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးကဲ့သို့ထားနိုင် ရနိုင်သည်။

စတင်ထွက်ပြေးလာခဲ့သည့် ပထမနေ့တုန်းကမူ၊ ရုပ်ဖျက်ရန်ရည်ရွယ်ချက်ဖြင့် နှုတ်ခမ်းမွေးထားခြင်းမဟုတ်ပေ။ ဤကဲ့သို့ နှုတ်ခမ်းမွေးထားခြင်းကပင်လျှင် လူအများထဲတွင် ထင်ရှားနေမည် ဖြစ်၏။ ယခုသော် စိုးရိမ်စိတ်က လွှမ်းကဲနေသည့် အတွက် ရုပ်ဖျက်၍ နေမှသာ သူ၏လုံခြုံမှုအတွက်စိတ်ချရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေ၏။ ထို့ကြောင့် မုတ်ဆိတ်မွေးထားလိုက်လျှင်တော့ သူ၏ ရုပ်သည် ပြောင်းသွားနိုင်သည်ဟု ယူဆမိလာ၏။

ဤသို့ စိတ်ကူးမိသဖြင့် မေးစေ့ကို ပွတ်ကြည့်မိသည်။ ပေါ(လ်)သည် နဂိုကပင်လျှင် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး သန်သည်ဖြစ်ရာ၊ ယနေ့တစ်မနက် မရိတ်ခဲ့သည်နှင့်ပင်၊ သူ၏မေးစေ့နှင့် နှုတ်ခမ်းတွင်အမွေးများမှာ ထိုးထိုးထောင် ထောင် ဖြစ်နေပေပြီ။

'အင်ဂလီကန်' ဂိုဏ်းဝင်ဘုန်းတော်ကြီး၏ အဝတ်အစားကိုဝတ်လိုက်ပြီး မုတ်ဆိတ်မွေးနှင့်ဆိုလျှင် သူ၏ရုပ်မှာ နဂိုရုပ်ထက် အများကြီးရင့်သွားနိုင်သည်။ ပြီးတော့လည်း ပထမနေ့က သူ့ကို ဒက္ခပေးခဲ့သည့် ညိုမှိုင်းမှိုင်းဝတ်စုံကို ဝတ်လိုက်လျှင် အလွန်သဘာဝကျသည့်ရုပ် ပေါ်လာပေလိမ့်မည်။ တဖန် မိုင်ရာ၏ လက်ဆွဲအိတ်အနက်ကလေးနဲ့သာဆိုလျှင်၊ အပန်းဖြေခရီးထွက်လာရာမှ ပြန်လာသော အင်ဂလီကန်ဂိုဏ်းဝင် ဘုန်းတော်ကြီးတစ်ပါး မဟုတ်ဟု မည်သူကမျှ သူ့ကို သံသယ ဖြစ်စရာမရှိ...ဟန်ကျပြီ...မိုင်ရာကတော့ သူ၏ သမီးပုံမျိုးဖြင့် သူနှင့်တွဲ၍ ခရီးသွားနိုင်သည်။ အမည်ကိုတော့ 'သိက္ခာတော်၊ ကူ(လ်)ဓွန်' ဟု ယူလိုက်မည်။

**စိတ်ကူးမျိုးစုံ**

သံတင်းစာထဲတွင် 'ရဲများက ထင်ကြေးပေးထားသည်မှာ ပုရက်ဆက်နှင့် မိုင်ရာတွန်းတို့သည် အင်္ဂလန်ပြည်တွင်ပင် ရှိသေးသည်ဆိုပါက အတူတွဲ၍ နေတော့မည် မဟုတ်ဘဲ တစ်ယောက်တစ်ကွဲစီခွဲ၍ ပုန်းရှောင်နေလိမ့်မည်ဟု ဆို၏...'ဟု ဖော်ပြထားသည်။

ရဲများ ထင်ထားသည့်အချက်မှာ ကျိုးကြောင်းနိုင်လုံသည့်အချက် ဖြစ်သည်။

ရဲများက ဤသို့ယူဆနေလျှင်၊ သူတို့နှစ်ဦး ခွဲမနေဘဲ တွဲ၍ နေလျှင်... ဦးတော့ သူက မုတ်ဆိတ်မွေးနှင့် သိက္ခာတော်ရဘုန်းတော်ကြီးတစ်ပါးအသွင်ဖြင့် ဆိုလျှင် သူ့ကိုဖမ်းရန်စောင့်နေသည့်ရဲများကို လှည့်စားနိုင်မည်ဟုတွက်လိုက်သည်။

တစ်ချက်ပဲ သူစဉ်းစားရန်ရှိသည်။ သူ့မေးစေ့ပေါ်မှာ တိုနံ့နံ့အမွေး ထိုးတိုး ထောင်ထောင်များကို၊ သပ်ရပ်သော မုတ်ဆိတ်မွေးများအဖြစ်သို့ ရောက်လာသည် အထိ၊ မည်သို့သော နေရာမျိုးတွင် သွားနေရမည်လည်းဟူသည့် အချက်ဖြစ်၏။ လူသူမတွေ့နိုင်သည့်နေရာမျိုး၊ အခြားသူများနှင့် အဆက်အဆံ မလုပ်ရသည့် နေရာမျိုးမှဖြစ်ပေမည်။ သို့မဟုတ်လျှင် မသက်သာစရာ ဖြစ်လာနိုင်သည်။

ဤသို့ စဉ်းစားလိုက်သော အခါတွင် သူ၏ ရင်တွင်း၌ ပုန်းလျှိုးနေသော ငိုကတည်းကရှိနေသည့် ဆန္ဒများက အကြောင်းပြချက်အဖြစ် ထွက်ပေါ်လာ ကြသည်။

အကယ်၍ လူသူလာလေ့မရှိသည့် တောထဲတွင် မုတ်ဆိတ်မွေးများ သေသေ သပ်သပ်ဖြစ်အောင် ပေါက်လာသည်အထိနေရလျှင် ဘယ့်နှယ်နေမလဲဟု စဉ်းစား ကြည့်သည်။ ဤသို့နေမည်ဆိုလျှင်တော့ တောထဲတွင်ပင် ညအိပ်ရမည်ဖြစ်သည်။ သူ့အနေဖြင့်မူကား တောတောင်ရေမြေ သစ်ပင် ပန်းမန်တို့ကို နှစ်သက် သဘောကျသူဖြစ်သည့်အလျောက် အပန်းကြီးလှသည့်ကိစ္စတစ်ရပ်တော့ မဟုတ် ပါပေ။ သူ့အတွက် အစားအစာကို မိုင်ရာက တစ်နေ့တစ်ကြိမ် လာပို့ပေးလျှင် နေနိုင်စရာအကြောင်းရှိသည်ဟုတွေးမိသည်။ ယခုလို မှုန်ရွှေးသည့် နွေရာသီ အချိန်တွင် တောထဲတွင် အိပ်ရ၍ အအေးမိမည်ကိုလည်း မစိုးရိမ်ရ။ သူ့အတွေးနှင့် သူကတော့ ဟုတ်နေသည်။ မုတ်ဆိတ်မွေး ပါးသိုင်းမွေး အတော်ကလေးရှည် လာ၍ ခရီးသွားနိုင်သောအခြေအနေကို ရောက်လာသည့်အချိန်တွင်၊ သူ့ကို ရှာဖွေ နေသည့် ရဲများလည်း သွေးအေးသွားလောက်ပေပြီဟု ကိုယ်လိုရာကိုယ်ဆွဲ၍ပင် တွေးလိုက်မိသေးသည်။

ဘယ်လိုနေရာမျိုးတွင်သွား၍ နေရင်ကောင်းမလဲဟု မျက်စိကိုမှိတ်၍ စဉ်းစား ကြည့်သည်။ သူ၏ ခေါင်းထဲတွင် လန်ဒန်မြို့ဆင်ခြေဖုံးနှင့် မနီးမဝေးရှိ ဂရင်းဆင် တောင်ကုန်းဒေသကို စဉ်းစားမိ၏။ ထိုဒေသတစ်ပိုက်တွင် သူနှင့်မိုင်ရာတို့ နှစ်ဦးသား လက်ချင်းတွဲ၍ လမ်းလျှောက်ခဲ့ကြဘူးသည်။ အထူးသဖြင့် ပစ်(ချ်) တောင်ကုန်းပေါ်တွင် သူတို့နှစ်ဦးသား ထိုင်နေလေ့ရှိကြသည်။ ထိုတောင်ကုန်း တစ်ဝိုက်သို့ လူအရောက်အပေါက်အတော်ပင်နည်း၏။ သို့ဖြင့် ထိုဒေသသည် သူတို့၏ ရည်ရွယ်ချက်နှင့် အကိုက်ညီဆုံးနေရာဖြစ်ကြောင်း ဆုံးဖြတ်ချက် ချလိုက်သည်။

လန်ဒန်မြို့သို့ရောက်လာသည့်အခါတွင် သူနှင့် မိုင်ရာတို့သည် ကြိုတင်၍ ချိန်းထားသည့်အတိုင်း 'ဘက်တာဆီး'ပန်းခြံထဲ၌ တွေ့ဆုံကြသည်။

နှစ်ဦးသားတွေ့ကြသည့်အခါတွင် ပေါ(လ်)က မိုင်ရာကိုကြည့်ရင်း၊ မိုင်ရာကို ကြည့်ရသည်မှာ တစ်ခုခုထူးခြားနေသည်ဟု ထင်မိသည်။ ပေါ(လ်)၏ အမူအရာကို အကဲခတ်မိသော မိုင်ရာက ခပ်ပြုံးပြုံးမျက်နှာဖြင့် ပေါ(လ်)၏လက်ကိုဆွဲကာ ခုံတန်းတစ်ခုဆီသို့ခေါ်သွားသည်။ ခုံတန်းတွင် ထိုင်လိုက်မိသောအခါ မိုင်ရာက ဦးထုပ်ကိုချွတ်ကာ ပေါ(လ်)အား ကြည့်လိုက်သည်။ မိုင်ရာ၏ဆံပင်မှာ ခါတိုင်း ကဲ့သို့ နောက်သို့လှန်၍ ဖီးထားခြင်းမရှိ၊ အလယ်တည့်တည့်မှခွဲထားကာ နားရွက် တစ်ဘက်စီနှင့်ကပ်လျက်ခွေကာ ထုံးထားသည်ကိုတွေ့ရ၏။

ပေါ(လ်)၏ နှုတ်မှ ရှီးမွမ်းသံ ထွက်လာသည်။

"ဟာ ... တယ်ကြည့် ကောင်းပါလားဟ"

"ကြည့်ကောင်းတာ မကောင်းတာ အသာထားစမ်းပါဦး၊ အခုပုံစံနဲ့ဆိုရင် ကျွန်မဟာ အသက် လေးဆယ်လောက်ရှိတဲ့ မိန်းမ တစ်ယောက်ပုံမျိုး ပေါက်ရဲ့လား"

"ပေါက် မပေါက်တော့ မပြောတတ်ဘူး၊ ဒါပေမဲ့ အရင်ကနဲ့မတူဘဲ ပုံစံတစ်မျိုးပြောင်းသွားတာကတော့ အမှန်ပဲ"

မိုင်ရာကတော့ ဖြစ်ချင်သည်ကို တစ်ဖွတ်ထိုးပြောနေသည်။

"အဟုတ်ပါ ကိုရဲ့၊ တကယ့်ကို အသက်လေးဆယ်အရွယ် မိန်းမကြီး တစ်ယောက်ရဲ့ပုံ ပေါက်သွားတာပါ၊ ဒီပုံနဲ့ဆိုရင် သတင်းစာတွေထဲမှာရေးနေတဲ့ 'ကောင်မကလေး'ဆိုတာနဲ့ ကျွန်မနဲ့ တခြားစီဖြစ်သွားပြီမဟုတ်ဘူးလားလို့ ကဲ ... ပြောစမ်းပါဦး"

ပေါ(လ်)ကလည်း အသက်မပါလှသော အပြုံးဖြင့် ပြန်ပြောသည်။

"အင်း…ကိုယ်ကလဲ ကိုယ့်ကိုယ်ကိုယ် အနှစ် နှစ်ဆယ်လောက်ပိုပြီး သွားတဲ့ပုံမျိုး ထွက်လာအောင် လုပ်မလို့ စဉ်းစားနေတာပဲကွ"

သို့ဖြင့် ပေါ(လ်)က သူ၏ မုတ်ဆိတ်မွေးစီမံကိန်းကို ပြောပြသည်။ ပထမ င်တော့ ပေါ(လ်)၏ အကြံအစည်ကို မိုင်ရာက သဘောမကျလှပေ။ ဘေး ရာယ်များလှသည်ဟုထင်သည်။ သို့သော်လည်း ပေါ(လ်)၏ စိတ်အား က်သန်ပုံကို တွေ့ရသဖြင့် ပေါ(လ်)နှင့် ဆန့်ကျင်ဘက်မပြောရက်တော့ပေ။ ခုလိုအချိန်မျိုးတွင် ပေါ(လ်)စိတ်ဓာတ်တက်ကြွလာမှုရှိရေးသည် အရေးအကြီးဆုံး မိုင်ရာကတွက်ထားသည်။

မိုင်ရာအနေဖြင့် ပေါ(လ်)အလိုကိုလိုက်ကာ ထိုအစီအစဉ်ကို သဘောတူခဲ့ ခြင်းဖြစ်သော်လည်း၊ ပြောရင်းပြောရင်းနှင့် သူကိုယ်တိုင်ကပင် နှစ်နှစ်ကာကာ ဘောကျလာသည်။ ကိုယ်တိုင်က သဘောကျလာသည်ဆိုတော့လည်း ိတ်ကူး၍ ရသမျှကို မိုင်ရာကပါ ဝင်၍ ပြောလေတော့သည်။

"ဟုတ်တယ်ကို…၊ကို့ရဲ့ မုတ်ဆိတ်မွေးက ရှည်လာပြီး ခရီးသွားနိုင်တဲ့ ခြေအနေရောက်လာတဲ့အခါကျရင် အင်္ဂလန်ပြည်ရဲ့ ဟိုဘက်အစွန်းအထိ ောက်အောင်သွားကြတာပေါ့၊ လူသူအရောက်အပေါက်နည်းတဲ့ တောင်ခြေရွာ လေးတွေမှာ ကျွန်မတို့ ခိုနေလို့ရတာပဲ၊ အဲဒီလိုနေရာမျိုးတွေကို ကျွန်မတို့ ားမယ်လို့ ဘယ်သူကထင်ကြမှာလဲနော်၊ ကဲ…ကို စဉ်းစားထားတဲ့အတိုင်းသာ က်လုပ်ပေတော့၊ ကျွန်မက ကိုလိုချင်တဲ့ ပစ္စည်းတွေကို ယူလာပေးပါ့မယ်၊ ်ချုပါကိုရယ်၊ ဘုရားသခင်က ကျွန်မတို့ဘက်က ရပ်တည်ပြီး ကျွန်မတို့ကို ည်နေတာပါ၊ ဟော ကြည့်၊ ဒီလိုအကြံဉာဏ်မျိုး ကိုယ့်ခေါင်းထဲရောက်လာတာ၊ ဘတိုင်းသာဆိုရင် သူတို့တွေဟာ မိုင်ရာနဲ့ကိုနဲ့ကို နိုင်နိုင်မှာ မဟုတ်ပါဘူး"

ဤနံနက်ခင်းတွင် မိုင်ရာသည် ယုံကြည်မှုအပြည့်ဖြင့် ရှိနေသည်။ တွေအကြားတွင် လွတ်လွတ်လပ်လပ်လှုပ်ရှားသွားလာနေနိုင်နေသည်ကြောင့် ၏ စိတ်တွင် အလွန်ပင်တက်ကြွနေသည်။

မိုင်ရာက စိတ်လက်ပေါ့ပါးစွာ ရယ်ရင်း ဆက်၍ ပြော၏။

"ကျွန်မမှာ လက်ဖွဲ့တို့အဆောင်တို့ရှိနေသလိုပဲသိလား၊ ရဲတွေက ကျွန်မတို့ကို

အလိုရှိနေတယ်သာဆိုတယ်၊ ဈေးဆိုင်တို့ ဘူတာရုံတို့မှာဘယ်သူကမှလဲ ကျွန်မတို့ကို ဂရုစိုက်ပြီး စောင့်ကြည့်မနေကြဘူး၊ သွားချင်တဲ့ဆီကိုသွားပြီး ဝယ်ချင်တာကို ဝယ်နိုင်နေတာပဲ"

"မိုင်ရာ အဲသလို စွမ်းဆောင်နိုင်တယ်ဆိုတာကိုလဲ ကိုယ်ကမယုံမရှိပါဘူး"

ပေါ(လ်)၏ ချီးမွမ်းစကားကို ကြားလိုက်ရသည့် မိုင်ရာသည် ဝမ်းအသာကြီး သာသွားရာသည်၊ ချစ်တဲ့သူအတွက် အကျိုးပြုနိုင်သည့်အဖြစ်ကို ဂုဏ်ယူမိသည်။

"ကဲ ...ဒီလိုလုပ်ကြရအောင်ကိုရေ...၊ ကိုပြောတဲ့'ဂရင်းဆင်း'တောင်ကုန်း အေသနဲ့နီးတဲ့ 'ဒေါကင်'ဆိုတဲ့နေရာမှာ ကျွန်မလာပြီးနေမယ်၊ ကျွန်မတို့ နှစ်ယောက် ဘယ်နေရာမှာ တွေ့မယ်ဆိုတာကိုလဲစီစဉ်ကြတာပေါ့၊ လန်ဒန်မှာ ကျွန်မ တစ်ရက်နေလိုက်ပြီး၊ လိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေကို ဝယ်လိုက်ဦးမယ်လေ ဟုတ်ဘူးလား၊ ရဲတွေက ကျွန်မတို့ကို အမြဲတမ်း ရှာနေမယ်တော့ မထင်ပါဘူးနော် ဘဏ်ပိတ်တဲ့အားလပ်ရက်မှာတုန်းကတည်းက ပြင်သစ်ပြည်ဘက် ကမ်းကို ကူးသွားပြီလို့ ထင်ချင်လဲထင်နေမှာပဲ၊ ဘယ်လိုပဲထင်ထင် ဘာပဲဖြစ်ဖြစ်ပေါ့ကိုရယ် ဘုရားသခင်ဟာ ကျွန်မတို့ကို မစမယ်ဆိုတာကိုတော့ ကျွန်မယုံကြည်တယ် အဲဒါကို ကိုယုံထားစမ်းပါ၊ ဘုရားသခင်ဟာ အားနည်းတဲ့ သူတွေဘက်က အစဉ်အမြဲ ရပ်တည်ပါတယ် ကိုရဲ့။ ဒါကြောင့် ဘုရားသခင်ထံမှာ နာနာသာ ဆုတောင်းပါ"

ထို့နောက်တွင်ကား ချစ်သူနှစ်ဦးသည် ကြာကြာအချိန်ဖြုန်း၍ မဖြစ်သဖြင့် ရှေ့ဆက်လုပ်ရမည့် အစီအစဉ်ကို ဆွေးနွေးကြပြီးနောက် လူချင်းခွဲကြရတော့သည်။

{ ၈ }

'ဟုမ်းဘာရီစိန်မေရီ'ရွာကလေးသည် 'ဂရင်းဆင်း တောင်ကုန်းများ၏ အောက်ခြေတွင် တိတ်ဆိတ်အေးချမ်းစွာ ရှိနေ၏။ ရွာတွင်းရှိ အိမ်များ၏ ခေါင်မိုးများမှာ အနီရောင်ဖြစ်သဖြင့်၊ အဝေးမှ လှမ်း၍ ကြည့်လိုက်သော် အနီရောင် ရွာကလေး အဖြစ် မြင်နေရသည်။

အချိန်မှာ ညနေပိုင်းဖြစ်သည်။ မမောင်ပေ၊ ပေါ(လ်)သည် မိုးကာအင်္ကျီကို လက်မောင်းပေါ်တွင် တင်၍ ကျောပိုးအိတ်ကို လွယ်ကာ၊ ကြွေကျနေသော

ခရွက်များ ဖုံးလွှမ်းနေသည့် လမ်းကလေးမှလျှောက်လျက်၊ 'ဟုမ်းဘရီ ရီ'ရွာဘက်သို့ လာခဲ့သည်။ သူလျှောက်လာခဲ့သည့်ခရီးမှာ အတော်ဝေးသဖြင့် ထောက်ပင်ထော့နဲ့ထော့နဲ့ ဖြစ်နေသည်၊

ရွာနှင့်တစ်မိုင်ခန့်အကွာသို့ ရောက်လာသောအခါ လမ်းမမှနေ၍ ခွဲထွက်ကာ တောထဲသို့ သွားသည့် လမ်းကြောင်းကလေးအတိုင်း လျှောက်လာခဲ့သည်။ အချိန်မှ အစပြု၍ သူလျှောက်ရသည့် ခရီးမှာ မြေညီမဟုတ်တော့၊ အတက်ခရီး သည်။ သူ၏ ဘေးဘီတစ်ဝိုက်တွင်လည်း သစ်ပင်ကြီးများ ကျိုးတိုးကျဲတဲနှင့် သော ချုံပုတ်များသာရှိသည်။ သူ၏ရည်မှန်းချက်မှာ ထင်းရှူးပင်များ သွားစွင့်စွင့် ပေါက်နေသော တောင်ထိပ်အထိ တက်သွားရန် ဖြစ်၏။

တဖြည်းဖြည်းနှင့် လမ်းကြောင်းကလေးမှာ ကျဉ်းသည့်ထက် ကျဉ်းလာကာ ဆုံး၌ လမ်းကြောင်းပင်လုံးလုံး ပျောက်သွား၏။ ထို့ကြောင့် မြရာပင်ကဲ့သို့ ပင်များအကြားမှ တိုးဝှေ့၍ ရှေ့သို့ ဆက်သွားရသည်။

တောင်ထိပ်သို့ ရောက်လုနီးသည့် အခါ၌၊ ထိုညအဖို့ စတည်းချရန် သင့်တော် နေရာတစ်ခုကိုရွေးရသည်။ ဟိုဟိုဒီဒီကြည့်ရှုပြီးနောက် ဝက်သစ်ချပင် တစ်ပင် အောက်ရှိ နေရာကို ရွေးလိုက်သည်။ ထိုနေရာတွင် ဘေးပတ်လည်၌ ရာပင်ကဲ့သို့ အပင်များကပေါက်နေသည် ဖြစ်၍ လေတိုက်လျှင်လည်း အကာ ယ်ရနိုင်သလိုအခြားလူတစ်ယောက်ယောက်က မတော်တဆအနီးသို့ရောက်လာ င်လည်း သူ့ကို အလွယ်တကူမြင်နိုင်ဖွယ်ရာ မရှိပေ၊ ထို့ကြောင့် ကြွေကျနေသည် ရွက်ခြောက်များကို စုဆောင်းလျက် သူရွေးထားသောနေရာတွင် ပုံရသည်။ ဖြင့် သူ့အတွက်မွေ့ရာကောင်းကောင်း တစ်ခု ဖြစ်လာလေတော့ သည်။

နေရာအတွက် ပြီးစီးသွားသောအခါ ကျောပိုးအိတ်ကိုခေါင်းအုံးအဖြစ် သုံးပြုကာ လဲလျောင်းရင်း စာအုပ်တစ်အုပ်ကို ဖွင့်၍ ဖတ်လိုက်သေးသည်။ သင်းရောင် ပျောက်သွားသည့်အခါတွင်တော့ ကောင်းကင်မှ ကြယ်ကလေး ကို ကြည့်ရင်း အပျင်းပြေရ၏။ လူ၏ လက်စွဲတော် ဆေးတံသည် ဤအခါမျိုး၌ အသုံးကျပေသည်။ ပျင်းပျင်းရှိတိုင်း ဆေးတစ်ဆုံပြီးတစ်ဆုံ သောက်နေ တော့သည်။

ရာသီဥတုသည် နွေးနွေးထွေးထွေးပင်ဖြစ်သည်။ တစ်ခါတရံ၌ အိုက်စပ်စပ်ပင် နေသည်။ ထင်းရှူးနံ့ကလေးကလည်းညဉ့်လေ၏ သယ်ဆောင်ရာသို့ လာသဖြင့် တသင်းသင်း ဖြစ်နေ၏။

ဤမျှပင် ပတ်ဝန်းကျင်နှင့် ရာသီဥတုက သာတောင့်သာယာရှိနေသော်လည်း (လ်)မှာ အိပ်၍မပျော်နိုင်သေး။ သူ၏ ခေါင်းထဲတွင် ထွေရာလေးပါး

စဉ်းစားနေမိသဖြင့် မျက်လုံးကျယ်နေသည်။ မိုင်ရာသာမရှိလျှင်တော့ အခက်ထဲ
အကြိမ်ကြိမ် စဉ်းစားမိသည်။

ညဥ့်နက်သည်ထက် နက်လာတော့လည်း မျက်လုံးများမေးလာ
အိပ်ပျော်သွားရတော့သည်။

နောက်တစ်နေ့ဆယ်နာရီတွင် ပေါ(လ်)သည် မိုင်ရာနှင့်အချိန်းအချ
လုပ်ထားသည့်နေရာတွင် ရောက်နေပေပြီ။ ချိန်းထားသည့်နေရာသ
'ဟမ်းဘရီ'တောင်ကုန်းအလွန် တောထဲ၌ ဖြစ်သည်။ တကယ်တော့ ပေါ(လ်)
ဆယ်နာရီမထိုးခင် ခပ်စောစောကတည်းက ထိုတောထဲသို့ ရောက်နေခဲ့သည
ချိန်းထားသည်မှာ ဆယ်နာရီဖို့ ဃိုအချိန်ကို အောင့်အည်း၍ စောင့်နေရ
ဖြစ်သည်။

ပေါ(လ်)က သစ်ပင်တစ်ပင်ကိုကွယ်၍ ရပ်နေရင်း၊ မိုင်ရာတက်လာ
လမ်းကလေးကို စောင့်ကြည့်နေသည်။ ဆယ်နာရီကျော်သွားသည့်တိုင် မိုင်ရာ
ပေါ်မလာ။ သူ၏စိတ်ထဲတွင် စိုးရိမ်စိတ်က အစပြုလာ၏။

"မိုင်ရာကိုများ ဖမ်းမိသွားကြပလား၊ ဖမ်းမိသွားတယ်ဆိုရင်တော့ ငါဆက်
ထွက်ပြေးနေလို့ မဖြစ်ဘူး။ ငါ့ဘာသာ သွားအဖမ်းခံလိုက်ပြီး ဖြောင့်ချက်ပေးလိ
မယ်၊ ဒါမှ မိုင်ရာလွတ်မှာ"

ဤသို့ စဉ်းစားနေရင်း သူ၏နားထဲတွင် အသံတစ်သံ ကြားလိုက်သလိ
ရှိသဖြင့်၊ မိုင်ရာလာမည့် လမ်းဘက်သို့ မျှော်ကြည့်လိုက်သည်။

လာပါပြီ၊ လမ်းကျေ့ကလေးကိုချိုး၍ မိုင်ရာက တက်လာပါပြီ။ ဘေး
ပတ်လည်တွင် အခြားမည်သူမှမရှိကြောင်း သေချာသဖြင့်၊ ပေါ(လ်)က သစ်
နောက်မှ ထွက်လာကာ မိုင်ရာကို ဆီးကြိုသည်။ မိုင်ရာကတော့ သူ့ကို တွေ့လို
သည့်အခါတွင် မပြုံးတပြုံးဖြင့်သာနှုတ်ဆက်သည်။ ပြီးတော့မှသာ အားရပ
ပြုံးရယ်လာသည်။ သူတို့နှစ်ဦး ကျောင်းတွင်အတူလုပ်ကြစဉ် အချိန်
ကလစ်ဆော့ပန်းခြံတွင် ချိန်း၍ တွေ့သည့်အခါတိုင်း၊ ဤသို့မပွင့်တပွင့် အပြုံ
ဖြစ်သာ မိုင်ရာက စတင်နှုတ်ဆက်မြဲဖြစ်သည်။

မိုင်ရာ၏ ပခုံးတွင် အိတ်တစ်လုံးကို လွယ်လာသည်။ လက်တစ်ဘက်
ပန်းချီဆရာများသုံးသော ကားချပ်တင်သည့် ဒေါက်တစ်ခုနှင့် ခွေးခြေပုက
တစ်ခုကို တွဲလျက်သားကိုင်ထားသည်။

မိုင်ရာက တောင်းပန်စကားပြောရှာသည်။

"ဆောရီးပဲ ကိုရေ၊ ကျွန်မတော်တော်ကလေးနောက်ကျသွားတယ်၊ ဒီနေ့ရာက ကျွန်မထင်ထားတာထက်ပိုပြီးဝေးတာကိုး။ ဝေးတာမှ တော်တော်ကြီးကို ဝေးတာပဲ"

"တခြားကော ဘာများထူးထူးခြားခြား ဖြစ်သေးလဲမိုင်ရာ"

ပေါ(လ်)၏ အမောတကောအမေးကို မိုင်ရာက ပြန်၍မေးသည်။

"ဘာဖြစ်လို့ ဒီလိုမေးတာလဲကို"

"မိုင်ရာ့မျက်နှာကို ကြည့်ရတာ သိပ်စိတ်ပူနေတဲ့ ပုံမျိုးတွေ့ရလို့ပါ"

"ဩော်...ဒါကြောင့်လား၊ တခြားလူတွေရှေ့မှာတော့ ဒီလိုမျက်နှာထားမျိုး မဖြစ်အောင် သတိထားနေပါတယ်၊ တစ်ယောက်တည်းဆိုရင်သာ ဟိုစဉ်းစား ဒီစဉ်းစားနဲ့၊ မျက်နှာက ဒီပုံမျိုး ဖြစ်သွားတာ၊ခုနကလဲ ကိုကြည့်နေမှန်းမသိလိုက်ဘူးပါ၊ သိရင်တော့ ဒီလိုမျက်နှာထားမျိုးကို ကိုတွေ့ရမှာ မဟုတ်ပါဘူး"

"ကိုယ်က ရဲတွေ မိုင်ရာ့ကို တွေ့သွားကြပလားလို့ စိုးရိမ်နေတာ"

"ဟင့်အင်း၊ ဘယ်သူကမှ မိုင်ရာ့ကို စိတ်မဝင်စားပါဘူး၊ အခု ကျွန်မ ပေါကင်မြို့ကလေးက ဟိုတယ်တစ်ခုမှာ တည်းနေတယ်လေ၊ အဲဒီမြို့ကလေး အနီးအနားမှာ သဘာဝရှုမျှော်ခင်းတွေက ပန်းချီဆွဲလို့ကောင်းမယ်ထင်လို့ လာခဲ့တာလို့သတင်းလွှင့်ထားတယ်ဘယ့်နယ်လဲ ကို၊ ကျွန်မအကြံမကောင်းဘူးလား၊ ကြည့်ပါလား...ဟော ဒီမှာ ကျွန်မရဲ့ ပန်းချီကားတင်တဲ့ ဒေါက်နဲ့ဆွဲစရာ ဘာကယ်လဲ ကျွန်မပုံဆွဲတတ်ပါတယ်ကိုရဲ့၊ မှတ်ဆိတ်မွေးတိုနံ့နံ့နဲ့ ကိုရဲ့ ပုံကိုတောင် အခု တစ်ထိုင်တည်း ပုံကြမ်းလောင်းလိုက်ရင် ဖြစ်သေးတယ်"

ပေါ(လ်)က သူ၏မေးစေ့ကို စမ်းကြည့်ရင်း ပြန်ပြော၏။

"ဘယ့်နယ်လဲ ကိုယ့်ရဲ့မှတ်ဆိတ်မွေးအခြေအနေ၊ အတော်ကလေးတော့ ရှည်လာပါပြီ၊ မှတ်ဆိတ်ကြီးနဲ့ဖြစ်လာရင်တော့ ကိုယ့်ကို မှန်းမသွားပါဘူးနော်"

"အို...ကိုကလဲကြကြီးစည်ရာ"

"မသိပါဘူးကွာ၊ မှတ်ဆိတ်မွေးတွေ ထူလပျစ်နဲ့ဆိုတော့ ကိုယ့်ကိုချစ်မှ ချစ်နိုင်ပါဦးမလားလို့"

မိုင်ရာက လက်တွေ့ကျကျ ပြောလိုက်သည်။

"ဩော်၊ ကိုနဲ့ကျွန်မနဲ့ ဒီအခြေအနေ ဒီအဆင့်ထိကိုရောက်ကြပြီးတော့မှ ကိုရဲ့ ပုံသဏ္ဌာန်ကို တစ်ခုခုပြောင်းသွားလို့၊ မချစ်တော့ဘူးတွေ ဘာတွေ ပြောနေရဦးမှာလားလို့"

မိုင်ရာက ပေါ(လ်)ကို ခရာတာတာ အမူအရာကလေးဖြင့် ဆက်၍ ပြောပြန်သည်။

"ပြီးတော့လဲမုတ်ဆိတ်မွေး ထားလိုက်ရင် ကိုက သိပ်ကြည့်ကောင်းသွားမယ်လို့ မိုင်ရာထင်တယ်ကိုရဲ့။ ဘယ်လောက်ကြာအောင် ထားရမှာလဲဟင်...ကို"

မိုင်ရာ၏ ချစ်စနိုး အမူအရာနှင့် ပြောစကားကြောင့်၊ ပေါ(လ်)လည်း ရွှင်လန်းလာကာ တဟားဟားပင်ရယ်လိုက်မိသည်။

"သိပ်ကြာမှာ မဟုတ်ပါဘူးကွာ၊ တစ်ပတ်အလွန်ဆုံးပေါ့၊ အခုလို မွေးရာသီ အမွေးအမျှင်ပေါက်တာက ဗိုပြီးမြန်တယ်"

"ကိုပြောတာမှန်တယ် ကို၊ မုတ်ဆိတ်နဲ့သာဆိုရင် ကိုရဲ့ရုပ်က လုံးလုံး ပြောင်းသွားမှာ"

စိတ်လက်ပေါ့ပါး ပျော်ရွှင်လာသည့် ပေါ(လ်)က၊ မိုင်ရာ၏လက်ကလေး တယုတယ ဆွဲကာ သစ်ပင်များ ပိုမို ထူထပ်သည့်နေရာအထိ ခေါ်လာခဲ့သည်။ ထိုနေရာသို့ ရောက်သောအခါ၌၊ နှစ်ဦးသားသစ်ရွက်ခြောက်များပေါ်တွင် ထိုင်ကြသည်။ မိုင်ရာကသူ့တွင် ပါလာသော ပန်းချီဆွဲသည့် ပိတ်ကားတင်ရန် အသုံးပြုသော သစ်သားခေါက်ကို ထောက်လိုက်ပြီး၊ ပတ္တူခွေးခြေကိုလည်း ဆွဲဖြန့် လိုက်သည်။

"တွေ့လား၊ ဒီပစ္စည်းတွေနဲ့ဆိုရင် မိုင်ရာကို ဘယ်သူက မသင်္ကာဖြစ်မှာလဲ"

ထို့နောက် ပန်းတွင် လွယ်လာသည့် အိတ်ထဲမှ စားစရာပစ္စည်းများ ထုတ်သည်။ စားစရာများကားစုံလှသည်။ အသားညှပ်ပေါင်မုန့်၊ ဒိန်ခဲ၊ ကြက်ဥပြုတ်၊ ဝက်သားမုန့်၊ ပေါင်မုန့်ရိုးရိုး၊ ပန်းသီး၊ ချောကလက်၊ ကိတ်မုန့်၊ လိုင်း(မ်)ဂျူ(စ်)ပုလင်းကြီးတစ်ပုလင်း၊ ရေတစ်ပုလင်း။

ထမင်းလည်းဆာ ရေလည်းဆာနေပြီ ဖြစ်သော ပေါ(လ်)က၊ ဝမ်းသာအား အော်လိုက်သည်။

"ဟာ...တယ်ဟုတ်ပါလား၊ တကယ့်ကို စားကြောကြီးပဲဟေ့"

အော်လိုက်ပြီးမှ မိုင်ရာကို ကရုဏာသက်စွာ ကြည့်ကာပြော၏။

"ဒါတွေကို ဘယ်လိုလုပ်ပြီး သယ်လာသလဲကွယ် မိုင်ရာရယ်"

မိုင်ရာက ခပ်ပေါ့ပေါ့ပင် ပြန်၍ဖြေသည်။

"အို၊ သိပ်မလေးလှပါဘူး၊ ဟိုဘက်လက်နဲ့ဒီဘက်လက် ပြောင်းကိုင် လိုက် ပခုံးချင်းပြောင်းလွယ်လိုက်နဲ့ ပြီးသွားတာပါ။ နက်ဖြန်ကျရင်တော့ ကျောပိုးအိတ်နဲ့ ထည့်ပြီး သယ်လာခဲ့မယ်"

ပေါ(လ်)က မိုင်ရာကို တစိမ့်စိမ့်ကြည့်ရင်း လှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

"မိုင်ရာဟာ ဇာကယ့်ကို အနစ်နာခံတာပဲနော်၊ မိုင်ရာအနေနဲ့ ဒီတစ်ဘက်မှာ အပြစ်တွေ လုပ်ခဲ့ဦးတော့၊ အခုလို အနစ်ခံတဲ့ အကျိုးအာနိသင်ကြောင့် တရားသခင်က မိုင်ရာကို ခွင့်လွှတ်မှာပါကွယ်၊ ပြီးတော့ ကိုယ်လဲညက စဉ်းစားရင်း နဲ့ သစ္စာဆိုထားပါတယ်၊ အခုရင်ဆိုင်နေရတဲ့ ဒုက္ခကြီးက ချောချောမောမော ပြတ်မြောက်သွားလို့ တို့ အေးအေးချမ်းချမ်း နေရတဲ့ ဘဝကို ရောက်လာရင် မိုင်ရာ့ရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ပါမယ်လို့"

မိုင်ရာက စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"ညတုန်းက ဘယ့်နှယ်နေလဲ၊ အိပ်လို့ရရဲ့လား"

"တစ်ယောက်တည်းဆိုတော့လဲ စိတ်အားနည်းနည်းတော့ ငယ်တာပေါ့ကွယ်"

"ကျွန်မလဲညဘက်မှာပါ ကိုနဲ့အတူတူနေချင်ပါရဲ့၊ ဒါပေမဲ့ ညကို ပြန်မအိပ်ရင်း ကျွန်မတည်းတဲ့ ဟိုတယ်က လူတွေက သက်သေမကောင်းဖြစ်မှာ စိုးရတယ်၊ တစ်နေ့လုံးတော့ ကျွန်မ ကိုနဲ့ အတူရှိနေမှာပါ၊ ကဲ ...ကဲ ကို ဆာနေတယ်ဆို စားလေ"

အူတကြွတ်ကြွတ်ဖြစ်နေသော ပေါ(လ်)ကို နစ်ခါမတိုက်တွန်းရပါ၊ သူ့ရှေ့ရှိ စားစရာများကို အားရပါးရစားနေသည်။

မိုင်ရာကတော့ သူ၏ချစ်သူ မြိန်ရေရှက်ရည် စားနေသည်ကို ကြည့်ရင်း ပီတိ ဖြစ်နေသည်။

စားပြီးသွားသောအခါတွင် ပေါ(လ်)က၊ သူ၏ လက်တစ်ဘက်ဖြင့် မိုင်ရာ၏ ခါးကို ဖက်၍ ပြောသည်။

"အနားကို တိုးစမ်းပါ မိုင်ရာရဲ့၊ ကိုယ်တစ်ယောက်တည်းနေခဲ့ရတာ ငြီးငွေ့လွန်းလို့၊ အခုနေ တခြားသူတွေ မြင်သွားရင်လဲကိစ္စမရှိပါဘူး၊ ပျော်ပွဲစား ထွက်လာကြတဲ့ ချစ်သူနှစ်ဦးလို့ပဲထင်ကြမှာပါ"

မိုင်ရာကလည်း ပေါ(လ်)ကို အလိုက်သင့်ပြန်၍ ဖက်ရင်း ပြောပြသည်။

"ဟင်...ကိုပြောတာက ဘယ်လိုပါလိမ့်၊ ကျွန်မတို့နှစ်ယောက်ကကော တကယ့် ချစ်သူတွေ မဟုတ်လို့လားလို့"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်ဗျာ"

ဤ တစ်ခဏ်တွင်ကား ပေါ(လ်)အဖို့ သူ၏ဒုက္ခတွေကို မေ့သွားသည်။

တကယ်တော့ပေါ(လ်)၏ စိတ်ချမ်းသာမှုသည်၊ မိုင်ရာနှင့် အင်စပက်တော်ဘို(လ်)ထရိုတို့၏အပေါ်တွင် တည်မှီနေပေသည်။ မိုင်ရာနှင့်တွေ့နေရလျှင် အတိုင်းမသိ ပီတိဖြစ်ရသည်။ ဘို(လ်)ထရို၏ လက်ထဲကို ရောက်သွားလျှင်မူကား သူ၏ ပျော်ရွှင်မှုသည် ကျောက်ဆောင်ပေါ်တွင် ပုလင်းတစ်လုံးကို ချခွဲလိုက်ဘိသည့်အလား ပျက်စီးကြေမွသွားမည်သာ ဖြစ်၏။

သို့ရာတွင် ပေါ(လ်)၏ စိတ်ပျော်ရွှင်မှုကို ပျက်စီးအောင် ဖန်လာသည့်အခါတွင်ကား၊ ဘို(လ်)ထရိုက ပထမ မဟုတ်ခဲ့ပေ။ တကယ်တော့လည်း ဘို(လ်)ထရိုက ပေါ(လ်)ကို ဖမ်းမိလျှင်၊ ပေါ(လ်)၏ ခန္ဓာကိုယ်ကိုသာလျှင် မိုင်ရာနှင့် ခွဲထား၍ရပေမည်။ သူတို့နှစ်ဦး၏ နှလုံးသားမှ ထွက်ပေါ်လာသည့် ချစ်ခြင်း မေတ္တာကိုမူ ခွဲထားနိုင်မည်မဟုတ်ပေ။

ပေါ(လ်)၏ စိတ်ပျော်ရွှင်မှုကို ဖျက်ဆီးလိုက်သည့် အကြောင်းရင်းခံ အချက်သည်ကား၊ မိုင်ရာက ပေါ(လ်)၏ အဖြစ်မှန်ကို သိသွားခြင်းကိုပင်ဖြစ်သည်။

ပေါ(လ်)ကလည်း မိုင်ရာ သိသွားပြီ ဆိုသည်ကို၊ နောက်တစ်နေ့ နံနက် မိုင်ရာလာသည့်အခါတွင် သိရသည်။

ထိုနေ့နံနက်တွင် မိုင်ရာသည် ကျောပိုးအိတ်ကိုလွယ်ကာ လက်မှလည်း ပန်းချီကားချပ်တင်သော ဒေါက်နှင့် ခွေးခြေပုကလေးကိုဆွဲလျက် တောင်အောက်မှ တက်လာသည်။ ပေါ(လ်)က သစ်ပင်အကွယ်မှစောင့်သည်။ ပေါ(လ်)စောင့်နေသည့် နေရာသည်ကား တိတ်ဆိတ်ငြိမ်သက်လှသည်။ လူတစ်ယောက်တလေမျှ ဤနေရာသို့ ဖြတ်သန်းသွားလာသည်ကိုမတွေ့ရ။ အချိန်မှာ ဆယ်နာရီခန့်သာရှိသေးသည်။ မိုင်ရာတက်လာတာ တယ်စောပါလားဟုပင် ပေါ(လ်)ကထင်လိုက်မိသည်။ မနေ့ကတော့ ဆယ်နာရီထိုးသည်အထိ မလာသေး။

သို့သော် ထူးခြားမှုကို ပေါ(လ်)က တွေ့လိုက်ရသည်။ မိုင်ရာ၏ မျက်နှာမှာ မသာယာလှ။ ဤအခြင်းအရာကို မိုင်ရာ ခပ်လှမ်းလှမ်းတွင်ရှိနေစဉ်ကတည်းကပင် ပေါ(လ်)က သတိပြုမိသည်။ တစ်ကြိမ်တွင် မိုင်ရာက လမ်းလျှောက်ခြင်းကိုရပ်လျှက် နဖူးကိုလက်ဖြင့်သပ်နေသည်ကို တွေ့ရသည်။ စိတ်အားထက်သန်စွာ စောင့်ကြည့်နေသည့် ပေါ(လ်)က၊ မိုင်ရာများ နေမကောင်းဘူးလားဟု စိုးရိမ်စိတ်ဝင်လာသည်။

တစ်ခုခုတော့ တစ်ခုခုပဲဆိုသည်မှာ သေချာနေသည်။ ကေသွ သူ့အမှုတွင် သတင်းဆိုးကို ကြားခဲ့ရခြင်းဖြစ်နိုင်သည်ဟု ပေါ(လ်)က တွေးမိသည်။

အနီးသို့ ရောက်လာသည့်အခါတွင် ခါတိုင်းကဲ့သို့ မိုင်ရာက မပွင့်တပွင့်လည်း မပြုံး၊ ပေါ(လ်)၏ မျက်နှာကိုသာ ငေးစိုက်၍ကြည့်နေသည်။ သူကြည့်နေပုံမှာ သူစိမ်းတစ်ရံစာ တစ်ယောက်ကို ကြည့်နေပုံမျိုး။

**စိတ်ကူးချိုချို**

ပေါ(လ်)က အောင့်အည်းမနေနိုင်တော့၊ လှမ်းခေါ်လိုက်သည်။

"မိုင်ရာ"

မိုင်ရာက ကြိုးစား၍ ပြုံးရှာပါသည်။ သို့သော် မအောင်မြင်ပါ၊ သူ၏အပြုံးမှာ မဲ့ပြုံးဟုခေါ်ရမည့် အပြုံးမျိုးဖြစ်နေသည်။

"မိုင်ရာ မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

မေးရင်းနှင့် ပေါ(လ်)က အားပေးရန်ရည်ရွယ်လျက်၊ မိုင်ရာ၏ လက်မောင်းကို ကိုင်ဆုပ်ရန်လှမ်းလိုက်၏။ သို့သော် မိုင်ရာက လက်မောင်းကို ဆတ်ခနဲ ယဉ်လိုက်သဖြင့် မကိုင်မိ၊ မိုင်ရာ တစ်ကိုယ်လုံး တုန်သွားသည်ကိုလည်း ပေါ(လ်)က သတိပြုမိလိုက်သည်။

ထို့ကြောင့် ပေါ(လ်)က အံ့ဩစွာဖြင့် မေးရသည်။

"မိုင်ရာ ဘာဖြစ်လာတာလဲ၊ ကိုယ့်ကို ပြောပြစမ်းပါကွယ်"

မိုင်ရာက စိတ်ရှုပ်သွားသည့်ဟန်ဖြင့် သူ၏ နဖူးကလေးပေါ်တွင် လက်ဝါးဘင်ကာ အသံတိုးတိုးကလေးဖြင့် ပြန်ပြော၏။

"ပြောမပြတတ်တော့ဘူး ပေါ(လ်)ရယ်၊ ကျွန်မခေါင်းထဲမှာတော့ အတွေးတွေက တစ်ပုံတခေါင်းကြီးနဲ့အပြည့်ပဲ၊ လာလေ ...အေးအေးဆေးဆေးထိုင်ပြီး ပြောစရာကလေးတွေ ပြောကြရအောင်"

သစ်ပင်များထူထပ်ရာသို့ လျှောက်သွားရင်း၊ ပေါ(လ်)က မိုင်ရာဘက်သို့ လှည့်ကြည့်မိသည်။

သူတွေ့ရသည်မှာကတော့ မိုင်ရာက သူ့ကိုမျက်လုံးကြီးအပြူးသားဖြင့် ဆန်ခွဲမရသည့် အကြည့်မျိုးဖြင့် ကြည့်နေခြင်းဖြစ်သည်။ သစ်ပင်များအတော်ကလေး ထူထပ်သည့် တစ်နေရာတွင် သူတို့ထိုင်မိကြသည်။ မိုင်ရာကတော့ စကားတစ်လုံးမှ မပြော၊ ကျောပိုးအိတ်ကိုချကာ အထဲမှ စားစရာများကို ထုတ်ယူလျက်၊ မြေကြီးပေါ်တွင် စီသည်။ မနေ့ကလို ရွှင်ပျသည့်အမူအရာမျိုးမရှိ။ နှုတ်လည်းမသွက်၊ လျှာလည်းမသွက်၊ ကြင်နာယုယသည့် အမူအရာမျိုးလည်း မရှိတော့။

မိုင်ရာက စကားတစ်ခွန်းမျှ မပြောသည့်အတွက်၊ ပေါ(လ်)မှာ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ထို့ကြောင့် ဘာဖြစ်လို့လဲဟူသော မေးခွန်းကို ဒုတိယအကြိမ် မေးရပြန်သည်။

"ကဲ...ပြောစမ်းပါဦး မိုင်ရာ၊ ဘာဖြစ်လို့ ဒီလို မကြည်မလင်မရွှင်မပျ ဖြစ်နေတာလဲ၊ ဘာ သတင်းကြားရလို့လဲ"

မိုင်ရာက ချက်ချင်းမဖြေသေး၊ ခေါင်းကိုငုံ့ကာ မြေကြီးပေါ်ရှိ သစ်ရွက်ခြောက်များကိုသာ သဲကြီးမဲကြီး ကြည့်နေသည်။ ခဏကြာတော့မှ ဆတ်ခနဲ ခေါင်းမော့ကာ ပေါ(လ်)၏ မျက်နှာကို စေ့စေ့ကြည့်လျက် ပြန်ပြောသည်။

"ညနေက ဒီက ပြန်သွားတော့ ညနေပိုင်းထုတ် သတင်းစာတွေမှာ 'ပရက်ဆက်၏ အိမ်တွင် ထပ်မံတွေ့ရသော ထူးခြားချက်တစ်ခု'လို့ တွေ့တာနဲ့ ဝယ်ပြီးတော့ ဖတ်ကြည့်တယ်၊ သတင်းစာထဲမှာဆိုထားတာကတော့ ပရက်ဆက်၏ အိမ်နောက်ဖေး ဝန်းခြံထဲတွင် ရဲများက တူးဆွကြည့်ရာတွင် သံဖြူဘူးခွံတစ်ခုကို ခပ်နက်နက်တူး၍ မြှုပ်ထားသည်ကို တွေ့ရတယ်တဲ့၊ အဲဒီ ဘူးခွံထဲမှာ စိန်အဆင်းအကာတ်အသတ် တွေ့ရတယ်ဆိုပဲ၊ ပြီးတော့လဲ ဘရစ်(စ်)ကိုးဆိုတဲ့ လူက အဲဒီ ဘူးခွံဟာ မစ္စတာပရက်ဆက်ဆီမှာ သူထားခဲ့တဲ့ ဘူးခွံပါတဲ့၊ ထားခဲ့ပြီးတဲ့ နောက်တစ်နေ့မှာ ဘူးခွံကိုလာယူတော့ ရှင်ကပြောလိုက်တယ်တဲ့၊ ဘူးခွံဟာ အမှိုက်ကျုံးသမားတွေသိမ်းတဲ့အထဲကို ပါသွားပြီလို့၊ သတင်းစာတွေ ကတော့ အဲဒီဘူးခွံထဲမှာ စိန်အစအနတွေ တွေ့လိုက်တာနဲ့ပတ်သက်ပြီး တိုက်ရိုက်တော့ ထင်မြင်ချက် မပေးဘူးပေါ့လေ၊ ဒါပေမဲ့ ကျွန်မအဖို့ကတော့ ခေါင်းအတော် ရှုပ်အောင် စဉ်းစားရတဲ့ အချက်တစ်ခုဖြစ်နေတယ်"

ပေါ(လ်)ကတော့ အဓိပ္ပာယ်ကောင်းစွာ ပေါက်သွားပြီ ဖြစ်၏။ သူ၏ ပုံသဏ္ဍာန်မှာ မိုင်ရာပြောနေသည်ကို နားထောင်နေဟန်ရှိသော်လည်း၊ တကယ် အားဖြင့်၊ ထိုစဉ်အချိန်က သူလုပ်ခဲ့သည်ကိုပြန်၍ တွေးကြည့်နေသည်။ ထိုစဉ်က သူ့အတွေးချော်ခဲ့ပုံကို စဉ်းစားမိရင်း၊ သူ့ကိုယ်သူ ဒေါသဖြစ်နေသည်။ ထိုဘူးခွံကို ယူ၍ ဘာကြောင့်များ မလွှင့်ပစ်မိပါလိမ့်၊ ရဲတွေက ဒီလောက် ဖွဲကောင်းလိမ့်မည်ဟုလည်း သူမထင်မိခဲ့...၊ မိုင်ရာကို မည်သို့ရှင်းရမည်နည်း။

တကယ်တော့ ရှင်းရန်ပင် သိပ်မလိုတော့ပါ၊ သူ၏ အမူအရာပျက်သွားသည်ကို ကြည့်၍၊ မိုင်ရာက အဓိပ္ပာယ်ကောက်၍ ရလောက်နေပြီဖြစ်ပါသည်။

ပေါ(လ်)က မိုင်ရာ၏ လက်မောင်းကို နောက်တစ်ကြိမ် ဆုပ်ကိုင်ရန် ကြိုးစားသေးသည်။ သို့သော် မိုင်ရာက ပြောလိုက်သည့်စကားကြောင့် တန့်သွားရသည်။

"နေပါဦးကို၊ ကျွန်မ ခေါင်းအေးအေးနဲ့ စဉ်းစားချင်လို့ပါ၊ အင်း...သိပါပြီလေ"

ပေါ(လ်)က ဖုံးကွယ်ရန် ကြိုးစားသေး၏။

စိတ်ကူးချိုချို

"အခုအတိုင်းဆိုတော့ မိုင်ရာက အယ်လီနာ့ကို ကိုယ်သတ်လိုက်တာလို့ ယူဆနေပြီပေါ့ ဟုတ်လား"

မိုင်ရာထံမှ ဖြေသံထွက်၍မလာ၊ ပေါ(လ်)ကိုသာ မိုင်ရာက ငေးကြည့်နေသည်။ ဤ အမူအရာကပင် ပေါ(လ်)၏ မေးခွန်းကို ဖြေလိုက်သည်နှင့် အတူတူ ဖြစ်နေသည်။

မထူးတော့သော အမူအရာဖြင့် ပေါ(လ်)က တစ်ဘက်သို့မျက်နှာကို လှည့်လျက် ပြန်ပြောရတော့သည်။

"ကောင်းပြီလေ၊ ဒီလိုဆိုတော့လဲ ကိုယ့်အဖို့ ဒီလောကကြီးမှာ တစ်ယောက်တည်း ဆိုတဲ့အဖြစ်ကို ရောက်သွားပြီပေါ့"

မိုင်ရာ၏ စိတ်ထဲတွင် သနားစိတ်ဝင်လာပြန်သည်။

"အို...ကိုရယ်၊ ကိုသတ်ခဲ့တာ မဟုတ်ဘူး မဟုတ်လားဟင်"

"ဒါပေါ့ကွ၊ ကိုယ်သတ်တာ မဟုတ်ပါဘူး"

"ပေါ(လ်)..."

သူ၏ နာမည်ကို တစ်ခွန်းတည်းခေါ်လိုက်ပြီး၊ သူ့ကိုကြည့်နေသည့် အမူအရာကို တွေ့လိုက်ရလျှင်ပင်၊ သူ၏ အဖြေကို မိုင်ရာက မယုံသည်မှာ ထင်ရှားနေပေပြီ။

မိုင်ရာထံမှ နောက်ထပ်ပြောသည့်စကားသံ ထွက်လာသည်။

"မဟုတ်သေးပါဘူးလေ၊ ကျွန်မ အမှန်ကို သိချင်တယ် ပေါ(လ်)၊ ဒါမှ ကျွန်မ စဉ်းစားဆုံးဖြတ်လို့ရမှာ။ အမှန်ကိုသိပြီးတဲ့ နောက်မှ၊ ရှင်နဲ့ အရင်က နေခဲ့တဲ့အဖြစ်ကို ပြန်ရောက်နိုင်အောင်၊ ကျွန်မစိတ်ကို ကျွန်မ ကြိုးစားပြီး ဖြေဖျောက်နိုင်မှာ"

"ကဲ...ကိုယ်က ကျူးလွန်ခဲ့မိတယ်ဆိုပါတော့ကွာ၊အဲဒီလိုဆိုရင် ဘာထူးခြားမှာ ရှိလဲ"

"ကျွန်မအတွက်တော့ ထူးထူးခြားခြားရှိတာပေါ့ရှင်၊ စိတ်တော့ မရှိပါနဲ့ ပေါ(လ်)ရယ်၊ အဖြစ်မှန်ကို ကျွန်မ သိရမှဖြစ်မယ်"

တကယ်တော့လည်း မိုင်ရာ မေးမယ့်သာမေးရသည်။ ပေါ(လ်)၏ အမူအရာ ပျက်သွားပုံ၊ အသံတုန်တုန်ဖြင့်ပြောပုံကိုကြည့်၍ အဖြစ်အမှန်ကို ခန့်မှန်းမိပြီး ဖြစ်ပါသည်။

မိုင်ရာက 'ဟင်း'ခနဲသက်ပြင်းတစ်ချက်ချကာ၊ ဆုံးဖြတ်ပြီးသည့် ပုံသဏ္ဌာန်ဖြင့် ဆက်၍ ပြောသည်။

"ကဲ...ကျွန်မရဲ့ သဘောကို ပြောပြပါမယ်၊ အခုလောက်ဆိုရင် အဖြစ်မှန်ကို ခန့်မှန်းလို့ရပါပြီ၊ အဲဒီတော့ ရှင့်ကို ကျွန်မ မချစ်နိုင်တော့ဘူးလို့ ပြောရတော့မယ်၊ ထူးခြားမှုဆိုတာကတော့ ဒါပါပဲ၊ မချစ်တော့ဘူးလို့ဆိုပေမယ့် အခုအတိုင်း ဆက်လက် ကူညီနေဦးမှာပါ"

ပေါ(လ်)က အတန်ကြာ နှုတ်ဆိတ်နေပြီးမှ ဝန်ခံလေတော့သည်။

"ဟုတ်ပါတယ် မိုင်ရာ၊ ကိုယ်ဟာ အယ်လီနာကို သတ်လိုက်တဲ့လက်သည်ပါပဲ၊ အဲဒီတုန်းက ဘယ်လိုဖြစ်သွားလို့လဲတော့မသိဘူး၊ တစ်ခု ကိုယ့်စိတ်ထဲမှာ စွဲနေတာက...၊ ကိုယ်ဟာ မိုင်ရာကို လက်လွှတ်မခံနိုင်ဘူးဆိုတဲ့ အချက်ပဲ ပြီးတော့..."

ပေါ(လ်)၏ စကားမဆုံးမီ၊ မိုင်ရာထံမှ ခပ်ကျယ်ကျယ်ကလေး ညည်းတွား ထွက်လာ၏။

"အို..."

ပေါ(လ်)ကလည်း ဆက်၍ မပြောနိုင်တော့၊ မိုင်ရာထံမှလည်း အသံထွက် မလာ၊ မိုင်ရာက ပေါ(လ်)အား သူစိမ်းပြင်ပြင် တစ်ဦးအလား ငေးကြည့်နေသည်။

ပေါ(လ်)ထံမှ စကားသံထွက်လာသည်။

"တစ်ခါခါမှာတော့ ဘာကြောင့် ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ မိုင်ရာကို ကြိုးစားပြီး ရှင်းပြပါ့မယ်၊ အဲဒီလိုရှင်းပြလိုက်ရင်တော့၊ မိုင်ရာ သဘောပေါက်လာလိမ့်မယ်လို့ ထင်ပါတယ်"

"အို...အသည်းထိတ်စရာ ကောင်းလိုက်တာနော်"

မိုင်ရာက ညည်းညည်းတွားတွား ပြောရင်းနှင့်၊ သူ၏ နဖူးကလေးအား သူ၏ လက်ဖမိုးဖြင့် ကပ်ထားသည်။

ထို့နောက် သူက လေသံသာသာမျှ အသံကလေးဖြင့် ပေါ(လ်)ထံ ခွင့်ပန်

"ကျွန်မကို ခွင့်လွှတ်ပါ ပေါ(လ်)ရယ်၊ ခေါင်းထဲမှာလဲ ရှုပ်နေပြီ၊ တစ် ရာရာကိုသွားပြီး ထိုင်စဉ်းစားလိုက်ဦးမယ်၊ မနက်ဖြန်တော့ ခါတိုင်းလိုပဲ စားစရာ ယူလာပြီး ဒီနေရာကို လာခဲ့ပါ့မယ်၊ အခုတော့ တစ်ယောက်တည်းပဲ အေးအေး ဆေးဆေး စဉ်းစားလိုက်ဦးမယ်နော် ဟုတ်လား"

ပေါ(လ်)က ပခုံးကိုတွန့်၍ ပြန်ဖြေလိုက်သည်။

"အေးပေါ့လေ၊ သွားပါ ရပါတယ်၊ ကိုယ့်အတွက်တော့ ဘုန်းမော တစ်ယောက်တည်း ပေါ့ကွာ"

"ကျွန်မ လုပ်ပေးနိုင်တာကိုတော့ ဆက်ပြီး လုပ်ပေးပါ့မယ် ပေါ(လ်)ရယ်၊ နောက်ဖြန်လဲ ဆက်ဆက်လာခဲ့ပါ့မယ်၊ အို…ဘုရား…ဘုရား ဘယ်လိုအဖြစ်မျိုး ပါလိမ့်"

ဤသို့ ညည်းတွားလိုက်သော်လည်း မိုင်ရာက မျက်ရည်မကျပေ။ ထို့နောက်တွင်ကား စိတ်ကိုတင်းလိုက်ပြီး၊ ကျောပိုးအိတ်ကို ဆွဲယူလျက် ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ပေါ(လ်)ခမျာမှာ ထွက်ခွာသွားသည့် မိုင်ရာဘက်သို့ ပါးစပ်အဟောင်းသား ဖြင့် လက်ကမ်းရင်း ကျန်ရစ်ခဲ့ရှာ၏။ မိုင်ရာက နောက်သို့ တစ်ချက်လှည့်ကြည့် လိုက်သည်တွင်၊ ပေါ(လ်)၏ အမူအရာကို တွေ့လိုက်ရသဖြင့်၊ သနားစိတ်ကလေး ဝင်လာသည်။ သို့သော် အရင်ကလို ချစ်စိတ်တော့ မရှိတော့ပေ။ သူ၏ ရင်တွင်း၌ အချစ်စိတ်နှင့် မေတ္တာစိတ်တို့ ကုန်ခန်းသွားဟန် တူပေသည်။

နှတ်မှ ဘုရားသခင်ကို တိုင်တည်ရင်း၊ မိုင်ရာသည် ချုံပုတ်များအတွင်းမှ ဖြတ်၍ လျှောက်လာခဲ့သည်။ မည်သည့်နေရာကို သွားမည်ဟူ၍ ရည်ရွယ်ချက်မရှိ။ ဦးတည်ရာလျှောက်နေခြင်းဖြစ်သည်။ သူ၏ စိတ်သည်ကား ဆုံးစမထင်သော ကြေဝဠာကြီးအတွင်းသို့ ပျံ့လွင့်နေသည်။

ဤမျှ နှစ်နှစ်ကာကာ အသည်းနှင့်အောင် ချစ်ခဲ့ရပြီးမှ သူ၏ရင်တွင်းမှ အချစ်စိတ် ပျောက်ကွယ်သွားရသည့် အဖြစ်ကြောင့်၊ မိုင်ရာ၏ ရင်တွင်းဝယ် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။

အချစ် ဆုံးရှုံးရခြင်းသည် လူ့ဘဝတွင် အကြီးဆုံးသော ဆုံးရှုံးခြင်းပေတည်း။

မိမိချစ်သောသူ သေဆုံးသွားလျှင် သေသူကို တမ်းတနေရခြင်းကပင်လျှင် သုခတစ်မျိုးဖြစ်သည်။ သို့သော် မိမိ၏ ချစ်သောသူအပေါ်၌ထားရှိသော အချစ် စိတ် ကွယ်ပျောက်သွားသည့် အခါတွင်ကား ပိန်းပိတ်နေသော အမှောင်ထုကြီး အတွင်းသို့ ဝင်ရောက်သွားရသည်နှင့် အလားသဏ္ဍာန် တူပေသည်။

## {၉}

မိုင်ရာသည် ရီဝေနေသော ဦးခေါင်းဖြင့် ခြေဦးတည့်ရာ ထွက်လာခဲ့သည်။ တောင်ကုန်းပေါ်သို့တက်သောလမ်းကြောင်းကလေးအတိုင်းတက်လာခဲ့ရာ တောင်ကုန်းထိပ်ပေါ်သို့ ရောက်လာခဲ့သည်။

နှတ်မှလည်း တတွတ်တွတ် ညည်းတွားလာခဲ့သည်။

"လုပ်ရက်တယ် ပေါ(လ်)ရယ်၊ ရှင့် ကျွန်မကို တောက်လျှောက်လိမ်ညာခဲ့တာကိုး၊ ဒီလို တစ်ကိုယ်ကောင်းစိတ်ရှိတဲ့လူ၊ စိတ်သဘောထား မမြင့်မြတ်တဲ့လူကိုမှ၊ ငါက အရူးအမူး ချစ်မိခဲ့တယ်၊ အမလေး ဘုရား ...ဘုရား၊ ငါချစ်မိခဲ့တဲ့လူဟာ၊ လူတစ်ယောက်ရင့်မာကြီးကို သတ်ခဲ့တဲ့သူ ဖြစ်နေပါကလား"

တက်လာခဲ့စဉ်ကမူကား ခြေဦးတည့်ရာ တက်လာခဲ့ခြင်းဖြစ်သဖြင့် ဘယ်ရောက်၍ ဘယ်ရောက်မှန်း သတိမထားမိပေ။ တောင်ထိပ်သို့ရောက်သည့် အခါတွင်မှ၊ သူရောက်လာသည့်နေရာကို မိုင်ရာက မှတ်မိလေတော့သည်။ ဤနေရာသည်ကား၊ သူတို့နှစ်ဦး လက်တွဲ၍ ချစ်တင်းစကားဆိုရင်းထိုင်နေကျ "တရားသူကြီး ထိုင်သည့် ကုလားထိုင်"ဟု ခေါ်ကြသည့် ပစ်(ချ်)တောင်ကုန်းထိပ်ဖြစ်သည်။

ဤနေရာမှ ကြည့်လိုက်သည်ရှိသော်၊ အင်္ဂလန်ပြည်တောင်ပိုင်းမှ၊ သာယာစွာသော ရှုခင်းကို မျက်စိတဆုံး မြင်နိုင်သည်။ အဝါတစ်ကန့်၊ အစိမ်းတစ်ကန့်၊ အနီ တစ်ကန့်ဖြင့် အစီအရီရှိနေကြသော ပန်းသီးခြံ၊ သစ်တော်သီးခြံများနှင့် မြက်မှလွ ခြံထည့်ကြီးများ ဖြန့်ချထားသည့်အလား မြက်ခင်းပြင်စိမ်းစိမ်းများကို တွေ့နိုင်သည်။

မိုင်ရာအဖို့မှာ ဤအချိန် ဤအခါတွင် ရှုမျှော်ခင်းသည် သာမောဖွယ်မဖြစ်နိုင် ပါတော့ချေ။ ယခင်က ပျော်ရွှင်ကြည်နူးစွာ ထိုင်ခဲ့ကြ၊ ချစ်စကားတွေဆိုကြသည်ကို ပြန်ပြောင်းသတိရရင်း မျက်ရည်များ လည်လာကာ ရင်ထဲတွင် ဆို့ကျွမ်းလာသည်။

ဤအခါတွင် မိုင်ရာအဖို့ ထာဝရ ဘုရားသခင်ကိုသာ တိုင်တည်နိုင်တော့ သည်။

"အရှင် ဘုရား၊ ဘုရားတပည့်တော်မကို ကရုဏာထားပြီးတော့၊ ရှေ့လမ်း ခရီးကို လမ်းညွှန်တော်မူပါ ဘုရား"

ဘုရားကို တိုင်တည်လိုက်မိသောအခါတွင်၊ စိတ်အားအနည်းငယ် တက်လာ သည်။

မိုင်ရာသည် ဘုရားကို မေ့နေသူမဟုတ်ဘဲ၊ ဘုရားသခင်ကို စိတ်ထဲတွင် မကြာခဏဆိုသလို ရည်စူး၍ ဆုတောင်းလေ့ရှိသဖြင့်၊ ယခုလိုစိတ်သောက ရောက်နေသည့် အချိန်မျိုးတွင်၊ ဘုရားသည်သာလျှင် အားကိုးရာဟု အောက်မေ့ သည်။

ကြည်နူးဖွယ်ရာကောင်းသော ရှုမျှော်ခင်းကို မကြည်နူးနိုင်ဘဲ ငေး၍ ကြည့်နေရင်း၊ မိုင်ရာ၏ အာရုံထဲသို့ အတွေးတစ်ခုက မသိမသာ ဝင်ရောက်လာ သည်။ ထိုအတွေးသစ်သည် ဝင်လာခါစက မသိမသာဝင်လာခြင်းဖြစ်သော်လည်း မိုင်ရာ၏ အာရုံထဲတွင် တဖြည်းဖြည်းနှင့် ကျယ်ပြန့်စွာ နေရာယူလာ၏။

တကယ်တော့ ပင်ကိုစိတ်ရင်းဖြူစင်သည့် မိုင်ရာအဖို့ သူ၏ နှလုံးသားတွင် အမုန်းစိတ်ကို ကြာရှည်စွာနေရာမပေးနိုင်ပါ။ ယခုဝင်လာသော အတွေးသစ်မှာ သတ္တဝါအားလုံးကို ချစ်ခင်ကြင်နာစိတ်ထားရမည်ဟူသော အတွေးသစ်ဖြစ်သည်။

ပေါ(လ်)ကိုသာမဟုတ်၊ အားလုံးကို မေတ္တာစိတ်ထားရမည်ဟု ဆိုလိုခြင်းပေတည်း။

မိုင်ရာက သူ့၏ အခြေအနေကို သုံးသပ်ကြည့်နေ၏။

မနေ့ကဆိုလျှင် ချစ်သူအတွက်စွန့်စားကူညီရသဖြင့် ပျော်ရွှင်နေသော မိုင်ရာဖြစ်သည်။

ယနေ့ဆိုလျှင် ချစ်သူကို မချစ်နိုင်လောက်အောင် မေတ္တာစိတ်ခန်းခြောက်သွားသဖြင့် မှိုင်တွေချနေသော မိုင်ရာဖြစ်နေပြန်သည်။

သူစဉ်းစားရန်ရှိသည်မှာ ဆက်လက်ပြီး မှိုင်တွေချနေမည်လား၊ သို့မဟုတ် ပျော်ပျော်ရွှင်ရွှင်နေသွားမည်လား၊ ထိုနှစ်ချက်သာဖြစ်သည်။

သတ္တဝါအားလုံးတို့ကိုမေတ္တာထားနိုင်လျှင် ပေါ(လ်)ကိုကော မေတ္တာမထားနိုင်ဘူးလား၊ တကယ်တော့ ပေါ(လ်)သည် ဆိုးလှသော လူတစ်ယောက်မဟုတ်ပါ၊ အချို့သော အပိုင်းတွင် ပျော့ညံ့၍သာ ဤစက်ဆုပ်ဖွယ်ရာ အလုပ်ကို ကျူးလွန်မိခြင်းဖြစ်ပေသည်။ တကယ်တော့ သူပင်လျှင် တာဝန်မကင်းဟု ဆိုရမလို ဖြစ်နေသည်။ သူ့ကို လိုချင်စိတ်မွှန်နေ၍ လူ့အဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းကို ဖောက်ဖျက်လျက် လူသတ်မှုကို ကျူးလွန်ခဲ့ခြင်းဟုသာ ဆိုရတော့မည်။

ဤသို့ ဆိုပြန်တော့ ပေါ(လ်)ကို ခွင့်လွှတ်၍ ပြန်လည်ချစ်ရတော့မည်။

သူကသာ ပေါ(လ်)ကို စွန့်ခွာသွားလျှင် ပေါ(လ်)အဖို့ ဤကမ္ဘာ ဤမြေတွင် တစ်ယောက်တည်းသာ ကျန်နေပေမည်။ နဂိုကမှ စိတ်အားပျော့တတ်သည့် ပေါ(လ်)သည် လက်ရှိခံစားနေရသော ဒုက္ခကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်သည်မှာ သေချာပေသည်။ သူ့ကိုယ်သူ သတ်သေချင်ရင်လည်း သတ်သေမည်။ သို့မဟုတ် ရဲများထံသွားရောက် အဖမ်းခံချင်ရင်လည်း ခံပေမည်။

ယခုလို စိတ်ပြောင်းလာပြီဆိုတော့ ပေါ(လ်)အပေါ်၌ တွယ်တာစရာ၊ အောက်မေ့စရာအချက်တွေက တသီတတန်းကြီး မိုင်ရာ၏ ခေါင်းထဲတွင် ပေါ်လာသည်။ ပေါ(လ်)၏ သိမ်မွေ့နူးညံ့ပုံ ညင်ညင်သာသာ ဆက်ဆံပြောဆိုတတ်ပုံတို့ကို သတိရလာသည်။

"အို ... ငါဟာ ပေါ(လ်)အပေါ်မှာ ရက်စက်လွန်းခဲ့ပါလား၊ ဘုရား... ဘုရား၊ အခုနေ သူ့ဆီကို ပြန်သွားရင်တောင်မှ၊ သူရှိပါဦးတော့မလား၊ ကဲ... အခုပဲ သွားတော့မယ်"

မိုင်ရာသည် သူ၏ စိတ်ကူးကို အကောင်အထည်ဖော်ရန်၊ ပေါ(လ်)ကျန်ရစ်ခဲ့သည့် နေရာသို့၊ ချုံကြား မြက်ကြားထဲမှ ခပ်သော့သော့ကလေးထွက်လာခဲ့သည်။

လာရင်းနှင့် သူ့ကိုယ်သူလည်း အားတင်းရသေးသည်။

"ငါလုပ်တာ မှန်တယ်၊ မှန်တာမှ သိပ်မှန်တယ်၊ ပေါ(လ်)ဟာ သနားစရာလူတစ်ယောက်၊ သူ့ကို ကယ်ရမယ်၊ ငါနောက်ကို ပြန်မဆုတ်ဘူး"

တစ်ခါ တစ်ခါတော့လည်း ပေါ(လ်)ရှိမှ ရှိပါဦးတော့မလားဟူသည့် စိုးရိမ်စိတ်ကလည်း ပေါ်လာသေးသည်။

သို့ဖြင့် ပေါ(လ်)ကျန်ရစ်ခဲ့သည့် နေရာသို့ ရောက်လာသည်။ နေရာမမှားသည်မှာကတော့ သေချာ၏။ ပေါ(လ်) စားထားခဲ့သည့် စားကြွင်းစားကျန်များနှင့် သူ့ယူလာခဲ့သော ပန်းချီကားတင်သည့် ဒေါက်နှင့် ခွေးခြေကလေးကိုပါ ထိုနေရာတွင် တွေ့ရသည်။

နေရာမမှားသော်လည်း အချိန်မှားသွားသည့်သဏ္ဌာန်ရှိနေသည်။

ပေါ(လ်)၏ အရိပ်အရောင်ကို မတွေ့ရ။

တောအတွင်း၌ ငှက်ကလေးများ တေးသီကျူးနေသည့်အသံနှင့်၊ လေတိုက်၍ သစ်ရွက်လှုပ်သည့် အသံများမှလွဲ၍၊ အခြား အသံကို မကြားရပေ။

မိုင်ရာ၏ ရင်တွင်း၌ လှိုင်းတံပိုးထလာသည်။

မနက်ဖြန်တွင်တော့ တွေ့မည်ဖြစ်ပါသည်။ သို့သော် သူ့ချစ်သူအား မနက်ဖြန်ရောက်သည်အထိ၊ စိတ်ဆင်းရဲမှုကို ခံစားမနေစေချင်ပေ။ ထို့ကြောင့် တွေ့လိုတွေ့ငြား လိုက်လံရှာဖွေရန် စဉ်းစားကြည့်နေသည်။

စဉ်းစားနေစဉ်မှာ ချောက်ခနဲ သစ်ကိုင်းခြောက်တစ်ခု ကျိုးသံကြားလိုက်ရသည်။ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ၊ မျက်စိအပြုံးသားဖြင့် သစ်ပင်များကြားမှ သူ့ကို ငေးကြည့်နေသည့် ပေါ(လ်)ကို တွေ့ရသည်။

မိုင်ရာ မြင်ရသည့် ပေါ(လ်)၏ သဏ္ဌာန်မှာ သနားစရာဖြစ်သည်။ ခေါင်းပေါ်တွင် ဆံပင်များက ဖွာရာကြဲနေသည်။ လေးရက်ခန့်သာ ကြာသေးသဖြင့် မုတ်ဆိတ်မွေးကလည်း သေသေသပ်သပ်မရှိသေး။ သူ့ကိုစိုက်ကြည့်နေသော မျက်လုံးများမှာ အရောင်မတောက်နိုင်တော့ဘဲ မှဲ့ခြောက်ခြောက်ဖြင့်သာ။ မိုင်ရာကို တွေ့ရသဖြင့် ဝမ်းသာအယ်လဲဖြစ်သွားသည့် အမူအရာလည်း မရှိ၊ ဘေးအန္တရာယ်ကျရောက်ခါနီး၊ ကျောက်ခေတ်လူသားတစ်ဦး၏ ဟန်မျိုးဖြင့်သာ၊ မိုင်ရာကို စောင့်ကြည့်နေသည်။

မိုင်ရာက ပေါ(လ်)ထံသို့ အပြေးကလေးသွားလျက်၊ အားရှိပါးရှိ မွေ့ဖက်လိုက်၏။ ပါးစပ်မှလည်း ကြင်နာမှု အပြည့်ရှိသော အသံကလေးဖြင့် ဆောင်းပန်လိုက်သည်။

"ကို ... မိုင်ရာကို ခွင့်လွှတ်ပါနော်"

## { ၁၀ }

ထိုမနက်ခင်းအဖြစ်အပျက် လွန်မြောက်ပြီး၍ ရက်အနည်းငယ်ကြာသွားသော အခါတွင် သတင်းစာများတွင် ပေါ(လ်)ပရက်ဆက်၏ သတင်းပြန်ပါလာပြန်သည်။

ခေါင်းစဉ်စာသားများမှာ ဤသို့ဖြစ်သည်။

"လန်ဒန် တောင်ဘက် 'ဆာရေး'တောင်ကုန်းများတွင် ပရက်ဆက်အား အပူတပြင်း ရှာဖွေနေကြခြင်း"

'ပရက်ဆက် နေရာပြောင်းသွားပြီ'

'ပရက်ဆက်ကို 'ဆာရေး'ဘက်တွင် ဖမ်းမိရန်သေချာပြီ'

ဤသတင်းများအရ ဆိုသော် အင်စပက်တော် ဘို(လ်)ထရိုသည်၊ ပေါ(လ်)၏ ခြေလှမ်းကို ကောင်းစွာ အကဲခတ်နိုင်ပုံရ၏။ ရဲများသည် တောင်ပိုင်း ကမ်းခြေမြို့များရှိ ဟိုတယ်များ တည်းခိုခန်းများ၌ ရှာဖွေနေခြင်းကို ရပ်လိုက်ကြပြီဖြစ်၏။ ဘို(လ်)ထရိုက ပေါ(လ်)နှင့် ရင်းနှီးခင်မင်သောသူများထံမှ မေးရင်းစမ်းရင်းနှင့် ပေါ(လ်)သည် တောတောင်ရေမြေ သဘာဝရှုမျှော်ခင်းကို အလွန်နှစ်သက်သူ တစ်ယောက်ဖြစ်ပြီး၊ လန်ဒန်တောင်ဘက် 'ဆာရေး'ခရိုင်အတွင်းရှိ၊ 'ပစ်(ချ်)' တောင်ကုန်းဒေသတစ်ဝိုက်သို့ မကြာခဏ သွားလေ့ရှိကြောင်း သတင်းရထားသည်။ ထို့ကြောင့် သူ၏ ကွန်ယက်ကို တောင်ပိုင်းကမ်းခြေဒေသမှ ရုပ်သိမ်းလိုက်ကာ 'ဆာရေး'ခရိုင်တွင်းတွင် ဖြန့်ချလိုက်ခြင်း ဖြစ်၏။

'မေးပါများ စကားရ'ဟူသော ဆောင်ပုဒ်နှင့်အညီ၊ သူ၏ စုံထောက်အရာရှိများက လိုက်လံမေးမြန်းစုံစမ်းကြရာ၊ ပေါ(လ်)ပရက်ဆက်ဟု ယူဆရသည့် လူတစ်ဦးသည်၊ ဘရိုက်တန်မြို့ရှိ ဟိုတယ် ခပ်သေးသေးတစ်ခုတွင် တစ်ည တည်းခိုသွားပြီး၊ နောက်တစ်နေ့ သတင်းစာများ၌ ရဲအရာရှိများက ကမ်းခြေဒေသတွင် ပရက်ဆက်အား ပိုက်စိပ်တိုက်ရှာဖွေနေကြောင်းပါလာသည့်အခါ၌ အလျှာကယာ ထွက်ခွာသွားကြောင်းသိလိုက်ရ၏။ တစ်ဖန် လန်ဒန်တောင်ဘက် ဒေသများတွင် လိုက်လံစုံစမ်းရာ၌၊ ပေါ(လ်)ပရက်ဆက် အရပ်အမောင်းနှင့်ရှိသော

လူတစ်ယောက်သည် 'ဆာရေး'ခရိုင်အတွင်းရှိ ရွာတစ်ရွာအနီးမှဖြတ်၍ ထော့ ထော့နဲ့ဖြင့် လျှောက်သွားသည်ကိုတွေ့ရကြောင်း၊ မိန်းမကြီးတစ်ယောက်က သူ့ အကဲခတ်သည့်ပုံဖြင့် ကြည့်နေသည်ကို သတိထားမိသောကြောင့်၊ ထိုလူသည် မူလကထက် မြန်စွာဆက်၍လျှောက်သွားကြောင်း၊ သူဦးတည်၍ လျှောက်နေသည့် အရပ်သည် 'ဆာရေး'တောင်ကုန်းများရှိ 'အဘင်ဂျာဟန်းမား'ဟူသော တောင်ကြော ဖြစ်ကြောင်း သိရပြန်၏။

ဤသို့ စုံစမ်းတွေ့ရှိရသည့် အချက်နှစ်ချက်က ဘို(လ်)ထရိ၏ အယူအဆ ပို၍ ခိုင်မာလာစေ၏။ ထို့ကြောင့် ဘို(လ်)ထရိသည် 'ဆာရေး'ခရိုင် တောင် ဒေသရှိ 'ရှားရီး'ရွာကလေးတွင် စခန်းချလျက်၊ ပရက်ဆက်အား ဖမ်းဆီး ကိစ္စအတွက် စီစဉ်ညွှန်ကြားနေသည်။

ပရက်ဆက် တစ်ယောက်ကို ဖမ်းဆီးနိုင်ရေးအတွက် ပါဝင် လုပ် ကြရသော လူအရေအတွက်မှာ ရာနှင့်ချီ၍ရှိ၏။ ယူနီဖောင်းဝတ် ရဲများလည်း ပါဝင်၏။ အရပ်ဝတ်ဖြင့် စုံထောက်များလည်းပါ၏။ သူတို့သည် လမ်းတွင် တွေ့သမျှ မော်တော်ကားဖြင့်လာသူ၊ စက်ဘီးဖြင့်လာသူ၊ ခြေကျင်လာသူအားလုံး အလွတ်မပေးဘဲ စေ့စေ့စပ်စပ် စစ်ဆေးကြသည်။

ဤသတင်းများသည် သတင်းစာများတွင် အသေးစိတ်ပါသည်ဖြစ်၍ အင်္ဂ တစ်ပြည်လုံးရှိ သတင်းစာဖတ်ပရိသတ်က စိတ်ဝင်စားစွာဖတ်ကြသည်။ သတင်း ပရိသတ်ထဲတွင် ပေါ(လ်)နှင့် မိုင်ရာတို့လည်း ပါဝင်သည်ဖြစ်ရာ၊ သူတို့လည်း ဖတ်မိကြသည်။ ထို့ကြောင့် ဘို(လ်)ထရိ၏ လူများ၊ သူတို့ ပုန်းအောင်းရာဘက် ရောက်မလာခင် သူတို့က ထိုနေရာမှ ထွက်လာခဲ့ကြသည်။

ယခုဆိုလျှင် သူတို့နှစ်ဦးသည် ကမ်ဘာလင်ကုန်းမြင့် ဒေသဘက် 'ဘိ(ရ်)ကာလတာပြင်'ကြီးပေါ်မှ လမ်းတစ်လမ်းပေါ်တွင် 'ဆာရေး'ခရိုင်ဘက် ကျောပေး၍ လျှောက်နေကြသည်။ ပေါ(လ်)၏ ပုံပန်းသဏ္ဌာန်မှာ 'အင်္ဂလိက ဂိုဏ်းမှ ဘုန်းတော်ကြီးတစ်ပါး၏ ပုံမျိုးဖြစ်သည်။ မျက်နှာပြင်တွင် မုတ်ဆိတ် ပါးသိုင်းမွေး ပါးပါးမှာ သေသေသပ်သပ် ရှိနေပြီဖြစ်၏။ လည်ပင်းတွင် ဘုန်းတော် ကြီးများ ဝတ်ဆင်ရသည့် အဖျားအစွန်းမဟုတ်သော ပတ်လည်ကော်လာ အဖြူ ဝတ်ထားပြီး၊ ကိုယ်ပေါ်တွင်မွဲခြောက်ခြောက်အရောင်ကုတ်အင်္ကျီကို ဝတ်ထားသည် ဘောင်းဘီရှည်မှာ မီးခိုးရောင်ဖြစ်ပြီး၊ တွန့်ကြေနေကာ စွန်းထင်းနေသည်။ မိုင်ရာ လက်တိုအင်္ကျီနှင့်လမ်းလျှောက်သည့်အခါ ဝတ်လေ့ရှိသော'စကတ်'ကို ဝတ်ထားပြီး ကုတ်အင်္ကျီပါးပါး တစ်ထည်ကို လက်မောင်းတွင် ပိုက်ထားသည်။ နှစ်ဦးစလုံး

ကျောပေါ်တွင် ကျောပိုးအိတ်တစ်လုံးစီကို လွယ်ထားကာ၊ လက်တွင် သစ်ကိုင်းစ်ချောင်းစီကို လက်ကိုင်တုတ်သဖွယ် အသုံးပြုရန် ကိုင်ထားသည်။

ဤပုံစံအတိုင်းဆိုသော် နှတ်ဆိတ်စွာ နေလေ့ရှိသော အင်ဂလီကန်န်းတော်ကြီးတစ်ပါးနှင့် ဖျတ်လတ်သွက်လက်သော သမီးဖြစ်သူတို့သည် အင်္ဂလန်ည်၏ 'ကန်သာယာဒေသ' အတွင်းဝယ် ခရီးရှည်အပျော်လမ်းလျှောက်ထွက်လာသည်ဟု ထင်မှတ်ဖွယ်ရာရှိပေသည်။

သူတို့ လျှောက်လာခဲ့သည့် ခရီးတစ်လျှောက်တွင် အခြားသူများကိုတွေ့ခဲ့ပေ။ ဤဒေသသည်ကား လူသူ အသွားအလာနည်းသောဒေသဖြစ်သဖြင့်သူတို့အဖို့ အလွန်ဟန်ကျနေသည်။ ဘေးနားပတ်လည်တွင်ကား ကျောက်တုံးကြီးများ၊ ကျောက်ဆွယ်ကြီးများကိုသာ မြင်ရသည်။ မြောက်ဘက်သို့ မျှော်ကြည့်လိုက်သွင်၊ မြင့်မားသော တောင်တန်းကြီးကိုတွေ့ရသည်။ သူတို့၏ ရည်မှန်းချက်မှာခုညတွင် 'အက်(စ်)ဒေးဂရင်း' ရွာတွင် အိပ်ရန်ဖြစ်ပြီး၊ နောက်တစ်နေ့တွင်ဒိုတ်ဂေဘယ်' တောင်ခြေရှိ 'ဝပ်(စ်)ဒေးဟက်' ရွာသို့ အရောက်သွားရန်ဖြစ်၏။

သူတို့နှစ်ဦး လျှောက်လာခဲ့ကြသည်မှာ မွန်းလွဲပိုင်းအထိ ရောက်လာသည်။ ကျုံးပင်ကလေးများပေါ်မှ လျှောက်လာသည့် သူတို့၏ ခြေသံများကြောင့်သဲတွင် ဝပ်နေသည့် ငှက်ကလေးများမှာ လန့်၍ ထပျံသွားကြသည်။

ထို့နောက်တွင်ကား နွားစားကျက် မြက်ခင်းများကို တံတိုင်းခတ် ထားသည့်ကျောက်တုံးညိုညိုကြီးများကို ၊ စ၍ မြင်ရလေပြီ။ ဤလမ်းအတိုင်းဆက်၍လျှောက်သွားလျှင်၊ သူတို့ ယခုည အိပ်မည်ဖြစ်သော 'အက်(စ်)ဒေးဂရင်း' ရွာသို့ရောက်တော့မည်ဖြစ်၏။

## { ၁၁ }

နောက်တစ်နေ့တွင် သူတို့နှစ်ဦးသည် 'အာတန်ကုန်းပြင်' ကိုဖြတ်၍လျှောက်နေကြသည်။ သူတို့၏ ယနေ့ရည်မှန်းချက်မှာ ထိုနေ့မွန်းလွဲပိုင်း မတိုင်မီ၊ပ်(စ်)ဝါးတား' ကန်ကြီးသို့ အရောက်သွားလျက် ပါလာသော နေ့လယ်စာကိုကြရန်ဖြစ်၏။ ပြီးလျှင် တောင်ခြေလမ်းမှဆက်၍ လျှောက်ရန်ဖြစ်သည်။မှဆက်၍ လျှောက်သွားလျှင် လမ်းဟူ၍ ကျကျနနရှိနေမည် မဟုတ်တော့ပေ။တောင်တက်သမားများအသုံးပြုသည့် လူသွားလမ်းကလေးမျှလောက်သာရှိမည်ဖြစ်၏။ တောင်ခြေရှိ သစ်ပင်များ အကြားတွင် တည်းခိုအိမ်ဖြူဖြူကလေးတစ်ခုရှိ၏။ ဟိုတယ်ကဲ့သို့ ကြီးကြီးမားမားမဟုတ်။ ထို တည်းခိုအိမ်ဖြူဖြူကလေးတွင်

အဆင်ပြေလျှင်ပြေသလို နေရန် မိုင်ရာက စိတ်ကူးထားသည်။ ရဲများက ရှာ ခြင်းကို လက်လျှော့ သွားလောက်သည့် အချိန်ရောက်သည့်အခါ၌၊ တောင်ကြာ လမ်းမှနေ၍ 'ဘောရိုဒေး(လ်)'ဘက်သို့ သွားမည်ဟု မှန်းထားသည်။

ဤနေရာ ဤဒေသသည်ကား မိုင်ရာ ကျွမ်းကျင်သည့်နေရာ ဖြစ်သည် ဟိုစဉ်ကဆိုလျှင် ဤဒေသတွင် သူ၏ အဒေါ်များရှိသဖြင့် နွေရာသီအခါတွင် အပန်းဖြေလာလေ့ရှိသည်။ ပေါ(လ်)အဖို့မူကား မြေပြန့်တွင် မွေးဖွားကြီးပြင် လာသူဖြစ်သဖြင့်၊ ဤကဲ့သို့သောတောင်ကုန်းဒေသကို မကျွမ်းကျင်သည့်ပြင် စိတ်ထဲတွင် ရှုံ့တွန့်တွန့်ဖြစ်နေ၏။

ရှုမျှော်ခင်းကောင်းသည့် နေရာတစ်ခုသို့အရောက်တွင် မိုင်ရာက ရပ်လိုက် ပေါ(လ်)အား ဟိုဟာက ဘာတောင်၊ ဒီဟာက ဘာတောင် အစရှိသဖြင့် တောင်တန်းများ၏ အမည်များကို ရှင်းပြသည်။ ပေါ(လ်)က စိတ်အားထက်သန်မှု မရှိလှ။ မိုင်ရာ၏ စကားဆုံးသည့်အခါ၌၊ သူ၏ စိတ်တွင်း၌ ခံစားနေရသည့် အချက်ကိုပါ ထုတ်ဖော်ပြောပြ၏။

"မိုင်ရာရာ …၊ ကိုယ်တော့ မင်းရဲ့ တောင်တန်းကြီးတွေကိုကြည့်ရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေတယ်၊ စိတ်အားငယ် ငယ်လာတယ်"

မိုင်ရာက ပေါ(လ်)ကို ချော့ရှာသည်။

"အစမို့လို့ပါကို…၊ တော်တော်ကလေးကြာလာရင် ကိုသဘောကျလာမှာပါ ကိုလဲ မိုင်ရာလိုပါပဲ၊ လူသူမရှိတဲ့နေရာကို နှစ်သက်တယ်မဟုတ်လား၊ ဟော… အခုကြည့်စမ်း၊ တခြားဘယ်သူတွေကို တွေ့ရလို့လဲ၊ ကျွန်မတို့ချည်းပဲ မဟုတ်လား ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းသလဲလို့"

ဆက်၍ လျှောက်လာကြရင်းနှင့် မိုင်ရာက အလွန်စိတ်ပေါ့ပါး ပျော်ရွှင်နေ နေဟန်ဖြင့် တတွတ်တွတ် စကားပြောလာသည်။

တကယ်တော့လည်း ကိုယ့်အပူနှင့် ကိုယ်မို့သာ ပတ်ဝန်းကျင်ကို မကြည့်နိုင် နိုင်ခြင်းဖြစ်သည်။ အပူအပင်မရှိသည့် အခြေအနေ၌ဆိုပါက၊ ပတ်ဝန်းကျင်သည် အလွန်ပင် ကြည်နူးဖွယ်ဖြစ်၏။ ယခု သူတို့ ရောက်လာကြသည့်နေရာ၌ မြက်ခင်းပြင် စိမ်းစိမ်းကိုဖြတ်လျက်၊ တောင်ကျ စမ်းချောင်းကလေးက လျှင်မြန်သော အဟုန်ဖြင့် စီးဆင်းနေသည်။ ရေစီးမြန်သော်လည်း ရေမှာ ကြည်လင်လှသဖြင့် အောက်ရှိကျောက်တုံးဖြူဖြူများကို အတိုင်းသား မြင်နေရတော့သည်။ စမ်းချောင်း ကလေး၏ ဘေးတစ်ဘက်တစ်ချက်တွင်၊ မိုးမပေင်များက ကိုင်းကျနေသည်။

ထိုစမ်းချောင်းကလေးဘေးမှ လျှောက်လာစဉ်၊ ငှက်တစ်ကောင်က ခိုးမခြင်များအကြားမှ လန့်၍ ထပျံသွားသည်။

ငှက်ကလေးကသာလန့်သည်မဟုတ်၊ သူတို့နှစ်ဦးသည်လည်း အမှတ်တမဲ့ပို လန့်သွားကြသည်။ ပေါ(လ်)က သူလန့်သွားသည်ကို ဖုံးကွယ်လျက် ဟန်ဆောင်ကာ ပြောလိုက်သည်။

"မြေစပ် ငှက်ကလေးပဲဟ"

သူ၏ စိတ်ထဲတွင်ကား ကြံကြံဖန်ဖန် တွေးလိုက်မိသည်။

"ငါတို့လာတဲ့အကြောင်းကို ဒီငှက်ကလေးက သွားပြောမလား မသိဘူး"

သူ အစိုးရိမ် လွန်လွန်းအားကြီးသွားသည်ကို တွေးမိသဖြင့် ပြုံးလိုက်မိသေးသည်။

ထိုစမ်းချောင်းကလေးသည် တောအုပ်ကိုပတ်၍စီးသွားပြီး၊ ကန်ကြီး၏ ဆီသို့ ရောက်သည်တွင်၊ တောင်တန်းကြီးများကို လှမ်း၍ မြင်ရပြန်လေသည်။ ကျောက်တုံးကြီးများတွင်ထိုင်ကာ ပါလာသော နေ့လယ်စာကိုဖြေ၍ စားကြသည်။

သူတို့နှစ်ဦးသည် ထိုနေရာတွင် အချိန်အတော်ကြီးကြာအောင် ထိုင်ကြသည်။ သူတို့ထိုင်နေသော ကျောက်တုံးမှာ နေပူထားသည့်အရှိန်ကြောင့်၊ ထိုင်၍ကောင်းရုံမျှ နွေးနွေးကလေးဖြစ်နေသည်။ သူတို့ မျက်စိအောက်ရှိ ရေပြင်ကြီးကမူ ကြည်လင်အေးမြနေသည်။ နှစ်ဦးသားသည်စကားမပြောနိုင်ကြဘဲ၊ တိတ်ဆိတ်စွာဖြင့် သဘာဝအလှကိုကြည်နူးနေကြသည်။ လူသူ ရှုပ်ထွေးဆူညံလှသော လန်ဒန်မြို့ကြီးတွင် နေလာခဲ့သူ ပေါ(လ်)နှင့် မိုင်ရာတို့အဖို့၊ ဤသို့သော အေးဆေးငြိမ်သက်သည့် ရှုခင်းမှာ ကြည်နူးဖွယ်ရာပါပေ။ ထိုတဒင်္ဂတွင် သူတို့နှစ်ဦးသည် မိမိတို့၏ ဘဝကိုပင် မေ့သွားကြသည်။

သဘာဝအလှတွင် နစ်မြောနေရာမှ သတိရလာသဖြင့် နိုးဆော်လိုက်သည်။

"ထ …ထ …ကိုရေ၊ ရှေ့ဆက်ရမယ့်ခရီးက ရှိသေးတယ်၊ နောက်ထပ် နှစ်မိုင်လောက် သွားကြရဦးမယ်"

ပေါ(လ်)က မသွားလိုသေး။

"သွားရတော့မလားကွာ၊ ထိုင်လို့ကောင်းတုန်းရှိသေးတယ်၊ ကိုယ်တို့သွားမယ့် ဒေသတည်းခိုစခန်းမှာ လူတွေများမလား …ဟင်"

"သိပ်များမှာ မဟုတ်ပါဘူး၊ အပျော်တမ်းခြေကျင်ခရီးထွက်တဲ့ လူတွေပဲ ရှိမှာပါ၊ ကျွန်မတို့ ပုံသဏ္ဌာန်မျိုးပဲပေါ့"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

ပြောပြောဆိုဆိုနှင့်ပင် ပေါ(လ်)သည်လည်း ထိုင်နေရာမှ မတ်တပ်ထ တော့သည်။

သူတို့ရှေ့သို့ ဆက်၍သွားသောအခါ၊ မြက်ခင်းပြင်နှင့် သစ်ပင်များကို မတွေ့ ရတော့ပေ။ သူတို့၏ ဝဲဘက်တွင် ချုံများနှင့် ကျောက်တုံးနက်နက်ကြီးများသာ ရှိသည်။ လက်ယာဘက်တွင် ကန်ကြီးရှိ၏။ နေမင်းကြီးကို တိမ်ဖုံးနေသဖြင့် ကန်ရေပြင်သည် ညိုမှိုင်းမှိုင်းအရောင် ပေါက်နေသည်။

သွားရင်းနှင့် ပေါ(လ်)သည် ထော့နဲ့ထော့နဲ့ဖြစ်လာသည်။ သူ၏ နှုတ်မှ 'ဒမ်'ဟု တိုင်းထွာသံတစ်ချက် ကြားလိုက်ရသည်။

နှစ်ရက်မျှ ဆက်တိုက်ခရီးရှည် လမ်းလျှောက်လိုက်ရသည် ဖြစ်သောကြောင့် ပေါ(လ်)ခြေထောက်တစ်ဘက်မှာ ဖိနပ်ပေါက်လေပြီ။

မိုင်ရာက ဂရုဏာသက်စွာ မေးရှာသည်။

"အခံရသိပ်ဆိုးသလား ကို၊ တည်းခိုစခန်းကိုရောက်ဖို့ နည်းနည်းပဲ လိုပါ တော့တယ်၊ လျှောက်လို့ဖြစ်ပါ့မလား၊ ဟိုကိုရောက်ရင်တော့ နားနိုင်ပါပြီ"

"ရပါတယ်၊ အဲဒီစခန်းရောက်ရင် ဆက်မသွားတော့ဘဲ တစ်ညအိပ်လိုက်ရင် ကောင်းမလား မသိဘူး၊ ဒီနေ့အဖို့ရာ ဆက်မလျှောက်ရင် နေကောင်းမလားလို့"

"သိပ် စိတ်မပျက်ပါနဲ့ ကို၊ ကောင်းသွားမှာပါ"

နောက်ထပ် နာရီဝက်ခန့် ထော့နဲ့ထော့နဲ့ လျှောက်လာပြီးသည့်နောက် ပေါ(လ်)တို့သည် ကန်ကြီးကို လွန်ခဲ့က၊ မြက်ခင်းပြင်များပေါ်သို့ ရောက်လာသည်။ ဤမြက်ခင်းပြင်များပေါ်မှ ဆက်၍ သွားလိုက်သောအခါ၊ သူတို့နားရန် ရည်မှန်း ထားသည့် တည်းခိုစခန်းဖြူဖြူလေးသို့ ရောက်မည်ဖြစ်သည်။ ဤ တည်းခိုခန်း အိမ်ဖြူဖြူကလေးရှိရာ 'ဝပ်(စ်)ဒေး' ရွာကလေးမှာ ရွာငယ်ကလေးဖြစ်သည်။ ထိုနေရာသို့ အပျော်တမ်းခြေကျင်လျှောက်သူများ အပျော်တမ်းတောင်တက် သမားများသာ ရောက်လာလေ့ရှိကြသည်။

ထိုတည်းခိုအိမ်အတွင်းသို့ ဝင်သွားသည့်အခါ၌၊ တောင်တက်အဝတ်အစား ဝတ်ထားသူ လူငယ်လူရွယ်အချို့ကို တွေ့ရသည်။ သူတို့၏ ကျောပိုးအိတ်များနှင့် တောင်တက်ရာတွင် အသုံးပြုသော ကြိုးခွေများကို နံရံတွင်မှီ၍ ချထားသည်ကို တွေ့ရ၏။ ထောင့်တစ်ထောင့်တွင် အရက်ရောင်းသည့် 'ဘား'ရှိ၏။

လွင်တီးခေါင်မှ တက်လာခဲ့ကြသည့် ပေါ(လ်)တို့အား ဘီယာနံ့၊ ချွေးနံ့နှင့် မီးဖိုချောင်မှ ချက်ပြုတ်ကြော်လှော်သော အနံ့တို့က ဆီးကြိုနှုတ်ဆက်လိုက်သည်။

လူငယ်များသည် ဘုန်းတော်ကြီးတစ်ပါးနှင့် အမျိုးသမီး ခပ်ရွယ်ရွယ် ာစ်ယောက် ဝင်လာသည်ကို တွေ့သဖြင့်၊ ယဉ်ကျေးသော အမူအရာဖြင့် ာမ်းဖယ်၍ပေးကြသည်။

ညေ့်ခန်းမထဲတွင် လူအတော်များများကို တွေ့ရသဖြင့်၊ ပေါ(လ်)က မိုင်ရာ ား တိုးတိုးလှမ်း၍ ပြောလိုက်၏။

"ဒီနေရာမှာ ကိုယ်တို့အတွက် တည်းခိုခန်းရဖို့ မလွယ်ဘူးနဲ့တူတယ်ဟေ့၊ ူတွေက အပြည့်ပဲ"

မိုင်ရာက ပေါ(လ်)ကိုရှင်းပြသည်။

"ဒါပေမဲ့ လူတော်တော်များများက ဒီမှာတည်းကြမှာမဟုတ်ပါဘူး၊ ဝင်ပြီး းရှံသာနားကြတာပါ၊ နေရာရနိုင်ပါတယ်၊ စိတ်မပူပါနဲ့"

"အေးကွာ...တစ်နေရာရာမှာ ထိုင်ကြရအောင်၊ ငါ့ခြေထောက်ကလဲ ာလှပြီ"

ပေါ(လ်)ပြောလိုက်သည်ကို ကြားလိုက်သည့် လူခပ်ကြီးကြီးတစ်ယောက်က ိုင်နေရာမှ ထလိုက်ကာ၊ ပေါ(လ်)ဘက်သို့ လှမ်းပြောလိုက်သည်။ ပေါ(လ်)ကို ုန်းတော်ကြီးတစ်ဦးအမှတ်ဖြင့် လေးလေးစားစားပြော၏။

"နေရာရနိုင်ပါတယ်ခင်ဗျ၊ ကျွန်တော်နဲ့ ကျွန်တော့်သားက အခုပဲ သွားကြ ာပါ၊ ကျွန်တော်တို့ရဲ့အခန်းတွေကို ရနိုင်ပါလိမ့်မယ်"

ပေါ(လ်)က ကျေးဇူးတင်စကား ပြန်ပြောကာ၊ စားပွဲကြီးတွင်ဝင်၍ ထိုင်လိုက် ည်။ သူ၏ ခြေထောက် အနားသက်သာစေရန်၊ ဖိနပ်ကြီးများလည်း ချွတ်ရ ားသည်။

ထို့နောက် သူတို့နှစ်ဦးသည် စားပွဲထိုးကလေးမကလေးယူလာသော ာက်ဖက်ရည်ကိုသောက်ရင်း၊ ဘေးဘီကို အကဲခတ်လေ့လာနေသည်။

သူတို့ထိုင်မိ၍ ဆယ့်ငါးမိနစ်ခန့် ကြာသောအခါတွင်၊ ညေ့်ခန်းမအတွင်းသို့ ူငယ်နှစ်ဦး ဖြုန်းဖြုန်းဒိုင်းဒိုင်း ဝင်လာကြသည်။ ထိုလူငယ့်နှစ်ယောက်အား ာခန်းထောင့်တစ်ထောင့်ရှိ လူငယ်တစ်အုပ်က လှမ်း၍ နှုတ်ဆက်ကာ လှောင် ပြောင်ကြသည်။

"ဟ ...ပီတာနဲ့ ဆင်ဒီပါလား၊ မင်းတို့ ဒီည ပြန်မလာဘူးဆို၊ ဘာဖြစ်လို့ ပြန်လာတာလဲ"

ထိုလူငယ်များကပင် စားပွဲထိုး မိန်းကလေးအား လှမ်း၍ ပြောလိုက် ကြသည်။

"ဆယ်ရာရေ၊ ပီတာတို့နှစ်ယောက်ကို လက်ဖက်ရည်ချမပေးနဲ့ဟေ့၊ ခွဲမှိုင်း
ကောင်တွေကို လက်ဖက်ရည်မတိုက်နဲ့"

ပီတာက သူ၏ ကျောပိုးအိတ်ကို ပခုံးမှဖြုတ်ကာ၊ အခန်းထောင့်တွင်
ထောင်ရင်း ပြန်ပြောသည်။

"လျှောက်လို့မကောင်းဘူးကွ၊ ရာသီဥတုသိပ်ပူတယ်"

ဆင်ဒီက စားပွဲထိုးကလေးမလေးဘက်သို့ လှမ်းပြောလိုက်သည်။

"ဆယ်ရာရေ၊ ဟိုကောင်တွေပြောတာ ဂရုစိုက်မနေနဲ့၊ တို့ဖို့ လက်ဖက်ရည်
ယူလာပါ၊ ခပ်များများသာ ထည့်ခဲ့ဟေ့၊ တို့ သိပ်ရေငတ်လာတယ်"

ပီတာက သူတို့ခရီးစဉ်ကို ပြန်၍ပြောပြသည်။

"တို့က 'ဒေး(လ်)ဂတ်ဖို့'အထိတော့ ရောက်ပါသေးတယ်၊ ပူလွန်းလို့
ရှေ့ကိုတော့ ဆက်မသွားနိုင်ဘူး၊ အပြန်မှာ ဖြည်းဖြည်းပဲလာခဲ့ရတယ်၊ အပြန်မှာ
တို့သတင်းတစ်ခုကြားခဲ့တယ်ကွ၊ တောင်ကုန်းတွေဘက်မှာ ဝရမ်းပြေး လူသတ်
သမားတစ်ယောက် တိမ်းရှောင်နေတယ်ဆိုပဲ"

"ဘာပြောတယ်"

ပီတာ၏ သူငယ်ချင်းထံမှ နောက်ထပ်နောက်ပြောင်သံ ထွက်မလာတော့ပေ။
အားလုံးက ပီတာဆက်ပြောမည့်စကားကို စိတ်အားထက်သန်စွာ နားစွင့်နေ
ကြသည်။

ဆင်ဒီ၏ ရှက်တတ်သော အမူအရာဖြင့် ပြုံးဖြဲဖြဲလုပ်ကာ ဝင်၍ပြော၏။

"ဒါကြောင့်လဲ မြန်မြန်ပြန်လာရတာပေါ့ကွာ၊ ပူတာလဲပါတာပေါ့၊ လူသူမရှိတဲ့
တောင်ကုန်းတွေပေါ်မှာ စိတ်ရိုင်းပေါက်နေတဲ့လူနဲ့ ရင်ဆိုင်ဖို့ဆိုတာ လွယ်တဲ့အလုပ်
မှတ်လို့"

လူအုပ်ထဲမှ ပြန်မေးလိုက်သံတစ်သံထွက်လာသည်။

"အဲဒီလူသတ်သမားဆိုတာ ဘယ်ကလဲ၊ ဘယ်သူတဲ့တုံး"

"နာမည်ကျော် မစ္စတာ ပရက်ဆက်ပေါ့ဗျ"

"ဟုတ်ပါ့မလား၊ သူက ဆာရေးဘက်မှာ မဟုတ်လား"

"ဒီ ခွေးမသားက တယ်လျင်ဆိုပဲ"

'ခွေးမသား'ဟု ဆင်ဒီနှုတ်မှ ထွက်လာပြီးမှ ဘုန်းတော်ကြီးကို မြင်လိုက်
သဖြင့် ကြောင်အမ်းအမ်းဖြစ်ကာ တောင်ပန်စကားပြောရသည်။

"ကျွန်တော် စကားပြောရိုင်းသွားတာကို ခွင့်လွှတ်ပါခင်ဗျာ"

ဆင်ဒီက ဆက်၍ ပရက်ဆက်၏သတင်းကိုပြောပြသည်။ ယခုဆိုလျှင် သူပြောမည်ကို လူတိုင်းက စိတ်အားထက်သန်စွာ စောင့်နေသည်မို့၊ ဆင်ဒီက အတော်ကလေး သဘောကျသွားသည်။

“ဒီလိုလေဗျာ၊ ကျွန်တော်နဲ့ ပီတာတို့ နေ့လယ်စာစားဖို့ ‘ကင်းဟယ်ရီ’ ဆိုတဲ့ ထမင်းဆိုင်ကိုဝင်တော့၊ အဲဒီထမင်းဆိုင်ရှင် လူကြီးကပြောလိုက်တာပဲ၊ သူ့ဆိုင်ကို ပရက်ဆက်လာပြီး စားသောက်သွားသေးသလား၊ ပရက်ဆက်နဲ့ တူတဲ့လူကို တွေ့လိုက်သလား၊ ဘာညာပေါ့ဗျာ၊ အဲဒီလိုရဲတွေလာပြီး မေးသွားတယ်တဲ့”

လူတစ်ယောက်က တအံ့တသြပြန်ပြောသည်။

“ဟင်း...ဒီဘက်မှာတော့ ဘာအသံမှ မကြားရပါလား”

ဆင်ဒီက ဝင့်ကြွားစွာ ပြန်ပြောလိုက်၏။

“စိတ်ချပါ၊ ရောက်လာပါလိမ့်မယ်၊ ပရက်ဆက် ဒီတစ်ပိုက်မှာ ရှိတယ်ဆိုတာ ရဲတွေက အနိုင်အမာသတင်းရထားပြီးပြီဗျ”

မယုံနိုင်သော အသံတစ်သံ ထွက်လာပြန်သည်။

“ဆာရေးဘက်မှာ ရှိနေတာ အသေအချာဆိုတာလဲ သူတို့ပဲမနေ့ကပြောတယ် ဟုတ်လား”

ဆင်ဒီက ရဲဘက်မှ ရှေ့နေလိုက်ပေးသည်။

“အိုဗျာ...ရဲတွေကလဲ သူတို့စိတ်ကူးနဲ့ သူတို့ပဲ၊ တစ်ဘက်မှာအရောင်ပြပြီး အခြားတစ်ဘက်မှာ တကယ်လိုက်ရတာလဲရှိတတ်တာကိုး”

တစ်ယောက်က မေးပြန်သည်။

“ပရက်ဆက်က ဒီဘက်မှာ ရောက်နေတယ်ဆိုတာ သူတို့က ဘယ်လိုလုပ်သိသလဲ”

ဆင်ဒီက ဖြေရပြန်သည်။

“ကျုပ်ကို မေးလို့ ဘာဖြေတတ်မှာတုံးလို့၊ သူတို့လဲ သူတို့စိတ်ကူးနဲ့ပေါ့”

မေးသူကတော့ မရပ်သေးပေ။

“ပရက်ဆက်ရဲ့ ကောင်မကလေးကော၊ သူနဲ့အတူပါလာသတဲ့လား”

“ထမင်းဆိုင်ရှင် လူကြီးပြောတဲ့အတိုင်းဆိုရင်တော့ သူတစ်ယောက်တည်းတဲ့၊ ကောင်မလေးမပါဘူးတဲ့၊ ဒါမှန်တာပေါ့ဗျ။ ပရက်ဆက်လဲ ဒီလောက်တော့ ဘယ်အ,မှာတုံး၊ သူတို့နှစ်ယောက်ဆိုရင် လူတွေရိပ်မိဖို့ လမ်းပိုများတာပေါ့”

“လက်ဖက်ရည် ထပ်ယူပါဦးလား ဖေဖေ”

ဒါကတော့ ပေါ(လ်)ကို မိုင်ရာက ပြောလိုက်ခြင်းဖြစ်သည်။ မိုင်ရာမှ အသံကို တတ်နိုင်သလောက် ကြိုးစား၍ မတုန်အောင်ပြောရရှာသည်။

"အေး...ကျေးဇူးပဲကွယ်"

ပေါ(လ်)ကလည်း လူကြီးလေသံဖြင့် ပြန်၍ပြောရသည်။ လက်ဖက်ရည် ခရားမှ လက်ဖက်ရည်ထည့်ပေးနေသော မိုင်ရာလက်မှာ မသိမသာ တုန်ယင်နေ သည်ကို ပေါ(လ်)တစ်ယောက်သာ သတိထားမိသည်။

ထိုလူငယ်အုပ်ထဲမှ အသံတစ်သံထွက်လာ၏။

"အိုကွာ...ရဲတွေလဲ သိပ် တိတိကျကျသတင်းရလို့ ဟုတ်မယ်မထင်ပါဘူး လိုရမယ်ရ လိုက်မေးနေတာနဲ့တူပါတယ်"

ဤတွင် ဆင်ဒီဟုခေါ်သော သူငယ်က ပြန်၍ ချေပရတော့သည်။

"မင်းပြောသလို မဟုတ်ဘူးကိုယ့်လူ၊ တကယ့်ကို အပြတ်လိုက်မေးနေတာ တို့နှစ်ယောက် ကန်စောင်းကနေ ဆင်းလာတုန်းကတောင် ရဲသားနှစ်ယောက် ဘယ်က ပေါ်လာမှန်းမသိဘူး၊ ဖြူနီးဆိုအနားကိုရောက်လာပြီး မေးတာပဲ"

လူငယ်အုပ်ထဲမှ တစ်ယောက်ကလှမ်း၍ နောက်လိုက်သည်။

"ဒါကတော့ ပီတာ့ကို ပရက်ဆက်ထင်လို့ ဖြစ်မှာပေါ့ကွ၊ အင်းလေ ပီတာကလဲ ပရက်ဆက် ဖြစ်နေလားမှ မသိဘဲ မဟုတ်ဘူးလား ကိုယ့်လူရ"

ပီတာက မခံချင်သည့် လေသံဖြင့် ပြန်ပြောလိုက်သည်။

"အမလေး ဥက္ကဋ္ဌကြီးရှင်၊ ရွှေဉာဏ်တော် စူးရောက်လိုက်တာ၊ ငါ တကယ်ပြောနေတာကွ၊ တို့နဲ့ ခပ်လှမ်းလှမ်း ကားတစ်စီးကိုလဲ ရပ်ပြီးမေးနေတာ တွေ့ခဲ့ရတယ်၊ ကားပေါ်မှာပါလာတဲ့ လူတွေကိုလဲ သေသေချာချာစစ်တယ် ပျော်တော့ ပျော်စရာကြီးပဲဟ"

ပေါ(လ်)က စားပွဲအောက်ကနေ၍ သူ၏ လက်ဖြင့် မိုင်ရာ၏ ပေါင်ကိုတို့၍ သတိပေးလိုက်သည်။ မိုင်ရာကလည်း ပေါ(လ်)၏လက်ကို အားကိုးတကြီးဖြင့် ခေတ္တမျှ ဆုပ်ကိုင်ထားလိုက်သေးသည်။ ရဲများနှင့် ဤမျှနီးကပ်စွာ သူတို့ဖြတ်လာ ခဲ့သည်ကို ယခုမှ သတိရတော့သည်။

ပေါ(လ်)က သူ၏ ဖိနပ်ကြိုးကို ငုံ၍ချည်သည်။ ပေါ(လ်)ဖိနပ်ကြိုး ချည်နေစဉ် လူငယ်စုဘက်ဆီမှ ပြောလိုက်သံတစ်သံကို ကြားရ၏။

"အဲဒီ ဝရမ်းပြေးရဲ့ 'ပုံသဏ္ဌာန်က ဘယ်လိုတဲ့လဲကွ"

ပီတာ၏ ဖြေသံကိုလည်း ကြားရသည်။

"မသိဘူးခင်ဗျ၊ ကျွန်တော်တို့က ကျွန်တော်တို့လဲ ဝရမ်းပြေးကို လိုက်ရှာနေတဲ့ အဖွဲ့ထဲကို ပါချင်ပါတယ်လို့ ရဲတွေကို ပြောတဲ့အခါမှာ၊ သူတို့က မလိုသေးပါဘူးတဲ့၊ အခုလောလောဆယ်မှာတော့ ဒီနားတစ်ဝိုက်က လူသွားလူလာကို စောင့်ကြည့်ရုံပါပဲလို့ ပြောတာပဲ"

နောက်ထပ် အသံတစ်သံထွက်လာ၏။

"ဒီအတိုင်းဆိုရင်တော့ မကြာပါဘူး၊ ရဲတွေ စုံထောက်တွေ ဒီဘက်ကိုလဲ ရောက်လာကြမှာပါ၊ ပရက်ဆက်ကလဲ သူ့ကိုလိုက်ရှာနေပြီဆိုတာသိရင် တောင်ကုန်းတွေပေါ်မှာ တက်ပုန်းနေမှာ မဟုတ်လား။ အဲဒီလိုဆိုရင် သူ့ကိုရှာဖို့ စေတနာ့ဝန်ထမ်း လိုက်ရှာပေးမယ့်လူတွေကိုပါ ခေါ်ရတော့မှာပေါ့"

အခြား အသံတစ်သံက ထောက်ခံသည်ကို ကြားရသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ပျော်စရာကြီးနေမှာပဲဟေ့"

ပေါ(လ်)က မိုင်ရာ့ လက်တို့ကာ သွားကြရန် ပြောလိုက်သည်။

"ကိုင်း...လာဟေ့၊ တို့လဲ သွားကြဦးစို့"

မိုင်ရာ၏ မျက်လုံးများတွင် စိုးရိမ်စိတ်၊ ကြောင့်ကြသည့်လက္ခဏာ ပေါ်နေသည်။ အခြားသူများက သတိထားမိခြင်း ရှိ မရှိကို မသိရသော်လည်း ပေါ(လ်)ကတော့ သတိထားလိုက်မိသည်။

ထို့နောက် ပေါ(လ်)က စားပွဲထိုး အမျိုးသမီးကလေးကို ခေါ်လိုက်ကာ လက်ဖက်ရည်ဖိုး ရှင်းပေး၏။

ပေါ(လ်)က ကြီးစား၍ ဣန္ဒြေဆောင်ကာ တံခါးပေါက်သို့လာခဲ့သည်။ လျှောက်လာရင်းဖြင့် နံရံတွင်ချိတ်ထားသော ကျော်ဇောထင်ရှားသည့် တောင်တက်သမားများ၏ ဓာတ်ပုံများကိုပင်ရပ်၍ ကြည့်နေလိုက်သည်။

မိုင်ရာက ကြို၍ ထွက်သွားနှင့်ပြီ ဖြစ်သည်။

တစ်မိနစ်ခန့်ကြာတော့မှ သူက ခြေထောက်နဲ့ထောက်နဲ့ဖြင့် အပြင်ဘက်ခန်းသို့ ထွက်လာခဲ့သည်။

အပြင်ဘက်ခန်းတွင် မိုင်ရာကရပ်၍ သူ့ကို စောင့်နေသည်ကိုတွေ့ရသည်။ ပေါ(လ်)က မိုင်ရာကိုကြည့်ရင်း၊ သူ၏ မျက်လုံးများက နံရံတွင်ချိတ်ထားသော တောင်တက်ရာ၌သုံးသည့် ကြိုးခွေများကို မြင်လိုက်မိ၏။

လူတစ်ယောက် အလေးချိန်ကို ကောင်းကောင်း ခံနိုင်မည့် ကြိုးခွေဖြစ်သည်။

ဟိုတယ်ရှေ့ဘက်ရှိ ကွက်လပ်သို့ မိုင်ရာက ဦးဆောင်၍ ထွက်လာသည်။ ပေါ(လ်)က စိတ်မလုံသောအကြည့်ဖြင့် လိုက်လာသည်။

ကြီးခွေကိုတော့ မယူဖြစ်ခဲ့ပေ။

အပြင်သို့ ရောက်လာသည့်အခါ၌ ပေါ(လ်)က မိုင်ရာအား သူတို့ ဘယ်ကို သွားကြမည်နည်းဟု မေးကြည့်၏။

မိုင်ရာက 'ဂရိတ်ဂေဘယ်' တောင်ကြီးနှင့် 'စကိုင်ဟက်'တောင်ကြီး ကြားလမ်းဘက်သို့ မျက်နှာမူလိုက်ကာ ပေါ(လ်)၏ အမေးကို ပြန်၍ဖြေသည်။

"ရှေ့တည့်တည့်ကိုပဲပေါ့ ကိုရဲ့၊ တခြားလမ်းမှ မရှိဘဲ"

## {၁၂}

ရဲများက ပေါ(လ်)နှင့် မိုင်ရာတို့အား သူတို့ ယခုရောက်နေသည့် တောင်မြင့်မြင့်ကြီးများနှင့် ကျယ်ပြန့်သော ကန်ကြီးများရှိရာ ဒေသဘက်တွင် လာရောက်ရှာဖွေရသည့် အကြောင်းမှာ စပ်စပ်စုစုလုပ်တတ်သော အောက်စဖို့ တက္ကသိုလ် ကျောင်းသားတစ်ဦး၏ ကောင်းမှုကြောင့်ဖြစ်ပေသည်။

ဘို(လ်)ထရီသည် 'ဆာရေး' ခရိုင်တွင်းရှိ 'ရှားရီ'ရွာကလေးတွင် စခန်းချလျက် ပေါ(လ်)ပရက်ဆက်ကို ဖမ်းမိရေးအတွက် စီစဉ်ညွှန်ကြားနေစဉ် စကော့တလန်ယာဒ် ဌာနချုပ်မှ စုံထောက်မင်းကြီးက 'လန်ကက်ရှိုင်းယား' ခရိုင် ရဲအဖွဲ့ထံမှ ရရှိထားသော သတင်းတစ်ခုကို ထပ်ဆင့်ပေးပို့လိုက်သည်။

ဤသတင်းကို ဘို(လ်)ထရီက အယုံအကြည်မရှိလှပေ။ အထောက် အထားမခိုင်လုံဟု ယူဆထားသည်။ ပရက်ဆက်သည် 'လန်ကတ်ရှိုင်းယား' ခရိုင်ဘက်တွင် ရောက်နေမည်ဟု သူက လုံးဝမထင်မိ။ သို့သော် သူ၏ မင်းကြီး ထံမှ တစ်ဆင့် ပေးပို့သည့် အကြောင်းကြားချက်ဖြစ်၍ ဂရုမစိုက်ဘဲတော့ မနေရပေ။

ပရက်ဆက်ကို ကိုယ်တိုင်တွေ့လိုက်ပါသည်ဟု အကြောင်းကြားချက်ထဲတွင် ဖော်ပြထားသူမှာ စတီဗင် အမည်ရှိ အောက်စဖို့ တက္ကသိုလ်မှ ကျောင်းသားတစ်ဦး ဖြစ်သည်။ သူက သူ၏ဖခင်အိမ်သို့ မီးရထားစီး၍ ပြန်အလာတွင်၊ ရထားပေါ်၌ မုတ်ဆိတ်မွေးပါးပါးညှပ်ထားသော အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ခန့်ရှိသည့် အင်္ဂလိကန်ဂိုဏ်းမှ ဘုန်းတော်ကြီးတစ်ပါး တွေ့ရသည်ဟုဆို၏။ စတီဗင်က မီးရထားစီးလာရသည်ကို ပျင်းရိငြီးငွေ့လာသဖြင့်၊ အပြင်းမေ့ သဘောဖြင့်၊ သူ၏ အနီးအနားမှ ခရီးသွားများကို လေ့လာအကဲခတ်ကြည့်ရာမှ ထိုဘုန်းကြီးကို သတိထားလိုက်မိခြင်းဖြစ်သည်။ ပရက်ဆက်၏ အကြောင်းသည် သတင်းစာများတွင် မဖတ်ချင်အဆုံးဖြစ်နေသည့်အတွက် သူ၏ ခေါင်းထဲ၌ ပရက်ဆက်၏ အကြောင်းမှာ စွဲနေသည်။

စိတ်ကူးချိုချို

ကြည့်ရင်းကြည့်ရင်းနှင့် ထိုဘုန်းတော်ကြီး၏ မုတ်ဆိတ်မွေးများမှာ ကျ်အနည်းငယ်ကမှ စတင်ထားခဲ့သည့် ပုံသဏ္ဌာန်ရှိသည်ဟုထင်လာသည်။ ဝ်ဖန် ဘုန်းတော်ကြီး၏ ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းသည်လည်း သတင်းစာများတွင်ပါသော ပရက်ဆက်၏ ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်း ပင်ရှိကြောင်း သတိပြုမိပြန်သည်။ ထို့ပြင် အသားအရေမှာ ဖြူရော်ရော် ဖြစ်နေပြီး ပ်ပူညိုးငယ်နေသော အသွင်လည်းရှိ၏။

စတီဗင်ဆင်က သူ၏ လက်ထဲတွင် အသင့်ရှိနေသည့် သတင်းစာထဲမှ ဂက်ဆက်၏ ဓာတ်ပုံကို သေသေချာချာ ထပ်၍ကြည့်သည်။

'မုတ်ဆိတ်မွေးကိုသာ ဖယ်လိုက်ရင်၊ ဤဘုန်းတော်ကြီးသည် ပရက်ဆက်နှင့် ချင်းအတော်ပင်ဆင်ပါကလား"

ဤအတွေးက စတီဗင်ဆင်၏ ခေါင်းထဲသို့ ဖျတ်ခနဲ ရောက်လာသည်။

ဤသို့ တွေးမိပြီးသည့်နောက် ထိုဘုန်းကြီးကို ပို၍ စေ့စေ့စပ်စပ်လေ့လာ ည့်သည်။ လေ့လာကြည့်လိုက်သည်ဆိုလျှင်ပင် မသင်္ကာဖွယ်ရာ အချက်များကို တွေ့ရတော့သည်။ ဘုန်းတော်ကြီးနှင့် စပ်လျဉ်းသည့် အဆင်အပြင်ဆို၍ လည်ပင်းမှ ဖြူရောင်ပတ်လည်ကော်လာနှင့် ရင်ဖုံးအဝတ်အနက်ရောင်ကိုသာ ဝတ်ထား ည်ကို တွေ့ရ၏။ ကုတ်အင်္ကျီနှင့် ဘောင်းဘီမှာ သူလိုငါလို အင်္ကျီနှင့်ဘောင်းဘီ သာ ဖြစ်သည်။ အဝတ်အစားကို အကဲခတ်ပြီးသည့်နောက်၊ ဝန်စည်စလယ် ည်းများကို လေ့လာကြည့်သည်။ လက်ဆွဲအိတ်မှာ အတော်သစ်သေးသည်။ ဘုံးအိတ်နှစ်အိတ်ကိုလည်း တွေ့ရသည်။

စပ်စုတတ်သည့် ဝါသနာရှိသော စတီဗင်ဆင်က ကြည့်ရှုအကဲခတ်ရုံဖြင့် ကျနပ်သေး၊ ဘုန်းတော်ကြီးနှင့် စကားပြောကြည့်လိုက်သေးသည်။ ဘုန်းတော် ာမှုကား လိုလိုလားလားစကားပြောချင်ပုံမရပေ။ စတီဗင်ဆင် ယူဆချက် ဆိုလျှင်၊ ဤဘုန်းတော်ကြီးသည် အင်္ဂလိကန်ဂိုဏ်းအကြောင်းကို နှံ့နှံ့စပ်စပ် ရပုံမရဟူ၏။ စတီဗင်ဆင်၏ ဖခင်သည်လည်း၊ အင်္ဂလိကန်ဂိုဏ်းမှ ဘုန်းတော်ကြီး ါ်ဖြစ်သည့်အတွက်၊ သူက အင်္ဂလိကန်ဂိုဏ်းအကြောင်း အတော်အသင့် သည်။

ထို့နောက် စတီဗင်ဆင်က စားသောက်တွဲသို့သွား၍ စားသောက်၏။ ပြန်လာသောအခါတွင် ဘုန်းတော်ကြီးမှာ နေရာတွင်မရှိတော့ပါ။ စတီဗင်ဆင် သောက်တွဲ၌ ရှိနေစဉ်အချိန်တွင် ရပ်သော ဘူတာရုံတစ်ခုအနက် တစ်ခုခုတွင် သွားဟန်တူပေသည်။

စတီဗင်ဆင်က ဖခင်ဘုန်းတော်ကြီး၏အိမ်သို့ ရောက်သောအခါ၌ ဖခင်အား ထိုအကြောင်းကို ပြောပြရာ၊ သူ၏ ဖခင်က မဆိုင်းမတွပင် သူတို့မြို့ရှိ ရဲစခန်းသို့ အကြောင်းကြားလိုက်လေတော့သည်။

ထိုမြို့ ရဲစခန်းမှတစ်ဆင့် ဤသတင်းမှာ စကော့တလန်ယာဒ်မှ စုံထောက်မင်းကြီးထံ ရောက်သွားကာ၊ မင်းကြီးက အင်စပက်တော် ဘိုလ်ထရီအား အကြောင်း ကြားလိုက်ခြင်းဖြစ်သည်။

ဘိုလ်ထရီကတော့ ထိုသတင်းကို အလေးအနက်မထားလိုလှပေ။ စတီဗင်ဆင်ဆိုသည့် လူငယ်ကလေးက၊ ငါ အောက်စဖို့တက္ကသိုလ်ကျောင်းသားဟူသော ဘဝင်မြင့်သည့်စိတ်ဖြင့်၊ ထိုဘုန်းတော်ကြီးကို စကားမရှိ စကားရှာ လျှောက်ပြောနေ၍သာ၊ ထိုလူငယ်ကလေးမရှိမှ ဘုန်းတော်ကြီးက ရောင်သွားခြင်း ဖြစ်လိမ့်မည်ဟု ကောက်ချက်ချလိုက်သည်။ ထို့ပြင် ယခုလို နွေရာသီမျိုးတွင် ဘုန်းတော်ကြီးများသည်လည်း၊ အပျော်တမ်း ခရီးရှည် လမ်းလျှောက်ထွက်လေ့ ရှိသည်မှာလည်း အများအသိ၊ ဤသို့ထွက်သည့်အခါမျိုးတွင် ရိုးရိုးကုတ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ကြသည်မှာလည်း အဆန်းမဟုတ်လှ ဟူ၍ပင် ဆက်၍ တွေးလိုက်မိသေးသည်။

သို့သော် လန်ကတ်ရှိုင်းယားခရိုင် ရဲအဖွဲ့က ဟိုတယ်များ၊ တည်းခိုအိမ်များ ဘူတာရုံများတွင် ပရက်ဆက်ကို စောင့်ကြည့်ရန် မင်းကြီးက အမိန့်ပေးလိုက် သည်ကိုမူ သူကထောက်ခံပါသည်။ သတိဆိုသည်မှာ ပိုသည်မရှိဟု ဆိုရိုးစကား ရှိသည် မဟုတ်ပါလော။

ထိုနေ့တွင် လန်ကတ်ရှိုင်းယားခရိုင် ရဲအဖွဲ့ထံမှ ပရက်ဆက်နှင့်ပတ်သက်၍ ဘာသတင်းမှ နောက်ထပ်မလာတော့ပေ။ လာလိမ့်မည်မဟုတ်ဟု သူကလည်း ထင်ထားပါသည်။

သို့သော် သူအကြီးအကျယ် မျှော်လင့်ထားသည့် 'ဆာရေး' ခရိုင်ဘက်မှလည်း ဘာသတင်းမှ မလာသည့်အတွက်တော့ သူက စိတ်ပျက်နေမိသည်။

ဤသို့ဖြင့် နောက်တစ်နေ့သို့ ရောက်လာခဲ့သည်။

'ဆာရေး' ခရိုင်ဘက်မှ ထူးခြားချက် တစ်စုံတရာကိုမှ သတင်းမပို့သော်

နံနက်စာ စားသည့်အချိန်သို့ ရောက်လာ၍ တည်းခိုအိမ်ပိုင်ရှင် မိန်းမကြီး ပြင်ဆင်ပေးထားသော နံနက်စာကို မစားချင်စားချင်နှင့် စားနေရသည်။

စားနေစဉ် အိမ်ရှင်မိန်းမကြီးက သုတ်သီးသုတ်ပျာဖြင့် သူစားနေရာသို့ ရောက်လာကာ၊ သူ့အတွက် တယ်လီဖုန်းလာကြောင်းလာ၍ပြော၏။

"အင်စပက်တော်ကြီးရှင့်၊ အဝေးပြော တယ်လီဖုန်း လာနေပါတယ်။ ...ကော့တလန် ယာဒ်ဌာနချုပ်ကလို့ ပြောပါတယ်၊ အရေးကြီးပါတယ်တဲ့"

ဘို(လ်)ထရိုကတော့ အေးအေးဆေးဆေးအမူအရာဖြင့် သူလက်ထဲမှ ...က်ရင်းနှင့်ဘေးကိုချ လက်သုတ်ပဝါကို စားပွဲပေါ်သို့တင်လိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် ...ယ်လီဖုန်းရှိရာသို့ ရောက်လာသည်။

တကယ်တော့ အိမ်ရှင်မိန်းမကြီးရှေ့တွင် အရေးမကြီးလှကြောင်း ဟန်လုပ် ...ခြင်းမျှသာဖြစ်သည်။

"ဟုတ်ကဲ့၊ အင်စပက်တော်ချုပ် ဘို(လ်)ထရို ပြောနေပါတယ်"

စကော့တလန် ယာဒ်စုံထောက်ဌာနချုပ်က လန်ကတ်ရှိုင်းယားနယ်ဘက်မှ ...သောသတင်းကို သူ့ထံသို့ ထပ်ဆင့်ပြောပေးခြင်းဖြစ်သည်။

ဌာနချုပ်မှ ပြောသည့်အတိုင်းဆိုလျှင် စတီဗင်ဆင်ဆိုသော တက္ကသိုလ် ...ကျောင်းသား ရထားပေါ်၌ တွေ့ခဲ့သော အင်္ဂလိကန်ဘုန်းတော်ကြီးသည် ...န်းတော်ကြီးအစစ်မဟုတ်ဘဲ ပေါ(လ်)ပရက်ဆက်ဖြစ်ကြောင်း သေချာနေ၏။ ...ဒီနေ့ညတွင်ပင် 'လန်ကတ်ရှိုင်းယား'ခရိုင် ရဲအဖွဲ့က ဟိုတယ်များနှင့် တည်းခို ...အိမ်များသို့ လိုက်လံစစ်ဆေးရာ 'စထရက်တန်'ဟူသော မြို့ကလေးရှိ ဟိုတယ် ...တစ်ခုတွင် ပရက်ဆက်၏ ပုံပန်းသဏ္ဌာန်နှင့် ကိုက်ညီသော အင်္ဂလိကန် ...န်းတော်ကြီး တစ်ပါးနှင့် သမီးဖြစ်သူတို့ တည်းခိုသွားကြောင်း တွေ့ရသည်ဟု ...ဆို၏။ တစ်ဖန် သမီးဆိုသူ၏ ပုံပန်းသဏ္ဌာန်မှာလည်း မိုင်ရာဘွန်း၏ ပုံပန်း ...သဏ္ဌာန်နှင့် ကိုက်ညီနေကြောင်း တွေ့ရပြန်သည်။ ဟိုတယ်တွင် ထုံးစံအတိုင်း ...တည်းခိုသူများ၏ အမည်ကိုပေးရာ၌၊ သူတို့၏ အမည်ကို ဘုန်းတော်ကြီး ...(လ်)(စ်)ဒွန်နှင့် မစ္စကူ(လ်)(စ်)ဒွန် ဟူသော အမည်ကို ပေးသွားသည်ဆို၏။ ...(လ်)(စ်)ဒွန်ဟူသော အမည်ကို အင်္ဂလန်ပြည်ရှိ အင်္ဂလိကန်ဂိုဏ်းဝင် ဘုန်းတော် ...ကြီးများအား နေရပ်လိပ်စာနှင့်တကွ စာရင်းတင်ထားသော လမ်းညွှန်စာအုပ်တွင် ...ရှာ၍မတွေ့ဟုသိရ၏။ ထို ဟိုတယ်၌ တစ်ညသာလျှင်တည်းပြီး၊ နောက်တစ်နေ့ ...နက်တွင် ထွက်ခွာသွားသည်ဟုဆို၏။ မည်သည့်အရပ်သို့သွားမည်ကို ပြောမသွား ...သော်လည်း၊ မသွားမီ မြေပုံကို စားပွဲပေါ်တွင်ဖြန့်လျက် သေသေချာချာ လေ့လာ ...ကြည့်ရှုနေသည်ကို၊ စားပွဲထိုး မိန်းကလေးက တွေ့လိုက်ရသည်ဟု သိရသည်။

ဤအချက်များကို ထောက်ရှု၍ စကော့တလန်ယာဒ် ဌာနချုပ်၏ ယူဆချက် ...အမူ၊ ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့သည်၊ မိုင်ရာဘွန်းငယ်စဉ်က နေထိုင်ခဲ့သော ...ဘာ(လ်)ဖာ'ရွာဘက်ဆီသို့ ဦးတည်၍ သွားကြလိမ့်မည်ဖြစ်သည်။

**စိတ်ကူးရှိုရှို**

ဤယူဆချက်နှင့်အညီ 'လန်ကတ်ရှိုင်းယား'ခရိုင်အတွင်းမှ ရဲတပ်ခွဲ... အားလုံးအား တပ်လှန့်လိုက်ကာ ဒေသအနှံ့အပြားတွင် ရှာဖွေရေးလုပ်ငန်း... စတင်လုပ်ဆောင်နေကြပြီဖြစ်၏။ သို့သော် ယခင်ကကဲ့သို့ ပရက်ဆက်၏ ပုံ... သဏ္ဌာန်ကို ထုတ်ပြန်ကြေညာခြင်းမပြုတော့ပေ။ ဤကဲ့သို့ ထုတ်ပြန်ကြေ... လိုက်လျှင် ပရက်ဆက်က အသွင်တစ်မျိုးထပ်၍ ပြောင်းမည်ကို စိုးရိမ်သော... ကြောင့် ဖြစ်သည်။

ဌာနချုပ်မှ အကြောင်းကြားချက်အရ အကြောင်းစုံ သိရပြီဖြစ်သော... အင်စပက်တော် ဘို(လ်)ထရိုက တယ်လီဖုန်းကို ချပြီးသည့်နောက်၊ နှ... 'ဘုရားရေ'ဟု ညည်းတွားလိုက်သည်။

ညည်းတွားမည်ဆိုလျှင်လည်း ညည်းတွားလောက်ပါသည်။ လက်... အခြေအနေအတိုင်းဆိုသော်၊ မှန်းချက်နှင့် နမ်းထွက်မကိုက် ဖြစ်နေသောကြော... ဖြစ်သည်။ သို့သော် အုပ်မိအောင် သွားနိုင်လျှင် သူ့အတွက် အကျိုးရှိနိုင် သေးသည်... ထို့ကြောင့် ကြာကြာအချိန်မဖြုန်းတော့ဘဲ 'လန်ကတ်ရှိုင်းယား' ခရိုင်တွင်... 'ကမ်ဘာလင်း'မြို့သို့ အမြန်ဆုံးရောက်အောင်သွားရန် ဆုံးဖြတ်လိုက်သည်။

ပရက်ဆက်ကို သူများမဖမ်းမီခင် သူက ဖမ်းမိနိုင်မှသာလျှင်၊ သူ၏ အမည်... သတင်းစာများတွင် စာလုံးမည်းကြီးဖြင့် ဖော်ပြခံရမည်ဖြစ်ပေသည်။

ဘို(လ်)ထရို 'ရှားရို'ရွာမှ ကားတစ်စီးငှားကာ၊ လန်ဒန်မြို့ထဲရှိ 'ယူစတ...' ဘူတာရုံသို့ ထွက်ခွာလာခဲ့သည်။ ကားပေါ်တွင် သူစိတ်ပူပန်စွာလိုက်လာ... ဒရိုင်ဘာအား မြန်မြန်မောင်းရန် နားပူလာခဲ့သည်။

'ယူစတန်'ဘူတာရုံမှ နံနက် ဆယ်နာရီခွဲထွက်သော ရထားကိုမီဖို့ အ... ကြီးသည်။ ထိုရထားဖြင့် 'ကမ်ဘာလင်း'မြို့သို့ ခရီးဆက်ရမည်ဖြစ်၏။

✧ ✧ ✧

ပေါ(လ်)နှင့် မိုင်ရာတို့သည် 'ဝပ်(စ်)ဒေး'ရွာကလေးရှိ တည်းခိုအိမ် ... ကလေးမှ ထွက်လာပြီးသည့်နောက်၊ 'ဂရိတ်ဂေဘယ်' တောင်ကုန်းကြီးဘက်... ခြေကုန်သုတ်၍ သွားနေကြသည်။ တောင်ကြောပေါ်သို့ရောက်လျှင် မြင်... သွားသောလမ်းကလေးအတိုင်း ချုံပုတ်တွေအကြားမှ သွားလိုက်ပါက 'စတိုင်ဟ...' တောင်ကြားလမ်းသို့ ရောက်မည်ဖြစ်၏။ ယခု လောလောဆယ်အားဖြင့် အ... အကြီးဆုံးမှာ ဝပ်(စ်)ဒေး'ရွာနှင့် တတ်နိုင်သမျှ ဝေးအောင်သွားရေးဖြစ်၏။

ပေါ(လ်)ကတော့ ထော့နဲ့ထော့နဲ့ဖြင့် မိုင်ရာ၏ ဘေးမှ လျှောက်လာရင်း
ိုင်ရာ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်၏။

မိုင်ရာ၏ မျက်နှာသည် ဖြူရော်လျက်ရှိနေကာ စိတ်အားကုန်နေသည့်
သွင်ရှိ၏။ သူလမ်းလျှောက်နေပုံမှာ အိပ်မက်မက်၍ လမ်းလျှောက်လာသည့်
မျိုး ဖြစ်နေသည်။

ပေါ(လ်)က သူတို့ဘယ်ကို သွားကြမှာလည်းဟု မေးကြည့်သည်။

မိုင်ရာက မသေချာ မရေရာသော အဖြေကို ပေးသည်။

"ကျွန်မလဲ မပြောတတ်ဘူး"

"ဟ ...မိုင်ရာ...ကပဲ ဒီလမ်းတွေကို ကောင်းကောင်းသိတယ်ဆို..."

"ဟုတ်ပါတယ်"

"ဟုတ်တယ်ဆိုရင် ကိုယ်တို့ ဘယ်ကို သွားကြမှာလဲ"

"တောင်ကြားလမ်းပေါ်ကနေပြီး 'စိ(သ်)ဝိတ်'နဲ့ 'စီတိုလာ'ရွာတွေဘက်ကို
သွားမယ်လို့ စိတ်ကူးထားတယ်၊ ဒါပေမဲ့ 'ဝပ်(စ်)ဒေး'က လွတ်တဲ့နေရာ
ထိရောက်အောင် အရင်သွားလိုက်ကြဦးစို့၊ စိတ်ချလောက်တဲ့ နေရာကိုရောက်မှ
ခရီးစဉ်ကိုစဉ်းစားကြတာပေါ့၊ ကျွန်မစိတ်အထင်ကတော့ ဘယ်ကိုပဲသွားသွား
တ်မယ်လို့တော့မထင်ပါဘူး"

ယခုဆိုလျှင် သူတို့သည် 'ဂရိတ်ဂေဘယ်'တောင်ကြောပေါ်သို့ အတက်ခရီး
ည့်သည့် လမ်းမှာ မတ်စောက်စပြုလာလေပြီ။ ထို့ကြောင့် ခြေထောက်နာနေသည့်
ေါ(လ်)အဖို့မိုင်ရာနှင့်အတူအမီမလိုက်နိုင်တော့၊ မိုင်ရာ၏နောက်ခြေတစ်လှမ်းစာ
ကွာမှ ထော့နဲ့ထော့နဲ့ဖြင့် လိုက်လာရသည်။

စိတ်ပျက်အားကုန်နေပြီဖြစ်သည့် ပေါ(လ်)က သူ၏ ရှေ့မှသွားနေသော
ိုင်ရာကိုလှမ်း၍ ပြောလိုက်သည်။

"မိုင်ရာရေ၊ ဒီအတိုင်းဆိုရင် အခြေအနေက မဟန်ဘူးကွာ၊ ဒီတော့ မင်း
ိုယ်ကို ထားပစ်ခဲ့တော့၊ မင်းတစ်ယောက်တည်းဆိုရင် လွတ်နိုင်တယ်၊
တို့လိုချင်တာက ကိုယ်တစ်ယောက်တည်းပါ၊ ကဲ...သွားပေတော့"

မိုင်ရာက စိတ်တိုတိုဖြင့် ပေါ(လ်)ကို ငေါက်ဆတ်ဆတ်ပြန်၍ပြောသည်။

"မသွားနိုင်ပါဘူး၊ မျှော်လင့်ချက်ရှိနေသရွေ့တော့ ကျွန်မလိုက်နေရမှာပေါ့၊
ောက်တော့မှ ခွဲတန်းလဲခွဲရမယ်၊ ဒါတွေထားလိုက်ပါဦးလေ၊ တောင်ကြားလမ်း
ေါ်သို့ရောက်မှ ဆက်ပြီးစဉ်းစားကြစို့၊ အခု လောလောဆယ်မှာ ခပ်သုတ်သုတ်
ွားဖို့လိုတယ်၊ ကို အခုထက်ပိုပြီး မြန်မြန်လျှောက်လို့ ရပါ့မလား"

"ကြိုးစားပါ့မယ် မိုင်ရာရယ်၊ မောင်ကြီးမဲကြီးထဲမှာလမ်းရှာလို့ တွေ့ပါမလား"

"ရပါတယ်၊ ကျွန်မ လမ်းကောင်းကောင်း သိပါတယ်"

"ဒီမှာ ဘယ်လိုအိပ်ကြမလဲ"

မိုင်ရာက ညည်းတွားရှဲ ပြန်ပြောသည်။

"စဉ်းစားတုန်းပဲ၊ ကျောက်တူးတဲ့ နေရာဖြစ်တဲ့ 'ဟော်နစ္စတာ'အရော သွားရရင်ကောင်းမလား၊ တောအုပ်ကောင်းတဲ့ 'ဘတ်တာမီယာဖဲ(လ်)'ကို သွား ကောင်းမလား။စဉ်းစားနေတယ်၊'ဟော်နစ္စတာ'မှာဆိုရင်ကျောက်မိုင်းက ကျောက် သမားတွေ နေ့လယ်မှာနားတဲ့ တဲတွေထဲမှာ ညဘက်မှာ ဝင်ပြီးအိပ်လို့ရတ 'ဘတ်တာမီယာဖဲ(လ်)'မှာကတော့ တောအုပ်ကောင်းတာမို့ ကိုက တောထဲ ပုန်းနေပြီး၊ ကျွန်မက ရွာထဲကို အစားအစာသွားဝယ်လို့ရတယ်"

"ဒုက္ခများလှတယ် မိုင်ရာရယ်၊ ကိုယ့်ကို ထားခဲ့ပြီး မင်းတစ်ယောက်တည် ဆက်ပြီးသွားပါတော့"

ဒီတစ်ကြိမ်တွင်တော့ မိုင်ရာက စိတ်အတော်ကလေးတိုသွားသ စကားလုံးအသုံးအနှုန်းကိုပင် မဆင်ခြင်နိုင်တော့ပေ။

"လာပြန်ပြီ ဒီစကား၊ တော်ပါတော့ ပေါ(လ်)ရယ်၊ မရူးစမ်းပါနဲ့၊ မဖြ တာတွေ အလကားပြောပြောနေတယ်"

ယခုဆိုလျှင် 'ဝပ်(စ်)ဒေး'ရွာနှင့် အတော်ဝေးလာခဲ့ပြီဖြစ်၏။ ထိုရွာကဝေ တောင်အောက်ရှိုင့်ဝှမ်းထဲတွင် ကွက်ကွက်ကလေးမျှသာ မြင်ရတော့သ အတန်ကြာ လျှောက်မိသောအခါ 'စတိုင်ဟက်' တောင်ကြားလမ်း၏ အဝင် ရောက်လာလေသည်။ တောင်ကြားလမ်းအတွင်းမှ လေက တဟူးဟူးတိုက် သည်။

အဆင်းခရီးမှာ မတ်စောက်သည့်ပြင် နစ်ဖယောက်ယှဉ်၍ မသွားနိုင်သ မိုင်ရာက ရှေ့မှသွားရသည်။ ပေါ(လ်)၏ ခြေဖဝါးမှ ဖိနပ်ပေါက်သည် ကလည်း ယခင်ကထက်ပို၍ နာလာသဖြင့်၊ ပေါ(လ်)သည် မိုင်ရာ ခပ်လှမ်းလှမ်းတွင် ကျန်နေခဲ့သည်။ သို့သော် ပေါ(လ်)က အားတင်းလိုက်ရ

သူ့စိတ်ကူးနှင့်သူ ရှေ့မှသွားနေသော မိုင်ရာက သတိရသဖြင့် နော လှည့်ကြည့်လိုက်ရာ၊ သနားစရာပုံသွင်ဖြင့် လိုက်လာသော ပေါ(လ်)ကို တွေ့ သဖြင့် စိတ်မကောင်းဖြစ်သွားသည်။ ထို့ကြောင့် မိုင်ရာက ပေါ(လ်)ဆီသို့ပြ လျှောက်လာ၏။

"ကို့ ခြေထောက်က ပိုနာနေသလား"

"တော်တော်ကလေးတော့ နာတယ်"

"ဒီလိုဆိုရင် ခဏနားကြရအောင်၊ ဖိနပ်လဲချွတ်ထားလိုက်ပေါ့"

"အင်း…အင်း၊ ဒါထက် ကိုယ်တို့ ဘယ်ဘက်ကို သွားမယ်ဆိုတာ ...ုံးစားလို့ရပြီလား"

"ဟော်နစ္စတာ ကျောက်မိုင်းဘက်ကို အရောက်သွားမယ်လို့ မှန်းတယ်၊ ...ို တော်တော်မောနေသလား"

"မမောပါဘူး၊ ဒီခြေထောက်ကြောင့် ခရီးမတွင် ဖြစ်နေတာပါ"

ပေါ(လ်)က သူ၏ ခြေထောက်ကို မ,၍ ပြလိုက်သည်။

ခြေဖဝါးနှင့် ခြေဖနောင့်တွင် အသားနီလန်၍ နီရဲနေသည်။

မိုင်ရာက တကျွတ်ကျွတ် စုတ်သပ်ကာ သူ၏ ကျောပိုးအိတ်ထဲမှ ...က်ကိုင်ပဝါ တစ်ထည်ကိုထုတ်လျက် ပတ်တီးအဖြစ်အသုံးပြုရန် ဖြဲလိုက်သည်။ ...ို့နောက် အေးနားရှိ အိုင်ထဲမှရေဖြင့်ဆွတ်ကာ အသားနီလန်နေသည့် နေရာပေါ်၌ ...ုပ်ပေးသည်။ ပြီးလျှင် ခြေဖဝါးပေါ်မှမှတ်၍ စည်းပေးလိုက်သည်။

"ဒီလိုစည်းထားရင်တော့ ခြေဖဝါးနဲ့ ဖိနပ် ပွတ်မိစရာအကြောင်း မရှိတော့ ...ူးလို့ ထင်တာပဲ၊ အဲဒီလိုမပွတ်ရင်တော့ ခြေထောက်အနာ သက်သာသွားမယ် ...င်တယ်"

"ဟုတ်တယ်၊ အခုတောင် အတော့်ကို သက်သာသွားပါပြီ"

ထိုနေရာမှဆက်သွား၍ တောင်ပေါ်ရွာကလေးဖြစ်သော 'ဆီတိုလာ'ရွာသို့ ...ောက်သည့်အချိန်တွင် နေဝင်ဆည်းဆာဖြစ်နေပေပြီ။

ရွာထဲသို့ဖြတ်၍အလာ၌ ခွေးများက ဆူညံစွာဆီး၍ ဟောင်ကြသည်။ နပ်တဲ့ ...ောင်းနှင့် ကလေးတစ်ယောက်က သူတို့ကို အကဲခတ်သည့်ပုံဖြင့် ကြည့်နေသည်။ ...ိမ်တစ်အိမ်၏ မှန်ပြတင်းပေါက်မှ သူတို့ကို အကဲခတ်သည့်ပုံဖြင့် ကြည့်နေသော ...ိန်းမကြီးတစ်ဦး၏ မျက်နှာကိုလည်း မြင်ရသည်။

ထိုရွာကို လွန်လာခဲ့သည့် အခါကျမှသာလျှင် သူတို့စိတ်မှာ ပေါ့ပါးသွားသည်။

လမ်းတွင် ကျောက်မိုင်း အလုပ်သမားတစ်ယောက်နှင့်လည်း ဆုံမိသေး ...ည်။ ထိုသူက သူတို့ကို လွန်သွားသည့်တိုင်အောင် လှည့်ကြည့်လှည့်ကြည့်ဖြင့် ...ျောက်သွားသည်ကို တွေ့ရ၏။ သူတို့၏သတင်းကို ကြားပြီးပြီလော မသိပေ။

ထိုရွာမှလွန်သော် ဝက်သစ်ချပင် အများအပြားပေါက်နေသည့် တောအုပ်တစ်ခုကို ဖြတ်ရသည်။ ထိုတောအုပ်မှလွန်သော် 'ဟော်နစ္စတာ' ကုန်းပြင်မြင့်ဒေသကို ဝင်မိလေပြီ။

ခပ်လှမ်းလှမ်းတွင် ရေတံခွန်တစ်ခု ရှိဟန်တူသည်။ တဝေါဝေါနှင့် ရေသံကို ကြားနေရသည်။

အနည်းငယ်ဆက်၍ သွားလိုက်သော်၊ ကျောက်မိုင်းအလုပ်သမားများ နေထိုင်ဘက်တွင်နားသည့် တဲကလေးများရှိရာသို့ ရောက်လာသည်။

ထိုတဲများအနက်မှ လူမရှိနိုင်ဟု ယူဆရသည့် တဲတစ်လုံးအတွင်းသို့ဝင်နားကြသည်။ နံနက်အလင်းရောင်မလာမီအထိ၊ ဤတဲကလေးအတွင်းတွင် အိပ်နိုင်ကြမည်ဖြစ်၏။ တောင်ပေါ်ဒေသလည်းဖြစ်၊ ညဥ့်အချိန်လည်းဖြစ်သည် ချမ်းလာသည်။ ထို့ကြောင့် အနွေးဓာတ်ရနိုင်ရန် တစ်ယောက်နှင့်တစ်ယောက်ပူးကပ်၍ အိပ်ကြရသည်။

တစ်နေ့လုံး ခရီးကြမ်းလျှောက်လာ၍ ပင်ပန်းနေသော်လည်း တော်တော်နှင့် အိပ်မပျော်နိုင်ကြသေးပေ။ ခန္ဓာကိုယ်ပင်ပန်းမှုက စိတ်လှုပ်ရှားခြင်းကို မလွှမ်းမိုးနိုင်သေးပေ။

ဤညသည် သူတို့အဖို့ အတူနေရသော နောက်ဆုံးည ဖြစ်ချင်ဖြစ်နေမည် ဟူသော အတွေးက သူတို့ကို ခြောက်လှန့်နေသည်။

တစ်ခါတစ်ရံ၌ စိတ်ချောက်ချားသွားသည့် ပုံသဏ္ဌာန်ဖြင့် ပေါ(လ်)ကလေးတစ်ယောက်သဖွယ် မိုင်ရာကို အားကိုတကြီး ဖက်တွယ်မိသည်။ ဤကဲ့သို့ အခါမျိုးတွင် မိုင်ရာက မိခင်သဖွယ် ပေါ(လ်)၏ နဖူးကို လက်ကလေးဖြင့် သပ်လျက် ပေါ(လ်) စိတ်ငြိမ်သွားအောင် ချော့ရသည်။

တောထဲမှာ ဒီးကွက်တစ်ကောင်၏ အော်လိုက်သည့် အသံက သူတို့ကို ချောက်ချားစေပြန်၏။

မိုင်ရာက သူ့အဖြစ်ကို စဉ်းစားကြည့်သည်။ ဟိုစဉ်က သူနှင့် ပေါ(လ်)တို့ လန်ဒန်တောင်ဘက်ရှိ 'ပစ်(ချ်)' တောင်ကုန်းကလေးတွင် တူပျော်ပျော်ထိုင်ကာ ခွန်းတုံ့တင်ခဲ့သည့် အခြေအနေမှ၊ အခုလို ဝရမ်းပြေးဖြစ်နေရသည့် အခြေအနေ အထိ ဘဝကို သုံးသပ်ကြည့်မိသည်။

ပျော်ခဲ့ရသည်။ စိတ်ညစ်ခဲ့ရသည်။ ပေါ(လ်)အပေါ်၌ ထားရှိခဲ့သည့် အချစ်စိတ်ပင် ခေတ္တမှုခန်းသွားသေးသည်ကိုလည်း ကြုံလိုက်ရသည်။

**စိတ်ကူးရိုးရိုး**

ယခု သူ၏ တစ်ခုတည်းသော ဆန္ဒမှာ ဖြစ်လိုရာဖြစ်စေ၊ ပေါ(လ်)ဘက်မှ ပုံးဝရပ်တည်ကာ၊ လာသမျှ အတားအဆီးတို့ကို ရင်ဆိုင်ရန်သာဖြစ်ပေသည်။ ဤသို့ စိတ်ခိုင်ခိုင်ချပြီးတော့မှပင် အိပ်ချင်သည့်စိတ် ပေါ်လာတော့သည်။

✧ ✧ ✧

ပေါ(လ်)နှင့် မိုင်ရာတို့ 'စတိုင်ဟတ်' တောင်ကြားလမ်းတစ်လျှောက်မှ စိတ်ပျက်ညှိုးငယ်စွာ လျှောက်လာသည့်အချိန်တွင်၊ အင်စပက်တော်ကြီး ဘို(လ်)ထရိ သည် လန်ဒန်မြို့တော်ကြီးမှသည် 'လန်ကတ်ရှိုင်းယား' ခရိုင်အတွင်းရှိ 'ဲထေရက်တန်'မြို့သို့ မီးရထားဖြင့် ရောက်လာသည်။ ရောက်ချင်စောက အလွန်တရာ ပြင်းပြနေသည့်အတွက် ရထားကျကျနန မရပ်မိသေးမီပင် လက်ဖောင်းပေါ်သို့ ခုန်ဆင်းပြီးဖြစ်နေပေသည်။

ဒေသခံ ရဲအရာရှိနှစ်ဦးက ဘို(လ်)ထရိကို လာ၍ကြိုနေသည်။ တစ်ဦးက ခရိုင်ရဲမှူးယူနီဖောင်းကို ဝတ်ထားသည်။ ကျန်တစ်ဦးကမူ အရပ်ဝတ်ဖြင့်ဖြစ်သည်။ ဘို(လ်)ထရိက ဤသို့ တိုတောင်းသော အချိန်ကလေးအတွင်း၌ပင် ယူနီဖောင်း ဝတ် ခရိုင်ရဲမှူးကို အထင်ကြီးစရာမရှိဟု သူ၏ စိတ်တွင်းဝယ် မှတ်ချက်ချလိုက် မိသည်။ အရပ်ဝတ်ဖြင့် စုံထောက် အင်စပက်တော်ကိုမူ အထင်မသေးမိပေ။

နှုတ်ဆက်၍ ပြီးသွားကြသောအခါ သူ၏ စိတ်ထဲတွင် စိုးရိမ်နေသည့် အချက်ကို ဘို(လ်)ထရိက ကောက်၍မေးလိုက်သည်။ မျက်နှာအမူအရာ အားဖြင့်ကား တစ်စုံတစ်ခု ထူးခြားသည့်အသွင် မပေါ်စေရအောင် ဟန်ဆောင် ထားသည်။

"ဝရမ်းပြေးကို မိပြီးကြပြီလားဗျ"

ခရိုင်မှူး 'ကာဆလိတ်'က ဖြေသည်။

"မမိသေးပါဘူး"

စုံထောက်အင်စပက်တော် ယား(ရ်)က ခရိုင်ရဲမှူး၏ စကားကို ထပ်ဖြည့်၍ ပြောသည်။

"လောလောဆယ်မှာတော့ မမိသေးဘူးပေါ့ဗျာ၊ ဒါပေမဲ့ သိပ်မကြာပါဘူး၊ ကျွန်တော်တို့လက်ထဲကို ရောက်လာမှာပါ၊ လာပါလေ သွားကြစို့၊ သွားရင်းနဲ့ အခြေအနေကို ရှင်းပြပါ့မယ်"

မီးရထားရုံပိုင်၏ ရုံးခန်းတွင် အင်စပက်တော်က အခြေအနေကို ရှင်းပြသည်။

"နောက်ဆုံးသတင်းကတော့ ပရက်ဆက်ကို ဝပ်(စ်)ဒေးရွာမှာတွေ့လိုက်တယ်လို့ ဆိုပါတယ်၊ အဲဒီရွာကနေ ဘယ်ကိုဆက်သွားမလဲဆိုတာကိုတော့ စုံစမ်းမရသေးဘူး၊ နောက်ဆုံးတွေ့လိုက်ရတဲ့အချိန်အထိမှာတော့၊ သူဟာ အင်္ဂလိကန်ဘုန်းတော်ကြီးအဝတ်အစားနဲ့ပဲ၊ သူ့ကောင်မလေးလဲ သူနဲ့အတူပါတယ်၊ ဒါကိုထောက်ပြီးပြောရင်တော့ သူ့နောက်ကို ရဲတွေကလိုက်နေတာကို သိပေမယ့် သူ့အကြောင်းကို ကျွန်တော်တို့ ဘယ်လောက် သိထားတယ်ဆိုတာ သိပုံမရသေးဘူး၊ ကျွန်တော်တို့ရဲ့ လူတွေကိုလဲ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို ကျွန်တော်တို့ သိကြောင်းမပေါ်အောင် မေးဖို့စမ်းဖို့ ညွှန်ကြားပေးထားတယ်"

"မှန်တာပေါ့…သိပ်မှန်၊ ဒါထက် အဲဒီ ဝပ်(စ်)ဒေးဆိုတဲ့ ရွာက ဘယ်နားမှာလဲဗျ"

ဘိုလ်(လ်)ထရိုက သူစိမ်းရဲအရာရှိများအပေါ် ဆရာလုပ်လိုသည့်လေသံမျိုးဖြင့် လေသံမျိုးဟန်မျိုး မပေါ်အောင် ကြိုးစား၍ ဖုံးကွယ်ရှာပါသည်။ သို့သော် နယ်အရာရှိများကို အထင်သေးသည့်စိတ်က ပြင်းထန်လှသဖြင့် ဟန်လုပ်၍ မရဘဲ ရှိနေသည်။

ယခုအချိန်အထိ နှုတ်ဆိတ်နေသော ခရိုင်ရဲမှူးက အင်စပက်တော် မစ္စတာ ယား(ရ်)ကို အမိန့်ပေးလိုက်သည်။

"ကဲ…မစ္စတာယား(ရ်) သူ့ကို မြေပုံပြလိုက်ပါ၊ ဒါမှ ရှင်းသွားမယ်"

အင်စပက်တော် ယား(ရ်)က ရုံးပိုင်၏ စားပွဲတွင် မြေပုံလိပ်ကြီးကို ဖြန့်ချကာ ခဲတံဖင်ဖြင့်ထောက်၍ ဘိုလ်(လ်)ထရိုကို ရှင်းပြသည်။

"ယခုအချိန်အထိ ကျွန်တော်တို့ လူတွေဆီက ရတဲ့သတင်းအရ သုံးသပ်ကြည့်ရရင်တော့၊ သူတို့နှစ်ယောက်ဟာ ချိုင့်ဝှမ်းဒေသတွေဖြစ်တဲ့ 'အင်နာဒေး(လ်)' 'ဘောရိုးဒေး(လ်)' အနီးအနား ပတ်ဝန်းကျင်မှာ ရှိလိမ့်မယ်လို့ ယူဆရတာပဲ"

အင်စပက်တော် ယား(ရ်)က ဤသို့ပြောဆိုသည်ကို၊ ဘိုလ်(လ်)ထရိုက ဝင်၍ နှမ်းဖြူးလိုက်သည်။

"ဒီလိုဆိုရင် အလွယ်ကလေးပဲဗျ၊ အဲဒီချိုင့်ဝှမ်းတွေကထွက်တဲ့လမ်းတွေကနေ ပိတ်ပြီး စောင့်နေရုံပဲ မဟုတ်ဘူးလား"

"မှန်ပါတယ်ဗျာ၊ အဲဒီချိုင့်ဝှမ်းတွေအတိုင်း ထွက်လာရင်တော့ ငှက်ပျောသီးအခွံနွှာစားရသလို လွယ်တာပေါ့၊ ဒါပေမဲ့ ထွက်မလာဘဲ ကုန်းမြင့်တွေပေါ်က တခြားဘက်ကို လျှောက်သွားတော့ကော…"

ဘို(လ်)ထရိုက မြေပုံပေါ်တွင် အညိုရောင်နှင့် ခရမ်းရောင်ခြယ်ထားသော နေရာပေါ်သို့ လက်ညှိုးဖြင့်ထောက်ပြရင်း ပြန်ပြောသည်။

"ဒီလို နေရာတွေပေါ်မှာ သွားလို့ရမလားဗျ၊ ဆူးချုံတွေအပြည့်ပဲဥစ္စာ"

အင်စပက်တော် ယား(ရ်)က ဌာနချုပ်မှလာသော စုံထောက် အင်စပက်တော်ကြီးကို အမြင်ကပ်သည်နှင့် ဘုတစ်ချက် တောလိုက်သည်။

"သူ့ခြေထောက်တွေကို သူ့အိတ်ထဲထည့်လျှောက်သွားရင်ရတာပေါ့ဗျ"

ဤသို့ တစ်ချက်တောလိုက်ပြီးမှ မကောင်းတတ်သည်နှင့် စကားကောင်းဆက်၍ ပြောရသည်။

"အဲဒီ နေရာတွေမှာ အပျော်တမ်း ခြေလျင်လျှောက်တဲ့လူတွေ အသုံးပြုတဲ့ လူသွားလမ်းကလေးတွေရှိတယ်၊ သူက တစ်နေရာရာမှာ ပုန်းနေပြီး သူ့ကောင်မလေးကို အစာနဲ့ ရေရှာခိုင်းရင်လဲ ဖြစ်တာပဲ၊ အစာနဲ့ ရေကိုတော့ ရွာတွေရှိတဲ့ဘက်ကို ဆင်းလာပြီး ရှာရမှာပဲ၊ အခု လောလောဆယ်မှာတော့ ဟောဒီ နေရာမှာ ရှိရမယ်"

ပြောရင်းနှင့် ယား(ရ်)က မြေပုံမှ 'ဂေဘယ်(လ်)' တောင်နေရာကို သူ၏ လက်ညှိုးနှင့် လက်မဖြင့် ဝိုက်၍ပြသည်။

ငြိမ်သက်စွာ နားထောင်နေသော ရဲမှူးက ဝင်၍ ပြောသည်။

"ခင်ဗျားပြောတဲ့အတိုင်း ဟုတ်လိမ့်မယ်လို့ ကျုပ်လဲယူဆပါတယ်၊ တစ်ချက်စဉ်းစားဖို့ရှိတာက သူတို့က ဒီနေရာ ဒီဒေသကို ကောင်းကောင်း မကျွမ်းကျင်ဘဲနဲ့ သွားလို့ ဖြစ်ပါ့မလား"

ပြောချင်လျက်နှင့် သူနားမလည်သည့် အကြောင်းအရာများဖြစ်နေ၍ နှုတ်ပိတ်နေခဲ့သည်။ ဘို(လ်)ထရိုက ပြောရန် အခွင့်အရေးရလာပြီဖြစ်သောကြောင့် ဝင်၍ ပြောလေတော့သည်။

"အား...ကျွန်တော်တို့ ဌာနချုပ်မှာရှိတဲ့ ဖိုင်တွေထဲက အတိုင်းဆိုရင်တော့ မိုင်ရာဘွန်းက ဒီဒေသအကြောင်းကို ကောင်းကောင်းသိတယ်ဆိုပဲ၊ သူ့အဒေါ်တစ်ယောက်က ဒီဘက်မှာ နေသွားတယ်ဆိုကိုး"

ရဲမှူးက ပြန်၍မေးသည်။

"ဒါကြောင့်ကိုး၊ မိုင်ရာဘွန်းရဲ့အဒေါ် နေသွားတဲ့နေရာက ဘယ်လို ခေါ်သတဲ့လဲဗျ"

ဘို(လ်)ထရိုက ခေတ္တမျှ စဉ်းစားပြီးမှ ဖြေသည်။

"ဂရိန်းတဲ့ဗျ၊ နာမည်ကတော့ ခပ်ဆန်းဆန်းပဲ၊ အဲဒီ ဂရိန်းဆိုတဲ့ ရွာအနားမှာလို့ သိရတယ်"

အင်စပက်တော် ယား(ရ်)က ဝမ်းသာအားရ ဝင်၍ပြောသည်။

"ဒီလိုဆိုရင် မိုင်ရာဘွန်းဟာ သူနေဘူးတဲ့ နေရာကို လာမှာသေချာသလော
ပါပဲဗျ"

ခရိုင်ရဲမှူးက ယား(ရ်)ပြောသည်ကို ထောက်ခံသည်။

ယား(ရ်)က မြေပုံပေါ်သို့ လက်ညှိုးဖြင့် တဒေါက်ဒေါက်ခေါက်က
ဝင့်ကြွားစွာပြော၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူတို့နှစ်ယောက်ဟာ 'ဝပ်(စ်)ဒေး'ရွာက
'စတိုင်ဟက်'တောင်ကြားလမ်းအတိုင်းလာပြီး ဆိုဆီလာရွာကို ဖြတ်လာခဲ့
ဖြစ်ရမယ်၊ အခုဆိုရင် ဆိုဆီလာ ပိုင်နက်မှာ ရှိနိုင်တယ်"

ဘို(လ်)ထရိုက မြေပုံကိုလေ့လာပြီးနောက် သူ၏ ထင်မြင်ချက်ကို ပြော
သည်။ သူက တောင်တွေပေါ်တက်၍ လိုက်ရှာရန် ဆန္ဒမရှိပေ။ ဤမျှလည်
ပင်ပန်းမခံနိုင်ပေ။

"ကောင်းပြီလေ၊ မြေပုံအတိုင်းဆိုရင်တော့ လမ်းတွေအကုန်လုံးဟာ 'ရန်ဒေါ'
မြို့ကို ပေါက်တာပဲ၊ ဒီတော့ 'ရန်ဒေါ'မြို့မှာ စခန်းချပြီး စီစဉ်ရင် မကောင်းဘူးလား"

ဘို(လ်)ထရိုပြောသည်ကို ယား(ရ်)က ထောက်ခံသည်။

ထို့နောက်တွင်ကား ဘို(လ်)ထရိုနှင့် ယား(ရ်)တို့က 'ရန်ဒေါ' မြို့
မော်တော်ကားဖြင့် ထွက်သွားကြသည်။ ခရိုင်ရဲမှူးကမူ လိုအပ်သည်များ
နောက်ပိုင်းမှ စီစဉ်ပေးရန် ကျန်ခဲ့သည်။

ကားပေါ်တွင် ဘို(လ်)ထရိုက သူစဉ်းစားမိသည့် အချက်ကို ယား(ရ်)အ
ပြောပြသည်။

"ကောင်မလေးကိုတွေ့လို့ သူ့ကို နောက်ယောင်ခံလိုက်သွားရင် ပရက်
ကို တွေ့မယ်လို့ ကျုပ်စိတ်ထဲမှာ ထင်နေတယ်ဗျို့"

"အစားအစာဝယ်ဖို့ ဆင်းလာရင်လို့ ဆိုလိုတာလား"

"ဟုတ်တယ်"

"ကျွန်တော်လဲ အဲဒီလို စဉ်းစားမိပါတယ်"

"အဲဒီလိုဆိုရင် ကောင်မလေးလာမယ်လို့ ထင်ရတဲ့နေရာတွေမှာ ခင်
လူတွေ ချထားရင် မကောင်းဘူးလားဗျ"

"ဒီအတွက်တော့မပူပါနဲ့ မစ္စတာ ဘို(လ်)ထရို၊ ကျွန်တော်တို့ ခရိုင်ရဲမှူး
အဲဒီ ကိစ္စတွေကို စီစဉ်ထားမှာပါ၊ သူက အင်မတန် စေ့စပ်သေချာပါတယ်"

"တောင်ပေါ်က ရွာတွေမှာ တယ်လီဖုန်းကော ရှိရဲ့လားဗျ"

"ရှိပါ့ဗျာ၊ ကျွန်တော်တို့ဒေသဟာ ဒီလောက်လဲ တောမကျသေးပါဘူး၊ ဒါ အင်္ဂလန်ပြည်ပါဗျာ၊ တောပိုင်းလဲ တယ်လီဖုန်းရှိပါတယ်၊ ပြီးတော့ ကျွန်တော်တို့မှာ လိုအပ်ရင် ဆက်သားလွှတ်ဖို့ မော်တော်ဆိုင်ကယ်တွေလဲ ရှိပါတယ်ဗျ"

ဘို(လ်)ထရိုက သူမေးရသည့်အကြောင်းကို ရှင်းပြသည်။

"ဒီလိုပါဗျာ၊ သူတို့ကို ဖမ်းတဲ့အခါမှာ ကျွန်တော်လဲ ရှိနေချင်လို့ပါ၊ ဖြစ်နိုင်ရင်ပေါ့လေ၊ တကယ်တော့လဲ သူတို့ကို မျက်မြင်တွေ့ဘူးတာကလဲ ကျွန်တော်တစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား၊ သေချာစေချင်လို့ပါ"

ယား(ရ်)က ပြန်ဖြေသည်။

"မှန်တာပေါ့ ခင်ဗျာ၊ ခင်ဗျားအပြင် ခရိုင်ရဲမှူးဖြစ်ဖြစ် ကျွန်တော်ဖြစ်ဖြစ်လဲ ရှိဖို့ လိုမှာပဲဗျ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

✧ ✧ ✧

'ဟော်နစ္စတာ' ကုန်းမြင့်ဒေသရှိ ကျောက်မိုင်းအလုပ်သမားများ၏ စခန်းမှ တဲကလေးတစ်လုံးတွင် ထိုတစ်ညတာအဖို့ ဝင်၍ အိပ်စက်နားနေကြသော ဆေါ(လ်)နှင့် မိုင်ရာတို့သည် နံနက်ခင်းရောင်နီပျိုးလာသည့်အခါ၌ နိုးလာကြသည်။

ကျောက်မိုင်းအလုပ်သမားများ ရောက်မလာမီ ဤနေရာမှ ခွာကြရန်လိုသည်ဖြစ်၍ နှစ်ဦးသားသည် ပစ္စည်းများကို သိမ်းဆည်း၍ တောင်စောင်းရှိ လူသွားလမ်းကလေးမှ အောက်သို့ဆင်းလာကြသည်။

ထိုနေ့နံနက်တွင် သူတို့အဖို့ ဘာမျှ စားရန်မရှိ၊ သောက်ရန်လည်းမရှိ၊ ဗိုက်ဟောင်းလောင်းဖြင့်သာ မတ်စောက်သော တောင်ကြားလမ်း အဆင်းလမ်းအတိုင်းလာခဲ့ကြသည်။ အတန်ကြာသွားမိသောအခါ တောင်ကြားလမ်းက ပို၍ကျယ်သည့်နေရာသို့ ရောက်လာသည်ဖြစ်၍ တောင်ခြေရှိ မြက်ခင်းစိမ်းစိမ်း ချိုင့်ဝှမ်းအတွင်းမှ 'ဘတ်တာမီယာ'ရွာကို လှမ်းမြင်နိုင်ပေသည်။

ပတ်ဝန်းကျင်မှာမူကား စမ်းချောင်းကလေးများမှ တသွင်သွင် ရေစီးသံနှင့် ရေတခွန်သံ တဝေါဝေါမှ လွဲ၍ တိတ်ဆိတ်နေသည်။

သူတို့နှစ်ဦးသည် လူသူများမရောက်လာမီ တောင်ခြေရှိ တောအုပ်အတွင်းသို့ အရောက်သွားရန်ဖြစ်၏။ သူတို့သွားမည့်လမ်းတွင် လယ်တဲတစ်ခုရှိသည်။ ကံအားလျော်စွာ ထိုလယ်တဲမှ လူများမှာ အိပ်ရာမှ ထကြသေးဟန်မတူ၊ ထို့ကြောင့် စိတ်သက်သာစွာဖြင့် တောအုပ်အတွင်းသို့ရောက်လာခဲ့ကြသည်။

တောအုပ်အတွင်းသို့ ရောက်လာသည့်အခါ မိုင်ရာက သူတို့သွားမည့်နေရာကို ပြောပြသည်။

"အား...ကျွန်မ သတိရပြီ၊ ကန်ကြီးရဲ့ အရှေ့ဘက်မှာ ချိုင့်ဝှမ်းရှိတယ်၊ အဲဒီ ချိုင့်ဝှမ်းထဲမှာ ဆေး(လ်)ဘက် ဆိုတဲ့ ချောင်းကလေးတစ်ခုက အောက်ဘက်ကို စီးဆင်းနေတယ်၊ ဟုတ်တာပေါ့၊ မှတ်မိပြီ၊ မှတ်မိပြီ၊ အဲဒီချိုင့်ဝှမ်းထဲမှာ သိုးခြံတွေ ရှိတာပဲ၊ ပြီးတော့ ကျောက်တုံးတွေနဲ့ဆောက်ထားတဲ့ တဲကလေးတစ်လုံးလဲရှိတယ်၊ ညကတည်းက အဲဒီတဲကလေးဟာကျွန်မမျက်စိကမထွက်ဘူး။ စွဲနေတယ်၊ နတ်နိမိတ်ဆော် သလားတော့ မသိပါဘူး၊ အခု ကျွန်မတို့ အဲဒီဘက်ကို သွားကြရအောင်၊ အဲဒီ တဲကလေးက ဒီနားတစ်ဝိုက်မှာ အမြင့်ဆုံးဖြစ်တဲ့ ကျောက်ပုံကြီးခြေရင်းမှာ ရှိတယ်လေ၊ အဲဒီတဲကလေးထဲကို ညကျမှဝင်ပြီးအိပ်ကြတာပေါ့၊ နေ့ခင်းဘက်မှာတော့ ကျောက်တုံးကြီးကျောက်တုံးကြားမှာ အသာကလေးပုန်းနေ၊ မဟုတ်ဘူးလား ကိုကို အဲဒီနေရာရောက်အောင်ပို့ပြီးရင် နေ့လယ်လောက်ကျတော့ ကျွန်မက ဒီဘက်ကိုပြန်လာပြီး ရွာထဲမှာ အစားအစာ ဆင်းဝယ်မယ်လေ၊ အဲဒီအချိန် လောက်မှာဆိုရင်တော့ အပျော်ခြေကျင်လျှောက်ထွက်တဲ့လူတွေက 'ဘတ်တာမီယား' ရွာကိုဖြတ်ပြီး ရန်ဒေါမြို့ကို ပြန်လေ့ရှိတဲ့အချိန်ပဲ၊ ဒါကြောင့် မသင်္ကာစရာ မဖြစ်နိုင်ပါဘူး၊ ကို ကျွန်မပြန်လာတဲ့အထိ အဆာခံနိုင်ပါ့မလားဟင်"

"ခံနိုင်ပါတယ်၊ ဒါပေမဲ့ မင်းအတွက် ရန်ဒေါမြို့ထဲမှာ အခန်းတစ်ခုငှားပြီး နေပါလား၊ ကောင်းကောင်းမွန်မွန် အိပ်ရတာပေါ့"

"ကြည့်သေးတာပေါ့ ကိုရယ်၊ မနေ့ညကလောက် အခြေအနေ မဆိုးရင် တဲထဲမှာလဲ အိပ်လို့ဖြစ်ပါတယ်"

"အင်းလေ၊ မိုင်ရာပြောတဲ့ တဲက ကျောက်တုံးတွေနဲ့ ဆောက်ထားတာ ပဲဟာ၊ ဒီလောက်ကာလအတွင်းမှာ ပြိုကျမသွားနိုင်သေးပါဘူး"

"တဲက ရှိနေသေးတယ်ဆိုရင်တောင်မှ အဲဒီတဲမှာ ဒီညတောင် အိပ်ရပါ့မလား မသိပါဘူးကွာ"

"ဒီလောက်လဲ စိတ်မလျှော့ပါနဲ့ ကိုရယ်၊ ကျွန်မတို့ အခုထိ သူတို့ရဲ့ လွတ်အောင် ပြေးနိုင်ခဲ့ပြီပဲဟာ၊ ကျွန်မစဉ်းစားမိတယ် သိလား၊ တကယ်တော့ လူတစ်ယောက်ပြေးနေတာကို မိအောင်လိုက်ရတာ လွယ်တဲ့အလုပ်မဟုတ်ဘူး လားလို့၊ ပြီးတော့လဲ ကို အဲဒီတဲကလေးကို ကျွန်မစိတ်ထဲက သိပ်စွဲလမ်းနေတယ်၊ နတ်တွေ သိကြားတွေက လမ်းညွှန်နေသလိုပဲ စိတ်ထဲမှာထင်နေတယ်"

"ကောင်းပြီလေ၊ မိုင်ရာ ဒီလောက် စိတ်သန်နေရင်လဲ သွားကြတာပေါ့၊ တစ်ခုတော့ စိတ်ချပါကွာ၊ အဆုံးစွန်ထိဖြစ်လာရင်တော့ မင်းဟာ ကိုယ့်အတွက် အပြစ်မခံစေရပါဘူးဆိုတာ"

ပေါ(လ်)က ပြောလိုက်သည့်စကားကို မိုင်ရာက မည်သို့မျှ ပြန်၍မပြောဘဲ ဆိတ်ဆိတ်သာနေလိုက်သည်။

ထိုနောက် မကြာမီတွင် သူတို့နှစ်ဦးသားသည် မြက်ဖုတ်များ၊ ချောက်ကြိုးပေါ်မှ ဖြတ်၍ လျှောက်လာခဲ့ကြသည်။ လူသူဟူ၍ တစ်ယောက်မျှမတွေ့ရ။

ချိုင့်ဝှမ်း၏ ဟိုမှာဘက်တွင် 'ဘတ်တာမီယာ'တောင်ကြောကြီးရှိသည်။ ထိုတောင်ကြောပေါ်တွင် လမ်းတစ်ခုက တောင်ခါးပန်းအတိုင်း ကွေ့ကောက်၍ တည်ရှိနေသည်။ ထိုလမ်းပေါ်မှ မော်တော်ဆိုင်ကယ်တစ်စီးသည် တဖုန်းဖုန်းစက်သံ မြည်လျက် 'ရှန်ဒေါ'မြို့ဘက်သို့ အပြင်းအထန်မောင်းနေသည်။

ထိုလမ်းနှင့် ပေါ(လ်)တို့ ရှိသည့်နေရာသည် ခရီးအတော်ပင်ဝေးသဖြင့် မော်တော်ဆိုင်ကယ်စက်သံကို ပေါ(လ်)က မကြားနိုင်ပေ။

အတော်ကလေးသွားမိသောအခါ မိုင်ရာပြောသည့် ကျောက်တုံးတဲကလေးကို တောင်ကုန်းစောင်းကလေးတစ်ခု၏ ခြေရင်း၌ တွေ့ရသည်။ ထိုတဲကလေး၏ ဟိုမှာဘက်တွင် ကျောက်တုံးပုံမြင့်မြင့်ကြီးကိုပါ တွေ့ရသည်။

"ကျွန်မတို့ တဲထဲကို အခုမဝင်သေးဘူး၊ ဟိုကျောက်တုံးပုံကြီးကို မြင်တယ်မဟုတ်လား၊ အဲဒီအပုံကြီးပေါ်ကိုတက်ပြီး ကျောက်တုံးကြီးတွေကြားမှာ ပုန်းနေကြမယ်၊ အဲဒီအပေါ်ကို ဘယ်သူကမှလဲ တက်လာမှာမဟုတ်ဘူး၊ ကျွန်မတို့ တက်မယ်လို့လဲ ဘယ်သူကမှ ထင်မှာမဟုတ်ဘူး၊ ဒီကျောက်တုံးပုံကြီးမျိုးတွေဟာ အပေါ်ကိုတက်ရင်မပြိုပါဘူး၊ ရဲရဲသာတက်ပါ"

မိုင်ရာက ဦးဆောင်၍ ထိုကျောက်ပုံကြီးပေါ်သို့တက်သည်။ ပေါ(လ်)က ကြောက်ရွံ့စွာဖြင့် လေးဘက်ထောက်၍တက်ရန် ဟန်ပြင်နေသည်။ မိုင်ရာက ကိုယ်ကို မတ်မတ်ထား၍တက်ခြင်းက ပို၍ ကောင်းကြောင်းကို ပြောပြပြီး သူကိုယ်တိုင်တက်ပြသည်။ ဤတော့မှပင် ပေါ(လ်)က မရဲတရဲဖြင့် နောက်က တက်လိုက်လာသည်။ အပေါ်သို့ ရောက်လာသည့်အခါ ကျောက်တုံးကြီးများ တစ်ခုနှင့်တစ်ခု အကြားရှိ ချောင်ကလေးတစ်ခုတွင်ထိုင်၍ အမောဖြေကြရသည်။ မိုင်ရာပြောသည်မှာ မှန်သည်။ ဤကဲ့သို့ ချောင်အတွင်း၌ ထိုင်နေလျှင် သူတို့ကို အောက်ကကြည့်၍ မမြင်နိုင်ပေ။ သူတို့ကသာ အောက်ကိုမြင်နိုင်သည်။ အောက်ကိုသာမက ခပ်လှမ်းလှမ်းရှိ ချိုင့်ဝှမ်းထဲကိုပါ မြင်နိုင်ပေသည်။

အချိန်အတော်ကြာသည့်တိုင်အောင် အမောဖြေကြပြီးနောက် မိုင်ရာက သွားရန် ပြင်ဆင်ရတော့သည်။

မိုင်ရာက ပေါ(လ်)၏ လက်ကို ဖျစ်၍ အားပေးရသည်။

"ကဲ...ကို ကျွန်မသွားလိုက်ဦးမယ်၊ တတ်နိုင်သလောက် စောစော ရောက်အောင် ပြန်လာခဲ့ပါမယ်၊ ဒါပေမဲ့ သိပ်အစောကြီးပြန်လာလို့လဲ မကောင်း သေးဘူး၊ နေအတော်ကလေးစောင်းသွားမှ ပြန်လာတာက ပိုကောင်းမယ်လို့ ထင်တယ်၊ ဟုတ်လား၊ ကဲ...သွားမယ်နော်၊ စိတ်လဲ ပူမနေနဲ့ဦး၊ ကိုခြေထောက်က နာတာကော ဘယ့်နှယ်နေသေးသလဲ၊ အတော်သက်သာသွားပြီလား"

"အင်း...သိပ်တော့ မနာတော့ပါဘူး၊ မိုင်ရာ သွားတာကတော့ ဟုတ်ပါပြီ စိတ်ချရပါ့မလား"

"အို...ကျွန်မအတွက် စိတ်ချ၊ ရှင်နဲ့ ကျွန်မနဲ့ အတူတွဲနေမယ်လို့ သူတို့ ကလဲ ထင်မှာမဟုတ်ဘူး၊ ဝပ်(စ်)ဒေး(လ်)ရွာမှာတုန်းက ကောင်လေးတွေပြောနေတာ မကြားလိုက်ဘူးလားလို့"

ထိုနောက်တွင်တော့ မိုင်ရာက အပူအပင်မရှိသည့် ဟန်မျိုးဖြင့် ကျောက်ပုံကြီးပေါ်မှ ကလေးတစ်ယောက်ကဲ့သို့ ခပ်သော့သော့လေး ဆင်းသွားသည်။ ပေါ(လ်)ရှိရာဘက်သို့လှည့်၍ လက်ပင် ပြလိုက်သေးသည်။

ပေါ(လ်)အဖို့မှာကား မိုင်ရာထွက်သွားပြီးနောက်တွင် တစ်ယောက်တည်း မနေတတ်မထိုင်တတ်ဖြစ်၍ ကျန်ခဲ့၏။ သူထိုင်နေသည့်နေရာမှလည်း အပြင်သို့ မထွက်ရဲ၊ သို့နှင့်ပင် တစ်နာရီပြီးတစ်နာရီ လွန်မြောက်လာခဲ့သည်။ ဗိုက်လည်း အတော်ဆာလာလေပြီ။

မိုင်ရာပြောသည့်အတိုင်းပင် ဤနေရာသည် လူသူအရောက်အပေါက် အတော် နည်းသည့်နေရာ ဖြစ်ပေ၏။ သူထိုင်နေသည့်အချိန် တလျှောက်လုံးတွင် အောက်ဘက်မှ လူများဖြတ်သွားသည်ကို နှစ်ကြိမ်သာတွေ့လိုက်ရသည်။ ထိုသူ များမှာ ပျော်ပွဲစားထွက်ကြသော မိသားစုဖြစ်ဟန် တူပေသည်။

ဗိုက်ဆာဆာဖြင့် ထိုင်နေရင်း မိုင်ရာ၏ ကျေးဇူးကြီးလှပုံကို စဉ်းစားနေ မိသည်။ မိုင်ရာသာ ယခုကဲ့သို့ မကူညီလျှင် သူအဖမ်းခံရသည်မှာကြာရောပေါ့ဟု တွေးမိသည်။

ဆာလွန်းသဖြင့် အနီးအနားတွင် ပေါက်နေသည့် မြက်ပင်ကိုနုတ်ကာ ဝါးနေ ရသည်။

စိတ်ကူးချိုချို

နေလုံးကြီးသည် ဂေဘယ်(လ်) တောင်ကြီး၏ နောက်တွင် ကွယ်သွားလေပြီ။ မိုင်ရာ၏ အရိပ်အယောင်ကို မမြင်ရသေး။ ဗိုက်ဆာရုံသာမက ရေလည်းမခံမရပ်နိုင်အောင် ဆာလာ၏။ ထို့ကြောင့် အရဲစွန့်ကာ ကုန်းကွကွဖြင့် ကျောက်တုံးပုံကြီး၏ အခြားဘက်ခြေရင်းတွင်ရှိသည့် စမ်းချောင်းကလေးဆီသို့ ရောက်အောင်သွားရတော့၏။ စမ်းချောင်းကလေးသို့ ရောက်သည့်အခါ၌ ပထမတွင်မူ ရေကိုလက်ခုပ်ဖြင့်ခပ်၍ သောက်သေး၏။ တစ်လက်ခုပ်သောက်ပြီးသည့်နောက် အောင့်အည်းနိုင်တော့သဖြင့် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ လေးဘက်ထောက်၍ ငုံ့ကာ သောက်လေသည်။

ရေဝအောင်သောက်ပြီးမှ အနည်းငယ် နေသာထိုင်သာရှိသွားသည်။ မူလ ပုန်းအောင်းနေသည့်နေရာသို့ သူပြန်၍ရောက်သောအခါတွင် ငါးနာရီထိုးနေပြီ ဖြစ်၏။

ယခုထက်ထိ မိုင်ရာ၏အရိပ်အယောင်ကို မမြင်ရသေး။ ပေါ(လ်)သည် ဗိုက်ကလည်းဆာ၊ စိတ်ကလည်းပြင်းထန်စွာလှုပ်ရှားနေသည်ဖြစ်၍ မိုင်ရာမလာသေးသည်ကို စိတ်တိုလာသည်။ သို့သော် စိတ်တိုမိသည်မှာ ခဏမျှသာဖြစ်သည်။ မိုင်ရာကိုများ ရဲတွေဖမ်းသွားကြပြီလားဟူသော စိုးရိမ်စိတ်က ဝင်လာသည်။ စိုးရိမ်စိတ် ဝင်လာသည်ဆိုလျှင်ပင် နေမထိထိုင်မထိ ဖြစ်လာသည်။ ထိုင်နေရာမှ မတ်တတ်ရပ် ကာ မိုင်ရာလာမည့်ဘက်သို့ မျှော်၍ကြည့်မိ၏။

သူ၏ စိတ်ကို တည်ငြိမ်အောင်ထား၍ မရတော့သဖြင့် ကျောက်ပုံကြီးပေါ်မှ အောက်သို့ဆင်းလာခဲ့သည်။ အောက်သို့ရောက်လျှင်ရောက်ချင်း အင်ဒူစွန်းကလေးဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ အင်ဒူစွန်းဘက်ကကြည့်လျှင် နေလုံးကြီးကို ကျောပေး၍ မိုင်ရာက လျှောက်လာသည်ကို တွေ့ရပြီ ဖြစ်ပါသည်။

မိုင်ရာကို တွေ့လိုက်ပြန်တော့လည်း စောစောက စိတ်တိုမိသည်များမှာ ဘယ်ပျောက်ကုန်သည်မသိ၊ ယခုတော့လည်း ယခင်ကထက် ဆတက်ထမ်းပိုး တိုး၍ ချစ်သည့်စိတ်များသာ ပေါ်လာသည်။

ပေါ(လ်)က မိုင်ရာထံသို့ အပြေးကလေး လျှောက်သွားကာ ဆီးကြိုသည်။

မိုင်ရာက ပေါ(လ်)ကိုလှမ်း၍ ဖက်လိုက်ကာ အခြေအနေကို မေးသည်။

"ဘယ့်နယ်လဲ အဆင်ပြေရဲ့လား၊ ဒီအနီးအနားကို ရှာတဲ့လူတွေ တွေ့သလား"

"မတွေ့မိပါဘူး"

"ဟုတ်လား၊ ကောင်းပါလေရဲ့၊ ဆောရီးပဲ ကိုရေ...ကျွန်မလဲ နောက်ကျသွားတယ်၊ ကိုယ် သိပ်ဆာနေပြီလား၊ ကျွန်မလဲ 'ဘတ်တာမီယာ'ရွာကသုံးနာရီမထိုးခင် ထွက်လာလို့ မကောင်းသေးတာနဲ့ အချိန်ဖြုန်းနေရသေးတယ်၊ လမ်းမှာတောင်မှ နောက်က တစ်ယောက်ယောက် လိုက်လာတယ်ထင်လို့ 'ဂရက်(စ်)မူး'ရွာဘက်ကို လှည့်ပြီးသွားလိုက်ရတယ်၊ လိုက်လာတာတော့ဟုတ်မယ်မထင်ပါဘူး၊ ကျွန်မစိတ်ထဲက ထင်လို့နေမှာပါ၊ ကဲ...လူမမြင်ရတဲ့နေရာကို သွားပြီးစားပေတော့၊ ကျွန်မက လူရိပ်လူခြည် စောင့်ကြည့်နေပါမယ်၊ ဘာမှတော့ စိုးရိမ်ဖို့ ရှိမယ်မထင်ပါဘူး"

စကား တပြောပြောနှင့် နှစ်ယောက်သားသည် မြက်တောထဲရှိ ချိုင့်တစ်ခုဆီသို့ လျှောက်လာကြသည်။ ထိုချိုင့်အတွင်းတွင် ထိုင်နေပါက မြေညီဘက်မှကြည့်လျှင် ထိုင်နေသူကို မမြင်နိုင်ပေ။ ထို့ကြောင့် နှစ်ယောက်သားသည် ချိုင့်အတွင်းသို့ ဆင်း၍ ထိုင်ကြ၏။ ပေါ(လ်)က မိုင်ရာ သယ်ဆောင်လာသောစားစရာများကို ဆာဆာနှင့် အားရပါးရ ပလုတ်ပလောင်း စားနေစဉ် မိုင်ရာကချိုင့်နှုတ်ခမ်းတွင်မေးတင်ကာ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်နေသည်။

ပေါ(လ်)က ပေါင်မုန့်များကို ဖဲ့ရင်း မိုင်ရာက ဘရန်ဒီ ယူမလာသည့်အတွက် စိတ်တိုလာသည်ကို ကြိုးစားဖြေဖျောက်နေသည်။ ယခုလိုအခါမျိုးတွင် ဘရန်ဒီယူလာရန် သတိရဖို့ကောင်းသည်ဟု သူကထင်သည်။

ပေါင်မုန့်ကို ဝါးရင်း မိုင်ရာအပေါ် စိတ်တိုမိသည်ကို ကြိုးစားဖြေဖျောက်နေစဉ် မိုင်ရာထံမှ ထိတ်လန့်တကြားဖြင့် သူ၏ အမည်ကို ခေါ်လိုက်သံကြားလိုက်ရသည်။

"ပေါ(လ်) ... ပေါ(လ်)"

ပေါ(လ်)က မိုင်ရာရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်တွင် မိုင်ရာသည် 'ဘတ်တာမီယာ'ရွာဘက်သို့ ထိတ်လန့်သည့်အမူအရာဖြင့် စူးစူးစိုက်စိုက် ကြည့်နေသည်ကို တွေ့ရ၏။

ပေါ(လ်)ကလည်း ခေါင်းကို အနည်းငယ်ဆန့်၍ မိုင်ရာကြည့်နေသည့်ဘက်သို့ကြည့်လိုက်သည်။

လူတစ်ယောက်သည် ကုန်းစွန်းကလေးမှ ကွေ့ပတ်၍ လျှောက်လာသည်ကိုတွေ့ရ၏။ ထိုသူ၏ နောက်မှ လူနှစ်ယောက်လည်း ကပ်လျက်သားပါလာသည်၊ ကုန်းစွန်းကလေးပေါ်တွင်လည်း လူနှစ်ယောက်ကို တွေ့ရသည်။ ထိုသူနှစ်ယောက်ကမြက်ပင်များပေါက်နေသော ကုန်းစောင်းကို အပြေးကလေး ဆင်းလာကြသည်၊

ကုန်းစွန်းမှပေါ်၍ လျှောက်လာသူ သုံးဦးအနက် တစ်ဦးမှာ အပျော်တမ်း ကြောင်လျှောက်သူများ ဝတ်လေ့ရှိသည့် ဒူးထိအောင်ပင့်ထားသော ဘောင်းဘီကို ဝတ်ထားသည်။ ကျန်နှစ်ဦးမှာမူကား မြို့တွင်းဝတ် အဝတ်အစားဖြစ်သော ကုတ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားသည်ကို တွေ့ရ၏။ ထိုသူနှစ်ဦးအနက် တစ်ဦးသည်...

"ဘုရားရေ"

အရပ်မြင့်မြင့်နှင့် 'ဘိုလာ'ခေါ် ဦးထုပ်လုံးလုံးကို ဆောင်းထားသူသည်ကား သူ၏ အချစ်တော် အင်စပက်တော်ကြီး ဘို(လ်)ထရီပေတည်း။

ပေါ(လ်)သည် သူစိတ်ပျက်လာသည့်အခါမျိုးတွင် လုပ်နေကျအတိုင်း သည်ပင်းနှင့် ကော်လာကြားကို လက်ညှိုးကို ထိုးသွင်းလိုက်သည်။

မှန်ပေသည်။ သူ့အတွက်တော့ဓရီးအဆုံးသို့ရောက်လာပေပြီ။ အင်စပက်တော် ဘို(လ်)ထရီသည် သူ့အတွက် သေမင်းတမန်ပင် ဖြစ်ဘိသည်။

ပေါ(လ်)နှင့် မိုင်ရာတို့ နှစ်ဦးသားမှာ ငြိမ်သက်စွာပင် ထိုသူများ၏အလာကို စောင့်နေကြသည်။ တကယ်တော့လည်း သူတို့က ဘာမျှမတတ်နိုင်ကြတော့ပေ။

အရပ်မြင့်မြင့်နှင့်လူက ရှေ့ဆုံးမှ တက်လာသည်။ သူ၏ လက်တို ကုတ်အင်္ကျီ အိတ်ထဲသို့ နှိုက်ထားပုံကိုထောက်လျှင် ခြောက်လုံးပြူးသေနတ်ကို အဆင်သင့် ကိုင်လာပုံရပေသည်။ ထိုသူ ချိုင့်နှုတ်ခမ်းသို့ ရောက်လျှင်ရောက်ချင်း ပေါ(လ်)နှင့် မိုင်ရာတို့က မတ်တတ်ရပ်လိုက်ကြသည်။

ထိုသူကလည်း ပေါ(လ်)တို့အား ခပ်ကြွားကြွား လှမ်း၍ပြောလိုက်၏။

"ကဲ...မစ္စတာ ပရက်ဆက်၊ ပြေးမယ်တော့ စိတ်မကူးပါနဲ့တော့၊ ခင်ဗျား ကျွန်တော့်ကို သိပြီးပြီ မဟုတ်လား၊ အင်စပက်တော်ချုပ် ဘို(လ်)ထရီလေ၊ ဟောဒီ နှစ်ဦးကလဲ ရဲအရာရှိတွေပါပဲ၊ ကိုင်း ကျွန်တော့်ရဲ့ တာဝန်ကတော့ အယ်လီနာ ပရက်ဆက်ကို သတ်ခဲ့တဲ့အမှုနဲ့ စွပ်စွဲပြီး ခင်ဗျားကို ဖမ်းဆီးဖို့ပါပဲ"

ပေါ(လ်)က တစ်ချက်ပြန်၍ မေးလိုက်သည်။

"ဘာပြောတယ်ဗျ"

ဘို(လ်)ထရီက ရုတ်တရက် ပြန်မဖြေ၊ ပေါ(လ်)၏ လက်တစ်ဘက်ကို လှမ်း၍ ဆွဲလိုက်သည်။ အခြား ရဲအရာရှိတစ်ဦးကလည်း ကျန်လက်တစ်ဘက်ကို ဆွဲမည်ပြု၏။

ပေါ(လ်)က ကြောင်သွားကာ သူ၏ လက်ကိုဆောင့်၍ရုန်းရင်း စောဒက တက်သည်။

**စိတ်ကူးချိုချို**

"ဘာလုပ်ကြတာလဲဗျ၊ ခင်ဗျားတို့လုပ်တာ ဘာအဓိပ္ပာယ်လဲ"

ဤတွင် ဘိုလ်(လ်)ထရိုက ပေါ(လ်)၏ ကုတ်အင်္ကျီ ကော်လံကိုလက်နှစ်ဖက် လုံးဖြင့် ဆွဲကိုင်ကာ လေသံခပ်မာမာဖြင့် ပြန်ပြော၏။

"ဒါမျိုးတွေလုပ်လို့ ဘယ်ရမှာလဲဗျ၊ ကျုပ်ကိုခင်ဗျား မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့"

ပေါ(လ်)ကလည်း လေသံမာမာဖြင့်ပင် ထပ်၍ ပြော၏။

"လွှတ်ပါဗျ"

ဘိုလ်(လ်)ထရိုက ရှည်ရှည်ဝေးဝေးထပ်၍ မပြောတော့၊ သူ၏ အိတ်ထဲမှ လက်ထိတ်ကိုထုတ်၍ ပေါ(လ်)၏ လက်ကိုခတ်လိုက်သည်။

ဤတော့မှပင် အခြေအနေမှန်ကို သဘောပေါက်လာသည့် ပေါ(လ်)ထံမှ ရှိုက်သံတစ်ချက်ထွက်လာသည်။

"ကဲ...ကျွန်တော် အေးအေးဆေးဆေး လိုက်ပါမယ်ဗျာ၊ လက်ထိတ်တော့ မခတ်ပါနဲ့"

ထူးဆန်းသည်မှာကား စောစောပိုင်းက အဖမ်းခံရမည့် အရေးကိုတွေးတော စိုးရိမ်နေမိသလောက် အဖမ်းခံပြီးသည့်နောက် စိတ်လျှော့လိုက်သည့် အခါတွင်ကား စိတ်ထဲတွင် အတော်ကလေးပေါ့ပါးသွားသည့် အဖြစ်ကို ခံစားလိုက်ရခြင်း ဖြစ်၏။

ပေါ(လ်)ကပင် ဆက်၍ ပြောလိုက်သည်။

"မစ္စမိုင်ရာဘွန်းကိုတော့ မဖမ်းပါဘူးနော်"

"ဟင့်အင်း၊ သူ့ကိုလဲ ဖမ်းရမှာပဲ"

"မဟုတ်တာဗျာ"

မိုင်ရာက ပေါ(လ်)စိတ်သက်သာရအောင် ဝင်၍ ပြောလိုက်ရသည်။

"ကိစ္စမရှိပါဘူး ပေါ(လ်)၊ ကျွန်မ သဘောပေါက်ပါတယ်"

စိတ်ချလက်ချရှိသွားပြီဖြစ်သော ဘိုလ်(လ်)ထရိုက အေးဆေးသော အမူအရာဖြင့် သူတို့နှစ်ဦးလုံးအားပြောသည်။ သူ၏ အသံသည်လည်း မာကျောခြင်းမရှိတော့ ကရုဏာသက်စွာ ပြောသည့်အသံမျိုးဖြစ်သည်။

"အမှန်ကတော့ ခင်ဗျားတို့နဲ့ သိပ်ပြီး ရှည်ရှည်ဝေးဝေး ပြောနေဖို့တောင်မှ မဟုတ်ဘူးဗျ၊ အသာတကြည်သာ လိုက်ခဲ့ကြပါဗျာ၊ ဟိုဘက်နားမှာ ကား အဆင်သင့် စောင့်နေပါတယ်၊ သိပ်မလျှောက်ရတော့ပါဘူး"

ပေါ(လ်)က စိတ်ပူစွာဖြင့် ပြန်၍ မေးသေးသည်။

"လမ်းမှာ တခြားလူတွေနဲ့ ဆုံစရာအကြောင်း ရှိသေးလားဗျ"

"မရှိဘူးလို့ထင်တယ်၊ ကဲဗျာ၊ ခင်ဗျားကို ကျုပ်ကစိတ်ချပါတယ်၊ ဟောဒီ ...က်ထိတ်ကို ဖွင့်လိုက်ပါ့မယ်"

သူတို့လျှောက်လာကြသည့် အခါတွင် တခြားအရာရှိတစ်ဦးက ပေါ(လ်)၏ ...ဘက်လက်မောင်းကို ကိုင်လာသည်။ ဘို(လ်)ထရိကမူ ကုတ်အင်္ကျီ ...အိတ်ထဲသို့ လက်ကိုနှိုက်ရင်း လိုက်လာသည်။ ထိုအိတ်ထဲတွင် ခြောက်လုံးပြူး ...နတ်ရှိကြောင်းသေချာသည်။ အိတ်သည် ဖောင်းဖောင်းကြီးဖြစ်နေသည်ကို ...တွေ့ရသည်။

ကုန်းစွန်းကလေးပေါ်မှ လူနှစ်ယောက်သည်လည်း အောက်သို့ရောက်လာ ...ာ သူတို့၏ နောက်မှ လိုက်လာကြသည်။

ပေါ(လ်)နှင့် မိုင်ရာတို့၏ ဝရမ်းပြေးဘဝသည် ဤတွင် အဆုံးသတ် ...သွားပြီဖြစ်၏။

ကားရှိရာသို့ သူတို့နှစ်ဦး လျှောက်လာကြစဉ် နေလုံးနီနီကြီးသည် 'ခရမ်းမော' ...န်ကြီး၏ ရေပြင်ပေါ်တွင် ဝင်လုဆဲဆဲဖြစ်နေပေပြီ။ ဝင်လုဆဲဆဲ နေလုံးကြီးဆီမှ ...န်းနုရောင် ရောင်ခြည်များ ဖြာထွက်နေသဖြင့်၊ ကန်ရေပြင်နှင့် ဘေးနားရှိ ...တောင်တန်းတို့သည် ကြည်နူးဖွယ်လှပနေသည်။

ထိုသဘာဝ အလှအပကို မြင်ရသဖြင့် လန်ဒန်ရွှေမြို့တော်မှလာသည့် ...အင်စပက်တော်ချုပ် ဘို(လ်)ထရိက ဒေသခံ အင်စပက်တော် မစ္စတာယား(ရ်)အား ...လှမ်း၍ ပြောလိုက်သည်။

"တယ်လှတဲ့ ရှုခင်းပဲဗျာ"

မစ္စတာ ယား(ရ်)က မအံ့ဩသည့်ပုံဖြင့် ပြန်ပြောသည်။

"ဒီလို ရှုခင်းမျိုးကတော့ ဒီဘက်မှာ ပေါပါ့ဗျ၊ ဘယ်နေရာကြည့်ကြည့် ...တွေ့နိုင်ပါတယ်"

ဘို(လ်)ထရိကလည်း ယား(ရ်)ကို အညှာမခံဘဲ ပြန်၍ပြောသည်။

"ကျုပ်တို့ လန်ဒန်မှာလဲ တစ်ခါတလေဆိုရင်တော့ နေဝင်ချိန်မှာ သာယာတဲ့ ...ရှုခင်းကလေးတွေ တွေ့နိုင်တယ်ဗျ"

အင်စပက်တော် ယား(ရ်)က အင်စပက်တော်ချုပ် ဘို(လ်)ထရိအား ရယ်ကျဲကျဲ ...ပြန်၍ပြောသည်။

"ဟဲ...ဟဲ...ဆရာကြီး မေ့နေပြီထင်တယ်၊ ကျွန်တော်က လန်ဒန်မှာ မွေးပြီး ...လန်ဒန်မှာပဲ ကြီးလာတယ်ဆိုတာ၊ ကျွန်တော်က အလုပ်ကြောင့်သာ ဇာတိမြို့ကို ...ပြောင်းလာခဲ့တာပါ"

စိတ်ကူးချိုချို

အင်စပက်တော် ယား(ရ်)၏ ပြောစကားမှာ ရိုးရိုးလည်းဖြစ်နိုင်၏။ အခြား
တစ်နည်းတွေးမည်ဆိုလျှင်ကား အင်စပက်တော် ဘို(လ်)ထရီသည် တော
ဖြစ်ကြောင်းကို ကလိလိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

ပေါ(လ်)ကလည်း ထိုနေဝင်ရှုခင်းကို ကြည့်မိသည်။ ယခုဆိုလျှင် နေလုံး
သည် အရောင်အတောက်ပင် ဖျော့သွားပြီဖြစ်၍ မျက်စိမကျိန်းဘဲ ကြည့်ရှု
အခြေအနေသို့ရောက်လာလေပြီ။ နေလုံးကြီး၏ တစ်ဘက်တစ်ချက်စီ၌ ရှိနေကြ
တောင်တန်းကြီးများသည်ကား တဖြည်းဖြည်း ညိုမှိုင်းသည်ထက်ညို၍ မှိုင်း
ကြသည်။ ကန်ရေပြင် သည်လည်း ဘော်ငွေရောင်ပေါက်နေသည်။ တဖြည်းဖြ
နှင့် နေလုံးကြီးသည် ရေပြင်ထဲသို့ တစ်ဝက်နီးနီးခန့် စိုက်ဝင်မိပြီဖြစ်သည်။

စိတ်ပျက်အားလျော့နေသော ပေါ(လ်)က ဤနေလုံးဖျော့ဖျော့ကြီးကို ကြည့်
စဉ်းစားမိရှာသည်။

“ဒီ နေဝင် ဆည်းဆာဟာ ငါ့အဖို့ နောက်ဆုံးတွေ့ရမယ့် ရှုမျှော်ခင်း
ထင်ပါရဲ့”

နေလုံးကြီးသည်လည်းကန်ရေပြင်အတွင်းသို့လုံးဝဝင်သွားလေပြီ၊ အလင်း
ရာတော့ ပျောက်မသွားသေးပေ။

ဤဆည်းဆာအလင်းရောင်အောက်တွင် အင်စပက်တော်ချုပ် ဘို(လ်)
ခေါင်းဆောင်သော လူစုသည် သူတို့ကားထားခဲ့သည့် နေရာသို့ ဆက်၍သွား
ကြဆဲဖြစ်၏။

●

## . အပိုင်း – လေး

## {၁}

ပေါ(လ်)တို့စီးလာသောကားသည် "ဘတ်တာမီယာ" တောင်ကြောင်လျှောက်မှ ကန်ဘေားရှိ မြေညီရာသို့ဆင်းလာသည်။ ကားပေါ်တွင် အင်စပက်တော်ဘို(လ်)ထရိုက ဒရိုင်ဘာဘေးမှ ထိုင်သည်။ ပေါ(လ်)က နောက်ဘက်ထိုင်ခုံတွင် အစောင့်ရဲနှစ်ဦး၏ အကြား၌ ထိုင်ရသည်။

အင်စပက်တော်ကြီး ဘို(လ်)ထရိုမှာ အတိုင်းမသိ ကျေနပ်အားရနေသည်။ ဝါဟာလူးစစ်ပွဲကို အနိုင်တိုက်ခဲ့သည့် စစ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန်အလားသူ၏ စိတ်ဝယ်ထင်မှတ်မိ၏။ ကြီးစားရကျိုးလည်း နပ်ပေပြီ။ နောက်တစ်နေ့သတင်းစာများတွင် သူ၏အမည်ကို မဖတ်ချင်မှအဆုံး ဖြစ်နေပေဦးမည်။ ဤကဲ့သို့အောင်နိုင်သူတစ်ဦး၏ အဖြစ်ကို ရနေပြီဖြစ်၍ ကားနောက်ပိုင်းရှိ ပေါ(လ်)ပရော့ဆက်အပေါ်၌ တတ်နိုင်သလောက် ညှာညှာတာတာ ဆက်ဆံပြောဆို၍ လာခဲ့၏။

ပေါ(လ်)အဖို့မှာကား ဘို(လ်)ထရိုကဲ့သို့ အောင်နိုင်သူမဟုတ်၊ ရှုံးနိမ့်သူဖြစ်နေသဖြင့် မပျော်နိုင်ရှာ၊ ရှုံးနိမ့်ရုံတွင်သာမက တရားခွင်ပေါ်သို့ရောက်၍သဒ္ဒါ စီရင်ခံရလျှင်အသက်ပင်ဆုံးမည့်အခြေအနေသို့ ရောက်သွားမည် ဖြစ်သည်ကြောင့်၊ မရွှင်သောနှလုံးဖြင့် မော်တော်ကားသယ်ဆောင်ရာသို့ ပါလာရတော့သည်။

သူ့အနေဖြင့် အပြစ်ရှိပါသည်ဟူ၍တော့ ဝန်မခံရန် ဆုံးဖြတ်လိုက်သည်။ အများရှေ့တွင် ဂုဏ်သရေအညှိုးအနွမ်းမခံတော့၊ အယ်လီနာ၏ အလောင်းထဲ၌မိန်အဆိပ်ကို တွေ့ရသည်ဆိုလျှင် သူ၏ပယောဂကြောင့် မဟုတ်ကြောင်းထုတ်ဖော်ယုံကြည်ရှိအောင် ငြင်းမည်ဟု စိတ်ကူးထား၏။

သူ့ပယောဂကြောင့် မဟုတ်ပါဘူးဟုဆိုလျှင် ဤကိစ္စထဲ၌ မိုင်ရာလည်း ပါလာစရာအကြောင်း မရှိတော့ပေ။

ပေါ(လ်)က ရုတ်တရက် အင်စပက်တော်ဘို(လ်)ထရီ၏ အမည်ကို ခေါ်လိုက် သည်။

"မစ္စတာဘို(လ်)ထရီ"

ဘို(လ်)ထရီက နောက်သို့လှည့်၍ ပြန်ဖြေသည်။

"ဘာပြောချင်လို့လဲ မစ္စတာပရက်ဆက်"

"မစ္စမိုင်ရာဘွန်းကို ကျွန်တော် တွေ့နိုင်ပါဦးမလားခင်ဗျာ"

"ဟာ .... တွေ့ရမှာပါ၊ ရဲစခန်းမှာတော့ မတွေ့နိုင်သေးဘူးပေါ့ဗျာ၊ ဒါပေမဲ့ လန်ဒန်မြို့ကို ပြန်တဲ့အခါ ရထားပေါ်မှာ တွေ့နိုင်မှာပါ၊ တစ်တွဲတည်း စီးသွားကြ မှာပဲဟာ"

"ကျေးဇူးပါပဲဗျာ"

"ရပါတယ်၊ ကျွန်တော်တတ်နိုင်သလောက် လုပ်ပေးဖို့ ဝန်မလေးပါဘူး"

အမှန်စင်စစ် အင်စပက်တော် ဘို(လ်)ထရီသည် ပေါ(လ်) ပရက်ဆက်၏ ဆန္ဒကို ယခုကဲ့သို့ လိုက်လျောနိုင်သည့် အာဏာရှိသည့်အဖြစ်ကို အတော်ပင် ကျေနပ်နေသည်။

သူတို့၏ ကားသည် လူထူထပ်ရာ မြို့တွင်းသို့ ဝင်လာခဲ့သည်။ မြို့သည် အင်စပက်တော်ချုပ် ဘို(လ်)ထရီက ယာယီဌာနချုပ်အဖြစ် အသုံးပြုသည့် 'ရန်ခေါ' မြို့ပေတည်း။

ပေါ(လ်)အား 'ရန်ခေါ'မြို့ရှိ ရဲအချုပ်ခန်းတာဝန်ခံ၏ လက်သို့ အပ်လိုက် သည်။

ဤနေရာ၌ ဤအချိန်မှစ၍ ပေါ(လ်)အဖို့ အချုပ်သားဘဝကို စတင်ခံစား ရပေပြီ။

အချုပ်ခန်းတာဝန်ခံ အရာရှိ၏ ရှေ့မှောက်၌ သူ၏ကိုယ်ပေါ်တွင် ဝတ်ထား သမျှ အဝတ်အစားများကို ချွတ်ပြရ၏။ ပေါ(လ်)မှာ ရှက်လွန်းသဖြင့် မျက်နှာမှာ နီမြန်းနေသည်။ သို့သော် မည်သို့မျှ မတတ်နိုင်။ ခိုင်းသမျှကိုသာ လုပ်နေရလေသည်။

ပို၍ဆိုးသည်မှာ သူ၏ခန္ဓာကိုယ်သည် သေးသေးကွေးကွေး ရှိနေသည်သာမက အရိုးအစားကလည်းမကျ ဖြစ်နေပြန်သေးသည်။ ဤအချက်ကို သူက လူတစ်မ်းမှာ မမြင်စေချင်၊ ယခုတော့ မတတ်နိုင်ပြီ။

**စိတ်ကူးချိုချို**

အချုပ်ခန်းတာဝန်ခံက သူ၏ကိုယ်ပေါ်တွင် စေ့စေ့စပ်စပ်ရှာ၏။ ကိုယ်ပေါ်တွင် ရှာပြီးသောအခါ အဝတ်အစားများကိုရှာ၏။ ထို့နောက်အဝတ်အစားများ ပြန်ဝတ်ခွင့် ပေးသည်။ သို့ရာတွင် ဘောင်းဘီကို မ တင်ကာ ပခုံးတွင် သိုင်းထားရသော 'အိလက်စတစ်'သိုင်းကြိုးကိုမူကား ပြန်၍မပေးလိုက်ပေ။ ဤကြိုးဖြင့် မိမိကိုယ်မိမိ ကြိုးဆွဲချသေမည်ကို စိုးရိမ်လို့လား၊ သို့တည်းမဟုတ် ထွက်ပြေးရာတွင် အသုံးပြု၍ နိုင်ဖွယ်ရှိနေသည်ဟုပင် ထင်သောကြောင့်ပင်လားဟူ၍ သူသေချာစွာမသိရပေ။

အဝတ်အစားများကို ဝတ်ပြီးသောအခါ လျော့ကျလုလုဖြစ်နေသော ဘောင်းဘီကို လက်ဖြင့်ထိန်းကာ အချုပ်ခန်းတာဝန်ခံ အရာရှိ ခေါ်ဆောင်ရာသို့ လိုက်သွားသည်။ တာဝန်ခံအရာရှိက ပေါ(လ်)ကိုအချုပ်ခန်းအမှတ်(၂)အတွင်းတွင်နေရာ ချထားလိုက်၏။

တာဝန်ခံအရာရှိ ထွက်သွားသည်နှင့် အချုပ်ခန်းတံခါးသည်လည်း ဂျိုင်းခနဲ အသံမြည်ကာ ပိတ်သွားသည်။

ပေါ(လ်)ပရက်ဆက်အဖို့ ဘဝသစ်သို့ကူးပြောင်းလာပြီဖြစ်၏။

နံနက်ခြောက်နာရီတိတိတွင် သူ့ကိုလာ၍ ခေါ်မည်ဖြစ်သဖြင့် အိပ်ပျော်အောင် အိပ်ရန် အချုပ်ခန်းစောင့်ရဲသားကလေးက အားပေးရှာသည်။ သို့သော် ပေါ(လ်)က နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပေ။ ကြက်အိပ်ကြက်နိုးပုံမျိုးဖြင့်သာ မိုးလင်းခဲ့ရသည်။

{၂}

'ရန်ဒေါ'ဘူ တာရုံဖြစ်သည်။

အင်စပက်တော် ဘို(လ်)ထရီက ရထားပေါ်ရှိ သီးသန့်တွဲထဲတွင် ခေါင်းတွဲ ဘက်ကို ကျောပေး၍ထိုင်သည်။ သူ၏ ရှေ့တည့်တည့် ထိုင်ခုံ တွင် ပေါ(လ်)က ထိုင်ရသည်။ ဟိုဘက်ထောင့်တွင် မိုင်ရာကထိုင်ရသည်။ မိုင်ရာ၏ရှေ့ရှိ ထိုင်ခုံတွင် အင်စပက်တော် ယား(ရ်)၏ ဇနီးကထိုင်သည်။ အင်စပက်တော် ယား(ရ်)၏ ဇနီးကို မိုင်ရာ အတွက် မိန်းမဖော်ရစေရန် ခေါ်လာခြင်းဖြစ်သည်။ တွဲထဲတွင် အခြားစုံထောက်အရာရှိတစ်ဦးအပြင် အင်စပက်တော် ဘို(လ်)ထရီ၏ တပည့်ကျော် ဆာဂျင်ဒျိုင်ယယ်လည်းပါလာသည်။ ရဲအရာရှိအားလုံးသည် အရပ်ဝတ်ဖြင့် ဖြစ်ကြ သည်။ မည်သူမျှ ယူနီဖောင်းဝတ်မထားကြပေ။

ဘို(လ်)ထရီကတော့ကျေနပ်မှုအထွတ်အထိပ်သို့ ရောက်နေသည်။ အင်စပက် တော် ယား(ရ်)၏ ဇနီးအား ခေါ်လာရန် သူကပင် လမ်းထွင်ပေးခဲ့သည်။ပေါ(လ်)က

မှတ်ဆိတ်မွေးများ၊နှုတ်ခမ်းမွေးများကို ရိတ်လိုပါသည်ဟု ခွင့်တောင်းသည်ကိုလည်း သူကပင် တာဝန်ယူ၍ ခွင့်ပြုခဲ့သည်။ ဤသို့ခွင့်ပြုစဉ်က ဘို(လ်)ထရိက ခပ်ကြွားကြွား လေသံဖြင့် ပြောလိုက်သေးသည်။

"ကျွန်တော်တို့ ရဲအရာရှိတွေက ညာပါတယ်ဗျာ၊ တရားသူကြီး ရှေ့မှောက်မှာ မှတ်ဆိတ်မွေးထူလပျစ်နဲ့ဆိုယင် ခင်ဗျားတို့အတွက် တစ်ပန်းရှုံးနေမယ့်အဖြစ်မျိုး သဘောပေါက်ပါတယ်၊ ဒါကြောင့် အခုလို ရိတ်ခွင့်ပေးတာပေါ့"

ရထားပေါ်တွင် ထိုင်မိကြသောအခါတွင် ဘို(လ်)ထရိကပင် စ၍ ပေါ(လ်)ကို ပရက်ဆက်ကို မေးသည်။

"ကဲ ... မစ္စတာ ပရက်ဆက် ရထားမထွက်ခင် ခင်ဗျားဖတ်ချင်တဲ့ သတင်းစာ တို့ မဂ္ဂဇင်းတို့ ဝယ်ချင်ရင် ရပါတယ်"

ပေါ(လ်)က ကျေးဇူးတင်စွာဖြင့် ပြန်ပြောရှာသည်။

"ဟုတ်ကဲ့ဗျာ၊ ရရင်တော့ ကျေးဇူးပါပဲ"

ဘို(လ်)ထရိက မိုင်ရာဘက်သို့ပါလှည့်၍ လောကွတ်ပြုပြန်သည်။

"မစ္စမိုင်ရာဘွန်းကော ဖတ်ဖို့ယူဦးမလား"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ်"

ဘို(လ်)ထရိက သတင်းစာရောင်းသည့် ကောင်ကလေးထံမှ သတင်းစာ အချို့နှင့် မဂ္ဂဇင်းအချို့ကိုဝယ်ကာ ပေါ(လ်)နှင့် မိုင်ရာတို့ထံ ပေးလိုက်သည်။

"မစ္စတာ ပရက်ဆက်၊ ဆေးလိပ်သောက်ချင်ရင်လဲ ရတယ်နော်၊ အားမနာနဲ့"

"ဟုတ် ... ဟုတ်ကဲ့၊ကျေးဇူးပါပဲဗျ၊ တစ်လိပ်လောက် ..."

ဘို(လ်)ထရိက သူ၏တပည့် ဖွိုင်ယယ်ဘက်သို့ ဟန်နှင့်ပန်နှင့် လှမ်း၍ မေးလိုက်သေးသည်။

"ဟေ့ ... ဗွိုင်ယယ်၊မစ္စတာ ပရက်ဆက်ရဲ့ ဆေးတံကို တွေ့မိသလားကွ"

"မတွေ့မိဘူးဆရာ"

ပေါ(လ်)က ဝင်၍ ပြောလိုက်သည်။

"ဒုက္ခမရှာပါနဲ့ အင်စပက်တော်ကြီး၊ စီးကရက်ရရင်လဲ ဖြစ်ပါတယ်၊ ကျွန်တော့်ဆေးတံက တောင်ကုန်းတွေပေါ်မှာ ဟိုခုန်ဒီပုန်းနဲ့လုပ်တုန်းက ကျန်ခဲ့ပါတယ်"

ဘို(လ်) ထရိက မရပ်သေးပေ။

"ဟာ ... ဒီလိုဆိုရင် ရှေ့ဘူတာကျရင် ခင်ဗျားအတွက် ဆေးတစ်ဘူးနဲ့ ဆေးတံတစ်ချောင်းဝယ်ပေးပါမယ်"

ထို့နောက်တွင်တော့ အင်စပက်တော်ချုပ်ကြီး ဘို(လ်)ထရိုသည် နောက်မှီကို မှီရင်း သူ၏ ဘေးပတ်ဝန်းကျင်ကို အကဲခတ်လေ့လာကြည့်ရှုနေသည်။

ဆာဂျင် ချိုင်ယယ်နှင့် အခြားစုံထောက် အရာရှိတို့မှာ 'ဘတ်တာမီယာ' ဘောင်စောင်းတွင် ပေါ(လ်)ပရက်အား စကော့တလန်ယာဒ်ဌာနချုပ်မှ အင်စပက်တော်ချုပ် ဘို(လ်)ထရို အမှူးပြုသော ရဲအရာရှိများက လက်ရဖမ်းဆီးပုံကို သတင်းစာများ၌ စီကာပတ်ကုံး ရေးသားထားသည်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။

သူတို့ကိုကြည့်လျက် ဘို(လ်)ထရိုက ပီတိဖြစ်နေသည်။ သူမျှော်မှန်းထားချက်ကြီးမှာ အကောင်အထည်ပေါ်လာပြီမဟုတ်ပါလား ...။

သူ၏တပည့် ချိုင်ယယ်က သတင်းစာထဲတွင်ပါသော အကြောင်း အရာများကို ပြောပြရာ ဘို(လ်)ထရိုဟန်လုပ်၍ ပြန်ပြောလိုက်သည်။

"ဒီသတင်းစာတွေမှာက အလကားဟာတွေ လျှောက်ရေးထားတာပါကွာ၊ တကယ်ဖြစ်တာ တော်တော်ရယ်ပါ"

ရထားကြီးမှာ တဖြည်းဖြည်း လန်ဒန်နှင့် နီးလာသည်။ ဆိုက်ကပ်မည့်ဘူတာမှာ လန်ဒန်မြို့ မြောက်ဘက်ပိုင်းဘူတာရုံတစ်ခုဖြစ်သော ယူစတန်ဘူတာရုံဖြစ်သည်။

ပေါ(လ်)၏ စိတ်ထဲတွင် စိုးရိမ်စိတ် ဝင်လာသည်။ ဘုရား ... ဘုရား ... ဘူတာရုံမှာ လူအုပ်ကြီးနဲ့များတိုးနေရင် ငါတော့ ဒုက္ခပါပဲ ...။

ရထားကြီးသည် သူ၏ဝတ္ထုရားအတိုင်း ဘူတာရုံတွင်းရှိ ပလက်ဖောင်းတစ်ခုတွင် အရှိန်သတ်၍ ဆိုက်လိုက်သည်။

သူတို့စီးလာသည့် တွဲနှင့် တည့်တည့်တွင် လူများကပ်မလာနိုင်ရန် အရံအတားသစ်သားဘောင်များချထားသည်။ ဘူတာရုံရှေ့ ပလက်ဖောင်းတွင် မှန်များပိတ်ထားသော ကားသုံးစီးက အဆင်သင့်စောင့်နေသည်။ လူအုပ်ကြီးကတော့ အရံအတားများအနီးသို့ ကပ်နိုင်သမျှ ကပ်နိုင်ရန် တိုးဝှေ့နေကြသည်။ မီးရထားရဲများကလည်း နံပါတ်တုတ်များကိုမြှောက်၍ လူအုပ်ကြီးကို ဟန့်တားနေကြရသည်။

ပေါ(လ်)အဖို့တော့ စိတ်မသက်သာစရာ မြင်ကွင်းပါပေ။

အင်စပက်တော် ဘို(လ်)ထရိုက သူ၏တပည့်များကို အမိန့်ပေးလိုက်၏။

"မြန်မြန်လုပ်ကြဟေ့၊ တို့က ရှေ့ကနေ အရင်သွားနှင့်မယ်၊ ကောင်မကလေးနဲ့ မင်းက နောက်ကလိုက်ခဲ့၊ ဟုတ်လား ချိုင်ယယ်"

သူတို့တက်မိလျှင် တက်မိချင်း၊ ကားများကလည်းဘူတာရုံဝင်းထဲမှ ထွက်ခွာလာကြ၏။

ကားပြတင်းပေါက်တွင် ကာထားသော ပိတ်ခန်းဆီးအကြားမှ ဒေါသထွက်
နေသော လူအုပ်ကြီးကို ပေါ(လ်)က လှမ်း၍ မြင်နေရသည်။မှန်ပိတ်ထားသော်လည်း
သူတို့ အော်နေကြသည့်အသံကိုလည်း သဲသဲကွဲကွဲကြားနေရသည်။

ကြားရသည့် အသံများကတော့ ပေါ(လ်)အဖို့ သာယာနာပျော်ဖွယ်ကောင်း
မဟုတ်ပေ။

"ဟောဒီ ခွေးတိရစ္ဆာန် လူသတ်သမားကို ဆွဲချကြဟေ့၊ တို့ကိုယ်တိုင်
စက်တိုင်ကို တင်မယ်"

ကားအနီးသို့ရောက်အောင်လာနိုင်သူများကမူ၊ မှန်တံခါးကိုပင် တဝုန်းဝုန်း
လာ၍ ထုကြသည်။

တစ်ကြိမ်တွင်ကား လူအုပ်ကြီးကို ရှင်း၍မရသဖြင့် သူတို့ ကားသုံးစီးသည်
ရပ်၍ စောင့်နေရသည်။

ဤတော့မှပင် ပေါ(လ်)၏ စိတ်နှလုံးသည် ချုံးချုံးကျကာ ပို၍ပို၍
သိမ်ငယ် သွားသည်။ အဘယ့်ကြောင့်ဆိုသော် အော်နေသည့်လူအုပ်ကြီးမှာ
သူ့ကိုသာမက မိုင်ရာကိုပါ အော်နေကြသောကြောင့်ဖြစ်၏။ အသည်းဆုံးမှာ
မိန်းမ ပရိသတ် ဖြစ်သည်။

"ဟဲ့ မိုင်းတာမရဲ့။ ဒီလောက်တောင် ယောက်ျားရှားလားဟဲ့၊ လွန်လွန်
လွန်လွန်းတယ်၊ နင်ပါ စက်တိုင်တက်ရမယ်ဟဲ့ ..."

ယာဉ်ထိန်းရဲများက လမ်းရှင်း၍ ရလျှင်ရချင်း ကားသုံးစီးသည် အရှိန်ပြင်းစွာ
မောင်းထွက်လာခဲ့ကြသည်။

ဘို(လ်)ထရီထံမှ 'ဟူး'ခနဲ သက်ပြင်းချလိုက်သံ ကြားလိုက်ရသည်။
သို့သော် သူ၏စိတ်တွင်းဝယ် ဤအဖြစ်ကြောင့် စိတ်ညစ်ညူးခြင်းမရှိပါ၊ ကျေနပ်၍ပင်
နေပါသေးသည်။ ဤလိုအဖြစ်မျိုးသည် သူ၏ကျော်ဇော်မှုကို ပို၍မြင့်မားစေမည်ဟု
သေချာနေပေသည်။

ပေါ(လ်)အဖို့မှာကား ယခု သူတို့ဦးတည်သွားနေသည့် လန်ဒန်မြောက်ပိုင်း
ဗဟိုရဲစခန်းသို့ရောက်လျှင် ဤကဲ့သို့ လူအုပ်ကြီးနှင့် ရင်ဆိုင်နေရဦးမည်လော
စိုးရိမ် ပူပန်နေမိသည်။

အင်စပက်တော် ဘို(လ်)ထရီကတော့ ပေါ(လ်)နှင့်မတူ၊ သူကတော့ လူအုပ်ကြီး
စောင့်နေပါစေဟု ဆုတောင်းသည်။ လူအုပ်ကြီးမားလေလေ သူ၏ထင်ရှားကျော်ကြား
မြင့်တက်လာလေလေဟု တွက်ထားသည်။

ပေါ(လ်)က ဘို(လ်)ထရီအား စိုးရိမ်ပူပန်စွာဖြင့် မေးရှာသည်။

"ရဲစခန်းကိုရောက်ရင် ပလက်ဖောင်းပေါ်က လျှောက်သွားရမှာ မစ္စတာဘို(လ်)ထရိုရယ်"

ဘို(လ်)ထရိုက ပေါ(လ်)ကို စိတ်မပူရန် အားပေးစကား ပြောပါသည်။

"မစိုးရိမ်ပါနဲ့ဗျ၊ မလျှောက်ရပါဘူး၊ ရဲစခန်းဝင်းထဲကို တန်းပြီး ကားမောင်းဝင်သွားလို့ ရပါတယ်"

ရဲစခန်းသို့ရောက်သောအခါ ပေါ(လ်) စိုးရိမ်ခဲ့မိသည့်အတိုင်းပင် ရဲစခန်းရှေ့တွင် လူအုပ်ကြီးက စောင့်နေသည်ကို တွေ့ရသည်။ သို့သော် ရဲစခန်းဝင်းထဲသို့ ကားများကို မောင်းဝင်သွားနိုင်သောကြောင့် အနှောင့်အယှက် မတွေ့လိုက်ရပေ။

✧ ✧ ✧

နောက်တစ်နေ့ နံနက်ခြောက်နာရီတွင် ရဲသားတစ်ယောက်က ပေါ(လ်)ကို လာ၍ခေါ်သည်။ ပေါ(လ်)က သူ၏အချုပ်ခန်းထဲမှ အပြင်စကြံ့ရှိသော ကြွေလုံတွင် မျက်နှာသစ်သည်။ ရာဇဝတ် တရားရုံးတွင် ယနေ့သူ့ကို စတင်စစ်ဆေးမည်ဖြစ်ရာ သူ၏ ပုံပန်းသဏ္ဌာန်ကို တတ်နိုင်သမျှ သပ်သပ်ရပ်ရပ် ဖြစ်စေရန် အရေးကြီးသည်။

ယနေ့ သူ့ကိုစတင်စစ်ဆေးမည့်ရုံးမှာ စီရင်ချက်ချမည့် တရားရုံးအဆင့်တော့ မဟုတ်သေးပေ။ ပထမအဆင့် ကြားနာသည့်ရုံးသာလျှင်ဖြစ်သည်။ ဤသို့ဖြင့် ပေါ(လ်)ပရက်ဆက်ကို ပြစ်ဒဏ်ချမှတ် ရေးအတွက် တရားဥပဒေ ယန္တရားကြီးမှာ စတင်လည်ပတ်တော့မည် ဖြစ်ပေသည်။

သူက သန္နိဋ္ဌာန်တစ်ရပ် ချမှတ်ထားသည်။ သူ၏ သန္နိဋ္ဌာန်မှာ ကြားနာသည့် တရားသူကြီး၏ ရှေ့မှောက်တွင် သိက္ခာရှိရှိဖြင့် ထွက်ဆိုချက်ပေးရန်ဖြစ်သည်။ သို့ဖြင့် သူ၏အမှုကို လာရောက် နားထောင်ကြသော သူများနှင့်တကွ သတင်းစာများကပါ ပေါ(လ်)ပရက်ဆက်တစ်ယောက်သည် လူသတ်မှုဖြင့် စွပ်စွဲခံနေရသော်လည်း ဣန္ဒြေမပျက်ရှိနေကြောင်း မှတ်ချက်ပြုကြစေရန်ဖြစ်၏။

သူ့အတွက် ခုခံလျှောက်လဲမည့် ရှေ့နေမှာ လူငယ်ရှေ့နေတစ်ဦး ဖြစ်သည်။ လူပင်ငယ်ငြားသော်လည်း လူတော်ကလေးတစ်ဦးဟု ကျော်ကြားသည်။ အမည်မှာ ဇွေတာဖော်ရက်(စ်)ဖြစ်ပေ၏။ မနေ့ညကပင် သူ့ထံသို့လာ၍ အကျိုးအကြောင်းကို ဆွေးနွေးသွားပြီးပြီဖြစ်သည်။

သူ့ထံသို့ လာ၍တွေ့စဉ်က မစ္စတာဖော်ရက်(စ်)သည်၊ ညနေခင်း အခမ်းအနားဆက် ဝတ်စုံကို သေသပ်ကျနစွာ ဝတ်ထားသည်။ ထမင်းစားပွဲတစ်ခုခုသို့သွားမည်

ပုံပန်းသဏ္ဌာန်ရှိသည်။ ထို့ကြောင့် သူနှင့် အမှုအကြောင်းဆွေးနွေးရသည်မှာ အေးအေးဆေးဆေး မဟုတ်လှ၊ အနည်းငယ်မျှ အလျင်စလိုနိုင်သည်။

တစ်ဖန် လူငယ်ဆိုတော့လည်း သူ၏အောင်မြင်မှုများကို ဖြူထားချင်ပုံမရပေ။ မည်သူ၏ အမှုတုန်းက သူလိုက်ခဲ့ရာတွင် ကွင်းလုံးကျွတ်လွတ်သွားကြောင်း စသည်တို့ကို ဟိတ်နှင့်ဟန်နှင့် ဝင့်ကြွားစွာပြောသေး၏။ ဤသို့ပြောပြီးမှ ပေါ(လ်)၏ အမှုတွင် သူ့ကို ငှားလိုကြောင်း ဆန္ဒရှိ မရှိ မေးသည်။ ငွေကြေးအကြောင်းကိုလည်း ပြောရန်မလိုပါဟုဆို၏။ ပေါ(လ်)၏အမှုကို သူနိုင်အောင် လိုက်နိုင်လျှင် နာမည်ပို၍ တက်လာမည်ဖြစ်သဖြင့် ပိုက်ဆံကိုမလိုချင်အောင် ရနိုင်သေးသည်ဟု ပြောသွားသည်။ ပေါ(လ်) က သူ့ကိုငှားရန် သဘောတူကြောင်းပြန်ပြောလိုက်ပြီးသည့်အခါတွင်တော့ ရှေ့နေကလေးက ပေါ(လ်)ကို စိတ်အေးအေးထားရန်နှင့် နောက်တစ်နေ့ ရာဇဝတ် တရားရုံးတွင်ပေါ(လ်)ကို စစ်ဆေးသည့်အခါ၌ ဘာမှမပြောဖို့၊ ပြောစရာရှိလျှင် သူကသာ ပြောမည့်အကြောင်းကိုလည်း မှာသွားသည်။

ရှေ့နေကလေး မစ္စတာဖော်ရက်(စ်)ထွက်သွားပြီးသည့်နောက်၊ ပေါ(လ်)မှာ ခေါင်းရှုပ်၍ ကျန်နေခဲ့၏။ ခေါင်းရှုပ်ရသည်မှာကတော့ ရှေ့နေကလေးက ညနေခင်းအခမ်းအနားဝတ်စုံကို ဝတ်၍ ပွဲတက်သွားမည့်အခါမျိုးတွင် သူက အချုပ်သားဘဝတွင် ရှိနေရသည့်အဖြစ်ကို နှိုင်းယှဉ်၍ တွေးမိခြင်းကြောင့်အပြင် သူ၏ စုတ်စုတ်ပြတ်ပြတ် ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ရှေ့နေကလေးက သူ့ကို အထင်သေးသွားသလောဟူ၍ ဝေခွဲမရ ဖြစ်မိခြင်းကြောင့် ဖြစ်သည်။

မစ္စတာဖော်ရက်(စ်)က မည်သို့ပင် တဖွဖွမှာသွားစေဦး၊ တရားခွင်သို့ ရောက်သည့်အခါ၌မူ သူပြောလိုသည့် စကားကိုတော့ ပြောဖြစ်အောင် ပြောမည်ဟု ပေါ(လ်)က ဆုံးဖြတ်ထားသည်။

ပေါ(လ်)က ဤသို့စဉ်းစားနေဆဲတွင် သဘောကောင်းပုံရသော ရဲသားကလေးတစ်ဦးက ပေါ(လ်)အတွက် နံနက်စာလာ၍ပို့သည်။ ပေါ(လ်)သည် ယနေ့ဆိုလျှင် ရုပ်ရှင်မင်းသားမင်းသမီးများနှင့် တန်းတူ လူသိများသူတစ်ဦး ဖြစ်နေပြီး ထိုရဲသားကလေးမှာပေါ(လ်)နှင့် အခွင့်အရေးရတုန်း စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောသွားလိုဟန်တူသည်။ ထို့ကြောင့် စကားမရှိစကားရှာ၍ ပြောရှာ၏။

"ဦးလေး ... အဆင်သင့် လုပ်ထားဖို့တော့ကောင်းပြီဗျ၊ တော်တော်ကြာကျရင် ဦးလေးကို ရုံးထုတ်ဖို့ လာခေါ်ကြလိမ့်မယ် ထင်တယ်"

"ဟင် ... ဒီနေ့ရာက အမှုကို ပထမအဆင့် စစ်ဆေးမည့် တရားရုံး မဟုတ်ဘူးလားလို့"

ပေါ(လ်)က နားမလည်၍ ပြောသည့်စကားကို ရဲသားကလေး ရယ်ရယ် မောမောဖြင့် ပြန်၍ရှင်းပြ၏။

"မဟုတ်ပါဘူးခင်ဗျာ၊ဒီနေရာက အနှောက်အယှက်ပိုင်း ဗဟိုရဲစခန်းပါ"

"ဪ ... ဪ ... မသိပါဘူးကွာ"

"ဒါပေမဲ့ ဦးလေးကို ပထမအဆင့်စစ်မယ့် အောက်ရုံးက ဒီ ဝင်းကြီးရဲ့ ဟိုဘက်မှာတင် ရှိပါတယ်၊ ဝေးဝေးမသွားရပါဘူး၊ ဟိုမှာလဲ တရားခံတွေထားဖို့ အချုပ်ခန်းတွေရှိပါတယ်၊ တရားသူကြီးက မလာခင် အဆင်သင့် ဖြစ်နေအောင် ဦးလေးကို စောစောပို့ထားမှာပါ"

"အေးကွာ"

ရဲသားကလေးက သူသိသမျှကို ဆက်၍ အာလူးပေးသွားသေးသည်။

"တရားသူကြီးကတော့ ဆယ်နာရီခွဲလောက်မှ ရောက်မှာပါ၊ ဦးလေးအမှုကိုလဲ သိပ်ကြာအောင်စစ်နေမှာမဟုတ်ပါဘူး၊ ဖမ်းဆီးတဲ့အခါတုန်းကရှိတဲ့ သက်သေတွေကိုစစ်မယ်၊ အဲဒါကို စစ်လို့ပြီးသွားရင် ဦးလေးကို ရှစ်ရက်ချုပ်ထားတဲ့နေ့ကို ရဲဘက်က 'ရိမန်' လျှောက်တာကို အမိန့်ချမယ်၊ ဒါပါပဲ၊ အဲဒီလောက်ကလေး စစ်ဆေးမယ့်ဟာကို အပြင်ကစောင့်နေတဲ့ လူအုပ်ကြီးကတော့ မနည်းပါဘူး ဦးလေးရာ၊ အတော်ပင်ပန်းခဲ့တဲ့လူတွေပဲ၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကိုလဲ လူကြီးတွေက ထပ်ပြီး အင်အားဖြည့်ထားတယ်"

နောက်ဆုံးတွင်မှ ရဲသားကလေးက သူပြောလိုသည့် အဓိက စကားကိုပြော၏။

"ဒါထက် ဦးလေး၊ အခုလိုလူတိုင်းက ဦးလေးကို စိတ်ဝင်စားပြီး တွေ့ချင်မြင်ချင်နေကြတာကို၊ ဦးလေးရဲ့ စိတ်ထဲမှာ ဘယ့်နယ်နေသလဲ"

ရဲသားကလေး၏ မေးခွန်းမှာ ပေါ(လ်)ကို ကလိလိုက်သကဲ့သို့ ရှိသော်လည်း သဘောရိုးရိုးဖြင့် မေးလိုက်ကြောင်းကို ပေါ(လ်)က သဘောပေါက်ပါသည်။ ထို့ကြောင့် အလိုက်သင့် အလျားသင့်ပင် ပြန်၍ဖြေလိုက်၏။

"စိတ်ရှုပ်တာပေါ့ကွာ"

✧ ✧ ✧

ထိုရဲသားကလေး ပြောသွားသည့်အတိုင်းပင် ပေါ(လ်)ကို ရဲတပ်ကြပ်ကြီး တစ်ဦးက လာ၍ခေါ်သည်။ ဤရဲတပ်ကြပ်ကြီးကတော့ နံနက်စာ လာ၍ပို့သည့် ရဲသားကလေးကဲ့သို့ မဟုတ်ပေ။ စကားကို လိုအပ်သည်ထက် ပို၍မပြောပေ။ ရဲစခန်း အဆောက်အအုံ၏ ဘေးတံခါးမှနေ၍ ပဏာမစစ်ဆေးကြားနာသည့်

တရားရုံး အဆောက်အအုံထဲသို့ ဝင်လာခဲ့ရ၏။ ရုံးအဆောက်အအုံထဲသို့ ရောက်သောအခါ အချုပ်ခန်းတစ်ခုအတွင်း၌ စောင့်နေရသည်။

စောင့်နေရင်းနှင့် စင်္ကြံတစ်လျှောက်မှ လျှောက်သွားကြသည့် ခြေသံများ၊ အမိန့်ပေးသံများ၊ လူအမည်ခေါ်သံများ၊ အချုပ်ခန်းစောင့်အမှုထမ်းများ၏ တချွင်ချွင်သော့တွဲသံများကို ပေါ(လ်)က ကြားနေရသည်။ တစ်ခါတစ်ရံတွင် ထိုအသံများထဲတွင် သူ၏ အမည်နှင့် မိုင်ရာ၏အမည်ကို ပြောလိုက်သည်ကိုလည်း ကြားရသည်။

ပေါ(လ်)ကလည်း သူ၏အချုပ်ခန်းကျဉ်းကျဉ်းကလေးအတွင်းတွင် စောင့်နေရင်း သူပြောမည့် စကားလုံးများကို မှတ်မိအောင် ပြန်လှန်ရွတ်ဆို ကြည့်နေသည်။

တစ်နည်းအားဖြင့် သူတို့အားလုံးမှာ ကားလိပ်မတင်မီ ဇာတ်ခုံ နောက်ပိုင်းတွင် လေ့ကျင့်နေသော ဇာတ်ဆောင်များနှင့် တူသည်ဟု ထင်မိသည်။

တရားသူကြီးရောက်လာပြီဖြစ်၍ တရားခံများ၏ အမည်ကို တစ်ခုပြီးတစ်ခု ခေါ်သွားသည်ကိုလည်း ကြားနေရသည်။

တရားခံတစ်ဦးသည် တရားသူကြီး၏ရှေ့တွင် အချိန် သိပ်ကြာလိုက်ပုံမရသေး ထို့ကြောင့် သူ့အလှည့်ရောက်ရန် ကြာကြာမစောင့်ရချေ။

ရဲသားတစ်ဦး သူ၏အချုပ်ခန်းတံခါးသော့ကိုဖွင့်၍ ဝင်လာကာ သူ့ကို ခေါ်ထုတ်သွား၏။ စင်္ကြံတစ်လျှောက်တွင် သူ့လိုပင် ရုံးထုတ် တရားခံများ ရှိနေကြသည်။ တရားခံများအနက် မိန်းမများလည်း ပါဝင်၏။

သူထွက်လာသည်ဆိုလျှင်ပင် အားလုံး၏ ဦးခေါင်းများသည် သူ့ဘက်သို့သာ လှည့်၍ ကြည့်နေကြသည်။ တီးတိုးတီးတိုးပြောသံများလည်း ထွက်လာသည်။ ထို့ကြောင့် အစောင့်ရဲသားထံမှ 'တိတ်ကြစမ်း'ဟူသော ငေါက်လိုက်သံ ထွက်လာသည်။

ထိုစင်္ကြံတွင် စောင့်မနေရသေး၊ အခန်းတစ်ခုအတွင်းသို့ လိုက်သွားရသည်။ အတန်ကြာမှ ရဲသားတစ်ယောက်ဝင်လာ၍ ထိုအခန်းအတွင်းမှ စင်္ကြံသို့ ခေါ်ထုတ်လာသည်။ မိုင်ရာသည်လည်း စင်္ကြံတွင် ရပ်နေသည်ကို တွေ့ရ၏။ မိုင်ရာ၏ မျက်နှာမှာ ညှိုးလျှနေကာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ထို့ကြောင့် မိုင်ရာအားတက်လာစေရန် လှမ်း၍ ပြုံးပြသေးသည်။ သူ့ကို ခေါ်ထုတ်လာသော အစောင့်ရဲသားက ပေါ(လ်)အား မိုင်ရာ၏ရှေ့တွင် ရပ်နေရန် ပြောသဖြင့် ရပ်နေရ၏။ မိုင်ရာ၏ နောက်တွင်လည်း အခြားအချုပ်ကျ တရားခံများတန်းစီလျက် ရှိနေသည်။

တကယ်တော့ သူတို့အားလုံးသည် အောက်ရုံးမှ တရားသူကြီး ရှေ့မှောက်သို့ ဝင်ရန် တန်းစီ၍ စောင့်နေကြရခြင်းဖြစ်သည်။ ပေါ(လ်)၏ရှေ့တွင် အချုပ်ကျ တရားခံနှစ်ဦးရှိနေသည်ကိုလည်း တွေ့ရသည်။

သူ၏အလှည့်သို့ မရောက်မီ ပေါ(လ်)မှာ ရင်တဖိုဖိုဖြင့် စောင့်နေရသည်။ သူ၏ အာခေါင့်မှာ ခြောက်နေ၏။ ဒူးများကတော့ ခွေကျလုနီးနီးဖြစ်နေကာ အားမရှိတော့ပေ။

သူတို့အလှည့် ရောက်လာပါပြီ။

"ပရက်ဆက်နှင့် မိုင်ရာဘွန်း"

ခေါ်လိုက်သည့်အသံကတော့ အသံသြဇာဖြင့် ပြည့်စုံလှသည်။

ထိုအသံကို ကြားလိုက်ရသောအခါ သူ၏ ရင်တွင်းရှိ သူ့နှလုံးသည် သူ၏ ရင်ကိုဖောက်၍ ထွက်သွားတော့မည်လားဟု အောက်မေ့မိလောက်အောင် ခုန်လာသည်။

အချုပ်ကျ တရားခံများသာ ဟူ၍ ဆိုင်းဘုတ်ဆွဲထားသော အခန်းပေါက် တွင်းသို့ဝင်သာဝင်ခဲ့ရသည်။ သူ၏ မျက်လုံးများမှာ ပြာနေသည်။ ထို့ကြောင့် ဘာကိုမှ သဲကွဲစွာ မမြင်မိခဲ့ပေ။

အခန်းကြီးထဲသို့ ရောက်လာ၍ စိတ်ငြိမ်သက်စ ပြုလာတော့မှပင် ဘေးဘီကို သတိထားမိလေတော့သည်။

ခန်းမကြီးသည် လေးထောင့်စပ်စပ် ခန်းမကြီးဖြစ်၏။ နံရံများမှာ အဝါရောင် ဖျော့ဖျော့ ဆေးရောင် သုတ်ထားသည်။ ထိုခန်းမကြီး အတွင်းတွင် လူများသည် နံရံလေးဘက်လုံးအထိ ပြည့်နေသည်။

သူတို့ဝင်လာသည့်အခါတွင် အခန်းတွင်းမှလူများက သူတို့အား ဝိုင်း၍ ကြည့်နေကြသည်။ လူသတ်တရားခံများအဖြစ် ရုံးတော်သို့ ရောက်လာသော သူတို့နှစ်ဦးမှာ သူလိုငါလိုပုံပန်းသဏ္ဍာန်မျိုး ဖြစ်နေသဖြင့် ကြည့်နေသော ပရိသတ် က အလွန်တရာ အံ့သြသွားပုံ ရသည်။ 'ဟာ'. 'ဟင်'ဟူသော အာမေဋိတ် အသံများကိုပင်ကြားရ၏။

ပေါ(လ်)ဆိုသည့် ပေါ(လ်)ကလည်း အရေးထဲတွင် မဆီမဆိုင် တွေးလိုက်မိ သေးသည်။

"အင်း ... ငါ့ကိုတော့ လူဖလံကလေးလို့တော့ ထင်ကြမယ်မဟုတ်ဘူးနဲ့ တူပါရဲ့"

တရားခံများ ထွက်ဆိုချက်ပေးရမည့်ဝက်ခြံမှာ ခန်းမကြီး၏ အလယ် တည့်တည့်တွင်ရှိ၏။ သူတို့ကို ခေါ်လာသော အစောင့်ရဲသားက ထိုဝက်ခြံထဲသို့ ဦးဆောင်၍ ခေါ်သွားသည်။

ဝက်ခြံ၏ ရှေ့တည့်တည့်တွင်အမှုစစ်သည့် တရားသူကြီးထိုင်သော စင်မြင့် ကလေးရှိသည်။ တရားသူကြီး၏ ခေါင်းမှ ဆံပင်များမှာ ဆွတ်ဆွတ်ဖြူနေလေပြီ။ ပေါ(လ်)က တရားသူကြီးကို ဦးညွှတ်၍ အရိုအသေပေးလိုက်သည်။

ဤအချိန်သည်ကား ပေါ(လ်)အဖို့ အခံရအဆိုးဆုံးအချိန်ဖြစ်၏။ ပရိသတ် များက သူ့ကို မျောက်ပွဲတွင် ကပြသော မျောက်တစ်ကောင် အလား သဘောထား၍ ဝိုင်းကြည့်ခြင်းကို ခံနေရသောကြောင့်ဖြစ်၏။ မိန်းမပရိသတ်က အကဲဆုံးဖြစ်သည်။ ရိုးရိုးမျက်စိဖြင့် ကြည့်ရုံဖြင့် အားမရသေး။ အချို့က ပွဲကြည့်မှန်ပြောင်းကလေးများ ဖြင့်ပင် ကြည့်ကြသေးသည်။ ကြည့်ပြီးသောအခါတွင် ဘေးနားရှိလူများနှင့် တီးတိုးတီးတိုးဖြင့် ဝေဖန်နေကြသေးသည်။ ယောကျာ်းများကတော့ မျက်နှာချင်း ဆိုင်၍ ရဲရဲတင်းတင်း မကြည့်ကြပေ။ မျက်နှာချင်းမဆိုင် မိအောင် တိတ်တိတ်ခိုး၍ ကြည့်ကြသည်။

တရားသူကြီးနှင့် တရားရုံးစာရေးများကတော့ ပေါ(လ်)တို့ကို ဂရုစိုက်၍ ကြည့်မနေနိုင်၊ သူတို့၏ရှေ့၌ရှိသော စာရွက်များနှင့် အလုပ်ရှုပ်နေသည်။ ရဲသား များကလည်း သူတို့ဝတ္တရားအရ ဟိုမှသည်မှ သွားနေကြသည်။

သတင်းထောက်များအတွက် သီးသန့်ထားသည့် နေရာတွင်ကား သတင်းထောက်များဖြင့် ပြည့်နေ၏။ သူတို့ကတော့ ပေါ(လ်)နှင့် မိုင်ရာတို့၏ လှုပ်ရှားမှုကို ကြည့်လိုက်၊ မှတ်စုစာအုပ်တွင် ရေးလိုက်ဖြင့် မအားရအောင် ရှိနေ ကြသည်။

တရားခံ ဝက်ခြံ၏ အောက်ဘက်တွင် ပေါ(လ်)ဘက်မှ လိုက်ပါဆောင်ရွက်မည့် ရှေ့နေ မစ္စတာဖော်ရက်(စ်)က သူ၏စားပွဲတွင် ထိုင်နေသည်။ သူ၏ ပုံပန်းသဏ္ဌာန်မှာ မည်သူ့ကိုမျှ ဂရုထားသည့်ပုံ မရှိပေ။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြင့် စားပွဲပေါ်တွင် တတောင်ဆစ်နှစ်ဘက်ကိုထောက်ကာ လက်ဝါးနှစ်ဘက်ပေါ်တွင် မေးတင်လျက် ထိုင်နေသည်။

ထို့နောက် တရားသူကြီး၊ ရှေ့ဖတ်စာရေး၊ ရုံးလုလင်တို့ သုံးဦးသား စကား အနည်းငယ်ပြောပြီးနောက်၊ ရှေ့ဖတ်စာရေး၏ ခပ်ကျယ်ကျယ် ကြေညာလိုက်သည့် အသံ ထွက်လာသည်။

**စိတ်ကူးချိုချို**

"ပေါ(လ်)ပရက်ဆက်နှင့် မိုင်ရာဘွန်းတို့နှစ်ဦးသည် ၁၉ ခုနှစ်အောက်တိုဘာလ ည်ရက်နေ့၌ လန်ဒန်မြို့ အစ္စလင်တန်ဗေး(လ်)ရပ်ကွက် အမှတ် (၂၃) အင်(မ်)ထရီ ဿမ်းတွင် အယ်လီနာပရက်ဆက်အား ယုတ်မာဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အသေသတ်ခဲ့သော ပြစ်မှုကိုကျူးလွန်ကြောင်း ဤရုံးတော်၌ စွဲဆိုလိုက်သည်"

ရှေ့ဖတ်စာရေးထံမှ ကြေညာသံထပ်၍ ထွက်လာပြန်သည်။

"မိုင်ရာဘွန်းအား ထပ်မံစွဲဆိုလိုက်သည်မှာ၊ ၎င်းသည် တရားခံ ဖြစ်သော ပေါ(လ်)ပရက်က အဆိုပါပြစ်မှုကြီးကို ကျူးလွန်ခဲ့ကြောင်းသိလျက်နှင့် ယင်းအား လက်ခံခြင်း၊ အကူအညီပေးခြင်း၊ ထောက်ပံ့ခြင်းများပြုလုပ်ခဲ့သည့်အတွက်"

ရှေ့ဖတ် စာရေး၏ စကားမဆုံးသေးမီ မိုင်ရာသည် ရှုံ့မဲ့ရှုံ၍ ငိုလေတော့သည်။

ပေါ(လ်)ကိုယ်တိုင်ကလည်း ရှေ့ဖတ်စာရေး ကြေညာလိုက်သည့် စကားလုံးများကို ကြားလိုက်ရသဖြင့် မင်သက်မိသွားသည်။အမှန်မှာ ဤစွပ်စွဲချက်ပါ မိုင်ရာ၏ လုပ်ရပ်များသည် သူ့အပေါ်တွင် မိုင်ရာထားရှိသည့် မေတ္တာနှင့် စေတနာကို လက်တွေ့ပြသခြင်းသာဖြစ်သည်။ ဤသို့ သူ့အပေါ်တွင် မေတ္တာ စေတနာထားမိရှာသည့်အတွက် မိုင်ရာအား ရာဇဝတ်မှု သင့်ပါပကောဟု ယူကျုံးမရ ဖြစ်မိရှာသည်။

ရှေ့နေများဝတ်သည့် ကြက်လျှာစွန်းကော်လံကိုဝတ်ထားသည့် ပုဂ္ဂိုလ် တစ်ဦးက သူတို့အောက်ဘက်ရှိ စားပွဲတစ်ခုမှထ၍ တရားသူကြီးကို မျက်နှာမူကာ ၍ ပြောသည်။ ထိုသူသည် အဝတ်အစားကို စမတ်ကျကျဝတ်ထားသည်။

"တရားသူကြီးမင်းခင်ဗျား ...တရားခံနှစ်ဦးအားလူသတ်မှုဖြင့် တပေါင်းတည်း စွဲဆိုခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသမီးတရားခံကိုတော့ ပြစ်မှုကျူးလွန်ပြီးမှ အားပေး ကူညီမှုနဲ့ပါထပ်ပြီး တရားစွဲဆိုတင်လိုကြောင်း ရုံးတော်သို့ တင်ပြလိုပါတယ်"

ထိုပုဂ္ဂိုလ်က သူ၏ လည်စည်းကို လက်ဖြင့်နေရာပြင်လိုက်သေးသည်။ ာန်တော့ အတော်ကောင်းသူဖြစ်၏။

ထိုသူထံမှ စကားပြောသံ ဆက်၍ထွက်လာပြန်၏။

"အစုထပ်မံပြီး အမျိုးသမီးတရားခံနဲ့ပတ်သက်ပြီး တင်ပြလိုတာကတော့ အဲ့ရရှေ့နေချုပ်ရုံးက ရရှိတဲ့အချက်အလက် အထောက်အထားများကို အခြေခံပြီး ဤအမျိုးသမီးကို လူသတ်မှုနဲ့ စွဲဆိုချက်ကို ပယ်ဖျက်လိုက်ပါတယ်၊ ဒါပေမဲ့ လူသတ်မှု ကျူးလွန်ပြီးတဲ့တရားခံကို အားပေးကူညီမှုနဲ့ စွဲဆိုထားတာကိုတော့ ဆက်လက်တင်မြဲတင်ပါတယ်ဆိုတဲ့ အကြောင်းပါပဲခင်ဗျာ"

ပရိသတ်မှာ လှုပ်ရှားမှုဖြစ်သွားကာ ဟင်းခနဲ သက်ပြင်း ချသံကိုလည်း ကြားရသည်။

စိတ်ကူးချိုချို

ပေါ(လ်)က ဝက်ခြံလက်ရန်းပေါ်မှ သူ၏လက်ကို လျှော့ချ၍ မိုင်ရာ၏လက်ကို ဖျစ်ကာ ဝမ်းသာကြောင်းတိုးတိုးပြော၏။

"တော်သေးတာပေါ့ကွယ်"

အစိုးရရှေ့နေက ခေါ်ယူလိုက်သဖြင့် အင်စပက်တော်ချုပ် ဘို(လ်)ထရိုသည် သက်သေ ဝက်ခြံတွင်းသို့ ရောက်နေလေပြီ။

အဝတ်အစား စမတ်ကျကျ ဝတ်ထားသည့် ရှေ့နေက အင်စပက်တော်ချုပ် ဘို(လ်)ထရိုအား အချိုသာသမျှ အချိုသာဆုံးသော လေသံဖြင့် တရားခံအား ဖမ်းမိပုံကို မေးသည်။

ဘို(လ်)ထရိုက တိတ်ဆိတ်ကော်ဒါကို ပြန်ဖွင့်သည့်အလား၊ သူနှင့် ပေါ(လ်)တို့ "ဘတ်တာမီယာ"တောင်စောင်းတွင် အပြန်အလှန်ပြောကြစဉ် စကားများကို ရုံးတော်သို့ ပြောပြ၏။

ဘို(လ်)ထရို၏ စကားထဲတွင် သူက မိုင်ရာအွန်းကိုလည်း ဖမ်းရမည့်အကြောင်း ပြောသောအခါ အမျိုးသားတရားခံက 'မဟုတ်တာဗျာ'ဟု ငြင်းကြောင်း၊ ဤတွင် အမျိုးသမီးတရားခံက 'ကိစ္စမရှိပါဘူး'ပေါ(လ်)၊ ကျွန်မသဘောပေါက်ပါတယ်'ဟု ဝင်ပြောကြောင်း ဟူ၍ ပါရှိ၏။

အင်စပက်တော် ဘို(လ်)ထရို၏ ထွက်ဆိုချက်ပေးပြီးသွားသော အခါတွင် ပေါ(လ်)၏ဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေမစ္စတာ ဖော်ရက်(စ်)က ပျင်းတိပျင်းတွဲအမူအရာကို တမင်တကာလုပ်လျက် မတ်တတ်ရပ်လိုက်သည်။ ထို့နောက် သူက ဘို(လ်)ထရိုအား စတင်၍ ပြန်လှန်မေးခွန်း ထုတ်တော့၏။

"အင်စပက်တော်ကြီးခင်ဗျား၊ သူ့ကိုစပြီး ဖမ်းတုန်းက မစ္စတာပေါ(လ်) ပရက်ဆက်က ငြင်းဆန်တာကတော့ သဘာဝပဲပေါ့ ခင်ဗျာ၊ အခု ကျွန်တော် မေးလိုတာကတော့၊ ဖမ်းပြီးတဲ့ နောက်ပိုင်းမှာ အင်စပက်တော်ကြီးတို့ကို အနှောင့်အယှက်တစ်စုံတစ်ရာများ ပေးပါသေးသလား"

"မပေးပါဘူး"

"အချုပ်သား တစ်ယောက်အနေနဲ့ကော၊ ပြောရဆိုရတာ လွယ်ရဲ့လား"

"လွယ်ပါတယ်ခင်ဗျ"

"သူတတ်နိုင်သမျှ ခင်ဗျားကို ကူညီတယ်ပေါ့"

"ဟုတ်ကဲ့၊ဒီလိုပဲ ကျွန်တော်ယူဆပါတယ်"

"ဒါလောက်သိရရင် တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ အင်စပက်တော်ကြီး ခင်ဗျာ"

## စိတ်ကူးချိုချို

မစ္စတာ ဖော်ရက်(စ်)က ဘို(လ်)ထရိုအား ဤမျှလောက်သာ မေးပြီးနောက် တရားသူကြီးဘက်သို့ လှည့်၍ပြော၏။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ရဲ့ မေးခွန်းကို အခုလောလောဆယ်မှာတော့ ဒီလောက်နဲ့ပဲတော်ပါပြီ၊ ဒါပေမဲ့ နောက်ကျရင် ကျွန်တော့်အတွက် မေးစရာပေါ်လာတဲ့အခါ ပြန်ခေါ်မေးခွင့်ပြုဖို့ လျှောက်ထားလိုပါတယ်"

တရားသူကြီးက ရှေ့နေမစ္စတာ ဖော်ရက်(စ်)၏လျှောက်ထားချက်ကို ခွင့်ပြုကြောင်း ခေါင်းညိတ်ပြလိုက်သည်။

တရားခံ ရှေ့နေမစ္စတာဖော်ရက်(စ်) ထိုင်ချလိုက်ပြီးသည့်အခါတွင် အစိုးရရှေ့နေ၏ အလှည့်သို့ ရောက်လာပြန်သည်။

"ရရှိထားတဲ့သက်သေအထောက်အထားများကိုအခြေခံပြီးကျွန်တော် ..."

ဤနေရာတွင် ပေါ(လ်)က ချောင်းတစ်ချက်ဟန့်လိုက်ကာ သူ၏လည်ချောင်းကို ချဲ့ရှင်းလိုက်သည်။ သူ၏အတွေးထဲတွင် ဤအချိန်သည် သူထ၍ပြောရန် နောက်ဆုံး အခွင့်အရေးပဲဟု ထင်ထားသည်။ မစ္စတာဖော်ရက်(စ်) ပြောနေစဉ်က သူဝင်၍ ပြောရန် စဉ်းစားနေသေးသည်။သူသည် လူအများရှေ့တွင် ပြောရမည်ဖြစ်၍ ရွံ့နေသောကြောင့် ထိုအချိန်က မပြောဖြစ်ခဲ့။

ယခုမူကား အကြိမ်ပေါင်း မြောက်မြားစွာ သူ၏ခေါင်းထဲတွင် စာစီထားသော စကားလုံးများကို အရဲစွန့်၍ ပြောချလိုက်သည်။

"ကျွန် ... ကျွန်တော် တင်ပြပါရစေခင်ဗျာ ..."

တစ်ရုံးလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ အချင်းချင်း စကားတင်းဆိုနေကြသော သတင်းထောက်များသည်လည်း သူတို့ပြောလက်စ စကားကိုဖြတ်ကာ ပေါ(လ်)ဘက်သို့ ပါးစပ်အဟောင်းသားဖြင့် လှည့်၍ ကြည့်နေကြသည်။ ပြီးမှ သူတို့၏ ခဲတံများကို ကောက်ကိုင်ကာ မှတ်စုစာအုပ်တွင် တဂျစ်ဂျစ်ရေးကြသည်။

ပေါ(လ်)ဘက်မှ ရှေ့နေကလေး မစ္စတာဖော်ရက်(စ်)က နေရာမှခုန်၍ထကာ ပေါ(လ်)ဘက်သို့ လှည့်၍စကားဆက်မပြောရန် မျက်နှာအမူအရာဖြင့် ဟန့်ရှာပါ၏။ အမျိုးသမီးထုကမူကား ချွတ်ထားသော မျက်မှန်များကိုတပ်၍ ကြည့်သူကကြည့်၊ ပွဲကြည့်မှန်ပြောင်းဖြင့် ကြည့်သူကကြည့် လုပ်နေကြသည်။

သူတို့အဖို့ရာတွင်မူ ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်နေသည် တကား။

ပေါ(လ်)၏ ပါးပြင်များမှာ စိတ်လှုပ်ရှားမှုအဟုန်ဖြင့် နီမြန်းကာ ချွေးသီးများ ထွက်နေသည်။

**စိတ်ကူးချိုချို**

တရားခွင်ရပ်မှ တရားသူကြီးမင်းက မူကား ပေါ(လ်)ကို သတိပေးစကား ပြောရှာသည်။

"မောင်မင်းအနေနဲ့ ရုံးတော်ကို တိုက်ရိုက်တင်ပြဖို့ အကြောင်း မရှိဘူးလို့ ကျွန်ုပ်ယူဆတယ်၊ မောင်မင်းအတွက် ပြောစရာ ဆိုစရာ ရှိတာကိုမောင်မင်းရဲ့ ရှေ့နေက ပြောဆိုတင်ပြပေးပါလိမ့်မယ်"

ဤသို့ပြောပြီးနောက် အစိုးရရှေ့နေဘက်သို့လှည့်ကာ အစိုးရရှေ့နေတင်ပြ မည်ကို နားထောင်နေသည့်ဟန်ဖြင့် နေလိုက်သည်။

မည်မျှပင် တရားသူကြီးက ဟန့်ကြိုးတစ်ခွဲသားဖြင့် သူ့ကို ဟန့်လိုက်စေကာမူ ပြောတော့မည်ဟု သန္နိဋ္ဌာန်ချထားသည့် ပေါ(လ်)က နောက်မဆုတ်တော့ပေ။

သူပြောလိုက်သည့် အသံတွင် စိတ်အားထက်သန်မှုအပြည့် မာန်အပြည့် ပါနေသဖြင့် ဤတစ်ကြိမ်တွင်မူ သူ၏ စကားကို ဖြတ်၍ပြောမည်သူ မရှိတော့ပေ။ ထို့ကြောင့် သူ၏ စကားသံမှာ ရုံးခန်းထဲတွင် အောင်မြင်ခန့်ညားစွာ ထွက်လာသည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော် အလေးအနက်ထားပြီး တင်ပြလိုတဲ့ အချက်ကို သည်းခံနားထောင်စေလိုပါတယ်။ တိုတိုကလေးပါခင်ဗျာ။ တင်ပြချင်တဲ့အချက်ကတော့ မစ္စမိုင်ရာဘွန်းအပေါ်မှာ စွဲချက်တင်ထားတဲ့ အချက် အားလုံးနဲ့ ပတ်သက်ပြီး သူဟာလုံးဝ အပြစ်ကင်းပါတယ်၊ ဒီစွဲချက်တွေနဲ့ပတ်သက်ပြီး သူဟာ ဘာတစ်ခုမှ မသိခဲ့ပါဘူးဆိုတာကို ကျွန်တော် အလေးအနက်ထားပြီး ရုံးတော်ကို တင်ပြလိုပါတယ်၊ ဒါပါပဲခင်ဗျာ"

ပေါ(လ်)အဖို့ သူပြောလိုသည်ကို ပြော၍တော့ ပြီးသွားလေပြီ။

တရားသူကြီးက မျက်ခုံးတစ်ချက် တွန့်လိုက်သည်။

တရားခံဘက်မှ ရှေ့နေ မစ္စတာဖောရက်(စ်)က ဒေါသဖြစ်စွာဖြင့် သူ့ရှေ့ စားပွဲကို လက်သီးဖြင့် ဝုန်းခနဲထုလိုက်၏။

သတင်းထောက်များက ပေါ(လ်)ပြောသည်ကို လိုက်၍မှတ်ကြသည်။

ဝက်ခြံထဲမှ အစောင့်ရဲသားကလည်း သတိပေးသည့် အနေဖြင့် ပေါ(လ်)၏ ပခုံးကို လာ၍တို့ရှာပါသည်။

ပေါ(လ်)က မည်သူ့ကိုမျှ ဂရုမစိုက်မိ၊ မိုင်ရာက သူ၏စကားကြောင့် ဝမ်းသာဂုဏ်ယူစွာဖြင့် သူ၏လက်ကိုလာ၍ တို့ထိသည်ကိုသာ ကျေနပ်အားရစွာ ခံစားမိသည်။

အစိုးရရှေ့နေထံမှ ဆက်၍ ပြောသည့်အသံကို ကြားရသည်။

"ရရှိထားတဲ့ သက်သေအထောက်အထားများကို အခြေခံပြီး တရားခံများကို ဆက်လက်ချုပ်နှောင်ထားဖို့ 'ရမန်' ရှစ်ရက်ပေးရန်၊ ရုံးတော်သို့ လျှောက်ထားပါတယ် င်ဗျာ"

{၃}

အစိုးရဘက်မှ လျှောက်ထားသော 'ရမန်'ကို ရုံးတော်ကခွင့်ပြုပြီး သွားသော အခါ ပေါ(လ်)နှင့် မိုင်ရာတို့အတွက် ယနေ့အဖို့ ကိစ္စ ပြီးသွားပြီဖြစ်၏။ ထို့ကြောင့် အချုပ်သို့ပြန်ရန် ပေါ(လ်)အား ရဲသားတစ်ဦးက လက်မောင်းမှကိုင်ကာ ထွက်လာသည်။ မိုင်ရာကိုလည်း ပေါ(လ်)၏ ရှေ့မှ ခေါ်သွားသည်ကို တွေ့ရသည်။ မိုင်ရာကို နှုတ်ဆက်ရန် ရည်ရွယ်ချက်ဖြင့် ပေါ(လ်)က ရှေ့သို့ ကပျာကယာတိုးလာ သည်။ သို့သော် အချုပ်သားဘဝသို့ ရောက်နေသည့် ပေါ(လ်)မှာမှာ ဆန္ဒ ပြည့်ဝရှာပေ။ သူ၏ဘေးမှ ရဲသားက ဖမ်းဆွဲထားလိုက်သဖြင့် တန့်သွားရသည်။ မိုင်ရာကား ရှေ့သို့ရောက်သွားကာ ထောင့်တစ်ခုသို့ ချိုးသွားသည့်အတွက်၊ ပေါ(လ်)၏ မျက်စိအောက်မှ ပျောက်သွားလေတော့သည်။

ပေါ(လ်)သည် စာပေရေးရာဘက်တွင်သာ နှံ့စပ်သူဖြစ်၏။ တရားရုံး၏ လုပ်ထုံးလုပ်နည်းကို နားလည်ကျွမ်းကျင်သူ မဟုတ်ပေ။ သူ့စိတ်ထဲတွင် ထင်နေမိ သည်မှာ၊ သူနှင့်မိုင်ရာတို့ကို တစ်ရုံးစီခွဲ၍ စစ်မည်ဖြစ်၍သီးခြားခေါ်သွားသည်ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် မိုင်ရာအား 'ဟောလိုးဝေး'အကျဉ်းထောင်တွင် ထားမည်ဖြစ်ပြီး သူ့အား လန်ဒန်တောင်ပိုင်းအကျဉ်းထောင်တွင်ထားမည်ဖြစ်၍ သီးခြား ခေါ်သွား ခြင်းဖြစ်သည်။ ဤသဘောကို မသိသည့် ပေါ(လ်)ကမူကား၊ မိုင်ရာကို နောက်ထပ် တွေ့ရတော့မည် မဟုတ်ဟူသော စိုးရိမ်စိတ်ကြောင့်၊ အကြီးအကျယ် စိတ်ပျက်သွား ရှာသည်။

လန်ဒန်တောင်ပိုင်းအကျဉ်းထောင်သို့ မပို့သေးမီ သူ့အား မှုလချုပ်ထားရာ ခန်း၌ နာရီအနည်းငယ်မျှ ကြာအောင် နေရသေးသည်။ ပေါ(လ်)ကတော့ အကျဉ်းထောင်သို့ မြန်မြန်ရောက်ချင်လှပေပြီ။ သွားရမည့်အတူတူ စောစောစီးစီးပဲ ရောက်ချင်သည့်စိတ် ဖြစ်ပေါ်နေသည်။

ညနေလေးနာရီတွင် အကျဉ်းထောင်သို့ပို့ရန် သူ့ကိုလာ၍ ခေါ်သွားသည်။ ခန်းမှအထွက်တွင် စောင့်ဆိုင်းနေသော လူအုပ်ကြီးကိုမတွေ့ရတော့ပေ။ ကားပေါ် တွင် အရပ်ဝတ်ရဲအရာရှိနှစ်ဦး၏ အကြားမှထိုင်၍ လိုက်လာခဲ့ရ၏။ ထိုရဲအရာရှိ များမှာ သူ့အပေါ်၌လည်း ကောင်းရှာကြပါသည်။ လက်ထိတ်လည်း မခတ်ပါ။

ခပ်ဝဝရဲအရာရှိက၊ သူ ယခုနေရမည့် အကျဉ်းထောင်ကောင်းကြောင်းကိုပင် ပြော နေသေးသည်။

"အခု ခင်ဗျားသွားနေရမယ့်ထောင်က မဆိုးလှဘူးဗျ၊ အမှန်ကတော့ အပြစ်ကျခံရတဲ့သူတွေကို ထားတဲ့ထောင် မဟုတ်ပါဘူး၊ အမှုစီရင်ချက် မကျသေးခင် တရားခံတွေကို ချုပ်ထားတဲ့ထောင်ပါ၊ အဲဒီမှာ ပိုက်ဆံပေးနိုင်ရင် ကိုယ်ကြိုက်တဲ့ အစားအစာလဲ မှာစားလို့ရပါတယ်၊ သတင်းစာဖတ်ချင်လဲ ဝယ်ဖတ်လို့ရပါတယ် ကိုယ့်အချုပ်ခန်းကို သန့်ရှင်းဖို့ပိုက်ဆံပေးပြီး အကျဉ်းသားတွေကိုခေါ်ခိုင်းရင်တောင် ရသေးတယ်"

အခြားရဲအရာရှိက ပေါ(လ်)ဘက်သို့ မျက်စပစ်ကာ ဝင်၍မင် နောက်လိုက် သေးသည်။

"ဒီလူ ဒီလောက်သိနေပုံထောက်တော့ သူ ဒီထောင်ထဲမှာ နေခဲ့ဘူးတယ် တူတယ်ဗျို့"

ခပ်ဝဝအရာရှိက အားကျမခံပြန်ပြော၏။

"အောင်မယ်၊အဲဒီထဲမှာ တစ်ပတ် နှစ်ပတ်လောက် နေရလို့တော့ နေပါ့ဗျာ အနားတောင်ရသေး၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ငွေကလေး ကြေးကလေးတော့ ဖောဖောသီသီရှိဖို့လိုတယ်ခင်ဗျ"

ထိုရဲအရာရှိနှစ်ဦးက မည်မျှပင် သူနေရမည့်ထောင်အကြောင်း ချီးမွမ်းခန်း ဖွင့်ခဲ့သော်လည်း ထိုထောင်ကြီးကို လှမ်း၍မြင်လိုက်ရလျှင်ပင် သူ၏ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။

သူတို့၏ကားသည် ထောင်းဘူးဝရှေ့တွင် ရပ်မိသည့်အခါ ကားမောင်း ရဲသားက ဟွန်းကိုတတီတီဖြင့် တီးလိုက်သည်။

တံခါးမကြီးရှိ ထောင့်စပ်စပ်ချောင်းကြည့်ပေါက်မှ မျက်နှာ တစ်ခုပေါ်လာ ပြီးနောက် တံခါးမကြီးသည် အသံမြည်၍ ပွင့်လာသည်ကို တွေ့ရ၏။

သူတို့၏ကားက တံခါးမကြီးကိုဖြတ်ကာ ဝင်လာခဲ့သည်။ သူတို့ကား ဝင်ပြီးသောအခါ၌ တံခါးမကြီးက ပိတ်သွားသည်။ ရှေ့တွင်နောက်ထပ် တံခါးမကြီး တစ်ခုရှိသေးသည်။ ထိုတံခါးမကြီးကို ဖွင့်မပေးမီ တာဝန်ကျထောင်မှူးကလေး သူတို့၏ကားအတွင်းသို့ စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုသေး၏။ သူတို့၏ကား ဒုတိယတံခါးမကြီးကို ဖြတ်ကျော်လာပြီးသည့်အခါ၌ ပထမတံခါးကြီးကဲ့သို့ ဒုတိယ တံခါးမကြီးမှာ ပိတ်သွားပြန်သည်။

ယခုဆိုလျှင် ပေါ(လ်)အဖို့ အပြင်လောကနှင့် တံခါးနှစ်ထပ်ခြား နေရပြီ

ထို့နောက်တွင်မှ ပေါ(လ်)ကို ခေါ်ဆောင်လာသော ရဲအရာရှိများက တာဝန်ကျထောင်မှူးထံတွင် လက်မှတ်ထိုး၍ ပေါ(လ်)ကို အပ်နှံသွားကြ၏။ အိတ်တစ်အိတ်ဖြင့် ထည့်၍ယူလာခဲ့သော ပေါ(လ်)၏ ကိုယ်ပိုင်ပစ္စည်းများကိုလည်း အပ်သွားသည်။

ရဲအရာရှိများသည်လည်း သူတို့၏တာဝန် ကုန်ဆုံးပြီဖြစ်၍ ထွက်ခွာသွားကြလေပြီ။

ပေါ(လ်)၏ ထောင်သားဘဝသည်လည်း အစပြုလေပြီ။

သူ၏အဝတ်အစားများကို တစ်ခုမကျန် ချွတ်ပြရသည်။ ထောင်မှူးကလည်း ပေါ(လ်)၏ခန္ဓာကိုယ်ပေါ်ရှိ ကြိုကြိုကြားကြား နေရာများသို့ လက်နှိုက်ရှာဖွေသည်။ ဆံပင်များထဲတွင်လည်း ဖြီး၍ရှာသည်။ပါးစပ်ကိုလည်း အစွမ်းကုန်ဖြဲ၍ပြရသည်။

ရှာဖွေသည်ကိစ္စပြီးသွားသောအခါ ကပ်လျက်သားရှိသည့် အခန်းသို့ သွားရသည်။ အဝတ်အစားများကိုတော့ ပြန်ဝတ်ခွင့်မရသေး။ လက်ဖြင့်ကိုင်၍ ယူသွားသည်။ ထိုအခန်းထဲတွင် အကျဉ်းသားများ ဝတ်သည့် အပြာရောင်အဝတ်အစားဝတ်ထားသည့် အကျဉ်းသား တစ်ဦးက ပေါ(လ်)ကို ရေနွေးဖြင့် ရေချိုးပေးသည်။

ပြောင်စင်အောင် ရေချိုးပြီးသွားသည့်အခါတွင် သူ၏ အဝတ်အစားများကို ဝတ်ခွင့်ရသည်။ ထို့နောက် အခြားအခန်းတစ်ခုသို့ သွားရပြန်သည်။ ထိုအခန်းတွင် သူ့အတွက် ညဝတ်အင်္ကျီတစ်ထည်၊ သွားပွတ်တံတစ်ချောင်း၊ ကြေးခွက်တစ်ခု၊ ခန်းကန်တစ်ချပ် ထုတ်ပေးသည်။

ထိုပစ္စည်းများကို လက်ခံရရှိပြီးသော် ထောင်ဝါဒါခေါ်ရာသို့ လိုက်သွားရ၏။ အခန်းပေါင်းမြောက်မြားစွာ ဖြတ်လာခဲ့ပြီးနောက် အခန်းကြီးတစ်ခုအတွင်းသို့ ရောက်လာခဲ့သည်။ ထိုအခန်းကြီးမှာ ဆေးရုံခန်းနှင့်ပုံပန်းသဏ္ဍာန်ချင်းတူသည်။ အမှန်အားဖြင့်လည်း အကျဉ်းထောင်ဆေးရုံမှ အခန်းတစ်ခန်းပင် ဖြစ်ချေသည်။

ပေါ(လ်)၏စိတ်ထဲတွင် ဘယ်လိုအကြောင်းကြောင့် သူ့အား ဆေးရုံခန်းသို့ ခေါ်လာခဲ့သည်ကို စဉ်းစား၍မရပေ။ လူသတ်မှုတရားခံ ဖြစ်နေ၍ သူ့ကို အထူးစောင့်ကြည့်လိုသောကြောင့် ဤနေရာသို့ ပို့ထားခြင်းဖြစ်မည်ဟုပင် သူ့ဘာသာ အဖြေထုတ်ယူလိုက်သည်။

အခန်းထဲတွင် ခုတင်နှစ်ဆယ်ခန့်ရှိသည်။ ကြမ်းပြင်သည်လည်း ပြောင်လက်သန့်ရှင်းနေ၏။ ပြတင်းပေါက်မြင့်မြင့်ကြီးများတွင် သံတိုင်များစိုက်ထားသည်။ အခြား အကျဉ်းသားများလည်း ထိုအခန်းထဲတွင်ရှိကြသည်။ တချို့က စာဖတ်စာရေးနေကြသည်။ အချို့က ခုတင်ပေါ်တွင် လှဲလျောင်းနေကြသည်။ သူတို့အားလုံးသည် အချုပ်အချယ်မရှိဘဲ လွတ်လွတ်လပ်လပ်စကားပြောနေကြပုံရသည်။

ပေါ(လ်)ဝင်သွားသည့်အခါတွင်ကား ပထမတွင် စကားပြောသံများ တိတ်သွားသည်။ နောက်မှ သူတို့အားလုံးသည် ပေါ(လ်)ဘက်သို့လှည့်၍ကြည့်ကာ အချင်းချင်းတီးတိုးပြောကြသည့် အသံထွက်လာသည်။

သူ ဘယ်သူဖြစ်သည်ဆိုသည်ကို သူတို့အားလုံး သိပုံရကြ၏။

ပေါ(လ်)ကို ခေါ်လာသော ထောင်ဝါဒါက အခန်းပေါက်နားရှိ စားပွဲတွင်ထိုင်နေသော ထောင်အရာရှိထံသို့ သွားကာ ပေါ(လ်)ကို အပ်သည်။ ထိုအရာရှိကပေါ(လ်)ကိုခေါ်ယူကာ ဝဲဘက်နံရံနှင့် ကပ်လျက် ခုတင်တွင် နေရာချထားလိုက်၏။ ထိုခုတင်မှာ သပ်သပ်ရပ်ရပ် ခင်းပြီးသားဖြစ်သည်။

ထိုအရာရှိ ပြောလိုက်သည့် စကားနှင့် စပ်လျဉ်း၍မူ ပေါ(လ်)က ကျေးဇူးပဲတင်ရမည်လား၊ စိတ်ပဲဆိုးရမည်လား ဝေခွဲမရ ဖြစ်သွားရ၏။

"လာ. ...လာ ...အဲဒါခင်ဗျားအတွက် ပြင်ဆင်ထားတဲ့ ခုတင်ပဲ၊ သဘောကျရဲ့လား၊ ဒီခုတင်ဟာ နယ်နယ်ရရမဟုတ်ဘူးဗျ၊မစ္စတာ (...)အိပ်သွားတဲ့ခုတင်ပဲ"

ထိုအရာရှိ ပြောလိုက်သည့်အမည်မှာ ဆိုးသွမ်းသည့် နေရာတွင် နာမည်အလွန်ကြီးသော လူသတ်သမားတစ်ဦး၏ အမည်ဖြစ်၏။ ထိုလူသတ်သမားကြိုးပေးခံသွားရသည်။ ထို့ကြောင့် ပေါ(လ်)၏စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်သွားခြင်းဖြစ်၏။

◇ ◇ ◇

အကယ်၍ ပေါ(လ်)အနေဖြင့် သူ၏ အပြစ်အတွက် ရက်စိတ်မွန်မနေဘူးဆိုလျှင် သို့မဟုတ် စိတ်ညစ်ညူးမနေဘူးဆိုလျှင် ဤအခန်းထဲတွင် နေရသည်မှာသိပ်ဆိုးလှသည်ဟု မဆိုနိုင်ပေ။ သတင်းစာများ၊စာအုပ်များကိုလည်း ဖတ်ခွင့်ရ၏။စာရေးလိုက ရေးနိုင်သည်။

သူ့အတွက် တစ်နေ့တာကို ဤသို့ ပိုင်းခြားထားသဖြင့် နေရထိုင်ရသည်မှာသက်သောင့်သက်သာ ရှိပါသည်။

နံနက်ခြောက်နာရီခွဲတွင် တာဝန်မှူးကလာ၍ သူတို့အားလုံးကို ရေချိုးရန်ခေါ်၏။ ရေချိုးပြီးလျှင် ကိုယ့်အိပ်ရာကိုယ်သိမ်းဆည်းကြရသည်။ ခုနစ်နာရီခွဲတွင်နံနက်စာကျွေးသည်။ မွန်းတည့်ချိန်တွင် နေ့လယ်စာကျွေးသည်။ အစားအသောက်များမှာ မဆိုးလှပေ။ နှစ်နာရီခွဲတွင်လေ့ကျင့်ခန်းလုပ်ရသည်။ ဧည့်သည်လာတွေ့သူရှိလျှင် တွေ့ခွင့်ရ၏။

**စိတ်ကူးချိုချို**

ပေါ(လ်)ထံသို့ သူလုပ်ခဲ့သည့်ကျောင်းမှ ဆရာအင်ဂယ်(လ်)ဝု(ဒ်)က တစ်ခေါက်လာ၍တွေ့၏။ သူ့ကို အားပေးစကား ပြောသွားရှာပါသည်။ အယ်လီနာကို ပေါ(လ်)က သတ်သည်ဟု သူတို့အားလုံးက မယုံကြည်ကြကြောင်း၊ အမှုစစ်ပြီး သွားလျှင် ပေါ(လ်)လွတ်မည်မှာ သေချာကြောင်း အင်ဂယ်(လ်)ဝု(ဒ်)က ပြောသွား၏။

ပေါ(လ်)ကလည်း အင်ဂယ်(လ်)ဝု(ဒ်)နှင့် မျက်နှာချင်းဆိုင်ရသည်ကို ရှက်နေသဖြင့် စကားများများမပြောလိုက်မိ။ ကျေးဇူးတင်ကြောင်း၊ ထိုကဲ့သို့ လာရောက်အားပေးသည့်အတွက် ဝမ်းသာကြောင်းလောက်သာ ပြောလိုက်နိုင်သည်။

တချို့နေ့များတွင် တရားရုံးသို့ သူ့ကိုထုတ်ယူသွားသည့်အခါ လည်းရှိ၏။ ရုံးထုတ်သည့်နေ့တွင် ထုံးစံနှင့်အညီ၊ အထွက်တွင် တာဝန်ကျ ထောင်အရာရှိက သူ့ကို လာရောက်ခေါ်ယူသော ရဲအရာရှိများထံ လက်မှတ်ထိုး၍ အပ်ရ၏။ ပြန်အဝင်တွင် ရဲအရာရှိများက အပ်သည်ကို တာဝန်ကျထောင်အရာရှိက လက်ခံရ၏။

ညနေလေးနာရီတွင် ညစာစားရ၏။ ညရှစ်နာရီတွင် နွားနို့ တစ်ခွက်စီ သောက်ရ၏။ ကိုးနာရီတွင် မီးငြိမ်း၍ အိပ်ရာဝင်ရသည်။ အိပ်ရာမဝင်မီ အချိန်အထိ တစ်ချိန်လုံး စာရေးစာဖတ် လုပ်နိုင်သည်။ တစ်ဦးနှင့်တစ်ဦး လွတ်လွတ်လပ်လပ် စကားပြောနိုင်သည်။ အိပ်ရာဝင်ပြီးသည့်နောက်တွင်မူ စကားမပြောရဟု ည်းကမ်းလုပ်ထားသော်လည်း တစ်ခုတင်နှင့် တစ်ခုတင်လှမ်း၍ တိုးတိုး ပြောကြသည်။ညတာဝန်ကျအရာရှိကလည်း မသိချင်ယောင်ဆောင်နေလေ့ရှိ၏။

ပေါ(လ်)ကမူ စကားပြောချင်စိတ်လည်း မရှိလှ၊ အိပ်၍ ပျော်လှသည်လည်း မဟုတ်ပေ။ သူ၏ အဖြစ်ကိုသာ စဉ်းစားနေမိသည်။ တစ်ခါတစ်ရံတွင် နာရီသံ တစ်ချက်ချက်ကို နားထောင်ရင်း သူသေရမည့်ရက်မှာ တစ်မိနစ်ပြီး တစ်မိနစ် နီးလာပါပေါ့လားဟူ၍ တွေးမိသည်။ သူ့အတွက် တစ်ခုတည်းသော စိတ်ဖြေရာ အတွေးမှာ မိုင်ရာအား ဂုဏ်တင်ရန်၊ သူတတ်နိုင်သမျှ အစွမ်းကုန် လုပ်ဆောင်ရေး အတွက် အစီအစဉ်များကို စဉ်းစားကြည့်ခြင်းဖြစ်၏။ ဤသို့ စဉ်းစားသည့်အခါ များတွင် သူ့စိတ်သည် ပျော်လာတတ်သည်။

ဤသို့စဉ်းစားရင်းဖြင့် မှေးခနဲ ပျော်သွားလိုက်၊ ဖျတ်ခနဲနိုးလာလိုက်၊ ပြန်၍ မှေးခနဲ ပျော်သွားလိုက်ဖြင့်သာ ညဥ့်ပေါင်းများစွာကို ကုန်လွန်ရပေသည်။

{ ၄ }

ညနေခြောက်နာရီထိုးပြီဖြစ်သည်။ ဝတ်လုံတော်ရကြီး ဆာဟေးမင်းဒရူးဝါးသည် လန်ဒန်မြို့တော်ရှိ 'တင်ပယ်(လ်)' ခေါ် ရပ်ကွက်ရှိ 'ခရီ'အဆောက်အအုံ

ကြီးအတွင်းမှ ထွက်လာသည်။ ထို 'ခရီ' အဆောက်အအုံအတွင်း၌ သူ၏ ရုံးခ
တည်ရှိသည်။ ဤ 'တင်ပယ်(လ်)' ရပ်ကွက်တွင် လန်ဒန်မြို့ရှိ ထိပ်ထိပ်ကြဲတတ်
တော်ရကြီးများက လာရောက်ရုံးခန်းဖွင့်ထားကြ၏။ ဆာဟေးမင်းက 'တင်ပယ်(လ်)'
ရပ်ကွက်မှ ကမ်းနားဘက်သို့ လျှောက်လာသည်။ ဝတ်လုံပေါက်စ ကလေးများ
ရှေ့နေရုံးစာရေးများက ဆာဟေးမင်း လျှောက်လာသည်ကို ကြည့်ကာ အချင်းချင်း
လက်တို့ကြ၏။

ဆာဟေးမင်း၏ ရုပ်ရည်သွင်ပြင်မှာ တစ်ခါမြင်လျှင် မှတ်မိနိုင်လောက်သည်
ခန့်ညားသော ရုပ်မျိုးဖြစ်သည်။ အရပ်မြင့်သော်လည်း ပိန်ပိန်ပါးပါးမဟုတ်
ကိုယ်လုံးကိုယ်ထည် ပြည့်ဖြိုးသည်။ မျက်လုံးများမှာ စူးရှပြီး အရှိန်အဝါရှိသည်
နှုတ်ခမ်းပါးပါးလျားလျားရှိပြီး ပါးစပ်ကို တင်းတင်းစေ့ ထားလေ့ရှိသည်
သူ၏မျက်နှာသည် မပြုံးမရယ်ဘဲ နေလေ့ရှိသဖြင့် အမြဲတမ်းလိုလိုပင် ခပ်တင်းတင်း
တွေ့ရတတ်၏။

ဝတ်ထားသော အဝတ်အစားမှာ အဖိုးတန် ဝတ်စုံဖြစ်သော်လည်း
ဣန္ဒြေရသည်။ ကြွေတိုက်ကော်လံမှာ နင်းပွင့်တမျှ ဖြူဖွေးပြီး မာတောင့်နေသည်
ကော်လံအောက်မှ ပတ်ထားသည့် လည်စည်းအနက်ပေါ်တွင် ရွှေချိတ်ထိုးထား
သည်မှာ၊ အနက်ရောင်ကိုပို၍ လေးနက်သွားစေသည်။ ဦးခေါင်းပေါ်တွင် ပိုးဖြင့်
ပြုလုပ်ထားသော အနက်ရောင်ဦးထုပ်မြင့်မြင့်ကို ဆောင်းထားပြီး၊ ဝတ်ထားသော
ကုတ်အင်္ကျီမှာ အနက်ရောင်ဖြစ်၏။ သာမန်အခါမျိုးတွင် ဝတ်သော ကုတ်အင်္ကျီမျိုး
မဟုတ်၊အခမ်းအနားဝတ် ကုတ်အင်္ကျီရှည်ရှည်ဖြစ်သည်။ သူ၏ လက်ထဲတွင်
အနက်ရောင် သားရေလက်ဆွဲအိတ်တစ်ခုကို ကိုင်လာသည်။ ထိုအိတ်ထဲတွင်
အမှုတွဲများ ထည့်ထားသည်။

သူက ဝဲယာကို မျက်စိမကစားဘဲ ရှေ့တည့်တည့်သို့သာ ကြည့်က
ဖြည်းဖြည်းမှန်မှန် လျှောက်လာသည်။ မျက်လုံးအစုံပေါင်းများစွာက သူ့ကိုကြည့်နေ
ကြောင်းကိုမူ မသိမဟုတ်ပေ။ ဤကဲ့သို့ အကြည့်ခံရသည်ကိုလည်း သဘောကျ
ပါသည်။ သို့သော် သူ၏မျက်နှာပေါ်တွင် ခံစားမှုအရိပ်အယောင်ဟူ၍ လုံးဝမတွေ့
ရချေ။ အမှန်အားဖြင့် လမ်းပေါ်တွင်ဖြစ်စေ၊ တရားရုံးတွင်ဖြစ်စေ၊ သူ၏ရုံးခန်းတွင်
ဖြစ်စေ ဆာဟေးမင်း၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှု ခံစားမှုတို့ကို လုံးဝတွေ့
ရမည် မဟုတ်ပေ။ ဆာဟေးမင်းသည် ဤမျှပင် မျက်နှာထားတင်းသော ပုဂ္ဂိုလ်
တစ်ဦးဖြစ်သည်။

ဤသို့လျှင် သူ၏မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုအရိပ်အယောင်ကို လုံးဝ မတွေ့ရသဖြင့် သူ၏ လက်ဆွဲအိတ်ထဲမှ အမှုတွဲကို၊ သူမည်မျှ ဖတ်ချင်နေသည်ကို မည်သူကမျှ မရိပ်မိကြခြင်း ဖြစ်သည်။

ကမ်းနားလမ်းပေါ်သို့ ရောက်သည့်အခါ၌ တက္ကစီကားတစ်စီးကို လက်ပြ၍ ခေါ်လိုက်၏။ တက္ကစီဒရိုင်ဘာသည် ဤအနီးအနားတစ်ဝိုက်တွင် ကျက်စားနေသူ ဖြစ်သဖြင့် ဆာဟေးမင်းမှန်းသိသည်။ ထို့ကြောင့် ပလက်ဖောင်းဘေးတွင် ရပ်၍ ပေးပြီးနောက် ဆာဟေးမင်း၏ အိမ်ရှိရာရပ်ကွက်သို့ မောင်းလာခဲ့သည်။

သူသည်လည်း ဆာဟေးမင်း၏ စိတ်ထဲတွင် လှုပ်ရှားနေသည်ကိုမရိပ်မိပေ။

ဆာဟေးမင်းကတော့ ရက်ပေါင်းများစွာ မျှော်လင့်နေခဲ့သည့် အမှုမှာ သူ၏ လက်တွင်းသို့ ရောက်လာပြီဖြစ်၍ အလွန်ဝမ်းသာနေသည်။ ယနေ့ညတွင်တော့ အားရပါးရ လေ့လာနိုင်ပေတော့မည်။

ပေါ(လ်)ပရက်ဆက်၏အမှုတွဲမှာ ဆာဟေးမင်း၏ ခြေရင်းတွင် ချထားသော လက်ဆွဲအိတ်အနက်ရောင်အတွင်း၌ ရှိနေပေသည်။

ဆာဟေးမင်းသည် မျက်နှာထားတင်းသည်။ ခံစားမှု လုံးဝရှိသည့်ပုံမပြ။ လုပ်ရန်ရှိသည့် အလုပ်ကို စက်ရုပ်ကဲ့သို့လုပ်၍ သွားသည်။ အလုပ်လုပ်ရာတွင် ဇေစပ်သေချာသလောက် အပင်ပန်းခံ၍ လုပ်နိုင်သည်။ သူလုပ်သကဲ့သို့ သူ၏ လက်အောက်မှ တပည့်များကလည်း အပင်ပန်းခံ၍ လုပ်မှကြိုက်သည်။ ရဲအရာရှိများနှင့် ဆွေးနွေးသည့်အခါ၌ မညာမတာ ဒိုးဒိုးဒေါက်ဒေါက် ပြောလေ့ရှိသည်။ အစိုးရရှေ့နေအဖြစ် သူလိုက်ပါဆောင်ရွက်သည့်အမှုများတွင် တရားခံများမှာ အနည်းဆုံး သုံးနှစ်ခန့် ထောင်နန်းစံရလေ့ရှိသည်ဟူသော အချက်များမှာ တရားရုံးလောကတွင် သူ့အတွက် သတ်မှတ်ထားသည့် ဂုဏ်ထူး ဝိသေသများဖြစ်ပေ၏။

လန်ဒန်တောင်ပိုင်းအကျဉ်းထောင်မှ တရားခံများသည် သူတို့ အမှုတွင် အစိုးရဘက်မှ ဆာဟေးမင်းလိုက်မည်ဟေ့ဆိုလျှင် ဘုရားတမိအောင် ကြောက်ကြကြောင်း သူကသိထားသည်။ ဤအချက်ကိုပင် သူက ဂုဏ်ယူသည်။

ပေါ(လ်)ပရက်ဆက်ကလည်း အစိုးရဘက်မှ ဆာဟေးမင်း လိုက်မည်ဟု သိရသောအခါ၌ 'ဘုရားသိကြားမလို့ဗျာ၊ တခြားလိုက်မယ့်လူတွေ မရှိတော့ဘူးလား'ဟု ညည်းညူသွားသည်ဟုဆို၏။

ဤသို့ညည်းညူသည်ကို ဆာဟေးမင်းကလည်း ကြားသည်။ ဒါတွင်မကသေးပါ။ တရားရုံးနှင့် ရှေ့နေလောကတွင် ပြောနေကြသည့် ပြက်လုံးများကိုလည်း ကြားပါသည်။ ထိုပြက်လုံးများကတော့-

"ဟ ... ပေါ်(လ်)ပရက်ဆက်ဆိုတဲ့ ငနဲသားတော့ ဆာဟေးမင်းကြီး တွေ့တော့မယ်ဆိုပါလား၊ ဒီလိုဆိုရင် ပေါ်(လ်)ပရက်ဆက်အဖို့တော့ စက်တိုင်ထမ်း တန်းနေတာပဲ၊ စက်တိုင်မှ အတော်ကိုမြင့်တဲ့ စက်တိုင်ကိုတက်ရမှာ"

ဤဥပဒေအသိုင်းအဝိုင်းတွင် ဆာဟေးမင်းအား ဆာကဲနက် အမည်ရှိသော နာမည်ကျော် ဝတ်လုံတော်ရကြီးတစ်ဦးနှင့် နှိုင်းယှဉ်လေ့ရှိသည်။

ဆာဟေးမင်းက အရပ်မြင့်မြင့်၊ လူလုံးလူဖန် ကောင်းကောင်း၊ မျက်နှာထား တင်းတင်းမို့ ရှုသိုးသိုးနွားသိုးကြီးနှင့် တူသည်ဟု ဆိုကြသည်။ ဆာကဲနက်ကတော့ လူလုံးလူဖန်သေးသေးဖြစ်သည့်ပြင် ချိုသာသော မျက်နှာထားလည်းရှိသည်။ စိတ်သဘောလည်း နူးညံ့သဖြင့် ကြက်တိန်ညင်ကလေးနှင့် တူသည်ဟု ဆိုကြသည်။ ကြက်တိန်ညင် ဆိုသည်မှာ ကိုယ်လုံးကိုယ်ထည်သေးသော်လည်း အတက်က ရှည်သည်။ ဒေါသဖြစ်လာလျှင်တော့ သူနှင့်ရန်ဘက်ဖြစ်သော ကြက်ဖ မည်မျှပင် အကောင်ကြီးပါစေ ရင်ဆိုင်ခွပ်သည်သာ ဖြစ်၏။

ထို့ပြင် ဆာဟေးမင်း လျှောက်လဲသမျှမှာ ကျိုးကြောင်းကျကျ ဖြစ်သော်လည်း ဆာကဲနက် လျှောက်လဲသည့်အခါတွင်မူ နှလုံးသားမှ ထွက်လာသော ကြင်နာ သနားစိတ်ကို အခြေခံသည်ဟု ဆိုကြသည်။ ဤစကားမှာ မှန်ဖွယ်ရာရှိပေသည်။ ဆာကဲနက်သည် တရားခံရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရခြင်းကို ဂုဏ်ယူ၏။

ဆာဟေးမင်းသည် တရားရုံး၌ လျှောက်လဲချက်ပေးသည့်အခါတွင် ဥပဒေမျက်နှာကိုသာကြည့်သည်။ တရားခံများမည်သို့ခံစားရလိမ့်မည်ကို စိုးငြိမ်မှုမတွေး။ သူ၏လျှောက်လဲချက်ကြောင့် ကြိုးစင် တက်သွားရသည့် တရားခံများမှာ မနည်းလှပေ။ သို့သော် သူ၏အိမ်တွင်မူကား ကြင်နာထောက်ထားသော လင်သား ဖြစ်သလို၊ ကြင်နာထောက်ထားသောဖခင်လည်းဖြစ်ပေသည်။ ခွေးကလေး၊ ကြောင် ကလေးများကိုလည်း ချစ်တတ်ပါသည်။

ယနေ့ညတွင်ကား ပရက်ဆက်၏အမှုကို ကျကျနန လေ့လာ ရပေတော့မည်။ ဤအမှုသည်ကား လွန်ခဲ့သောနှစ်ပေါင်း အတော်ကြာအတွင်းက ဖြစ်ပွားခဲ့သည့် အမှုများအနက် အထင်ရှား ဆုံးသော အမှုဖြစ်သောကြောင့် သူ့လက်ထဲသို့ရောက်ရေး အတော်ပင် ကြိုးစားခဲ့ရသည်။

တက္ကစီကားက သူ၏အိမ်ရှေ့တွင်ရပ်သည်ကို သူ၏ အဖျော်စား လုပ်သူက ပြတင်းပေါက်မှလှမ်း၍ မြင်လိုက်သဖြင့် တံခါးမကြီးကိုလာ၍ ဖွင့်ပေးသည်။

သူ၏ဘဏ္ဍာစိုးအား လှမ်း၍မေးလိုက်သည်။

"မင်းအစ်မ အပြင်သွားပြီလားဟေ့"

"ဟုတ်ကဲ့ပါဆရာ"

သူ့အတွက် ဟန်ကျသွားသည်။

"ဒီလိုဆိုရင် ငါစာကြည့်ခန်းထဲမှာ ရှိမယ်ဟေ့၊ ငါ့ဖို့ ညစာကို ဗန်းနဲ့ထည့်ပြီး ပို့နိုင်းလိုက်ဟုတ်လား၊ ကနေ့ည အလုပ်တွေ တော်တော်များများ လုပ်စရာရှိနေတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

သူလိုချင်သည်ကို နိုင်းပြီးပြီဖြစ်၍ ဆာဟေးမင်းက စာကြည့်ခန်းဆီသို့ တန်း၍သွားသည်။

သူ၏စာကြည့်ခန်းသည် ခမ်းနားလှသည်။ အခန်းပတ်လည်တွင် ဝက်သစ်ချ သစ်သားဗီရိုများ ကပ်၍ချထားပြီး စာအုပ်များအပြည့်ဖြင့် ဖြစ်သည်။ အခန်းကြမ်းပြင်တွင် ထူထဲသော ကော်ဇောအနီရောင်ကြီးကို ခန်းလုံးပြည့်ခင်းထားသည်။ အခန်း အလယ်ဗဟိုတွင် သူအလုပ်လုပ်သော စားပွဲကြီးရှိ၏။

ယခုလို ဉာဏ်ထုတ်စဉ်းစားရမည့် အခါမျိုးတွင် သူက တစ်ယောက်တည်း ရှိနေလိုသည်။ ဒါမှ လွတ်လွတ်လပ်လပ် ရှိမည်ဖြစ်သည်။သူ၏ ခေါင်းကို မခင်တွယ်၍ မချစ်၍တော့မဟုတ်ပါ။ သို့သော် သူနေရာနှင့်သူ၊ ဒူးနေရာဒူး၊ တော်နေရာတော် ရှိရမည်ဟု သူက ယုံကြည်ထားသည်။

{ ၅ }

အောက်ရုံးတော်တွင် ပေါ(လ်)အား အနိုင်အမာ စွဲချက်တင်၍ ပြီးသွားလေပြီ။ ထို့ကြောင့် ယခုအခါ၌ ပေါ(လ်)သည် အမှုဆိုင်ရန်အတွက် အောက်ရုံးတော်သို့ မသွားရပေ။ "အိုး(လ်)ဘေလီ" ဟုခေါ်ကြသော လန်ဒန်မြို့တော်တရားရုံးကြီးသို့ သွားရသည်။ ရုံးထုတ်ရန်နှင့်အကျဉ်းထောင်သို့ ပြန်ပို့ရန်ကိစ္စကိုလည်း ရဲများက မဆောင်ရွက်တော့။ အကျဉ်းထောင် အရာရှိများ၏ တာဝန် ဖြစ်သွားလေပြီ။

ယနေ့တရားရုံးကြီးသို့ သွားသည့်အခါတွင် ယူနီဖောင်းဝတ် ဝါဒါနှစ်ဦး ခြံရံလျက်သွားရသည်။ အကျဉ်းထောင်တွင် ကိုယ်ပိုင်ကား ရှိဟန်မတူ။ ထို့ကြောင့် ကြိုတင်ခေါ်ယူထားသော တက္ကစီကားဖြင့် သွားရ၏။ နောက်တစ်ချက် ထူးခြား လာသည်မှာ ယခုဆိုလျှင် ပေါ(လ်)အား လက်ထိတ်ခတ်၍ခေါ်ခြင်းဖြစ်၏။ ထို့ကြောင့် ကားပေါ်တွင် ပေါ(လ်)မျှာ ခေါင်းကိုငုံ၍ထားရ၏။

ဝါဒါတစ်ဦးထံမှ ကြားရသည့်အတိုင်းဆိုသော် 'အိုး(လ်)ဘေလီ' တရားရုံးကြီး ပတ်လည်တွင် လူအုပ်ကြီးကို ထိန်းသိမ်းရန် မူလရှိရင်းစွဲအပြင် နောက်ထပ်ရဲသား ခြောက်ဆယ်ကိုပါ ဆင့်ခေါ်ထားသည်ဟု ဆို၏။ ရုံးခန်းတွင်းသို့ ဝင်ခွင့်ရလျှက်

ထားသူ ဦးရေမှာ များပြားလှသဖြင့် လူတစ်ဦးအား နေ့တစ်ဝက်အတွက်သာ လက်မှတ်ထုတ်ပေးသည်ဟုလည်း သိရသည်။

ထို ဝါဒါပြောသည်မှာ မလွဲပါပေ။ သူတို့၏ ကားသည် တရားရုံးကြီး၏ ရှေ့တွင် ဆိုက်လိုက်သည့်အခါတွင်၊ ကြီးမားသော လူအုပ်ကြီးသည်၊ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့်ဖြစ်နေသည်ကိုတွေ့ရပေသည်။ ဤကားထဲတွင် ပေါ(လ်) ပရက်ဆက် ပါလာကြောင်း လူအုပ်ကြီးက သတိမထားမိခင်၊ တရားရုံးကြီး ဝင်းထဲသို့ ကားကို ခပ်သွက်သွက် မောင်းဝင်လာခဲ့ကြရသည်။

တရားရုံးကြီးထဲသို့ ရောက်လာသည့်အခါတွင်တော့လည်း အပြင်ဘက်မှ အသံဗလံဆူညံသံများကို မကြားရတော့ပေ။ ဘုရားရှိခိုးကျောင်းတမျှ တိတ်ဆိတ် နေသည်။

ဝါဒါများက ပေါ(လ်)ကို တရားခံ ဝက်ခြံဘေးနားရှိ အခန်းကလေးထဲတွင် သွင်းထားသည်။ သူ၏လက်မှ လက်ထိတ်များကိုလည်း ဖြုတ်လိုက်သည်။

ထို ဝါဒါနှစ်ဦးနှင့် ပေါ(လ်)သည်၊ ပေါ(လ်)ကို တရားခံဝက်ခြံထဲသို့ သွင်းလာရန် အမိန့်မရမချင်း ဤအခန်းလေးထဲတွင် စောင့်နေကြရမည်ဖြစ်၏။

အတန်ကြာသော် အချုပ်ခန်းတာဝန်ခံအရာရှိက သူတို့ရှိရာ အခန်းတွင်းသို့ ခေါင်းပြူကြည့်ကာ ဝါဒါနှစ်ဦးကို အမိန့်ပေးလိုက်သည်ကို ကြားရ၏။

"ခေါ်ခဲ့တော့ဟေ့"

သူ၏ဝါဒါများက ပေါ(လ်)ကို ထပ်ဆင့် အမိန့်ပေးကြသည်။

သို့ဖြင့် ဝါဒါနှစ်ယောက်အကြားမှ ပေါ(လ်)က တရားခံဝက်ခြံရှိရာသို့ လာခဲ့ရသည်။

ရုံးခန်းမအတွင်းသို့ မရောက်သေးသည့် ပေါ(လ်)အဖို့ ရုံးခန်းမအတွင်းမှ လူများထံမှ စုပေါင်း၍ ထွက်လာသည့် စကားပြောသံများ သည် ပိတုန်းသံအလား ထင်ရသည်။

ထိုအသံများကြားမှ အသံခပ်ကျယ်ကျယ်ဖြင့် အော်လိုက်သည့် အသံတစ်ခု ထွက်ပေါ်လာသည်။

"တိတ်စေ"

လူအများထိုင်နေရာမှ ထကြသည့် အသံများကို ကြားရ၏။ ထို့နောက် 'တိတ်စေ'ဟု အော်ခဲ့သော အသံကပင် ထပ်၍အော်လိုက် ပြန်သည်။

"ပေါ(လ်) ပရက်ဆက်ကို တရားခွင်သို့ ခေါ်လာပါ"

ပေါ(လ်)၏ဘေးမှ ဝါဒါ တစ်ယောက်က လှည့်ဖြင့် ပေါ(လ်)ကို ပြောလိုက်သည်။

"လာ ... လာ"

ပေါ(လ်)က စိတ်အားတင်းလိုက်ကာ သူ၏ပခုံးနှစ်ဘက်ကို တောင့်လိုက်ပြီး မျက်နှာကိုလည်း တင်းလိုက်သည်။ ဤသို့ သူ့ကိုယ်သူ မာန်သွင်းပြီးမှ ဝါဒါ၏ နောက်မှ ရုံးခန်းမအတွင်းသို့ဝင်ရန် လိုက်သွားသည်။ဒီတော့မှပင် သူ၏စိတ်ထဲတွင် သက်သာသလိုလို ခံစားလိုက်ရ၏။

တရားခံ ဝက်ခြံထဲသို့ ရောက်ရပြန်လေပြီ။

သူ့အတွက်မှာတော့ ယခင် မူလရုံးတွင်ကနှင့်တော့ များစွာ ခြားနားလာခြင်း ရှိပါ။ အခန်းကြီးက ပို၍ကျယ်သည်။ တရားခံ ဝက်ခြံကလည်း အောက်ရုံးမှာကဲ့သို့ ကျဉ်းကျဉ်းကလေးမဟုတ်။ ဘေးဘက်နှင့် နောက်ဘက်တွင် မှန်ချပ်ကြီးများဖြင့်ပင် ကာထားသေးသည်။

ရုံးခန်းကြီးထဲတွင် ပရိသတ်ကတော့များလှ၏။ ထိုင်ခုံများတွင်လည်း အတန်းလိုက် ထိုင်နေကြသည်။ အချို့ကမူ နေရာမရ၍ မတ်တတ်ပင် ရပ်နေကြသည်။

နှစ်ဘက်ရှေ့နေများသည်ကား ဝတ်ရုံကြီးများကိုဝတ်၊ ဦးခေါင်းပေါ်တွင် ဆံပင်တုကိုတပ်၍ သူတို့အသီးသီး၏ နေရာများတွင် ထိုင်နေကြသည်။

ဝတ်ရုံဝတ်ကာ ဆံပင်တု တပ်ထားသော ပုဂ္ဂိုလ်များထဲတွင် ဘုရင့် ရှေ့နေကြီးချုပ်ကို ထင်ထင်ကြီး တွေ့နေရသည်။ အနက်ရောင်ဝတ်လုံဝတ်သူများ အကြားတွင် သူတစ်ဦးတည်းသာ အနီရောင် ဝတ်လုံကို ဝတ်ထားသောကြောင့်ဖြစ်၏။ လန်ဒန်မြို့တော်ဝန်နှင့်မြို့တော်ကောင်စီလူကြီး သုံးဦးလည်း လာသည်ကို တွေ့ရ၏။

ပေါ(လ်)အဖို့မှာ မြို့တော်ဝန်ကိုယ်တိုင် သူ၏အမှုကို လာရောက်နားထောင်သည်ကို တွေ့ရသဖြင့် ဂုဏ်ယူရတော့မလိုလိုပင် ဖြစ်မိသေးသည်။

အားလုံးနေရာယူ၍ ပြီးသွားသောအခါ၌ စွဲချက်စ၍ တင်လေပြီ ... ။

သစ်သားပလက်ဖောင်းပေါ်ရှိ တရားသူကြီး၏စားပွဲအောက်တည့်တည့်မှ ထိုင်နေသည့် စွဲချက်တင်သော ရှေ့ဖတ်စာရေးကြီးက ဂျာနယ်ကြီးတစ်ခွဲသားဖြင့် မတ်တတ်ရပ်ကာ ပေါ(လ်)၏ နာမည်အပြည့်အစုံကိုခေါ်၍ စွဲချက်ကို စတင်ဖတ်ကြား လေသည်။

ဖတ်ပြီးသွားသောအခါတွင် တရားရုံးထုံးစံအတိုင်း တရားခံဖြစ်သူ ပေါ(လ်)ကို မေး၏။

"ပေါ(လ်)၊ အသား၊ ပရက်ဆက်၊ အသင့်အနေနဲ့ အပြစ်ရှိပါသလား၊ အပြစ် မရှိဘူးလား၊ ဘယ်လိုအဖြေပေးမလဲ"

ပေါ(လ်)က မဟုတ်မမှန်သည့်စကားကို ပြောရမည်ဖြစ်၍၊ ချောင်းတစ်ချ ဟန့်ကာ လည်ချောင်းကိုရှင်းပြီးမှ ပြန်၍ဖြေသည်။

"အပြစ်မရှိပါဘူးခင်ဗျာ"

အပြစ်မရှိပါဘူးဟု ဖြေသည့်အလျောက် ဆက်လက် စစ်ဆေးရတော့မည်ဖြစ် ဂျူရီအဖွဲ့ဝင်တစ်ဦးအား ကျမ်းကျိန်ခြင်းကို စတင်လုပ်ဆောင်ရလေ၏။

ဂျူရီအဖွဲ့သည် ပေါ(လ်)၏ဝဲဘက်ရှိ ဝက်ခြံထဲတွင် နှစ်တန်းတန်း ထိုင်နေသည်ဖြစ်ရာ သူတို့တစ်ဦးစီ ကျမ်းကျိန်သည်ကို ပေါ(လ်) က ကောင်း မြင်နေရသည်။ သို့သော် သူ၏စိတ်သည် ဂျူရီအဖွဲ့ဝင်များ ကျမ်းကျိန်သည်ဆီမှာ မိုင်ရာမည်သို့များ နေနေရသလဲ ဆိုသည်ကိုသာ တွေးနေမိသည်။

သူ၏နားထဲတွင် ဂျူရီလူကြီးများ ကျမ်းကျိန်ရာတွင် ရွတ်ဆိုနေ စကားလုံးများအစား၊ အောက်ရုံးတွင် မိုင်ရာအား စွဲချက်တင်စဉ်က ကြားခဲ့ရ 'အမျိုးသားတရားခံသည် ရာဇဝတ်မှုကြီးတစ်ရပ်ကို ကျူးလွန်ခဲ့သည်ကို သိ လျက်နှင့်၊ ဤအမျိုးသမီးတရားခံသည် အမျိုးသားတရားခံအား လက်ခံ အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်း တို့ကို ပြုလုပ်ခဲ့သည်' ဟူသည့် စကားလုံးမျ ပြန်၍ ကြားယောင်နေမိသည်။

ပေါ(လ်)က ဤသို့တွေးတောစိတ်ကူးနေစဉ် ရှေ့ဖတ်စာရေးကြီးကလ သူ၏ဝတ္ထုရားအတိုင်း တရားခံအပေါ်၌ စွဲချက်တင်လျက် ဂျူရီအဖွဲ့၏ အ အဖြတ်ကို ခံယူရန် လွှဲပေးလိုက်ကြောင်းကို ဆက်၍ ပြောသွား၏။

ဂျူရီအဖွဲ့ဝင်ဦးရေမှာ ဆယ့်နှစ်ယောက်ဖြစ်၏။ အမှန်တော့ သူ့ အသက်သည် ထိုဆယ့်နှစ်ဦး၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်နေကြော ပေါ(လ်)က စဉ်းစားမိလာသဖြင့် သူတို့ကို စေ့စေ့စပ်စပ်လေ့လာ ကြည့်မိသ

ဂျူရီအဖွဲ့ဝင်များမှာ လူပုံမန်းသဏ္ဍာန် အမျိုးမျိုး ဖြစ်သလို၊ အလုပ်အ အားဖြင့်လည်း အမျိုးမျိုးဖြစ်ပုံရသည်။ အချို့က အလုပ်ကြမ်းသမားပုံမျိုးရှိ အချို့ကမူ စာရေးစာချီပုံမျိုးရှိသည်။ အချို့ကလည်း ဈေးဆိုင်ပိုင်ရှင်ကလေးမျိုး တူသည်။

မည်သို့သော ပုံမျိုးပင်ဖြစ်ဖြစ်၊ စီရင်ချက်ချပြီးသည့်အခါတွင်တော့ သူ စက်တိုင်သို့သွားကောင်းသွားရမည်ဖြစ်ပြီး၊ သူတို့ကတော့ သူတို့ အသီးသီ အလုပ်အကိုင်ရှိရာသို့ သွားကြမည်မှာကတော့ မလွဲနိုင်သော အချက်ဟု ပေါ(လ်) စဉ်းစားမိလိုက်၏။ ဤသို့ စဉ်းစား မိလိုက်သည်နှင့်၊ ပေါ(လ်)ခမျာ တင်းထား စိတ်အား အနည်းငယ် လျော့သွားရှာသည်။

စိတ်ကူးချိုချို

ပေါ(လ်)က ဤသို့စဉ်းစားနေစဉ် အဓောင့် ဝါဒါတစ်ယောက်က ထိုင်ရန် ခက်ဟန်ဖြင့် ပြသည်ကို တွေ့ရသည်။ အမှုစစ်ဆေးခြင်း စပြီဖြစ်ပေသည်။

တရားသူကြီး ထိုင်ရာစင်မြင့်၏ ရှေ့တူရူရှိ ရှေ့နေများထိုင်သည့် နေရာမှ ရပ်မြင့်မြင့် လူလုံးလူဖန်ကောင်းကောင်း လူတစ်ယောက် မတ်တတ်ရပ်လိုက်သည်။ သူ၏ဦးခေါင်းပေါ်တွင် ဝတ်လုံတော်ရှများ တပ်သော ဆံပင်တုနှင့် ကိုယ်ပေါ်တွင် ဝတ်လုံနက်ကို ဝတ်ထားသည်။

ဆာဟေးမင်းဒရူးဝါးဆိုသူမှာ ဤပုဂ္ဂိုလ်ဖြစ်လိမ့်မည်ဟု ပေါ(လ်)က ထင်လိုက်မိသည်။

ပေါ(လ်)ထင်သည့်အတိုင်းမလွဲပါ။ ဤပုဂ္ဂိုလ်သည် ပေါ(လ်)၏ ကျူးလွန်မှုများကို ဂျူရီအဖွဲ့က သဘောပေါက် လက်ခံလာအောင် အကြောင်းအချက် ခိုင်ခိုင်ပြနေဖြင့် ရုံးတော်သို့ တင်ပြမည့်သူ ဖြစ်ပါသည်။

ရုံးခန်းထဲရှိ ပရိသတ်အားလုံး၏အာရုံသည် သူ့ထံသို့ကောင်းစွာ ရောက်လာအောင် စောင့်ဆိုင်းနေပြီးမှ တည်ငြိမ်သော အသံဖြင့် စ၍ပြောသည်။

"ရုံးတော်၏ ခွင့်ပြုချက်နဲ့ ဤအမှုအတွက် စတင်ပြောဆိုပါရစေခင်ဗျား၊ ဂျူရီအဖွဲ့ဝင်လူကြီးမင်းများခင်ဗျား၊ အခုအမှုမှာဆိုရင် လူကြီးမင်းများရဲ့ ရှေ့မှောက်မှာ တရားခံအဖြစ် စွဲချက်တင်ခံထားရတဲ့ ပေါ(လ်)ပရုက်ဆက်နဲ့၊ သေဆုံးသွားသူ အယ်လီနာပရုက်ဆက်တို့ ဟိုစဉ်က မည်သို့မည်ပုံ နေထိုင်ခဲ့ကြတဲ့ အကြောင်းကို ပြောပြဖို့ လိုအပ်တဲ့အတွက်၊ လူကြီးမင်းများက သည်းခံပြီး နားထောင်ကြစေလိုပါတယ်..."

ဤသို့အစချီလျက် အနောက်ဖေး(လ်)ရပ်ကွက် အင်း(မ်)ထရီးလမ်း အိမ်တွင် ပေါ(လ်)နှင့် အယ်လီနာတို့ နေထိုင်ခဲ့ကြပုံကို ဆာဟေးမင်းက ဂျူရီအဖွဲ့ထံ တင်ပြလေသည်။ တင်ပြပုံမှာ ရိုးရိုးတင်ပြခြင်းတော့ မဟုတ်ပေ။ အယ်လီနာ အပေါ်တွင် ပေါ(လ်)က စိတ်ပျက်နေပုံ၊ စိတ်ကုန်ခန်းနေပုံတို့ကို ပေါ်လွင်အောင် တင်ပြခြင်းဖြစ်သည်။

သူတို့နှစ်ဦး နေထိုင်ခဲ့ကြသည့် အိမ်ကြီးမှာ ကြီးသော်လည်း အိုနေပြီဖြစ်၍ သာယာပျော်မွေ့ဖွယ်မဟုတ်လှကြောင်း၊ တစ်ဖန် အိမ်ရှင်မလုပ်သူကလည်း ယောကျ်ားသားအား ဆွဲဆောင်နိုင်သည့် အရွယ်လွန်လာခဲ့ပြီဖြစ်သည့်ပြင် ရောဂါအခံကလည်းရှိသဖြင့် ခင်ပွန်းသည်အဖို့ စိတ်ပျက်ဖွယ်ရာ ဖြစ်နေကြောင်း၊ ဆိုခဲ့သည့်မှာရောဂါသည်ဖြစ်သော်လည်း မှန်မှန်ညစ်ဉ်စဉ်း ဥစ္စာပြည့်စုံကြောင်း၊ အိမ်ရှင် ယောကျ်ား မှာမူ သူတို့ရပ်ကွက်အတွင်းရှိ အလှတ်ပညာသင်ကျောင်းတစ်ကျောင်းတွင်

ကျောင်းဆရာအလုပ်ကို လုပ်နေရသူဖြစ်ပြီး ငွေကြေးချို့တဲ့ကြောင်း၊ ထိုသူသည် အိမ်သူဇနီးကို စိတ်ပျက်ကာ အပြင်တွင် သာယာမှုရှာသည့်အနေဖြင့်၊ သူလုပ်နေသည့် အလွတ်ပညာသင်ကျောင်းမှ သူငယ်တန်းပြ ဆရာမကလေးနှင့် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ခဲ့ကြောင်း၊ ဤသို့ဖြစ်သည်ကို ရွံစရာကောင်းသည့် အပြုအမူတစ်ရပ် အချို့က ကင်ပွန်းတပ်ကြကြောင်း၊ သို့သော် မဆန်းလှကြောင်း၊ စိတ်ကူး တတ်သူ၊ စိတ်ဓာတ်အားပျော့သူတို့၏ ဖြစ်တတ်သည့် သဘာဝပင်ဖြစ်ကြောင်း ထို့ပြင် ဤပုဂ္ဂိုလ်သည် ကြုံလျှင် ကြုံသလို လှည့်ဖြားပြောတတ်သူမျိုးဖြစ်ကြောင်း ဥပမာအားဖြင့် သူ၏ အလုပ်ရှင်အား သူ၏ အသက်ကို အမှန်အောက်လျှော့ ပြောခဲ့ခြင်း၊ သူ၏မိဘမျိုးရိုး အဆင့်အတန်းကိုလည်း တကယ်ဟုတ်သည်ထက် မြှင့်၍ ပြောခဲ့ခြင်းကို ထောက်ရှု၍၊ အသက်ငယ်သော မိန်းကလေးတစ်ဦးနှင့် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သည်မှာ မဆန်းလှကြောင်း။ ဆာဟေးမင်းက ဤ ပေါ(လ်)၏အကြောင်းကို တစ်တစ်ခွခွပြောနေစဉ်၊ ပေါ(လ်)ရှိနေရာ ဝက်ခြံအနီး ကုလားထိုင်တစ်လုံးတွင် ထိုင်နေသော ဝတ်လုံတော်ရ တစ်ဦးမှာ ထိုင်နေရင်းဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ထိုပုဂ္ဂိုလ်သည် ပုပန်းသဏ္ဌာန်အားဖြင့် ဆိုသော် ဆာဟေးမင်းထက် အတော်ပင်ငယ်သည်။ သို့သော် ဖြူဖပ်ဖြူရော်မျက်နှာမျိုး မဟုတ်၊ ကျန်းမာရေးကောင်းသဖြင့် သွေးရောင်လွှမ်းသော မျက်နှာရှိသည်။ ထိုပုဂ္ဂိုလ်၏ ခေါင်းပေါ်တွင်လည်း မီးခိုးရောင်ဆံပင်တု တပ်ထားသည်။ ထိုသူသည် 'ကြက်တိန်ညင်' ကလေးဟု ကင်ပွန်းတပ်ခြင်းခံရသော ဆာကဲနက်ဖြစ်သည်။ သူက ပေါ(လ်)ဘက်မှ လိုက်ပါဆောင်ရွက်မည့် ဝတ်လုံတော်ရအနေဖြင့် ဆာဟေးမင်း ပြောနေသည်ကို မခံချင်ဖြစ်နေခြင်းဖြစ်သည်။ ဆာကဲနက်က– ပေါ(လ်)ဘက်မှ လိုက်ပါဆောင်ရွက်မည်ဟု သတင်းစာထဲတွင် ပါလာသောအခါ၊ ပွဲကြီးပွဲကောင်း တစ်ခု ဖြစ်လိမ့်မည်ဟု၊ အင်္ဂလန်တစ်ပြည်လုံးက မျှော်လင့်ထားကြလေသည်။

"ပေါ(လ်)ပရက်ဆက်အဖို့ သူ့ကို လွတ်အောင် လျှောက်လဲပေးနိုင်တဲ့သူဆိုလို့ ဆာကဲနက်တစ်ယောက်ပဲ ရှိတာပဲ၊ ဆာကဲနက်ကတော့ ဆာဟေးမင်းကို နည်းနည်း အလျှော့ပေးမှာ မဟုတ်ဘူး၊ မိတဲ့အကွက်မှာ ပြန်တွယ်လိမ့်မယ်၊ နားသ ထောင်နေကြ"

ဤသို့လျှင် လူအများက မှတ်ချက်ပြုထားကြသည်။

ပွဲကြီးပွဲကောင်း ဖြစ်မည်မှာကတော့ သေချာပါသည်။ ယခုပင်လျှင်– ဆာကဲနက်က ဆာဟေးမင်းအား အပြိုင်ကျဲဖို့ တာစူနေပေပြီ။

ဆာဟေးမင်းကလည်း သူ့အံ့ရှိန်နှင့်သူ ဆက်၍ ပြောကောင်းတုန်းပင်ဖြစ် သူ၏အသံသည် ညက်ညက်ညောညောရှိကာ စိတ်လှုပ်ရှားသော လက္ခဏာ

သုံးဝမပေါ်လွင်ဘဲ၊ အေးဆေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြင့် ပြောနေသည်။ ဤသို့ပြောနေခြင်းမှာ ဂျူရီအဖွဲ့ဝင်များ နားထောင်ကောင်းအောင် ပုံပြောပြနေခြင်းတော့ မဟုတ်ပါ။ ဤသို့ ဤသို့သော အရပ်ရပ်အခြေအနေများသည် ပေါ(လ်)ပရက်ဆက်က အယ်လီနာပရက်ဆက်အား၊ ဤလောကကြီးမှ အပျောက်ရှင်းပစ်ရန် စေ့ဆော်ပေးခဲ့သော အကြောင်းတရားများဖြစ်ကြောင်းကို၊ ပုံဖော်ပြနေခြင်းသာဖြစ်ပေသည်။ ဥပဒေစကားဖြင့် ဆိုရသော်၊ လူသတ်မှု ဖြစ်ပေါ်လာရပုံ၏ အကြောင်းရင်းတရားကို ဖော်ထုတ်နေခြင်းဖြစ်၏။

ဆာဟေးမင်းက ပေါ(လ်)ပရက်ဆက်၏ ရုပ်ပုံလွှာကို ပုံဖော် တင်ပြရာ၌ ပေါ(လ်)သည် လိမ်လည်လှည့်ဖြားတတ်သည့် အကျင့်အကြံရှိသော လူတစ်ဦးဖြစ်အောင် ခြယ်မှုန်းတင်ပြသွားသည့်ပြင်၊ တဏှာရာဂစိတ် ပြင်းထန်သူ၊ ဇနီးသည်၏ ငွေညှဥစ္စာကို လောဘရမ္မက်ထွက်နေသူ၊ မိုင်ရာဘွန်းနှင့် သူ တိတ်တိတ်ပုန်းသွားနေသည့်ကိစ္စ ပေါ်သွားမည်ကို စိုးရိမ်ထိတ်လန့်နေသူတစ်ဦးဖြစ်အောင် ပေါ်လွင်စွာ တင်ပြသွားသည်။

ပေါ(လ်) ရှိနေရာ ဝက်ခြမ်မှာ ဆာဟေးမင်း ခဲလျှောက်လဲချက်ပေးနေသည့်နေရာထက် မို၍မြင့်သဖြင့်၊ ပေါ(လ်)က ဆာဟေးမင်းကို အပေါ်စီးမှ မြင်နေရသည်။ ပေါ(လ်)၏ စိတ်ထဲတွင် ဒီလူကြီးကတော့ သူ့ရှေ့နေက စာရွက်တစ်ထပ်ကြီးနဲ့ ရေးမှတ်ထားတဲ့ မှတ်စုတွေကို ကြည့်ကြည့်ပြီး၊ ငါ စက်တိုင်တက်ရအောင် အပြင်းအထန် ကြိုးစားနေတာပါပဲလားဟု စိတ်အားငယ်စွာ တွေးမိသည်။

ဆာဟေးမင်းအား တခြားသူများကလည်း အသီးသီး မိမိတို့၏ အမြင်အမျိုးမျိုးဖြင့် စိတ်ဝင်စားစွာ ငေးကြည့်နေကြသည်။

ဂျူရီအဖွဲ့ဝင်များကတော့ တရားခံသည် အပြစ်ရှိကြောင်း နိဂုံးချုပ်နိုင်ရန်အတွက် ဆာဟေးမင်းက အချက်အလက်များစုံလင်စွာဖြင့် တင်ပြနေသည်မှာ ယုံကြည်မှုနိုင်လုံမှု ရှိသလဲဟူသော အမြင်ဖြင့် နားထောင်နေကြသည်။

လူငယ် ဝတ်လုံတော်ရ ကလေးများကမူကား ဆာဟေးမင်းကဲ့သို့ ဝါရင့်နိုင်ငံကျော် ဝတ်လုံတော်ရကြီးတစ်ဦး၏ လျှောက်လဲချက်ပေးပုံပေးနည်းကို လေ့လာအတုယူရန် ငေးစိုက်နားထောင်နေကြခြင်းဖြစ်သည်။

သာမန် ပရိသတ်ကမူကား ရောမခေတ်က လူလုံချင်း၊ လူနှင့်ခြင်္သေ့သတ်ကြသည့်ပွဲများကို လာကြည့်သည့် သဘောထားမျိုးဖြင့် ကြည့်နေကြခြင်းဖြစ်သည်။ သူတို့ကတော့ ဆာဟေးမင်း အလျှောက်အလဲကောင်း၍ ပေါ(လ်)ပရက်ဆက် ကြိုးဒဏ်ခံရသည်ဆိုလျှင် လက်ခုပ်တီး ဩဘာပေးကြမည့်သူများဖြစ်သည်။

သတင်းထောက်များက ဆာဟေးမင်းပြောသမျှ မလွတ်အောင် လိုက်ရေး ကြသည်။ သူတို့သည်လည်း ဤပွဲကြီးပွဲကောင်းသို့ ကိုယ်တိုင်မလာနိုင်သည့် သူများကို တစ်ဆင့်ဖောက်သည်ချပေးရမည့် တာဝန်ဖြင့် လာကြသူများဖြစ်သည်။

ပရိသတ်များ၊ သတင်းထောက်များ၊ ဝတ်လုံပေါက်စများက သူတို့အသီးသီး၏ ရည်ရွယ်ချက်ဖြင့် ဆာဟေးမင်း၏ လျှောက်လဲချက်ကို မင်သက်မိသူများပမာ နားထောင်နေကြစဉ်၊ ကာယကံရှင်ပေါ(လ်)ကမူကား အေးအေးဆေးဆေး နားထောင် ၍ မနေနိုင်။ သူ့အဖို့မှာတော့ ဆာဟေးမင်း၏ စကားများမှာ မကျေချမ်း ဖွယ်ရာဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဆာဟေးမင်းပြောသွားသည့် အထဲတွင် အမှန်များပါသလို၊ အမှားများလည်း အတော်များများပါသောကြောင့်ဖြစ်၏။ 'မဟုတ်ဘူး၊ မဟုတ်ဘူး'ဟု ထ၍ အော်လိုက်ချင်သည့် စိတ်ကို မနည်းချုပ်တည်း ထားရသည်။ ဤသို့ ထ၍ အော်ရန် မဖြစ်နိုင်သဖြင့်သာ ပေါ(လ်)မှာ စိတ်ကို ချုပ်တည်းထားရသည်။ မျက်ရည်များကိုတော့ ချုပ်တည်း၍မရ။ ထို့ကြောင့် သူ၏ ဦးခေါင်းကို ငိုက်စိုက်ချကာ 'ကိစ္စတော့ ချောပါပြီ'ဟု တိုးတိုးသာ ညည်းတွားနိုင်ရှာတော့သည်။

ဆာဟေးမင်းအနေဖြင့် မိုင်ရာ၏အကြောင်းကို ပြောသည့်အခါ၌ မမှန်သည့် အချက်များပါသွားသည်မှာ သူကိုယ်တိုင်ကျကျနန မသိ၍လည်း ဖြစ်နိုင်ပါသည်။ ဆိုသော် ပေါ(လ်)နှင့် မိုင်ရာတို့နှစ်ဦး ဆက်ဆံပုံကို တင်ပြသည့်နေရာတွင်ကား ကိုယ်လိုရာ ကိုယ်ဆွဲပြောသွားခြင်းဖြစ်၍ ပေါ(လ်)က မခံမရပ်နိုင်ဖြစ်နေသည်။ ဤနေရာတွင်တော့ ဆာဟေးမင်းသည် ရိုးသားမှု မရှိရုံသာမက သူ့အပေါ်တွင် ရက်စက်လွန်းသည်ဟု ပေါ(လ်)က ယူဆသည်။

ဆာဟေးမင်းကတော့ ဂျူရီလူကြီးများက 'ပေါ(လ်)အပေါ်တွင် ရက်စက် ယုတ်မာသော လူတစ်ဦးအဖြစ် မြင်လာစေရန်အထိ၊ နောက်ဆုံး နာမဝိသေသန စကားလုံးများကို ရွေးချယ်၍ ပြော၏။

ပေါ(လ်)မှာမှာတော့ မည်သို့မျှ မချေပနိုင်ရှာ။ သူ၏ ဦးခေါင်းကို ဘယ်ညာယမ်းရင်း နှုတ်မှ 'မဟုတ်ဘူး'၊ 'မဟုတ်ဘူး'ဟု တိုးတိုးကလေးမျှသာ ငြင်းချက်ထုတ်နိုင်ရှာ၏။ ကြားအောင်တော့မဟုတ်ပါ။

ဆာဟေးမင်းက ဂျူရီလူကြီးများ၏ အမြင်တွင် မိုင်ရာသည် ငယ်ရွယ်နုနယ်ပြီး လောကအကြောင်းကို ကောင်းစွာမသိသေးသော၊ အသက်အားဖြင့်ဆိုလျှင်လည်း ပေါ(လ်)၏ သမီးအရွယ်မျှသာရှိသေးသော မိန်းကလေးတစ်ဦးအဖြစ် ပုံသဏ္ဌာန် ပေါ်လာအောင် ခြယ်မှုန်း၍ပြ၏။ ဤကလေးမသည် ဆင်းရဲနွမ်းပါးသော်လည်း

ဘုရားတရားကိုင်းရှိုင်းသော မိဘမျိုးရိုးမှပေါက်ဖွားလာသူဖြစ်သည်။ ရှုပ်ရှုပ်ယှက်ယှက် အမျိုးအစားထဲကမဟုတ်ပေ။ ဤလိုမိန်းကလေးမျိုးကို ပေါ(လ်)ပရက်ဆက်သည် ဘာကွယ်စောင့်ရှောက်ရမည့်အစား၊ သူ၏ အလိုဆန္ဒ ဖြည့်စွမ်းရေးအတွက်၊ ဖြားယောင်းသွေးဆောင်ကာ အမျှောင်မယားအဖြစ် ထားခဲ့၏။ သို့ဖြင့် မိုင်ရာခများ မိခင်အိုကြီးနှင့် နေခဲ့သည့်အိမ်ကို စွန့်ခွာခဲ့ရပြီး၊ ပေါ(လ်)ပရက်ဆက် ငှားပေးသည့် အိမ်ခန်းတွင်နေခဲ့ရသည်။ ဤသို့လျှင် ကလေးမကလေး နေနေကျ ပတ်ဝန်းကျင်မှ ခွဲထုတ်ခေါ်ယူလာပြီး သီးခြားနေစေလျက်၊ ကလေးမကလေးအပေါ် ဩဇာ လွှမ်းမိုးအောင် ကြံဆောင်ခဲ့၏။ တဖြည်းဖြည်းနှင့် ထိုကလေးမကလေးသည် ပေါ(လ်)ပရက်ဆက် ပြောသမျှကို လိုက်၍ လုပ်ရသည့်အခြေအနေသို့ ရောက်လာခဲ့တော့သည်။

ဤသို့လျှင် တစ်ဘက်က မိုင်ယာအား အမျှောင်မယားအဖြစ်ထားကာ သူ၏ သာယာမှုကို ရယူနေသော်လည်း၊ သူ၏ လူမဟာ ဇနီးသည်ရှေ့တွင်မူ ဤအဖြစ်ကို လေသံမျှ မဟဘဲ ဖုံးအုပ်ထား၏။ အမှန်စင်စစ်ကား သူ့၏ ဇနီး ကိုသာမက သူ၏ ကျောင်းမှ လုပ်ဖော်ကိုင်ဘက် ဆရာများမသိအောင်လည်း ဖုံးထားသည်။ ဤကဲ့သို့ စိတ်နေသဘောထားနှင့် အကျင့်အကြံမျိုးရှိသော ကျောင်းဆရာများက ညွှန်ကြားပြသခြင်းကို ခံယူရသည့် တိုင်းပြည်၏ အညွန့်အဖူး ကျောင်းသားကလေးများအတွက် ရင်လေးဖွယ်ရာပင်ဖြစ်တော့သည် စသည်ဖြင့် ဆာဟေးမင်းက တစ်လုံးချင်း တစ်လုံးချင်း စီကာပတ်ကုံးတင်ပြသွားသည်။

ဆာဟေးမင်းကပင် ဆက်လက်၍ ဂျူရီလူကြီးများအနေဖြင့် လွန်ခဲ့သော နှစ်က တစ်နိုင်ငံလုံးအနှံ့ဖြစ်ပွားခဲ့သော အိုက်ဖစ်တုပ်ကွေးရောဂါကို မှတ်မိလိမ့်မည်ဟု ယူဆကြောင်း၊ အယ်လီနာပရက်ဆက်သည်လည်း ထိုတုပ်ကွေးရောဂါကို ခံစား ခဲ့ရကြောင်း၊ ထိုရောဂါကြောင့် အယ်လီနာပရက်ဆက် အိပ်ရာထဲတွင် လဲနေစဉ်က တွေ့ရသည့် ရောဂါလက္ခဏာများမှာ တုပ်ကွေးရောဂါကြောင့် ဖြစ်ပေါ်လာ ရသည့် လက္ခဏာများအပြင် သူမသေဆုံးမီ ခံစားသွားရသည့် ဝေဒနာ၏ လက္ခဏာများကိုလည်း တွေ့ရကြောင်းကို တင်ပြ၏။

ဤနေရာတွင် ဆာကဲနက်၏ အကွက်ဝင်လာခဲ့ပေပြီ။ ဂျူရီလူကြီးများအား အမှုနှင့်တိုက်ရိုက်သက်ဆိုင်သော အချက်များကို တင်ပြခြင်းမဟုတ်ကြောင်း ကန့်ကွက်ရန် အခွင့်ပေါ်လာခဲ့တော့၏။ ထို့ကြောင့် 'ကြက်တိန်ညင်ကလေး' ဆာကဲနက်က ထိုင်နေရာမှ ခုန်၍ထလိုက်ကာ၊ ဆာဟေးမင်း၏ တင်ပြချက်ကို အကျိုးအကြောင်းပြ၍ ကန့်ကွက်လေတော့၏။

**စိတ်ကူးချိုချို**

ဆာကဲနက်ကလည်း ပညာသားပါသည်။ သူပြောသည့်စကားထဲတွင် 'ရုံးတော်က ခွင့်ပြုမယ်ဆိုရင် တင်ပြလိုပါတယ် ခင်ဗျား'၊ 'လေးစားအပ်သော တရားသူကြီးမင်းခင်ဗျား'စသည်ဖြင့် ထည့်သွင်းကာ အဆစ်အပိုင်းကျကျ ပြောသွားသည်။ ဂျူရီလူကြီးများဘက်သို့ လှည့်၍ သူ့ဘက်သို့ အာရုံညွတ်လာအောင် ဆွဲဆောင်သည့် အမူအရာဖြင့် ဟန်ပါပါ ကြည့်လိုက်သေးသည်။

ဆာဟေးမင်းကလည်း ငြိမ်၍မနေပါ၊ ကန့်ကွက်ချက်ကို ပြန်လှန်ချေပသည်။ သူ၏ ချေပချက်၏ အဓိကအချက်မှာ အယ်လီနှာပရက်ဆက် မသေမီတွေ့ခဲ့ရသည့် ရောဂါလက္ခဏာကို ရုံးတော်သို့ တင်ပြရန် အလွန်အရေးကြီး၍ တင်ပြခြင်း ဖြစ်ကြောင်း၊ ယခုတင်ပြချက်နှင့် နောင်တင်ပြမည့် အချက်များ မည်သို့မည်ပုံ ဆက်စပ်မှုရှိသည်ကို ရုံးတော်က သိလာလိမ့်မည်ဖြစ်ကြောင်း ရှင်းပြသည်။

နှစ်ဘက်ရှေ့နေတို့၏ လျှောက်လဲချက်ကို တရားသူကြီးက ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်ပြီးနောက်၊ ဆာဟေးမင်း၏ တင်ပြချက်သည် အကျိုးအကြောင်းခိုင်လုံကြောင်း အဆုံးအဖြတ်ပြုလျက် ဆာကဲနက်၏ ကန့်ကွက်ချက်ကို ပယ်ချလိုက်လေသည်။

ရုံးတော်ခွင့်ပြုချက်ရသဖြင့် ဆာဟေးမင်းက တန်းလန်းကြီးဖြစ်နေသော သူ၏ တင်ပြချက်ကို ဆက်လက်တင်ပြသည်။

"အဲဒီတုန်းကတော့ အယ်လီနှာပရက်ဆက်ဟာ ရောဂါလုံးဝပျောက်ကင်း သွားခဲ့ပါတယ်၊ ဒီလိုနဲ့ပဲ သူတို့ လင်မယားနှစ်ယောက်ဟာ အိမ်ကြီးတစ်လုံးထဲမှာ တကျက်ကျက် ရန်ဖြစ်ရင်း စိတ်လက်မချမ်းမသာနဲ့ ဆက်ပြီးနေခဲ့ရပါတယ်၊ ဒီအတိုင်းဆိုရင်တော့ တကျက်ကျက်ရန်ဖြစ်နေတာပဲ ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ကံကြမ္မာကဖန်လာပြန်တော့ အယ်လီနှာပရက်ဆက်က သူ့ယောကျ်ားနဲ့ မိုင်ရာဘွန်းတို့ရဲ့ ဇာတ်လမ်းကို သိသွားပါရော၊ ကိုယ့်ယောကျ်ားနဲ့ တခြား မိန်းမသားတစ်ဦး ဖောက်ပြန်နေတယ် ဆိုတာသိရင် ဘယ်လို မိန်းမမျိုး သည်းခံနိုင်ပါ့မလဲ၊ ဒါကြောင့် အယ်လီနှာပရက်ဆက်က စိတ်ဆိုးမာန်ဆိုးနဲ့ ဒီ·မိုင်ရာဘွန်းဆိုတဲ့ ကလေးမကလေးကို ဖြတ်ဖို့ရာ၊ သူ့ယောကျ်ားကို ရာဇာ ပေးတော့တာပေါ့"

"အဲဒီလို အခြေအနေမှာ..."

ဆာဟေးမင်းက ဆက်၍မပြောသေး။ ရုံးခန်းမကြီးအတွင်းရှိ လူအားလုံး ကတော့ သူဆက်ပြောမည်ကိုသာ စောင့်နေကြသည်။

စိတ်ကူးချိုချို

တကယ်တော့ ဆာဟေးမင်းကလည်း သူ့ကို ဤသို့ စောင့်နေကြစေရန် အကွက် ထွင်လိုက်ခြင်းပင် ဖြစ်ပါသည်။

ယခုဆိုလျှင် လူသတ်မှုဖြစ်ပေါ်လာရသည့် အကြောင်းရင်းကို ဆက်စပ်နေသည့် အချက်များကိုတင်ပြ၍ ပြီးသွားလေပြီ။ ဆာဟေးမင်းက ဆက်၍တင်ပြရမည်မှာ လူသတ်မှုကို အောင်မြင်စွာကျူးလွန်နိုင်ရန် မည်သို့သော နည်းလမ်းများကို အသုံးပြုခဲ့ကြောင်း ဖြစ်သည်။

ပေါင်းပင်သတ်ဆေးအကြောင်းသို့ ရောက်လာအောင် ဆာဟေးမင်းက စကားလမ်းကြောင်းကို ဤသို့ခင်းလိုက်သည်။

"ဂျူရီလူကြီးမင်းများခင်ဗျာ၊ တရားခံရဲ့ အိမ်ရှေ့နဲ့ အိမ်နောက်မှာ ပန်းခြံကလေးရှိပါတယ်၊ အဲဒီပန်းခြံထဲက ပေါင်းပင်တွေကိုသတ်ဖို့ ဘရစ်(စ်)ကိုးဆိုတဲ့ အငှားလိုက် မာလီကို ငှားခဲ့ပါတယ်၊ ဒီနေရာမှာ ကျွန်တော်ရှင်းပြချင်တာက လူကြီးမင်းများက ဒီလိုအငှားလိုက် မာလီတစ်ယောက်ကို၊ ခြံထဲက ပေါင်းပင်တွေ သတ်ဖို့ငှားတာဟာ ထူးဆန်းသလားလို့ ဓာဒကတက်လိုကောင်း တက်လိုပါလိမ့်မယ်၊ ဟုတ်ပါတယ်ခင်ဗျာ မဆန်းပါဘူး၊ ကျွန်တော်အလေးအနက်ထားပြီး တင်ပြလိုတဲ့ အချက်က ဒါမဟုတ်ပါဘူး၊ အဲဒီလိုငှားပြီးတဲ့နောက် ပေါင်းပင် သတ်ဆေးရဲ့ အစွမ်းသတ္တိကို မာလီနဲ့ ဆွေးနွေးခြင်းပါပဲ၊ အဲဒီလိုဆွေးနွေးတာဟာ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ တရားခံရဲ့ စိတ်ကူးစိတ်သန်း အခြေအနေကို ညွှန်ပြနေပါတယ်၊ သူဟာ ပေါင်းပင်သတ်ဆေး ဘယ်လောက်ဆိုရင်၊ လူသေစေနိုင်သလဲဆိုတာကို မာလီနဲ့ ဆွေးနွေးတယ်၊ နောက်တစ်နေ့ မာလီက အဲဒီဆေးဘူးအခွံကို လာယူတဲ့အခါမှာ၊ အမှိုက်သိမ်းတဲ့အထဲ ပါသွားပြီလို့ လိမ်ပြောလိုက်တယ်၊ နောက်ပိုင်းမှာ ဒီဘူးခွံကို တရားခံမြှုပ်ထားတဲ့နေရာက ရဲတွေက တူးကြည့်လို့ တွေ့ခဲ့ရတယ်၊ ဒီလိုဆိုတော့ ဘရစ်(စ်)ကိုးနဲ့ ဆွေးနွေးစဉ်တုန်းက၊ သဘောရိုးနဲ့ ပြောခဲ့တယ်ဆိုတာကို လက်ခံနိုင်စရာအကြောင်းရှိပေမယ့်၊ နောက်ပိုင်းမှာ ဘာဖြစ်လို့ လိမ်ပြောခဲ့သလဲ၊ ဘာလို့ မြေကြီးထဲ မြှုပ်ထားရသလဲ၊ ဒီလိုလုပ်ရပ်တွေကတော့ သဘောရိုးနဲ့လုပ်ခဲ့တဲ့ လုပ်ရပ်တွေလို့ မခေါ်နိုင်တော့ပါဘူး"

"ကဲ...ထားပါတော့ခင်ဗျာ၊ ဒီလိုလုပ်ခဲ့တာဟာ အကြောက်လွန်သွားလို့ သူ့အပေါ်မှာ အမှုပတ်မှာစိုးလို့ လုပ်ခဲ့တယ်ပဲ ထားပါ၊ အခု ကျွန်တော်ဆက်လက် တင်ပြမယ့် အချက်တွေက၊ ခုန ပေါင်းပင်သတ်ဆေးဘူးခွံနဲ့ ဘယ်လိုဆက်စပ်နေတယ် ဆိုတာ လူကြီးမင်းများ ရှင်းလာပါလိမ့်မယ်"

ဆာဟေးမင်းက ယခုဆက်၍ လျှောက်တင်ပြမည်မှာ လူသတ်မှု ကျူးလွန်ဖြစ်ရန် ပေါ(လ်)ပရက်ဆက် အနေဖြင့် မည်သို့သော အခြေအနေ အခွင့်အရေးကို ယူခဲ့ပုံအကြောင်းဖြစ်၏။

အိမ်ဖော်မကလေးအယ်နီအား အလုပ်မှထုတ်ပစ်သည့်အကြောင်းဖြင့် ဇာတ်လမ်းကိုချိုလိုက်သည်။ ဆာဟေးမင်းက ပေါ(လ်)သည် အိမ်ကြီးတစ်လုံးတွင် သူတို့ ဇနီးမောင်နှံနှစ်ဦးတည်းသာရှိစေရန် ရည်ရွယ်ချက်ဖြင့် အိမ်ဖော်မကလေး အယ်နီကို အလုပ်မှ ထုတ်ပစ်ခဲ့သည်ဟု တင်ပြ၏။

တကယ့်ဖြစ်ရပ်မှာကား ငွေရေးကြေးရေးမပြေလည်သဖြင့် အယ်နီအား ချော့မော့ဖျောင်းဖျကာ အသာတကြည်ထွက်သွားစေခဲ့ခြင်းဖြစ်သည်။သို့သော် ဆာဟေးမင်းက ထိုအချက်ကို လက်နက်အဖြစ် အသုံးပြုနေပေပြီ။

ဤသို့ဖြင့် ဆာဟေးမင်းက ဟုတ်သည့်အချက်ရော၊ မဟုတ်သည့်အချက်ရော စုပေါင်းကာ၊ သူ၏ တင်ပြချက်ကို နိုင်မာသည်ထက်နိုင်မာအောင် တင်ပြလေ၏။ ယခုဆိုလျှင် ရုံးခန်းမအတွင်းရှိ လူအများစုသည်၊ ပေါ(လ်)အပေါ်၌ အနည်းနှင့်အများ စက်ဆုပ်သည့် အမြင်ဖြင့် မြင်လာကြပြီဖြစ်၏။

ဆာဟေးမင်း၏ စကားလုံးများမှာ ထိရောက်လှသည်။

"...ဒီလိုနဲ့ပဲ အယ်လီနှာပရက်ဆက်ဟာ ပြင်းထန်တဲ့ဝေဒနာကို နာခံ အတော်ကြာ ခံစားရပြီး သေဆုံးသွားရပါတော့တယ် ခင်ဗျာ"

ဤနေရာသို့အရောက်တွင် ဆာဟေးမင်းက ဆက်၍မပြောသေးဘဲ ခေတ္တ ဆိုင်းငံ့လိုက်သည်။ မော၍မဟုတ်ပေ။ အယ်လီနှာဝေဒနာခံစားပြီး သေဆုံးသွားရပုံကို လူတွေ၏ အာရုံထဲ၌ စွဲသွားစေရန် အချိန်ပေးခြင်းဖြစ်ပါသည်။

ဘာမှ ပြန်လှန်မပြောနိုင်ဘဲ တစ်ဖက်သတ်နားထောင်နေရသည့် ပေါ(လ်)က ဆာဟေးမင်းအပေါ်၌ မုန်းတီးစိတ်က တဖွားဖွားပေါ်လာသည်။

ဆာဟေးမင်းက ဆက်၍ ပြောပြန်သည်။

"သေဆုံးသွားပြီးတဲ့နောက် အယ်လီနှာပရက်ဆက်ကို ထရပ်စတက်ရွာ ဘုရားရှိခိုးကျောင်းဝင်းထဲမှာ မြှုပ်နှံခဲ့ပါတယ်၊ အဲဒီလို မြှုပ်ဖို့နေရာကို အယ်လီနှာပရက်ဆက် အသက်ရှိစဉ်ကတည်းက ဝယ်ထားခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျာ၊ တရားခံကလဲပြောပါတယ်၊ အယ်လီနှာပရက်ဆက်ကလဲ အဲဒီလိုဆောင်ရွက်ပေးဖို့ မှာသွားပါတယ်တဲ့၊ အယ်လီနှာပရက်ဆက်ရဲ့ ရောဂါကို ကုသခဲ့တဲ့ ဆရာဝန်ကလဲ အယ်လီနှာပရက်ဆက်အတွက် သေဆုံးကြောင်းလက်မှတ်ရေးပေးဖို့ ဝန်မလေးခဲ့ဘူးပေါ့ ခင်ဗျာ၊ သူကုနေခဲ့တဲ့ လူနာဆိုတော့၊ သူတွေ့ခဲ့ရတဲ့အတိုင်း နှလုံးရောဂါ

ကြောင့် သေဆုံးတယ်လို့ ရေးပေးလိုက်တာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ မစ္စတာ ပရက်ဆက်က ဖနီးဆုံးပြီးလို့ ဘာမှမကြာသေးဘူး၊ သူ့ရဲ့ ချစ်သူဟောင်း အမျိုးသမီးကလေးနဲ့ တွဲနေတယ်ဆိုတာကိုလဲကြားရ၊ အငှားလိုက် မာလီ ဘရစ်(စ်)စကိုးနဲ့ စကားစမြည်ပြောရင်းနဲ့ ဘရစ်(စ်)စကိုးဆီမှာ ပရက်ဆက်က ပိုးသတ်ဆေးရဲ့ အစွမ်းသတ္တိ အကြောင်းကို မေးမြန်းဘူးတယ်ဆိုတာလဲ ကြားရတဲ့အခါမှာ ဆရာဝန်ရဲ့ ခေါင်းထဲမှာ သံသယစိတ်ဝင်လာတယ်၊ ဆက်ပြီးစဉ်းစားလိုက်တဲ့အခါမှာ တစ်နဲ့တစ် ပေါင်းလိုက်တော့ နှစ် ဖြစ်လာတာပေါ့၊ အဲဒီလို ရှင်းရှင်းလင်းလင်း စဉ်းစားလို့ ရလိုက်တဲ့အခါမှာတော့ ဆရာဝန်ခမျာမှာလဲ မနေသာတော့ဘူး၊ အများပြည်သူတွေရဲ့ ကောင်းကျိုးအတွက် တာဝန်တစ်ရပ်ကို ဆောင်ရွက်ရဖို့ ဖြစ်လာပါတော့တယ်၊ ဆရာဝန်နဲ့ တရားခံဟာဆိုရင် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပါပဲ၊ ဒါပေမဲ့ ရာဇဝတ်မှုကြီးတစ်ရပ်ကို ကျူးလွန်ခဲ့တယ်လို့ ထင်စရာအကြောင်း ရှိလာပြီဆိုတော့ မိတ်ဆွေချင်းဆိုတဲ့ အချက်ကိုဘေးဖယ်ပြီး၊ တာဝန်ရှိတဲ့ အာဏာပိုင်တွေဆီထံ အကြောင်းကြားတိုင်တန်းခဲ့ရပါတယ်"

ထိုအချက်ပြီးသွားသည့်အခါ ဆာဟေးမင်းက ပေါ(လ်)ထွက်ပြေးတာ ဘာဖြစ်လို့ ပြေးသလဲဟူ၍ အစချီကာ သူ၏ တင်ပြချက်ကို ဆက်ပြန်၏။

"အခု ကျွန်တော်ဆက်ပြီးတော့ တရားခံဟာ ဘာဖြစ်လို့ သူ့အိမ်ကနေ တိမ်းရှောင်သွားရသလဲဆိုတဲ့ အချက်ကို တင်ပြပါမယ်ခင်ဗျာ၊ ကဲ... သူဘာကြောင့် ထွက်ပြေးသလဲ၊ အကြောက်လွန်ပြီး ပြေးတာလား၊ အဲဒီလိုတော့ မဟုတ်နိုင်ဘူးလို့ ယူဆပါတယ်၊ သူစပြေးတဲ့အချိန်တုန်းကဆိုရင် အလောင်းထဲမှာ အဆိပ်တွေ့ရ ကြောင်း မသိသေးပါဘူး၊ သေသေချာချာ စဉ်းစားကြည့်လိုက်မယ်ဆိုရင် အလောင်း ကိုတော့ဖော်ပြီ၊ ဖော်ပြီးရင် ခွဲစိတ်ကြည့်မယ်၊ ဒီလိုခွဲစိတ်ကြည့်လိုက်ရင်တော့ ဗိုက်ထဲမှာအဆိပ်တွေ တွေ့တော့မှာပဲဆိုတဲ့ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်သွားတာ ဖြစ်ပါတယ်၊ အခု ကျွန်တော် တင်ပြခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး၊ မူလရုံးမှာ ထွက်ဆိုချက်ပေးတုန်းက တရားခံပြောခဲ့တဲ့ စကားကို ပြန်လည်တင်ပြခွင့်ပြုပါ ခင်ဗျာ၊ အဲဒီတုန်းက သူပြောခဲ့တာ 'မစ္စစ်မိုင်ရာဘွန်းဟာ ဘာမှ မသိခဲ့ပါဘူး' တဲ့၊ လူကြီးမင်းများခင်ဗျာ၊ အဲဒီစကားလုံးကို သေသေချာချာ ဆန်းစစ်ကြည့်ရင် တရားခံဟာ သူ့ရဲ့ အဖော်ကို ကယ်တင်လိုတဲ့ ဓေတနာနဲ့၊ အဖြစ်မှန်ကိုပြောပြဖို့ အားထုတ်နေခြင်းဖြစ်ပါတယ်လို့ ယူဆနိုင်မယ်ထင်ပါတယ်၊ အဲဒီစကားကို အကြောင်းပြုပြီး ကောက်ချက်ချနိုင်တာကတော့ တရားခံဟာ အလောင်းရဲ့ ဗိုက်ထဲမှာ အဆိပ်များကို တွေ့လိမ့်မယ်လို့ ကြိုတင်သိနေခဲ့တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်"

ထို့နောက်တွင်တော့ ဆာဟေးမင်းအဖို့ သူ၏ လျှောက်လဲချက်ကို နိဂုံးချုပ်ဖို့သာ လိုတော့၏။

ဤသို့ နိဂုံးအချုပ်တွင် စကားလုံးတိုင်းအား ဂျူရီအဖွဲ့ဝင်များ၏ ခေါင်းထဲတွင် စွဲသွားစေခြင်းငှာ လေသံမှန်မှန်ဖြင့် တစ်လုံးချင်း ပြောသွား၏။

"လူကြီးမင်းများခင်ဗျာ၊ ယခု ကျရောက်လာတဲ့ ကျွန်တော့်ရဲ့ တာဝန်ကတော့ ကျွန်တော်တင်ပြတဲ့ အကြောင်းချင်းရာတွေကို အထောက်အကူပြုမယ့် သက်သေအထောက်အထားများကို ရုံးတော်သို့ တင်ပြဖို့ ဖြစ်ပါတယ်၊ အဲဒီ သက်သေအထောက်အထားတွေကို နေရာတကျ စီစဉ်တင်ပြပြီးသွားတဲ့အခါမှာတော့ ရှင်းလင်းပြတ်သားတဲ့ ရုပ်ပုံလွှာတစ်ခု ပေါ်လာပါလိမ့်မယ်၊ အဲဒီပုံကတော့ တရားခံဟာ သေဆုံးသူဇနီးရဲ့ပိုက်ဆံနဲ့ ပစ္စည်းဥစ္စာကို အပိုင်စီးနိုင်ဖို့နဲ့၊ သူ့ချစ်သူ အမျိုးသမီးကလေးနဲ့ ပေါင်းဖက်နိုင်ဖို့၊ သူ့ဇနီးကို အပျောက်ရှင်းပစ်နိုင်ရေးအတွက် ဘယ်လို အစီအစဉ်တွေလုပ်လာခဲ့တယ်၊ အဲဒီအစီအစဉ်တွေကို ဘယ်လို အကောင်အထည်ဖော်ခဲ့တယ်ဆိုတာကို ကွင်းကွင်းကွက်ကွက် မြင်လာအောင် ညွှန်ပြမယ့်ပုံ ဖြစ်ပါတယ်၊ အဲဒီ ပေါ်လွင်ချက်ကို ဂျူရီအဖွဲ့ဝင်လူကြီးများက လက်ခံမယ်ဆိုရင်ဖြင့်၊ လန်ဒန်မြို့တော်ကြီးက တာဝန်ပေးအပ်ခြင်းခံရတဲ့ ဂျူရီအဖွဲ့ဝင်များရဲ့ တာဝန်ကို၊ မမိုတ်မသုန်ပဲ ကျေပွန်စွာ ထမ်းရွက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ"

ဆာဟေးမင်း လျှောက်လဲ၍ ပြီးသွားလေပြီ။

သူက နေရာတွင် ထိုင်ချလိုက်ကာ သူ့ရှေ့တွင်ရှိသော စာရွက်များကို ကောက်ယူ၍ ဖတ်နေသည်။ သူ့ကို ကြည့်ရသည်မှာ သူ၏ လျှောက်လဲချက် ထိရောက်မှု ရှိမရှိ ပြန်လည်စဉ်းစားနေပုံမရ၊ ဆောင်ရွက်ဖို့ရှိသည့် အလုပ်တစ်ခုကို ဆောင်ရွက်ပြီးသွား၍ အခြားကိစ္စတစ်ခုကို ဆက်၍ လုပ်နေသည့်ပုံဖြစ်၏။ အကယ်စင်စစ်မူကား သူသည် ဟန်လုပ်၍ စာရွက်များကို လှန်လှောနေခြင်းသာ ဖြစ်သည်။ သူ၏ စိတ်ကမူ သူ၏ လျှောက်လဲချက်အကြောင်းကိုသာ စဉ်းစား၍ နေပေသည်။

✧ ✧ ✧

ထို့နောက်၌မူကား တရားစစ်ဆေးခြင်းကို စတင်တော့သည်။

ပထမ အစိုးရဘက်မှ သက်သေခံပစ္စည်းများနှင့် စာရွက်စာတမ်းများကို ဦးစွာ တင်ပြသည်။

**စိတ်ကူးချိုချို**

ပစ္စည်းများတင်ပြပြီးသွားသောအခါ၌ တရားလိုပြသက်သေများကို ဆက်၍ တင်ပြ၏။ ထိုသက်သေများသည်ကား ပေါ(လ်)နှင့်ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံလာခဲ့ကြသူများ ဖြစ်ပေသည်။ ယခုသော်ကား သူတို့တစ်တွေသည် ပေါ(လ်)ကို ကြိုးစင်သို့ အရောက်ပို့ရေးတွင် တစ်တပ်တစ်အား ဝင်ရောက်ပါဝင်နေကြသော သူများ အဖြစ်သို့ ရောက်နေပေပြီ။

ပထမဦးဆုံး ထွက်ချက်ပေးသူသည် မစ္စစ်ဘက်စီဖား(လ်)ဖြစ်၏။ ထိုမိန်းမကြီးမှာ စိတ်လှုပ်ရှားလွန်းသဖြင့် မျက်နှာပင် ဖြူရော်ရော်ဖြစ်နေသည်။ သက်သေဝက်ခြံတွင်းမှ သူပြောနေသည်ကို မနည်းပင် နားထောင်ယူရ၏။ အယ်လီနာ အသက်ရှင်နေစဉ်က အယ်လီနာနှင့်အတူ အတင်းပြောဖော်ပြောဖက် ဖြစ်သဖြင့် အယ်လီနာ၏အကြောင်းကို ခရေစေ့တွင်းစေ့ကျ သိသူ ဖြစ်ပေသည်။

ဘက်စီဖား(လ်)က အယ်လီနာ မမာပုံကစ၍ပြောသည်။ ထို့နောက် အယ်လီနာ ထားရစ်ခဲ့သော သေတမ်းစာအကြောင်း၊ ပေါ(လ်)က အယ်လီနာအပေါ် နာကြည်းပုံ၊ လင်မယား တကျက်ကျက် ရန်ဖြစ်ကြပုံတို့ကို အသံတိုးတိုးဖြင့် ဆက်၍ ပြော၏။

သူမအား ဆာကဲနက်က ပြန်လှန်မေးခွန်းထုတ်မည်ဟု မတ်တတ်ရပ်လိုက်သည့်အခါတွင် ဘက်စီဖား(လ်)၏ မျက်နှာတွင် စိတ်သက်သာရာ ရသွားသည့်ပုံကို တွေ့ရ၏။ ပေါ(လ်)ကို ရှေ့တွင်ထား၍ ပေါ(လ်)၏ အကြောင်းကို ပြောပြနေရသည်ကို မျက်နှာပူဟန်တူပေသည်။

ဆာကဲနက်က ဤသို့ မေးသည်။

"ခုနက မစ္စစ်ဖား(လ်) ပြောသွားတဲ့အထဲမှာ တကျက်ကျက် ရန်ဖြစ်ကြတယ်လို့ ပါတယ်၊ အဲဒီလို တခြားလင်မယားတွေလဲ ဖြစ်ကြတာပဲ မဟုတ်လား"

ဘက်စီဖား(လ်)က ခပ်သွက်သွက် ဖြေလိုက်သည်။

"ဟုတ်ကဲ့ရှင်၊ အဲဒီလိုပဲ ဖြစ်လေ့ရှိပါတယ်"

ပေါ(လ်)ဘက်မှ ထိုမျှလောက်လိုက်ရသည့်အတွက် ဘက်စီဖား(လ်)ခမျာ အတော်ကလေး စိတ်သက်သာရာရသွားသည့် ပုံရှိ၏။

ဖြေပြီးသွားသည့် အခါ၌ နောက်ထပ် မေးမည်ကို အဆင်သင့်စောင့်နေ၏။

ဆာကဲနက်က နောက်ထပ် မေးပြန်သည်။

"နောက်ထပ် မေးခွန်းတစ်ခု မေးပါရစေဦးဗျာ၊ မစ္စစ်ဘက်စီဖား(လ်) အကယ်၍သာ မစ္စတာပေါ(လ်)ပရက်ဆက်အပေါ်မှာ သက်သေမကောင်း မဖြစ်ခဲ့ဘူးဆိုရင် သူဟာ သနားကြင်နာတဲ့ စိတ်ထားရှိသူ တစ်ဦးလို့ ဆိုနိုင်ပါ့မလား"

"ကောင်းကောင်းကြီး ဆိုနိုင်တာပေါ့ရှင်"

ဆာကဲနက်က သူ၏ လက်နှစ်ဘက်ကို နောက်သို့ပစ်လျက် ဂျူရီအဖွဲ့ဝင်များဘက်သို့ မျက်နှာလှည့်ကာ ဘက်စီဖား(လ်)ကို ပြောသည်။

"ကျေးဇူးပါပဲ မစ္စစ်ဘက်စီဖား(လ်) ...အခုလို ဒုက္ခခံပြီး ဖြေကြားပေးတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်"

ပြောပြီးသည်နှင့် သူ၏ ကုလားထိုင်တွင် ပြန်၍ ထိုင်ချလိုက်သည်။

ဘက်စီဖား(လ်) ပြီးသည့်အခါ၌ မစ္စစ်ဘရစ်(စ်)စကိုးမှာ ပေါ(လ်)အပေါ်၌ မူလက ကြည်ညိုလေးစားနေရာမှ လူသတ်မှုသတင်းကို ကြားပြီးကတည်းက ကြည်ညိုလေးစားမှု ပျက်သွားခဲ့သည်။ မစ္စစ်ဘရစ်(စ်)စကိုးမှာ ထွက်ဆိုချက်ပေးရာ၌ ထစ်ထစ်ငေါ့ငေါ့မရှိ၊ သွက်လက်ချက်ချာစွာ ပြောသွား၏။ တစ်နည်းပြောရလျှင် လျှာအတော်ရှောင်သော မိန်းမကြီးဖြစ်၏။ ဤသို့ လျှာရှောင်သည့်အတွက် အကွက်ချောင်းနေသော ဆာကဲနက်က မစ္စစ်ဘရစ်(စ်)စကိုး ပြောသွားသည့်အထဲတွင် ဟာကွက်များ၊ ပျော့ကွက်များကို ဖမ်းမိသွားသည်။

ကြက်တိန်ညင်ကလေး ဆာကဲနက်မှာ သဘောကျစွာဖြင့် သူ၏ လက်ထောက်ရှေ့နေ နှစ်ဦးနှင့် တီးတိုးပြောလိုက်၊ သူ့အတွက် အချက်အလက်ရှာပေးနေသည့် ရှေ့နေများနှင့် တိုင်ပင်လိုက်ဖြင့်၊ မစ္စစ်ဘရစ်(စ်)စကိုးကို မေးခွန်းထုတ်ရန်အတွက် ပြင်ဆင်နေသည်။

မစ္စစ်ဘရစ်(စ်)စကိုးကို မေးခွန်းထုတ်ဖို့ အချိန်ရောက်လာလေပြီ၊ ဆာကဲနက်က သူ၏မျက်နှာပေါ်တွင် တပ်ထားသော ကျွဲကော်ကိုင်းမျက်မှန်ကို လက်ချောင်းကလေးများဖြင့် အသာကိုင်ရင်း သူ၏ ပြန်လှန် မေးခွန်းကို စတော့၏။ သူ၏ အမူအရာနှင့် စကားသံမှာ အိမ်ပေါက်စေ့ ဈေးလိုက်ရောင်းသော ဈေးသည်ထက်ပင် ညင်သာသေး၏။

"မစ္စစ်ဘရစ်(စ်)စကိုး ခင်ဗျာ၊ ကျွန်တော် အကူအညီ နည်းနည်းတောင်းပါရစေ"

ဤသို့ အစချီလိုက်လျှင်ပင် သူ့အကြောင်းနှင့် သူ့အထာကို သိပြီးသူတို့ကမူ ဆာကဲနက်ကတော့ သက်သေမိန်းမကြီးကို ဘယ်အချက်မှာတီးလိုက်မည်လဲဟု စိတ်ဝင်စားမှုအပြည့်ဖြင့် နားထောင်နေကြသည်။

မစ္စစ် ဘရစ်(စ်)စကိုးထံမှ ပထမဦးဆုံး ညှစ်ထုတ်ယူလိုက်သည့်အဖြေမှာ သွားလေသူမစ္စစ်အယ်လီနာပရက်ဆက်သည် ကောင်းမေ့ဆိုသမျှ ဆေးတို့ကို မလွှတ်တမ်းသောက်လေ့ ရှိသူဖြစ်ကြောင်းနှင့် တစ်အိမ်လုံးတွင် ဆေးပုလင်းအလွတ်များ အနှံ့အပြားရှိနေကြောင်းဟူသော အချက်ဖြစ်သည်။

**စိတ်ကူးချိုချို**

ဤအဖြေကို ရပြီးသည့်နောက်တွင်မှ သူက ရုတ်တရက် ဒေါနှင့်မောနှင့် မေးတော့၏။

"ခင်ဗျားအပေါ်မှာ မစ္စတာပရက်ဆက်က ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ် မဟုတ်ဘူးလားဗျ၊ မစ္စစ်ဘရစ်(စ်)စကိုးရဲ့"

မစ္စစ်ဘရစ်(စ်)စကိုးက ဆာကဲနက်၏ အမူအရာနှင့်လေသံ ရုတ်တရက် ပြောင်းသွားသဖြင့် ခေတ္တမျှ ကြောင်သွားကာ မဖြေချင်ဖြေချင်ဖြင့် ပြန်၍ဖြေသည်။

"ဟုတ်ကဲ့၊ ယဉ်ယဉ်ကျေးကျေးနဲ့ မဆက်ဆံဘူးလို့တော့ မဆိုနိုင်ပါဘူးရှင်"

လိုလိုလားလားပဲဖြေသည်ဖြစ်စေ၊ မဖြေချင်ဖြေချင်နှင့်ပဲ ဖြေသည်ဖြစ်စေ၊ ဖြေလိုက်သည့် အဖြေကတော့ ဆာကဲနက်အလိုရှိသည့်အဖြေပင် ဖြစ်သည်။

တကယ်တော့လည်း ဆာကဲနက်က ဒီယုန်မြင်၍ ဒီချုံထွင်လိုက်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ဆာကဲနက် မည်သည့်စကားကိုမျှ ဆက်၍ မပြောသေး။ ပထမ မစ္စစ်ဘရစ်(စ်)စကိုး၏ မျက်နှာကို ခပ်ကြာကြာ စိုက်၍ ကြည့်သည်။ ထို့နောက် သူ၏ငှက်နှုတ်သီးသဖွယ် နှာခေါင်းကောက်ကောက်ကြီးကို ဂျူရီလူကြီးမင်းများ ဘက်သို့ လှည့်ကာ အဓိပ္ပာယ်ပါပါဖြင့် ခပ်ကြာကြာကလေး ကြည့်ပြန်သည်။

စကားလုံးဖြင့်မပြောသော်လည်း ထိုအကြည့်က 'ကဲ...ဘယ်နှယ်ရှိစ အရပ်ကတို့' ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

ဆာကဲနက်က သူ၏မေးခွန်းကို ဆက်၍ မေးပြန်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် နောက်တစ်ချက် မေးဦးမယ်၊ မစ္စစ်ဘရစ်(စ်) စကိုး၊မစ္စတာပရက်ဆက်ဟာ သူ့မိန်းမနဲ့ ခဏခဏ စကားများတာကလွဲပြီး တစ်ပါးသူအပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့အပြုအမူမျိုး ပြုလုပ်တာ တွေ့ခဲ့ဘူး သလားဗျ"

မစ္စစ်ဘရစ်(စ်)စကိုးက ခေတ္တမျှ တွေနေသေးသည်။

"ဟင့်...ဟင့်အင်း...မတွေ့ဖူးပါဘူး"

မိန်းမကြီးက အထွန့်တော့ တက်လိုက်သေးသည်။

"တစ်ခုတော့ရှိပါတယ်၊ ကျွန်မကလဲ သူတို့အိမ်မှာ တစ်ချိန်လုံး ရှိနေတာတော့ မဟုတ်ဘူး"

ဆာကဲနက်က မိန်းမကြီးအား သနားသည့် အမူအရာဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းရင်း ဂျူရီလူကြီးများဘက်သို့ အဓိပ္ပာယ်ပါပါဖြင့် လှည့်ကြည့်ပြန် သည်။

"ဒီ မိန်းမကြီးရဲ့ တရားခံပေါ်ထားရှိတဲ့ စိတ်သဘောထားကတော့ လူကြီးမင်းများ မြင်တဲ့အတိုင်းပါပဲ"ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

ဂျူရီလူကြီးများ သဘောပေါက်လောက်ပြီဟု ယူဆရသည့် အချိန်ရောက်မှ သူ၏မျက်မှန်ကို နေရာပြင်ရင်း ဆက်၍ မေးပြန်သည်။

သူ၏လေသံနှင့် အမူအရာက ပြောင်းသွားပြန်လေပြီ။

အသံက တိုးတိုး၊ အမူအရာက နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း။

"ခင်ဗျားနဲ့ အိမ်ဖော်မကလေး အယ်နီတို့ အပေါ်မှာ၊ မစ္စတာ ပရက်ဆက်ရဲ့ ဆက်ဆံပုံကတော့ ညာညာတာတာ ရှိရဲ့လား"

ဒီအချိတ်တွင်လည်း မစ္စစ်ဘရစ်(စ်)စကိုး ဝန်ခံရပြန်လေပြီ။

"ဟုတ်ကဲ့၊ ညာညာတာတာရှိတယ်လို့ ပြောရပါမယ်"

ဆာကဲနက်က သူ၏ မျက်မှန်ကို နေရာ ပြင်ရပြန်လေပြီ။ ဤသို့ နေရာပြင်ပြီဆိုလျှင်တော့၊ သူ့ရှေ့မှောက်၌ရှိသော သက်သေမှာ၊ သူ၏ မေးခွန်းကို သတိထား၍ ဖြေဖို့လိုလာသည်။ တစ်ကွက်မှားလျှင်တော့ ဆာကဲနက်က စားသွားပေလိမ့်မည်။

"ခင်ဗျားပြောတဲ့ထဲမှာ 'ညာညာတာတာ ရှိတယ်လို့ ပြောရပါမယ်'လို့ ဆိုတယ်၊ ညာညာတာတာရှိတယ်ဆိုရင်လဲ ပြီးရောပေါ့၊ ဟုတ်ဘူးလား၊ 'ရှိတယ်လို့ ပြောရပါမယ်'ဆိုတော့ကာ ခင်ဗျားဟာ တရားခံအပေါ်မှာ သိပ်ပြီး ကျေကျေနပ်နပ် ရှိပုံမပေါ်ဘူး၊ ခင်ဗျားနဲ့ တရားခံနဲ့ မသင့်မတင့်ဖြစ်စရာ အကြောင်းများ ရှိသလား"

ချောင်ပိတ်မိနေပြီ ဖြစ်သော်လည်း၊ မစ္စစ်ဘရစ်(စ်)စကိုး က ဆာကဲနက်အား ပြန်ပက်လိုက်သေးသည်။

"သူ့လိုလူမျိုးကို ဘယ်သူက အပေါင်းအသင်း လုပ်ချင်မှာလဲရှင့်"

ဆာကဲနက်က တစ်ခွန်းသာ ပြန်ပြော၍ နေရာတွင် ပြန်၍ ထိုင်လိုက်သည်။

"ဟုတ်လား"

မစ္စစ်ဘရစ်(စ်)စကိုး ပြီးသွားသည့်နောက် သူ၏ ခင်ပွန်းသည် မစ္စတာဘရစ်(စ်)စကိုး တက်၍လာသည်။ ဘရစ်(စ်)စကိုးသည် ဆံပင်ကို သေသပ်ကျနစွာ ဖြီးထားသည်။ လည်ပင်းကော်လံမှာလည်း ကြွေတိုက်ထားသဖြင့် တောင့်နေသည်။ သူ၏ အမူအရာသည်ကား ပန်းပင်စိုက်ခြင်းနှင့် ပေါင်းပင်သတ်ခြင်းအကြောင်းကို ရှင်းပြရမည်ဆိုလျှင်၊ ဝတ်လုံတော်ရ ဆာကဲနက်လို လူမျိုးမဆိုထားနှင့်၊ လန်ဒန်မြို့တော်ဝန်ကို ရှင်းပြရမည်ဆိုဦးတော့၊ စိုးစဉ်းမျှ မတုန်မလှုပ်ဘဲ ရှင်းပြမည်ဟူသော အမူအရာမျိုး ဖြစ်သည်။

စိတ်ကူးချိုချို

ဤသို့ ဝင့်ဝင့်ကြွားကြွား အမူအရာဖြင့် သက်သေ ဝက်ခြံအတွင်းသို့ တက်ပြီး ဆာကဲနက်၏ မေးခွန်းများကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ဖြေသည်။ ပေါ(လ်) ဇရက်ဆက်သည် ပန်းပင်စိုက်ခြင်းကို ဝါသနာပါကြောင်း၊ ပန်းခြံထဲမှ ပေါင်းပင်များကို သတ်ရန်အတွက်၊ ပေါင်းပင်သတ်ဆေး၏ အစွမ်းသတ္တိကို ရိုးရိုးသားသား မေးခြင်း ဖြစ်နိုင်ကြောင်း ဘရစ်(စ်)စကိုးက ဖြေသွားသည်။

"မှန်ပါတယ်ခင်ဗျ၊ ပန်းပင်စိုက် ဝါသနာပါတဲ့ လူတိုင်းဟာ ပေါင်းပင် သတ်ဆေးအကြောင်းကို မေးချင်မြန်းချင် ရှိမယ်လို့ ကျွန်တော်ယူဆပါတယ်"

ဆာကဲနက်ကလည်း မစ္စတာ ဘရစ်(စ်)စကိုးအား လိုက်လိုက်လဲ့လဲ့ အမူအရာဖြင့် ကျေးဇူးတင်ကြောင်း ပြန်၍ ပြောသည်။ သူ၏ စိတ်နှင့် မတွေ့သော သက်သေများအပေါ်၌ ဆက်ဆံပုံနှင့်ကား ကွာခြားလှသည်။

ဘရစ်(စ်)စကိုး၏ အလှည့်ပြီးသွားသည့်အခါ၌ သေတမ်းစာကို ထိန်းသိမ်းရသူ ရှေ့နေက ထွက်ဆိုချက်ပေးသည်။ သူပြီးသွားသည့်အခါ၌ ဘဏ်မန်နေဂျာ၏ အလှည့်ဖြစ်သည်။ ထိုဘဏ်မန်နေဂျာက အယ်လီနှာ အသက်ရှိစဉ်က မိုင်ရာဘွန်းသို့ ပေါ(လ်)က လစဉ်မှန်မှန် ချက်လက်မှတ်ဖြင့် ငွေထောက်နေခြင်းနှင့် စပ်လျဉ်း၍ ထွက်ဆိုချက်ပေးသည်။ ထို့နောက် ဘလွန်းဘရီ ဒေသတစ်ဝိုက်တွင် ပေါ(လ်)နှင့် မိုင်ရာတို့ နေ့လယ်ပိုင်းချိန်းတွေ့သည့်အခါ အခန်းငှားခဲ့သော ဟိုတယ်များမှ ကောင်တာ စာရေးများ၏ အလှည့် ဖြစ်သည်။

ထိုသူများကို အစိုးရဘက်မှ သက်သေအဖြစ် ခေါ်ယူကာ ဆာဟေးမင်း မေးခွန်းထုတ်ခြင်း ဖြစ်သည်။ ဆာဟေးမင်း မေးပြီးသည့်အခါ၌ ဆာကဲနက်က တရားခံ ရှေ့နေ အနေဖြင့် ပြန်လှန်မေးခွန်းထုတ်ရန်ဖြစ်၏။ ဤသို့ မေးခွန်းထုတ်ရန် သူ၏ အလှည့်သို့ ရောက်သည့်အခါ၌ ဆာကဲနက်က မိမိကိုယ်မိမိယုံကြည်မှု အပြည့်အဝရှိသည့် ပုံသဏ္ဌာန်ဖြင့် လေသံ ခပ်ခပ်ကြွားကြွား ပြောလိုက်သည်။

"တရားခံဘက်မှ မေးခွန်းထုတ်ဖို့ မရှိပါဘူးခင်ဗျာ"

ဆာကဲနက်၏ ဟန်မှာ သူ၏ အမူသည် အလွန်တရာ နိုင်မာလှသဖြင့် ထိုသက်သေများကိုပင် မေးခွန်းထုတ်နေစရာ မလိုတော့ဟူသည့် အဓိပ္ပာယ်ကို ဆောင်သော ဟန်မျိုးဖြစ်သည်။

ယခု အယ်နီ၏ အလှည့်သို့ ရောက်လာလေပြီ။

တစ်ခါက ပေါ(လ်)နှင့် အယ်လီနှာတို့၏ အိမ်တွင် အိမ်ဖော်အဖြစ် လုပ်သွားသည့် ကလေးမကလေး အယ်နီဖြစ်သည်။ သူကလေးသည် သက်သေဝက်ခြံထဲတွင် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရပ်နေသည်။ သူ၏ ပါးမို့မို့ကလေးများမှာ

နှင်းဆီသွေးရောင်ကြွနေသည်။ လက်အိတ်စွပ်ထားသော လက်ကလေးများကလည်း တုန်လှုပ်လျက်ရှိကာ မျက်လုံးများကလည်း ကျီးကန်းတောင်းမှောက် ဖြစ်နေ၏။ ကလေးမ ကလေးသည် ပေါ(လ်)နှင့် အကြည့်ချင်းဆုံသွားရာ တစ်ကိုယ်လုံး ထူပူသွားသည်။

ဆာဟေးမင်း၏ မေးခွန်းကို ဖြေပုံကိုကြည့်၍ ပြောရလျှင်၊ ဤကလေး ကလေးအား အစိုးရဘက်မှ ခေါ်ယူလာခြင်း ဖြစ်သော်လည်း၊ သူ၏ အလုပ်ရှင်ဟောင်း ပေါ(လ်)အား ဒုက္ခ ဖြစ်အောင်တော့ ကလေးမကလေးက ထွက်ချက်ပေးလိမ့်မည် မဟုတ်သည်မှာ သေချာနေသည်။ ဤအခြေအနေကို ပေါ(လ်)ကလည်း သဘော ပေါက်သည်။

ပေါ(လ်)တို့ လင်မယား ရန်ဖြစ်ကြပုံများကို မေးသည့်အခါ၌၊ အယ်နီက သူ၏ ထင်မြင်ချက်ကိုပါထည့်၍ ပြောလိုက်သေးသည်။

"ကျွန်မအနေဖြင့် ပြောရမယ်ဆိုရင်တော့ အဲဒီလို ရန်ဖြစ်ရတာဟာ ဦးလေး ပေါ(လ်)ကြောင့် ဖြစ်ရတာ မဟုတ်ပါဘူး၊ မခံမရပ်နိုင်တဲ့ အခြေအနေကို ရောက်လာလို့ ဖြစ်တာပါ"

တစ်ဖန် ပေါ(လ်)က အယ်လီနာအပေါ်တွင် ရင့်သီးကြမ်းတမ်းစွာပြောသည် ပါသလားဟူသော မေးခွန်းကိုလည်း အယ်နီက ဤသို့ဖြေသည်။

"ဟုတ်ကဲ့၊ တစ်ခါတလေ သိပ်ဒေါပြစ်လာရင်တော့လဲ ပေါက်ကွဲထွက်လာ ပါတယ်၊ ဒါကလဲ ဘယ်သူမဆို သူလို ခံစားနေရရင်တော့ ..."

အယ်နီ၏ စကားမဆုံးခင် တရားသူကြီးက မေးခွန်းကိုသာဖြေဖို့၊ သူ၏ ထင်မြင်ချက်ကို ထည့်သွင်း မပြောဖို့ ချော့မော့၍ပြောရသည်။

အယ်နီကလေးက မျက်တောင် တဖျပ်ဖျပ်ခပ်လျက် တရားသူကြီးအား တောင်းပန်စကားပြောရှာ၏။ သူ၏ စိတ်ထဲ၌မူ ငါမှန်တယ်ထင်တာ ပြောတာပဲ တွေးလိုက်မိသေးသည်။

သူ့ကို နောက်ထပ် မေးသည့်မေးခွန်းမှာ သူ့အား အလုပ်မှထုတ်ပစ်သူမှာ ပေါ(လ်) ဖြစ်သလားဟူသည့် မေးခွန်းဖြစ်သည်။

သူက ဟုတ်ကဲ့ ဟူ၍ တစ်ခွန်းသာဖြေပြီး ပခုံးကလေးနှစ်ဘက်ကိုတွန့်ပြ လိုက်သည်။

ဤသို့ ပခုံးတွန့်လိုက်သည်မှာ အဓိပ္ပာယ်အများကြီးပါသည်။ ,ကိုယ့်ဘ ထင်မြင်ချက် မပေးပါနဲ့ဟူ၍ သူ့ကို ပိတ်ပင်ထားသည်မို့၊ ဘာမျှ မပြောတော့ပါ ဟူသည့် အဓိပ္ပာယ်ကို၊ ပခုံးတွန့်၍ ပုံဖော်လိုက်ခြင်း ဖြစ်ပေသည်။

**စိတ်ကူးချိုချို**

ဆာကဲနက်ကတော့ ကုလားထိုင်နောက်မှီကို မှီရင်း အယ်နီ ကလေးပြောပုံကို သဘောကျစွာ ကြည့်နေသည်။ သူတစ်ယောက်တည်း ကြည့်၍မနေ၊ သူ့ကို အချက်အလက် ရှာပေးရသည့် ရှေ့နေများကိုရော၊ ဂျူရီလူကြီးများပါ အယ်နီကလေး အပေါ်၌ စိတ်ဝင်စားလာအောင် သူ၏ အမူအရာဖြင့် လမ်းညွှန်မှုပြုလိုက်သေးသည်။

ဆာကဲနက်အဖို့ သဘောကျနိုင်သလောက်၊ မေးခွန်းထုတ်ရသူ ဆာဟေးမင်း အဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်နေသည်။

မေးရင်းမေးရင်းနှင့် အယ်လီနာ ခရီးထွက်နေစဉ်ကာလအတွင်း၊ ပေါ(လ်)၏ အခန်းအတွင်း၌ တစိမ်းတရံစာ တစ်ယောက်အိပ်ခဲ့သလား၊ အိပ်ခဲ့သူမှာ မိုင်ရာဘွန်းဟု ပြောနိုင်သလား ဟူသော မေးခွန်းသို့ ရောက်လာသည်။

အယ်နီခများ မပြောချင်ပြောချင်ဖြင့် ခေါင်းကလေးကို ငုံ့ကာ အသံ တိုးတိုးကလေးဖြင့် ဖြေသည်။ သူ၏ စိတ်တွင်တော့ သူဖြေသည်ကို ဂျူရီ လူကြီးမင်းများ မကြားကြပါစေနှင့်ဟု ဆုတောင်းမိသည်။

"ဟုတ်ကဲ့ရှင့် ...ခေါင်းအုံးကို နမ်းကြည့်တာတော့ ရေမွှေးနံ့လိုလို အနံ့ရ ပါတယ်"

ဤအဖြေကို ရသည်တွင် ဆာဟေးမင်းက ဆက်၍ မမေးတော့၊ သူလိုချင် သည်မှာ ဤအဖြေပင်ဖြစ်သည်။ ထို့ကြောင့် အသာအယာ နေရာတွင်ပြန်၍ ထိုင်လိုက်သည်။

ဆာကဲနက် ထရပြန်လေပြီ။

သူက ချိုသာနိုင်သမျှ အချိုသာဆုံးသော အသံဖြင့် အယ်နီကလေးကို စ၍ မေးသည်။

"ကလေးမ၊ မင်းအပေါ်မှာ မစ္စတာပရက်ဆက်က ကြင်ကြင်နာနာ ညာညာ တာတာ ရှိရဲ့လား"

အယ်နီကလေးမျက်လုံးများ အရောင်ထွက်လုမတတ် ဝမ်းမြောက်စွာဖြင့် ပြန်ဖြေသည်။

"ဟုတ်ကဲ့ရှင့်၊ ဦးလေးပေါ(လ်)က ကျွန်မအပေါ်မှာ သိပ်ကောင်းရှာပါတယ်"

"မင်းအလုပ် ပင်ပန်းနေတဲ့အခါ ဝိုင်းကူလုပ်ကိုင်ပေးသလားကွယ့်"

"ပေးပါတယ်၊ မကြာခဏဆိုသလိုပါပဲ"

"မင်းအပေါ် အတော်ကောင်းတာပေါ့နော်"

"ဟုတ်ပါတယ်၊ ဦးလေးပေါ(လ်)ဟာ အစဉ်သဖြင့် စိတ်သဘောထား ဖြူစင်တဲ့ လူကြီးလူကောင်းတစ်ဦးပါရှင်..."

ပြောရင်းနှင့် အယ်နီ၏အသံမှာ တိမ်ဝင်သွားကာ ရှိုက်သံပါလာသည်။

အယ်နီ၏ အဖြေကို အလွန်တရာသဘောကျ ကျေနပ်နေသော ဆာကဲနက်က အယ်နီကို ချော့ရသည်။

"စိတ်တင်းထားပါကွယ်၊ မင်းကို မေးခွန်းတစ်ခုလောက်ပဲ မေးပါ တော့မယ် ဟုတ်လား၊ ကဲ...ကဲ...မင်းအခုနက ပြောသွားတဲ့ တရားခံဟာ အစဉ်သဖြင့် စိတ်သဘောထားဖြူစင်တဲ့ လူကြီးလူကောင်းတစ်ဦးပါ"ဆိုတာ ဘာဆိုလိုတာ လဲကွယ့်"

ရှိုက်နေသည့်ကြားမှ အယ်နီက ပြန်ဖြေသည်။

"ကျွန်မ ဒီထက် ပိုရှင်းအောင်တော့ မပြောတတ်ဘူးရှင်၊ ကျွန်မအပေါ်မှာတော့ အမြဲတမ်းပဲ လူကြီးလူကောင်းပီသစွာ ဆက်ဆံတာတွေ့ရတာပဲ"

"ဟုတ်လား အေး...အေး...ကျေးဇူးပါပဲကွယ်၊ ကဲ...နောက်တစ်ခုမေးဦး နော် ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"မင်းကို အလုပ်ကရပ်စဲတဲ့ အခါတုန်းက၊ အဲဒီလို အလုပ်က ရပ်စဲလိုက်ရတာ ဝမ်းနည်းတဲ့အကြောင်းတွေ ဘာတွေ မပြောဘဲနဲ့ တုံးတိတိပဲ ရပ်စဲလိုက်သလား"

"မဟုတ်ပါဘူးရှင့်၊ ဦးလေးဟာ ကျွန်မအပေါ်မှာ အလွန်ညှာပါတယ် အလုပ်ရပ်စဲတုန်းကသာ မဟုတ်ပါဘူး အမြဲတမ်းပါပဲ"

ဤသို့ ပြောပြီးသည်နှင့် မျက်ရည်များဖြင့် ပြည့်နေသော မျက်လုံးကြီးများဖြင့် တရားသူကြီးကို မော်၍ကြည့်လိုက်ပြီး ဘာကိုမျှ ဂရုမစိုက်တော့သောဟန်ဖြင့် ပြောချလိုက်သည်။

"ကျွန်မသေသေချာချာ သိပါတယ်ရှင်၊ သူမသတ်ပါဘူး၊ တကယ်ပဲ သူ မသတ်ပါဘူး"

ပြောရင်းနှင့် ခေါင်းကလေးကိုငုံ့ကာ လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ရင်း တရှုံ့ရှုံ့ ငိုလေတော့သည်။

ဆာကဲနက်က ချော့ရပြန်သည်။

"အေးပါကွယ်၊ တိတ်ပါ တိတ်ပါ၊ တော်ပါပြီ၊ မင်းကို ဆက်မမေးတော့ ပါဘူး"

ထို့နောက် သတင်းထောက်များဘက်သို့ လှည့်ကြည့်ရင်း ပြန်၍ ထိုင်လိုက် သည်။

သံတင်းထောက်များကတော့ ဆာကဲနက်ကိုကြည့်၍ မနေအား။ ကုန်း၍သာ ရေးနေကြသည်။

ငိုရှိုက်နေသော အယ်နီကလေးအား ရုံးလုလင်တစ်ဦးက အသာအယာ လက်မောင်းကိုကိုင်၍ သက်သေများနားနေရာသို့ ခေါ်သွားရသည်။

"ဒေါက်တာဝါးတားဟော(လ်)"

ဤအမည်ကို ခေါ်သံကြားလိုက်ရသည်နှင့် ရုံးခန်းမထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ဒေါက်တာ ဝါးတားဟော(လ်)က ရဲအရာရှိများထိုင်နေရာ စားပွဲ၊ သတင်းထောက်များရေးနေရာစားပွဲတို့ကိုဖြတ်လျက် သက်သေဝက်ခြံဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။ သူစောင့်မျှော်နေသည့်အချိန်ရောက်လာပေပြီ။

နိုင်ငံကျော်ကြား လူသိများသည့် လူသတ်မှုများတွင် သက်သေအဖြစ် ထွက်ချက်ပေးရသည့် ဆရာဝန်များသည် ဆေးပညာရပ်ဆိုင်ရာ စကားလုံးများကို သုံး၍ သေမှုဆေးခင်းအကြောင်းကို ပြောသည့်အခါ၌ တရားသူကြီးနှင့်တကွ ဂျူရီ အဖွဲ့ဝင်များ၊ ပရိသတ်များက ဂရုတစိုက် နားထောင်ကြသည့်အကြောင်းကို သတင်းစာများတွင် သူက ဖတ်မိဘူးသည်။

ယခု သူ၏အလှည့် ရောက်လာပေပြီ။

အချိန် အခါနှင့် လိုက်လျောအောင် ဒေါက်တာဝါးတားဟော(လ်)က အဝတ်အစားကို ကျကျနန ဝတ်ဆင်လာခဲ့သည်။ သာမန်ဝတ်စုံမျိုးမဟုတ်ပါ၊ ကုတ်အင်္ကျီမှာ နံနက်ပိုင်းအခမ်းအနားဝတ် 'မောနင်းကုတ်'ဟု ခေါ်သော သာမန် ကုတ်အင်္ကျီထက်ပို၍ နောက်ဘက်တွင်ရှည်သော ကုတ်အင်္ကျီမျိုးဖြစ်သည်။ ရှပ်အင်္ကျီ ပေါ်မှထပ်၍ဝတ်ထားသော 'ဝေစ်(စ်)ကုတ်'ကလည်း ထိုမောနင်းကုတ်နှင့်တွဲ၍ ဝတ်ရသည့် အဖြူရောင် ဖဲသားဖြင့် ချုပ်ထားသော 'ဝေ့(စ်)ကုတ်'ဖြစ်သည်။

သူ့အလှည့်မတိုင်မီ သက်သေများမှာ ပညာတတ်လူတန်းစားထဲက မဟုတ်သဖြင့်၊ သူတို့၏ ထွက်ဆိုချက်များကို နားထောင်ခဲ့ရသည်မှာ အနှစ်သာရ ရှိမည်မဟုတ်၊ ထို့ကြောင့် ရုံးခန်းမတွင်းရှိ လူအားလုံးက အနှစ်သာရရှိသော ထွက်ချက်များကို ကြားစေရန်မှာ သူ၏ တာဝန်ဖြစ်နေပြီဟူသော စိတ်ကူးဖြင့် ဒေါက်တာဝါးတားဟော(လ်)က ဆာဟေးမင်းကို ရင်ဆိုင်လိုက်သည်။

ဆာဟေးမင်း၏ အဓိကမေးခွန်းကို ဖြေကြားသည့် ဒေါက်တာ ဝါးတား ဟော(လ်)၏ အသံမှာ ပြတ်ပြတ်သားသား တည်တည်ငြိမ်ငြိမ်ဖြစ်သည်။ စိတ်လှုပ်ရှား သည့် အသွင်သဏ္ဍာန် လုံးဝမရှိ။ စကားလုံးအသုံးအနှုန်းကလည်း ပညာရပ်ဆိုင်ရာ

စကားလုံးများမှလွဲ၍ တန်ဆာဆင်ခြင်းမရှိ၊ အပိုအလိုမရှိ၊ တိတိကျကျသာ ဖြစ်သည်။ 'ဟုတ်ကဲ့' 'မှန်တယ်' စသော အဖြေများဖြစ်သည်။ ပြောပုံမှာ အဆင့်တူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ပြောကြပုံမျိုးဖြစ်သည်။

စိန်အဆိပ်စားမိသည့်အခါ ဖြစ်ပေါ်လာသည့် ဝေဒနာလက္ခဏာများ အကြောင်းနှင့် 'ဂက်စထရိုအင်တီရိုက်တစ်'ခေါ် အစာအိမ် အမြှေးရောင်၍ အပြင်းအထန် လေထိုးဗိုက်အောင့်သော ရောဂါကြောင့် ဖြစ်ပေါ်လာသော ဝေဒနာလက္ခဏာများအကြောင်းကို ပြောပြသည့်အခါ၌ ဆေးပညာရပ်ဆိုင်ရာ စကားလုံး အတော်များများကို ပြောရသည်ဖြစ်ရာ၊ အချို့စကားလုံးများကို တရားသူကြီးနှင့်တကွ ဂျူရီအဖွဲ့ဝင်များ နားလည်နိုင်သော စကားလုံးများ မဟုတ်ချေ။ ဤအဖြစ်ကို ဒေါက်တာဝါးတားဟော(လ်)ကလည်း သိ၏။ သိသဖြင့် သဘောကျနေသည်။

သူ၏ အဓိက ထွက်ချက်ကို ပေးပြီးသွားသည့်အခါ၌ ဒေါက်တာဝါးတား ဟော(လ်)က သူ့ကိုယ်သူ အလွန်ကျေနပ်နေ၏။ ယခုဆိုလျှင် အများရှေ့တွင် သူသည် အဓိကအစိုးရသက်သေအဖြစ် လိုကွက်၊ ဟာကွက်မရှိ ထွက်ချက်ပေးခဲ့ ပြီးပေပြီ။ ပညာရှင်တစ်ဦးဖြစ်ကြောင်း၊ အများအကျိုးကိုဆောင်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းကိုလည်း ပြသခွင့်ရလိုက်ပြီးပေပြီ။

အစိုးရဘက်မှ ဝတ်လုံတော်ရကြီး ဆာဟေးမင်းဒရူးဝါးက ဒေါက်တာဝါးတား ဟော(လ်)အား မေးခွန်းထုတ်ပြီးသွား၍ ထိုင်လိုက်သည့်အခါ၌ ညနေငါးနာရီ ထိုးခါနီး ဖြစ်နေပေပြီ။ တရားသူကြီးက နံရံရှိ နာရီကို ပထမကြည့်သည်၊ ထို့နောက် တရားခံဘက်မှ ဝတ်လုံတော်ရကြီး ဆာကဲနက်အက်ဒီဘက်သို့ ကြည့်၍ မေးသည်။

"ဘယ့်နှယ်လဲ ဆာကဲနက်၊ ဒီ အစိုးရသက်သေကို လူကြီးမင်းက ပြန်လှန် မေးခွန်းထုတ်တဲ့အခါမှာ သိပ်ရှည်မှာလား"

ဆာကဲနက်က သူ၏ နေရာမှထ၍ တရားသူကြီး၏အမေးကို ဖြေသည်။

"တော်တော်လေး ရှည်လိမ့်မယ်လို့ ယူဆပါတယ် တရားသူကြီးမင်း"

ပြောလိုက်သည့် ဆာကဲနက်၏ မျက်နှာထားမှာ ခပ်ပြုံးပြုံးဖြစ်၏။ အဓိပ္ပာယ် ကတော့အပြည့်ဖြစ်သည်။

"ကောင်းပြီ၊ ဒီလိုဆိုရင်တော့ စစ်ဆေးခြင်းကို ရပ်နားပြီး နက်ဖြန်မှ ဆက်ပြီး စစ်ဆေးတာက ပိုပြီး သင့်တော်လိမ့်မယ်လို့ ရုံးတော်ကယူဆတယ်"

ပြောပြီးသည်နှင့် တရားသူကြီးက အားလုံးဘက်သို့ ဦးညွှတ်ကာ ရုံးခန်းတွင် မှ ထွက်၍ သွားလေတော့သည်။

စိတ်ကူးရိုးရိုး

ပေါ(လ်)အားလည်း အကျဉ်းထောင်မှ ဝါဒါက သူ၏ ဝတ္ထုရားအတိုင်း လာ၍ခေါ်သွား၏။

## {၆}

နောက်တစ်နေ့တွင် အမှုကို ဆက်၍ စစ်သောအခါ၌ လူတိုင်းလူတိုင်းသည် ပွဲကြီးပွဲကောင်းတစ်ပွဲကိုတော့ဖြင့် ကြည့်ရလေပြီဟူသော မျှော်လင့်ချက်ဖြင့် ရုံးခန်းတွင်းသို့ သူ့ထက်ငါနေရာဦးအောင် အရောက်လာကြ၏။ ဝတ်လုံတော်ရ ပေါက်စများက ဝတ်လုံများ တပ်ရသည့်ဆံပင်တုတယမ်းယမ်း ဝတ်ရုံတကားကား ဖြင့် သက်သေဝက်ခြံနံရံနှင့် နီးနိုင်သမျှ နီးအောင် နေရာယူကြသည်။ 'ကြက်တီနိုညင်ကလေးဆာကဲနက်ကတော့ ဆရာဝန်ဦးဂိုက်အိုးကို ရည်ရည် လည်လည် နွှာတော့မှာပဲ'ဟု အချင်းချင်း လက်တို့၍ ပြောနေကြသည်။

ဒေါက်...ဒေါက်...ဒေါက် ဟု သုံးကြိမ်ခေါက်သံ ပေါ်ထွက်လာပြီးနောက် တရားသူကြီးဝင်လာကာ တရားခွင်တွင် ထိုင်သည်။ ရုံးခန်းအတွင်းရှိ မြင်ကွင်းမှာ မနေ့ကနှင့်ဘာမျှမထူးပေ။ တရားခံက သူ၏ ဝက်ခြံအတွင်း၌ ရှိသည်။။ အစိုးရ ဘက်မှ သက်သေဒေါက်တာဝါးတားဟော(လ်)က သက်သေဝက်ခြံအတွင်း၌ရှိသည်။ အတန်းလိုက်ထိုင်နေသော ပရိသတ်ကြီး၏ အစုံစုံသော မျက်လုံးများက ဒေါက်တာ ဝါးတားဟော(လ်)ကို စူးစိုက်ကြည့်နေသည်။ ဆာကဲနက်ကလည်း သူ၏ စားပွဲနောက်တွင် မတ်တတ်ရပ်လျက်သားရှိသည်။

ဆာကဲနက်က ဘာမျှ စကားမဟသေး။ ပထမသူ့စားပွဲပေါ်ရှိ မှတ်စုစာရွက် များကို နေရာတကျဖြစ်အောင် စီနေသည်။ စီပြီးသွားသောအခါ၌ သူ့မျက်နှာပေါ်ရှိ မျက်မှန်ကို နေရာပြင်လိုက်ပြန်သည်။

ပရိသတ်ကြီးကတော့ ဆာကဲနက်ထ၍ မေးမည့်စကားကို စောင့်မျှော် နေကြသည်။

အတော်ကလေးကြာမှ သက်သေရှိရာဘက်သို့ မော့်ကြည့်လိုက်ကာ ထူးဆန်း သည်ဟု ဆိုရလောက်အောင် ယဉ်ကျေးပျူငှာသော အမူအရာဖြင့်စ၍ မေးသည်။

"ဒေါက်တာဝါးတားဟော(လ်)ခင်ဗျား၊ ဒေါက်တာဆီက အချက်ကလေး တစ်ချက်နှစ်ချက်လောက် သိချင်လို့ပါ၊ ကျေးဇူးပြုပြီး ကျွန်တော်ကို ကူညီပါနော် ဟုတ်လား၊ မစ္စစ်အယ်လီနာ မမာတုန်းက ဝေဒနာ ဘယ်လိုခံစားရပုံကို ကျွန်တော်တို့ တော်တော်ပဲကြားခဲ့ရပါပြီ၊ အခု ကျွန်တော်မေးချင်တာကတော့ ပထမအကြိမ် မမာတုန်းကလဲမစ္စစ်အယ်လီနာကို ဒေါက်တာပဲကုသခဲ့ရတယ်ဆိုတာ ဟုတ်ပါ သလား"

"ဟုတ်ပါတယ်၊ ကျွန်တော်ပဲကုသခဲ့ပါတယ်"

"အဲဒီတုန်းက မစ္စစ်အယ်လီနာပရက်ဆက်ရဲ့ ရောဂါဟာ ဗိုက်အောင့်အူရောဂါမျိုးဆိုတာကို ယုံမှားသံသယရှိခဲ့ပါသလား"

"မရှိခဲ့ပါဘူး"

"အခုကော ယုံမှားသံသယရှိပါသလား!"

ဒေါက်တာဝါးတားဟော(လ်)က အဖြေမပေးဘဲ နှုတ်ခမ်းကို တင်းတင်းစေ့လျက် စဉ်းစားနေသည်။

ဆာကဲနက်က ဒေါက်တာဝါးတားဟော(လ်)ထံမှ အဖြေကိုညှစ်ထုတ်ယူသည်။

"အခုလောလောဆယ်မှာကော သံသယရှိသလား၊ ဒါမှမဟုတ် မရှိဘူးလားဆိုတာကလေးကိုပဲဖြေဖို့တောင်းပန်ပါတယ် ခင်ဗျား"

"ဟုတ်ကဲ့၊ အခုတော့ သံသယရှိလာပါတယ်"

"ဟုတ်လား...ကျွန်တော်သိပြီ၊ အဲဒီပထမတစ်ကြိမ်တုန်းက မစ္စစ်အယ်လီနာရဲ့ ရောဂါဟာ ဘာရောဂါလဲလို့ ဒေါက်တာစမ်းသပ်ခဲ့တာကို၊ အခုတော့ ဒေါက်တာကိုယ်တိုင်ပဲအယုံအကြည်မရှိတော့ဘူးဆိုပါတော့"

ဒေါက်တာဝါးတားဟော(လ်)က မျက်နှာနီနီဖြင့် ပြန်ပြောသည်။

"လူဆိုတာ မှားတဲ့အခါလဲ ရှိတာပေါ့ဗျ၊ နောက်ပြီးတော့ ဝေဒနာခံစားနေရတဲ့ လက္ခဏာချင်းကလဲ သိပ်တူနေတာကိုး၊ ဘယ်လောက်တော်တဲ့ဆရာဝန်ပဲဖြစ်ဖြစ် ရောဂါရှာတဲ့နေရာမှာ ဘယ်တော့မှမလွဲပါဘူးလို့ အာမ မခံနိုင်ပါဘူး"

"သိမ်မှန်တာပေါ့ခင်ဗျာ၊ သိပ်မှန်တာပေါ့၊အတော်ဆုံးဆိုတဲ့ ဆရာဝန်များလဲ အမှားလုပ်မိနိုင်ကြတာပဲ"

ဆာကဲနက်က သူ၏ မှတ်စုစာရွက်များကို စူးစိုက်ကြည့်နေသည့်ပုံသဏ္ဌာန်ဖြင့် နှုတ်မှတိုးတိုးရွတ်နေသည်။ တိုးတိုးဆိုပေမယ့် ဂျူရီလူကြီးများ ကြားနိုင်လောက်အောင် ဂရုထား၍ ရွတ်နေသည်။

"အင်း...ဟုတ်တာပေါ့၊ မှားနိုင်တာမှ ကြီးကြီးကျယ်ကျယ်ကို မှားနိုင်တာပဲ"

တစ်ဖန်ဆက်၍ ဒေါက်တာဝါးတားဟော(လ်)ကို မေးခွန်းထုတ်ပြန်သည်။

"ကဲ...ဒေါက်တာ ၊ အဲဒီ ပထမတစ်ကြိမ်မမာတုန်းက အကြောင်းကိုပဲ ဆက်ပြီးပြော ကြဦးစို့နော်...ဟုတ်လား၊ကျွန်တော့်ကို နည်းနည်းဆက်ပြီး အကူအညီပေးပါဦး ဒေါက်တာရယ်"

ဤသို့ ချိုချိုသာသာကလေးဖြင့် ပြန်၍စပြီးသည့် နောက်တွင်ကား ဆာကဲနက်ထံမှ မေးခွန်းများသည် စက်သေနတ်ပစ်သည့်အလား တစ်ခုပြီး

တစ်ခု ထွက်လာတော့၏။ မေးခွန်းများတွင် အကြောင်းအရာစုံပါသည်။ တုပ်ကွေးမိ၍ ဗိုက်အောင့်ခြင်း၊ အပြင်းအထန်လေထိုး၍ ဗိုက်အောင့်ခြင်း၊ နှလုံးရှိ အေအိုတာသွေးကြောမကောင်းခြင်း၊ နှလုံးတွင်းရှိ မိုင်ထရယ်ပြွန်ပေါက်ကျဉ်းခြင်း၊ ဆိုးဆိုးရွားရွားနာနေသော နှလုံးကြွက်သားများအကြောင်း၊ စိန်အဆိပ်အကြောင်း၊ သံသတ္တုဆာလဖိုက်အကြောင်းတို့ ဖြစ်သည်။

ဒေါက်တာဝါးတားဟော(လ်)မှာ သိပ်ကိုအံ့ဩသွားသည်။ မအံ့ဩဘဲနေလို့ မရတော့ပေ။ ဆာကဲနက်က နှလုံးရောဂါအမျိုးမျိုးအကြောင်းနှင့် အဆိပ်အမျိုးမျိုး အကြောင်းကို သူ့ထက်ပင် ပို၍ပြောနိုင်ပေသည်။ ယခုကဲ့သို့ သူနှင့်ရင်ဆိုင်ရန် ဆာကဲနက်က အထူးတလည်ပြင်ဆင်လာခဲ့ရခြင်းဖြစ်မည်ဟု ဒေါက်တာဝါးတား ဟော(လ်)က တွေးလိုက်မိသည်။

တရားခံရှေ့နေနှင့်အစိုးရသက်သေတို့အကြားဝယ် အများနားမလည်နိုင်သော ဆေးပညာရပ်ဆိုင်ရာ စကားလုံးများသည် လူးလာဆန်ခတ် ကူးသန်းနေကြသည်။ အချို့စကားလုံးများမှာ အများမဆိုထားဘိ။ ဒေါက်တာဝါးတားဟော(လ်)ကိုယ်တိုင် ပင်လျှင် ဂဃနဏ နားမလည်ပေ။

ဂျူရီလူကြီးများမှာ ဆရာသင်သည့်စာကို မလိုက်နိုင်သောကျောင်းသား ကလေးများသဖွယ် နဖူးကိုရှုံ့လျက် သူတို့နှစ်ဦးကို ကြည့်နေကြသည်။

သတင်းထောက်များကလည်း ဘာကိုလိုက်၍ ရေးရမှန်းမသိသဖြင့် ခဲတံများကို ချထားပြီး ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။

တရားသူကြီးများကား နားမလည်သော်လည်း ဟန်ကြီးတစ်ခွဲသားဖြင့် ကုန်း၍ ရေးမှတ်နေသည်။ အမှန်တော့ ရေးဟန်ဆောင်နေခြင်းမျှသာဖြစ်သည်။ တရားသူကြီး အဖို့ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားသည့် အချက်တစ်ချက် မှာကား အစိုးရသက်သေ ဆရာဝန်သည် ဆေးပညာရပ်တွင် သိပ်ပြီးကျွမ်းကျင်နိုင် နင်းလှသည် မဟုတ်ဟူသော အချက်ပင် ဖြစ်၏။

ဆာကဲနက်၏ စကားတစ်ခွန်းကြောင့် ဒေါက်တာဝါးတားဟော(လ်)မှာ လှုပ်နိုင်ဖြစ်သွားရ၏။

"အဲဒီတော့ မစ္စစ်အယ်လီနာပရက်ဆက် ဒုတိယအကြိမ် အိပ်ရာထဲမှာ သဲနေတုန်းက ဒေါက်တာရဲ့စမ်းသပ်မှုကို ဒေါက်တာကိုယ်တိုင် သံသယရှိတယ် ဆိုတာပေါ့၊ မစ္စစ်ပရက်ဆက်ကတော့ အဲဒီရောဂါနဲ့ပဲဆုံးသွားတယ်လေ"

"ဝတ်လုံတော်ရကြီး ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော်သဘောမပေါက် ဘူးဗျာ"

"ဟုတ်လား၊ ဒါဖြင့်ရင် ပိုပြီးရှင်းအောင်ပြောပါမယ်၊ ကျွန်တော်ရဲ့ဆန္ဒကတော့ အမှန်တရားကို ရဖို့ပါပဲ၊ ဒီလိုပါခင်ဗျ၊ မစ္စစ်ပရက်ဆက်က ဝေဒနာခံစားပြီး အိပ်ရာထဲလဲနေတုန်းမှာ ဒေါက်တာစမ်းသပ်ကြည့်ပြီးတော့ အစာအိမ်အမြေးရောင်နေလို့ ဗိုက်ထဲက အပြင်းအထန်အောင့်တဲ့ ဂက်စထရို-အင်ထရိုက်တစ်ရောဂါ ကောက်ချက်ချခဲ့တာကို ဟိုအချိန်ကတော့ ဘာမှသံသယမရှိခဲ့ဘူး ဟုတ်ကဲ့နော် ကာလအတော်ကြီးကို ကြာတော့မှ တခြားတစ်ခုခုကြောင့် ဗိုက်အောင့်တာဖြစ်နိုင်တယ်ဆိုတဲ့အတွေးပေါ်လာခဲ့တယ်ပေါ့"

"ကျွန်တော်...ကျွန်တော်...ဟို...ဟို...စဉ်ကတည်းက နည်းနည်းတော့ သံသယ ဖြစ်မိခဲ့တယ်လို့ ထင်ပါတယ်"

"ဘာပြောတယ်ဒေါက်တာ၊ သေဆုံးပုံကို သံသယလဲဖြစ်တယ်၊ ရိုးရိုးရောဂါနဲ့ သေဆုံးကြောင်း လက်မှတ်လဲထုတ်ပေးတယ် ဟုတ်လား၊ လုပ်ပါဦးဒေါက်တာရယ် မဟုတ်သေးပါဘူး၊ သေဆုံးပုံဟာ သွေးရိုးသားရိုးမဟုတ်ဘူးလို့ သံသယလဲရှိခဲ့တယ် ဒါနဲ့တောင် ပြည်သူတစ်ဦးအနေနဲ့ လုပ်ဆောင်ရမယ့် တာဝန်ကို လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့တယ်လို့ ဆိုလိုတာလား"

"သွေးရိုးသားရိုး မဟုတ်ဘူးလို့ ကျွန်တော်မပြောခဲ့ဘူးဗျ"

"ဟင်...သွေးရိုးသားရိုး မဟုတ်ဘူးလို့ မထင်ခဲ့ဘူးပေါ့၊ သွေးရိုးသားရိုး မဟုတ်ဘူးလို့ မထင်ခဲ့ရင်၊ ဒေါက်တာက ဘာကိုများ သံသယရှိခဲ့သလဲ ပြောပါဦး ဒေါက်တာရယ်၊ ဒေါက်တာပေးခဲ့တဲ့ဆေးတွေကို ပြန်ပြီး သံသယရှိမိတယ်လို့ ယူဆရမလား"

"မဟုတ်တာဗျာ"

"ဒီလိုဆိုရင် မတော်တဆ ဖြစ်ခဲ့တာမျိုးလား"

"မှန်ပါတယ်၊ မတော်တဆ ဖြစ်နိုင်တယ်လို့ ပြောရပါမယ်"

ဆက်တိုက် အဆက်မပြတ် မေးခွန်းထုတ်နေသော ဆာကဲနက်မှာ ဆက်၍ မမေးသေးဘဲ ရပ်နေသည်။ ဤသို့ ရပ်နေသည်ကို ပရိသတ်က ထူးဆန်းသည်ဟု ယူဆကာ တအံ့တသြ ကြည့်နေကြသည်။

မမေးပေမဲ့ သူ၏ နှုတ်ခမ်းမှာ တရွရွလှုပ်နေကာ စကားသံတိုးတိုးက ဂျူရီအဖွဲ့ဝင်များ ကြားနိုင်လောက်အောင်အထိ ကျယ်၏။

"မှန်ပါတယ်၊ မတော်တဆ ဖြစ်ခဲ့နိုင်တာပဲ..."

ဒေါက်တာ ဝါးတားဟော(လ်)အား ဆက်၍မေးသည့် ဆာကဲနက်၏ အသံသည် ချိုသာပျော့ပျောင်းလှသည်၊ အမှုအရာကလည်း ဒူးထောက်၍ မပြောရုံတမယ် အလွန်လျှင် ရိုကျိုးလှ၏။

စိတ်ကူးချိုချို

"ဒေါက်တာရယ် ...အခုလို ဖိပြီးမေးနေတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါနော်။ ကျွန်တော်က ဒီကိစ္စမှာ အားလုံးရှင်းရှင်းလင်းလင်းနဲ့ ဖြောင့်ဖြောင့်မတ်မတ်ဖြစ်သွားစေချင်တဲ့ စေတနာနဲ့ မေးနေတာပါ၊ ဒေါက်တာက ကျွန်တော့်ကို တတ်နိုင်သလောက် ကူညီလိမ့်မယ်လို့လဲယုံကြည်ပါတယ်၊ ကဲ... ဟောဒီမေးခွန်းကလေးကို ဒေါက်တာ အနေနဲ့ မြင်တဲ့အတိုင်း ဖြေဖို့ပါပဲ၊ ဘုရားသခင်ရော ဂျူရီလူကြီးများပါ အမှန်ကို သိသွားရအောင်၊ မစ္စစ်ပရက်ဆက် မဆုံးမီ ဆေးနာခံစားနေစဉ်တုန်းက ဒေါက်တာဟာ ဆေးနာ ခံစားပုံနဲ့ ပတ်သက်ပြီး ဘယ်လိုမှ သံသယ မဖြစ်ခဲ့ဘူး မဟုတ်လား"

"မဖြစ်ခဲ့ပါဘူး"

"ဘာဖြစ်လို့ မဖြစ်ခဲ့တာလဲ"

"မစ္စတာပေါ(လ်)ပရက်ဆက်ဟာ ဒီလို လုပ်မယ့်လူစားဟုတ်မယ်လို့ လုံးဝမတွေးခဲ့မိလို့ပေါ့"

"အဖြေကတော့ပြတ်သားလှပေါ့ဗျာ၊ကောင်းပါပြီ။ နောက်တော့ ဘယ်အချိန်လောက်ကစပြီး မစ္စတာပေါ(လ်)ပရက်ဆက်အပေါ်မှာ သဘောထားပြောင်းလာခဲ့ပါသလဲ၊ ဒေါက်တာရဲ့စကားလုံးအတိုင်း ပြောရမယ်ဆိုရင် ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူ့တာဝန်ကို ဆောင်ရွက်ဖို့ ဘယ်အချိန်ကစပြီး စိတ်ကူးရလာပါသလဲ"

"ဘရစ်စကိုးဆိုတဲ့ လူဆီက ပေါ(လ်)ပရက်ဆက်နဲ့သူနဲ့ ပေါင်းပင်သတ်ဆေးအကြောင်း ပြောခဲ့ကြတယ်ဆိုတာ သိလိုက်ရတဲ့ အချိန်လောက်ကပါ"

"ဟုတ်လား"

ဆာကဲနက်၏ အသံမှာ ရိုးသားပျော့ပျောင်းတုန်းပင်ဖြစ်၏။ ဆာကဲနက်က ဆက်၍ ပြောသည်။

"ဒီလိုဆိုတော့ ခပ်ခက်ခက်ပဲဆိုပါတော့ဗျာ၊ ကျွန်တော့်ဇနီးက လေအဖြင်းအထန်ထိုးတဲ့ ဆေးနာကို ခံစားပြီး ဆုံးသွားရော ဆိုပါတော့၊ အဲသလိုဆုံးသွားပြီးရင် ကျွန်တော့်အိမ်ဝင်းထဲက ပန်းခြံထဲက ပေါင်းပင်တွေကို ဘယ်လိုမှသွားမတို့နဲ့၊ ပေါက်ချင်သလောက် ပေါက်ပေစေ၊ ဟုတ်လား၊ နို့မို့ရင် ကျွန်တော့်ဇနီးကို ကုခဲ့တဲ့ဆရာဝန်က စကော့တလန်ယာဒ်စုံထောက် ဌာနချုပ်ကို သွားတိုင်ဖို့ရာအကြောင်း ရှိတယ်ပေါ့"

"မစ္စစ် အယ်လီနာပရက်ဆက်ရဲ့ ကိစ္စမှာတော့ အရင်တစ်ကြိမ်မဟာတုန်းကအဖြစ်ကိုလဲထည့်ပြီး စဉ်းစားရဦးမှာကိုးဗျ"

"ဒီမှာ ဒေါက်တာ"

ယခုသော် ဆာကဲနက်၏ အသံမှာ ကျယ်လောင်လာလေပြီ။ မျက်လုံးများသည်လည်း တလက်လက်ဖြစ်လာ၏။

"မစ္စတာဆွမ်း...အမှုမှတ်တမ်းစာရွက်တွေ ပေးစမ်းပါ"

ဤသို့ သူ၏ လက်ထောက်ထံမှ အမှုမှတ်တမ်းကို တောင်းယူပြီးနောက် ဆာကဲနက်သည် ဒေါက်တာ ဝါးတားဟောဝ(လ်)အား ရည်ရည်လည်လည် တီးတော့သည်။

"ဒီမှာ ပညာရှင် ဒေါက်တာကြီးရဲ့။ ဂျူရီအဖွဲ့ရဲ့ရှေ့မှောက်မှာ ခင်ဗျား ပြောခဲ့တာက လူနာရဲ့ရောဂါ ဖြစ်စဉ်သမိုင်းမှာ အရင်တစ်ကြိမ် မမာတာလဲ အချက်တစ်ရပ်အဖြစ်နဲ့ ပါဝင်တယ်၊ အဲဒီပထမတစ်ကြိမ်ကို ထောက်ရှုပြီး ဒုတိယတစ်ကြိမ် ဖြစ်တာဟာလဲ ပထမတစ်ကြိမ်ဖြစ်တဲ့ရောဂါလိုပဲ ရိုးရိုး လေထိုးဗိုလ်အောင့်တာလို့ ထင်ခဲ့ပါတယ်လို့ ထွက်ဆိုခဲ့တယ်၊ အခုကျတော့ ဒေါက်တာ ပြောတာက တစ်မျိုးဖြစ်နေပါလား၊ ခင်ဗျားရဲ့ တွေးထင်ချက်နဲ့ ကိုက်အောင် အချက်အလက်တွေကို ကိုယ်လိုရာ ကိုယ်ဆွဲပြီး အဓိပ္ပာယ်ကောက်နေရာမကျဘူးလား စဉ်းစားပါနော် ဒေါက်တာ၊ အခုကိစ္စမှာ လူတစ်ယောက်ဟာ ကြီးလေးတဲ့ပြစ်မှုနဲ့ စွဲချက်အတင်ခံနေရတဲ့ကိစ္စ၊ ပေါ့ပေါ့တန်တန် ကိစ္စမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ အသက်ဆုံးရှုံးနိုင်တာကို အလေးမထားဘဲ အတင်းအဖျင်းပြောတာမျိုး ဒီလိုဖြစ်နိုင်တယ်၊ ဟိုလိုဖြစ်နိုင်တယ်လို့ အရမ်းကာရော ကောက်ချက်ချတာမျိုးဟာ ယုတ်ညံ့တဲ့အပြုအမူတစ်ရပ်ပဲ"

ဤသို့ ဆာကဲနက်က ဒေါက်တာဝါးတားဟောဝ(လ်)အား ရည်ရည်လည်လည် နှာနေသည်ကို တရားသူကြီးက ကြားဝင်ရတော့သည်။

"ဆာကဲနက်၊ မေးစရာရှိတာကိုသာ မေးပါ၊ ဝေဖန်ချက် ပေးဖို့မဟုတ်ပါဘူး သက်သေကို အခုလို အတင်အဓမ္မဖိပြီး ပြောနေတာကို ရုံးတော်က ခွင့်မပြုဘူး ဆိုတာကို သတိပြုပါ"

"ရုံးတော်ကို လေးစားစွာဖြင့် ပြန်လည် တင်ပြလိုပါတယ်ခင်ဗျာ၊ သက်သေကို အတင်အဓမ္မဖိပြီး ပြောနေခြင်း မဟုတ်ပါဘူး။ သူဖြေခဲ့တဲ့အဖြေကို ကောက်ချက်ချ ပြနေတာပါ"

"ဒီလိုဆိုရင်လဲ အေးအေးသက်သာ ပြောရင် မဖြစ်ဘူးလား။ ဒေါနဲ့မောနဲ့ ပြောဖို့ မလိုဘူးထင်ပါရဲ့"

ဆာကဲနက်က လက်ထဲတွင် ကိုင်ထားသော စာရွက်များကို ပစ်ချလိုက်ကာ တရားသူကြီးကို ပြန်ပြောသည်။

"လေးစားစွာဖြင့် ပြန်လည် တင်ပြလိုပါတယ်ခင်ဗျား၊ကျွန်တော့်အနေနဲ့ စိတ်အား ထက်သန်မှု အပြည့်နဲ့မို့ ဒေါနဲ့မာန်နဲ့ ပုံမျိုးဖြစ်သွားတာပါ၊ တကယ်တော့ အဲဒီလို ပြောမှ ဖြစ်မယ့် အခြေအနေမျိုးမှာ ရှိနေပါတယ်၊ ဟောဒီ သက်သေက သူရဲ့ 'ပြည်သူ့တာဝန်'ကို ဆောင်ရွက်ခဲ့တာကြောင့် ကျွန်တော့်ရဲ့အမှုသည်ဟာ နှိုတရားခွင်ကို ရောက်လာပြီး သူ့အသက်မဆုံးရှုံးဖို့ အရေးကို ခုခံကာကွယ်နေရ ခြင်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်ကလဲ ပြည်သူတစ်ယောက်အနေနဲ့ 'ပြည်သူ့တာဝန်'ကို ဆောင်ရွက်ဖို့ ရှိနေပါတယ်"

"ဟုတ်ပါတယ် ဆာကဲနက်၊ ခင်ဗျားရဲ့ တာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ အလွန်အပြောကောင်းကောင်းနဲ့ ထမ်းဆောင်နေရကြောင်း တွေ့ရပါတယ်။ ကျွန်တော့်အဖို့မှာကလည်း သက်သေ စိတ်ဗယောက်ဗယက် မဖြစ်စေရအောင် ထိန်းသိမ်းပေးဖို့ တာဝန်ရှိနေပါတယ်"

ဤသို့လျှင် တရားသူကြီးကလည်း သူ၏ တာဝန်ကို ရှင်းပြသည်။ လေသံမာမာဖြင့်မဟုတ်ပါ၊ ဆာကဲနက်ကိုချော့၍ ပြောနေသည့်ပုံမျိုးဖြင့် ပြောခြင်း ဖြစ်သည်။

ဆာကဲနက်ကလည်း ခေါင်းမမာပါ၊ တရားသူကြီးကို ဦးညွှတ်၍ တောင်းပန် လိုက်ပြီး သူ၏အမူအရာရော လေသံကိုပါ ပြောင်းလိုက်ပါသည်။

အခုကျတော့လည်း မိတ်ဆွေရင်းချာ တစ်ဦးလို ပြောနေသည့် ပုံမျိုးဖြင့် စောစောက ဒေါနှင့်မာန်နှင့် ပြောနေတာတွေ ဘယ်သို့ ရောက်သွားမှန်းပင် မသိရတော့ပေ။

"ကဲ...ဒေါက်တာ၊ ကျွန်တော်တို့ စကားကိုပြန်ဆက်ကြရအောင် ဟုတ်လား၊ ကျွန်တော်နားလည်သလောက် ပြန်ပြောရရင် ဒေါက်တာ စောစောကပြောတဲ့ အထဲမှာ အချက်နှစ်ချက်ပါတယ်၊ တစ်ချက်ကဘာလဲဆိုရင် မစ္စစ်အယ်လီနာ ပရက်ဆက်ဟာ နှစ်ကြိမ်မမာမကျန်းဖြစ်ခဲ့တယ်၊ အဲဒီနှစ်ကြိမ်လုံးမှာ ခံစားခဲ့ရပုံ ဝေဒနာဟာ၊ တစ်ကြိမ်နဲ့တစ်ကြိမ် အတူတူပဲဆိုတာရယ်၊ နောက်တစ်ချက်ကတော့ ပထမတစ်ကြိမ်မမာတုန်းကနဲ့၊ နောက်တစ်ကြိမ်မမာတဲ့ ကာလအတွင်းမှာ သူ့ယောကျ်ားပန်းခြံထဲက ပေါင်းပင်တွေကို ပေါင်းပင်သတ်ဆေးနဲ့ဖျန်းပြီး သုတ်သင် ခဲ့တယ်၊ အဲဒီအချက်နှစ်ချက်ဟာ ဒေါက်တာ့အနေနဲ့ စကော့တလန်ယာဒ် စုံထောက် ဌာနချုပ်ကို သွားရောက်တိုင်တန်းဖို့ လုံလောက်တဲ့အကြောင်းအချက်တွေပဲ၊ ဘယ့်နှယ်လဲ၊ ကျွန်တော့်ရဲ့ အဓိပ္ပာယ်ကောက်ချက် မှန်ပါသလား ဒေါက်တာ"

"ကျွန်တော်ဆိုလိုတာက ဒီလိုမဟုတ်ပါဘူး ဆာကဲနက်၊ ကျွန်တော်စကော့တလန်ယာဒ် ဌာနချုပ်ရုံးကို သွားရတာက၊ မစ္စတာပေါ(လ်)ပရက်ဆက်ဟာ သူ့မိန်းမဆုံးပြီးလို့ မကြာခင်လေးမှာ သူ့အဆက်ကောင်မကလေးနဲ့ တွဲနေလို့ပေါ့"

"ဩော်...သူ့အဆက်ကောင်မကလေးနဲ့ တွဲနေလို့လား၊ ဟုတ်တာပေါ့ ဟုတ်တာပေါ့"

ဆာကဲနက်၏ ပြန်ပြောပုံမှာ လေသံရော အမူအရာပါ ပျော့ပျောင်းညင်သာလှ၏။ ကြောက်စရာကောင်းအောင် ညင်သာသည်ဟု ဆိုရမလောက်ပင်။ ညင်သာမှုနောက်ကွယ်၌ မြှုပ်ကွက်တစ်ခုရှိမည်မှာ သေချာ၏။

မြှုပ်ကွက်ကို ကြာကြာစောင့်ကြည့်ရန်မလိုပေ။ ဆာကဲနက်ဆက်၍ ပြောသည့်အခါ၌ ရှင်းရှင်းလင်းလင်း ပေါ်လာပေသည်။

"သူ့အဆက်ကောင်မကလေးနဲ့ တွဲတယ်ဆိုလို့ မေးရဦးမယ်ဗျာ၊ ဟောဒီကျွန်တော်တို့ရဲ့ လူ့လောကကမ္ဘာကြီးထဲမှာ ဇနီးမယားလဲရှိပြီး၊ အဆက်ကောင်မကလေးတွေနဲ့လဲတွဲနေကြတဲ့ သူတွေ မရှိကြဘူးလားဗျ၊ ဒေါက်တာလဲတွေ့ဘူးမှာပါဗျာ၊ ဒီလိုလူမျိုးတွေ တစ်ပုံကြီးပါ၊ အဲဒီလို လူတစ်ယောက်ရဲ့ ဇနီးဟာ ဗိုက်အကြီးအကျယ်အောင့်ပြီး ဆုံးသွားရောဆိုပါစို့၊ ဒီလူကလဲ ပန်းပင်စိုက်ဝါသနာပါလို့ ပန်းခြံထဲက ပေါင်းပင်တွေကို ပေါင်းပင်သတ်ဆေးနဲ့သုတ်သင်မိတယ်။ သူရဲ့ အဆက်ကောင်မလေးနဲ့လဲအဆက်မပြတ်ဘူးဆိုရင်၊ စကော့တလန်ယာဒ်ကို တိုင်ရရောလားဗျာ၊ ဆိုစမ်းပါဦး"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်မှန်ကြောင်း ထင်ရှားပြီ မဟုတ်လားဗျ အလောင်းထဲမှာ အဆိပ်တွေ တွေ့ရတာပဲဥစ္စာ"

"ဒေါက်တာရယ် မေးခွန်းလမ်းကြောင်းအတိုင်းဖြေပါ၊ ခုန်ကျော်မသွားပါနဲ့ အလောင်းထဲမှာ အဆိပ်တွေတွေ့ရတယ်ဆိုတာနဲ့ ခင်ဗျားထင်တာ မှန်တယ်ဆိုပြီး အခိုင်အမာ ပြောနိုင်ပါ့မလား၊ ဒီအဆိပ်တွေဟာ သူ့ယောက်ျားရဲ့ပယောဂကြောင့် အလောင်းထဲမှာ ရောက်နေတာပါလို့ ခင်ဗျား ဘယ်လိုလုပ် သက်သေပြမလဲ အလောင်းထဲမှာ အဆိပ်တွေ့လို့ တရားခံမှာ အပြစ်ရှိတယ်ဆိုတာဟာ၊ ဂျူရီအဖွဲ့က ဆုံးဖြတ်ရမဲ့ကိစ္စပါ၊ ဒီအချက်ကို ရုံးတော်ကလဲညွှန်ပြပါလိမ့်မယ်၊ အခု ခင်ဗျားဖြေဖို့က စောစောကပြောခဲ့တဲ့အချက်နှစ်ချက်ကို အကြောင်းပြုပြီး စကော့တလန်ယာဒ် ဌာနချုပ်ကို ခင်ဗျားသွားတိုင်ခဲ့တာလားဆိုတာပဲ"

ဒေါက်တာဝါးတားဟောက(လ်)က မည်သို့မျှ ပြန်မဖြေပေ။ ဖြေနိုင်ဖွယ်ရာလည်း အကြောင်းမရှိ။

"ကျေးဇူးပြုပြီးတော့ ကျွန်တော်မေးတာကို ဖြေစေလိုပါတယ်ဒေါက်တာ၊ ကျွန်တော့်ကို ကူညီပါဦး၊ စကော့တလန်ယာဒ်ကိုသွားရောက် အကြောင်းကြားဖို့ နိုင်လုံတဲ့ အကြောင်းတော့ ရှိခဲ့ရမှာပေါ့၊ နို့မဟုတ်ရင် ဒေါက်တာပြောတဲ့ ပြည်သူတစ်ဦးအနေနဲ့ တာဝန်ကို ထမ်းဆောင်ဖို့ နိုင်လုံတဲ့အကြောင်း ဘယ်ရှိတော့မှာလဲ မဟုတ်ဘူးလား ကျွန်တော်ပြောတာ"

"စုံ ...စုံစမ်းဖို့ရာ လိုလိမ့်မလားလို့ ကျွန်တော်က ထင်မိလို့ပါ"

"ဒီလိုကိုး။ ဒီပုံမျိုးနဲ့သာဆိုရင် စကော့တလန်ယာဒ်တော့ အတော် အလုပ်များမှာပဲနဲ့တူတယ်၊ ဒါတွေထားပါတော့လေ၊ နောက်တစ်ချက် ကျွန်တော်မေးချင်တာက ဒေါက်တာခုနပြောခဲ့သလို သံသယစိတ်မဖြစ်ပေါ်လာခင် ဒေါက်တာနဲ့ မစ္စတာပေါ(လ်)ပရက်ဆက်တို့ စကားများပြီး ရန်ဖြစ်ကြတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဟုတ်တယ်နော်...ကောင်းပြီ၊ အဲဒီတုန်းက မစ္စတာပေါ(လ်)ပရက်ဆက်က ဒေါက်တာ့ကို ဒုတိယတန်းစား ဦးနှောက်သာရှိတဲ့လူလို့ ပြောခဲ့သလား"

ပရိသတ်ထံမှ ဝါးခနဲရယ်သံ ထွက်လာသည်။ ဒေါက်တာဝါးတားဟော(လ်) ကဲ့သို့ မိမိကိုယ်ကို အထင်ကြီးသော လူများအဖို့ ဤသို့အရယ်ခံရခြင်းကို နှစ်သက်လေ့မရှိပေ။ ထို့ကြောင့် ဒေါသထွက်လာသည်။

ဒေါက်တာဝါးတားဟော(လ်)က နီမြန်းသော မျက်နှာဖြင့် ဖြေသည်။

"ဟုတ်ပါတယ်"

"အဲဒါကြောင့် ဒေါက်တာတို့နှစ်ယောက်ဟာ တစ်ဦးနဲ့တစ်ဦးမခေါ်မပြောကြဘူးဆို"

ရယ်သံများ ထွက်လာပြန်သည်။

"မှန်ပါတယ် ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်ထားကြတာကိုး"

"အဲဒီတော့ ဒေါက်တာက မစ္စတာပရက်ဆက်အပေါ်မှာ မကျေမချမ်း ဖြစ်နေတာပေါ့ ဟုတ်လား"

"မဟုတ်ရပါဘူးခင်ဗျာ"

"ဟာ...ကိုယ့်ဆရာကလဲ ဘယ့်နှယ်ပြောလိုက်တာတုန်း၊ ကျွန်တော်သာဆိုရင် ဘယ်ကျေမလဲ၊ ကိုယ့်ကို ဒုတိယတန်းစားဦးနှောက်သာရှိတဲ့လူလို့ ချိုးချိုးဖဲ့ဖဲ့ ပြောထားတဲ့လူကို မကျေမချမ်းမဖြစ်ပါဘူးလို့ ဒေါက်တာက ဂျူရီအဖွဲ့ရဲ့ ရှေ့မှောက်မှာ ပြောချင်တဲ့ဆန္ဒရှိလို့လား"

"မကျေမချမ်းတော့ မဖြစ်ခဲ့ပါဘူး၊ စိတ်အနှောင့်အယှက် ဖြစ်သွားလို့ သူ့အပေါ်မှာ စိတ်တော့ခုခဲ့ပါတယ်"

"စိတ်အနှောင့်အယှက် ဖြစ်သွားလို့ စိတ်ခုတယ်၊အင်း...ထားပါတော့ ... ထားပါတော့၊ ဒေါက်တာ့ကို နောက်ထပ် တစ်ခု နှစ်ခုလောက်ပဲထပ်မေးပါတော့မယ် ဟုတ်လား၊ ဒါထက် ဒေါက်တာက လူပျိုကြီးနော်"

"ဟုတ်ပါတယ်"

"ဒေါက်တာ့မှာ မိတ်ဆွေအပေါင်းအသင်း တော်တော်များသလား"

"ဆိုပါတော့"

"ဒေါက်တာက လူပျိုကြီးဆိုတော့ တစ်နေ့တာအလုပ်ပြီးသွားရင် မိတ်ဆွေအပေါင်းအသင်းတွေရဲ့ အိမ်ကိုလှည့်ပြီး စကားစမြည်ပြောရတာကို သဘောကျမှာပေါ့နော်၊ ကိုယ်သိလာတဲ့ သတင်းထူး သတင်းဆန်းကလေးတွေကိုပြောပြ သူတို့ဆီက ပြောတာကိုလဲ နားထောင်နဲ့ပေါ့ ဟုတ်ရဲ့လား"

"ဆိုပါတော့လေ"

"အဲသလိုနည်းနဲ့ပဲမစ္စတာပရက်ဆက်အပေါ်မှာ ဒေါက်တာမသင်္ကာ ဖြစ်လာတဲ့ အကြောင်းကို မိတ်ဆွေတွေရဲ့အိမ်မှာ လိုက်ပြောခဲ့ပါသလား"

"မိတ်ဆွေတွေနဲ့ ဆွေးနွေးမိကောင်း ဆွေးနွေးမိပါလိမ့်မယ်"

"ဟင်...ဆွေးနွေးမိကောင်း ဆွေးနွေးမိပါလိမ့်မယ်ဆိုတော့ အတိအကျ မမှတ်မိဘူးလားဒေါက်တာ"

"အင်းလေ။ လူအတော်များများနဲ့တော့ အဲဒီအကြောင်းကိုပြောမိပါတယ်"

"အဲဒီလို ပြောခဲ့တာဟာ မစ္စတာပရက်ဆက်နဲ့ အချင်းများပြီးမှလား မများခင်ကလား"

"များပြီးမှပါ"

"များပြီးပြီးချင်းပဲလား"

"များပြီးပြီးချင်း ဟုတ်ချင်လဲဟုတ်ပါလိမ့်မယ်၊ ဒီနေရာမှာ တစ်ချက်တော့ ကျွန်တော်ပြောပြလိုပါတယ်၊ ကျွန်တော်သံသယရှိနေကြောင်း တခြားသူတွေကို ပြောမပြခင်ကတည်းက။ အဲလေ...မဆွေးနွေးခင်ကတည်းက အဲသလို သံသယရှိစရာအကြောင်းကို သိထားခဲ့ပြီး ဖြစ်ပါတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ အဲသလိုသိပြီးတာနဲ့ပဲ အများသူငါကို ခပ်မြန်မြန်လေး ဖြန့်ဖြူးပေးလိုက်တယ် ဆိုပါတော့"

"လူကြီးမင်း ဘာကိုဆိုလိုတာလဲ ကျွန်တော်နားမလည်ဘူး"

"ဒေါက်တာရယ်၊ နားလည်ဖို့ ဘာခက်သလဲဗျာ၊ ခင်ဗျားကို တစ်ယောက်ယောက်က ပြောပြလို့ အဲဒီလို သံသယစိတ် ဖြစ်လာခဲ့တယ်၊ ခင်ဗျားကလဲကြာကြာဆိုင်းမနေဘူး၊ ခင်ဗျားစိတ်ထဲမှာ ဖြစ်လာတဲ့သံသယကို သူများတွေကိုလျှောက်ပြီးပြောပြတယ်၊ ခင်ဗျားကထပ်ပြီးတောင် ကွန့်လိုက်သေးတယ်၊ ဘယ်လိုကွန့်သလဲဆိုတော့ မစ္စစ်အယ်လီနာပရက်ဆက် ပထမအကြိမ် မမာတုန်းကလဲ သံသယဖြစ်စရာအကြောင်းတွေရှိခဲ့တယ်လို့၊ ဒီမှာ ဒေါက်တာ၊ ပိုပြီးရှင်းသွားအောင် ဟောဒီမေးခွန်းကလေးကို ကျွန်တော်မေးပါ့မယ်၊ ဟုတ် မဟုတ်ဖြေပါ၊ မေးခွန်းကတော့ ဒေါက်တာတို့ အရပ်ထဲမှာ လူတွေက ဒေါက်တာကို စာပို့သမားလို့ ကင်ပွန်းတပ် ထားကြတယ်ဆိုတာ ဟုတ်သလားဗျ"

"ဘယ်ကလာ ဟုတ်ရမှာလဲဗျ"

ဒေါက်တာဝါးတားဟော(လ်)မှာ ထိုတစ်ခွန်းကို ပြောပြီးနောက်၊ ရှေ့ကိုဆက်၍ မပြောနိုင်ဘဲရပ်ထားရသည်။ မျက်နှာကြီးလည်း ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် နီမြန်းလာသည်။

အစိုးရဘက်မှ ဝတ်လုံတော်ရကြီး ဆာဟေးမင်းက ဆာကဲနက်အား ကန့်ကွက်ရန် ထ လိုက်သေးသည်။ သို့သော် တရားသူကြီးက သူ့ထက်ဦး၍ ဆာကဲနက်အား ဟန့်လိုက်သဖြင့် ဆာဟေးမင်းက ဘာမျှမပြောတော့ဘဲ ပြန်၍ ထိုင်လိုက်သည်။

တရားသူကြီးက ညည်းညည်းညူညူဖြင့် ဆာကဲနက်ကိုပြောသည်။

"ဆာကဲနက်ရယ် ခင်ဗျားဒီလိုမေးလို့ ဘယ်လို အကျိုးကျေးဇူးမျိုး ရှိမယ်ဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့မရဘူး"

"ရုံးတော်ကို လေးစားစွာနဲ့ ခွင့်ပန်ပါရစေ၊ ကျွန်တော့်ကို ဆက်ပြီးမေးခွင့်ပြုပါ။ မေးရင်းနဲ့ ကျွန်တော်ဘယ်လိုအကျိုးကျေးဇူးရှိလိမ့်မယ်ဆိုတာ ပေါ်လာပါလိမ့်မယ်"

"မေးတာကတော့ ဆက်ပြီးမေးနိုင်ပါတယ်။ ဒါပေမဲ့ သက်သေကို တစ်ဖက်သတ် တိုက်ခိုက်နေတာကိုတော့ ရုံးတော်က ကြည့်မနေနိုင်ဘူး"

ဆာကဲနက်ကတော့ သူလုပ်နေကျ အမူအရာနှင့် ပြောပုံအတိုင်း ဦးညွှတ်၍ ယဉ်ကျေးသိမ်မွေ့စွာ တောင်းပန်စကားပြောသည်။

"ကျွန်တော်တောင်းပန်ပါတယ် တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော့်အပြစ်ပါပဲ၊ အခုလို လမ်းမှန်ရောက်အောင် ညွှန်ပြပေးတဲ့အတွက် တရားသူကြီးမင်းကို အထူးကျေးဇူးတင်ပါတယ်။ ရုံးတော်ကို လေးစားစွာဖြင့် အချက်အလက်တင်ပြလိုပါသေးတယ် ခင်ဗျာ၊ တင်ခွင့်ပြုပါ"

တရားသူကြီးထံမှ ခွင့်ပြုချက်ရရှိသဖြင့် ဆာကဲနက်က တရားသူကြီးကို ရှိတ်တိတ်တိတ် လုပ်ကာ၊ သူပြောလိုသည့် အချက်ကိုပြောတော့၏။

"ဒီလိုပါခင်ဗျာ၊ တရားသူကြီးမင်းဟာ ဥပဒေလောကထဲကို ခြေချလာကတည်းက စပြီးတရားစီရင်ရာမှာ ဖြောင့်မတ် မှန်ကန်ကြောင်းထင်ရှား ကျော်ကြားခဲ့ပါတယ်၊ သို့သော်လဲ လူသတ်မှုနှင့် စွဲချက်တင်ထားခြင်းခံရတဲ့ လူတစ်ယောက်ဘက်က ရပ်တည်ပြီး ခုခံကာကွယ်ပေးရတဲ့ အတွေ့အကြုံမျိုးတော့ ရှိတယ်–မရှိတယ်ဆိုတာ မသိရပါဘူး၊ ဒီလိုကာကွယ်ပေးရတဲ့တာဝန်ဟာ သိပ်ကြီးလေးပါတယ်ခင်ဗျာ၊ စွဲချက်တင်ခံရသူရဲ့ ကံကြမ္မာဟာ၊ သူ့အကျိုးဆောင်ရဲ့ အောင်မြင်မှု၊ ရှုံးနိမ့်မှုအပေါ် လုံးဝမူတည်နေပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ အဲသည်လို အင်မတန်အရေးကြီးတဲ့ အမှုမျိုးတွေမှာ လျှောက်လဲပေးရတဲ့ အတွေ့အကြုံ အနည်းငယ်လောက်တော့ ရှိပါတယ်၊ အခုအမှုမှာ ကျွန်တော့်အနေနဲ့ ခံယူထားတာက တရားခံဟာ တစ်ဖက်သတ် ယုံမှားသံသယ ဖြစ်ခြင်းခံနေရတဲ့၊ မလိုသူတွေက ရက်ရက်စက်စက် ဝိုင်းပြီး လက်ညှိုးထိုးခြင်း ခံနေရတဲ့ အခြေအနေမှာ ရောက်နေရကြောင်းကို ရုံးတော်ကို ဖြစ်နိုင်တဲ့နည်းနဲ့ ထင်ရှားအောင် တင်ပြတာဟာ တရားနည်းလမ်းကျတယ်လို့ ယူဆပါတယ်။ ပြီးတော့လဲ..."

ဆာကဲနက်၏ တင်ပြချက်ကို မျက်တောင်မခတ်ဘဲနားထောင်နေသည့် တရားသူကြီးမှာ မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ပြီး ဆာကဲနက်၏ စကားကို ဖြတ်၍ ပြောလိုက်သည်။

"ဆာကဲနက် ခင်ဗျားရဲ့ တင်ပြချက်ပြီးသွားပြီဆိုရင် ရုံးတော်ရဲ့သဘောထားကို ထပ်ပြီးပြောရပါလိမ့်မယ်၊ ရုံးတော်ရဲ့ သဘောထားကတော့ သက်သေကို မေးခွန်း ထုတ်တဲ့အခါမှာ သမာသမတ်ဖြစ်စေချင်ပါတယ်၊ ဟုတ်ပြီလား"

စိတ်မရှည်သလို ဖြစ်သွားသည့်ပုံဖြင့် ဆာကဲနက်က လက်ထဲမှ စာရွက်များကို စားပွဲပေါ်သို့ ဆတ်ခနဲပစ်ချလိုက်ပြန်သည်။

"ကောင်းပါပြီ တရားသူကြီးမင်းခင်ဗျား၊ ရုံးတော်ရဲ့ဆန္ဒအတိုင်း လိုက်နာပေးပါ့မယ်၊ ဒါပေမဲ့ ဒီသက်သေနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့ထင်မြင်ချက်ကို ဂျူရီအဖွဲ့ရှေ့မှောက်မှာ နောက်တစ်ကြိမ် တင်ပြနိုင်လိမ့်မယ်လို့ ယူဆပါတယ်"

ပြောပြီးသည်နှင့် ဆာကဲနက်က တရားသူကြီးဘက်သို့ ဦးညွှတ်၍ အလေးပြုသည်။ ထိုနည်းအတိုင်း ဂျူရီအဖွဲ့ဘက်သို့လည်း ဦးညွှတ်အလေးပြု၏။ ဆာဟေးမင်းကိုမူကား လိုသည်ထက်ပင် ပို၍ ညွှတ်လိုက်သေးသည်။

ပြီးသည့်အခါ၌ ပြန်၍ ထိုင်သည်။ သူစီစဉ်ထားသည့်အတိုင်း လုပ်၍လည်း ပြီးသွားပြီဖြစ်သည်။ ထို့ကြောင့် ကုလားထိုင်ကိုမှီကာ ခြေချင်းချိတ်၍ အေးအေးလူလူပုံမျိုးနှင့် ထိုင်နေလေတော့သည်။

ဆာကဲနက်က သူ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ပြီးသွားသည်ကို ကြည့်၍ ခေါ်အမှုကြီး မှုနေသူကတော့ ဆာဟေးမင်းဖြစ်သည်။ ဆာကဲနက်၏ ထိုးနှက်ချက်ကို တရားသူကြီးအနေဖြင့် ခံရသည်မှာ မထောင်းတာလှသော်လည်း၊ ဆာဟေးမင်းကမူ ဂရုစိုက်ရပေမည်။ သူတို့နှစ်ဦးမှာ ဤအမှုတွင် သူနိုင်ကိုယ်နိုင် အပြိုင်ကြိုးနေကြသည် မဟုတ်ပါလား။ ဆာကဲနက်၏ ဒဏ်ကို သူ၏ သက်သေ ဒေါက်တာဝါးတားဟော(လ်)မှာ မရှမလှခံလိုက်ရသည်။

ဤအဖြစ်ကို မြင်ရသည့် ဆာဟေးမင်းသည် ဆာကဲနက်ကို ထိုအခိုက်အတန့်တွင်ကား အလွန်တရာ မုန်းတီးမိသည်။ အမှန်တော့ သူတို့နှစ်ဦးမှာ ရုံးတော်၏ ပြင်ပတွင်မူ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။ ယခုသော်ကား ပြိုင်ဘက်များအဖြစ်ဖြင့် မုန်းရတော့သည်။

'လူလိမ္မာအမျက် အပြင်မထွက်စေရ'ဟူသော ဆိုရိုးစကားနှင့်အညီ ဆာဟေးမင်း က ၊ အပြင်ပန်းသဏ္ဍာန်အားဖြင့် ဘာမျှ မဖြစ်သလို အေးဆေးတည်ငြိမ်သည့် ဟန်ဖြင့် ဆာကဲနက်ကို ဂရုမစိုက်ဘဲ နေလိုက်သည်။

ဆုံးရှုံးသွားသော အခြေအနေကို အဖတ်ဆယ်ရန်အတွက် သူက ဒေါက်တာဝါးတားဟော(လ်)ကို မေးခွန်းတစ်ခုနှစ်ခုလောက်မေးသေးသည်။ သို့သော် အခြေအနေက တိုးတက်ကောင်းမွန်လာစေရန် လမ်းစမမြင်သည့်အတွက် လက်လျှော့လိုက်ရသည်။

သူ့အဖို့ ဆာကဲနက်ကို လက်စားချေရန် အခွင့်အရေး ရနိုင်ပေသေးသည်။ နိဂုံးချုပ် လျှောက်လဲချက်ပေးရန် ကျန်ပေသေးသည်။ ထိုသို့ လျှောက်လဲချက်ပေးသည့်အခါ၌ ဆာကဲနက်အား မိမိရရ တွယ်ရေးအတွက် အခုကတည်းကပင် စကားလုံးများကို စဉ်းစားနေမိသည်။ ဒေါက်တာဝါးတားဟော(လ်)နှင့် ပတ်သက်၍မူကား သူဘာမျှလုပ်၍ မရတော့ပေ။

အစိုးရ သက်သေကြီး ဒေါက်တာဝါးတားဟော(လ်)သည် မျက်နှာနီနီဖြင့် သက်သေဝက်ခြံမှ ရင်တဒိန်းဒိန်းခုန်ရင်း ထွက်လာကာ သူ့နေရာတွင် ပြန်ထိုင်သည်။ သူသည် လက်ထဲမှ သတင်းစာကိုသာ မဲ၍ကြည့်ရင်း မကျေမနပ်ဖြစ်နေသည်။ တကယ်တော့ ပြည်သူတစ်ယောက်၏ တာဝန်ကို ကျေကျေပွန်ပွန် ဆောင်ရွက်ခဲ့သဖြင့် ရရှိခဲ့သည့် အကျိုးကျေးဇူးမှာ လူအများရှေ့တွင် မျက်ရယ်ပြုခံရခြင်းသာ

ပါကလားဟု တနုံ့နုံ့တွေးနေမိသည်။ 'မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်' သည့်နှယ် သူ အရှက်ကွဲရသည်ကို မကျေမချမ်းဖြစ်ကာ ပေါ(လ်)ပရက်ဆက် ကြုံးမိန့်ကျရင် သိပ်ကောင်းမယ်ဟု ဆုတောင်းလိုက်သေး၏။

ယနေ့အဖို့ စိတ်မချမ်းမသာ အဖြစ်ဆုံးလူသည် ပေါ(လ်)ပရက်ဆက်ပြီးလျှင် ဒေါက်တာဝါးတားဟော(လ်) ဖြစ်သည်ဟုပင် ဆိုနိုင်လောက်အောင် စိတ်အပျက်ကြီး ပျက်နေသည်။

နောက်ထပ် သက်သေတစ်ဦးအားခေါ်သံ ထွက်လာသည်။

"အင်စပက်တော်ချုပ် ဘို(လ်)ထရီ သက်သေခံဖို့လာပါ"

ရဲအရာရှိ ဘို(လ်)ထရီသည် ရဲတပ်ဖွဲ့မှ ထွက်ဆိုချက်ပေးသည့် သက်သေများ အနက် ဂိုက်အကျဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

သူက သက်သေစင်မြင့်သို့ တက်လာကတည်းကပင် 'တို့ကတော့ ဒေါက်တာလို ခွေကျသွားမယ့်လူမျိုး မဟုတ်ဘူး၊ မေးချင်တာမေး၊ ဖြေနိုင်တယ်' ဟူသော စိတ်ထားဖြင့် တက်လာသူဖြစ်၏။ မှန်ပါသည်။ မေးသမျှ ဒိုးဒိုးဒေါက်ဒေါက် ဖြင့် ဖြေသွားနိုင်ပါသည်။ ဆာဟေးမင်းကပင် တော်တော်ဘဝင်မြင့်တဲ့ကောင့်ပဲဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။ သို့သော် သူခေါ်ထားသော သက်သေဖြစ်သဖြင့် အမြင်ကပ်သည့်စိတ်ကို မျိုသိပ်ထားရသည်။

ဆာကဲနက်က ပြန်လှန်မေးခွန်းထုတ်သည့်အခါ၌ မေးခွန်းများများစားစား မမေးဘဲ အဖမ်းခံရသည့်အချိန်မှစ၍ တရားခံကို ကိုင်ရတွယ်ရသည်မှာ လွယ်ကူသလား၊ ခက်ခဲသလား၊ စည်းကမ်းကို ကောင်းကောင်းလိုက်နာရဲ့လား ဟူသော မေးခွန်းများကိုသာ မေးသည်။

ဘို(လ်)ထရီဆိုသည့် လူကလည်း သူမည်မျှ အထိန်းအသိမ်းတော်သည်ကို ကြွားချင်နေသည်ဖြစ်ရာ ပရက်ဆက်၏ အကြောင်း ချီးမွမ်းခန်းဖွင့်သွားသည်။

ဘို(လ်)ထရီ၏ ချီးမွမ်းခန်းဆုံးသည်နှင့် ဆာကဲနက်ကလည်း ဘို(လ်)ထရီ အား ကျေးဇူးတင်ကြောင်းပြော၍ သူ၏ မေးခွန်းကို အဆုံးသတ်လိုက်သည်။

ဆာဟေးမင်းကလည်း ပြန်ရှင်းမေးခွန်းများ မမေးတော့ပေ။

ဤသို့ဖြင့် ဘို(လ်)ထရီသည် သက်သေဝက်ခြံစင်မြင့်မှ အလိုမပြည့်သည့် ခံစားမှုဖြင့် ရင်တွင်းဝယ် ဟာတာတာဖြစ်ကာ ဆင်းလာခဲ့ရသည်။ သူ့ကိုမေးသော ရေ့နေကြီးများကို ဘယ်လိုဖြေလိုက်မည်ဟု ပြင်ဆင်လာခဲ့သမျှ အလဟဿလောက် နီးနီး ဖြစ်ခဲ့ရသည်။

**စိတ်ကူးချိုချို**

ဘို(လ်)ထရီ ဆင်းသွားသောအခါ ကျွမ်းကျင်မှုဆိုင်ရာဘက်မှ လူတွေ၏ အလှည့်ဖြစ်သည်။ သူတို့၏ ထွက်ချက်များမှာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းသည် ဖြစ်၍ ပရိသတ်က စိတ်ဝင်စားမှု လျော့ပါးလာသည်။

ဂျူရီလူကြီးများက သက်သေထွက်ချက်ကို နားထောင်ခြင်းထက် သူတို့၏ လက်သည်းများကို လေ့လာကြည့်ရှုခြင်းကို ပို၍ စိတ်ဝင်စားလာကြသည်။ ပရိသတ်ထံမှ တဝါးဝါး သမ်းဝေသံကိုပင် ကြားရ၏။ တရားသူကြီး၏ မျက်လုံး အစုံသည် တစ်ချက်တစ်ချက်တွင် မှေး၍သွားသည်မှာ တစ်မိနစ်ခန့်ပင် ကြာပေမည်။

ပေါ(လ်)ကမူကား မပျင်းရိအားပေ။ သူ့ဘက်မှ ခုခံပေးနေသည့် ဆာကဲနက် နှင့် အဖွဲ့ကို ဂရုတစိုက် လေ့လာကြည့်မိသည်။ ဤဝတ်လုံတော်ရကြီးများ၊ အတိုင်ပင်ခံ ရှေ့နေကြီးများသည်၊ တကယ်တော့ သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်လျက်ရှိနေကြသော သူ၏ နောက်ဆုံးမိတ်ဆွေကြီးများ ဖြစ်ကြပေသည် တကားဟု တရားကျသည့်စိတ် ဝင်လာသည်။

ထိုနောက်တွင်ကား မျှော်လင့်မထားဘဲနှင့် ဆာဟေးမင်း၏ အသံ ထွက်လာသည်။

"တရားသူကြီးမင်းခင်ဗျား၊ အစိုးရဘက်က သက်သေပြဖို့ ဒီမျှလောက်နဲ့ပဲ တော်ပါပြီခင်ဗျာ"

ဤတွင် ပျင်းရိငြီးငွေ့နေသော ပရိသတ်သည် လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်သည်။

ဂျူရီလူကြီးများဘက်မှ နေရာရွှေ့သံ၊ ချောင်းဟန့်သံများကို ကြားရ၏။

တရားသူကြီးက အိပ်ငိုက်နေရာမှ စာရွက်တစ်ရွက်ကိုကိုင်ကာ ကိုယ်ကို မတ်မတ်ထိုင်လိုက်သည်။ ဟန်ကတော့ တစ်ချိန်လုံး ဂရုတစိုက် နားထောင် လာခဲ့သည့်ပုံမျိုးဖြစ်၏။

အစိုးရဘက်မှ သက်သေကုန်သွားပြီဖြစ်၍ တရားခံဘက်မှ ဝတ်လုံတော်ရကြီး ဆာကဲနက်က လျှောက်လဲချက် စတင်ပေးရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဝတ်လုံတော်ရ ပေါက်စကလေးများက၊ ဝါရင့် ဝတ်လုံတော်ရကြီး တစ်ဦး၏ လျှောက်လဲချက်ကို လေ့လာအတုယူကြရန် ဟိုသွားဒီသွား သွားနေကြရာမှ မိမိတို့ နေရာအသီးသီးသို့ ကပျာကယာ ပြေးလာကြသည်။

ပရိသတ်များနှင့် ဂျူရီအဖွဲ့ဝင်များတို့ ကောင်းစွာ အသားမကျသေးမီပင် ဆာကဲနက်က သူ၏ ကုလားထိုင်မှ ဆတ်ခနဲ ထပြီး နေလေပြီ။ သူ၏ အမူအရာ ကတော့ စိတ်အေးလက်အေးဖြင့် ခပ်ရှင်ရှင် ဖြစ်နေသည်။ သူ၏ အမူအရာကိုသာ

ကြည့်၍ အမိပွာယ်ကောက်ရလျှင် အမှုနိုင်မည်မှာ သေချာနေသဖြင့် အေးအေး ဆေးဆေး ရှိနေသည့်ပုံဖြစ်သည်။

ဂျူရီအဖွဲ့သို့ လျှောက်လဲချက်ပေးသည့်အခါ၌လည်း ဤသဘောအတိုင်း ပြောသွားသည်။

အစိုးရဘက်မှ ဝတ်လုံတော်ကြီး၏ တင်ပြချက်မှာ အလွန်တရားမျှတကြောင်း အလွန်အကွက်စေ့ကာ နာယူမှတ်သားစရာ လျှောက်လဲချက်တစ်ရပ် ဖြစ်ကြောင်း သို့သော် အယ်လီနာပရက်ဆက်၏ အလောင်းထဲ၌ တွေ့ရသည့်အဆိပ်ကို တရားခံ၏ လက်ဖြင့် ကိုင်တွယ်၍ အယ်လီနာပရက်ဆက်ကို တိုက်ခဲ့ပါသည်ဟု အစိုးရဘက်မှ နိုင်နိုင်လုံလုံ သက်သေသက္ခာယဖြင့် မတင်ပြနိုင်ကြောင်း၊ အစိုးရဘက်မှ တင်ပြသည့် အချက်တိုင်းလိုလိုတွင် သံသယဖြစ်ဖွယ်ရာ အခြေအနေများကို တွေ့ရကြောင်း ဂျူရီလူကြီးများ၏ စိတ်ထဲတွင် အချက်တစ်ခုခုကို ကျိုးကြောင်းခိုင်လုံစွာဖြင့် ယုံမှားသံသယဖြစ်မည်ဆိုလျှင် စွပ်စွဲချက်သည် ခိုင်လုံမှုမရှိဟု ဆိုရမည်ဖြစ်သော ကြောင့်၊ သူ၏ အမှုသည်အား အပြစ်မရှိပါဟု စီရင်ချက်ချပေးရမည်ဖြစ်ကြောင်း အစရှိသည်ဖြင့် ဆာကဲနက်က ဂျူရီအဖွဲ့ ရှေ့မှောက်၌ လျှောက်လဲသွား၏။

အစိုးရဘက်မှ လျှောက်လဲချက်တွင် သူတွေ့ရသည့် ယုံမှားသံသယဖြစ်ဖွယ် အချက်များကို တစ်ချက်ပြီးတစ်ချက် ထောက်ပြီးနောက်၊ နှာခေါင်းပေါ်တွင် မျက်မှန်ကိုပြန်၍ တပ်လိုက်ပြီး၊ ဝင့်ကြွားသောအမူအရာဖြင့် ပေါ(လ်)ပရက်ဆက်အား သက်သေအဖြစ်ခေါ်ယူလိုက်သည်။

"တရားသူကြီးမင်း ခင်ဗျား၊ တရားခံကို မေးခွန်းထုတ်ဖို့ ခေါ်ယူခွင့် ပေးစေလိုပါတယ်"

ဝတ်လုံပေါက်စကလေးများသည်ကား ဆာကဲနက်အား အထင်ကြီးစွာဖြင့် ကြည့်ကာ နှုတ်မှလည်း ချီးကျူးထောမနာပြုနေကြသည်။

"တို့ဆရာကြီးကတော့ တယ်ပိုင်တာပဲဟေ့"

မှန်ပေသည်။ ဆာကဲနက်က တိုတိုနှင့် ထိထိမိမိပြောသွားသည်။ သူပြော သွားပုံအသွင်ကပင် 'ဘာကြောင့် လျှောက်လဲချက်အရှည်ကြီးကို ပြောပြီး လူတွေကို ငြီးငွေ့စေရမှာလဲကွ၊ တရားခံကို ခေါ်ပြီး မေးခွန်းထုတ်လိုက်ပြီးရင် အမှုက ပြီးသလောက်ရှိသွားပြီပဲဥစ္စာ'ဟူ၍ ပြောနေသယောင်ယောင်ပင် ဖြစ်သည်။

• တော်ရုံတန်ရုံနှင့် ကျေနပ်လေ့ မရှိသူများကမူ ဤသို့ပြောကြသည်။

"ကြည့်ပါကွာ၊ ဆာကဲနက်ကြီးက ဒါနဲ့ မပြီးသေးပါဘူး၊ အဆုံးသတ်ကျမှ ကျကျနနတီးမှာကွ၊ စောင့်နေ"

စိတ်ကူးချိုချို

ဤသို့သော လူစားမျိုးများကလည်း သူတို့စိတ်ဝင်စားသည့် ဓာတ်သိမ်းပိုင်းကို မျှော်နေကြသည်။

{၇}

ပေါ(လ်)သက်သေဝက်ခြံတွင်းကို ဝင်သွားသည့်အချိန်သည် မွန်းလွဲပိုင်းဖြစ်၏။ ထိုနေ့ရုံးနားသည့် အချိန်အထိ ဝက်ခြံအတွင်းမှာပင် ရှိနေရသည်။ နောက်တစ်နေ့၌လည်း တစ်နေ့လုံးနီးပါး ဝက်ခြံအတွင်း၌ပင် နှစ်ဖက်ရှေ့နေများ၏ မေးခွန်းများကို ဖြေရသည်။

ဝက်ခြံအတွင်းသို့ဝင်သွားသည့်အခါ၌ သူ၏ရင်သည် တဒိန်းဒိန်းခုန်နေသည်။ သို့သော် ရဲရဲဝံ့ဝံ့ကြီး ရင်ဆိုင်လိုက်မည်ဟူ၍ စိတ်တင်းထားနိုင်ခဲ့သည်။ ထို့ကြောင့် သူ၏ ငါးပေလေးလက်မသာရှိသော အရပ်ကိုဆန့်ထုတ်လျက် ရင်ကော့၍ ဝင်လာသည်။ ဝက်ခြံအတွင်းသို့ ရောက်လာခါစတွင်တော့ ဝက်ခြံဘေးနှစ်ဖက်ရှိ တန်းများပေါ်သို့ သူ၏ လက်နှစ်ဖက်ကိုတင်ထားသေးသည်။ သို့သော် ထိုလက်များမှာ အနည်းငယ်တုန်ယင်နေသဖြင့် ပြန်၍ ရပ်လိုက်ကာ သက်သေအနေအထားဖြင့် လက်နောက်ပစ်၍ ရပ်နေလိုက်သည်။

သူ့ဘက်မှ ဝတ်လုံတော်ရကြီး ဆာကဲနက်၏ အဖွင့် လျှောက်လဲချက်ကို ကြားပြီးကတည်းက သူ၏ ရင်တွင်းဝယ် မျှော်လင့်ချက် ရောင်ခြည်ကလေးက ပေါ်လာသည်။

ဝက်ခြံထဲ၌ ပေါ(လ်)နေသားတကျ ရှိလော်ကိုချိန်တွင် ဆာကဲနက်က သူ၏ အမှုသည်အား မေးခွန်း စတင်ထုတ်သည်။

မေးသည့်အခါ၌ အကြီးအကျယ် မတရားလုပ်ခံရသူ တစ်ဦးအား ကရုဏာ သက်စွာဖြင့် မေးသည့်ပုံမျိုးဖြင့် ပေါ(လ်)နှင့် အယ်လီနာတို့ ဧနီးမောင်နှံအဖြစ် အတူတကွ နေခဲ့ကြသည့်ဘဝကို စ၍ မေးသည်။

'ခဏခဏရန်ဖြစ်တယ်လို့ တခြားသက်သေတွေက ပြောသွားကြတယ် မှန်ပါသလား' ဟူသော မေးခွန်းကို ပေါ(လ်)ကလည်း မငြင်းပေ။

"မှန်ပါတယ်ခင်ဗျ၊ တစ်ခါတစ်ရံမှာကျွန်တော်တို့ စကားများရန်ဖြစ်ကြပါတယ်၊ ကျွန်တော်က လွန်တာများပါတယ်"

ဤသို့သော ပေါ(လ်)၏ အဖြေကို ဆာကဲနက်က 'ဟုတ်တာပေါ့ ဟုတ်တာပေါ့'ဟူ၍ ခေါင်းတဆတ်ဆတ်ဖြင့် လိုက်လိုက်လျောလျော ပြန်၍ ပြောသည်။

ထိုကမှ အယ်လီနာ သောက်သည့် ဆေးများအကြောင်းသို့ ရောက်သွားပြန်သည်။

"ဟုတ်ပါတယ်ခင်ဗျ၊ အယ်လီနာကတော့ သူ့ရောဂါသက်သာမယ်ထင်ရင် ဘယ်ဆေးမျိုးမဆို မငြင်းဘူး၊ သောက်ပစ်လိုက်တာပဲ"

"ဟုတ်လား၊ အဲဒီလို သောက်လေ့ရှိတာကို ဆရာဝန်မသိဘူးလားဗျ၊ မစ္စတာ ပရက်ဆက်ရ"

"ဆရာဝန်သိရင် မကြိုက်မှာစိုးလို့ ဆရာဝန် မသိအောင် ဖုံးထားပါတယ်"

သူ့အမှုသည်က ထိုသို့ ရိုးရိုးကလေး ဖြေလိုက်သည့် အဖြေကြောင့် ဆာကဲနက်သည် အလွန်တရာ သဘောကျသွားသည်။

တစ်ဖန် ပေါ(လ်)နှင့် မိုင်ရာဘွန်းတို့၏ အကြောင်းသို့ရောက်လာသည်၊

"ခင်ဗျားနဲ့ မစ္စစ်မိုင်ရာဘွန်းနှစ်ဦးဟာ တိတ်တိတ်ပုန်းညားနေကြတယ်လို့ လူတွေက စွပ်စွဲနေကြတယ်၊ ဒါကို ခင်ဗျားအနေနဲ့ ဝန်ခံမလား"

"မှန်ပါတယ်ခင်ဗျ၊ ဝန်ခံပါတယ်၊ ဒါပေမဲ့ အပြစ်ပြောစရာရှိတယ် ဆိုရင် ကျွန်တော့်မှာသာ အပြစ်ရှိပါတယ်၊ ကျွန်တော်က အဓိက ကျူးလွန်တဲ့သူပါ"

ဆာကဲနက် ခေါင်းကိုဆတ်ရပြန်လေပြီ။

"ဟိုတယ်တွေမှာ အခန်းငှားပြီး ချိန်းတွေ့ကြတယ်လို့ ပြောကြတာတွေကော"

"သူတို့ပြောတာတွေမှန်ပါတယ်"

ဟိုတယ်ခန်းများ အကြောင်းမှသည်၊ အယ်လီနာ ပထမအကြိမ် အကြီးအကျယ် မမာသည့်အကြောင်းသို့ ရောက်လာသည်။

"ခင်ဗျားရဲ့ဇနီး ပထမအကြိမ် အပြင်းအထန် ဖိုက်အောင့်ပြီး အိပ်ရာထဲမှာ လဲနေရတာဟာ၊ ခင်ဗျားက အဆိပ်ခတ်လို့ ဖြစ်ရသလိုလို ပြောသွားကြတယ်၊ ခင်ဗျားအနေနဲ့ ဘယ်လိုဖြေရှင်းမလဲ၊ တကယ်ကော လုပ်ခဲ့သလား"

"ကျားသားမိုးကြိုးဗျာ၊ မလုပ်ခဲ့ပါဘူး"

ပေါ(လ်)အနေဖြင့် ဤအဖြေကို ပေးလိုက်ရသည်မှာ စိတ်ထဲ၌ ပေါ့သွားသည်။ အမှန်အားဖြင့်လည်း ထိုအကြိမ် အယ်လီနာ မမာခဲ့စဉ်က သူ့ရောဂါကြောင့်သာ ဝေဒနာခံစားခဲ့ရခြင်းဖြစ်သည်။ ပေါ(လ်)၏ ပယောဂ လုံးဝမပါခဲ့ပေ။

"အဲဒီအကြိမ် မမာခင်တုန်းက ပေါင်းပင်သတ်ဆေး ဝယ်ခဲ့ဘူးသေးသလား"

"မဝယ်ခဲ့ပါဘူး"

"ဘယ်တုန်းကများ ဝယ်ခဲ့ဘူးသလဲ"

"ဘယ်တုန်းကမှ မဝယ်ခဲ့ပါဘူးခင်ဗျာ"

စိတ်ကူးချိုချို

"ဟင် ...ဒီလိုဆိုရင် ပေါင်းပင်သတ်ဆေးဘူးက ခင်ဗျားဆီမှာ ဘယ်လိုလုပ်ပြီး ရှိနေရတာလဲ"

"ကျွန်တော်က တောင်းရတာမဟုတ်ဘဲနဲ့ သူများလာပေးထားလို့ပါ"

ဆာကဲနက် ခေါင်းဆတ်ပြန်လေသည်။

နောက်ထပ်မေးခွန်းတစ်ခုမမေးမီ အချိန်ယူကာ စဉ်းစားနေသေးသည်။

ဆက်၍မေးသည့် အကြောင်းအရာမှာ ပေါင်းပင်သတ်ဆေးဘူးအခွံကို မြေကြီးထဲ၌ မြှုပ်ခဲ့ရသည့်အကြောင်းဖြစ်သည်။ ဗတ်လုံတော်ရကြီးက ပေါ(လ်)အား ဤသို့ ထူးဆန်းသည့်အလုပ်ကို အဘယ့်ကြောင့် လုပ်ခဲ့ရသည်ကို တရားသူကြီးနှင့် ဂျူရီအဖွဲ့ သဘောပေါက်လာစေရန် ရှင်းပြနိုင်းသည်။

ထိုဘူးခွံကို လွှင့်ပစ်လိုက်ပြီဟု အင်စပက်တော်ကြီး ဘို(လ်)ထရိုကို ကနဦးက ပြောထားမိခဲ့ပြီးသည့်နောက်မှ အမှိုက်ပုံးထဲသို့ထည့်ရန် စိတ်မလုံဖြစ်လာသော ကြောင့် မြေကြီးထဲ၌ မြှုပ်လိုက်မိပါသည်ဟု ပေါ(လ်)က ဖြေသည်။

ဆာကဲနက်က ပေါ(လ်)လုပ်ခဲ့သည်ကို သဘောပေါက်သည့် အဓိပ္ပာယ်ဖြင့် ခေါင်းဆတ်ရပြန်၏။

နောက်ထပ်ဆက်၍မေးသည့် အကြောင်းအရာမှာ ပေါ(လ်) ထွက်ပြေးသည့် အကြောင်း ဖြစ်သည်။

"ခင်ဗျားအနေနဲ့ ဘာများပြောဖို့ ရှိသလဲ"ဟု ဆာကဲနက်က မေးလိုက်ရာ၊ ပေါ(လ်)က "ထွက်ပြေးသည်မှာ မှန်ကြောင်း၊ ဘာကြောင့် ပြေးရသနည်းဆိုသော် သူအပြစ်မရှိကြောင်းကို ခိုင်လုံစွာ သက်သေပြလိမ့်မည်ဟု မထင်၍၊ အဖမ်းမခံဘဲ ထွက်ပြေးမိခြင်းဖြစ်ကြောင်း"ဟု ရှင်းပြသည်။

ဆာကဲနက်က ဂျူရီလူကြီးများ စိတ်စနောင့်စနင်း မဖြစ်စေရန်နှင့် ပေါ(လ်) ပြောသွားသည့်အထဲမှ ဟာကွက်ကလေးများကို ဖြည့်နိုင်ရန်အတွက် နောက်ထပ် မေးခွန်းတစ်ခုကို မေးသည်။

"ဒါပေမဲ့ မစ္စတာပရက်ဆက်၊ ခင်ဗျားစပြီး အိမ်က ထွက်ပြေးတဲ့ အချိန်တုန်းက အလောင်းထဲမှာ အဆိပ်တွေကို တွေ့တယ်ဆိုတာ ခင်ဗျား မသိသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော် မသိသေးပါဘူး၊ ဒါပေမဲ့ သူတို့တော့ အလောင်းထဲမှာ တစ်ခုခုကို တွေ့လိမ့်မယ်လို့ ကျွန်တော်ထင်နေခဲ့ပါတယ်။ အယ်လီနာ သောက်နေတဲ့ ဆေးတွေထဲက တချို့ဓာတ်တွေဟာ ဝမ်းထဲမှာ စိန်အဆိပ်အဖြစ် ပြောင်းချင်လဲ ပြောင်းလဲသွားနိုင်တယ် မဟုတ်ဘူးလား၊ နောက်ပြီး

ပေါင်းပင်သတ်ဆေးဘူးကလဲ အယ်လီမှာ အသက်ရှင်စဉ်တုန်းက မစွန့်ပစ်ရသေးဘူး မဟုတ်လား၊ ဘူးထဲက အငွေ့တွေဘာတွေလဲ ပျံ့လွင့်လာကောင်းလာနိုင်တာ ပဲလို့ တွေးမိပါတယ်၊ နောက်တစ်ချက်ရှိပါသေးတယ်ခင်ဗျ၊ အရပ်ထဲက.လူတွေက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မိရင် မျက်နှာလွှဲသွားကြတယ်၊ ဒါတွေကိုထောက်ရှုပြီး အလောင်းထဲမှာတော့ တစ်ခုခုတွေ့လို့သာပဲလို့ တွေးမိပါတယ်၊ တစ်ခါ ကျွန်တော်ကျောင်းမှာ ဆရာလုပ်နေတုန်းက ဆရာတစ်ယောက်ပြောတာကြားခဲ့ဘူးတယ်၊ သူပြောတဲ့အတိုင်းဆိုရင် သေတဲ့လူရဲ့ ဗိုက်ထဲကို ခွဲကြည့်ရင် အဆိပ်တစ်မျိုးမျိုး ကို အနည်းနဲ့အများတော့ တွေ့တာချည်းပဲတဲ့၊ အဲဒါကြောင့် အဆိပ်ခတ်သတ်တဲ့ တရားခံအဖြစ် စွဲချက်တင်ခံရတဲ့သူတွေဟာ သူတို့မှာ အပြစ်မရှိပါဘူးလို့ ထုချေဖို့ မဖြစ်နိုင်သလောက်ပဲတဲ့၊ အဲဒီလို အခြေအနေကြောင့် ကျွန်တော်လဲ ထူပူပြီး အိမ်ကနေ ရှောင်ထွက်လာခဲ့မိတယ်"

ဆာကဲနက်က ပေါ(လ်)ဖြေသည်ကို ကရုဏာသက်သည့်ဟန်ဖြင့် ဝင်၍ ပြောလိုက်သေးသည်။

"နားလည်ပါပြီ၊ နားလည်ပါပြီ"

ထို့နောက် ဆာကဲနက်က ပေါ(လ်)ဘက်သို့ ဆတ်ခနဲ မျက်နှာလှည့်လိုက်ပြီး အလွန်အရေးကြီးသော မေးခွန်းကို ကောက်ကာငင်ကာ မေးလိုက်သည်။

"မစ္စတာပရက်ဆက်၊ ခင်ဗျားကကော ခင်ဗျားရဲ့ဇနီးကို တကယ်ပဲအဆိပ် ခတ်ခဲ့သလား"

ပေါ(လ်)အဖို့မှာလည်း ဤကဲ့သို့ တိုက်ရိုက်အမေးခံရသည့်အခါ၌ ရဲရဲဝံ့ဝံ့ ဖြေရန် စိတ်တင်းထားသည့်အတိုင်း အသံတုန်ယင်မှုကင်းစွာဖြင့် ဖြေလိုက်သည်။

"မခတ်ပါဘူး"

"ကောင်းပါပြီ၊ ဒါဖြင့်ရင် အခု တစ်ဘက်က၊ ကျွန်တော်တို့ရဲ့ ဝတ်လုံတော်ကြီးက၊ ခင်ဗျားကို ဘယ်လိုမေးခွန်းမျိုးကိုပဲမေးမေး၊ ခင်ဗျားဖြေဖို့ အဆင်သင့် ရှိပါပြီလား"

"ဟုတ်ကဲ့။ အသင့်ရှိပါပြီ"

ပေါ(လ်)က ဤမျှနှင့်ပင် ရပ်မနေဘဲ လိုသည်ထက်ပို၍ ကြိုက်တဲ့မေးခွန်းကို မေးပါခင်ဗျား ဟူ၍ တပ်တွန့်လိုက်သဖြင့် သူ၏ အဖြေအမှာ တန်ဖိုးအနည်းငယ် လျော့သွားရသည်။

ဆာကဲနက်ကတော့ အမှုနိုင်ပြီးသည့်အသွင်ဖြင့် နေရာတွင် အေးအေး ဆေးဆေး ထိုင်ချလိုက်ကာ လက်နှစ်ဖက်ကို အိတ်ထဲတွင် နှိုက်လျက် သူ၏

အမှုသည်နှင့် အစိုးရဘက်မှ ဝတ်လုံတော်ရကြီး ဆာဟေးမင်းတို့၏ အမေးအဖြေကို စောင့်ကြည့်နေသည်။

ဆာဟေးမင်းက ထိုင်ရာမှ ဖြည်းဖြည်းချင်း ထလိုက်သည်။

ပေါ(လ်)က နောက်သို့ပစ်ထားသော သူ၏ လက်နှစ်ဖက်ကို တုန်ယင်ခြင်း မရှိရအောင် လက်တစ်ဘက်က ကျန်တစ်ဘက်ကို ပြန်၍ ညှစ်ထားသည်။ ဤတစ်ကြိမ်သည် လူတွေကို နောက်ဆုံးရင်ဆိုင်ရမည့်အကြိမ် ဖြစ်ကောင်းဖြစ်ပေမည်။ ဤသို့ဖြစ်သည်ဆိုလျှင်လည်း သူက ဂုဏ်သရေရှိရှိဖြင့် ရင်ဆိုင်သွားကြောင်း မိုင်ရာ သိစေလိုသည်။

ဆာဟေးမင်း၏ ပထမမေးခွန်းများမှာ အိမ်ဖော်မကလေး အယ်နီကို အလုပ်မှ ရပ်စဲခြင်းသည် သူတို့အိမ်တွင် အခြားလူမရှိစေရန် ရည်ရွယ်၍ ရပ်စဲခြင်း ဖြစ်ကြောင်း၊ ထိုသို့ လူမရှိသည့်အခါ၌ သူ၏ ဇနီးကို အဆိပ်ခတ် လုပ်ကြံရန် ဖြစ်ကြောင်းတို့ကို ဦးတည်ထားသည်။

ဆာဟေးမင်းက ပေါ(လ်)ကို ဖမ်းမိနိုင်ရန် ဤသို့အကွက်ဆင်သည်။

"ခင်ဗျားပြောချင်တာက ဒီကလေးမလေးကို အလုပ်ရပ်စဲခဲ့ရတာဟာ ချွေတာရေးအစီအစဉ်အဖြစ်နဲ့ ခင်ဗျားဇနီးက ရပ်နိုင်းလို့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟင် ...ဒီလိုဆိုတော့ ခင်ဗျားဇနီးဟာ စိတ်သဘောထားမပြည့်ဝတဲ့ အမျိုးသမီး တစ်ယောက်လို့ ဆိုလိုတာလား"

ပေါ(လ်)က ခေတ္တမျှ တွေဝေသွားပြီး 'မဟုတ်ပါဘူး'ဟု ဖြေလိုက်သည်။

ဆာဟေးမင်းက အသံဖြင့်မပြော၊ သူ၏ ထူထဲသောမျက်ခုံးတစ်ဘက်ကိုသာ တွန့်ပြလိုက်သည်။ 'ဟုတ်ရဲ့လား ကိုယ့်လူရယ်'ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

သူ့အပေါ်တွင် တစ်ဖက်သတ် မုတ်ချက်ပြုနေသော ဆာဟေးမင်းအား ပေါ(လ်)က ဒေါသထွက်လာသည်။ ထို့ကြောင့် ထပ်၍ ပြောလိုက်သည်။

"ဒီမှာ ဝတ်လုံတော်ရကြီးခင်ဗျား၊ သေသွားတဲ့ ကျွန်တော့်ဇနီးအပေါ်မှာ ကျွန်တော်က ဘာမှ ဝေဖန်ချက်မပေးလိုပါဘူး"

"ဟုတ်လား၊ ဒါပေမဲ့ နည်းနည်းတော့ ဆက်ပြောကြဦးစို့ဗျာ၊ ဒီမှာ မစ္စတာ ပရက်ဆက်၊ ခင်ဗျားရဲ့အဆက် ကောင်မလေးကိုသာ ခင်ဗျားက မထောက်ပံ့နေရဘူးဆိုရင်၊ ခင်ဗျားရဲ့ မိန်းမအတွက် ကူဖော်လောင်ဖက်အဖြစ် အိမ်ဖော် တစ်ယောက်လောက်ငှားဖို့တော့ တတ်နိုင်မှာပေါ့၊ မဟုတ်ဘူးလား"

ပေါ(လ်)က ဆာဟေးမင်းအား မျက်လုံးပြူး၍ ကြည့်ကာ ပြန်၍ချေသည်။

"မစ္စစ်မိုင်ရာဘွန်းကို ကျွန်တော်က မထောက်ပံ့ခဲ့ပါဘူး၊ ကူညီရုံလောက်ပါ"

"ကိုင်း...ဒီလိုဆိုရင် အဲဒီလိုသုံးတဲ့ ပိုက်ဆံတွေအတွက်၊ ခင်ဗျားရဲ့ မိန်းမကို ဘယ်လို အကြောင်းပြခဲ့သလဲ"

"ဒီလိုပဲ အကြောင်းတစ်ခုခုရှာပြီး ပြရတာပေါ့"

"လိမ်ပြောရတာပေါ့လေ"

"ဆိုပါတော့ခင်ဗျာ"

ပေါ(လ်)က ထပ်၍ ပြောပြန်သည်။

"ဟုတ်ပါတယ်၊ လိမ်ပြောခဲ့ပါတယ်"

ပေါ(လ်)၏ အမူအရာမှာ အေး...ဟုတ်တယ်၊ လိမ်ပြောခဲ့တယ်၊ ဘာဖြစ်သေးလဲဟူသော အမူအရာမျိုးဖြစ်လာသည်။

ခဏမျှနေလျှင်ပင် ပေါ(လ်)၏ အမူအရာမှာ တင်းမာနေရာမှ ပြန်၍ ပျော့လာရတော့သည်။

သူက ဆာဟေးမင်းအား လေပျော့ကလေးဖြင့် ထပ်၍ ပြောသည်။

"အဲဒီတုန်းကတော့ ကျွန်တော့်အခြေအနေက သိပ်ကို ကျပ်နေလို့ လိမ်မပြောလို့ မဖြစ်ဘူးဗျာ"

"ဟုတ်မှာပေါ့၊ ခင်ဗျားရဲ့ဇနီးကိုလဲ မသေစေချင်ဘူး၊ ဟုတ်ရဲ့လား"

"ဘာကို ဆိုလိုတာလဲခင်ဗျာ၊ ဟုတ်...ဟုတ်ပါတယ်၊ မသေစေချင်ပါဘူး"

ပေါ(လ်) တွေဝေသွားချင်းကို အခွင့်ကောင်းယူကာ ဆာဟေးမင်းက ဖိ၍ မေးသည်။

"ခင်ဗျားရဲ့ အဓိပ္ပာယ်က မသာမယာဖြစ်နေတဲ့ ခင်ဗျားရဲ့ အိမ်ထောင်ရေးကို သည်းခံအောင့်အည်းပြီး နေတော့မယ်၊ ခင်ဗျားနဲ့ ခင်ဗျားအဆက်ကောင်မလေး တူပျော်ပျော်နေရမယ့်ဘဝကို စွန့်လွှတ်လိုက်မယ်လို့ စိတ်ဆန္ဒရှိခဲ့တယ်လို့ ဆိုလိုတာလား"

ဆာဟေးမင်း၏ အမေးကို မည်သို့ဖြေရမှန်း မသိသည့်အတွက် ပေါ(လ်)မှာ ဘာမျှ မပြောနိုင်ဘဲ ငိုင်နေပြီးမှ မရဲတရဲဖြေရသည်။

"ကျွန်တော် သူ့ကို မသေစေချင်ပါဘူးခင်ဗျာ"

ဤနည်းအတိုင်း အစိုးရရှေ့နေကြီးနှင့် တရားခံတို့မှာ မေးသူကမေး၊ ဖြေသူကဖြေနှင့် အချိန်အတော်ကြာလာသည်။ အချိန်ကြာလာသည်နှင့်အမျှ မူလကတည်းက အပေါ်စီးရထားသည့် ဆာဟေးမင်းက တစ်ချက်ပြီးတစ်ချက်

ပေါ(လ်)၏ အပေါ်၌ အသာရလာသည်။ သူ့အနေနှင့် စိတ်လှုပ်ရှား၍လည်း နေသူမဟုတ်၊ ထို့ကြောင့် စဉ်းစားတွေးတောရာ၌ သွက်သွက်လက်လက်ရှိသည်။ ပေါ(လ်)အဖို့မှာကား စိတ်က အပြင်းအထန် လှုပ်ရှားနေသဖြင့် အစီအစဉ်တကျ မတွေးတောနိုင်။ ထို့ကြောင့် စိတ်မာတ်ကျသွားသည့်အခါလည်း ရှိသလို စိတ်တိုလာသည့် အခါလည်း ရှိသည်။ အချိန်ကြာလာသည်နှင့်အမျှ ဆာဟေးမင်း၏ အကွက်ထဲတွင် အမိခံရသည့်အဖြစ်သို့ရောက်လာသည်။

ပေါ(လ်)က ဣန္ဒြေမပျက်စေရအောင် ကြိုးစား၍ သူ၏ အမူအရာကို ထိန်းရှာ၏။ ထို့ကြောင့် အသံလည်းမတုန်၊ မျက်ရည်လည်းမဝဲ၊ လှုပ်ပုံကလည်း တောင့်တောင့်တင်းတင်းရှိနေသည်။ ဤသို့သော အနေအထားကြောင့် သတင်းထောက်များက သူ့ကို တအံ့တသြကြည့်နေကြသည်။ တကယ်တော့ သူ၏ ရင်ထဲဝယ် ဗလောင်ဆူနေသည်ကို ဘေးလူများက မသိကြပေ။ ပေါ(လ်)အဖို့ မျှော်လင့်ချက်ရောင်ခြည်က မှိန်၍မှိန်၍သွားလေပြီ။

အကွက်ရလာပြီဖြစ်သော ဆာဟေးမင်းက ပေါင်းပင်သတ်ဆေးဘူး အကြောင်းကို အလေးအနက်ထားကာ ဖိ၍တွယ်သည်။

ပေါ(လ်)က အင်စပက်တော် ဘို(လ်)ထရီ သူ၏အိမ်သို့ လာ၍မေးမြန်း သွားပြီးနောက် စိုးရိမ်စိတ်ပေါ်လာသဖြင့် ဘူးခွံကို အိမ်နောက်ဖေးပန်းခြံထဲ၌ မြှုပ်လိုက်သည်ဟုပြောရာ ဘာကိုစိုးရိမ်တာလဲဟူသည့် အချက်ကို ဆာဟေးမင်းက ဖိ၍မေးသည်။

ထိုဘူးခွံကြောင့် တစ်စုံတစ်ခုဖြစ်မည်ကို စိုးရိမ်မိလို့ပါဟု ပေါ(လ်)က ဖြေသည်။

ဘယ်လိုအဖြစ်မျိုး ဖြစ်မည်ကို စိုးရိမ်ရတာလဲ ဟူသော မေးခွန်းကလိုက်လာ ပြန်သည်။

ပေါ(လ်)က ရှင်းအောင်မဖြေနိုင်တော့။

သို့သော် ဆာဟေးမင်းက ရပ်မနေဘဲ ဆက်၍ မေးသည်။

"ဘယ်လိုအဖြစ်မျိုးဖြစ်တတ်တယ်ဆိုတာ၊ ခင်ဗျားနည်းနည်းကလေးလောက်မှ မသိထားဘူးလား"

ပေါ(လ်)၏ အဖြေမှာ ယုတ္တိမဲတန်လှ။ ထိုဘူးခွံကို သူ့ဇနီးက ကိုင်မိ တွယ်မိသည့်အခါ၌ လက်တွင် ဆေးမှုန့်တွေ ကပ်နိုင်ကြောင်း စဉ်းစားမိလို့ပါဟု ဖြေသည်။

ဆာဟေးမင်းက ပေါ(လ်)၏ အဖြေကို သူလိုရာသို့ ဆွဲ၍လှည့်လိုက်သည်။

"ဘာကိုဆိုလိုတာလဲ၊ သူမသေခင် နာရီပိုင်းလောက်အတွင်းမှာ ကိုင်မိနိုင်တာကို ပြောတာလား"

ဤတော့မှပင် ဆာဟေးမင်း ရည်ရွယ်သည့်အဓိပ္ပာယ်ကို ပေါ(လ်)က သဘောပေါက်တော့သည်။ ထို့ကြောင့် ဆာဟေးမင်း၏ အကွက်မှ ကြိုးစား၍ ရုန်းထွက်သည်။

"ဝတ်လုံတော်ရကြီးခင်ဗျာ၊ စိန်အဆိပ်ရဲ့ အစွမ်းသတ္တိဟာ ဘယ်လောက်ကြာမှ သိရတယ်ဆိုတာကို ကျွန်တော်မသိပါဘူး၊ ဒီအချက်ကိုလဲ ကျွန်တော် ပြေပြီ ဖြစ်တယ်ဆိုတာ ဝတ်လုံတော်ရကြီး သတိမေ့သွားတယ်နဲ့တူပါတယ်"

ပေါ(လ်)၏ အပြေမှာ ချက်ကျပိုင်နိုင်သည်။ ဤအချက်ကို မြင်သော သူ၏ ဝတ်လုံတော်ရကြီး ဆာကဲနက်က နေရာတွင် ထိုင်ရင်းက သူ၏ လက်သောက်များကို လှမ်း၍ပြောလိုက်၊ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ဖြင့် ဂျူရီအဖွဲ့က ပေါ(လ်)၏ ချက်ကျသောအဖြေကို သတိပြုမိအောင် ဖန်တီးနေသည်။

ဤအချက်တွင် ပေါ(လ်)က သာသွားပြီဆိုသည်ကို ဆာဟေးမင်းကလည်း သတိပြုမိသည်။ ထို့ကြောင့် သူ့စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်သွားသည်။ သူ၏ နောက်ထပ်မေးခွန်းဖြင့် ပေါ(လ်)ကို ထပ်၍ ဖမ်းပြန်သည်။

"ကျွန်တော် ဘယ်အချက်ကိုမှ မမေ့ပါဘူး မစ္စတာပရက်ဆက်၊ ကျွန်တော်က ခင်ဗျားကို မေးမလို့ဆဲဆဲပါ၊ စိန်လိုအဆိပ်မျိုးဟာ လူ့ခန္ဓာကိုယ်ထဲမှာ အစွမ်းသတ္တိမပြဘဲနဲ့ ရက်အကြာကြီး နေမယ်လို့ ခင်ဗျားက ထင်တယ်ဆိုတာကို၊ ဂျူရီလူကြီးတွေက ယုံလိမ့်မယ်လို့ ယူဆလို့လားလို့"

"အဲဒီလို ယူဆဖို့ရာ အကြောင်းရှိအောင် ကျွန်တော်က ဘာမှလဲ မပြောခဲ့ပါလား"

"ခင်ဗျားဘူးခွံကို မြုပ်တဲ့ အချိန်တုန်းကတော့ အဲဒီလိုစွဲစွဲမြဲမြဲ ယူဆမိခဲ့တယ် မဟုတ်လား"

"မယူဆမိပါဘူးခင်ဗျာ၊ ကျွန်တော့်မှာ စိုးရိမ်စိတ်ပဲ လွှမ်းမိုးနေပါတယ်"

"ဘယ့်နှယ် ...မစ္စတာပရက်ဆက်ကလဲ၊ အဲဒီ အချိန်တုန်းက အလောင်းကို ဖော်ကြည့်ဖို့ရာ အကြောင်းမှမရှိသေးဘဲ၊ ဘာ စိုးရိမ်စရာရှိလို့လဲ"

"အလောင်းဖော်တာနဲ့ ပတ်သက်လို့တော့ ကျွန်တော်မစိုးရိမ်မိပါဘူး ကျွန်တော်ကိုယ်တိုင်ကပဲ ဖော်ကြည့်တာကို လိုလားခဲ့ပါတယ်၊ ရှင်းသွားစေချင်တယ်လေ"

"အဲဒီလိုဆိုရင်လဲဗျာ... ဘာဖြစ်လို့ ဘူးခွံကို မြှုပ်ရသေးလဲ"

ဤနေရာတွင် ပေါ(လ်)က သူမှားသွားပြီလားဟု စိုးရိမ်စိတ်ဝင်လာသည်။ စဉ်းစားချိန်ရစေရန် ဆာဟေးမင်းကို ပြန်မေးသည်။

"လူကြီးမင်းပြောတာ ဘာပါလိမ့်"

"ဪ... ဒီလိုပါ၊ ခင်ဗျားပြောတာက ရှေ့နဲ့နောက်မညီ ဖြစ်နေလို့ပါ၊ ပေါင်းပင်သတ်ဆေး ဘူးခွံကြောင့် မတော်တဆ တစ်ခုခုဖြစ်ကောင်းဖြစ်နိုင်ခဲ့မယ်လို့လဲ ပြောတယ်၊ ပြီးတော့ အယ်လီနာရဲ့ အလောင်းထဲမှာ အဆိပ်မရှိပါဘူးဆိုတာ အများသိသွားအောင် အလောင်းကို ဖော်ပြီး စစ်ဆေးဖို့ တိုက်တွန်းခဲ့ပါတယ်လို့လဲ ပြောတယ်၊ ဘယ်အချက်ကို အတည်ယူရမှာလဲ"

"မှန်ပါတယ်ခင်ဗျ... ပေါင်းပင်သတ်ဆေးဘူးခွံကြောင့် မတော်တဆ တစ်ခုခု ဖြစ်နိုင်ခဲ့တယ်လို့ ထင်မိခဲ့ပါတယ်"

"အဲဒီလို ထင်ခဲ့တယ်ဆိုရင် အင်စပက်တော်ကြီးကို ခင်ဗျားက အယ်လီနာ အလောင်းကို ဖော်ပြီး စစ်ကြည့်ပါလို့ ပြောတုန်းက လိမ်ပြောခဲ့တာပေါ့ ဟုတ်လား"

ပေါ(လ်)သည် သူတော့ ဆာဟေးမင်း၏ ထောင်ချောက်ထဲသို့ ဝင်မိပြီဟု သိလိုက်သည်။ ဘယ်ပုံဘယ်နည်းရောက်သွားသည်ကိုတော့ စဉ်းစား၍မရ။ ဦးနှောက်လည်းခြောက်လှပြီမို့ ခေါင်းအေးအေးနှင့်စဉ်းစား၍မရတော့။ လွယ်လွယ်ကလေးဖြေနိုင်သည်ကိုလည်း သူမစဉ်းစားမိပေ။ ထင်မိထင်ရာ ခွတ်၍ဖြေလိုက်တော့သည်။

"ဒါပေမဲ့လို့ အင်စပက်တော်ကြီးလာတဲ့အချိန်အထိ ကျွန်တော်က အဲဒီဘူးခွံကို တွေ့မှမတွေ့ရသေးဘဲ၊ ဘူးခွံမတွေ့သေးတာမို့၊ မတော်တဆဖြစ်နိုင်စရာအကြောင်းကိုလဲ မစဉ်းစားမိသေးဘူးပေါ့၊ အင်စပက်တော် ဘို(လ်)ထရီ လာသွားပြီးတဲ့ နောက်ပိုင်းကျမှ ဘူးခွံကို တွေ့တာပါ"

တစ်ဖန်ဆက်၍ စိတ်တိုစွာဖြင့် ပြောပြန်သည်။

"တချို့ လူသတ်မှုတွေမှာ ကျွန်တော့်အမှုလောက် သက်သေအထောက်အထား မခိုင်လုံတာတောင်မှ အပြစ်မရှိတဲ့သူတွေဟာ ကြိုးမိန့်ကျသွားတာကို တွေ့ခဲ့ဘူးနေတော့ ကျွန်တော်လဲ စိုးရိမ်မိတာပေါ့၊ အခုထက်ထိလဲ စိုးရိမ်နေသေးတာပဲ"

သို့ဖြင့် ပေါင်းပင်သတ်ဆေးဘူးကို အကြောင်းပြုလျက် ဆာဟေးမင်းက မေးလိုက်၊ ပေါ(လ်)ကရှင်းလိုက်ဖြင့် ရှာရှာလည်နေသည်။ နားထောင်သည့် သူများကလည်း ဘာကိုနားထောင်ရမှန်းမသိတော့။ သူတို့အားသုံး မျက်ဝါး

ထင်ထင် တွေ့နေသည့် အချက်မှာကား၊ ပေါ(လ်)သည် ရှင်းရှင်းနှင့်ရှုပ်နေသည့် အချက်ပင်ဖြစ်၏။

ထိုကမှ ပေါ(လ်)ထွက်ပြေးသည့်အကြောင်းသို့ ရောက်လာသည်။

ဆာဟေးမင်းက အလောင်းထဲတွင် အဆိပ်များတွေ့ရသည့်ဆိုသော ကောလာဟလ သတင်းကို ဘယ်ကကြားသလဲဟု မေးသည်။ ပေါ(လ်)ထံမှ အဖြေ မရ။

ဆာဟေးမင်းက ဆက်၍မေးသည်။

"ခင်ဗျားကို ဒီအကြောင်းပြောပြတဲ့သူ ဘယ်သူဖြစ်နိုင်မလဲဗျ၊ စဉ်းစားကြည့်ပါဦး"

"ကျွန်တော် မမှတ်မိဘူး"

"ခင်ဗျားပြောခဲ့တယ်မဟုတ်ဘူးလား၊ အဲဒီအချိန်တုန်းက ခင်ဗျားကို အရပ်ထဲက ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ဘူးဆို"

"ဟုတ်ပါတယ်၊ အဲဒီအခြေအနေတိုင်းပါပဲ"

"အဲဒီလို အရပ်ထဲက အဆက်အသွယ် ဖြတ်ထားတယ်ဆိုရင်၊ ဒီသတင်းလာပြောတဲ့ လူတစ်ယောက်တည်းကိုတော့ ဘယ်သူဆိုတာ ခင်ဗျားမှတ်မိမှာပေါ့၊ ဒီအချိန်မှာ သူတစ်ယောက်ပဲ ခင်ဗျားနဲ့ စကားပြောခဲ့တာ မဟုတ်ဘူးလား"

ပေါ(လ်)က ခေတ္တမျှ စဉ်းစားဟန်ဆောင်၍ လိမ်ပြောရတော့သည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့...မှတ်မိပါပြီ၊ ကျွန်တော့်ကို တကူးတက လာပြောတာ မဟုတ်ပါဘူး၊ ဘားထဲမှာထိုင်ပြီး ဘီယာသောက်နေတုန်းမှာ သူများတွေပြောတာ နားစွန်နားဖျား ကြားလိုက်ရတာပါ"

"ဟုတ်လား၊ ဒီလိုဆိုတော့ အရပ်ထဲကလူတွေက ခင်ဗျားရဲ့အကြောင်းကို တိုးတိုး တိုးတိုးနဲ့ ပြောနေတုန်းမှာ ခင်ဗျားက ဘားထဲမှာ မျက်နှာပြောင်တိုက်ပြီး ထိုင်နေတယ်လို့ ဆိုလိုတာလားဗျ"

'မိပြန်ပြီဟ တစ်ခါ' ဟူ၍ ပေါ(လ်)က တွေးလိုက်မိသည်။ စိတ်နှလုံးအတော် တုန်လှုပ်သွားသဖြင့် ပြန်ပြောသည့်အခါ၌ ထစ်အထစ်အပင် ဖြစ်သွားသည်။

"ဘာမေးတာလဲခင်ဗျာ၊ ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့၊ ကျွန်တော်တို့ အရပ်ထဲက ဘားဆိုင်ထဲကို တစ်ခါတော့ ဝင်သွားပြီး ဘီယာသောက်ပါတယ်၊ ကျွန်တော့်အပေါ်မှာ ဘယ်လိုဆက်ဆံကြမလဲလို့ သိချင်လို့ပါ"

"အဲဒီလိုဝင်သွားတဲ့အခါမှာ ခင်ဗျားရဲ့ရှေ့မှာပဲ ခင်ဗျားရဲ့အကြောင်းကို သူတို့ကပြောကြတာပဲလား"

စိတ်ကူးချိုချို

ဆာဟောမင်း၏ မေးခွန်းကို ဖြေနိုင်ရန် ပေါ(လ်)သည် ဦးနှောက်ကို ညှစ်ထုတ်ရပြန်သည်။

"ကျွန်တော်ဝင်လာတာကို ချက်ချင်းတော့ သူတို့မမြင်ကြပါဘူး၊ ကျွန်တော် ဝင်သွားတဲ့အချိန်မှာ သူတို့က ကျွန်တော့်အကြောင်းကို ပြောနေတာကိုး၊ အဲဒီ တုန်းကတော့ လူတိုင်းဟာ ကျွန်တော့်အကြောင်းကိုပဲ ပြောနေကြတယ်မဟုတ်လား"

ဆာဟောမင်းက ထိုအကြောင်းကို ဆက်၍ မမေးတော့။ သူ၏ လက်ဝါးများ ကိုသာ ဖြန့်ချည်ဆုပ်ချည်ဖြင့် ပွတ်လုပ်နေသည်။ အဓိပ္ပာယ်ကတော့ ဒီလိုလိမ်ညာပြီး ပြောနေတဲ့လူကို ဘယ်လိုဆက်ပြီး မေးလို့ရမှာလဲဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

ထို့နောက် အကြောင်းအရာသည် အောက်ရုံး၌ ပေါ(လ်)အစစ်ခံခဲ့စဉ်က ထွက်ဆိုချက်များသို့ ရောက်သွားသည်။

"မစ္စတာ ပရက်ဆက်၊ ခင်ဗျားအောက်ရုံးမှာ ထွက်ချက်ပေးတုန်းက၊ မစ္စစ် မိုင်ရာဘွန်းဟာ ဘာကိုမှမသိဘူးလို့ဆိုတယ်၊ ဘာကို မသိတာလဲ"

"ဘာကိုမှ မသိပါဘူး"

"ခင်ဗျားထွက်ပြေးရတဲ့အကြောင်းဟာ အဖမ်းခံရမှာစိုးလို့ ထွက်ပြေးတာ ဆိုတာလောက်တော့ သူ့ကိုပြောပြထားမယ်လို့ ကျွန်တော်ထင်တယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဖမ်းဝရမ်းထုတ်တာကိုကော သူသိသလား"

"သိပါတယ်"

"နောက်ကျတော့ အလောင်းထဲမှာ အဆိပ်တွေ့တယ်ဆိုတာကော သိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီလိုဆိုရင် မစ္စစ်မိုင်ရာဘွန်း မသိတဲ့အကြောင်း ဘာရှိသေးသလဲဗျ"

ဤသို့ပြောလိုက်သည့် ဆာဟောမင်း၏ အသံသည် ဒေါသဖြစ်သည့် အရှိန်ကြောင့် ကျယ်လောင်စွာ ဟိန်း၍ထွက်လာသည်။

ဤအပိုင်းတွင်တော့ ဆာဟောမင်းက မည်မျှပင် ဟိန်းဟောက်ပါစေ။ ပေါ(လ်)က စိုးစဉ်းမျှမရှုံ့ပါ။ မိုင်ရာဘွန်း၏အကြောင်းကို ပြောပြရမည်ဆိုလျှင် သူက ယုံကြည်မှုအပြည့်ဖြင့် ပြောနိုင်သည်။ သူတစ်ယောက်တည်း၏ အကြောင်း ဆိုလျှင် လိမ်ပြောရသည်များလည်းပါနေသဖြင့် မရှုမရဲဖြစ်နေသေးသည်။ မိုင်ရာ၏ အကြောင်းကို ပြောပြရမည်ဆိုလျှင်ကား အမှန်ချည်းပဲလည်းဖြစ်၊ သူ၏ အနစ်နာ ခံမှုကိုလည်း သက်သေထူရသည်ဖြစ်၍၊ ရင်ကော့၍ ပြောနိုင်သည့် အနေအထား၌ ရှိသည်။

ပေါ(လ်)၏ အသွင်အပြင်နှင့် အမူအရာပြောင်းသွားသည်ကို ပရိသတ်ကလည်း သတိပြုမိသည်။

ယခုဆိုလျှင် ပေါ(လ်)သည် အစိုးရရှေ့နေ၏ ထောင်ချောက်မှလွတ်အောင် ပြေးနေရသော တရားခံတစ်ဦး၏ အမူအရာမျိုးဖြင့် မဟုတ်တော့။ မိမိချစ်သူ အကြောင်းကို ဝင့်ကြွားစွာပြောပြနေသူ တစ်ဦး၏ အမူအရာမျိုးဖြင့် အစိုးရရှေ့နေကြီး မေးသည့် မေးခွန်းကို ချက်ကျလက်ကျဖြေနေ၏။

"ဝတ်လုံတော်ရမင်းခင်ဗျာ၊ စကားလုံးတွေရဲ့ အဓိပ္ပာယ်ဆိုတာ အတိအကျ ကောက်ယူဖို့ မလွယ်လှပါဘူး၊ ကျွန်တော့် ရည်ရွယ်ချက်ကတော့ ဒီလိုပါခင်ဗျာ၊ ရုံတော်မှာထွက်ဆိုသွားကြတဲ့ သက်သေထွက်ချက်တွေက ကျွန်တော့်အတွက် ကောင်းလှတယ်လို့မဆိုနိုင်တဲ့ အခြေအနေမှာရှိနေပါတယ်၊ ဒါကြောင့်လဲ ကျွန်တော့် ဇနီးကို ကျွန်တော်သတ်တယ်လို့ လူတိုင်းက ယုံကြည်လက်ခံကြမှာပဲ၊ ကျွန်တော့် အဖြစ်ကိုတော့ ဘယ်လိုမှ မပြောလိုတော့ပါဘူး၊ ဒါပေမဲ့ မစ္စစ်မိုင်ရာဘွန်းကတော့ဖြင့် ဒီကိစ္စထဲမှာ ဘယ်လိုမှ မပါပါဘူးခင်ဗျာ၊ သူဟာ ကျွန်တော့်ရဲ့ လျှို့ဝှက်စိတ်ကူးတွေ ကျွန်တော်လိမ်ပြောခဲ့တာတွေ၊ မိုက်မဲတဲ့လုပ်ရပ်တွေ၊ သရဲဘောကြောင်တဲ့အပြု အမူတွေကို လုံးဝသိခဲ့တာမဟုတ်ပါဘူး၊ ကျွန်တော်ဟာ လိမ်ပြောခဲ့တယ်၊ မိုက်မိုက် မဲမဲလုပ်ခဲ့တယ်၊ သရဲဘောကြောင်ခဲ့တယ်လို့ အများကပြောရင် ကျွန်တော်ခံနိုင် ပါတယ်၊ ဒါပေမဲ့ အဲဒီစကားလုံးတွေကို မစ္စစ်မိုင်ရာဘွန်းအပေါ်မှာတော့ အသုံး မပြုဖို့ အလေးအနက် မေတ္တာရပ်ခံလိုပါတယ်"

ပေါ(လ်)က သူ့ကိုယ်သူ ကာကွယ်၍ မပြောဘဲ၊ မိုင်ရာဘွန်းကိုသာ ကာကွယ်၍ ပြောလိုက်သည်ကြောင့်၊ တစ်ရုံးလုံးက သူ့အပေါ်၌ ကရုဏာသက်လာကြသည် အဖြစ်ကို ဆာဟေးမင်းက သဘောပေါက်သွားသည်။ ထိုအချိန်မှစ၍ ပေါ(လ်) ပရက်ဆက် ဟူသော နာမည်သည် အော့ကြောလန့်စရာဖြစ်သလို ကရုဏာ သက်စရာလည်းဖြစ်လာခဲ့ပြန်သည်။

ဆာဟေးမင်း ကိုယ်တိုင်ကလည်း ပေါ(လ်)ပရက်ဆက်အပေါ်၌ မသနား၍ မဟုတ်။ သို့သော် သူလိုပုဂ္ဂိုလ်ကြီးမျိုးမှာ နှလုံးသားကို အလိုလိုက်တတ်သူမျိုး မဟုတ်။ တရားဥပဒေဘက်မှသာ ကြည့်၍၊ ဦးနှောက်ဖြင့် ဆင်ခြင်လျက်၊ အဆုံး အဖြတ်ပေးသောသူသာ ဖြစ်သည်။

ထို့ကြောင့် သူ၏ မေးခွန်းကို ဆက်ပြန်၏။

"ကျွန်တော် ပြောချင်တာက 'ဘာကိုမှ မသိဘူး' ဆိုတာကတော့ မလွန်လွန်း နေဘူးလားလို့၊ ဒီစကားလုံးတွေက သိပ်ထူးဆန်းနေပါတယ်"

"ကျွန်တော့်အနေနဲ့ တခြားဘယ်လိုဖြေနိုင်မှာလဲခင်ဗျာ၊ အကယ်၍ ကျွန်တော်က 'မစ္စစ်မိုင်ရာဘွန်းမှာ လုံးဝအပြစ်မရှိပါဘူး'လို့ ပြောရင်လဲ ကျွန်တော့်အတွက် ပေါ့သွားမှာ မဟုတ်ပါဘူး၊ ကျွန်တော့် အခြေအနေ မကောင်းဘူးဆိုတာ ကျွန်တော် သဘောပေါက်ပြီးသားပါ၊ အဲဒီလိုအခြေအနေမှာ ကျွန်တော်က တစ်ခုခုတော့ ပြောရတော့မှာပေါ့"

ပရိသတ်ဘက်မှ ပေါ(လ်)ကို ကရုဏာသက်၍ တကျွတ်ကျွတ်စုပ်သပ်သံများ ထွက်လာသည်။

ဆာဟေးမင်း စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ ဤပုံအတိုင်းသာ ပေါ(လ်)ပရက်ဆက်က ကိုယ်ကျိုးစွန့်လွှတ်သော သူရဲကောင်းဇာတ်ကို ခင်းသွားနိုင်ပါက သနားလွယ်၊ ကရုဏာသက်လွယ်သော ဂျူရီလူကြီးများက ပေါ(လ်) ပရက်ဆက်ဘက်သို့ တိမ်းညွှတ်သွားနိုင်ပေသည်။ တိမ်းညွှတ်သွားပြီဟုဆိုလျှင် သူကြိုးစားပမ်းစား စုဆောင်းတင်ပြထားသောအကြောင်း အချက်အလက်များမှာ အလကား ဖြစ်ရပေတော့မည်။

ရှေ့နေလောကတွင် ပြောလေ့ရှိကြသော စကားတစ်ခွန်းမှာ...

"ပြန်လှန်မေးခွန်းထုတ်သည့်အခါ၌ ဘယ်အချိန်တွင် တော်လောက်ပြီကို သိထားရမည်။ ဤသို့ မသိထားလျှင် မိမိအတွက် အသုံးမဝင်သော အဖြေများ ပေါ်ထွက်မှာစိုးရသည်"ဟူ၍ ဖြစ်၏။

ဤဆောင်ပုဒ်နှင့်အညီ ဆာဟေးမင်းက မိုင်ရာဘွန်းနှင့်ပတ်သက်သော မေးခွန်းကိုရပ်လိုက်ပြီး၊ သူ့၏ ဖြားဦးကို အခြားဘက်သို့ ဦးတည်လိုက်သည်။ သူယခုမေးမည့်မေးခွန်းမှာ တရားခံကိုအလဲထိုးနိုင်သည့် မေးခွန်းဖြစ်သည်။ ထို့ကြောင့်လည်း အဆုံးပိုင်းရောက်ခါနီးမှမေးရန် ချန်ထားခြင်းဖြစ်သည်။

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကဲ ...အခု ကျွန်တော်စောစောက မေးခဲ့တုန်းက မေးဖို့ကျန်ခဲ့တဲ့ မေးခွန်းတစ်ခု နှစ်ခုလောက် ပြန်မေးပါရစေဗျာ၊ ဟုတ်လား၊ ခင်ဗျား ခုနကပြောသွားတဲ့အထဲမှာ ခင်ဗျားမိန်းမ သေရတာဟာ မတော်တဆ ဖြစ်ရတာပါလို့ ပါတယ်၊ သူသောက်တဲ့ ဆေးတွေထဲက ဓာတ်တစ်ခုခုကြောင့်လား၊ ဒါမှမဟုတ် ပေါင်းပင်သတ်ဆေးဘူးကို ကိုင်တွယ်မိလို့လားပေါ့ဗျာ၊ ကျွန်တော် မေးချင်တာက၊ ခင်ဗျားမိန်းမသေတဲ့အချိန်က ဆေးထဲမှာပါတဲ့ ဓာတ်တစ်ခုခုကြောင့် ဖြစ်ရင်လဲဖြစ်မယ်၊ ပေါင်းပင်သတ်ဆေးဘူးခွံကို ကိုင်တွယ်မိလို့ ဖြစ်ရင်လဲဖြစ်မယ် ဆိုတဲ့ အကြောင်းကို ဆရာဝန်ဆီမှာ ပြောပြသေးသလား ဆိုတာပါပဲ"

"ဟင်းအင်း၊ ကျွန်တော်မပြောမိခဲ့ဘူးလို့ ထင်ပါတယ်"

"ခင်ဗျားမိန်းမသောက်တဲ့ ဆေးပုလင်းတွေကို စစ်ဆေးကြည့်ဖို့ အကြောင်းပေါ်နိုင်တဲ့ စကားမျိုးကိုကော ဆရာဝန်နှင့် ပြောမိဆိုမိသေးသလား"

"မပြောခဲ့ပါဘူး၊ အဲ…အဲဒီအချိန်တုန်းက ဒီလို မတော်တဆဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော် မစဉ်းစားမိသေးပါဘူး"

"သေတဲ့အချိန်တုန်းက မပြောခဲ့ဘူးဆိုရင် နောက်ပိုင်းမှာကောဗျာ၊ ပြောခဲ့သေးသလား"

"မပြောခဲ့ပါဘူး"

"ဘယ်လိုလူ၊ ဘယ်လို သတ္တဝါမျိုးကိုမှ မပြောခဲ့ဘူး ဆိုပါတော့"

"ဟုတ်…ဟုတ်…ဟုတ်ပါတယ်၊ မပြောခဲ့ပါဘူး"

"ခင်ဗျားကိုဖမ်းဖို့ ဝရမ်းထုတ်တဲ့အချိန်အထိ ဒီအကြောင်းကို မပြောခဲ့ဘူးဆိုပါတော့ဗျာ၊ ဟုတ်ရဲ့လား"

"ဟုတ်…ဟုတ်တယ်လို့ ထင်ပါတယ်"

မျှော်လင့်ချက်ရောင်ခြည်မှာ ပေါ(လ်)ထံမှ ပျံ့လွင့်သွားပြန်လေပြီ။

ဤလိုမေးခွန်းမျိုးကို လွယ်လွယ်ပင် ဖြေနိုင်လိမ့်မည်ဟု ထင်မိခဲ့သည်။ ယခုလို ဝက်ခြံအတွင်းသို့ ရောက်နေသည့်အခါတွင် ဖြေရမည့် စကားလုံးများကို အစဖော်၍မရ ဖြစ်နေသည်။

ဆာဟေးမင်းထံမှ နောက်ထပ်မေးခွန်းတစ်ခု မေးသံထွက်လာပြန်သည်။

"မစ္စတာပရက်ဆက်၊ ခင်ဗျားပြောတဲ့အထဲမှာ အလောင်းကိုစစ်ဆေးကြည့်လို့ အထဲမှာ အဆိပ်တွေ တွေ့ရတယ်ဆိုတဲ့ ကောလာဟလသတင်းကို ကြားပြီးပြီးချင်းပဲ ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ပါတယ်၊ အဲဒီလိုဆိုရင် အဲဒီသတင်းမတိုင်မီ အတော်အကြာကြီးကတည်းက၊ ပိုပြီး အတိအကျပြောရရင်၊အလောင်းကို မဖော်ခင်ကတည်းကပဲ၊ ခင်ဗျားဟာ ခင်ဗျားပိုင်ပစ္စည်းတွေကို ထုခွဲပြီးတော့ လွယ်လွယ်ကူကူ ယူသွားလို့ရနိုင်အောင် နိုင်ငံခြားတိုင်းပြည်တွေက ငွေစုစာချုပ်တွေဝယ်တယ်၊ ရွှေဒင်္ဂါးတွေဝယ်တယ်၊ အဲဒီလိုလုပ်ခဲ့တာကို ခင်ဗျားဘယ်လိုအကြောင်းပြမလဲ"

ဤကဲ့သို့မေးခွန်းမျိုး မေးနိုင်စရာအကြောင်းရှိသည်ဟု ပေါ(လ်)က လုံးဝမထင်ခဲ့။ ထို့ကြောင့် သူက အတော်ကလေးလန့်သွားသည်။ မတုန်လှုပ်မိအောင် မနည်းကြိုးစား ဣန္ဒြေဆယ်နေရသည်။

မေးပြီဆိုတော့လည်း မတတ်နိုင်။ ကမန်းကတန်း စဉ်းစား၍ ဖြေလိုက်ရတော့သည်။

"ထွက်ပြေးဖို့ လိုကောင်း လိုလိမ့်မယ်လို့ ပထမကတည်းက ထင်ခဲ့မိပါတယ်"

"ဘာဖြစ်လို့ 'ပထမကတည်းက'လို့ ပြောရတာလဲ၊ ဘာ အဓိပ္ပာယ်လဲ"

"အင်စပက်တော် ဘို(လ်)ထရီ ကျွန်တော့်ဆီကို လာပြီး စုံစမ်းစစ်ဆေးသွားကတည်းကလို့ ဆိုလိုတာပါ"

"ဘာဗျ၊ ထင်ယောင်ထင်မှား အခြေအနေမျိုးလောက်ကတည်းကလို့ ဆိုလိုတာလား"

ပေါ(လ်)က မျက်လုံးပြူးကြီးများဖြင့်ကြည့်ကာ အသင့်လျော်ဆုံး ဖြစ်မည်ဟု ထင်ရသော အဖြေကိုရွေး၍ ဖြေရပြန်သည်။

"ဟုတ်ပါတယ်ဗျ၊ ကျွန်တော့်အပေါ်မှာ မသင်္ကာ ဖြစ်စရာအကြောင်းတွေက လုံလောက်အောင်ရှိနေတယ်မဟုတ်လား၊ မစ္စစ်မိုင်ရာဘွန်းနဲ့ကလဲ တွဲနေတယ်ဗျာ၊ ပေါင်းပင်သတ်ဆေးဘူးခွံကလဲ ရှိသေးတယ်၊ ပြီးတော့... ပြီးတော့... ဟို"

"ပြီးတော့ ဘာရှိသေးလဲ"

ပေါ(လ်)၏ ဦးနှောက်က ကုန်သွားလေပြီ၊ အဖြေကို ထုတ်မပေးနိုင်တော့။

အခြေအနေကိုသိသော ဆာဟေးမင်းကလည်း ဆက်မမေးတော့ပေ။

"ဒါပါပဲ၊ ကျေးဇူးတင်ပါတယ်"

မျှော်လင့်ချက်ရောင်ခြည်လုံးဝမရှိတော့ပြီဟု သိလိုက်သည့်ခံစားမှုဖြင့် ပေါ(လ်)က ဝက်ခြံတွင်းမှ ထွက်ရန်လှည့်လိုက်သည်။ သူ့ဘေးမှ အစောင့်က လက်တို့၍ သူ့ရှေ့နေ ဆာကဲနက်ဘက်သို့ ညွှန်ပြလိုက်သည်။

ဆာကဲနက်က သူ့ကိုပြန်လည် မေးခွန်းထုတ်ရန် ထိုင်ရာမှ ထနေသည်ကို တွေ့ရ၏။

ဤတော့မှပင် ပေါ(လ်)က ပြန်၍ နေရာယူရသည်။

တကယ်တော့လည်း ဆာကဲနက်က ပြန်လည် မေးခွန်းမေးရန် များများစားစား မရှိလှပါ၊ ပေါ(လ်)ကလည်း သူတတ်နိုင်သလောက် ကြိုးစား၍ ဖြေလိုက်ပါသည်။ မျှော်လင့်ချက်ရှိလှ၍တော့ မဟုတ်၊ ဝတ္တရားအတိုင်းသာ ဖြေလိုက်ရခြင်းဖြစ်သည်။

ဖြေပြီးသွားသည့် အခါ၌ တရားသူကြီးကို ဦးညွှတ်အလေးပြုပြီးနောက် ဝက်ခြံအတွင်းမှ ထွက်လာခဲ့သည်။ လူအများရှေ့တွင် ခေါင်းကိုမော့ ကိုယ်ကိုမတ်၍ ဣန္ဒြေမပျက်လျှောက်လာခဲ့သော်လည်း၊ ဤအကြိမ်သည် သူ့အတွက် လူအများရှေ့တွင် နောက်ဆုံးလျှောက်ခြင်း ဖြစ်သည်ဟူသော အသိစိတ်က သူ့ခေါင်းထဲတွင် စွဲနေပေသည်။

{ ၈ }

ပရက်ဆက်၏ အမှုသည် နောက်ဆုံးပိုင်းသို့ ရောက်လာသည့်အခါ၌ ဆာကဲနက်၏ လျှောက်လဲချက်မှလွဲ၍ စိတ်ဝင်စားဖွယ်ရာ မရှိတော့ပေ။ တရားခံအဖို့ မျှော်လင့်ချက်ကလည်း နည်းသထက် နည်းနည်းလာလေသည်။

အစိုးရဘက်မှ အဆုံးသတ်လျှောက်လဲချက်နှင့် တရားသူကြီးက ဂျူရီအဖွဲ့သို့ တာဝန်လွှဲအပ်သည့် မိန့်ခွန်းတို့မှာ စိတ်ဝင်စားဖွယ်ရာ ရှိလှတော့မည် မဟုတ်တော့ပေ။ သက်သေထွက်ချက်များထဲမှ အချက်အချို့ကို ပြန်၍ပြောခြင်းနှင့် ဥပဒေဆိုင်ရာ အချက်အလက်များကိုထည့်၍ ပြောခြင်းလောက်သာ ရှိတော့မည် ဖြစ်သည်။

သို့သော် ဆာကဲနက်ကိုတော့ ပရိသတ်က မျှော်လင့်ထားကြသည်။ 'ကြက်တိန်ညင်ကလေး' ဆာကဲနက်က စပြီဟုဆိုသည်နှင့် ဆတ်ခနဲခုန်၍ ထလိုက်သည်။ သူ၏ အမူအရာကတော့ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ရှိနေ၏။ သူ့မျက်နှာကလည်း ပျောင်တောင်တောင်အပြုံးဖြင့် ဖြစ်သည်။ အဓိပ္ပာယ်ကတော့ သူ့အမှုသည်ဖြစ်သူ မစ္စတာပရက်ဆက်အပေါ် ယခုလိုစွဲချက်တင်၍ တရားခွင်၌ စစ်ဆေးခြင်းသည် ရယ်စရာလုပ်ရပ်ကြီး တစ်ခုပဲဟူ၍ ပျောင်ပြောင်သရော်နေသယောင်ယောင်။

သူလုပ်နေကျအတိုင်း ခေါင်းပေါ်မှ ဆံပင်တွေကို နေရာတကျဖြစ်အောင် ဖြင်သည်။ မျက်မှန်ကိုင်းကို လက်ဖြင့်ကိုင်၍ ဖြုတ်လိုက် တပ်လိုက်လုပ်သည်။ ဤလိုလုပ်ရင်းဖြင့် သူ၏ ထိုးစစ်ကို စတင်လေတော့သည်။

ဆာကဲနက်၏ လျှောက်လဲချက် အစပိုင်းသည် အကျိုးသင့်အကြောင်းသင့်တော့ မဟုတ်လှ၊ စိတ်ခံစားမှုကို အခြေခံ၍ ပြောခြင်းဖြစ်သည်။

သူ၏ ပထမဦးတည်ချက်မှာ အမှုစစ်သည်ကို လာ၍နားထောင်ကြသည့် ပရိသတ်ဖြစ်၏။ ဤလူများသည် သူတထူး စိတ်ဒုက္ခရောက်ရသည့်အဖြစ်ကို ဝမ်းမြောက်ဝမ်းသာ လာ၍ နေ့စဉ်ကြည့်ကြသူတွေဖြစ်သည်ဟု ဝေဖန်သည်။ ပရိသတ်ကိုဝေဖန်သည့်နောက် သတင်းထောက်များကိုလည်း ချမ်းသာမပေးပေ။ သတင်းထောက်ဆိုသော ပုဂ္ဂိုလ်များသည် သူများမျက်ရည်ကျရသည့် အဖြစ်ကို အပြင်လောကမှ လူများသိကြစေရန် ဖြန့်ချိပေးနေသူများဖြစ်ကြောင်း၊ ဤသို့ ဖြန့်ချိသည့် နေရာတွင် သူ ထက်ငါပို၍ ကောင်းအောင် ကြိုးစားကြသေးကြောင်း ဟူ၍ ထိုးနှက်ပြန်သည်။

ဤသို့သော မွဲဦးထွက်တင်ပြချက်ဖြင့် ဆာကဲနက်က သူ၏ လျှောက်လဲချက်ကို တင်ပြသည်မှာ မိနစ်ကိုးဆယ်ကြာလေသည်။

ဆာကဲနက်က ယခုဆိုလျှင် သက်သေအားလုံးကိုလည်း စစ်ပြီးပါပြီ၊ တရားခံကိုလည်း စစ်ပြီးပါပြီ၊ ဤသို့ပြီးဆုံးသွားပြီ ဖြစ်သော်လည်း တရားခံ၏ ဇနီး သေဆုံးရခြင်းတွင် တရားခံ၏ ပယောဂပါ ပါဝင်ကြောင်း၊ အစိုးရဘက်မှ ခိုင်မာသော အထောက်အထား ပြနိုင်ခဲ့သည်ဟု မည်သူကမျှ မပြောနိုင်ပါ။ တရားခံ၏ ဇနီးသည် ခန္ဓာကိုယ်ထဲသို့ အဆိပ်များဝင်သွားနိုင်သည့် နည်းလမ်းမှာ အမျိုးမျိုးရှိပါသည်။ သို့သော် တရားခံ ဓမျာက ဤအချက်ကို ကြိုးစားပမ်းစား တင်ပြသော်လည်း လက်မခံခဲ့ကြပါ၊ တရားခံသည် မည်မျှ မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသနည်းဆိုလျှင် သူ၏ ဇနီးသည် မိမိကိုယ်ကို သတ်သေခြင်း ဖြစ်နိုင်ပါသည်ဟု လျှောက်လဲရန် သဘောမတူခဲ့ပါ။ သဘောမတူသည့်အကြောင်းမှာ သူ၏ဇနီးမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေလိမ့်မည်ဟု သူက လုံးဝမယူဆ၍ ဖြစ်ပါသည်။ ထို့ပြင် သွားလေသူအား သိက္ခာမညှိုးစေလိုသည့် ဆန္ဒကြောင့်လည်း သဘောမတူခဲ့ခြင်း ဖြစ်ပါသည်ဟု အကျယ်တဝင့်တင်ပြသည်။

ဆက်လက်၍ ဆာကဲနက်က သူ၏ လက်ချောင်းများဖြင့် စားပွဲကိုခေါက်ရင်း ဒေါနှင့်မာန်နှင့် တင်ပြပြန်သည်။

"အစိုးရဘက်က စွပ်စွဲတာတွေကို တရားခံက မငြင်းမကွယ်ဘဲ ဝန်ခံပါတယ် ခင်ဗျာ၊ စွပ်စွဲချက်တစ်ခုတည်းကိုသာ ငြင်းဆိုပါတယ်၊ သူ့ဇနီးကို ဤကမ္ဘာ လောကကြီးမှ ပျောက်ဖျက်ပစ်ခဲ့ပါတယ်ဆိုတဲ့၊ သူ့အတွက် စဉ်းစားကြည့်လို့တောင် မဖြစ်နိုင်တဲ့၊ သူ့အပေါ် စွပ်စွဲချက်ကြီးကိုတော့ သူကငြင်းပါတယ်၊ ရုံးတော်ကို တင်ပြခဲ့တဲ့ သက်သေထွက်ချက်တွေနဲ့ တရားခံပြောပြတဲ့ အချက်ဟာလဲ၊ ရှေ့နောက် အဆင်ပြေ ညီညွတ်နေပါတယ်၊ တရားခံက သူဟာ လိမ်လည်ပြောခဲ့ပါတယ်၊ ကိုယ်ကျင့်တရားအားဖြင့်လဲ မခိုင်မြဲပါဘူး၊ သရဲဘောလဲ နည်းပါတယ်ဆိုတာကို ဝန်ခံပြီးပါပြီ။ ဒါပေမဲ့ အဲဒီလို လိမ်လည်ပြောတာ၊ ကိုယ်ကျင့်တရားမခိုင်မြဲတာ၊ သရဲဘောနည်းတာတွေဟာ ဥပဒေအရဆိုရင် ရာဇဝတ်မှုတွေ မဟုတ်ပါဘူး ဒီအချက်တွေကြောင့် သူ့ကိုတရားခွင်မှာတင်ပြီး စစ်နေတာလဲမဟုတ်ပါဘူး လိမ်ပြောတာကလေးလောက်နဲ့ ရဲက ကျွန်တော်တို့ကို မဖမ်းနိုင်ပါဘူး၊ ဆောင်ီ ရှေ့ဖတ်စာရေးကြီးက ကျွန်တော်တို့ကို သရဲဘောကြောင်လို့၊ ကြောက်တတ်လို့ ဆိုပြီးတော့လဲ ရုံးတော်မှာ တရားမစွဲနိုင်ပါဘူး၊ ရှေ့ဖတ်စာရေးကြီးဆိုတာနဲ့ တရားသူကြီးမင်းကိုယ်တိုင်ကတောင် လင်ငယ်နေမှု၊ မယားငယ်နေမှုနဲ့ ကျွန်တော်

တို့ကို ထောင်မချနိုင်ပါဘူး၊ အမှန်ကတော့ အဲဒီလုပ်ရပ်တွေကို ပြုလုပ်မိတဲ့သူဟာ ဘုရားသခင်နဲ့သာ စာရင်းရှင်းဖို့ရှိပါတယ်၊ အစုဉ်ရုံးတော်က တရားခံကို စစ်ဆေးနေတာက၊ သူဟာ သူ့ဇနီးကို သေစေလိုတဲ့ စေတနာဆိုးနဲ့ သေကြောင်းကြံခဲ့ခြင်း၊ အသေသတ်ခဲ့ခြင်း ဟုတ်မဟုတ် စစ်ဆေးနေခြင်းသာ ဖြစ်ပါတယ်၊ ခုနကပြောခဲ့တဲ့ ကျူးလွန်မှုတွေကို သူက ဝန်ခံခဲ့ပြီးပါပြီ၊ ဒါကို လူအများသိသွားကြပြီဆိုတဲ့ အဖြစ်ကိုက၊ သူ့ကို ထိုက်သင့်တဲ့အပြစ် ပေးလိုက်ခြင်းပါပဲ၊ သူခံထိုက်လို့ ခံရတာကို အထူးအထွေ မပြောလိုပါဘူးခင်ဗျာ၊ ဒါပေမဲ့ သက်သေထွက်ချက်များနဲ့ သူ့ရဲ့ဝန်ခံချက်ဟာ ဆီလျော်ကိုက်ညီနေပါတယ် ဆိုတာကိုတော့ ပြောလိုပါတယ်"

"တရားခံဟာ သူ့ဇနီးကို လှည့်ဖြားခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောလိုပါသေးတယ်၊ ဂျူရီလူကြီးမင်းများခင်ဗျား၊ တရားခံဟာ ဤလူ့အဖွဲ့အစည်းထဲမှာ ပထမဆုံး မယားဝယ်ယူခဲ့တဲ့သူမဟုတ်ပါဘူး၊ မယားငယ်ယူတဲ့ လူတိုင်းဟာတော့ မိမိရဲ့ မယားကြီးကို လှည့်ပတ်ပြောရတော့တာပါပဲ၊ လူကြီးမင်းများခင်ဗျာ၊ လူကြီးမင်းတို့ကိုယ်တိုင်ပဲ တစ်ကြိမ်တစ်ခါမှ လိမ်လည်လှည့်ဖြားခြင်း မပြုလုပ်ခဲ့ပါဘူး၊ မတရားမလုပ်ခဲ့ပါဘူးလို့ ရဲရဲဝံ့ဝံ့ပြောနိုင်ပါ့မလားခင်ဗျာ၊ ပြောနိုင်တဲ့လူရှိလိမ့်မယ်လို့ မထင်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော့်ကိုယ် ကျွန်တော် ဝန်မခံနိုင်ပါဘူး၊ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့တော့ ဒီအချက်အတွက်ကျွန်တော်က တရားခံကိုကာကွယ်ပြီးတော့ မပြောလိုပါဘူး၊ ဒါပေမဲ့ သူ့ကို သနားမိပါတယ်၊ သူ့အခြေအနေကို လေ့လာကြည့်ရင်တော့ သူ့အပေါ်မှာ သက်သက်ညှာညှာ စဉ်းစားနိုင်မယ်လို့ထင်ပါတယ်၊ သူဟာ ကြင်နာမှုကို တောင့်တနေတဲ့သူ၊ ဇနီးရှိပေမဲ့ တစ်ကိုယ်တည်းနေရတဲ့သူ၊ အချစ်ငတ်မွတ်နေတဲ့သူ၊ ဆန္ဒမပြည့်ဝတဲ့သူတစ်ဦးပါခင်ဗျာ၊ အဲဒီလိုအခြေအနေတွေကြောင့် သူဟာ သွားရိုးသွားစဉ်လမ်းကြောင်းကနေ သွေဖည်ပြီးတော့ သူ့အလိုဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့သူကို ရှာခဲ့ရတာဖြစ်ပါတယ်၊ နောက်တစ်ချက် သူ့ရဲ့ သရဲဘောကြောင်မှုနဲ့ ပတ်သက်လို့ ပြောဖို့ရှိပါတယ် ဂျူရီလူကြီးမင်းများခင်ဗျာ၊ လူကြီးမင်းများရော ကျွန်တော်ပါ ဒီနေရာမှာ ဂရုပြုသင့်တာက၊ ကျွန်တော်တို့ရဲ့ဘဝဟာ လုံခြုံမှုရှိနေတော့ ကျွန်တော်တို့ဟာ သရဲဘောကြောင်ခြင်းရဲ့ လက်တွေ့အနေအထားကို ကောင်းကောင်းသဘောပေါက်ကြမယ် မထင်ပါဘူး၊ တရားခံ ပေါ(လ်)ပရက်ဆက်ဟာ အရှိကို အရှိအတိုင်း ရင်မဆိုင်ဘဲ သရဲဘောကြောင်ပြီး အကျိုးမထူး အရာမထင်တဲ့ ထွက်ပြေးတဲ့အလုပ်ကို လုပ်ခဲ့တယ်၊ ကျေးဇူးပြုပြီး ကျွန်တော်ပြောတာကို နားဆင်

ကြပါခင်ဗျာ၊ သနားစရာကောင်းတဲ့ ပရက်ဆက်အတွက်ရော၊ လူကြီးမင်းများအတွက်ပါ ကျွန်တော်ပြောလိုတာက လူကြီးမင်းတို့အနေနဲ့ သူ့နေရာမှာနေပြီး စဉ်းစားကြည့်စေချင်ပါတယ်၊ သူ့အခြေအနေဟာ ဘယ်လောက်ဆိုးသလဲဆိုရင် အကြောင်းတရားအမျိုးမျိုးဟာ ပေါင်းစည်းလာပြီး သူ့အပေါ်မှာ မသက်သာဖွယ်ရာ ဖြစ်လာခဲ့ပါတယ်၊ ဘယ်လောက်အထိဖြစ်လာခဲ့သလဲဆိုရင် ဖမ်းဖို့အထိ နိုင်လုံမှု ရှိလာခဲ့ပါတယ်၊ လူသတ်မှုနဲ့ အဖမ်းခံလိုက်ရပြီဟေ့ဆိုရင် လူတစ်ယောက်ရဲ့ ဘဝဟာတော့ ရေစုန်မျောပါပြီ၊ နောက်ဆုံးမှာ အပြစ်မရှိလို့ ကွင်းလုံးကျွတ်လွတ်လာပေမယ့် သူ့ရဲ့ ဂုဏ်သိက္ခာကတော့ အဖတ်ဆယ်လို့မရလောက်အောင် ညှိုးနွမ်းရတဲ့အဖြစ်ကို ရောက်သွားရပါပြီ၊ စိုးရိမ်ဖွယ်ရာအဖြစ်နဲ့ မကြုံရတဲ့ လူကြီးမင်းတို့၊ ကျွန်တော်တို့ကတော့ ပြောမယ်ဆိုရင် ပြောနိုင်တာပေါ့ခင်ဗျာ၊ ဖြစ်လာမှတော့ ယောကျ်ားပဲ ရဲရဲရင်ဆိုင်ပေါ့လို့၊ ဒါပေမဲ့ သူ့ဘက်ကလဲ စဉ်းစားကြည့်ပါဦး၊ လူသတ်မှုနဲ့စွဲချက်တင်ခံရရင် အချုပ်ထဲမှာ လပေါင်းများစွာ စိတ်ဆင်းရဲလူဆင်းရဲနဲ့ နေရမယ်၊ ပြီးတော့လဲ သူ့အတွက် ကာကွယ်လျှောက်လဲဖို့၊ ရှေ့နေငှားဖို့ ငွေကြေးအမြောက်အမြား အကုန်ခံရဦးမယ်၊ သူအပြစ်မရှိကြောင်း သက်သေပြနိုင်လို့ လွတ်လာတဲ့အခါမှာဆိုရင် တစ်သက်တာစုဆောင်းလာခဲ့တဲ့ စည်းစိမ်က ပြုတ်သလောက် ဖြစ်နေပြီပေါ့၊ တကယ်လို့များ လူကြီးမင်းတို့ထဲက တစ်ယောက်ယောက်ဟာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရရင်၊ မဟုတ်မတရားလဲ စွပ်စွဲခံရဦးမယ်၊ အချုပ်လဲခံရဦးမယ်၊ ငွေလဲသောက်သောက်လဲ ကုန်ရဦးမယ်ဆိုရင် စိတ်မထိခိုက်ဘဲ နေနိုင်ပါ့မလား၊ သူလဲပဲ ဒီလိုစဉ်းစားမိမှာပါပဲ၊ ဒါကြောင့် အဖမ်းခံရပြီး စည်းစိမ်ပြုတ်တော့ မခံနိုင်ဘူး၊ ရှိတဲ့ပစ္စည်းကလေးပိုက်၊ တရပ်တကျေးပြေးပြီး ကိုယ့်ချစ်သူနဲ့ ပျော်ပျော်ပါးပါးနေမယ်ဆိုတဲ့ စိတ်ကူးနဲ့ သူကထွက်ပြေးလာခဲ့တာပါပဲ"

"လူကြီးမင်းများခင်ဗျာ၊ တရားခံရဲ့ပြုမှု လုပ်ကိုင်ခဲ့တာတွေဟာ လေးလေးနက်နက် ဆင်ခြင်ကြည့်ရင် အဓိပ္ပာယ်ရှိတဲ့လုပ်ရပ်တွေ ဖြစ်ပါတယ်၊ သူ့အပေါ်မှာ အမှုပတ်လာမှာကို ကြောက်ရွံ့ထိတ်လန့်တဲ့စိတ်က စေဆော်တာကြောင့် ငွေစက္ကူနဲ့ ရွှေဒင်္ဂါးတွေကို စုဆောင်းခဲ့တယ်၊ အဲဒီစိတ်ရဲ့ စေဆော်မှုကြောင့်ပဲ ပေါင်းပင်သတ်ဆေးဘူးအခွံကို မြေကြီးထဲကို မြှုပ်ခဲ့တယ်၊ ဘူးခွံကို မမြှုပ်ရသေးခင် အခြေအနေကိုသုံးသပ်ကြည့်ရင် တွေ့ရမှာက စုံထောက်အင်စပက်တော်ကြီးဘို(လ်)ထရိုက သူ့ဆီလာပြီး အဲဒီဘူးခွံအကြောင်းကိုမေးတယ်၊ သူကလဲမစဉ်းမစားလိမ်ပြောလိုက်မိတယ်၊ ဟော ...စုံထောက် အင်စပက်တော်ကြီးလဲ ပြန်သွားရော

ဘူးခွံကိုတွေ့နေရတော့ သူ့ကို ထမင်းလုံးတစ္ဆေ ခြောက်သလို ဖြစ်နေတာပေါ့၊ စဉ်းစားကြည့်လိုက်ရင် နတ်မိစ္ဆာ မကောင်းဆိုးရွားတွေကဝိုင်းပြီး သူ့ကိုချောက်ထဲ တွန်းချသလိုပါပဲ၊ ကြံရာမရအောင် စိတ်ရှုပ်လာတဲ့အဆုံးမှာ၊ သူဟာ သူ့ကို ဒုက္ခပေးလိမ့်မယ်လို့ထင်ရတဲ့ သက်သေခံပစ္စည်းကြီးကို မျက်စိအောက်မှာ မြင်မနေရအောင် ဖျောက်ဖျက်ပစ်လိုက်ပြီး ထွက်ပြေးဖို့ ပြင်ရဆင်ရတော့တာပေါ့"

"လူကြီးမင်းများခင်ဗျာ၊ တရားခံက ကြောက်ရွံ့ထိတ်လန့်မိကြောင်း ဝန်ခံသွားပါတယ်၊ ကျွန်တော်တို့ အင်္ဂလန်မှာ ကြောက်မိလန့်မိတဲ့လူတိုင်းကို ရုံးတင်တရားစွဲမယ်လို့ သတ်မှတ်ထားရင်၊ ကျွန်တော်က သူ့အတွက် လျှောက်လဲလို တာက တရားခံကြောက်ရွံ့ထိတ်လန့်မိတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျိုးကြောင်းနိုင်လုံသော ကြောက်ရွံ့ထိတ်လန့်မိခြင်းဖြစ်လို့မို့ သက်သက်ညှာညှာ စီရင်ပါလို့"

"လူကြီးမင်းများခင်ဗျာ၊ တရားခံက သူဟာ လိမ်ညာပြောခဲ့မိပါတယ်၊ အကျင့်သိက္ခာမဲ့တဲ့ နိုးကြောင်နိုးဝှက်ဘဝမျိုးမှာ နေခဲ့ပါတယ်၊ သရဲဘောကြောင်ခဲ့ပါတယ် ဆိုတာတွေကို မကွယ်မဝှက်ဘဲ ဝန်ခံပါတယ်၊ ဒါ့အပြင် သူဟာ စိတ်ဆိုးလွယ်သူဖြစ်ကြောင်းကိုလဲ ဝန်ခံပြီးပါပြီ၊ သူ့ရဲ့ကောင်းမြတ်တဲ့ ဂုဏ်ထူးဝိသေသတွေနဲ့ ပတ်သက်လို့တော့ သူကိုယ်တိုင်က မပြောခဲ့ပါဘူး၊ တခြားပုဂ္ဂိုလ်တွေက ပြောသွားကြတာပါ၊ အဲဒီလိုပြောသွားကြသူတွေထဲမှာ အစိုးရဘက်က တင်ပြတဲ့သက်သေတွေလဲ ပါပါတယ်၊ လူကြီးမင်းများလဲ သတိပြုမိကြပါလိမ့်မယ်၊ ကျွန်တော်မေးခဲ့လို့ သူတို့ထံက ထွက်ပေါ်လာတဲ့အဖြေက တရားခံ မစ္စတာပေါ(လ်)ပရက်ဆက်ဟာ ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်ပါစေ သိမ်သိမ်မွေ့မွေ့ရှိကြောင်းပါပဲခင်ဗျာ၊ သူတို့ပြောသွားကြတာကတော့ မစ္စတာပေါ(လ်)ပရက်ဆက်ဟာ သူတစ်ပါးပေါ်မှာ ညှာတာတယ်၊ ကိုယ်ချင်းစာတယ်၊ ဖော်ရွေတယ် ဆိုတာပါပဲ၊ ဒီတရားခွင်မှာ အစိုးရဘက်က ထွက်ဆိုချက်ပေးသွားတဲ့ အိမ်ဖော်မကလေး မစ္စစ်အယ်နီဆိုရင် မစ္စတာပေါ(လ်)ပရက်ဆက်ရဲ့ အဖြစ်ကို မြင်တဲ့အခါမှာ စိတ်ထိခိုက်မှုကို မချုပ်တည်းနိုင်လောက်အောင် ဖြစ်သွားတာ လူကြီးမင်းများအမြင်ပါပဲ၊ ဒီကလေးမကလေးဆိုရင် တရားခံအပေါ် ဦးလေးလို၊ အဖေလို ခင်မင်တွယ်တာခဲ့တာမို့၊ တရားရုံးမှာ သက်သေခံနေတဲ့ အဖြစ်ကိုတောင်မေ့ပြီး 'သူမလုပ်ပါဘူးရှင်၊ သူလုပ်တယ်ဆိုတာ မဟုတ်နိုင်ပါဘူး'လို့ အသံထွက်လာတဲ့အထိ ဖြစ်သွားခဲ့ရပါတယ်၊ ဒီလို မချုပ်တည်းနိုင်ခဲ့တာကိုတော့ လူကြီးမင်းက ခွင့်လွှတ်လိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်"

**စိတ်ကူးချိုချို**

"အခု ကျွန်တော့်အနေနဲ့ ပြောမယ့်စကားလုံးကတော့ ကလေးမကလေး ပြောခဲ့တာနဲ့ အဓိပ္ပာယ်အတူတူပါပဲ၊ ဒါပေမဲ့ စကားလုံးချင်းတော့ မတူပါဘူး၊ ကလေးမကလေး ပြောတုန်းကလောက်လဲ လူကြီးမင်းတို့ကို စိတ်လှုပ်ရှားစေမှာတော့ မဟုတ်ဘူးပေါ့ခင်ဗျာ၊ ကျွန်တော်ပြောမှာက မနုတာပရက်ဆက်ဟာ စိတ်သဘောထား နူးညံ့သိမ်မွေ့တဲ့ သဘာဝရှိကြောင်း သက်သေများက ထွက်သွားတာနဲ့ ကြမ်းကြုတ်ရက်စက်တဲ့ လူသတ်မှုကြီးကို ကျူးလွန်ခဲ့ပါတယ်ဆိုတဲ့ စွဲချက်နဲ့ဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေပါတယ်၊ ဒီလိုမဆီမလျော်ဖြစ်နေတာကို လူကြီးမင်းများ စဉ်းစားကြည့်ကြစေလိုပါတယ်ခင်ဗျာ"

ဤသို့ ဝတ်လုံတော်ရကြီး ဆာကဲနက်က သက်သေ ထွက်ဆိုချက်များကို တစ်ချက်ချင်းပြန်လည်ဖော်ထုတ်ကာ ထိုထွက်ဆိုချက်များသည် တရားခံ၏ ထွက်ဆိုချက်နှင့် ဆီလျော်ညီညွတ်ကြောင်းကို ဂျူရီအဖွဲ့ဝင်များထံ တင်ပြသွားသည်။

ဆာကဲနက်က ဆက်မပြောသေးဘဲ ခေတ္တရပ်နေစဉ် ရုံးခန်းမအတွင်းရှိ လူအားလုံးမှာ တုတ်တုတ်မျှမလှုပ်ဘဲ ဆာကဲနက်ဆီသို့သာ လည်ပင်းဆန့်၍ မျှော်ကြည့်နေကြသည်။

ဆာကဲနက်က သူ၏ မျက်မှန်ကိုချွတ်၍ စားပွဲပေါ်တွင် အသာအယာ တင်လိုက်ပြီးနောက်၊ လက်နှစ်ဘက်ကို တင်ပါးနှစ်ဘက်ပေါ်သို့ထောက်ကာ၊ သူ၏ လျှောက်လဲချက်ကို ဆက်ပြန်သည်။

သူ၏ အသံမှာ ကျယ်လှသည် မဟုတ်သော်လည်း ကြည်လင်ပြတ်သားသည်။

"ဂျူရီအဖွဲ့ဝင် လူကြီးမင်းများခင်ဗျာ၊ ကျေးဇူးပြုပြီး လူကြီးမင်းတို့ရဲ့ ရှေ့မှောက်မှာရှိတဲ့ တရားခံကို သေသေချာချာ ကြည့်စေလိုပါတယ်၊ သူ့ရဲ့ ပုံသဏ္ဌာန်ကို လူကြီးမင်းတို့ရဲ့ အာရုံမှာ စွဲထင်လာအောင် ကြည့်ပါခင်ဗျာ၊ ပြီးတော့ သူ့ရဲ့ဖြစ်ကြောင်းကုန်စင်ကိုလဲ စွဲအောင်မှတ်လိုက်ပါဦး၊ ကဲ...စွဲမြဲအောင် ကြည့်ပြီးသွားပြီဆိုရင် ကျွန်တော်တင်ပြပါမယ်၊ ဒီပုဂ္ဂိုလ်ရဲ့အသက်ဟာ လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်ပေါ် တည်နေပါတယ်၊ ဒီပုဂ္ဂိုလ် တကယ်ကျူးလွန်ခဲ့တဲ့ ပြစ်မှုမျိုးတွေဟာ၊ လူကြီးမင်းတို့ ကျွန်တော်တို့ ကိုယ်တိုင်လဲ တစ်ခါတစ်ရံ ကျူးလွန်မိတတ်တဲ့ ပြစ်မှုမျိုးတွေပါ၊ သူကတော့ ဒီမျှလောက် ကျူးလွန်မိခဲ့ရုံနဲ့ ဆင်းရဲဒုက္ခ ခံစားလိုက်ရတာဟာ ပြောမပြနိုင်လောက်အောင် ပြင်းထန်လွန်းပါတယ်၊ လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်က ဒီပုဂ္ဂိုလ် လူသတ်မှုနဲ့ အပြစ်မရှိဘူးလို့ပဲ ဆိုဦးတော့၊ သူ့ရဲ့ ဘဝဟာတော့ဖြင့် သေသည့်တိုင်အောင် ပျက်စီးသွားပါပြီ၊

သူ့အသံက်ကလဲ ငါးဆယ်ဆိုတော့၊ ဘ၀အသစ်ကိုစဖို့ရာလဲ လွယ်လှမယ် မဟုတ်တော့ပါဘူး၊ လူတွေက ဝိုင်းပြီး မေးငေါ့ကြ၊ တီးတိုးပြောကြနဲ့၊ သူများတကာရဲ့ တံတွေးကွက်မှာ ပက်လက်မျောရမယ့် ဘ၀ကို လူကြီးမင်းများ စဉ်းစားလို့သာ ကြည့်ကြပါတော့ ခင်ဗျာ၊ ဒါပေမဲ့ သူ့အနေနဲ့ ထိုက်သင့်သလောက် လွတ်လွတ်လပ်လပ် နေ့လို့တော့ရဦးမှာပေါ့၊ ကဲ ... အဲဒီလို ထိုက်သင့်သလောက် လွတ်လပ်မှုရှိတဲ့ဘ၀ကိုပဲ သူ့ကိုပို့မလား၊ နောင် အရက် ၂၀ကြာရင် သူ့ကို ကြိုးစင်ပေါ်တက်လှမ်းရမယ့် ကြိုးတိုက်ကိုပဲ ပို့မလား ... အဲဒီ နှစ်ချက်ကို လူကြီးမင်းများ အလေးအနက်စဉ်းစားပြီး ဆုံးဖြတ်ကြပါခင်ဗျာ၊ တရားခံဟာ အပြစ်ရှိနေမလားလို့ ယုံမှားသံသယရှိရင်လဲ၊ သူကြိုးစင်တက်ရမယ့်အဖြစ်ကို အာရုံထဲမှာ ပေါ်လာအောင် စဉ်းစားကြည့်ကြစေလိုပါတယ်"

"ကောင်းပါပြီခင်ဗျား၊ ကျွန်တော် တင်ပြချင်တာကတော့ ဤမျှလောက်ပါပဲ၊ ဆုံးဖြတ်ချက်ပေးဖို့ကတော့ လူကြီးမင်းများတို့ရဲ့ တာဝန်သာ ဖြစ်ပါတော့တယ်"

ဤသို့ ရှည်လျားသော လျှောက်လဲချက်ကြီးကို ပေးပြီးနောက်၊ ဆာကဲနက်က သူ၏ ကုလား ထိုင်တွင် ထိုင်ချလိုက်သည်။ ဤတစ်ကြိမ်ကား ထူးထူးခြားခြား မောပန်းအားကုန်နေသည်။ စိတ်ပန်းလူပန်းသည့်ဒဏ်ကြောင့် ဖြူရော်ရော်ဖြစ်ကာ အနည်းငယ်တုန်ယင်နေသည်။

သူ၏ လက်ထောက်ရှေ့နေက သူ၏ လျှောက်လဲချက်အတွက် ချီးကျူးရာ၌ စကားဖြင့်မပြောတော့၊ ပခုံးကိုပုတ်၍ ချီးကျူးသည်။

ပရိသတ်ကြီးထံမှ အသံဗလံများ မထွက်လာ၊ အားလုံးက တိတ်ဆိတ်နေကြသည်။ ဆာကဲနက်၏ လျှောက်လဲချက်ကြောင့် လူတွေအားလုံးမှာ ဇဝေဇဝါနဝေတိမ်တောင် ဖြစ်သွားကြသည်။ စောစောပိုင်းကမူ တရားခံအပြစ်ရဖို့မှာ သေချာသလောက်ရှိ၏။ ယခုမူ အခြေအနေက ပြောင်းလဲသွားသည့်သဏ္ဌာန်ရှိနေ၏။

ဝက်ခြံအနီး၌ ရပ်နေသည့် လှချောင်သော ဝတ်လုံတော်ရ ပေါက်စတစ်ယောက်ကမူ မဆိုင်းမတွ ပြောချလိုက်သည်။

"ဟာ... တရားခံတော့ လွတ်ပြီနဲ့တူတယ်"

ယခု ဆာဟေးမင်း၏ အလှည့်ဖြစ်သည်။ သူက ဖြည်းညင်းစွာထလိုက်သည်။ စိတ်ကဲတော့ခပ်တိုတိုဖြစ်၏။ သို့သော် သူ့စိတ်ဆိုးသည်ကို ဘေးလူများ မသိစေရအောင် မင်သေသေဖြင့် ဣန္ဒြေလုပ်ထားနိုင်သည်။

**စိတ်ကူးချိုချို**

သူစိတ်တိုရသည့် အကြောင်းမှာ သူက အချက်အလက် ပြည့်ပြည့်စုံစုံ အကျိုးအကြောင်း အခိုင်အလုံဖြင့် တင်ပြထားသည်ကို ဆာကဲနက်က အပျော့ဆွဲဖြင့် ဂျူရီလူကြီးများ၏ ကရုဏာသက်မှုကို ရယူသွားသောကြောင့်ဖြစ်၏။

ဆာကဲနက်ကို ပြန်ချေနိုင်ရန်မှာ သူပြောသွားသည်ကို ဂျူရီလူကြီးများ၏ အာရုံမှပျောက်သွားအောင် ဖျောက်ပစ်ရမည်ဖြစ်သည်။ ဤသို့ ဖျောက်ပစ်ရေးအတွက် သုံးသုံးရမည့် နည်းဗျူဟာမှာ သက်သေထွက်ချက်များကို တစ်ခုစီ ဖြည်းဖြည်းချင်း ပြန်၍ ဖော်ထုတ်ရန်ဖြစ်၏။ သို့ဖြင့် ဂျူရီအဖွဲ့ဝင်များ၏ အာရုံထဲသို့ ထိုသက်သေထွက်ချက်များ တစိမ့်စိမ့် ဝင်ရောက်သွားစေရန် ဖြစ်သည်။

ဤနည်းဗျူဟာနှင့်အညီ ဆာဟေးမင်းက ဤသို့ အစချီလိုက်သည်။

"ဂျူရီအဖွဲ့ဝင်လူကြီးမင်းများခင်ဗျား၊ တစ်ဘက်က ကျွန်တော့်မိတ်ဆွေ ပညာရှိ ဝတ်လုံတော်ရကြီးများက တရားခံရဲ့ နေ့စဉ်နေထိုင်ပုံ၊ ဘဝနဲ့ သူ့အပေါ်မှာ စွဲထားတဲ့ စွဲချက်တို့ဟာ ရှေ့နောက် ညီညွတ်မှု မရှိဘူးဆိုပြီး တင်ပြလျှောက်လဲသွားပါတယ်၊ အဲဒီလိုရှေ့နောက် မညီညွတ်ခြင်းဟာ လက်တွေ့လောက်မှာ ဖြစ်ရိုးဖြစ်စဉ်ပါပဲခင်ဗျာ၊ အပြစ်ရသွားတဲ့ တရားခံတိုင်းကို လေ့လာကြည့်ရင် ရှေ့နောက်မညီညွတ်မှုကို တွေ့နိုင်ပါတယ်၊ အဲဒီတရားခံတွေဟာ သူတို့ရဲ့ နေ့စဉ် နေထိုင်ခဲ့တဲ့ ဘဝမှာဆိုရင် နူးညံ့သိမ်မွေ့မှု အပြည့်ပါပဲ၊ တချို့ဆိုရင် ဘုရားတရားလဲ အင်မတန်ကိုင်းရှိုင်းကြပါတယ်၊ နောက်တော့သာ ပြစ်မှုကျူးလွန်လို့ အပြစ်ရသွားကြတာ၊ အခု ကျွန်တော်တို့ရဲ့ တရားခံရဲ့ဘဝကိုပဲ လေ့လာသုံးသပ်ကြည့်ကြပါ၊ သူဟာ ယဉ်ကျေးသိမ်မွေ့ပါတယ်၊ ဖော်ရွေပါတယ်၊ တစ်ချိန်တည်းမှာပဲ သူ့ဘဝတလျှောက်လုံးမှာ လှည့်ဖြားပြောဆိုခဲ့တာတွေလဲ အပြည့်ပါပဲ၊ သူ့ရဲ့မိတ်ဆွေ အပေါင်းအသင်းများကတောင် အံ့ဩရပါတယ်၊ ကဲ... ကြည့်ပါခင်ဗျာ၊ သူ့ရဲ့မိတ်ဆွေတွေဟာ အဲဒီလို တရားခံရဲ့ နေ့စဉ်နေထိုင်ပုံက နူးညံ့သိမ်မွေ့သလို လှည့်ဖြားပြောဆိုတတ်ခြင်းကလဲ ငြင်းကွယ်လို့မရတဲ့ အဖြစ်မှန်ဖြစ်နေတာကို တွေ့ရတာမို့ တစ်ခုနဲ့တစ်ခုဟာ ရှေ့နောက်မညီမညွတ် ဖြစ်နေပြီလို့ ကောက်ချက်ချရပါတယ်၊ ပြီးတော့ တရားခံရဲ့ ရိုးသားတည်ကြည်တဲ့ ပုပန်းသဏ္ဌာန်နဲ့ မိမိဇနီးအပြင် တခြားအမျိုးသမီးတစ်ဦးနဲ့ ချိန်းတွေ့နေတာဟာလဲ ရှေ့နောက်မညီညွတ်ခြင်းရဲ့ ပြယုဂ်တစ်ခုပဲပေါ့ခင်ဗျာ၊ ပြီးတော့ အခု တရားခွင်မှာ အစစ်ခံလာတဲ့ ကာလ တစ်လျှောက်လုံးမှာ နူးညံ့သိမ်မွေ့ပါတယ်၊ စိုးရိမ်ကြောက်ရွံ့နေပါတယ်၊ ခွန်အားဗလနဲ့ မပြည့်စုံပါဘူးဆိုတဲ့ တရားခံဟာ သူ့ရဲ့ စိတ်လှုပ်ရှားပုံကို မပေါ်နိုင်အောင် သူ့ကိုယ်သူ ချုပ်တည်းနိုင်စွမ်းရှိခဲ့တာဟာလဲ အများ

မျက်မြင်ပါပဲခင်ဗျာ၊ သူဟာ သူ့ဇနီးကို သတ်ဖို့ ခေါင်းအေးအေးနဲ့ စီစဉ်ကြံစည်ခဲ့တယ်လို့ အစိုးရဘက်က တင်ပြခဲ့ပါတယ်၊ မှန်ပါတယ်ခင်ဗျာ၊ တရားခံဟာ အဲဒီလို ခေါင်းအေးအေးနဲ့ ကြိုတင်ကြံစည်နိုင်စွမ်းရှိသလို၊ သူ့ရဲ့အပြစ်ကို နူးညံ့သိမ်မွေ့တဲ့ ဟန်အမူအရာအောက်မှာ ဖုံးဝှက်နိုင်စွမ်းရှိပါတယ်၊ သူ့ရဲ့ လူသတ်လက်နက်ဖြစ်တဲ့ ပေါင်ပင်သတ်ဆေးဘူးခွံကို မြေကြီးအောက်မှာ ဝှက်ခဲ့သလိုပေါ့ ခင်ဗျာ"

စောစောက လျှာရှောင်ခဲ့သူထံမှပင် နောက်ထပ် လျှာရှောင်သံ ထွက်လာပြန်သည်။

"ဟာ... ဆာဟေးမင်းဘက်က သာသွားပြီပဲ"

သူ့ဘေးမှ အခြားတစ်ဦးကလည်း ဝင်၍ ရောလိုက်သေးသည်။

"တရားခံအတွက် ဆာဟေးမင်း ဆင်ထားတဲ့ ကြိုးစင်ကတော့ အမြင့်ကြီးပဲဗျို့"

နောက်တစ်ယောက်က တိတ်တိတ်နေကြရန် ရှူးခနဲ အသံပြုလိုက်သည်။

လေသံမှန်မှန်ဖြင့် ဆာဟေးမင်းက ဆက်၍ ပြောနေသည်။

"တရားခံဘက်က ဝတ်လုံတော်ရကြီးက လူကြီးမင်းတို့ရဲ့ သနားကြင်နာစိတ်ကို ဦးတည်ပြီး ဒီအမှုဟာ သေရေးရှင်ရေးကို အဆုံးဖြတ်ပေးခြင်းဖြစ်ကြောင်း လျှောက်လဲသွားခဲ့ပါတယ်၊ သူပြောတာကို ကျွန်တော်ထောက်ခံပါတယ်ခင်ဗျာ၊ အခုအမှုဟာ သေပြီးတဲ့ကိစ္စအတွက်ကို စဉ်းစားနေရတဲ့အမှုပါ၊ ရောဂါဖိစီးပြီး အင်အားချည့်ချည့်နဲ့နဲ့ အသက်ကုန်သွားရရှာတဲ့ သနားစရာမိန်းမတစ်ဦးရဲ့ အဖြစ်ဟာလဲ လူကြီးမင်းတို့ရဲ့ ကြင်နာသနားမှုကို ရထိုက်ပါတယ်၊ အဲဒီမိန်းမဟာ နွေးထွေး တောက်ပတဲ့ နေရောင်ခြည်ကို ကြည်ကြည်နူးနူးခံစားပြီး မိမိမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါးနေနေရာက ဖြုန်းခနဲ ဝေဒနာခံစားလိုက်ရပြီး မှောင်မည်းတဲ့ မြေကြီးထဲမှာ တစ်ကိုယ်တည်းထီးထီး အသက်မရှိဘဲ ရောက်သွားရရှာပါတယ်၊ သူကတော့ တခြား ဘယ်သူမှမရှိတဲ့ အိမ်ကြီးမှာ သူ့ခင်ပွန်းကို ယုံကြည်ကိုးစားနေခဲ့ရာက လောကကို စွန့်ခွာပြီး မှောင်မည်းတဲ့မြေကြီးထဲကို ရောက်သွားရသူပါ၊ ဂျူရီလူကြီးမင်းများခင်ဗျာ၊ အဲဒီသနားစရာကောင်းတဲ့ မိန်းမရဲ့ ဇီဝိန်ကိုဘယ်သူက ခြွေခဲ့ပါသလဲခင်ဗျား။ သူ့ရဲ့ဇီဝိန်ကို ခြွေလိုက်ခြင်း အားဖြင့် ဘယ်သူက အကျိုးအမြတ် ခံစားဖို့ရှိပါသလဲခင်ဗျာ၊ ဒီအချက်ကို အလေးအနက်ထားပြီး စဉ်းစားကြပါ"

လျှာရှောင်တတ်သည့် လူထံမှ အသံထွက်လာပြန်သည်။

"ဟာ ... ဆာဟေးမင်းကြီးက ဒီတစ်ချက်တည်းနဲ့ နိုင်သွားပြီ"

စိတ်ကူးချိုချို

"ဂျူရီလူကြီးမင်းများ စဉ်းစားဖို့ရှိတာက မစ္စစ်အယ်လီနာပရက်ဆက် သေဆုံးခဲ့ရတာဟာ တရားခံရဲ့ပယောဂမပါပဲ တခြားအကြောင်းကြောင့် ဖြစ်ချင်လဲ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ရရှိထားတဲ့ သက်သေအထောက်အထားတွေ အတိုင်းကတော့ သူ့လက်ချက်ကလွဲလို့ အခြား ဘာအကြောင်းမှ မဟုတ်ဘူးဆိုတာကိုတော့ နိုင်နိုင်လုံလုံကောက်ချက်ချလို့ ရနေပါပြီ"

ပြောရင်းနှင့် ဆာဟေးမင်းက သူ၏ စာရွက်အထပ်အကြားမှ ဖိုင်တွဲ ချည်ထားသော အဝတ်ကြိုးတစ်စကို ယူလိုက်ပြီး သူ၏ လက်နှစ်ဘက်ဖြင့် ချည်လိုက်ဖြေလိုက် လုပ်နေသည်။ ထိုကြိုးစကို အကြောင်းမဲ့ ယူလိုက်ခြင်းတော့ မဟုတ်ပေ။ သူပြောမည့်စကားအဓိပ္ပာယ်ကို ဆောင်ပြခြင်းဖြစ်သည်။

ဆာဟေးမင်းကလည်း ဆာကဲနက်ကဲ့သို့ပင် သက်သေထွက်ချက်များကို ပြန်လည်ညွှန်း၍ တင်ပြသွားသည်။

"လူကြီးမင်းများခင်ဗျား၊ သက်သေထွက်ချက်များကို လူကြီးမင်းများ ကြားပြီး ကြပြီး ဖြစ်ပါတယ်၊ အဲဒီထွက်ချက်တွေအပေါ်မှာ စိစစ်သုံးသပ်ကြည့်ပြီးတဲ့နောက် လူကြီးမင်းများရဲ့ စိတ်ထဲမှာ ကျိုးကြောင်းနိုင်လုံတဲ့ သံသယရှိနေတယ်ဆိုရင် တရားခံကိုလွှတ်ပစ်ပါလို့ တိုက်တွန်းပါတယ်၊ ကျွန်တော်လဲ တစ်ဘက်က ကျွန်တော့်မိတ်ဆွေ ဝတ်လုံတော်ရကြီးနဲ့အတူ၊ လူကြီးမင်းများရဲ့ အဆုံးအဖြတ်ကို ဝမ်းမြောက်ဝမ်းသာ နာခံပါမယ်၊ အဲဒီလိုမဟုတ်ဘဲ လူကြီးမင်းများရဲ့ စိတ်ထဲမှာ တရားခံဟာ ပြစ်မှုကျူးလွန်ခဲ့တယ် ဆိုတာနဲ့ပတ်သက်ပြီး သံသယလုံးဝ မရှိဘူးဆိုရင်တော့ လူကြီးမင်းတို့ ဆောင်ရွက်ရမယ့် တာဝန်ကတော့ တစ်ခုတည်းပါပဲ ခင်ဗျာ၊ ဒီတာဝန်ကတော့ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည် ဆိုတဲ့ စီရင်ချက်ကို ချမှတ်ပေးဖို့ပါပဲ၊ တစ်ဘက်ရှေ့နေကြီးက စကားလုံးကြွယ်ကြွယ်ဝဝ၊ အပြောကောင်းကောင်းနဲ့ လူကြီးမင်းများကို တိုက်တွန်းသွားတာကတော့ လူတစ်ယောက်ရဲ့ သေရေးရှင်ရေးကိုဆုံးဖြတ်ဖို့ တာဝန်ဟာ လူကြီးမင်းတို့ရဲ့ ပခုံးပေါ်မှာ ကျရောက်နေပါတယ်တဲ့၊ သူပြောတာလဲ မှန်ပါလိမ့်မယ်၊ ဒါပေမဲ့ လူကြီးမင်းတို့ ပခုံးပေါ်မှာ အင်္ဂလန်နိုင်ငံမှာ အစဉ်စဉ်အဆက်ဆက်က ကျင့်သုံးလာခဲ့တဲ့ မထောက်မညှာ၊ မျက်နှာမရွေး၊ ကျေးသား ရင်သားမခွဲခြားဘဲ မှန်ရာကိုဆုံးဖြတ်ရတဲ့ အင်္ဂလိပ်တရားစီရင်ရေးစနစ်ကြီးကိုလဲ ထမ်းထားရတယ်ဆိုတာကို သတိပြုစေလိုပါတယ်၊ အဲဒီလို စီရင်ဖို့ရာ လူကြီးမင်းတို့ကိုယ်တိုင် ကျမ်းကျိန်သစ္စာဆိုထားပြီးလဲ ဖြစ်ပါတယ်၊ လူကြီးမင်းတို့သာလျှင် တရားစီရင်ရေး ချိန်ခွင်လျှာကို မတိမ်းမစောင်းရအောင် ထိန်းထားသူတွေဖြစ်ပါတယ်၊ တရားခံနဲ့ ပတ်သက်ပြီး

အဆုံးအဖြတ်ပေးဖို့ စဉ်းစားတဲ့နေရာမှာ သနားတဲ့စိတ်ကဝင်ပြီး အနှောင့်အယှက် မပေးစေသင့်ပါဘူး၊ ခံရတဲ့သူတွေဘက်ကရော၊ တရားဥပဒေရဲ့အကာအကွယ်ကို တောင်းခံနေတဲ့သူတွေဘက်ကရော ကြည့်ဖို့လိုပါလိမ့်မယ်၊ တစ်ဘက်ရှေ့နေကြီးပြော သွားတဲ့. သွေးအေးအေးနဲ့ ကြိုးပေးသတ်ခြင်းကိုခံရမယ့် အေးစက်စက်နံနက်ခင်း အကြောင်းကိုချည်းပဲ စဉ်းစားဖို့ မဟုတ်ပါဘူးခင်ဗျာ၊ လူသတ်မှုဖြစ်ပြီး တရားရုံးရောက်လာရင် လွတ်နိုင်တယ်လို့ အထင်ရောက်သွားကြလို့၊ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တဲ့ လူသတ်မှုတွေကိုလဲ ထည့်သွင်းစဉ်းစားကြစေလိုပါတယ်၊ ဥပမာ ပေးရမယ်ဆိုရင် လူကြီးမင်းများဟာ ဘာနဲ့ သဏ္ဌာန်တူသလဲဆိုတော့ ရေကာတာကြီးနဲ့တူပါတယ်၊ ရာဇဝတ်မှုအမျိုးမျိုးကတော့ ရေနဲ့သဏ္ဌာန်တူပါတယ်၊ ရေကာတာကြီးက ရေတွေကိုတားဆီးထားသလို လူကြီးမင်းတို့ကလဲ ရာဇဝတ်မှု များကို ဟန့်တားထားပါတယ်၊ လူကြီးမင်းတို့ဘက်က ပျော့ညံ့ညံ့လုပ်လိုက်ရင်တော့ ကျိုးပေါက်သွားတဲ့ ရေကာတာကို ရေတွေက အရှိန်အဟုန်နဲ့ ကျော်ဖြတ်သွားသလို ရာဇဝတ်မှုတွေကလဲ ဒုနဲ့ဒေးများလာပါလိမ့်မယ်၊ ဒါကြောင့်မို့လို့ လူကြီးမင်းတို့ရဲ့ တာဝန်ဝတ္တရားကိုတော့ ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ တင်းတင်းမာမာ ဆောင်ရွက်ဖို့ လိုပါလိမ့်မယ်လို့ ပြောလိုပါတယ် ခင်ဗျာ"

ဆာဟေးမင်း ပုံသဏ္ဌာန်ကတော့ အေးအေးပင်။ တာဝန်ဝတ္တရားတစ်ရပ်ကို ဆောင်ရွက်ပြီး၍ ထိုင်လိုက်သည့် ပုံမျိုးဖြင့် သူ၏ နေရာတွင်ထိုင်ချလိုက်သည်။

နှစ်ဘက်သော ဝတ်လုံတော်ရကြီးများ၏ လျှောက်လဲချက်များပြီးသွားလေပြီ။ တရားသူကြီး၏ အလှည့်သို့ ရောက်လာပြီ ဖြစ်၏။

တရားလိုဘက်နှင့် တရားခံဘက်မှ တင်ပြသော သက်သေများကိုလည်း နှစ်ဘက်ရှေ့နေများက မေးခွန်းထုတ်ပြီးသွား၍ အဆုံးသတ် လျှောက်လဲချက်ပင် ပေးပြီးသွားကြပေပြီ။ ကျန်သေးသည်မှာ တရားသူကြီးက ဂျူရီအဖွဲ့အား လမ်းညွှန်ချက်ပေးသည့်ကိစ္စသာဖြစ်ပေသည်။ တရားခံအပြစ်ရှိ မရှိ ဂျူရီအဖွဲ့က မဆုံးဖြတ်မီ၊ ဂျူရီအဖွဲ့အနေဖြင့် စဉ်းစားဆင်ခြင်သင့်သော ဥပဒေဆိုင်ရာ အခြေခံ မှုများကို တရားသူကြီးက ဤအခါတွင် ရှင်းပြရ၏။

တရားသူကြီးက သူ၏ လမ်းညွှန်ချက်ကို စ၍ပြောသည့်အခါ၌ ဆာကဲနက် အပေါ်၌ အပြစ်တင်ခြင်းဖြင့် စသည်။ အပြင်းအထန်တော့မဟုတ်။ မသိမသာမျှသာ ဖြစ်သည်။

"တရားခံဘက်က လိုက်ပါဆောင်ရွက်တဲ့ ဝတ်လုံတော်ရကြီးကတော့ အလွန်တရားအပြောကောင်းစွာနဲ့ လျှောက်လဲချက်ပေးသွားတာကို တွေ့ရတော့

တရားခံအတွက် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ အင်္ဂလန်နိုင်ငံမှာ အတော်ဆုံးထဲမှာပါဝင်တဲ့ ဝတ်လုံတော်ရကြီးတစ်ဦးက သူ့ဘက်က လိုက်ပါဆောင်ရွက်နေတာကို တွေ့ရလို့ပါ၊ ဒါပေမဲ့ အဲဒီ ဝတ်လုံတော်ရကြီးဟာ ပညာရှိ သတိဖြစ်ခဲ့တဲ့ အဖြစ်ကို ရောက်သွားတဲ့အကြောင်းကတော့ ဒီနေရာမှာ ထည့်သွင်းဖော်ပြရမှာဖြစ်ပါတယ်၊ သူဟာ တရားစီရင်ပုံကို လာရောက်လေ့လာတဲ့ အများပြည်သူတွေကို မလိုအပ်ဘဲနဲ့ အပြစ်ပြောခဲ့သလို၊ ကိုယ်တိုင်လာနားထောင်နိုင်လို့၊ သတင်းစာကတစ်ဆင့် အများပြည်သူသိစေနိုင်အောင် ဤရုံးတော်မှာ သတင်းလာယူတဲ့ သတင်းထောက်တွေကိုလဲ အပြစ်ပြောခဲ့တာကို တွေ့လိုက်ရပါတယ်၊ ဤနေရာမှာ ရုံးတော်ရဲ့ အယူအဆကို အများသိအောင် ပြောပြရပါမယ်၊ ဘယ်လိုလဲဆိုတော့၊ အင်္ဂလန်နိုင်ငံရဲ့ တရားစီရင်ရေး ထုံးတမ်းစဉ်လာနဲ့အညီ တရားစီရင်တဲ့နေရာမှာ အများပြည်သူတွေ လာရောက်လေ့လာနိုင်ခွင့် ရှိပါတယ်၊ တရားစီရင်ခြင်းကို လျှို့ဝှက်မဆောင်ရွက်ဘူး၊ ပြည်သူပြည်သားတွေရဲ့ မျက်မှောက်မှာ ဆောင်ရွက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ၊ ဒါကြောင့်မို့လို့လဲ အများပြည်သူအတွက် နေရာသီးသန့်စီစဉ်ထားတာပါ၊ အဲဒီလို အကြောင်းတွေကြောင့် တရားခံဘက်က ဝတ်လုံတော်ရကြီးက အများပြည်သူတွေဟာ တရားခံရဲ့ ခံစားရပုံကို လာကြည့်ပြီး ပီတိဖြစ်နေတယ်လို့ ပြောသွားခြင်းဟာ နည်းလမ်းမကျပါဘူး၊ သူတို့ဟာ မိမိတိုင်းပြည်ရဲ့ တရားစီရင်မှုစနစ်ကို လက်တွေ့လာရောက်လေ့လာကြခြင်းသာဖြစ်ပါတယ်၊ တကယ်တော့လဲ ဥပဒေဆိုတာဟာ အများပြည်သူတွေ အကျိုးအတွက် လုပ်ထားတာပါ၊ ကျွန်တော် တစ်ဦးတည်းအတွက်လည်း မဟုတ်ပါဘူး၊ ဆာကဲနက်တစ်ဦးတည်းအတွက်လည်း မဟုတ်ပါဘူး၊ သတင်းထောက်များနဲ့ ပတ်သက်လို့လဲ ကျွန်တော်ပြောချင်ပါတယ်၊ သတင်းထောက်များဟာ အများပြည်သူတွေအတွက် သတင်းလာရောက်ရဆောင်းတဲ့ တာဝန်နဲ့၊ ဒီရုံးတော်မှာလာရောက် နားထောင်ရတာဖြစ်ပါတယ်၊ ဆာကဲနက်ကလဲ တရားခံဘက်က ခုခံကာကွယ်ပေးဖို့ တာဝန်နဲ့ ဒီရုံးတော်မှာ လာရောက်လျှောက်လဲနေရတာဖြစ်ပါတယ်၊ အဲ...သတင်းထောက်များက သူတို့တာဝန်ကို ဆောင်ရွက်တဲ့နေရာမှာ သူတို့ရဲ့တိုက်က သတင်းစာများများရောင်းရဖို့၊ သတင်းစုံဖို့၊ ထူးဖို့၊ ဦးဖို့ကို ကြိုးစားပြီး လုပ်ရပါတယ်၊ အဲဒီလိုပင်ပန်းခံတဲ့အတွက် ထိုက်သင့်တဲ့အခကြေးငွေလဲ ရတာပေါ့၊ ဆာကဲနက်ကလဲ သူ့အမှုသည် လွတ်ဖို့ ဥပဒေအချက်အလက် ပြည့်ပြည့်စုံစုံ အပြောကောင်းကောင်းနဲ့ လျှောက်လဲရပါတယ်၊ သူလဲပဲ အဲဒီလို ကြိုးစားအားထုတ်မှုအတွက် ရေ့နေခ ရတာပါပဲ၊ အဲဒီရေ့နေခကလဲ နည်းလိမ့်မယ်မဟုတ်ပါဘူးနဲ့ တူပါတယ်"

ပရိသတ်ကြီးထံမှ ဝါးခနဲရယ်သံထွက်လာသည်။ ရယ်သံကျယ်လေလေ ပေါ(လ်)အတွက် အခြေအနေ မကောင်းလေလေပင်။

ဆာကဲနက်ကို ကလိပြီးသောအခါ၌ တရားသူကြီးက သူ၏ အဓိကတာဝန်ကို ဆက်၍ ကိုင်တော့သည်။ သူ၏ အဖွင့်စာပိုဒ်ကို နားထောင်လိုက်လျှင်ပင် ပေါ(လ်)အတွက် အခြေအနေမကောင်းလှသည်ကို ရိပ်စားမိနိုင်ပေပြီ။

"ဂျူရီလူကြီးမင်းများခင်ဗျာ၊ တရားခံဘက်က ဝတ်လုံတော်ရကြီးက လူကြီးမင်းများရဲ့ ကြင်နာသနားမှုကို တောင်းခံခဲ့ပါတယ်၊ ဤတရားခံကို ကြိုးမိန့် ပေးလိုက်မိမယ်ဆိုရင်၊ လူကြီးမင်းတို့ နောင်ကိုစိတ်သန့်ပါမလားဆိုတဲ့ မေးခွန်းကို သူက မေးပြီးတော့ ပျောက်လဲတင်ပြသွားပါတယ်၊ ကြင်နာတတ်တဲ့နှလုံးသားက ပေါက်ဖွားလာတဲ့ ဒီလိုပျောက်လဲချက်ကို၊ ကျွန်တော်က အလေးအနက် ဂုဏ်ပြု ချီးကျူးပါတယ်၊ ဒါပေမဲ့ ကြင်နာစိတ် သနားစိတ်ကို အကြောင်းခံပြီး တင်ပြ ထားချက်ကို ဘေးဖယ်ထားဖို့၊ ရုံးတော်က လူကြီးမင်းတို့ကို တိုက်တွန်းရပါ လိမ့်မယ်၊ လူကြီးမင်းတို့ စုပေါင်းဆုံးဖြတ်လိုက်ပြီးတဲ့နောက်၊ ပေါ်ထွက်လာမယ့် အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ပြီး၊ လူကြီးမင်းတို့ရဲ့ အမြင်ကြည်လင်ဖို့ လိုပါတယ်၊ တရားခံကို လွှတ်လိုက်သည်ဖြစ်စေ၊ အပြစ်ပေးလိုက်သည်ဖြစ်စေ၊ အဲဒီလိုဖြစ်ပေါ်လာတဲ့ အကျိုးတရားဟာ၊ ဂျူရီလူကြီးများအနေနဲ့ တာဝန်မရှိ ပါဘူး၊ နိုင်ငံတော်ရဲ့တာဝန်သာ ဖြစ်သွားပါပြီ။ ဒါကြောင့်မို့လို့ လူကြီးမင်းတို့ရဲ့ အဆုံးအဖြတ်ကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးတရားအတွက်၊ လူကြီးမင်းတို့မှာ ဘယ်လိုများ တာဝန်ရှိကြသလဲ ဆိုတာကို၊ ခေါင်းထဲထည့်ထားဖို့ မလိုပါဘူး၊ အဲဒီလိုမထည့်ထားမှလဲ တရားခွင်မှာ ထွက်ဆိုသွားကြတဲ့ သက်သေထွက်ချက် တွေကို အခြေခံပြီး လူကြီးမင်းတို့ ကျမ်းကျိန်ထားတဲ့အတိုင်း၊ လူကြီးမင်းတို့ရဲ့ အင်မတန်လေးနက်တဲ့ ဂျူရီတာဝန်ကို ကျေပွန်စွာနဲ့ မှန်ကန်သော စီရင်ချက်ကို ချမှတ်ပေးနိုင်ပါလိမ့်မယ်၊ လူကြီးမင်းတို့ဟာ ဂျူရီလူကြီးများအနေနဲ့ တခြား ဘာတာဝန်မှ မရှိပါဘူး"

တရားသူကြီး၏ စကားမဆုံးသေးမီ လျှာချောင်သော ဝတ်လုံပေါက်စလေး၏ အသံထွက်လာပြန်သည်။

"ဆာကဲနက်ကြီးတော့ သွားပြီဗျို့၊ အရှုံးကို အထိုးခံလိုက်ရတာပဲ"

အခြားတစ်ဦးက ထောက်ခံလိုက်သည်။

"အေးဗျ၊ ကျုပ်လဲ ဒီလိုပဲထင်တယ်"

"ဘာထင်နေတာလဲ၊ ကိုယ့်လူရ ...သေချာနေပြီ"

စိတ်ကူးချိုချို

"ရှူး"

တရားသူကြီးကတော့ လေသံမှန်မှန်ဖြင့် ဆက်၍ ပြောနေသည်။ သက်သေထွက်ချက်များကို တစ်ပိုင်းစီတစ်ပိုင်းစီ သုံးသပ်သွားသည်။ သူက တရားဥပဒေအမြင်ဖြင့် သုံးသပ်သွားသည်ဖြစ်ရာ တရားခံအပြစ်ရှိဖို့ဘက်သို့ တဖြည်းဖြည်းပို၍ အလေးသာလာတော့သည်။

တစ်နာရီကြာမျှ ပြောပြီးနောက် တိတ်တိတ်ဆိတ်ဆိတ် နိဂုံးချုပ်ကာ တရားခွင်မှ ထွက်ခွာသွားသည်။

ဂျူရီအဖွဲ့ဝင်များကလည်း သူတို့၏ အခန်းရှိရာသို့ ထွက်သွားကြလေပြီ။

ရုံးခန်းအတွင်းဝယ် တစ်ယောက်တစ်ပေါက် ပြောနေကြသည့် အသံများကြောင့် လက်ပံပင် ဆက်ရက်ကျသည့်နှယ် ဖြစ်နေ၏။

"ဟော့…'အပြစ်ရှိတယ်'လို့ စီရင်ချက် ချရမယ်ကွာ၊ လောင်းမလား၊ ငါးလေး တစ်လေးပေးမယ်"

အလောင်းအစား ဝါသနာကြီးသူများထံမှ ဤသို့ စိန်ခေါ်သံများကိုလည်း ကြားရသည်။

ပေါ(လ်)သည်လည်း အောက်ထပ်ရှိ တရားခံများထားရာ အခန်းထဲသို့ ရောက်သွားလေပြီ။ ကုလားထိုင်ပေါ်တွင် ခြေထောက်ချင်းချိတ်၍ ထိုင်နေသော်လည်း သူ၏ အာရုံမှာ ဘာတစ်ခုကိုမှ မယ်မယ်ရရ စူးစိုက်နေခြင်း မရှိချေ။ သူ၏ ရှေ့တည့်တည့်သို့သာလျှင် ငေးမောကြည့်နေသည်။ အစောင့်ပုလိပ်နှစ်ယောက်ကမူကား သူသက်သာရာရအောင် အားပေးစကား ပြောရှာကြပါ၏။ သို့သော် သူတို့အားပေးပုံမှာ အားပေးရာတော့ မရောက်ပေ။

ယခုဆိုလျှင် ပေါ(လ်)သည် မျှော်လင့်ချက်ကို လုံးဝစွန့်လွှတ်လိုက်ပေပြီ။ ထူးဆန်းသည်ဟု ထင်ရဖွယ်ရှိသည်မှာ ဤသို့မျှော်လင့်ချက် စွန့်လွှတ်လိုက်မှပင် သူ့တွင် စိတ်ဓာတ်အင်အား ယခင်ကထက် ပို၍ တက်ကြွလာခြင်းဖြစ်သည်။

လောလောဆယ် အချိန်တွင် သူအဓိကထား၍ စဉ်းစားနေသည်မှာ တရားသူကြီး စီရင်ချက်ချသည့်အချိန်တွင် ကြွားကြွားဝင့်ဝင့်ရပ်ကာ ပေါ(လ်) ပရက်ဆက်သည် နောက်ဆုံးအချိန်အထိ ယောကျ်ားပီပီသသဖြင့် 'လောကခံတရားကို ရင်ဆိုင်သွားပုံကို ပြလိုက်မည်'ဟူသော အတွေးဖြစ်၏။

တရားသူကြီးက သူ့အား 'မောင်းမင်းအနေနဲ့ တစ်စုံတစ်ရာပြောဖို့ရှိသလား' ဟု မေးသည့်အချိန်တွင် သူက ရဲရဲတင်းတင်းအမူအရာဖြင့် 'မရှိပါဘူး တရားသူကြီးမင်းခင်ဗျား'ဟု ပြန်ဖြေလိုက်ရန် အားခဲထား၏။

ဤသို့ပြောရမည့်အချိန်ကို မျှော်မှန်းရင်း ဝမ်းသာသလိုလိုပင် သူ၏ စိတ်ထဲဝယ် ခံစားမိသည်။

သူ၏ ခေါင်းကို မော့လိုက်သည်တွင် ခေါင်မိုးတွင် တပ်ထားသောမှန်မှ အလင်းရောင် ထိုးဝင်နေသည်ကို တွေ့ရသဖြင့်၊ သူ၏ စိတ်ကူးလမ်းကြောင်းမှာ ပြောင်းသွားပြန်သည်။

"အင်း…ဒီလိုအလင်းရောင်ကို နောက်အရက်နှစ်ဆယ်ကြာရင် ငါတွေ့ရတော့မယ် မဟုတ်ပါဘူး၊ ဩော်–မိုင်ရာ…မိုင်ရာ…သူကလေး ဘယ်လိုများနေရှာပါလိမ့်၊ အေးလေ…တချို့ကတော့ ပြောကြတာပဲ၊ သေပြီးရင် ဝိညာဉ်လောကမှာတော့ တွေ့နိုင်ကြတာပဲလို့၊ အို…ဒါပေမဲ့ ငါက လောလောဆယ် သေရမှာ၊ မိုင်ရာက သက်တမ်းစေ့နေပြီးမှ သေရမှာ၊ ပြီးတော့…ဘယ်လို ပုံသဏ္ဍာန်နဲ့ တွေ့ကြရမယ်မှန်းလဲမသိ"

ဤသို့ ပေါ(လ်)စဉ်းစားနေစဉ် အကျဉ်းထောင် ဆရာဝန်ဝင်လာကာ ပေါ(လ်)၏ ကျန်းမာရေး အခြေအနေကို မေးသည်။

"ဘယ့်နှယ်လဲ ကိုယ့်လူ၊ နေထိုင်ကောင်းရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ် ဒေါက်တာ"

"ကိုင်း ဒါဖြင့်၊ ခင်ဗျားအတွက် ကံကောင်းပါစေလို့ ဆုတောင်းပါတယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"အင်း…အင်း"

ဆရာဝန်ကလည်း ဤသို့ မသဲမကွဲဘဲ ပြောနိုင်စွမ်းရှိတော့သည်။ ရှေ့ဆက်ပြော၍ မရတော့သဖြင့် အခန်းထဲမှထွက်သွားသည်။

ပေါ(လ်)ကလည်း ဆက်၍ စဉ်းစားခန်း ဖွင့်ပြန်သည်။

"ငါ့ကပေါ့လေ…ဆာကဲနက်ကတော့ ငါ့ဘက်က အတော့်ကို ကြိုးစားပမ်းစား လျှောက်လဲတာပဲ…"

တစ်နာရီခန့်ကြာသောအခါ တရားရုံးအရာရှိတစ်ဦးက အခန်းအတွင်းသို့ ခေါင်းပြူ၍ သူ့ကိုလာ၍ခေါ်သည်။ ထို့ကြောင့် အစောင့်ဝါဒါနှစ်ဦးနှင့် အတူလိုက်သွားရသည်။ သို့သော် အပေါ်ထပ်သို့တက်သည့် လှေကားရင်းတွင် မိနစ်နှစ်ဆယ်ခန့် ရပ်၍ စောင့်လိုက်ရသေးသည်။

လှေကားပေါက်မှနေ၍ ပေါ(လ်)ထံသို့ အသံမျိုးစုံ ရောက်လာသည်။ လူအများ တစ်ယောက်တစ်ပေါက်နှင့် ပြောနေသံ၊ နပ်ညစ်သံ၊ ချောင်းဆိုးသံ၊ တခိခိရယ်သံ၊ ခုံကိုတခေါက်ခေါက်နှင့် ခေါက်သံ။

ထိုအသံများအကြားမှ ညဗောကိတ္တိမနှင့် ပြည့်စုံသော အသံတစ်သံ ပေါ်ထွက်လာသည်။

"ခေါ်လာခဲ့တော့ဟေ့"

သူ၏ အစောင့် ဝါဒါ နှစ်ယောက်နှင့်အတူ ပေါ(လ်)သည် တရားသူကြီး စားပွဲမြင့်မြင့်ကြီး၏ ရှေ့ရှိ ဝက်ခြံထဲသို့ ရောက်လာရပြန်လေပြီ။

ရုံးခန်းအတွင်းရှိ မြင်ကွင်းမှာ အပြင်ပန်းအားဖြင့် ဘာမျှ ပြောင်းလဲခြင်း မရှိ။ တရားသူကြီးက သူ၏ စားပွဲကြီးတွင် ထိုင်နေသည်။ ဂျူရီအဖွဲ့က သူထိုင်နေကျနေရာတွင် ထိုင်နေသည်။ ပရိသတ်ကလည်း ခုံတန်းရှည်များပေါ်၌ ထိုင်နေကြသည်။ သို့သော် လူတွေအားလုံးမှာ ချမှတ်မည့်စီရင်ချက်ကို စိတ်ဝင်စားနေသည်ဖြစ်၍ တခြားစကားများကို မပြောနိုင်ဘဲ၊ တရားသူကြီးနှင့် ဂျူရီအဖွဲ့တို့ကိုသာ ငေးစိုက်၍ကြည့်နေကြသည်။

လူအားလုံး၏စိတ်ထဲတွင် ခံစားရသည့် အခြေအနေကို ဥပမာနှိုင်းရသော် လျှပ်စီးများ တဝင်းဝင်းလက်၍ ဝုန်းဝုန်းဒိုင်းဒိုင်း မိုးကြိုးမထစ်ချုန်းမီ နီမြန်း ငြိမ်သက်နေသည့် ကောင်းကင်ပြင်နှင့် အလားသဏ္ဌာန် တူနေတော့၏။

ဂျူရီ လူကြီးများကလည်း သူတို့၏ စိတ်လှုပ်ရှားမှုကို ကြိုးစား၍ ထိန်းချုပ်နေကြသည်။ သူတို့သည် မည်သူ့ကိုမျှ မျက်လုံးချင်း မဆိုင်မိအောင် ရှေ့တည့်တည့်သို့သာ စူးစိုက်ကြည့်နေကြသည်။

မိမိ၏ ခံစားမှုကို မပေါ်အောင် ထိန်းချုပ်နိုင်သော ဆာဟေးမင်းဒရူးဝါးကြီး ကိုယ်တိုင်ပင် ဤအကြိမ်တွင်တော့ ရင်ခုန်စွာဖြင့် ဂျူရီအဖွဲ့သို့ တစ်ချက်တစ်ချက် လှမ်း၍ ကြည့်နေသည်ကို တွေ့ရ၏။

ဆာကဲနက်ကတော့ ဟိုဟိုဒီဒီမကြည့်ပေ။ သူ့၏ မျက်လွှာအစုံကို ချထား၏။

ရုံးခန်းအတွင်းရှိ လူအသီးသီး၏ ရင်ထဲဝယ် ကျပ်တည်းသောခံစားမှုတစ်ရပ်ကို ခံစားနေရသည်။

ဤသို့ ငြိမ်သက်နေသည့် ရုံးခန်းမအတွင်းဝယ် ရှေ့ဖတ်စာရေးကြီး၏ အသံက ငြိမ်သက်မှုကို ဖြိုခွဲလိုက်သည်။

"ဂျူရီအဖွဲ့ခေါင်းဆောင် လူကြီးမင်းခင်ဗျာ၊ ကျေးဇူးပြု၍ မတ်တတ်ရပ်စေ လိုပါတယ်"

ဆံပင်ဖြူဖြူ၊ ဗိုက်ရွဲရွဲ လူကြီးတစ်ဦးက မတ်တတ်ရပ်သည်။

ရှေ့ဖတ်စာရေးကြီး၏ မေးသံ ထွက်လာပြန်သည်။

"အခုအမှုမှာ တရားခံဟာ သေစေလိုတဲ့ အကြံအစည်နဲ့ သတ်ခဲ့တဲ့ လူသတ်မှုအတွက် အပြစ်ရှိကြောင်း တွေ့ရပါသလား"

ဗိုက်ရွဲရွဲလူကြီးက သူ့၏ ရှေ့ရှိ စားပွဲကို လက်ချောင်းကလေးများဖြင့် တဒေါက်ဒေါက်ခေါက်နေရာမှ အဖြေပေးလိုက်သည်။

"အပြစ်ရှိကြောင်း တွေ့ရပါတယ်"

ဂျူရီခင်းပေါ်သို့ လေဖြတ်၍ တိုက်သွားသည့်အလား ပရိသတ်ထဲမှ ဟင်းခနဲ သက်ပြင်းချသံကြီး ထွက်ပေါ်လာသည်။

လူအားလုံးသည် ပေါ(လ်)ဘက်သို့ ဝိုင်း၍ကြည့်နေကြသည်။

ပေါ(လ်)က မိမိကိုယ်ကို တောင့်လိုက်သည်။

ရှေ့ဖတ်စာရေးကြီးက ပေါ(လ်)ဘက်သို့ မျက်နှာမူလျက်ပင် ရှိသေးသည်။

စာရေးကြီးက ပေါ(လ်)ဘက်သို့ လှည့်လျက်၊ ဤလိုအခါမျိုးတွင် မေးနေကျ မေးခွန်းကို မေးသည်။

"တရားခွင်ပေါ်သို့ ရောက်နေတဲ့ တရားခံကို မေးပါမယ်၊ အသင်ဟာ သေစေလိုတဲ့ အကြံအစည်နဲ့ သတ်ခဲ့တဲ့ လူသတ်မှုအတွက် အပြစ်ရှိကြောင်း ဂျူရီအဖွဲ့က ဆုံးဖြတ်လိုက်ပါပြီ၊ ရုံးတော်က အသင့်အား တရားဥပဒေနှင့်အညီ သေစားသေစေ အပြစ်ဒဏ် မပေးထိုက်ကြောင်း ထုချေလိုပါကလား"

ပေါ(လ်)က ဦးခေါင်းကို မော့ကာ ရှင်းလင်းပြတ်သားစွာ ဖြေလိုက်သည်။

"မထုချေလိုပါဘူး"

သူက ဤသို့ ယောကျာ်းပီပီသသ အမူအရာဖြင့် ဖြေသည်ကို ရှေ့ဖတ်စာရေးကြီး ဂရုမမူမိပေ။ စာရေးကြီးကတော့ သူ၏ ဝတ္တရားအတိုင်း ဆက်၍ ပြောသွားသည်။

"အားလုံး နားထောင်ကြပါခင်ဗျာ၊ တရားခွင်ပေါ်မှာ ရောက်နေတဲ့ တရားခံအပေါ်မှာ သေစားသေစေ စီရင်ချက်ချပါတော့မယ်"

ရုံးပြာတာ တစ်ဦးက တရားသူကြီး၏ ဦးခေါင်းပေါ်သို့ အနက်ရောင် လေးထောင့်ပိတ် ဦးထုပ်ကို လာ၍ဆောင်းပေးသည်။

ဝတ်ရုံနက်ဝတ်ထားသော ဘုန်းတော်ကြီးတစ်ပါးကလည်း ဘယ်က ပေါ်လာမှန်း မသိဘဲ ပေါ်လာပြီး တရားသူကြီးဘေးနားတွင် ရပ်နေသည်။

အစီအစဉ်အားလုံး ပြီးစီးပြီဖြစ်၍ တရားသူကြီးက စီရင်ချက်ကို စတင် ဖတ်ကြားသည်။

**စိတ်ကူးချိုချို**

"တရားခံဖြစ်သူ ပေါ(လ်)အာသာပရက်ဆက် ...။ ဤရုံးတော်၏ စီရင်ချက်ကို အသင်ကောင်းစွာ နားထောင်လော့၊ အသင်သည် သေစေလိုသော အကြံအစည်ဖြင့် သင်၏ ဇနီးကို သတ်ခဲ့မှုအတွက် အသင့်တွင် အပြစ်ရှိကြောင်း ဤရုံးတော်မှ တွေ့ရှိရသည်။ လူမဆန်စွာ ရက်ရက်စက်စက် ကျူးလွန်ခဲ့မှုနှင့် စပ်လျဉ်း၍ ကျွန်ုပ် အရှည်မပြောတော့၊ ကျွန်ုပ်ပြောလိုသည်မှာ အသင်၏ ကျူးလွန်မှုအတွက် အသင်ခံစားရမည့် အကျိုးတရားများကို အသင်ရှောင်လွှဲ၍ရမည်မဟုတ်ကြောင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က သင့်အား ခွင့်လွှတ်ရေးအတွက် ဘုရားသခင်ထံ ဆုတောင်းရန်သာရှိသည်။ ယခု ရုံးတော်၏ စီရင်ချက်မှာ အသင့်အား ဤနေရာမှနေ၍ အနီးရှိအကျဉ်းထောင် တစ်ခုသို့ ခေါ်ဆောင်သွားရမည်။ ထိုအကျဉ်းထောင်မှ တစ်ဆင့် သင့်အား ကြိုးစင်တင်မည့်နေရာသို့ ခေါ်ဆောင်သွားရမည်။ ထို့နောက် အသင့်အား လည်ပင်းတွင် ကြိုးကွင်းစွပ်၍ မသေမချင်း စက်တိုင်တင်၍ သတ်ရမည်ဖြစ်သည်။ အသင်သေဆုံးသွားပြီးနောက်၊ ကြွင်းကျန်ရစ်သော အသင်၏ ခန္ဓာကိုယ်အား အသင်နောက်ဆုံး အကျဉ်းခံခဲ့ရသော အကျဉ်းထောင်ထဲတွင်ပင် မြှုပ်နှံရမည်။ ဘုရားသခင်က အသင်၏ ဝိညာဉ်ကို ခွင့်လွှတ်ပါစေလို့ ဆုတောင်းလိုက်ပါသည်"

တရားသူကြီး၏ ဘေးနားတွင် ရပ်နေသော ဘုန်းတော်ကြီးထံမှ ဦးခေါင်းကို ငုံ့၍ 'အာမင်...'ဟု ဆုတောင်းသံကို ခပ်တိုးတိုး ကြားလိုက်ရသည်။

အစောင့်ဝါဒါနှစ်ဦးက သူ့အားတွဲ၍ အောက်ထပ်သို့ ခေါ်ချလာသည်ကိုသာ ပေါ(လ်)က သတိပြုမိလိုက်မိသည်။ မူလက သူလုပ်မည်ဟု မှန်းထားသော စီရင်ချက် ချပြီးသည့်အခါတွင် တရားသူကြီးအား အမူအရာမပျက် ဦးညွှတ်အလေးပြုခြင်းကို လုပ်မိသည် မလုပ်မိသည်ကိုပင် မမှတ်မိတော့။ အဖြစ်အပျက်အားလုံးကား မြန်ဆန်လှသည်။

သူနှင့် သူ၏အစောင့် ဝါဒါနှစ်ဦးတို့မှာ အိုး(လ်)ဘေလီ တရားရုံးအဆောက်အအုံကြီး အပြင်ဘက်သို့ ရောက်လာကြလေပြီ။

တရားရုံးထဲတွင် တရားသူကြီးနှင့်တကွ ဂျူရီလူကြီးများ၊ ရဲအရာရှိများ၊ ဝတ်လုံတော်ရများ ကျန်ခဲ့ကြသေးသည်။

အမှုကို လာ၍ နားထောင်ကြသည့် ပရိသတ်ကား ရုံးအဆောက်အအုံကြီးထံမှ ထွက်လာဆဲပင် ရှိသေးသည်။

သူတို့ကတော့ သူတို့အသက် ဆုံးရှုံးမည့်အရေးကို စဉ်းစားဖို့မလိုသူများဖြစ်ကြသည်။

**စိတ်ကူးချိုချို**

သူကတော့ နောက်အရက်နှစ်ဆယ်ကြာလျှင် အသက်နှင့်ကိုယ် အိုးစားကွဲရမည့်သူဖြစ်၏။

ခြားနားချက်က ဤမျှကြီးမားပေသည်။

## အပိုင်း – ငါး

{ ၁ }

ပေါ(လ်) ယခုနေရသည့် အကျဉ်းထောင်သည် ယခင်နေခဲ့ရသော လန်ဒန်ထောင်ပိုင်း အကျဉ်းထောင် မဟုတ်တော့ပေ။ ကြီးမိန့်ကျပြီးသော အကျဉ်းသားများကို ထားသည့် ဂန်တာဘရီ အကျဉ်းထောင်ဖြစ်သည်။

ဤအကျဉ်းထောင်တွင် သူ့အတွက် သီးခြားအခန်းတစ်ခန်းရရှိပြီး အကျဉ်းထောင် အခန်းတစ်ခုအနေဖြင့်ဆိုသော် အတော်ကလေး သပ်ရပ်ကောင်းမွန်၏။ သို့သော် ထိုအခန်းထဲတွင် ပေါ(လ်)နှင့်အတူ ဝါဒါနှစ်ဦးက အမြဲတမ်းရှိနေကြသည်။ ရှစ်နာရီတစ်တွဲနှင့် တစ်နေ့လျှင်သုံးတွဲလဲ၍ ပေါ(လ်)ကို စောင့်ကြည့်သည်။ စောင့်သည်ဟုဆိုသည်ထက် ပေါ(လ်)နှင့် အဖော်ရအောင်ထားခြင်းဖြစ်သည် ဆိုသည်က ပို၍ မှန်မှယ်ရာရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဝါဒါများမှာ ပေါ(လ်)စိတ်သက်သာရာရအောင် စကားစမြည်ပြောခြင်း၊ ပေါ(လ်)နှင့်အတူ စစ်တုရင်ထိုးခြင်း ပြုလုပ်ကြသောကြောင့်ဖြစ်၏။

ပထမနေ့တွင် ပေါ(လ်)က သူ့စိတ်ထဲတွင် စိုးရိမ်နေသည့်အချက်ကို အစောင့်ဝါဒါနှစ်ဦးအား စ၍မေးသည်။

"ကျွန်တော့်အတွက် လာတဲ့စာတွေကို ပို့ပေးသလားဗျ"

ကျော့အမည်ရှိသော ဝါဒါက ဖြေသည်။

"ပို့ပေးပါတယ်"

"ဘယ်တော့ ပို့ပေးမလဲဗျာ"

"လာတဲ့အချိန် ပို့ပေးပါတယ်၊ ထောင်မှူးကြီးက ယူလာပေးပါတယ်"

"ဒီလိုဆိုရင် 'ဟောလိုးဝေး'အကျဉ်းထောင်က ကျွန်တော့်ဆီ ပေးတဲ့စာကို ကျွန်တော်ရနိုင်ပါတယ်နော်"

"ရနိုင်ပါတယ်၊ ထောင်ပိုင်ကြီးကိုသာ ပြောပြထားပါ၊ သူကြည့်လုပ်ပေးပါလိမ့်မယ်"

"ဒီနေ့ရေးလိုက်တဲ့ စာဆိုရင်၊ နက်ဖြန်ရမလား မသိဘူး"

"ရပါတယ်၊ ရပါတယ်၊ စိတ်ချပါ"

ပေါ(လ်)က ဆက်၍မပြောဘဲ တစ်မိနစ်ခန့် နှုတ်ဆိတ်နေသည်။ ရှော့က ပေါ(လ်)စကား ထပ်ပြောရန် လမ်းကြောင်းပေး၏။

"သူကလေးဆီက စာကို ပြောတာနဲ့တူတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ကျွန်တော် သိရသလောက်ဆိုရင် သူကလေးရဲ့ အမှုလဲစစ်တော့မယ်ဆိုပဲ"

"ဟုတ်လားဗျ"

"ဟုတ်တယ်၊ ခင်ဗျားအမှု စီရင်ချက် ချပြီးအောင် စောင့်နေတာတဲ့၊ ကျွန်တော်တို့တစ်တွေရဲ့ ထင်မြင်ချက်ကို ခင်ဗျားသိချင်ရင်တော့ ကျွန်တော်ပြောပြပါမယ်လေ"

ပေါ(လ်)က ခေါင်းကို ညိတ်ပြလိုက်သည်။

ရှော့က သူ၏ အဖော် ဖရက်ကိုပါ လှမ်း၍ ပြောလိုက်သည်။

"အမှုကတော့ မနိုင်လုံပါဘူး၊ စွဲချက်တင်ဖို့တောင် ခပ်ခက်ခက်ပါ"

"အေးဗျာ၊ ဒီလိုကြားရတာ ကျွန်တော့်စိတ်ထဲမှာ သိပ်သက်သာရာ ရသွားတာပဲ"

"ဟုတ်လား၊ ဒီလိုဆိုရင် ဝမ်းသာပါတယ်၊ ဒါဖြင့်၊ ဆက်ပြောရဦးမယ်၊ ကျွန်တော်တို့ထဲက ဥပဒေနားလည်တဲ့ လူတစ်ယောက်ရဲ့ အပြောအတိုင်းဆိုရင်တော့၊ ခင်ဗျားရဲ့ ကလေးမကလေးကို ရဲတွေကဖမ်းပြီး ချုပ်ထားတာကတော့ လုပ်သင့်တဲ့အလုပ်ပဲတဲ့၊ ဒါပေမဲ့ လူသတ်မှု ကျူးလွန်ပြီးတဲ့ နောက်ပိုင်းမှာ ကူညီအားပေးခဲ့မှုနဲ့ စွဲချက်တင်ထားတာကိုတော့၊ ရဲက ပြန်ရုပ်သိမ်းစရာ အကြောင်းရှိပါတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အဓိကဖြစ်တဲ့ အမှုက ပြီးသွားတဲ့နောက် မိုင်ရာဘွန်းက နောက်ပိုင်းမှာ ခင်ဗျားကို ကူညီအားပေးခဲ့တယ်ဆိုတာကို အကြောင်းအချက်တွေရှာပြီး တင်ပြရဦးမှာမဟုတ်လား၊ ပြီးတော့လဲ မိုင်ရာဘွန်းဟာ ဘာမှမသိခဲ့ပါဘူးဆိုတဲ့ ခင်ဗျားရဲ့ထွက်ချက်ကို အသုံးပြုပြီး၊ ခင်ဗျားကို အပြစ်ကျအောင် အစိုးရဘက်က တင်ပြခဲ့တာဆိုတော့၊ မိုင်ရာဘွန်းဟာ သိလျက်နဲ့ ခင်ဗျားကို ကူညီခဲ့ပါတယ်လို့ ပြန်ပြီးပြောရင်၊ ရှေ့နဲ့နောက်မညီမညွတ် ဖြစ်နေမှာပေါ့၊ ရဲက အဲဒီလိုသာ အမှုတင်ရင်လဲ မိုင်ရာဘွန်းရဲ့ ဝတ်လုံတော်က အဲဒီစွပ်စွဲချက်ကို

အလွယ်ကလေး ဖျက်ပစ်နိုင်ပါတယ်၊ မိုင်ရာဘွန်းအတွက် စိတ်မပူပါနဲ့။ သူကတော့ အေးအေးဆေးဆေး လွတ်သွားမှာပါ"

ပေါ(လ်)က သူစိတ်ထဲတွင် ပူပင်နေသောအချက်ကို ထပ်ပြောပြန်သည်။

"ဒါပေမဲ့ ကျွန်တော့်အတွက် ဝရမ်းထုတ်ထားတာ၊ မိုင်ရာဘွန်း သိနေခဲ့တယ်ဗျ၊ အဲဒါအတွက် ကျွန်တော်က စိတ်ပူနေတာ"

"ဒါကလဲ ဒီလိုရှိပါတယ်၊ မိုင်ရာဘွန်းအနေနဲ့ အခုလိုလဲ အချုပ်အနှောင်ခံရပြီးပြီ၊ ခင်ဗျားကျူးလွန်ခဲ့ကြောင်း မသိပါဘူးလို့လဲ ရုံးတော်က လက်ခံပြီးပြီဆိုရင် ဝရမ်းထုတ်ထားတာကိုသိလျက်နဲ့ ခင်ဗျားကို ကူညီခဲ့တာကလေးကိုတော့ ရဲက ရေးကြီးခွင်ကျယ်လုပ်ပြီး အမှုတင်မနေတော့ပါဘူးနဲ့ တူပါတယ်"

"ဒီလိုဆိုရင်လဲ ကောင်းပါလေ့ဗျာ"

ပြောပြီးသည်နှင့် ပေါ(လ်)က သူ၏ အိပ်ရာပေါ်တွင် လှဲလိုက်သည်။

ဖရက်အမည်ရှိသော ဝါဒါက ပေါ(လ်)ကို ပြောသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ခင်ဗျားလဲ ပင်ပန်းရောပေါ့၊ အညောင်းအညာပြေအောင် လှဲလိုက်ပါဦး"

{ ၂ }

ယခုဆိုပါက ပေါ(လ်)အဖို့ သူ၏ဘဝ ချုပ်ငြိမ်းရမည့် အချိန်ကို ရက်သတ္တသုံးပတ်မျှသာ စောင့်ရတော့မည်။

ရက်သတ္တသုံးပတ်ဆိုသည်မှာ သာမန်လူတစ်ဦးအဖို့ ဘယ်လောက်မှ ကြာသည့်အချိန် မဟုတ်သော်လည်း၊ ပေါ(လ်)ကဲ့သို့ အနာဂတ်လုံးဝမရှိသူအဖို့မှာမူကား ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

ပေါ(လ်)အား စောင့်ရန် တာဝန်ကျသည့် ဝါဒါများမှာ မဆိုးလှပါ။ သူ့စိတ်သက်သာရာရအောင် အလာပသလ္လာပ ပြောပေးသည့်ပြင်၊ သူဖတ်လိုသော စာအုပ်များကိုလည်း အကျဉ်းထောင်စာကြည့်တိုက်မှ ထုတ်ယူပေးရှာကြသည်။

ရက်ကြာလာသည်နှင့်အမျှ ထောင်ပိုင်ကြီးကလည်း ပေါ(လ်)အပေါ်၌ ပို၍ ဂရုစိုက်လာသည်။

ထောင်ပိုင်ကြီးသည် အငြိမ်းစား ဗိုလ်မှူးကြီးဖြစ်သဖြင့် စည်းကမ်းကြီးသော်လည်း၊ ထောင်သားများကို ကြင်နာသနားတတ်သူ ဖြစ်ပေ၏။ အထူးသဖြင့် ပေါ(လ်)ကို တွေ့သည့်အခါ၊ လူသတ်သမားပုံမျိုး လုံးဝမရှိသည်ကို တွေ့ရသောကြောင့်၊ ပေါ(လ်)ကို ပို၍ ဂရုစိုက်၏။

တစ်နေ့သော် သူ့လက်အောက် အမှုထမ်းများထံမှ ပေါ(လ်)သည် မိုင်ရာဘွန်း၏ အမှုအခြေအနေကို အလွန်သိလိုနေကြောင်း သိရသဖြင့် သူကိုယ်တိုင် ပေါ(လ်)ထံသို့ သွား၍ပြောပြ၏။

"ဘယ့်နှယ်လဲ ကိုယ့်လူ၊ ခင်ဗျား ရဲ့ မိတ်ဆွေအမျိုးသမီးကလေး အကြောင်းကို သိပ်သိချင်နေတယ်ဆို"

"ဟုတ်ပါတယ် ထောင်ပိုင်ကြီး၊ ဘယ်တော့လောက်များ သူ့အမှုကိုစစ်မှာလဲ"

"သန်ဘက်ခါမှာ စစ်လိမ့်မယ်၊ စိတ်မပူပါနဲ့၊ လွတ်မှာပါ"

"ဟုတ်ကဲ့၊ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် သူအပြစ်ရမယ်ဆိုရင် သူ့ဘက်က ကျွန်တော် ဘာများပြောပေးနိုင်မလဲခင်ဗျာ၊ ဥပဒေကိုတော့ ကျွန်တော် နားမလည်ဘူးပေါ့လေ"

"ကျုပ်လဲ သိပ်တော့နားမလည်လှပါဘူး၊ ဒါပေမဲ့ သက်ဆိုင်ရာတွေဆီမှာတော့ အခြေအနေမေးကြည့်ပေးပါ့မယ်"

"တစ်ခုတော့ပြောချင်ပါတယ်ထောင်ပိုင်ကြီး။ မစ္စစ်မိုင်ရာဘွန်းကိုသာ ပြစ်ဒဏ်စီရင်လိုက်မယ်ဆိုရင်၊ တရားဥပဒေကို အလွဲသုံးစားပြုရာ ရောက်လိမ့်မယ်လို့ ပြောလိုပါတယ်၊ သူ့မှာ လုံးဝ အပြစ်မရှိပါဘူး"

"ကောင်းပါပြီလေ၊ ကျွန်တော်လဲ သက်ဆိုင်ရာတွေထံမှာ ကြိုးစားတင်ပြပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ထောင်ပိုင်ကြီး၊ သူ့ကို ကျွန်တော့်ဘဝမှာ အတွယ်တာခဲ့ဆုံးပါပဲ၊ သူ့ခမျာ ကောင်းကောင်းမွန်မွန်နဲ့ ကျန်နေခဲ့ရင်၊ ကျွန်တော် သေပျော်ပါပြီ"

ထောင်ပိုင်ကြီးကိုယ်တိုင်မှာလည်း မျက်ရည်ဝိုင်းနေသော ပေါ(လ်)အဖြစ်ကို မြင်ရသဖြင့် စိတ်ထိခိုက်လာသည်။ ထို့ကြောင့် စကားလမ်းကြောင်းကို ပြောင်းလိုက်ရသည်။

"ဒါထက် ဒီမှာနေရတာ သက်သောင့်သက်သာရှိရဲ့လား၊ လိုချင်တာရှိရင် ပြောနော်"

"ဟုတ်ကဲ့ခင်ဗျ၊ လိုချင်တာလဲရပါတယ်၊ အားလုံးကလဲ ကျွန်တော့်အပေါ်မှာ ကောင်းရာကြပါတယ်"

"ဟုတ်လား၊ ကဲ ...ကဲ ...ကျုပ်သွားလိုက်ဦးမယ်၊ ဒီညမှာ မိုင်ရာဘွန်းရဲ့ အမှုသတင်းကို လာပြောပါ့မယ်"

ထောင်ပိုင်ကြီးသည် ညဦးအတော်နက်မှ ပေါ(လ်)ထံသို့ တစ်ခေါက်လာကာ မိုင်ရာဘွန်း၏ အခြေအနေကို လာ၍ပြော၏။

· စိတ်ကူးချိုချို

"ဒီမှာ ပရက်ဆက် စိတ်မပူပါနဲ့တော့၊ ကျုပ်နဲ့ အင်မတန်ခင်တဲ့ ရှေ့နေ တစ်ယောက်က ပြောပြတဲ့အတိုင်းဆိုရင် မိုင်ရာဘွန်းလွတ်ဖို့ဟာ ရာနှုန်းပြည့် ပါပဲတဲ့"

"ဟုတ်လားခင်ဗျ၊ ကျေးဇူးပါပဲခင်ဗျာ၊ အဲဒီလို လွတ်သွားရင် ကျွန်တော့်ကို လာတွေ့ခွင့်ရနိုင်ပါ့မလား"

"ဟာ ...ရတာပေါ့၊ မခက်ပါဘူး"

"ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော့်ဘဝရဲ့ခရီး အဆုံးမသတ်သေးခင် သူနဲ့ တွေ့သွားချင်လို့ပါ"

"စိတ်ချပါလေ၊ ကျုပ်တို့ ကြည့်စီစဉ်ပါ့မယ်၊ ကဲ...ကဲ ...ဂွတ်နိုက်"

"ဟုတ်ကဲ့၊ ဂွတ်နိုက်ပါခင်ဗျ"

ထိုအချိန်မှစ၍ ထောင်ပိုင်ကြီးမှာ မိုင်ရာဘွန်း၏ အမှုသတင်းကို နားစွင့် နေရတော့သည်။ သူ၏အကျဉ်းသား ပေါ(လ်)ပရက်ဆက်အား မသေမီ စိတ်ချမ်းသာ လက်ချမ်းသာနှင့် နေသွားသည်ကို မြင်လိုသည်။

နောက်နှစ်ရက် ကြာသည့်အခါတွင် ထောင်ပိုင်ကြီး၏ ဆန္ဒ ပြည့်လာလေ သည်။ မိုင်ရာဘွန်း၏အမှုကို စီရင်ချက်ချပြီးသွားလေပြီ။

ညနေ လက်ဖက်ရည် သောက်ချိန်ခန့်တွင် ထောင်ပိုင်ကြီးက ပေါ(လ်)ထံသို့ လာရောက်ကာ ထိုဝမ်းသာစရာသတင်းကို ပြောပြ၏။

"ကဲ ...ပရက်ဆက်ရေ၊ ကျုပ်ပြောခဲ့တဲ့ အတိုင်းပါပဲ၊ မိုင်ရာဘွန်းကို လွှတ်လိုက်ပါပြီ၊ တရားသူကြီးက ဂျူရီအဖွဲ့ကို ပြောတဲ့အထဲမှာ သက်သေလဲ မလုံလောက်တဲ့ အကြောင်းလဲ ထည့်ပြောသွားတယ်၊ တကယ်တော့ တရားသူကြီး ကိုယ်တိုင်ကကို တရားခံဘက်က လျှောက်လဲပေးနေသလိုပဲတဲ့၊ မိုင်ရာဘွန်း ဘက်ကလိုက်တဲ့ ဆာကဲနက်ကလဲ သိပ်တော်ဆိုပဲ၊ မိုင်ရာဘွန်းကို သက်သေ အဖြစ်နဲ့တောင် မေးခွန်းမထုတ်ဘူးတဲ့၊ ဒါကြောင့်ပေါ့၊ ဂျူရီအဖွဲ့က အပြစ်ရှိ မရှိ စဉ်းစားတာ ဆယ်မိနစ်တောင် မကြာလိုက်ဘူးဆိုဘဲ၊ အခုဆိုရင် ခင်ဗျားဆီကို လာတွေ့နိုင်ဖို့ စီစဉ်ဖို့ပဲ ကျန်တော့တာပေါ့လေ"

"ကျေးဇူးပါပဲဗျာ၊ အခုလို တကူးတက ကျွန်တော့်ဆီလာပြီး ပြောတာ"

မိနစ်အနည်းငယ်ခန့်ကြာမှ ပေါ(လ်)က ထောင်ပိုင်ကြီးကို မေးသည်။

"ဒါထက် ထောင်ပိုင်ကြီး၊ သူ့ကို လွှတ်လိုက်တော့ သူဘယ်ကိုသွားသတဲ့လဲ၊ ထောင်ပိုင်ကြီးသိသလား"

"ဟင်း...ကျုပ်ဘယ်သိမလဲ၊ သူ့အိမ်သူပြန်သွားမှာပေါ့၊ မဟုတ်ဘူးလား"

ပေါ(လ်)က ခေါင်းကိုယမ်းရင်း ပြန်ပြောသည်။

"မိုင်ရာမှာ အိမ်ရယ်လို့မရှိပါဘူးဗျာ၊ ကျွန်တော့်ကိုသာ အားကိုးပြီး နေခဲ့ရတာပါ"

"သူ့မှာ မိတ်ဆွေတို့ဘာတို့တော့ ရှိဦးမှာပေါ့လေ၊ သူတို့ဆီကို သွားချင်လဲ သွားမှာပေါ့"

"ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး၊ သူ့မှာရှိခဲ့တဲ့ မိတ်ဆွေတွေကိုလဲ ကျွန်တော်နဲ့ ဖြစ်ပြီးကတည်းက အဆက်ဖြတ်လိုက်ပြီးပါပြီ"

"အို...ဒါအတွက်တော့ စိတ်မပူပါနဲ့၊ သူ့အမှုကိုကိုင်တဲ့ ဖောရက်(စ်)ဆိုတဲ့ ရှေ့နေက သူဘယ်ကိုသွားသလဲဆိုတာ သိမှာပါ၊ အဲဒီ ဖောရက်(စ်)ဆီမှာ စုံစမ်းလိုက်ရင် ရပါတယ်"

"ကျေးဇူးပါပဲဗျာ၊ မိုင်ရာဘယ်မှာနေသလဲဆိုတာ ကျွန်တော်သိပ်သိချင်တာပဲ"

## {၃}

မိုင်ရာမှာ ပေါ(လ်)ထင်ထားသကဲ့သို့ နေစရာအိမ်မရှိ။ အပေါင်းအသင်းလုပ်စရာ လူမရှိမဟုတ်ပေ။ 'သူတော်ကောင်း နတ်ကောင်းမသည်' ဟူသောစကားပုံသည် မိုင်ရာအတွက် လာ၍ မှန်နေသည်။

မိုင်ရာ၏ ကြေကွဲဖွယ်ရာအဖြစ်ကို သတင်းစာများတွင်ဖတ်ရသည့်အတွက် မစ္စတာဟန့်အမည်ရှိ ငွေကြေးချမ်းသာသော ခရစ်ယာန်အသင်းအုပ် ဆရာကြီးတစ်ဦးနှင့် သူ၏ ဇနီးတို့မှာ မိုင်ရာအား ကူညီလိုစိတ် ပြင်းပြနေကြသည်။ သူတို့ဇနီးမောင်နှံသည် ကြင်နာသနားတတ်သည့် နှလုံးသားပိုင်ရှင်များ ဖြစ်ကြရာ မိုင်ရာကို သမီးချင်းစာနာမိကြကာ အလွန်သနားနေကြသည်။ ထို့ကြောင့် မစ္စတာဟန့်က မိုင်ရာ၏အမှုတွင် လိုက်ပါဆောင်ရွက်သော ရှေ့နေ မစ္စတာဖောရက်(စ်)နှင့် ဆက်သွယ်ကာ မိုင်ရာအား တရားသေလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူနှင့်လိုက်လာရန် အစီအစဉ်လုပ်ထား၏။

ပြေးစရာလည်း မြေမရှိ။ ပေးစရာလည်း ငွေမရှိသည့် မိုင်ရာကလည်း ထိုအစီအစဉ်ကို သဘောတူလိုက်သည်။

မစ္စတာဟန့်နှင့် ဇနီးတို့ကလည်း မိုင်ရာအပေါ်၌ လူ့အဖွဲ့အစည်းက မညှာမတာ ပြုကျင့်ထားခြင်းအတွက်၊ သူတို့က ဝင်ရောက် ကယ်တင်ရန် တာဝန်ရှိနေသည်ဟု ယူဆထားကြသည်။

သင်းအုပ်ဆရာကြီး မစ္စတာဟန့်၏ အိမ်မှာ တောပိုင်းရှိခြံကျယ်ကြီးအတွင်း၌ ရှိသည်ဖြစ်၍ သာသာယာယာနှင့် နေချင့်စဖွယ်ဖြစ်၏။

မိုင်ရာအတွက် ပြင်ဆင်ထားသော အခန်းမှာ အစအဆုံး လိုလေသေးမရှိ ဖြစ်၏။ မစ္စတာဟန့်တို့ ဇနီးမောင်နှံကလည်း မိုင်ရာအား ကြိုက်သလိုနေရန် ပြောထားသဖြင့် မိုင်ရာအဖို့ မဝံ့မရဲ ဖြစ်နေစရာလည်း မလိုပေ။

{၄}

ပေါ(လ်)သည် သူ၏ အခန်းကျဉ်းကလေးထဲ၌ ရင်ခုန်စွာဖြင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ အချိန်မှာ မွန်းလွဲ နှစ်နာရီထိုးခါနီးနေပြီ။ နှစ်နာရီ တွင် မိုင်ရာလာမည်ဟု သူ့ထံအကြောင်းကြားထားသည်။ ဤအခန်းထဲ၌ တွေ့ရတော့မည်မဟုတ်။ ညှိသည်တွေ့ရန် နေရာတွင် တွေ့ရမည်ဖြစ်သည်။

လွန်ခဲ့သော နာရီပေါင်းများစွာကတည်းက ပေါ(လ်)၏ ရင်ထဲတွင် တဒိန်းဒိန်းခုန်နေသည်။ မိုင်ရာကို တွေ့ချင်သည့် ဆန္ဒကလည်း ပြင်းပြနေသည်။ သို့သော် တွေ့ပြီးလျှင် ခွဲရဦးမည်ဟူသည့် အသိစိတ်ကြောင့် တွေ့လည်းမတွေ့လိုပေ။ စိတ်လှုပ်ရှားလွန်းသဖြင့် အခန်းကျဉ်းကလေးအတွင်းဝယ် လမ်းလျှောက်ခြင်း ဖြင့်သာ အချိန်ကို ဖြုန်းပစ်ရသည်။

အပြင်ဘက်မှ ထောင်အရာရှိ၏ အသံကိုကြားရသည်။

"ကဲ ... ခင်ဗျားထွက်လာနိုင်ပါပြီ"

ပေါ(လ်)နှင့် သူ၏အစောင့်ဝါဒါနှစ်ဦးတို့ အခန်းအတွင်းမှ ထွက်လာ ကြသည်။ ပေါ(လ်)ကတော့ အလုပ်အတွက် အင်တာဗျူးဝင်မည့်လူအလား ရင်ထဲဝယ် တလှပ်လှပ် ဖြစ်နေသည်။

တကယ်တော့လည်း မိုင်ရာနှင့် တွေ့ရသည်ဆိုသည်မှာ ရသေ့စိတ်ချေ သဘောမျှသာ ဖြစ်ပေသည်။ သူတို့နှစ်ဦး၏အကြားဝယ် ထူထဲသော မှန်ချပ်ကြီး ကာထားသည်။ မှန်ချပ်ပတ်လည်တွင် သံချောင်းများ ကာထားသည်။ ထို့ကြောင့် သူတို့နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး မြင်နိုင်ကြပါ၏။ စကားပြောနိုင်ကြပါ၏။ သို့သော် ပေါ(လ်)၏ နောက်ဘက်တွင် ဝါဒါနှစ်ဦးက စောင့်နေသည်။ မိုင်ရာ ရှိရာဘက်တွင် ထောင်အရာရှိက စောင့်နေသည်။

သူတို့နှစ်ဦးသားသည် စကားမပြောနိုင်ကြသေး။ စိတ်ပျက်စွာဖြင့် တစ်ဦးကို တစ်ဦး ငေးစိုက်၍သာ ကြည့်နေမိကြသည်။

မိုင်ရာမှာ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ကာ မျက်နှာကို ကျကျနန ခြယ်သထားသော်လည်း၊ မရွှင်သော စိတ်နှလုံးကြောင့် ညှိုးနေသည်။ ပေါင်ပေါ်တွင် တင်ထားသော သူ၏ လက်ချောင်းကလေးများမှာ တုန်ယင်နေသည်။

ပေါ(လ်)က 'အဟမ်း'ဟု ချောင်းတစ်ချက်ဟန့်ကာ စကားစလိုက်သည်။

"နေကောင်းရဲ့လား မိုင်ရာ"

ဤတော့မှပင် မိုင်ရာ့ထံမှ အသံထွက်လာသည်။

"ကောင်းပါတယ် ကို"

"မိုင်ရာ့ကြည့်ရတာ ဖြူရော်ရော်နဲ့၊ ဒုက္ခ တော်တော်ခံလိုက်ရတယ်နဲ့ တူတယ်"

"အို ... ကိုရယ်၊ ဒီအကြောင်းတွေ ပြောမနေပါနဲ့တော့၊ ကျွန်မခံစားရတာ ဘာဟုတ်သေးသလဲ၊ ကိုခံစားရ..."

မိုင်ရာ့ထံမှ ရှေ့သို့ ဆက်ပြော်ရန် အသံထွက်မလာတော့၊ အင့်ခနဲ ရှိုက်သံသာ ထွက်လာသည်။

အတန်ကြာမှ မနည်းကြိုးစား၍ ပြောသဖြင့် အသံထွက်လာသည်။

"ကို့ကို တွေ့ရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ ကိုရယ်"

ထိုမျှသာပဲ ပြောနိုင်သည်။ အသံကတိမ်ဝင်သွားပြန်သည်။

မိုင်ရာ့မျက်နှာပေါ်တွင် မျက်ရည်များစီးလာသည်ကို မြင်ရသောကြောင့် ပေါ(လ်) ကိုယ်တိုင်ပင် ငိုချင်လာသည်။ သို့သော် သူကတော့ ယောကျ်ား ဖြစ်သည်မို့ အားတင်းကာ အသံထွက်အောင် ပြောလိုက်နိုင်သည်။

"ကိုယ်လဲ ဝမ်းသာတာပေါ့ မိုင်ရာ"

ပေါ(လ်)၏ စကားမဆုံးသေးခင် မိုင်ရာက ဖြတ်၍ ပြောလိုက်သည်။

"ပေါ(လ်) ကျွန်မရေးလိုက်တဲ့ စာထဲမှာ ပါတာတွေကို ပေါ(လ်) ယုံရဲ့လားဟင်"

"ယုံပါတယ် မိုင်ရာရယ်"

"ကျွန်မ စိတ်ထဲမှာရှိတာတွေကို ရေးလိုက်တာပဲ ကိုရေ့"

မိုင်ရာက ထောင်အရာရှိဘက်သို့ ရှက်ကိုးရက်ကန်း အမူအရာဖြင့် လှည့်ကြည့်ကာ ဆက်၍ ပြော၏။

"ဒီက အစ်ကိုကြီးတို့ရှေ့မှာဆိုတော့ ပြောလို့ သိပ်မထွက်ဘူး ကိုရဲ့"

ထောင်အရာရှိက ကပျာကယာ ဝင်၍ ပြော၏။

"ဟာ... ကိစ္စမရှိပါဘူး၊ ပြောသာပြောပါ၊ ကျွန်တော်တို့က တာဝန်အရသာ စောင့်နေတာပါ၊ ပြောတဲ့စကားကို နားထောင်မနေပါဘူး"

"ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်"

မိုင်ရာစကားဆက်၍ပြောရန် ပေါ(လ်)က လမ်းဖွင့်ပေးရသည်။

"မိုင်ရာ အခုနေတဲ့ နေရာအကြောင်းကို ပြောပြစမ်းပါဦး၊ နားထောင်ရအောင်"

ပြောစရာ အကြောင်းအရာတစ်ခု ရလာသဖြင့်၊ မိုင်ရာသည်လည်း စိတ်သက်သာရာရသွားသည်။ သူက ပေါ(လ်)အား မစ္စတာဟန့်တို့ ဇနီးမောင်နှံအကြောင်း၊ သူ၏ အိပ်ခန်းမှနေ၍ မြင်ရသည့်ပန်းခြံကလေးအကြောင်း၊ မစ္စတာဟန့်၏ အိမ်အနီးအနားတစ်ဝိုက် လမ်းလျှောက်သည့် အကြောင်းများကို ပြောပြသည်။

သို့သော် မိုင်ရာကို ဂရုတစိုက် ကြည့်နေသည့် ပေါ(လ်)ကတော့၊ မိုင်ရာသည် ထိုအကြောင်းများကို ပြောသာပြောနေသည်၊ သူ၏ အာရုံမှာ အခြားသို့ ရောက်နေကြောင်း သတိပြုမိသည်။

မိုင်ရာစိတ်ပြေသွားစေရန် ပေါ(လ်)က မိုင်ရာ နေထိုင်ရပုံကို သိရသဖြင့် ဝမ်းသာကြောင်း ပြောရသည်။

မိုင်ရာကဆက်၍ သူ့အပေါ်တွင် မစ္စတာဟန့်တို့ ဇနီးမောင်နှံက မည်မျှကြင်နာကြပုံကို ပြောသည်။ မကြာပါချေ။ မိုင်ရာကလည်း ဆက်၍ ဟန်မလုပ်နိုင်တော့။ ပေါ(လ်)ကလည်း ဟန်မပျက် ဝင်၍ စကားကို ထောက်မပေးနိုင်တော့။ နှစ်ဦးလုံးမှာ နှုတ်ဆိတ်လျက် တစ်ဦးကိုတစ်ဦး စူးစူးစိုက်စိုက် ကြည့်နေမိကြသည်။

မိုင်ရာဘက်တွင် ရှိနေသည့် ထောင်အရာရှိကလည်း အနေရအထိုင်ရခက်လာဟန်တူသည်။ အလားတူပင် ပေါ(လ်)ဘက်တွင် ရှိနေသည့် ဝါဒါ နှစ်ဦးသည်လည်း ကြောင်တောင်တောင်ဖြစ်နေသည်။

အချိန်အတော်ကြာမှ မိုင်ရာကစ၍ ပြောနိုင်တော့သည်။

"ကို သိချင်တာတွေရှိရင် မေးလေ၊ ကျွန်မပြောပြပါမယ်"

"တခြားဘာမှ မသိချင်ပါဘူးကွယ်၊ မိုင်ရာ ပျော်ပျော်ရွှင်ရွှင် ရှိမရှိဘဲ သိချင်ပါတယ်"

"ဒါ့ထက် အပြစ်ဒဏ်ကို ခေတ္တဆိုင်းထားဖို့ ကို့ရဲ့ အသနားခံစာ အကြောင်းတော့ ကိုသိပြီးရောပေါ့နော်"

"သိပြီးပါပြီ၊ ဒါပေမဲ့ သိပ်တော့ အကြောင်းထူးလှမယ် မထင်ပါဘူးနဲ့ တူပါတယ်"

"ဘယ်ဟုတ်မလဲ ကိုရယ်"

ဤသို့ ပေါ(လ်)ကို ပြောသာပြောရသည်။ ပြောသူမိုင်ရာကိုယ်တိုင်ကပင် မိမိပြောသည်ကို ယုံကြည်မှုမရှိသဖြင့် အားတက်သရော မရှိလှချေ။ ပေါ(လ်)ကလည်း သူစိတ်ချမ်းသာအောင် မိုင်ရာက အားပေးနေခြင်းမျှသာ ဖြစ်ကြောင်း သဘောပေါက်ပေသည်။

သူတို့နှစ်ဦးတွေ့ကြသည်မှာ ဆယ့်ငါးမိနစ်ခန့်ပင် မရှိတတ်သေး။ သို့သော် ပေါ(လ်)က မိုင်ရာကို ပြန်စေချင်နေပြီ။ အမှန်အားဖြင့် မိုင်ရာကို မတွေ့ချင်၍တော့ မဟုတ်၊ တွေ့ချင်သည်မှ အချိန်ရှိသရွေ့ မိုင်ရာ၏ အကြောင်းကိုသာ စဉ်းစား နေမိခဲ့သည်။ တွေ့ပြန်တော့လည်း ပြောရန်စကား ရှာမရဖြစ်နေသည်။ အခုလို တွေ့တာထက် စာရေးတာကမှ ပို၍ ကောင်းမည်လားဟု စဉ်းစားနေမိသည်။

သူတို့နှစ်ဦး စကားပြောနေသည်မှာ ပြတ်တောက်တောက် နိုင်လှသည်။ မပြောဘဲနေ၍မဖြစ်သဖြင့် ပေါ(လ်)ကပင် ဆက်ရပြန်သည်။

"အေးကွာ–မိုင်ရာ့ခေတ်ပုံပေးလိုက်တဲ့အတွက် သိပ်ကျေးဇူးတင်တာပဲ"

"ကို ... အခန်းထဲမှာ ထားခွင့်ရသလား ကို"

"ရပါတယ်၊ ခုတင်ဘေးက စားပွဲမှာ ထောင်ထားတယ်၊ အဲဒီပုံကိုတော့ သိပ်သဘောကျတာပဲ"

"ကို... သဘောကျရင် ကျွန်မလဲ သိပ်ဝမ်းသာတာပေါ့"

ဓာတ်ပုံအကြောင်း ပြီးသွားပြန်တော့ စကားစ ရှာမတွေ့သဖြင့် ရပ်သွားကြ ပြန်သည်။

ဤလိုနှင့်ပင် နာရီဝက် ခန့်သွားလေတော့သည်။

ပြန်ခါနီးတွင်တော့ မိုင်ရာသည် ပေါ(လ်)ကို အနိုင်နိုင်ခွဲ၍ သွားရသည်။ ပေါ(လ်)မျောသည်လည်း ရင်ထဲတွင် ဆို့၍ ကျန်ခဲ့သည်။

{၅}

တနင်္လာနေ့ ညနေပိုင်းဖြစ်သည်။ ပေါ(လ်)အဖို့ နောက်ဆုံးတနင်္လာနေ့ ပေတည်း။ သူ့ဘဝတွင် နောက် တနင်္လာဆိုသည်မှာ ရှိတော့မည် မဟုတ်ပေ။

ဤညနေပိုင်းတွင် မိုင်ရာလာမည်ဖြစ်၏။ ယခုတစ်ကြိမ်သည် ပေါ(လ်)အဖို့ မိုင်ရာကို နောက်ဆုံးတွေ့ရခြင်းဖြစ်သည်။

ထောင်ပိုင်ကြီးကတော့ တွေ့ဖို့မကောင်းကြောင်း။ တွေ့ရခြင်းဖြင့် အကျိုးမထူးကြောင်း၊ စိတ်ဖြောင့်ဖြောင့်ထားဖို့ ခက်လိမ့်မည်အကြောင်း ပြောပြ၍ ပေါ(လ်)ကို တားရှာပါသေးသည်။ ပေါ(လ်)ကလည်း ထောင်ပိုင်ကြီး၏ စကားကို နားထောင်လိုပါသည်။ မိုင်ရာက အလွန့်အလွန် တွေ့ချင်နေသဖြင့်သာ မငြင်းရက်ဘဲ တွေ့ရတော့မည်ဖြစ်သည်။

ထောင်ပိုင်ကြီးက ပေါ(လ်)အပေါ်၌ အထူးပင် သက်ညှာပါသည်။ ယခင်တစ်ကြိမ်ကကဲ့သို့ မဟုတ်တော့၊ အခန်းထဲရှိ စားပွဲရှည်တစ်လုံး၏ ဟိုဘက်အစွန်းနှင့် ဒီဘက်အစွန်းတွင် ထိုင်၍ သူတို့နှစ်ဦးမှာ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရသည်။

ပေါ(လ်)နှင့် မျက်နှာချင်း ဆိုင်မိသည်ဆိုလျှင်ပင် မိုင်ရာက ဆို့သွားသဖြင့် 'ပေါ(လ်)'ဟု တစ်ခွန်းသာခေါ်နိုင်တော့သည်။ မျက်လုံးများကလည်း ပေါ(လ်)ကို ဆုံးရှုံးရတော့မည်အတွက် အလွန်အကြူး ကြေကွဲဝမ်းနည်းနေသည်ဖြစ်၍ အရောင်မတောက်ပနိုင်တော့ပေ။

ပေါ(လ်)ကပင် သူ့ရဲကောင်းကြီး လုပ်ရပြန်သည်။

"ကဲ... မိုင်ရာ စိတ်ကိုတင်းလိုက်၊ ကိုပြောတာကို နားထောင်စမ်း၊ နက်ဖြန် ကိုယ့်အတွက် အချိန်ရောက်လာတဲ့အခါမှာ သတ္တိကိုမွေးပြီး စိတ်ကိုခိုင်ခိုင် ထားလိုက်ပါ ဟုတ်လား၊ မိုင်ရာရဲ့ စိတ်ထဲမှာ မှတ်ထားဖို့က ကိုကိုယ်တိုင်လဲ ကြိုးစားပြီး ရဲစိတ်ကိုမွေးနေတယ်၊ အဲဒီတော့ မိုင်ရာကလဲ ကိုယ့်နမူနာအတိုင်း လိုက်လို့ရမယ်လို့"

"ဟုယ်... ဟုတ်ကဲ့ပါ၊ ကိုရယ်"

"ဒါပေမဲ့ ကို အသက်ကုန်တဲ့အထိ မိုင်ရာသာလျှင် ကို့ရဲ့ အာရုံထဲမှာ ရှိနေမယ်ဆိုတာကိုတော့ လုံးဝယုံမှား သံသယမဖြစ်နဲ့၊ ကိုယ်ပြောတာ ယုံတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မိုင်ရာ စိတ်ထဲမှာ သိပ်ခံစားနေရတယ်ဆိုတာ ကိုယ် သိလေလေ၊ ကိုယ် အသေဖြောင့်လေပဲဆိုတာကို မိုင်ရာ အမြဲတမ်း သတိချပ်နေပါ၊ ဒါမှ မိုင်ရာရဲ့ စိတ်ကို တင်းနိုင်မယ်"

"ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါမယ်"

"အမှန်ကတော့ မိုင်ရာ...၊ မင်းအနေနဲ့ ဂုဏ်ယူဖို့တောင် ကောင်းပါတယ် မင်းဟာ ကိုယ့်ဘဝရဲ့ အလင်းရောင်အဖြစ်နဲ့ ကိုယ့်ကို ပျော်ရွှင်မှု ပေးလာခဲ့တာ မဟုတ်လား၊ ကိုယ်သေမယ်ဆိုရင်လဲ သေပျော်ပါပြီ"

မိုင်ရာ စိတ်တင်းဖို့ အားပေးစကားပြောနေသည့် ပေါ(လ်)မှာ ပြောရင်းနှင့် မဆည်နိုင်အောင် မျက်လုံးအိမ်တွင် မျက်ရည်များဝဲလာသည်။

မိုင်ရာကလည်း အားတင်းရလွန်းသဖြင့် သူ၏ လက်ထဲမှ လိမ်ကျစ်နေသော လက်ကိုင်ပဝါကို ဖြန့်၍ မျက်နှာကိုအုပ်ကာ 'အဟင့်'ဟု ရှိုက်လိုက်မိသည်။

ပြီးမှ သူ့ချစ်သူကို တောင်းပန်ရသည်။

"ဆောရီးပဲ ကို၊ ကျွန်မလဲ မချုပ်တည်းနိုင်လို့ ရှိုက်လိုက်မိတယ်"

"ရပါတယ်ကွယ်၊ နောက် ပြောဖို့ရှိတာကတော့ နက်ဖြန်ခါအတွက်တော့ စိတ်မပူဖို့ဘဲ၊ ဒေါက်တာကပြောတယ်၊ ဒီကိစ္စက မကြာပါဘူးတဲ့၊ ခဏကလေးနဲ့ ကိစ္စပြီးပါတယ်တဲ့၊ ထောင်ပိုင်ကြီးကလဲ ကိုယ့်ကို ကတိပေးတယ်၊ မိုင်ရာ့ဓာတ်ပုံရယ်၊ မိုင်ရာ့ဆီက စာတွေရယ်ကို ကိုယ့်အလောင်းနဲ့အတူ မြှုပ်လိုက်ပါမယ်တဲ့၊ သူကတော့ ကိုယ့်အပေါ်မှာ သိပ်ကောင်းရှာတာပဲကွယ်၊ အေးလေ၊ တကယ်တော့လဲ ကိုယ့်ကို စောင့်တဲ့ အကျဉ်းထောင် အမှုထမ်းအားလုံးဟာ ကိုယ့်အပေါ်မှာ သိပ်ကောင်းကြပါတယ်"

မိုင်ရာက ခပ်လှမ်းလှမ်း၌ရှိသော ပေါ(လ်)ကို စောင့်ရသည့် ဝါဒါနှစ်ဦးကို လှမ်းကာ ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

ပေါ(လ်)က မချိပြုံးပြုံး၍ စကားကိုဆက်ပြန်သည်။

"ကဲ...ကိုယ်ကတော့ ကိုယ်ပြောလိုက်မယ်လို့ မှန်းထားတာတွေ အားလုံးကို ပြောပြီးသွားပြီဟေ့၊ မိုင်ရာကကော ကိုယ့်ကို ဘာပြောဖို့ ရှိသေးလဲ"

မိုင်ရာက တွေ၍ စဉ်းစားနေသေးသည်။ အတန်ကြာမှ ဦးခေါင်းကို မသိမသာ ယမ်းကာ ပြန်ပြောသည်။

"တခြားတော့ ပြောစရာ မရှိပါဘူးကို...။ တစ်ခုပါပဲ ကိုရဲ့ နောက်ဆုံးအချိန်အထိ ကျွန်မဟာ ခန္ဓာကိုယ်ကြီးက မရှိနိုင်ပေမယ့် ကျွန်မရဲ့စိတ်ကတော့ ကို့ဆီမှာပဲ ရှိနေမယ်ဆိုတာပါ၊ အို... နောက်ဆုံးအချိန်အထိတွင် မဟုတ်ပါဘူး၊ ကိုဟာ ကျွန်မရဲ့ အာရုံထဲမှာ ထာဝစဉ်ရှိနေမှာပါ"

ပေါ(လ်)က ခေါင်းညိတ်၍ ပြုံးရင်း ပြန်ပြောသည်။

"ကဲ... မိုင်ရာ့ဆီက စကားတစ်ခွန်းလိုချင်တယ်"

"ဘာများတုန်း ကို..."

"ဘာလဲဆိုတော့...မိုင်ရာရဲ့ ဘဝထဲကို စိတ်ပျက်စရာအဖြစ်တွေ ယူဆောင်လာခဲ့တဲ့ ကိုယ့်ကို မိုင်ရာက ခွင့်လွှတ်ကြောင်း ပြောပါလားကွယ်"

"အဲဒီလိုပြောဖို့ မလိုပါဘူး ကိုရယ်"

"အေး... မိုင်ရာသဘောပေါက်လိမ့်မယ်လို့တော့ ကိုယ်ထင်ပါတယ်၊ ကိုယ်လုပ်ခဲ့သမျှကတော့ မိုင်ရာအတွက် ပျော်ရွှင်ချမ်းသာမှုရဖို့ပါ"

"မှန်ပါတယ်ကို... မှန်ပါတယ်၊ ဘယ်သူတွေ ဘာပဲပြောကြပြောကြ၊ တကယ်တော့ ကျွန်မဟာ ဒီလောကမှာ စိတ်သဘောထားအကောင်းဆုံး၊ အမြင့်မြတ်ဆုံး လူတစ်ယောက်ရဲ့ ချစ်ခြင်းကို ခံရတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ဂုဏ်ယူပါတယ်"

"ဒီလိုကြားရတဲ့အတွက် ကိုယ်သိပ်ဝမ်းသာသွားတာပဲကွာ၊ ဒါပေမဲ့ ကိုယ်ဟာ မိုင်ရာပြောသလို စိတ်သဘောထား အကောင်းဆုံး အမြင့်မြတ်ဆုံး လူတစ်ယောက် မဟုတ်ကြောင်း ကိုယ့်ကိုကိုယ်တော့ သိပါတယ်၊ အဲ... တချို့လူတွေ ပြောကြသလို ရက်စက်ယုတ်မာတဲ့ လူတစ်ယောက်လဲ မဟုတ်ပါဘူး၊ အရေးကြီးကတော့ မိုင်ရာက ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားသလဲ ဆိုတာပါပဲ၊ တခြားသူတွေက ဘယ်လိုပဲ ထင်ထင် ကိုယ့်အတွက် အရေးကြီးတဲ့ ကိစ္စတစ်ရပ် မဟုတ်ပါဘူး"

"ဟုတ်ကဲ့ကို... ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မလေး ကို့အတွက် ကျွန်မ အသက်ထက်ဆုံး ဘုရားသခင်ထံမှာ ဆုတောင်းသွားပါ့မယ်"

"အေး... ကျေးဇူးတင်ပါတယ်ကွယ်"

အပြင်ဘက်တွင်ကား မှောင်စပျိုးလာလေပြီ၊ ဆောင်းဦးပေါက်လာပြီဖြစ်၍ စောစောစီးစီး မှောင်သည်။ ကြေးနန်းမီးလုံးများဖွင့်ထားသဖြင့် မိတ်ထားသော တံခါးရွက်၏ အောက်ဘက်အကြားမှ မီးရောင်ထိုးဝင်နေသည်။

ဤမီးရောင်ကို တွေ့ရသဖြင့် သူငယ်စဉ် ကလေးဘဝက သူ့ဖခင်၏ စာပုံနှိပ်စက်များအကြားတွင် နေခဲ့ရပုံများ၊ ဘိရှော့အဘာကွန်ကျောင်း၌ ကျောင်းဆရာလုပ်စဉ်က နေခဲ့ရပုံများကို သတိရမိသည်။

ဤသို့ သတိရလိုက်မိသဖြင့် သူ၏ ရင်ထဲဝယ် တင်းကျပ်စွာ ခံစားရသည်။

ဤမြင်ကွင်းများကို သူတွေ့နိုင်တော့မည် မဟုတ်တော့ပါတကား။

ပေါ(လ်)က ခပ်လှမ်းလှမ်းရှိ သူ့အစောင့် ဝါဒါတစ်ဦးကို လှမ်း၍ မေးလိုက်သည်။

"အချိန်ဘယ်လောက် ကျန်သေးလဲဟင်"

"သိပ်တော့ မကျန်တော့ဘူး၊ ထုံးစံကတော့ နာရီဝက်ပဲ တွေ့ခွင့်ရပါတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ နည်းနည်းပိုသွားလဲ ရပါတယ်"

ခောက်ဆုံး တွေ့ခြင်း ဖြစ်သည်မို့ ပေါ(လ်)ကို ထောင်ဝါဒါများက အလိုလိုက်ရာကြပါသည်။

မိနစ် အနည်းငယ်ပို၍ ခွင့်ပြုမယ်ဟု သိရသည်မှာ သူတို့နှစ်ဦးအတွက် ဝမ်းသာစရာ မဟုတ်တော့ပေ။ မိနစ် အနည်းငယ်ပဲ တွေ့ခွင့်ရတော့မယ် ဟူသော အဖြစ်ကို နှိုးဆော်သတိပေးလိုက်ခြင်းနှင့် တူသွားသည်။

သူတို့နှစ်ဦးမှာ စောစောကကဲ့သို့ ချောချောမောမော စကားပြော၍ မကောင်းတော့ပေ။ နှစ်ဦးလုံး၏ ရင်တွင်းဝယ် ဆို့နေသည်။

တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ဘဲ ငေးကြည့်နေစဉ်မှာပင် အခန်းတံခါး ပွင့်လာပြီး ထောင်အရာရှိက ခေါင်းပြူ၍ ကြည့်သည်ကို သူတို့တွေ့လိုက်ရသည်။ ဘာမျှမပြောဘဲ တံခါးကိုပြန်၍ ပိတ်သွားသည်။

ဤတွင် ပေါ(လ်)က ဖျစ်ညှစ်၍ ပြောရတော့သည်။

"ကဲ…မိုင်ရာ၊ အချိန်ကတော့ ခေသွားပြီနဲ့တူတယ်၊ အားနာလို့ထင်ပါရဲ့၊ ဘာမှတော့ မပြောကြဘူး၊ ဒီညတော့ ကောင်းကောင်းအိပ်ပျော်အောင် အိပ်ပါကွယ်၊ ကိုယ့်စိတ်ကိုကိုယ် သိပ်မညှင်းဆဲပါနဲ့၊ မနက်ဖြန်ခါမှာဆိုရင် ကိုယ့်ကိစ္စပြီးသွားမှာပါ၊ မိုင်ရာကလဲ ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ အသစ်ပြန်စပေတော့၊ တကယ်ပါ၊ ကိုယ်က မိုင်ရာ စိတ်ကောင်းရုံသက်သက်ပြောတာ မဟုတ်ပါဘူး၊ ကိုယ့်စိတ်ထဲမှာ ရှိတဲ့ တကယ့်ဆန္ဒကို ထုတ်ပြောပြနေတာပါ"

"ဟုတ်ကဲ့၊ ကို…"

"တကယ်နော်"

"ဟုတ်ကဲ့ ကျွန်မ ကြိုးစားပါ့မယ်"

"ကတိပေးရမယ်လေ"

"ဟုတ်ကဲ့ ကျွန်မ ကတိပေးပါတယ်"

ပေါ(လ်)က ဝါဒါများအား လှမ်း၍ပြောလိုက်သည်။

"ထောင်ပိုင်ကြီးက ကျွန်တော့်ကို ခွင့်ပြု…"၊

ပေါ(လ်)၏ စကား မဆုံးမီမှာပင် ဝါဒါများက သူတို့သိပြီးဖြစ်ကြောင်း အဓိပ္ပာယ်ဖြင့် ခေါင်းကို ငြိမ့်တူညီတပ်ပြကြသည်။

ပေါ(လ်)က မိုင်ရာရှိရာ စားပွဲတစ်ဘက်ခြမ်းသို့ လျှောက်သွားကာ မိုင်ရာ၏ ကိုယ်လုံးကလေးကို အသာအယာ ဖက်လိုက်သည်။ မိုင်ရာကလည်း ပြန်၍ဖက်သည်။ နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး ဘယ်တော့မှ ပြန်၍ တွေ့ကြရတော့မည် မဟုတ်ဟူသော အသိစိတ်ကြောင့် တဖြည်းဖြည်းနှင့် ပို၍ တင်းကျပ်စွာ ဖက်မိကြသည်။ တယုတယ နမ်းကြရင်း ဖက်ထားကြသည်မှာ တစ်မိနစ်နီးပါး ကြာသည့်တိုင် မလွှတ်ကြသေး။

ဒွားမှ ဝါဒါများကလည်း အလိုက်သိစွာဖြင့် မျက်နှာလွှဲနေကြသည်။

တစ်မိနစ်ခန့် ရှိလာသည့်အခါတွင်မှ ပေါ်(လ်)က ဝါဒါများအား မိုင်ရာကို ခေါ်သွားရန် ပြောရတော့သည်။ ဤသို့မှ မခေါ်သွားလျှင်လည်း မိုင်ရာ၏ အခြေအနေမှာ ထိန်း၍ မရသည့် အဖြစ်သို့ ရောက်သွားနိုင်သေးသည်။

အချိန်စေ့ကြောင်း ဘဲ(လ်)သံက ကလင်...ကလင်ဖြင့် မြည်လာသည်။

ပေါ်(လ်)က မိုင်ရာ၏လက်ကို ဆွဲကိုင်လျှပ်ယမ်းရင်း နောက်ဆုံးနှုတ်ဆက် စကားကို ပြောရတော့သည်။

"မိုင်ရာ...ကိုယ်သွားတော့မယ်၊ ကိုယ်ပြောတဲ့ အတိုင်းနေနော် ဟုတ်သား ဝွတ်ဘိုင်"

"ဟုတ်ကဲ့ ... ကို... ဝွတ်ဘိုင်"

"အေး... အေး... သွားပြီဟေ့"

"ကို... ပေါ်(လ်)

မိုင်ရာမှာ စိတ်ထိန်းထားရင်းက အခြေအနေမဟန်တော့၊ ရင်တွင်းမှ ဆို့တက်လာသည့် ခံစားမှု ဒဏ်ကို တွန်းလှန်နိုင်စွမ်း မရှိတော့ပေ။

ပေါ်(လ်)ကပင် မိုင်ရာကို ခေါ်သွားရန် ဝါဒါများအား နှိုးဆော်ရသည်။

မိုင်ရာကို ထောင်အရာရှိက မနည်းတွဲ၍ ခေါ်သွားရသည်။

{ ၆ }

အချိန်သည် တရွေ့ရွေ့ ကုန်လာကာ နေ့ဘက်မှသည် ညဘက်သို့ ရောက်လာသဖြင့် မှောင်လာပြီဖြစ်၏။ ထိုညဦးပိုင်းတွင် အင်္ဂလန်ပြည်ရှိ နေရာ အသီးသီးတွင် ပေါ်(လ်)နှင့် ပတ်သက်သော လူအများမှာ အေးအေးဆေးဆေး မနေနိုင်ကြဘဲ မိမိတို့၏ ကိစ္စ အသီးသီးဖြင့် အလုပ်ရှုပ်နေကြသည်။

ပေါ်(လ်) အကျဉ်းခံနေရသော ဂန်တာဘရီ အကျဉ်းထောင်ကြီးအတွင်းရှိ ထောင်ဝါဒါနှစ်ဦးက ပေါ်(လ်)အား ကြိုးစင်တင်ပြီးသည့် အခါ၌ မြှုပ်နှံရန် ကျင်းတူးနေကြသည်။

သူတို့ကျင်းတူးသည့် နေရာသို့ ထောင်ပိုင်ကြီးကလာ၍ စစ်ဆေးသည်။ သူ၏ စိတ်ထဲတွင်တော့ သက်သက်သာသာမရှိလှ၊ စိတ်မကြည်မလင် ဖြစ်နေသည်။ ကျင်းကို စစ်ဆေးပြီးလျှင် ပေါ်(လ်)အား ကြိုးစင်တင်ရေး အစီအစဉ်များ မည်သို့ စီစဉ်ထားကြောင်းကို အစီရင်ခံစာရေးရဦးမည် ဖြစ်သည်။

✧ ✧ ✧

စိတ်ကူးချိုချို

တော်ဒီးရွာကလေးရှိ အိမ်ကလေးတစ်လုံးအတွင်း၌ကား အသက်ရှစ်ဆယ်ကျော်ခန့်ရှိ အဘိုးကြီးတစ်ယောက်နှင့် အဘွားကြီးတစ်ယောက်တို့သည် မီးလင်းဖိုဘေးတွင် ကုလားထိုင်ဖာစ်လုံးစီဖြင့် တိတ်ဆိတ်စွာ ထိုင်နေကြသည်။

မီးလင်းဖို အုတ်ခေါင်ပေါ်ရှိ စားပွဲတင်နာရီက တချက်ချက်မြည်နေသည်။ အခန်းထဲတွင် မီးလင်းဖိုမှ မီးတောက်၏ အရောင်မှတစ်ပါး အခြားမီးတစ်စုံတရာ ထွန်းညှိထားခြင်း မရှိပေ။

အဘွားကြီးက သူ၏ ချစ်စွာသော တစ်ဦးတည်းသော သားဖြစ်သူ ပေါ(လ်)သည်နက်ဖြန်နံနက်တွင် ဂန်တာဘရီ အကျဉ်းထောင်ကြီးရှိ ကြိုးစင်တွင် သေစားသေပေးရမည်ကို စိတ်ထဲတွင် တနုံ့နုံ့စဉ်းစားနေမိသည်။ တစ်ချက်ချက်သွားနေသောနာရီကို မော့ကြည့်လိုက်မိသည်တွင် သူ့သားအတွက် အချိန်တဖြည်းဖြည်းနီးကပ်လာပြီတို့ သတိပေးလိုက်သလို ဖြစ်သွားသဖြင့် ကျောထဲမှ စိမ့်ခနဲဖြစ်သွားသည်။

အဘိုးကြီးကမူသည် စကားမပြောဘဲ ဆေးတံကိုသာ ဖိ၍ သောက်နေရာမှ ဆေးတစ်ဆုံးကုန်သွားသဖြင့် အဘွားကြီးဘက်သို့ လှည့်၍ စကားပြောရတော့သည်။

"ကဲ ... ငါ မီးထွန်းလိုက်ဦးမယ်ဟေ့ အတော်မှောင်လာပြီ"

အဘွားကြီးက ဘာမှပြန်မပြော၊ နာရီကိုသာ ငေးကြည့်နေသည်။

"မင်း အိပ်ရာဝင်ဖို့ ကောင်းပြီထင်တယ်ကွ၊ ဂျိန်း ... ရ"

အဘိုးကြီး၏ စကားကြောင့် အဘွားကြီးက ထ၍ ရန်တွေ့လေတော့သည်။

"အောင်မလေး ... အော်ဘရေး ... ရယ်၊ ဒီလိုအခါကြီးမျိုးမှာ ကျုပ် အိပ်လို့ရပါ့မလားတော့၊ ရှင်ပဲ စဉ်းစားကြည့်စမ်းပါ၊ နက်ဖြန်နံနက်ဆိုရင် သားကလေး ပေါ(လ်)ဟာ အသေဆိုးနဲ့ သေရမှာမဟုတ်လား၊ ရှင်မို့ အိပ်ဖို့ပြောရက်တယ်တော်"

"ဟ ... ဟ ... မင်းကလဲ ငါ့ကိုပဲ ရန်ရှာနေတာပဲ၊ အခုလို ထိုင်နေလို့ မင်း ပင်ပန်းရုံပဲ ရှိမှာပေါ့ကွ၊ ဘာအကြောင်းထူးမှာလဲ၊ ပြီးတော့ ငါက အိပ်ဖို့ပြောတာ မဟုတ်ပါဘူး၊ အိပ်ရာထဲမှာ လှဲနေဖို့ပြောတာပါ"

အဘွားကြီး ဂျိန်းပရက်ဆက်ကတော့ ပြော၍မရပေ။ ကုလားထိုင်တွင် ဆက်၍ထိုင်မြဲသာ ထိုင်နေသည်။ အဘိုးကြီး အော်ဘရေးပရက်ဆက်မှာ သူ၏ဇနီးကို ပြော၍မရသဖြင့် အနားမှာပင် ထိုင်နေကာ သုတင်းစာများကို ဟိုလှန်ဒီလှန်နှင့် အချိန်ဖြုန်းနေရသည်။

ညဦးအတော်နက်မှပင် အဘွားကြီး ဂျိန်းအား အိပ်ခန်းတွင်းရှိ အိပ်ရာပေါ်သို့ ခေါ်၍ရတော့သည်။ သို့သော် အဘွားကြီးက မအိပ်ပါ။ မျက်လုံးကြီးများကို

ပြူးကာ မျက်နှာကြက်ကို မော့ကြည့်နေသည်။ အဘိုးကြီး အော်ဘရေးက သူ့ဇနီးသည်၏ လက်ကို အားပေးသည့်အနေဖြင့် ဆုပ်ကိုင်ထားရသည်။

အင်္ဂလန်ပြည် အခြားတစ်နေရာဖြစ်သော ဟိုလိမ်းမြို့ကလေးရှိ သင်းအုပ်ဆရာကြီး မစ္စတာဟန့်၏အိမ်တွင် ရောက်နေသည့် မိုင်ရာဘွန်းအဖို့မှာလည်း ခံစားရမှုသည် မစ္စစ်ဂျိန်းပရက်ဆက်ထက် မပိုလျှင်သာရှိမည်။ လျော့မည်တော့ မဟုတ်ပေ။ ဂျိန်းပရက်ဆက်က အမေ အနေဖြင့် ပူဆွေးရ၏။ မိုင်ရာဘွန်းက ချစ်သူအနေဖြင့် ပူဆွေးနေရသည်။ နှစ်ဦးလုံး၏ နှလုံးသားများမှာ ပူဆွေးမှုဖြင့် လောင်ကျွမ်းနေကြရသည်။

မိုင်ရာဘွန်းသည် သူ၏ အိပ်ခန်းကလေးထဲတွင် ထိုင်ကာ မျက်လုံးပြူးကြီးများဖြင့် နံရံကိုသာ ငေးစိုက်၍ကြည့်နေသည်။ အိမ်ရှင်ဖြစ်သူ မစ္စတာဟန့်တို့ လင်မယားကလည်း အလိုက်သိစွာဖြင့် မိုင်ရာတစ်ယောက်တည်းသာ လွှတ်၍ထားသည်။ သူ့ဘာသာသူစိတ်လွတ်လက်လွတ် ပူဆွေးဝမ်းနည်းနိုင်စေရန် ဖြစ်၏။

ဂန်တာဘာရီ အကျဉ်းထောင်ကြီး၏ အခန်းကလေး တစ်ခန်းအတွင်း၌ ပေါ(လ်)နှင့် ပတ်သက်နေသည့် လူတစ်ယောက်ရှိသေးသည်။ ထိုသူသည် အကျဉ်းသား မဟုတ်၊ နံနက်တွင် ပေါ(လ်)အား ကြိုးစင်တင်ရာတွင် ခေါက်ဖြုတ်ပေးရန်အတွက် ညနေစောင်းကတည်းက အထူးတလည်ခေါ်၍ ထောင်ထဲတွင် အိပ်စေရသော ပါးကွက်သား ခရွန်တန်ဆိုသူဖြစ်သည်။

ပေါ(လ်)ကိုယ်တိုင်မှာ သူ၏ အခန်းကျဉ်းကလေးအတွင်းရှိ အိပ်ရာပေါ်တွင် ပက်လက်လှန်၍ လဲလျောင်းနေရင်း သူ၏ ကလေးဘဝမှစ၍ မှတ်မိသမျှ အဖြစ်အပျက်များကို စဉ်းစားနေသည်။ သူကတော့ တစ်ဦးတည်းမဟုတ်ပေ၊ အစောင့် ဝါဒါနှစ်ဦးမှာ သူနှင့်အတူရှိနေသည်။

သူဘယ်တော့မှ တွေ့ရမည်မဟုတ်တော့သော သူ၏ ဖခင်နှင့် မိခင်တို့ ဘယ်လိုများ နေကြထိုင်ကြပါလိမ့်မည်ဟုလည်း စဉ်းစားမိသည်။

သူနှင့် မိုင်ရာတို့ ချစ်သူဘဝဖြင့် မကြာခဏ သွားလေ့ရှိသော ကလစ်ဆော့ ပန်းခြံကိုလည်း သူ၏ အာရုံထဲမှ မှန်းဆကြည့်မိသည်။ ထိုပန်းခြံကိုလည်း သူဘယ်တော့မှ မြင်ရတော့မည် မဟုတ်တော့ပေ။

ဤအတွေး ရေယာဉ်ကြောတွင်းမှ ဖောက်၍ နက်ဖြန်နံနက်၌ တွေ့ရမည့် အတွေ့အကြုံအတွက် မျှော်မှန်းကြည့်မိပြန်သည်။

စိတ်ကူးရှိမှိ

"အင်း…ဒေါက်ဆို တစ်ချက်တည်းနဲ့ ကိစ္စပြီးသွားမှာဆိုတော့ နာတဲ့ဝေဒနာကို ခဏကလေးခံရမှာပါ၊ ဒီလောက်တော့ ငါကြံ့ကြံ့ခံနိုင်ပါတယ်လေ၊ ငါမျက်နှာပေါ်မှာ ကြောက်တဲ့အမူအရာ လုံးဝမပေါ်စေရဘူး"

ပေါ(လ်)သည် မိမိသေမည့်ကိစ္စတွင်ပင် ဂုဏ်မငယ်စေချင်သည့်ဆန္ဒရှိနေသေးသည်။

{ ၇ }

ထိုနေ့နံနက်တွင် သူ၏ အခန်းကျဉ်းကလေးအတွင်းသို့ နံနက်အလင်းရောင်ထိုးဝင်လာသည့်အချိန်တွင် ပေါ(လ်)က နိုးလာသည်။

စာကလေးတစ်ကောင်၏ တကျစ်ကျစ် အော်မြည်သံက ပြတင်းပေါက်မှ ဝင်လာသည်။ အခန်းထဲမှ အစောင့်ဝါဒါတစ်ယောက် ထိုင်နေရာမှ ခြေထောက်များကို ရှေ့သို့ ဆန့်တန်းကာ အညောင်းဆန့်လိုက်သည်။

ပေါ(လ်)အဖို့မှာတော့ သူ၏ ဘဝတွင် နောက်ဆုံးဖြစ်သော ထိုနံနက်ခင်း၏ သာယာမှုကို မခံစားနိုင်ရှာပေ။ တုန်လှုပ်သော နှလုံးဖြင့်သာ လာမည့် နာရီအနည်းငယ်အတွင်း သူရင်ဆိုင်ရမည့် အဖြစ်ဆိုးကို စဉ်းစားနေမိသည်။

ကြိုးစား၍ အားတင်းရင်း သူ၏ ခေါင်းကိုခွာသည်။ ခေါင်းကိုမသည့် သူ၏ လက်ချောင်းကလေးများမှာ တုန်ယင်နေသည်ကို တွေ့ရသည်။ မတုန်အောင် ကြိုးစားကြည့်သော်လည်း မရပေ။

"ဘုရားသခင်၊ ကျွန်ုပ်အား ခွန်အားကို ပေးတော်မူပါ"

ဆုမတောင်းစဖူး ဆုတောင်းလိုက်မိသည်။

နှုတ်မှလည်း သူ၏ ချစ်သူ မိုင်ရာ၏ အမည်ကို တမ်းတမိသည်။ တစ်ဖန် မိခင်နှင့် ဖခင်ကို တမ်းတပြန်သည်။

ခဏကြာသော် အကျဉ်းထောင်တစ်ခုလုံး တစ်နေ့တာ လှုပ်ရှားကြရန်အတွက် အသက်ဝင်လာသည်ဖြစ်၍ စကားပြောသံ၊ ပစ္စည်းကိရိယာများရွေ့သံ၊ တံခါးများဖွင့်သံ ပိတ်သံတို့ကို စတင်ကြားရလေပြီ။

ခုနစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်တွင် ပေါ(လ်)အတွက် နံနက်စာလာ၍ပို့သည်။

သူ့အတွက် နောက်ဆုံး နံနက်စာဖြစ်သည်။

ထောင်ပိုင်ကြီးသည်လည်း သူ၏ အိမ်ရှိ နံနက်စာ စားပွဲတွင် ထိုင်နေသည်။ တစ်ညလုံး ကောင်းကောင်းအိပ်၍မရသဖြင့် ထိုင်းမှိုင်းလေးလံနေသည်။ တစ်ညလုံး

လိုလိုပင် ပေါ(လ်)ပရက်ဆက်၏ အကြောင်းကို တွေးမိသည်။ ယခုလည်း တွေးနေတုန်းပင်။ သူ့ရှေ့ရှိ ဝက်သားလွှာခြောက်ကြော်၊ ကြက်ဥ မကျက်တကျက် ကြော်တို့ကို စားချင်စိတ်မရှိ၊ ကော်ဖီတစ်ခွက်ကိုသာ ထည့်၍သောက်သည်။ ထမင်းစားပွဲပေါ်၌ တင်ထားသော သတင်းစာများကိုလည်း ဖတ်ချင်စိတ်မရှိ။ ယနေ့နံနက် ဆောင်ရွက်ရမည်ဖြစ်သော သူ၏ တာဝန်ကြီးအတွက် သူ၏ စိတ်မှာ အလွန်အလွန် ထိုင်းမှိုင်းလေးလံနေသည်။

ဤလိုအချိန်မျိုးတွင် နံနက်စာကို ဗိုက်ပြည့်တင်းအောင် စားခြင်းထက် ဘရန်ဒီကလေး အနည်းငယ် ဗိုက်ထဲသို့ သွင်းလိုက်ခြင်းက ပို၍ သွက်သွက်လက်လက် ရှိလာလိမ့်မည်ဟု စဉ်းစားမိလိုက်သည်။ ထို့ကြောင့် ထမင်းစားခန်းထဲရှိ ကြောင်အိမ် ပေါ်မှ ဘရန်ဒီပုလင်းကိုဖွင့်ကာ ဖန်ခွက်ကလေးတစ်ခွက်ဖြင့် ထည့်၍ မော့သောက် လိုက်သည်။

ဗိုက်ထဲတွင် နွေးလာသည်။ ခေါင်းလည်းအနည်းငယ်ကြည်လာသည်။ ပြတင်းပေါက်မှရပ်ကာ အကျဉ်းထောင်ဝင်းအတွင်းသို့ ငေးစိုက်ကြည့်ရင်း ပေါ(လ်) ပရက်ဆက်၏ အကြောင်းကို စဉ်းစားကြည့်နေမိသည်။

"ဒီလို လူလုံးလူဖန်သေးသေး၊ သူများကိုလဲ အားနာလိုက်တာလွန်ရော စိတ်သဘောထားက ပျော့ပျော့ပျောင်းပျောင်းနဲ့ လူမျိုးက ရက်စက်ကြမ်းကြုတ်တဲ့ အမှုမျိုးကို ကျူးလွန်ခဲ့တယ်ဆိုတာကတော့ တော်တော်ကို ဆန်းတာပဲ၊ မနေ့က သူ၏ ကြိုးတိုက်အခန်းကျဉ်းကလေးထဲသို့ ထောင်ပိုင်ကြီးကသွား၍ တွေ့တုန်းကပင် ထောင်ပိုင်ကြီးနှင့် ထောင်အမှုထမ်းအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ သူအပြစ် ခံထိုက်၍ ခံရခြင်းသာဖြစ်ကြောင်း၊ မည်သူ့အပေါ်မှ မကျေမနပ်မဖြစ်ကြောင်း ပြောလိုက်သေးသည်။

အပြင်ဘက်မှ ခြေသံများကို ကြားရသည်။

လက်ထောက် လုံခြုံရေးအရာရှိ ရောက်လာခြင်းဖြစ်သည်။

ခဏကြာသော် လုံခြုံရေးအရာရှိချုပ်နှင့် အကျဉ်းထောင်ဆရာဝန်တို့လည်း ရောက်လာသည်။

သူတို့ သုံးဦးသားမှာ ခေါင်းညိတ် နှုတ်ဆက်ခြင်းကလွဲ၍ အခြားစကားများကို မပြောကြဘဲ အချိန်အတန်ကြာအောင် ရပ်နေကြသေးသည်။

နောက်ဆုံးတွင်တော့ ထောင်ပိုင်ကြီးကပင် တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲ ရတော့သည်။

တာဝန်ကြီးက ရှိနေသေးသည် မဟုတ်ပါလား။

**စိတ်ကူးချိုချို**

"ကိုင်း ... ကိုယ့်လူတို့ သွားကြရအောင်"

လေးဦးသားသည် ခြေလှမ်းမှန်မှန်ဖြင့် ပေါ(လ်)ပရက်ဆက်၏ ကြိုးတိုက်ရှိရာသို့ လာခဲ့ကြသည်။ သူတို့အသီးသီး၏ စိတ်ထဲတွင် သူတို့၏ ခြေသံကို ထောင်ကြီးအတွင်းရှိ အကျဉ်းသားခြောက်ရာက ကြားလေမည်လားဟု စိတ်မလုံမလဲ ဖြစ်မိကြသည်။ တကယ်တော့ ကြားနိုင်မည်မဟုတ်ပေ။ သူတို့၏ စိတ်က သူတို့ကို ပြန်ခြောက်နေခြင်းသာဖြစ်ပါသည်။

တကူးတက ခေါ်ယူထားရသော ကြိုးစင်၌ ဒေါက်ဖြုတ်ပေးမည့် ပါးကွက်သား မစ္စတာ ခရွန်တွန်နှင့် သူ၏ လက်ထောက် ပါးကွက်သားလည်း ကြိုးတိုက်ရှေ့တွင် ရောက်နေသည်ကို တွေ့ရသည်။

ထောင်ပိုင်ကြီးက သူ၏ လက်မှနာရီကို ငုံ့ကြည့်လျက် ခေါင်းညိတ်ပြလိုက်သဖြင့် လုံခြုံရေးအရာရှိချုပ်က ကြိုးတိုက်တံခါးကို ဖွင့်ပေးလိုက်ရာ ခရွန်တွန်က ရှေ့ဆုံးမှ ဝင်သွားသည်။ သူ၏ နောက်မှ ထောင်ပိုင်ကြီးက လိုက်၍ဝင်လာသည်။

ကြိုးမိန့်ကျ အကျဉ်းသား ပေါ(လ်)ပရက်ဆက်မှာ အသင့်ရှိနေပေပြီ။ ယခု အချိန်တွင်တော့ ထောင်အဝတ်အစားဖြင့် မဟုတ်တော့။ သူ့ကိုယ်ပိုင် အဝတ်အစားများကို ဝတ်ထားသည်။ တိုက်တိုက်ဆိုင်ဆိုင် သူဝတ်ထားသည့် ဝတ်စုံသည် သူ့အိမ်မှ စ၍ထွက်ပြေးခဲ့စဉ်က ဝတ်သော နာမည်ကျော် မွဲခြောက်ခြောက် အရောင် ဝတ်စုံဖြစ်သည်။ ထိုဝတ်စုံကို သတင်းစာများတွင် ဟိုးလေးတကျော် ဖော်ပြခဲ့ပြီး ဖြစ်သည်။

လည်ပင်းတွင်လည်စည်းကိုတော့ တပ်၍မထားပေ။ လည်စည်းတပ်နေရန် လည်း မလိုပါ။ ကမ္ဘာပေါ်တွင် အထူးဆန်းဆုံးသော လည်စည်းက သူ့ကို စောင့်မျှော်နေပါသည်။

သူ၏ မျက်နှာမှာ ဖြူရော်နေပြီး မျက်လုံးများကလည်း ထောင်ချောက်ထဲတွင် မိနေသည့် ကြွက်ကဲ့သို့ ပြူးကျယ်နေသည်။

ထောင်ပိုင်ကြီးက မကြည့်ရက်သဖြင့် မျက်နှာကို တစ်ဘက်သို့ လွှဲထားသည်။

ပေါ(လ်)၏ မျက်လုံးများနှင့် ပါးကွက်သား ခရွန်တွန်၏ မျက်လုံးများ ဆုံမိသည်တွင် ခရွန်တွန်ကစ၍ နှုတ်ဆက်လိုက်သည်။

"ဂွတ်မောနင်း"

ဂွတ်မောနင်းဆိုသည်မှာ မင်္ဂလာရှိသော နံနက်ခင်းဟူ၍ အဓိပ္ပာယ်ရသည်။ နှုတ်ဆက်ရိုးနှုတ်ဆက်စဉ်ဖြစ်၍ ခရွန်တွန်က နှုတ်ဆက်လိုက်ခြင်းသာဖြစ်သည်။

သူ၏ ခေါင်းထဲ၌ အထွေအထူးတွေးမိခြင်းမရှိပေ။ သို့သော် ပေါ(လ်)အဖို့ ဤနံနက်သည် မည်ကဲ့သို့ မင်္ဂလာရှိသော နံနက်ခင်းဟု ပြောနိုင်ပါမည်နည်း။ ကြိုးစင်တက်ရမည့် နံနက်ခင်းကို မင်္ဂလာရှိသော နံနက်ခင်းဟု သူမို့ မဆင်မခြင် ပြောရက်သည်ဟု ပေါ(လ်)က တွေးလိုက်မိသည်။

"ကဲ … ခင်ဗျားရဲ့လက်တွေ နောက်ကိုပစ်ထားလိုက်ပါ၊ အဲ … ဟုတ်ပြီ၊ ကျေးဇူးပဲ"

ပေါ(လ်)က သူ၏လက်များကို သူ၏နောက်၌ ကပ်ထားလိုက်သည်တွင် ခရွန်တွန်က သားရေကြိုးတစ်ချောင်းဖြင့် ထိုလက်များအားစည်းလိုက်သည်။ စည်းပြီးသွားသောအခါ၌ ခရွန်တွန်က ရှေ့ဆက်လုပ်ရန်အတွက် အမိန့်နာခံသော အဓိပ္ပာယ်ဖြင့် ထောင်ပိုင်ကြီးဘက်သို့ လှည့်၍ကြည့်သည်။

ထောင်ပိုင်ကြီးက စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားမှုပုံမျိုးဖြင့် ခေါင်းကိုညိတ်ပြလိုက်သည်။

အမိန့်ရပြီဖြစ်၍ ဘုန်းတော်ကြီးက ဦးဆောင်ကာ ကြိုးတိုက်ခန်းထဲမှ ထွက်လာကြသည်။ သို့သော် ပါးကွက်သား ခရွန်တွန်နှင့် သူ၏ တပည့်တို့က ဘုန်းတော်ကြီး၏ဘေးမှ ပန်း၍ ရှေ့သို့ရောက်နှင့်စေရန် ကျော်၍ တက်သွားကြသည်။ တကယ်တော့လည်း ယခုလုပ်ဆောင်ရမည့် အလုပ်တွင် သူတို့နှစ်ဦးကသာ အဓိက လုပ်ဆောင်ရမည့်သူများ ဖြစ်ကြပေသည်။

ဘုန်းတော်ကြီး၏ နောက်မှ ထောင်ပိုင်ကြီး၊ ဒုထောင်ပိုင်ကြီး၊ လုံခြုံရေး အရာရှိချုပ်တို့က အစဉ်လိုက် လျှောက်လာပြီး သူတို့၏ နောက်မှ ပေါ(လ်)က ဝါဒါနှစ်ဦး ဝဲယာခြံရံလျက် လိုက်ရသည်။

ပေါ(လ်)၏ နှုတ်မှ တတွတ်တွတ် ဆုတောင်းနေသည်။

"အို … အဘဘုရားသခင်၊ အကျွန်ုပ်ကို ကြင်နာသောအားဖြင့် သတ္တိစိတ်ဓာတ် ပေးသနားတော်မူပါ"

သူ သန္နိဋ္ဌာန်ချထားသည့်အတိုင်းပင် ပေါ(လ်)သည် ခေါင်းကိုမော့၊ ရင်ကိုကော့လျက် ခိုင်မြဲသော ခြေလှမ်းများဖြင့် လျှောက်လာနိုင်သည်။

ပေါ(လ်)၏ နောက်မှကပ်၍ ထောင်ဆရာဝန်က လိုက်လာ၏။

ခဏမျှ လျှောက်မိသော် နေရောင်ခြည်ကြောင့် မျက်စိကျိန်းလောက်အောင် လင်းနေသည့် ကွက်လပ်ထဲသို့ ရောက်လာသည်။

ပေါ(လ်)မျက်နှာမူရာ ရှေ့ဘက်တွင် ကြိုးစင်ထားသော ရုံရှိသည်။

အချိန်မှာ နံနက်ကိုးနာရီထိုးရန် တစ်မိနစ်သာလိုတော့သည်။

ပေါ(လ်)၏ မိခင် ဂျိန်းပရက်ဆက်သည် ပက်ဖီးရွာကလေးမှ သူ၏ အိပ်ခန်းထဲရှိ အိပ်ရာပေါ်တွင် သူ့ခင်ပွန်းဖြစ်သူ အော်ဘရေးပရက်ဆက်ကို အားပြု၍ထိုင်ကာ နံရံရှိ တိုင်ကပ်နာရီ တစ်ချက်ချက်သွားနေသည်ကို မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေသည်။

နာရီလက်တံမှာ တရွေ့ရွေ့နှင့် ကိုးနာရီတိတိသို့ ရောက်လာသည်။

“သား ... ပေါ(လ်) ... ပေါ(လ်)၊ အဖြစ်ဆိုးလှချည်ရဲ့သားရယ်”

ဂျိန်းအော်၍ငိုလိုက်သည့် အသံနှင့် နာရီမှကိုးချက်တိတိ ထိုးသည့်အသံတို့မှာ ရော၍သွားလေသည်။

အခြားတစ်နေရာတွင်လည်း ဦးခေါင်းတစ်ခုသည် အိပ်ရာဖုံးပေါ်၌မှောက်၍ တသိမ့်သိမ့်ငိုကြွေးနေသည်။

ငိုနေသူမှာ ဟိုလိန်းမြို့ ခရစ်ယာန်သင်းအုပ်ဆရာကြီး မစ္စတာဟာန့်၏ အိမ်ရှိ မိုင်ရာပေတည်း။

သူသည်လည်း တစ်ညလုံးမအိပ်ဘဲ နံနက်ကိုးနာရီကိုသာ သိမ့်သိမ့်ခုန်နေသောရင်ဖြင့် စောင့်နေခဲ့သည်။ ကိုးနာရီထိုးသွားပြီဟု သိပြီးသောအခါတွင်တော့ သူ၏ချစ်သူ “ပေါ(လ်)သည် လူ့လောကကြီးကို စွန့်ခွာသွားရလေပြီ”ဟူသော အချက်မှာ သူ့အတွက်သေချာသွားပြီဖြစ်၏။ ယခုဆိုလျှင်တော့ ရင်တသိမ့်သိမ့်ခုန်နေစရာမရှိတော့။ တသသဖြင့် ပူဆွေးရန်သာ ရှိပေတော့သည်။

ဤကိုးနာရီထိုးအချိန်တွင် ပါးကွက်သား ခရွန်တွန်နှင့် သူ၏တပည့်တို့သည် ဂန်တာဘာရီအကျဉ်းထောင်အတွင်းရှိ ကြိုးစင်ရှေ့တွင် ကြိုးပေးခြင်းခံရမည့် ပေါ(လ်)ပရက်ဆက်နှင့်အတူအဆင်သင့်ရှိနေပေပြီ။ ထောင်ပိုင်ကြီးနှင့် အခြားအရာရှိတို့က သူတို့အား ဝန်းရံထားသည်။

ပေါ(လ်)က ဤလူ့ဘဝတွင် သူ၏နောက်ဆုံး သတ္တိရှိရှိ အားထုတ်မှုကို ပြလိုက်သည်။

သူက သူ့ဘေးမှ ဝါဒါနှစ်ဦးထက် အရင်ဦးအောင် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းကာ စင်မြင့်ပေါ်သို့ တက်လိုက်၏။ ထို့နောက် စင်မြင့်ကြမ်းပြင်ပေါ်ရှိ တံခါးဖုက်အပေါ်တည့်တည့်တွင် ရပ်လိုက်သည်။ သူ၏ဦးခေါင်းတည့်တည့်တွင် ကြိုးတန်းလန်းရှိသည့် ရက်မကြီးရှိသည်။

ထို့နောက်ထိုနေရာမှရပ်ကာအားလုံးဘက်သို့မျက်နှာမူ၍နှုတ်ဆက်လိုက်သည်။

“အားလုံးကို ကျွန်တော်နှုတ်ဆက်သွားပါတယ်ခင်ဗျာ၊ ကျွန်တော့်အပေါ်မှာ ကြင်နာကြတဲ့အတွက်လည်း ကျေးဇူးအထူးတင်ကြောင်းကို ပြောပါရစေ”

စိတ်ကူးချိုချို

ဘယ်သူမှ မကြားနိုင်သည့် နှုတ်ဆက်စကားလုံးများကတော့ မိုင်ရာ၊ သူ့မိခင်ကိုုနီနှင့် သူ့ဖခင် အော်ဘရေးတို့အတွက် ရည်စူး၍ သူ၏စိတ်ထဲမှ ပြောလိုက်သည့်စကားလုံးများပေတည်း။

"ကိုယ်ချစ်ရတဲ့ မိုင်ရာကလေးရေ၊ ကိုယ်နှုတ်ဆက်ခဲ့ပါတယ်ကွယ်၊ ချစ်စွာသော ဖေဖေနဲ့ မေမေကိုလဲ ကန်တော့ခဲ့ပါတယ်၊ သားရဲ့မိုက်ပြစ်တွေကို ခွင့်လွှတ်မို့လဲ တောင်းပန်ခဲ့ပါတယ် သွားပြီ"

ခရွန်တွန်၏ တပည့်က ပေါ်(လ်)၏ခြေဖမိုးနှစ်ဘက်လုံးကို ကြိုးဖြင့်ချည်လိုက်သည်။

ပေါ်(လ်)၏ဘေးမှ လိုက်ပါလာသည့် အစောင့်ဝါဒါနှစ်ဦးမှာ ယခုတော့ ပေါ်(လ်)ကိုစွာကာ တံခါးဂုက်ပေါ်မှ ကပျာကယာရွှေ့လျက် ကြိုးစင်ကြမ်းပြင်ပေါ်၌ ရပ်နေကြသည်။

ပါ့ကွက်သား ခရွန်တွန်က ခေါင်းစွပ်ပိတ်ဦးထုပ် အဖြူတစ်လုံးကို ပေါ်(လ်)၏ ဦးခေါင်းပေါ်၌စွပ်လိုက်သည်။ ဤ ပိတ်ခေါင်းစွပ်ဦးထုပ်ကြောင့် ပေါ်(လ်)သည် ရုပ်ဖျက်ထားသော သူတစ်ဦး၏ပုံပေါက်လာ၏။ ခရွန်တွန်က ပေါ်(လ်)၏ ခေါင်းပေါ်မှနေ၍ ကြိုးကွင်းကိုစွပ်ပေးပြီးနောက်၊ လည်ပင်းပေါ်တွင် အလျောတော်ဖြစ်အောင် အသာအယာတင်ထားသည်။ ပြီးသည့်အခါ၌ ကြိုးဖြင့်ပူး၍ ချည်ထားသော ပေါ်(လ်)၏ လက်တစ်ဘက်ကို ဆွဲကိုင်၍ နှုတ်ဆက်လိုက်သေးသည်။ ထိုနောက် တံခါးဂုက်ပေါ်မှ ဆင်းလာကာ တံခါးဂုက်အောက်မှ ခံထားသော ဒေါက်ကိုဖြုတ်သည့် မောင်းတံဆီသို့သွား၍ မောင်းတံကို ဆွဲလိုက်လေသည်။

တံခါးဂုက်၏ တံခါးရွက်နှစ်ချပ်သည် အလယ်ဗဟိုမှကွဲ၍ အောက်ဖက်သို့ပွင့်ကျသွားပြီး ဘေးတစ်ဘက်တစ်ချက်စီ၌ရှိသောခံရုံဖြင့် ဒေါက်ခနဲ ရိုက်မိသံကိုပင်ကြားရသည်။

ထောင်ပိုင်ကြီးသည် နှုတ်မှ 'အာ'ခနဲမအော်မိအောင် မနည်းထိန်းချုပ်ထားလိုက်ရသည်။ အသံမထွက်သွားသော်လည်း ပါးစပ်ကတော့ အဟောင်းသားပွင့်၍သွားလေသည်။

အကျဉ်းထောင်ဆရာဝန်က သူ၏ဝတ္တရားအတိုင်း ကြိုးစင်အောက်ဘက်သို့သွားကာ ပေါ်(လ်)သေ မသေ၊ သေချာစေရန် ပေါ်(လ်)၏အလောင်းကြီးကို စစ်ဆေးကြည့်ရှုရ၏။

**စိတ်ကူးချိုချို**

ကျန်သောသူများမှာကား ဆရာဝန်ကဲ့သို့ စိတ်ထိခိုက်စရာအလုပ်ကို မလုပ်ရသဖြင့် တော်သေးသည်ဟူသောစိတ်ကူးဖြင့် ကြိုးစင်ရုံထဲမှနေ၍ အပြင်ဘက်သို့ ထွက်လာကြသည်။

ခေတ္တကြာသောအခါ ဆရာဝန်က ထောင်ပိုင်ကြီးထံ သတင်းလာ၍ပို့ရသည်။

"အသက်ကုန်တာ သေချာသွားပါပြီ၊ ချက်ချင်းပဲကုန်တာဖြစ်ပါလိမ့်မယ်"

ခရွန်တွန်က သူ၏ ဝတ္တရားအတိုင်း ထောင်ပိုင်ကြီးကိုမေး၏။

"ကျွန်တော့်အလုပ်နဲ့ပတ်သက်လို့ ကျေနပ်မှုရှိပါရဲ့လား ထောင်ပိုင်ကြီး"

"ဘာ"

တခြားသို့ စိတ်ပျံ့လွင့်နေသော ထောင်ပိုင်ကြီးက ခရွန်တွန်၏မေးခွန်းကို အဓိပ္ပာယ်မပေါက်သဖြင့် ဤသို့ ခတ်ဆတ်ဆတ်ပြန်၍မေးလိုက်ခြင်းဖြစ်သည်။

ခရွန်တွန်ကလည်း မူလစကားလုံးအတိုင်း ပြန်ပြော၏။

"ဪ... ကျွန်တော့်အလုပ်နဲ့ပတ်သက်လို့ ကျေနပ်မှုရှိပါရဲ့လားလို့ပါ"

"ကျေနပ်ပါတယ်ကွာ၊ ကျေနပ်ပါတယ်"

"ဒီလိုဆို ပြီးတာပါပဲ ထောင်ပိုင်ကြီး"

သူ၏ကိစ္စပြီးပြီဖြစ်၍ ခရွန်တွန်က ထိုနေရာမှခွာ၍ သွားလေသည်။ ကျန်သောသူများကလည်း အသီးသီးထွက်ခွာသွားကြသည်။

ပေါ(လ်)တစ်ဦးတည်းသာ ကျန်ခဲ့လေတော့၏။ ယခုမှကား သူ့အား နာရီမလပ် စောင့်ကြပ်ခဲ့သော ဝါဒါနှစ်ဦး၏ တာဝန်သည်လည်း ပြီးဆုံးသွားလေပြီ။

အကျဉ်းထောင်စည်းကမ်းအရ ပေါ(လ်)၏အလောင်းကို သူ၏ နောက်ဆုံးနေရာဖြစ်သော ကြိုးစင်ရုံထဲတွင် သည်အတိုင်း တစ်နာရီတိတိကြာအောင် ထားရဦးမည်ဖြစ်၏။

ပေါ(လ်)နှင့်ပတ်သက်သော ထောင်ပိုင်ကြီး၏တာဝန်ကတော့ မပြီးဆုံးသေး။ သူနှင့် လုံခြုံရေးအရာရှိချုပ်တို့က သူ၏ရုံးခန်းသို့သွားကာ ကြိုးမိန့်ကျ အကျဉ်းသား ပေါ(လ်) အသသာပရက်ဆက်အား ကြိုးစင်တင်၍ သေစားသေစေခဲ့ပြီးဖြစ်ကြောင်း ကြေညာချက်ကို လက်မှတ်ထိုးလျက် ထောင်ဖူးဝ၌ စောင့်နေသော လူအုပ်ကြီးဖတ်နိုင်ရန် ကြော်ငြာသင်ပုန်း၌ ကပ်ရဦးမည်ဖြစ်၏။

လူသူမရှိတော့သဖြင့် တိတ်ဆိတ်နေသော ကြိုးစင်ရုံထဲတွင်ကား ဖျက်နှစ်ဖက်လုံး ကြိုးချည်လျက်သားဖြင့်၊ ပေါ(လ်)၏အလောင်းကြီးမှာ တွဲလောင်း

ကြီးကျနေသည်။ ဟိုယမ်း ဒီယမ်းဖြင့်တော့မဟုတ်။ သို့သော် ကျစ်ထားသော ကြိုးလွန်းများကြောင့် ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့်တော့ ဖြစ်နေတော့သည်။ ဦးခေါင်းပေါ်မှ ခေါင်းစွပ်ဖြူဖြူကလည်း ကျွတ်မကျ။

ကြိမ်းလွဲလိုက်မိသည့် လူတစ်ဦး၏ နောက်ဆုံးကြွင်းကျန်သော ရုပ်ကလာပ် ပေတကား။ ■

●